၄၃၁၄

ကောင်းကျိုးကိုအလိုရှိကြကုန်သော

အမျိုးကောင်းသားသမီးတို့အကျိုးငှါ

ဘုရားရှိခိုးဆုတောင်းနှင့်တကွ

# ဂူ၉လုံးဆရာတော်

ပြုစီရင်အပ်သော

# ဗုဒ္ဓဂုဏပကာသနီကျမ်း။

ပါဠိဆရာဦးဖြေ-ကြီးကြပ်ပြင်ဆင်ပုံနှိပ်သည်၊

ရန်ကုန်မြို့။
၂၅ လမ်း။ စာဆိုတန်း တိုက်နံပါတ် {၁}
ပြည်ကြီးမဏ္ဍိုင်-ပိဋကတ်ပုံနှိပ်တိုက်။
၁၂၉၉ ခု။တပို့တွဲလ၊



# ဗုဒ္ဓဂုဏပကာသနီကျမ်း။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

ဒုလ္လဘာတိဒုလ္လဘိတံ၊နိစ္စံသက္ကစ္စဝန္ဒိယ။
အနန္တဂုဏာသမ္ဗုဒ္ဓေါံ၊ဥတ္တမံရတနတ္တယံ။ ။
အပ္ပမေယျံအသင်္ချေယျံ၊ဗုဒ္ဓဂုဏပကာသနိံ။
ရတနတ္တယမာမကာ၊နမဿာယာဘိရူကိနံ၊
သပ္ပဥ္စနာယကရိဿံ၊တံဖုညဖလသေကနိံ။ ။

အဟံ၊ဂူ ၉ လုံးသရုတ်၊ အကျွန်ုပ်သည်။ ဒုလ္လဘာတိဒုလ္လဘိတံ၊ စက္ကဝါပတ်ကုံး၊ အဆုံးမရှိ၊ ဝိသယခေတ်၊ လောကဓာတ်ဝယ်၊ ရနိုင်ခဲသောရတနာတို့ထက် အလွန်တရာရနိုင်ခဲသောရတနာမြတ် ဖြစ်တော်မူထသော။ဥတ္တမံ၊ မနှိုင်း ယှဉ်အပ်သောဘုန်းကြက်သရေတို့ကြောင့်အတုမရှိမြတ်တော်မူထသော။ အနန္တဂုဏာသမ္ဗုဒ္ဓေါံ၊အဆုံးအပိုင်းအခြားမရှိသော ဂုဏ်ကျေးဇူးတော်မြတ်အပေါင်းတို့နှင့် ကောင်းစွာပြည့်စုံတော်မူထသော။ ရတနတ္တယံ၊ဘုရား တရား သံဃာ၊ ဤရတနာမြတ် သုံးပါးအပေါင်းကို။နိစ္စံ၊မပြတ်မလတ်အမြဲပတ်လုံး။ သက္ကစ္စ၊အရိုအသေပြု၍။ ဝန္ဒိယဝန္ဒာမိ၊ဆယ်စုံလက်တင်၊ ရှိပန်ဆင်လျှက်၊ ကြည်

လင်္သဒ္ဒါ၊ ရှိခိုးပါ၏ဘုရား။ဝန္ဒိယ ဝန္ဒိတွာန၊ အလွန်ကြည်ညို၊ ရှိသေမြတ်နိုး၊ ရှိခိုးပြီး၍။ အပ္ပမေယျံ၊ မနှိုင်းသာ္ဘဉ်အနပ်သော။ အသင်္ချေယျံ၊ မရေတွက်နိုင်သော။ ဇုဒ္ဒဂုဏ ပကာသနိံ၊ ဘုရားဂုဏ်ကျေးဇူးတော်အပေါင်းကိုပြတတ်သော။ပုညဖလဆောကနိံ၊ ပါရမီဆယ်ပါး၊ ပုညကြိယဝတ္ထုဆယ်ပါး၊ ကုသိုလ်ကမ္မပထဆယ်ပါး၊ မြတ်ကုသိုလ်ကောင်းမှုတို့၏အတိုင်းမသိသောအကျိုးထူးတို့ကိုပြခြင်းအရာ၌၊ လိမ္မာရာ လိမ္မာကြောင်း၊ ကောင်းမြတ်သောဂုဏ်နံ့သာအထူးကြောင့်၊ ပုညဖလသူစကဆောကနီအမည်ရှိထသော။ တံပကရဏံ၊ ထို(ဇုဒ္ဒဂုဏပကါသနီ)အမည်ရှိသောကျမ်းကို။ ဝါ၊ ထို(ပုညဖလသူစကဆောကနီ)၊ ထူးသည်မည်ဆန်း၊ ဤစာတန်းကို။ ဘိရုကာနံ၊ သံသရာဝဋ်ဘေးတို့မှအလွန်ကြောက်ကြကုန်သော။ ရတနတ္တယမာမကာနံ၊ ရတနာသုံးပါးကို အလွန်ရိုသေလေးမြတ်ကြကုန်သော အမျိုးသားတို့၏။ အတ္တာယ၊ ယခုဘဝမှစ၍နိဗ္ဗာန်မြတ်သို့ ရောက်သည့်ဘဝတိုင်အောင် လောကီလောကုတ္တရာကောင်းကျိုးချမ်းသာကိုရကြပါစေခြင်းအကျိုးငှာ။ သပတ္တုနာယ၊ ဘုရားရှိခိုးလည်းရ၊ ဆုတောင်းနှင့်တကွ။ ကရိဿံ၊ ပြုစီရင်ပေအံ့။ ။

(၁) ပုဗ္ဗေပုညေသုသမ္ဗုဒ္ဓေါ၊ သမာဒါနေနဒဠှတော။
သုပ္ပတိဋ္ဌိတပါဒေါစ၊ အက္ခန္တိယောစတံနမေ။
ဝေတေနမေပုညေနစ၊ ရုပံဇုဒ္ဓေါဘဝါမဟံ။

ယောသမ္ဗုဒ္ဓေါ၊ အကြင်ငါတို့သကျပုတ္တဂေါတမ မြတ်စွာဘုရားသခင်သည်။ ပုဗ္ဗေ၊ ရှေးရှေးသော ကိုယ်တော်၏အဖြစ်၌။ ပုညေသု၊ အလှူပေးခြင်းသီတင်းသီလဘာဝနာကမ္မဋ္ဌါန်းစီးဖြန်းခြင်းစသော ကုသိုလ်ကောင်းမှု တရားတို့၌။ သမာဒါနေနဒဠှတော၊ အလွန်မြဲမြံခိုင်ခံ့စွာအရိုအသေ ဆောက်တည်ကျင့်သုံးခဲ့ဘူးကုသိုလ်ထူးကြောင့်။ သုပ္ပတိဋ္ဌိတပါဒေါစ၊ ရွှေခြေနင်းအပြင်ကဲ့သို့မြေအပြင်၌ ကောင်းစွာတညီတညွတ်တည်သောရွှေ

ဘဝါးတော်အရုံရှိတော်မူသည်လည်း။ ဟောတိ၊ဖြစ်တော်မူ၏။ အက္ခောဘိယောစ၊ တစုံတယောက် ဆန့်ကျင်ဘက်ဖြစ်သောသူတို့သည် တုန်လှုပ်ချောက်ချားဖျက်ဆီးခြင်းငှါ မစွမ်းနိုင်သော ဘုန်းအာဏာတန်းခိုးတော်အပေါင်းကို ရတော်မူသည့်လည်း။ ဟောတိ၊၏။ တံသမ္ဗုဒ္ဓံ၊ ထိုလက္ခဏာတော်ကြီး အစရှိသော ဘုန်းတန်းခိုးဂုဏ်ကျေးဇူးတော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်ကို။အဟံ၊အကျွန်ုပ်သည်။နမေ နမာမိ၊ အလွန်ကြည်ညိုသဒ္ဓါမြတ်နိုးရှိခိုးပူဇော်ချီးမွမ်းပါ၏ အရှင်ဘုရား။ဩတေနမေပုညေနစ၊အကျွန်ုပ်၏အတိုင်းမသိသောဘုရားဂုဏ်ကျေးဇူးတော် မြတ်အပေါင်းကိုဟုတ်မှန်တိုင်း မှန်စွာရှိခိုးချီးမွမ်းရသော၍ကုသိုလ်ကောင်းမှုအထူးကြောင့်လည်း။သောဟံ၊ထိုအကျွန်ုပ်သည်။ ဘဝေဘဝေ၊ဘဝဆက်တိုင်းဘဝဆက်တိုင်း။ ဒဠှသမာဒါနောစ၊ကုသိုလ်ကောင်းမှု တရားမြတ်၌အလွန်မြဲမြံစွာကျင့်သုံးဆောက်တည်နိုင်ရခြင်းသည်ဇင်း။ အက္ခောဘိယောစ၊တလောကဓါတ်လုံးမဖျက်ဆီးနိုင်သောဘုန်းတန်းခိုးအာဏာနှင့်ပြည့်စုံသည်ဇင်း။ သုပ္ပတိဋ္ဌိတပါဒေါစ၊ရွှေခြေနင်းကဲ့သို့ ကောင်းစွာတည်သော ခြေအစုံရှိသည်ဇင်း။ ဘဝေယျံ၊ဖြစ်ရပါလို၏အရှင်ဘုရား။အနာဂတေ၊နောင်သောအခါ၌။ဧဝံ၊မချွတ်မလွဲအမြဲသာလျှင်။ ဗုဒ္ဓေါ၊ပညာဓိကဘုရားသည်။ဘဝါမိ၊ဖြစ်ရပါလို၏ အရှင်ဘုရား။ ဗုဒ္ဓေါ၊သဒ္ဓါဓိက ဘုရားသည်။ ဗုဒ္ဓေါ၊ဝီရိယာဓိကဘုရားသည်။ဗုဒ္ဓေါ၊ပစ္စေကဗုဒ္ဓဘုရားသည်။ ဗုဒ္ဓေါ၊အဂ္ဂသာဝက အနုဗုဒ္ဓဘုရားသည်။ ဗုဒ္ဓေါ၊မဟာသာဝကအနုဗုဒ္ဓဘုရားသည်။ ဗုဒ္ဓေါ၊ပကတိသာဝကအနုဗုဒ္ဓဘုရားသည်။ဘဝါမိ၊ဖြစ်ရပါလို၏အရှင်ဘုရား။(။ဇင်းရေးသားခဲ့သည့်အတိုင်းကြိုက်ရာဆုတခုခုကိုဆုတောင်းခံယူကြလေ။)။

(၂) သသမ္ဘာရကာဒါနေန၊တထာဂတောပုရေဘဝေ။
စက္ကေနင်္ကိတပါဒေါစ၊ပရိဝါရောစတံနမေ။
ဩတေနမေပုညေနစ၊ဧဝံဗုဒ္ဓေါဘဝါမဟံ။ ။

ယော့တထာဂတော၊ အကြင်ငါတို့သကျပုတ္တဂေါတမဘုရားသခင်သည်။ ပုရေဘဝေ၊ ရှေးရှေးသော ကိုယ်တော်၏အဖြစ်၌။ သသမ္ဘာရကဒါနေန၊ တခုတ္တခုသော အလှူဝတ္ထုကိုအသီးအသီး အခြံအရံနှင့်တကွ၊ ကောင်းမွန်ရိုသေစွာပေးလှူတော်မူခဲ့ဘူးသောကုသိုလ်ထူးကြောင့်။ စက္ကေနက်ိ တပါဒေါစ၊ ကန့်တထောင်တရာ့ရှစ်ကွက်စက်လက္ခဏာတို့ဖြင့်တန်းဆါဆင်အပ်သောခြေဘဝါအစုံရှိတော်မူသည်လည်း။ ဟောတိ၊ ဖြစ်၏။ ပရိဝါရေစ၊ အလွန်လိမ္မာကြည်ညိုဘွယ်ရှိသော ပရိသတ်အခြံအရံရှိတော်မူသည်လည်း။ ဟောတိ၊ ၏။ တံတထာဂတံ၊ ထိုအတိုင်းမသိသော လက္ခဏာတော်ကြီးအစရှိသော ဘုန်းကြက်သရေဂုဏ်ကျေးဇူးတော်အပေါင်းတို့နှင့်ပြည့်စုံတော်မူသော ဘုရားသခင်ကို။ အဟံ၊ သည်။ နမေနမာမိ၊ အလွန်ကြည်ညိုသဖြင့်၊ ရှိခိုးပူဇော်ချီးမွမ်းပါ၏အရှင်ဘုရား။ ဧတေနမေပုညေနစ၊ အကျွန်ုပ်၏အတိုင်းမသိသော ဘုရားရှင်ဂုဏ်ကျေးဇူးတော် အပေါင်းကိုဟုတ်တိုင်းမှန်စွါရှိခိုးချီးမွမ်းရပါသော၍ကုသိုလ်ကောင်းမှုအထူးကြောင့်လည်း။ သောဟံ၊ ထိုအကျွန်ုပ်သည်။ ဘဝေဘဝေ၊ ဘဝဆက်တိုင်းဘဝဆက်တိုင်း။ သသမ္ဘာရကဒါနေနစ၊ လှူဘွယ်ဝတ္ထုကိုပရိကံနှင့်တကွ၊ ပေးလှူနိုင်သည်ဖြစ်၍။ စက္ကေနက်ိ တပါဒေါစ၊ စက်လက္ခဏာနှင့်ပြည့်စုံသောခြေဘဝါးရှိသည်ဖြစ်၍။ ပရိဝါရေစ၊ အလွန်လိမ္မာကြည်ညိုဘွယ်ရှိသော ပရိသတ်ကိုရသည်ဖြစ်၍။ ဘဝေယျံ၊ ဖြစ်ရပါလို၏အရှင်ဘုရား။ အနာဂတေ၊ နောင်အခါ၌။ ဧဝံ၊ မချွတ်မလွဲအမြဲသာလျှင်။ ဗုဒ္ဓေါ၊ သည်။ ဘဝါမိ၊ ဘုရား။ ။

(၃) ပါဏာဃာတဝိရတိယာ၊ ဒီဃာပဏှိယတင်္ဂုလိ။
ဗုဒ္ဓေါဖြဟ္မုဇုဂတ္တောစ၊ ဒီဃာယုကောစတံနမေ။
ဧတေနမေပုညေနစ၊ ဧဝံဗုဒ္ဓေါဘဝါမဟံ။ ။

ယောဗုဒ္ဓေါ၊ သည်။ ပုဗ္ဗေ၊ ၌။ ပါဏာဃာတဝိရတိယာ၊ သတ္တဝါကြီးငယ်ကို သတ်ဖြတ်ခြင်း အကုသိုလ်စေတနာမှ ဝေးစွာ

ရှောင်ကြဉ်ခဲ့ဘူး ကုသိုလ်ထူးကြောင့်။ ဒီဃပဏှိစ၊ ရှည်သွယ်
တင့်တယ်သပ္ပါယ်သောဖနှောင့်တော်ရှိသည်လည်း။ ဟောတိ၊ ၏၊
အာယတင်္ဂုလိစ၊ ရှည်သွယ်တင့်တယ်သပ္ပါယ်သောခြေချောင်း
လက်ချောင်းရှိတော်မူသည်လည်း။ ဟောတိ၊ ၏။ ဗြဟ္မုဇုဂတ္တော
စ၊ ဗြဟ္မာမင်းကိုယ်ကဲ့သို့အလွန်ဖြောင့်မတ်သောရွှေကိုယ်တော်
ရှိတော် မူသည်လည်း။ ဟောတိ၊ ၏။ ဒီဃာယုကောစ၊ အလွန်
ရှည်သောအသက်ရှိတော်မူသည်လည်း။ ဟောတိ၊ ၏။ တံဗုဒ္ဓံ၊
ကို။ အဟံ၊ သည်။ နမေ နမာမိ။ ဘုရား။ ဧတေနမေ ပုညေနစ၊
ကြောင့်လည်း။ သောဟံ၊ သည်။ ဘဝေဘဝေ၊ တိုင်း။ ပါဏာဃာ
တပိရတိကောစ၊ သတ္တဝါကြီးငယ်ကိုသေစေလိုသော ဝဓက
စေတနာဖြင့်သတ်ဖြတ်ခြင်းအကုသိုလ်စေတနာမှဝေးစွာရှောင်
ကြည်နိုင်သည်ဖြစ်၍။ ဒီဃပဏှိစ၊ ရှည်သွယ်သပ္ပါယ်သော ဖ
နှောင့်ရှိသည်ဖြစ်၍။ အာယတင်္ဂုလိစ၊ ရှည်သွယ်သပ္ပါယ်သောခြေ
ချောင်းလက်ချောင်းရှိသည်ဖြစ်၍။ ဗြဟ္မုဇုဂတ္တော စ၊ ဗြဟ္မာမင်း
ကိုယ်ကဲ့သို့ဖြောင့်မတ်သောကိုယ်ရှိသည်ဖြစ်၍။ ဒီဃာယုကော
စ၊ အလွန်ရှည်သောအသက်ရှိသည်ဖြစ်၍။ ဘဝေယျံ၊ ဘုရား။ အ
နာဂတေ၊ ၌။ ရဝံ၊ လျှင်။ ဗုဒ္ဓေါ၊ သည်။ ဘဝါမိ၊ ဘုရား။ ။

(၄) ဝရဘောဇနဒါနေန၊ ဗုဒ္ဓေါပုရိမဇာတိယံ။
ဟောတိသတ္တုဿဒေါစေဝ၊ ဝရဘောဇီစတံနမေ။
ဧတေနမေပုညေနစ၊ ရဝံဗုဒ္ဓေါဘဝါမဟံ။ ။

ယောဗုဒ္ဓေါ၊ သည်။ ပုရိမဇာတိယံ၊ ရှေးရှေးသောကိုယ်တော်
၏အဖြစ်၌။ ဝရဘောဇနဒါနေန၊ မွန်မြတ်သောအရသာရှိသောခဲ
ဘွယ်ဘောဇဉ်ကိုပေးလှူခဲ့လေဘူးကုသိုလ်ထူးကြောင့်။ သတ္တု
ဿဒေါစေဝ၊ ခြေဘမိုးတော်နှစ်ဘက်၊ လက်ဘမိုး တော်နှစ်
ဘက်၊ ပခုံးတော်နှစ်ဘက်၊ လည်းကုပ်တော်အားဖြင့် ခုနစ်ပါး
သောအရပ်တို့၌ပြည့်ဖြိုးသပ္ပါယ်တင့်တယ်သောအသားတော်
ရှိသည်လည်း။ ဟောတိ၊ ၏။ ဝရဘောဇီစ၊ ကောင်းသောအရသာ
ရှိသောမွန်မြတ်သောဘောဇဉ်ခဲဘွယ်ကိုရတော်မူသည်လည်း။

ဟောတိ၊ ၏။ တံဗုဒ္ဓံ၊ ကို။ အဟံ၊ သည်။ နမေနမာမိ။ ဘုရား။ ဧတေ
နမေပုညေနစ။ ကြောင့်လည်း။ သောဟံ၊ သည်။ ဘဝေဘဝေ၊
တိုင်း။ ဝရဘောဇနဒါနေသစ၊ အလွန်မြိန်မြတ်သော ဘောဇဉ်ခဲ
ဘွယ်ကိုသာလျှင် ပေးလှူနိုင်သည်ရင်း။ ဝရဘောဇိစ၊ တလော
ကခါတ်လုံးပေးကမ်း၍ မကုန်နိုင်သော ကောင်းမြတ်သောခဲ
ဘွယ်ဘောဇဉ်တို့နှင့်ပြည့်စုံသည်ရင်း။ သတ္တုဿဒေါစ။ ချနစ်
ပါးသောအရပ်တို့၌ ပြည့်ဖြိုးသပ္ပါယ်တင့်တယ်သောအသားရှိ
သည်ရင်း။ ဘဝေယျံ၊ ဘုရား။ အနာဂတေ။ ၌၊ ရဝံ၊ လျှင်။ ဗုဒ္ဓေါ၊
သည်။ ဘဝါမိ၊ ဘုရား။ ။

(၅) ဗုဒ္ဓေါ ဥတ္တမဝါစာယ၊ ဘာသတုဿဝ်ပဒါကော။
ဥဒ္ဒဂ္ဂတနုရုဟောစ၊ လောကဂ္ဂေါစေဝတံနမေ။ ။

ယောဗုဒ္ဓေါ၊ သည်။ ပုဗ္ဗေ၊ ၌။ ဥတ္တမဝါစာယ၊ ကောင်းမြတ်သော
အကျိုးရှိသောတရားစကားဖြင့်၊ ဘာသတော၊ ပြောဟောဆို
တော်မူခဲ့ဘူးကုသိုလ်ထူးကြောင့်၊ ဥဿဝ်ပါဒကော၊ စ၊ မြူအညစ်
အကြေးမတင်၊ သန့်ရှင်းကြည်လင်စွာ မြင့်မြတ်သောခြေဘမျက်
ရှိတော်မူသည်လည်း။ ဟောတိ၊ ၏။ ဥဒ္ဒဂ္ဂတနုရုဟော၊ စ၊ လကျာ
ရစ်သုံးခါလည်၍ရွှေမျက်နှာတော်ကိုဖူးမြော်ဘိသကဲ့သို့အထက်
သို့အဖျားကိုင်းညွတ်သောသိမ်မွေ့နူးညံ့သောမွေးညှင်းရှိတော်
မူသည်လည်း။ ဟောတိ၊ ၏။ လောကဂ္ဂေါ၊ စ၊ ဧဝ၊ လူသုံးပါး တို့
ထက်ကဲလွန်ထူးမြတ်တော်မူသည်လည်း။ ဟောတိ၊ ၏။ တံဗုဒ္ဓံ၊
ကို။ အဟံ၊ သည်။ နမေ၊ ဘုရား။ ဧတေနမေပုညေနစ၊ ကြောင့်လည်း။
သောဟံ၊ သည်။ ဘဝေဘဝေ၊ တိုင်း။ ဥတ္တမဝါစာဘာသကော
စ၊ မြင့်မြတ်သောတရားစကားကို ဟောပြောတတ်သည်ရင်း။
ဥဿဝ်ပါဒကောစ၊ မြင့်မြတ်သောခြေဘမျက်ရှိသည်ရင်း။ ဥဒ္ဒဂ္ဂ
တနုရုဟောစ၊ အထက်သို့အဖျားညွတ်သောနူးညံ့သိမ်မွေ့သော
အမွေးရှိသည်ရင်း။ လောကဂ္ဂေါစ၊ လူအများတို့ထက်ကဲလွန်ထူး
မြတ်သော ဘုန်းကြက်သရေရှိသည်ရင်း။ ဘဝေယျံ၊ ဘုရား။
အနာဂတေ၊ ၌။ ရဝံ၊ လျှင်။ ဗုဒ္ဓေါ၊ သည်။ ဘဝါမိ၊ ဘုရား။ ။

(၆) သက္ကစ္စံသိပ္ပဝါစေတာ၊ တေနေဏီဇယံလက္ခဏော။
အနုဿဝိကလာဘီစ၊ သမ္ဗုဒ္ဓေါပေါတတိတံနမေ။ ။

ယောသမ္ဗုဒ္ဓေါ၊ သည်။ ပုဗ္ဗေ၊ ၌။ သက္ကစ္စံ၊ ကောင်းမွန်ရိုသေစွာ။ သိပ္ပဝါစေတာ၊ အဠာရသ၊ ဆယ့်ရှစ်ပါး၊ အလုံးစုံသောအတတ်ပညာတို့ကို တပည့်သား အပေါင်းတို့အား သင်ပို့ချသပြတော်မူတတ်သည်။ ပေါတတိ၊ ၏။ တေန၊ ထိုအတတ်ပညာကို ကောင်းစွာပို့ချ သင်ခဲ့တော်မူဘူး ကုသိုလ် ထူးကြောင့်။ ဧဏီဇယံလက္ခဏောစ၊ ဧဏီမည်သောသားရဲ၏မြင်းခေါင်းကဲ့သို့၊ အလွန်လုံးဝန်းသပ္ပါယ်တင့်တယ်သော ဧဏီဇယံလက္ခဏာတော်ကိုရတော်မူသည်လည်း။ ပေါတတိ၊ ၏။ အနုဿဝိကလာဘီစ အလွန်လျှောက်ပတ်မြတ်သောဘုန်းလပ်သပ်ပူဇော်သက္ကာရကိုရတော်မူသည်လည်း။ ပေါတတိ၊ ၏။ တံသမ္ဗုဒ္ဓံ၊ ကို။ အဟံ၊ သည်။ နမေ၊ ဘုရား။ ဧတေနမေပုညေနစ၊ ကြောင့်လည်း။ သောဟံ၊ သည်။ ဘဝေဘဝေ၊ တိုင်း။ သုဒ္ဓံ၊ သိပ္ပဝါစေတာ၊ အတတ်ပညာ ဟူသမျှကို ကောင်းမွန်စွာ သင်ပို့ပြသ၍ချပို့နိုင်သည်ဖြစ်၍။ ဧဏီဇယံသံစ၊ ဧဏီဇယံကဲ့သို့ လုံးဝန်းတင့်တယ်သော သလုံးမြင်းခေါင်းရှိသည်ဖြစ်၍။ အနုဿဝိကလာဘီစ၊ တင့်တယ်လျှော်ပတ်မြတ်သောဘုန်းလပ်သပ်ပူဇော်သက္ကာရကိုရခြင်းသည်ဖြစ်၍။ ဘဝေယျံ၊ ဘုရား။ အနာဂတေ၊ ၌။ ရုပံ၊ လျှင်။ ဗုဒ္ဓေါ၊ သည်။ ဘဝါမိ၊ ဘုရား။ ။

(၇) ဇနသင်္ဂဟတောပုဗ္ဗေ၊ ရှဒုပါဒကရောဇိနော။
ဇာလိကပ္ပါဒဟတ္ထောစ၊ ပရိဂ္ဂဟောစတံနမေ။ ။
ဧတေနမေပုညေနစ၊ ရုပံဗုဒ္ဓေါဘဝါမဟံ။ ။

ယောဇိနော၊ အကြင် ငါတို့သကျပုတ္တဂေါတမမြတ်စွာ ဘုရားသခင်သည်။ ပုဗ္ဗေ၊ ၌။ ဇနသင်္ဂဟတော၊ လူများအပေါင်းတို့အား၊ သင်္ဂဟတရားလေးပါးတို့ဖြင့်၊ သင်္ဂြိုဟ်ချီးမြှောက်၊ ထောက်ပံ့ခြင်းကို ပြုတော်မူတတ်၊ ကုသိုလ် မြတ်ကြောင့်။ ရှဒုပါဒကရောစ၊ လက်ဝါးခွမ်းမကာ၊ အလွန်တရာ နူးညံ့နုထွား သိမ်မွေ့သော

ခြေဘဝါးလက်ဘဝါးရှိတော်မူသည်လည်း။ ဟောတိ၊၏။ ဇာ
လိကပ္ပါဒဟတ္ထောစ၊ခြေ ချောင်း၊ လက် ချောင်းကော် လေးခု
စီ၊တညီတညွတ်တည်းရှိသည်ဖြစ်၍၊ အတွင်းဆစ်အရေး၊ တ
ပြေးတည်းထင်သဖြင့်၊လေသောံတံခါး၌ လက်သမားတတ်၊စီ
ထားအပ်သော၊ ရွှေပွတ်လုံးကဲ့သို့၊ မယောမရှက်၊ နှစ်သက်အံ့
ဘွယ်၊တင့်တယ်သပ္ပါယ်သောခြေချောင်းတော်ရှိသည်လည်း။
ဟောတိ၊၏။ပရိဂ္ဂဟောစ၊လူအလုံးကို၊သိမ်းကျုံးကြည်ဖြူ၊ယူ
တော်မူနိုင်သော၊ ဘုန်းကြက်သရေ ရှိသည်လည်း။ ဟောတိ၊
၏။တံဖိန်၊ကို။ အဟံ၊သည်။နမေ၊ဘုရား။ ဧတေနမေပုညေနစ၊
ကြောင့်လည်း။သောဟံ၊သည်။ဘဝေဝေ၊တိုင်း။ဇနသင်္ဂဟော
စ၊လူအပေါင်းတို့အားသင်္ဂဟတရားလေးပါးတို့ဖြင့်သဖြိုဟ်ချီး
မြှောက်ထောက်ပင့်နိုင်သဥ်ရင်း။ ရဒုပါဒကရောစ၊အလွန်နူးညံ့
သိမ်မွေ့သောဘဝါးရှိသည်ရင်း။ ဇာလိကပ္ပါဒဟတ္ထောစ၊ခြေ
လက်လေးချောင်းစီ၊ညီညွတ်သည်ဖြစ်၍နှစ်သက် အံ့ဘွယ်တင့်
တယ်သောခြေချောင်းလက်ချောင်းနှင့်ပြည့်စုံသည်ရင်း။ ပရိဂ္ဂ
ဟဇနေ‌ာစ၊လူအလုံးကို၊ သိမ်းကျုံးကြည်ဖြူ၊ယူခြင်းငှါစွမ်းနိုင်
သောဘုန်းအာဏာနှင့်ပြည့်စုံသည်ရင်း။ ဘဝေယျံ၊ဘုရား။အ
နာဂတေ၊၌။ရဝံ၊လျှင်။ဗုဒ္ဓေါ၊သည်။ဘဝါမိ၊ဘုရား။ ။

(၈) ပရိပုဏ္ဏနတောပုဗ္ဗေ၊ပဏ္ဍိတံကုသလာဒိကံ။
သုခုမတ္တဝိကောဗုဒ္ဓေါ၊မဟာပညောစတံနမေ။
ဧတေနမေပုညေနစ၊ရဝံဗုဒ္ဓေါဘဝါမဟံ။ ။

ယောဗုဒ္ဓေါ၊သည်။ပုဗ္ဗေ၊၌။ပဏ္ဍိတံ၊ပညာရှိသုခမိန်အပေါင်း
သို့။ဥပသင်္ကမိတွာ၊ ကောင်းစွာချဉ်းကပ်၍။ကုသလာဒိကံ၊ ကု
သိုလ်အစရှိသောတရားအပေါင်းကို။ ပရိပုဏ္ဏနတော၊ဆွေးနွေး
မေးမြန်းခဲ့ဘူးကုသိုလ်ထူးကြောင့်။ သုခုမတ္တဝိကောစ၊ပိန်းကြာ
ဘက်တွင်၊ရေမတင်သကဲ့သို့၊မြူအညစ်အကြေးမတင်သန့်ရှင်း
စင်သောအလွန်သိမ်မွေ့နူးညံ့သော အရေတော်လည်းရှိတော်
မူသည်။ဟောတိ၊၏။မဟာပညောစ၊သမုဒ်ကောင်းကင်မြေပြင်

မသုံ၊ အလွန်ကြီးမြတ်သောဉာဏ်ပညာရှိတော်မူသည်လည်း။ ဟောတိ၊၏။တံဗုဒ္ဓံ၊ကို။အဟံ၊သည်။နမေ၊ဘုရား။ ဇိတေန မေ ပုညေနစ၊ကြောင့်လည်း။သောဟံ၊သည်။ ဘဝေဘဝေ၊တိုင်း။ ပရိပုစ္ဆကောစ၊ပညာရှိသုခမိန်သို့ဆည်းကပ်၍ကုသိုလ်စသော တံရားကို ဆွေးနွေး မေးမြန်းနိုင်သည် ဇင်း။ သုခုမစ္ဆဝီကောစ၊ ဖြူအညစ်အကြေးမတင်သန့်ရှင်းကြည်လင်သော နူးညံ့သိမ်မွေ့ သောအရေနှင့် ပြည့်စုံသည်ဇင်း။ မဟာပညောစ၊ အလွန်ကြီး ကျယ်ပြန့်ပြောသော ဉာဏ်ပညာ ရှိသည်ဇင်း။ ဘဝေယျံ၊ဘု ရား။အနာဂတေ၊၌။ဓုဝံ၊လျှင်။ဗုဒ္ဓေါ၊သည်။ဘဝါမိ၊ဘုရား။ ။

(၉) ဝတ္ထဘောဇနဒါနေန၊သမ္မဇ္ဇနာဒသေနစ။
ဟေမဝဏ္ဏောဖိနော့လာဘီ၊ရဇုဝတ္ထာနိတံနမေ။
ဇိတေနမေပုညေနစ၊ဓုဝံဗုဒ္ဓေါဘဝါမဟံ။ ။

ယောဖိနော၊သည်။ပုဗ္ဗေ၊၌။ ဝတ္ထဘောဇနဒါနေနစ၊ နူးညံ့သောအဝတ်ပုဆိုး မွန်မြတ်သောဘောဇဉ်ကို ကြည်ညိုသဒ္ဓါ ပေးလှူတော်မူခဲ့ဘူး ကုသိုလ်ထူးကြောင့်ဇင်း။သမ္မဇ္ဇနာဒသေနစ၊ စေတီရင်ပြင်စသည်တို့၌ တံမြက်တလင်း လှည်းခဲ့တော်မူဘူး၊ကိုယ်တွင်းအမျက်၊ အပမထွက်အောင် ချုပ်တည်းတော်မူခဲ့ဘူးကုသိုလ်ထူးကြောင့်ဇင်း။ဟေမဝဏ္ဏောစ၊ သိင်္ဂီနိက္ခဇမ္ဗူရာဇ်ရွှေစင်ကဲ့သို့တထိန်ထိန်တလက်လက်ပြိုးပြိုးပြက်တောက်ပသောရွှေအဆင်းရှိတော်မူသည်လည်း။ဟောတိ၊၏။ရဇုဝတ္ထာနိ၊အလွန်နူးညံ့သိမ်မွေ့ချောမွတ်သောအဝတ်တန်းဆာအထည်အလိပ်ပုဆိုးအခင်းတို့ကို။လာဘီစ၊ရတော်မူသည်လည်း။ဟောတိ၊၏။တံဇိနံ၊ကို။အဟံ၊သည်။ နမေနမာမိ၊ ဘုရား။ ဇိတေနမေ ပုညေနစ၊ကြောင့်လည်း။ သောဟံ၊သည်။ ဘဝေဘဝေ၊တိုင်း။ ဝတ္ထဘောဇနဒါနေနစ၊နူးညံ့သော အဝတ်ပုဆိုးမွန်မြတ်သော ဘောဇဉ်တို့ကိုပေးလှူနိုင်သည်ဇင်း။သမ္မဇ္ဇနာဒသနေနစ၊စေတီရင်ပြင်စသည်တို့၌ တံမြက်တလင်းလှည်းခြင်း၊ ကိုယ်တွင်းအမျက်၊အပမထွက်အောင်ချုပ်တည်းနိုင်သည်ဇင်း။ဟေမဝဏ္ဏော

စ၊ဇမ္ဗူရာဇ်ဗြွေစင် အဆင်းနှင့် ပြည့်စုံသည့်ရှင်း။ မုဒ္ဒဝဏ္ဏလာ ဘောစ၊ တလောကခေတ်လုံး ပေးကမ်း၍ မကုန်နိုင်သော အ ဝတ်တန်းဆာပုဆိုး အထည် အလိပ် တို့ကိုရခြင်းသည့်ရှင်း။ ဘဝေယျ၊ဘုရား။အနာဂတော၊ ၌။ရုဝံ၊ လျှင်။ဇုဠ္ဌေါ၊သည့်။ဘဝါ မိ၊ဘုရား။ ။

(၁၀) ဥာတိမိတ္တသမာနေတာ၊ပုဗ္ဗေတေနတထာဂတော။
ကောသဇ္ဈာဒဂ်ဇာတောစ၊ဗဟုပုတ္တောစတံနမေ။
ဧတေနမေပုညေနစ၊ရုဝံဇုဠ္ဌေါဘဝါမဟံ။ ။

ယောတထာဂတော၊အကြင်ငါတို့သကျပုတ္တဂေါတမမည် ကျော်ကိုယ်တော်မြတ်ဘုရားသည်။ပုဗ္ဗေ၊ရှေးရှေးသောကိုယ် တော်၏အဖြစ်၌။ ဥာတိမိတ္တသမာနေတာ၊ မညီမညွတ် ကွဲပြား ကုန်သော ဆွေမျိုးပေါက်ဘော်ခင်ပွန်း မိတ်ကျွမ်းဝင်သူ လူခ ပင်းတို့ကို ညီညွတ်ကျိုးနွံဝမ်းမြောက် ရွှင်ပြုံး နှလုံးမြတ်နိုးစွာပြု ကျင့်တော်မူတတ်သည်လည်း။ ဟောတိ၊ဖြစ်၏။ တေန၊ ထိုသို့ ဆွေမျိုးခင်ပွန်း မိတ်ကျွမ်းဝင်သူ လူခပင်းတို့ကို ဝမ်းမြောက် ရွှင်ပြုံးနှလုံးမြတ်နိုးကြည်လင်သန့်ရှင်းအောင် ပြုကျင့်ခဲ့လေဘူး ကုသိုလ်ထူးကြောင့်။ကောသဇ္ဈာဒဂ်ဇာတောစ၊ပဒုမာကြာချပ် နှင့်တူသောအဓိမ်ဖြင့် ဖုံးလွှမ်းအပ်သော ယောကျ်ားမြတ်၏နိ မိတ်ရှိတော်မူသည်လည်း။ဟောတိ၊ဖြစ်၏။ ဗဟုပုတ္တောစ၊များ သောခြွေရံပရိသတ်၊ သားတော်မြတ် ရတနာ ရှိသည်လည်း။ ဟောတိ၊ဖြစ်၏။တံတထာဂတံ၊ထိုအတိုင်းမသိသောလက္ခဏာ တော်ကြီးအစရှိသောဘုန်းကြက်သရေ ဂုဏ်ကျေးဇူးတော်အ ပေါင်းတို့နှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရားသခင်ကို။ အ ဟံ၊အကျွန်ုပ်သည်။နမေနမာမိ၊ အလွန်ကြည်ညိုသဒ္ဓါမြတ်နိုးရှိ ခိုးချီးမွမ်းပါ၏အရှင်ဘုရား။ ဧတေနမေပုညေနစ၊အကျွန်ုပ်၏အ တိုင်းမသိသောဘုန်းကြက်သရေ ဂုဏ်ကျေးဇူးတော်မြတ်အ ပေါင်းတို့နှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရားရှင်ကိုဟုတ်တိုင်း မှန်စွာအလွန်ကြည်ညိုသဒ္ဓါ ရှိခိုးချီးမွမ်းရပါသော ဤကုသိုလ်

ကောင်းမှုအထူးကြောင့်လည်း။သောဟံ၊ ထိုအကျွန်ုပ်သည်။ဘဝေဘဝေ၊ဘဝဆက်တိုင်းဘဝဆက်တိုင်း။ ဉာတိမိတ္တသမာနေတာစ၊ဆွေမျိုးပေါက်ဘော် အဆွေခင်ပွန်းမိတ်ကျွမ်းဝင်သူ လူခပင်းတို့ကို မကွဲမပြားအောင် ပြုကျင့်နိုင်သော ဘုန်းအာဏာနှင့်ပြည့်စုံသည်ဖြစ်ရပါလို၏။ ကောသဇ္ဇာဒဂ်ဇာတောစ၊ အဇ္ဈိမ်ဖြင့်ဖုံးလွှမ်းအပ်သောယောကျ်ားမြတ်၏ နိမိတ်နှင့်ပြည့်စုံသည်ဖြစ်၍။ဗဟုပုတ္တောစ၊အလွန်ကြည်ညိုဘွယ် အရေးအရာ လိမ္မာသောသားမြတ်ပရိသတ်ရတနာနှင့်ပြည့်စုံသည်ဖြစ်၍။ ဘဝေယျံ၊ဖြစ်ရပါလို၏အရှင်ဘုရား။အနာဂတေ၊နောင်သောအခါ၌။ ရုဝံ၊မချွတ်မလွဲအမြဲသါလျှင်။ဇုဏ္ဍေါ၊ပညာမိကဘုရားသည်။ဘဝါမိ၊ဖြစ်ရပါလို၏အရှင်ဘုရား။ ။

(၁၁) ဂုဏာနုရူပကရတော၊ နိဗ္ဗြောဓပရိမဏ္ဍလော။
ဌိတောဝါမသိဇာဏုကာံ၊မဟာဒ္ဓနေ့ာစတံနမေ။
ဇောတနမေပုညေနစ၊ရုဝံဇုဏ္ဍေါဘဝါမဟံ။ ။

ယောဇုဏ္ဍေါ၊သည်။ပုဗ္ဗေ၌။ဂုဏာနုရူပကရတော၊ပညာနှိုင်းခြင့်၊ဂုဏ်နှင့်သင့်အောင်၊ချီးမြှင့်ပေးကမ်း၊ လှူဒါန်းပူဇော်ခြင်းစသော အမှုတို့ကို ပြုကျင့်တော် မူတတ်သော ကုသိုလ်ထူးကြောင့်။ နိဗ္ဗြောဓပရိမဏ္ဍလောစ၊ အရပ်တော်နှင့် အလံတော်မျှသဖြင့်၊ပြည့်ညောင်ပင်၏အဝန်းနှင့်တူသောဝန်းဝိုင်းသပ္ပါယ်တင့်တယ်သောကိုယ်တော်ရှိသည်လည်း။ဟောတိ၊၏။ဌိတောဝ၊မကိုင်းမညွတ် ရပ်တော်မူလျက်သာလျှင်။ ဇာဏုကာံ၊ပုဆစ်တော်နှစ်ဘက်ကို။ အာမသိစ၊ဖြူလက်တော်နှစ်ဘက်ဖြင့် သုံးသပ်တော်မူနိုင်သည်လည်း။ ဟောတိ၊၏။ မဟာဒ္ဓနေ့ာစ၊လောကီ လောကုတ္တရာ များမြတ်စွာသော ဉစ္စာရတနာ ရှိတော်မူသည်လည်း။ဟောတိ၊၏။တံဇုဏ္ဍံ၊ကို။အဟံ၊သည်။နမေနမာမိ၊ဘုရား။ ဇောတနမေပုညေနစ၊ ကြောင့်လည်း။ သောဟံ၊သည်။ဘဝေဘဝေ၊တိုင်း။ဂုဏာနုရူပကရောစ၊ဂုဏ်သတ္တိရှိသောသူအားလျော်စွာပေးကမ်းလှူဒါန်းခြင်းအမှုကိုပြုကျင့်နိုင်သည်ဖြစ်၍။

နိဂြောဓ ပရိမဏ္ဍလောစ၊ ပြည်ညောင်ပင်၏ အဝန်းကဲ့သို့ဝန်းဝိုင်းသပ္ပါယ်တင့်တယ်သောကိုယ်ရှိသည်ဖြင်း။ အာဒမသိစ။ ရပ်လျက်သာလျှင်ပုဆစ်နှစ်ဘက်ကိုလက်နှစ်ဘက်ဖြင့် သုံးသပ်နိုင်သည်ဖြင်း။ မဟာဒ္ဓနောစ၊ တလောကဓါတ်လုံးပေးကမ်း၍မကုန်နိုင်သောများမြတ်သောဥစ္စာရတနာနှင့်ပြည့်စုံသည်ဖြင်း။ ဘာဝေယျံ၊ ဘုရား။ အနာဂတေ၊ ၌။ ရုပံ၊ လျှင်။ ဗုဒ္ဓေါ၊ သည်။ ဘဝါမိ၊ ဘုရား။ ။

(၁၂) မဟာဇနတ္တကာမေန၊ ဝဋ္ဋက္ခန္ဓောစိတန္တရော။
သီဟပုဗ္ဗဒ္ဓကာယောစ၊ အဟာနိယောစတံနမေ။
ဇေတနမေပုညေနစ၊ ရုပံဗုဒ္ဓေါဘဝါမဟံ။ ။

ယောဗုဒ္ဓေါ၊ သည်။ ပုဗ္ဗေ၊ ၌။ ပဟာဇနတ္တကာမေန၊ လူသူများစွာ၊ သတ္တဝါအပေါင်းတို့၏၊ သဒ္ဓါသီလ၊ စသည်ပွါးများ၊ အကျိုးစီးပွါးကို၊ လိုလားတောင့်တ၊ ရှက်ဆောင်ပြုကျင့်တော်မူတတ်သောကုသိုလ်ထူးကြောင့်။ ဝဋ္ဋက္ခန္ဓောစ၊ ရွှေမုရိုးစဉ်ငယ်ကဲ့သို့၊ အလွန်ညီညွတ်စွာ၊ ထက်ဝန်းကျင်လုံးသောတင့်တယ်သပ္ပါယ်သောလည်တော်ရှိသည်လည်း။ ဟောတိ၊ ၏။ စိတန္တရောစ၊ ခါးတော်မှစ၍ လည်ကုပ်တော်တိုင်အောင်၊ အသားတော်လွှာ၊ ညီညွတ်စွာတက်သည်ဖြစ်၍၊ ရေစီးကြောင်းမထင်၊ ပြည့်ဖြိုးသပ္ပါယ်တင့်တယ်သော၊ ကျောလည်တော်ရှိသည်လည်း။ ဟောတိ၊ ၏။ သီဟပုဗ္ဗဒ္ဓကာယောစ၊ ခြင်္သေ့မင်းရှေးထက်ဝက်ကိုယ်နှင့်တူသောပြည့်ဖြိုးသပ္ပါယ်တင့်တယ်သော ရှေ့နေ့ခံဖွဲ့ကိုယ်တော်ရှိသည်လည်း။ ဟောတိ၊ ၏။ အဟာနိယောစ၊ ဆုတ်ယုတ်သောတရားမရှိ၊ ပြည့်စုံသောလောကီလောကုတ္တရာတရား ရှိတော်မူသည်လည်း။ ဟောတိ၊ ၏။ တံဗုဒ္ဓံ၊ ကို။ အဟံ၊ သည်။ နမေနမာမိ၊ ဘုရား။ ဇေတနမေပုညေနစ၊ ကြောင့်လည်း။ သောဟံ၊ သည်။ ဘဝေဘဝေ၊ တိုင်း။ မဟာဇနတ္တကာမောစ၊ လူများအပေါင်းတို့၏ ကောင်းကျိုးချမ်းသာစီးပွါးကိုအလွန်အလိုရှိ၍ပြုကျင့်နိုင်သည်ဖြင်း။ ပဋ္ဋက္ခန္ဓောစ၊ ရွှေမုရိုးစည်ကဲ့သို့အလွန်လုံးဝန်းသောလည်

ပင်း ရှိခြင်းသည်ဇင်း။ စိတန္တရောစ၊ ရွှေအင်ပျဉ်ကဲ့သို့ အလွန်ပြည့်ဖြိုးသော ကျောပြင်ရှိသည်ဇင်း။ သီဟပုဗ္ဗဍ္ဎကာယောစ၊ ခြင်္သေ့မင်း၏ရှေ့ကိုယ်ကဲ့သို့ရှေ့နေသံနှစ်ဘက်ပြည့်ဖြိုးသပ္ပါယ်သောကိုယ်ရှိသည်လည်းဇင်း။အံဟာနိယောစ၊မဆုတ်မယုတ်မပျက်စီးနိုင်သောအတိုင်းမသိသောဘုန်းကြက်သရေနှင့် ပြည့်စုံသည်ဇင်း။ဘဝေယျံ၊ဘုရား။အနာဂတေ၊၌။ ဧဝံ၊လျှင်။ဗုဒ္ဓေါ၊သည်။ဘဝါမိ၊ဘုရား။ ။

(၁၃) အဝိဟေဠနတောပုဗ္ဗေ၊ပါဏိနံပါဏိအာဒိနာ။
ဇိနော ရသဂ္ဂသဂ္ဂီစ၊အပ္ပါဗာဓောစတံနမေ။
ဧတေနမေပုညေနစ၊ဧဝံဗုဒ္ဓေါဘဝါမဟံ။ ။

ယောဇိနော၊သည်။ပုဗ္ဗေ၊၌။ ပါဏိနံ၊သတ္တဝါ ကြီးငယ်အပေါင်းတို့ကို။ ပါဏိအာဒိနာ၊လက်ဒုတ်စသောလက်နက်ဖြင့်။ အဝိဟေဠနတော၊ ရိုက်နှက် သတ်ဖြတ်ခြင်း မကောင်းမှုတို့မှ ဝေးစွာရှောင်ကြဉ်ခဲ့လေဘူး ကုသိုလ်ထူးကြောင့်။ရသဂ္ဂသဂ္ဂီစ၊လည်ချောင်းတော်၌ နှမ်းတစေ့ခန့်မျှ အနည်းငယ်သော အရသာကိုလည်း တကိုယ်လုံးနှံ့အောင် ဆောင်ယူတတ်သည်ဖြစ်၍ ချီးမွမ်းအပ်သော ခုနစ်ထောင်ခံသော အကြောတို့၏ အဖျားဝယ်စုဝေးလျက်ရှိတော်မူသည်လည်း။ ဟောတိ၊၏။ အပ္ပါဗာဓောစ၊နည်းပါးသောအနာရှိသည်လည်း။ဟောတိ၊၏။ တံဇိနံ၊ကို။ အဟံ၊သည်။ နမေနမာမိ၊ဘုရား။ ဧတေနမေ ပုညေနစ၊ကြောင့်လည်း။ သောဟံ၊သည်။ဘဝေဘဝေ၊တိုင်း။အဝိဟေဠနတောစ၊သတ္တဝါအပေါင်းကို လက်စသည်ဖြင့် မပုတ်ခတ်မညှဉ်းဆဲနိုင်သောသနားခြင်းကရုဏာရှိသည်ဇင်း။ရသဂ္ဂသဂ္ဂီစ၊အနည်းငယ်သော အရသာကိုလည်း တကိုယ်လုံးနှံ့အောင် ဆောင်ယူနိုင်သောအကြောမြတ်နှင့်ပြည့်စုံသည်ဇင်း။ အပ္ပါဗာဓောစ၊အနည်းငယ်မျှသော အဖျားအနာမရှိသည်ဇင်း။ ဘဝေယျံ၊ဘုရား။အနာဂတေ၊၌။ ဧဝံ၊လျှင်။ ဗုဒ္ဓေါ၊သည်။ ဘဝါမိ၊ဘုရား။ ။

(၁၄) ဩလောကေနစသတ္တာနံ၊ ပိယက္ခိနာနီလက္ခိကော။
ဗုဒ္ဓေါဂေါပခုမောပေဝ၊ ပိယဒဿောစတံနမေ။
ဧတေနမေပုညေနစ၊ ဓုဝံဗုဒ္ဓေါဘဝါမဟံ။ ။

ယောဗုဒ္ဓေါ၊ သည်။ ပုဗ္ဗေ၊ ၌။ သတ္တာနံ၊ သတ္တဝါအပေါင်းတို့
အား။ ပိယက္ခိနာ၊ ချစ်ခင်ကြင်နာ ကြည်လင်စွာသော မျက်လုံး
တော်ဖြင့်။ ဩလောကေန၊ တစိန့်စိန့်ကြည့်ရှုတော်မူခဲ့ဘူး ကု
သိုလ်ထူးကြောင့်လည်း။ နီလက္ခိကော၊ မည်းသင့်သော အရာ
ဝယ် ပုတီးနက် စေ့ကဲ့သို့ မည်းနက်သည့်၊ ဖြူသင့်သော အရာ
ဝယ်၊ မိုးယ်းဆွေခေါင်ရန်းပွင့်ကဲ့သို့ဖြူဝါသည်ဖြစ်၍၊ ဖျားသော
အားဖြင့် အောင်မဲညိုပွင့်ကဲ့သို့ အလွန်ညိုသော မျက်လုံးတော်
ရှိသည်လည်း။ ဟောတိ၊ ၏။ ဂေါပခုမော၊ ထိုခဏာတွင်ဘွား
သောနွားငယ်၏မျက်မွေးနှင့်အတူ၊ နူးညံ့သိမ်မွေ့၊ ချောမြေ့နူးပျို
သော မျက်ခုံး မျက်တောင်မွေးတော် ရှိသည်လည်း။ ဟောတိ၊
၏။ ပိယဒဿော၊ တလောကခပ်လုံးရှု၍မငြောင်း၊ ကောင်း
မြတ်တင့်တယ်၊ အလွန်သပ္ပါယ်ချစ်ဖွယ်ရှိသောရွှေကိုယ်တော်
ရှိတော်မူသည်လည်း။ ဟောတိ၊ ၏။ တံဗုဒ္ဓံ၊ ကို။ အဟံ၊ သည်။ န
မေနမာမိ၊ ဘုရား။ ဧတေနမေ ပုညေနစ၊ ကြောင့်လည်း။ သော
ဟံ၊ သည်။ ဘဝေဘဝေ၊ တိုင်း။ ပိယစက္ခုဩလောကော၊
သတ္တဝါ အပေါင်း တို့အား ချစ်ခင် ကြင်နာ သနားခြင်း ကြည်
လင်စွာသောမျက်စိဖြင့် ကြည့်ရှုနိုင်သည်ရင်း။ နီလက္ခိကော၊
မည်းဖြူနီဝါအဆင်းရောရှက်လျက်၊ အလွန်ညိုသောမျက်လုံးရှိ
သည်ရင်း။ ဂေါပခုမော၊ ထိုခဏာတွင် ဘွားသော နွားငယ်၏
မျက်မွေးနှင့်အတူ၊ နူးညံ့သိမ်မွေ့၊ ချောမြေ့နူးပျိုသော၊ မျက်ခုံးမျက်
တောင်မွေးရှိသည်ရင်း။ ပိယဒဿော၊ တလောကခပ်လုံးရှု၍
မငြောင်း၊ ကောင်းမြတ်တင့်တယ်ချစ်ဖွယ်သောကိုယ်ရှိသည်
ရင်း။ ဘဝေယျံ၊ ဘုရား။ အနာဂတေ၊ ၌။ ဓုဝံ၊ လျှင်။ ဗုဒ္ဓေါ၊ သည်။
ဘဝါမိ၊ ဘုရား။ ။

(၁၅) ဒါနာဒိပုညကမ္မေန၊ပုဗ္ဗင်္ဂမောတထာဂတော။
’တေနဥဏှိသသိသောဘ၊ဇနာနုဝတ္တိတံနမေ။
ဧတေနမေပုညေနစ၊ရုပံဗုဒ္ဓေါဘဝါမဟံ။ ။

ယောတထာဂတော၊သည်။ ပုဗ္ဗေ၊၌။ ဒါနာဒိပုညကမ္မေန၊ သဒ္ဓါကြည်ဖြူ၊ အလှူပေးခြင်းစသောကုသိုလ် ကောင်းမှုတို့ကို ပြုကျင့်သောအရာ၌။ပုဗ္ဗင်္ဂမော၊ သူတပါးတို့၏ရှေ့သွားဦးတည် လျက်။ လုံးပမ်းကြိုးစား၊ အားထုတ်ပြုကျင့်တော် မူတတ်သည်။ ဟောတိ၊၏။တေန၊ထိုသို့ကုသိုလ်ကောင်းမှုကိုပြုကျင့်သော အရာ၌။သူတပါးတို့၏ရှေ့သွားဦးတည်လျက်ပြုကျင့်တော်မူတတ် သော်ကုသိုလ်ကောင်းမှုထူးကြောင့်။ဥဏှိသသိသောစ၊လကျာ နားပန်တော်ကစ၍၊လက်ဝဲနားပန်တော်တိုင်အောင်တက်သော အသားလွှာရှိသည်ဖြစ်၍၊ရွှေသင်းကျစ်ပြားဖြင့် ရစ်ပတ်ဘိသ ကဲ့သို့၊ထိန်ထိန်ဝင်းဝင်း၊ထွန်းလင်းတောံပတင့်တယ်၊ အလွန် သပ္ပါယ်သောဦးခေါင်းတော်မြတ်ရှိသည်လည်း။ ဟောတိ၊၏။ ဇနာနုဝတ္တိစ၊သတ္တဝါလူဗိုလ်၊များထိုထိုကို၊ အလိုတော်တိုင်း၊ လိုက်နာစေတတ်သည်လည်း။ ဟောတိ၊၏။တံတထာဂတံ၊ကို။ အဟံ၊သည်။နမေနမာမိ၊ဘုရား။ ဧတေနမေပုညေနစ၊ကြောင့် လည်း။ သောဟံ၊သည်။ ဘဝေဘဝေ၊တိုင်း။ ပုဗ္ဗင်္ဂမောစ၊ဒါန သီလ၊စသည်မြားမြောင်၊ကုသိုလ်ကောင်းမှုတို့ကိုပြုကျင့်သော အရာ၌ သူတပါးတို့၏ အကြီးအမှူး ရှေ့သွားဦးတည်လျက် ပြု ကျင့်နိုင်သည်ရင်း။ဥဏှိသသိသောစ၊ရွှေသင်းကျစ်ပြားဖြင့်ရစ် ပတ်သကဲ့သို့၊ တင့်တယ်လျောက်ပတ်၊ မြတ်သောဦးခေါင်းရှိ သည်ရင်း။ ဇနာနုဝတ္တိစ၊လူဗိုလ်ပါ အပေါင်းကို ကောင်း မြတ် သောအလိုသို့လိုက်နာစေ၍ပြုကျင့်စေနိုင်သော ဘုန်းအာဏာ ရှိသည်ရင်း။ဘဝေယျံ၊ဘုရား။အနာဂတေ၊၌။ရုပံ၊လျှင်။ ဗုဒ္ဓေါ၊ သည်။ဘဝါမိ၊ဘုရား။ ။

(၁၆) မုသာဝါဒဝိရတိယာ၊ ဗုဒ္ဓေါ ဧကေကလောမကော။
မုဒေါဒါတုဏ္ဏလောမော စ၊ ဇနာနုဝတ္တိတံနုမေ။
ဧတေန မေ ပုညေန စ။ ရဝံ ဗုဒ္ဓေါ ဘဝါမဟံ။ ။

ယော ဗုဒ္ဓေါ၊ သည်။ ပုဗ္ဗေ၊ ၌။ မုသာဝါဒဝိရတိယာ၊ မဟုတ်မမှန်၊ စကားယုတ်ကို ပြောဆိုဝါကြွား၊ လှည့်စားတတ်သော အကုသိုလ်စေတနာမှ၊ အလွန်ဝေးစွာ၊ ရှောင်ကြဉ်ခဲ့ဘူး၊ ကုသိုလ်ထူးကြောင့်။ ဧကေကလောမော စ၊ တခုတခုသော မွေးတွင်း၌၊ တချောင်းတချောင်းစီသာ၊ ပေါ်ရေ်သော မွေးညှင်းရှိတော်မူသည်လည်း။ ဟောတိ၊ ၏။ မုဒေါဒါတုဏ္ဏလောမော စ၊ မျက်မှောင်တော်နှစ်ခုတို့၏အလယ်၊ နှာခေါင်းတော်အထက်ကရေ်လျက်တက်ပြီး၍၊ နဖူးတော်၏အလယ်တွင်၊ ရွှေအင်ပျဉ်၌၊ တင်ထားအပ်သော ငွေကြယ်ကဲ့သို့၊ တင့်တယ်သပ္ပါယ်စွာ၊ လကျာရစ်လှည့်လည်၍၊ တည်သဖြင့်သာလျှင်၊ အဖျား၌ ကိုင်၍ငင်အပ်သည်ရှိသော် မောင်းထက်ဝက် လက်တဆုံးရှိလျက်၊ အကြိမ်တတရာ ဘတ်အပ်သော ဝါဂွမ်းလွှာကဲ့သို့ နူးညံ့သော သောက်ရူးကြယ်ကဲ့သို့၊ ပြိုးပြိုးပြက်ပြက်အရောင်ထွက်လျက်၊ ဖွေးဖွေးဖြူသော ဥဏ္ဏာလုံ မွေးရှင်တော် ရှိသည်လည်း။ ဟောတိ၊ ၏။ ဇနာနုဝတ္တိ စ၊ လူသူသတ္တဝါ၊ အခါမပြတ်၊ ဆည်းကပ်မှီဝဲခြင်းရှိသည်လည်း။ ဟောတိ၊ ၏။ တံ ဗုဒ္ဓံ၊ ကို။ အဟံ၊ သည်။ နမေ နမာမိ၊ ဘုရား။ ဧတေန မေ ပုညေန စ၊ ကြောင့်လည်း။ သောဟံ၊ သည်။ ဘဝေ ဘဝေ၊ တိုင်း။ မုသာဝါဒဝိရတိကော စ၊ မဟုတ် မမှန် စကားယုတ်ကို၊ ပြောဆိုဝါကြွား၊ လှည့်စားတတ်သောအကုသိုလ်စေတနာမှ၊ ဝေးစွာ ရှောင်ကြဉ်နိုင်သည်ရင်း။ မုဒေါဒါတုဏ္ဏလောမော စ၊ နူးညံ့လှစွာ၊ ဖွေးဖြူလက်လက်၊ အရောင်ထွက်သောဥဏ္ဏာလုံမွေးရှင်တော်နှင့်ပြည့်စုံသည်ရင်း။ ဧကေကလောမော စ၊ တခုတခုသောမွေးတွင်း၌တချောင်းတချောင်းစီသာပေါက်ရောက်သောမွေးညှင်းရှိသည်ရင်း။ ဇနာနုဝတ္တိ စ၊ လူဗိုလ်ပါအပေါင်းကိုကောင်းသောအလိုသို့လိုက်စေနိုင်သော ဘုန်းကြက်သရေနှင့်

ပြည့်စုံသည်ဖြင်း။ ဘဝေယျံ၊ဘုရား။ အနာဂတေ၊၌။ ဧဝံ၊လျှင်။
ဗုဒ္ဓေါ၊သည်။ဘဝါမိ၊ဘုရား။ ။

(၁၇) ပေသုညဝိရမဏာတော၊သမတာလီသဒန္တကော။
ဗုဒ္ဓေါအဝိရဠ္ဌဒန္တော စ၊အဘေဇ္ဇပရိသော တံနမေ။
ဧတေနမေပုညေနစ၊ဧဝံဗုဒ္ဓေါဘဝါမဟံ။ ။

ယောဗုဒ္ဓေါ၊သည်။ပုဗ္ဗေ၊၌။ ပေသုညဝိရမဏာတော၊ချစ်ခင်
စုံမက်၊နှစ်သက်ချင်းတူ၊ သူနှစ်ဦးတို့၏၊ ချစ်ခင်စုံမက်၊နှစ်သက်
မြတ်နိုးခြင်းကို ကွဲပြား ပျက်စီး အောင်၊ ချောပစ် ကုန်းတိုက်
တတ်သောပိသုဏဝါစာ အကုသိုလ်စေတနာမှ ဝေးစွာရှောင်
ကြဉ်ခဲ့ဘူးကုသိုလ်ထူးကြောင့်။သမတာလီသဒန္တကော စ၊အမျှ
လေးဆယ်စေ့သောသွားတော်ရှိသည်လည်း။ဟောတိ၊၏၊အဝိ
ရဠ္ဌဒန္တော စ၊ရွှေအင်းပျဉ်၌စိုက်၍ စီထားအပ်သော ဝဇိရစိန်အ
စဉ်ကဲ့သို့၊ မကြဲမခေါ၊အလွန်တင့်တယ် သပ္ပါယ် စိပ်သဲသော
သွားတော်ရှိသည်လည်း။ ဟောတိ၊၏။အဘေဇ္ဇပရိသော စ၊ မ
ကွဲမပြား၊မပျက်စီးနိုင်၊ချစ်ခင်စုံမက်၊နှစ်သက်မြတ်နိုး စမ္ပါယ်၊
အလွန် ကြည်ညိုဘွယ်သော ပရိသတ် ရှိတော်မူသည်လည်း။
ဟောတိ၊၏၊တံဗုဒ္ဓံ၊ကို။အဟံ၊သည်။နမေနမာမိ၊ဘုရား။ဧတေ
နမေပုညေနစ၊ကြောင့်လည်း။ သောဟံ၊သည်။ ဘဝေဘဝေ၊
တိုင်း။ ပေသုညဝိရတိကော စ၊ချစ်ခင်စုံမက်၊ နှစ်သက်ချင်းတူ၊
သူနှစ်ဦးတို့၊အချစ်ပျက်စီးအောင်၊ချောပစ်ကုန်းတိုက်ခြင်း ပိသု
ဏဝါစာ၊အကုသိုလ်စေတနာမှ၊ အလွန်ဝေးစွာရှောင်ကြဉ်နိုင်
သည်ဖြင်း။ သမတာလီသဒန္တော စ၊လေးဆယ်စေ့သော သွားရှိ
သည်ဖြင်း။ အဝိရဠ္ဌဒန္တော စ၊မကြဲမစိပ်သော သွားရှိသည်ဖြင်း။
အဘေဇ္ဇပရိသော စ၊မကွဲမပြားနိုင်၊ မြဲမြဲခိုင်ခန့်၊သတ်ရပ်တင့်
တယ်၊ကြည်ညိုဘွယ်သောပရိသတ်နှင့် ပြည့်စုံသည်ဖြင်း။ ဘ
ဝေယျံ၊ဘုရား။အနာဂတေ၊၌။ဧဝံ၊ လျှင်။ဗုဒ္ဓေါ၊သည်။ဘဝါမိ၊
ဘုရား။ ။

(၁၈)ခရဝါစာဝိရတိယာ၊ပုဗ္ဗေပဟူတဇိဝှာကော။
ဗြဟ္မဿရောစသမ္ဗုဒ္ဓေါ၊အာဒေယျဝစနောတံနမေ။
ဧတေနမေပုညေနစ၊ဓုဝံဗုဒ္ဓေါဘဝါမဟံ။ ။

ယောသမ္ဗုဒ္ဓေါ၊သည်။ ပုဗ္ဗေ၊၌၊ခရဝါစာဝိရတိယာ၊ဆဲရေးကြမ်းကြုတ်၊ ဖရုသဝါစာ၊ အကုသိုလ်စေတနာမှဝေးစွာရှောင်ကြဉ်ခဲ့လေသော၊ကုသိုလ်ထူးကြောင့်၊ ပဟူတဇိဝှာကောစ၊ လက်ဝဲနားပန်လက်ျာနားပန်ကိုသုံးသပ်တော်မူနိုင်၍ ရွှေမျက်နှာတော်အလုံးကိုဖုံးအုပ်နိုင်သောပြန့်ပြော ကြီးမြတ်သော လျှာတော်ရှိတော်မူသည်လည်း။ဟောတိ၊၏။ ဗြဟ္မဿရောစ၊ဗြဟ္မာမင်း၏အသံကဲ့သို့၊သန့်ရှင်းသာယာ၊ ထိသာနာဘွယ်၊ လူပေါ်ယာယ်မှု၊အပမထွက်၊လုံးနက်ပွဲ့တင်၊အင်္ဂါ၅စ်ဘော်၊အသံတော်ရှိတော်မူသည်လည်း။ ဟောတိ၊၏။ အာဒေယျဝစနောစ၊မှတ်ယူလေးမြတ်၊ အလွန်ယုံကြည်အပ်သော စကားတော် ရှိသည်လည်း။ ဟောတိ၊၏။ တံသမ္ဗုဒ္ဓံ၊ကို။အဟံ၊သည်။နမေနမာမိ၊ဘုရား။ဧတေနမေပုညေနစ၊ကြောင့်လည်း။ သောဟံ၊သည်။ ဘဝေဘဝေ၊တိုင်း။ ခရပါစာဝိရတိကောစ၊ဆဲရေးကြမ်းကြုတ်၊ဖရုသဝါစာ၊အကုသိုလ်စေတနာဘမှ၊ ဝေးစွာရှောင်ကြဉ်နိုင်သည်ဒင်း။ ပဟူတဇိဝှာကောစ၊နူးညံ့ပြန့်ပြောသော လျှာရှိသည်ဒင်း။ ဗြဟ္မဿရောစ၊ ကရဝိက်ငှက်မင်း ဗြဟ္မာမင်းအသံကဲ့သို့ သာယာသန့်ရှင်းသောအင်္ဂါ၅စ်တန်အသံနှင့် ပြည့်စုံသည်ဒင်း။ အာဒေယျဝါစောစ၊ သူခပ်သိမ်းတို့ယုံကြည်အပ်သော စကားရှိသည်ဒင်း။ဘဝေယျံ၊ဘုရား။ အနာဂတေ၊၌။ဓုဝံ၊လျှင်။ဗုဒ္ဓေါ၊သည်။ဘဝါမိ၊ဘုရား။ ။

(၁၉) သမ္ဖပ္ပလာပဝိရတိယာ၊ပုရေတာယတထာဂတော။
မိဂိန္ဒဟနုကောဟောတိ၊အဓံသိယောစတံနမေ။
ဧတေနမေပုညေနစ၊ဓုဝံဗုဒ္ဓေါဘဝါမဟံ။ ။

ယောတထာဂတော၊သည်။ပုရေ၊ရှေးရှေးသောကိုယ် ထော်

၏အဖြစ်၌။ တာယသမ္ဖပ္ပလာပ ဝိရတိယာ၊ ကောင်းမြတ် ပြည့်ဖြိုး၊ အကျိုးအကြောင်း ကင်းဆိတ်၊ အပြိန်းအဖျင်း၊ ဒြဗ်ကင်းကွာ၊ စကားယုတ် ကို ပြောဆိုခြင်း သမ္ဖပ္ပလာပဝါစာ၊ အကုသိုလ်စေတနာမှ၊ဝေးစွာရှောင်ကြဉ်ခဲ့လေဘူး၊ ထိုကုသိုလ်ထူးကြောင့်။မိဂိန္ဒဟနုကောစ၊ ကေသရာဇာခြင်သေ့မင်း၏ အောက်မေးကဲ့သို့ပြည့်ဖြိုးသည်ဖြစ်၍၊တဆဲ့ငါးရက်၊တိထိစက်၌၊ထက်၍ထွန်းသော၊ငွေလဝန်းနှင့်အတူ၊ အလွန်တောက်ပ တင့်တယ်သပ္ပါယ်သော၊ အထက်အောက်နှစ်ရပ်၊ ပြတ်သောမေးတော်ရှိတော် မူသည်လည်း။ ဟောတိ၊၏။ အဝံသိယောစ၊ ရန်မာရ်အမျိုး၊ လွှမ်းမိုးဘိစီး၊ နှိပ်စက် ဖျက်ဆီးခြင်းငှါ၊ မတတ်ကောင်းသော၊ဘုန်းအာဏာရှိတော်မူသည်လည်း။ဟောတိ၊၏။တံတထာဂတံ၊ကို၊အဟံ၊သည်။ နမေနမာမိ၊ဘုရား။ဧတေနမေပုညေနစ၊ကြောင့်လည်း။သောဟံ၊သည်။ဘဝေဘဝေ၊တိုင်း။သမ္ဖပ္ပလာပဝိရတိကောစ၊ ကောင်းကျိုးကင်းဆိတ်၊အပြိန်းအဖျင်း၊စကားဖျင်းကို၊ပြောဆိုခြင်းသမ္ဖပ္ပလာပဝါစာ၊အကုသိုလ်စေတနာမှ၊အလွန် ဝေးစွာ ရှောင်ကြဉ် နိုင်သည်ဖြစ်၍။ မိဂိန္ဒဟနုကောစ၊ ခြင်သေ့မင်းမေးကဲ့သို့ ပြည့်ဖြိုးသောမေးနှစ်ရပ်နှင့်ပြည့်စုံသည်ဖြစ်၍။အဝံသိယောစ၊ ရန်သူတပါးမဖျက်ဆီး နိုင်သော ဘုန်းအာဏာနှင့်ပြည့်စုံသည်ဖြစ်၍၊ဘဝေယျံ၊ဘုရား။အနာဂတေ၊၌၊ဧဝံ၊လျှင်။ဗုဒ္ဓေါ၊သည်၊ဘဝါမိ၊ဘုရား။ ။

(၂၀) မိစ္ဆာဇီဝဝိရတိယာ၊သမဒန္တောတထာဂတော။
ဟောတိသောဒါတဒါဌောစ၊ဝိသုဒ္ဓပရိသောတံနမေ။
ဧတေနမေပုညေနစ၊ဧဝံဗုဒ္ဓေါဘဝါမဟံ။ ။

ယောတထာဂတော၊အကြင်ငါတို့သကျပုတ္တဂေါတမဘုရားသခင်သည်။ပုဗ္ဗေ၊ရှေးရှေးသောကိုယ်တော်၏အဖြစ်၌၊ မိစ္ဆာဇီဝဝိရတိယာ၊ယုတ်မာညစ်ထေး၊အသက်မွေးခြင်းဟုဆိုအပ်သောအကုသိုလ်ကမ္မပထတရား၊ခုနစ်ပါးသော၊စေတနာမှအလွန်ဝေး

စွာ ရှောင်ကြဉ်ခဲ့လေဘူး၊ ကုသိုလ်ထူးကြောင့်။ သမဒန္တော၊ သွဖြင့် ဖြတ်အပ်သော ခရုသင်းအထပ်ကဲ့သို့အလွန် ညီညွတ် သပ္ပါယ် တင့်တယ်သော သွားတော်ရှိတော် မူသည်လည်း။ ဟောတိ၊ဖြစ်၏။ သောဒါတဒါဌော၊သောက်ရှူးကြယ်ထက်၊ ဖြူးဖြူးဖြက်ဖြက်အရောင်ထွက်သည်ဖြစ်၍၊တင့်တယ်သပ္ပါယ် သောအရောင်နှင့်ပြည့်စုံသောဖြူစင်သန့်ရှင်းကြည်လင်တောက် ပသောစွယ်တော်လေးချောင်းရှိတော်မူသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝိသုဒ္ဓပရိသောစ၊ ကိုယ်နှုတ်နှလုံး အလွန်စင်ကြယ်သန့် ရှင်းကြည်လင် ဖြူစင်သော ပရိသတ်အခြံအရံ ရှိတော်မူသည် လည်း။ဟောတိ၊၏။တံတထာဂတံ၊ ထိုလက္ခဏာတော်ကြီးအ စရှိသောဘုန်းတန်းခိုး ဂုဏ်ကျေးဇူးတော်အပေါင်းတို့နှင့်ပြည့် စုံ တော် မူသော မြတ်စွာ ဘုရား သခင်ကို။ အဟံ၊ အကျွန်ုပ် သည်။နမေနမာမိ၊အလွန်ကြည်ညိုသဒ္ဓါ ရှိခိုးချီးမွမ်းပါ၏အရှင် ဘုရား။ ဧတေနမေပုညေနစ၊ အကျွန်ုပ်၏ အတိုင်းမသိ သော ဘုရားဂုဏ်ကျေးဇူးတော်မြတ်အပေါင်းကိုဟုတ်တိုင်းမှန်စွာအ လွန်ကြည်ညိုသဒ္ဓါရှိခိုးချီးမွမ်းရပါသော ဤကုသိုလ်ကောင်းမှု အထူးကြောင့်လည်း။သောဟံ၊ထိုအကျွန်ုပ်သည်။ဘဝေဘဝေ၊ ဘဝဆက်တိုင်း ဘဝဆက်တိုင်း။ မိဿာဇီဝဝိရတော၊အလွန် ယုတ်မာညစ်ထေးအသက်မွေးခြင်း အကုသိုလ်မိဿာဇီဝစေတ နာမှအလွန်ဝေးကွာရှောင်ကြဉ်နိုင်သည်ဗင်း။ သမဒန္တော၊ညီ ညွတ်သပ္ပါယ်သောသွားနှင့်ပြည့်စုံသည်ဗင်း။သောဒါတဒါဌော စ၊ ဖြူစင်သန့်ရှင်း ကြည်လင် သပ္ပါယ် အစွယ်လေးချောင်းနှင့် ပြည့်စုံသည်ဗင်း။ ဝိသုဒ္ဓပရိသောစ၊ကိုယ်နှုတ်နှလုံး သုံးပါးစင် ကြယ်ကြည်ညိုဘွယ်သောပရိသတ်နှင့်ပြည့်စုံသည်ဗင်း။ဘဝေ ယျံ၊ဖြစ်ရပါလို၏ အရှင်ဘုရား။ အနာဂတေ၊ အဆုံးဘဝကျ၊ နောင်ကာလ၌။ဇိနံ၊မချွတ်မလွဲအမြဲသာလျှင်။ဗုဒ္ဓေါ၊ ပညာဓိက ဘုရားသည်။ဘဝါမိ၊ဖြစ်ရပါလို၏အရှင်ဘုရား။ ။(ကြိုက်ရာ ဆုကိုရွေ့ကရေးခဲ့သည့်အတိုင်းဆိုတောင်းကြလေ)။ ။

(၂၁) ကရုဏာသီတလဟဒယံ၊ ပညာပဇ္ဇောတဝိဟတတမော
ဟတမံ။ သနရာမရလောကဂရုံ၊ ဝန္ဒေသုဂတံဂတိဝိမုတ္တံ။
ဧတေနမေပုညေနစ၊ ရုဝံဗုဒ္ဓေါဘဝါမဟံ။ ။

ကရုဏာသီတလဟဒယံ၊ အလွန်သနားခြင်းမဟာကရုဏာတော်နှင့်ပြည့်စုံတော်မူသည့်၏အဖြစ်ကြောင့်အလွန်ဧးမြသော စိတ်နှလုံးရှိတော်မူထသော။ ပညာပဇ္ဇောတဝိဟတတမောဟတမံ၊ အရဟတ္တမဂ်ဉာဏ် ဒေသနာဉာဏ် အနာဝရဏာဉာဏ်ပညာတည်းဟူသောတန်ဆောင်ဆီမီးဖြင့်ကြီးစွါသောမောဟအမိုက်တည်းဟူသောအမိုက်ကိုပယ်ဖျောက်ဆီးတော်မူပြီးထသော။ သနရာ မရ လောကဂရုံ၊ လူ နတ်နှင့် တကွ သတ္တ လောက ၏ ကျောက်ထိးတမူ အလေးပြုအပ်သောဆရာမြတ်ဖြစ်တော်မူထသော။ ဂတိဝိမုတ္တံ၊ ဂတိငါးပါးတို့မှလွတ်တတ်လွတ်စေတော်မူတတ်ထသော။ သုဂတံ၊ ကြောင်းကျိုးနှစ်ဖြာ၊ သာယာခြေင်၊နှစ်တန်သောတရားစကားကိုသာလျှင် ကောင်းစွာသံချိုဆိုတော်မူတတ်ဘုရားမြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေဝန္ဒာမိ၊ အလွန်ကြည်ညိုသဒ္ဓါ ရှိသေမြတ်နိုး ရှိခိုးချီးမွမ်းပါ၏အရှင်ဘုရား။ ဧတေနမေပုညေနစ၊ အကျွန်ုပ်၏အတိုင်းမသိသောဘုရားသုန်းကြက်သရေ ဂုဏ်ကျေးဇူးတော်မြတ်အပေါင်းကိုဟုတ်တိုင်းမှန်စွာအလွန်ကြည်ညိုသဒ္ဓါရှိသေလေးမြတ်စွာရှိခိုးချီးမွမ်းပါရသောမြတ် ကုသိုလ်ကောင်းမှုအထူးကြောင့်လည်း။ သောဟံ၊ ထိုအကျွန်ုပ်သည်။ ဘဝေဘဝေ၊ ဘဝဆက်တိုင်းဘဝဆက်တိုင်း။ ကရုဏာသီတလဟဒယောစ၊ သနားခြင်းကရုဏာကြောင့်အခါခပ်သိမ်းဧးမြသော စိတ်နှလုံးရှိသည်ဖြစ်၍။ ပညာပဇ္ဇောတဝိဟတမောဟတမောစ၊ ဉာဏ်ပညာတန်ဆောင်ဆီမီးဖြင့် ကြီးစွာသောမောဟအမိုက်မှောင်ကိုပယ်ဖျောက်နိုင်သည်ဖြစ်၍။ လောကဂရုစ၊ သတ္တလောက၏ ဗိသာပါမောက္ခဆရာမြတ်သည်ဖြစ်၍။ သုဂတောစ၊ ကောင်းမြတ်ရေးရာတရားစကားကိုသာကောင်းစွာသံချိုဆိုနိုင်သည်ဖြစ်၍။ ဒုဂ္ဂတိဝိမုတ္တောစ၊ ဆင်းရဲအပေါင်းဧရ

ဝေးရာ။အပါယ်လေးပါး ဒုဂ္ဂတိမှလွတ်ကင်းသည်ဖြင်း။ ဘဝေ ယျံ၊ ဖြစ်ရပါလို၏ အရှင်ဘုရား။ အနာဂတော၊ အဆုံးဘဝကျ ရောက်သော နောင်အခါ၌။ ခုဝံ၊သျှင်။ ဗုဒ္ဓေါ၊ သည်။ ဘဝါမိ၊ ဘုရား။ ။

(၂၂) ဗုဒ္ဓေါဝိဗုဒ္ဓဘာဝံ၊ဘာဝေတွာစေဝသစ္ဆိကတွာစ။
ယံဥပဂတောဂတမလံ၊ဝန္ဒေတမနုတ္တရံဓမ္မံ။
ဧတေနမေပုညေနစ၊ခုဝံဗုဒ္ဓေါဘဝါမဟံ။ ။

ဗုဒ္ဓေါဝိ၊ဘုရားရှင်သော်မှလည်း။ ယံဓမ္မံ၊အကြင် ဆယ်ပါး သောတရား တော်မြတ်ကို။ ဘာဝေတွာစေဝ၊သန္ဓေလေးထပ်၊ တသိန်းကပ်လုံး၊မရပ်မနေ၊ရှာဘွေဆည်းပူးပွါးများအားထုတ် သည်၏ အဖြစ်ကြောင့်ဖြင်း။ သစ္ဆိကတွာစ၊ ကိုယ်တိုင် ဆတ် ဆတ်မျက်မှောက် ပြုသည်၏အဖြစ်ကြောင့်ဖြင်း။ ဗုဒ္ဓဘာဝံ၊အ တုမရှိမြတ်သောဘုရားအဖြစ်ကို။ ဥပဂတော၊ရတော်မူလေပြီ။ ဂတမလံ၊ ညစ်ညူးလိမ်းကျံပူပန်နှိပ်စက်တတ်သော တထောင့် ငါးရာကိလေသာအညစ်အကြေးတို့မှ အလွန်ကင်းဝေးတော်မူ ပြီးထသော။ အနုတ္တရံ၊အတုမရှိ အလွန် မြတ်တော်မူထသော။ တံဓမ္မံ၊ထို ဆယ်ပါးသော တရားတော်မြတ်ကိုလည်း။ အဟံ၊ သည်။ဝန္ဒေ၊ဘုရား။ ဧတေနမေပုညေနစ၊အကျွန်ုပ်၏အတိုင်းမ သိသောတရားတော်မြတ်၏ ဂုဏ်ကျေးဇူးတော်မြတ်အပေါင်း ကို ဟုတ်တိုင်းမှန်စွာအလွန်ကြည်ညိုသဖြင့်၊ရှိသေလေးမြတ် ရှိ ခိုးပူဇော်ချီးမွမ်းရပါသော ဤကုသိုလ်ကောင်းမှုအထူးကြောင့် လည်း။ သောဟံ၊သည်။ ဘဝေဘဝေ၊တိုင်း။ အတိသဒ္ဓမ္မမာမ ကောစ၊သူတော်ကောင်းတရားခုနစ်ပါး၊ပညာကြီးယဝတ္တုဆယ် ပါး၊ပါရမီဆယ်ပါးကုသိုလ်ကောင်းမှုတရားတို့၌အလွန်ရိုသေ လေးမြတ် ပြုကျင့်နိုင်သည် ဖြင်း။ ဂတမလောစ၊ အပါယ်လား ကြောင်း မကောင်းမှုကိလေသာမှ အလွန် ကင်းဝေးသည်ဖြင်း။ အနုတ္တရောစ၊ အတုမရှိ မြတ်သော သီလသမာဓိပညာဂုဏ်နှင့်

ပြည့်စုံသည့်ရင်း။ ဘဂဝေယျံ၊ဘုရား။ အနာဂတေ၊၌။ ရုပံ၊လျှင်။ ဗုဒ္ဓေါ၊သည်။ဘဝါမိ၊ဘုရား။ ။

(၂၃) သုဂတဿဩရသာနံ၊ပုတ္တာနံမာရသေနမထနာနံ။
အဋ္ဌန္နမ္ပိသမူဟံ၊သိရသာဝန္ဒေတမရိယသံဃံ။
ဧတေနမေပုညေနစ၊ရုပံဗုဒ္ဓေါဘဝါမဟံ။ ။

မာရသေနမထနာနံ၊မာရ်မာရ်မင်း၏စစ်စည်ဗိုလ်ပါကိုချိုးဘဲ့နှိပ်နင်း ဖျက်ဆီးတတ်သောဂုဏ်သတ္တိထူး ရှိတော်မူကုန်ထသော။ သုဂတဿ၊ ဘုရားရှင်၏။ ဩရသာနံ၊ ရွှေရင်တော်နှစ်သားတော်စစ် ဖြစ်တော်မူကုန်ထသော။ အဋ္ဌန္နံ၊ မဂ္ဂဋ္ဌာန်လေးယောံ၊ ဖလဋ္ဌာန်လေးယောံအားဖြင့်ရှစ်ယောက်ဖြစ်တော်မူကုန်ထသော။ ပုတ္တာနံ၊ အရိယာသာဝကသားတော်မြတ်အစစ် ဖြစ်တော်မူကုန်သောသာကီဝင်မင်းသားတို့၏။သမူဟံပိ၊ အပေါင်းလည်းဖြစ်ထသော။ တံအရိယသံဃံပိ၊ ထိုအရိယာ့သံဃာတော်မြတ်ကိုလည်း။အဟံ၊သည်။ သိရသာ၊ မြတ်မွန်လှစွာ၊ဦးခေါင်းအင်္ဂါဖြင့်။ဝန္ဒေဝန္ဒာမိ၊ဘုရား။ ဧတေနမေပုညေနစ၊ အကျွန်ုပ်၏အတိုင်းမသိသော သံဃာတော်မြတ်၏ ဂုဏ် ကျေးဇူး တော်မြတ်အပေါင်းကိုဟုတ်တိုင်းမှန်စွာအလွန်ကြည်ညိုသဒ္ဓါရှိသေလေးမြတ်စွာရှိခိုးချီးမွမ်းရပါသော၍ကောင်းမှုကုသိုလ်အထူးကြောင့်လည်း။ သောဟံ၊သည်။ဘဝေဘဝေ၊တိုင်း။ အတိရတနတ္တယမာမကောစ၊ ရတနာသုံးပါးမြတ်အပေါင်း၌ အလွန်ယုံကြည်မြတ်နိုးတတ်သည်ရင်း။သဗ္ဗပါပဇိဂုစ္ဆောစ၊ အပါယ်လားကြောင်း မကောင်းမှုဒုစရိုက်ကို အလွန် စက်ဆုပ်တတ်သည်ရင်း။ ဌာနာဋ္ဌာန ကုသလောစ၊ အကြောင်းအရာ ဟုတ်မဟုတ်သည်၌အလွန်လိမ္မာသည်ရင်း။ ဘဂဝေယျံ၊ဘုရား။အနာဂတေ၊၌။ရုပံ၊လျှင်။ဗုဒ္ဓေါ၊သည်။ဘဝါမိ၊ဘုရား။ ။

(၂၄) ယောကပ္ပကောဋိဟိဝိအပ္ပမေယျံ၊ကာလံကရော
န္တော၊အတိဒုက္ကရာနိ။ ခေဒံဂတောလောကဟိတာယ`နာ
ထော၊နမေါမဟာကာရုဏိကဿတဿ။တေနမေပု
ညေနစ၊ရဝံဇုဒ္ဓါဘဝါမဟံ။ ။

မဟာကာရုဏိကော၊ကြီးကျယ်ဖွံ့ဖြိုး၊အကျိုးများမြတ်၊ ပူဇော်အပ်သောအလွန်သနားခြင်း မဟာကရုဏာ ရှိတော်မူ သော။ ယောနာထော၊အကြင်လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ် တော်မူသောမြတ်စွာဘုရားရှင်သည်။ ကပ္ပကောဋိဟိဝိ၊ကမ္ဘာ ကုဋေအသိန်းတို့ဖြင့်သော်လည်း။ အပ္ပမေယျံ၊ ဤမျှဤမျှရှိ၏ ဟု နှိုင်းဆရေတွက်ခြင်းငှာ မတတ်စကောင်းသော။ ကာလံ၊ အသင်္ချေပေါင်း၊ လေးဆလောင်းလျက်၊ အသောင်းဆယ်ထပ်၊ မဟာကပ်ကာလပတ်လုံး။ လောကဟိတာယ၊ လူသုံးပါးတို့၏ လောကီလောကုတ္တရာအကျိုးစီးပွါးအလို့ငှာ။အတိဒုက္ကရာနိ၊အ လွန်တရာပြုနိုင်ခဲလှစွာသော၊ ပါရမီဆယ်ပါး၊စွန့်ခြင်းကြီးငါး ပါး၊ စရိယတရားသုံးပါး၊ မြတ်ကုသိုလ် တရားတို့ကို။ ကရော န္တော၊ကိုယ်အသက်ကိုငဲ့ကွက်တော်မမူဘဲ၊ပြုကျင့်ဆည်းပူးပွါး များ အားထုတ်တော်မူရသောကြောင့်။ ခေဒံကာယပရိဿမံ၊ ကိုယ်တော်မြတ်၏အလွန်ညှိုးနွမ်းပင်ပန်းရိနွမ်းဆင်းရဲခြင်းသို့။ ဂတောပတ္တော၊ရောက်တော်မူရလေပြီ။မဟာကါရုဏိကဿ၊ ဒုက္ခိတဝေနေယျာ ကြွာအပေါင်းတို့အား အလွန်သနားခြင်းမ ဟာ ကရုဏာရှိတော်မူသော။ တဿနာထဿ၊ ထိုလူသုံးပါး တို့၏ကိုးကွယ်ရာ အစစ်ဖြစ် တော်မူသော မြတ်စွာဘုရားရှင် အား။မေမမ၊အကျွန်ုပ်၏။ နမောနမကာရော၊ အလွန်ရိုသေမြတ် နိုးရှိခိုးပူဇော်ခြင်းသည်။ အတ္ထု၊ဘဝတု၊ဖြစ်ပါစေသတည်း။ ဧ တေနမေပုညေနစ၊အကျွန်ုပ်၏အတိုင်းမသိသောမြတ်စွာဘုရား ဘုန်းကြက်သရေ ဂုဏ်ကျေးဇူးတော်မြတ်အပေါင်းကို ဟုတ် တိုင်းမှန်စွာအလွန်ကြည်ညိုသဒ္ဒါရှိသေမြတ်နိုးရှိခိုးချီးမွမ်းရပါ သော ဤကောင်းမှု ကုသိုလ်အထူး ကြောင့်လည်း။ သောဟံ၊

သည်။ ဘဝေဘဝေ၊တိုင်း။ အတိဒုက္ကရောစ၊ ပြုကျင့်နိုင်ခဲလှစွာ
သောပါရမီဆယ်ပါးစသော ကုသိုလ်ကောင်းမှုတရားမြတ်တို့
၌အလွန်ပြုကျင့်နိုင်သည်ဖင်း။ မဟာကာရုဏိကောစ၊ သတ္တဝါ
ဝေနေယျာကို အလွန်သနားတတ်သော ကရုဏာရှိသည်ဖင်း။
လောကနာထောစ၊ လူအများတို့၏ ကိုးကွယ်ရာ ဖြစ်နိုင်သည်
ဖင်း။ဘဝေယျံ၊ဘုရား။ အနာဂတေ၊၌။ဓုဝံ၊လျှင်။ဗုဒ္ဓေါ၊သည်။
ဘဝါမိ၊ဘုရား။ ။

(၂၇) အသမ္ဗုဓံဗုဒ္ဓနိသေဝိတံယံ၊ ဘဝါဘဝံဂစ္ဆတိဇီဝ
လောကော၊နမော၊အဝိဇ္ဇာဒိကိလေသဇာလ၊ဝိဒ္ဓံသိနော
ဓမ္မဝရဿတဿ။ဧတေနမေပုညေနစ၊ဓုဝံဗုဒ္ဓေါဘဝါ
မဟံ။ ။

ဗုဒ္ဓနိသေဝိတံ၊သဗ္ဗညုဘုရား၊ ပစ္စေကဗုဒ္ဓါ၊အဂ္ဂသာဝက၊
ရဟန္တာအပေါင်း၊သူတော်ကောင်းတို့သည်။ဂေါစရာသေဝန၊
စသည်မလတ်၊မှီဝဲပူဇော်အပ်တော်မူသော။ယံဓမ္မဝရံ၊အကြင်
ဆယ်ပါးသော တရားတော်မြတ်ကို။ အသမ္ဗုဓံအသမ္ဗုဇ္ဈန္တော၊
ဟုတ်တိုင်းမှန်စွာ၊ သဘောလက္ခဏာကို၊ ထိုးထွင်း၍ မသိနိုင်
ခြင်းတည်းဟူသောအကြောင်းကြောင့်။ဇီဝလောကော၊ သတ္တ
ဝါအပေါင်းသည်။ဘဝါဘဝံ၊အလွန်ရှည်လျားသောသံသရာ
ဝဋ်ဆင်းရဲသို့။ ဂစ္ဆတိ၊ရောက်ရလေပြီ။ အဝိဇ္ဇာဒိကိလေသဇာ
လဝိဒ္ဓံသိနော၊မောဟာအဝိဇ္ဇာအကြီးအမှူးရှိသော၊ တထောင့်
ငါးရာကိလေသာတည်းဟူသောကွန်ရက်ကိုအကြွင်းမရှိဖျက်
ဆီးလေ့ ရှိတော်မူသော။ တဿဓမ္မဝရဿ၊ထိုဆယ်ပါးသော
တရားတော်မြတ်အား။ မေမမ၊အကျွန်ုပ်၏။နမော၊နမကာရော၊
အလွန်ရိုသေမြတ်နိုး ရှိခိုးပူဇော်ခြင်းသည်။ အတ္ထု၊ဘဝတု၊ဖြစ်
ပါစေသတည်း။ဧတေနမေပုညေနစ၊အကျွန်ုပ်၏၊ အတိုင်းမသိ
သောတရားတော်မြတ်၏ဂုဏ်ကျေးဇူးတော်မြတ်အပေါင်းကို
ဟုတ်တိုင်းမှန်စွာ၊ အလွန်ကြည်ညို သဒ္ဓါရိုသေမြတ်နိုးရှိခိုး ချီး
မွမ်းရပါသောဤကောင်းမှုကုသိုလ်ထူးကြောင့်လည်း။ သော

ဟံ၊သည်။ ဘဝေဘဝေ၊ တိုင်း။ သဗ္ဗညုဗုဒ္ဓကောဇ၊ သူတော်ကောင်းတရား၊မြတ်ဆယ်ပါးကိုရှိသောလေးမြတ် ပူဇော်တော်သည့်ရှင်း။ အဝိဇ္ဇာဒိကိလေသဇာလဝိဒ္ဓံသကောဇ၊ အဝိဇ္ဇာအကြီးအမှူးရှိသော ကိလေသာကွန်ရက်ကိုသတ်ဖြတ် ဖျက်ဆီးနိုင်သော ပညာလက်နက်နှင့် ပြည့်စုံသည့်ရှင်း။ သဗ္ဗသိပ္ပဓော ကောဇ၊အဓ္ဓါရသ၊စသည်ဥဿုံ၊ အလုံးစုံသောအတတ်ပညာတို့၌၊အလွန်ထက်မြက်လိမ္မာသောဉာဏ်ပညာနှင့်ပြည့်စုံသည်ရှင်း။ဘဝေယျံ၊ဘုရား။အနာဂတော၌။ ရဝံ၊လျှင်။ဇိနော၊သည်။ ဘဝါမိ၊ဘုရား။ ။

(၂၄) ဂုဏောဟိယောသီလသမာဓိပညာ၊ ဝိမုတ္တိဉာဏပ္ပဘုတိဟိယုတ္တော။

ခေတ္တဉ္စနာနံကုသလတ္ထိကာနံ၊တမရိယသံဃံသိရသာနမာမိ။ဧတေနမေပုညေနစ၊ရဝံဇိနော၊ဘဝါမဟံ။ ။

ယောအရိယသံဃော၊အကြင်ရှစ်ပါးသံဃာ အရိယာမြတ်အပေါင်းသည်။သီလသမာဓိပညာဝိမုတ္တိဉာဏပ္ပဘုတိဟိ၊သီလဂုဏ်၊သမာဓိဂုဏ်၊ပညာဂုဏ်၊ဝိမုတ္တိဂုဏ်၊ဝိမုတ္တိဉာဏဒဿနဂုဏ်အစရှိကုန်သော။ဂုဏောဟိ၊အတိုင်းမသိသောဂုဏ်ကျေးဇူးတော်မြတ်အပေါင်းတို့နှင့်၊ယုတ္တော၊ယှဉ်တော်မူ၏၊ ပြည့်စုံတော်မူ၏။ ကုသလတ္ထိကာနံ၊ကုသိုလ် ကောင်းမှုဖြင့် ကုသိုလ်ကောင်းမှုကိုအလိုရှိကုန်သော။ဇနာနံ၊ပညာရှိသူတော်ကောင်းနတ်လူအပေါင်းတို့၏။ခေတ္တံပုညခေတ္တံ၊ကုသိုလ် ကောင်းမှုမျိုးစေ့တို့၏ စိုက်ပျိုး ပစ်ချရာ လယ်တာ မြေကောင်း သဘွယ်ဖြစ်တော်မူသော။ တံအရိယသံဃံ၊ထိုရှစ်ပါး သံဃာအရိယာမြတ်အပေါင်းကိုလည်း။အဟံ၊သည်။သိရသာ၊မြတ်မွန်လှစွာ၊ဦးခေါင်းအင်္ဂါဖြင့်။ နမာမိ၊ရှိသေမြတ်နိုး ရှိခိုးပါ၏အရှင်ဘုရား။ ဧတေနမေပုညေနစ၊အကျွန်ုပ်၏၊ အတိုင်းမသိသော အရိယာ သံဃာဂုဏ်ကျေးဇူးတော်မြတ်အပေါင်းကို ဟုတ်တိုင်းမှန်စွာ၊ကြည်ညိုသဒ္ဓါ၊ ရိုသေမြတ်နိုး ရှိခိုးချီးမွမ်းရပါသော ဤကောင်းမှုကု

သိုလ်ထုးကြောင့်လည်း။ သောဟံ၊သည်။ ဘဂဝါဘဂဝေါ၊တိုင်း။ သီလာဒိဂုဏာသမ္ပန္နောစ၊ သီလသမာ၊ ပညာမလတ်။ ဂုဏ်သကပ်နှင့်။ကောင်းစွာပြည့်စုံသည့်ဗုဒ်။ကုသလဋ္ဌိကောစ၊ကောင်းမြတ်သော ဘုန်းကြွက် သရေကို ရလွယ်သော အကြောင်းကောင်းမှုကုသိုလ်ကို အလွန်အလိုရှိ၍ ပွါးများအားထုတ် နိုင်သည့်ဗုဒ်။ဝိရကတသတိကောစ၊ရှည်ကြာမြင့် စွာပြုအပ်သော အမှုခပ်သိမ်းကို အောက်မေ့သိမ်း ဆည်းနိုင်သော ပညာပြဋ္ဌာန်းသောမြဲမြံ ခိုင်ခန့်သောသမ္ဘာသတိ။ တရားနှင့်ပြည့်စုံသည့်ဗုဒ်။ ဘဂဝယျာ၊ဘုရား။အနာဂတေ၊၌။ရုဝံ၊လျှင်။ဗုဒ္ဓေါ၊ သည်။ဘဝါမိ၊ဘုရား။ ။

(၂၇) မဟာမောဟတမောနဒ္ဓေ၊လောကလောကန္တဝသိနာ။
ယောနသဒ္ဓမ္မပဇ္ဇောတော၊ဇလိတောဇလိတိန္ဒိနာ။ ။
တဿပါဒေနမဿာမိ၊သမ္ဗုဒ္ဓဿသိရိမတော။
သဒ္ဓမ္မဥ္စဿပူဇေမိ၊ကရောမိသံဃဿဥ္စလိံ။
ဧတေနမေပုညေနစ၊ရုဝံဗုဒ္ဓေါဘဝါမဟံ။ ။

မဟာမောဟတမောနဒ္ဓေ၊အလွန်ကြီးစွာသော မောဟအဝိဇ္ဇာတည်းဟူသောအမိုက်မှောင်ဖြင့်ဖြေးရှက်ရစ်ပတ်ဝိတ်ဆို့အပ်ထသော။ လောကေ၊ဥပါဒါနက္ခန္ဓာပဉ္စက၊ ဤလောက၌။ လောကန္တဒဿိနာ၊ တော့ူမက၊ဝဋ္ဋဒုက္ခလောက၏ အဆုံးဖြစ်သောအသင်္ခတ ခေါတ် နိဗ္ဗာန်တရား တော်မြတ်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် နေလဝန်း အသွင်သိမြင်တော်မူပြီးထသော။ ယောနသမ္ဗုဒ္ဓေန၊အကြင်သဗ္ဗညုကိုယ်တော်မြတ်ဘုရားသည်။ သဒ္ဓမ္မပဇ္ဇောတော၊သုံးပုံပိဋကတ်။ ငါးရပ်နိကာယ်၊ကိုးသွယ်အင်္ဂါ၊ဓမ္မက္ခန္ဓာပေါင်း၊ရှစ်သောင်းလေးထောင်။မြားမြောင်ဘိသါး။ပရိယတ္တိသဒ္ဓမ္မတရား၊ဖေးမြဖွေးကြိုင်ဖွာစွာ၊စတုပါရိသုဒ္ဓိသီလ၊ သမထဝိပဿနာ၊ ဓုတင်တေရသ။ စသည်များစွါ၊ပဋိပတ္တိသဒ္ဓမ္မတရား။အဘိညာဉ်ခြောက်ပါးသမာပတ်ရှစ်ပါး၊ပဋိသမ္ဘိဒါလေးပါး၊မဂ်ဉာဏ်လေးပါး၊ဖိုလ်ဉာဏ်

လေးပါး၊နိဗ္ဗာန်တရားတည်းဟူသောပဋိဝေဓသဒ္ဓမ္မ၊ ဤသို့ထင်ရှား၊ဤသုံးပါးတည်းဟူသော၊သူတော်ကောင်းတရားစာန်ဆောင်ဆိပ်ဖြိးကို။ ဇလိတိန္ဒြိနာ၊ထွန်းတောံပစ္စာဒေသနာဈွဉာဏ်တော်တည်းဟူသောတန်းခိုးဗျာဒိတ်တော်မြတ်ဖြင့်။ဇလိတော၊ကောဒိကျော်ဟိန်း၊အသိန်းမက၊ မော်ဟမှောက်စွန်း၊ ပယ်ပျော်ထွန်းတော်မူလေပြီ၊သိရိမတော၊ အဆုံးမရှိသောဘုန်းကြက်သရေရှိတော်မူထသော။ တဿသမ္မုဒ္ဓဿ၊ထိုမြတ်စွာဘုရားရှင်၏။ပါဒေ၊ရောင်ဝါပြိုးပြက်၊တရာ့ရှစ်ကွက်၊စက်လက္ခဏာ၊ဖြာပွှာနေလတို့ဖြင့်ဆန်းကြယ်သောရွှေစက်တော်အစုံတို့ကို။အဟံ၊သဉ။နမဿာမိ၊ရိုသေမြတ်နိုးရှိခိုးပါ၏အရှင်ဘုရား။ တဿသမ္မုဒ္ဓဿ၊ထိုဘုရားရှင်၏။သဒ္ဓမ္မဉ္စ၊အလွန်သိမ်မွေ့နက်နဲသောဆယ်ပါးမြတ်တရားကိုလည်း၊ပူဇေမိ၊ကာယဉ္စတ်ချီ၊ ဝစီချီးမန်၊သုံးဒွါရတို့ဖြင့်ရိုသေမြတ်နိုးရှိခိုးပူဇော်ပါ၏။တဿသမ္မုဒ္ဓဿ၊ထိုဘုရားရှင်၏။ သံဃသာဝက၊ရှစ်ပါးသဃာအရိယာမြတ်အပေါင်းအားလည်း။အဉ္ဇလိံ။ဆယ်ရုံပေါင်းစည်းလက်သည်းမြှူစွ၊ တော်ပသောလက်အုပ်ကိုမိုး၍၊ရှိခိုးခြင်းကိုလည်း။ ကရောမိ၊ပြုပါ၏အရှင်ဘုရား။ ဧတေနမေပုညေနစ၊ အကျွန်ုပ်၏ အတိုင်းမသိသောရတနာသုံးပါး ဂုဏ်ကျေးဇူးတော်မြတ် အပေါင်းကိုအလွန်ကြည်ညိုသဒ္ဓါ၊ရိုသေမြတ်နိုး၊ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ကန်တော့ချီးမွမ်းရပါသော ဤကောင်းမှုကုသိုလ်ထူးကြောင့်လည်း။သောဟံ၊သည်။ဘဝေဘဝေ၊တိုင်း။သဒ္ဓမ္မဇောတကောစ၊သာသနာတော်မြတ်သူတော်ကောင်းတရားခုတ်သုံးပါးအပေါင်းကိုနေလဝန်းကဲ့သို့ထွန်းတောက်ပစေနိုင်သော သာသနာတော်ပြုမင်းမြတ်သည်ရင်း။မဟိဒ္ဓိကောစ၊တလောကခုတ်လုံးမခံရပ်နိုင်သော ကြီးမြတ်သော တန်းခိုးအာဏာနှင့်ပြည့်စုံသည်ရင်း။သိရိမာစ၊မနှိုင်းရှည်အပ်သော ဘုန်းကြက်သရေနှင့်ပြည့်စုံသည်ရင်း။ ဘဝေယျံ၊ဘုရား။အနာဂတော၊၌။ ခုဝံ၊လျှင်။ဗုဒ္ဓေါ၊သည်။ဘဝါမိ၊ဘုရား။ ။

(၂၈) သဒ္ဓမ္မရံသိမာလိယော၊ ဝေနေယျကမလာကရေ။
ဝိဗောဓေသိမဟာမောဟ၊ တမံဟတွာန သဗ္ဗသော။
ဉာဏာတိသယဗိမ္ဗန္တံ၊ ဝိသုဒ္ဓကရုဏာရုဏံ။
နမာမိ နိရုပက္ကေသံ၊ ဗုဒ္ဓါဒိစ္စံ မဟောဒယံ။
ဇောတေန္တမေပုညေနစ၊ ရုဝံ ဗုဒ္ဓေါ ဘဂဝါ မဟံ။ ။

သဒ္ဓမ္မရံသိမာလိ၊ ရာထောင်မကသော သူတော်ကောင်းတရားတည်းဟူသော အလွန်ဧးမြမ္ဘေးကြိုင်သော ရောင်ခြည်တော်လျှပ်ပန်းကိုဆောင်တော်မူလေ့ရှိထသော။ ယေါဗုဒ္ဓေဒိစ္စော၊ အကြင်ဘုရားတည်းဟူသော နေမင်းသည်။ မဟာမောဟတမံ၊ အလွန်ကြီးစွာသော မောဟအဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို။ သဗ္ဗသော၊ အကြွင်းအကျန်မရှိသော်အားဖြင့်။ ဟတွာန၊ မဂ်ဉာဏ်လေးပါးဖြင့် ပယ်ရှား ဖျက်ဆီးတော်မူပြီး၍။ ဝေနေယျကမလာကရေ၊ ကျွတ်ထိုက်ကုန်သော ဝေနေယျာသတ္တဝါကြာအပေါင်းတို့ကို။ ဝိဗောဓေသိ၊ လေးထွေသစ္စာ၊ ငါးဖြာဉေယျ၊ မြတ်ဓမ္မကို၊ ဆုံးဆတိုင်စွာ၊ သိမြင်စေသောအားဖြင့်၊ ပွင့်လင်းခြင်းသို့ ရောက် စေတော် မူလေပြီ။ ဉာဏာ တိသ ယ ဗိမ္ဗန္တံ၊ ကောင်းကင်စကြာဝဠာမြေပြင်မဆံ့။ အလွန်ပျံ့နှံ့သော သဗ္ဗညုတ ရွှေဉာဏ်တော်တည်းဟူသော အရောင် အဝန်း ရှိတော်မူထသော။ ဝိသုဒ္ဓကရုဏာရုဏံ၊ ညစ်ညူးလိမ်းကျံ ပူပန်နှိပ်စက်တတ်သော ကိလေသာအညစ်အကြေးတို့မှ အလွန်စင်ကြယ်သော်တက်သစ်သော်အလွန်ဧးမြမ္ဘေးကြိုင်သော်မဟာကရုဏာတည်းဟူသော အရုဏ်ရှိတော် မူထသော။ နိရုပက္ကေသံ၊ တထောင်ငါးရာကိလေသာအညစ်အကြေးတို့မှအလွန်ကင်းဝေးသန့်စင်ခြင်းသို့ရောက်တော်မူပြီးထသော။ မဟောဒယံ၊ မဟာသမုဒြာလေးစင်းရေမျှအလွန်ဧးမြသော်မေတ္တာရေစင်ရှိတော်မူထသော။ တံဗုဒ္ဓါဒိစ္စံ၊ ထိုဘုရားတည်းဟူသော ရှင်နေမင်းကို။ အဟံ၊ သည်။ နမာမိ၊ အလွန်ကြည်ညိုသဒ္ဓါ၊ ရှိသေလေးမြတ်စွာ ရှိခိုးချီးမွမ်းပါ၏။ အရှင်ဘုရား။ ဇောတေန္တမေပုညေနစ၊ ကြောင့်

လည်း။သောဟံ၊သည်။ဘဝေဘဝေ၊တိုင်း။သဒ္ဓမ္မရံသိမာလိစ၊ အလွန်ဧးမြ မွှေးကြိုင်သော သူတော်ကောင်း တရားတည်း ဟူသော ရောင်ခြည်လျှပ်ပန်းကိုပန်ဆင်နိုင်သည်ဝင်း။ မဟာမော ဟတမပိဒ္ဓံသကောစ၊မောဟအဝိဇ္ဇာကြီးစွာသော အမိုက်ကို သမထဝိပဿနာ ဉာဏ်ပညာလက်နက်ဖြင့်ပယ်ဖျက်နိုင်သည် ဝင်း။ဉာဏာတိသယဗိမ္ဗောစ၊လွန်ကဲပြန့်ပြောသောဉာဏ်ပညာ အရောင်နှင့်ပြည့်စုံသည်ဝင်း။ဝိသုဒ္ဓကရုဏာရုဏောစ၊ အထူး ထူး အပြားပြားသတ္တဝါတို့အား သနားတတ်သော တက်သစ် သောစင်ကြယ်သော ကရုဏာ အရုဏ်ရှိသည်ဝင်း။ နိရုပက္ကိလေ သောစ၊အပါယ်လားကြောင်း မကောင်းမှု ကိလေသာတို့မှ အ လွန်ကင်းဝေးသည်ဝင်း။ မဟောဒယောစ၊ အလွန် ဧးမြသော မေတ္တာရေစင်နှင့် ပြည့်စုံသည်ဝင်း။ ဘဝေယျံ၊ ဘုရား။အနာဂ တေ၊၌။ရဝံ၊လျှင်။ဗုဒ္ဓေါ၊သည်။ဘဝါမိ၊ဘုရား။ ။

(၂၉) မဟာသတ္တုဏ္ဏဝိတ္ထိဏ္ဏာ၊သောဂတောဂဏ္ဍကာရကော။

သဗ္ဗေတေစရိယာဝန္ဒေ၊သပရတ္ထသုကောဝိဒေ။

ဧတေနမေပုညေနစ၊ရဝံဗုဒ္ဓေါဘဝါမဟံ။ ။

မဟာသတ္တုဏ္ဏဝိတ္ထိဏ္ဏော၊တရားဓမ္မ၊ လေးမြတ်ကြသော၊နတ် လူဗြဟ္မာ၊အရိယာတို့၊သုံးဖြာကိုယ်နှုတ်၊ ကျင့်သုံးစံပျော်၊ မွှေ လျော်လွန်ဖြိုး၊ရိုးဃင်းလေးလဆုံး၊ တန်ဆောင်မုန်းဝယ်၊အံ့ဘွယ် လွန်စိ၊ပဏ္ဏရသိ၊တိဒိရက်စေ့၊လပြည့်နေ့ဝယ်၊ဝိန်ကြယ်ပန်းကုံး စိကုံးသဘွယ်၊လွန်ဝယ်ဆန်းပြား၊အဇ္ဇဋ္ဌာကါသ၊ကောင်းကင် ဝသို့၊နက်စွာလွှမ်းခြုံ၊နည်းနာစုံလင်၊ လွန်လျှင်ဆန်းပုံ၊ အံ့မကုန် သော၊သဗ္ဗညုတဉ္ဉာဏ်တော်သါကွန့်မြူးရာဖြစ်၍ကြီးကျယ် ဖွံ့ဖြိုး၊အကျိုးများမြတ်၊ပုဇော်အပ်သော ပိဋကတ် သုံးပုံအဋ္ဌက ထာ၊ သံဝဏ္ဏနာဋီကာကျမ်းတည်းဟူသော မဟာသမုဒ္ဒြာသို့ ဉာဏ်ပညာတည်းဟူသော ကြီးစွာသော လှေသင်္ဘောဖြင့်ကူး သွားတော်မူနိုင်ကုန်သော။ သောဂတော၊ကောင်းမြတ် ရေးရာ၊ မြတ်စကားကိုသာ ကောင်းစွာဆိုတော် မူပေတတ်ကုန်သော။

ဂန္ထကာရကော၊ ပါဠိအဋ္ဌကထာဋီကာစသော ကျမ်းဂန်အထူး
တို့ကိုပြုစီရင်တော်မူတတ်ကုန်သော။ သပရတ္ထသုကောဝိဒေ၊မိ
မိအကျိုးစီးပွါး သူတပါးတို့၏ အကျိုးစီးပွါးတို့၌ အလွန် လိမ္မာ
တော်မူကုန်သော။သဗ္ဗေ၊ခပ်သိမ်းဥဿုံအလုံးစုံကုန်သော။ ဧ
တေအာစရိယေ၊ဘုရားသဗ္ဗညုအစရှိသော ထိုထိုကျမ်းပြုဆရာ
တော်မြတ်တို့ကို။ အဟံ၊သည်။ ဝန္ဒေ ဝန္ဒာမိ၊ ဘုရား။ဧတေနမေ
ပုညေနစ၊အကျွန်ုပ်၏အတိုင်းမသိသော ကျမ်းပြုဆရာမြတ်တို့၏
ဂုဏ်ကျေးဇူးတော်မြတ် အပေါင်းကို ဟုတ်တိုင်းမှန်စွာ ရှိသေ
မြတ်နိုး ရှိခိုးချီးမွမ်းရပါသော ဤကောင်းမှုကုသိုလ်ထူးကြောင့်
လည်း။သောဟံ၊သည်။ဘဝေဘဝေ၊ တိုင်း။မဟာသတ္ထညာဏဝိတ္ထိ
ဏ္ဏောစ၊ကြီးမြတ်သောသုံးပုံပိဋကတ်၊ စသည်မလတ်၊ ကျမ်း
မြတ်အဏ္ဏဝါ၊ မဟာသမုဒ္ဒရာ၌ ဉာဏ်ပညာ သင်္ဘောဖြင့် ကူး
မြောက်နိုင်သည်ရင်း။ သောဂန္ထတောစ၊ ကျမ်းဂန်နှင့်စပ်၊စကား
မြတ်ကိုကောင်းစွာပြောဆိုတတ်သည်ရင်း။ ဂန္ထကာရကောစ၊
ကျမ်းဂန်ကိုပြုစွမ်းနိုင်သည်ရင်း။ သပရတ္ထသုကောဝိဒေါစ၊မိမိ
သူတပါးအကျိုးစီးပွါးတို့၌အလွန်လိမ္မာသည်ရင်း။ ဘဝေယျံ၊
ဘုရား။အနာဂတေ၊၌။ရဝံ၊လျှင်။ဇုဋ္ဌော၊သည်။ဘဝါမိ၊ဘုရား။

(၃၀) ဥဏ္ဏံဥဏ္ဏံနဝါဥဏ္ဏံ၊ယသဿယသဿမဟေသိနော။
ဂတံဂတံဂတံဝါန၊တံတံတံတံဘိဝန္ဒိယ။
ဧတေနမေပုညေနစ၊ရဝံဇုဋ္ဌောဘဝါမဟံ။ ။

မဟေသိနော၊များမြတ်ကုန်သောသီလက္ခန္ဓစသည်ကျေးဇူး
ဂုဏ်အထူးကို ဆည်းပူးရှာမှီးလေ့ကျက်တော်မူပြီးသော။ ယ
သဿယါဒိသဿ၊အကြင်ဝိပဿီသိခီစသောရှေးရှေးသောဘုရား
ရှင်တို့နှင့်သာ၊ ပမာရည်တူ ထိုက်တော် မူသည်ဖြစ်၍၊ ရှုအပ်
သောအကြင်သသူလည်းဖြစ်တော်မူသော။ယသဿသမ္မာသမ္ဗုဒ္ဓ
ဿ၊အကြင်လေးဆူဝ်ဆင့်၊ ပွင့်ခြင်းသို့ရောက်တော်မူသောဂေါ
တမဘုရားရှင်အား။ဥဏ္ဏံ၊ရှေးရှေးသောအတိုင်းမသိသောပါရ
မီဉာဏ်တော်အပေါင်းသည်ရင်း။ ဥဏ္ဏံ၊ နောက်နေခံသောအ

တိုင်းမသိသော ဒသဗလစသော ဉာဏ်တော် အပေါင်းသည် ၎င်း။နဝါဉာဏံနဝဉာဏံ၊အသစ်အသစ်သိမြင်တတ်သော၊ဒေသနာဉာဏ်အစရှိသော အတိုင်းမသိသော ဉာဏ်တော်အပေါင်းသည်၎င်း။အဓိဂ္ဂိ၊ရှိတော်မူ၏။ဗဟုနည်းကား။ဉာဏံဉာဏံနဝါဉာဏံ၊စက္ခုဝါပတ်ကုံး၊အဆုံးမရှိသောခေတ်သုံးဖြာတို့၌ နေထိုင်ကြကုန်သောအဆုံးမရှိသောပြကတေ့သောသတ္တဝါတို့ဉာဏ်၊ထိုဉာဏ်ထက်လွန်ကဲသောပြကတေ့သောသာဝကတို့ဉာဏ်၊ထိုဉာဏ်ထက်လွန်ကဲသောမဟာသာဝကတို့ဉာဏ်၊ထိုဉာဏ်ထက်လွန်ကဲသောအဂ္ဂသာဝကတို့ဉာဏ်၊ ထိုဉာဏ်ထက်လွန်ကဲသောပစ္စေကဗုဒ္ဓါဘုရားရှင်တို့ဉါဏ်၊ထိုဉာဏ်အပေါင်းတို့ထက်ဆတက်သန်း၊မရေတွက်နိုင်သောအသာဓာရဏ သဗ္ဗညုတဉ္ဉဉာဏ်တော်ဖြစ်သည်။အဓိဂ္ဂိ၊ရှိတော်မူ၏။ ဂတံဂတံ၊သိသင့်သိထိုက်မြင်သင့်မြင်ထိုက်ရသင့်ရထိုက်သော လောကီလောကုတ္တရာရတနာအမြိုက်အောင်မကိုနှ်သို့ရောက်တော်မူပြီးသော။အဝါနတံ၊တေဘူမကဝဋ္ဋဒုက္ခကိုမြှေးယှက်ရစ်ပတ်၊ပိတ်ဆို့တတ်သောဝါနမည်သော တဏှာယုတ်မှ၊ ထွက်မြောက်ရာထွက်မြောက်ကြောင်း၊ကောင်းမြတ်သောအသင်္ခတဓါတ်နိဗ္ဗါန်တရားတော်မြတ်သို့။ဂတံ၊မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် ရောက်တော် မူပြီးထသော။ တံတာဒိသံလာဘာလာဘ၊ စသည်ပြားပြောင်၊လောကဓံရှစ်ပါးတို့ကြောင့်ဘောက်ပြန်မရှိ၊မြေကြီးလုပမာ၊သည်းခံတော်မူခြင်းတာဒိဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူထသော။ တံတာဒိသံ၊ထိုဝိပဿီသိခီအစရှိသောရှေးရှေးသောဘုရားရှင်တို့နှင့်သာ၊ပမာရည်တူ ထိုက်တော်မူသည်ဖြစ်၍၊ရှုအပ်သောထိုသသူလည်းဖြစ်တော်မူထသော။တံသမ္မာသမ္ဗုဒ္ဓံ၊ထိုသဗ္ဗညု ဘုရားရှင်ကို။ အဘိဝန္ဒိယအဘိဝန္ဒာမိ၊အလွန်ကြည်ညိုသဒ္ဓါ၊ရိုသေမြတ်နိုးရှိခိုးချီးမွမ်းပါ၏အရှင်ဘုရား။ဧတေနမေပုညေနစ၊ကြောင့်လည်း။ သောဟံ၊သည်။ဘဝေဘဝေ၊တိုင်း။ ဉာဏဉာဏနဝဉာဏောစ၊ရှေးရှေးသော ဉာဏ်၊

နေ့ခံနေ့ခံသောဉာဏ်၊အသစ် အသစ် သိမြင်တတ်သောဉာဏ်ပညာနှင့် ပြည့်စုံသည်၎င်း။ ဂတဂတောစ၊သိသင့်သိထိုက် မြင်သင့် မြင်ထိုက် ရသင့် ရထိုက်သော လောကီ ရတနာအမြိုက်၊ အောင်မကိုန့်နှင့်ပြည့်စုံသည်၎င်း။ ဝါနဝိရုဠှောစ၊လောကီကာမဂုဏ်ငါးပါးကိုအလွန်ရုံမက်နှစ်သက်တတ်သောအလွန်အားကြီးသောဝါနမည်သော တဏှာသုတ်မှ၊ လွတ်ကင်းဝေးသည်၎င်း။ တာဒိသော၊ လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံငြားသော်လည်း အလွန်သည်းခံခြင်း ဂုဏ်နှင့်ပြည့်စုံသည်၎င်း။ ဘဝေယျံ၊ဘုရား။ အနာဂတေ၊၌။ရဝံ၊လျှင်။ဇဋ္ဌော၊သည်။ဘဝါမိ၊ဘုရား။ ။

(၃၁) သန္တာသန္တာပိဝိယာသ၊နန္တာနန္တာဝလမ္ဗတော။
ဒယာဒယာပိတံဇဋ္ဌံ၊သုတံသုတံဘိဝန္ဒိယ။ ။

ယာသဇဋ္ဌသ၊အကြင်ဘုရားရှင်၏။ဓိ၊အလုံးစုံသောဉေယျဓံတရားငါးပါးတို့၏သဘောလက္ခဏာအပေါင်းကို နေလဝန်းအသွင်သိမြင်ခြင်းငှာ စွမ်းနိုင်သော သဗ္ဗညုတဉ္ဈေဉာဏ်တော်သည်။သန္တာ၊ပရမတ္ထသဘောဖြစ်၍ဥပါဒ်ဋ္ဌီဘင်အားဖြင့်အဆုံးရှိသည်။ သန္တာပိ၊ဖြစ်ငြားသော်လည်း။ အနန္တာဝလမ္ဗတော၊အဆုံးအပိုင်းအခြားမရှိသောဉေယျဓံ တရားငါးပါးလျှင် အာရုံရှိသည်၏အဖြစ်ကြောင့်။အနန္တာ၊အဆုံးအပိုင်းအခြားရှိတော်မမူ။ဒယာဒယာပိ၊အလွန်ကြီးမြတ်သော မဟာကရုဏာတော်သည်လည်း။သန္တာ၊ပရမတ္ထသဘောဖြစ်၍ ဥပါဒ် ဋ္ဌီဘင်အားဖြင့် အဆုံးအပိုင်းအခြားရှိသည်။သန္တာပိ၊ဖြစ်ငြားသော်လည်း။အနန္တာဝလမ္ဗတော၊အဆုံးအပိုင်းအခြားမရှိသော ဒုက္ခိတသတ္တဝါဝေနေယျာလျှင်အာရုံရှိတော်မူသည်၏အဖြစ်ကြောင့်။အနန္တာ၊အဆုံးအပိုင်းအခြားရှိတော်မမူ။သုတံ၊ဇာတိအာဏာ၊ဝိသယာဟု၊သုံးဖြာခေတ်လုံး၊ အဆုံးမရှိ၊ ပျံ့နှံ့ ကျော်စောခြင်း သတင်းဂုဏ်ကျေးဇူးတော်ရှိတော်မူထသော။ အသုတံ၊တထောင့်ငါးရာ၊ကိလေသာမိုယ်း၊ရွာပြိုးခြင်းလည်းမရှိထသော။ တံဇဋ္ဌံ၊ ထိုမြတ်

စွာဘုရားရှင်ကို။အဟံ၊သည်။ အဘိဝန္ဒိယာ၊အဘိဝန္ဒာမိ၊အလွန်ကြည်ညိုသဒ္ဓါ၊ရှိသေမြတ်နိုး၊ရှိခိုးပူဇော်၊ဖူးမြော်မါန်လျှော့၊ကန်တော့ချီးမွမ်းပါ၏အရှင်ဘုရား။ ။

(၃၂) ယဿဗုဒ္ဓဿယံဓမ္မံ၊ ယောသံဃော ယောဂတောဂ
တော။သုဒုလ္လဘောနမာမိတော၊ကပ္ပကောဋိသယေမပိ။ ။

ယဿဗုဒ္ဓဿ၊အကြင်လေးဆူငုံဆင့်ပွင့်ခြင်းသို့ ရောက်တော်မူသောဂေါတမမည်ကျော်ကိုယ်တော်ဘုရားရှင်အား။ ယံဓမ္မံ၊အကြင် ဆယ်ပါးသော တရားတော်မြတ် သည်ရှင်း။ ယောဂတောဂတော၊ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဟုဆိုအပ်သော တေဘူမကသံသရာဝဋ်ဆင်းရဲ၌ သတ္တဝါ အပေါင်းတို့ကိုမြဲမြံစွာချည်နှောင်ဘွဲ့စည်း ချုပ်တည်း တတ်သောကာမတဏှာ၊မိစ္ဆာဒိဋ္ဌိမောဟာအဝိဇ္ဇာတည်းဟူသော၊ ကာမယောဂ၊ဘဝယောဂ၊ဒိဋ္ဌိယောဂအဝိဇ္ဇာယောဂလေးဖြာကုန်ခြင်းသို့ ရောက်တော်မူပြီးသော။ ယောသံဃောစ၊ အကြင်ရှစ်ယောက်သောအရိယာ သံဃာတော်မြတ်သည်ရှင်း။ အတ္ထိ၊ထင်ရှားရှိတော်မူ၏။ကပ္ပကောဋိသယေမပိ၊ကပ်ကမ္ဘာကုဋေလွန်လေ ငြားသော်လည်း။ သုဒုလ္လဘော၊အလွန်ကာရ ရနိုင်ခဲလှစွာကုန်သော။ တေဗုဒ္ဓဓမ္မသံဃေ၊ ထိုအတိုင်းမသိသော ဂုဏ်ကျေးဇူးတော်မြတ်အပေါင်းတို့နှင့်ပြည့်စုံတော်မူကုန်သောထိုဘုရားတရားသံဃာရတနာမြတ်သုံးပါးတို့ကို။အဟံ၊သည်။ နမာမိ၊အလွန်ယုံကြည်ကြည်ညိုစွာရိုသေမြတ်နိုးရှိခိုးပူဇော်ဖူးမြော်မါန်လျှော့ကန်တော့ချီးမွမ်းပါ၏အရှင်ဘုရား။ ။

(၃၃) ဝိသုဒ္ဓသဒ္ဓမ္မသ ဟဿဒိဓိတိံ၊ သုဗုဒ္ဓသမ္ဗောဓိယုဂန္ဓ
ရောဒိတံ။ တိဗုဒ္ဓခေတ္တေကဒိဝါကရံဇိနံ၊သဓမ္မသံဃံ
သိရသာဘိနမာမိ။ ။

ဝိသုဒ္ဓသဒ္ဓမ္မသဟဿဒိဓိတိံ၊ညစ်ညူးလိမ်းကျံပူပန်နှိပ်စက်တတ်ကုန်သောတထောင့်ငါးရာကိလေသာ အညစ်အကြေးတို့မှအထူးထူးသောမဂ်တို့ဖြင့် ဆေးလျှော်အပ်သည်ဖြစ်၍အထူး

ထူးအပြားပြား အထူးအားဖြင့် စင်ကြယ်သောအထောင်မက
သော သူတော်ကောင်း တရားတည်းဟူသော တခဲနက်သော
ရောင်ခြည်တော်ကိုဆောင်တော်မူပြီးထသော။သုဗုဒ္ဓသမ္ဗောဓိ
ယုဂန္ဓရောဒိတံ၊ ကောင်းစွာ သိအပ် သော ဉေယျဓံ တရားအ
ပေါင်းကိုကောင်းစွာသိတတ်သော သဗ္ဗညုတ ဉာဏ်တော်
တည်းဟူသော ယုဂန္ဓိုရ်တောင်ထိပ်သို့တက်တော်မူပြီးထသော။
တိဗုဒ္ဓခေတ္တေကဒိဝါကရံ၊ ဇာတိအာဏာ၊ ဝိသယာဟု၊သုံးပြား
သောဘုရားခေတ်၌ ပြိုင်ဘက်ကင်းသူ တဆူနေမင်းသာ ဖြစ်
တော်မူထသော။တံဇိနံ၊ထိုသဗ္ဗညုဘုရားရှင်ကို။ အဟံ၊သည်။
သဓမ္မသံဃံ၊ ခြောက်ဂုဏ် သင်းဖြာ၊ ကိုးဖြာနဝ၊ ထေရ်ဂုဏ
ကြောင့်၊မြတ်မွန်လှစွာ၊ဆယ်ဖြာတရား၊ရှစ်ပါးသံဃာ၊အရိယာ
နှင့်တကွ။အဘိနမာမိ၊ အလွန်ရှိသေမြတ်နိုးရှိခိုးပူဇော်၊ ဖူးမြော်
မာန်လျော့ကန်တော့ချီးမွမ်းပါ၏အရှင်ဘုရား။ ။

(၃၄) ပုညေနေတေန သောဟံ၊နိပုဏမတိသတော၊သမ္ဗရာ
ယေစတိတ္တော။ ဒုက္ခာဒိမ္ဟုတ္တ ပညော၊ အဝိကလဝိရိ
ယော၊ဘောဂဝါ သံဝိဘာဂီ။တိက္ခာသူရောဓိတတ္တော၊
သပရဟိတစရော၊ ဒီဃဇီဝီအရောဂေါ။ဓညောဝဏ္ဏော
ယသသဿီ၊အတိဗလဝဓရော၊ကိတ္တိမာခန္တိပေတော။ ။
သဒ္ဓေါဒါတဂ်ုပေတော၊ ပရမသိရိဒယော၊ ဒိဗ္ဗဓမ္မဝိ
ရတ္တော။လဒ္ဓိကလျာဏမိတ္တော၊အဘိရတကုသလော၊
ပဉ္စသီလာဘိရက္ခော။ အပ္ပိစ္ဆောအပ္ပကောဓော၊အတိရု
ဇုဟာဒယော၊ဆုဒ္ဓိမာအပ္ပမေယျော။ ပါသံသောပေမဝါ
စော၊သုဇနဂုဏဝိဒူ၊မာမကောသောဘဝေယျံ။ ။
အနာဂတေ့ရုပံစေဝ၊ဗုဒ္ဓေါစာပိဘဝေယျဟံ။ ။

(၃၅) ဧတေနမေပုညေနစ၊ အကျွန်ုပ်၏ ထိုထို အတိုင်းမသိ
သောရတနာသုံးပါး ဂုဏ်ကျေးဇူးတော်မြတ် အပေါင်းတို့ကို
ဟုတ်တိုင်းမှန်စွာ၊ အလွန်ကြည်ညို ရိုသေလေးမြတ်ရှိခိုးချီးမွမ်း
အပ်သော၍ကုသိုလ်ကောင်းမှုအထူးကြောင့်လည်း။ သောဟံ၊

ထိုအကျွန်ုပ်သည်။သမ္ပရာယော၊တမလွန်ဘဝအဆက်ဆက်၌၎င်း။ ဒိဋ္ဌဓမ္မော၊မျက်မှောက်သောကိုယ်၏အဖြစ်၌၎င်း။ နိပုဏမတိ၊သိမ်မွေ့နက်နဲသော ဉာဏ်ပညာနှင့်ပြည့်စုံသည်၎င်း။ သတော၊ ရှည်ကြာမြင့်စွာပြုအပ်သောအမှုခပ်သိမ်းကိုလျင်မြန်စွာအောက်မေ့သိစွမ်းနိုင်သော ပညာပြဋ္ဌာန်းသောသမာသတိတရားနှင့်ပြည့်စုံသည်၎င်း။ တိက္ခော၊ ဘုန်းကံအားလျော်စွာရအပ်သောစည်းစိမ်၌သာရောင့်ရဲနိုင်သည်၎င်း။ဒက္ခော၊ထိုထိုအရာ၌လိမ္မာသည်၎င်း။ဥဇ္ဇုပညော၊အလွန်ဖြောင့်မတ်သောအယူပညာနှင့်ပြည့်စုံသည်၎င်း။ အဝိကလဝိရိယော၊ မချို့တဲ့သောလုံ့လရှိသည်၎င်း။ ဘောဂဝါ၊တလောကဓာတ်လုံးပေးကမ်း၍မကုန်နိုင်သော စည်းစိမ်ဥစ္စာနှင့်ပြည့်စုံသည်၎င်း။သံဝိဘာဂီ၊ထိုဥစ္စာစည်းစိမ်ကိုခွဲခြမ်းစိတ်ဖြာ၍ ပေးကမ်းလှူဒါန်းနိုင်သည်၎င်း။တိက္ခော၊ပရိသတ်ဗိုလ်ပါအလယ်၌အလွန်ထက်သည်၎င်း။ သူရော၊ဗိုလ်ပါပရိသတ်အလယ်၌ ကေသရာဇာခြင်္သေ့မင်းကဲ့သို့အလွန်ရဲရင့်သည်၎င်း။ဓိတဗ္ဗော၊ကျောက်တောင်ပမာ လွန်စွာတည်ကြည်သော သမာဓိတရားနှင့်ပြည့်စုံသည်၎င်း။သပရဟိတစရော၊မိမိသူတပါးကောင်းကျိုးစီးပွါးကိုလွန်စွာကျင့်နိုင်သည်၎င်း။ ဒီဃဇီဝီ၊ အလွန် ရှည်ကြာစွာတည်သောအသက်ရှိသည်၎င်း။ အရောဂေါ၊ ကိုးဆဲ့ခြောက်ဖြာအနာမရှိသည်၎င်း။ ဓညော၊တလောကဓာတ်လုံး မခံမရပ်နိုင်သောဘုန်းနှင့်ပြည့်စုံသည်၎င်း။ ဝဏ္ဏဝါ၊ အလွန်ကြည်ညိုဘွယ်ရှိသော ရွှေအဆင်းနှင့်ပြည့်စုံသည်၎င်း။ ယသဿီ၊အလွန်ကြည်ညိုဘွယ်ရှိသော အခြံအရံပရိသတ်နှင့် ပြည့်စုံသည်၎င်း။ အတိဗလဝဓရော၊ အလွန်ကြီးမြတ်သော ခွန်အားကိုဆောင်နိုင်သည်၎င်း။ ကိတ္တိမာ၊ ကောင်းမြတ်မွှေးကြိုင်သောကျော်စောသတင်းရှိသည်၎င်း။ခန္တုပေတော၊မြေကြီးအထုနှင့်တူစွာသည်းခံခြင်းဂုဏ်နှင့်ပြည့်စုံသည်၎င်း။ သဒ္ဓေါ၊ကုသိုလ်ကံ အကုသိုလ်ကံ၊ ၎င်းကံတို့၏အကျိုးကို၎င်း၊ ရတနာသုံးပါး

ဂုဏ်ကျေးဇူးကိုရင်း ကြည်ညိုယုံကြည်သော သဒ္ဓါနှင့် ပြည့်စုံသည်ဖြင်း။ ဒါတင်္ဂပြေတော၊တလောကခတ်လုံးပေးကမ်း၍ မကုန်သော အသင့်အတင့်ပေးလှူအပ်သော လှူဘွယ်ဝတ္ထုနှင့် ပြည့်စုံသည်ဖြင်း။ပရမသီရိစ၊လွန်ကဲထူးမြတ်သောဘုန်းကြက် သရေနှင့် ပြည့်စုံသည်ဖြင်း။ဒယောစ၊ထိုထိုသတ္တဝါကို လွန်စွာ သနားတတ်သောကရုဏာနှင့်ပြည့်စုံသည်ဖြင်း။ ဝီရစ္ဆောစ၊ကိ လေသာအာရုံကာမဂုဏ်တို့၌တပ်မက်ခြင်းကင်းသည်ဖြင်း။လဇ္ဇီ စ၊အပါယ်ထါးကြောင်းမကောင်းမှုဟူသမျှကိုအလွန်စက်ဆုပ် ရွံရှာ ကြောံထိတ်လန့်တတ်သော ဟိရိဩတ္တပ္ပတည်းဟူသော သူတော်ကောင်း တရားနှင့်လွန်စွာပြည့်စုံသည်ဖြင်း။ကလျာဏ မိတ္တောစ၊မကောင်းမှုကိုမြစ်တား၊ ကောင်းမြတ်သောတရားကို တိုက်တွန်းတတ်သော အဆွေခင်ပွန်းနှင့် ပေါင်းဘော်ရသည် ဖြင်း။ ကုသလာဘိရတောစ၊ ကောင်းမြတ်သောဘုန်းကြက်သ ရေ ဉာဏ်ပညာချမ်းသာအပေါင်းကိုရလွယ်သောအကြောင်း ကောင်းမြတ်သော ပုညကြိယာမြတ်ကုသိုလ်ဆယ်ပါး၌လွန်စွာ မွေ့လျော်နိုင်သည်ဖြင်း။ ပဓ္ဗသီလာဘိရက္ခောစ၊ ဂုရုဓမ္မငါးပါး သီလ ကျင့်ဝတ်တရားတော်မြတ်ကိုလွန်စွာစောင့်ရှောံနိုင်သည် ဖြင်း။အပ္ပိစ္ဆောစ၊နည်းပါးသောအလိုရှိသည်ဖြင်း၊အပ္ပကော်ခေါ စ၊အမျက်ထွက်ခြင်းနည်းပါးသည်ဖြင်း။ အတိဝုဇုဟာဒယောစ၊ အလွန်ဖြောင့်မတ်သောစိတ်နှလုံးရှိသည်ဖြင်း။ဇူဠဋ္ဌိမါစ၊တလော ကခတ်လုံး မခံမရပ်နိုင်သောတန်းခိုးမြတ်အပေါင်းနှင့် ပြည့်စုံ သည်ဖြင်း။ အပ္ပမေယျောစ၊ မနှိုင်းရှဉ်အပ်သောဂုဏ်ကျေးဇူး နှင့်ပြည့်စုံသည်ဖြင်း။ ပါသံသောစ၊သူတော်ကောင်းတို့ ချီးမွမ်း ထိုက်သောဂုဏ်နှင့်ပြည့်စုံသည်ဖြင်း။ပေမဝါစောစ၊သူခပ်သိမ်း တို့အား ချစ်နှစ်သက်ဘွယ်ရှိသောစကားမြတ်ကိုသာ ပြောဆို တတ်သည်ဖြင်း။ သုဇနဂုဏဝိဒူစ၊ ပညာရှိအပေါင်း သူတော် ကောင်းတို့၏ဂုဏ်ကျေးဇူးကိုသိစွမ်းနိုင်သည်ဖြင်း။ မာမကော စ၊ ရတနာသုံးပါးသူတော်မြတ်အများကို လွန်စွာမြတ်နိုးတတ်

သဥ်ဂုင်း။လောကိသဃရောစ၊သောင်းမဏ္ဍလိပ်၊ဇမ္ဗူဒိပ်လက်ျာတောင်ကျွန်း၊လူအဇှန်းကို၊ယွမ်းမိုးနှိမ့်ချိုး။ အစိုးရသောသာသာသနာတော်ပြု၊ ပါရမီတော်ဖြည့်၊ ဘုန်းကြီးရှင်ဖြစ် မင်းဇေကရာဇ်သည်ဂုင်း။ဇေကန္တေန၊မချွတ်မလွဲအမြဲအားဖြင့်။ဘဝေယျံ၊ဖြစ်ရပါလို၏အရှင်ဘုရား။အနာဂတေ၊အဆုံးစွန်ကျနောက်ကာလ၌။အဟံ၊သည်။ ဓုဝံစေဝ၊မချွတ် မလွဲအမြဲသာလျှင်။ ဗုဒ္ဓေါ စာပိ၊ပညာဓိကဘုရားသည်လည်း။ဘဝေယျံ၊ဖြစ်ရပါလို၏ဘုရား။ ။

(ရှေ့ကအနက်ပေးခဲ့သည့်အတိုင်းကြိုက်နှစ်သက်ရာဆုပတ္ထနာကိုဆိုယူတောင်းကြလေ။ ။ဇေတနမေပုညေနစဟု-ပါသောစသဒ္ဒါဖြင့်လည်းဂါထာတို့တွင်မပါသောပုဒ်ပါဌ်များကိုဆည်းယူ၍အနက်ပေးလိုက်သည်မှတ်ကြလေ)။ ။

(၃၆) ဗုဒ္ဓေါပိဗုဒ္ဓဿ ဘဏေယျဝဏ္ဏံ၊ ကပ္ပံပိစေ အညမ
ဘာသမာနော။ ကပ္ပေါ ခီယေထ စိရဒီဃ မန္တရေ၊
ဝဏ္ဏောနခီယေထတထာဂတဿ။ ။

ဗုဒ္ဓေါပိ၊တဆူသောသဗ္ဗညုဘုရားရှင်သော်လည်း။ အညံ၊ဘုရား့ဂုဏ်ကျေးဇူးတော်မှ တပါးသော တရား စကားတော်ကို။အဘာသမာနော၊မဟော့မဆိုမူ၍။ဗုဒ္ဓဿ၊တဆူသော ဘုရားရှင်၏။ဝဏ္ဏံ၊ဂုဏ်ကျေးဇူးတော်မြတ်ကို။ကပ္ပံပိ၊ဝိဝဋ္ဋဋ္ဌာယိကပ္ပာအသင်္ချေကာလပတ်လုံးသော်လည်း။စေဘဏေယျ၊အကယ်၍ပင်နည်းနာဝုံလျှင် ပုံပြင်ထွေပြား ဟောခဲ့ငြားအံ့။ တထာပိ၊ထိုသို့တမင်ဟောလင့်ကစားဟောလေငြားသော်လည်း။ စိရဒီဃမန္တရေ၊အလွန်ရှည်ကြာ၍ကာလကုန်ခန်းလတ်သည်ရှိသော်။ကပ္ပေါ၊အာယုကပ်အသင်္ချေယျကပ်သည်။ ခီယေထ၊ကုန်လေရာ၏။တထာဂတဿ၊တဆူသောသဗ္ဗညုဘုရားရှင်၏။ဝဏ္ဏော၊ဂုဏ်ကျေးဇူးတော်မြတ်သည်။နခီယေထ၊မကုန်နိုင်ရာ။ ။

(၃၇) ဗုဒ္ဓေါဗုဒ္ဓေါတိကိတ္တယန္တဿ၊ ကာယေဘဝတိယာပီတိ
တိ။ဝရမေဝဟိသာပီတိ၊ကသိဏေနာပိဇမ္ဗုဒိပဿ။ ။

ဗုဒ္ဓေါဗုဒ္ဓေါတိ၊ဘုရားဘုရားဟူ၍ ကြွေးကြော်သော အသံ

ကို။ကိစ္စာယန္တသာ၊ကြားရသောသူ၏။ ကာယော၊ကိုယ်၌။ ယာဝိတိ၊အကြင်နှစ်သက် ဝမ်းမြောက်ခြင်း ပီတိတရားသည်။ ဘဝတိ၊၏။ သာပီတိ၊ထိုဘုရားဘုရားဟူ၍ကြွေးကြော်သံကို ကြားသောသူ၏ကိုယ်၌နှစ်သက် ဝမ်းမြောက်ခြင်းဖြစ်သော ပီတိတရားသည်။ ကသိဏာနာပိစဇမ္ဗုဒ္ဒီပဿ၊သောင်းမဏ္ဍလိပ်ဇမ္ဗူဒိပ်လကျာတောင်ကျွန်းအားလုံးကို အစိုးရသော မင်းဧကရာဇ်အဖြစ် ထက်လည်း။ ဝရမေဝဟိ၊ အတိုင်းထက် အလွန် မြတ်သောအကျိုးရှိသည်သာလျှင်တည်း။ ။

(၃၈) ဖေံအစိန္တေယျာဗုဒ္ဓါ၊ဗုဒ္ဓဓမ္မါအစိန္တိယျာ။အစိန္တိယေျ ပသန္နာနံ၊ဝိပါကောဟောတိအစိန္တိယျော။ ။

ဗုဒ္ဓါ၊သဗ္ဗညုဘုရားရှင်တို့သည်။ ဖေံအစိန္တေယျာ၊ဤသို့ ဤ ရွေ့မျှရှိကုန်၏ဟူ၍အံ့သြချီးမွမ်း၍မကုန်၊ မကြံစည်နိုင်ကုန်သေ၊ ဂုဏ်ကျေးဇူးတော်မြတ်တို့နှင့်ပြည့်စုံတော်မူကုန်၏။ ဗုဒ္ဓဓမ္မာ၊ သဗ္ဗညုဘုရားဟောကြားအပ်သောတရားတော်မြတ်တို့သည်။ အစိန္တိယျာ၊ အံ့သြချီးမွမ်း၍မကုန်၊မကြံစည်နိုင်သောဂုဏ်တော်ရှိကုန်၏။အစိန္တိယေျ၊အံ့သြချီးမွမ်း၍မကုန်၊မကြံစည်နိုင်သေ၊ဘုရားတရားဂုဏ်ကျေးဇူးတော်မြတ်အပေါင်း၌။ပသန္နါနံ၊အလွန်ကြည်ညို၊ရိုသေလေးမြတ်၊ဆည်းကပ်ကိုးကွယ်၊ပူဇော်မြတ်နိုးရှိခိုးချီးမွမ်းကြကုန်သောပုဂ္ဂိုလ်တို့အား။အစိန္တိယေျာ၊မကြံစည်နိုင်သော။ဝိပါကော၊ကောင်းကျိုးချမ်းသာဘုန်းကြက်သရေအပေါင်းသည်။ဟောတိ၊ဖြစ်ပေါ်လာ၏။ ။

(၃၉) ယေစဘိက္ခဝေဗုဒ္ဓေပသန္နာ၊အဂ္ဂေတေပသန္နာ။ အဂ္ဂေခေါပနပသန္နာနံ၊အဂ္ဂေါဝိပါကောဟောတိ။ ။

ဘိက္ခဝေ၊အလွန်ဖေးမြေ့ကြိုင်လှစွာ၊ နိဗ္ဗာန်ချမ်းသာကိုအလိုရှိကြကုန်သောပညာရှိအပေါင်းသူတော်ကောင်းတို့။ယေစ၊အကြင်အမှတ်မရှိသောသူတို့သည်ကား။ဗုဒ္ဓေစ၊သဗ္ဗညုဘုရားရှင်၌ရင်း။ဓမ္မေစ၊ဆယ်ပါးသေ၊တရားတော်မြတ်၌ရင်း။သံဃေစ၊ သမ္မုတိပရမတ်နှစ်ရပ်သောသင်္ဃာတော်မြတ် အပေါင်း၌

ဝင်း။ပသန္နာ၊ အလွန်ကြည်ညိုလေးမြတ်၊ ဆည်းကပ်မြတ်နိုး၍နိုးပူဇော်ကြကုန်၏။ တော်၊ ထိုရတနာမြတ်သုံးပါးကို ကြည်ညိုလေးမြတ်ဆည်းကပ်ကိုးကွယ်ပူဇော်ကြကုန်သောသူတို့သည်။ အဂ္ဂေ၊အထွတ်အမြတ်ဆုံးဖြစ်သောရတနာသုံးပါး၌။ ပသန္နာ၊ လှလှကြည်ညိုရသည်မည်ကုန်၏။အဂ္ဂေခေါပန၊အထွတ်အမြတ်ဆုံးဖြစ်သောရတနာသုံးပါး၌သာလျှင်။ပသန္နာနံ၊ အလွန်ကြည်ညိုလေးမြတ် ဆည်းကပ်ကိုးကွယ် မြတ်နိုး၍နိုးပူဇော် ကြကုန်သော သူအပေါင်းတို့အား။အဂ္ဂေါ၊ အတုမရှိ ထူးကဲလွန်မြတ်သော။ဝိပါကော၊ ကောင်းကျိုးချမ်းသာဘုန်းကြက်သရေ မင်္ဂလာသည်။ဟောတိ၊ဖြစ်၏။ ။

(၄၀) တေဝိဒေသပူဇယတော၊နိဗ္ဗုတေအကုတောဘယေ။
နသက္ကာပုညံသင်္ခါတုံ၊ယမေတ္တကံပိကေနစိ။ ။

တေဝိဒေသ၊ လာဘာဘာ၊ ယသာယသ၊ နိန္ဒပသံသာ၊ သုခဒုက္ခံ၊ ဤလောကဓံတရား ၈ပါးတို့နှင့် တွေ့ကြုံနှိပ်စက် ကုန်ငြားလည်း၊ မြင့်မိုရ်တောင်ပုံ၊မတုန်လှုပ်နိုင်၊ မြဲမြဲခိုင်ခန့်၊တည်တန့်နိုင်သော သည်းခံခြင်းဂုဏ်ကျေးဇူးလည်း ရှိတော်မူကုန်ထသော။ အကုတောဘယေ၊ တစိုးတစိမျှအန္တရာယ်ဘေးရန် ဗဟိဒ္ဓဘေးရန်လည်းမရှိကုန်ထသော။နိဗ္ဗုတေ၊ အနုပါဒိသေသနိဗ္ဗါနဓာတ်ဖြင့် ပရိနိဗ္ဗာန် စံတော် မူကုန်ပြီးသော ရှေးရှေးသော ဘုရားရှင်မြတ်တို့ကို။ပူဇယတော၊ ကိုယ်နှုတ်နှလုံးသုံးပါး၊ပန်းဆီမီးစသောအားဖြင့်၊ ရိုသေမြတ်နိုး၍နိုးပူဇော်ကြကုန်သောသူအပေါင်းတို့၏။ယံပုညံ။အကြင်ကုသိုလ်အစုကောင်းမှုအလျဉ်သည်။အတ္ထိ၊ရှိ၏။ တဿပုညာဘိသန္ဒဿ၊ထိုမနိုင်းရှည်အပ်မကြီးစဉ်အပ်ဂုဏ်ကျေးဇူးတော်မြတ်အပေါင်းတို့နှင့်ကောင်းစွာပြည့်စုံ၍ပရိနိဗ္ဗာန်စံကြွတော်မူကြကုန်သော ဘုရားမြတ်တို့ကို အလွန်ကြည်ညိုရိုသေလေးမြတ်ကြကုန်သည်ဖြစ်၍ကိုယ်နှုတ်နှလုံးသုံးပါးပန်းဆီမီးစသောအားဖြင့်၊ရိုသေမြတ်နိုး၍နိုးပူဇော်ကြကုန်သောသူတို့အားဖြစ်သောထိုကုသိုလ်အစုကောင်းမှုအလျဉ်

၏။ ဖလံ၊ အတိုင်းမသိသေါ ဘုန်းကြက်သရေစသေါ အကျိုးရင်း အကျိုးများကို။ တွေ့ကံပိ၊ ဤရွှေဤမျှ ရှိ၏ဟူ၍လည်း။ ကေနစိပိ၊ ဘုရားစသော တစုံတယောက်သောသူသည်လည်း။ သင်္ခါတုံ၊ ကမ္ဘာပတ်လုံးပင်ရေတွက်ခြင်းငှါလည်း၊ နသက္ကာ၊ မတတ်နိုင်၊ မရေတွက်နိုင်တော့သည်သာလျှင်တည်း။ ။

(၄၀) ကပ္ပသတသဟဿာနိ၊ ဒေဝရဇ္ဇံကရိဿတိ။ ။
သဟဿက္ခတ္တုံ ဒေဝိန္ဒော၊ ဒေဝရဇ္ဇံကရိဿတိ၊ ။
သဟဿက္ခတ္တုံ စက္ကဝတ္တိ၊ ရာဇာရဋ္ဌေဘဝိဿတိ။
ပဒေသရဇ္ဇံဝိပုလံ၊ ဂဏနာတောအသင်္ချေယျံ။
ဇုဋ္ဌပိဏ္ဍိနှ္မာဿတိယာဖလံ။ ။

ဇုဋ္ဌါနှ္မာဿတိယာဖလေန၊ အတိုင်းမသိ များမြတ်ကုန်သော ဘုရားဂုဏ်ကျေးဇူးတော်မြတ်အပေါင်းကိုလျှောက်၍ကြည်ညို ရှိသေမြတ်နိုး ရှိခိုးပူဇော်ဖူးမြော်မကွာ အောက်မေ့ပွါးများရသောမြတ်ကုသိုလ်ကောင်းမှုအစွမ်းအားကြောင့်။ ကပ္ပသတသဟဿာနိ၊ မဟာကပ်ကြီး တသိန်း တို့ပတ်လုံး။ ဒေဝရဇ္ဇံ၊ နတ်ပြည်ခြောက်ထပ်နတ်မင်းမြတ်၏အဖြစ်ကို။ ကရိဿတိ၊ ပြုရလတ္တံ့။ သဟဿက္ခတ္တုံ၊ ဘဝအကြိမ်တထောင်တိုင်အောင်။ ဒေဝိန္ဒော၊ စတုမဟာရာဇ် တာဝတိံသာနတ်ပြည်နှစ်ပါးကို အစိုးရသော သိကြားနတ်မင်းဖြစ်၍။ ဒေဝရဇ္ဇံ၊ နတ်သိကြားမင်းအဖြစ်ကို။ ကရိဿတိ၊ ပြုလရတ္တံ့။ သဟဿက္ခတ္တုံ၊ ဘဝပေါင်း အကြိမ်တထောင် တိုင်အောင်။ စက္ကဝတ္တိရာဇာ၊ လေးကျွန်းသေဋ္ဌနင်း။ စကြာဝတေမင်းမြတ်သည်။ ရဋ္ဌေ၊ လေးကျွန်းစကြာဝဠာအရပ်၌။ ဘဝိဿတိ၊ ဖြစ်ရလတ္တံ့။ ဝိပုလံ၊ အလွန်ကြီးကျယ်ပြန့်ပြော များမြတ်သော။ ပဒေသရဇ္ဇံ၊ ဧကရာဇ်ပဒေသရာဇ်မင်းမြတ်အဖြစ်ကိုမူကား။ ဂဏနာတော၊ ရာထောင်သင်္ချေဂဏန်းအရေအတွက်အားဖြင့်။ အသင်္ချေယျံ၊ မရေတွက်နိုင်အောင်ဖြစ်ရလတ္တံ့။ ဇုဋ္ဌံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ဇုဋ္ဌါနှ္မာဿတိယာ၊ သမ္မာသမ္ဗုဒ္ဓမြတ်

ဗွာဘုရားဂုဏ်ကျေးဇူးတော်မြတ်ကိုရိုသေကြည်ညိုရှိခိုးပူဇော်
အောက်မေ့ပွါးများခြင်းစသော ဗုဒ္ဓါနုဿတိကုသိုလ်ကောင်း
မှုကံတရား၏။ဖလံ၊အကျိုးပင်တည်း၊ ။

---

## နိဂုံး။

ဣတ္ထာဝတာပကာသေတိ၊ရတနတ္တယပသန္နိနံ။
ဥတ္တမတ္တာယသာဂုနံ၊ပုညပ္ဖလသုဆောကနိံ။ ။
အာဒါသံဝတံပဿန္တု၊အတိသဒ္ဓမ္မာမကာ။
တံပေက္ခိတွာနဝိညူနော၊သဒ္ဒါဝန္တန္တု၊တံဖိနံ။ ။

ဣတ္ထာဝတာ၊ဤမျှ ဤမျှရှိကုန်၏ဟု၊နှိုင်းဆ၍ မရေတွက်နိုင်ကုန်သော ရတနာသုံးပါးဂုဏ်ကျေးဇူးတော်မြတ်အပေါင်းတို့ကိုနေလဝန်းအသွင်ထင်ရှားအောင် ပြတတ်ကုန်သော လေးဆယ်သောဂါထာဤမျှလော်သော ပါဠ်ပါဠိတော်မြတ်တို့ဖြင့်။ ရတနတ္တယပသန္နာနံ၊ ဘုရားတရား သံဃာ ဤရတနာသုံးပါးမြတ်ပုလဲနှတ်ကိုအလွန်ကြည်ညိုကြကုန်သော။ ဝိညူနံ၊ပညာရှိသူတော်ကောင်းအပေါင်းတို့၏။ဥတ္တမတ္ထာယ၊ထူးကဲလွန်မြတ်သော လောကီလောကုတ္တရာ ကောင်းကျိုးချမ်းသာ အလို့ငှာ။ ပုညဖလသုဆောကနိံ၊ ကုသိုလ်ကောင်းမှု အကျိုးကို ပြခြင်းဌလိမ္မာရော လိမ္မာကြောင်း ကောင်းမြတ်သော ဂုဏ် သကတ်ကြောင့်။(ပုညဖလသူစကဆောကနိ)၊ထူးလည့်မည့်ဆန်း၊ဤစါကျမ်းကို။မယာ၊ငါသည်။ ပကာသိတံ၊ အကြွင်ကြောင့်ပြုစီရင်ထင်ရှားပြအပ်ပြီ။တသ္မာ၊ထိုကြောင့်။ ဝိသုဒ္ဓကာမကာ၊မိမိအတ္တဘောဌ်ဖြူစင်သန့်ရှင်းကြည့်လင်ခြင်းကိုအလိုရှိကုန်သောကါလသို့ကါလသါးတို့သည်။အါဒါသံ၊တကိုယ်လုံးဘော်ပြရွှေမြကြေးမုံကို။သဒ္ဒါ၊အခါခပ်သိမ်း။ပဿန္တု ဣဝ၊ပြကတေ့စကျွဖြင့်စိန်းစိန်းရှုကြည့်ကုန်ဘိသကဲ့သို့။ တထေဝ၊ထိုနည်းအတူသာလျှင်။ တံပုညဖလသူစကဆောကနိံ၊ ထို (ပုညဖလသူစကဆောကနိ)

အမည်ရှိသောကျမ်းကို။ အတိသဒ္ဓမ္မမာမကာ၊ သူတော်ကောင်း
တရားတော်မြတ်ကို အလွန်ကြည်ညို မြတ်နိုးကြကုန်သော။ ဝိ
ညူနော၊ ပညာရှိအပေါင်းသူတော်ကောင်းတို့သည်။ သဒါ၊ အခါ
ခပ်သိမ်း။ ပသန္နာ၊ ပညာစက္ခုဖြင့်ရှုကြည့်နိုင်ကြပါစေကုန်သ
တည်း။ တံ၊ ထိုပုညဖလသူစကဆောကနီ၊ ဗုဒ္ဓဂုဏပကာသနီ အ
မည်နှစ်ပါးရှိသောကျမ်းကို။ ပေက္ခိတဗ္ဗာန၊ ပညာစက္ခုဖြင့်အဘန်
တလဲလဲ ရှုကြည့်ကြကုန်သည်ဖြစ်၍။ အတိသဒ္ဓမ္မမာမကာ၊ သူ
တော်မြတ်တရားကို အလွန်ကြည်ညိုကြကုန်သော။ ဝိညူနော၊
ပညာရှိ သူတော်ကောင်းတို့သည်။ ဥတ္တမတ္ထာယ၊ လွန်ကဲထူး
မြတ်သောလောကီ လောကုတ္တရာ အကျိုးစီးပွါးအလို့ငှာ။ ဇိနံ၊
အလွန်ကြမ်းကြုတ်၊ မါရ်ငါးယုတ်ကိုအောင်ရာအောင်ကြောင်း
ဖြစ်တော်မူသော။ တံရတနတ္တယံ၊ ထိုရတနာမြတ်သုံးပါးကို။ သ
ဒါ၊ အရွယ်သုံးပါးခပ်သိမ်းသောအခါ၌။ ဝန္ဒန္တု၊ အလွန် ကြည်
ညိုရိုသေမြတ်နိုးရှိခိုးပူဇော်နိုင်ကြပါစေကုန်သတည်း။ ။

ဗုဒ္ဓဂုဏပကာသနီကျမ်း၊ ပုညဖလသူစကဆောကနီ
ကျမ်းပြီး၏။

ရန်ကုန်မြို့ ၂၅ လမ်း-စာဆိုတန်း၊ပြည်ကြီးမဏ္ဍိုင်
ပိဋက ကတ်ပုံနှိပ်တိုက်တွင်ပါဠိဆရာဦးဖြေ
ကြီးကြပ်ပြင်ဆင်ပုံရိုက်သည့်။
(စာအုပ်အတိုးနှုန်းကြော်ငြာစာ)။
☞ (ပေါင် ၅၀ စက္ကူမှာ-ဘိလတ်သားရေဖုံး)

| အဋ္ဌကထာ။ | | ကျပ် | ပဲ |
|---|---|---|---|
| ပါရာဇိကဏ်အဋ္ဌကထာပါဠိ (ပဌမအုပ်) | ဗဂ်လားဖုံး | ၄ | |
| | ဘိလတ်ဖုံး | ၆ | |
| ၎င်း.... ....(ဒုတိယအုပ်) | ဗဂ်လားဖုံး | ၄ | |
| | ဘိလတ်ဖုံး | ၆ | |
| ပါစိတျာဒိအဋ္ဌကထာပါဠိ (ပဌမအုပ်) | ဗဂ်လားဖုံး | ၄ | |
| | ဘိလတ်ဖုံး | ၆ | |
| ၎င်း.... ....(ဒုတိယအုပ်) | ဗဂ်လားဖုံး | ၄ | |
| | ဘိလတ်ဖုံး | ၆ | |
| ဘိလက္ခန်အဋ္ဌကထာပါဠိ .... | ....ဗဂ်လားဖုံး | ၅ | |
| | ဘိလတ်ဖုံး | ၇ | |
| သုတ်မဟာဝါအဋ္ဌကထာပါဠိ | ....ဗဂ်လားဖုံး | ၅ | |
| | ဘိလတ်ဖုံး | ၇ | |
| ပါထေယျအဋ္ဌကထာပါဠိ .... | ...ဗဂ်လားဖုံး | ၅ | |
| | ဘိလတ်ဖုံး | ၇ | |
| အဋ္ဌသာလိနီအဋ္ဌကထာပါဠိ.... | ....ဗဂ်လားဖုံး | ၆ | |
| | ဘိလတ်ဖုံး | ၈ | |
| သမ္မောဟဝိနောဒနီအဋ္ဌကထာပါဠိ | ....ဗဂ်လားဖုံး | ၇ | |
| | ဘိလတ်ဖုံး | ၉ | |
| ပဉ္စပကြိုဏ်အဋ္ဌကထာပါဠိ.... | ....ဗဂ်လားဖုံး | ၆ | |
| | ဘိလတ်ဖုံး | ၈ | |

# စာအုပ်အဘိုးနှုန်းကြော်ငြာစာ။

| ဋီကာ။ | | | ကျပ် | ပဲ |
|---|---|---|---|---|
| သာရတ္ထဒီပနီဋီကာပါဠိ.... | (ပဌမအုပ်) | ဗဂ်လားဖုံး | ၄ | |
| | | ဘိလတ်ဖုံး | ၆ | |
| ရင်း.... | ....(ဒုတိယအုပ်) | ဗဂ်လားဖုံး | ၄ | |
| | | ဘိလတ်ဖုံး | ၆ | |
| တေရသကဏ်ဋီကာပါဠိ.... | (ပဌမအုပ်) | ဗဂ်လားဖုံး | ၄ | |
| | | ဘိလတ်ဖုံး | ၆ | |
| ရင်း.... | ....(ဒုတိယအုပ်) | ဗဂ်လားဖုံး | ၅ | |
| | | ဘိလတ်ဖုံး | ၆ | |
| ဝိမတိဝိနောဒနီဋီကာပါဠိ.... | (ပဌမအုပ်) | ဗဂ်လားဖုံး | ၄ | |
| | | ဘိလတ်ဖုံး | ၆ | |
| ရင်း.... | ....(ဒုတိယအုပ်) | ဗဂ်လားဖုံး | ၄ | |
| | | ဘိလတ်ဖုံး | ၆ | |
| ဝဇိရဗုဒ္ဓိဋီကာပါဠိ.... | (ပဌမအုပ်) | ဗဂ်လားဖုံး | ၄ | |
| | | ဘိလတ်ဖုံး | ၆ | |
| ရင်း.... | ....(ဒုတိယအုပ်) | ဗဂ်လားဖုံး | ၄ | |
| | | ဘိလတ်ဖုံး | ၆ | |
| သီလက္ခန်ဋီကာဟောင်းပါဠိ.... | | ....ဗဂ်လားဖုံး | ၅ | |
| | | ဘိလတ်ဖုံး | ၇ | |
| သီလက္ခန်ဋီကာသစ်ပါဠိ.... | (ပဌမအုပ်) | ဗဂ်လားဖုံး | ၅ | |
| | | ဘိလတ်ဖုံး | ၇ | |
| ရင်း.... | .... (ဒုတိယအုပ်) | ဗဂ်လားဖုံး | ၅ | |
| | | ဘိလတ်ဖုံး | ၆ | |
| သုတ်မဟာဝါဋီကာပါဠိ.... | | ....ဗဂ်လားဖုံး | ၅ | |
| | | ဘိလတ်ဖုံး | ၇ | |

# စာအုပ်အဘိုးနှုန်းကြော်ငြာစာ။

| ကျမ်းအမည်။ | | ကျပ် | ပဲ |
|---|---|---|---|
| ပါထေယျဋီကာပါဠိ.... .... | ....ဗင်္ဂလားဖုံး | ၅ | |
| | ဘိလတ်ဖုံး | ၇ | |
| ဓမ္မသင်္ဂဏီမူလဋီကာပါဠိ ... | ....ဗင်္ဂလားဖုံး | ၄ | |
| | ဘိလတ်ဖုံး | ၆ | |
| ဝိဘင်းမူလဋီကာပါဠိ.... | ....ဗင်္ဂလားဖုံး | ၄ | |
| | ဘိလတ်ဖုံး | ၆ | |
| ပဉ္စပကြိုဏ်မူလဋီကာပါဠိ.... | ....ဗင်္ဂလားဖုံး | ၄ | |
| | ဘိလတ်ဖုံး | ၆ | |
| ဒွေမာတိကာပါဠိတော်.... .... | .... | | ၈ |
| ဝိနည်းငယ် ၄ စောင်ပါဠိ.... .... | စက္ကူဖုံး | ၁ | |
| ရှင်း.... .... .... | အဝတ်ဖုံး | ၁ | ၈ |
| ဂဏ္ဌိရပုစ္ဆာဝိသဇ္ဇနာ<br>ဝိဝိဓဝိနိစ္ဆယဒီပနီ } (တွင်းကြီးဆရာတော်) | | ၁ | |
| ဒေါင်းဋီကာ (မဟာဝိသုဒ္ဓါရာမဆရာတော်) | | | ၂ |
| ပါတိမောက္ခဝိနိစ္ဆယကျမ်း.... .... | စက္ကူဖုံး | ၃ | ၈ |
| | သားရေဖုံး | ၅ | |
| ပိဋကဘေဒထောမနာကျမ်း (ဆရာတော်ဦးဗုဓ်) | | | ၅ |
| ဝဇိရူပမဗျာကရဏကျမ်း(ဆရာတော်၅ပါး) | စက္ကူဖုံး | ၂ | |
| | သားရေဖုံး | ၃ | |
| သုတသန္နိစယကျမ်း.... .... ... | .... | | ၈ |
| အက္ခရဝိသောဓနီကျမ်း (မောင်းထောင်) | စက္ကူဖုံး | ၁ | ၄ |
| | အဝတ်ဖုံး | ၁ | ၈ |
| ဆရာဖြေဝတ်ရွတ်စဉ်.... ... | .... | | ၄ |
| ဆရာဖြေဝတ်ရွတ်စဉ်နှင့်သင်္ဂြိုဟ် .... | ....စက္ကူဖုံး | | ၇ |
| | အဝတ်ဖုံး-ရွှေချ | ၁ | |

# စာအုပ်အတိုးနှုန်းကြော်ငြာစာ။

| ကျမ်းအမည်။ | ကျပ် | ပဲ |
|---|---|---|
| ဒိုကာမှတ်ချက်နှင့်တကွ လက်စွဲပရိတ်ကြီးခေါ်၊ပရိတ်ကြီးပါဠိတော် } ဆရာဖြေ | | ၂ |
| သဂြိုဟ်ပါဠိ (ဆရာဖြေမှု) .... .... .... | | ၄ |
| အနာဂတဝင်ကျမ်း.... .... .... .... | | ၁ |
| ဒုစရိုက်ခွဲ.... .... .... .... .... | | ၁ |
| ထွက်ခေါင်ဆရာတော်ကမ္မဌာန်းသံပေါက်.... .... | | ၁ |
| စက်တော်ရာဘုရားရှိခိုး.... .... .... .... | | ၁ |
| ဓမ္မစကြာငါးစောင်တွဲ.... .... .... .... | | ၂ |
| လက္ခဏာရှုဘွယ် .... .... ... .... | | ၂ |
| သဒ္ဒါကြီးရှစ်စောင်ပါဠိ.... .... .... .... | | ၈ |
| သဒ္ဒါရှစ်စောင်သုတ်နက် (ဦးဇောတိက) .... ... | | ၈ |
| ဝဇီရဓမ္မဒေသနာတရားစာ .... .... .... | | ၈ |
| တြိသုခလမ်းပြဒေသနာကျမ်း .... .... ... | | ၈ |
| သဂြိုဟ်သံခိပ် ... .... .... .... | | ၁ |
| မဟာပုရိသပဋိပတ်ကျင့်စဉ် .... .... | | ၂ |
| ဆပဋ္ဌက္ကမဆေကနီကျမ်း .... ... .... | | ၆ |
| ဒါနကောသလ္လစာတမ်း.... .... .... ... | | ၂ |

၁၂၆၆ ခုနှစ်အဘို့အတည်ပြုသော
(စာအုပ်အတိုးကြော်ငြာစာ။)

ဖြေ။ငြိမ်း။ကြီး။

ရတနာ ၃ သုံးပါးကိုလေးမြတ်သူတို့၏အကျိုးငှါ။
ပုဿာ ၆ ရပ်တို့ဖြင့်တန်းဆာဆင်၍

# ဂူ ၄ လုံးဆရာတော်

ပြုစီရင်အပ်သည့်
{ ဘုရားရှိခိုးအမျိုးမျိုးပါသော }

# သပဍ္ဏမဆောကနိကျမ်း။

ပါဠိဆရာဦးဖြေ-ကြီးကြပ်ပြင်ဆင်သည်။

ESTB 1902
P.G. MUNDYNE PITAKA PRESS

ရန်ကုန်မြို့။
၂၅ လမ်း။ စာဆိုတန်း တိုက်နံပါတ် { ၁ }
ပြည်ကြီးမဏ္ဍိုင်-ပိဋကတ်ပုံနှိပ်တိုက်။

၁၂၆၆ ခု။နတ်တော်လ။

# ဆပဉ္ကြမဆေကနိကျမ်း။

(ပဏာမ)

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

၁။ အနန္တဂုဏသမ္ဗုဒ္ဓံ၊ဗုဒ္ဓံ ဝန္ဒာမိ သာဒရံ။
သဒ္ဓမ္မဉ္စ ဝိသုဒ္ဓိကံ၊သံဃဉ္စ ဓမ္မသမ္ဗုဒ္ဓံ။ ။

၂။ အနန္တဂုဏသမ္ဗုဒ္ဓေ၊ဗုဒ္ဓေ ဝန္ဒေ တဓဗုဏ္ဏကေ။
သသဒ္ဓမ္မသံဃေဟိ ဝါ၊အပရိမိတသိရိမေ။ ။

၃။ တံ ဗောဓိံ တဉ္စ မေဒနိံ၊အဘိသေကံ သဗ္ဗဗုဒ္ဓါနံ။
သာဒရံ တဉ္စ ပလ္လင်္ကံ၊သဗ္ဗမာရဝိဘဉ္ဇကံ။ ။

၄။ ဣစ္စေဝမစ္စန္တနမဿနေယျံ၊
နမဿမာနောရ တနတ္တယံ ယံ။
ပုညာဘိသန္ဒံ အလတ္ထံ ဝိပုလံ။
တဿာနုဘာဝေန ဟတန္တရာယော။ ။

၅။ နာနာဂန္ထုဒ္ဓရိတွာန၊ကာဿံ ဆပဉ္ဆေကနိံ။
ဗောဓိနံ သန္တိကတာယ၊ပဉ္စဂ်ဂါမဝါသိနာ။
သီလာဒိဂုဏပုဏ္ဏေန၊ဥပါသကေန ယာစိတော။ ။

၁။ အနန္တဂုဏာသမ္ပုဏ္ဏံ၊သတ္တနိကာယ၊ အာကာသအနန္တ၊ စကြဝဠာအသင်္ချေယျ၊ သဗ္ဗညုတဉာဏ်တော်အနန္တ၊ ဤသို့ ပိုင်းခြား လေးပါး ကုန်သော အသင်္ချေယျအနန္တ အလုံးတို့ကို ဘောက်ထွင်းပျံ့နှံ့၍ထွက်သွားကုန်သော၊မနိုင်းရှည်အပ်၊မကြံ စည်အပ်၊ အဆုံးအပိုင်းအခြားမရှိသော ကျေးဇူးတော် အစုံ၊ ဂုဏ်တော်အပေါင်းတို့နှင့်အလွန်ပြည့်စုံတော်မူထသော။ဗုဒ္ဓံ၊ အဆူဆူသော မြတ်စွာဘုရားကိုယ်တော်မြတ်ကို။အဟံ၊ ရုပ် နာမ်နှစ်ဖြာ၊ ခန္ဓာပဉ္စက၊သမူဟာဒ်၊ ငါဟုခေါ်ဆို၊ ကိုယ်ဟုသ မုတ်၊အကျွန်ုပ်သည်။သာဒရံ၊အလွန်ရိုသေစွာ။ဝန္ဒာမိ၊ဆယ်စုံ လက်တင်၊ရှိပန်ဆင်လျက်၊ကြည်လင်သဒ္ဓါ၊ရှိခိုးပါး၏အရှင်ဘု ရား။ဝိသုဒ္ဓိကံ၊ညစ်ညူးလိမ်းကျံ၊ ပူပန်နှိပ်စက်ဘတ်ကုန်သော တထောင့်ငါးရာ ကိလေသာ အညစ်အကြေးတို့မှ အထူးထူး အပြားပြားအထူးအါးဖြင့်အလွန်သန့်ရှင်းစင်ကြယ်တော်မူထ သော။သဒ္ဓမ္မဉ္စ၊ဘုရားပစ္စေကဗုဒ္ဓါ၊အရိယါသူတော်ကောင်းတို့ ၏၊ သုံးပုံပိဋကတ်၊ပရိယတ်နှင့်၊မဂ်ဉာဏ်၊ဖိုလ်ဉာဏ်၊ နိဗ္ဗာန် ဟုဆိုအပ်သော၊မြတ်မွန်လှစွာ၊ ဤဆယ်ဖြာသောတရားတော် မြတ်ကိုလည်း။အဟံ၊ခန္ဓာပဉ္စက၊သမူဟာတွင်၊ ငါဟုတင်ထုတ်၊ အကျွန်ုပ်သည်။သာဒရံ၊အလွန်ရိုသေစွာ။ဝန္ဒာမိ၊ကြည်ညိုသဒ္ဓါ၊ ရှိခိုးပါ၏။ ဓမ္မသမ္ပုဏ္ဏံ၊ သုံးပုံပိဋကတ်၊ငါးရပ်နိကာယ်၊ ကိုး သွယ်အင်္ဂါ၊ဓမ္မက္ခန္ဓာအပေါင်း၊ ခြားခြောင်ဘိသား၊ပရိယတ္တိ သဒ္ဓမ္မ။ဒေးမြွေးကြူလှစွါ၊စတုပါရိသုဒ္ဓိသီလ၊သမထဝိပဿနာ၊ ရတင်တေရသ၊ပဋိပတ္တိသဒ္ဓမ္မ။မဂ်လေးဝ၊ဖိုလ်လေးတန်၊ဈာန် အဘိညာဉ်သမာပတ်၊ လေးရပ်ပဋိသမ္ဘိဒါ၊မြတ်မွန်လှစွာ၊အာ သဝ်တခေါက်၊နိဗ္ဗာန်မြတ်တည်းဟူသော ပဋိဝေဓသဒ္ဓမ္မ။ဤသို့ မိန့်မှာ၊ သုံးဖြာသော သူတော်မြတ်တို့၏တရား အပေါင်းနှင့်၊ ကောင်းစွာ ပြည့်စုံတော် မူထသော။ သံဃဉ္စ၊ မဂ္ဂဋ္ဌာန်လေး ယောက်၊ဖလဋ္ဌာန်လေးယောက်၊ ဤရှစ်ယောက်သောအရိယာ သံဃာတော်မြတ်အပေါင်းကိုလည်း။အဟံ၊ရုပ်နာမ်နှစ်ဖြာ၊ငါး

ခန္ဓာတွင်၊ငါဟုခေါ်ဆို၊ကိုယ်ဟုသမုတ်၊အကျွန်ုပ်သည်။သာဒ
ရံ၊အလွန်ရှိသေစွာ။ဝန္ဒာမိ၊ကာယညွတ်၍၊ဝစီမနေ၊သုံးခွါရဖြင့်။
ကြည်ဆွသဒ္ဓါ၊ရှိခိုးပါ၏အရှင်ဘုရား။ ။ဤကားပဌမဂါထာ
အတ္ထယောဇနာ။ ။

၂။ အနန္တဂုဏ-သမ္ဗုဒ္ဓေ။ကောင်းကင်သမုဒ္ဒရာ စကြဝဠာထက်မက၊ နှိုင်းဆ၍မရေတွက်နိုင်သော၊ အဆုံးအပိုင်းအခြားမရှိသောကျေးဇူးတော်အစုံ၊ ဂုဏ်တော်အပေါင်းတို့နှင့်၊ ကောင်းစွာ ပြည့်စုံတော်မူကုန်ထသော။တဗုဒ္ဓကော၊ အဆူဆူသောဘုရားရှင်တို့၏ ပွင့်တော်မူရာ၊ မြေတကာတို့ထက်၊ ထူးကဲလွန်မြတ်သော၊ လှည်းပုံတောင်းသဘွယ်၊ဦးစွန်းဘေ့ထပ်၊ ထိုမြေမြတ်၌၊ဆအသာဓါရဏ၊စသည်ပြားမြောင်၊ဂုဏ်တော်အပေါင်းတို့ဖြင့်တန်းဆာဆင်အပ်သော သဗ္ဗညုတဉာဏ်တော်သို့ရောက်သဖြင့်၊ ပွင့်လင်းခြင်းသို့ရောက်တော်မူကုန်ထသော။အပရိမိတသိရိမေ၊မနှိုင်းရှည်အပ်သော ဘုန်းကြက်သရေရှိတော်မူကုန်ထသော။ ဗုဒ္ဓေ၊ ငါတို့ဂေါတမဘုရားကိုယ်တော်အစ၊တကျော်ရာဘုရားအဆုံးရှိသော နှစ်ကျိပ်ရှစ်ဆူကုန်သောဘုရားကိုယ်တော်မြတ်တို့ကိုလည်း။ သသဒ္ဓမ္မသံဃေဟိဝါ၊ခြောက်ဂုဏ်လင်းဖြာ၊ကိုးဖြာနဝ၊ ထေရဂုဏကြောင့်၊မြတ်မွန်လှစွာ၊ဆယ်ဖြာတရား၊ရှစ်ပါးသင်္ဃာ၊ အရိယာတို့နှင့်တကွလည်း။အဟံ၊ရတနာသုံးပါးဂုဏ်တော်မြတ်ကို မပြတ်ကြည်ညိုလေ့ရှိသောအကျွန်ုပ်သည်။သာဒရံ၊အလွန်ရှိသေစွာ။ဝန္ဒေဝန္ဒာမိ၊ဥဒည်းတောင်ထိပ်၊ ဘိတ်ဘိတ်ဝင်းဖြာ၊ထွက်သစ်စ-နေ၊အရုဏ်မြေးရှက်၊ပွင့်ချက်စိစိ၊ပွင့်ပတ်လည်ရုံ။ရွှေကြာငုံသို့၊ဆယ်ရုံလက်တင်၊ရှိပန်ဆင်လျက်၊ ကြည်လင်သဒ္ဓါ၊ ရှိခိုးပါ၏ အရှင်ဘုရား။ ။ဤကားဒုတိယဂါထာအတ္ထယောဇနာ။ ။

၃။ သဗ္ဗဗုဒ္ဓါနံ၊မဟာသမုဒ္ဒရာ၊ဂင်္ဂါဝါလု၊သဲရုမက၊ပွင့်တော်မူကြကုန်သောခပ်သိမ်းကုန်သော မြတ်စွာဘုရားတို့၏။ အဘိသေကာံ၊ မာရ်ငါးပါးကိုအောင်တော်မူရာ၊မင်္ဂလာဘိသိက်ရေ

စင်သွန်းဖျန်းရာ ဖြစ်တော်မူထသော။ တံဗောဓိဒ္ဓ၊ ထိုမြေများ
ဦးခေါင်းထက်ဝယ်၊ ပေါက်ထွက်လာသော အဆူဆူသော ပ
ရိဘောဂဗောဓိစေတီတော်မြတ်အပေါင်းကိုလည်း။ အဟံ၊အ
ကျွန်ုပ်သည်။သာဒရံ၊ အလွန်ရိုသေစွာ။ ဝန္ဒေဝန္ဒာမိ၊ ကြည်ညို
သဒ္ဓါ၊ရှိခိုးပါ၏အရှင်ဘုရား။သဗ္ဗဗုဒ္ဓါနံ၊ မဟာသမုဒ္ဒရာ၊ ဂင်္ဂါ
ဝါလု၊ သဲစုမက၊ ပွင့်တော်မူကြကုန်သော ခပ်သိမ်းကုန်သော
မြတ်စွာဘုရားတို့၏။အဘိသေကံ၊ မာရ်ငါးပါးကိုအောင်တော်
မူရာ မင်္ဂလာဘိသိက် ရေစင်သွန်းဖျန်းရာဖြစ်တော်မူထသော။
တဗ္ဗမေဒနိံ၊ သောင်းမဏ္ဍလိပ်၊ ဇမ္ဗူဒိပ် စကြာဝဠာ၊ လက်ျာ
တောင်ကျွန်းဝယ်၊အဝန်းကိုးယူဇနာ၊ မဏ္ဍိမာဒေသ၊ဘွဲ့ချက်
မဒ္ဓ၊ကမ္ဘာပေါ်သောအခါရှေးဦးစွာပေါ်၍၊ ကမ္ဘာပျက်သောအ
ခါနောက်ကြီးကြာမှပျက်လေ့ရှိသော၊ အလျားအနံလေးထောင့်
စပ်စပ်၊ ရှစ်မင်းပယ်စာအရပ်၌၊ ပန်းမြတ်နံ့သာ၊ မွှေးကြိုင်စွာ
သော ပန်းသစ်ပင် တောအပေါင်းသည်၊ လက်ျာရစ်ခွေ ကာ
လည်လျက်တည်သော၊ ငွေသား ဘော်မြတ် အရောင်အဆင်း
ပမာ၊ သဲနွေရာ တို့ဖြင့်၊ တပြောင်ပြောင်အရောင်ထွက်သော၊
မြေတကာတို့ထက် လူးကဲလွန်မြတ်သော၊ သဗ္ဗညု ဘုရားရှင်
တော်မြတ်တို့သာသုံးဆောင်ခြင်းငှာထိုက်သော၊ ထိုပရိဘော
ဂစေတီတော်ဓါတ်မြေမြတ်ဦးခေါင်းကိုလည်း။အဟံ၊အကျွန်ုပ်
သည်။ သာဒရံ၊ အလွန်ရိုသေစွာ။ ဝန္ဒေဝန္ဒာမိ၊ ဆယ်စုံပေါင်း
စည်း၊ လက်သည်းပြူဆွ၊ တောက်ပသော လက်အုပ်ကိုမိုး၍၊
ကြည်ညိုလှစွာ၊စေတနာဖြင့်၊ ရှိခိုးပူဇော်ပါ၏အရှင်ဘုရား။သဗ္ဗ
ဗုဒ္ဓါနံ၊ မဟာသမုဒ္ဒရာ၊ ဂင်္ဂါဝါလု၊သဲစုမက၊ ပွင့်တော်မူကြ
ကုန်သောခပ်သိမ်းကုန်သောမြတ်စွာဘုရားတို့၏။ သဗ္ဗမာရဝိ
ဘဋ္ဌကံ၊ ခပ်သိမ်းဥဿုံအလုံးစုံသော မာရ်ငါးဖြာကို၊ ချိုးဘဲ့
ဖျက်ဆီးအောင်မြင်ရာ ဖြစ်တော်မူထသော။ တဗ္ဗပလ္လင်္ကံ၊ ထို
မြေများတကာဦးစွန်းဦးခေါင်း၊ လှည်းပုံတောင်းသဘွယ် ဖြစ်
သော၊ ပရိဘောဂစေတီတော်မြတ်မြေအရပ်၌၊ ဘောက်ထွင်း

ထွက်လာ၊ ဗောဓိပင်နန်းဝယ်တည်သော၊ ထိုအဆူဆူသောဘုရားရှင်တို့၏ပရိဘောဂပလ္လင်တော်မြတ်ကိုလည်း။ အဟံ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ သုံးဆဲ့နှစ်ဖြာ၊ ရွံ့ရှာဘွယ်သရုတ်၊ အကျွန်ုပ်သည်။ သာဒရံ၊ အလွန်ရိုသေစွာ။ ဝန္ဒေဝန္ဒာမိ၊ ကြည်ညိုလှစွာ၊ စေတနာဖြင့်၊ ရှိခိုးပူဇော်ပါ၏အရှင်ဘုရား။ ။တတိယဂါထာအတ္ထယောဇနာ။ ။

၄။ ဗုဒ္ဓေဝံ၊ ဤသို့သာလျှင်၊ ကြည်လင်လှစွာ၊ ဆန်းအလင်္ကာ၊ ရုံလင်စွာနှင့်၊ မိန့်မှာရေးသါး၊ ယင်းပဏာမသုံးဂါထာဖြင့်။ အစ္စန္တနမဿနေယျံ၊ စင်စစ်ရိုသေမြတ်နိုး၊ ရှိခိုးပူဇော်ထိုက်တော်မူထသော၊ ရတနတ္တယံ၊ ဘုရားတရားသံဃာရတနာသုံးပါး၊ ပရိဘောဂစေတီတော်သုံးပါးအပေါင်းကို။ နမဿမါနော၊ ရိုသေမြတ်နိုး၊ ရှိခိုးပူဇော်သောအကျွန်ုပ်သည်။ ဝိပုလံ၊ ပြန့်ပြောကြီးမြတ်စွာထသော၊ ယံပုညာဘိသန္ဒံ၊ အကြင်ကုသိုလ်အစု၊ ကောင်းမှုအလျဉ်ကို။ အလတ္ထံ၊ ရပြီ။ တဿပုညာဘိသန္ဒဿ၊ ထိုကြီးကျယ်ဖွံ့ဖြိုး၊ အကျိုးများမြတ်သော၊ ထိုကုသိုလ်အစု၊ ကောင်းမှုအလျဉ်၏။ အာနုဘာဝေန၊ တန်းခိုးတေဇော်အာနုဘော်အစွမ်းဖြင့်၊ တန်းခိုးတေဇော် အာနုဘော် အစွမ်းကြောင့်၊ တန်းခိုးတေဇော်အာနုဘော်အစွမ်းသည်။ ဟတန္တရာယော၊ ပယ်ဖျောက်သတ်ဖြတ်အပ်သောအဇ္ဈတ္တဗဟိဒ္ဓသန္တာန် ရန်မာရ်အန္တရာယ်အပေါင်းရှိသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ။စတုတ္ထဂါထာအတ္ထယောဇနာ။ ။

၅။ ဗုဒ္ဓါနိ၊ ထိန်ထိန်ပြောင်ပြောင်၊ ခြောက်ရောင်ရုံထွက်သား၊ ရွှေတောင်ကြီးပမာ၊ လွန်စွာတောက်ပတင့်တယ်၊ ကြည်ညိုဘွယ်ရှိသော၊ ဤသာသနာတော်ပွဲလမ်းသဘင်တော်ကြီးရှိဆဲအခါ၌။ ဗောဓိနံ၊ မဂ်ဉာဏ်လေးပါး၊ နိဗ္ဗာန်တရား၊ သဗ္ဗညုတဉာဏ်မြတ်၊ ဗောဓိသုံးရပ်တို့ကို။ ဝါ၊ သမ္မာသမ္ဗောဓိဆု၊ ပစ္စေကဗောဓိဆု၊ အဂ္ဂသာဝကဆု၊ မဟာသာဝကဆု၊ ပကတိသာဝကဆု၊ ငါးပါးသောဗောဓိဆုမြတ်တို့ကို။ သတ္တိကာတာယ၊ သာသနာ

တော်သုံးရပ်၊တရားခါတ်ကို၊ကြည်ညိုလေးမြတ်၊ကိုးကွယ်တတ်သော နတ်လူအပေါင်းတို့၏၊ကိုယ်စိတ်ကိုယ်၌၊ မျက်မှောက်ပြုရပါခြင်းအကျိုး၌၊ ပဋ္ဌက်ဂါမဝါသီနာ၊ ရန်မာရ်အပေါင်းကို၊လွှယ်လင့်တကူအောင်မြင်ရာ၊ဂုဏ်နံ့သာသတ္တိကြောင့်၊မြန်အောင်မြို့ကြေညာ၊ ရုံးတော်သဘင်စိရင်ရာအရပ်အတွင်းဝယ်၊ ငါးပါးရန်ဝေးကွာ၊သူတော်ကောင်းတရားရဝေးရာ၊ ဂုဏ်နံ့သာ သကတ်ထူးကြောင့်၊ ပဋ္ဌင်းကွင်းကြေညာ၊ မြတ်ဂါမဒေသာ၌၊ ဖြဲဟ္ဗပိုရ်တရားလေးပါး၊သူတော်ကောင်းတရားခုနစ်ပါး၊ပါရမီဆယ်ပါး၊ပုညကြိယာဆယ်ပါး၊မြတ်ကုသိုလ်တရားကို၊ ပွါးများနေထိုင်လေ့ရှိထသော။သီလာဒိဂုဏာပုဏ္ဏော်နာ၊သီလ ... သာဂုဏ်ကျေးဇူးနှင့်လည်းပြည့်စုံထသော၊ဥပါသကေ ... တနာ၊မြတ်၊ပုလဲနတ်ကို၊ရိုသေလေးမြတ်၊ဆည်းကပ်ကိုးကွယ်တတ်၊ဂုဏ်သကတ်ကြောင့်၊ဘုရားဒါယကာ၊ဦးသာအောင်ကြေညာ၊ဥပါသကာသည်။ ယာစိတောအဘိယာစိတော၊ ရိုသေခညောင်း၊ တောင်းပန်အပ်သည်ဖြစ်၍။ဝါ၊ ရိုသေခညောင်း၊ တောင်းပန်အပ်သည့်အဖြစ်ကြောင့်၊ဝါ၊ ရိုသေခညောင်း၊ တောင်းပန်အပ်သော။အဟံ၊ငါကိုးလုံးဆရာငါသည်။နာနာဂန္ထာ၊ ထူးပြားထွေလာ၊ ပါဠိအဋ္ဌကထာ၊ ဋီကာ ကျမ်းဂန်မှ၊ဥဒ္ဓရိတွာန၊ ဉာဏ်ပညာလက်ဆုပ်ဖြင့်၊အသီးအသီးရွေးကောက်ထုတ်နုတ်၍။ ဆပဋ္ဌဆောကနိံ၊ မေးဖြေကျောက်အပ်သော၊ခြောက်ပါးသော ပုစ္ဆာပြဿနာဝယ်၊ အဖြေ ဝိသဇ္ဇနာ၌၊ လိမ္မာရာ လိမ္မာကြောင်း၊ ကောင်းမြတ်သော ဂုဏ်သကာတ်ကြောင့်။ (ဆပဋ္ဌက္ကမဆောကနိ)၊ထူးလည်မဉ့်ဆန်း၊ဤစာတန်းကို။ကဿံကရိဿာမိ၊ဉာဏ်ပထဗျာလို့မ့်၊သာယာဖေးငြိမ့်၊စိရင်ပေလိမ့်။

## အဘိယာစကပုဂ္ဂိုလ်တောင်းပန်ချက်။

ဘုရားတပည့်တော်၊ ပဥ္စင်းကွင်းရှာနေ၊ ဘုရာ့ဒါယကာ သာအောင်၊ကိုယ်တော်အရှင်မြတ်၏ ခြေတော်ရုံကို၊ကြည်ညို မြတ်နိုး၊ ဦးခေါင်းလျှိုးလျက်၊ ရှိခိုးကာလျှော်ဝံ့ပါသည့်၊ နယ် လေးရပ်ရှစ်ရပ်အတွင်း၊ သတင်းပျံ့နှံ့၊ရနံ့မွှေးကြူ၊ မဇ္ဈူသကာ၊ ပန်းမြတ်လှတို့ထက်၊ဆတက်လွန်ကျူး၊ သီလဦးလေးပါး၊ ငါး ပါးသော ဈာန်၊ အထွေထွေအထပ်ထပ်၊ ထူးမြတ်လှ ကျင့် သိက္ခာ၊ကိုယ်မှာအမြဲ၊မလွဲအမှန်၊နိယံမသွေ၊ကျင့်သုံးနေလေ့ရှိ ပါသော၊ဂုဏ်းလုံးဆရာတော်အရှင်သူမြတ်ဘုရား။

(၁) လျှောက်ထားရန်မှာ။ ခပ်သိမ်းသော ဘုရားရှင်တို့၏ ပွင့်တော်မူရာ၊ အပရာဇိတ ပလ္လင်နှင့်တကွ၊ဗောဓိပင် မြတ် သည်၊ဘယ်တိုင်းဘယ်မြို့၊ဘယ်နိုင်ငံဘယ်နိဂုံး၊ဘယ်ရွာဇနပုဒ် တို့၌၊ ပေါက်ရောက် တည်လျက် ရှိပါသနည်း။၎င်း ဗောဓိပင် ပေါက်ရေခံတော်မူရာ၊ ကမ္ပည်းစာတမ်းနှင့်တကွ၊ကိုယ်တော် မြတ်ကိုယ်စား၊ရုပ်ပွားတော်တဆူ၊ကိုးကွယ်ပူဇော်လိုပါသည် အရှင်ဘုရား။

(၂) အဘိဓမ္မာမြတ်တရားဟောကြားတော်မူရာမှာလည်း၊ ဘယ်ဘုံဘယ်ဌာန၊ ဘယ်အရပ်ဒေသတွင်၊ဟောကြားတော်မူ ပါသနည်း။ကမ္ပည်းစာတမ်းနှင့်တကွ၊ရုပ်ပွါးတော် ကိုယ်စား ဘုရားတဆူ၊ပြုလုပ်ကိုးကွယ်လိုပါသည်အရှင်ဘုရား။

(၃) သီလက္ခန် သုတ္တန် ဒေသနာ ပါဠိတော်မြတ်ကို၊ဘယ် တိုင်းဘယ်မြို့၊ဘယ်နိုင်ငံဘယ်နိဂုံး၊ဘယ်ဇနပုဒ်တွင်၊ အဘယ် မည်သောပုဂ္ဂိုလ်ကိုအကြောင်းပြု၍၊ ဟောကြားတော်မူပါသ နည်း။၎င်းပုဂ္ဂိုလ်တို့၏အမည်နာမကိုသိလိုပါသည်။ ၎င်းသုတ် သီလက္ခန် ပါဠိတော်မြတ်ကို ဟောရာဌာန၊ ဓမ္မ ပဋိဂ္ဂါဟက ပုဂ္ဂိုလ်ကိုပြသော ကမ္ပည်းစာတမ်းနှင့်တကွ၊ ပြုလုပ်ကိုးကွယ် ပူဇော်လိုပါသည်အရှင်မြတ်ဘုရား။

(၄) သုတ်မဟာဝါပါဠိတော်ကို၊ ရှေးဦးစွာဟောရာ ဌာနမှာ၊ ဘယ်အရပ်ဖြစ်ပါသနည်း။ အကြောင်းပြုသောပုဂ္ဂိုလ်အမည်နှင့်တကွ၊ မြတ်စွာဘုရားရုပ်ပွါးသဏ္ဌာန် တဆူပြုလုပ်၍၊ ကိုးကွယ်လိုပါသည်အရှင်ဘုရား။

(၅) သုတ်ပါထေယျပါဠိတော်မြတ်ကို၊ ဘယ်ဘိုင်း ဘယ်ပြည်၊ ဘယ်ရွာတွင်၊ ဘယ်မည်သော ပုဂ္ဂိုလ်ကိုအကြောင်းပြု၍၊ ဟောတော်မူပါသနည်း။ ၎င်းကိုကမ္ဗည်းစာတမ်းနှင့်တကွ၊ ရုပ်ပွါးတော်ကိုယ်စားပြုလုပ်၍၊ ကိုးကွယ်လိုပါသည်အရှင်ဘုရား။

(၆) ဝိနည်းငါးကျမ်း ပါဠိတော်မြတ်ကိုလည်း၊ ဘယ်တိုင်း ဘယ်မြို့၊ ဘယ်နိုင်ငံဘယ်ရွာ၊ ဘယ်နိဂုံးဘယ်ဇနပုဒ်တို့၌၊ ဘယ်မည်သော ပုဂ္ဂိုလ်ကိုအကြောင်းပြု၍၊ ဟောကြားပညတ်တော်မူပါသနည်း။ ၎င်းကိုလည်း ကမ္ဗည်းစာတမ်းနှင့် တကွ၊ ရုပ်ပွါးတော်ပြုလုပ်၍၊ ကိုးကွယ်ပူဇော်လိုပါသည်အရှင်ဘုရား။

---

## ၎င်းမေးလျှောက်အပ်သောပုစ္ဆာ ၆ ရပ်တို့၏ ပုစ္ဆာအဖြေကိုပြပေအံ့။

### ၁-ပဌမပုစ္ဆာဝိသဇ္ဇနာ။

ဇယန္တောဗောဓိယာမူလေ၊ သကျာနံနန္ဒိဝဍ္ဎနော။ ဧဝမေဝ ဇယောဟောတု၊ ဇယဿုဇယမင်္ဂလေ။ ။အပရာဇိတပလ္လင်္ကေ၊ သီသေပုထုဝိပုက္ခလေ။ အဘိသေကေသဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တောပမောဒတိ။ ။ဤသို့မိန့်အပ်၊ ဂါထာပါဠိနှင့်အညီ၊ ဘုရားသဗ္ဗညုတရှင်စောဘုရားတို့၏၊ သဗ္ဗညုတဉာဏ်တော်မြတ်၏ ကွန့်မြူးကျက်စားရာခေတ္တဝိသယအရပ်သည်။ ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယခေတ်ဟု သုံးပါးအပြားရှိသည်။ ထိုသုံးပါးသောခေတ်တို့တွင်၊ ပတ်လည်ဝန်းရံကျွန်းငယ် နှစ်ထောင် နှင့်တကွ ကျွန်းကြီးလေးကျွန်းတမြင့်မိုရ်၊ တောင်မင်းတသောင်းနှင့်တကွ

စကြဝဠာတသောင်းအရပ်သည်၊အဆူဆူသောဘုရားရှင်တို့၏
မယ်တော်ဝမ်းဝယ် ပဋိသန္ဓေ နေတော်မူသောအခါ၊ သန့်စင်
ကြည်လင်စွာမယ်တော်ဝမ်းမှဘွားမြင်တော်မူသောအခါ၊ဗောဓိပင် ရွှေပလ္လင်အောက် မာရ်ဇါးပါးကိုအောင် တော်မူလျက်
လောကဓာတ်တွင်အထွတ်အမြတ်ဘုရားအဖြစ်သို့ ရောက်တော်
မူသောအခါ၊ အာယုသင်္ခါရလွှတ်တော်မူသောအခါ၊ အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် စံတော်မူသောအခါတို့၌၊
နှစ်သိန်းလေးသောင်းအထုရှိသော၍မြေကြီးအရပ်သည်၊စကြဝဠာတသောင်းခေတ်အတွင်းမှာ၊သက်ရှိသက်မဲ့၊ပြို့ပြို့ဥသျှံ၊
မြင့်မိုရ်သမုဒ္ဒရာတောတောင်တို့နှင့်တကွ၊စက်ရဟတ်ပမာ၊ချာချာလည်၍၊ပြင်းစွာတုန်လှုပ်ရာဖြစ်သောကြောင့်၊သဗ္ဗညုဘုရား
ရှင်တို့၏ ဇာတိခေတ်မည်၏။ စကြဝဠာ ကုဋေတသိန်း အရပ်
သည်၊သဗ္ဗညုဘုရားရှင်တို့၏၊ ရတနသုတ်ပရိတ်တော်၊ မေတ္တသုတ်ပရိတ်တော်၊ခန္ဓသုတ်ပရိတ်တော်၊မောရသုတ်ပရိတ်တော်၊
ဓဇဂ္ဂသုတ်ပရိတ်တော်၊ဓဇဂ်သုတ်ပရိတ်တော်၊ အာဋာနာဋိယ
သုတ်ပရိတ်တော်မြတ်တို့၏၊မွန်းတည့်နေထက်အဆမကာ၊ထက်
လှသောအာဏာတော်မြတ်ကို၊ နတ်ဗြဟ္မာအပေါင်းတို့ကခံယူ
ရာဖြစ်သောကြောင့်၊သဗ္ဗညုဘုရားရှင်တို့၏၊အာဏာခေတ်မည်
၏။ဘိလာကန့်လန့်၊ထုတ်ချင်း အကြွင်းမရှိ၊ အရပ်လေးမျက်နှာ
အရပ်ရှစ်မျက်နှာအရပ်ဆယ်မျက်နှာတို့၌ ဘောက်ထွင်းပျံ့နှံ့၍
သွားကုန်သော၊ သတ္တနိကာယအနန္တ၊ အဇ္ဇကာသ ကောင်း
ကင်အနန္တ၊ စကြဝဠာအနန္တ၊ သဗ္ဗညုတဉာဏ်တော်အနန္တ။
၍သို့ပိုင်းခြား၊လေးဝသော အနန္တတို့ထက်၊ အရာ ထောင်သိန်း
သန်းမက၊အနန္တဖြစ်သော၊အဆုံးအပိုင်းအခြားမရှိသော စကြဝဠာအဆက်ဆက်သည်၊ထိုအနန္တလေးရပ်အသချေ့ယျလေးရပ်
တို့ထက်၊အရာသင်္ချေမရေတွက်နိုင်၊အဆုံးကမ်းကုန်မရှိသော၊
ဥဒေယျမိသစ္စာလေးပါး၊ တရားအလုံးစုံကို၊ အပိတ်အပင်အဆီး
အတားမရှိ၊နေလဝန်းအသွင်၊ဝဇီရစိန်လက်နက်ပမာ၊ လျင်စွာ

ဖောက်ထွင်း၍သိမြင်နိုင်သောသဗ္ဗညုတ ရွှေဉာဏ်တော်မြတ်၏၊ကျက်စားပျံ့နှံ့ရာ၊ဂုဏ်နံ့သာသကတ်ကြောင့်၊ဝိသယခေတ်မည်၏။ ထိုသုံးပါးတို့တွင် ဗောဓိပင်ရွှေပလ္လင်နှင့်တကွ၊ဘုရားပွင့်တော်မူရာ၊မြေတကာတို့ထက်မြတ်သော၊ဖျည်းပုံတောင်းသဘွယ်ဖြစ်သော၊မြေ၏ဦးပွန်း မြတ်အရပ်၌၊ အဆူဆူသောဘုရားရှင်တို့၏၊ မာရ်ငါးပါးကိုအောင်တော်မူရာ၊ ဗောဓိပင် ပရိဘောဂ စေတီတော် မြတ်သည်၊ စကြ ဝဠာဇာတိ ခေတ် တသောင်း၌ ရှိသည် ဖြစ်ရာသည်။၎င်းဇာတိခေတ်တွင်လည်း၊ငါတို့လူအပေါင်း၏စံနေရာ၊လူ့ဘုံရွာဟု သမုတ်အပ်သော၊ ကျွန်းငယ်နှစ်ထောင်အခြံအရံနှင့်တကွ ကျွန်းကြီး လေးကျွန်း တမြင့်မိုရ်၊စကြဝဠာလေးရပ်အတွင်းဝယ်၊ဗောဓိပင်ရှိရာဖြစ်မည်။ထိုတစကြဝဠာလေးကျွန်းတို့တွင်၊ယခုငါတို့လူများအပေါင်းစံနေရာ၊လူ့ဘုံဌာနဟု သမုတ်အပ်သော၊သောင်းမထွာလိပ် ဇမ္ဗူဒိပ်စကြဝဠာ၊ ကျွန်းငယ်ငါးရာ အခြံအရံနှင့်တကွ၊ (၁၅)ယူဇနာပင်စည် အမြင့် ရှိသောခက်မ၊ယူဇနာ (၅၀) အလျားနှင့်ပြည့်ရုံသော၊ဇမ္ဗူ့သပြေပင်ဖြင့်မှတ်အပ်သော၊လက်ျာတောင်ဇမ္ဗူဒိပါကျွန်း၌၊ဗောဓိပင်ရှိသည်ဖြစ်မည်။သောင်းမထွာလိပ်၊ ဇမ္ဗူဒိပ်စကြဝဠာ၊တောင်ဇမ္ဗူဒိပါကျွန်းတွင်လည်း၊အလျားအနံယူဇနာရှစ်ထောင်ရှိသော၊အဝန်းယူဇနာကိုးရာကျယ်သော၊စဉ်မျက်နှာကဲ့သို့ အလွန်ညီညွတ်သော မဇ္ဈိမဒေသ အရပ်၌၊အဆူဆူသောဘုရားရှင်တို့၏ပွင့်တော်မူရာ၊ဗောဓိပင် ရှိသည် ဖြစ်မည်။ ထိုမဇ္ဈိမ ဒေသ အရပ်တွင်လည်း ကမ္ဘာ၊ပေါ်လာ သောအခါရှေးဦးစွာ ပေါ်လာ၍၊ကမ္ဘာပျက်သောအခါ နောက်ဆုံးမှ ပျက်လေ့ရှိသော၊ရှစ်မင်းပယ်စ၊လေးထောင့်စပ်စပ်ကျယ်သော၊ပန်းနံ့သာမွှေးပုံ၊သင်းထုံပျံ့နှံ့အပ်သော၊မြက်သစ်ပင် နွယ်အပေါင်းတို့သည်၊လက်ျာရစ်သုံးခါ ဖျည့်၍၊ငွေဘော်သား မြအဆင်းတို့နှင့်တူသော၊ ဖွေးဖွေးလက်လက်သဲမွှေ့ရာအရောင်ထွက်သော၊တန်းခိုးကြီးမြတ်သော၊ပစ္စေကဗုဒ္ဓါ၊သာဝက၊စကြဝတေးမင်း

သိကြား၊ သန္တုသိတ၊ ဗြဟ္မာမင်း၊ ဆဒ္ဒန်ဆင်မင်း မြတ်တို့မှ
သော်လည်းအပေါ်ဦခံလွှား သွားခြင်းငှာမစွမ်းနိုင်သောအနန္တ
ဘုန်းပါရမီ၊ဘုရားရှင်တို့၏သာနေခြင်းငှာထိုက်တော်မူသော၊
ခပ်သိမ်းသောဘုရားရှင်တို့၏အောင်ဘိသိက်ရေစင်ဖျန်းရာဖြစ်
သော၊မြေတကာတို့ထက်မြတ်သော၊လှည်းပုံတောင်းသဘွယ်
ဖြစ်သော၊ ရှစ်မင်းပယ်စာကျယ်သောမြေအရပ်အလယ်တည့်
တည့်၊မြေဦးခေါင်းအရပ်၌၊ရွှေပလ္လင်နှင့်တကွ၊မဟာဗောဓိပင်
မြတ်သည်ရှိ၏ဟူ၍၊မချဆတ်ဆတ်မှတ်အပ်၏။ ထိုသို့ဆိုအပ်ခဲ့
ပြီးသော၊မျှားမြတ်သောဂုဏ်တို့နှင့်ပြည့်စုံရာဖြစ်တော်မူသော၊
မြေတကာတို့၏ ဦးခေါင်း ဦးထိပ်သဘွယ်ဖြစ်တော် မူသော၊
လှည်းပုံတောင်းသဘွယ်၊ရှစ်မင်းပယ်စာ၊ လေးထောင့်စပ်စပ်
ကျယ်သော၊မြေတကာတို့၏ ဦးထိပ်တည့်မတ်၊ပရိဘောဂစေ
တီတော်မြတ်အရပ်၌၊ ပေါက်ထွက်ပေါ်လာသော၊ ဗောဓိပင်
အောက်၊ရွှေပလ္လင်နန်းထက်၌၊ ပွင့်တော်မူကုန်သော၊ ငါတို့ဘု
ရားအစ၊ တဏှင်္ကရာအဆုံးရှိသော နှစ်ကျိပ်ရှစ်ဆူကုန်သော
သဗ္ဗညုဘုရားရှင်တို့ကို၊ အသီးအသီးသရုပ်ထုတ်ပြ၍၊အလွန်
ကြည်ညိုသဒ္ဒါတရားတိုးပွါးရန်၊ရှိခိုးပဏာမဂါထာရေးပြပေ
ဦးအံ့။

## နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုး။

၁။ တဏှင်္ကရံ မေဓင်္ကရံ၊သရဏဉ္စ ဒီပင်္ကရံ။
ကောဏ္ဍညံ မင်္ဂလဉ္စေဝ၊သုမနဉ္စ ရေဝတံ။ ။
၂။ သောဘိတံ အနောမဒဿိံ၊ပဒုမံ နာရဒဉ္စေဝ။
ပဒုမုတ္တရ သုမေဓံ၊သုဇာတဉ္စ ပိယဒဿိံ။ ။
၃။ အတ္ထဒဿိံ ဓမ္မဒဿိံ၊သိဒ္ဓတ္ထဉ္စ တိဿနာမံ။
ဖုဿဉ္စေဝ ဝိပဿိဉ္စ၊သိခိံ ဝေဿဘုနာမကံ။ ။

၄။ ကကုသန္ဓ ကောဏာဂမနံ၊ ကဿပဉ္စာပိ ဂေါတမံ။
သာရမဏ္ဍကပ္ပါဒိသု၊ ဉာတွေဝံ တတ္ထ ဗုဒ္ဓနေ။
အဋ္ဌဝီသတိသမ္ဗုဒ္ဓေ၊ သဒါ ဝန္ဒာမိ သာဒရံ။ ။
ယင်းသို့မိန့်လတ်လေးဂါထာပါဌ်အနက်ကား။

(၁) တဏှင်္ကရဉ္စ၊ တေဘုမက၊ ဝဋ္ဋဒုက္ခ၏၊ အကြောင်းရင်းမြစ်မတဏှာကို၊ မဂ်ဉာဏ်လေးချက်၊ ထားသန်လျက်ဖြင့်၊ ပယ်ဖျက်ချတ်စင်၊ အောင်မြင်ခြင်းကို ပြုတတ်သော၊ ဂုဏ်နံ့သာသကတ်ကြောင့်၊ တဏှင်္ကရာအမည်ရှိတော်မူသော မြတ်စွာဘုရားကို၎င်း။

(၂) မေဓင်္ကရဉ္စ၊ သုံးပါးတည့်မတ်၊ ခေတ်သုံးရပ်၌၊ ထိန်ထိန်ပြောင်ပြောင်၊ ထွန်းတောက်ပသော၊ ဉာဏ် ပညာတန်ဆောင်ဆီမီးကို၊ ထွန်းတောက်ပစေတတ်သောဂုဏ်သကတ်ကြောင့်၊ မေဓင်္ကရာအမည်ရှိတော်မူသော မြတ်စွာဘုရားကို၎င်း။

(၃) သရဏင်္ကရဉ္စ၊ လူနတ်ဗြဟ္မာ၊ ဝေနေယျာအပေါင်းတို့၏၊ မြတ်သောကိုးကွယ်ရာကိုပြုတတ်သောဂုဏ်သကတ်ကြောင့်။ သရဏင်္ကရာအမည်ရှိတော်မူသောမြတ်စွာဘုရားကို၎င်း။

(၄) ဒီပင်္ကရဉ္စ၊ အရပ်အတောင်(၈၀) မြင့်သည်ဖြစ်၍၊ ထက်ဝန်းကျင်၁၂ ယူဇနာတိုင်တိုင်ပြကတေ့ အရောင်တော်တောက်ပသည် ဖြစ်၍၊ အခါမပြတ် လေးသိန်းသောသင်္ဃာအခြံအရံရှိသည်ဖြစ်၍၊ တန်ဆောင်တိုင်ဆီမီးတောက်ပမါ၊ ယင်းဖျားမလွတ်၊ ပင်လုံးကျွတ်ပွင့်သောအင်ကြင်းပင်တောအုပ်ကဲ့သို့၊ အလွန်သပ္ပါယ်၊ တင့်တယ်သောဂုဏ်သကတ်ကြောင့်၊ ဒီပင်္ကရာအမည်ရှိတော်မူသောမြတ်စွာဘုရားကို၎င်း။

(၅) ကောဏ္ဍညဉ္စ၊ (၈၈)တောင်အရပ်မြင့်တော်မူသည်ဖြစ်၍၊ မွန်းတည့်နေပမာ၊ ရွှေလမင်းရောဇာကဲ့သို့၊ အလွန်တောက်

ပတင့်တယ်သောဂုဏ်သကတ်ကြောင့်၊ ကောဏ္ဍညအမည်ရှိ
တော်မူသောမြတ်စွာဘုရားကိုရှင်း။

(၄) မင်္ဂလဗုဒ္ဓ၀၊အရပ်တော် (၁၈) တောင်မြင့်တော်မူ
သည်ဖြစ်၍၊ ဓာတ်ခေတ်စကြ၀ဠာ တသောင်းပတ်လုံး၊ ပြက
တေ့အရောင်တော် ထွန်းတော်ပသော ဂုဏ်သကတ်ကြောင့်၊
မင်္ဂလအမည်ရှိတော်မူသောမြတ်စွာဘုရားကိုရှင်း။

(၅) သုမနဗုဒ္ဓ၊အရပ်တော်အတောင်(၉၀)မြင့်သည်ဖြစ်၍၊
တသောင်းသောဓာတိခေတ်၌၊ ရွှေတောင်ကြီးကဲ့သို့၊ တထိန်
ထိန်တလက်လက်၊ ထွန်းထွက် တောက်ပသောဂုဏ်သကတ်
ကြောင့်၊သုမနအမည်ရှိတော်မူသောမြတ်စွာဘုရားကိုရှင်း။

(၈) ရေ၀တဗုဒ္ဓ၊အရပ်တော်အတောင် (၈၀)မြင့်သည်ဖြစ်
၍၊အရပ်ဆယ်မျက်နှာပတ်လုံး၊ တထိန်ထိန်ထွန်းထွက်သော
ဂုဏ်သကတ်ကြောင့်၊ ရေ၀တအမည်ရှိမူတော်သောမြတ်စွာ
ဘုရားကိုရှင်း။

(၉) သောဘိတဗုဒ္ဓ ၊အရပ်တော် (၅၈) တောင်မြင့်သည်
ဖြစ်၍၊ ရောင်ခြည်တထောင်ဆောင်သောနေမင်းကဲ့သို့၊အရပ်
ဆယ်မျက်နှာ ပတ်လုံး၊ အလွန်ထွန်းတောက် ပသော ဘုန်း
ကြက်သရေ ရှိတော်မူသောသတ္တိကြောင့်၊ သောဘိတအမည်
ရှိတော်မူသောမြတ်စွာဘုရားကိုရှင်း။

(၁၀) အနောမဒဿီဗုဒ္ဓ၊ အရပ်တော် (၅၈) တောင်မြင့်
တော်မူသည်ဖြစ်၍၊ ရောင်ခြည်တထောင်ကိုဆောင်သော နေ
မင်းကဲ့သို့၊အရပ်ဆယ်မျက်နှာပတ်လုံး၊ပကတိအရောင်တော်
ထွက်သွားသောဂုဏ်သတ္တိကြောင့်၊ အနောမဒဿီအမည်ရှိ
တော်မူသောမြတ်စွာဘုရားကိုရှင်း။

(၁၁) ပဒုမဗုဒ္ဓ၊အရပ်တော်(၅၈) တောင်မြင့်တော်မူသည်
ဖြစ်၍၊လရောင်နေရောင်တို့ကဲ့သို့၊ပတ္တမြားရွှေစေတီကြီးပမာ၊
လွန်စွာတောက်ပတင့်တယ်သောဂုဏ်သတ္တိကြောင့်၊ ပဒုမအ
မည်ရှိတော်မူသောမြတ်စွာဘုရားကိုရှင်း။

(၁၂) နာရဒဗုဒ္ဓ၀၊အရပ်တော် (၈၈)တောင်မြင့်တော်မူသည်ဖြစ်၍၊ဇာတိခေတ်ပေါင်း၊ သောင်းစကြာ၀ဠာ၀ယ်၊ရွှေရတနာစေတီကြီးကဲ့သို့၊တထိန်ထိန်တ၀င်း၀င်းတောက်ပ တင့်တယ်ခြင်း ဂုဏ်သတ္တိရှိတော်မူသောကြောင့်၊ နာရဒအမည်ရှိတော်မူသောမြတ်စွာဘုရားကိုရင်း။

(၁၃) ပဒုမုတ္တရဗုဒ္ဓ၊အရပ်တော် (၅၈) တောင်မြင့်တော်မူသည်ဖြစ်၍၊ ထက်ဝန်းကျင်၁၂ယူဇနာတိုင်အောင်၊ရတနာရွှေတောင်ကြီးကဲ့သို့၊ပကတိအရောင်တော်ထွန်းထွက်တော်သောဂုဏ်သတ္တိကြောင့်၊ ပဒုမုတ္တိုရ်အမည်ရှိတော်မူသော မြတ်စွာဘုရားကိုရင်း။

(၁၄) သုမေဓဗုဒ္ဓ၊ အရပ်တော် (၈၈) တောင်မြင့်တော်မူသည်ဖြစ်၍၊ လေးကျွန်းသေဠ္ဌနင်း၊စကြာမင်း၏၊မနောမယပတ္တမြားကဲ့သို့၊ ဝန်းကျင်မလပ်၊ တယူဇနာတိုင်တိုင်၊ ပကတိ အရောင်တော်တင့်တယ်ခြင်း ရှိတော်မူသောကြောင့်၊ သုမေဓာအမည်ရှိတော်မူသောမြတ်စွာဘုရားကိုရင်း။

(၁၅) သုဇာတဗုဒ္ဓ၊ အရပ်တော် အတောင်(၅၀)မြင့်သည်ဖြစ်၍၊ အရပ်ထက်ဝန်းကျင်မှ အပိုင်းအခြားမရှိ၊ ပကတိ အရောင်တော်တောက်ပတင့်တယ်သောသတ္တိကြောင့်၊ သုဇာတအမည်ရှိတော်မူသောမြတ်စွာဘုရားကိုရင်း။

(၁၆) ပိယဒဿိဗုဒ္ဓ၊အရပ်တော်အတောင်(၈၀) မြင့်သည်ဖြစ်၍၊ ရင်းဖျား‌မလွတ်၊ ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်မင်းကဲ့သို့၊ ပကတိအရောင်အလွန်တောက်ပတင့်တယ်သောဘုန်းကြက်သရေရှိသောသတ္တိကြောင့်၊ ပိယဒဿီ အမည်ရှိတော် မူသောမြတ်စွာဘုရားကိုရင်း။

(၁၇) အတ္ထဒဿိဗုဒ္ဓ၊အရပ်တော်အတောင်(၈၀)မြင့်သည်ဖြစ်၍၊အင်ကြင်းပင်ရွှေလမင်းကဲ့သို့၊ ၀န်းကျင်မလပ်၊ကုဋေအရာမက၊အရပ်ဆယ်မျက်နှာတိုင်အောင်၊ အခါမလပ်၊တော်ပ

တင့်တယ်သော ဂုဏ်သကတ်ကြောင့်၊ အတ္ထဒဿီအမည်ရှိတော်မူသောမြတ်စွာဘုရားကိုရှိခိုး၏။

(၁၈) ဓမ္မဒဿီဘု၊ အရပ်တော်အတောင်(၈၀)မြင့်တော်မူသည်ဖြစ်၍၊ တသောင်းသောစ လောကဓာတ်၌၊ ရင်းဖျားမလွတ်၊ပင်လုံးကျွတ်ပွင့်သောအင်ကြင်းပင်မင်းကဲ့သို့ရှင်း၊ မွန်းတဥ္စနေသူရိန်ကဲ့သို့ရင်း၊တကောင်းကင်လုံးပြက်သော်လျှပ်စစ်နွယ်ရောင်ကဲ့သို့ရင်း၊အနန္တဘုန်းကြက်သရေဖြင့်၊ အလွန်တော်ပတင့်တယ်သော ဘုန်းကြက်သရေရှိတော် မူသောကြောင့်၊ ဓမ္မဒဿီ အမည် ရှိတော်မူသော မြတ်စွာ ဘုရားကိုရှိခိုး၏။

(၁၉) သိဒ္ဓတ္ထဘု၊ အရပ်တော်အတောင်(၆၀)မြင့်တော်မူသည်ဖြစ်၍ ရွှေစေတီတော်ကြီးကဲ့သို့၊ တသောင်းသောလောကဓာတ်တိုင်တိုင်၊ တင့်တယ်တောက်ပသောအရောင်တော်ရှိတော်မူသောကြောင့်၊ သိဒ္ဓတ္ထအမည်ရှိတော်မူသော မြတ်စွာဘုရားကိုရှိခိုး၏။

(၂၀) တိဿနာမဘု၊ အရပ်တော်အတောင်း (၆၀) မြင့်တော်မူသည်ဖြစ်၍၊ဆယ်မျက်နှာအရပ်တိုင်အောင်၊ ခြောက်ရုံထွက်ဖြာတောက်ပတင့်တယ်သော အရောင် ရှိတော်မူသောကြောင့်၊တိဿအမည်ရှိတော်မူသော်မြတ်စွာဘုရားကိုရှိခိုး၏။

(၂၁) ဖုဿဗုဒ္ဓ၊ အရပ်တော်(၅၈)တောင်မြင့်တော်မူသည်ဖြစ်၍၊ ရောင်ခြည်တထောင်ကိုဆောင်သော နေမင်းကဲ့သို့၊ကြယ်အပေါင်းတို့ထက်မြတ်သောရွှေလမင်းကဲ့သို့၊အလွန်တောက်ပတင့်တယ်သပ္ပါယ်သောဂုဏ်သတ္တိရှိသောကြောင့်၊ ဖုဿအမည်ရှိတော်မူသောမြတ်စွာဘုရားကိုရှိခိုး၏။

(၂၂) ဝိပဿီဘု၊အရပ်တော်အတောင် (၈၀) မြင့်တော်မူသည်ဖြစ်၍၊ထက်ဝန်းကျင် ၇ ယူဇနာတိုင်အောင်၊ပကတိအရောင်တော်တောက်ပတော်မူသော်ကြောင့်၊ဝိပဿီမည်ခေါ်၊ကိုယ်တော်ဘုရားကိုရှိခိုး၏။

(၂၃) သိခီဘု၊အရပ်တော်အတောင်(၇၀)မြင့်သည်ဖြစ်၍၊

အရပ်ထက်ဝန်းကျင် ၃ ယူဇနာတိုင်အောင်၊ ပကတိအရောင်တော်ထွန်းတောက်ပရကား ရွှေစေတီတော်ကြီးကဲ့သို့၊အလွန်သပ္ပါယ် တင့်တယ်သော ဘုန်းကြက်သရေ ရှိတော်မူသောကြောင့်၊သိခီအမည်ရှိတော်မူသောမြတ်စွာဘုရားကိုရင်း။

(၂၄) ဝေဿဘူနာမကဗ္ဗ၊ အရပ်တော်အတောင် (၆၀) မြင့်တော်မူသည်ဖြစ်၍၊ ဝန်းကျင်မလပ်၊ ရောင်ခြောက်သွယ်ထွက်လတ်သောရွှေတောင်ကြီးကဲ့သို့၊ နေ့ညဥ့်မပြတ်၊တယူဇနာအရပ်တိုင်အောင်၊ပကတိအရောင်တော်ထွန်းထောက်ပသဖြင့် အခါခပ်သိမ်း အလွန်ကြည်ညိုဘွယ်ဘုန်းကြက်သရေရှိတော်မူသောကြောင့်၊ ဝေဿဘူအမည်ရှိတော်မူသော မြတ်စွာဘုရားကိုရင်း။

(၂၅) ကကုသန္ဓဗ္ဗ၊ အရပ်တော် အတောင် (၄၀) မြင့်တော်မူသည်ဖြစ်၍အရပ်ထက်ဝန်းကျင် ၁၂ ယူဇနာတိုင်တိုင်၊ ပကတိအရောင်တောက်ပတင့်တယ်တော်မူသောကြောင့်၊ ကကုသန်အမည်ရှိတော်မူသောမြတ်စွာဘုရားကိုရင်း။

(၂၆) ကောဏာဂမနဗ္ဗ၊ အရပ်တော်အတောင်(၃၀)မြင့်တော်မူသည်ဖြစ်၍၊ တထိန်ထိန်တပြောင်ပြောင်တောက်သောရွှေတောင်ကြီးကဲ့သို့၊ အရပ်ဆယ်မျက်နှာမလပ်၊ပကတိ ကိုယ်တော်အရောင် ထွန်းပြောင်တောက်ပသဖြင့်၊ အလွန်သပ္ပါယ်တင့်တယ်သော ဘုန်း ကြက်သရေ ရှိတော် မူသောကြောင့် ကောဏာဂုံအမည်ရှိတော်မူသောမြတ်စွာဘုရားကိုရင်း။

(၂၇) ကဿပဗ္ဗာဒိ၊ အရပ်တော် အတောင် (၂၀) မြင့်တော်မူသည်ဖြစ်၍ကောင်းကင်ဘွေထိပ်ဝယ်၊ ရာထောင်မက၊လျှပ်စစ်နွယ်ရောင်တောက်ပသကဲ့သို့၊ သိန်းသန်း ကုဋေ မျှ၊ကြယ်ပေါင်းခသော ရွှေလမင်းကဲ့သို့၊ အရပ်ထက်ဝန်းကျင်၊သောင်းတိုက်ယူဇနာအတွင်း၊တလင်းလင်းတထိန်ထိန်၊ တောံပသောကိုယ်တော်ဂုဏ်ရောင်ရှိတော်မူသောကြောင့်၊ကဿပမည်ကျော်၊ကိုယ်တော်ဘုရားကိုရင်း။

(၂၈) ဂေါတမဗုဒ္ဓ၊အရပ်တော် (၁၈) တောင်မြင့်တော်မူ သည်ဖြစ်၍၊ထက်ဝန်းကျင်အတောင် (၈၀)အရပ်တိုင်အောင် ပကတိ အလံဝန်းနှင့်တူသောရောင်ခြည်တော်ခြောက်သွယ်တို့ ဖြင့်၊နေ့ညဥ့်မစဲတထိန်ထိန်တံလက်လက်၊ထွန်းထွက်သော်၊အ လွန်တင့်တယ် သပ္ပါယ်သော၊ ကြက်သရေ ရှိတော်မူ သော ကြောင့်၊ သကျပုတ္တဂေါတမမည်ကျော်၊ ငါတို့ကိုယ်တော်ဘု ရားကိုရှင်း။ဇာတွေ့ဝံ၊ ဤသို့သာလျှင်၊ ဗုဒ္ဓဝင်ပါဠိတော်လာ၊ နှစ် ကျိပ်ရှစ်ဆူဘုရားတို့၏ဂုဏ်ကျေးဇူးကိုပြတော်မူရာ၊ ၄ ဂါထာ ဖြင့် သာလျှင်။ သာရမဏ္ဍကပ္ပါဒိသု၊ သာရမဏ္ဍကပ္ပာ အစရှိ သည်တို့၌။တတ္ထ၊ ထိုမြေတကာတို့ထက်မြတ်သော၊ အဝန်းယူ ဇနာကိုးရာကျယ်သော မဏ္ဍိမဒေသဘွေချက်မအလယ်အရပ် ဝယ်၊ကမ္ဘာတည်သောအခါ ရှေးဦးစွာတည်ထွန်းလာ၍၊ကမ္ဘာ ပျက်သောအခါနောင်မှပျက်လေ့ရှိသော၊လေးထောင့်စပ်စပ်၊ရှစ် မင်းပယ်စာကျယ်စွာထသော၊အဆူဆူသော ဘုရားရှင်တို့၏၊ အောင်မင်္ဂလာဘိသိက်ရေသွန်းဖျန်းရာဖြစ်သော၊မြေ၏ဦးထိပ် ဘွေထပ်၊ပရိဘောဂစေတီတော်အရပ်၌။ဗုဒ္ဓ္ဓေ၊ ပွင့်တော်မူ ကုန်သော။အဗ္ဗုဝိသတိသမ္ဗုဒ္ဓေ၊ နှစ်ကျိပ်ရှစ်ဆူကုန်သောမြတ် စွာဘုရားတို့ကို။ အဟံ၊အကျွန်ုပ်သည်။သာဒရံ၊ အလွန်ရိုသေ စွာ။သမ္ဗဒါ၊ အသက်သိက္ခာ၊ကိုယ်မှာတည်သရွေ့ကာလပတ် လုံး။ဝန္ဒါမိ၊ဆယ်စုံလက်တင်၊ရှိပန်ဆင်လျက်၊ကြည်လင်သဒ္ဓါ၊ ရှိခိုးပူဇော်၊ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏အရှင်ဘုရား။ ။ ဤကားဂါထတ္ထယောဇနာ။

---

ယခုအခါဆုငါးပါးတို့တွင်ကြိုက်ရာဆုကို ပန်ဆင်ကြကုန် သောပညာရှိအပေါင်းသူတော်ကောင်းတို့အားရတနာသုံးပါး ကိုအလွန်ကြည်ညိုယုံကြည်တတ်သောအစလသဒ္ဓါတရား၊အဓိ ဂမသဒ္ဓါတရားတိုးပွါးထက်သန်စေခြင်း၄၊မြေတကာတို့ထက် မြတ်သောအဝန်းယူဇနာကိုးရာကျယ်သောမဏ္ဍိမဒေသဘွေ

ချက်မအလယ်ဝယ်၊ မြေတကာတို့၏လှည်းပုံတောင်းသဘွယ်၊ ဦးစွန်းထိပ်လယ်၊အဆူဆူသောဘုရားရှင်တို့၏၊အောင်မင်္ဂလာဘိသိက်ရေသွန်းဖျန်းရာ၊ထွန်းပေါက်ထွက်လာ၊ဗောဓိပင်မြတ်အောက်၊ ဆန်းကြယ်ပေါက်သား၊ ရတနာချနစ်ပါး အတိပြီးသောရွှေပလ္လင်ထက်၌၊အလွန်ထူးကဲလှန်မြတ်သောအရဟတ္တမဂ်သဗ္ဗညုတဉာဏ်ထီးဖြူတော်မြတ်ကိုဆောင်းတော်မူလျက်၊ပွင့်တော်မူကြကုန်သောနှစ်ကျိပ်ရှစ်ဆူကုန်သောသဗ္ဗညုမြတ်စွာဘုရားရှင်တို့၏၊အသီးအသီးဂုဏ်တော်အထူးကို ပြလျက်၊ကမ္ဘည်းစာတမ်းတခဏ်းရေးပေဦးအံ့။

## ၁-တဏှင်္ကရာဘုရားကိုယ်စားရုပ်ပွါးတော်၊ ကမ္ဘည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

ဘုရားငါးဆူပွင့်တော်မူရာ ဤဘဒ္ဒကပ်ကမ္ဘာမြတ်မှပြန်၍ရေတွက်သည် ရှိသော်၊ မဟာကမ္ဘာတသိန်း အလွန်ရှိသောလေးအသင်္ချေကမ္ဘာထက်ဝယ်၊ ဘုရားလေးဆူတို့၏ပွင့်တော်မူရာ၊သာရမဏ္ဍမည်သောကမ္ဘာမြတ်၌၊ဆအသာဓါရဏ၊စသည်ပြားပြောင်၊ ဂုဏ်ကျေးဇူးတော်ဘုန်း ကြက်သရေ အပေါင်းတို့ဖြင့်တန်းဆာဆင်ထသော၊ လက္ခဏာကြီးငယ်၊ ရောင်ခြည်သွယ်တို့ဖြင့်၊အလွန်သပ္ပါယ်တင့်တယ်တော်မူသော၊တဏှင်္ကရာအမည်ရှိတော်မူသော သဗ္ဗညုရှင်စော ဘုရားကိုယ်တော်မြတ်သည်၊ မြေတကာတို့ထက်မြတ်သော၊လှည်းပုံတောင်းသဘွယ်၊ ဦးခေါင်းဦးခွံဘွေထိပ်အရပ်၌၊ ထွန်းပေါက်ထွက်လာသော၊ဗောဓိပင်အောက်၊ဆန်းကြယ်ပေါက်သား၊မြမြတ်ခွဲရွှေပလ္လင်ထက်၌၊ အရဟတ္တမဂ်သဗ္ဗညုတဉာဏ်ထီးဖြူတော်မြတ်ကိုဆောင်းတော်မူလျက်၊နှစ်ကျိပ်ချနစ်ဆူသောဘုရားရှင်တို့၏ရှေးဦးမဆွပွင့်တော်မူလာသည်။ ။

အပရာဇိတပလ္လင်္ကော်၊ဗောဓိယာ မူလေ ဇုဠ္ဌာန်။
သီသေ ပုထုပီ–ပုက္ခလေ၊အဘိသေကေသမ္ဗုဒ္ဓါနံ။
သာရမဏ္ဍာကပေွအာဒိ၊သာဒရံဝန္ဒေတကျော်ရံ။ ။

ပုထုဝိပုက္ခလေ၊ အဆုံးမရှိသော စကြဝဠာ မြေတကာတို့ ထက်မြတ်တော်မူထသော။သမ္ဗုဒ္ဓါနံ၊ ခပ်သိမ်းကုန်သောအ ဆူဆူသော ဘုရားရှင်တို့၏။ အဘိသေကေ၊ အောင်မင်္ဂလာဘိ သိက်ရေ သွန်းဖျန်းရာ ဖြစ်တော် မူထသော။ ပုထုဝိ သီသေ၊ သောင်းမဏ္ဍာလိပ်၊စမ္ဗူဒိပ်လကျာတောင်ကျွန်းဝယ်၊ အဝန်းယူ ဇနာ ကိုးရာကျယ်သော၊ မဇ္ဈိမဒေသ၊ ဘွေချက်မအလယ်၌၊ ကမ္ဘာပျက်သေါအခါနေ့ံမှပျက်လေ့ရှိသော၊ကမ္ဘာတည်ထွန်း သောအခါရှေးဦးစွာပေါ်ထွက်လာသော၊ လေးထောင့်စပ်စပ်၊ ရှစ်မင်းပယ်စာကျယ်စွာထသော၊ ပန်းနံ့သာမျိုးအရုံရုံ၊ မွှေးထုံ ရစ်ပတ်၊ခြံရံအပ်သောပန်းသစ်ပင်အပေါင်းတို့သည်၊ လကျာ သုံးခါရစ်ပတ်ခွေလည့်ရာဖြစ်သော၊ငွေဘော်သား၊ ပတ္တမြားမြ ရည်အဆင်းရှိသော သဲမွှေ့ရာခင်းလျက်တည်ထသော၊ လှည်း ပုံတောင်းသဘွယ်၊ အလွန်သပ္ပါယ်သော၊အလယ်တည့်မတ်၊ မြေဦးခေါင်းအရပ်၌။ ဥမ္မုဟန္တာယ၊ ထွက်ပေါက် လာသော။ ဗောဓိယာ၊ကံ့ကော်ဗောဓိပင်မြတ်၏။ မူလေ၊အောက်အဘို့၌။ ဥမ္မုဟန္တော်ပေါက်ထွက်လာသော။ အပရာဇိတပလ္လင်္ကော်၊ မာရ် ငါးပါးကိုအောင်တော်မူရာ၊မြမြတ် ရွှေပလ္လင် ထက်၌။ သာရ မဏ္ဍာကပ္ပေ၊ ဘုရားလေးဆူ ပွင့်တော်မူရာ၊ သာရမဏ္ဍာကမ္ဘာ မြတ်၌။ အာဒိ၊နှစ်ကျိပ်ချနစ်ဆူသောဘုရားရှင်တို့၏ရှေးဦးစွာ။ ဇုဠ္ဌာန်၊ အလွန်မြတ်သော အရဟတ္တမဂ်ဉာဏ်ထီးဖြူတော်ကို ဆောင်းလျက်ပွင့်တော်မူထသော။ တကျော်ရံ၊တကျော်ရာ အ မည်ရှိတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သာဒရံ၊ အလွန်ရိုသေစွာ။ ဝန္ဒေ ဝန္ဒာမိ၊ ဆယ်ရုံပေါင်းစည်း၊ လက်သည်းဖြူဆွ၊ တောက်ပသော လက်အုပ်ကိုမိုး၍၊ ရှိခိုးပူ ဇော်၊ဖူးမြော်မာန်လျှော့၊ကန်တော့ပါ၏အရှင်ဘုရား။ ။

## ၂-မေခကိရာဘုရားကိုယ်စားရုပ်ပွါးတော်။ ကမ္ဗည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

ထိုတဗျက်ရာ၊မည်သာလွန်ဂုဏ်း၊အစဖြေ့ ရှင်သုံးလူ့ မင်း၏၊ ပွင့်တော်မူပြီးသောနောက်၊ သာရမဏ္ဍကပ္ပာမြတ်တွင်၊ လူတို့ အသက်အနှစ်ကိုးသိန်းသို့ရောက်လတ်သောအခါ၊ဆအသာခါ ရထာ၊စသည်မြားမြောင်၊ဂုဏ်တော်အပေါင်းတို့ဖြင့်တန်းဆာ ဆင်အပ်သော၊လက္ခဏာကြီးငယ်၊ ရောင်ခြောက်သွယ်တို့ဖြင့်၊ တထိန်ထိန်တပြောင်ပြောင်၊ထွန်းတော်မူသော၊အလွန်သပ္ပါယ် တင့်တယ်ကြည်ညိုဘွယ်ရှိသော၊ မေခကိရာမဉ်ကျော်၊ကိုယ် တော်မြတ်ဘုရားသည်၊ နည်းနာရုံလင်၊ ပုံဖြင်ထွေပြား၊ ဂုဏ် တော်မြတ်အများတို့နှင့်ပြည့်စုံတော်မူရာ၊ မြေတကာတို့၏၊ ဦး ခေါင်းဦးစွန်းဘွေထပ်၍၊ အထွတ်အမြတ် ဖြစ်သော အရဟတ္တ မဂ်ဉာဏ်ထီးမြူကိုဆောင်းလျက်၊(၂)ကြိမ်မြောက်ပွင့် တော် မူလာပြန်သည်။ ။

အပရာဇိတပလ္လင်္ကေ၊ဗောဓိယာ မူလေ ဇိနော့။
သိသေ ပုထုဝိ-ပက္ခလေ၊အဘိသေကေ သဗ္ဗဇုန္တိနံ။
သာရမဏ္ဍေ ဒုတိယဥ္စ၊သာဒရံ ဝန္ဒေ မေခကိရံ။ ။

ပုထုဝိပက္ခလေ၊အဆုံးမရှိသောစကြာဝဠာမြေတကာထက် မြတ်တော်မူသော။ သဗ္ဗဇုန္တိနံ၊ ခပ်သိမ်း ကုန်သော အဆူဆူ သော ဘုရားရှင်တို့၏။ အဘိသေကေ၊ အောင်မဂ်လာဘိသိက် ရေသွန်းဖျန်းရာ ဖြစ်တော်မူထသော။ ပုထုဝိသိသေ၊ သောင်း မဏ္ဍာလိပ်၊ ဇမ္ဗူဒိပ်လက်ျာတောင်ကျွန်းဝယ်၊ အဝန်းယူဇနာ ကိုးရာကျယ်သော၊ မဏ္ဍိမဒေသ၊ဘွေချက်မအာလယ်၌၊ ကမ္ဘာ ပျက်သော အခါ နောက်မှပျက်လေ့ရှိသော၊ ကမ္ဘာတည်ထွန်း သောအခါရှေးဦးစွာပေါ်ထွက်လာသော၊ လေးထောင့်စပ်စပ်၊ ရှစ်မင်းပယ်စာ ကျယ်စွာထသော၊ ပန်းနုံ့သာမျိုးအရုံရုံ၊ မွှေး ထုံ ရစ်ပတ်၊ ခြံရံအပ်သော ပန်းသစ်ပင် အပေါင်းတို့သည်၊

လက်ျာသုံး၌ ရစ်ပတ်ခွေလည်ရာ ဖြစ်သော၊ ငွေဘော်သား၊ ပတ္တမြားမြရည် အဆင်းရှိသောသဲနွေရခင်းလျက် တည်ထသော၊ ဟုည်း ပုံတောင်း သဘွယ်၊ အလွန်သပ္ပါယ်သော၊ အလယ်တည့်မတ်၊ မြေဦးခေါင်း အရပ်၌။ ဥဒ္ဒဟန္တာယ၊ ထွက်ပေါက်လာသော။ဗောဓိယာ၊ အင်ကြွင်းပင်မြတ်ဖြစ်သောဗောဓိပင်၏။မူလေ၊အောက်အတို့၌။ဥဒ္ဒဟန္တေ၊ပေါ်ထွက်လာသော။ အပရာဇိတပလ္လင်္ကေ၊မာရ်ငါးပါးကို အောင်တော်မူရာ၊မြမြတ်ရွှေပလ္လင်ထက်၌။ သာရမဏ္ဍေ၊ ဘုရားလေးဆူပွင့်တော်မူရာ သာရမဏ္ဍကမ္ဘာမြတ်၌။ ဒုတိယစ္စ၊(၂)ကြိမ်မြောက်သာလျှင်။ ဇုဏ္ဍုနံ၊ အလွန်မြတ်သော အရဟတ္တမဂ်ဉာဏ်ထီးဖြူတော်ကို ဆောင်းလျက်ပွင့်တော်မူထသော။ မေခက်ရံ၊ မေခက်ရာအမည်ရှိတော်မူသော မြတ်စွာဘုရားကို။အဟံ၊ အကျွန်ုပ်သည်။ သာဒရံ၊ အလွန်ရိုသေစွာ။ ဝန္ဒေဝန္ဒာမိ၊ ဆယ်ရုံပေါင်းစည်း၊ လက်သည်းဖြူဆွ၊တော်ပသောလက်အုပ်ကိုမိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ကန်တော့ပါ၏အရှင်ဘုရား။

## ၃–သရဏောက်ရာဘုရားကိုယ်စားရုပ်ပွါးတော်။ ကမ္ဗည်းစာတမ်းနှင့်–ပူဇော်ရန်ဂါထာ။

ထိုမေခက်ရာ၊ မည်သာလွန်ကင်း၊ အစိန္တေ့ရှင်သုံးလူ့မင်း၏၊ပွင့်တော်မူပြီးသောနောက်၊ သာရမဏ္ဍကမ္ဘာမြတ်တွင်၊ လူတို့အသက်အနှစ်ကိုးသိန်းသို့ရောက်လတ်သောအခါ၊ဆအသါခါရဏ၊စသည်မြားမြောင်၊ ဂုဏ်တော်အပေါင်းတို့ဖြင့်၊တန်းဆာဆင်အပ်သော၊လက္ခဏာကြီးငယ်၊ ရောင်ခြောက်သွယ်တို့ဖြင့်၊ တထိန်ထိန်တပြောင် ပြောင်၊ထွန်းတောံပသော၊ အလွန်သပ္ပါယ်၊ တင့်တယ်ကြည်ညိုဘွယ်ရှိသော၊သရဏောက်ရာမည်ကျော်၊ကိုယ်တော်မြတ်ဘုရားသည်၊နည်းနာစုံလင်၊ ပုံပြင်ထွေပြား၊ဂုဏ်တော်မြတ်အများတို့နှင့်၊ပြည့်စုံတော်မူရာ၊မြေတကာ

တို့၏၊ဦးခေါင်းဦးစွန်းဘွေထပ်၌၊အထွတ်အမြတ်ဖြစ်သောအရ
ဟတ္တမဂ်ဉာဏ်ထီးဖြူကိုဆောင်းလျက်၊ (၃) ကြိမ်မြောက်ပွင့်
တော်မူလာပြန်သည်။ ။

အပရာဇိတပလ္လင်္ကေ၊ ဗောဓိယာမူလေဇိနင်္ကံ။
သီသေ ပထဝိ-ပုက္ခလေ၊အဘိသေကေ သဗ္ဗဗုဒ္ဓါနံ။
သာရမဏ္ဍေ တတိယဍ္ဎ၊သာဒရံ ဝန္ဒေ သရဏာကရံ။ ။

ပထဝိပုက္ခလေ၊အဆုံးမရှိသောစကြဝဠာမြေတကာထက်
မြတ်တော်မူထသော။ သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်းကုန်သောအဆူဆူ
သောဘုရားရှင်တို့၏။အဘိသေကေ၊ အောင်မင်္ဂလာ ဘိသိက်
ရေသွန်းဖျန်းရာ ဖြစ်တော်မူထသော။ ပထဝိသီသေ၊ သောင်း
မဏ္ဍလိပ်၊ ဇမ္ဗူဒိပ်လကျာ တောင်ကျွန်းဝယ်၊ အဝန်းယူစနော
ကိုးရာကျယ်သော၊မဏ္ဍိမဒေသ၊ ဘွေချက်မအလယ်၌၊ ကမ္ဘာ
ပျက်သော အခါနောက်မှ ပျက်လေ့ရှိသော၊ ကမ္ဘာတည်ထွန်း
သောအခါရှေးဦးစွာပေါ် ထွက်လာသော၊ လေးထောင့်စပ်စပ်၊
ရှစ်မင်းပယ်စာကျယ်စွာထသော၊ ပန်းနုံ့သာမျိုးအစုံစုံ၊ မွှေးထုံ
ရစ်ပတ်၊ခြံရံအပ်သော ပန်းသစ်ပင်အပေါင်းတို့သည်၊လကျာ
သုံးခါရစ်ပတ်ခွေလည်ရာဖြစ်သော၊ငွေဘော်သား၊ ပတ္တမြားမြ
ရည်အဆင်းရှိသောသဲမွှေရာခင်းလျက်တည်ထသော၊ လှည်းပုံ
တောင်းသဘွယ်၊ အလွန်သပ္ပါယ်သော၊ အလယ်တည့်မတ်၊
မြေဦးခေါင်းအရပ်၌။ဥဒ္ဒဟန္တာယ၊ထွက်ပေါက်လာသော။ဗော
ဓိယာ၊ပိတောက်ဗောဓိပင်မင်း၏။ မူလေ၊အောက်အဘို့၌။ ဥဒ္ဒ
ဟန္တေ၊ပေါ်ထွက်လာသော။အပရာဇိတပလ္လင်္ကေ၊ မာရ်ငါးပါး
ကိုအောင်တော်မူရာ၊မြမြတ်ရွှဲရွှေပလ္လင်ထက်၌။ဇိနင်္ကံ၊အလွန်
မြတ်သော အရဟတ္တမဂ်ဉာဏ်ထီးဖြူတော်ကို ဆောင်းလျက်
ပွင့်တော် မူထသော။ သရဏာကရံ၊ သရဏာကရာ အမည်ရှိ
တော်မူသောမြတ်စွာဘုရားကို။အဟံ၊အကျွန်ုပ်သည်။ သာဒရံ၊
အလွန်ရိုသေစွာ။ဝန္ဒေဝန္ဒာမိ၊ဆယ်ရုံပေါင်းစည်း၊ လက်သည်း

ပြုဆွ၊ တောက်ပသောလက်အုပ်ကိုမိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ကန်တော့ပါ၏အရှင်ဘုရား။

## ၄-ဒိပက်ရာဘုရားကိုယ်စားရုပ်ပွါးတော်။ ကမ္ဘည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

ထိုသရဏာက်ရာ၊မည်သာလွှန်ကင်း၊အစဉ်အဆွေ့ရှင်သုံးလူ့မင်း၏၊ပွင့်တော်မူပြီးသောနေ့ံ၊သာရမဏ္ဍာကမ္ဘာမြတ်တွင်၊လူတို့အသက်အနှစ်တသိန်းသို့ရောင်လတ်သောအခါ၊ဆအသာခရဏာ၊စသည်မြားမြောင်၊ဂုဏ်တော်အပေါင်းတို့ဖြင့်၊ တန်းဆာဆင်အပ်သော်၊လက္ခဏာကြီးငယ်၊ရောင်ခြေံသွယ်တို့ဖြင့်၊တထိန်ထိန်တပြောင်ပြောင်၊တော်ပသော၊အလွန်သပ္ပါယ်၊တင့်တယ်ကြည်ညိုဘွယ်ရှိသော၊ ဒိပက်ရာမည်ကျော်၊ ကိုယ်တော်မြတ်ဘုရားသည်၊နဉ်းနာစုံလင်၊ပုံပြင်ထွေပြား၊ဂုဏ်တော်မြတ်အများတို့နှင့်၊ပြည့်စုံတော်မူရာ၊မြေတကာတို့၏၊ ဦးခေါင်းဦးစွန်းသွေထပ်၍၊အထွတ်အမြတ်ဖြစ်သေါအရဟတ္တမဂ်ဉာဏ်ထီးဖြူတော်ကိုဆောင်းလျှက်၊(၄)ကြိမ်မြော်ပွင့်တော်မူလာပြန်သည်။ ။

အပရာဇိတပလ္လင်္ကေ၊ပိပ္ပလိယာ မူလေ ဇုဏ္ဏာဏ္ဍံ။
သိသေ ပုထုဝိ-မှက္ခလေ၊အဘိသေကေ သဗ္ဗဗုဒ္ဓါနံ။
သာရမဏ္ဍေစ စတုတ္ထံ၊သာဒရံ ဝန္ဒေ ဒိပက်ရံ။ ။
အသိတိဟတ္ထမုဗ္ဗေဓံ၊ပဘာ ဝိခာဝဏ္ဍံ နိရန္တရံ။
သမန္တာဒွါဒသယောဇနေ၊သဒါစတုသတသဟဿပရိဝါရံ။
သတသဟဿဝဿာယုကံ။ ။

ပုထုဝိပုက္ခလေ၊အဆုံးမရှိသောစကြဝဠာမြေတကာထက်မြတ်တော်မူထသော။ သဗ္ဗဗုဒ္ဓါနံ၊ခပ်သိမ်းကုန်သော အဆူဆူသောဘုရားရှင်တို့၏။ အဘိသေကေ၊ အောင်မင်္ဂလာဘိသိက်ရေသွန်းဖျန်းရာ ဖြစ်တော် မူထသော။ ပုထုဝိသိသေ၊ သောင်းမဏ္ဍာလိပ်၊ဇမ္ဗူဒိပ်လက်ျာတောင်ကျွန်းဝယ်၊အ့ဝန်းယူနေခကို

ရာကျယ်သော၊မဏ္ဍိမဒေသ၊ဘွေချက်မအလယ်၌၊ ကမ္ဘာပျက်သောအခါနောက်မှပျက်ငလ့်ရှိသော၊ ကမ္ဘာတည်ထွန်းသောအခါရှေးဦးစွာ ပေါ်ထွက်လာရသော၊ လေးထောင့်စပ်စပ်၊ရှစ်မင်းပယ်စာကျယ်စွာထသော၊ပန်းနှံ့သာမျိုးအရုံရုံ၊မွှေးထုံရစ်ပတ်၊ခြံရံအပ်သောပန်းသစ်ပင်အပေါင်းတို့သည်၊ လကျ်ာသုံးခါရစ်ပတ်ခွေလည်ရာဖြစ်သော၊ ငွေဘော်သား၊ ပတ္တမြား မြရည်အဆင်း ရှိသော သဲနှမ္မရာ ခင်းလျက် တည်ထသော၊ ဗုဒ္ဓည်းမှုံ တောင်းသဘွယ်၊အလွန်သပ္ပါယ်သော၊အလယ်တည့်မတ်၊မြေဦးခေါင်းအရပ်၌။ ဥဒ္ဓဟန္တာယ၊ ထွက်ပေါက်လာသော။ပိပ္ပလိယာ၊ပွင့်တော်မူရာညောင်ကြတ်ဗောဓိပင်၏။မူလေ၊အောက်အဘို့၌။ဥဒ္ဓဟန္တေ၊ပေါ်ထွက်လာသော။ အပရာဇိတပလ္လင်ကေ၊ မာရ်ငါးပါးကို အောင်တော်မူရာ၊ အလျားအနံ (၅၃) တောင်မြင့်သေါရတနာပလ္လင်ထက်၌။သါရမဏ္ဍော၊ဘုရားလေးဆူပွင့်တော်မူရာသာရမဏ္ဍကမ္ဘာမြတ်၌။စတုဿ၊ (၄)ကြိမ်မြော်။ဗုဒ္ဓါနံ၊ အလွန်မြတ်သော အရဟတ္တမဂ်ဉာဏ်ထိုးဖြူတော်ကိုဆောင်းလျက်ပွင့်တော်မူသော။, အသိတိဟတ္ထမုဇ္ဇမံ၊ အရပ်တော်အတောင် (၈၀)မြင့်တော်မူထသော။ပဘာ၊ပကတိသော ကိုယ်တော်အရောင်သည်။သမန္တာဗျာမဒသယောဇနေ၊ ထက်ဝန်းကျင် ၁၂ ယူဇနာအရပ်၌။ နိရန္တရံ၊မပြတ်မစဲ။ဝိဓါဝန္တိ၊ တထိန်ထိန်တလက်လက်၊တောက်ပလျက်ထွန်းထွက်တော်မူထသော။သဒ္ဒါ၊ အခါခပ်သိမ်းသက်တော်တသိန်းတည်သောအခါ၌။ စတုသတသဟဿပရိဝါရံ၊ လေးသိန်းသဃာအခြံအရံ ရှိတော်မူထသော။ သတသဟဿ ဝဿာယုကံ၊ အနှစ်တသိန်းသက်တော်ရှည်တော်မူထသော။ ဒိပင်္ကရံ၊ဒိပင်္ကရာအမည်ရှိတော်မူသောမြတ်စွာဘုရားကို။ အဟံ၊အကျွန်ုပ်သည်။သာဒရံ၊အလွန်ရိုသေစွာ။ဝန္ဒေဝန္ဒာမိ၊ဆယ်ပုံပေါင်းစည်း၊ လက်သည်းဖြူဆွ၊တော်ပသောလက်အုပ်ကိုမိုး၍၊ ရှိခိုးပူဇော်၊ဖူးမြော်မာန်လျှော့၊ကန်တော့ပါ၏အရှင်ဘုရား။

## ၅-ကောဏ္ဍညကိုယ်စားရုပ်ပွါးတော်ဘုရား။
## ကံမှည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

ထိုဒီပင်္ကရာ၊မည်သောလွန်ကင်း၊အစိန္တေ့ရှင်သုံးလူမင်း၏၊ပွင့်တော်မူပြီးနောက်၊သာရမဏ္ဍကမ္ဘာမြတ်မှ၊ဘုရားမပွင့်ရာသုညကမ္ဘာတသင်္ချေကိုလွန်ပြီးသောနောက်၊ ဘုရားတဆူသာ၊ ပွင့်တော်မူရာ၊သာရကမ္ဘာမြတ်၌၊ လူတို့အသက် အနှစ်တသိန်းသို့ကျရောက်သောအခါ၀ယ်၊နည်းနာစုံလင်၊ ပုံပြင်ထွေပြား၊ ဂုဏ်တော်မြတ်အများတို့နှင့်၊ ပြည့်စုံတော်မူရာ၊ မြေတကာတို့၏ဦးခေါင်းဦးစွန်းဘွေထပ်၍၊ အထွတ်အမြတ်ဖြစ်သော အရဟတ္တမဂ်ဉာဏ်ထီးဖြူကို ဆောင်းတော်မူသော၊ ကောဏ္ဍညအမည်ရှိတော်မူသောကိုယ်တော်မြတ်ဘုရားသည် (၅)ကြိမ်မြောက်ပွင့်တော်မူလာပြန်သည်။ ။

အပရာဇိတပလ္လင်္ကေ၊သာလကလျာဏိယာ မူလေ ဗုဒ္ဓေါဇာတော။
သီဟေ ပုထုဝိ-ပုက္ခလေ၊အဘိသေကေ သဗ္ဗဗုဒ္ဓါနံ။
သာရကပ္ပေစ ပဉ္စမံ၊သာဒရံ ဝန္ဒေ ကောဏ္ဍညံ။ ။
အဋ္ဌာသီတိဟတ္ထုဗ္ဗေဓံ၊ဥဋ္ဌုရာဇ့ာဝ သူရိယံ။
ပဘာသမန္တာဓောတကံ၊ဝဿသတသဟဿာယုကံ။ ။

ပုထုဝိပုက္ခလေ၊အဆုံးမရှိသောစကြာဝဠာမြေတကာထက်မြတ်တော်မူထသော။ သဗ္ဗဗုဒ္ဓါနံ၊ခပ်သိမ်းကုန်သော အဆူဆူသောဘုရားရှင်တို့၏။ အဘိသေကေ၊ အောင်မင်္ဂလာဘိသိက်ရေသွန်းဖျန်းရာဖြစ်တော်မူထသော။ ပုထုဝိသီဟေ၊ သောင်းမဏ္ဍလိပ်၊ဇမ္ဗူဒိပ်လက်ျာတောင်ကျွန်း၀ယ်၊အဝန်းယူဇနာကိုးရာကျယ်သော၊ မဏ္ဍိမဒေသ၊ ဘွေချက်မ အလယ်၌၊ ကမ္ဘာပျက်သောအခါနေ့ံမှပျက်လေ့ရှိသော၊ကမ္ဘာတည်ထွန်းသောအခါ ရှေးဦးစွာပေါ်ထွက် လာသော၊လေးထောင့်စပ်စပ်၊ ရှစ်မင်းပယ်စာကျယ်စွာထသော၊ ပန်းနံ့သာမျိုးအရုံ၊မွှေးထုံရစ်ပတ်၊ခြံရံအပ်သောပန်းသစ်ပင်အပေါင်းတို့သည်၊ လက်ျာသုံး

ခါရစ်ပတ်ခွေလည်ရာဖြစ်သော၊ ငွေဘော်သား၊ ပတ္တမြားမြရဉ် အဆင်းရှိသော သဲမွှေရာခင်းလျက် တည်ထသော၊ ဖှည်းပုံ တောင်းသဘွယ်၊ အလွန်သပ္ပါယ်သော၊ အလယ်တည့်မှတ်၊ မြေ ဦးခေါင်းအရပ်၌။ ဥမ္မဟန္တာယ၊ ထွက်ပေါက်လာသော။ သာလ ကလျာဏိယာ၊ သာလကလျာဏီမည်သောဗောဓိပင်မင်း၏။ မှု လေ၊ အောံအတို၌။ ဥမ္မဟန္တော၊ ပေါ် ထွက်လာသော။ အပရာဇိတ ပလ္လင်္ကေ၊ မာရ်ငါးပါးကို အောင်တော်မူရာအလျားအံနံ (၁၄) တောင်ရှိသောရွှေပလ္လင်ထက်၌။ သာရကမ္ပေ၊ ဘုရားတဆူပွင့် တော်မူရာသာရကမ္ဘာ၌။ ပဉ္စမံ၊ (၅) ကြိမ်မြော်။ ဗုဒ္ဓါန္တံ၊ အလွန် မြတ်သော အရဟတ္တမဂ်ဉာဏ်ထီးဖြူတော်ကို ဆောင်းလျက် ပွင့်တော်မူထသော။ အဋ္ဌသိတိဟတ္ထုဗ္ဗေဓံ၊ (၈၈) တောင်မြင့် တော်မူထသော။ ဥဋ္ဌုရောဇာဝ၊ အဇဋ္ဌာဘွေထပ်၊ ကောင်းကင် ရပ်ဝယ်၊ ကြယ်ပေါင်းခသား၊ ရွှေလမင်းကဲ့သို့ရင်း။ သူရိယံဝ၊ ရောင်ခြည်တထောင်ကိုဆောင်သောမွန်းတည့်သောနေသူရိန် မင်းကဲ့သို့ရင်း။ ပဘာသမန္တာဇောတကံ၊ အရပ်ဆယ်မျက်နှာ ပတ်လုံး၊ တထိန်ထိန်တလက်လက် ထွန်းထွက်သောအရောင်ရှိ တော်မူထသော။ ဝဿသတသဟဿာယုကံ၊ အနှစ်တသိန်း သက်တော်ရှည်တော်မူထသော။ ကောဏ္ဍညံ၊ ကောဏ္ဍညအ မည်ရှိတော်မူသောမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သာ ဒရံ၊ အလွန်ရိုသေစွာ။ ဝန္ဒေဝန္ဒာမိ၊ ဆယ်ရုံပေါင်းစည်း၊ လက် သည်းဖြူဆွ၊ တောက်ပသောလက်အုပ်ကိုမိုး၍၊ ရှိခိုးပူဇော်၊ ဖူး မြော်မာန်လျှော့၊ ကန်တော့ပါ၏အရှင်ဘုရား။

---

### ၄-မင်္ဂလဘုရားကိုယ်စားရုပ်ပွါးတော်။ ကမ္ဗည်းစာတမ်းနှင့် ပူဇော်ရန်ဂါထာ။

ထိုကောဏ္ဍည၊ မည်သာလွန်ကင်း၊ အစဉ်နွှေ ရှင်သုံးလူ့မင်း ၏။ ပွင့်တော်မူရာ၊ သာရကမ္ဘာမြတ်မှ၊ ဗုဒ္ဓသုညကမ္ဘာတသင်္ချေ

ကိုလွန်ပြီးသောနောက်အခါ၀ယ်၊ဘုရားလေးဆူပွင့်တော်မူရာ၊ သာရမဏ္ဍကမ္ဘာဖြစ်၍၊ လူတို့ အသက် အနှစ်ကိုးသောင်းသို့ ရောက် ပြန်သောအခါ၊ နည်းနာစုံလင်၊ ပုံပြင်ထွေပြား၊ ဂုဏ် တော် မြတ်အများနှင့်၊ ပြည့်စုံ တော်မူရာ၊မြေတကာတို့၏၊ ဦး ခေါင်းဦးစွန်းဘွေထပ်၍၊အထွတ်အမြတ်ဖြစ်သောအရပ်ဟူ၍မင်္ဂ ဥဘဏ်ထီးဖြူကို ဆောင်းတော်မူလျက်၊ မင်္ဂလအမည်ရှိတော်မူ သောကိုယ်တော်မြတ်ဘုရားသည် (၆)ကြိမ်မြောက်ပွင့်တော်မူ လာပြန်သည်။ ။

အပရာဇိတပလ္လင်္ကေ၊နာဂဗောဓိယာ မူလေ ဇုဏ္ဍဘံ။
သိလေ ပုထုဝိ-ပုက္ခလေ၊အဘိသေကေ သဗ္ဗဇုဒ္ဓါနံ။
သာရမဏ္ဍေစ ဆဋ္ဌမံ၊သာဒရံ ဝန္ဒေ မင်္ဂလံ။ ။
အဋ္ဌသိတိဟတ္ထုဗ္ဗေဓံ၊ သမန္တာ ပဘာဓောတေန္တံ။
ဒသသဟဿိယံသဒါ၊နဝုတိဝဿသဟဿာယုကံ။ ။

ပုထုဝိပုက္ခလေ၊အဆုံးမရှိသောစကြ၀ဠာမြေတကာထက် မြတ်တော်မူထသော။ သဗ္ဗဇုဒ္ဓါနံ၊ ခပ်သိမ်းကုန်သောအဆူဆူ သော ဘုရားရှင်တို့၏။ အဘိသေကေ၊ အောင်မင်္ဂလာဘိသိက် ရေသွန်းဖျန်းရာ ဖြစ်တော်မူထသော။ ပုထုဝိသိလေ၊ သောင်း မဏ္ဍလိပ်၊ဇမ္ဗူဒိပ်လက်ျာတောင်ကျွန်း၀ယ်၊အ၀န်းယူဇနာကိုး ရာကျယ်သော၊မဇ္ဈိမဒေသ၊ဘွေချက်မအလယ်၍၊ ကမ္ဘာပျက် သောအခါ နောက်မှ ပျက်လေ့ရှိသော၊ ကမ္ဘာတည်ထွန်းသော အခါ၌ရှေးဦးစွာပေါ်ထွက်လာသော၊ လေးထောင့်စပ်စပ်၊ ရှစ် မင်းပယ်စာဘျယ်စွာထသော၊ပန်းနံ့သာမျိုးအစုံစုံ၊ မွှေးထုံရစ် ပတ်၊ခြီရံအပ်သော၊ပန်းသစ်ပင်အပေါင်းတို့သဥ်လက်ျာသုံးခါ ရစ်ပတ်ခွေလည်ရာဖြစ်သော၊ ငွေဘော်သား၊ ပတ္တမြားမြရည် အဆင်းရှိသောသဲမွှေရာ ခင်းလျက် တည်ထသော၊ လှည်းပုံ တောင်းသဘွယ်၊အလွန်သပ္ပါယ်သော၊အလယ်တည့်မတ်၊မြေ ဦးခေါင်းအရပ်၍။ ဥဋ္ဌဟန္တာယ၊ ထွက်ပေါက်လာသော။ နာဂ ဗောဓိယာ၊ကံ့ကော်ဗောဓိပင်မင်း၏။မူလေ၊အောက်အဘို့၌။ဥဋ္ဌ

ဟန္လေ့ပေါ် ထွက်လာသော။အပရာဇိတပလ္လင်္ကော်၊မာရ်ငါးပါးကို အောင်တော်မူရာ အလျှားအနံ (၇၅)တောင်မြင့်သော ရွှေပလ္လင်ထက်၌။သာရမဏ္ဍော၊ ဘုရားလေးဆူပွင့်တော်မူရာ သာရမဏ္ဍကမ္ဘာမြတ်၌။ ဆဋ္ဌမံ၊ ( ၆ )ကြိမ်မြောက်။ ဇုတ္တိန္တံ၊အလွန်မြတ်သော အရဟတ္တမဂ်ဉာဏ် ထီးဖြူတော်ကို ဆောင်းလျက်ပွင့်တော်မူထသော။အဋ္ဌာသီတိဟတ္ထုဗ္ဗေဓံ၊( ၈၈ )တောင်မြင့်တော်မူထသော။ဒသသဟဿိယံသဒါ၊အခါမပြတ်ဇာတိခေတ်စကြဝဠာတသောင်း၌။ သမန္တာပဘာသေတွာ၊ အရပ်ထက်ဝန်းကျင်မလပ်၊ ပကတိသော အရောင်ထွန်းလင်း တပြောင်ပြောင်ထွက်တော်မူထသော။နဝုတိဝဿသဟဿာယုကံ၊ အနှစ်ကိုးသောင်းအသက်ရှည်တော်မူထသော။ မင်္ဂလံ၊ မင်္ဂလာအမည်ရှိတော်မူသော မြတ်စွာဘုရားကို။ အဟံ၊အကျွန်ုပ်သည်။ သာဒရံ၊အလွန်ရိုသေစွာ။ဝန္ဒေ၊ဝန္ဒာမိ၊ဆယ်ဖုံပေါင်းစည်းလက်သည်းဖြူဆွ၊ တောက်ပသောလက်အုပ်ကိုမိုး၍၊ ရှိခိုးပူဇော်၊ဖူးမြော်မာန်လျှော့၊ကန်တော့ပါ၏အရှင်ဘုရား။

၇-သုမနဘုရားကိုယ်စားရုပ်ပွါးတော်။
ကမ္ဗည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

ထိုမင်္ဂလာ၊ မည်သာလွန်ကင်း၊အစဉ်နွှေ့ရှင်သုံးလူ့မင်း၏၊ပွင့်တော်မူရာ၊ သာရမဏ္ဍကမ္ဘာမြတ်၌ သာလျှင်၊ နောက်လူတို့အသက်ကိုးသောင်း ကျရောက်သောအခါ၊ နည်းနာစုံလင်၊ ပုံပြင်ထွေပြား၊ ဂုဏ်တော်မြတ်အများနှင့်၊ပြည့်စုံတော်မူရာ၊ မြေတကာတို့၏၊ဦးခေါင်းဦးစွန်းဘွေထပ်၌၊အထွတ်အမြတ်ဖြစ်သောအရဟတ္တမဂ်ဉာဏ်ထီးဖြူကို ဆောင်းတော် မူလျက်၊သုမနအမည်ရှိတော်မူသောကိုယ်တော်မြတ်ဘုရားသည် (၇)ကြိမ်မြောက်ပွင့်တော်မူလာပြန်သည်။ ။

အပရာဇိတပလ္လင်္ကော်၊ နာဂဗောဓိယာ မူလေ ဇုတ္တိန္တံ။

သီသေ ပုထုဝိ-ပုက္ခလေ၊အဘိသေကေ သဗ္ဗဗုဒ္ဓါနံ။
သာရမဏ္ဍေစ သတ္တမံ၊သာဒရံ ဝန္ဒေ သုမနံ။ ။
နဝုတိဟတ္ထမုဂ္ဂတံ၊ကဉ္စနဂ္ဃိယံဝိယ ဝိရောစေန္တံ။
ဒသသဟဿိဓါတုယံ၊နဝုတိဝဿသဟဿာယုကံ။ ။

ပုထုဝိပုက္ခလေ၊ အဆုံးမရှိသောစကြဝဠာမြေတုကာထက် မြတ်တော်မူထသော။ သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်းကုန်သောအဆူဆူသောဘုရားရှင်တို့၏။အဘိသေကေ၊အောင်မင်္ဂလာဘိသိက်ရေသွန်းဖျန်းရာဖြစ်တော် မူထသော။ပုထုဝိသီသေ၊ သောင်းမဏ္ဍလိပ်၊ ဇမ္ဗူဒိပ်လက်ျာတောင်ကျွန်းဝယ်၊ အဝန်းယှဉ်နှောကိုးရာကျယ်သော၊ မဇ္ဈိမဒေသ၊ဘွေချက်မအလယ်၌၊ ကမ္ဘာပျက်သောအခါနောက်မှပျက်လေ့ရှိသော၊ ကမ္ဘာတည် ထွန်းသောအခါရှေးဦးစွာပေါ်ထွက်လာသော၊လေးထောင့်စပ်စပ်၊ရှစ်မင်းပယ်စာကျယ်စွာထသော၊ ပန်းနုံ့သာမျိုးအစုံစုံ၊မွှေးထုံရစ်ပတ်၊ ခြံရံအပ်သော ပန်းသစ်ပင်အပေါင်းတို့သည်၊ လက်ျာသုံးခါရစ်ပတ်ခွေလည်ရာ ဖြစ်သော၊ ငွေဘော်သား၊ ပတ္တမြားမြရည်အဆင်းရှိသောသဲနွယ်ရာခင်းလျက်တည်ထသော၊လှည်းပုံတောင်းသဘွယ်၊အလွန်သပ္ပါယ်သော၊အလယ်တည့်မတ်၊မြေဦးခေါင်းအရပ်၌။ဥဒ္ဓ့ဟတ္ထာယ၊ထွက်ပေါက်လာသော။ နာဂဗောဓိယာ၊ ကံ့ကော်ပင်မင်း၏။မူလေ၊အောက်အဘို့၌။ဥဒ္ဓဟန္တေ၊ပေါ်ထွက်လာသော။ အပရာဇိတပလ္လင်္ကေ၊မာရ်ငါးပါးကိုအောင်တော်မူရာ အလျားအနံ၊(၆၀)မြင့်သောရွှေပလ္လင်ထက်၌။သာရမဏ္ဍေ၊ ဘုရားလေးဆူပွင့်တော်မူရာ သာရမဏ္ဍကမ္ဘာမြတ်၌။ သတ္တမံ၊ ၇ဆူမြောက်။ဗုဒ္ဓါနံ၊အလွန်မြတ်သောအရဟတ္တမဂ်ဥာဏ်ထီးဖြူတော်ကိုဆောင်းလျက်ပွင့်တော်မူထသော။ နဝုတိဟတ္ထမုဂ္ဂတံ၊အရပ်တော်(၉၀)အတောင်မြင့်တော်မူထသော။ဒသသဟဿိဓါတုယံ၊ဇာတိခေတ်ပေါင်း၊တသောင်းသောလောကဓါတ်၌။ကဉ္စနဂ္ဃိယံဝိယ၊ ရင်းဖျားမလပ်။ အရပ်ထက်ဝန်းကျင်ပတ်လုံး၊ တထိန်ထိန် တပြောင်ပြောင် တောက်ပသော ရွှေစေတီ

ကြီးကဲ့သို့။ ဝိရောစန္တံ၊ တောက်ပတင့်တယ်၊ နှစ်သက်ဘွယ်သော ကိုယ်တော်ရောင် ဘုန်းရောင်တို့ဖြင့်၊ ထွန်းတွက်တော်မူထသော။ နဝုတိဝဿ သဲဟာဿာယုကံ၊ အနှစ် ကိုးသိန်းအသက်ရှည်တော်မူထသော။သုမနံ၊သုမန အမည်ရှိတော်မူသောမြတ်စွာဘုရားကို။အဟံ၊အကျွန်ုပ်သည်။သာဒရံ၊ အလွန်ရိုသေစွာ။ဝန္ဒေဝန္ဒာမိ၊ ဆယ်ရုံပေါင်းစည်း၊လက်သည်းဖြူဆွ၊ တော်ပသောလက်အုပ်ကိုမိုး၍၊ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏အရှင်ဘုရား။

---

ဂ-ရေဝတဘုရားကိုယ်စားရုပ်ပွါးတော်။
ကမ္ဗည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

ထိုသုမန၊မည်သာလွန်ကင်း၊အစဉ်ခွေ့ရှင်သုံးလူ့မင်း၏၊ ပွင့်တော်မူရာ၊သာရမဏ္ဍကမ္ဘာမြတ်တွင်၊ နောင်လူတို့အသက် အနှစ်ခြောက်သောင်းတမ်းသို့ရောက်ပြန်သောအခါဝယ်၊နည်းနာရုံလင်၊ ပုံပြင်ထွေပြား၊ ဂုဏ်တော်မြတ်အများနှင့်၊ပြည့်ရုံတော်မူရာ၊မြေတကာတို့၏၊ဦးခေါင်းဦးစွန်းဘွေထပ်၍၊ အထွတ် အမြတ်ဖြစ်သော အရဟတ္တမဂ် ဉာဏ်ထီးဖြူကို ဆောင်းတော်မူလျက်၊ ရေဝတအမည်ရှိတော်မူသော ကိုယ်တော်မြတ်ဘုရားသည်(ဂ)ကြိမ်မြောက်ပွင့်တော်မူလာပြန်သည်။ ။

အပရာဇိတပလ္လင်္ကေ၊နာဂဗောဓိယာ မူလေ ဗုဒ္ဓတ္တံ။
သိဒေ ပုထုဝိ-ပုက္ခလေ၊အဘိသေကေ သမ္ဗုဒ္ဓါနံ။
သာရမဏ္ဍေစ အဠမံ၊သာဒရံ ဝန္ဒေ ရေဝတံ။ ။
အသီတိဟတ္ထမုဗ္ဗေဓံ၊သမန္တာ ပဘာဓောတိတံ။
ယောဇနဒွာနေဝ သဗ္ဗဒါ၊သဋ္ဌိဝဿသဟာဿာယုကံ။ ။

ပုထုဝိပုက္ခလေ၊အဆုံးမရှိသောစကြဝဠာမြေတကာထက်မြတ်တော်မူထသော။ သမ္ဗုဒ္ဓါနံ၊ ခပ်သိမ်းကုန်သောအဆူဆူသောဘုရားရှင်တို့၏။အဘိသေကေ၊အောင်မင်္ဂလာဘိသိက်ရေ

သွန်းဖျန်းရာဖြစ်တော်မူထသော။ ပုထုဝိသိသေ၊ သောင်းမဏ္ဍလိပ်၊ ဇမ္ဗူဒိပ်လက်ျာတောင်ကျွန်းဝယ်၊ အဝန်းယူဇနာကိုးရာကျယ်သော၊ မဇ္ဈိမဒေသ၊ သွေချက်မ အလယ်၌၊ ကမ္ဘာပျက်သောအခါနောက်မှပျက်လေ့ရှိသော ကမ္ဘာတည်ထွန်းသောအခါရှေးဦးစွာပေါ် ထွက်လာသော၊ လေးထောင့်စပ်စပ်၊ ရှစ်မင်းပယ်စာကျယ်စွာထသော၊ပန်းနှံ့သာမျိုးအစုံရုံ၊ မွှေးထုံရစ်ပတ်၊ ခြံရံအပ်သောပန်းသစ်ပင်အပေါင်းတို့သည်၊လက်ျာသုံးခါရစ်ပတ်ခွေလည်ရာဖြစ်သော၊ ငွေဘော်သား၊ပတ္တမြားမြရည် အဆင်းရှိသောသဲမွှေရာခင်းလျက်တည်ထသော၊ဖျည်းပုံတောင်းသဘွယ်၊ အလွန်သပ္ပါယ်သော၊ အလည် တည့်မတ်၊ မြေဦးခေါင်းအရပ်၌။ ဥဿဟာဿယ၊ ထွက်ပေါ်လာသော။ နာဂဗောဓိယာ၊ကံ့ကော်ပင်မင်း၏။မူလေ၊အောက်အဘို့၌။ ဥဿဟာဿေ၊ပေါ်ထွက်လာသော။ အပရာဇိတပလ္လင်္ကေ၊ မာရ်ငါးပါးကိုအောင်မြင်တော်မူရာ၊ အလျားအနံ (၅၃) တောင်မြင့်သော ရွှေပလ္လင်ထက်၌။သာရမဏ္ဍေ၊ ဘုရားလေးဆူပွင့်တော်မူရာ သာရမဏ္ဍကမ္ဘာမြတ်၌။အဋ္ဌမံ'(ဂ)ကြိမ်မြောက်။ ဗုဒ္ဓတ္တံ၊ အလွန်မြတ်သောအရဟတ္တမဂ်ဉာဏ် ထီးဖြူတော်ကိုဆောင်းလျက် ပွင့်တော်မူထသော။ အသီတိဟတ္ထုဗ္ဗေဓံ၊အရပ်တော်အတောင် (ဂဝ) မြင့်တော်မူထသော။ ယောဇနဒ္ဓာနေဝ၊ တယူဇနာအရပ်၌သာလျှင်။ သမန္တာ၊ထက်ဝန်းကျင်မှ။ သဗ္ဗဒါ၊အခါခပ်သိမ်း။ပဘာဇောတိတံ၊ ပကတိအရောင်တော်တောက်ပတင့်တယ် ထွန်းထွက်တော် မူထသော။ သဋ္ဌိဝဿ သဟဿာယုကံ၊ အနှစ်ခြောက်သောင်းအသက်ရှည်တော်မူထသော။ ရေဝတံ၊ ရေဝတအမည်ရှိတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။သာဒရံ၊ အလွန်ရိုသေစွာ။ ဝန္ဒေဝန္ဒာမိ၊ ဆယ်ပုံပေါင်းစည်း၊လက်သည်းဖြူဆွ၊တောက်ပသောလက်အုပ်ကိုမိုး၍၊ရှိခိုးပူဇော်၊ဖူးမြော်မာန်လျှော့၊ကန်တော့ပါ၏အရှင်ဘုရား။ ။

## ၉-သောဘိတဘုရားကိုယ်စားရုပ်ပွါးတော်။
## ကမ္ဘည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

ထိုရေဝတ မည်သာလွန်ကောင်း၊ အစိန္တေ့ရှင် သုံးလူ့မင်း၏၊ ပွင့်တော်မူရာ၊သာရမဏ္ဍာကမ္ဘာမြတ်တွင်၊ နောင်လူတို့ အသက် အနှစ်ကိုးသောင်းသို့ရောက် သောအခါဝယ်၊ နည်းနာစုံလင်၊ ပုံ ပြင်ထွေပြား၊ဂုဏ်တော်မြတ်အများနှင့်၊ ပြည့်စုံတော်မူရာ၊မြေ တကာတို့၏၊ဦးခေါင်းဦးစွန်းဘွေထပ်၍၊ အထွတ် အမြတ်ဖြစ် သောအရဟတ္တမဂ်ဉာဏ်ထီးဖြူကိုဆောင်းတော်မူလျက်၊သော ဘိတအမည်ရှိတော်မူသော ကိုယ်တော်မြတ်ဘုရားသည် (၉) ကြိမ်မြောက်ပွင့်တော်မူလာပြန်သည်။ ။

အပရာဇိတပလ္လင်္ကေ၊နာဂဗောဓိယာ မူလေ ဗုဒ္ဓတ္တံ။
သီသေ ပုထုဝိ-ပုက္ခလေ၊အဘိသေကေ သဗ္ဗဗုဒ္ဓါနံ။
သာရမဏ္ဍေစ နဝမံ၊သာဒရံ ဝန္ဒေ သောဘိတံ။ ။
အဋ္ဌပညာသမုဂ္ဂတံ၊သမန္တာသတရံသိဝ။
ဒိသောဒိသံပဘာသဒါ၊နဝုတိ ဝဿသဟဿာယုကံ။ ။

ပုထုဝိပုက္ခလေ၊အဆုံးမရှိသော စကြဝဠာမြေတကာထက် မြတ်တော်မူထသော။ သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်းကုန်သောအဆူဆူ သောဘုရားရှင်တို့၏။အဘိသေကေ၊ အောင်မင်္ဂလာ ဘိသိက် ရေသွန်းဖျန်းရာဖြစ်တော် မူထသော။ ပုထုဝိသီသေ၊ သောင်း မဏ္ဍာလိပ်၊ဇမ္ဗူဒိပ်လက်ျာတောင်ကျွန်းဝယ်၊ အဝန်းယူဇနာကိုး ရာကျယ်သော၊မဇ္ဈိမဒေသ၊ ဘွေချက်မအလယ်၌၊ကမ္ဘာပျက် သောအခါနောက်မှ ပျက်လေ့ရှိသော၊ ကမ္ဘာတည်ထွန်းသော အခါ ရှေးဦးစွာ ပေါ်ထွက်လာသော၊လေးထောင့်စပ်စပ်၊ ရှစ် မင်းပယ်စာကျယ်စွာထသော၊ပန်းနံ့သာမျိုးအစုံစုံ၊ မွှေးထုံရစ် ပတ်၊ ခြိရံအပ်သောပန်းသစ်ပင်အပေါင်းတို့သည်၊ လက်ျာသုံး ခါရစ်ပတ်ခွေလည်ရာဖြစ်သော၊ငွေဘော်သား၊ပတ္တမြားမြရည် အဆင်းရှိသော သဲမွှေရာခင်းလျက် တည်ထသော၊ ဖျည်းပုံ

တောင်းသဘွယ်၊အလွန်သပ္ပါယ်သော၊ အလယ်တည့်မတ်၊မြေဦးခေါင်းအနုရပ်၌။ဥဒ္ဒဟန္တာယ၊ထွက်ပေါက်လာသော။နာဂဗောဓိယာ၊ကံ့ကော်ပင်မင်း၏။ မူလေ၊ အောက်အတ္တိ၌။ ဥဒ္ဒဟန္တော၊ ပေါ်ထွက်လာသော။ အပရေဇိတ ပလ္လင်္ကော၊ မာရ်ငါးပါးကို အောင်မြင် တော်မူရာ၊အလျားအနံ (၃၈)တောင်မြင့်သောရွှေပလ္လင်ထက်၌။ သာရမဏ္ဍော၊ဘုရားလေးဆူပွင့်တော်မူရာသာရမဏ္ဍကမ္ဘာမြတ်၌။နဝမံ၊(၉)ကြိမ်မြောက်။ဗုဒ္ဓတ္တံ၊ အလွန်မြတ်သော အရဟတ္တမဂ်ဉာဏ် ထီးဖြူတော်ကို ဆောင်းလျက် ပွင့်တော်မူထသော။ အဋ္ဌပညာသရဂ္ဂတံ၊ (၅၈)တောင်အရပ်မြင့်တော်မူထသော။ပဘာ၊အရောင်တော်သည်။သမန္တာ၊ထက်ဝန်းကျင်မှ။သတရံသိဝ၊ ရောင်ခြည်တထောင်ကိုဆောင်သောနေမင်းကဲ့သို့။သဒါ၊အချင်းခပ်သိမ်း။ ဝိသောဝိသံ၊ထိုထိုအရပ်သို့။ဇောတိတံ၊ ထွန်းတောက်ပတော် မူထသော။ နဝုတိဝဿသဟဿာယုကံ၊ အနှစ်ကိုးသိန်း အသက် ရှည်တော်မူထသော။ သောဘိတံ၊ သောဘိတ အမည်ရှိတော်မူသော မြတ်စွာဘုရားကို။အဟံ၊အကျွန်ုပ်သည်။သာဒရံ၊အလွန်ရိုသေစွာ။ဝန္ဒေဝန္ဒာမိ၊ဆယ်ရံပေါင်းစည်း၊လက်သည်းဖြူဆွ၊တော်ပသောလက်အုပ်ကိုမိုး၍၊ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏ အရှင်ဘုရား။ ။

---

## ၁၀-အနောမဒဿီဘုရားကိုယ်စားရုပ်ပွါးတော်။ ကမ္ပည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

ထိုအစိန္တေယျ၊ဂုဏ်ပေါင်းခသား၊ သောဘိတ မြတ်စွာဘုရားပွင့်တော်မူရာ၊ သာရမဏ္ဍကမ္ဘာမြတ်မှ၊ ဗုဒ္ဓသုည အသင်္ချေကို လွန်ပြီးသောနောက်၊ဘုရား ၃ ဆူပွင့်တော်မူရာ။ဝရကမ္ဘာမြတ်ဝယ်၊ လူတို့အသက်အနှစ်ကိုးသိန်းတမ်းသို့ ရောက်ပြန်သော အခါ၊နည်း  ဗုံလင်၊ပုံပြင်ထွေပြား၊ ဂုဏ်တော်မြတ်အများနှင့်၊

ပြည့်စုံတော်မူရာ၊မြေတကာတို့၏၊ ဦးခေါင်းဦးစွန်းဘွေထပ်၍၊ အထွတ်အမြတ်ဖြစ်သေါအရဟတ္တမဂ်ဉာဏ်ထီးဖြူကိုဆောင်း တော်မူလျက်၊ အနောမဒဿီ အမည် ရှိတော်မူသော ကိုယ်တော်မြတ်ဘုရားသည် (၁၀) ကြိမ်မြောက်ပွင့်တော်မူလာပြန်သည်။ ။

အပရာဇိတပလ္လင်္ကေ၊အဗ္ဘုန္နရက္ခဗောဓိယာ မူလေ ဇုတ္တိဋ္ဌံ။
သီသေ ပုထုဝိ-ပုက္ခလေ၊အဘိသေကေ သဗ္ဗဗုဒ္ဓါနံ။
ဝရကပ္ပေစ ဒသမံ၊သာဒရံ ဝန္ဒေ အနောမဒဿိံ။ ။
အဋ္ဌပဏ္ဏာသမုဗ္ဗေဓံ၊သတရံသိဝ ဥဂ္ဂတံ။
ပဘာနိစ္စလန္တံ သဒါ၊ဝဿသတသဟဿာယုကံ။ ။

ပုထုဝိပုက္ခလေ၊အဆုံးမရှိသော စကြဝဠာမြေတကာထက်မြတ်တော်မူထသော။ သဗ္ဗဗုဒ္ဓါနံ၊ခပ်သိမ်းကုန်သော အဆူဆူသောဘုရားရှင်တို့၏။ အဘိသေကေ၊ အောင်မင်္ဂလာဘိသိက်ရေသွန်းဖျန်းရာ ဖြစ်တော်မူထသော။ ပုထုဝိ သီသေ၊ သောင်းမဏ္ဍလိပ်၊ ဇမ္ဗူဒိပ်လက်ျာတောင်ကျွန်းဝယ်၊ အဝန်း ယူဇနာကိုးရာကျယ်သော၊ မဏ္ဍိမဒေသ၊ ဘွေချက်မအလယ်၌၊ကမ္ဘာပျက်သောအခါ နောက်မှ ပျက်လေ့ရှိသော၊ ကမ္ဘာတည်ထွန်းသောအခါရှေးဦးစွာ ပေါ်ထွက်လာသော၊ လေးထောင့်စပ်စပ်၊ ရှစ်မင်းပယ်စာကျယ်စွာထသော၊ပန်းနုံ့သာမျိုးအရုံရုံ၊ မွှေးထုံရစ်ပတ်၊ ခြံရံအပ်သောပန်းသစ်ပင်အပေါင်းတို့သည်၊လက်ျာသုံးခါရစ်ပတ်ခွေလည်ရာဖြစ်သော၊ငွေဘောင်သား၊ ပတ္တမြားမြရည်အဆင်းရှိသောသဲမွေ့ရာခင်းလျက်တည်ထသော၊ ဖှည်းပုံတောင်းသဘွယ်၊ အလွန်သပ္ပါယ်သော၊ အလယ်တည့်မတ်၊ မြေဦးခေါင်းအရပ်၌။ဥဒ္ဓဟန္တွာယ၊ထွက်ပေါက်လါသော။အဗ္ဘုန္နရက္ခဗောဓိယာ၊ ဖေါက်ကြဲ့ဗောဓိပင်မြတ်၏။ မူလေ၊အောက်အဘို့၌။ ဥဒ္ဓဟန္တွေ၊ပေါ် ထွက်လာသော။ အပရာဇိတပလ္လင်္ကေ၊ မာရ်ငါးပါးကိုအောင်တော်မူရာ၊အလျားအနံ (၁၄)တောင်မြင့်သောရွှေပလ္လင်ထက်၌။ ဝရကပ္ပေ၊ ဘုရား(၃)ဆူသင့်တော်မူရာ

ဝရကမ္ဗာမြတ်၌။ ဒသမံ၊ (၁၀) ကြိမ်မြောက်။ ဗုဒ္ဓါနံ၊ အလွန်မြတ်သော အရဟတ္တ မဂ်ဉာဏ် ထီးဖြူတော်ကိုဆောင်းလျက် ပွင့်တော်မူထသော။ အဋ္ဌပဏ္ဏာသရတနံ၊ (၅၈) တောင်အရပ်မြင့်တော်မူထသော။ သတရံသိံ ဝါ၊ ရောင်ခြည်တထောင်ကိုဆောင်သောနေမင်းကဲ့သို့။ ဥဂ္ဂတံ၊ ထွန်းထွက်တက်တော် မူထသော။ သဒါပဘာနိစ္စလဒ္ဓံ၊ အခါခပ်သိမ်းအရောင်တော် ပြိုးပြိုးပြက်ထွက်တော် မူထသော။ ဝဿသတ သဟဿာယုကံ၊ သက်တော်အနှစ်တသိန်းရှည်တော်မူထသော။ အနောမဒဿိံ၊ အနောမဒဿီ အမည်ရှိတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သာဒရံ၊ အလွန်ရိုသေစွာ။ ဝန္ဒေ ဝန္ဒာမိ၊ ဆယ်ရုံပေါင်းစည်း၊ လက်သည်းဖြူဆွ၊ တောက်ပသော့လက်အုပ်ကိုမိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏အရှင်ဘုရား။

၁၁-ပဒုမဘုရားကိုယ်စားရုပ်ပွါးတော်။
ကမ္ပည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

ထိုအစိန္တေယျ၊ ဂုဏ်ပေါင်းခဲသား၊ အနော်မဒဿီမြတ်စွာဘုရားပွင့်တော်မူရာ၊ ဝရမည်သော်ကမ္ဗာမြတ်ဝယ်၊ နောင်လူတို့အနှစ်တသိန်းတမ်းသို့ရောက်ပြန်သောအခါ၊ နည်းနာစုံလင်၊ ပုံပြင်ထွေပြား၊ ဂုဏ်တော်မြတ်အများနှင့်၊ ပြည့်စုံတော်မူရာ၊ မြေတကာတို့၏၊ ဦးခေါင်းဦးစွန်းဘွေထပ်၌၊ အထွတ်အမြတ်ဖြစ်သောအရဟတ္တမဂ်ဉာဏ်ထီးဖြူကိုဆောင်းတော်မူလျက်၊ ပဒုမအမည်ရှိတော်မူသော ကိုယ်တော် မြတ်ဘုရားသည် (၁၁) ကြိမ်မြောက်ပွင့်တော်မူလာပြန်သည်။ ။

အပရာဇိတပလ္လင်္ကော်၊ မဟာသောဏဗောဓိယာ မူလေ ဗုဒ္ဓတ္တံ၊
သိသေ ပုထုဝိ-ပုက္ခလေ၊ အဘိသေကေ သဗ္ဗဗုဒ္ဓါနံ။
ဝရင်္ဂေ ပဒုမ ကောဒသမံ။ သာဒရံ ဝန္ဒေ ပဒုမံ။ ။

ရာကျယ်သော၊မဏ္ဍိမဒေသ၊ဘေွချက်မအလယ်၌၊ ကမ္ဘာပျက်
သောအခါနောက်မှပျက်လေ့ရှိသော၊ ကမ္ဘာတည်ထွန်းသော
အခါ ရှေးဦးစွာ ပေါ်ထွက်လာသော၊ လေးထောင့်စပ်စပ်၊ ရှစ်
မင်းပယ်စာကျယ်စွာထသော၊ ပန်းနှံ့သာမျိုးအရုံရုံ၊မွှေးထုံရစ်
ပတ်၊ ခြံရံအပ်သောပန်းသစ်ပင်အပေါင်းတို့သည်၊လကျာသုံး
ခါရစ်ပတ်ခွေလည်ရာဖြစ်သော၊ငွေဘော်သား၊ပတ္တမြားမြရည်
အဆင်းရှိသော သဲနွေရာ ခင်းလျက် တည်ထသော၊ ဟှည်းပုံ
တောင်းသဘွယ်၊အလွန်သပ္ပါယ်သော၊အလယ်တည့်မတ်၊မြေ
ဦးခေါင်းအရပ်၌။ ဥဒ္ဓမ္ဘာယ၊ပေါက်ထွက်လာသော။ မဟာ
သောလာဗောဓိယာ၊ ကြောင်လျှာပင်ကြီး ဗောဓိပင်မင်း၏။ မူ
လေ၊အောက်အဘို့၌။ဥဒ္ဓမ္ဘာဝ္လေ၊ပေါ်ထွက်လာသော။ အပရာဇိ
တပလ္လင်္ကေ၊မါရ်ငါးပါးကိုအောင်တော်မူရာအလျှားအနံ(၅၇)
တောင်မြင့်သောရွှေပလ္လင်ထက်၌။ဝရကပ္ပေ၊ ဘုရား(၃)ဆူပွင့်
တော်မူရာဝရကမ္ဘာမြတ်၌။ ဒွါဒသမံ၊(၁၂)ကြိမ်မြော်။ဗုဒ္ဓါန္တံ၊
အလွန်မြတ်သော အရဟတ္တမဂ်ဉာဏ်ထီးဖြူတော်ကို ဆောင်း
လျက်ပွင့်တော်မူထသော။အဋ္ဌာသီတိသမုဂ္ဂတံ၊ (၈၈)တောင်
အရပ်မြင့်တော်မူထသော။ကဉ္စနဿိယံဝ၊ ရွှေစေတီတော်ကြီး
ကဲ့သို့။ပဘာဿံ၊တောက်ပသောအရောင်ရှိတော်မူထသော။ဒွါသ
သဟာဿိ ဝိရောစံ၊ ဇာတိခေတ်ပေါင်း၊သောင်းလောကဓာတ်
၌၊ အလွန်တင့်တယ်တော်မူထသော။ နဝုတိ ဝဿသဟဿာ
ယုကံ၊အနှစ်(၉)သောင်းအသက်ရှည်တော်မူထသော။ နာရဒံ၊
နာရဒအမည်ရှိတော်မူသောမြတ်စွာဘုရားကို။အဟံ၊အကျွန်ုပ်
သည်။သာဒရံ၊အလွန်ရိုသေစွါ။ဝန္ဒေဝန္ဒာမိ၊ဆယ်ရုံပေါင်းစဉ်း၊
လက်သည်းဖြူဆွ၊ တော်ပသောလက်အုပ်ကိုမိုး၍၊ ရှိခိုးပူဇော်၊
ဖူးမြော်မာန်လျှော့၊ကန်တော့ပါ၏အရှင်ဘုရား။ ။

## ၁၃-ပဒုမုတ္တိုရ်ဘုရားကိုယ်စားရုပ်ပွါးတော်။
## ကမ္ဗည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

ထိုအစဉ်အတွေ့ယျ၊ ဂုဏ်ပေါင်းခဲသား၊နာရနဒမြတ်စွာဘုရားပွင့်တော်မူရာ၊ဝရကမ္ဘာမှ၊ဗုဒ္ဓသုညတသင်္ချေကိုလွန်၍၊ ဘုရားတဆူတည်းသာ ပွင့်ရာဖြစ်သော သာရကမ္ဘာမြတ်ဝယ်၊လူတို့အသက်အနှစ်တသိန်းသို့ကျရောက်သောအခါ၊ နည်းနာစုံလင်၊ပုံပြင်ထွေပြား၊ဂုဏ်တော်မြတ်အပေါင်းနှင့်ပြည့်စုံတော်မူရာ၊မြေတကာတို့၏၊ဦးခေါင်းဦးစွန်းဘွေထက်၌၊ ပေါက်ထွက်သောသရဋ္ဌမည်ခေါ်၊ဗောဓိပင်အောက်၊ ဆန်းကြယ်ပေါက်သား၊အလျားအနံ(၃၈)တောင်မြင့်သောဗောဓိပင်ရွှေပလ္လင်ထက်၌၊အထွတ်အမြတ်ဖြစ်သော်အရဟတ္တမဂ်ဉာဏ်ထီးဖြူကိုဆောင်းတော်မူလျက်၊ပဒုမုတ္တိုရ်အမည်ရှိတော်မူသောဘုရားကိုယ်တော်မြတ်သည်(၁၃)ကြိမ်မြောက်ပွင့်တော်မူလာပြန်သည်။ ။

အပရာဇိတပလ္လင်္ကေ၊သရဋ္ဌဗောဓိယာ မူလေ ဗုဒ္ဓတ္တံ။
သိသေ ပထုဝိ-ပုက္ခလေ၊အဘိသေကေ သဗ္ဗဗုဒ္ဓါနံ။
သာရကပ္ပေ တေရသမံ၊သာဒရံ ဝန္ဒေ ပဒုမုတ္တရံ။ ။
အဋ္ဌပဏ္ဏာသရဂ္ဂတံ၊ကဥ္စနဿိယံဝ ပဘာဿံ။
သမန္တာဒွါဒသယောဇနေ၊ဝဿသတသဟဿာယုကံ။ ။

ပထုဝိပုက္ခလေ၊အဆုံးမရှိသောစကြဝဠာမြေတကာထက်မြတ်တော်မူထသော။ သဗ္ဗဗုဒ္ဓါနံ၊ခပ်သိမ်းကုန်သော အဆူဆူသောဘုရားရှင်တို့၏။ အဘိသေကေ၊ အောင်မင်္ဂလာဘိသိက်ရေသွန်းဖျန်းရာ ဖြစ်တော်မူထသော။ ပထုဝိသိသေ၊ သောင်းမဏ္ဍလိပ်၊ဇမ္ဗူဒိပ်လက်ျာတောင်ကျွန်းဝယ်၊အဝန်းယူဇနာကိုးရာကျယ်သော၊မဇ္ဈိမဒေသ၊ဘွေချက်မအလယ်၌၊ ကမ္ဘာပျက်သောအခါနောက်မှ ပျက်လေ့ရှိသော၊ ကမ္ဘာတည်ထွန်းသောအခါရှေးဦးစွာ ပေါ်ထွက်လာသော၊လေးထောင့်စပ်စပ်၊ ရှစ်မင်းပယ်စေ်ႏ႐ြယ်စွာထသော၊ ပန်းနံ့သာမျိုးအစုံစုံ၊ မွှေးထုံရစ်

ပတ်၊ ခြံရံအပ်သောပန်းသစ်ပင်အပေါင်းတို့သည်၊ လက်ျာသုံး ခါရစ်ပတ်ခွေလည်ရာဖြစ်သော၊ ငွေတောင်သားပတ္တမြားမြရဉ် အဆင်းရှိသော သဲဖွေ့ရာ ခင်းလျက် တည်ထသော၊ လှည်းပုံ တောင်းသဘွယ်၊အလွန်သပ္ပါယ်သော၊အလယ်တည့်မတ်၊မြေ ဦးခေါင်းအရပ်၌။ဥဒ္ဒဟန္တာယ၊ပေါ်ထွက်လာသော။သရဇ္ဇဗေါ ဓိယာ၊သရဇ္ဇမည်ကျော်၊ဗောဓိပင်မင်း၏။မူလေ၊အောက်အတွို ၌။ ဥဒ္ဒဟန္တေ၊ပေါ်ထွက်လာသော။ အပရာဇိတပလ္လင်္ကေ၊မာရ် ငါးပါးကိုအောင်တော်မူရာအလျှားအနံ(၃၀)တောင်မြင့်သော ရွှေပလ္လင်ထက်၌။ သာရကပ္ပေ၊ဘုရားလေးဆူ ပွင့်တော်မူရာ၊ သာရကမ္ဘာမြတ်၌။ တေရသမံ၊ (၁၃) ကြိမ်မြောက်။ ဇုဏ္ဍက္က၊ အလွန်မြတ်သောအရဟတ္တမဂ်ဉာဏ်ထီးဖြူတော်ကို ဆောင်း လျက် ပွင့်တော်မူထသော။အဒ္ဒပဏ္ဏာသရဂ္ဂတံ၊ (၅၀)တောင် အရပ်မြင့်တော်မူထသော။ သမန္တာ ဒွါဒသယောဇနေ၊ အရပ် ထက်ဝန်းကျင်(၁၂)ယူဇနာအရပ်၌။ကဥ္စနဂ္ဃိယံဝ၊ရွှေစေတီ ကြီးကဲ့သို့။ပဘန္တံ၊တောက်ပသောအရောင်ရှိတော်မူထသော။ ဝသသတ သဟဿာယုကံ၊ သက်တော် အနှစ်တသိန်းရှည် တော်မူထသော။ ပဒုမုတ္တရံ၊ပဒုမုတ္တိုရ် အမည်ရှိတော်မူသော မြတ်စွာဘုရားကို။အဟံ၊အကျွန်ုပ်သည်။ သာဒရံ၊အလွန်ရိုသေ စွာ။ဝန္ဒေဝန္ဒာမိ၊ ဆယ်ရုံပေါင်းစည်း၊လက်သည်းဖြူဆွ၊ တော့ ပသောလက်အုပ်ကိုမိုး၍၊ ရှိခိုးပူဇော်၊ဖူးမြော်မာန်လျှော့၊ ကန် တော့ပါ၏အရှင်ဘုရား။ ။

---

၁၄–သုမေဓာဘုရားကိုယ်စားရုပ်ပွါးတော်။
ကမ္ဘည်းစာတမ်းနှင့်–ပူဇော်ရန်ဂါထာ။

ထိုအစိန္တေယျ၊ဂုဏ်ပေါင်းခသါး၊သုံးလောကရာဇါ၊ပဒုမုတ္တိုရ်၏ မြတ်စွာဘုရားသခင်၏ ပွင့်တော်မူရာ၊ သာရကမ္ဘာမှနောက်၊ ကမ္ဘာသုံးသောင်းအထက်ဝယ်၊ဘုရားနှစ်ဆူပွ ါမူရာ၊မဏ္ဍာ

ကမ္ဘာရောက်လတ်သော အခါဝယ်၊ လူတို့အသက်တမ်း ကိုးသောင်း ရောက်သော အခါ၊ နည်းနာရုံလင်၊ ပုံပြင်ထွေပြား၊ ဂုဏ်တော်များအပေါင်းနှင့် ပြည့်စုံတော်မူရော၊မြေတကာတို့၏၊ ဦးခေါင်းဦးဖွန်းဘွေထက်၌၊ထွန်းထွက်ပေါက်လာ၊တမာဗောဓိပင်အောက်၊ဆန်းကြွယ်ပေါက်သား၊အလျားအနံ (၇၀)တောင်မြင့်တော်မူသောရွှေပလ္လင်ထက်၌၊အထွတ်အမြတ်ဖြစ်သောအရဟတ္တမဂ်ဉာဏ် ထီးဖြူကိုဆောင်းတော်မူလျက်၊ သုမေဓာအမည်ရှိတော်မူသော ကိုယ်တော်မြတ် ဘုရားသည် (၁၄)ကြိမ်မြောက်ပွင့်တော်မူလာပြန်သည်။ ။

အပရာဇိတပလ္လင်္ကေ၊နိမ္ဗဗောဓိယာ မူလေ ဇုန္ဒဂ္ဂံ။
သီသေ ပုထုဝိ-ပုက္ခလေ၊အဘိသေကေ သဗ္ဗဗုဒ္ဓါနံ။
မဏ္ဍကပ္ပေ ရုဒ္ဒသမံ၊သာဒရံ ဝန္ဒေ သုမေဓံ။ ။
အဗ္ဗာသိတိဟတ္ထုဗ္ဗေဓံ၊စက္ကဝတ္တိမဏိံဝိယ။
သမန္တာ ယောဇနေ ပဘာံ၊နဝုတိဝဿသဟဿာယုကံ။ ။

ပုထုဝိပုက္ခလေ၊ အဆုံးမရှိသောစကြဝဠာမြေတကာထက်မြတ်တော်မူထသော။ သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်းကုန်သော အဆူဆူသောဘုရားရှင်တို့၏။ အဘိသေကေ၊ အောင်မင်္ဂလာဘိသိက်ရေသွန်းဖျန်းရာ ဖြစ်တော်မူထသော။ ပုထုဝိသီသေ၊သောင်းမဏ္ဍလိပ်၊ ဇမ္ဗူဒိပ်လက်ျာတောင်ကျွန်းဝယ်၊အဝန်းယူဇနာကိုးရာကျယ်သော၊မဇ္ဈိမဒေသ၊ဘွေချက်မအလယ်၌၊ ကမ္ဘာပျက်သောအခါနောက်မှပျက်လေ့ရှိသော၊ကမ္ဘာတည်ထွန်းသောအခါရှေးဦးစွာပေါ်ထွက်လာသော၊လေးထောင့်စပ်စပ်၊ ရှစ်မင်းပယ်စာကျယ်စွာထသော၊ပန်းနံ့သာမျိုးအရုံရုံ၊မွှေးထုံရစ်ပတ်၊မြရုံအပ်သော၊ပန်းသစ်ပင်အပေါင်းတို့သည်၊လက်ျာသုံးခါရစ်ပတ်ခွေလည်ရာဖြစ်သော၊ငွေဘောင်သား၊ပတ္တမြားမြရည်အဆင်းရှိသော သဲနွှေရာခင်းလျက်တည်ထသော၊ ဖည်းပုံတောင်းသဘွယ်၊အလယ်[illegible]မတ်၊မြေဦးခေါင်းအရပ်၌။ဥဗ္ဗဟန္တာယ၊ပေါ်ထွက်လာ[illegible]နိမ္ဗဗောဓိယာ၊တမာဗောဓိပင်မြတ်၏။ မူလေ၊

အောက်အဘို့၌။ ဥဒ္ဓဟာန္တေ၊ ပေါ်ထွက်လာသော။ အပရာဇိတ ပလ္လင်္ကေ၊ မာရ်ငါးပါးကိုအောင်တော်မူရာအလျားအနံ (၅၇) တောင်မြင့်သောရွှေပလ္လင်ထက်၌။မဏ္ဍကပ္ပေ၊ ဘုရားနှစ်ဆူပွင့် တော်မူရာ၊မဏ္ဍကမ္ဘာမြတ်၌။ရဒ္ဓသမံ၊ ( ၁၄ ) ကြိမ်မြောက်။ ဇုဏ္ဍိ ဏ္ဍိ၊ အလွန်မြတ်သောအရဟတ္တမဂ်ဉာဏ်ထီးဖြူတော်ကို ဆောင်းလျက် ပွင့်တော် မူထ သော။အဋ္ဌာသီတိဟတ္ထုဗ္ဗေဓံ၊ (၈၈) တောင်အရပ်မြင့်တော်မူထသော။ စက္ကဝတ္တိမဏိဝိယ၊ လေးကျွန်းသော်ဖွဲ့နှင်း၊စကြာမင်း၏မနောမယပတ္တမြားကဲ့သို့။ သ မန္တာယောဇနေပဘံ၊ ထက်ဝန်းကျင်တယူဇနာတိုင်တိုင်သော အရပ်၌၊ တောက်ထွန်းသော ပကတိကိုယ်ရောင်ရှိတော်မူထ သော။နဝုတိဝဿသဟဿာယုကံ၊အနှစ်ကိုးသောင်းအသက် ရှည်တော်မူထသော။သုမေဓံ၊ သုမေဓာအမည်ရှိတော်မူသော မြတ်စွာဘုရားကို။အဟံ၊အကျွန်ုပ်သည်။သာဒရံ၊ အလွန်ရိုသေ စွာ။ဝန္ဒေဝန္ဒာမိ၊ဆယ်ရုံပေါင်းစည်း၊လက်သည်းဖြူဆွ၊တောက် ပသောလက်အုပ်ကိုမိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ကန် တော့ပါ၏အရှင်ဘုရား။ ။

---

၁၅–သုဇာတာဘုရားကိုယ်စားရုပ်ပွါးတော်။
ကမ္ဘည်းစာတမ်းနှင့်–ပူဇော်ရန်ဂါထာ။

ထိုအစိန္တေယျ၊ဂုဏ်ပေါင်းခသား၊လူသုံးပါးတို့၏ဆရာ၊ သု မေဓာမြတ်စွာဘုရားပွင့်တော်မူရာ၊ မဏ္ဍကမ္ဘာအတွင်း၌ သာ လျှင်၊ နောက်လူတို့အသက်အနှစ် (၉) သောင်းသို့ရောက်ပြန် သောအခါ ဝယ်၊နည်းနာစုံလင်၊ပုံပြင်ထွေပြား၊ဂုဏ်တော်များ အပေါင်းနှင့်ပြည့်စုံတော်မူရာ၊မြေတကာတို့၏၊ဦးခေါင်းဦးစွန်း ဘွေထပ်၌၊ထွန်းထွက်ပေါက်လာ၊မဟာကြခတ်ပင်ဗောဓိပင် အောက်၊ထွန်းထွက်ပေါက်သား၊အလျားအန[illegible]၂) တောင်၊ ရွှေတောင်ပဝင်း၊ ပလ္လင်မင်း၌၊ အထွတ်အမြတ်[illegible] သော အရ

ဟတ္တမဂ်ဉာဏ် ထိးဖြူကိုဆောင်းတော်မူလျက်၊ သုဇာတာအမည်ရှိတော်မူသောကိုယ်တော်မြတ်ဘုရားသည် (၁၅)ကြိမ်မြောက်ပွင့်တော်မူလာပြန်သည်။ ။

အပရာဇိတပလ္လင်္ကော်၊မဟာဝေဠုဗောဓိယာ မူလေ ဗုဒ္ဓါနံ့။
သိသေ ပုထုဝိ-ပုက္ခလေ၊အဘိသေကေ သဗ္ဗဗုဒ္ဓါနံ။
မဏ္ဍေစ ပန္နရသမံ၊သာဒရံ ဝန္ဒေ သုဇာတံ။ ။
ပညာသဟတ္ထုရဂ္ဂတံ၊ပဘာသမန္တဇောတေန္တံ။
ဂဂနေ တာရကာ ဝိယ၊နဝုတိဝဿသဟဿာယုကံ။ ။

ပုထုဝိပုက္ခလေ၊အဆုံးမရှိသောစကြဝဠာမြေတကာထက်မြတ်တော်မူထသော။ သဗ္ဗဗုဒ္ဓါနံ၊ခပ်သိမ်းကုန်သော အဆူဆူသောဘုရားရှင်တို့၏။ အဘိသေကေ၊ အောင်မင်္ဂလာဘိသိက်ရေသွန်းဖျန်းရာ ဖြစ်တော်မူထသော။ ပုထုဝိသိသေ၊ သောင်းမဏ္ဍလိပ်၊ဇမ္ဗူဒိပ်လက်ျာတောင်ကျွန်းဝယ်၊အဝန်းယူဇနာကိုးရာကျယ်သော၊မဇ္ဈိမဒေသ၊ဘွေချက်မအလယ်၌၊ကမ္ဘာပျက်သောအခါ နောက်မှပျက်လေ့ရှိသော၊ ကမ္ဘာတည်ထွန်းသောအခါရှေးဦးစွာ ပေါ်ထွက်လာသော၊ လေးထောင့် စပ်စပ်၊ ရှစ်မင်းပယ်စာကျယ်စွာထသော၊ပန်းနှံ့သာမျိုးအရုံရုံ၊ မွှေးထုံရစ်ပတ်၊ ခြံရံအပ်သောပန်းသစ်ပင်အဖော်းတို့သည်၊ လက်ျာသုံးခါရစ်ပတ်ခွေလည်ရာဖြစ်သော၊ငွေဘော်သား၊ပတ္တမြားမြရည်အဆင်း ရှိသော သဲမွေ့ရာခင်းလျက် တည်ထသော၊ လှည်းပုံတောင်းသဘွယ်၊အလွန်သပ္ပါယ်သော၊အလယ်တည့်မတ်၊မြေဦးခေါင်းအရပ်၌။ ဉဒ္ဓဟန္တွာယ၊ပေါ်ထွက်လာသော။မဟာဝေဠုဗောဓိယာ၊ကြခတ်ပင်ကြီးဗေါဓိပင်မင်း၏။မူလေ၊အောက်အဘို့၌။ဉဒ္ဓဟန္တွေ၊ပေါ်ထွက်လာသော။အပရာဇိတပလ္လင်္ကော်၊မာရ်ငါးပါးကိုအောင်တော်မူရာအလျားအနံ(၃၂)တောင်မြင့်သောရွှေပလ္လင်ထက်၌။မဏ္ဍေ၊ဘုရားနှစ်ဆူပွင့်တော်မူရာမဏ္ဍကမ္ဘာ၌။ ပန္နရသမံ၊( ၁၅ )ကြိမ်မြောက်။ ဗုဒ္ဓါနံ့၊အလွန်မြတ်သောအရဟတ္တမဂ်ဉာဏ် ထိးဖြူတော်ကိုဆောင်းလျက် ပွင့်တော်မူ

ထသော။ ပဉ္စာသဟတ္ထမုဂ္ဂတံ၊ အရပ်တော်အတောင် (၅၀) မြင့်တော်မူထသော။ ဂဂနေ၊ အဆုံးမထင်၊ ကောင်းကင်အပြင်၌။ တာရကာဝိယ၊ သိန်းသန်း ကုဋေမရေတွက်နိုင်သား၊ ကြယ်နက္ခတ်များ အရောင်တို့ကဲ့သို့။ ပဘာသမန္တာစောတေန္တံ၊ ဝန်းကျင်မလပ်၊ အရပ်ပတ်လုံး၊ တပြိုးပြိုးတလက်လက်၊ ထွက်သောကိုယ်တော်ရောင်လည်းရှိတော်မူထသော။ နဝုတိ ဝဿသဟဿာယုကံ၊ အနှစ်ကိုးသိန်းအသက်ရှည်တော်မူထသော။ သုဇာတံ၊ သုဇာတာအမည်ရှိတော်မူသောမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သာဒရံ၊ အလွန်ရိုသေစွာ။ ဝန္ဒေဝန္ဒာမိ၊ ဆယ်ရုံပေါင်းစည်း၊ လက်သည်းဖြူဆွ၊ တော်ပသော်လက်အုပ်ကိုမိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏အရှင်ဘုရား။ ။

---

၁၆-ပိယဒဿီဘုရားကိုယ်စားရုပ်ပွါးတော်။
ကမ္ပည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

ထိုအစိန္တေယျ၊ ဂုဏ်ပေါင်းခသား၊ သုံးလောကရာဇါ၊ သုဇါတာကိုယ်တော်မြတ်ဘုရားပွင့်တော်မူပြီးသောနောက်၊ (၁၁၈) ကမ္ဘာမြတ်သို့ ရောက်လတ်သောအခါဝယ်၊ ဘုရား၃ ဆူပွင့်တော်မူရာ၊ ဝရမည်ကျော်၊ ကမ္ဘာတော်မြတ်အတွင်း၌၊ လူတို့သက်တမ်းအနှစ် ၉သောင်းသို့ရောက်ပြန်သောအခါ၊ နည်းနာဝုံလင်၊ ပုံပြင်ထွေပြား၊ ဂုဏ်တော်မြတ်များစွာအပေါင်းနှင့်ပြည့်စုံတော်မူရာ၊ မြေတကာတို့၏၊ ဦးခေါင်းဦးစွန်းဘွေထက်၌၊ ပေါက်ထွက်တော်မူရာ၊ ရေခံတက်ပင်၊ ဗောဓိသာအောက်၊ ပေါက်တော်မူသားအလျားအနံ (၅၃) တောင်၊ အမြင့်ဆောင်သား၊ ရတနာပြောင်လက်၊ ပလ္လင်ထက်၌၊ အထွတ်အမြတ်ဖြစ်သော အရဟတ္တမဂ်ဉာဏ်ဝိုးဖြူကိုဆောင်းလျက်၊ ပိယဒဿီအမည်တော်ရှိသော ကိုယ်တော်မြတ်ဘုရားသည် (၁၆) ကြိမ်မြောက်ပွင့်တော်မူလာပြန်သည်။ ။

အပရာဇိတပလ္လင်္ကေ၊ ကကုဓဗောဓိယာ မူလေ ဇုတ္တဿ။
သိသော ပုထုဝိ-ပက္ခလေ၊ အဘိသေကော သဗ္ဗဇုန္ဒါနံ။
ဝရကပ္ပေ သောဠသမံ၊ သာဒရံ ဝန္ဒေ ပိယဒဿီ။ ။
အဿိတိဟတ္ထမုဗ္ဗေဓံ၊ စန္ဒသူရိယပဘာ ဝိယ။
ဇောတေန္တံ သမန္တာပဘံ၊ နဝုတိဝဿသဟဿာယုကံ။ ။

ပုထုဝိပက္ခလေ၊ အဆုံးမရှိသော စကြာဝဠာမြေတကာထက်မြတ်တော်မူထသော။ သဗ္ဗဇုန္ဒါနံ၊ ခပ်သိမ်းကုန်သောအဆူဆူသောဘုရားရှင်တို့၏။ အဘိသေကော၊ အောင်မင်္ဂလာဘိသိက်ရေသွန်းဖျန်းရာ ဖြစ်တော်မူထသော။ပုထုဝိသိသေ၊ သောင်းမဏ္ဍလိပ်၊ ဇမ္ဗူဒိပ်လကျာတောင်ကျွန်းဝယ်၊ အဝန်းယူဇနာကိုးရာကျယ်သော၊ မဇ္ဈိမဒေသ၊ ဘွေချက်မအလယ်၌၊ ကမ္ဘာပျက်သောအခါနောက်မှ ပျက်လေ့ရှိသော၊ ကမ္ဘာတည်ထွန်းသောအခါ ရှေးဦးစွာပေါ်ထွက်လာသော၊ လေးထောင့်စပ်စပ်၊ ရှစ်မင်းပယ်စာကျယ်စွာထသော၊ ပန်းနှံ့သာမျိုးအရုံရုံ၊ မွှေးထုံရစ်ပတ်၊ ခြံရံအပ်သောပန်းသစ်ပင်အပေါင်းတို့သည်၊ လကျာသုံးခါရစ်ပတ်ခွေလည်ရာဖြစ်သော၊ ငွေဘော်သား၊ ပတ္တမြားမြရည်အဆင်းရှိသောသဲမွေ့ရာခင်းလျက်တည်ထသော၊ ဗှည်းပုံတောင်း သဘွယ်၊ အလွန်သပ္ပါယ်သော၊ အလယ်တည့်မတ်၊ မြေဦးခေါင်းအရပ်၌။ ဥဒ္ဒှာယ၊ ပေါက်ထွက်လာသော။ ကကုဓဗောဓိယာ။ ရေခံတက်ဗောဓိပင်မင်း၏။မူလေ၊ အောက်အဘို့၌။ ဥဒ္ဒှာယ၊ ပေါ်ထွက်လာသော။အပရာဇိတပလ္လင်္ကေ၊ မာရ်ငါးပါးကိုအောင်တော်မူရာ၊ အလျားအနံ(၅၃)တောင်မြင့်တော်မူသောရွှေပလ္လင်ထက်၌။ ဝရကပ္ပေ၊ ဘုရား (၃) ဆူပွင့်တော်မူရာ၊ ဝရကမ္ဘာ၌။ သောဠသမံ၊ (၁၆)ကြိမ်မြောက်။ဇုတ္တဿ၊ အလွန်မြတ်သောအရဟတ္တမဂ်ဉာဏ် ထီးဖြူကိုဆောင်းတော်မူလျက်ပွင့်တော်မူထသော၊ အဿိတိဟတ္ထမုဗ္ဗေဓံ၊ အရပ်တော်အတောင် (၈၀) မြင့်တော်မူထသော။စန္ဒသူရိယပဘာဝိယ၊ လရောင်နေရောင်တို့ကဲ့သို့သမန္တာပဘံဇောတေန္တံ၊ ထက်ဝန်းကျင်ပတ်

လုံး၊ အလုံးစုံသော ဆယ်မျက်နှာအရပ်ဝယ်၊ ကိုယ်တော်အ ရောင်တပြောင်ပြောင်ထွန်းတောက်ပတော်မူထသော။ နဝုတိ ဝဿသဟဿာယုကာံ၊အနှစ်(၉)သောင်းအသက်ရှည်တော်မူ ထသော။ပိယဒဿိံ၊ပိယဒဿီအမည်ရှိတော်မူသော မြတ်စွာ ဘုရားကို။အဟံ၊အကျွန်ုပ်သည်။ သာဒရံ၊အလွန်ရိုသေစွာ။ဝန္ဒေ ဝန္ဒာမိ၊ဆယ်စုံပေါင်းစည်း၊လက်သည်းပြူဆွ၊တောက်ပသော လက်အုပ်ကိုမိုး၍၊ ရှိခိုးပူဇော်၊ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏အရှင်ဘုရား။ ။

## ၁၇-အတ္ထဒဿီဘုရားကိုယ်စားရုပ်ပွါးတော်။
## ကမ္ဗည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

ထိုအစိန္တေယျ၊ဂုဏ်ပေါင်းခသား၊ သုံးလောကရောဇာ၊ပိယဒ ဿီအမည်ရှိသောကိုယ်တော်မြတ်ဘုရား ပွင့်တော်မူပြီးသော နောက်၊ ဝရကပ္ပာမြတ်အတွင်းဝယ်၊ နေ့ာံလူတို့အသက်တမ်း အနှစ်တသိန်းသို့ ရောက်ပြန်သောအခါ၊ နည်းနာစုံလင်၊ ပုံပြင် ထွေပြား၊ဂုဏ်တော်များအပေါင်းနှင့်ပြည့်စုံတော်မူရာ၊မြေတ ကာတို့၏၊ဦးခေါင်းဦးစွန်းဘွေထက်၌၊ပေါက်ထွက်တော်မူရာ၊ စကားပင်ဗောဓိပင်မြတ်တွင်၊ ထွန်းထွက် ပေါ်သား၊ အလျား အနံ(၅၃)တောင်၊အမြင့်ဆောင်သော၊ရတနာရောင်ဝင်း၊ရွှေ ပလ္လင်မင်း အထက်၌၊ အထွတ်အမြတ်ဖြစ်သောအရဟတ္တမဂ် ဉာဏ်သိမ်းပြူတော်ကိုဆောင်းလျက်၊ ပကတိသောကိုယ်ရောင် တော်တယူဇနာ တောက်ပလျက်၊ အတောင်(၈၀) အရပ်မြင့် တော်မူသော၊အတ္ထဒဿီကိုယ်တော်မြတ်ဘုရားသည်(၁၇) ကြိမ်မြောက်ပွင့်တော်မူလာပြန်သည်။ ။

အပရေဇိတပလ္လင်္ကေ၊စမ္ပကဗောဓိယာ မူလေ ဇုတ္တန္တံ။
သီသေ ပုထုဝိ-ပုက္ခလေ၊အဘိသေကေ သဗ္ဗဇုဋ္ဌါနံ၊
ဝရကပ္ပေ သတ္ထရသမံ၊သာဒရံ ဝန္ဒေ အတ္ထဒဿိံ။ ။

အသိတိုဟတ္ထုမုဗ္ဗေဓံ၊သမန္တာ ယောဇနေ ပဘံ။ ။
သတရံသိ ဝ ဝိရောစံ၊ဝဿသတသဟဿာယုကံ။ ။

ပုထုဝိပုက္ခလေ၊အဆုံးမရှိသောစကြာဝဠာမြေတကာထက်
မြတ်တော်မူထသော။ သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်းကုန်သောအဆူဆူ
သောဘုရားရှင်တို့၏။အဘိသေကော၊အောင်မင်္ဂလာဘိသိက်ရေ
သွန်းဖျန်းရာဖြစ်တော်မူထသော။ ပုထုဝိသိသော၊ သောင်းမဏ္ဍာ
လိပ်၊ ဇမ္ဗူဒိပ်လကျာတောင်ကျွန်းဝယ်၊ အဝန်းယူဇနာကိုးရာ
ကျယ်သော၊ မဏ္ဍိမဒေသ၊ ဘွေချက်မ အလယ်၌၊ ကမ္ဘာပျက်
သောအခါနောက်မှပျက်လေ့ရှိသော၊ကမ္ဘာတည်ထွန်းသောအ
ခါရှေးဦးစွာပေါ် ထွက်လာသော၊ လေးထောင့်စပ်စပ်၊ ရှစ်မင်း
ပယ်စာကျယ်စွာထသော၊ပန်းနှံ့သမျိုးအရုံရုံ၊ မွှေးထုံရစ်ပတ်၊
ခြံရံအပ်သောပန်းသစ်ပင်အပေါင်းတို့သည်၊လကျာသုံးခါရစ်
ပတ်ခွေလည်ရာဖြစ်သော၊ ငွေဘော်သား၊ပတ္တာမြားမြရည် အ
ဆင်းရှိသောသဲမွှေရာခင်းလျက်တည်ထသော၊လှည်းပုံတောင်း
သဘွယ်၊ အလွန်သပ္ပါယ်သော၊ အလည် တည့်မတ်၊ မြေဦး
ခေါင်းအရပ်၌။ဥဒ္ဒှဟန္တာယ၊ပေါ် ထွက်လာသော။ စမ္ပကဗောဓိ
ယာ၊စကားဗောဓိပင်မင်း၏။မူလေ၊အောက်အတို၌။ ဥဒ္ဒှဟန္တေ၊
ပေါ်ထွက်လာသော။ အပရာဇိတ ပလ္လင်္ကေ၊ မာရ် ငါးပါးကို
အောင်မြင်တော်မူရာ၊ အလျားအနံ ( ၅၃ ) တောင် မြင့်သော
ရွှေပလ္လင်ထက်၌။ဝရကပ္ပေ၊ ဘုရား (၃) ဆူပွင့်တော်မူရာ၊ ဝရ
ကမ္ဘာ၌။ သတ္တရသမံ၊(၁၇)ကြိမ်မြောက်။ဗုဒ္ဓတ္တံ၊အလွန်မြတ်
သောအရဟတ္တမဂ်ဉာဏ် ထီးဖြူကိုဆောင်းတော်မူလျက် ပွင့်
တော်မူထသော။အသိတိဟတ္ထုမုဗ္ဗေဓံ၊အရပ်တော် အတောင်
(၈၀)မြင့်တော်မူထသော။သတရံသိ ဝ၊ ရောင်ခြည်တထောင်
ကိုဆောင်သော နေမင်းကဲ့သို့။ဝိရောစံ၊ တောက်ပ တင့်တယ်
တော်မူထသော။သမန္တာယောဇနေ၊ထက်ဝန်းကျင် တယူဇနာ
အရပ်၌။ပ[illegible]တိကိုယ်တော်အရောင်ရှိတော်မူထသော။ ဝ
ဿသတ[illegible]သဟဿာယုကံ၊ အနှစ်တသိန်းသက်တော်ရှည်တော်

မူထသော။အဠ္ဌဒသိ ၊အဠ္ဌဒသမီအမည်ရှိတော်မူသောမြတ်စွာဘုရားကို။အဟံ၊အကျွန်ုပ်သည်၊ သာဒရံ၊ အလွန်ရိုသေဖွာ။ဝန္ဒေဝန္ဒာမိ၊ဆယ်ရုံပေါင်းစည်း၊ လက်သည်းဖြူဆွ၊ တောက်ပသောလက်အုပ်ကိုမိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏အရှင်ဘုရား။ ။

---

၁၈-ဓမ္မဒသမီဘုရားကိုယ်စားရုပ်ပွါးတော်။
ကမ္ပည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

ထိုအစိန္တေယျ၊ဂုဏ်ပေါင်းခသား၊သုံးလောကရာဇာ၊ အဠ္ဌဒသီ ဘုရားပွင့်တော် မူပြီးသောနောင်၊ လူတို့အသက်တသိန်းတမ်းသို့ရောက်ပြန်သောအခါဝယ်၊ နည်းနာဝုံလင်၊ ပုံပြင်ထွေပြား၊ဂုဏ်တော်မြတ်အများနှင့်ပြည့်စုံတော်မူရာ၊ မြေတကာတို့၏၊ ဦးခေါင်းဦးစွန်းဘွေထက်၌၊ ပေါက်ထွက်တော်မူရာ၊ ရေခံတက်ပင်မည်ဆန်း၊ဗောဓိနန်းအောက်၊ ကြက်မောက်ပင် မည်ကျော်၊ကျီးအားပင်မည်သာ၊ ဗောဓိပင်အောက်၊ ဆန်းကြွယ်ပေါက်သား၊ အလျားအနံ(၅၃)တောင်၊အမြင့်ဆောင်သား၊ရတနာပြောင်လက်၊ ရွှေပလ္လင်ထက်၌၊ အထွတ်အမြတ် ဖြစ်တော်မူသောအရဟတ္တမဂ်ဉာဏ်ထီးဖြူကိုဆောင်းတော်မူလျက်၊(၈၀) အတောင်၊ အရပ်ဆောင်၍၊ အသက်အနှစ်တသိန်း ရှည်တော်မူသော ဓမ္မဒသမီကိုယ်တော်မြတ်ဘုရားသည် ( ၁၈ ) ကြိမ်မြောက်ပွင့်တော်မူလာပြန်သည်။ ။

အပရာဇိတပလ္လင်္ကော၊ဗိမ္ဗဇာလဗောဓိယာ မူလေ ဗုဇ္ဈိတ္ဝ ။
သိသေ ပုထုဝိ-ပုဂ္ဂလေ၊အာဘိသေကေ သဗ္ဗဗုဒ္ဓါနံ။
ဝရကပ္ပေ အဋ္ဌာရသမံ၊သာဒရံ ဝန္ဒေ ဓမ္မဒသိ ။ ။
အသီတိဟတ္ထမုဗ္ဗေဓံ၊ဒသသဟဿိပိရော[illegible] ။
သမန္တာ ပဘာဇောတေန္တံ၊ဝဿသတသဟ[illegible] ၊ယုကံ။

ပုထုပိပုက္ခလေ၊အဆုံးမရှိသောစကြဝဠာမြေတကာထက် မြှတ်တော်မူထသော။ သဗ္ဗဗုဒ္ဓါနံ၊ခပ်သိမ်းကုန်သော အဆူဆူသောဘုရားရှင်တို့၏။ အဘိသေကော၊ အောင်မင်္ဂလာဘိသိက်ရေသွန်းဖျန်းရာ ဖြစ်တော်မူထသော။ ပုထုပိသိသေ၊ သောင်းမဏ္ဍလိပ်၊ဇမ္ဗူဒိပ်လက်ျာတောင်ကျွန်းဝယ်၊အဝန်းယူဇနာကိုးရာကျယ်သော၊မဏ္ဍိမဒေသ၊ဘွေချက်မအလယ်၌၊ ကမ္ဘာပျက်သောအခါနေ့ံမှပျက်လေ့ရှိသော၊ကမ္ဘာတည်ထွန်းသောအခါ ရှေးဦးစွာပေါ်ထွက်လာသော၊လေးထောင့်စပ်စပ်၊ရှစ်မင်းပယ်စာကျယ်စွာထသော၊ ပန်းနှံ့သာမျိုးအရံရံ၊ မွေးထုံရစ်ပတ်၊ရံခြံအပ်သောပန်းသစ်ပင်အပေါင်းတို့သည်၊လက်ျာသုံးခါရစ်ပတ်ခွေလည်ရာဖြစ်သော၊ငွေဘောင်သား၊ပတ္တမြားမြရည် အဆင်းရှိသော သဲနွှေရာခင်းလျက်တည်ထသော၊ ဖှည်းပုံတောင်းသဘွယ်၊အလွန်သပ္ပါယ်သော၊ အလယ်တည့်မတ်၊ မြေဦးခေါင်းအရပ်၌၊ဥဒ္ဓာဟန္တာယ၊ ထွက်ပေါက်လာသော။ ဗိမ္ဗဇာလဗောဓိယာ၊ကျီးအာပင်မည်ဆန်း၊ဗောဓိနန်းဖြ။ မူလေ၊အောက်အဘို၌။ ဥဒ္ဓာဟန္တေ၊ ပေါ်ထွက်လာသော။ အပရာဇိတပလ္လင်္ကော်၊မာရ်ငါးပါးကိုအောင်တော်မူရာအလျားအနံ (၅၃)တောင်မြင့်သောရွှေပလ္လင်ထက်၌။ဝရကပ္ပေ၊ ဘုရား (၃) ဆူပွင့်တော်မူရာ ဝရကမ္ဘာ၌။အဋ္ဌာရသမံ၊( ၁၈ )ကြိမ်မြောက်။ဗုဒ္ဓတ္တံ၊အလွန်မြတ်သောအရဟတ္တမဂ်ဉာဏ်ထီးဖြူတော်ကိုဆောင်းလျက်ပွင့်တော်မူထသော။ အသီတိဟတ္ထုမုဗ္ဗေဓံ၊အရပ်တော်အ'တောင်(၈၀) မြင့်တော်မူထသော။ ဒသသဟာဿိဝိရောစံ၊ ဟသောင်းသောလောကဓာတ်၌ ကိုယ်ရောင်ဘုန်းရောင်ဖြင့် တော်ပတင့်တယ်တော်မူထသော။သမန္တာပဘာဇောတေန္တံ၊ ဝန်းကျင်မလပ်၊အရပ်ခပ်သိမ်း၌ကိုယ်တော်အရောင်ဖြင့် တပြောင်ပြောင်တောက်ပတော်မူထသော။ ဝဿသတသဟဿာယုကံ၊ သက်တော်အနှစ်တသိန်းရှည်တော်မူထသော။ဓမ္မဒဿိံ၊ဓမ္မဒဿီအမည်ရှိတော်မူ...တ်စွာဘုရားကို။ အဟံ၊အကျွန်ုပ်သည်။သာဒရံ၊

အလွန်ရှိသေစွာ။ ဝန္ဒေဝန္ဒာမိ၊ဆယ်ရံပေါင်းစည်း၊လက်သည်း ပြူဆွ၊တောက်ပသောလက်အုပ်ကိုမိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော် မာန်လျှော့၊ကန်တော့ပါ၏အရှင်ဘုရား။ ။

## ၁၉-သိဒ္ဓတ္ထဘုရားကိုယ်စားရုပ်ပွါးတော်။ ကမ္ဘည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

ထိုအစိန္တေယျ၊ဂုဏ်ပေါင်းခသား၊သုံးလောက ရာဇာ၊ဓမ္မဒ ဿိကိုယ်တော်မြတ်ဘုရား ပွင့်တော်မူသောနောက်အတို့ အ ခါ၌၊ဤဘဒ္ဒကပ်မှ(၉၄)ကမ္ဘာထက်၊ဘုရားတဆူသာပွင့်တော် မူရာ၊ သာရကမ္ဘာမြတ်ဝယ်၊ လူတို့အသက်တမ်းအနှစ်တသိန်း သို့ရောက်ပြန်သောအခါ၊ နည်းနာရုံလင်၊ ပုံပြင်ထွေပြား၊ဂုဏ် တော်မြတ်များအပေါင်းနှင့်ပြည့်စုံတော်မူရာ၊ မြေတကာတို့၏၊ ဦးခေါင်း ဦးစွန်းဘွေထက်၌၊ ပေါက်ထွက်တော်မူလာ၊ မဟာ ယှော်ကားပင်ဗောဓိပင်မင်း၌၊ထွက်ပေါ်လာသား၊အလျှားအနံအ တောင်(၄၀)မြင့်ရာ၊ ရောင်ဝါဝင်းလက်၊ ရွှေပလ္လင်ထက်၌၊ အ သွတ် အမြတ်ဖြစ်သော အရဟတ္တ မဂ်ဉာဏ်ထီးဖြူကို ဆောင်း တော်မူလျက်အရပ်တော်(၆၀)မြင့်တော်မူသါး၊သက်တော်အ နှစ်တသိန်းရှည်တော်မူသော၊ သိဒ္ဓတ္ထမည်ကျော်၊ ကိုယ်တော် မြတ်ဘုရားသည်(၁၉)ကြိမ်မြော်ပွင့်တော်မူလာပြန်သည်။ ။

အပရာဇိတာပလ္လက်၊ကဏိကာရဗောဓိယာမူလေဗုဒ္ဓါ ဇာတံ။
သိသေ ပထဝိ-ပုက္ခလေ၊အဘိသေကေ သဗ္ဗဗုဒ္ဓါနံ။
သာရကပ္ပေဇကူနဝိသတိမံ၊သာဒရံ ဝန္ဒေ သိဒ္ဓတ္ထံ။ ။
သဋ္ဌိဟတ္ထသမုဂ္ဂတံ၊သမန္တာ ပဘာ၁ခါဝဇ္ဇံ။
သတရံသိံဝ ပိရောစံ၊ဝဿသတသဟဿာယုကံ။ ။

ပထဝိပုက္ခလေ၊အဆုံးမရှိသောစကြာဝဠာမြေတကာထက် မြတ်တော်မူထသော။ သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်း၄. ၁၁အဆဆ

သော ဘုရားရှင်တို့၏။ အဘိသေကော၊ အောင်မင်္ဂလာဘိသိက်
ရေသွန်းဖျန်းရာ ဖြစ်တော်မူထသော။ ပုထုဝိသိသေ၊ သောင်း
မဏ္ဍလိပ်၊ဇမ္ဗူဒိပ်လက်ျာတောင်ကျွန်းဝယ်၊အဝန်းယူဇနာကိုး
ရာကျယ်သော၊မဇ္ဈိမဒေသ၊ဇေွချက်မအလယ်၌၊ ကမ္ဘာပျက်
သောအခါနောက်မှ ပျက်လေ့ရှိသော၊ ကမ္ဘာတည်ထွန်းသော
အခါရှေးဦးစွာပေါ်ထွက်လာသော၊ လေးထောင့်စပ်စပ်၊ ရှစ်
မင်းပယ်စာကျယ်စွာထသော၊ပန်းနံ့သာမျိုးအစုံစုံ၊ မွှေးထုံရစ်
ပတ်၊ခြိရံအပ်သော ပန်းသစ်ပင်အပေါင်းတို့သဉ်လက်ျာသုံးခါ
ရစ်ပတ်ခွေလည်ရာဖြစ်သော၊ ငွေဘော်သား၊ ပတ္တမြားမြရည်
အဆင်းရှိသောသဲမွှေရာ ခင်းလျက် တည်ထသော၊ ဖှည်းပုံ
တောင်းသဘွယ်၊အလွန်သပ္ပါယ်သော၊အလယ်တည့်မတ်၊မြေ
ဦးခေါင်းအရပ်၌။ ဥဒ္ဓဟန္တာယ၊ ထွက်ပေါက်လာသော။ကဏိ
ကါရဇေါဓိယာ၊မဟာလေကားဇေါဓိပင်မင်း၏။မူလေ၊အောံအ
ဘို့၌။ဥဒ္ဓဟန္တေ၊ပေါ်ထွက်လာသော။အပရာဇိတပလ္လင်္ကော်၊မာရ်
ငါးပါးကိုအောင်တော်မူရာ၊ အလျားအနံ အတောင် (၄၀)မြင့်
သောရွှေပလ္လင်ထက်၌။ သာရကပ္ပေ၊ဘုရားတဆူသာပွင့်တော်
မူရာ၊သာရကမ္ဘာမြတ်၌။ ဧကူနဝိသတိမံ၊ (၁၉)ကြိမ်မြောက်။
ဗုဒ္ဓတ္တံ၊အလွန်မြတ်သောအရဟတ္တ မဂ်ဉာဏ် ထီးဖြူတော်ကို
ဆောင်းလျက်ပွင့်တော်မူထသော။သဗ္ဗဟတ္ထသမုဂ္ဂတံ၊ အရပ်
တော်အတောင်(၈၀)မြင့်တော်မူထသော။ သတရံသိံဝဝိရော
စံ၊ ရောင်ခြည်တထောင်ကိုဆောင်သော နေမင်းကဲ့သို့အလွန်
တင့်တယ်တောက်ပစွာထသော။သမန္တာပဘာခဝတ္တံ၊အရပ်
ဆယ်မျက်နှာမလပ်၊အခါခပ်သိမ်း၊ပကတိသောကိုယ်တော်အ
ရောင်တပြောင်ပြောင်ထွန်းထွက်တော်မူထသော။ဝဿသတ
သဟဿာယုကံ၊ သက်တော် အနှစ်တသိန်း ရှည်တော် မူထ
သော။သိဒ္ဓတ္ထံ၊သိဒ္ဓတ္ထအမည်ရှိတော်မူသောမြတ်စွာဘုရားကို။
အဟံ၊အကျွန်ုပ်သည်။ သာဒရံ၊ အလွန်ရိုသေစွာ။ ဝန္ဒေဝန္ဒာမိ၊
ဆယ်ပုံ [illegible]ည်း၊လက်သည်းဖြူဆွ၊ တောက်ပသောလက်

ခုပ်ကိုမိုး၍၊ရှိခိုးပူဇော်၊ဖူးမြော်မာန်လျှော့၊ကန်တော့ပါ၏ အရှင်ဘုရား။ ။

## ၂၀-တိဿဘုရားကိုယ်စားရုပ်ပွါးတော်။ ကမ္ပည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

ထိုတလောကခေတ်လုံး၊လောကုတ္တရာ အောင်ဘိသိက်မင်္ဂလာကိုပေးခြင်းငှါစွမ်းနိုင်သော၊ အစိန္တေယျသုံးလူ့ ထွတ်ထား၊ သိဒ္ဓတ်မင်းဘုရားပရိနိဗ္ဗာန်စံကြွတော်မူပြီးသော နောက်အဘို့၌၊ဤဘဒ္ဒကပ်ကမ္ဘာမှ(၉၂)ကမ္ဘာထက် ရောက်လတ်ပြန်သော အခါဝယ်၊ လူတို့အသက်တမ်း အနှစ်တသိန်းသို့၊ဘုရား(၂)ဆူ ပွင့်တော်မူရာ၊ မဏ္ဍကမ္ဘာသို့ရောက်ပြန်သောအခါ၊ နည်းနာစုံလင်၊ပုံပြင်ထွေပြား။ ဂုဏ်တော်များအပေါင်းနှင့် ပြည့်စုံတော်မူရာ၊မြေတကါတို့၏၊ဦးခေါင်းဦးစွန်းဘွေထက်၌၊ပေါက်ထွက်တော်မူလာ၊ပိတောက်မည်ဆန်း၊ဗောဓိပင်ရွှေနန်းအောက်၊ ထွန်းပေါက်လာသား၊ အလျားအနံ အတောင် (၄၀) မြင့်သော ရွှေပလ္လင်ထက်၌၊ အထွတ်အမြတ်ဖြစ်သော အရဟတ္တမဂ်ဉာဏ်ထီးဖြူကိုဆောင်းတော်မူလျက်အရပ်တော်အတောင်(၉၀)မြင့်သည်ဖြစ်၍၊ လက္ခဏာကြီးငယ်၊ရောင်ခြောက်သွယ်တို့ဖြင့်၊အလွန်တောက်ပတင့်တယ်တော်မူလျက်၊ တိဿအမည်ရှိတော်မူသော၊သုံးလောကသေဋ္ဌနင်း၊တရားမင်းဘုရားသည်၊အကြိမ် (၂၀)မြောက်ပွင့်တော်မူလာပြန်သည်။ ။

အပရာဇိတပလ္လင်္ကေ၊အသနဗောဓိယာ မူလေ ဇုဏ္ဏဗ္ဘံ။
သီသေ ပုထုဝိ-ပုက္ခလေ၊အဘိသေကေ သဗ္ဗဇုဒ္ဒါနံ။
မဏ္ဍကပ္ပေ ဝိသတိမံ၊သာဒရံ ဝန္ဒေ တိဿကံ။ ။
သမ္ဗုဟတ္ထသမုဂ္ဂတံ၊သမန္တာ ပဘာဓောတေ္တ။
ဒသသဟဿိဝိရောစံ၊ဝဿသတသဟသ ... ကံ။ ။

ပုထုဝိပုက္ခလေ၊ အဆုံးမရှိသောစကြဝဠာမြေတကာထက် မြတ်တော်မူထသော။ သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်းကုန်သောအဆူဆူ သောဘုရားရှင်တို့၏။အဘိသေကော၊အောင်မင်္ဂလာဘိသိက်ရေ သွန်းဖျန်းရာဖြစ်တော်မူထသော်။ပုထုဝိသိသေ၊ သောင်းမဏ္ဍ လိပ်၊ ဇမ္ဗူဒိပ်လက်ျာတောင်ကျွန်းဝယ်၊ အဝနံ့ယူဇနာကိုးရာ ကျယ်သော၊ မဇ္ဈိမဒေသ၊ဘွေချက်မအလယ်၌၊ ကမ္ဘာပျက် သောအခါနောက်မှပျက်လေ့ရှိသော၊ ကမ္ဘာတည် ထွန်းသော အခါရှေးဦးစွာပေါ်ထွက်လာသော၊လေးထောင့်စပ်စပ်၊ရှစ်မင်း ပယ်စာကျယ်စွာထသော၊ ပန်းနံ့သာမျိုးအရုံရုံ၊မွှေးထုံရစ်ပတ်၊ ခြံရံအပ်သော ပန်းသစ်ပင်အပေါင်းတို့သည်၊ လက်ျာသုံးခါရစ် ပတ်ခွေလည်ရာ ဖြစ်သော၊ ငွေတော်သား၊ ပတ္တမြားမြရည်အ ဆင်းရှိသောသဲနွေ့ရာခင်းလျက်တည်ထသော၊လှည်းပုံတောင်း သဘွယ်၊အလွန်သပ္ပါယ်သော၊အလယ်တည့်မတ်၊မြေဦးခေါင်း အရပ်၌။ဥဒ္ဓဟန္တာယ၊ထွက်ပေါက်လာသော။အသနဗောဓိယာ၊ ဝိတောက်ဗောဓိပင်မင်း၏။ မူလေ၊အောက်အဘို့၌။ ဥဒ္ဓဟန္တေ၊ ပေါ်ထွက် လာသော။ အပရာဇိတ ပလ္လင်္ကေ၊ မာရ်ငါးပါးကို ၆အောင်တော်မူရာ၊အလျားအနံ(၄၀)မြင့်သောရွှေပလ္လင်ထက်၌။ မဏ္ဍာကပ္ပေ၊ ဘုရားနှစ်ဆူ ပွင့်တော်မူရာ မဏ္ဍာကမ္ဘာ၌။ ဝိသတိ မံ၊အကြိမ်(၂၀)မြောက်။ ဗုဒ္ဓတ္တံ၊ အလွန်မြတ်သောအရဟတ္တ မဂ်ဉာဏ်ထီးဖြူတော်ကို ဆောင်းလျက်ပွင့်တော်မူထသော။သ မ္မိုဟတ္တသမုဂ္ဂတံ၊အရပ်တော်အတောင် ( ၆၀ )မြင့်တော်မူထ သော။ ဒသသဟဿိဝိရောစံ၊ ဇာတိခေတ်ပေါင်း၊တသောင်း တိုင်အောင်၊ အလွန်တင့်တယ်တော်မူထသော။ သမန္တာပဘာ ဇောတေန္တံ၊ ထက်ဝန်းကျင်မလပ်၊ပကတိအရောင်ထွန်းပြောင် တောက်ပတော်မူထသော။ဝဿသတသဟဿာယုကံ၊သက် တော်အနှစ်တသိန်းရှည်တော်မူထသော၊ တိဿကံ၊ တိဿအ မည်ရှိတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သာဒရံ၊ အား[illegible]သေစွာ။ ဝန္ဒေဝန္ဒာမိ၊ ဆယ်ရံ ပေါင်းစည်း၊

လက်သည်းဖြူဆွ၊တော်ပသောလက်အုပ်ကိုမိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ကန်တော့ပါ၏အရှင်ဘုရား။ ။

## ၂၁-ဖုဿဘုရားကိုယ်စားရုပ်ပွါးတော်။ ကမ္ပည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

ထိုလူသုံးပါးတို့၏၊ ပဏ္ဏမြားမှန်ကူသင်းကျစ် သဘွယ်ဖြစ်တော်မူသော၊လောက သေဌ်နင်း၊တရားမင်းဖြစ်သော၊ တိဿမည်ကျော်၊ ကိုယ်တော်မြတ်ဘုရား၏ နောက်အတို့ ဖြစ်သောဘုရား(၂)ဆူပွင့်တော်မူရာမဏ္ဍကမ္ဘာမြတ်၌ သဘျှင်၊နောက်လူတို့အသက်တမ်းအနှစ်(၉)သောင်းသို့ရောက်ပြန်သောအခါ၊ နည်းနာဝရုံလင်၊ ပုံပြင်ထွေပြား၊ဂုဏ်တော်မြတ်များအပေါင်းနှင့်ပြည့်စုံ တော်မူရာ၊မြေတကာတို့၏၊ဦးခေါင်းဦးစွန်းဘွေထက်၌၊ ပေါက်ထွက်လာသောရှိရှားပင်ဗေါဓိပင်နန်းသါဝယ်၊အလျားအနံ(၃၈)တောင်မြင့်သောရွှေပလ္လင်ထက်၌၊အထွတ်အမြတ်ဖြစ်သော အရဟတ္တမဂ်ဉာဏ်ထီးဖြူကို ဆောင်းတော်မူလျက်၊အရပ်တော် (၅၈) တောင်၊အရောင် ခြောက်ဖြာ၊ထွန်းထွက်လာသော၊ဖုဿမည်ကျော်၊ ကိုယ်တော်မြတ်ဘုရားသည် (၂၁) ကြိမ်မြောက်ပွင့်တော်မူလာပြန်သည်။ ။

အပရာဇိတပလ္လင်္ကေ၊အာသမလကဗောဓိယာ မူလေ ဗုဒ္ဓတ္တံ။
ဒိသေ ပုထုဝိ-ပုက္ခလေ၊အာဘိသေကော သမ္ဗုဒ္ဓါနံ။
မဏ္ဍကပ္ပေ ကေဝိသတိမံ၊သာဒရံ ဝန္ဒေ ဖုဿကံ။ ။
အဋ္ဌပဏ္ဏာသမုဂ္ဂတံ၊သမန္တာ ပဘာခါဝန္တံ။
သတရံသိံ ဝဝိရောစံ၊နဝုတိဝဿသဟဿာယုကံ။ ။

ပုထုဝိပုက္ခလေ၊အဆုံးမရှိသောစကြဝဠာမြေတကာထက်မြတ်တော်မူထသော။ သမ္ဗုဒ္ဓါနံ၊ခပ်သိမ်းကုန်သော အဆူဆူသောဘုရားရှင်တို့၏။ အာဘိသေကော၊ အောင်မင်္ဂလာဘိသိက်ရေသွန်းဖျန်းရာဖြစ်တော်မူထသော။ ပုထုဝိပုက္ခလေ၊ ၁၊ သောင်း

မဏ္ဍလိပ်၊ဇမ္ဗူဒိပ်လက်ျာတောင်ကျွန်းဝယ်၊အဝန်းယူဇနာကိုး ရာကျယ်သော၊ မဇ္ဈိမဒေသ၊ ဘွေချက်မ အလယ်၌၊ ကမ္ဘာ ပျက်သောအခါနေ့ဲမှပျက်လေ့ရှိသော၊ကမ္ဘာတည်ထွန်းသော အခါ ရှေးဦးစွာပေါ်ထွက် လာ‌ေသော၊လေးထောင့်စပ်စပ်၊ ရှစ် မင်းပယ်စာကျယ်စွာထသော၊ ပန်းနုံ့သာမျိုးအရုံရုံ၊မွှေးထုံရစ် ပတ်၊ခြံရံအပ်သောပန်းသစ်ပင်အပေါင်းတို့သည်၊ လက်ျာသုံး ခါရစ်ပတ်ခွေလည်ရာဖြစ်သော၊ငွေဘော်သား၊ပတ္တမြားမြရည် အဆင်းရှိသော သဲမွှေရာခင်းလျက် တည်ထသော၊ ဟှည်းပုံ တောင်းသဘွယ်၊အလွန်သပ္ပါယ်သော၊အလယ်တည့်မတ်၊မြေ ဦးခေါင်းအရပ်၌။ဥဒ္ဒုမှာသ္တာယ၊ထွက်ပေါက်လာသော။အာမလ ကဗောဓိယာ။ ရှိရှားဗောဓိပင်မင်း၏။မူလေ၊အောံအတို့၌။ ဥဒ္ဒု ဟန္တေ၊ပေါ်ထွက်လာသော။အပရာဇိတပလ္လင်္ကော်၊မာရ်ငါးပါး ကိုအောင်တော်မူရာအလျှားအနံ ( ၁၈ ) တောင်မြင့်သောရွှေ ပလ္လင်ထက်၌။ မဏ္ဍကပ္ပေ၊ဘုရား( ၂ )ဆူပွင့်တော်မူရာ၊ မဏ္ဍ ကမ္ဘာ၌။ကေဝိသတိမံ၊(၂၁)ကြိမ်မြောက်။ဗုဒ္ဓါနံ၊ အလွန်မြတ် သောအရဟတ္တမဂ်ဉာဏ်ထီးဖြူကိုဆောင်းလျက်ပွင့်တော်မူထ သော။အဋ္ဌပဏ္ဏာသမုဂ္ဂတံ၊( ၅၈ )တောင်အရပ် မြင့်တော်မူထ သော။ သတရံသိ ဝဝိရောစံ၊ရောင်ခြည် တထောင်ကို ဆောင် သောနေမင်းကဲ့သို့အလွန်တင့်တယ်တော်မူထသော။ သမန္တာပ ဘာခာဝန္တံ၊ အရပ် ထက်ဝန်းကျင်မလပ်၊ပကတိ ကိုယ်တော် ရောင်တို့ဖြင့် တပြောင်ပြောင်ထွန်းတောက်ပတော်မူထသော။ နဝုတိ ဝဿသဟဿာယုကံ၊အနှစ်ကိုးသောင်းအသက် ရှည် တော်မူထသော။ဖုဿကံ၊ ဖုဿအမည်ရှိတော်မူသော မြတ် စွာဘုရားကို။ အဟံ၊အကျွန်ုပ်သည်။ သာဒရံ၊အလွန်ရိုသေစွာ။ ဝန္ဒေဝန္ဒာမိ၊ဆယ်ပုံပေါင်းစည်း၊ လက်သည်းဖြူဆွ၊တောက်ပ သောလက်အုပ်ကိုမိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန် တော့ပါ၏အရှင်ဘုရား။ ။

း၈၇၊၂၁၅၊

## ၂၂-ဝိပဿီဘုရားကိုယ်စားရုပ်ပွါးတော်။ ကမ္ဗည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

ထိုလက္ခဏာကြီးငယ်၊ရောင်ခြောက်သွယ်တို့ဖြင့်၊အလွန်တောက်ပတင့်တယ်တော်မူသော၊ဝေနေယျမိတ်ဆွေ၊ ကြာတတွေတို့အား၊ ၄ကျွန်းလုံးရွှာချသောစာတုန္ဒိသိကမိုးကြီးကဲ့သို့အလွန်ဇေးမြမွှေးကြိုင်လှသောလောကုတ္တရာ၊ရတနာရေဇေး၊အမြိုက်ဆေးကို၊တိုက်ကျွေးသွတ်ဖျန်းတော်မူပြီး၍ ပရိနိဗ္ဗာန်စံကြွတော်မူသော၊ ဖုဿမည်ကျော်၊ ကိုယ်တော်မြတ်ဘုရား၏နေခံအဘို့ဖြစ်သော၊ ဤဘဒ္ဒကပ် ကမ္ဘာမှ(၉၁)ကမ္ဘာထက်သို့ရောက်သောအခါ၌၊ ဘုရားတဆူသာပွင့်တော်မူရာ၊သာရကမ္ဘာမြတ်သို့ရောက်လတ်သောအခါဝယ်၊နေ့ခင်လူတို့အသက်တမ်း။ ၅စ်သောင်းသို့ရောက်သောအခါ၊ နည်းနာစုံလင်၊ ပုံပြင်ထွေပြား၊ ဂုဏ်တော်မြတ်များအပေါင်းနှင့်ပြည့်စုံတော်မူရာ၊ မြေတကာတို့၏၊ ဦးခေါင်းဦးစွန်းငှာသွထက်၌၊ ပေါက်ထွက်လာသောသခွတ်ပင်မည်ဆန်း၊ဗောဓိနန်းအောက်၊ ထွန်းပေါက်ပေါ်လာသသား၊အလျားအနံ(၅၃)တောင်အမြင့်ဆောင်သော၊ ရတနာညောင်စောင်းရွှေပလ္လင်ထက်၌၊ အထွတ်အမြတ်ဖြစ်သော အရဟတ္တမဂ်ဉာဏ် ထီးဖြူကို ဆောင်းတော် မူလျက်၊ အရပ်တော် အတောင်(၈၀)မြင့်တော် မူလျက်(၇)ယူဇနာ၊ ခြောက်ရောင်ဖြာသော၊ဝိပဿီမည်ကျော်၊ကိုယ်တော်မြတ်ဘုရားသည်(၂၂)ကြိမ်မြောက်ပွင့်တော်မူလာပြန်သည်။ ။

အပရာဇိတပလ္လင်္ကေ၊ပါဋလိဗောဓိယာမူလေဗုဒ္ဓေါ။ ။
သီသေ ပုထုဝီ-ပုက္ခလေ၊အဘိသေကေသဗ္ဗဗုဒ္ဓါနံ။
သာရကပ္ပေ ဒွါဝိသတိမံ၊သာဒရံ ဝန္ဒေ ဝိပဿိံ။ ။
အသီတိဟတ္ထုဗ္ဗေဓံ၊သဒါပဘံဝိစ္ဆာတေဇံ။
သတ္တယောဇနန္ဓာနိယံ၊အသီတိဝဿသဟဿာယုကံ။ ။
ပုထုဝိပုက္ခလေ၊ အဆုံးမရှိသော စကြဝဠာ၊ မြေတကာတို့

ထက်မြတ်တော်မူထသော။သဗ္ဗညုဗုဒ္ဓါနံ၊ ခပ်သိမ်းကုန်သောအ
သူသူသော ဘုရားရှင်တို့၏။ အဘိသေကော၊ အောင်မင်္ဂလာဘိ
သိက်ရေ သွန်းဖျန်းရာ ဖြစ်တော် မူထသော။ ပုထုဝိ သီသော၊
သောင်းမဏ္ဍလိပ်၊ဇမ္ဗူဒိပ်လက်ျာတောင်ကျွန်းဝယ်၊ အဝန်းယူ
ဇနာ ကိုးရာကျယ်သော၊ မဇ္ဈိမဒေသ၊ ဘွေချက်မ့အလယ်၌၊
ကမ္ဘာပျက်သော်အခါနေ့ံမှပျက်လေ့ရှိသော၊ကမ္ဘာတည်ထွန်း
သောအခါ ရှေးဦးစွာပေါ်ထွက်လာသော၊ လေးထောင့်စပ်စပ်။
ရှစ်မင်းပယ်စာကျယ်စွာထသော၊ ပန်းနံ့သာမျိုးအရုံရုံ၊ မွှေးထုံ
ရစ်ပတ်၊ခြံရံအပ်သောပန်းသစ်ပင်အပေါင်းတို့သည်၊ လက်ျာ
သုံးခါရစ်ပတ်ခွေလည့်ရာဖြစ်သော၊ငွေဘော်သား၊ ပတ္တမြားမြ
ရည်အဆင်းရှိသော သဲမွှေ့ရာခင်းလျက်တည်ထသော၊ လှည်း
ပုံတောင်းသဘွယ်၊ အလွန်သပ္ပါယ်သော၊ အလယ်တည့်မတ်၊
မြေဦးခေါင်းအရပ်၌။ ဥဒ္ဓဟာန္တာယ၊ ပေါက်ထွက် လာသော။
ပါဠိလိဗောဓိယာ၊သခွတ်ပင်ဗောဓိပင်မြတ်၏။မူလေ၊အောက်
အဘို့၌။ဥဒ္ဓဟာန္တေ၊ပေါ်ထွက်လာသော။ အပရာဇိတ ပလ္လင်္ကေ၊
မာရ်ငါးပါးကို အောင်တော်မူရာ၊ အလျားအနံ (၅၃)တောင်
မြင့်သော ရွှေပလ္လင်ထက်၌။ သာရကပ္ပေ၊ ဘုရား တဆူသာ
ပွင့်တော်မူရာ၊ သာရကမ္ဘာမြတ်၌။ ဒွါဝိသတိမံ၊( ၂၂ )ကြိမ်
မြောက်။ဗုဒ္ဓတ္တံ၊ အလွန်မြတ်သောအရဟတ္တမဂ်ဉာဏ် ထီးဖြူ
တော်ကို ဆောင်းလျက်ပွင့်တော် မူထသော။ အသီတိ ဟတ္ထ
မုဗ္ဗေဓံ၊အရပ်တော်အတောင်(၈၀)မြင့်တော်မူထသော။သတ္တ
ယောဇနဒ္ဓာနိယံ၊ ထက်ဝန်းကျင်(၇)ယူဇနာအရပ်၌။ သဒါပ
ဘာဝိဋ္ဌောတေဇ္ဇံ၊ အခါခပ်သိမ်း ကိုယ်တော် အရောင် ထွန်း
ပြောင်တောက်ပတင့်တယ်တော်မူထသော။ အသီတိဝဿသ
ဟဿာယုကံ၊အနှစ်ရှစ်သောင်းအသက်ရှည်တော်မူထသော။
ဝိပဿိံ၊ ဝိပဿီအမည်ရှိတော်မူသောမြတ်စွာဘုရားကို။ အ
ဟံ၊အကျွန်ုပ်သည်။သာဒရံ၊အလွန်ရိုသေစွာ။ ဝန္ဒေဝန္ဒာမိ၊ဆယ်
ရုံပေါင်း[illegible]က်သည်းဖြူဆွ၊တောက်ပသောလက်အုပ်ကို

မိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏ အရှင်ဘုရား။ ။

## ၂၃-သိခီဘုရားကိုယ်စားရုပ်ပွါးတော်။
## ကမ္ပည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

ထိုသို့ယူဇနာ ထက်ဝန်းကျင် တိုင်အောင် ပကတိကိုယ်တော်အရောင်တပြောင်ပြောင်ထွန်းတောက်ပတော်မူသော ဝိပဿီကိုယ်တော်မြတ်ဘုရား ပရိနိဗ္ဗာန်စံကြွတော် မူပြီးသည့်နေ့ခံအဘို့ဖြစ်သော ဧကဘဒ္ဒကပ်ကမ္ဘာမှ(၃၁)ကမ္ဘာထက်၌ဘုရား ၂ ဆူပွင့်တော်မူရာ၊ မဏ္ဍကမ္ဘာအတွင်းဝယ်၊နောင်လူတို့အသက်တမ်း (၇)သောင်းသို့ရောက်ပြန်သောအခါ၊နည်းနာစုံလင်၊ပုံပြင်ထွေပြား၊ ဂုဏ်တော်မြတ်များအပေါင်းနှင့် ပြည့်စုံတော်မူရာ၊ မြေတကာတို့၏၊ ဦးခေါင်းဦးစွန်းဘွေထက်၌၊ထွန်းပေါက်ထွက်လာ၊သရက်ဖြူပင်ဗောဓိနန်းအောက်ဝယ်၊အလျားအနံ(၃၄)တောင် အမြင့်ဆောင်သော၊ရတနာပဝင်း၊ ရွှေပလ္လင်ထက်၌၊ အထွတ်အမြတ်ဖြစ်သော အရဟတ္တမဂ်ဉာဏ်ထီးဖြူကိုဆောင်းတော် မူလျက်၊ကိုယ်တော်အရောင် (၃) ယူဇနာတိုင်အောင်တောက်ပတော်မူသေါ၊အရပ်တော်အတောင်(၇၀)မြင့်တော်မူသော၊သိခီမည်ခေါ်၊ကိုယ်တော်မြတ်ဘုရားသည်(၂၃)ကြိမ်မြောက်ပွင့်တော်မူလာပြန်သည်။ ။

အပရာဇိတပလ္လင်္ကေ၊ပုဏ္ဍရီကဗောဓိယာမူလေဇုတ္တ္ဆုံ။
သိခီသေ ပုထုဝိ-ပုက္ခလေ၊အဘိသေကေ သမ္ဗုဒ္ဓါနံ။
မဏ္ဍကပ္ပေ တေဝိသတိမံ၊သာဒရံ ဝန္ဒေ သိခီနာမကံ။ ။
သတ္တတိဟတ္ထုမုဗ္ဗေဓံ၊ကဋ္ဌနသ္သိယံဝ ဇောတေန္တံ။
သမန္တာပဘာတိယောဇနေ၊သတ္တတိဝဿသဟဿာယုကံ။ ။
ပုထုဝိပုက္ခလေ၊အဆုံးမရှိသောစကြာဝဠာမြေတကာထက်

ဖြတ်တော်မူထသော။ သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်းကုန်သော အဆူဆူ
သော ဘုရားရှင်တို့၏။ အဘိသေကော၊ အောင်မင်္ဂလာဘိသိက်
ရေသွန်းဖျန်းရာ ဖြစ်တော်မူထသော။ ပုထုဝိသိသေ၊ သောင်း
မဏ္ဍလိပ်၊ ဇမ္ဗူဒိပ်လက်ျာတောင်ကျွန်းဝယ်၊ အဝန်းယူဇနာ
ကိုးရာကျယ်သော၊ မဏ္ဍိမဒေသ၊ဘွေချက်မအလယ်၌၊ ကမ္ဘာ
ပျက်သော အခါ နောက်မှပျက်လေ့ရှိသော၊ ကမ္ဘာတည်ထွန်း
သောအခါရှေးဦးစွာပေါ်ထွက်လာသော၊ လေးထောင့်စပ်စပ်၊
ရှစ်မင်းပယ်စာကျယ်စွာထသော၊ ပန်းနုံ့သာမျိုးအရုံရုံ၊မွှေးထုံ
ရစ်ပတ်၊ ခြံရံအပ်သောပန်းသစ်ပင်အပေါင်းတို့သည်၊လက်ျာ
သုံးခါရစ်ပတ်ခွေလည်ရာဖြစ်သော၊ငွေဘော်သား၊ပတ္တမြားမြ
ရည်အဆင်းရှိသောသဲမွှေရာခင်းလျက် တည်ထသော၊လှည်း
ပုံတောင်း သဘွယ်၊အလွန်သပ္ပါယ်သော၊အလယ်တည့်မတ်၊
မြေဦးခေါင်း အရပ်၌။ ဥဒ္ဒ္ဓဟန္တာယ၊ ပေါက်ထွက်လာသော။
ပုဏ္ဍရိကဗောဓိယာ၊သရက်ဖြူဗောဓိပင်မင်း၏။မူလေ၊အောက်
အဘို့၌။ ဥဒ္ဒဟန္တေ၊ပေါ်ထွက်လာသော။ အပရာဇိတပလ္လင်္ကေ၊
မာရ်ငါးပါးကိုအောင်တော်မူရာ၊ အလျားအနံ( ၁၄ )တောင်
မြင့်သောရွှေပလ္လင်ထက်၌ ။မဏ္ဍကာပေ့၊ဘုရား(၂ ဆူပွင့်တော်
မူရာ၊မဏ္ဍကမ္ဘာ၌။ တေဝိသတိမံ၊( ၂၃ )ကြိမ်မြောက်။ဗုဒ္ဓတ္တံ၊
အလွန်မြတ်သော အရဟတ္တမဂ်ဉာဏ် ထီးဖြူတော်ကိုဆောင်း
လျက်ပွင့်တော်မူထသော။ သတ္တတိဟတ္ထမုဗ္ဗေဓံ၊အရပ်တော်
(၇၀) မြင့်တော်မူထသော။ ပဘာ၊ပကတိသောကိုယ်အရောင်
ခြောက်ဖြာသည်။ သမန္တာဓိယောဇနေ၊ထက်ဝန်းကျင်(၃)ယူ
ဇနာအရပ်၌။ ကဋ္ဌန္တဿ ယံဝိယ၊ ထိန်ထိန်ပဝင်းရွှေစေတီတော်
ကြီးကဲ့သို့။ ဓာတေန္တံ၊တပြောင်ပြောင် တလက်လက်ထွန်း
ထွက်တော် မူထသော။ သတ္တတိဝဿ သဟဿာယုကံ၊ အ
သက်တော်(၇၀)ရှည်တော်မူထသော။သိဒ္ဓိနာမကံ၊သိဒ္ဓိအမည်
ရှိတော်မူသော မြတ်စွာဘုရားကို။ အဟံ၊အကျွန်ုပ်သည်။သာဒ
ရံ၊ အလေးဂရုပြုလျက် ပူဇော်ပါ၏။ ဝန္ဒေဝန္ဒာမိ၊ ဆယ်ရံပေါင်းစည်း၊ လက်

သည်းဖြူဆွ၊တော်ပသောလက်ခုပ်ကိုမိုး၍၊ရှိခိုးပူဇော်၊ဖူးမြော်မာန်လျှော့၊ကန်တော့ပါ၏အရှင်ဘုရား။ ။

၂၄-ဝေဿဘူဘုရားကိုယ်စားရုပ်ပွါးတော်။
ကမ္ဘည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

ထိုအနန္တ အဆုံးမရှိ၊ခေတ်ဝိသယသုံးဖြာ၌၊တခဲနက်အဝိဇ္ဇာမှောင် မိုက်ကြီးကို၊ဉာဏ်ပညာဆီမီးဖြင့်၊ ပယ်ဖျောက် ထွန်းတော်မူပြီး၍၊ရွှေပြည်နိဗ္ဗာန်စံကြွတော်မူသော သိဒ္ဓိကိုယ်တော်မြတ်ဘုရား၏ နောက်အဘို့ဖြစ်သော မဏ္ဍကပ္ပာမြတ်အတွင်းဝယ်၊နောင်လူတို့သက်တမ်း အနှစ်ခြောက်သောင်းသို့ရောက်ပြန်သောအခါ၊နည်းနာစုံလင်၊ ပုံပြင်ထွေပြား၊ဂုဏ်တော်မြတ်များအပေါင်းနှင့်ပြည့်စုံတော်မူရာ၊မြေတကာတို့၏၊ဦးခေါင်းဦးစွန်းသွေထက်၌ ပေါက်ထွက်တော်မူလာ၊ အင်ကြင်းပင်ဗောဓိပင်နန်းဝယ် ထွန်းပေါ်လာသား၊အလျားအနံ၊အတောင်(၄၀) အမြင့်ဆောင်လတ်၊ ဘွဲ့ ပလ္လင်မြတ်၌၊အထွတ်အမြတ် ဖြစ်တော်မူသော အရဟတ္တ မဂ်ဉာဏ် ထီးဖြူကိုဆောင်းတော် မူလျက်၊သက်တော် (၆) သောင်း ရောင်တော်ထွန်းပြောင်၊ အရပ်အတောင်(၆၀) မြင့်တော်မူသော၊ဝေဿဘူကိုယ်တော်မြတ်ဘုရားသည်(၂၄)ကြိမ်မြောက်ပွင့်တော်မူလာပြန်သည်။ ။

အပရာဇိတပလ္လင်္ကေ၊သာလဗောဓိယာ မူလေ ဇုတ္တိန္တံ။
သိသေ ပုထုဝိ-ပုက္ခလေ၊အဘိသေကေ သဗ္ဗဇုဒ္ဓါနံ။
မဏ္ဍကပ္ပေ စတုဝိသတိမံ၊သာဒရံ ဝန္ဒေ ဝေဿဘုံ။ ။
သမ္ဗောဓိ ဟတ္ထသမုဋ္ဌိတံ၊သမန္တာပဘံ ဇောတန္တံ။
သတရံသိံ ဝ ဝိရောစံ၊သမ္ဗောဝသာသမဟာသာယုကံ။ ။

ပုထုဝိပုက္ခလေ၊အဆုံးမရှိသောစကြဝဠာမြေတကာထက်မြတ်တော်မူထသော။ သဗ္ဗဇုဒ္ဓါနံ၊ ခပ်သိမ်းကုန်သောအဆူဆူသောဘုရားရှင်တို့၏။အဘိသေကေ၊ အောင်မြဲ့တကူဘိသိက်

ရေသွန်းဖျန်းရာ ဖြစ်တော်မူထသော။ ပုထုဝိသိသေ၊ သောင်း
မဏ္ဍလိပ်၊ ဇမ္ဗူဒိပ်လက်ျာ တောင်ကျွန်းဝယ်၊ အဝန်းယူဇနာ
ကိုးရာကျယ်သော၊မဇ္ဈိမဒေသ၊ ဘွေချက်မအလယ်၌၊ ကမ္ဘာ
ပျက်သော အခါနောက်မှ ပျက်လေ့ရှိသော၊ ကမ္ဘာတည်ထွန်း
သောအခါရှေးဦးစွာပေါ် ထွက်လာသော၊ လေးထောင့်စပ်စပ်၊
ရှစ်မင်းပယ်စာကျယ်စွာထသော၊ ပန်းနံ့သာမျိုးအစုံစုံ၊ မွှေးထုံ
ရစ်ပတ်၊ခြံရံအပ်သော ပန်းသစ်ပင်အပေါင်းတို့သည်၊လက်ျာ
သုံးခါရစ်ပတ်ခွေလည်ရာဖြစ်သော၊ငွေဘော်သား၊ ပတ္တမြားမြ
ရဉ်အဆင်းရှိသောသဲမွှေရာခင်းလျက်တည်ထသော၊ လှည်းပုံ
တောင်းသဘွယ်၊ အလွန်သပ္ပါယ်သော၊ အလယ်တည့်မတ်၊
မြေဦးခေါင်းအရပ်၌။ဥဒုမှာဟန္တာယ၊ ပေါက်ထွက်လာသော။သာ
လဗောဓိယာ၊ အင်ကြွင်းဗောဓိပင်မင်း၏။ မူလေ၊အောက်အဘို
၌။ ဥဒ္ဒမှာ ဟန္တော၊ပေါ်ထွက်လာသော။အပရာဇိတပလ္လင်္ကေ၊ မာရ်
ငါးပါးကိုအောင်တော်မူရာ၊ အလျားအနံ (၄၀)မြင့်သော ရွှေ
ပလ္လင်ထက်၌။ မဏ္ဍကပ္ပေ၊ ဘုရား(၂)ဆူပွင့်တော်မူရာ၊ မဏ္ဍ
ကမ္ဘာ၌။ စတုဝီသတိမံ၊(၂၄)ကြိမ်မြောက်။ ဗုဒ္ဓတ္တံ၊အလွန်မြတ်
သော အရဟတ္တမဂ်ဉာဏ်ထီးဖြူတော်ကို ဆောင်းလျက် ပွင့်
တော်မူထသော။ သဋ္ဌိဟတ္ထသမုဗ္ဗေဓံ၊ အရပ်တော်အတောင်
(၆၀) မြင့်တော်မူထသော။ သင်္ခရံသိဝိဝိရောစံ၊ ရောင်ခြည်
တထောင်ကိုဆောင်သောနေမင်းကဲ့သို့အလွန်တောက်ပတင့်
တယ်တော်မူထသော။ သမန္တာပဘံဇောတေန္တံ၊ အရပ်ဆယ်
မျက်နှာမလပ်၊ ပကတိကိုယ်တော်ရောင်၊တပြောင်ပြောင်ထွန်း
တောက်ပတော်မူထသော။သဋ္ဌိဝဿသဟဿာယုကံ၊ အနှစ်
(၆)သောင်းအသက်ရှည်တော်မူထသော။ ဝေဿဘုံ၊ဝေဿ
ဘူအမည်ရှိတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်
သည်။ သာဒရံ၊ အလွန်ရိုသေစွာ။ ဝန္ဒေဝန္ဒာမိ၊ ဆယ်စုံပေါင်း
စည်း၊လက်သည်းဖြူဆွ၊ တောက်ပသောလက်အုပ်ကိုမိုး၍၊ ရှိ
ခိုးပူဇော်၊ ဖူးမျှော်ပြန်လျှော့၊ကန်တော့ပါ၏အရှင်ဘုရား။

## ၂၅-ကကုသန်ဘုရားကိုယ်စားရုပ်ပွါးတော်။ ကမ္ဘည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

ထိုသို့ဘုန်းတော်ခြောက်သွယ်၊ဂုဏ်တော်အနန္တတို့ဖြင့်၊မာရ်ငါးပါးကို ချိုးဖွဲ့ အောင်မြင်တော်မူပြီး၍ဝေနေယျသတ္တဝါအပေါင်းတို့အား၊လောကုတ္တရာမြိုက်ရသာကိုတိုက်ကျွေးတော်မူပြီး၍သာလျှင်၊အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့်၊ပရိနိဗ္ဗာန်စံလွန်တော်မူသောဝေသဘူဘုရား၏နောံအခါ ဝယ်၊ ဘုရား(၅)ဆူပွင့်တော်မူရာ၊ဘဒ္ဒကပ်မည်သော၊ ဤကမ္ဘာအတွင်း၌၊လူတို့အသက်တမ်းအနှစ် (၄)သောင်းသို့ရောံပြန်သောအခါ၊နည်းနာရုံလင်၊ ပုံပြင်ထွေပြား၊ဂုဏ်တော်မြတ်များအပေါင်းနှင့်ပြည့်စုံတော်မူရာ၊မြေတကာါတို့၏၊ဦးခေါင်းဦးစွန်းဘွေထက်၌၊ပေါက်ထွက်တော်မူလာသော၊ မဟာကပ်ကိုပင်မည်ဆန်း၊ဗောဓိနန်းအောံ၊အလျှားအနံ(၂၆)တောင်၊အရောင်ခြောက်ဖြာ၊ဝဇိရာဝုဓ၊ရွှေပလ္လင်မ၌၊ အထွတ်အမြတ်ဖြစ်သောအရဟတ္တမဂ်ဉာဏ်ထီးဖြူကိုဆောင်းတော်မူလျက်၊အရပ်တော်အတောင်(၄၀ အမြင့်ဆောင်သား၊ ရောင်တော်ခြောံစုံအကုန်ထွက်သော၊သက်တော် (၄) သောင်းရှည်တော်မူသော ကကုသန် ကိုယ်တော်မြတ်ဘုရားသည်(၂၅)ကြိမ်မြေံပွင့်တော်မူလာပြန်သည်။ ။

အပရာဇိတပလ္လင်္ကေ၊သိရီသဗောဓိယာ မူလေ ဇုဏ္ဏာနံ့။
သိသေ ပုထုဝိ-ပုက္ခလေ၊အဘိသေကေ သဗ္ဗဇုဒ္ဒါနံ။
ဘဒ္ဒကပ္ပေ ပဌမိသတိမံ၊သာဒရံ ဝန္ဒေ ကကုသန္ဓံ။ ။
စတ္တာလီသသမုဂ္ဂတံ၊ကဍ္ဍနပဘံ ဇောတေန္တံ။
သမန္တာဒွါဒသယောဇနံ၊စတ္တာလီသဝဿသဟဿာယုကံ။ ။

ပုထုဝိပုက္ခလေ၊အဆုံးမရှိသောစကြဝဠာမြေတကာထက်မြတ်တော်မူထသော။ သဗ္ဗဇုဒ္ဒါနံ၊ခပ်သိမ်းကုန်သော အဆူဆူသောဘုရားရှင်တို့၏။ အဘိသေကေ၊ အောင်မင်္ဂလာဘိသိက်ရေသွန်းဖျန်းရာ ဖြစ်တော်မူထသော။ ပုထ(မြ)သိသေ၊ သောင်း

မဏ္ဍလိပ်၊ဇမ္ဗူဒိပ်လက်ျာတောင်ကျွန်းဝယ်၊အဝန်းယူဇနာကိုး ရာကျယ်သော၊မဇ္ဈိမဒေသ၊ဘွေချက်မအလယ်၌၊ ကမ္ဘာပျက် သောအခါနောက်မှ ပျက်လေ့ရှိသော၊ ကမ္ဘာတည်ထွန်းသော အခါရှေးဦးစွာ ပေါ်ထွက်လာသော၊လေးထောင့်စပ်စပ်၊ ရှစ် မင်းပယ်စာကျယ်စွာထသော၊ ပန်းနုံ့သာမျိုးအရုံရုံ၊ မွေးထုံရစ် ပတ်၊ ခြိမ့်ရံအပ်သောပန်းသစ်ပင်အပေါင်းတို့သည်၊ လက်ျာသုံး ခါရစ်ပတ်ခွေလည်ရာဖြစ်သော၊ ငွေဘော်သား၊ပတ္တမြားမြရည် အဆင်းရှိသော သဲမွှေ့ရာ ခင်းလျက် တည်ထသော၊ လှည်းပုံ တောင်းသဘွယ်၊အလွန်သပ္ပါယ်သော၊အလယ်တည့်မတ်၊မြေ ဦးခေါင်းအရပ်၌။ဥဠဲှဟင်္သာယ၊ ပေါက်ထွက်လာသော။သိရိသ ဗောဓိယာ၊ကုပ်ကို ဗောဓိပင်မင်း၏။မူလေ၊အောက်အဘို့၌။ဥဠဲှ ဟန္တွေ၊ပေါ်ထွက်လာသော။ အပရာဇိတပလ္လင်္ကေ၊မာရ်ငါးပါး ကိုအောင်တော်မူရာ အလျားအနံ (၂၆) တောင်မြင့်သော ရွှေ ပလ္လင်ထက်၌။ဘဒ္ဒကပ္ပေ၊ဘုရား(၅)ဆူပွင့်တော်မူရာ၊ဘဒ္ဒကမ္ဘာ မြတ်၌။ ပဉ္စဝီသတိမံ၊ (၂၅)ကြိမ်မြောက်။ဗုဒ္ဓဝံသံ၊ အလွန်မြတ် သော အရဟတ္တ မဂ်ဉာဏ်ထီးဖြူတော်ကို ဆောင်းလျက် ပွင့် တော်မူထသော။ စတ္တာလီသသမုဂ္ဂတံ၊ အရပ်တော်အတောင် (၄၀) မြင့်တော်မူထသော။ သမန္တာဒွါဒသယောဇနံ၊ထက်ဝန်း ကျင်(၁၂) ယူဇနာတိုင်အောင်။ကဉ္စနပဘံဇောတေန္တံ၊ သိင်္ဂီ နိက္ခဇမ္ဗူရာဇ်ရွှေစင်အဆင်းနှင့် တူသောပကတိကိုယ်တော်အ ရောင် တပြောင်ပြောင်တောက်ပတော်မူထသော။ စတ္တာလီသ ဝဿသဟဿာယုကံ၊ အနှစ် (၄) သောင်းသက်တော်ရှည် တော်မူထသော။ကကုသန္ဓံ၊ ကကုသန်အမည်ရှိတော်မူသော မြတ်စွာဘုရားကို။အဟံ၊အကျွန်ုပ်သည်။ သာဒရံ၊အလွန်ရိုသေ စွာ၊ ဝန္ဒေဝန္ဒာမိ၊ဆယ်ပုံပေါင်းစည်း၊ လက်သည်းဖြူဆွ၊တော်ံ ပသောလက်အုပ်ကိုမိုး၍၊ ရှိခိုးပူဇော်၊ဖူးမြော်မာန်လျှော့၊ ကန် တော့ပါ၏အရှင်ဘုရား။ ။

## ၂၆-ကောဏာဂုံဘုရားကိုယ်စားရုပ်ပွါးတော်၊ ကမ္ဘည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

ထိုအစိန္တေယျ၊ဂုဏ်ပေါင်းခသား၊ သုံးလောကသေဌ္ဌနင်း၊ တရားမင်းဖြစ်တော်မူသော ကကုသန်ကိုယ်တော်ဘုရား၏၊ပရိနိဗ္ဗာန်စံသွားတော်မူပြီးသောနောက်အခါ၌၊ ဘုရား(၅)ဆူပွင့်တော်မူရာ၊ဘဒ္ဒကပ်၌ကမ္ဘာအတွင်းဝယ်၊ လူတို့အသက်တမ်းအနှစ် ၃ သောင်းသို့ ရောက်ပြန်သောအခါ၊ နည်းနာစုံလင်၊ မုံပြင်ထွေပြား၊ ဂုဏ်တော်မြတ်များအပေါင်းနှင့် ပြည့်စုံတော်မူရာ၊မြေတကာတို့၏၊ဦးခေါင်းဦးစွန်းဘွေထက်၌၊ပေါ်ထွက်လာသော၊ဥဒုမ္ဗရမည်ဆန်း၊ ရေသဘန်း၊ ဗောဓိပင်နန်းဝယ်၊ထွန်းပေါ်လာသား၊အလျားအနံအတောင် (၂၀) မြင့်သောရွှေပလ္လင်ထက်၌၊အထွတ်အမြတ်ဖြစ်သောအရဟတ္တမဂ်ဉာဏ်ထီးဖြူကိုဆောင်းတော်မူလျက်၊အရပ်တော်အတောင် (၃၀) အရောင်ခြေံဖြာထွန်းတော်ပလျက်၊သက်တော်နှစ် ပေါင်း(၃)သောင်းရှည်သောကောဏာဂုံမြတ်စွာဘုရားသည် (၂၆)ကြိမ်မြောက်ပွင့်တော်မူလာပြန်သည်။ ။

အပရာဇိတပလ္လင်္ကေ၊ဥဒုမ္ဗရဗောဓိယာ မူလေ ဇုတ္တ၍ နံ့။
သိသေ ပုထုဝိ-ပုကနွလေ၊အဘိသေကေ သဗ္ဗဇုဒ္ဓါနံ။
ဘဒ္ဒကပ္ပေဆဗ္ဗိသတိမံ၊သာဒရံဝန္ဒေကောဏာဂမနံ။ ။
တိံသဟတ္ထမုဗ္ဗေဓံ၊သမန္တာပဘာဓောတေန္တံ။
သတရံသိံဝဝိရောစံ၊တိံသဝဿသဟဿာယုကံ။ ။

ပုထုဝိပုကနွလေ၊အဆုံးမရှိသော စကြာဝဠာမြေတကာထက်မြတ်တော်မူထသော။ သဗ္ဗဇုဒ္ဓါနံ၊ခပ်သိမ်းကုန်သော အဆူဆူသောဘုရားရှင်တို့၏။ အဘိသေကေ၊ အောင်မင်္ဂလာဘိသိက်ရေသွန်းဖျန်းရာ ဖြစ်တော်မူထသော။ ပုထုဝိ သိသေ၊ သောင်းမဏ္ဍလိပ်၊ ဇမ္ဗူဒိပ်လက်ျာတောင်ကျွန်းဝယ်၊ အဝန်း ယူဇနာကိုးရာကျယ်သော၊ မဏ္ဍိမဒေသ၊ ဘွေချင်္ပာအလယ်၌၊ကမ္ဘာ
သ၊ ၆

ပျက်သောအခါ နောက်မှ ပျက်လေ့ရှိသော၊ ကမ္ဘာတည်ထွန်း
သောအခါ ရှေးဦးစွာ ပေါ်ထွက်လာသော၊ လေးထောင့်စပ်စပ်၊
ရှစ်မင်းပယ်စာကျယ်စွာထသော၊ ပန်းနုံ့သာမျိုးအရုံရုံ၊ မွှေးထုံ
ရစ်ပတ်၊ ခြံရံအပ်သောပန်းသစ်ပင်အပေါင်းတို့သည်၊ လက်ျာ
သုံးခါရစ်ပတ်ခွေလည်ရာဖြစ်သော၊ ငွေဘော်သား၊ ပတ္တမြားမြ
ရည်အဆင်းရှိသောသဲနွေရာခင်းလျက်တည်ထသော၊ ဖှည်း
ပုံတောင်းသဘွယ်၊ အလွန်သပ္ပါယ်သော၊ အလယ်တည့်မတ်၊
မြေဦးခေါင်းအရပ်၌။ ဥဒ္ဒဟာလ္လာယ၊ ထွက်ပေါက်လာသော။ ဥဒုမ္ဗ
ရဗောဓိယာ၊ ရေသဘန်းဗောဓိပင်မင်း၏။ မူလေ၊ အောက်အဘို
၌။ ဥဒ္ဒဟာန္တေ၊ ပေါ်ထွက်လာသော။ အပရာဇိတပလ္လင်္ကော၊ မာရ်
ငါးပါးကိုအောင်တော်မူရာ၊ အလျားအနံ အတောင် (၂၀) မြင့်
သောရွှေပလ္လင်ထက်၌။ ဘဒ္ဒကပ္ပေ၊ ဘုရား (၅) ဆူပွင့်တော်မူရာ၊
ဘဒ္ဒကမ္ဘာမြတ်၌။ ဆဗ္ဗိသတိမံ၊ (၂၄) ကြိမ်မြောက်။ ဗုဒ္ဓါနံ၊ အ
လွန်မြတ်သော အရဟတ္တ မဂ်ဉာဏ် ထီးဖြူတော်ကို ဆောင်း
လျက်ပွင့်တော်မူထသော။ တိံသဟတ္ထုမုဗ္ဗေဓံ၊ အရပ်တော်အ
တောင် (၃၀) မြင့်တော်မူထသော။ သုတရံသိံ ဝ၊ ရောင်ခြည်တ
ထောင်ကိုဆောင်သော နေမင်းကဲ့သို့။ ဝိရောစံ၊ တောက်ပတင့်
တယ် တော်မူထသော။ သမန္တာ ပဘာဓောတေန္တံ၊ ထက်ဝန်း
ကျင်မလပ်၊ ပကတိ ကိုယ်ရောင်တပြောင် ပြောင် တောက်ပ
တော်မူထသော။ တိံသဝဿသဟဿာယုကံ၊ သက်တော်အ
နှစ်သုံးသောင်း ရှည်တော် မူထသော။ ကောဏာဂမနံ၊ ကော
ဏာဂုံအမည်ရှိတော်မူသောမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်
သည်။ သာဒရံ၊ အလွန်ရိုသေစွာ။ ဝန္ဒေဝန္ဒာမိ၊ ဆယ်ရုံပေါင်း
စည်း၊ လက်သည်းဖြူဆွ၊ တောက်ပသောလက်အုပ်ကိုမိုး၍၊ ရှိ
ခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏အရှင်ဘုရား။ ။

## ၂၇-ကဿပဘုရားကိုယ်စားရုပ်ပွါးတော်။ ကမ္ဘည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

ထိုအနန္တဘုန်း၊ လက်ရုံးအာဏာ၊ တောက်ပစွာသောကောဏာဂုံဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက်၊ဘုရား (၅) ဆူပွင့်တော်မူရာ၊ ဤဘဒ္ဒကပ်ကမ္ဘာအတွင်း၌၊ နောင်လူတို့ အသက်တမ်းအနှစ်(၂)သောင်းသို့ ရောက်ပြန် သောအခါ၊ နည်းနာရုံလင်၊ပုံပြင်ထွေပြား၊ဂုဏ်တော်မြတ်အများအပေါင်းနှင့်၊ ပြည့်စုံတော် မူရာ၊ မြေတကာတို့၏၊ ဦးခေါင်း ဦးစွန်း ဘွေထက်၌၊ ပေါက်ထွက်တော်မူလာ၊ ပညောင်ပင်ဗောဓိနန်းသာဝယ်၊ အလျှားအနံ(၁၅)တောင်၊ အရောင်ခြောက်ဖြာ၊ ဝဇိရာဂုဓ၊ ဓွဇပလ္လင်ထက်၌၊ ကဿပ မည်ကျော်၊ ကိုယ်တော် မြတ်ဘုရားသည်(၂၇)ကြိမ်မြောက်ပွင့်တော်မူလာပြန်သည်။ ။

အပရာဇိတပလ္လင်္ကေ၊နိဂြောဓဗောဓိယာ မူလေ ဇုဏ္ဍိတ္တံ။
သိသေ ပုထုဝိ-ပုက္ခလေ၊အဘိသေကေ သဗ္ဗဗုဒ္ဓါနံ။
ဘဒ္ဒကပ္ပေ သတ္တဝိသတိမံ၊သာဒရံ ဝန္ဒေ ကဿပံ။ ။
ဝိသတိဟတ္ထုမုဗ္ဗေဓံ၊ဝိသတိဝဿသဟဿာယုကံ။
သမန္တာပဘာဝိဗ္ဗောတံ၊သတရံသိ°ဝ ဝိရောစံ။ ။

ပုထုဝိပုက္ခလေ၊ အဆုံး မရှိသော စကြဝဠာ မြေ တကာထက်မြတ်တော်မူထသော။သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်းကုန်သောအဆူဆူသောဘုရားရှင်တို့၏။ အဘိသေကေ၊ အောင်မင်္ဂလာဘိသိက် ရေသွန်းဖျန်းရာ ဖြစ်တော် မူထသော။ ပုထုဝိ သိ သေ၊ သောင်းမဏ္ဍလိပ်၊ဇမ္ဗူဒိပ်လကျ်ာတောင်ကျွန်းဝယ်၊ အဝန်းယူဇနာကိုးရာ ကျယ် သော၊မဏ္ဍိမဒေသ၊ ဘွေချက်မ အလယ်၌၊ ကမ္ဘာပျက်သောအခါ နောက်မှ ပျက်လေ့ရှိသော၊ကမ္ဘာတည်ထွန်းသောအခါ ရှေးဦးစွာ ပေါ်ထွက်လာသော၊ လေးထောင့်စပ်စပ်၊ဂှစ်မင်းပယ်စာကျယ်စွာထသော၊ ပင်္နံ့သာမျိုးအရုံပုံ၊ မွှေးထုံရစ်ပတ်၊ ခြံရံအပ်သောပန်းသစ်ပင် လာ ပေါင်းတို့သည်၊

လက်ျာ သုံးခါ ရစ်ပတ် ခွေလည်ရာ ဖြစ်သော၊ ငွေဘော်သား၊ ပတ္တမြား မြရည်အဆင်းရှိသော သဲ့မွေ့ရာခင်းလျက် တည်ထသော၊လှည်းပုံတောင်းသဘွယ်၊အလွန်သပ္ပါယ်သော၊အလယ်တည့်မတ်၊မြေဦးခေါင်းအရပ်၌။ဥဋ္ဌဟန္တာယ၊ပေါက်ထွက်လာသော။ နိဂြောဓဗောဓိယာ၊ပညောင်ဗောဓိပင်မင်း၏။ မူလေ၊ အောံအတိုင်၌။ဥဋ္ဌဟန္တေ၊ ပေါ်ထွက်လာသော။ အပရာဇိတပလ္လင်္ကော်၊မာရ်ငါးပါးကိုအောင်တော်မူရာအလျား၊အနံ(၁၅)တောင်မြင့်သောရွှေပလ္လင်ထက်၌။ ဘဒ္ဒကပ္ပေ၊ဘုရား(၅)ဆူပွင့်တော်မူရာ၊ဘဒ္ဒကပ္ပာမြတ်၌။သတ္တဝိသတိမံ၊(၂၇)ကြိမ်မြော်။ဗုဒ္ဓါနံ၊ အလွန်မြတ်သောအရဟတ္တမဂ်ဉာဏ် ထီးဖြူတော်ကိုဆောင်းလျက်ပွင့်တော်မူထသော။ ဝိသတိဟတ္ထုဗ္ဗေဓံ၊ အရပ်တော်အတောင်(၂၀) မြင့်တော်မူထသော။ သတရံ သိံဝဝိရောစံ၊ ရောင်ခြည်တထောင်ကို ဆောင်သော နေမင်းကဲ့သို့ တောက်ပတင့်တယ်တော်မူထသော။ သမန္တာ ပဘာဝိဇ္ဇောတံ၊ ထက်ဝန်းကျင်မလပ်၊ အရပ် ဆယ်မျက်နှာ ပတ်လုံး ပကတိ ကိုယ်တော်ရောင်တပြောင်ပြောင် ထွန်းတောက်ပတော် မူထသော။ ဝိသတိဝဿသဟဿာယုကံ၊ အနှစ် (၂)သောင်းသက်တော်ရှည်တော်မူထသော်။ကဿပံ၊ကဿပမည်ကျော်၊ကိုယ်တော်မြတ်ဘုရားကို။ အဟံ၊အကျွန်ုပ်သည်။ သာဒရံ၊ အလွန်ရိုသေစွာ။ ဝန္ဒေဝန္ဒာမိ၊ဆယ်ရုံပေါင်းစည်း၊လက်သည်းဖြူဆွ၊ တော်ပသောလက်အုပ်ကိုမိုး၍၊ ရှိခိုးပူဇော်၊ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏အရှင်ဘုရား။ ။

## ၂၈-ဂေါတမဘုရားကိုယ်စားရုပ်ပွါးတော်။
## ကမ္ဘည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

အစိန္တေယျ၊ဂုဏ်ပေါင်းခသား၊သုံးလောကရာဇာ၊ခေတ်သုံးဖြာလုံး၊ အဆုံးရှိသောကိုယ်တော်ရောင် ဘုန်းရောင်တန်းခိုး

ရောင်တို့ဖြင့်တပြောင်ပြောင်ထွန်းတောံပတော်မူသော၊ကကု
သန်၊ ကောဏာ၊ကဿပ၊ဂေါတမ၊အရိမေတ္တေယျဟုအမည်
နာမံထင်ပေါ်ကျော်စောတော်မူသော ဘုရား(၅) ဆူတို့၏ပွင့်
တော်မူရာ၊ဘဒ္ဒကပ်မည်သါ၊ဤကမ္ဘါမှ၊နောက်ဆုတ်ရေတွက်
သည့်ရှိသော်၊မဟာကပ်တသိန်းအလွန်ရှိသော၊ (၄)အသင်္ချေ
ထက်ဝယ်၊ လူသုံးပါးတို့၏မကိုရ်၊ သုံးတိုက်လုံး ကြေပြာ၊ တ
ဏှက်ရော၊မေခက်ရော၊ သရဏက်ရော၊ ဒိပက်ရောဟု၊မည်သညာ
လွန်စွာထင်ရှား၊ဘုရား(၄)ဆူတို့၏ပွင့်တော်မူရာ၊ သာရမဏ္ဍ
ကမ္ဘာမြတ်ဝယ်၊ မြေတကာတို့ထက်မြတ်သော၊ အဝန်းယူဇနာ
ကိုးရော၊မဏ္ဍိမဒေသ၊ဘွေချက်မမြေဦးစွန်းဒွိ၊ပေါက်ရေံတော်
မူလာသော၊ဗိပ္ပလိမည်ခေါ်၊ ဗောဓိပင်ရွှေနန်းသာမှ၊ ထွက်ပေါ်
လာသား၊အလျားအနံ (၅၃) တောင်၊ အရောင်ခြောက်ဖြာ၊ဝဇိ
ရာဇုခ၊ ရွှေပလ္လင်ထက်ဒွိ၊ မြမြသပ္ပါယ်၊ ထက်ဝယ်ဘွဲ့ခွေ၊ နေ
တော်မူပြီးလျှင်၊ မာရ်ငါးဖြာကို အောင်တော်မူခြင်းအထွတ်အ
ထိပ်သို့ရောက်တော်မူသည့်ဖြစ်၍၊တရားဉသုံ၊ အလုံးစုံသော
ဉေယျဓံ၊သစ္စာလေးပါး၊မြတ်တရားကို၊ နေလဝန်းအသွင်ပြိုမြို
ထင်ထင်မြင်ခြင်း၊ အထွတ်အထိပ်သို့ရောက်သော အရဟတ္တ
မဂ်ဉာဏ်ထိးဖြူကို ဆောင်းတော် မူလျက်၊ အရပ် ထက် ဝန်း
ကျင်(၁၂)ယူဇနာကိုယ်တော်အရောင်တို့ဖြင့် တပြောင်ပြောင်
တောက်ပတော်မူလျက်၊အခါမလပ်(၄) သိန်းသောသင်္ဃာခြံရံ
တော်မူပြီးလျှင်၊ ရွှေတောင် အပေါင်း ခြံရံအပ်သော ရွှေစေတီ
တော်ကြီးကဲ့သို့၊အရပ်တော်အတောင်(၈၀)မြင့်တော်မူသည်
ဖြစ်၍၊ ဒိပက်ရော၊မည်သာလွန်ကင်း၊ အစိန္တေရှင်သုံးလူ့မင်းဘု
ရားသည်၊ ရမ္မာဝတီမည်ခေါ်၊မင်းနေပြည်တော်သို့၊ရွှေတောင်
ကြီးအလား၊ မားမားကြွလာတော်မူသောအခါဝယ်၊ ငါတို့ဘု
ရားဂေါတမ အလောင်းတော်သည် သုမေဓာ ရှင်ရသေ့ ဖြစ်
တော်မူ၍၊ကြွတော်မူရာလမ်းခရီးသုတ်သင်ပြင်ဆင်၍မပြီး၊ညွန်
ပျောင်းကြီးအရပ်ဒွိ၊ဆံကျစ်ဘွဲ့ထား၊သျှောင်္ဂုံးများကိုဖြန့်ပြီး

၍၊ ဒုကုဋ်လျှော်တေ သက်န်း၊သစ်နက်သားရေနွယ်အခင်းကို ထိုညွှန်ပျော့င်း၍ခင်းဖြန့်ပြီးလျှင်၊ အနလျှားမှော်ခုံ၊ ဆယ်ပုံလက် အုပ်တင်ထား၊ တံတားခင်း၍ နေတော် မူသောအခါ၊ သဃ်ာ တော်အပေါင်း (၄) သောင်းခြိမ်ရံလျက်ကြွလာတော်မူသော၊ဒီ ပင်္ကရာကိုယ်တော်မြတ်ဘုရားသည်၊ဘုရားလောင်း၏ဦးခေါင်း သွေထက်အရပ်၌၊မားမားရပ်တော်မူလျက်၊ နိယတမဗ္ဗ|သက ရွှေဗျာဒိတ်တော်မြတ်ကို၍ဘုရား (၄) ဆူပွင့်တော်မူရာ၊သာရ မဏ္ဍကမ္ဘာမြတ်မှ စ၍ရေသော် ကမ္ဘာတသိန်း အလွန်ရှိသော (၄)အသင်္ချေထက်ဘုရား (၅)ဆူပွင့်တော်မူရာ၊ဘဒ္ဒကပ်ကမ္ဘာ မြတ်၌၊ ဤသုမေဓာရှင်ရသေ့သည် ဂေါတမဘုရား စင်စစ်ဖြစ် လတ္တံ့ဟု၊ နိယတမဗ္ဗ။ ရွှေဗျာဒိတ်စကားကို မိန့်ကြား တော်မူ သည်။ဤသို့သာလျှင်၊ရောင်ဝါမြိုးပြက်စက်လက္ခဏာတောက် ပစွာသော၊ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်း၌ သဗ္ဗညု တဉာဏ် ဘုရားဆုကိုပန်တော်မူသည်မှစ၍(၄) အသင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး၊အဆုံးမရှိသောဒုက္ခတဝေနေယျ ကြာအပေါင်းတို့အား၊ရွှေရင်တော်နှစ်၊သားတော်စစ်ပမာ၊လွန် စွာသနားခြင်း မဟာကရုဏာရှိတော်မူသော ကြောင့်၊ပါရမီ ဆယ်ပါး၊အပြားသုံးဆယ်၊စွန့်ခြင်းကြီးငါးပါး၊ စရိယာသုံးပါး၊ မြတ်ကုသိုလ်တရားတို့ကို၊ကိုယ်အသက်ကို ငဲ့ကွက်တော်မမူ၊ ဖြည့်ကျင့် ဆည်းပူးခြင်းကိုပြုတော်မူသောကြောင့်၊ ဘုရားအ ဆူဆူတို့၏အောင်မင်္ဂလာ ဘိသိက်သွန်းဖျန်းရာ၊ မြေတကာတို့ ထက်မြတ်ထသော၊သောင်းမဏ္ဍလိပ် ဇမ္ဗူ။ဒိပ် လက်ျာတောင် ကျွန်းဝယ်၊ကမ္ဘာပျက်သောအခါနောက်မှပျက်လေ့ရှိသည်ဖြစ် ၍၊ကမ္ဘာပေါ်သောအခါရှေးဦးစွာထွက်ထွန်းပေါ်လာသော၊အ ဝန်းယူဇနာ ကိုးရာကျယ်သော၊မဇ္ဈိမဒေသ အရပ်၊သွေချက် မအလယ်ဝယ်၊ အလျားအနံ့ရှစ်မင်းပယ်စာကျယ်ပြန့်သော၊အ မွေးအနံ့ပန်းမြတ်တို့ဖြင့် သင်းထုံသောမြက်သစ်ပင် အပေါင်း တို့သည်လက်ျာ[illegible]စ်သုံးခါရွေ၍လည်သော၊ငွေဘော်သားမြအ

ဆင်းရှိသောပြောင်ပြောင်လက်သောသဲနှမ္မရာတို့ဖြင့် ခင်းအပ်သော၊ မြေတကာတို့၏၊ ဦးထိပ်ဘွေထပ်၊ အရပ်တည့်တည့်မှာ၊ ပေါက်ထွက်လာသော၊ အတောင် (၁၀၀) မြင့်စွာ လွှင့်ခေါင်၊ ဗောဓိညောင်ရွှေ၊ ဗုဒ္ဓဟောအောက်၊ ဆန်းကြယ် ပေါက်သား၊ (၁၄)တေါင်၊ အရောင်ခြောက်ဖြာ၊ ဝဇိရာဂုဓ၊ ရွှေပလ္လင်မထက်၌၊ အထွတ်အမြတ်ဖြစ်သေါအရဟတ္တမဂ်အရဟတ္တဖိုလ်ဉာဏ်ထီးဖြူကို ဆောင်းတော်မူလျက်၊ သကျပုတ္တ၊ ဂေါတမ-မည်ကျော်၊ ငါတို့ကိုယ်တော်မြတ် ဘုရားသည် (၂၈)ကြိမ်မြောက်ပွင့်တော်မူလာပြန်သည်။ ။

ဗုဒ္ဓသဟတ္ထပလ္လင်္ကေ၊ အဿတ္ထဗောဓိယာ မူလေ ဗုဒ္ဓေါနံ။
ဿိသေ ပုထုဝီ-ပုက္ခလေ၊ အဘိသေကေ သဗ္ဗဗုဒ္ဓါနံ။
ဘဒ္ဒကပ္ပေ အဋ္ဌဝီသတိမံ၊ သာဒရံ ဝန္ဒေ ဂေါတမံ။ ။
အဋ္ဌာရသဟတ္ထမုဗ္ဗေဓံ၊ သမန္တာပဘာဝိဇ္ဇောတံ။
သမန္တာအသီတိဟတ္ထကေ၊ ဝဿသတဇီဝိကံ။ ။

ပုထုဝီပုက္ခလေ၊ အဆုံးမရှိသောစကြဝဠာမြေတကာထက်မြတ်တော်မူထသော။ သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်းကုန်သော အဆူဆူသောဘုရားရှင်တို့၏။ အဘိသေကေ၊ အောင်မင်္ဂလာ ဘိသိက်ရေသွန်းဖျန်းရာ ဖြစ်တော်မူထသော။ ပုထုဝီသီသေ၊ သောင်းမဏ္ဍလိပ်၊ ဇမ္ဗူဒိပ်လက်ျာတောင်ကျွန်းဝယ်၊ အဝန်းယူဇနာကိုးရာကျယ်သော၊ မဇ္ဈိမဒေသ၊ ဘွေချက်မအလယ်၌၊ ကမ္ဘာပျက်သောအခါနောက်မှပျက်လေ့ရှိသော၊ ကမ္ဘာတည်ထွန်းသောအခါ ရှေးဦးစွာ ပေါ်ထွက်လာသော၊ လေးထောင့်စပ်စပ်၊ ရှစ်မင်းပယ်စာကျယ်စွာထသော၊ ပန်းနုံ့သာမျိုးအရုံရုံ၊ မွှေးထုံရစ်ပတ်၊ ခြံရံအပ်သောပန်းသစ်ပင်အပေါင်းတို့သည်၊ လက်ျာသုံးခါရစ်ပတ်ခွေလည်ရာဖြစ်သေါ၊ ငွေဘော်သား၊ ပတ္တမြားမြရည်အဆင်းရှိသော သဲနှမ္မရာ ခင်းလျက် တည်ထသော၊ လှည်းပုံတောင်းသဘွယ်၊ အလွန်သပ္ပါယ်သော၊ အလယ်တည့်မတ်၊ မြေဦးခေါင်းအရပ်၌။ ဥဋ္ဌဟန္တာယ၊ ပေါက်ထွက်လာသော။ အဿ

တ္ထဗောဓိယာ၊ အတောင်တရာ၊ မြင့်စွာလွင့်ခေါင်၊ ဗောဓိညောင် ရွှေ၊ ဗုဒ္ဓဟော့ပင်မင်း၏။ မူလေ၊ အောက်အဘို့၌။ ဥဒ္ဓဟာနွေ၊ ပေါ် ထွက်လာသော။ ရတ္နသဟတ္ထပလ္လင်ကော်၊ (၁၄)တောင်၊ အရောင် ခြောက်ဖြာ၊ ဝဇိရာဂုဏ်၊ ရွှေပလ္လင်ထက်၌။ ဘဒ္ဒကပ္ပေ၊ ဘုရား (၅) ဆူပွင့်တော်မူရာ၊ ဘဒ္ဒကမ္ဘာမြတ်၌။ အဋ္ဌဝိသတိမံ၊ (၂၈) ကြိမ်မြောက်။ ဗုဒ္ဓါနံ၊ အလွန်မြတ်သော အရဟတ္တ မဂ်ဉာဏ် ထီးဖြူတော်ကိုဆောင်းလျက် ပွင့်တော်မူထသော။ အဋ္ဌာရသ ဟတ္ထုဗ္ဗေဓံ၊ အရပ်တော် (၁၈) တောင်မြင့်တော်မူထသော။ သမန္တာအသီတိဟတ္ထကေ၊ အတောင်(၈၀) ထက်ဝန်းကျင်အ ရပ်၌။ သမန္တာပဘာဝိဇ္ဇောတံ၊ ဝဇိရစိန် တုံးပမာ၊ မြင့်သော ကိုယ်တော်၏ ထက်ဝန်းကျင် အရပ်မှ၊ ပကတိ သော ကိုယ် တော်ရောင်၊ ပြောင်ပြောင်ရွှန်းရွှန်း၊ ထွန်းတော်ပတော်မူထ သော။ ဝဿသတ ဇီဝိကံ၊ အနှစ်တရာပတ်လုံး အသက်ရှည် တော်မူထသော။ ဂေါတမံ၊ အသဗ္ဗညုသာကီဝင် မင်းသား၊ ဂေါ တမ-မည်ကျော် ကိုယ်တော်မြတ်ဘုရားကို။ အဟံ၊ အကျွန်ုပ် သည်။ သာဒရံ၊ အလွန်ရိုသေစွာ။ ဝန္ဒေဝန္ဒာမိ၊ ဆယ်ပုံ ပေါင်း စည်း၊ လက်သည်းဖြူဆွ၊ တောက်ပသော လက်အုပ်ကို မိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏အရှင်ဘုရား။ ။

ပဥ္စမပုစ္ဆာဝိသဇ္ဇနာပြီး၏။

## ဒုတိယပဏ္ဏာဝိသဇ္ဇနာ။

ဒယာယတာယသင်္ဂြေသု၊သမုဿာဟိတမံ့ာနသော။
ပါဋိဟီရာဝသာနမှိ၊ဝသန္တော တိဒသာလယေ။ ။
ပါရိစ္ဆတ္တကမူလမှိ၊ပဏ္ဍုကမ္ဗလနာမကေ။
သိလာသနေ သန္နိသိန္နော၊အာဒိစ္စောဝ ယုဂန္ဓရေ။ ။
စက္ကဝါဠသဟဿေဟိ၊ဒသဟာဂမ္မသမ္ဗ သော။
သန္နိသိန္နေန ဒေဝါနံ၊ဂဏေန ပရိဝါရိတော။ ။
မာတရံ ပမုခံ ကတွာ၊တဿာ ပညာယ တေဇသာ။
အဘိဓမ္မာကထာမဂ္ဂံ၊ဒေဝါနံသမ္ပဝတ္တယိ။ ။

ဤကားအရွှသာလိနီ ဂါထာပါဌ်။ ။ဋင်းဂါထာ ပါဌ်မိန့်အပ်သည်နှင့်အညီ။ခြောက်ဝါလွန်နခုစ်ဝါမြောက်ကောသလတိုင်းသာဝတ္ထိပြည်ယူဇနာ ဝေးကွာ တောင်မျက်နှာ အရပ်ဝယ်၊ ကဏ္ဍမည် သောဥယျာဉ် စောင့်ယောကျ်ားသည် ဆက်ကပ်အပ်သော သရက်မျိုးစေ့ကို စိုက်ပျိုးသောအခါ၊ပေါက်ထွက်လာသောကဏ္ဍမ္ဗမည်သောသရက်ပြုပင်၏ အနီး၌ဝိသုကြုံနတ်သားသည်ဖန်ဆင်းအပ်သောအရှေ့အနောက် စကြဝဠာဘော်ထွင်း လျက်တည်သော ရဲတနာရွှေစကြာ ဘွေချက် လယ်ဝယ် တန်းခိုးပြာဋိဟာကိုဖူးမြင်ရအောင်၁၂ယူဇနာလူ့ရှင်ရဟန်းပရိသတ်အပေါင်းတို့အား၊ ဇာတိခေတ်ပေါင်း၊တသောင်းစကြဝဠာ၊စည်းဝေးရောံလာကုန်သောနတ်ဗြဟ္မာတို့အားလည်း(၄၂)ဖြာသောမိစ္ဆာကွန်ရက်ကိုဖျက်ဆီးတော်မူလျက်၊ ပစ္စေကဗုဒ္ဓါသာဝကတို့နှင့် မဆက်ဆံသော စက္ကဝါပတ်ကုန်း အဆုံးမရှိ၊ခေတ်ဝိသယကိုပျံ့နှံ့စေတော်မူသောမကြံစဉ်နိုင်သောရေအစုံမီးအလျှံတန်းခိုးပြာဋိဟာကိုပြတော်မူပြီး၍၊သုံးဘဝါးတလှမ်း၊တာဝတိံသာဘုံနန်းသို့၊ကြွလှမ်းတော်မူပြီးလျှင်၊ယူဇနာ၊(၁၅)ပင်စည် အဝန်းရှိသော ပင်လယ်ကသစ်ပင် ရင်းအောက်ခင်းထားအပ်သောအလျားယူဇနာ(၆၀)။ အနံယူ၄ ၁(၅၀)၊အထု

အားဖြင့် (၁၅) ယူဇနာရှိသောလယ်ခေါင်ရန်းပန်း၊ ကမ္ဗလာနီ အဆင်းရှိသော အကြိမ်ရာထောင်မက ဖန်အပ်သော၊ လဲဝါ ဝွမ်းမကအဲလွန်နူးညံ့သိမ်မွေ့သော်ပဏ္ဍုကမ္ဗလာကျောက်ဖြာ ရွှေပလ္လင်ထက်၌၊ လေးသောင်းနှစ်ထောင် အမြင့်ဆောင်သော ယုဂန္ဓိုရ်၏ တောင်စွန်းဝယ်၊ ရောင်ခြည်တထောင်ကို ဆောင် သော နေလုင်မင်းကဲ့သို့၊ (၁၈)တောင်အမြင့်ဆောင်သား၊ အ တောင်(၈၀)ဝေးကွာ၊ အရပ်ဆယ်မျက်နှာလုံး၊ လက္ခဏာကြီး ငယ်၊ ရောင်ခြေံသွယ်တို့ဖြင့်၊ ထိန်ထိန်ထွန်းတောက်ပလျက်၊ မြ မြသပ္ပါယ်၊ ထက်ဝယ်ဘွဲ့ခွေ နေတော်မူပြီးလျှင်၊ ဓာတိခေတ် ပေါင်း၊ တသောင်းစကြဝဠာ ခေတ်အတွင်းက၊ စည်းဝေးရေံ လာကြကုန်သော၊ နတ်ဗြဟ္မာအပေါင်းခြံရံလျက်၊ မြင်းမိုရ်မေရု၊ မြေထုမက၊ ကြီးကျယ်လှသော၊ မယ်တော်ဖြစ်ခဲ့ဘူးသော၊ သန္တု သိတမိနတ်သားကို၊ ရှေးဖျားဦးကိုင်အကြီးအမှူးပြုတော်မူပြီး ၍၊ သံသရာဝဋ်ဒုက္ခ၊ ဝဲဩဃရေအယဉ်မှ၊ နစ်မွန်းမျောသွားကြ ကုန်သောဝေနေယျကြာအပေါင်းတို့အား၊ သါးတော်ရာဟုလာ ပမာ၊ လွန်စွာသနားခြင်းမဟာကရုဏာရှိသေါကြောင့်၊ ထိုဒုက္ခ တသဏ္ဌဝါ အပေါင်းတို့အားအလွန်ကြီးစွာသော သံသရာဝဲဩ ဃမှထုတ်နုတ်ကယ်တင်တော်မူပြီး၍၊ အလွန်ဖေးမြဲမွေးကြိုင်ချမ်း သာလှစွာ၊ လောကုတ္တရာ ရတနာအမြိုက်ကိုတိုက်ကျွေးတော် မူခြင်းအကျိုးငှာ၊ အဏ္ဏဂန္ထိရ၊ အနက်အကျိုး၏ နက်နဲခဲခက် ခြင်း၊ အကြောင်းပါဠိမွေ၏နက်နဲခဲခက်ခြင်း၊ ဒေသနာတော်မြတ် ၏ နက်နဲခဲခက်ခြင်း၊ ပဋိဝေဓဉာဏ်တော်မြတ်၏ နက်နဲခဲခက် ခြင်း၊ ဤသို့စသါး၊ နက်နဲခြင်းလေးဝတ္ထထက်၊ ဆတက်အသင်္ချေ မရေတွက်နိုင်၊ အလွန်နက်နဲ ခဲခက် သော အဇ္ဈာသဘွေထပ်၊ ကောင်းကင်မြဘ် ဝယ်၊ ရာထောင် သိန်းသန်း ကုဋေ၊ ကြယ် နက္ခတ်တွေမက၊ အလွန်ဆန်းကြယ်သောနည်းအပေါင်းတို့ဖြင့် တန်းဆာဆင်အပ်သော၊ မွေသင်္ဂဏီပါဠိတော်အစ၊ ပဋ္ဌာန်းပါ ဠိတော်အဆုံးရှိသော အဘိဓမ္မာ ဒေသနာမြတ် ၇ ကျမ်းကိုဝါ

တွင်း ၃ လပတ်လုံးဟောကြားတော်မူလျက်၊ အစိန္တေယျဂုဏ်ပေါင်းခသား၊ သုံးလောက ရာဇာ၊ သကျမုနိ ဂေါတမဘုရားကိုယ်တော်မြတ်သိတင်းသုံးနေတော်မူသည်။ ။

ဒယာဝယ တာဝယ သဏ္ဍောသု၊ သမုဿာဟိတမာနသော။
ပါဒိုဟိရာဝသာနမှိ၊ ဝသန္တော တိဒသာလယေ။ ။
ပါရိစ္ဆတ္တကမူလမှိ၊ ပဏ္ဍုကမ္ဗလနာမကေ။
သိလာသနေ သန္နိသိန္နော၊ အာဒိစ္စောဝ ယုဂန္ဓရေ။ ။
စက္ကဝါဠသဟဿေဟိ၊ ဒသဟာဂမ္မ သဗ္ဗသော။
သန္နိသိန္နေန ဒေဝါနံ၊ ဂဏနေန ပရိဝါရိတော။ ။
မာတရံ ပမုခံ ကတွာ၊ တဿာ ပညာယ တေဇသာ။
အဘိဓမ္မကထာမဂ္ဂံ၊ ဒေဝါနံ သမ္ပဝတ္တယိ။
ဝေမာဒိဂုဏူပေတံ၊ သာဒရံ ဝန္ဒေ တံ ဂေါတမံ။ ။

ယောဂေါတမနာထော၊ သကျပုတ္တ၊ ဂေါတမမဥ္ဆကျော်၊ အကြင်ကိုယ်တော်မြတ်ဘုရားသည်။ တာဝယဒယာဝယ၊ ထိုမဟာကရုဏာတော် သည်။ သဏ္ဍောသု၊ ခပ်သိမ်းကုန်သောဒုက္ခ တသတ္တဝါအပေါင်းတို့၌။ သမုဿာဟိတမာနသော၊ အခါမပြတ်တိုက်တွန်းနှိုးဆော် အပ်သော စိတ်နှလုံးတော် ရှိတော်မူသောကြောင့်။ ပါဒိုဟိရာဝသာနမှိ၊ မကြံစည်နိုင်သောရေအစုံမီးအစုံတန်းခိုးပြာဋိဟာပြတော်မူပြီးသော အဆုံး၌။ တိဒသာလယေ၊ သုံးကျိပ်သုံးပါးသိကြားနတ်မင်းတို့၏၊ ပျော်ခင်းစံရာ၊ တာဝတိံသာနတ်ပြည်၌။ ဝသန္တော၊ သုံးလပတ်လုံးဝါကပ်တော်မူ၍ နေတော်မူလျက်။ ပါရိစ္ဆတ္တကမူလမှိ၊ ပင်လယ်ကသစ်ပင်ရင်းခင်းထားအပ်သော။ ပဏ္ဍုကမ္ဗလ နာမကေ၊ တွေးတွေးနီတျာ၊ မြကျောက်ဖြာဟု၊ လွန်စွာညွှန့်နု၊ အကြောင်းပြု၍၊ ပဏ္ဍုကမ္ဗလာအမည်ရှိသော။ သိလာသနေ၊ မြကျောက်ဖြာနေရာထက်၌။ ယုဂန္ဓရေ၊ ယုဂန္ဓိုရ်တောင်စွန်း၌။ အာဒိစ္စောဝ၊ ရောင်ခြည်ဝင်းထောင်ကိုဆောင်သောနေမင်းကဲ့သို့။ သန္နိသိန္နော၊ မြမြသပ္ပါယ်၊ ထက်ဝယ်ဘွဲ့ခွေ၊ ကောင်းစွာနေတော်မူလျက်။ သဗ္ဗသော၊ အလုံးစုံ

သောအရပ်ထက်ဝန်းကျင်တို့မှ။ ဒသဟိစက္ကဝါဠ သဟာသော
ဟိ၊ ဇာတိခေတ်ပေါင်း၊သောင်းစကြဝဠာတိုက်တို့မှ။အာဂမ္မ၊
အညီတညွတ်တည်း စဥ်းဝေးရောက်လာကုန်သည်ဖြစ်၍။ သန္နိ
သိန္နေန၊ ဘယ်ညာမလပ်ကောင်းစွာနေထိုင်ကြသော။ ဒေဝါနံ
ဂဏေန ပရိဝါရိတော၊နတ်ဖြဟ္မာ အပေါင်းဖြင့်ခြံရံလျှက်။မာ
တရံ၊ မယ်တော်ဖြစ်ခဲ့ဘူးသောသန္တုသိတမည်နတ်သားကို။ပမု
ခံကတွာ၊ ရှေ့ကိုင်ဦးဖျား၊ အကြီးထားသည်ကိုပြု၍။ တဿာ
ပညာယ၊ထိုသဗ္ဗညုတဉာဏ်တော်၏။တေဇသာ၊အစွမ်းသုံး
ပါးတန်းခိုးအားဖြင့်။ အဘိဓမ္မကထာမဂ္ဂံ၊ဂုဏ်လျှားသောခရီး
အစဥ်နှင့်တူသော အဘိဓမ္မာ( ၇ )ကျမ်းဒေသနာတရားတော်
မြတ်ကို။ ဒေဝါနံ၊သောင်းလောကဓာတ်က စည်းဝေးရောက်
လာကုန်သော နတ်ဖြဟ္မာတို့အား။သမ္ပဝတ္တယိ၊ နည်းနာပုံလင်၊
ပုံပြင်ထွေပြား၊ကောင်းစွာဟောကြားတော်မူလေပြီ။ဧဝမာဒိဂု
ဏူပေတံ၊ဤသို့စသော ဂုဏ်တော်အပေါင်းနှင့်ပြည့်စုံတော်မူ
သော။တံဂေါတမံ၊ထိုအဘိဓမ္မာ(၇)ကျမ်းတရားတော်မြတ်ကို
ဟောတော်မူတတ်သောဂေါတမမြတ်စွာဘုရားကို။ အဟံ၊အ
ကျွန်ုပ်သည်။သာဒရံ၊ အလွန်ရိုသေစွာ။ ဝန္ဒေဝန္ဒာမိ၊ ဆယ်ပုံ
ပေါင်းစည်း၊ လက်သည်းပြူဆွ၊ တော်ပသောလက်အုပ်ကိုမိုး
၍၊ရှိခိုးပူဇော်၊ဖူးမြော်မာန်လျှော့၊ကန်တော့ပါ၏အရှင်ဘုရား။

ဒုတိယပုစ္ဆာဝိသဇ္ဇနာပြီး၏။ ။

၃-တတိယပုစ္ဆာဝိသဇ္ဇနာ။

ဧဝံမေသုတံ၊ ဧကံသမယံ ဘဂဝါ အန္တရာစရာဇဂဟံအန္တရာ
စနာဠန္ဒံ အဒ္ဓါနမဂ္ဂပ္ပဋိပန္နောဟောတိ မဟာတာဘိက္ခုသံဃေန
သဒ္ဓိံ ပဉ္စမတ္တေဟိဘိက္ခုသတေဟိ။ ။ဤသို့စသည်ကား၊
သုတ်သီလက္ခန်ပါဠိတော်မြတ်ဖြစ်သည်။ ဝှင်းမိန့်တော်မူလာ၊

ပါဠိတော်မြတ်နှင့်အညီ အစဉ်လွှေယျ၊ ဂုဏ်ပေါင်းခသား၊ သုံး
လောကသေဌ်နင်း တရားမင်းဓမ္မရာဇာ ဖြစ်တော်မူသော လက္ခ
ဏာကြီးငယ် ရောင်ခြောက်သွယ်တို့ဖြင့် တင့်တယ်တောက်ပ
စွာတန်းဆာဆင်လျက်၊မဟာသာရိပုတ္တရာ၊မဟာမောဂ္ဂလာန်
လက်ျာလက်ဝဲအကြီးအမှူးရှိသော သင်္ဃာငါးရာတို့နှင့် တကွ၊
ရာဇဂြိုဟ်ပြည်နာဠန္ဒမြို့၏အကြား၊ အခါတပါး ရောက်တော်မူ
သောအခါ၊ တယူဇနာခွဲအဝန်းရှည်သောခရီးသို့ ရွှေတောင်အ
လား၊ မားမားကြွသွားတော်မူသော၊ငါတို့ဂေါတမကိုယ်တော်
ဘုရားသည်၊မဂဓတိုင်းရာဇဂြိုဟ်ပြည် သရက်ဥယျာဉ်တော၊
ဗိမ္ဗိသာရမင်းစံတော်မူရာမင်းကွန်းထီးဖြူ ရုံမဏ္ဍပ်အိမ်တော်
၌၊ သင်္ဃာတော်မြတ်အပေါင်းနှင့်တကွတညဉ့်ကိန်း၍နေတော်
မူ၏။ ထိုသို့နေတော်မူသောအခါ ဝယ်၊ဆရာသုပ္ပိယပရိဗိဇ်၊တ
ပည့်ဗြဟ္မဒတ်လုလင်၊ဤ ၂ ယောက်တို့တွင်၊ဆရာက၊ရတနာသုံး
ပါး ဂုဏ်ကျေးဇူးကိုကဲ့ရဲ့၏။ တပည့်က၊ ရတနာသုံးပါးဂုဏ်
ကျေးဇူးကိုချီးမွမ်းလျက်သရက်ဥယျာဉ်မင်းကွန်း၌ နေလာကြ
၏။ထိုအကြောင်းကိုတပည့်သား သင်္ဃာတော်အပေါင်းတို့က၊
ရွှေနားတော်ကြား လျှောက်ထားလေသည်ရှိသော်၊ လူသုံးပါး
တို့၏ မကိုဋ်၊ သုံးကျွန်းလုံးဝယ် နေမင်းတဆူသာ ဖြစ်တော်မူ
သော၊ငါတို့ကိုယ်တော်မြတ်ဘုရားသည်၊ဆရာသုပ္ပိယပရိဗိဇ်၊
တပည့်ဗြဟ္မဒတ်လုလင် ၂ ဦးတို့၏ရတနာသုံးပါးအားကဲ့ရဲ့ခြင်း၊
ချီးမွမ်းခြင်းကိုအကြောင်းပြု၍၊စူဠသီလဝဂ်၊မဇ္ဈိမသီလဝဂ်၊မ
ဟာသီလဝဂ်အားဖြင့်(၃)ပါးသောဝဂ်တို့ဖြင့်တန်းဆာဆင်ထ
သော။(၆၂)ဖြာမိစ္ဆာဒိဋ္ဌိ ကွန်ရက်ကိုသဗ္ဗညုတဉာဏ် ဝဇိရ
ဓိန်စက်ဖြင့်ကြွင်းကျန်မရှိအကုန်ဘောက်ထွင်း ချိုးဖျက်တော်
မူလျက်၊ ရှေးဦးစွာဗြဟ္မဇာလမည်ဆန်း သုတ္တန်ပါဠိတော် မြတ်
ကျမ်းကိုတသောင်းသောလောကဓာတ်ကိုဆတ်ဆတ်တုန်လှုပ်
စေတော်မူလျက်၊ဟောမြွက်တော်မူသည်။ ။

ထိုမှတဆန်း၊တခန်းရောက်ပြန်သောအခါ၌ဂယ်၊မဂဓတိုင်း

ရာဇဂြိုဟ်ပြည်ဆေးဆရာဇီဝက၏သရက်ဥယျာဉ်တောဝယ်၊ တရားစစ်သူကြီး မဟာသာရိပုတ္တရာအမှူးရှိသော ကိုးရာ့ကိုးကျိပ်အခြံအရံရှိသောသင်္ဃာတော်တို့နှင့်တကွ၊ကေသရာဇာခြင်္သေ့မင်းကဲ့သို့ရဲရင့်သပ္ပါယ်ဇနတော်မူသောအခါ၌၊ မဂဓတိုင်းရာဇဂြိုဟ်ပြည်ကြီးကိုအစိုးရတော်မူသော၊အဇာတသတ်မင်း ဘုရားသည်၊ တဆဲ့ရှစ်ခေါဘဏီ စစ်သည် ဗိုလ်မှူး ခြံရံလျက်၊အစိန္တေယျမြတ်စွာဘုရားကို ဖူးမြင်ရောက်လာသောအခါ၊ အတိုင်းမသိသောစည်းစိမ်ချမ်းသာကိုစွန့်၍၊ဘုရားပစ္စေကဗုဒ္ဓါ အရိယာသူတော် ကောင်းတို့သာ ဝတ်ရုံစမွာယ်ခြင်း၌ထိုက်သော၊အရဟတ္တဓဇသဘွယ်ဖန်ရေစွတ်စွန်းဝတ်သင်္ကန်းကိုဝတ်ရုံတော်မူကြ၍၊ရဟန်းပြုတော်မူရှာသော ရဟန်းတော်မြတ်တို့၏၊ပစ္စက္ခ တမလွန်အကျိုးကို မေးလျှောက်တော်မူရာ၊သင်္ဃာတော် အပေါင်းတို့ကို ခံ့သက်သေအရာထား၍ အဇာတသတ်မင်းဘုရားကို အကြောင်းပြုပြီးလျှင်၊စူဠသီလဝဂ်၊မဇ္ဈိမသီလဝဂ်၊ မဟာသီလဝဂ် သုံးပါးတို့ဖြင့် တန်းဆာ ဆင်ထသော၊သာမညဖလသုတ္တန်ကို (၂)ကြိမ်မြွက်ဟောတော်မူပြန်သည်။ ။

ထိုမှတဘန်၊ တရံတခါဝယ်၊ ဘုန်းတော်ပဝင်းသဗ္ဗညုတကိုယ်တော်ရှင်သည်၊ကောသလတိုင်းဣစ္ဆာနင်္ဂလပုဏ္ဏားရွာသို့သင်္ဃာငါးရာတို့ဖြင့်ခြံရံတော်မူလျက် ဒေသစာရီကြွချီတော်မူလေသော်၊ကောသလတိုင်းသာဝတ္ထိပြည်ဣစ္ဆာနင်္ဂလမည်သောပုဏ္ဏားရွာအနီးဣစ္ဆာနင်္ဂလတောအုပ်ကြီးအရပ်၌ရောက်တော်မူ၍သီတင်းသုံးနေတော်မူသောအခါဝယ်၊ဣစ္ဆာနင်္ဂလပုဏ္ဏားရွာသား ပေါက္ခရသာတိပုဏ္ဏားကြီးသည် ကောသလမင်းဘုရားပေးသနားတော်မူအပ်သော ဥက္ကဋ္ဌာမည်ဆန်း၊နိဂုံးမြို့နန်း၌မင်းလုပ်၍နေသောအခါဝယ်၊ ခေတ်သုံးရပ်လုံး၊အဆုံးမရှိပျံ့နှံ့တော်မူသော ဘုရားဂုဏ်ကျေးဇူးတော်အပေါင်းကို ကြားသိတော်မူရသည်ဖြစ်၍၊ဗေဒင်သုံးပုံမဟာပုရိသလက္ခဏာကျမ်း၊

ကမ်းတဘက်သို့ ရောက်အောင်တတ်သော တပည့်အမ္ဗဋ္ဌလုလင်ပုဏ္ဏားကိုစေလွှတ်တော်မူ၍ကိုယ်တော်မြတ်ဘုရား၏သုံးဆဲ့နှစ်ဖြာယောကျ်ားမြတ်တို့၏လက္ခဏာကြီးကိုသိအောင်စုံစမ်းမေးမြန်းကြလေ စေလွှတ်တော်မူလတ်သော်၊ အမ္ဗဋ္ဌပုဏ္ဏား လုလင်သည်ဘုရားကိုယ်တော်မြတ်ကိန်းတော်မူရာအရပ်သို့ချဉ်းကပ်ပြီးလျှင်၊ ကိုယ်တော်မြတ်အား၊ သုံးဆဲ့နှစ်ပါးသောယောကျ်ားမြတ်တို့၏လက္ခဏာကိုလျှောက်ထားသည်ရှိသော်၊ ၎င်းအမ္ဗဋ္ဌလုလင်၊ ပေါက္ခရသာတိပုဏ္ဏားတို့ကိုအကြောင်းပြု၍သုံးဆဲ့နှစ်ဖြာယောကျ်ားမြတ်တို့၏လက္ခဏာတော်ကြီးဂုဏ်တို့ဖြင့်တန်းဆာဆင်အပ်သော၊ အမ္ဗဋ္ဌသုတ္တန်ဒေသနာတော်မြတ်ကို(၃) ကြိမ်မြောက်ဟောတော်မူပြန်သည်။ ။

တရံရောအခါသဗ္ဗညုတဘုရားရှင်သည်၊ အင်္ဂတိုင်းစမ္ပါနဂိုရ်ပြည်သို့ သင်္ဃာ ငါးရာနှင့်တကွ ဒေသစာရီ ကြွချီတော်မူသည်ရှိသော်၊ အင်္ဂတိုင်းစမ္ပါနဂိုရ်ပြည်အနီး ဂဂ္ဂရာမည်သောရေကန်ကြီးအနီးတောအုပ်ကြီး၌သီတင်းသုံးနေတော်မူ၏။ ထိုအခါ၌ ထိုကန်၌ စမ္ပါနဂိုရ်ပြည်သား သောဏဒဏ္ဍပုဏ္ဏားကြီးသည်စမ္ပါနဂိုရ်ပြည်သားပုဏ္ဏားသူဌေးတို့နှင့်တကွ၊ ဘုရားရှင်မျက်နှာတော်ကိုဖူးမြင်ရအောင်လာရောက်ချဉ်းကပ်ကြကုန်၏။ ထိုသို့ လာရောက်သောအခါ၊ သောဏဒဏ္ဍ ပုဏ္ဏားကြီးကို အကြောင်းပြု၍ သင်္ဃာငါးရာတို့အားဝမ္ဗပဋိဂ္ဂဟာကအရာ၌ ထားတော်မူပြီးလျှင်၊အတိုင်းမသိသောဘုရားဂုဏ်ကျေးဇူးတော်ကိုပြလျက်၊ သောဏဒဏ္ဍသုတ္တန်ဒေသနာကို (၄) ကြိမ်မြောက်ဟောတော်မူပြန်သည်။ ။

တရံရောအခါဝယ်၊ ဘုန်းတော်ပဝင်း၊ ရွှေလမင်းကဲ့သို့၊အလွန်ဇေးမြသပ္ပါယ်၊တင့်တယ်တော်မူသောရွှေကိုယ်တော်ဘုရားရှင်သည်၊ မဂဓရာဇ်တိုင်း၌ သင်္ဃာတော်ငါးရာခြံရံလျက် ဒေသစာရီ ကြွချီတော်မူသည်ရှိသော်၊ မဂဓရာဇ်တိုင်း-ခါနုမတမည်သောပုဏ္ဏားရွာသို့ ရောက်တော်မူ၍၊ ခါ(နု)မတရွာ၏အနီး

သရက်ဥယျာဉ်တော်ကြီး၀ယ်၊ သီတင်းသုံးနေတော်မူ၏။ ထို အခါ၌၊ခါနုမတပုဏ္ဏားရွာသား ကူဋဒန္တအမည်ရှိသောပုဏ္ဏား ကြီးသည်၊ ခါနုမတရွာသား ပုဏ္ဏားအများတို့နှင့်တကွ၊ ဘုရား ကိုယ်တော်မြတ်အထံသို့ ချဉ်းကပ်ကြပြီးလျှင်၊ယဇ်ကြီးပူဇော် ရာ၌ အကျိုးရှိမရှိကို လျှောက်ထား လတ်သော်၊ ၎င်းရွာသား ပုဏ္ဏားများနှင့်တကွ၊ကူဋဒန္တပုဏ္ဏားကြီးကိုအကြောင်းပြု၍၊တ ရားနှင့်အညီ၊ယဇ်ကြီးပူဇော်ရခြင်း၏ အတိုင်းမသိသောအကျိုး ကြီးမြတ်သည်ကိုပြလျက်၊ကူဋဒန္တဒေသနာတရားကို(၅)ကြိမ် မြောက်ဟောတော်မူသည်။ ။

တရံရောအခါ၊အစိန္တေယျ၊သုံးလောကထွတ်ထား၊ဘုရားရှင် ကိုယ်တော်မြတ်သည်၊ ဝေသာလီပြည်မဟာဝုန်တော၊ ရလစ် မွန်းချွန် အထွတ်တင်သော ရှေကျောင်းသာဝယ်သီတင်းသုံးနေ တော်မူ၏။ ထိုအခါ၌ကောသလတိုင်းသားပုဏ္ဏားအများမဂဓ ရာဇ်တိုင်းသားပုဏ္ဏားအများတို့သည်ကြီးမြတ်သောလိစ္ဆဝိပရိ သတ်နှင့်တကွဘုရားရှင်ရှိရာသို့ ဆည်းကပ်ဖူးမြော်ရောက်လာ ကြကုန်၏။ထိုအခါထိုပုဏ္ဏားတို့နှင့်တကွမဟာလိအမည်သော လိစ္ဆဝိမင်းကိုအကြောင်းပြု၍များးစွာသော ဥတ္တရိမနုဿဓမ္မကို ဟောပြတတ်သော၊ မဟာလိသုတ္တန်ဒေသနာတရားတော်မြတ် ကို(၆)ကြိမ်မြောက်ဟောတော်မူသည်။ ။

တရံရောအခါ၌၊ ဘုန်းတော်ပဝင်း၊အမင်းမင်းတို့၏မကိုန် တဆူဖြစ်တော်မူသောသဗ္ဗညုကိုယ်တော်ဘုရားသည်၊ ကော သမ္ဗီပြည် အနီး၀ယ်၊ ဃောသက သူဌေးသည် ဆက်ကပ်လှူ အပ်သော ဃောသိတာရုံ ရွှေဘုံ ကျောင်းတော်မြတ်၌၊ သဃံာ တော်အများနှင့်တကွ သီတင်းသုံးနေတော်မူ၏။ထိုအခါ၌၊မုဏ္ဍိ ယမည်သောပရိဗိုဇ်ရဟန်း၊ဒါရုပတ္တိကတပည့်ဖြစ်သောဇာလိ ယပရိဗိုဇ်ရဟန်းနှစ်ယောက်တို့ကိုအကြောင်းပြု၍၊အတိုင်းမသိ သောရတနာသုံးပါး ဂုဏ်ကျေးဇူးကိုပြတော်မူလျက်၊ဇာလိယ သုတ္တန်ဒေသနာကို(၇)ကြိမ်မြော်ဟောကြားတော်မူသည်။ ။

တရံရောအခါဝယ်၊ဘုန်းရောင်ပဝင်း၊ လောက ထွတ်ထား ဘုရားကိုယ်တော်မြတ်သည်၊ဥရုညနိဂုံးအနီး၊ ကဏ္ဍထလမည် ကျော်၊မိဂဒါဝုန်တော၌၊ သဃာတော်အများနှင့်တကွသီတင်း သုံးနေတော်မူ၏။ ထိုသို့နေတော်မူသောအခါ၌၊ အစေလကာ၊က သပတိတ္ထိတက္ကတွန်းကိုအကြောင်းပြု၍များစွာသော တိတ္ထိတို့ အကျင့်၊ သူတော် ကောင်းတို့အကျင့်ကိုပြလျက်၊ ခြသေ့ မင်း ဟန်ရရင့် လှစွာသောအသံကို ကျူးရင့်တော် မူပြီးလျှင်ဟော တော်မူအပ်သော မဟာသီဟ နာဒသုတ္တန်ဒေသနာကို (၈) ကြိမ်မြောက်ဟောတော်မူပြန်သည်။ ။

တရံရောအခါဝယ်၊ကိုယ်တော်မြတ်ဘုရားသည် သာဝတ္ထိ ပြည် အနာထပိဏ် သူဌေးအရံ၌ ဇေတဝန် ကျောင်းတော်၌ သဃာတော်အများနှင့်တကွသီတင်းသုံး၍နေတော်မူ၏။ ထိုသို့ နေတော်မူသောအခါ၊ ပေါဋ္ဌပါဒပရိဗိုဇ်ရဟန်းကို အကြောင်း ပြု၍များစွာသောဈာန်အဘိညာဉ်တန်းခိုးကိုပြလျက်၊ ပေါဋ္ဌပါ ဒသုတ္တန်ဒေသနာကို(၉)ကြိမ်မြောက်ဟောတော်မူပြန်သည်။ ။

တရံရောအခါအရှင်အာနန္ဒာသည် သာဝတ္ထိပြည် အနာထ ပိဏ်အရံဇေတဝန်ရွှေကျောင်းတော်၌၊ဘုရားပရိနိဗ္ဗာန်စံကြွ၍ မကြာမြင့်မီနေတော်မူလျက်၊ ဒေါတေယျပုဏ္ဏားဏ်သား၊သုဘ လုင်ကိုအကြောင်းပြု၍ပဥ္စက္ခန္ဓဂုဏ်တို့ဖြင့် တန်းဆာဆင်အပ် သောသုဘသုတ္တန်ဒေသနာကို (၁၀)ကြိမ်မြောက် ဟောတော် မူသည်။ ။

တရံရောအခါ သဗ္ဗညုရှင်စောဘုရားသည်၊ နာဠန္ဒမြို့တော် ကြီးအနီး၊ပဝါရိကသူဌေးကြီး၏သရက်ဥယျာဉ်တော၌၊ကေဝဋ္ဋ သူဌေးကြီးကိုအကြောင်းပြု၍၊ ၆၂ ဖြာမိစ္ဆာဒိဋ္ဌိကွန်ရက်ကို ဖျက်ဆီးလျက်၊ အသခ်တဓာတ်နိဗ္ဗာန်မြတ်ကိုပြတော်မူလျက်၊ ကေဝဋ္ဋသုတ္တန်ဒေသနာကို(၁၀)ကြိမ်မြောက်ဟောတော်မူသည်။

တရံရောအခါရွှေကိုယ်တော်ဘုရားသည် ကောသလတိုင်း တို့၌ သဃာတော် ငါးရာတို့နှင့်တကွ ဒေသစာရီကြွချီးတော်မူ

သည့်ရှိသော်၊ သါလာဝတီအမည့်ရှိသော ခြိုသို့ရောက်၍သီတင်းသုံး နေတော်မူပြီးလျှင်၊ ရောဟိစ္စပုဏ္ဏားကြီးကိုအကြောင်းပြု၍ယုတ် မာသောမိစ္ဆာအတ္တိကွန်ရက်ကိုဖျက်ဆီးပြီးလျှင်၊ လောကုတ္တရာ တန်ဆောင်ဆီမီးကိုညှိထွန်းတော်မူလျက်၊ ရောဟိစ္စသုတ္တန်ဒေ သနာမြတ်တရားကို(၁၂)ကြိမ်မြွက်ဟောတော်မူသည်။ ။

တရံရောအခါ၌၊ ထွေကိုယ်တော်ဘုရားကောသလတိုင်းတို့၌ သဃ်ိဝါးရာနှင့် တကွဒေသစာရီကြွချီသည့်ရှိသော်၊ ကောသ လတိုင်းမနသာကဋမည်သောပုဏ္ဏားရွာသို့ ရောက်တော်မူ၍၊ မနသာကဋပုဏ္ဏားရွာ၏မြောက်အစိရဝတီအမည့်ရှိသောမြစ် ကမ်းပါးဝယ် သရက်ဥယျာဉ်တောအုပ်ကြီး၌ သီတင်းသုံးနေ တော်မူသောအခါ၊ ထင်ပေါ်ကျော်စောကုန်သောမနသာကဋ မြို့နေစင်္ကီပုဏ္ဏား၊ သာရုက္ခပုဏ္ဏား၊ ပေါက္ခရသာတိပုဏ္ဏား၊ ဇာဏုသောဏိပုဏ္ဏား၊ တောဒေယျပုဏ္ဏား၊ ထိုမှတပါးသူဌေး ပုဏ္ဏားမျိုးများစွာကိုအကြောင်းပြု၍၊ ထူးကဲလွန်မြတ်၊ ဝိဇ္ဇာသုံး ပါးတရားခတ်ကိုပြ၍တေဝိဇ္ဇသုတ္တန်ဒေသနာ မြတ်ကို (၁၃) ကြိမ်မြွက်ဟောတော်မူသည်။ ။

ဤဆိုလတ္တံ့သည်ကား ၃ ပါးသောဝဂ် ၁၃ ပါးသောသုတ္တန် တို့ဖြင့် တန်းဆာဆင်အပ်သောအထူးထူးသောတိုင်းနိုင်ငံပြည် ရွာမြို့နိဂုံးသို့နေတော်မူလျက်ဟောတော်မူအပ်သောသီလက္ခန် ပါဠိတော်မြတ်ကို ဟောတတ်သော ဒေသကရှစ်ပွါးသဗ္ဗညာန် ပူဇော်ရန်ဂါထာတည်း။ ။

တတ္တတတ္တဝိဟာရန္တော၊ အပရိမိ တဂုဏောဘဂဝါ။ တံတံ ပုဂ္ဂလံအာရဗ္ဘ၊တေရသမဏ္ဍိတံသုတ္တံ။တိဝဂ္ဂပဋိမဏ္ဍိတံ၊ သာဒ ရံဝန္ဒေတံဂေါတမံ။ ။အပရိမိတဂုဏော၊မနှိုင်းရှည်အပ်သော ကောင်းကင်သမုဒ္ဒရာမြေပြင်မဆံ့ ပျံ့နှံ့ကြီးကျယ်သော ဘုန်း ကြက်သရေ ဂုဏ်ကျေးဇူးရှိတော်မူထသော။ ဘဂဝါ၊ သကျ ပုတ္တဂေါတမမည်ကျော် ကိုယ်တော်ဘုရားသည်။ တတ္တတတ္တ၊ ထိုထိုတိုင်းပြည် နိဂုံးဇနပုဒ်အရပ်ဒေသတို့၌။ ဝိဟာရန္တော၊ ယာ

ပထလေးလိမ္မျတင်းညီစွာနေတော်မူလျက်။ တံတံပုဂ္ဂလံ၊ ထိုထို ပုဂ္ဂိုလ်အပေါင်းကို။အာရဗ္ဘ၊ အကြောင်းပြုတော်မူ၍။ တိဝဂ္ဂပ ဋိမဏ္ဍိတံ၊ရှုဋ္ဌသီလဝဂ်၊ မဇ္ဈိမသီလဝဂ်၊ မဟာသီလဝဂ်အား ဖြင့် ၃ ပါးသောဝဂ်တို့ဖြင့်တန်းဆာဆင်အပ်ထသော။ တေရ သမဏ္ဍိတံ၊ ဖြဟ္မဇာလ သုတ်အစ၊ တေဝိဇ္ဇသုတ်အဆုံးရှိသော ၁၃ပါးသောသုတ္တန်ဒေသနာတို့ဖြင့်တန်းဆာဆင်အပ်ထသော။ သုတ္တံ၊သုတ်သီလက္ခန်ပါဠိတော်မြတ်ကို။ အဒေသယိ၊ ကောင်း စွာဟောကြားတော်မူလေပြီ။တံဂေါတမံ၊ အနန္တလုံး၊အဆုံးမရှိ သောဂုဏ်ကျေးဇူး ဘုန်းကြက်သရေတော်မြတ် အပေါင်းနှင့် ကောင်းစွာပြည့်စုံသောသုတ်သီလက္ခန်ပါဠိတော်မြတ်ကိုဟော ကြားတော်မူတတ်သော ထိုဂေါတမမည်ကျော် ကိုယ်တော် မြတ်ဘုရားကို။အဟံ၊အကျွန်ုပ်သည်။သာဒရံ၊အလွန်ရိုသေစွာ။ ဝန္ဒေဝန္ဒာမိ၊ဆယ်စုံလက်တင်၊ရှိပန်ဆင်လျက်၊ကြည်လင်သဒ္ဓါ၊ ရှိခိုးပူဇော်၊ဖူးမြော်မာန်လျှော့၊ကန်တော့ပါ၏အရှင်ဘုရား။ ။

တတိယပုဏ္ဏာဝိသဇ္ဇနာပြီး၏။ ။

စတုတ္ထပုဏ္ဏာဝိသဇ္ဇနာ။

သုတ်မဟာဝါကိုဟောတော်မူသောဘုရားရုပ်ပွါးတော်ကို
ကမ္ပည်းစာတမ်းနှင့်ပူဇော်ရန်ဂါထာ။

ဇာတိ၊အာဏာ၊ဝိသယာ၊ ဟု-သုံးဖြာခေတ်လုံး၊ စကြဝဠာ တိုက်အတွင်းဝယ်၊ အနန္တဘုန်းရောင်ဖြင့်တောက်ပ တင့်တယ် သောတဆူနေမင်းသာဖြစ်တော်မူသောအစိန္တေယျသုံးလောက ထွတ်ထား ဘုရားရှေ့ကိုယ်တော်မြတ်သည်၊ ကောသလ တိုင်း သာဝတ္ထိပြည်၏အနီးလက်ျာတောင်စွန်၊ ဇေတဝန်ရွှေကျောင်း တော်၌၊အနာထပိဏ်မည်ခေါ်၊သူဌေးတော်မြတ်၏အရံအတွင်း ဝယ်၊ကရေရိအမည်ရှိသောတရားသဘင်ဂန္ဓကုဋိတိုက်၌လော

ကဓာတ်ပတ်ကုံး အဆုံး မရှိသော ဝေနေယျသတ္တဝါ ကြာအာ ပေါင်းတို့အားတရားမြိုက်ဆေး တိုက်ကျွေးတော်မူလျက်၊ ယာ ပထလေးဘော်ဖြင့်သိတင်းသုံးစံနေတော်မူ၏။ထိုသို့နေတော်မူ သောအခါဝယ်၊ကရေရိအမည်ရှိသောတရားသဘင်တော်မြတ် ၌သဃ်ာတော်မြတ်အပေါင်းတို့အား၊ပုဗ္ဗေနိဝါသတရားနှင့်စပ် သောဓမ္မကထာ တရားစကားကိုတိုင်ပင်၍ နေတော်မူကြစဉ်၊ ဒိဗ္ဗသောတ အဘိညာဉ်နားဖြင့် ကြားတော်မူ၍၊ ရွှေတောင်အ လားမားမားကြွတော်မူလာပြီးလျှင်၊ကရေရိတရားသဘင်ထက် သို့တက်တော်မူလျက်၊ရောင်ခြည်တထောင်ကိုဆောင်သောနေ လင်ကဲ့သို့မြမြသပ္ပါယ်ထက်ဝယ်ဘွဲ့ခွေနေတော်မူပြီးလျှင်၊ အာ ယာပထဘိက္ခဝေတေရဟိကထာယသန္နိသိန္နာ။ ကရဝိက်ကြိုး ကြာမြဟ္မာမင်းတို့၏ အသံမကာ၊ သန့်ရှင်းသာယာ၊ သိသာနာ ဘွယ်၊ လူပေါရယ်မှ၊ အပမထွက်၊ လုံးနက်ပဲ့တင်၊ အင်္ဂါရှစ် ဘော်၊အသံတော်ဖြင့်၊မိန့်တော်မူပြီး၍မေးတော်မူလေသော်၊ထို စည်းဝေးရောက်လာသောသဃ်ာတော့်မြတ်အပေါင်းတို့က၊ရှေး လွန်လေပြီးသောကမ္ဘာအဆူဆူဝယ် ပွင့်တော်မူရှာကုန်သော အဆူဆူသော ဘုရားရှင်တို့၏ ပုဗ္ဗေနိဝါသအဘိညာဉ်နှင့် စပ် သောစကားကိုတိုင်ပင်၍ နေပါကြောင်းကို ရွှေနားတော်ကြား လျှောက်ထား ကြသည်ရှိသော်၊ ဇာတ္တေယျာထနော တုမှေဘိက္ခ ဝေ ပုဗ္ဗေနိဝါသပဋိသံယုတ္တံ ဓမ္မိံကထံသောတုံ့န္တိ၊ မွေးကြူ သင်းပျံ့မေးလတ်ပြန်သောအခါ၊ဧတဿဘဂဝါကါလောဧတ ဿသုဂတကာလော ယံ ဘဂဝါပုဗ္ဗေနိဝါသပဋိသံယုတ္တံ ဓမ္မိံ ကထံ ကရေယျ ဘဂဝတောသုတွာ ဘိက္ခူဓာရေဿန္တီတိ။ လျှော်ထားလတ်သောစကားကိုအကြောင်းပြု၍၊ဝိပဿိထင် ကျော်ရှေးကိုယ်တော်ဘုရားတို့၏အတိုင်းမသိသေါဂုဏ်ကျေး ဇူးတို့ကိုတန်းဆာဆင်ပြီးလျှင်၊မဟာပဒါနသုတ္တန်မည်ဆန်းဒေ သနာတော်တခန်းကိုရှေးဦးစွာဟောတော်မူလေသည်။ ။

တရံရောအခါ၊ အစိန္တေယျာသုံးလောကထွတ်ထားဘုရားရှေ

ကိုယ်တော်မြတ်သည်၊ကုရုရာဇ်တိုင်းကမ္မာသဓမ္မနိဂုံးရွာ၌ သီတင်းသုံးနေတော်မူသောအခါ၊ဇေတဒင်၅ကြိမ်ရသော်ါအရှင်အာနန္ဒာကို အကြောင်းပြု၍ (၁၂) တန်အင်္ဂါတို့ဖြင့်တန်းဆာဆင်အပ်သောပဋိစ္စသမုပ္ပါဒ် စက်ရဟတ်နှင့်စပ်သော မဟာနိဒါနသုတ္တန်ဒေသနာကို(၂)ကြိမ်မြော် ဟောတော်မူလေသည်။ ။

တရံရောအခါ၊ရွှေကိုယ်တော်မြတ်ဘုရားသည်၊ မဂဓရာဇ်တိုင်းရာဇဂြိုဟ်ပြည်ဂိဇ္ဈကုဋ်တောင်ဝယ်သီတင်းသုံးနေတော်မူသောအခါ၊မဂဓရာဇ်တိုင်းကြီးကိုအစိုးရသောဝေဒေဟိ မိဘုရား၏သားတော်အဇာတသတ်မင်းကို အကြောင်းပြု၍ ၇ ပါးသောအပရိဟာနိယတရားတို့ကို တန်းဆာဆင်လျက် ခြောက်ဘာဏဝါရအတိုင်းအရှည်ရှိသောမဟာပရိနိဗ္ဗာနသုတ္တန်ဒေသနာတော်ကို(၃)ကြိမ်မြောက်ဟောတော်မူပြန်သည်။ ။

တရံရောအခါ၊ရွှေကိုယ်တော်မြတ်ဘုရားသည်၊ ကုသိနာခရုံပြည်အကွေ့ဖြစ်သောမလ္လာမင်းတို့၏အင်ကြင်းဥယျာဉ်တောအလယ် ခင်းထားအပ်သောရတနာ ရွှေညောင်စောင်းအထက်ဝယ်၊ မြောက်ဦးခေါင်းပြုလျက် လျောင်းစက်မွေ့လျော် စံနေတော်မူသောအခါ၊ ဇေတဒင်ငါးတန်အမိန့်တော်ကို ခံတော်မူရသောအရှင်အာနန္ဒာမထေရ်မြတ်ကိုအကြောင်းပြု၍၊နှစ်ဘာဏဝါရအတိုင်းအရှည်ရှိသော ပါဠိအစဉ်ဖြင့် တန်းဆာဆင်အပ်သောမဟာသုဒဿနသုတ္တန်ဒေသနာ မြတ်တရားကို(၄)ကြိမ်မြောက်ဟောတော်မူပြန်သည်။ ။

တရံရောအခါ၊အစိန္တေယျသုံးလောကထွတ်ထား ဘုရားရွှေကိုယ်တော်မြတ်သည်၊နာတိကမြို့အုဌ်ကျောင်းတော်ကြီးဝယ် သီတင်း သုံးနေတော် မူသောအခါ၊ ရတနာမြတ် ပုလဲနတ်ကို ဆည်းကပ်ကိုးကွယ်ကြ ကုန်သော တမလွန်ဘဝပြောင်းသွားကြသောဒါယကာဒါယိကာမတို့ကို အကြောင်းပြု၍တဘာဏဝါရအတိုင်းအရှည်ရှိသော ဇနဝသဘသုတ္တန်တရားကို ( ၅ ) ကြိမ်မြောက်ဟောတော်မူပြန်သည်။ ။

တရံရောအခါ၊ သုံးလူ့ထွတ်ထားဘုရားရှင်ကိုယ်တော်မြတ်သည်၊ ရာဇဂြိုဟ်ပြည်ဂိဇ္ဈကုဋ်တောင်ဝယ်သီတင်းသုံးနေတော်မူသောအခါ၊ စာတုမဟာရာဇ်နတ်မင်းကြီးလေးယောက်ကို အကြောင်းပြု၍နှစ်ဘာဏဝါရပါဠိအစဉ်ဖြင့် တန်းဆာ ဆင်အပ်သောမဟာဂေါဝိန္ဒသုတ္တန်တရားကို(၆)ကြိမ်မြွက်ဟောတော်မူလေသည်။ ။

တရံရောအခါ၊ အစိန္တေယျ ဂုဏ်ပေါင်း ခသား၊ သုံးလောကရာဇာသည်၊ ဘဂ္ဂတိုင်းကပိလဝတ်ပြည် မဟာဝုန်တောကြီးမြိုင်လယ်၌ရဟန္တာဖြစ်သစ်စ ငါးရာသောသာကီဝင် ရဟန္တာတို့နှင့်တကွ သီတင်းသုံး နေတော် မူသောအခါ၊ တသောင်းသောလောကဓာတ်မှစည်းဝေးရောက်လာသော နတ်ဗြဟ္မာအပေါင်းကိုအကြောင်းပြု၍၊ အထောင်မကသောဂါထာဒေသနာတို့ဖြင့်တန်းဆာဆင်ထသော၊ မဟာသမယသုတ္တန် ဒေသနာတော်ကို(၇)ကြိမ်မြွက်ဟောကြားတော်မူလေသည်။ ။

အခါတပါးဝယ်၊ ကိုယ်တော်မြတ်ဘုရားသည်၊ မဂဓရာဇ်တိုင်းရာဇဂြိုဟ်ပြည် အရှေ့အမွှသဏ္ဍပုဏ္ဏားရွာ၊ ထိုရာဇဂြိုဟ်ပြည်မြောက်ဝေဒိသကတောင်ဝိဇ္ဇာသာ့လ ဂူလိုဏ်ဝယ်သီတင်းသုံးနေတော် မူသောအခါ၊ နတ်ပြည်နှစ်ထပ်ကို အစိုးရသောသိကြားနတ်မင်းကြီးကို အကြောင်းပြု၍ များစွာသော ဂါထာရဏ္ဏိယတို့ဖြင့် တန်းဆာဆင်အပ်သောသက္ကပဉ္ဟသုတ္တန်ဒေသနာကို(၈)ကြိမ်မြွက်ဟောတော်မူပြန်သည်။ ။

တရံရောအခါ၊ ဘုန်းရောင်ပဝင်း၊ အစိန္တေ ရှင် သုံးလူ့မင်းသည်၊ ကုရုရာဇ်တိုင်းကမ္မာသဓမ္မ နိဂုံးရွာဝယ် သီတင်းသုံးနေတော် မူသောအခါ၊ ကုရုရာဇ်တိုင်း ကမ္မာသဓမ္မ နိဂုံးရွာသားရဟန်းရှင်လူတို့ကို အကြောင်းပြု၍ ( ၁၄ ) ပါးကာယာနုပဿနာသတိပဋ္ဌာန်တရား၊ ဝေဒနာခြောက်ပါး၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်တရား၊ စိတ်(၁၆)ပါး၊ စိတ္တာနုပဿနာသတိပဋ္ဌာန်တရား၊ နီဝရဏပဗ္ဗ၊ ခန္ဓပဗ္ဗ၊ အာယတနပဗ္ဗ၊ ဗောဇ္ဈင်္ဂပဗ္ဗ၊ စတု

သစ္စပဗ္ဗ၊ စသည်မြားမြောင်၊ ပဗ္ဗအပေါင်းဖြင့် တန်းဆာဆင် အပ်သောဝဗ္ဗာနုပဿနာသတိပဋ္ဌာန်၊ ဤသို့သဒ္ဒါလျှင် လေးပါး သောသတိပဋ္ဌာန်တို့ဖြင့် တန်းဆာဆင်အပ်သော မဟာသတိ ပဋ္ဌာနသုတ္တန်ဒေသနာကို- (၉)ကြိမ်မြောက် ဟောတော်မူလေ သည်။ ။

တရံရောအခါ၊ဆန်းကြယ်ထွေပြား၊တရားဟောတတ်၊ဂုဏ် သကတ်ကြောင့်၊ဓမ္မဝိစိတြဲအရာဧတဒဂ်တင်ထားအပ်သောအ ရှင်ကုမာရကဿပမည့်ကျော်မထေရ်တော်မြတ်သည်၊ကော သလတိုင်းကြီး၌တပည့်ငါးရာ သင်္ဃာ အပေါင်းခြံရံလျက် ဒေ သစာရီကြွချီတော်မူလတ်သော်၊ ကောသလတိုင်းတွင်သေတ ဗျမြို့သို့ရောက်တော်မူ၍ သီတင်းသုံး နေတော်မူသောအခါ၊ပါ ယာသိရာဇညမင်းကိုအကြောင်းပြု၍၊နည်းနာစုံလင်၊ပုံပြင်ထွေ ပြား၊ဆန်းကြယ်သောတရားဖြင့်တန်းဆာဆင်အပ်သောပါယာ သိရာဇညသုတ္တန်ဒေသနာကို (၁၀)ကြိမ်မြောက်ဟောတော်မူ ပြန်သည်။ ။

တတ္ထတတ္ထဝိဟာရန္တော၊တိဗုဒ္ဓခေတ္တေကဒိဝါကရောဇိနော။
တံတံပုဂ္ဂလံအာရဗ္ဘ၊အဒေသယိမဟာဝဂ္ဂသုတ္တန္တံ၊
ဒသသုတ္တပဋိမဏ္ဍိတံ၊သာဒရံဝန္ဒေတံဂေါတမံ။ ။

တိဗုဒ္ဓခေတ္တေကဒိဝါကရော၊ ဇာတိ၊ အာဏာ၊ဝိသယာဟု၊ သုံးဖြာသောဘုရားခေတ်၌ပြိုင်ဘက်ကင်းသူ၊ တဆူနေမင်းသာ ဖြစ်တော်မူထသော။ယောဇိနော၊ အကြင်ငါးမာရ်အောင်မြင်ဘု ရားရှင်သည်။ တတ္ထတတ္ထ၊ ကောသလတိုင်းသာဝတ္ထိပြည်၊ စ သည်များထွေ၊ထိုထိုဒေသအရပ်၌။ဝိဟာရန္တော၊ဝေနေယျသတ္တ ဝါ အပေါင်းတို့အား ဒေသနာမြိုက်ဆေး တိုက်ကျွေးတော် မူ လျက် သီတင်းသုံးနေတော်မူ၍။ တံတံပုဂ္ဂလံ၊ ထိုထိုပုဂ္ဂိုလ်အ ပေါင်းကို။အာရဗ္ဘ၊အကြောင်းပြု၍။ဒသသုတ္တပဋိမဏ္ဍိတံ၊ဆယ် သုတ်တို့ဖြင့်တန်းဆာဆင်အပ်ထသော။ မဟာဝဂ္ဂသုတ္တန္တံ၊ မ ဟာဝါ သုတ္တန်တရားဒေသနာမြတ်ကို။ အဒေသယိ၊ ကောင်း

 စွာဟောကြားတော်မူလေပြီ။ တံငါတမံ၊ မဟာဝါသုတ္တန်တရားကို ဟောကြားတော်မူတတ်သော ထိုဂေါတမမည်ကျော် ကိုယ်တော်မြတ်ဘုရားကို။ အဟံ၊ကျွန်ုပ်သည်။သာဒရံ၊အလွန်ရိုသေစွာ။ဝန္ဒေ၀န္ဒါမိ၊ဆယ်ပုံပေါင်းစည်း၊လက်သီးဖြူဆွ၊တော်ပသော လက်အုပ်ကိုမိုး၍၊ ရှိခိုးပူဇော်၊ဖူးမြော် မာန်လျော့၊ကန်တော့ပါ၏အရှင်ဘုရား။ ။စတုတ္ထပုဏ္ဏာဝိသဇ္ဇနာပြီး၏။ ။

---

ပဥ္စမပုဏ္ဏာဝိသဇ္ဇနာ။

သုတ်ပါထေယျကိုဟောသောဘုရားရှပ်ပွါးတော်ကို ကမ္ပည်းစာတမ်းနှင့်ပူဇော်ရန်ဂါထာ။

လူသုံးပါးတို့၏ ပတ္တမြားမှန်ကူဖြစ်တော်မူသော အစိန္တေယျ ဂုဏ်ပေါင်းခသား မဟာဓမ္မရာဇာတရားမင်း ဖြစ်တော်မူသော သဗ္ဗညုရှင်စောဘုရားသည်၊ မလ္လာတိုင်းအနီးအရပ်မလ္လာတိုင်း မလ္လာမင်းတို့၏အနုပိယမြို့ရွာနိဂုံး၌ နေတော်မူသောအခါ၊ဘဂ္ဂဝအနွယ်ပရိဗိုဇ်ရဟန်းကိုအကြောင်းပြု၍အနုတ္တရဘုရားဂုဏ်တော်အနန္တကိုပြလျက်၊ ပါထိကသုတ္တန်ဒေသနာကို ဇွဲဦးစွာ ဟောတော်မူသည်။ ။

တရံသော်တုံ၊ သုံးလောကသေဋ္ဌနင်းတရားမင်းမြတ်သည်၊ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်ဝယ် သီတင်းသုံး နေတော် မူသောအခါ၊နိဂြောဓပရိဗိုဇ်ရဟန်းကိုအကြောင်းပြု၍၊အတိုင်းမသိသောဥတ္တရိမနုဿ ဓမ္မဂုဏ်ကျေးဇူးကို ပြလျက်၊ ဥဒုမ္ဗရိကသုတ္တန်ဒေသနာတော်မြတ်ကို( ၂ )ကြိမ်မြောက်ဟောတော် မူသည်။ ။

တရံသော်တုံ၊သုံးလူ့ဘပရမေ၊ အစိန္တေယျထွတ်ထား၊ ဘုရားရွှေကိုယ်တော်မြတ်သည်၊မဂဓရာဇ်တိုင်းမါတုလနိဂုံးဝယ် သီတင်းသုံး နေတော် မူသော အခါ၊ တပည့် သဃာတော် အပေါင်းကို ခံသက်သေအရာ တည်ထား၍၊ တဆဲ့နှစ်ဖြာ စကြာ

မင်းတို့၏ကျင့်ဝတ်ကို ပြတော်မူပြီးလျှင်၊ စက္ကဝတ္တိသုတ္တန်ဒေသ
နာတော်တရားကို(၃)ကြိမ်မြောက်ဟောတော်မူခဲ့သည်။ ။
တရံသော်တုံ၊ဘုန်းတော်ခြောက်ပုံ၊ဂုဏ်တော်သခင်ဘုရား
ရှင်သည်၊သာဝတ္ထိပြည်ပုဗ္ဗာရုံဝိသာခါဒါယိကာမကြီးပြုသာဒ်
၌သီတင်းသုံး နေတော်မူသောအခါ၊ပါဝါရိကသေဋ္ဌ ဘာရန္ဒါဇ
ပုဏ္ဏားလုင်နှစ်ယောက်ကို အကြောင်းပြု၍၊ ကမ္ဘာတည်ဟန်ပျက်
ဟန်ကိုပြတော်မူလျက်၊ အဂ္ဂညသုတ္တန်ဒေသနာ တော်မြတ်ကို
(၄)ကြိမ်မြောက်ဟောတော်မူသည်။ ။
တရံသော်တုံ၊ အစိန္တေယျ သုံးလူ့ဘ ကိုယ်တော် ဘုရား
သည်၊နာဠန္ဒမြို့ ပါဝါရိကသရက်ဥယျာဉ် တောဝယ် သီတင်း
သုံးနေတော်မူသောအခါ၊ တရားစစ်သူကြီးဖြစ်တော် မူသော၊
နှစ်သိန်းလေးသောင်းအထုနှင့်တူသော ဉာဏ်ပညာကြီးတော်
မူသော လက်ျာတော်ရံ မဟာသာရိပုတ္တရာ ထေရ်မြတ်သည်၊
ကိုယ်တော်မြတ်ဘုရားကို ခံသက်သေအရာ တည်ထား၍၊ရှေး
ရှေးသောကမ္ဘာဝယ်ပွင့်တော်မူရှာကုန်သောအဆူဆူသောဘု
ရားရှင်တို့၏အပရိမိတဂုဏ်ကျေးဇူးတော်အနန္တကို ကေသရာ
ဇာခြင်္သေ့မင်းကဲ့သို့ ရဲရင့်စွာ ဟောက်ပြီးလျက် မိန့်ထုတ်ပြ
တော်မူသောသမ္ပသာဒနိယ သုတ္တန်ဒေသနာကို(၅)ကြိမ်မြော်
ဟောတော်မူသည်။ ။
တရံတခါတပါးဝယ်၊ ဘုရားကိုယ်တော် မြတ်သည် သက္က
တိုင်းဝေဓညသါကီဝင်မင်းတို့၏သရက်ဥယျာဉ်တော်ပြာသါဒ်
ထက်ဝယ်သီတင်းသုံးနေတော်မူသောအခါ၊နာဋပုတ်၏သားနိဂဏ္ဍ
တက္ကတွန်းကို အကြောင်းပြု၍၊ရဟန်းတော် မြတ်တို့၏ကျင့်ပုံ
နည်းနာထွေလာဒေသနာတို့ဖြင့်တန်းဆာ ဆင်အပ်သော သမ္ပ
သာဒနိယသုတ္တန်ဒေသနာကို( ၆ )ကြိမ်မြောက်ဟောတော် မူ
သည်။ ။
တရံသော်တုံ၊ လူသုံးပါးတို့၏မကိုဋ်သုံးတိုက်လုံးကျော်ဇွေ
ကိုယ်တော်မြတ်ဘုရားသည်၊ သာဝတ္ထိပြည် အနာထပိဏ် သူ

ဖွေးဥယျာဉ်သာဝတ္ထိ၊ ဇေတဝန်ရွှေကျောင်းတော်၌ ယာပထ လေးတော်ဖြင့်သီတင်းသုံး နေတော်မူသောအခါ၊ တပည့်သား သင်္ဃာတော်အပေါင်းကိုရံသက်သေအရာ တည်ထားတော်မူ ပြီး၍အထူးထူးသောပါရမီကုသိုလ်တော်ကြောင့် အသီးအသီး ရအပ်သော ၃၂ ဖြာယောက်ျားမြတ်တို့၏လက္ခဏာတော်ကြီး ကိုပြတော်မူလျက်၊လက္ခဏာသုတ္တန်တရားတော်ကို( ၇ )ကြိမ် မြောက်ဟောတော်မူသည်။ ။

တရံသော်တုံ၊သုံးလူ့ဘခိတ်ဆွေ၊ သုံးထွေသောနတ်လူအ ပေါင်းတို့၏ အကြီးအမှူး ဖြစ်တော်မူသော သဗ္ဗညု ရွှေကိုယ် တော်ဘုရားသည်၊ရာဇဂြိုဟ်ပြည်ရှဉ့်နက်တို့အားအစာပေးရာ ဝေဠုဝန် ကျောင်းတော် သာဝတ္ထိ၊ ယာပထလေးထိ၊ မျှတညီ လျက်သီတင်းသုံး နေတော်မူစဉ်၊သိင်္ဂါလသူဌေးကြီးသားဖြစ် သောသုဘလင်ကိုအကြောင်းပြု၍ပညာရှိသူလူခမိန်တို့၏တဆဲ့ ခြောက်ဖြာမိတ်ကောင်းမိတ်မြတ်တို့၏ လက္ခဏာဂုဏ်ကျေးဇူးကို လူတို့ကျင့်စရာတရားဥဿုံနှင့်တကွပြလျက်၊ သိင်္ဂါလသုတ္တန် ဒေသနာကို(၈)ကြိမ်မြောက်ဟောတော်မူသည်။ ။

တရံသော်တုံ၊ သုံးလူ့ဘထွတ်ထား ဘုရားရွှေကိုယ်တော် မြတ်သည်၊ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်ဝယ်သီတင်းသုံးနေ တော်မူသောအခါ၊ ဘုရားဖူးမြင်ရအောင်ရောက်လာကြသော စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်ကိုအကြောင်းပြု၍သတ္တ ဝါဝေနေယျအပေါင်းတို့၏ကိုယ်တွင်းကိုယ်ပ၊ဆနဝုတိရောဂါ၊ စသည် မြားမြောင်၊အန္တရာယ်အပေါင်းကို ကြေပျောက်ကင်း လွတ်စေခြင်းအကျိုးငှါ၊ ဘုရားဂုဏ်ကျေးဇူးတော်အနန္တကိုပြ လျက်၊အာဋာနာဋိယသုတ္တန်ဒေသနာကို(၉)ကြိမ်မြောက်ဟော တော်မူသည်။ ။

တရံသော်တုံ၊အစိန္တေယျဂုဏ်၊အံ့မကုန်သောရွှေဘုန်းတော် သခင်ဘုရားရှင်သည်၊ မလ္လာတိုင်းတို့၌တပဉ့်ငါးရာတို့နှင့်တကွ ဒေသစာရီကြွချီတော်မူသော်၊မလ္လာမင်းတို့၏ပါဝါပြည်ရွှေပန်း

ထိမ်သည်သားဗုန္ဓလုင်သရက်ဥယျာဉ်တောဝယ်သီတင်းသုံးနေတော်မူသောအခါ၊ ပါဝေယျကမလ္လာမင်းများကိုအကြောင်းပြု၍ အစိန္ဓေယျကိုယ်တော်မြတ်ဘုရားဂုဏ်ကျေးဇူးတော်ကို ပြုလျက်၊သင်္ဂီတိပရိယာယသုတ္တန်ဒေသနာကို(၁၀)ကြိမ်မြောက်ဟောတော်မူသည်။ ။

တရံရောအခါ၊ ဓွကိုယ်တော်မြတ်ဘုရားသည်၊ စမ္ပါနဂိုရ်ပြည် ဂဂ္ဂရာမည်ကျော်၊ ရေကန်တော်ကမ်းနားဝယ်၊တင့်တယ်သပ်ရပ်၊ တောအုပ်ကြီးအရပ်၌၊ မဟာသာရိပုတ္တရာ အမှူးရှိသော သင်္ဃာတော်မြတ်အပေါင်းကိုအကြောင်းပြု၍၊ ဧကဓမ္မအစ၊ဒသဓမ္မအဆုံးရှိသောရဟာန်းကျင့်ဝတ်တရားတို့ဖြင့် တန်းဆာဆင်လျက်၊ဒသုတ္တရသုတ္တန်ဒေသနာကို(၁၁)ကြိမ်မြောက်ဟောတော်မူသည်။ ။

တတ္ထတတ္ထ ဝိဟရန္တော၊ တိဗုဒ္ဓခေတ္တေကနိဝါကရောဇိနော။
တံတံပုဂ္ဂလံအာရဗ္ဘ၊အဒေသယိပါထေယျသုတ္တံ။
ဧကာဒသပဋိမဏ္ဍိတံ၊သာဒရံဝန္ဒေတံဂေါတမံ။ ။

တိဗုဒ္ဓခေတ္တေကနိဝါကရော၊ ဇာတိ အာဏာ၊ ဝိသယာဟု၊ သုံးဖြာသောဘုရားခေတ်ဝယ်၊ ပြိုင်ဘက်ကင်းသူ၊တဆူနေမင်းသာဖြစ်တော်မူထသော။ ယောဇိနော၊ အကြွင်ငါးမာရ်အောင်မြင်၊ဘုရားရှင်သည်။ တတ္ထတတ္ထ၊ မလ္လာတိုင်း၊ အနုပိယပြည်စသော ထိုထိုတိုင်းနိုင်ငံမင်းနေပြည်အရပ်၌။ ဝိဟရန္တော၊ဘုန်းရောင်ပဝင်း၊ သီတင်းသုံးနေတော်မူစဉ်။ တံတံပုဂ္ဂလံ၊ဘဂ္ဂဝပရိဗိုဇ်၊စသည်မြားမြောင်၊ ထိုထိုပုဂ္ဂိုလ်အပေါင်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဧကာဒသပဋိမဏ္ဍိတံ၊ ( ၁၁ ) တပါးသောသုတ္တန်တို့ဖြင့် တန်းဆာဆင်အပ်ထသော။ ပါထေယျသုတ္တံ၊ ပါထေယျမည်ကျော်၊ဒေသနာတော်တရားမြတ်ကို။ အဒေသယိ၊ သောင်းလောကဓာတ်၊ပွဲတင်ခတ်လျက်၊ကောင်းစွာဟောကြားတော်မူလေပြီ။ တံဂေါတမံ၊သုတ်ပါထေယျမည်ကျော်၊ သုတ္တန်ဒေသနာတော်ပါဠိမြတ်ကို ဟောကြားတော်မူတတ်သော ထို

သကျပုတ္တ၊ဂေါတမ မည်ကျော်၊ ငါတို့ကိုယ်တော်မြတ်ဘုရားကို။အပဟံ၊ငှါသည်။သာဒရံ၊အလွန်ရိုသေစွာ။ဝန္ဒေ ဝန္ဒာမိ၊ဆယ်ရုံပေါင်းစည်း၊လက်သည်းပြူဆွ၊တော်ပသော လက်အုပ်ကိုမိုး၍၊ရှိခိုးပူဇော်၊ဖူးမြော်မာန်လျှော့၊ကန်တော့ပါ၏အရှင်ဘုရား။ ။

ပဉ္စမပုဏ္ဏာဝိသဇ္ဇနာပြီး၏။

## ဆဋ္ဌပုဏ္ဏာဝိသဇ္ဇနာ။

### ဥဘတောဝိဘင်းကိုဟောသောဘုရားရုပ်ပွါးတော်ကို ကမ္ဗည်းစာတမ်းနှင့်ပူဇော်ရန်ဂါထာ။ ။

တေနသမယေနဗုဒ္ဓေါဘဂဝါ ဝေရဉ္ဇာယံဝိဟရတိနဠေရုပုစိမန္ဒမူလေမဟာတာဘိက္ခုသံဃေန သဒ္ဓိံပဉ္စမတ္တေဟိဘိက္ခုသတေဟိ။အထခေါအာယသ္မာသါရိပုတ္တောဥဋ္ဌာယာသနာဧကံသံဥတ္တရာသင်္ဂံကရိတွာယေနဘဂဝါ၊တေနဉ္ဇလိံပဏာမေတွာဘဂဝန္တံဧတဒဝေါစ ဧတဿဘဂဝါကာလော ဧတဿသုဂတကာလော၊ ယံဘဂဝါသာဝကာနံသိက္ခာပဒံပညပေယျ၊ဥဒ္ဒိသေယျပါတိမောက္ခံ၊ ယထယိဒံဗြဟ္မစရိယံအဒ္ဓနိယံအဿစိရဋ္ဌိတိကန္တိ။ ဤကား ဘိက္ခုဝိဘင်းပါဠိတော်။ ၎င်းပါဠိတော်မြတ်၊လာအပ်သည့်နှင့်အညီ၊နှစ်သိန်းလေးသောင်းအထုရှိသောမဟာမြေကြီးပမာ၊ပညာတော် ကြီးတော်မူလှသောမဟာသာရိပုတ္တရာ တရားစစ်သူကြီးဖြစ်တော်မူသော လကျ်ာတော်ရံအရာထူးဖြင့်၊ဧတဒဂ်အရာ၌ တင်ထားတော်မူအပ်သောအဂ္ဂသာဝကမဟာထေရ်မြတ်၏ဝိနည်းပညတ်သင်္ဇိဝသိက္ခာပုဒ်တော်မြတ်ကိုတောင်းပန်ခြင်းအကြောင်းဖြစ်သော သမ္ဘာဝိတက်အကြံဖြစ်တော်မူသော အခါတပါးဝယ်၊ သုံးလောကမကိုဋ်၊သုံးတိုက်လုံး၏ အရှင်ဖြစ်တော်မူသော၊ အစိန္တေယျ ဂုဏ်ပေါင်းခသား၊ မဟာကရုဏာ သဗ္ဗညုတ ရွှေကိုယ်တော် မြတ်ဘုရား

သည်၊ဝေရဉ္ဇာပြည်ကြီး၏အနီး၊နဠေရုဘိလှူးသည်သိမ်းဆည်းအပ်သော အလွန်ကြည်ညိုသပ္ပါယ် တင့်တယ်သော့ကြက်သရေအပေါင်းနှင့်ကောင်းစွာပြည့်စုံသော တမာပင်ကြီးအောက်တောအုပ် အလယ်ဝယ်၊သဃ်ာတော် ငါးရာတို့နှင့်တကွ တင့်တယ်သပ္ပါယ်စမွာယ်၍နေတော်မူစဉ်၊ တရားစစ်သူကြီးမဟာသါရိပုတ္တရာမထေရ်မြတ်သည်၊ဆယ်စုံပေါင်းစဉ်း၊လက်သဉ်းပြူဆွ၊တောက်ပသောလက်အုပ်ကိုမိုး၍၊ သာသနာငါးထောင်အဋ္ဌန္နံ့ရှည်အောင်တည်ခြင်းအကြောင်းဖြစ်သောဝိနည်းပညတ်သိက္ခာပုဒ်တော်မြတ်ကို ရိုသေညွတ်ပျောင်းတောင်းပန်ခြင်းကိုအစပြု၍၊ထို့နောက်တဘန်ထိုထိုတိုင်းပြည်နိဂုံးအရပ်သို့ဒေသစာရီ ကြွချီပြန်သည်ရှိသော်၊ ဝေသာလီပြည်မဟာဝုန်တော ရသစ်ပွန်းချွန်အထွတ်တင်ရာ၊ဇွဲကျောင်းတော်သာဝယ်သီတင်းသုံးနေ့စဉ်၊ ဝေသာလီပြည်မနီးမဝေး ကလန္ဒဂ္ဂရွာသားရှင်သုဒိန်ရဟန်းတပါးကိုအကြောင်းပြု၍ပဌမပါရာဇိကသိက္ခာပုဒ်တော်မြတ်ကိုပညတ်တော်မူသည်။ ။

ထို့ဖြင်တဘန်၊ဒေသစာရီကြွချီပြန်သော်။ မဂဓရာဇ်တိုင်းရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံး နေတော်မူစဉ်၊ အိုးထိန်းသည်သား၊ ရှင်ဓနိယကိုအကြောင်းပြု၍ အဒိန္နာဒါနပါရာဇိကသိက္ခာပုဒ်တော်ကိုမာတိကာပဒဘာဇနီဝိနီတဝတ္ထုတို့နှင့်တကွပညတ်တော်မူပြန်သည်။

ထိုမှတဘန်ဒေသစာရီကြွချီတော်မူသည်ရှိသော်၊ ဝေသာလီပြည်မဟာဝုန်တောကူဋာဂါရကျောင်းတော်ဝယ် သီတင်းသုံးနေတော်မူစဉ်၊ရဟန်းငါးရာတို့သည်အချင်းချင်းသတ်ဖြတ်ခြင်းစသည်ကိုအကြောင်းပြု၍မနုဿဝိဂ္ဂဟတတိယပါရာဇိကသိက္ခာပုဒ်တော်ကိုမါတိကာပဒဘာဇနီဝိနီတဝတ္ထုတို့နှင့်တကွပညတ်တော်မူရပြန်သည်။ ။

ထိုမှတဘန်၊ဒေသစာရီကြွချီတော်မူပြန်သည်ရှိသော်၊ဧင်းဝေသာလီပြည်၊ မဟာဝုန်တောကူဋာဂါရကျောင်းတော်၌သိ

တင်းသုံးနေတော်မူစဉ်။ဝဂ္ဂုမုဒါမြစ်ကမ်းသာဝယ်၊ဝါဆို၍နေကြကုန်သော ရဟန်းသုံးကျိပ်တို့ကို အကြောင်းပြု၍၊ဥတ္တရိမနုဿဓမ္မပါရာဇိကသိက္ခာပုဒ်တော်ကိုပညတ်တော်မူပြန်သည်။ ဤကားအစ ငွေယျသုံးလောကထွတ်ထားဘုရားရှင်ကိုယ်တော်မြတ်သည်၊ ထိုထိုတိုင်းနိုင်ငံပြည်ရွာနိဂုံးဇနပုဒ်အရပ်ဒေသတို့၌သီတင်းသုံးနေ့လျှော်စံပျော်နေတော်မူသောအခါဝယ်၊ထိုထိုပုဂ္ဂိုလ်ရဟန်းတို့ကိုအကြောင်းပြု၍၊ မာတိကာပဒဘာဇနီဝိနီတဝတ္ထုတို့နှင့်တကွ၊ ( ၂၂၀ ) သော သိက္ခာပုဒ်တော်တို့ဖြင့်၎င်း၊ကုဋေကိုးသောင်း၊ ကုဋေတရာ့ရှစ်ဆဲ့ငါးသန်း သုံးသိန်းခြောက်ထောင်ကုန်သောအနုညာတပဋိက္ခိတ္တဖြစ်သောဝိနည်းပညတ်ဒေသနာ သိက္ခာပုဒ်တော်မြတ်အပေါင်းတို့ဖြင့်၎င်း၊ အထူးထူးအပြားပြား တန်းဆာဆင်လျက်၊ ဥဘတောဝိဘင်း ဝိနည်းပညတ်ပါဠိတော်မြတ်ကိုဟောကြားပညတ်တော်မူသည်။

တတ္ထတတ္ထဝိဟရန္တော၊တိလောကဂ္ဂေါစယောနာထော။
တံတံပုဂ္ဂလံအာရဗ္ဘ၊ပညပေသိဥဘတောဝိဘင်္ဂံ။ ။
မါတိကါဓနေဝတ္ထုပဋိမဏ္ဍိတံ၊နာနာသိက္ခာပဒသမါကိဏ္ဏံ၊
တံဝန္ဒေသာဒရံနာထံ။ ။

တိလောကဂ္ဂေါစ၊ စက္ကဝါဠပတ်ကုံး၊အဆုံးမရှိသောလောကဓါတ်ဝယ်၊အနန္တဘုန်းကြက်သရေတော်ဥာဏ်တော်အပေါင်းတို့ကြောင့်၊အတုမရှိလွန်ကဲထူးမြတ်တော်မူထသော။ယောနာထော၊အကြင်လူသုံးပါးတို့၏ကိုးကွယ်ရာအစစ်ဖြစ်သေါ်သကျပုတ္တ၊ ဂေါတမမည်ကျော်ကိုယ်တော်မြတ်ဘုရားသည်။ တတ္ထတတ္ထ၊ထိုထိုတိုင်းနိုင်ငံပြည်ရွာနိဂုံးအရပ်ရပ်တို့၌။ဝိဟရန္တော၊တရားမြိုက်ဆေး၊တိုက်ကျွေးတော်မူလျက်၊သပ္ပါယ်စွါနေတော်မူ၍။တံတံပုဂ္ဂလံ၊သုဒိန်ရဟန်းအစရှိသောထိုထိုရဟန်းပုဂ္ဂိုလ်အပေါင်းကို။အာရဗ္ဘ၊အကြောင်းပြု၍။မာတိဘာဇနေဝတ္ထုပဋိမဏ္ဍိတံ၊မာတိကာပဒဘာဇနီဝိနီတဝတ္ထုတို့ဖြင့် တန်းဆာဆင်အပ်သော။ နာနာသိက္ခာပဒ သမာကိဏ္ဏံ၊ အဇ္ဈာ သွေထပ်၊

ကောင်းကင်ရပ်ဝယ်၊ သိန်း သန်း ကုဋေ မရေတွက်နိုင်သော ကြွယ်နက္ခတ်တာရာအပေါင်းတို့ထက်မက၊ အထူးထူးအပြားပြား၊ များစွာသောအာဇီဝသိက္ခာပုဒ်တော်အပေါင်းတို့ဖြင့်ရောပြွမ်းပြည့်စုံတော်မူထသော။ ဥဘတောဝိဘင်္ဂ၊ဘိက္ခု၊ဘိက္ခုနီ ဥဘတောဝိဘင်းဝိနည်းပညတ်ပါဠိတော်မြတ်ကို။ ပညပေသိ၊ ပညတ်တည်ထါးဟောကြားတော်မူလေပြီ။တံနာထံ၊လူသုံးပါးတို့၏စင်စစ်ကိုးကွယ်ရာဖြစ်တော်မူသောထိုသကျပုတ္တဂေါတမည်ကျော်ကိုယ်တော်မြတ်ဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သာဒရံ၊အလွန်ရိုသေစွာ။ဝန္ဒေဝန္ဒာမိ၊ဆယ်စုံပေါင်းစည်း၊လက်သည်းဖြူဆွ၊တောက်ပသောလက်အုပ်ကိုမိုး၍၊ ရှိခိုးပူဇော်၊ဖူးမြော်မာန်လျှော့၊ကန်တော့ပါ၏အရှင်ဘုရား။ ။

ဝိနည်းမဟာဝါကိုဟောသောဘုရားရှင်ပွါးတော်ကို ကမ္ဘည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

တေနသမယေနဗုဒ္ဓေါဘဂဝါဥရုဝေလာယံဝိဟရတိနဇ္ဇာနေရဉ္ဇရာယတီရေ-ဗောဓိရုက္ခမူလေ ပဌမာဘိသမ္ဗုဒ္ဓေါ။ ဤသို့စသား၊ မဟာဝါပါဠိလာဇာပ်သည့်နှင့်အညီ။ အစိန္တေယျ ဂုဏ်ပေါင်းခသား၊ သုံးလောကမျက်ရှု၊ သဗ္ဗညုကိုယ်တော်ဘုရားသည်၊ ဥရုဝေလတောနေရဉ္ဇရာမြစ်ကမ်းနားဖူး၊ ဗောဓိပင်ရွှေပလ္လင်ထက်ဝယ်၊ လူနတ်တကာတို့၏ရှေးဦးအရဟတ္တမဂ်သဗ္ဗညုတဉာဏ်သို့ရောက်သဖြင့်၊ဘုန်းရောင်ပဝင်း၊ သယမ္ဘူ၊သင်းကျစ်၊ဘုရားဖြစ်တော်မူ၍၊ ဝိသာခါကဆုန်၊ ညဦးစုံသန်းခေါင်ယံ၌ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်တရားကို၊ အနုလုံပဋိလုံဆင်ခြင်တော်မူလျက်၊ဗောဓိပင်ရွှေပလ္လင်ထက်ဝယ်၊မြဲမြဲသပ္ပါယ်၊ထက်ဝယ်ဘွဲ့ခွေ၊နေတော်မူပြီးလျှင်၊ အရဟတ္တဖိုလ်ချမ်းသာကိုခုနစ်ရက်ပတ်လုံးခံစားတော်မူလျက်၊ဗောဓိပင်အောက်ရွှေပလ္လင်ထက်၌နေတော်မူပြီးသည့်နောက်၊အနိမိသစေတီတော်သို့ရောက်ပြီး

လျှင်၊ ဗောဓိပင်နှင့်တကွ ရွှေပလ္လင်ကို ခုနစ်ရက်ပတ်လုံး မမှိတ်သောမျက်စိဖြင့်ကြည့်တော်မူပြီး၍၊ ထိုမှတထောံ၊ ရတနာစင်္ကြံသို့ရောက်ပြန်သောအခါ၊ ခုနစ်ရက်ပတ်လုံး လူးလာခေါက်တုံ့စင်္ကြံသွားတော်မူလျက် နေတော်မူသည်။ ထိုမှတထောက်၊ ရတနာဃရအိမ်သို့ရောက်ပြန်သောအခါ၊ခုနစ်ရက်ပတ်လုံးရုံခါသမာပတ်ချမ်းသာကို ခံစားလျက်၊ ရုံခါအဘိဓမ္မာ တရားကိုဆင်ခြင်လျက်နေတော်မူသည်။ ထိုနောက်မှတထောက်၊အဇပါလညောင်ပင်အောက်သို့ရောက်ပြန်သောအခါ၊ခုနစ်ရက်ပတ်လုံးသမာပတ်ချမ်းသာကိုခံစား၍ နေတော်မူသည်။ ထိုမှတထောံ၊ မုစလိန္ဒာကျည်းပင်ရင်းသို့ ရောံပြန်သောအခါ၊ ခုနစ်ရက်ပတ်လုံးထက်ဝယ်ဘွဲ့ခွေ၊သမာပတ်ချမ်းသာကို ခံစား၍ နေတော်မူသည်။ထိုမှတထောက်၊ ရာဇာယတနလင်းလွန်းပင်အောက်သို့ရောက်ပြန်သောအခါ၊ ခုနစ်ရက်ပတ်လုံးသမာပတ်ချမ်းသာကိုခံစား၍ နေတော်မူသည်။ ထိုမှတဘန်၊ အဇပါလ ညောင်ပင်အောက်သို့ ရောက်ပြန်သောအခါ၊ တရားမဟောဘဲ၊ အပျော်သုက္ကနေလိုသောအကြံဖြစ်ပြန်လတ်သော်၊သဟမ္ပတိဗြဟ္မာမင်းကြီးသည်၊များစွာသောဗြဟ္မာနတ်သိကြားတို့နှင့် တကွအကြံတော်ကိုသိ၍တရားတော်ကိုဟောတော် မူစေခြင်းအကျိုးငှါ။မြေမှာထူးထောံလက်စောံချီမိုးရှိခိုးပြီး၍၊ ဥဒ္ဒေဟိဝိရဝိဇိတသင်္ဂါမ။ စသည်များစွာ၊ ဂါထာ တွတ်တွတ်၊ ရွတ်၍ခါခါ၊ တောင်းဘန်တော်မူလာ၏။ ထိုမှတခန်းသုံးလူ့ဘ သခင်ဘုရားရှင်သည်၊ မဟာဝုန်မိဂဒါဝုန်တောသို့ ကြွတော်မူလာ၍ပဥ္စဝဂ္ဂီ ၅ယောက်တို့အားများစွာသောနတ်ဗြဟ္မာတို့နှင့်တကွဓမ္မစကြာဒေသနာတရားကို ဟောကြားတော်မူလေသည်။ ထိုနည်းတထောက်၊ ဗာရာဏသီပြည်သို့ရောက်ပြန်သော်။ ယသသတို့သားအမှူးရှိသောမိခင်ဘခင်မောင်းမပရိသတ်တို့နှင့် တကွ တရားအမြိုက်ဆေး တိုက်ကျွေးတော်မူသည်။ ထိုနည်းတထောက်၊ဥရုဝေလတောသို့ရောက်လတ်ပြန်သောအခါ။ ရသေ့

ညီနောင်၅င်တထောင်တို့၏မိန္တာမျှောင်ကိုအထောင်မကသော
တန်းခိုးတော်တို့ဖြင့် ဖျက်ဆီးတော် မူလျက် နေဇတော်မူသည်။
ထိုမှတထောက်၊ရသေ့ညီနောင်တထောင်နှင့်တကွ ရာဇဂြိုဟ်
ပြည်ထန်းတောဥယျာဉ်သို့ကြွရောက်ပြန်သောအခါ၊ မိမ္ဗိသာရ
မင်းဘုရား အကြီးအမှူးရှိသော တသန်းနှစ်သိန်းသော ပုဏ္ဏား
သူဌေးတို့အားတရားမြွက်ဆော၊တိုက်ကျွေးတော်မူလျက်၊ရာဇ
ဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ သီတင်း သုံးနေတော်မူ
သည်။ထိုအခါဝယ် သာရိပုတ္တရာမောဂ္ဂလာန် အမည်ရှိသော
ရဟန်း ပရိဗိုဇ်ဘ်တို့အား တပည့်တထောင်နှင့်တကွ ရဟန်းပြု
တော်မူလေသည်။ထိုသို့ရဟန်းပြုပြီးသော နောက်၊အခါတပါး
သို့ ရောက်သောအခါ၌၊ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်သော
သိက္ခာပုဒ်တို့၌ မလိမ္မာကြ ကုန်သော ရဟန်းအပေါင်းကို အ
ကြောင်းပြု၍၊ပဗ္ဗဇ္ဇခန္ဓကစသည်မြားမြောင်၊ခန္ဓကအပေါင်းတို့
ဖြင့်တန်းဆာဆင်ထသော ဆယ်ပါးသောခန္ဓကတို့နှင့် ပြည့်စုံ
သော၊ဝိနည်းမဟာဝါခန္ဓကပါဠိတော်မြတ်ကိုပညတ်တဉ်ထား
တော်မူသည်။ ။

တတ္ထတတ္ထဝိဟာရန္တော၊တိလောကဂ္ဂေါစယောနာထော။
တံတံပုဂ္ဂလံအာရဗ္ဘ၊ပညပေသိမဟာဝဂ္ဂံ။ ။
ဧကောဒသမခန္ဓပဋိမဏ္ဍိတံ၊
နာနာသိက္ခာပဒသမာကိဏ္ဏံ၊သာဒရံဝန္ဒေတံနာထံ။ ။

တိလောကဂ္ဂေါစ၊ စက္ကဝါဠပတ်ကုံး၊ အဆုံးမရှိ၊ခေတ်ဝိသ
ယ၊အနန္တဝယ်၊အသာခရဏ၊စသည်မြားမြောင်၊ ဘုန်းကြွက်
သရေအပေါင်းနှင့် ပြည့်စုံတော်မူသောကြောင့်၊ လူသုံးပါးတို့
ထက်အထူးသဖြင့်လွန်ကဲမြတ်တော်မူထသော၊ယောနာထော၊
အကြင်သကျပုတ္တဂေါတမမည်ကျော် ကိုယ်တော်မြတ်ဘုရား
သည်။တတ္ထတတ္ထ၊ ထိုထိုမဂဓရာဇ်တိုင်းရာဇဂြိုဟ်ပြည် အစရှိ
သောအရပ်မျက်နှာတို့၌၊ ဝိဟာရန္တော၊ တရားတိုက်ကျွေးလျက်
နေတော်မူစဉ်။တံတံပုဂ္ဂလံ၊ ထိုထိုရဟန်းပုဂ္ဂိုလ်အပေါင်းကို။

အာရဗ္ဘ၊ အကြောင်းပြု၍။ ကောဓသခန္ဓပဋိမဏ္ဍိတံ၊ ကထာခုနစ်ပါးတို့ဖြင့်၊ ခြံရံအပ်သောတဆဲ့တပါးသော ခန္ဓကတို့ဖြင့်တန်းဆာဆင်အပ်ထသော။ နာနာသိက္ခာပဒသမာကိဏ္ဏံ၊ အထူးထူးအပြားပြားများစွာသောသိက္ခာပုဒ်တို့ဖြင့်မိုးပေါကြွယ်မကဖွမ်းထသော။ မဟာဝဂ္ဂံ၊ ဝိနည်းမဟာဝါခန္ဓကပါဠိတော်မြတ်ကို။ ပညပေသိ၊ ကောင်းစွာဟောကြားပညတ် ထားတော်မူလေပြီ။ တံနာထံ၊ ထိုသကျပုတ္တဂေါတမမည်ကျော် ကိုယ်တော်ဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သာဒရံ၊ အလွန်ရိုသေစွာ။ ဝန္ဒေ ဝန္ဒာမိ၊ ဆယ်ရုံပေါင်းစည်း၊ လက်သည်းဖြူဆွ၊ တောက်ပသော လက်အုပ်ကိုမိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏ အရှင်ဘုရား။ ။

ရူဋ္ဌဝါကိုဟောသောဘုရားရုပ်ပွါးတော်ကို
ကမ္ပည်းစာတမ်းနှင့်-ပူဇော်ရန်ဂါထာ။

တရံရောအခါ၊ ဘုန်းရောင်ပဝင်း၊ အစိန္တေ့ ရှင်ဘုရားသခင်သည်၊ ကောသလတိုင်းသာဝတ္ထိပြည်အနာထပိဏ်သူဌေးအရံဉယျာဉ်ဇေတဝန်ရွှေကျောင်းတော်၌ယာပထလေးဘော်ဖြင့်သိတင်းသုံးနေတော်မူစဉ်၊ ပဏ္ဍုကလောဟိတက အစရှိသောရဟန်းတို့ကိုအကြောင်းပြု၍ ကံကြီးကံငယ်ခုနစ်သွယ်တို့ဖြင့်ခြံရံလျက်၊ ၂၅ ပါးသောဝတ္ထုတို့နှင့်တကွ ၁၇၀ သောခန္ဓကတို့ဖြင့် တန်းဆာဆင်အပ်လျက်၊ ရူဋ္ဌဝါဝိနည်းပါဠိတော်မြတ်ကိုပညတ်တော်မူသည်။ ။

တတ္ထတတ္ထ ဝိဟာရန္တော၊ ကရုဏာသီတလဟာဒယောယော
နာထော။ တံတံပုဂ္ဂလံအာရဗ္ဘ၊ ပညပေသိရူဋ္ဌခန္ဓံ။ ။
သဝတ္ထုပဉ္စဝိသတိကံ၊ သတ္တသတခန္ဓပဋိမဏ္ဍိတံ၊
နာနာသိက္ခာပဒသမာကိဏ္ဏံ၊ သာဒရံဝန္ဒေတံဂေါတမံ။ ။

ကရုဏာသီတလဟာဒယော၊ အလွန်သနားခြင်းမဟာကရု

ဏာရှိတော်မူသောကြောင့်အလွန်ဖေးမြဲသောစိတ်နှလုံး ရှိတော်
မူထသော။ယောနာထော၊ အကြင်မြတ်စွာ ဘုရားသခင် သည်။
တဏ္ဍတဏ္ဍ၊ ထိုထိုမြို့ရွာအစရှိသည်တို့၌။ ဝိဟာရန္တော၊ တရား
ရေဖေးတိုက်ကျွေးလျက်သာနေ်တော်မူစဉ်။ တံတံပုဂ္ဂလံ၊ထိုထို
ရဟန်းပုဂ္ဂိုလ်အပေါင်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ သဝတ္ထု
ပဋ္ဌဝိသတိကံ၊ (၂၅) ပါးသောအကြောင်းဝတ္ထုနှင့်တကွ ဖြစ်
ထသော။သတ္တာသတခန္ဓပဋိမဏ္ဍိတံ၊(၁၇၀)သော ခန္ဓကတို့ဖြင့်
တန်းဆါဆင်အပ်ထသော၊နာနာသိက္ခာပဒသမာကိဏ္ဏံ၊ရိုးမှီး
ပေါကြွယ်မက အထူးထူးအပြားပြားသော သိက္ခာပုဒ်တို့ဖြင့်
ပြွမ်းထသော။ ရုဋ္ဌခန္ဓံ၊ဝိနည်းရုဋ္ဌဝါ ခန္ဓကပါဠိတော်မြတ်ကို။
ပညပေသိ၊ ပညတ်ဟောကြားတော်မူလေပြီ။ တံဂေါတမံ၊ထို
သကျပုတ္တ၊ဂေါတမမည်ကျော်ကိုယ်တော်ဘုရားကို။အဟံ၊အ
ကျွန်ုပ်သည်။ သာဒရံ၊အလွန်ရိုသေစွာ။ ဝန္ဒေဝန္ဒာမိ၊ ဆယ်ရုံ
ပေါင်းစည်း၊လက်သည်းပြူးဆွ၊တော်ပသောလက်အုပ်ကိုမိုး၍၊
ရှိခိုးပူဇော်၊ဖူးမြော်မာန်ယျော့၊ကန်တော့ပါ၏အရှင်ဘုရား။

ပရိဝါကိုဟောသောဘုရားရှပ်ပွါးတော်ကို
ကမ္ဘည်းစာတမ်းနှင့်–ပူဇော်ရန်ဂါထာ။

တေနသမယေနဗုဒ္ဓေါဘဂဝါ သာဝတ္ထိယံဝိဟာရတိဇေတ
ဝနေအနာထပိဏ္ဍိကဿအာရာမေ၊ အထခေါအာယသ္မာ ဥပါ
လိယေနဘဂဝါ တေနုပသင်္ကမိ၊ဥပသင်္ကမိတွာဘဂဝန္တံ အဘိ
ဝါဒေတွာဧကမန္တံနိသိဒိ၊ဧကမန္တံနိသိန္နောခေါအာယသ္မာဥပါ
လိဘဂဝန္တံ ဧတဒဝေါစ ကတိဟိနုခေါဘန္တေအဂေ်ဟိသမန္နာ
ဂတေန ဘိက္ခုနာယာဝဇီဝံနာနိဿိတေနဝတ္တဗ္ဗန္တိ။ ဤသို့ပရိ
ဝါပါဠိတော်မြတ်လာအပ်သည်နှင့်အညီ၊ ဇာတိအာဏာ၊ဝိသ
ယာဟု၊ စကြာဝဠာပတ်ကုံး၊ ခေတ်သုံးတိုက်လုံးဝယ်၊ပြိုင်ဘက်
ကင်းမြောက်၊ ဘုန်းတော် တောက်သား၊ တယောက် ထည်း
နေမင်းတဆူသာ ဖြစ်တော်မူသော၊ အစိန္တေယျ ဂုဏ်ပေါင်း ခ

သည်၊သုံးလောကရာဇာ၊ မဟာကရုဏာသဗ္ဗညုတ ဗုဒ္ဓဉာဏ်တော်ရှင်ဘုရားသခင်သည်၊ တရံတခါတရေးသဘင် ကြုံလတ်သောအခါ ဝယ်၊ သာဝတ္ထိပြည် လက်ျာတောင်စွန်း၊ အနာထပိဏ်၊ ကျောင်ရှိန်ပျံ့မွှေး၊ရှင်သူဌေး၏(၄၅) ကုဋေ၊အသပြာငွေကို၊ရက်ရက်ရောရော၊ဇောပီတိပြောသဖြင့်၊ ဆက်ကပ်ပူဇော်အပ်သောအလျားအနံ(၁၈)မင်းပယ်စကျယ်သော ငွေဘော်သားတို့ဖြင့် အပြည့်ခင်းထား အပ်သော အရောင်လက်လက်ထွန်းထွက် တောက်ပသောအရံတော် အတွင်းဝယ်၊ ရတနာဆယ်ပါးတို့ဖြင့်ပြီးသောဇေတဝန် ဗွေကျောင်းတော်ကြီး၌ ဝေနေယျမိတ်ဆွေ ကြွာအပေါင်းတို့အားဝန်(၃)ပါးတို့မှ ထွက်မြောက်စေခြင်းငှါ၊ အလွန် ဧးမြမွှေးကြိုင်သော လောကုတ္တရာတရားအမြိုက်ကိုတိုက်ကျွေးတော်မူလျက်၊ယာပထလေးဘော်ဖြင့်၊ သီတင်းသုံးနေတော်မူသောအခါဝယ်၊ဝိနည်းရုဂ်ရဲပေါင်းသိန်းသောင်းမကသော တပည့်သား သဃာတော်အပေါင်းတို့ထက်အလွန်ထက်မြက်လိမ္မာဝိနည်းအရာဝယ်ဉာဏ်ပညာကြီးတော်မူသောကြောင့်၊ဧတဒဂ်အရာတင်ထားတော်မူအပ်သောဥပါလိ မဟာထေရ်မြတ်သည်၊ ဘုန်းတော်နေဝန်းထွန်းတော်ပတော်မူသောမြတ်စွာဘုရား၊ ဘုံယ်မျှလေဝံသော အကြောင်းအင်္ဂါရုံညီစွာသောရဟန်းသည်နိဿရည်းမယူဘဲအရပ်ဆယ်မျက်နှာမှာအလိုရှိတိုင်း နေထိုင်သီတင်းသုံးရပါသနည်း။ ဤသို့ရိုသေစွာလျှောက်ထား ပါသောကြောင့်၊ဤသို့လျှောက်ထားအပ်သောဝိနည်းရုဂ်ရဲအရာ၌ ဧတဒဂ်ရသောမဟာဥပါလိမထေရ်မြတ်ကို လက်ဦးမဆွအကြောင်းပြုတော်မူ၍၊ ဘိက္ခု မဟာဝိဘင်းလာသဏ္ဍာယနရှစ်ဝါရ။ပစ္စယရှစ်ဝါရဖြင့်(၁၆)ပါးသောဝါရ။ ဘိက္ခုနီဝိဘင်းလာ သဏ္ဍာယနရှစ်ဝါရ၊ ပစ္စယရှစ်ဝါရအားဖြင့်။(၁၆)ဝါရ။ဤသို့မဟာဝိဘင်းလာ(၃၂) ဝါရနှင့်ပြည့်စုံသော(၄၂)ပါးသောသင်္ဂဟတို့ဖြင့်တန်းဆာ ဆင်အပ်သောပရိဝါပါဠိတော်မြတ်ကိုဟောတော်မူသည်။ ။

ဇေတဝနေဝိဟာရန္တောတိဗုဒ္ဓခေတ္တေကကရောဇိနော။
ဥပါလိထေရံအာရဗ္ဘ၊ဒွတ္တိံသဝါရမဏ္ဍိတံ။ ။
ဒွါသဋ္ဌိခန္ဓသညုတ္တံ၊နာနာသိက္ခာပဒသမာကိဏ္ဏံ။
ဒေသေသိပရိဝါရပါဠိံ၊တံဝန္ဒေသာဒရံဇိနံ။ ။

တိဗုဒ္ဓခေတ္တေကကရော၊ဇါတိအါဏာ၊ဝိသယာဟု၊သုံးဖြာသော ဗုဒ္ဓခေတ်၌၊ ပြိုင်ဘက်ကင်းသူ၊ တဆူ နေမင်းသာ ဖြစ်တော်မူထသော။ ယောဇိနော၊ အကြင်ငါးမာရ်အောင်မြင် ဘုရားရှင်သည်။ဇေတဝနေ၊သာဝတ္ထိပြည်လကျာ်၊တောင်ဝွန်းဇေတဝန်ရွှေကျောင်းတော်၌။ ဝိဟာရန္တော၊ သီတင်းသုံးနေတော်မူလျက်။ဥပါလိထေရံ၊ ဝိနည်းအရာ၊ လိမ္မာကျွမ်းကျင်၊ပညာရှင်ဖြစ်သောကြောင့်၊ဧတဒဂ်အရာတင်ထားတော်မူအပ်သောဥပါလိမထေရ်မြတ်ကို။အာရဗ္ဘ၊အကြောင်းပြု၍။ဒွတ္တိံသဝါရမဏ္ဍိတံ၊(၃၂)ဝါရတို့ဖြင့် တန်းဆာဆင်အပ်ထသော။ ဒွါသဋ္ဌိခန္ဓသညုတ္တံ၊(၆၂)ပါးသောသင်္ဂဟတို့ဖြင့် သင်္ဂြိုဟ်ရေတွက် အပ်ထသော။ နာနာသိက္ခာပဒသမာကိဏ္ဏံ၊ အထူးအထူး အပြားပြားသောသိက္ခာပုဒ်တို့ဖြင့်ပြွမ်းထသော။ပရိဝါရပါဠိံ၊ပရိဝါပါဠိတော်မြတ်ကို။ဒေသေသိ၊ပညတ်ဟောကြား၊ထားတော်မူပြီ။တံဇိနံ၊ထိုမြတ်စွာဘုရားကို။ အဟံ၊အကျွန်ုပ်သည်။သာဒရံ၊အလွန်ရိုသေစွာ။ဝန္ဒေ ဝန္ဒာမိ၊ဆယ်ရုံပေါင်းစည်း၊လက်သည်းပြူဆွ၊ တောက်ပသောလက်အုပ်ကိုမိုး၍၊ ရှိခိုးပူဇော်၊ဖူးမြော်မာန်လျှော့၊ကန်တော့ပါ၏အရှင်ဘုရား။ ။

## နိဂုံး။

ဝေဿာဝတာဟိရစိတံ၊ ဆပဉ္စက္ကမဆောကနိံ။
နာနာဂန္ထုဒ္ဓရိတွာန၊ ဗောဓိသတ္တိကတာယမေ။ ။
အာဒါသံဝတံပဿန္တု၊ အတိသဒ္ဓမ္မမာမကာ။
တံပေက္ခိတွာနသဗ္ဗဒါ၊ ဝိသုဒ္ဓိံယန္တုသာဓဝေါ။ ။

မေမယာ၊ ဂူ ၆ လုံးဆရာငါမထေရ်သည်။ နာနာဂန္ထာ၊ ထူးပြား ထွေလာ ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းမှ။ ဥဒ္ဓရိတွာန၊ ဉာဏ်ပညာလက်ဆုပ်ဖြင့် အသီးသီး ထုတ်နုတ် ရွေးကောက်ဆောင် ယူပြီး၍။ ဗောဓိသတ္တိကတာယ၊ သမ္မာသမ္ဗုဒ္ဓ ဗောဓိဉာဏ်၊ ပစ္စေကဗုဒ္ဓဗောဓိဉာဏ်၊ သာဝကဗောဓိဉာဏ်၊ (၃)ပါး တို့ကိုသာ သနာတော်မြတ်ကို ကြည်ညိုကြကုန်သော ပညာရှိအပေါင်း သူတော်ကောင်းတို့၏ အသီးအသီး လွယ်လင့်တကူ မျက်မှောက်ပြုရကြပါစေခြင်းအကျိုးငှာ။ ဝါ၊ ဗောဓိ (၅)ပါးသို့ ရောက်လွယ်စေခြင်း အကျိုးငှာ။ ဝေဿာဝတာ၊ နှစ်ကျိပ်ရှစ်ဆူ အစရှိသော ရှေးရှေးပွင့်တော်မူကြကုန်သော ဘုရားရှင်တို့၏ အသီးအသီး ဂုဏ်တော်ကိုပြ၍ ရေးသား အပ်သော ပဌမပ လ္လက်ဗောဓိပရိစ္ဆေဒ၊ အဘိဓမ္မာ (၇) ကျမ်းကိုဟောတော်မူရာ ဟောတော်မူတတ်သော ဒေသကစသော ဘုရားဂုဏ်ကို ပြ လျက် စီရင်အပ်သောဒုတိယ အဘိဓမ္မာဒေသနာပရိစ္ဆေဒ၊ သီလက္ခန္ဓ ဒေသနာ ပါဠိတော်ဓမ္မကို ဟောရာဒေသဟောတတ် သော ဒေသကစသောဂုဏ်ကိုပြလျက် စီရင်အပ်သောတတိယ သီလက္ခန္ဓ သုတ္တန္တ ပါဠိဓမ္မ ပရိစ္ဆေဒ၊ သုတ်မဟာဝါ ပါဠိ တော်မြတ်ကို ဟောရာ ဒေသ ဟောတတ်သော ဒေသက စ သော ဂုဏ်ကိုပြလျက်စီရင်အပ်သော စတုတ္ထသုတ် မဟာဝါ ပါဠိတော်ပရိစ္ဆေဒ၊ သုတ်ပါထေယျပါဠိတော်ကိုဟောရာဒေသ ဟောတတ်သော ဒေသက စသော ဂုဏ်ကိုပြလျက်စီရင်အပ်

သောပဋ္ဌမသုတ်ပါထေယျပါဠိဝဂ္ဂပရိဝါရ၊ ဝိနည်း(၅)ကျမ်းပါဠိတော်မြတ်ကိုဟောရာဒေသဟောတတ်သောဇုဒသကစသေ၊ ဂုဏ်အထူးကို အထူးထူးအပြားပြား စီရင်၍ ပြအပ်သောဆဋ္ဌမြောက်ဝိနယဝဂ္ဂပရိဝါရ၊ ဤသို့သောလျှင်အထူးထူးအပြားပြား အလွန်ကြည်ညိုဘွယ် ကောင်းသော၊ ဤမှအတိုင်း အရှည် ရှိသော (၆)ပါးသော ပရိဝါရဖြင့်၊ ဆပဌက္ကမဆောကနိ၊ မေးမြန်းလျှောက်ထားအပ်သော(၆)ပါးသော ပြဿနာကိုအတိုင်းမသိ ဘုန်းကြက်သရေနှင့် ပြည့်စုံသော နှစ်ကျိပ် ရှစ်ဆူ အစရှိသော ဘုရားရှင်တော်တို့ကိုရင်း၊ အဘိဓမ္မာ(၇)ကျမ်း၊ ဒီဃနိကာယ်(၃)ကျမ်း၊ ဝိနည်း(၅)ကျမ်း ပါဠိတော် မြတ်တို့၏ အတိုင်းမသိသောဂုဏ်ကျေးဇူးကိုပြ၍ဖြေပြသောအရာဝယ်၊ ထူးပြားထွေလာ အလွန်လိမ္မာစရာ ကောင်း သော ဂုဏ်သကတ်သတ္တိရှိသောကြောင့်(ဆပဌက္ကမဆောကနိ)အမည်ထူးဆန်း၊ ဤဖွဲ့ကျမ်းကို။ ဟိယာဘွါ၊ အကြင်ကြောင့်။ ရစိတံဝိရစိတံ၊ ထူးပြားထွေလါအလွန်ဆန်းကြယ်သောနည်းတို့ဖြင့်တန်းဆာဆင်အပ်လျက် ကောင်းစွာ ရေးသား စီရင်အပ်လေပြီ။ တဿာ၊ ထိုအကြောင်းကြောင့်။ ဝိသုဒ္ဓိကာမိကာ၊မိမိကိုယ်သန္တာန်အတွင်းဘောဝယ်၊မှည့်မည်းဝက်ခြံမစင်ချေးအညစ်အကြေးအစရှိသည်တို့မှ အလွန် သန့်ရှင်းခြင်းကို အလိုရှိကုန်သော စိတ်ပျို ကိုယ်နုကာလသမီးကာလသားတို့သည်။အာဒါသံ၊တကိုယ်လုံးဘော်ပြ၊အလွန်ကြည်လင်တောက်ပသောပတ္တမြားကြေးမုံမှန်တော်ကြီးကို။သဗ္ဗဒါ၊အခါမပြတ်မလတ်မစဲသာလျှင်။ ပဿန္တိဣဝ၊ ရှုကြည့်ကြလေကုန် ဘိသကဲ့သို့။ တထေဝ၊ ထိုနည်းအတူရင်းသာလျှင်။ အတိသဒ္ဓမ္မမာမကာ၊ဗောဓိ(၃)ပါး၊ ဗောဓိ(၅)ပါး၊ သူတော် ကောင်း တရား အပေါင်းကို အလွန် မြတ်နိုး လိုချင်တောင့်တကြကုန်သော ပညာရှိသူတော်ကောင်း အပေါင်းတို့သည်။တံပဌက္ကမဆောကနိ၊တကိုယ်လုံးဘော်ပြ၊ ဖွဲ့အာဒါသကြေးမုံပမါ၊အနန္တအဆုံးအပိုင်းအခြားမရှိသောရတနာ(၃)ပါး

ဂုဏ်ကိုအထူးသဖြင့် ဘောင်ပြတတ်သော ဂုဏ်သတ္တိ ရှိသော ကြောင့် (ဆပဉ္စက္ကမဆောကနီ)သညီ အမည် ထူးဆန်း၊ ဤဖွဲ့ကျမ်းကို။ သဗ္ဗဒါ၊ အရွယ်(၃)ပါးခပ်သိမ်းသော အခါ၌။ ပ သဿန္တု၊ ရှုကြည့်တော်မူကြပါစေကုန်သတည်း။တံပေက္ခိတွာန သဗ္ဗဒါ၊ အရွယ် (၃)ပါး ခပ်သိမ်းသောအခါ၌ ထိုဆပဉ္စက္ကမ ဆောကနီကျမ်းလာတိုင်း ရှိနိုးဂါထာတို့ဖြင့်၊ ဆင်းတု ရုပ်ပွါး၊ ကိုယ်တော်များကို၊ ရိုသေလေးမြတ်စွာ ကြည့်ရှုကိုးကွယ် လှူဒါန်း ပူဇော် ရသော မြတ်ကုသိုလ်ထူးကြောင့်။ သာဓဝေါ၊ ပညာရှိသူတော်ကောင်း အပေါင်းတို့သည်။ဝိသုဒ္ဓိံ၊ တထောင့် ငါးရာကိလေသာအညစ်အကြေးတို့မှ အထူးထူးအပြားပြားအထူးအားဖြင့် အလွန်စင်ကြယ်ထူးမြတ်သော၊ လောကုတ္တရာတရားအမြိုက်ချမ်းသာသို့။ဝါ၊အလွန်ထူးကဲလွန်မြတ်သောဗောဓိ (၃)ပါး၊ဗောဓိ (၅) ပါးဉာဏ်တရားသို့။ယန္တုပါပုဏန္တု၊ရချမ သွေ့ရောက်ကြပါစေကုန်သတည်း။ ။

ဤကား ဆပဉ္စက္ကမမည်မှန်း၊ဤဖွဲ့ကျမ်းသည်၊ လူတို့ဂေါ ဇာ-၁၂၉၃-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၈) ရက်နေ့ကစ၍စီရင်အပ်ရကား၊သီတင်းကျွတ်လဆန်း (၁၄) ရက်ရောက်သော အခါစနေနေ့ နာရီပြန် (၂)ချက်တီးအချိန်တွင် ပြီးအောင်မြင်ခြင်းသို့ရောက်ပြီ။ ။

ဆပဉ္စက္ကမဆောကနီကျမ်းပြီး၏။

## (နှုန်းမှန်ပြသည့်ကြော်ငြာစာ။)

ရန်ကုန်မြို့ ၂၅ လမ်းစသိတန်း-ပြည်ကြီးမဏ္ဍိုင်ဗိဋကတ်ပုံနှိပ်တိုက်တွင်-ပါဠိဆရာဦးဖြေ ကြီးကြပ်ပြင်ဆင်သုတ်သင်ပုံနှိပ်အပ်သော အဋ္ဌကထာပါဠိများရောင်းရန်အဘိုးနှုန်း။

| ဦးရေ။ | ကျမ်းမည်။ | | နံပါတ်။ | ပေါင် ၃၀ စက္ကူဇဂီလား သားရေဖုံး အုပ်ရေ။ | ကျပ်။ | ပေါင် ၅၀ စက္ကူဘိလပ် သားရေဖုံး အုပ်ရေ။ | ကျပ် |
|---|---|---|---|---|---|---|---|
| ၁ | ပါရာဇိကဏ်အဋ္ဌကထာပါဠိ | (ပဌမအုပ်) | ၃၂၀ | ... ... ၁ ... | ၄ | ... ... ... ... ၁ ... | ၆ |
| ၂ | ၎င်း | (ဒုတိယအုပ်) | ၂၀၇ | ... ... ၁ ... | ၄ | ... ... ... ... ၁ ... | ၆ |
| ၃ | ပါစိတျာဒိအဋ္ဌကထာပါဠိ | (ပဌမအုပ်) | ၃၆၇ | ... ... ၁ ... | ၄ | ... ... ... ... ၁ ... | ၆ |
| ၄ | ၎င်း | (ဒုတိယအုပ်) | ၂၂၆ | ... ... ၁ ... | ၄ | ... ... ... ... ၁ ... | ၆ |
| ၅ | သီလက္ခန်အဋ္ဌကထာပါဠိ | | ၂၉၅ | ... ... ၁ ... | ၅ | ... ... ... ... ၁ ... | ၇ |
| ၆ | သုတ်မဟာဝါအဋ္ဌကထာပါဠိ | | ၃၆၀ | ... ... ၁ ... | ၅ | ... ... ... ... ၁ ... | ၇ |
| ၇ | ပါထေယျအဋ္ဌကထာပါဠိ | | ၂၁၇ | ... ... ၁ ... | ၅ | ... ... ... ... ၁ ... | ၇ |
| ၈ | အဘိဓမ္မာသင်္ဂဟအဋ္ဌကထာပါဠိ | | ၄၀၈ | ... ... ၁ ... | ၆ | ... ... ... ... ၁ ... | ၈ |
| ၉ | သမ္မောဟဝိနောဒနီအဋ္ဌကထာပါဠိ | | ၄၅၅ | ... ... ၁ ... | ၇ | ... ... ... ... ၁ ... | ၉ |
| ၁၀ | ပဋ္ဌာနပကြိုဏ်အဋ္ဌကထာပါဠိ | | ၄၂၇ | ... ... ၁ ... | ၆ | ... ... ... ... ၁ ... | ၈ |
| | | | ၃၃၆၂ | ပေါင်း ၁၀ ... | ၅၀ | ပေါင်း ၁၀ ... | ၇၀ |

(နှုန်းမှန်ပြသည့်ကြော်ငြာစာ။)

| ရေ။ | ကျမ်းအမည်။ | | နံပါတ်။ | ပေါင်၃၀ စက္ကူ ဗဂ်လား သားရေဖုံး အချပ်ရေ။ | ကျပ်။ | ပေါင် ၅၀ စက္ကူဘိလပ် သားရေဖုံး အချပ်ရေ။ | ကျပ် |
|---|---|---|---|---|---|---|---|
| ၁ | သာရတ္ထဒီပနီဋီကာပါဠ် | (ပဌမအုပ်) | ၄၃၇ | ... ... ... ... ၁ ... | ၄ | ... ... ... ၁ ... | ၆ |
| ၂ | ၎င်း ... | ...(ဒုတိယအုပ်) | ၂၇ဂ | ... ... .. .. ၁ ... | ၄ | ... ... ... ၁ ... | ၆ |
| ၃ | တေရသကဏ်ဋီကာပါဠ် | (ပဌမအုပ်) | ၂၄၂ | ... ... ... ... ၁ ... | ၄ | ... ... ... ၁ ... | ၆ |
| ၄ | ၎င်း ... | (ဒုတိယအုပ်) | ၃၀၇ | ... ... ... ... ၁ ... | ၅ | ... ... ... ... ၁ ... | ၆ |
| ၅ | ဝိမတိဝိနောဒနီဋီကာပါဠ် | (ပဌမအုပ်) | ၃၃၄ | ... ... ... ... ၁ ... | ၄ | ... ... ... ... ၁ ... | ၆ |
| ၆ | ၎င်း ... | (ဒုတိယအုပ်) | ၂၃ဂ | ... .. ... ... ၁ ... | ၄ | ... ... ... ... ၁ ... | ၆ |
| ၇ | ဝဇိရဗုဒ္ဓိဋီကာပါဠ် | (ပဌမအုပ်) | | ... ... .. ... ၁ ... | ၄ | ... .. ... ... ၁ ... | ၆ |
| ဂ | ၎င်း ... | (ဒုတိယအုပ်) | | ... ... ... .. ၁ ... | ၄ | ... ... ... ... ၁ ... | ၆ |
| ၉ | သီလက္ခန္ဓဋီကာဟောင်းပါဠ် | | | ... ... ... ... ၁ ... | ၅ | ... ... ... ... ၁ ... | ၇ |
| ၁၀ | သီလက္ခန္ဓဋီကာသစ်ပါဠ် | (ပဌမအုပ်) | ၄ဂ၁ | ... ... ... ... ၁ ... | ၅ | ... ... . ... ၁ ... | ၇ |
| ၁၁ | ၎င်း | (ဒုတိယအုပ်) | ၄၀၅ | . ... ... ... ၁ ... | ၅ | ... ... ... ... ၁ ... | ၆ |
| ၁၂ | သုတ်မဟာဝါဋီကာပါဠ် | | ၃၂၂ | ... ... ... ... ၁ ... | ၅ | ... ... ... ... ၁ ... | ၇ |
| ၁၃ | ပါထေယျဋီကာပါဠ် ... | | | ... ... ... ... ၁ ... | ၅ | ... ... ... ... ၁ ... | ၇ |
| ၁၄ | ဓမ္မသင်္ဂဏီမူလဋီကာပါဠ် | | ၁ဂဂ | ... . ... ... ၁ ... | ၄ | ... ... ... ... ၁ ... | ၆ |
| ၁၅ | ဝိဘင်းမူလဋီကာပါဠ် | | ၁၉၇ | ... ... ... ... ၁ ... | ၄ | ... ... ... ... ၁ .. | ၆ |
| ၁၆ | ပဉ္စပကြိုဏ်မူလဋီကာပါဠ် | | ၁၉၃ | ... ... ... ... ၁ ... | ၄ | ... ... ... ... ၁ ... | ၆ |
| | | | | ပေါင်း...၁၆ ... | ၇၀ | ပေါင်း ... ၁၆ ... | ၁၀၀ |

သပ္ပုရိသ။ အာစာရပုဏ္ဏ၊ ကုလပုဏ္ဏ။ ကလျာဏ။ ဓမ္မ
ကျင့်ရှိ။ အမျိုးကောင်းသားတို့၏၊ အကျိုးစီးပွါး။ လော
ကီ၊ လောကုတ္တရာတရားနှစ်ပါးများဖိမ့်သောငှါ။

# ဆီးကုန်းမြို့သိမ်ကြီးရှူးဆရာတော်။

ဘုရားသည်။ ဒါန။ သီလ။ ဘာ
ဝနာ။ အပစာယန။ စသည်အပြား။ သုံးပါး
ပိဋကတ်၊ အကျဉ်းမှတ်၍။ ဆတ်ဆတ်လွယ်ကူ။
မြတ်နိဗ္ဗူ၊ သို့ရှုအမြန်။ ရောက်ကြစေရန်
စီမံရေးသားအပ်သော

# တိပိဋကသင်္ဂဟကျမ်း။

၁၂၆၅ ခု။ တပေါင်းလ။

P.?. MUNDYNE PITAKA PRESS

# နိဒါန်း။

အမ္ဗနုဂရ။ဒက္ခိဏဘာဒ္ဒ။ယာပထလေးလီ။ ဝသိခေလှ။ပျော်မွေ့နှစ်ဖြာ။ဂန္ဓာရုရ။တက္ကဝိပံသနာ။မြတ်ဓမ္မာကို။ကောင်းစွာအားထုတ်၍။ နေလှေ့ရှိသော။ လေသာဆရာတော် ဘုရားကြီး၏တပည့်ရင်းချာ။ သုနန္ဒာတွင်မည်။ငါမထေရ်သည်။ သာယာဝတီ။အမည်မချို။ဆီးကုန်းမြို့။ရုံးတော်ကြီးအပါး။အနောက်နားတွင်။တရားဓမ္မ။ဥဿာဟဖြင့်။လုံ့လမောက်ပြီး။သိမ်ကြီးရိုးကျောင်းတိုက်၌။နှစ်ခြိုက်ဇးကြည်။ အလည့်လည် ဝဝ။ သုံးလောက၏။ဓမ္မအရည်။ မြတ်အဆီကို။ သိင်္ဂီရွှေခွက်၌။ ထည့်သွင်းအလား။တရားအရသာ။နိဗ္ဗုတာသို့။လျှင်စွာရောက်စေခြင်းငှါ။လုံးပမ်းလျက်နေရာ။ ပညာမျက်စိ။ကဝိခေါ်မှတ်။ပရိသတ်ပါ။ ကျောင်းတကာနှင့်။ဆင်ခုံတိုင်ရွာ။ဘုရားတကာဆရာစိ။သိမ်ကြီးရိုးရွာဥပုသ်တကါအရပ်လူကြီးဦးအောင်မင်း။ကျောင်းတကာဦးအံ။ဆေးဆရာဦးမြတ်သာထွန်း။လယ်တွင်းရွာဘုရားတကာသမါးဆရာခို။သာသနာ့ဒါယကာ၊လက်သမား ဆရာတိုးတို့နှင့်တကွ။ဝဋ်မှကင်းလွတ်ရာအရ။ပြည်ခေမာနိဗ္ဗာနသို့။ ရောက်လိုသောဆန္ဒ။ဝေနေယျတို့၏အလိုငှါ။ထောမနာမပြ။ ဥယျောဇဉ်ဂါရဝဖြင့်။ တောင်းပန်ခယသောကြောင့်။ဩဝါဒစကား။ မြတ်ဘုရား၏ဒေသနာကို။ ကျမ်းများစွာထုတ်နုတ်လျက်။ဆီးကုန်းမြို့ သိမ်ကြီးရိုးဆရာတော်ဘုရားသည်။အများရှင်လူ။မြတ်နိဗ္ဗူသို့၊လွယ်ကူရောက်စေခြင်းငှါ။ရေးသားစီရင်တော်မူအပ်သော။ (တိပိဋကသမုဟကျမ်း)ကို။ ကြိုးပမ်းအားထုတ်ကြစေကုန်သတည်း။

# တိပိဋကသမူဟာကျမ်း။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

အနန္တဂုဏာသမ္ပုန္နံ၊သဗ္ဗာ ရတန ဂုဏာနံ။ထောမေတွာပိ န တံ အန္တံ၊သုန္တံ သဗ္ဗဒါဝန္တုံ။ ။ဗုဒ္ဓဥပါသကာဒိဟိ၊ဂုဏာ ယာစိ ဘာသိဿာမိ။ ဥဒ္ဒရိတွာ နာနာဂန္ထေဟိ၊ တိပိဋကသမူ ဟာကံ။ ။

အနန္တဂုဏာသမ္ပုန္နံ၊ အဆုံးမရှိမရေတွက် မပိုင်းခြားနိုင်သော ဂုဏ်တော် ကျေးဇူးတော် အပေါင်း နှင့် ပြည့်စုံတော် မူသော။ ရတနရတနာနံ၊ဘုရား၊တရား၊သင်္ဃာရတနာမြတ်သုံးပါးတို့၏။ ဂုဏာနံ၊ပြောပ၍မပြီး၊ချီးမွမ်း၍မကုန်။ ဂုဏ်တော်အနန္တတို့ကို။ သဗ္ဗာ၊အလုံးစုံသောသဗ္ဗညာဏကာ၊ဗုဒ္ဓ၊ ပစ္စေက၊အရိယာသာဝကအပေါင်းနှင့်တကွ၊ မနုဿဒေဝဗြဟ္မာ သတ္တဝါဟူသမျှတို့သည်။ထောမေတွာပိ၊ ချီးမွမ်းအံ့ဩ ထောမနာပြုကြကုန်သော်လည်း။အန္တံ၊ ဆုံးခန်းခြင်းသို့။ နပါပုဏန္တိ၊ ရောက်၍ မကုန်နိုင်ကုန်။သုန္တံ၊ကောင်းသော နှလုံးနှင့် တကွ၊ မဟာကရုဏာဉာဏ၊အသာဓာရဏ၊သဗ္ဗညုတ၊ ပုဗ္ဗေနိဝါသ၊ ဒိဗ္ဗစက္ခု၊အာသဝက္ခယ၊စသည်များစွာ၊ ဆုံးခန်းရာမရှိ၊သိတော်မူပြီးဖြစ်၍။ လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့၏ နှစ်သက်ခြင်း၏ ဆုံးခန်းခြင်းသို့ရောက်၍မကုန်နိုင်သော။ တံရတနံ၊ထိုရတနာမြတ်။ သုံးလူ့နတ်ကို။အဟံ၊ခန္ဓာအာယတန။ ဒွတ္တိံသပါ။ သံသရာတွင်။ကျင်

လည်များစွာ။အဝိဇ္ဇာနှင့်။တဏှာမြေးရှက်။ အသိခက်၍။ တက်
သက်လူးလာ။ဓမ္မတာသဘာဝ။ဇေဂုစ္ဆမှန်။ပုပ်နံပုပ်ကျ။ကိုးဒွါ
ရမှ။နေ့ညမစဲ။ထွက်မြဲကြေန်။ အမှန်သဘော။ တွေးတောဆင်
ခြင်ရန်။ဆံပင်၊မွေးညှင်း၊ ခြေသီးလက်သီး၊သွါး၊အရေ၊အသား၊
အကြော၊အရိုး၊ ရိုးတွင်းခြင်ဆီ၊အညှို့၊နှလုံး၊အသည်း၊အမြှေး၊
အဖျဉ်း၊အဆုတ်၊ဦမ၊ဦသိမ်၊အစာသစ်၊ အစာဟောင်း၊ဦးနှောက်၊
သည်းခြေ၊သလိပ်၊ပြည်၊သွေး၊ချွေး၊အဆီခဲ၊မျက်ရည်၊ဆီကြည်၊တံ
တွေး၊နှပ်၊အစေး၊ကျင်ငယ်၊ စက်ဆုပ်ဘွယ်တွင်။ဥပါဒ်မြဲဘင်။
အစဉ်မပြတ်။ ချားရဟတ်ပမာဏ။ အနိစ္စ၊ဒုက္ခ၊ အနတ္တလက္ခ
ဏာ။ဘါဝနာတရား။လွန်ကြီးစါးလျက်။စိတ်ထါးသမါဓိ။ဉာဏ်
မျက်စိဖြင့်။ကြည့်၍နိုင်းကာ။ဝေါဟာပရမတ်။ ပညတ်တွင်ရာ။
သုနန္ဒာမည်သော ဘုရားတပည့်တော်သည်။ သဗ္ဗဒါ၊ နေ့ညမ
ပြတ်။ရှိသေတုပ်ဝပ်ခြင်းတကွ။ အနုပါဒ်သေသ။ နိဗ္ဗာနခေတ်
တိုင်အောင်။ဝန္ဒိ°ဝန္ဒာမိ၊ဘယလာဘ၊ ကုလကြည်ရှောင်း။ဂုဏ်
တော်ပေါင်းကုံ။ အောက်မေ့ သဖြင့်။အသင့် နှလုံး။ ဆို့ပိတ်ဖုံး
လျက်။ သုံးတန်စေတနာ။ သုံးဖြာဒွါရ။ သုံးပါးသောပဏာမတို့
ဖြင့်။ကြည်ဆွသဒ္ဒါ။လျှော်ကာသင့်တင့်။ ပြစ်ခြောက်ကင်းရာ။
တည်ငါးဖြာနှင့်။ အသင့်ညီစွာ။ရှိခိုးပါ၏အရှင်ဘုရား။ ။ဝန္ဒိ
တွာ၊ရှိခိုးပြီး၍။ ဂုဏ-ဂုဏာသမ္ပန္နေန၊သီလသမာဓိပညာဂုဏ်နှင့်
အသင့်ညီစွာပြည့်စုံထသော။ဗုဒ္ဓဥပါသကာဒိဟိ၊ဆီးကုန်းဆင်
ခုံတိုင်ရွာဘုရားတကာဆာရာစိ။သိမ်ကြီးရိုးရွာကျောင့်းတကာ
ဦးအံ။ ကျောင့်းတကာ ကိုအောင်ထွန်းကျော်။ ဥပုသ် တကာ
ဦးအောင်မင်း။ ကျောင့်းတကာ သမားဆရာ ဦးမြတ်သာထွန်း။
လယ်တွင်းကျောင်းတကာ သမားဆရာခို။ကျွန်းတောရွာ သာ
သနာ့ဒါယကာလက်သမား ဆရာ-ဆရာတိုးစသော ပရိသတ်
အပေါင်းသူတော်ကောင်းတို့သည်။ ယာစိ-ယာစိတော၊သဂါ
ရဝ။နိဝါတဖြင့်။တောင်းပန်ခယသောကြောင့်။နာနာဂန္ထေဟိ၊
အထူးထူးသောကျမ်းဂန်တို့မှ။ဥဒ္ဓရိတွာ၊ထုတ်နှုတ်၍။တိပိဋက

သမူဟာကံ၊(တိပိဋကသမူဟာ)အမည်ရသောကျမ်းကို။ ဝါ၊ပိဋကတ်သုံးပုံမှ လျှော်ရာ လျှော်ရာ ကျဉ်းစွာထုတ်နုတ် သဖြင့် ပေါင်းရုံး၍ပြုအပ်သော(တိပိဋကသမူဟာ)အမည်ရသောကျမ်းကို။ဘာသိဿံ၊ဆိုပေအံ့သတည်း။

အစိန္တေယျလောကမျက်ရှု။သဗ္ဗညုမြတ်စွာဘုရားသည်။သုံးပါးသောသုခကိုရစေခြင်းငှါပွင့်လါတော်မူကြောင်းကို၊အဋ္ဌကထာ၌။ ။အတ္တာယဟိတာယသုခါယဒေဝမနုဿာနံဗုဒ္ဓေါလောကေဥပ္ပဇ္ဇတိ။ ။ဟူမိန့်တော်မူ၏။ ။လောကေ၊သတ္တလောက၊သင်္ခါရလောက၊ဩကာသလောက၌။ ဗုဒ္ဓေါ၊ မြတ်စွာ ဘုရားသည်။ဒေဝမနုဿာနံ၊ နတ်လူတို့၏။ အတ္တာယ၊ လောကီလောကုတ္တရာ နှစ်ဖြစ်သောအကျိုးငှာ။ဟိတာယ၊စီးပွားချမ်းသာ မဂ်လာနှင့်တကွနိဗ္ဗာနခကိုမချွတ်ကြကန် အမှန်ရစေခြင်းငှာ။သုခါယ၊လောကီသုခ၊လောကုတ္တရာသုခ၊ ဤနှစ်ဝကို။မချွတ်ကြလွဲ။ အမြဲရစေခြင်းငှာ။ဥပ္ပဇ္ဇတိ၊ဖြစ်တော်မူလာ၏။ဝါ၊ပွင့်တော်မူလာ၏။ ။ထိုဒေသနာတော်ဝယ်အဓိပ္ပါယ်သော်ကား။ ငါတို့ မြတ်စွာဘုရားအလောင်းတော်မှစ၍ သဲလုံးမက ပွင့်တော်မူကုန်ပြီးသော ဘုရားရှင်တို့၏ အလောင်းတော် တို့တွင် တဆူတဆူ သော ဘုရားရှင် အလောင်းတော်တို့သည် အသွေးတော်တို့ ထုတ်၍ လှူတော်မူသည်ကားမဟာသမုဒ္ဒရာလေးစင်းမက များလှကုန်၏။ အသားတော်ကို ထုတ်၍ လှူတော် မူသည် ကား နှစ်သိန်းလေးသောင်းအထုရှိသောမဟာပထဝီ မြေကြီးမက များလှကုန်၏။ ဦးခေါင်းတော်ကိုဖြတ်၍ လှူတော်မူသည်ကား မြင့်မိုရ်တောင်မင်းမျှမကများလှကုန်၏။ မျက်လုံးတော်ကို ထုတ်၍ လှူတော်မူသည်ကားကောင်းကင်ပြင်ဝယ်ကြယ်တာရာမကများလှကုန်၏။

ဤသို့လူနတ်ဗြဟ္မာသတ္တဝါတို့၏ လောကီလောကုတ္တရာနှစ်ဖြာသောအကျိုးတို့ကို မချွတ်ကြကန်အမှန်ရစေခြင်းငှါ။ ငါတို့ ဘုရားအလောင်းတော်မှ စ၍။ သဲလုံးမက ပွင့်တော်မူပြီး။မဂ်ခရီးဖြင့်။ပြည်ကြီးပုရ။အမတသို့။ ကြွတော်ပြီးသောဘုရားရှင်တို့၏

အလောင်းတော်တို့သည်လည်း။ လေးသင်္ချေနှင့် ကမ္ဘာတသိန်း။ ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း။ တဆဲ့ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း၊ ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိကအမည်ရလျက်။ ဒါနအစ၊ မဂ်ဖိုလ်အဆုံး။ နိဗ္ဗာန်တည်းဟူသောကုန်းကြဉ်းထက်သို့တက်ရခြင်းငှါ။ အသွေးတော်၊ အသားတော်၊ ဦးခေါင်းတော်၊ မျက်လုံးတော်တို့ကိုလှူရသည့်ကား အလှုန်များမှ တရားနှင့်အညီ။ ပါရမီသုံးဆယ်။ သုံးသွယ်စရိယာ။ ငါးဝစွန့်ခြင်းကြီး။ အနည်းနည်းတို့ဖြင့်။ ဖြည့်ဆည်းပူးတော်မူမှသာလျှင် ဘုရားအဖြစ်သို့ရောက်တော်မူကြသဖြင့်။ အတုလ အသဒိသသမ္မာသမ္ဗုဒ္ဓ ဘုရား ရွှေကိုယ်တော်ပွင့်လာတော်မူသည့်တကားဟု။ အားရဝမ်းသာ။ သဒ္ဓါဗလဝ။ ဥဿာဟစေတနာဖြင့်။ ကြည်ညိုစွာသမာဓိတရားဖြင့်ပွါးများရာ၏။ ။ဤသို့ ဗုဒ္ဓေါ လောကေ ဥပ္ပန္နတိ၊ ဓမ္မောလောကေဥပ္ပန္နတိ။ သံဃော လောကေဥပ္ပန္နတိ၊ စသည်ဖြင့်ပြလိုလျက်။ အစကိုပြသဖြင့် အလယ်အဆုံးကို သိရသောအာဒိဒိပကနည်းဟုမှတ်အပ်၏။ ။အတုလအသဒိသမြတ်စွာဘုရားပွင့်လာတော်မူလျှင်၊ တရားတော်၊ သင်္ဃာတော်တို့သည်လည်းကောန်မချဖြစ်ကုန်လတ္တံ့ဟု ကြည်ညိုခြင်း၊ ကိုးကွယ်ခြင်းဆည်းကပ်ခြင်းကိုပြုကုန်ရာ၏။

ဝါစာ၊ သဒ္ဒ၊ ရူပ၊ ဉာဏ၊ ဣဒ္ဓိအတုလာစိန္တိယ အရပာတာဒိဂုဏောပေတံ၊ ပကတိသောစကား၊ အလွန် တင့်တယ်သော စကား၊ မကြံစည်နိုင်သောစကား၊ အတုမရှိသောစကား။ ပကတိသောအသံ၊ အလွန်တင့်တယ်သောအသံ၊ မကြံစည်နိုင်သောအသံ၊ အတုမရှိသော အသံ။ ပကတိသောအဆင်း၊ အလွန်တင့်တယ်သောအဆင်း၊ မကြံစည်နိုင်သောအဆင်း၊ အတုမရှိသောအဆင်းပ။ ကတိသောဉာဏ်၊ အလွန်တင့်တယ်သောဉာဏ်၊ မကြံစည်နိုင်သောဉာဏ်၊ အတုမရှိသောဉာဏ်။ ပကတိသောတန်းခိုး၊ အလွန်တင့်တယ်သောတန်းခိုး၊ မကြံစဉ်နိုင်သောတန်းခိုး၊ အတုမရှိသောတန်းခိုး၊ ဤသို့သောကျေးဇူးတော်အရုံ။ ဂုဏ်တော်

အနန္တ၊အရဟံအစ။ ဘဂဝါအဆုံး။ ပေါင်းရုံးများလှ။ဂုဏ်ဂုဏာကို။ပြောပ၍မကုန်။သုံးဘုံသူတို့၏ထိပ်ပန်း။ ရဟန်းတကာတို့၏အရှင်။သာကီဝင်မင်းစစ်ဖြစ်တော်မူသောလောကကေတု။သဗ္ဗညုမြတ်စွာဘုရားသည်။သုံးပါးသော ပိဋကတ်တို့တွင်။သုတ္တန်ပိဋကတ်တော်၌။ ။ဧဝံအစိန္တိယာရတနာ၊ရတနဂုဏာအစိန္တိယာ။အစိန္တိယေပသန္နာနံ၊ဝိပါကောဟောတိအစိန္တိယော။ ။ဟုဖွေ့နှုတ်တော်လှစ်ဘွင့်။ကြူးရင့်တော်မူ၏။ ။ဧဝံ၊ဤသို့။ရတနာ၊ရတနာသုံးပါးတို့ကို။ အစိန္တိယာ၊ မကြံအပ် မကြံစည်နိုင်ကုန်။ရတနဂုဏာ၊ရတနာသုံးပါးတို့၏ဂုဏ်တော်အပေါင်းတို့ကို။ အစိန္တိယာ၊မကြံအပ်မကြံစည်နိုင်ကုန်။အစိန္တိယေ၊မကြံအပ်မကြံစည်နိုင်သောရတနာသုံးပါး၊ ရတနာသုံးပါးတို့၏ဂုဏ်တော်အပေါင်း၌။ပသန္နာနံ၊ကြည်ညိုကုန်သောသူတို့အား။အစိန္တိယော၊မကြံအပ်မကြံစည်နိုင်သော။ဝိပါကော၊အကျိုးသည်။ဟောတိ၊ဖြစ်၏။ ။ထိုဒေသနာတော်ဝယ်အဓိပ္ပါယ်သော်ကား။ချီးမွမ်းအံ့ဩထောမနာပြု၍မကုန်နိုင်သောမြတ်စွာဘုရား၌။ ရဟန်းရှင်လူဟူသမျှ။စသည်အပေါင်း။သူတော်ကောင်းတို့သည်။မြင့်စွာရှေးနောက်။ ဖြစ်ခြံကင်းစွာ။ တဆဲ့နှစ်တောင် ဟတ္ထပါသ်အတွင်း။ ကြည်ညိုခြင်းနှင့်တကွရိုသေလေးမြတ်လျက်။ နှစ်သက်သောစေတနာဖြင့်ကြည်ညိုရာ၏။နှစ်သက်ရာ၏။ယုံကြည်ရာ၏၊ကိုးကွယ်ရာ၏။ဆည်းကပ်ရာ၏။လေးမြတ်ရာ၏။ချီးမွမ်းရာ၏။ ။ဘုရားကိုကြည်ညိုက တရားသံဃာကိုကြည်ညိုသည်မည်၏။သံဃာကိုကြည်ညိုက ဘုရားတရားကိုကြည်ညိုသည်မည်၏။ကြည်ညိုကုန်သောသူတို့၏ ကောင်းသောအကျိုးသည်။ ဤနေ့ဤမျှရှိ၏ဟု။ ရေတွက်ပိုင်းခြားခြင်းငှာမတတ်နိုင်ရာဟု၊အစိန္တေယျလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏တရားဒေသနာအဓိပ္ပါယ်လာသည်။

ကြည်ညို၏ဆိုသည်ကားရတနာသုံးပါး၏ဂုဏ်ကို အာရုံပြု၍သော်၎င်း။မြင်၍သော်၎င်း။ကြား၍သော်၎င်း။ ယုံကြည်ခြင်း။

ဖြတ်နိုးခြင်းစသောါသဒ္ဓါစေတသိက်အတိဏ္ဍုဇ္ဈဗလဝကုသိုလ်။ထို
ထိုသို့သောါစကြာမင်း၏ပတ္တမြားရတနာကဲ့သို့နေ့ခံ့ကျုံးစွါသော
ဒေါမနဿ ရေကို ကြည်လင်ခြင်းငှာ ဖြစ်စေတတ်သော ပတ္တ
မြားပမာ။ သုံးပါးသောချမ်းသာကိုလျင်မြန်စွာရစေတတ်သော
သဒ္ဓါကား။ ။သဒ္ဒဟာတိတိသဒ္ဓါ။ ။ယာဓမ္မဇာတိ၊အကြင်
တရားသဘောသည်။ သဒ္ဒဟာတိ၊ နိဗ္ဗာန်ကိုဧကန်မုချရကုန်၏
ဟုယုံကြည်တတ်၏။ဣတိတသ္မာ၊ထိုကြောင့်။သာဓမ္မဇာတိ၊ထို
တရားသဘောသည်။သဒ္ဓါ၊သဒ္ဓါတရားမည်၏။ ဝါ၊ရတနာသုံး
ပါး၏ဂုဏ်ကိုယုံကြည်၍နိဗ္ဗာန်သို့လျင်မြန်စွာရောက်တတ်၏။ ။
တိဟိတ်ပုဂ္ဂိုလ်၏သဒ္ဓါ။ ။သဒ္ဓါ၌ဣတ္ထိလိင်ဟုဤ၌ကြံသည်။

စေတနာသဒ္ဓါထက်သန်သဖြင့် လူ့ချမ်းသာ၊ နတ်ချမ်းသာ၊
နိဗ္ဗာန် ချမ်းသာတို့ကို ရခြင်း၏အကြောင်း ကောင်းမြတ်သော
တရားဓမ္မ ဩဝါဒဖြင့် ဆုံးမတော် မူခြင်းငှါ။ သုတ္တန် ဒေသနာ
တော်မြတ်၌။ ။သဒ္ဓါစိတ္တေပသန္နေ၊ရတနာနံပူဇံကရော။ဇာတိ
ဒေဝမနုဿေသု၊ လဒ္ဓါဘောဂါအသင်္ချယာ။ အသင်္ချေယလာဘိ
တွာန၊ ဝရံနိဗ္ဗာနံပါပုဏာတိသန္တိ" ။ယေနရာ၊ အကြင်လူနတ်
ဗြဟ္မာ၊သတ္တဝါဟူ။ အပေါင်းသူတို့သည်။သဒ္ဓါစိတ္တေပသန္နေ၊
ယုံကြည်သဒ္ဓါ၊ ကြည်ညိုစွာသော စိတ်ဖြင့်၊ ရတနာနံ၊ ဘုရား
တရား သံဃာရတနာ မြတ်သုံးပါးတို့အား။ ပူဇံ၊အရိုအသေအ
လေးအမြတ်ပြု၍တည့်ခြင်းငါးပါးနှင့်တကွ။လက်အုပ်မိုး၍ရှိခိုးပူ
ဇော်ခြင်းကို။ကရော၊ပြုကုန်၏။ တေနရာ၊ထိုသူတို့သည်။ဇာတိဒေ
ဝမနုဿေသု၊ လူဖြစ်တိုင်းနတ်ဖြစ်တိုင်းသောဘဝတို့၌။ဝါ၊နတ်
ဘုံ၊လူ့ဘုံတို့၌။ဖြစ်ခြင်းကြောင့်။ဝါ၊ကောင်းသောဥက္ကဋ္ဌဒွိဟိတ်။
တိဟိတ်ပဋိ။ ပဋိသန္ဓေအကျိုးကိုပေးသည်ဖြစ်၍။ လဒ္ဓါ၊ရအပ်
ကုန်သော။ ဘောဂါ၊ဇောတိက၊ ဇဋိလ။မေဏ္ဍက၊ ကာကဝလ္လိ
ယစသောသူဌေးတို့၏။ ပစ္စည်းဥစ္စာ ရတနာမက များလှသော
ရတနာစည်းစိမ်အပေါင်းတို့သည်။ အသင်္ချယာ၊ ဤမျှလောက်
သောဘဝ၊ ဤမျှလောက်သော ကမ္ဘာတိုင်အောင် ရေတွက်မိုင်း

ခြားခြင်း၌ါမတတ်နိုင်ကုန်။ အသနိယေ၊ ရေတွက်ပိုင်းခြားခြင်း ၌ါမတတ်နိုင်ကုန်သောစည်းစိမ်ဥစ္စါရတနာတို့ကို။လဘိတွာန၊ ခံစါးသုံးဆောင်ပြီး၍။ဝရံ၊မြတ်လှစွါသေါ။နိဗ္ဗါနံ၊ခန္ဓာအာယတ နဓာတ်တို့၏ကုန်ရာအသင်္ခတနိဗ္ဗာန်သို့။ပါပုဏိသာ နို့၊ရောက် ကြွရကုန်လတ္တံ့သတည်း။ ။ထိုဒေသနာဝယ်အဓိပ္ပါယ်သော်ကား။သံသရာဘေး။လ။တို့။ရတနာသုံးပါးတို့ကို အရိုအသေအ လေးအမြတ်ပြု၍ ပူဇော်ကာမျှဖြင့်။ ကမ္ဘာတသိန်းအပါယ်လေး ပါးမလားမကပ်မြတ်သော သုဂတိဘဝ၌သာကြိမ်ဘန်များစွာခံ စားစံစားပြီးမှ။သောမနဿအမည်ရှိသောပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့ ဟု၊ ဗျာဒိတ် ကြားတော်မူအပ်သော ခင်ပုပ်၌ဂ်က် ဝတ္ထုကို အ ကြောင်းပြုသဖြင့်ရင်း။ ။သူဌေးသားမဉ္စကုဏ္ဍလီသည်မြတ်စွာ ဘုရား၏ရူပါရုံကိုအာရုံပြု၍ အရိုအသေကြည်ညိုသောစိတ်ဖြင့် ရတော့သော် တာဝတိံသာနတ်ပြည်သို့ ရောက်သော ဝတ္ထုကို ထောံသဖြင့်ရင်း။ ။ချီးမြှောက်ခြင်းစေတနာဖြင့်နံနက်အခါ။ည အခါသဒ္ဓါမပြတ်မလပ်ရှိသေစွါအဋ္ဌလိပဏာမ။သက္ကစ္စဝန္ဒနာ။ ဝတ်တက်ခြင်းမေတ္တာဘာဝနါလုံ့လဉဿာဟကုသိုလ်ကြောင့် မဂ်ဖိုလ်တိုင်ရောက်ရာ၏ဟု။အစိန္တေယျ။လေါကံမျက်ရှု။သဗ္ဗညု သည့်။ကြည့်ရှုမြွက်ဘော်။ဟောတော်မူ၏။

ဥပမာအဘယ်ကဲ့သို့ နည်းဟူမူကား။ မြတ်စွာဘုရားသည် လုံ့လဉဿာဟဖြင့်ကြီးစွာသော ရေကန်ကိုတူးထားသော သူ ဌေးမင်းနှင့်တူ၏။ထားခဲ့တော်မူသောသာသနာတော်မြတ်သည် ရေကန်ကြီးနှင့်တူ၏။ရေအပေါင်းသည်သုတ္တန်ဓမ္မပိနယနှင့် တူ ၏။သမ္မုတိသင်္ဃာ၊လူပညာရှိဓမ္မကထိက၊ကလျာဏပုဂ္ဂိုလ်အ ပေါင်းသူတော်ကောင်းတို့သည်ထိုရေကန်ကြီးကိုမပျက်စီးစေ ရ စောင့်ကြသော သူအပေါင်းနှင့် တူ၏။ ကြွင်းသောလူဟူ အ ပေါင်းသူတို့သည်သောက်ယူသုံးစားသွားလာသည်နှင့်တူ၏။ ။ ဤသို့မြတ်စွာဘုရားထားတော်မူသော ရေကန်ကြီးနှင့်တူသော သာသနာတော်မြတ်၌ ကြုံကြိုက်သောအခါ။ ပြောဟောသူများ

စွာစောင့်ထိန်းသောလုပညာရှိ၊ သမ္မုတိသဃ်ာ၊ ထေရ်ကလျာ
တို့သည် သေချာစွာထုတ်နှုတ်၍။ ပြုလုပ်သောခမ္မ။ဝေနေယျတို့
မှတ်ရန်။ကျမ်းဂန်ဝိနယ။ခမ္မတည်းဟူသောရေးကို တိုက်ပေး
၍မသောက်သကဲ့သို့မဖြစ်စေရ။ပုညအရ။ ကုသိုလ်မှု။ပြုမှုငြိမ်း
ရာ။ပြည်ခေမာသို့။လျှင်စွာရောက်ကြရမည်။
  ဤသို့ရတနာသုံးပါးသိလ သမာဓိပညာဂုဏ်ကြီးသောသူတို့
အား။ အရိအသေဂါရဝ။ ပဏာမ စေတနာကြောင့် လေးဖြာ
သော အကျိုးတိုးပွားခြင်းကို ပြတော်မူလိုသော သဗ္ဗညု ရှင်
တော်ဘုရားသည်။ ။အဘိဝါဒနသီလိဿ၊နိစ္စံဝုဍ္ဎါပစာယိ
နော။ စတ္တာရောခမ္မာဝဍ္ဎန္တိ၊ အာယုဝဏ္ဏောသုခံဗလံ။ ။ဟု
ဟောကြားညွှန်ပြဆုံးမတော်မူ၏။ ။အဘိဝါဒနသီလိဿ၊ရ
တနာသုံးပါးအားရိုသေစွာ ရှိခိုးသောအလေ့ရှိထသော။ နိစ္စံ၊ အ
မြဲ။ဝုဍ္ဎါပစာယိနော၊ သီလစသောကျေးဇူးဖြင့်ကြီးသောသူကိုရို
သေသောအလေ့ရှိထသော။ ပုဂ္ဂလဿ၊ပုဂ္ဂိုလ်အား။ အာယု၊အ
သက်ရှည်ခြင်းသည် ၎င်း။ ဝဏ္ဏော၊ အဆင်းလှခြင်းသည် ၎င်း။
သုခံ၊ချမ်းသာခြင်းသည် ၎င်း။ ဗလံ၊ခွန်အားကြီးခြင်းသည် ၎င်း။
စတ္တာရော၊ လေးပါးကုန်သော။ ခမ္မာ၊ ကျေးဇူးတရား တို့သည်။
ဝဍ္ဎန္တိ၊ပွါးကုန်၏။ ။ရတနာသုံးပါးစသည့်တို့ကို မရိုမသေ
သောသူတို့သည်အသက်တိုခြင်းစသည်ဖြစ်ကုန်ရာ၏။ ။ထို
ဒေသနာတော်ဝယ်။မြန်မာအဓိပ္ပါယ်သော်ကား။ရတနာသုံးပါး
တို့အား၎င်း။ဂုဏ်အားဖြင့်ကြီးသောသူတို့အား၎င်း။အရိုအသေ
ပြု၍ရှိခိုးရသောကောင်းမှုကြောင့်။ လေးပါးသောဆု။ အာယု၊
ဝဏ္ဏ၊သုခ၊ဗလ စသော အကျိုးတရားတို့ကို ဆုမတောင်းဘဲအ
ကြောင်းအားလျော်စွာပြည့်စုံရာ၏ဟု၊အစိန္တေယျလောကထွတ်
ထားသဗ္ဗညုမြတ်စွာဘုရားသည်ဟောကြားညွှန်ပြဆုံးမတော်
မူ၏။ ။တနည်း။တရားနာပရိသတ်အပေါင်းသူတော်ကောင်း
တို့၊ဝိပဿီ အစရှိသောဘုရားရှင်တို့ခြေတော်တို့ကို မပြတ်မ
လပ်ကိုယ်နှုတ်စိတ်တို့ဖြင့် ရှိခိုးအပ်သည့်၏အဖြစ်ကို ပြတော်မူ

လိုဖြစ်၍။အာဒိနာဒိုယာသုတ်၌။ ။သဒေဝကဿလောကဿ၊
သဗြဟ္မ ကေပရာယဏာ။ တေသာဟံသိရသာပါဒေ၊ ဝန္ဒာမိ ပု
ရိသုတ္တမေ။ ။ဝစသာမနသာစေဝ၊ဝန္ဒာမေတေတထာဂတေ။
သယနေအာသနေဌာနေ၊ဂမနေစာပိသဗ္ဗဒါ။ ။ဟုမိန့်တော်
မူ၏။ ။သဗ္ဗေ၊ခပ်သိမ်းကုန်သော။ဧတေ၊ထိုမြတ်စွာ ဘုရားတို့
သည်။သဒေဝကဿ၊ နတ်နှင့်တကွသော။ လောကဿ၊လူအ
ပေါင်း၏။ပရာယဏာ၊လည်းလျောင်းရာလည်းဖြစ်ကုန်၏။အဟံ၊
ဘုရားတပည့်တော်သည်။ တေသံ၊ ထိုမြတ်စွာဘုရားတို့၏။ ပါ
ဒေ၊ခြေတော်တို့ကို။သိရသာ၊ဦးဖြင့်။ဝန္ဒာမိ၊ရှိခိုးပါ၏။ပုရိသုတ္တ
မေ၊သတ္တဝါအပေါင်းတို့ထက်မြတ်ကုန်ထသော။ ဧတေတထာ
ဂတေ၊ထိုမြတ်စွာဘုရားတို့ကို။သယနေ၊ အိပ်သောအခါ၌ရင်း။
အာသနေ၊ထိုင်သောအခါ၌ရင်း။ ဌာနေ၊ ရပ်သောအခါ၌ရင်း။
ဂမနေ၊ သွားသောအခါ၌ရင်း။ သဗ္ဗဒါ၊ ခပ်သိမ်းသော အခါ၌။
ဝါ၊ဘယ်အခါမဆိုမပြတ်မလပ်။ ။(သဗ္ဗဒါ၌သဗ္ဗသဒ္ဒါသည်
အနဝသေသသဗ္ဗ ဟုမှတ်အပ်၏)။ ။ဝစသာစေဝ၊နှုတ်ဖြင့်ရင်း။
မနသါစေဝ၊နှလုံးဖြင့်ရင်း။ဝန္ဒါမိ၊ရှိခိုးပါ၏။(ကိုယ်၊နှုတ်၊နှလုံးသုံး
ပါးလုံးဖြင့်ရှိခိုးရာ၏)။ ။ဗုဒ္ဓေါလောကေဥပ္ပဇ္ဇတိ။စသည်၌။ လော
ကသည်အဘန်ဘန်ဖြစ်ခြင်းပျက်ခြင်းများ၏။အထူးထူးအထွေ
ထွေများသောပညတ်ခြင်းလည်းရှိ၏။ အမည်သညာ နာနတ္တစ
သည်အလွန်ပေါများ၏။ထိုလောကသည်သတ္တလောက၊သင်္ခါရ
လောက၊ဩကာသလောကဟူ၍သုံးပါးအပြားရှိ၏။ ထိုသုံးပါး
တို့တွင် ပုထုဇဉ်တို့ သန္တာန်၌ ဖြစ်သောဒိဋ္ဌိဝိပလ္လာသ၊ ဥပါဒါ
နက္ခန္ဓာတို့ကို၊မပျက်မစီးအမြဲတည်၏ဟူသောရဝ၊သဿတဥ
ပါဒါနက္ခန္ဓာတို့သာလောကမည်၏ဟု၊ အချို့ဆရာတို့ကဆိုကြ
ကုန်၏။ ။တနည်းမဟာမဋ္ဌု၌။ ။ဒုက္ခသစ္စံလောကောတိ။
ဟုမိန့်တော်မူ၏။ ။ဒုက္ခသစ္စံ၊ဒုက္ခသစ္စာသည်။လောကော၊
လောကမည်၏။ ။တနည်းသံပျင်မိုကာ၌။ ။ပုတိက္ခဏာလုဇ္ဇ
တိ၊ပဋိသန္ဓိက္ခဏေပလုဇ္ဇတိတိလောကော။ဟုမိန့်အပ်၏။ ။

ရတိက္ခဏော၊ရတိဆဲခဏာ၌။လုဇ္ဇတိ၊ပျက်စီးတတ်၏။ပဋိသန္ဓိက္ခဏော၊ပဋိသန္ဓေနေဆဲခဏာ၌။ပလုဇ္ဇတိ၊ အဘန်ဘန်ပျက်စီးတတ်၏။ဣတိ၊ ဤသို့သောအကြောင်းကြောင့်။ လောကော၊လောကမည်၏။။အချို့သောဆရာတို့ကလည်း။လောကီစိတ်ဧကာသိတိ ရှစ်ဆဲ့တခု။လောဘကြဥ်သောစေတသိက်ဧကပညာသ ငါးဆဲ့တခု။ ရုပ်အဋ္ဌဝီသနှစ်ဆဲ့ရှစ်ခုသည် လောကမည်၏ဟု၊ဆိုကုန်၏။ ။သဇီဝဖြစ်၍တည်တတ်သောသတ္တဝါအပေါင်းသည်။ တည်ရာ ဖြစ်သော ဩကာသလောက၌ တည်သော ကြောင့်။ သတ္တလောကဟုခေါ်ဝေါ်ပညတ်သမုတ်အပ်၏။ ။အခွင့်မပေးသော်လည်း အခွင့်ပေးသကဲ့သို့ သတ္တဝါတို့ တည်ရသောကြောင့် နိဇ္ဇီဝဩကာသ လောကဟု ခေါ်ဝေါ်ပညတ် သမုတ်အပ်ကုန်၏။ ။ဥပါဒါန်၏အာရုံဖြစ်သော်သောတေဘူမကစိတ္တုပ္ပါဒ်ရုပ်ဟူသောဥပါဒါနက္ခန္ဓာသည်သင်္ခါရလောကမည်၏။ ။ဖြစ်ပြန်ပျက်ပြန်လောကဓံနိဗ္ဗာန်မရသေးသမျှသင်္ခါရ လောကဟူ၍မှတ်အပ်၏။

တနည်းအနမတဂ္ဂသုတ္တန်ဒေသနာပါဠိတော်၌။ ။အနမတဂ္ဂါယံဘိက္ခဝေသံသာရောပုဗ္ဗကောဋိနပညာယတိ။ ။ဟုဟောတော်မူ၏၊ ။ဘိက္ခဝေ၊ရဟန်းတို့။အယံသံသာရော၊ဤသံသာရလောကသည်။အနမတဂ္ဂေါ၊တလည်လည်တပတ်ပတ်ချားရဟတ်ကဲ့သို့ မပြတ် မပြတ် သွားလာ ကုန်နိုင်ရာမရှိ။ ပုဗ္ဗကောဋိ၊ရှေ့အစွန်းသည်။နပညာယတိ၊မထင်။ ။ဤသို့သဗ္ဗညုတဉာဏ်တော်ဖြင့်ကြည့်တော်မူသော်လည်း။ ရှေ့အစွန်းကိုမြင်တော်မမူသည်ကား။ပိုင်းခြား၍သိခြင်းငှာအလွန်ရှည်ဝေးလှသောကြောင့်ထင်မြင်ခြင်းငှါမဆုံးနိုင်။အကြင်ရွေ့လောက်ကာလပတ်လုံး၌တရားကားရှိ၏။ ထိုရွေ့လောံကာလပတ်လုံးလက်ဝါးပြင်ဝယ်တင်၍ ထားသောပတ္တမြားကဲ့သို့ပိုင်းခြားထင်ထင်သိမြင်တော်မူနိုင်၏။သိမြင်တော်မူနိုင်ကြောင်းကို။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌။ ။သဗ္ဗသင်္ခတမသင်္ခတမနဝသေသံဇာနာ

တိတိသဗ္ဗညုတညာဏံ။ ။ဟုဟောတော်မူ၏။ ။သဗ္ဗသင်္ခ
တမသင်္ခတံ၊ အလုံးစုံသော သင်္ခတအသင်္ခတတရားကို။ အနဝ
သေသံ။အကြွင်းမဲ့။ဝါ၊ အကြွင်းအကျန်မရှိကုန်စင်အောင်။ ဇာ
နာတိ၊သဗ္ဗညုတဉ္ဉာဏ်တော်ဖြင့်သိမြင်တော်မူတတ်၏။ဇာတိ
တသ္မာ၊ထိုကြောင့်။သဗ္ဗညုတညာဏံ၊ သဗ္ဗညုတဉာဏ်တော်
မည်၏။ ။ထိုဒေသနာတော်ဝယ်ပိဋကတ္တအဓိပ္ပါယ်အကျဉ်း
မှတ်ဘွယ်ကား။ဉ္ဉာဏ်တော်ဖြင့်ပညတ္တိက၊သင်္ခတ၊ပရမတ္ထ
ဖြစ်သော အသင်္ခတ ဝိမုတ္တိရသ နိဗ္ဗာန ဓမ္မတို့ကို အကုန် အ
စင် မြင်တော်မူနိုင်၏ဟူလို။ ထိုပညတ္တိက သင်္ခတသည် သတ္တ
လောကမည်၏။သတ္တလောက၌လည်းသတ္တအခြား၊ လောကအ
ခြားဟုမှတ်ရာ၏။ ။ထိုသတ္တ၌ရုပ်အပေါင်းအစုသည်အချင်း
ချင်းတည်ရာဖြစ်၍ ဩကာသလောကမည်၏။ ကြွင်းသောနာမ်
ခန္ဓာအပေါင်းအစုသည် တည်တတ်သောသဇီဝသတ္တလောက
မည်၏။စိတ်စေတသိက်ရုပ်တို့၏ တလည်လည်တပတ်ပတ်ဖြစ်
ရခြင်းသည် သံသာရသင်္ခါရ လောကမည်၏။ ဟုဟောကြား
ညွှန်ပြ။ဆုံးမတော်မူလိုသောအစိန္တေယျလောကေမျက်ရှုသဗ္ဗညု
မြတ်စွာဘုရားသည်။ ဒက္ခိဏာမဇ္ဈော။ လယ်ချက်ဘွေဝယ်။ တင့်
တယ်ရှု၍။ ညီညွှတ်သေသပ်။ ချော့မွတ်စွာတည်လျက်။ မြက်
သစ်ပင်တို့သည်။ဆံမျှင်ခြမ်းမျှမရှိ။ တိတိသန့်ရှင်းသောမြေတ
လင်းအပြင်ဝယ်။ ဆန်းကြယ်ထူးထွေ။ ရွှေသလဲငွေသလဲ။ ကြဲ
ဖြန့်ကောင်းစွာ။အတောင်တရာ။သချွာမြင့်မြောက်။ဗောဓိအောံ
ဝယ်။ ပေါက်သည်ဆန်းကြယ်။ တဆဲ့လေးတောင်။ အရောင်
ခြောက်ဖြာ။ဇယာသန။ပလ္လင်မထက်။ဒေဝပုတ္တ။စသည်တပြင်။
မာရ်ငါးအင်ကို။အောင်မြင်တဝ။ ဥဇယျငါးဖြာ။လေးသစ္စာဖြင့်။
ပွင့်တော်မူသောသဗ္ဗညုရှင်စောဘုရားကိုယ်တော်မှ။တပြောင်
ပြောင်တဝင်းဝင်း။ထွန်းလင်းတော်မူလျက်။ ။သရီရတောနီလ
ပီတလောဟိတော ဒါတပဘဿရ မဉ္ဇဋ္ဌဝသေန ဆဗ္ဗဏ္ဏရသ္မိ
ယောနိက္ခမိံသု။ ။ဟူသောအဋ္ဌကထာပါဠိမိန့်အပ်သည်နှင့်အ

ညီ။ညှိုရွှေနီပြု၊ အမောင်းဟူလျက်။ ပြိုးပြိုးပြက်။ တခဲနက်သော ခြောက်ပါးသော အရောင်တို့ဖြင့်လွှမ်းမိုးတော်မူလျက်။ ပုဗ္ဗေ၊ ဒိဗ္ဗ၊အာသဝက္ခယဉာဏ်တော်ဖြင့်။ထက်ဝယ်ဘွဲ့ခွေနေတော်မူ ပြီးမှ။ပဋ္ဌမဗုဒ္ဓဝစနဂါထာတော်ကိုမြွက်သည်ကား။ ။အနေကဇာ တိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။ ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိပုနပ္ပုနံ။ ။ဂဟကာရကဒိဋ္ဌောသိ၊ပုနဂေဟံနကာ ဟသိ။သဗ္ဗာတေဖါသုကာဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခိတံ။ဝိသင်္ခါ ရဂတံစိတ္တံ၊တဏှာနံခယမဇ္ဈဂါ။ ။ဟုကြွေးရင့်မြွက်ဘော်ဟော တော်မူ၏။ ။ထိုဒေသနာတော်ဝယ်အကျဉ်းမှတ်ဘွယ်ကား။ ။ သံသာရံသံသရန္တာနံ၊ သံသရာ၌ကျင်လည် ကျက်စားသွားလာ တတ်ကုန်သောငါနှင့်တကွသောသတ္တဝါတို့၏။ ဇာတိ၊ဖြစ်ခြင်း သည်ကား။ အနေကာ၊ များလှ၏။ ။အဓိပ္ပါယ်ကား။ ။ သံသရာဝဋ်ဆင်းရဲ။ဝဲသြဃပမာ။ကျင်လည်ရာအဝဝ။ပဋိသန္ဓေ နေရခြင်းဇာတိ။ အိုရခြင်းဇရာ။ နာရခြင်းဗျာဓိ။ သေရခြင်းမရ ဏ။ စိုးရိမ်ရခြင်းသောက။ပူဆွေးရခြင်းပရိဒေဝစသောဒုက္ခအ ပေါင်း။ မကောင်းသောအန္တရာယ်တို့၏ နှိပ်စက်ရာ။သတ္တဝါဟူ သမျှတို့အား အာသဝေါ တရားတို့၏ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာ သည် ပွါး၏။ ။အစမထင်။ သိအပ်သော အစမရှိသော သံ သရာစက္က။ တေဘူမကဝဋ်ကို၊ ပဋိစ္စသမုပ္ပါဒ်ဟူ၍မှတ်အပ်ရာ ၏။ ။တနည်း။အကြောင်းတရား၏ ညီညွတ်ခြင်းကိုစွဲ၍အကျိုး တရားဖြစ်ရာဟူ၍လည်းမှတ်အပ်ရာ၏။ ။ဆင်းရဲခြင်း၏အဘန် တလဲလဲ ဖြစ်ခြင်း ကြောင့်။ ဒုက္ခာ ဇာတိ ပုနပ္ပုနံဟု မြွက်ဘွာ ဘုရားအသံတော်ဖြင့်ကြွေးရင့်တော်မူ၏။ ။များစွာဖြစ်ခြင်း သည်ပင်လျှင် အနေကဇာတိမည်၏။ စက်ရဟတ်ကဲ့သို့ လည် ခြင်းသည်သံသရာမည်၏။ ဆင်းရဲခြင်းသည် ဒုက္ခမည်၏။ အ ကြိမ်ကြိမ်အဘန်ဘန်သည်ပုနပ္ပုနမည်၏။ဖြစ်ခြင်းသည်ဇာတိ မည်၏။ ကံစသော အကြောင်း တရားတို့သည် ပြုပြင်စီရင် အပ်သည်၏အဖြစ်ကြောင့် သင်္ခတတရားမည်၏။ အကြောင်း

ကိုအစွဲအမှီပြု၍ ပဋိစ္စသမုပ္ပါဒ်၊ မည်ကြောင်းကို သုတ္တန် ပါဠိ
တော်၌။ ။ဇာတိဘိက္ခဝေသင်္ခတာပဋိစ္စသမုပ္ပန္နာ။ဇရာမရဏံ
ဘိက္ခဝေသင်္ခတံပဋိစ္စသမုပ္ပန္နံ။ ။ဟုဟောတော်မူ၏။ ။
ဘိက္ခဝေ၊ရဟန်းတို့။ဇာတိ၊ဖြစ်ခြင်းကြောင့်။ဝါ၊ပဋိသန္ဓေနေရ
ခြင်းကြောင့်။သင်္ခတာ၊ ကံစသောအကြောင်းတရားတို့သည်ပြု
ပြင်စီရင်အပ်သည်၏ အဖြစ်ကြောင့် သင်္ခတတရားမည်၏။ ပ
ဋိစ္စသမုပ္ပန္နာ၊အကြောင်းကိုအမှီပြု၍ပဋိစ္စသမုပ္ပန္နမည်၏။ ။
ဘိက္ခဝေ၊ ရဟန်းတို့။ဇရာမရဏံ၊ ဆွေးမြေ့ခြင်း ပျက်စီးခြင်း
သည်။သင်္ခတံပဋိစ္စသမုပ္ပန္နံ၊သင်္ခတပဋိစ္စသမုပ္ပန္နမည်၏။ ။ဇာ
တိစသောတရားတို့၏ ကံစသည်ကြောင့်ဖြစ်သည်မဟုတ်။စင်
စစ်သော်ကား။ နာမ်ရုပ်အပေါင်းတို့၏ ဖြစ်ခြင်းသည် ပင်လျှင်
ဇာတိမည်၏။ ရင့်ခြင်းသည် ဇရာမည်၏။ ပျက်ခြင်းသည်မရ
ဏမည်၏။ ရုပ်နာမ်တို့၏တူသောဖြစ်ခြင်း၊ တူသောချုပ်ခြင်း၊
တူသောမှီရာရှိသောတရားတို့သည်။သဟဝုတ္တိတရားမည်ကုန်
၏။ ။ထို့ကြောင့်အဋ္ဌကထာ၌။ ။ဧကုပ္ပါဒါဧကနိရောဓာ
ဧကနိဿယာသဟဝုတ္တိနော။ ။ဟုမိန့်တော်မူကုန်၏။ ။
အနက်ကား။ ။နာမရူပါ၊နာမ်ရုပ်တို့သည်။ဧကုပ္ပါဒါ၊တူသော
ဖြစ်ခြင်းရှိကုန်၏။ ဧကနိရောဓာ၊တူသောချုပ်ခြင်းရှိကုန်၏။ ဧ
ကနိဿယာ၊တူသောမှီရာရှိကုန်၏။သဟဝုတ္တိနော၊ တကွဖြစ်
ခြင်းရှိကုန်၏။ ဇာတိသည်ဖြစ်ဆဲဥပ္ပါဒက္ခဏ၌သာ ထင်ရှားရှိ
၏။ဌီခဏ၊ဘင်ခဏ၌ထင်ရှားမရှိ။ ဇရာသည်ဌီခဏ၌သာထင်
ရှားရှိ၏။ဘင်ခဏ၊ဥပါဒ်ခဏ၌ထင်ရှားမရှိ။မရဏသည်ပျက်ဆဲ
ဘင်ခဏ၌သာထင်ရှားရှိ၏။ဥပါဒ်ခဏ၊ ဌီခဏ၌ထင်ရှားမရှိဟု
မှတ်ရာ၏။အဝိဇ္ဇာနှင့်သင်္ခါရသည် ပဌမအတိတ်ဖြစ်သောကာ
လမည်၏။ တရားကိုယ်အားဖြင့်။ အဝိဇ္ဇာသည်မောဟမည်၏။
မောဟသည်လည်းခပ်သိမ်းသောအာရုံ၌အလွန်မိုက်မဲတွေဝေ
သောကြောင့်။ တပ်ခြင်းရဇ္ဇနသဘောမှ ကင်းသည်၊ ပြစ်မှား
ခြင်းဒုဿနသဘောမှကင်းသည်။ဣဋ္ဌာရုံအနိဋ္ဌာရုံ၌မထင်နိုင်။ဣဋ္ဌ

မဏ္ဍုတ္တာရုံသာထင်၍ဥပေက္ခာမည်၏။ ။အလွန်တုန်လှုပ်သော အားဖြင့်တခုတည်းသောအာရုံ၌ငြိမ်သက်ကောင်းမွန်စွာမတည် နိုင်ရွေ့လျော့သောဝိစိကိစ္ဆာ။ ပြန့်လွင့်သောဥဒ္ဓစ္စနှင့်ယှဉ်သော မောဟဖြစ်သောအဝိဇ္ဇာသည်အံစမူလရင်းဖြစ်၍ရှေးဦးစွာပိုင်း ခြားခြင်းကြောင့် အတိတ်ကာလမည်၏ဟု၊ ကြူးရင့်တော်မူလို သောမြတ်စွာဘုရားသည်။ အဝိဇ္ဇာပစ္စယာ။ ဟုပဋ္ဌမဟိတ်ဖြစ် သော အကြောင်းကို။ ဥဒါန်း ကြူးရင့်တော်မူ၏။ ဥဒါန်းကြူး ရင့်သည်ဟုဆိုသည်ကား။ တက်၍တက်၍ ထွန်းပသောနေလ ကဲ့သို့ မဟာကြိယာ သောမနဿဥာဏ သမ္ပယုတ်ဖြစ် သော သဗ္ဗညုတဥာဏ်တော်၏အာရုံဖြင့်မိန့်ဟတော်မူ၏။ ။အဝိဇ္ဇာ ပစ္စယာ၊အဝိဇ္ဇာဟူသောအကြောင်းကြောင့်။သင်္ခါရာ၊သင်္ခါရ တရားတို့သည်။ သမ္ဘဝန္တိ၊ဖြစ်ကုန်၏။ ။ပုညာဘိသင်္ခါရ၊အ ပုညာဘိသင်္ခါရ၊အာနေဉ္ဇာဘိသင်္ခါရဟုမှတ်အပ်၏။ ။ပ ရိနိဗ္ဗာန်စံယူခါနီးတွင်။ ။ဟန္ဒဒါနိဘိက္ခဝေ အာမန္တယာမိ ဝေါဝယဓမ္မာသင်္ခါရာအပ္ပမာဒေနသမ္ပာဒေထ။ဟုမိန့်ဟမြွက် ဘော်ဟောတော်မူ၏။ ။ဘိက္ခဝေ၊ရဟန်းတို့။ဟန္ဒဒါနိ၊ယခုအ ခါ၌။ဝေါ၊ သင်တို့အား။အာမန္တယာမိ၊ခေါ်တော်မူ၏။သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ဝယဓမ္မာ။ ပျက်တတ်သော သဘောရှိ ကုန်၏။တုမှေ၊ သင်တို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့သော သတိတရားနှင့်။သမ္ပာဒေထ၊ပြည့်စုံစေကြကုန်လော့။ ။ပျက် တတ်သော သဘောရှိသောသင်္ခါရတို့ကို မမေ့မလျော့သဖြင့် လက္ခဏာရေးသုံးပါးသို့တင်၍ ရှုဆင်ခြင်ကြလော့ဟု။ တပည့် သားတို့အားဆုံးမတော်မူ၏။ ။အဋ္ဌသာလိနိ၌လည်း။ ။ခန္ဓာ နဉ္စပဋိပါဋိ၊ဓာတုအာယတနာနစ၊ အဗ္ဗောစ္ဆိန္နာ ဝတ္တမာနာ၊ သံ ဘာရောတိ၊ ဝုစ္စတိ။ ။ဟုမိန့်တော်မူ၏။

ခန္ဓာနဉ္စ၊ခန္ဓာတို့၏ရင်း။ ဓာတုအာယတနာနဉ္စ၊ဓာတ်အာယ တနတို့၏ရင်း။အဗ္ဗောစ္ဆိန္နံ၊မပြတ်။ပဝတ္တိ၊လည်၍ဖြစ်သော။ ပဋိ ပါတိ၊အစဉ်ကို။ သံသာရောတိ၊သံသရာဟူ၍။ပဝုစ္စတိ၊ဆိုအပ်

၏။ ။ခန္ဓာအာယတနတို့၏ မပြတ်လည်၍ဖြစ်ခြင်းသည်။ သံ
သရာမည်၏။ဟုမိန့်တော်မူ၏။ ။တနည်း။သိတတ်သောဉာဏ်
ပညာကို ဖုံးလွှမ်းပိတ်ပင်ခြင်းလက္ခဏာရှိသော မောဟသည်
လျှင်။အဝိဇ္ဇာဟုမှတ်ရာ၏။ ။ဇာတိသည်ဖြစ်ခြင်း။ဇရာသည်
ရင့်ခြင်း။ မရဏသည်ပျက်ခြင်း။ ဤသုံးပါးသည် အပိုင်းအခြား
၏နောက်ဖြစ်သောကြောင့်။ အနာဂတ်ကာလ မည်၏။ ။ဇာ
တိဟူသည်။ အမိဝမ်းကဘွားသည်တိုင်အောင်။ ဥပပါတ်၊သံ
သေဒဇတို့မှာ။ဖြစ်စရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဉ်တို့၏
အစုအပေါင်းတည်နေသော ပဋိသန္ဓေသည်ရှေးဦးစွာဖြစ်ခြင်း
ကြောင့်။ဇာတိမည်၏၊ဟုဟောတော်မူ၏။ ထိုဇာတိသည် ထို
ထိုဘဝ၌ရှေးဦးစွာဖြစ်ခြင်းလက္ခဏာ။ဆောက်နှင်းခြင်းကိစ္စ။အ
တိတ်ဘဝမှ ပစ္စုပ္ပန်ဘဝ၌ ထင်ရှားစွာ ဖြစ်လာခြင်းလျှင် ထင်
သောအခြင်းအရာရှိ၏။ ကမ္မဘဝလျှင် နီးစွာသော အကြောင်း
ရှိ၏။ဤဇာတိသည်ဒုက္ခ၏တည်ရာအကြောင်းမျှသာ။ ဒုက္ခကား
မဟုတ်။ ။ဖြစ်ခြင်းဇာတိသည်ဆင်းရဲဒုက္ခ၏အကြောင်းဟု။
သစ္စဝိဘင်းအဋ္ဌကထာ၌ ဘုရားဟောတော်မူကြောင်းကိုပြလို
၍။ ။အယံဇာတိသယံနဒုက္ခာ၊ဒုက္ခုပ္ပတ္တိယာပနဝတ္ထုဘာဝေ
နဒုက္ခာတိဝုတ္တာ။ ဟုမိန့်တော်မူ၏။ ။အယံဇာတိ၊ ဤဇာတိ
သည်။ သယံ၊မိမိကား။ နဒုက္ခာ၊ ဒုက္ခမဟုတ်။ပန၊ စင်စစ်သော်
ကား။ ဒုက္ခုပ္ပတ္တိယာ၊ ဒုက္ခ ဖြစ်ခြင်း၏။ ဝတ္ထု ဘာဝေ န၊ အ
ကြောင်းဖြစ်သောကြောင့်။ ဒုက္ခာတိ၊ ဒုက္ခဟူ၍။ဝုတ္တာ၊ ဟော
တော်မူအပ်၏။ ။ဤကားဇာတိအဓိပ္ပါယ်အကျဉ်းမှတ်ဘွယ်။

ဇရာဟူသည် တခုသော ဘဝ၌ အကျုံးဝင်သော ရုပ်နာမ်
အစုတို့၏ ဌီ အခိုက်အတန့် ရင့်ရော်ခြင်း သဘောသည်။ ဇရာ
မည်၏။ ဘင်သို့ ရှေးရှု ဆောင်ခြင်း ကိစ္စ၊ အရွယ်၏ပြည့်ရုံ
ခြင်းကို ဖျက်ဆီးခြင်း အခြင်းအရာရှိ၏။ သွားကျိုးခြင်း၊ ဆံဖြူ
ခြင်းစသော။စက္ခုဝိညာဉ်ဖြင့်မြင်အပ်သောရူပါရုံမဟုတ်။ ပရ
မတ္ထဖြစ်သောဇရာကို စက္ခုဝိညာဉ်ဖြင့် မြင်ခြင်းငှါ မစွမ်းနိုင်

ကြောင်းကို။သစ္စပိဘင်းအဋ္ဌကထာ၌။ ။နဟိဇရာစက္ခုံပိညေယျာပဟောတိ။ ဟုမိန့်တော်မူ၏။ ။သဗ္ဗညုတ ညာဏေ နေဝ ပိညေယျာ။ ။ဟိ၊ငါဆိုသောစကားသည်မှန်၏။ဇရာ၊ရင့်ရော်ခြင်းပရမတ္ထသဘောကို။စက္ခုံပိညေယျာ၊စက္ခုပိညာဉ်ဖြင့်သိမြင်အပ်သည်။နပဟောတိ၊မဖြစ်နိုင်။ ။ဇရာကား၊ဒုက္ခမဟုတ်။ ဒုက္ခ၏ တည်ရာ၏ အဖြစ်ကြောင့်။ ဒုက္ခဟု ပဟောတော် မူ၏။ သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့်သာ ရင့်ရော်ခြင်း ပရမတ္ထသဘောကိုမြင်တော်မူနိုင်၏ဟုမှတ်ရာ၏။

မရဏဟူသည်၊ပရမတ္ထအားဖြင့်ပျက်စီးခြင်းသည်ပင်လျှင် မရဏမည်၏။ ရုပ်နာမ်တို့၏ပျက်စီးခြင်းဟူလို။ ။သေသဓမ္မာပိညေယျာ။တစုံတခုသတ္တဝါမည်သည်မရှိ။ သတ္တဝါသေသည်မဟုတ်။ ။ထို့ကြောင့်။သစ္စပိဘင်းအဋ္ဌကထာ၌။ ။ပရမတ္ထေနဟိခန္ဓါယေဝဘိဇ္ဇန္တိ၊နသတ္တောနာမကောစိမရတိ။ ။ဟုမိန့်တော်မူ၏။ ။ဟိ၊ငါဆိုသောစကားသည်မှန်၏။ပရမတ္ထေန၊ပရမတ္ထအါးဖြင့်။ခန္ဓာဧဝ၊ရုပ်နာမ်အပေါင်းအစုတို့သာလျှင်။ ဘိဇ္ဇန္တိ၊ ချုပ်ပျောက်ပျက်စီးကုန်၏။ ကောစိ၊ တစုံတယောက်သော။သတ္တောနာမ၊သတ္တဝါမည်သည်။ နမရတိ၊သေသည်မဟုတ်။ ။သစ္စပိဘင်းအဋ္ဌကထာအလိုကား။ပရမတ္ထဖြစ်သောရုပ်နာမ်အပေါင်းအစုသာ ပျက်စီးသည်။ သတ္တဝါမသေဟုမိန့်တော်မူ၏။ ငါတို့အလိုကား။သတ္တဝါသေ၏ဟုဆိုသော်။ လောကဝေါဟာရလည်းမှန်၏။ ပရမတ္ထပညတ်ဖြစ်သော ရုပ်နာမ်ပျက်၏ဟု ဆိုသောစကားလည်းမှန်၏ဟုထင်ပေသည်။ သတ္တ၊သင်္ခါရ၊ဩကာသတို့သည်၊ ဖြစ်မြဲပျက်မြဲ။ မလွဲဓမ္မတာ။အနေကာကြောင့်၊ဗုဒ္ဓဓမ္မ။ သင်္ဃသုံးမည်။ဦးသည်ဘယ်ဟာ၊ မသိပါ၍၊စာနာထောက်ချင့်။ ဝိပ္ပါယ်ဘွင့်သော်။ ကျူးရင့်သာယာ။ ဥဒါန်းဂါထာ၌။ ။အနေကဇာတိသံသာရံ၊ကြိုသည်တာဝ၊ရင်းမူလတွင်။ ဖြစ်ကပျက်ပြန်။ လောကဓံ။ နိဗ္ဗာန်မရ။ သင်္ခါရဟု။ လည်ယစက္ကံ၊အဘန်ဘန်သည်။ကြိ၍မဆုံးနိုင်၏တည်း။

ဓမ္မသာလျှင်မြဲသည်။ နိယာမ၊ ထာဝရရှေးဦးအစဖြစ်သည် ဟုအယူမရှိလေလင့်။ ။နိယာမ၊ထာဝရရှေးဦးအစ။သတ္တ။သင်္ခါ ရ။ဩကာသ။ပရမတ္ထနှင့်တကွ။သညာ။ ဗိညတ္တိက။ဝေါဟာရ တို့သည်။ တလည်လည် တပတ်ပတ်။ ချားရဟတ်ကဲ့သို့ဖြစ်၍။ ရှေ့အစွန်းအစကိုမြတ်စွာဘုရားသော်မှထင်တော်မမူ၊မသိအပ် သောအစရှိသောကြောင့်။ သိအပ်သောအစ မရှိသောကြောင့်။ ထင်မြင်တော်မမူဟုမှတ်ကြရမည်။

သတ္တဇီဝမဟုတ်သောဓမ္မ။ သဘာဝ ဇေကုပ္ပါဒ၊ကောလမ္ဗ တာ၊ဇေကနိရောဓ၊သဟာရတ္တိဖြစ်သော တရားတို့ကိုအပေါင်းအ ဝိတ်ခွဲခြမ်း၍။ နှုတ်၍ရှာသော်ဘယ်မှာမရနိုင်ရာ၊နိယာမ၊ထာဝ ရ၊ပဌမမရှိဟုမှတ်ရာ၏။ အဘဲ့ကြောင့် ဆိုသော်။ အနေကဇာ တိသံသာရံ၌။အနေကအရ။ ။နတ္ထိကောတေဿာတိ အနေ ကော။ ။ပြုရာ၌။တေဿ၊သဘာဝဿ၊ထိုသဘောတရားအား။ ဧကော၊တကြိမ်သည်။နတ္ထိ၊မရှိ။ဝါ၊တကြိမ်မဟုတ်။ ။(သဗ္ဗ နန္တသဘာဝဓမ္မောတိဂဟိတော။ ။ဤကားအမှာ)။ ။ဇာတိ တဿာ၊ထို့ကြောင့်။အနေကော၊မည်၏။ဝါ၊အဘန်ဘန်အလွန် များ၏။ ။အလုံးစုံသောသတ္တဝါတို့၏ဖြစ်ခြင်းကား။ အဏ္ဍဇ၊ ဇလာဗုဇ၊ သံသေဒဇ၊ ဩပပါတိက။ အဥ၊ရေကြည်၊ အညှိ၊ ကိုယ်ထင်ဖြစ်ခြင်းသည်ဇာတိမည်၏။ ။စွဲကပ်ခြင်းဖြစ်စ။ရှေး ဦးစွာထည့်ခြင်း၊ထည့်စကပ်ငြိစသည်လျှင်ပဋိသန္ဓိက။ ငင်းဇာ တိက ဖြစ်ခြင်းမှ။ ။သံသာရကားလည်ခြင်းမှ။ ။ပိဏ္ဍတ္ထအ ဓိပ္ပါယ်ကား။ လည်၍လည်၍ အဘန်ဘန် ဖြစ်သောတရား။ တ နည်း။အဘန်ဘန်လည်၍ဖြစ်ခြင်းမှသာ။ဒိဋ္ဌိဝိပလ္လာသမဖြစ်စေ မူ၍ဒိဋ္ဌိဇုကမ္မဖြစ်ကြရအောင်နှလုံး၌ကောင်းစွာထားကြပါကုန် အလုံးစုံဓမ္မတာ၊သဘာဝဓမ္မဖြစ်သော။ဗုဒ္ဓ၊ဓမ္မ၊သံဃာ၊လောက၊ ကပ္ပ၊ ကာလ၊သံသာရစက္ကစသည်တို့သည်။ မည်သည့်တရား အစဖြစ်သည်ဟု။မသိမမြင်နိုင်ဟုမှတ်ရာ၏။

ထိုသဘာဝဖြစ်သောဓမ္မကား။ သုစရိတ၊ဒုစ္စရိတ၊ ကုသလ၊

အကုသလ၊ အဗျာကတ၊ စသောဓမ္မအပေါင်းတို့ကို အထူးထူး
သောကျမ်းဂန်တို့မှထုတ်နုတ်၍ဘွင့်ပြတော်မူခြင်း၊ ပြောဟော
ခြင်းစသောရဟန်းပညာရှိသူတော်ကောင်း၊ လူပညာရှိသူတော်
ကောင်းသည်လည်းအလွန်ပင်များပြားကြကုန်၏။

လောကီသုခ၊ တရားဓမ္မဒါန၊ စသည်ကိုပြခြင်းကားအလွန်
များပြား၍အကျဉ်းမျှသာပြလိုက်ပါအံ့။

တရားအမှန်။ ကျင့်ကြံပုည။ ကုသလကြောင့်။ အဖြောင့်နိဗ္ဗာန်။
ကောန်မချ။ ရစေခြင်းငှာ၊ ယခုပစ္စက္ခဘဝ။ လုံ့လကြိုးကုတ်အား
ထုတ်သူကား။ နည်းပါးလှ၏။ နောက်နောင်ဘဝ။ ဟိုကာလမှ။ ဝန္န
အမှန်။ ပါရမီဥာဏ်မပြေ့၊ ဟူသရွေ့ကား။ အများမှတ်ပါ။ သို့
ခြင်းရာကြောင့်။ အကာလိကော၊ မြတ်ဓမ္မောကို။ မနေသကမယုံရှိ
ကြမည်။ ။သုစရိတ။ ကုသလဓမ္မ၌၊ ။ယေဗုဒ္ဓါအတိတာ
စ၊ သမုဒ္ဒဝါလုကူပမာ။ ဒါနံဝ အာဒိံကတွာ ။သမ္ဗောဓိစ္ဆ။ လ
ဘန္တိတေ။ ။အရှင်သာရိပုတ္တရာအားမြတ်ဘုရားသည်ဟော
ကြားညွှန်ပြဆုံးမတော်မူ၏။ ။သာရိပုတ္တ၊ ချစ်သားသာရိပုတ္တ
ရာ။ အတိတာ။ ပရိနိဗ္ဗာန်စံတော်မူကုန်ပြီးသော။ သမုဒ္ဒဝါလုကူ
ပမာ၊ သမုဒ္ဒရာအထဲသဲလုံးအမျှပမာဏရှိကုန်သော၊ ယေဗုဒ္ဓါ၊
အကြင်မြတ်စွာဘုရားတို့သည်လည်း။ အတ္တိသန္တိ၊ ရှိကုန်၏။ တေ
ဗုဒ္ဓါ၊ ထိုမြတ်စွာဘုရားတို့သည်လည်း။ ဒါနံဝ၊ အလှူဒါနတည်း
ဟူသောဒါနပါရမီကိုသာလျှင်၊ အာဒိံကတွာ၊ အစအရင်းပြု၍။
သမ္ဗောဓိစ္ဆ၊ ဘုရားအဖြစ်ကိုလည်း၊ လဘန္တိ၊ ရတော်မူကြကုန်
ပြီ။ ။ဤပါဠိတော်ဝယ်။ မြတ်စွာဘုရားအလိုတော်ကား။ ။
ဆယ်ပါးသောပါရမီတို့တွင်။ ရှေးဖျားအစ၊ ဒါနပါရမီကိုလုံ့လ
မယုတ်အားထုတ်တော်မူကြ၍ ဘုရားအဖြစ်သို့ ရောက်တော်မူ
ကြသည်ဟု။ ဟောတော်မူ၏။ ဒါနကိုဟောတော်မူသဖြင့်။ သုစ
ရိုက်ဆယ်ပါးနှင့်တကွ။ ပါရမီဆယ်ပါး၊ အပြားသုံးဆယ်တို့ကို
ကောန်မချရသည်ဟုမှတ်ရာ၏။ ။ထိုကြောင့်၊ အဋ္ဌကထာ၌။ ။
ဒါနံဟိလောကေသဂ္ဂသမ္ပတ္တိံဒေတိ။ မာရသမ္ပတ္တိံဒေတိ၊ ပြဟ္မ

သမ္ပတ္တိံ ဒေတိ။စက္ကဝတ္တိ၊သာဝကပါရမီဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊သမ္မာသမ္ဗောဓိဉာဏ်ဒေတိ။ ။ဟုမိန့်တော်မူ၏။ ။ လောကေ၊လောက၌။ ဒါနံဟိ၊အဂ်ါနှင့်ပြည့်စုံသောဒါနပါရမီသည်။သဂ္ဂသမ္ပတ္တိံ၊ သိကြားစသောသူအပေါင်းတို့၏။လောကီစည်းစိမ်ချမ်းသာကို။ဒေတိ၊ပေး၏။မာရသမ္ပတ္တိံ၊ကို။ဒေတိ၊၏။ ဗြဟ္မသမ္ပတ္တိံ၊ကို။ ဒေတိ၊၏။ စက္ကဝတ္တိ သာဝကပါရမီဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊သမ္မာသမ္ဗောဓိဉာဏ်၊ စကြဝတေးမင်းအဖြစ်။သာဝကပါရမီဉာဏ်။လ။ကို။ ဒေတိ၊၏။ ။ဤအဋ္ဌကထာ၏အဓိပ္ပါယ်ကားလွယ်၏။ ဟောတော်မူသောတရားဓမ္မသည်အလွန်များ၏။

အကျဉ်းသခ်ေပလိုရာတွင်ပြပေအံ့။ ။ခါရေတိတိဓမ္မော။ ။ယောဓမ္မောသမူဟော၊ ဟောတော်မူအပ်သော အကြင်သုစရိတဓမ္မအပေါင်းသည်။ ခါရေတိ၊သံသရာဝဋ်မှထုတ်နုတ်၍နိဗ္ဗာန်သို့ကယ်တင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။သောသုစရိတဓမ္မော၊ထိုသုစရိုက်တရားအပေါင်းသည်။ဓမ္မော၊ဓမ္မမည်၏။ ။ ထိုကောင်းသော စရိုက်အလေ့အကျင့် တရားသည် ပင်လျှင်။ နိဗ္ဗာန်ခွင်သို့ ကယ်တင်တတ်သော ကြောင့်။ သုစရိတဓမ္မမည့်၏။ ။သုစရိတကုသလဓမ္မော ဥဿာဖေဟာတဗ္ဗော်။ ။သုစရိတကုသလဓမ္မော၊သုစရိုက်ဆယ်ပါးနှင့်တကွအလုံးစုံသောကုသိုလ်တရားအပေါင်းကို။ ဥဿာပေဟာတဗ္ဗော၊ နေ့ညမပြတ်အားထုတ်အပ်၏။ ။သုစရိတကုသလဓမ္မကိုပြ၍မဆုံးနိုင်ရာ။ ။သုစရိုက်ခွဲ၊ဒုစရိုက်ခွဲများကိုဆရာ့ဆရာမြတ်တို့ပြကြလေပြီ။

ထိုသုစရိတ။မြတ်ပုညကို။မကြောက်ကြရ၊နေ့ညအားထုတ်ကြဟု။ဟောပြလိုသောမြတ်စွာဘုရားသည်။ ။ပုညံဘိက္ခဝေ မာဘာယိတ္ထ။ပုညံဘာယ၀တောသုခံဘာယတိနံမ။ ။ဟုဟောတော်မူ၏။ ။ဘိက္ခဝေ။ သံသရာဘေးကို ရှုလေ့ရှိသောသူတော်ကောင်းအပေါင်းတို့။ပုညံ၊ကုသိုလ်ကောင်းမှုကို။ မာဘာယိတ္ထ၊ မကြောက်ကြကုန်လင့်။ ပုညံ၊ ကုသိုလ်ကောင်းမှု အား

ထုတ်ရမည်ကို။ ဘာယံတော၊ ကြောက်သောသူအား။ သုခံ၊လူ ချမ်းသာ၊နတ်ချမ်းသာ၊နိဗ္ဗာန်ချမ်းသာကို။ဘာယတိနာမ၊ကြော်သည်မည်၏။ ။ထိုဒေသနာတော်ဝယ်အဓိပ္ပါယ်သော်ကား။ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့၊ကောင်းမှုကို မကြောက်မူ၍။ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန် ချမ်းသာကို ကောင်းစွာရစေခြင်းငှါ။ ရှေးကသူဟောင်း အလောင်းတော်တကာတို့၏ နည်းကို အစဉ်မှီးသဖြင့်။ သစ်သီး တလုံး၊ ပန်းတပွင့်ဖြင့်။အသင့် မြှောက်ချီ၍။ ဆီမီးတခွက်။ ကြက်လျှော တချောင်း။ ဘယောင်းတတိုင်။ လက်ကိုင် မျက်နှာသုတ်။ သင်ပုတ်တခွက်။ သက်ငယ်တပျစ်။တဆစ်သောဝါး။ ကျောင်းကန်များနှင့်။ဘုရားရုပ်တု။ရေးပြုအက္ခရာ။စာပေပိဋကတ်။ဇရပ်တံတား။ဘုရားရွှေသင်္ကန်း။ ရဟန်းအသုံး အဆောင်။နှောင်ရေးကို မြော်ရှု၊ရှင်ပြုပဉ္စင်းခံ။ ဆက်ဆံ ကုသိုလ်။ စိတ်ကြည် ညိုက။ တဟင်းချိုတယောက်မျှလောက်သော ဆွမ်းကိုပင်လှူဒါန်း ပူဇော်မိက။ အတိုင်း မသိသော။ လောကီလောကုတ္တရာချမ်းသာသုခကို ရပေတော့မည်ဟု။နှလုံးသွင်း၍ ပေးလှူရာ၏ဟု၊လောကထွတ်ထား သဗ္ဗညု မြတ်စွာ ဘုရားသည် ဟောကြားညွှန်ပြ ဆုံးမတော်မူ၏။ ။တနည်းလည်း၊အဋ္ဌကထာ၌။ ။ကေပုပ္ဖံ ယဇိတွာန၊ သဟာသကောဒိုယော။ဒေဝေသုမနုဿေသုစသံသရိတွာ၊သေသေနပရိနိဗ္ဗုတော။ ။ဟုမိန့်တော်မူ၏။ ။ကေပုပ္ဖံ၊တပွင့်တည်းသောပန်းကို။ယဇိတွာန၊ပေးလှူရသောကြောင့်။ ဒေဝေသု၊နတ်ပြည်တို့၌ရင်း။မနုဿေသုစ၊ လူ့ပြည်တို့၌ရင်း။ သဟာသကောဒိုယော၊ ကုဋေ တထောင်တို့ ပတ်လုံး။ သံသရိတွာ၊ ကျင်လည်ပြီး၍။သေသေန၊ပန်းတပွင့်လှူသောကုသိုလ်ကံကြွင်းဖြင့်။ပရိနိဗ္ဗုတော၊ပရိနိဗ္ဗာန်စံရလေ၏။ ။ထိုဒေသနာဝယ် အဓိပ္ပါယ်သော်ကား။တပွင့်တည်းသောပန်းကိုလှူဒါန်းရသောကြောင့်။ အကျိုးဗလဝများသည်၏အဖြစ်ကိုပြတော်မူ၏။ ။ပုဗ္ဗ၊ မဇ္ဈ၊ပရစေတနာတို့တွင်။ ရှေဦးစွာကြီးခြင်း။အာရုံသို့ရှေး

ရှုတင်ခြင်း သည်။ ဝိတက်မလိုချင် ခြင်း။ အလောဘာပဟေတု။ မေတ္တာဖြစ်သော။ အဒေါသ ဟေတု။ မတွေဝေ မရိုက်မဲသော အမောဟဟေတုနှင့်တကွ။ မဟာကုသိုလ်ပဌမ သောမနဿ ဉာဏသမ္ပယုတ် အသင်္ခါရိကဇ်ဝန၊ စွဲလမ်း တတ်သော ဉပါဒါန်။နှစ်ပါးသော ကာမသုဂတိ။ ကာမဝိပါက ဝဋ္ဋနိဿိတ။ သဒ္ဓါစေတသိကဖြစ်သောစေ့ဆော်ခြင်းစေတနာပုဗ္ဗမူလ၊ ပဋ္ဌာန၊ သမ္မာဆန္ဒ၊ မုတ္တစာဂသည်ပင်လျှင် ဝတ္ထုဒါန၏ အကြောင်း ဖြစ်သောစေတနာဒါန၊ဟုအထူးမှတ်အပ်၏။ ဤကားပုဗ္ဗစေတနာဒါန၏အကျဉ်းမှတ်ဘွယ်အမိပ္ပါယ်တည်း။

လှူဘို့ရန်။ဝိရိယ၊ဉဿာဟအားထုတ်၍ဝတ္ထုပစ္စည်းရဆဲရခိုက်။ဆိုအပ်ခဲ့ပြီးသောပုဗ္ဗစေတနာစသည်ပါလျက်။ဉပါဒ်ခဏကာယသမုပ္ပန္နဖြစ်သောသဘာဝလက္ခဏာသည်။ဝတ္ထုပုဗ္ဗဒါနဟုခေါ်ဝေါ်ပညတ်သမုတ်အပ်၏။ ။အလှူခံပုဂ္ဂိုလ်ထံရောက်ဆဲရောက်စ၊လှူဘွယ်ဝတ္ထုသည်ပုဗ္ဗစေတနာမြော်၍။ပုဗ္ဗစေတနာဝတ္ထုဒါနမည်၏။ ။အလှူခံသည်အလိုရှိသည်ဖြစ်စေ။ မရှိသည်ဖြစ်စေ။ အလဇ္ဇိဒုဿီလ လူဖြစ်စေ၊ အလဇ္ဇိဒုဿီလ ရဟန်းပုဏ္ဏားစသည်ဖြစ်စေ၊တိရစ္ဆာန်ဖြစ်စေ၊အလိုမရှိတတ်သော။ စေတီလေးပါးတွင် တပါးပါး ဖြစ်စေ။ စေတနာသဒ္ဓါရှိ၍ဒါနဝတ္ထုကိုပေးလှူက။ဗလဝအနန္တကုသိုလ်ဖြင့်။ မငြိုမငြင်လျင်မြန်သော အကျိုးကိုပေးရာ၏။ ။ဝိစေယဒါနံဒါတဗ္ဗံ၊ယထာဒိန္နံမဟပ္ဖလံ။ ဟုဟောတော်မူ၏။အနက်လွယ်၏။ ။တနည်းလည်း။စေတနာဟံဘိက္ခဝေကမ္မံဝဒါမိ။စသည်ဖြင့်။ မြတ်စွာဘုရားဟောါတော်မူ၏။ဘိက္ခဝေ၊သံသရာဘေးကိုရှုလေ့ရှိသော်သူတော်ကောင်းတို့၊စေတနံ၊ဒိန္နဖုဉာဏ်၊ပညာဓောသန်သဖြင့်။ ဝါ၊စေတနာဗလဝ။ဉဿာဟ။ကုသိုလ်ကံကို။ အဟံ၊ သင်တို့ဆရာငါဘုရားသည်။ ကမ္မံ၊သုစရိတ၊ကုသလကံဟူ၍။ဝဒါမိ၊ ဟောတော်မူ၏။ ။မုတ္တစာဂေနဥဋ္ဌာန်ဟောတိ၊သမာဓိဥပ္ပန္နောတိ။ ။နောတဏှော။ ။ဒိဋ္ဌိဝိပလ္လာသမဖြစ်။ဒိဋ္ဌိဇုကမ္မဖြစ်

ရအောင်။သတိပညာ။ရှေ့သွားကာဖြင့်။ ဤသည်ကားရဟန်းဒုဿီလ။ဤသည်ကားလူဒုဿီလ။ဒုဿီလကိုသုသီလဟုမှတ်ထင်၍မလှူအပ်။ သုသီလကိုဒုဿီလဟု မှတ်ထင်၍ မလှူအပ်။ ဒုဿီလကိုဒုဿီလဟု၊ဒိဋ္ဌိဇုကမ္မဖြင့်ပေးလှူရာ၏။ ။သုသီလကိုသုသီလဟု။ဒိဋ္ဌိဇုကမ္မဖြင့် ပေးလှူရာ၏။ ။အရိယာသစ္စာကိုရည်မှတ်၍ သမ္မုတိသစ္စာကိုမလှူအပ်။ အခြားအရိယာကိုအာရုံပြု၍ရည်ရော်၍လှူအပ်၏။ ။သမ္မုတိသစ္စာကိုသမ္မုတိသစ္စာဟု။ အမှတ်ထား၍လှူရာ၏။ ။အရိယာ သစ္စာကိုလှူခြင်းကဲ့သို့။စေတနာဝဂ္ဂ။အကျိုးတူမျှ၏။အတ္တဒိန္နံအတ္တယိဋ္ဌံ။ စသည်၌၊ အလှူခံတကျိပ်လေးတွင်။တပါးပါး၌ပူဇော်ခြင်းပေးလှူခြင်းကိုပြုကုန်ရာ၏။ ။သံဃေဒိန္နံမဟပ္ဖလံ။ဆိုသော်လည်း၊ထောက်၍ပေးလှူရာ၏။

ကထဉ္စပနဘိက္ခဝေ ဘိက္ခုကာယေကာယာနုပဿီဝိဟရတိ၊ဣဓဘိက္ခဝေဘိက္ခုအရညဂတောဝါရုက္ခမူလဂတောဝါသုညာဂါရဂတောဝါ နိသီဒတိပလ္လင်္ကံ အာဘုဇိတွာဥဇုံ ကာယံပဏိဓာယပရိမုခံသတိံ ဥပဋ္ဌပေတွာ။သောသတောဝအဿသတိသတောဝပဿသတိ။ ဒီဃံဝါအဿသန္တော ဒီဃံအဿသာမီတိပဇာနာတိ။ ဒီဃံဝါပဿသန္တော ဒီဃံပဿသာမီတိပဇာနာတိ။ရဿံဝါအဿသန္တောရဿံအဿသာမီတိပဇာနာတိ၊ရဿံဝါပဿသန္တောရဿံပဿသာမီတိပဇာနာတိ။သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိသိက္ခတိ။ သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။ ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိသိက္ခတိ။ ပဿမ္ဘယံ ကာယသင်္ခါရံပဿသိဿာမီတိသိက္ခတိ။ သေယျထာပိဘိက္ခဝေဒက္ခောဘမကာရောဝါ ဘမကာရန္တေဝါသီဝါဒီဃံဝါ အဉ္ဆန္တောဒီဃံအဉ္ဆာမီတိပဇာနာတိ။ ရဿံဝါ အဉ္ဆန္တော ရဿံအဉ္ဆာမီတိ ပဇာနာတိ။ ဧဝမေဝခေါဘိက္ခဝေ ဘိက္ခုဒီဃံဝါ အဿသန္တောဒီဃံအဿသာမီတိပဇာနာတိ။ ဒီဃံဝါပဿသန္တောဒီဃံပဿသာ

ဒိတိပစ္စာနာတိ။ ရသံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ။ ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။ သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။ သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။ ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ။ ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။ ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။ သမုဒယဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။ အတ္ထိ ကာယောတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ အနိဿိတော စ ဝိဟရတိ။ နစ ကိဉ္စိ လောကေ ဥပါဒိယတိ၊ ဧဝံပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။ ။အာဏာပါဏ ပဗ္ဗံ နိဋ္ဌိတံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဘိက္ခု၊ ရဟန်းသည်။ ကာယေ၊ ရူပကာယခန္ဓာကိုယ်၌။ ကာယာနုပဿီ၊ ရူပကာယကို အဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေသနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အရညဂတော ဝါ၊ တောအရပ်သို့ကပ်၍ရင်း။ ရုက္ခမူလဂတော ဝါ၊ သစ်ပင်ရင်းသို့ ကပ်၍ရင်း။ သုညာဂါရဂတော ဝါ၊ ဆိတ်ငြိမ်ရာအရပ်သို့ကပ်၍ရင်း။ ပလ္လင်္ကံ၊ ထက်ဝယ်ကို။ အာဘုဇိတွာ၊ ဘွဲ၍ခွေ၍။ ဥဇုံ၊ ဖြောင့်မတ်စွာ။ ကာယံ၊ ကိုယ်ကို။ ပဏိဓာယ၊ ထား၍။ သတိံ၊ သတိကို။ ပရိမုခံ၊ ကမ္မဋ္ဌာန်းသို့ရှေးရှု။ ဥပဋ္ဌပေတွာ၊ ဖြစ်စေ၍။ နိသီဒတိ၊ နေ၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ သတော ဝ၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍သာလျှင်။ အဿသတိ၊ ထွက်သက်ကိုဖြစ်စေ၏။ အဿသတိ၊ ထွက်သက်ရှု၏။ သတော ဝ၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍သာလျှင်။ ပဿသတိ၊ ဝင်

သက်ကိုဖြစ်စေ၏။ပဿသတိ၊ဝင်သက်ရှူ၏။ဒီဃံဝါ၊ရှည်စွာမှု
လည်း။ အဿသန္တော၊ထွက်သက်ရှူလတ်သော်။ဒီဃံ၊ ရှည်စွာ။
အဿသာမီတိ၊ထွက်သက်ရှူ၏ဟူ၍။ပဇာနာတိ၊သိ၏။ဒီဃံဝါ၊
ရှည်စွာမှုလည်း။ ပဿသန္တော၊ဝင်သက်ရှိုက်လတ်သော်။ ဒီဃံ၊
ရှည်စွာ။ပဿသါမီတိ၊ဝင်သက်ရှိုက်၏ဟူ၍။ပဇာနာတိ၊သိ၏။
ရဿံဝါ၊ တိုစွာမှုလည်း။ အဿသန္တော၊ ထွက်သက် ရှူလတ်
သော်။ ရဿံ၊တိုစွာ။ အဿသာမီတိ၊ ထွက်သက်ရှူ၏ဟူ၍။ပ
ဇာနာတိ၊သိ၏။ရဿံဝါ၊တိုစွာမှုလည်း။ပဿသန္တော၊ ဝင်သက်
ရှိုက်လတ်သော်။ရဿံ၊တိုစွာ။ ပဿသာမီတိ၊ဝင်သက်ရှိုက်၏
ဟူ၍။ ပဇာနာတိ၊သိ၏။ သဗ္ဗကာယပဋိသံဝေဒီ၊ အလုံးစုံသော
ထွက်သက်၏ အစ၊အလယ်၊အဆုံးသုံးပါးအပေါင်းကို ထင်စေ
လျက်။ အဿသိဿာ မီတိ၊ ထွက်သက် ရှူအံ့ဟူ၍။ အဿ
သိဿာမီတိ- အဿသံဤုဿာမီတိ၊ ထွက်သက်ကိုဖြစ်စေအံ့
ဟူ၍။သိက္ခတိ၊အားထုတ်သဖြင့်ကျင့်၏။ သဗ္ဗကာယပဋိသံဝေ
ဒီ၊အလုံးစုံသောဝင်သက်၏အစ၊အလယ်၊အဆုံးသုံးပါးအပေါင်း
ကိုထင်စေလျက်။ ပဿ သိဿာမီတိ၊ ဝင်သက် ရှိုက်အံ့ဟူ၍။
ပဿသိဿာမီတိ-ပဿသံဤုဿာမီတိ၊ဝင်သက်ကိုဖြစ်စေအံ့
ဟူ၍။သိက္ခတိ၊ အားထုတ်သဖြင့်ကျင့်၏။ ကာယသင်္ခါရံ၊အရှူ
ပြင်း၍ရုန့်ရင်းသောထွက်သက်ကို။ပဿမ္ဘယံ-ပဿမ္ဘယန္တော၊
သာယာဖြေးညင်းရှူခြင်းဖြင့်ငြိမ်းစေလျက်။အဿသိဿာမီတိ၊
ထွက်သက်ရှူအံ့ဟူ၍။သိက္ခတိ၊အားထုတ်သဖြင့်ကျင့်၏။ ကာ
ယသင်္ခါရံ၊ အရှိုက်ပြင်း၍ ရုန့်ရင်းသောဝင်သက်ကို။ ပဿမ္ဘ
ယံ-ပဿမ္ဘယန္တော၊ သာယာဖြေးညင်း ရှိုက်ခြင်းဖြင့် ငြိမ်းစေ
လျက်။ပဿသိဿာမီတိ၊ဝင်သက်ရှိုက်အံ့ဟူ၍။သိက္ခတိ၊ အား
ထုတ်သဖြင့်ကျင့်၏။ ဘိက္ခဝေ။ရဟန်းတို့။ သေယျထာပိ။ရှည်
တိုထင်စွာ။ငြိမ်းစေရာဝယ်။ပမာသမှု။ အတွန့်ကြား။ဒက္ခော၊
လိမ္မာသော။ ဘမကာရော ဝါ၊ ပွတ်သွား သည် ၎င်း။ ဘမကာ
ရန္တေဝါသီဝါ၊ပွတ်သွား၏တပည့်သည်၎င်း။ ဒီဃံဝါ၊ရှည်စွာမှု

လည်း။ အဇ္ဈောဂါဟန္တော၊ပွတ်ကြိုးကို ဆွဲငင်သည်ရှိသော်။ ဒိဃံ၊ရှည်
စွာ။အဇ္ဈောဂါဟတိ၊ငင်၏ဟူ၍။ ပဇာနာတိ၊သိ၏။ရဿံဝါ၊တိုစွာမူ
လည်း။အဇ္ဈောဂါဟန္တော၊ဆွဲငင်သည်ရှိသော်။ရဿံ။တိုစွာ။ အဇ္ဈောဂါဟ
တိ၊ငင်၏ဟူ၍။ပဇာနာတိ၊သိ၏။ သဗ္ဗဘာမပဋိသံဝေဒီ၊အလုံးစုံ
သောပွတ်ကိုထင်စေလျက်။ အဇ္ဈောဂါဟန္တော၊ငင်သည် ရှိသော်၊ သဗ္ဗ
ဘာမပဋိသံဝေဒီ၊အလုံးစုံသော ပွတ်ကိုထင်စေလျက်။ အဇ္ဈောဂါဟ
တိ၊ငင်၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ဖရုသဋ္ဌံ၊ ရုန့်ရင်းသောငင်
ခြင်းကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊သာယာဖြေးညင်းငင်ခြင်း
ဖြင့်ငြိမ်းစေလျက်။ အဇ္ဈောဂါဟန္တော၊ငင်သည်ရှိသော်။ဖရုသဋ္ဌံ၊ရုန့်
ရင်းသောငင်ခြင်းကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊သာယာဖြေး
ညင်းငင်ခြင်းဖြင့်ငြိမ်းစေလျက်။ အဇ္ဈောဂါဟတိ၊ငင်၏ဟူ၍။ ပဇာ
နာတိ၊သိ၏။ ဘိက္ခဝေ၊ရဟန်းတို့။ ဧဝမေဝခေါ၊ ရှည်တိုထင်
စွာ။ငြိမ်းစေကာလျှင်။ဆွဲငင်တတ်ငြား။ ပွတ်မှတ်သွားအတူပင်
လျှင်။ဘိက္ခု၊ အာနာပါနကမ္မဋ္ဌာန်းကိုစီးဖြန်းသော ရဟန်း
သည်။ဒိဃံဝါအဿသန္တော၊ရှည်စွာထွက်သက်ရှူသော်လည်း။
ဒိဃံအဿသာမိတိ၊ရှည်စွာထွက်သက်ရှူ၏ဟူ၍။ ပဇာနာတိ၊
သိ၏။ဒိဃံဝါပဿသန္တော၊ ရှည်စွာဝင်သက်ရှိုက်သော်လည်း။
ဒိဃံပဿသာမိတိ၊ရှည်စွာရှိုက်၏ဟုံ၍။ပဇာနာတိ·သိ၏။ ဣတိ
ဧဝံဝုတ္တပ္ပကာရေန၊ ဤသို့ဆိုအပ်ပြီးသော အပြားအားဖြင့်။ အ
ဇ္ဈတ္တံဝါ၊မိမိသန္တာန်၌လည်း။အဇ္ဈတ္တံဝါ၊ နိယကဇ္ဈတ္တလည်းဖြစ်
သော။ ကာယေ၊ ထွက်သက်ဝင်သက်အပေါင်း၌။ ကာယာနုပ
ဿီ၊ထွက်သက်ဝင်သက်အပေါင်းကို အဘန်တလဲလဲရှုသည်
ဖြစ်၍။ဝိဟရတိ၊နေ၏။ ဗဟိဒ္ဓါဝါ၊ အပသန္တာန်၌ လည်း။ ကာ
ယေ၊ထွက်သက်ဝင်သက် အပေါင်း၌။ကာယာနုပဿီ၊ ထွက်
သက်ဝင်သက်အပေါင်းကိုအဘန်တလဲလဲရှုသည်ဖြစ်၍၊ ဝိဟ
ရတိ၊နေ၏အဇ္ဈတ္တဗဟိဒ္ဓါဝါ၊ရံခါမိမိသန္တာန်၊ရံခါအပသန္တာန်၌
လည်း။ကာယေ၊ ထွက်သက်ဝင်သက်အပေါင်း၌။ ကာယာနုပ
ဿီ၊ထွက်သက်ဝင်သက်အပေါင်းကိုအဘန်တလဲလဲ ရှုသည်

ဖြစ်၍။ ၀ိဟာရတိ၊ နေ၏။ ကာယသ္မိံ၊ ထွက်သက်ဝင်သက်အ
ပေါင်း၌။သမုဒယဓမ္မာနုပဿီ ၀ါ၊ ကိုယ်နှာခေါင်းစိတ်ဟူသော
ဖြစ်ကြောင်းသဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍ လည်း။
၀ိဟာရတိ၊နေ၏။ကာယသ္မိံ၊ ထွက်သက်ဝင်သက်အပေါင်း၌။ဝ
ယဓမ္မာနုပဿီ ၀ါ၊ ကိုယ်နှာခေါင်းစိတ်တို့၏ချုပ်ခြင်းဟူသော
ပျက်စီးကြောင်းသဘောကိုအဘန်တလဲလဲရှုသည်ဖြစ်၍လည်း။
၀ိဟာရတိ၊နေ၏။ကာယသ္မိံ၊ထွက်သက်ဝင်သက်အပေါင်း၌။ သ
မုဒယ ဝယ ဓမ္မာ နုပဿီ ၀ါ၊ ဖြစ်ကြောင်း သဘော ပျက်စီး
ကြောင်းသဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ၀ိဟာရတိ၊
နေ၏။ကာယော၊ထွက်သက်ဝင်သက်အပေါင်းသည်သာလျှင်။
အတ္ထိ၊ရှိ၏။ဣတိ၊ဤသို့။အဿ၊ ထိုရဟန်း၏။ သတိ ၀ါ ပန၊ အာ
ဏာပါဏာဿတိသည်မူလည်း။ ပစ္စုပဋ္ဌိတာ။ ရှေးရှုထင်သည်။
ဟောတိ၊ဖြစ်၏။ သာ၊ထိုအာဏာပါဏာဿတိသည်။ ယာ၀ဒေ
၀၊အကြင်မျှလောက်။ဉာဏမတ္တာယ၊ အဆင့်ဆင့်ကာယာနုပဿ
နာဉာဏ်၏ပွါးခြင်းအတိုင်း အရှည်အကျိုးငှာရင်း။ ပဋိဿတိ
မတ္တာယ၊အဆင့်ဆင့် အာဏာပါဏာဿတိ ပွါးခြင်းအတိုင်းအ
ရှည် အကျိုးငှါရင်း။ ဟောတိ၊ဖြစ်၏။ သောဘိက္ခု၊ ထိုရဟန်း
သည်။အနိဿိတောစ၊ ထွက်သက်ဝင်သက်ကိုတဏှါဒိဋ္ဌိအား
ဖြင့်မမှီမူ၍လည်း။၀ိဟာရတိ၊နေ၏။ လောကေ၊ဥပါဒါနက္ခန္ဓာဟူ
သောလောက၌။ ကိဉ္စိ၊တစုံ တခုသောရုပ်ဝေဒနာ သညာသင်္ခါ
ရ၀ိညာဏ်ကို။အတ္တာတိ၀ါ၊ငါအစိုးရသောကိုယ်ဟူ၍ဒိဋ္ဌိအားဖြင့်
ရင်း။အတ္တနိယန္တိ ၀ါ၊ငါ၏ဥစ္စာဟူ၍ တဏှာအားဖြင့်ရင်း။ နစဥ
ပါဒိယတိ၊မစွဲလမ်း။ဘိက္ခဝေ၊ရဟန်းတို့။ဧ၀မ္ပိခေါ၊ဤသို့လည်း။
ဘိက္ခု၊ရဟန်းသည်။ကာယေ၊ရူပကါယ၌။ကာယာနုပဿီ၊ရူပ
ကါယကိုအဘန်တလဲလဲရှုသည်ဖြစ်၍။ ၀ိဟာရတိ၊နေ၏။ ။ထွက်
သက်အစကားချက်။ အလယ်ကားရင်အချိုင့်နှလုံးသား။ အဆုံး
ကားနှာသီးဖျား–နှုတ်ခမ်းဖျား။ ဝင်သက်အစကားနှာသီးဖျား–
နှုတ်ခမ်းဖျား။အလယ်ကား ရင်အချိုင့် နှလုံးသား။ အဆုံးကား

ချက်။ ဤသို့အစအလယ် အဆုံးသို့ ရောက်တိုင်း ရောက်တိုင်းသော ထွက်သက်ဝင်သက်ကို သတိပြု၍ ဉာဏ်၌ ထင်အောင်ဆင်ခြင်ရာ၏။ ထွက်သက် ဝင်သက်၏ မှီရာကား ရုပ်မည်၏။ ထွက်သက် ဝင်သက်ကို အာရုံပြုသော စိတ်စေတသိက်ကား နာမ်ရုပ်မည်၏။ ထိုရုပ်နာမ်အကြောင်းကား အဝိဇ္ဇာစသောပဋိစ္စသမုပ္ပါဒ် တရားတည်း။ အကြောင်းတရားကိုစွဲ၍ အကျိုးတရားဖြစ်ခြင်းမျှသာ။ ဤတရားမှတပါး။ သတ္တဝါပုဂ္ဂိုလ်မည်သည်မရှိဟု၊ အကြောင်းနှင့်တကွသော ရုပ်နာမ်တရားကို။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာရေးသုံးပါးသို့တင်၍ဝိပဿနာကိုပွါးစေသည်ရှိသော်၊ အစဉ်ပွါးစေသဖြင့်အရဟတ္တဖိုလ်သို့ရောက်ရာ၏။

ဤ၌ထွက်သက်ဝင်သက်ကိုသိမ်းဆည်းတတ်သောသတိသည်။ ဒုက္ခသစ္စာမည်၏။ ထိုဒုက္ခသစ္စာကို ဖြစ်စေတတ်သော ရှေးဘဝ၌ဖြစ်သောတဏှာသည်။သမုဒယသစ္စာမည်၏။ ဒုက္ခ-ဒုက္ခသမုဒယတို့၏ မဖြစ်ရာနိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ ဒုက္ခကိုပိုင်းခြား၍သိတတ်သော၊ သမုဒယကိုပယ်တတ်သော၊ နိဗ္ဗာန်ကို အာရုံပြု၍ တည်သော မဂ္ဂင်ရှစ်ပါးသည်။ မဂ္ဂသစ္စာမည်၏။ ဤသစ္စာလေးပါးသည် ထွက်သက်ဝင်သက်၏အစွမ်းဖြင့်နှလုံးသွင်းသောသူ၏အရဟတ္တဖိုလ်တိုင်အောင်ဝန်မှထွက်မြောက်ကြောင်းဖြစ်၏။အာနာပါနာပဗ္ဗံ၊ထွက်သက်ဝင်သက်အားဖြင့်နှလုံးသွင်းရာသောအပိုင်းသည်။နိဋ္ဌိတံ၊ပြီးပြီ။

ကထဉ္စပန ဘိက္ခဝေ၊စသော ပါဠိ တော်ဝယ် အဓိပ္ပါယ်ကား။ ။မြတ်စွာဘုရား ထားတော်မူသော သာသနာတော်မြတ်သည်ကား။ပရိယတ္တိသာသနာ၊ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူ၍သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်။ ဤအရာဝယ် ပဋိပတ္တိသာသနာတော်မြတ်၌အားထုတ်ကုန်သော ယောဂီတိဟိတ်၊ဒွိဟိတ်၊သုဂတိဟိတ်စသည်ဖြစ်စေ။ ပဋိပတ္တိတရား၌လိုလားသော ပုဂ္ဂိုလ် အပေါင်း သူတော်ကောင်း တို့သည်။ တောအရပ်ဖြစ်စေ။ အပြစ်ကင်းသော သစ်ပင်ရင်း ဖြစ်စေ။

ဆိတ်ငြိမ်ရာအရပ်ဆိတ်ငြိမ်သောအခါဖြစ်စေ။ တပါးပါး၌မိမိ
ကိုယ်တိုင်ဖြောင့်မတ်စွာတည်နေလျက်။ ထက်ဝယ်ဘွဲခွေနေရ
ခြင်း မည်သည်ကား။ မိမိ၏ခါးကို မချမှု၍ ဖြောင့်စွာထား။ ဦး
ခေါင်းကို ဖြောင့်စွာထား၍။ ဘွဲခွေသောအခါ။ လက်ဝဲခြေကို
လက်ျာပေါင်သို့ရှေးဦးစွာတင်ပြီးမှ။လက်ျာခြေကိုလက်ဝဲပေါင်
သို့တင်၍။ မိမိ၏လက်နှစ်ဘက်ကို လက်ျာ ပခုံသောင့်ပေါ်၌ ပက်
လက်။လက်ျာအပေါ်။ လက်ဝဲအောက်ထားပြီးလျှင်။စိတ္တေကဂ္ဂ
တာ၊စိတ္တသမာဓိ၊စိတ္တသုခစသော သတိန္ဒြေကိုကောင်းစွာဖြစ်
စေသဖြင့်။ ရာဂ၊ဒေါသ၊ မောဟ၊ မာန၊ဒိဋ္ဌိစသော မကောင်း
သော အကုသိုလ်တရားတို့ကို တဒင်္ဂပဟာန်ဖြင့် ပယ်ခွါလျက်
နှစ်သက် အပ်သော အာဏာပါဏ ကမ္မဋ္ဌာန်းကို ရှေးရှုသဖြင့်
ထင်စေ၍ သိတင်းသုံးအပ်၏။ နေထိုင်အပ်၏။ ။နှလုံးသွင်းရ
မည်ကား။မိမိစိတ်ကိုအခြားသို့မလွှင့်စေဘဲ။ကာမဝိတက်၊ ဗျာ
ပါဒဝိတက်၊ ဝိဟိံသဝိတက်၊ဥဒ္ဓစ္စ၊ဝိစိကိစ္ဆာမဖြစ်စေဘဲ။ ထိန
မိဒ္ဓမဝင်စေဘဲ။သတိမြဲသဖြင့်မြတ်စွာဘုရားကိုဦးခေါင်းထက်
မှာတင်။ကောင်းမြတ်သောတရားတော်ကိုနှလုံး၌မြဲစွာထား။အ
ရှင်သာရိပုတ္တရာစသောသံဃာတော်အပေါင်းကိုပခုံးနှစ်ဘက်။
ကျောက်ကုန်းထက်၌ထားပြီးလျှင်။ ။ဆင်ခြင်ရန်ကား။ ။
ဤရူပကာယ ခန္ဓာကိုယ် အကောင်ပုပ် စက်ဆုပ်ဘွယ်အတိ။
ပညာမျက်စိ အမြင်ရှိကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ
အပေါင်းသူတော်ကောင်းတို့သည် ကဲ့ရဲ့အပ်သော၊ သူမိုက်တို့
သာ နှစ်သက် အပ်သော စွဲလမ်းတပ်မက်စရာ ရှာဘွေ၍ မရ
သော။ ဒွတ္တိံသာကာရ အသုဘ၊ ဇေဂုစ္ဆ၊ အနတ္တ၊ အသာရက
ဖြစ်သော။ စက်ဆုပ်ရွံရှာဘွယ်မတင့်တယ်သောအလုံးရုံသော
အတ္တဘောကြီး၌ ချက်ကစ၍အလယ်ရင်ချိုင့်နှလုံးသား။ အဆုံး
ကားနှာသီးဖျား–နှုတ်ခမ်းဖျား။ ဤကားထွက်သက်အနိစ္စပါတ
ကားဟု ထင်ရှားအောင်နှလုံးထားရာ၏။ ဝင်သက်၏အစကား
နှာသီးဖျား–နှုတ်ခမ်းဖျား၊ အလယ် ကား ရင်ချိုင့် နှလုံးသား။

အသုံးကားချက်။ ဒုက္ခဖြစ်ပြန်ချေသေး၏ တကားဟု ထင်ရှား
စွာဆင်ခြင်ရာ၏။အကျဉ်းအားဖြင့်၊ထွက်သက်ကားအနိစ္စ။ ဝင်
သက်ကား၊ဒုက္ခဟုအဘန်ဘန်အားထုတ်ရာ၏။ ။ဇှေးဦးစွာ
အားထုတ်သောအခါ။ မိမိကိုယ်ကာယ သည် အလွန် ကျင်နာ
တတ်သည်။ ကျင်နာသော်လည်းဝိရိယဥဿာဟကိုမလျှော့နှင့်။
စဦးပဌမ၊တနာရီဖြစ်စေ။ နှစ်နာရီဖြစ်စေကြိုးစား၍ အားထုတ်
ပါ။ အားထုတ်ပါများသဖြင့်။ မိမိကိုယ်ကာယသည်ဝိပရိတမ
ဖြစ်။စင်စစ်ကာယိကသုခ၊စေတသိကသုခ၊မုချဖြစ်ပါလိမ့်မည်။
ရုန့်ရင်း ကြမ်းတမ်းသောထွက်သက် ဝင်သက်တို့ကိုဖြေးညင်း
သာယာစွာဖြစ်လေအောင်။ရှည်စွာသော ထွက်သက်ဝင်သက်
ကို တိုစွာဖြစ်အောင်။ နူးညံ့သိမ်မွေ့အောင်။ မထင်ရှားအောင်။
အာရုံမပြားအောင်၊ကြိုးစား၍အားထုတ်မှ ရှည်သည် တိုသည်
ကိုထင်ရှားစွာသိမြင်လာ၏။ ။ဤသို့မိမိ၏ရူပကာယ၌။တဏှာ
ဒိဋ္ဌိတို့မစွဲလမ်းဘဲ။ထွက်သက်ဝင်သက်ကို အာရုံပြုလျက်။ဖြစ်
ခြင်း၊ချုပ်ခြင်းမှု။ ဇာတိဓမ္မ၊ဝယဓမ္မ၊ အနိစ္စနှင့်ဒုက္ခမျှသာဟု။အ
ဘန်တလဲလဲနှလုံးစွဲ၍။ အမြဲဆောက်တည်ကာနေအပ်၏။သို့မှ
သာလျှင်။စွဲလမ်းခြင်းဟုဆိုအပ်သောဥပါဒါန်က္ခန္ဓာအရ၌၊ စိုး
စဉ်းမျှ။ရုပ်၊ ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဉ်တို့ကိုငါအစိုးရ၏
ဟုအယူရှိသောဒိဋ္ဌိ။ငါ၏ဥစ္စာဟူသောတဏှာလောဘ စသည်
တို့ကိုမစွဲလမ်းမူ၍။ကမ္မဋ္ဌာန်း၌သာ နှသုံးသွင်းလျက် မြဲစွာအား
ထုတ်ရာ၏။အားထုတ်ပါသော်လည်း။အဖျက်များကုန်၏။ ဖျက်
ခြင်းကား။ အပသန္တာန် အတွင်းသန္တာန်နှစ်ပါးတို့တွင်။ မိမိ၏အ
တွင်းသန္တာန်။ရန်သာလျှင်များကုန်၏။ အတွင်းသန္တာန်ရန်ကား။
ဥဒ္ဓစ္စ၊ဝိစိကိစ္ဆာ၊အဘိဇ္ဈာ၊ကာမဝိတက်၊ထိန၊မိဒ္ဓ၊ အကုသလ၊
ကမ္မပထမစသော တရားအပေါင်းမကောင်းတို့ကြောင့်ပျက်စီး
တတ်ကုန်၏။ ပကာသနလည်း ဖြစ်တတ်၏။ အသပ္ပါ ယလည်း
ဖြစ်တတ်၏။ သပ္ပါယကို ဖြစ်စေရမည်။ ပကာသန ကင်းစေရ
မည်။နိဝါတကိုဖြစ်စေရမည်။သတိပညာရှေ့သွားလျက်။သမာ

ဓိကိုဖြစ်စေရမည်။ ။သမာဓိမဖြစ်မူ၍။ထိနမိဒ္ဓပင်လာသည်ကို ဝဍ္ဍနတရားလှည့်ဖြား၍၊ထိနမိဒ္ဓကို၊သမာဓိဟု၊ သညာဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသဖြစ်တတ်သည်။ သို့ဖြစ်၍ဌက်ပျောတုံးလက်ပံတုံး အသုံးမကျ။ ရေမြှုပ်ပမာဏ၊ ကိုယ်ကာယ မလှုပ်စေရ။ စိတ်ကိုမပြန့်လွင့်စေရ။တခဏမျှဟု၊ သတိပြုလျက်၊ရှုဆင်ခြင်ရာ၏။ဤကားအကျဉ်းမှတ်ဘွယ်အဓိပ္ပါယ်။

ဥပါသကာ၊ဥပါသိကာအပေါင်းသူတော်ကောင်းတို့၏အလို ဌာကန်တော့ခန်းနှင့်တကွ။ အယံဘန္တေ၊အစ။သရဏဂုံအကျ။ အကျဉ်းမျှပြပေအံ့။ ။ကတော့ကျ၊ မသိမူ၍၊ကဘဟူသော ပုဒ်ဖြင့်ကတော့ကြဟုဆိုရာ၏။ ။အဘဲ့ကြောင့်ဆိုသော်။ ။ ကာရောတီတိကတော၊ဟုကတ္တုသာဓနပြုရာ၏။ ။တနည်း။ ကြိယံ ဥပ္ပါဒေတီတိ ကတော။ ။ဝဍ္ဍနံ ဥပ္ပါဒေတီတိ ကတော။ ။ကရဏံကတော။ဘာဝသာဓန။ ။အနက်ကား။ ။ ယောပုဂ္ဂလော၊အကြင်ပုဂ္ဂိုလ်သည်။ကရောတိ၊ပြုတတ်၏။ဣတိ တသ္မာ၊ ထိုသို့ပြုတတ်သော သတ္တိကြောင့်။ သောပုဂ္ဂလော၊ထို ပုဂ္ဂိုလ်သည်။ကတော၊ကတမည်၏။ ကတော၊ ပြုတတ်သော ပုဂ္ဂိုလ် ကို။ လဗ္ဘတိ၊ ရအပ်၏။ ဘယ်အမှု မဆိုပြုတတ်သော ပုဂ္ဂိုလ်ကိုရစေ။ ယောပုဂ္ဂလော၌။ ။ယောတိသဗ္ဗနာမိက ပုလ္လိင်္ဂေါအနိယမ ဝါစကောတိဒဋ္ဌဗ္ဗော။ ။အနက်ကား။ ။ ယောတိ၊ယောဟူသည်ကား။ သဗ္ဗနာမိကပုလ္လိင်္ဂေါ၊ သဗ္ဗနာမ်ဖြစ်သောပုလ္လိင်တည်း။အနိယမဝါစကော၊မမြဲဟူသောအနက်ကိုဟော၏။ဣတိ၊ဤသို့။ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။ ။ပုဂ္ဂလောတိ ရိသလိင်္ဂေါပုဂ္ဂလသမုဟော။ ။အနက်ကား။ ။ပုဂ္ဂလောတိ၊ပုဂ္ဂလောဟူသည်ကား။ ပုရိသလိင်္ဂေါ၊ပုလ္လိင်ဖြစ်သော။ပုဂ္ဂလ သမုဟော၊ပုဂ္ဂိုလ်အပေါင်းတည်း။ ။သောတိသဗ္ဗနာမိ ကပုလ္လိင်္ဂေါနိယတော။ ။အနက်ကား။ ။သောတိ၊သော ဟူသည်ကား။သဗ္ဗနာမိကပုလ္လိင်္ဂေါ၊သဗ္ဗနာမ်ဖြစ်သော၊ပုလ္လိင်

တည်း။နိယတော၊မြဲစေ၍။ဝါ၊နိယတ်မည်၍။ ။ကရောတိ
ကားဝါကျ။ကတောကားနိပ္ဖန္န။ကတ္တာပဟော။ ။ထို့ကြောင့်
ရှေးဆရာတို့သည်။ ။ယာသာတိ ဉာတ္တိလိင်္ဂ၊ ယောသော
တိ ပုရိသ လိင်္ဂ။ ယံတန္တိ နပုံသကံ လိင်္ဂဟု မိန့်တော် မူကြ
ကုန်၏။ ကြိယံ၊ကြိယာကို။ ဥပ္ပါဒေတိ၊ ဖြစ်စေတတ်၏။ ဉာတိ
တသ္မာ၊ ထို့ကြောင့်။ ကတော၊ ကတမည်၏။ ။ကြိယာကို
ပြီးစေ တတ်သောကြောင့်။ ကတဟူ၍ မှတ်ရာ၏။ ။ဝန္ဒနံ၊
ဘုရား၊တရား၊ သံဃာ ရတနာ မြတ်သုံးပါး အပေါင်းအား ရှိခိုး
ခြင်းကံဒွါရ ပဏာမ ကြိယာကို။ ဥပ္ပါဒေတိ၊ ဖြစ်စေတတ်၏။
ဉာတိတသ္မာ၊ထို့ကြောင့်။ကတော၊ကတမည်၏။ ။ရှိခိုးသော
စိတ်ကိုရစေ။ ။ကရဏံ၊ရှိခိုးခြင်း။ကတော၊ရှိခိုးခြင်း၊ ။
ရှိခိုးခြင်းကား အခိုက်အတန့်မတ်တတ်ရစေ။နိဝါတ တရားမရှိ
က။ဝန္ဒနာ၊ပြုရာမရောက်။ ။နိဝါတ၊ဂါရဝတရားမရှိက၊မာန
တရားထောင်လွှားသောသူဟူ၍မှတ်ရာ၏။ မာနတရားကား
သမ္ဗုတိသံဃာကိုမရိုမသေ၊ ဂုဏ်ရှိသောသူတို့ကို မရိုမသေ၊
မကိုင်းမညွှတ်၊ ရုတ်ပုတော်စေတီတော်စသည်တို့ကို အလေး
ဂရုမပြု၊ မထိမဲ့မြင်၊ အလေ့ဝါဒအလျောက် ပြုတတ်၏။ ဤသို့
ပြုခြင်းကား အပါယ်လားခြင်း အကြောင်း မကောင်းသော အ
ကုသိုလ် ဒုစ္စရိတဟုမှတ်အပ်၏။သို့ဖြစ်၍ သူတော်ကောင်း
လုပ်လိုသောသူ ဟူဟူသမျှ တို့သည် မာနကိုချ၍။ နိဝါတဂါရ
ဝ၊ဟုဆိုအပ်သော။သုစရိတမြတ်မွေဖြင့်။ သမ္ဗုတိသံဃာမှစ၍
ပုဆစ် တုပ်လျက်။ ဦးခေါင်းနှင့် တကွ၊ လက်ဆယ် ချောင်းကို
အောက်၌ ထည့်စေ၍ရှိခိုးခြင်းကြရာ၏။ ။ကန်တော့ရမည်
ကား။သြကာသ။ သြကာသ။ သြကာသ။သုံးတန်စေတနာ၊သုံး
ဖြာဒွါရ၊ သုံးပါးသောပဏာမတို့ဖြင့်။ ပဌမ၊ဒုတိယ၊ တတိယ၊
တကြိမ်နှစ်ကြိမ်။သုံးကြိမ်မြောက်အောင်။ဘုရားရတနာ၊တရား
ရတနာ၊ သံဃာ ရတနာ မြတ်သုံးပါး အပေါင်းကို အရို အသေ
အလေးအမြတ်ပြု၍။ဘုရားတပည့်တော်ရှိခိုးပူဇော်ဖူးမြော်မာန်

လျှော့၊ကန့်တော့ပါ၏အရှင်ဘုရား။(ဤကားကန်တော့ဝန္ဒနာ။ ။ဤသို့ ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ ကန်တော့ရသော အကျိုးအားဖြင့်၊အပါယ်လေးပါး။ ။ဤကဲ့သို့မဆိုရာ)။ ။ဤသို့ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမ ကုသိုလ်ကောင်းမှုကံစေတနာတို့ကြောင့်ဟူ၊ဆို၍ပြီးမှဆုငါးပါးတို့တွင်၊တပါးပါးအလိုရှိအပ်သောဆုနှင့်တကွ၊နိဗ္ဗာန်မဂ်ဖိုလ်ကို။မျက်မှော်ပြုရပါလို၏။အရှင်ဘုရားဟူ၊ ဝိဝဋ္ဋနိဿိတဖြင့်တောင်းရာ၏။ ။အပါယ်လေးပါးစသည်ကို၊ပယ်ခြင်းဖြင့်ဝှင်း။လူ့ပြည်နတ်ပြည် စသည်ကိုတောင့်တ၍။ အာရုံပြု၍ဥပါဒါန်စွဲလမ်း၍။ နိဗ္ဗာန်ကိုချက်ခြင်းမရောက်သေးဟူသောအမှတ်ဖြင့်ဝှင်း။ ပြီးမှနိဗ္ဗာန်ကိုရပါလို၏ဟူ၍ဝှင်း။ဝဋ္ဋနိဿိတ၊ဥပါဒါနကၡန္ဓဖြင့်၊ဆုမတောင်းရာ။

ငါးပါးသီလ၊ခံယူစောင့်ရှောက်ဆောက်တည်ရန်။

အဟံ- ဘန္တေ- တိ- သရဏေန- သဟ- ပဉ္စ-သီလံ- ဓမ္မံ-ယာစာမိ-အနုဂ္ဂဟံ-ကတွာ-သီလံ-ဒေထ-မေ-ဘန္တေ။ ။ဒုတိယမ္ပိ-အဟံ-ဘန္တေ-တိ-သရဏေန-သဟ-ပဉ္စ သီလံ-ဓမ္မံ-ယာစာမိ-အနုဂ္ဂဟံ-ကတွာ-သီလံ-ဒေထ-မေ-ဘန္တေ။ ။တတိယမ္ပိ-အဟံ-ဘန္တေ-တိ-သရဏေန-သဟ-ပဉ္စ-သီလံ-ဓမ္မံ-ယာစာမိ-အနုဂ္ဂဟံ-ကတွာ-သီလံ-ဒေထ-မေ-ဘန္တေ။ ။အာမ-ဘန္တေ။ ။နမော တဿ-ဘဂဝတော-အရဟတော-သမ္မာ-သမ္ဗုဒ္ဓဿ။ ။သုံးကြိမ်ဆိုလေ။ ။ဗုဒ္ဓံ-သရဏံ-ဂစ္ဆာမိ။ ဓမ္မံ-သရဏံ- ဂစ္ဆာမိ။ သံဃံ-သရဏံ-ဂစ္ဆာမိ။ ဒုတိယမ္ပိ-ဗုဒ္ဓံ-သရဏံ-ဂစ္ဆာမိ။ ဒုတိယမ္ပိ-ဓမ္မံ-သရဏံ-ဂစ္ဆာမိ။ ဒုတိယမ္ပိ- သံဃံ-သရဏံ- ဂစ္ဆာမိ။ တတိယမ္ပိ-ဗုဒ္ဓံ- သရဏံ-ဂစ္ဆာမိ။ တတိယမ္ပိ- ဓမ္မံ-သရဏံ-ဂစ္ဆာမိ။ တတိယမ္ပိ-သံဃံ-သရဏံ-ဂစ္ဆာမိ။ ။အာမ-ဘန္တေ။ ။ပိုင်းပိုင်းခြားခြားအနည်း

ငယ်ဖြတ်၍ဖြတ်၍။ခံယူစောင့်ရှောက်ဆောက်တည်အပ်၏။ ။
ဘန္တေ၊အရှင်ဘုရား။အဟံ၊ဘုရားတပည့်တော်သည်။ တိ-သရ
ဏေန၊သရဏဂုံသုံးပါးနှင့်။သဟ၊တကွ။ပဉ္စ၊ အင်္ဂါငါးပါးနှင့်
ပြည့်စုံသော။ သီလံ၊ စောင့်ရှောက်အပ်သော။ ခမ္ဘိ၊ ကျင့်ဝတ်
သိက္ခာပုဒ်တော်ကို။ ယာစာမိ၊ တောင်းပန်ပါ၏ အရှင်ဘုရား၊
ဘန္တေ၊ အရှင်ဘုရား။ မေမမ၊ ဘုရား တပည့်တော်အား။ အ
နုဂ္ဂဟံ၊ ချီးမြှောက် ခွင့်သနား သည်ကို။ ကတွာ၊ ပြု၍။ သီလံ၊
အင်္ဂါငါးပါးနှင့်ပြည့်စုံသော သီလတော်မြတ်ကို။ဒေထ၊ ပေး
သနားတော်မူပါ အရှင်ဘုရား။ ။ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်
လည်း။ဘန္တေ၊ အရှင်ဘုရား။လ။ဒေထ၊ ပေးသနားတော်မူပါအ
ရှင်ဘုရား။ ။တတိယမ္ပိ၊သုံးကြိမ်မြောက်လည်း။ဘန္တေ၊အရှင်
ဘုရား။လ။ဒေထ၊ပေးသနားတော်မူပါအရှင်ဘုရား။ ။ဘန္တေ၊
အရှင်ဘုရား။အာမ၊ကြွင်ကောင်းလှပါပြီ။ အရိုအသေအလေး
အမြတ်ပြုသဖြင့်။လိုက်နာ၍ဆိုပါမည်အရှင်ဘုရား။ ။ဘဂဝ
တော၊ဇ္ဇသရိယာ၊ဓမ္မ၊ယသ၊သိရိ၊ကာမ၊ပယတ္တတည်းဟူသော
ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူပြီးထသော။ အရဟ
တော၊ လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့၏ ပူဇော်ဝိသေသအ
ထူးကိုခံတော်မူထိုက်ထသော။ သမ္မာသမ္ဗုဒ္ဓဿ၊အလုံးစုံသော
တရားနှင့်တကွ သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြား ထင်
ထင်အကုန်အစင်သိမြင်တော်မူထသော။ တဿ-နာထဿ၊လူ
သုံးပါးတို့၏ ကိုးကွယ်ရာ ဆရာ ဖြစ်တော်မူသော ထိုမြတ်စွာ
ဘုရားအား။နမော၊ရှိခိုးပါ၏အရှင်ဘုရား။ ။တနည်း။နမော-
နမကာရော၊ရှိခိုးခြင်းကို။ကတွာကရောမိ၊အရိုအသေအလေးအ
မြတ်ပြုပါ၏အရှင်ဘုရား။ ။ဗုဒ္ဓံ၊ကို။သရဏံ-သရဏံဇ္ဇတိ၊
ကိုးကွယ်ရာဟူ၍။ဂစ္ဆာမိ၊ဆည်းကပ်ပါ၏အရှင်ဘုရား။ ။ဓမ္မံ၊
ကို။ သရဏံ-သရဏံဇ္ဇတိ၊ဟူ၍။ ဂစ္ဆာမိ၊ အရှင်ဘုရား။ ။သံ
ဃံ၊ကို။ သရဏံ-သရဏံဇ္ဇတိ၊ဟူ၍။ဂစ္ဆာမိ၊ အရှင်ဘုရား။ ။
ဘန္တေ၊အရှင်ဘုရား။အာမ၊ကြွင်အတိယာစက၊ဝန္ဒနနှင့်တ

ကွ၊သရဏာဂုံသုံးပါးကို ခံယူ စောင့်ရှောက်၊ ဆောက်တည်၍
ပြည့်ရုံပါပြီအရှင်ဘုရား။

အဟံ၊ဘန္တေ၊ တိသရဏေန။ စသောပုဒ်တို့တွင်။ အဟံဟူ
သော အမှယောဂပုဒ်၌။ အဟံ၊ ဘုရား၊ တပည့်တော်သည် ဟု
အနက်ပေးရာ၏။ အဟံ၊ ငါသည်ဟူ၍ အနက်မပေးလင့်၊ မဆို
လင့်။ အဟံ၊ အကျွန်ုပ်သည်ဟူ၍ လည်း အနက်မပေးသင့်။ ငါ
သည်ဟု အနက်ပေးမူ။ ဂါရဝ၊ နိဝါတပျက်၏၊ အကျွန်ုပ်သည်
ဟုအနက်ပေးမူ။မင်းစိုးရာဇာ၊ သက်ဝါကြီးသူစသည်မဟုတ်၊
ဌာနန္တရမဟုတ်၍မလျော်။ရတနာသုံးပါးနှင့်ဆက်ဆံသောအရာ
ဖြစ်၍။အဟံ၊ဘုရားတပည့်တော်သည်ဟု အနက်ပေးရာ၏၊ဆို
ရာ၏။ ။ဘန္တေ၌။အာလုပ်ပုဒ်၊ ဧကဝုစ်၊ဗဟုဝုစ်၊ဝုစ်နှစ်ပါး
ဆက်ဆံသည်ဖြစ်၍။ အများ သင်္ဃာစသည်ကို ရည်ရော်လျှင်။
ဘန္တေ၊ အရှင်ဘုရားတို့ဟုအနက်ပေး။ တပါးကို ရည်ရော်လျှင်။
ဘန္တေ၊အရှင်ဘုရားဟုဧကဝုစ်အနက်ပေး။ ။တိ။သည်။သင်္ချာ
ပုဒ်။ ။သရဏေန။ကား။သမ္ဘေးပုဒ်။တိဏ္ဏံပူရဏောတိ၊တိဏ္ဏံ
သမူဟော တိ။ ။အနက်ကား။ ။တိဏ္ဏံ၊သုံးပါးတို့၏။ပူ
ရဏော၊ ပြည့်ကြောင်းတည်း။တိ၊ သုံးပါးတို့၏ ပြည့်ကြောင်း။
တိဏ္ဏံ၊သုံးပါးတို့၏။သမူဟော၊အပေါင်းတည်း။တိ၊ သုံးပါးတို့
၏အပေါင်း။ပူရဏတဒ္ဓိတ်။သမူဟတဒ္ဓိတ်။ ။သရဏတိသရ
ဏော။ ။ယောသမူဟော၊အကြင်ဘုရား၊တရား၊ သင်္ဃာရတ
နာသုံးပါးအပေါင်းသည်။သရတိ၊လူသုံးပါးတို့၏အကိုးကွယ်ခံ
ထိုက်၏။ ဝါ၊လူသုံးပါးတို့၏ကိုးကွယ်ရာဖြစ်၏။ဝါ၊ ဆည်းကပ်
ရာပူဇော်ရာဖြစ်၏။ ဇာတိတသ္မာ၊ထို့ကြောင့်။ သရဏော၊သရ
ဏာမည်၏။ရတနာသုံးပါးသည် သရဏာမည်၏။မြတ်စွာဘုရား
သက်တော်ထင်ရှားမရှိသည့်နောက်။ထားတော်မူသော။ဓာတု
စေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီ၊ ဓမ္မစေတီစသည်တို့
သည်လည်း။သရဏာမည်ကုန်၏။ ။တနည်း။ ကိလေသေသ
ရတိဟိံသတိတိသရဏော။ ။ကိလေသေ၊ကိလေသာတို့ကို။

သရတိပဟိံသတိ၊ညှဉ်းဆဲတတ်၏။ဣတိတသ္မာ၊ထိုကြောင့်။သ
ရဏော၊သရဏမည်၏။ ကမ္မဋ္ဌာန်းစီးဖြန်းခိုက်ဖြစ်သော။ယော
ဂါဝစရအစ။အနာဂံအဆုံး။ဤပုဂ္ဂိုလ်တို့ကိုရ၏။ ။သဗ္ဗကိ
လေသေဟိဝိမုတ္တောတိသရဏော။ ။သဗ္ဗကိလေသေဟိ၊အ
လုံးစုံသော ကိလေသာ အပေါင်းတို့မှ။ ဝိမုတ္တော၊ ကင်းလွတ်
တော်မူ၏။ဣတိတသ္မာ၊ထိုကြောင့်။သရဏော၊ သရဏမည်၏။
ဘုရားပစ္စေကဗုဒ္ဓါရဟန္တာအရှင်မြတ်တို့ကိုရကုန်၏။ ။သဟာ
ကား၊သဟာယတ္ထိကဋ္ဌ။ သဟာကဲ့သို့ မဟုတ်။ သောမနဿသဟ
ဂတံကဲ့သို့ တကွနက်ဟူသော အနက်ကို ဟောသော။ သဟာ
ယောဂဟုမှတ်အပ်၏။ ။ပစ္စကား၊ ဧကဝုစ်သဉ္ဇာ၊ ဘိန္နာဝိ
ကရဏ ဝိသေသန။ ပါဏာတိပါတ၊ စသော အင်္ဂါငါးပါးနှင့်
ပြည့်စုံသောဟုအနက်ပေး။ ။သီလံဋ္ဌ၊သီလကား။ဘယသီလ၊
လာဘသီလ၊ ကုလသီလ၊ ဒလိဒ္ဒသီလ၊ ဘိက္ခုနသီလ၊ စသည်မ
ဟုတ်။စောင့်ရှောက်အပ်သော။ဝိရတိသီလဟုမှတ်အပ်၏။ ။
စရိတဗ္ဗံ ရက္ခိတဗ္ဗန္တိ သီလံ။ ။စရိတဗ္ဗံ ရက္ခိတဗ္ဗံ၊ သူတော်
ကောင်း သူမြတ် လောင်း တို့သည်။ ကျင့်အပ်။ စောင့်ရှောက်
အပ်၏။ဣတိတသ္မာ၊ထို့ကြောင့်။ သီလံ၊သီလမည်၏။ ။ဓမ္မံ
ကား။ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ ဓမ္မတို့တွင်။ သုံးပါးလုံးနှင့်
ဆက်ဆံရကားပိုင်းခြား၍မပြပြီ၊ လူ့ရွာနတ်ထံသို့ဆောင်တတ်
သောမချဣဓမ္မ၊ ဥပစာရဏ္ဍအားဖြင့်လည်း နိဗ္ဗာန်သို့ပို့ဆောင်
တတ်၏။ ။ယာစဓိကား။ ။ယာစိတဗ္ဗာတိယာစဓိ။ ။
ယာစိတဗ္ဗာ၊အခွင့်တောင်းအပ်၏။ဣတိတသ္မာ၊ထို့ကြောင့်။ယာ
စဓိ၊ယာစဓိမည်၏။ ။အနုဂ္ဂဟံဋ္ဌ။သံသာရဝဋ္ဋဒုက္ခတောမော
စနတ္ထာယအနုဂ္ဂဟံ။ ။သံသာရဝဋ္ဋဒုက္ခတော၊သံသရာတည်း
ဟူသောဝဋ်ဆင်းရဲဝဲဩဃရေအလျဉ်မှ။မောစနတ္ထာယ၊လွတ်
မြောက်၍နိဗ္ဗာန်မဂ်ဖိုလ်ကိုရခြင်းအကျိုးငှါ။ အနုဂ္ဂဟံ၊ချီးမြှောက်
ထောက်ပင့်ခြင်းကို။ ။ကာတွာဋ္ဌ။ကရောတိတိကာတွာ။ ။က
ရောတိ၊ပြုတတ်၏။ဣတိတသ္မာ၊ထို့ကြောင့်။ကာတွာ၊ကာတွာမည်

၏။ကရဓာတ်၊တွာပစ္စည်း။ကတ္တွားဟော။ ။ကရဏံကတွာ။ ။ ကရဏံ၊ပြုခြင်း။ ကတွာ၊ပြုခြင်း။ ။ဘာဝသာဓနံ။ ။သီလန္တိ ဘန္တေမေမမပဉ္စသီလံဒေထာ တိအဓိပ္ပါယော။ ။သီလန္တိ၊ သီလဟူသည့်ကား။ဘန္တေ၊အရှင်ဘုရား။မေမမ၊ ဘုရား့တပည့်တော်အား။ ပဉ္စသီလံ၊အင်္ဂါငါးပါးနှင့်ပြည့်စုံသော သီလတော်မြတ်ကို။ ဒေထ၊ပေးသနားတော်မူပါအရှင်ဘုရား၊ ဣတိအယံ၊ ဤသည့်ကားအဓိပ္ပါယော၊အဓိပ္ပါယ်အနက်တည်း။

ဤကားသီလတောင်း၍ခံယူစောင့်ရှောက်ရန်။

---

ဒုဿီလဖြစ်စေ၊သုသီလဖြစ်စေ၊မကဲ့ရဲ့အပ်ကြောင်းကို။ ။ ရာဟုလောဝါဒသုတ်၌။ ။ပရဝဇ္ဇာနုပဿီဿ၊ နိစ္စံဥဇ္ဈာနသညိနော။ အာသဝါ တဿဝဍ္ဎန္တိ၊ အာရာသော အာသဝက္ခယာ။ ။ဟုဟောတော်မူ၏။ ။ပရဝဇ္ဇာနုပဿီဿ၊သူတပါး၏ အပြစ်ကို ရှုလေ့ရှိထသော။ နိစ္စံ၊အမြဲ။ ဥဇ္ဈာနသညိနော၊သူတပါး၏အပြစ်ကို ကဲ့ရဲ့လေ့ရှိထသော။ ယဿပုဂ္ဂလဿ၊အကြင် ပုဂ္ဂိုလ်အား။ အာသဝါ၊ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝဟု ဆိုအပ်သော။ အာသဝေါ တရား လေးပါးတို့ သည်။ ဝဍ္ဎန္တိ၊ ပွားကုန်၏။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ အာသဝက္ခယာ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန် ကြောင်း ဖြစ်သော နိဗ္ဗာန်မှ။ အာရာ၊အာရကာ၊ ဝေးကြီးဝေး လှ၏။ ။တရားနာ။ လ။ တို့။ ဒုဿီလအလဇ္ဇီ ဖြစ်စေ၊ သု သီလ လဇ္ဇီပေသလ သိက္ခာကာမကိုအလိုရှိသော ပုဂ္ဂိုလ်ဖြစ် စေ။ကဲ့ရဲ့ရှုပ်ချမှု။ အာသဝေါတရားလေးပါးတို့သည်ပွါးများ၍။ အာသဝေါတရားတို့၏ကုန်ရာနိဗ္ဗါန်မှဝေးကုန်၏ဟုဟောတော် မူသောကြောင့်မိမိအပြစ်ကိုသာရှုအပ်၏။သူတပါး၏အပြစ်ကို မကဲ့ရဲ့မရှုပ်ချ။မရှုအပ်။မပြောမဆိုအပ်။ မပြောမဆိုမူ၍။ ကိ လေသာမှကင်းသောရဟန္တာအရှင်မြတ်တို့၏ နေခြင်းကဲ့သို့စိတ္တ သမာဓိ စိတ္တေကဂ္ဂတာ စိတ္တုပေက္ခာဖြင့်သာ နေထိုင်ရာ၏ ဟု

ပြုတော်မူလို၍။ ။ရာဟုလသုတ်ပါဠိတော်၌။ ။ရဟောဝါဒံ နဘာသေယျ၊ နသမ္ဘုခံဂိရံဘဏေ။ သရမာနောဝဘာသေယျ၊ အသရမာနော ဝနော့ဘာဏေ။ ။ဟုဟောတော်မူ၏။ ။ရဟောဝါဒံ၊ မျက်ကွယ်ရှုပ်ချသော စကားကို။ နဘာသေယျ၊ မဆိုရာ။သမ္ဘုခံဂိရံ၊မျက်မှောက်ရှုပ်ချသောစကားကို။နဘဏေ၊မဆိုရာ။ အသရမာနော၀၊မစဥ်းမစားအဆောတလျှင်။နော့ဘာဏေ၊ မဆိုရာ။သရမာနော၀၊ဖြည်းဖြည်းသာသာစဥ်းစား၍သာလျှင်။ ဘာသေယျ၊ဆိုရာ၏။တော်၊ဤသို့ကျင့်ခြင်းသည်။ အရဏာဝိဟာ ရောနါမ၊ကိလေသာမှကင်းသောကျင့်ခြင်းမည်၏။ ။ကိုယ်၏တ ပြည့်သော်ရင်း။ ဆရာသော်ရင်း။ မိဘသားသမီးဥာတိ။ ပေါက် ဘော်စသည့်ရင်း။ ဒုစရိတ ဓမ္မကို ကျင့်ငြားအံ့။ ဖြည်းညင်းသာ ယာစွာ။ဓမ္မာနုဂ္ဂဟာဩဝါဒဖြင့်သာပြောဟောဆုံးမမှသာလျှင်။ ကိလေသာမှကင်းသောကျင့်ခြင်းမည်၏ဟုဟောတော်မူ၏။

ရဟန်းဒုဿီလသည်။လူဒုဿီလထက်ဆယ်ပါးသောဂုဏ် ကျေးဇူးတို့သည်လွန်ကုန်၏။ ။ဤသာသနာတော်၌၊ရဟန်း ဒုဿီလသည်။ဘုရားတရားသံဃာ၌။ရိုသေခြင်း။ သိတင်းသုံး ဘော်တို့၌ရိုသေခြင်း။ ပါဠိအဋ္ဌကထာ သင်ခြင်း၌ လုံ့လရှိခြင်း၊ အကြားအမြင်များခြင်း၊ ပရိသတ်သို့ရောက်သော်အသွင်အပြင် ပြုခြင်း။ကဲ့ရဲ့အံ့သော ဘေးကြောင့်ကိုယ်နှုတ်တို့ကိုစောင့်ခြင်း။ ကမ္မဋ္ဌာန်း၌ရှေ့ရှုခြင်း။မကောင်းမှုပြုသော်လည်းဖုံးလွှမ်း၍ပြုခြင်း၊ ဤဆယ်ပါးသောအကြောင်းတို့ဖြင့်။ အလှူရေစက်ကိုသုတ်သင် နိုင်၏။ ။ထိုကြောင့်မြတ်စွာဘုရားသည်။ ဒက္ခိဏာဝိဘင်္ဂသုတ် ၌။ ။ယောသီလဝါဒုဿီလေသု။ဒဒါတိဒါနံဓမ္မေနလဒ္ဓံ၊သုပ သန္နစိတ္တောအဘိသဒ္ဒဟံ။ကမ္မဖလံဥဠာရံ။ သာစဒက္ခိဏာဒါယ ကတောဝိသုဇ္ဈတီတိ။ ။ဟုဟောတော်မူ၏။ ။ယော၊အကြင်သူ သည်။သီလဝါ၊သီလနှင့်ပြည့်စုံ၏။ သောသီလဝါ၊ ထိုသီလနှင့် ပြည့်စုံသောသူသည်။ ဒုဿီလေသု၊ သီလမရှိသောပုဂ္ဂိုလ်တို့ အား။ဓမ္မေန၊ တရားနှင့်လျော်သဖြင့်။လဒ္ဓံ၊ရအပ်သော။ဒါနံ၊ အ

လှူဝတ္ထုကို။ ဒဒါတိ၊ လှူ၏။ သုပသန္နစိတ္တော၊ ကြည်လင်သော စိတ်ရှိ၏။ဥဋ္ဌာရုံ၊မွန်မြတ်သော။ကမ္မဖလံ၊ ကံ၏အကျိုးကို။အဘိ သဒ္ဒဟံ၊ယုံကြည်၏။သာဒက္ခိဏာ၊ ထိုအလှူဝတ္ထုသည်။ ဒါယ ကတော၊အလှူဒါယကာကြောင့်။ ဝိသုဇ္ဈတိ၊စင်ကြယ်၏။ ဣတိ၊ ဤသို့။ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။ ။အပ္ပံဒိန္နံဗဟုဟောတိစသော။အဋ္ဌက ထာပါဠိနှင့်အညီ။အနည်းငယ်လှူရသော။ ကြိတဆစ်ကုသိုလ် ကြောင့်။ သောကိသုခ။ ကြွမ်ဘန်များစွာခံစံပြီးမှ နိဗ္ဗာန်ကိုရ သော။အရှင်ဂေါဓာမထေရ်။ အင်ကြင်းပန်းတခက်ကြောင့်။လူ နတ်တို့၏စည်းစိမ်ကိုစံစားပြီးမှနိဗ္ဗာန်ကိုရသော။အရှင်ပစ္စက်မ နိယမထေရ်ကဲ့သို့ရင်းဖြစ်ကုန်ရာ၏။ ။ဒုသဓိလကိုလှူရာ၌။အ လှူဒါယကာသည်မိမိသီလပြည့်စုံခြင်း။ဝတ္ထု၏စင်ကြယ်ခြင်း။ ကြည်လင်သောစိတ်ဖြင့် ကံအကျိုးကို ယုံကြည်၍ လှူခြင်း။ဤ အင်္ဂါနှင့် ပြည့်စုံမှစင်ကြယ်၏။ ။တနည်း။အဂ္ဂတော ဝေ ပ သန္နာနံ၊ အဂ္ဂံဓမ္မံဝိဇာနတံ။အဂ္ဂေဗုဒ္ဓေပသန္နာနံ၊ ဒက္ခိဏေယျေ အနုတ္တရေ။ ။အဂ္ဂေဓမ္မေပသန္နာနံ၊ဝိရာဂူပသမေသုခေ။အဂ္ဂေ သံဃေပသန္နာနံ၊ပုညခေတ္တေအနုတ္တရေ။ ။အဂ္ဂသ္မိံဒါနံဒဒတံ၊ အဂ္ဂံပုညံပဝဍ္ဎတိ။အဂ္ဂံအာယုစဝဏ္ဏောစ၊ ယသောကိတ္တိသုခံ ဗလံ။ ။အဂ္ဂဿဒါတာမေဓာဝီ၊အဂ္ဂဓမ္မသမာဟိတော။ဒေဝ ဘူတော မနုဿောဝါ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။ ။ဟုဟော တော်မူ၏။ ။ဘိက္ခဝေ၊သူတော်ကောင်းတို့။အဂ္ဂတော၊မြတ် သောအားဖြင့်။ဝေ၊စင်စစ်။ပသန္နာနံ၊ကြည်ညိုခြင်းရှိကုန်သည် ဖြစ်၍။အဂ္ဂံဓမ္မံ၊မြတ်သောနိဗ္ဗာန်တရားကို။ဝိဇာနတံ၊ သိတော်မူ တတ်သော။ဒက္ခိဏေယျေ၊ မြတ်သောအလှူကိုလည်းခံတော်မူ ထိုက်ထသော။ အနုတ္တရေ၊အတုမရှိသည်ဖြစ်၍။ အဂ္ဂေ၊မြတ် တော်မူထသော။ဗုဒ္ဓေ၊မြတ်စွာဘုရား၌။ပသန္နာနံ၊ကြည်ညိုကုန် သောသူတို့အားရင်း။ ဝိရာဂူပသမေ၊ ရာဂ၏ ကင်းငြိမ်းရာဖြစ် သော။သုခေ၊ချမ်းသာသုံးပါးကိုလည်းဆောင်တော်မူတတ်ထ သော။အဂ္ဂေ၊မြတ်သော။ဓမ္မေ၊တရားတော်၌။ ပသန္နာနံ၊ကြည်

ညိုကုန်သောသူတို့အားဧ၀င်း။ အနုတ္တရေ၊အတုမရှိသော၊ ပုညခေတ္တေ၊ကောင်းမှုတည်းဟူသောမျိုးစေ့၏စိုက်ပျိုးရာလယ်မြေကောင်းသဘွယ် ဖြစ်တော်မူထသော။ အဂ္ဂေ၊ မြတ်သော။သံဃေ၊သံဃာတော်၌။ပသန္နာနံ၊တို့အား။အဂ္ဂသ္မိံ၊မြတ်သောရတနာသုံးပါးတို့၏အပေါင်း၌။ ဒါနံ၊အလှူကို။ဒဒတံ–ဒဒန္တာနံ၊ ပေးလှူကုန်သောသူတို့အား။ အဂ္ဂံ၊မြတ်သော။ပုညံ၊ ကောင်းမှုအလျဉ်သည်။ပ၀ဍ္ဍတိ၊ပွါးများ၏။ကိံ ပုညံ၊အဘယ်သို့ကောင်းမှုအလျဉ်သည်။ပ၀ဍ္ဍတိ၊ပွါးများသနည်း။ အဂ္ဂံ၊မြတ်သော။အာယုစ၊အသက်ရှည်ခြင်းဧ၀င်း။ အဂ္ဂေါ၊ မြတ်သော။ ၀ဏ္ဏောစ၊အဆင်းလှခြင်းဧ၀င်း။အဂ္ဂေါ၊ မြတ်သော။ယသောစ၊ အခြံအရံများခြင်းဧ၀င်း။အဂ္ဂါ၊မြတ်သော။ကိတ္တိစ၊ကျော်စောခြင်းဧ၀င်း။ အဂ္ဂံ၊မြတ်သော။သုခဉ္စ၊ ချမ်းသာခြင်းဧ၀င်း။အဂ္ဂံ၊ မြတ်သော။ ဗလဉ္စ၊ခွန်အားကြီးခြင်းဧ၀င်း။ ဣတိပုညံ၊ဤသို့သောကောင်းမှုသည်။ ပ၀ဍ္ဍတိ၊ပွါးများ၏။ အဂ္ဂဿ၊မြတ်သောရတနာသုံးပါးအား။ ဒါတာ၊ပေးလှူသော။အဂ္ဂဓမ္မသမာဟိတော၊မြတ်သောကုသိုလ်တရားနှင့်ပြည့်စုံသော။ မေဓာ၀ီ၊ ပညာရှိသောသူသည်၊ ဒေ၀ဘူတော၀ါ၊ နတ်ဖြစ်သော်ဧ၀င်း။ မနုဿော၀ါ၊ လူဖြစ်သော်ဧ၀င်း။ အဂ္ဂပ္ပတ္တော၊ မြတ်သောအဖြစ်သို့ ရောက်သည်ဖြစ်၍။ ပမောဒတိ၊မွေ့လျော်ရ၏။ ။အဓိပ္ပါယ်ကား။ ။မြတ်သောရတနာသုံးပါးတို့အားပေးလှူပူဇော်ရသောကောင်းမှုကြောင့်။ လူမင်းနတ်မင်းဖြစ်၍။အသက်ရှည်ခြင်း၊အဆင်းလှခြင်း၊အခြံအရံများခြင်း၊ကျော်စောခြင်း၊ချမ်းသာကြီးခြင်း၊ခွန်အားကြီးခြင်းနှင့်ပြည့်စုံ၍။ နှလုံးမွေ့လျော်ဘွယ်ရှိသည့်အဖြစ်ကိုဟောတော်မူ၏။ ။ရဋ္ဌပါလစေတနာဒါနပရစေတနာဒါန၏ အခြင်းအရာများစွါဘွင့်တော်မူကြ၍မဘွင့်လိုက်ပြီ။ ။ဒါနခန်းပြီး၏။

---

အာယုသင်္ခါရ လွှတ်တော်မူပြီး၍ ရဟန်းအပေါင်းတို့ကိုနှိုးဆော်တိုက်တွန်းတော်မူသောပါဠိမြတ်သည်ကား။ ။ပဟာ

ယဝေါဘိက္ခဝေ နိဗ္ဗာနပုရံဂမိဿာမိ။စသည်ဖြင့် ဟောတော်
မူအပ်သောဒေသနာတော်၌။ ။ဘိက္ခဝေ၊ရဟန်းတို့။ဝေါ၊
သင်တို့ကို။ ပဟာယ၊စွန့်၍။ နိဗ္ဗာနပုရံ၊နိဗ္ဗာန်မည်သီး၊ရွှေပြည်
ကြီးသို့။အဟံ၊ငါဘုရားသည်။ဂမိဿာမိ၊တဘန်မလာ။ ကြွတို့
ပါအံ့။ ။ဘိက္ခဝေ၊ရဟန်းတို့။ဝေါ၊သင်တို့အား။ အတ္တနော၊
မိမိ၏။သရဏံ၊ပစ္စုပ္ပန်၊သံသရာကိုးကွယ်ရာကို။ကတံ၊ ပြုအပ်
ခဲ့ပြီ။ဘိက္ခဝေ၊ရဟန်းတို့။တုမှေ၊သင်တို့သည်။အပ္ပမာဒေန၊ မ
မေ့မလျော့။ သတိမန္တော၊ သတိနှင့် ပြည့်စုံ ကုန်သည်။ သီလ
ဝါ၊ သီလနှင့် ပြည့်စုံကုန်သည်။ ဟောထ၊ ဖြစ်ကြ ကုန်လော့။
သမာဟိတာ၊ ကောင်းစွာ တည်ကြည်ကုန်သည်ဖြစ်၍။ သကံ
စိတ္တံ၊မိမိစိတ်ကို။အနုရက္ခထ၊အစဉ်စောင့်ရစ်ကြကုန်လော့။ ။
အဓိပ္ပါယ်ကား။သင်တို့ကိုစွန့်၍နိဗ္ဗာန်သို့ဝင်ရတော့အံ့။ သင်တို့
ကိုးကွယ်ရာကိုပြုခဲ့ပြီ။ သီလနှင့်ပြည့်စုံ၍ မိမိစိတ်ကိုသာစောင့်
ရစ်ကြလော့။ ။ဘုရားပစ္စေကဗုဒ္ဓါ အရိယာကလျာဏပုထု
ဇဉ်တို့၏အလေ့အကျင့်ဖြစ်သော။ သုစရိတ၊ သုသီလသာလျှင်
သီလမည်ကုန်၏။ ထိုသီလသည်လည်း သရဏဂုံသီလစသည်
အားဖြင့် များပြား ကုန်၏။ ဤသီလ တို့သည် နိဗ္ဗာန်သို့ ရောက်
ကြောင်း။ ကောင်းသော သီလတို့ချည်း မည်ကုန်၏ဟု၊ ဟော
တော်မူလိုသော မြတ်စွာဘုရားသည်။ ။ယောစဗုဒ္ဓဉ္စဓမ္မဉ္စ၊
သံဃဉ္စသရဏံဂတော။စတ္တာရိအရိယသစ္စာနိ၊သမ္မပ္ပညာယ
ပဿတိ။ ။ဧတံခေါသရဏံခေမံ၊ဧတံသရဏမုတ္တမံ။ဧတံသ
ရဏမာဂမ္မ၊သဗ္ဗဒုက္ခာပမုစ္စတိ။ ။ဟုဟောတော်မူ၏။ ။
ဘိက္ခဝေ၊ရဟန်းတို့။ယော၊အကြင်သူသည်။ဗုဒ္ဓဉ္စ၊ငါဘုရားကို
၎င်း။ဓမ္မဉ္စ၊တရားတော်ကို၎င်း။သံဃဉ္စ၊သံဃာတော်ကို၎င်း။သ
ရဏံဂတော၊ဆင်းရဲကိုဖျောက်၍ချမ်းသာကိုပေးတတ်သောဆရာ
ဟူ၍ဂတော၊ဆည်းကပ်၏။သော၊ထိုသူသည်။စတ္တာရိ၊လေးပါး
ကုန်သော။ အရိယသစ္စာနိ၊အရိယသစ္စာတို့ကို။ သမ္မာ၊ကောင်း
စွာ။ပညာယ၊ပညာဖြင့်။ပဿတိ၊မြင်နိုင်၏။ ဧတံသရဏံ၊ဤသ

ရဏာဂုံဆောက်တည်ခြင်းသည်။ခေမံ၊ဘေးမရှိ။ ဧတံသရဏံ၊ ဤသရဏာဂုံဆောက်တည်ခြင်းသည်။ဥတ္တမံ၊မြတ်၏။ ဧတံသရဏံ၊ဤသရဏာဂုံဆောက်တည်ခြင်းကို။ အာဂမ္မ၊စွဲ၍။ သဗ္ဗဒုက္ခာ၊ အလုံးစုံသောဝဋ်ဆင်းရဲအပေါင်းမှ။ပမုစ္စတိ၊လွတ်မြောက်၏။ ။အဓိပ္ပါယ်မှာ။ ။သရဏာဂုံဆောက်တည်၍အလုံးစုံသောဝဋ်ဆင်းရဲမှလွတ်သဖြင့်။ သဗ္ဗာလေးပါးကိုကောင်းစွာမြင်၍။ မြတ်သော ဘေးမရှိရာ နိဗ္ဗာန်သို့ ရောက်ကြောင်းကို ဟောတော်မူ၏။ ။တနည်း။ သရဏာဂုံသီလကြောင့် နတ်ပြည်သို့ရောက်ကြောင်းကို တဘန်ပြပြန်လို၍။ သဋ္ဌာယတနဝဂ္ဂ သံယုတ်ပါဠိတော်၌။ ။သာရှခေါဒေဝါနမိန္ဒ ရတနံသရဏာ ဂမနဟောတု ခေါဒေဝါနမိန္ဒ ဧဝံဣဓေကစ္စေ သတ္တာကာယဿဘေဒါပရံမရဏာသုဂတိံသဂ္ဂံလောကံဥပပဇ္ဇန္တိ။ ။ဟုဟောတော်မူ၏။ ။ဒေဝါနမိန္ဒ၊သိကြားမင်း။သာရှခေါ၊ကောင်းစွာသာလျှင်။ရတနံ၊ရတနာသုံးပါးကို။သရဏံ၊ကိုးကွယ်ရာဟူ၍။ ဂမနံ၊ဆည်းကပ်ခြင်းသည်။ဟောတိ၊ဖြစ်၏။ ။ဒေဝါနမိန္ဒ၊သိကြားမင်း။ခေါ၊စင်စစ်။ ရတနံ၊ရတနာသုံးပါးကို။ သရဏာဂမနဟောတု၊ ကိုးကွယ်ဆည်းကပ်ခြင်းတည်းဟူသော အကြောင်းကြောင့်။ ဧဝံ၊ဤသို့။ ဣဓ၊ဤလောက၌။ဧကစ္စေ၊အချို့ကုန်သော။ သတ္တာ၊သတ္တဝါတို့သည်။ ကာယဿ၊ကိုယ်ခန္ဓာ၏။ ဘေဒါ၊ပျက်သည်မှ။ ပရံမရဏာ၊စုတိ၏နောက်၌။ သုဂတိံ၊ကောင်းမှုရှိသောသူတို့၏ လားရာဖြစ်သော။သဂ္ဂံလောကံ၊နတ်ပြည်သို့။ ဥပပဇ္ဇန္တိ၊ဖြစ်ရရောက်ရကုန်၏။ ။ထိုဒေသနာဝယ်။အဓိပ္ပါယ်မှာနတ်ပြည်သို့ရောက်ကြောင်းကောင်းသော ခါးဝတ်ကဲ့သို့။မပြုတ်မလတ်ဆောက်တည်အပ်၏။ဆောက်တည်ရမည်ကား။ ။အဇ္ဇတဂ္ဂေယာဝနိဗ္ဗာနံ နပဗ္ဗေါမိ၊ တာဝနိစ္စံဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ၊ဟုဆောက်တည်ရာ၏။ ။အဇ္ဇတဂ္ဂေ၊ ယနေ့ကိုအစပြု၍။ ယာဝ၊ အကြင်မျှလောက်။ နိဗ္ဗာနံ၊အနုပါဒိ သေသနိဗ္ဗာန်သို့။ အပတံ၊ ဘုရားတပည့်တော်သည်။ နပဗ္ဗေါမိ၊

မရောက်ရသေး။ တာဝ၊ ထိုအနုပါဒိသေသနိဗ္ဗါန်သို့မရောက်ရ
သေးသေ့ရွေကာလပတ်လုံး။နိဗ္ဗ°၊အမြဲ။ ဇုဒ္ဓ°၊လူသုံးပါးတို့၏ကိုး
ကွယ်ရာ ဘုန်း ခြောက်ဖြာနှင့် ပြည့်စုံတော် မူသော မြတ်စွာ
ဘုရားကို။ သရဏံသရဏံ ဇ္ဇတိ၊ ကိုးကွယ် လည်းလျောင်းရာ
ဟူ၍။ဂစ္ဆာမိသေဝါမိဘဇာမိ၊ဆည်းကပ်ပါ၏အရှင်ဘုရား။ ။
ဓမ္မံ၊မဂ်လေးတန်ဖိုလ်လေးတန်။နိဗ္ဗာန်ပရိယတ်။တရားမြတ်ကို။
သရဏံသရဏံဇ္ဇတိ၊ကိုးကွယ်ရာလည်းလျောင်းရာဟူ၍။ ဂစ္ဆာ
မိ၊ဆည်းကပ်ပါ၏အရှင်ဘုရား။ ။သံဃံ၊မဂ္ဂဋ္ဌာန်လေးယောက်
ဖလဋ္ဌာန် လေးယောက်ဟုဆိုအပ်သော ရှစ်ယောက်သော အရိ
ယာသံဃာတော် အပေါင်းနှင့် တကွသော၊ ကလျာဏပုထုဇ္ဇဉ်
သံဃာ တော်မြတ် အပေါင်းကို။ သရဏံ သရဏံဇ္ဇတိ၊ ကိုး
ကွယ်ရာလည်းလျောင်းရာဟူ၍။ဂစ္ဆာမိ၊ဆည်းကပ်ပါ၏ အရှင်
ဘုရား။ ။ဤသို့ဆောက်တည်ခြင်းသည်။နိဗ္ဗာန်ပေါ° ဆောက်
တည်ခြင်းမည်၏။ ။ကမ္မဝိပါကောအစိန္တေယော။ ဟုဟော
တော်မူသောကြောင့်။ခမ္မဝိနယအားဖြင့်။အပြစ်မတင်ရာဟုမှတ်
အပ်၏။ ။သာသနာတော်၏။ အတွင်း၌။ သရဏဂုံနှင့်တကွ။
ပဉ္စသီလ ဆောက် တည်လျှင်။ ပဉ္စသီပျက်သော် လည်း သရ
ဏဂုံမပျက်။ ။မြတ်စွာဘုရား၏အလိုတော်မှတပါး အခြား
သော အယူကိုယူမိအံ့။ ယူသော အခိုက်တွင်။ သရဏဂုံ သီလ
ပျက်၏။နေ့တိုင်းဖြစ်စေ၊လတိုင်းဖြစ်စေ၊ နှစ်တိုင်းဖြစ်စေ၊ မိစ္ဆာ
အယူကိုယူငြားအံ့။ သရဏဂုံသီလမတည်နိုင်ရာ။ ။ဘုရား
ပညတ်တော်မူသော သိက္ခာပုဒ်တော်ကို လွန်ကျူးကျော်နင်း၍။
များစွာသော။ အလဇ္ဇီဒုဿီလရဟန်းရှင် လူတို့ကဲ့သို့မှတ်အပ်
၏။သာသနာအပ၊ဗာဟိရ၌။ငါးပါးသီလနှင့်။ရှစ်ပါးဆယ်ပါးသီ
လသည်ဝဋ္ဋနိဿိတသာဖြစ်၍သုဂတိမျှကိုသာရနိုင်ကြ၏။နိဗ္ဗါန
သုခကိုမရနိုင်ကြ။ ။လူနတ်တို့၏နှလုံး၌အကျိုးအပြစ်ကိုကောင်း
ကောင်းမထင်နိုင်။ ။ဘုရားပွင့်တော် မူမှသာလျှင်။ တရား
တော်မြတ်ကိုဟောတော်မူသောကြောင့်။လူ့ရွာနတ်ထံ၊နိဗ္ဗာန်

သို့ရောက်ကြရလေကုန်၏။ ။ငါဘုရားမရှိက၊ တရားတော်မြတ်ကိုမှန်မှန် ကန်ကန်နာရခဲ့သည်အဖြစ်။ နာရသော်လည်း။ နိဗ္ဗာနသုခ ရခဲ့သည့်၏အဖြစ်ကို။ သဒ္ဓမ္မသဝနံအတိဒုလ္လဘံ၊ဟုဟောတော်မူ၏။ ။သဒ္ဓမ္မံ၊ငါဟောတော်မူသောတရားတော်မြတ်ကို။သဝနံ၊ ဒိဋ္ဌိဖုကာံဖြင့်မှန်မှန်ကြားနာရခြင်းကို။ အတိဒုလ္လဘံ၊အလွန်ရခဲ၏။ ဝါ၊မှန်မှန်ကန်ကန် ကြားနာရ သော်လည်း။ နိဗ္ဗာနသုခကိုအလွန်ရခဲ၏။ ။အဓိပ္ပါယ်မှာ။ သာသနာတွင်းဖြစ်စေ။ သာသနာပဖြစ်စေ။ ဆောက်တည်၍ အမြဲစောင့်မူ။ ထိုသူကို၊သမာဒါနဝိရတိကြောင့်၊ သူတော်ကောင်းတရားနှလုံး၌တည်သဖြင့်။ နိစ္စသီလစောင့်သော သူတော်ကောင်း ပညာရှိဟုဆိုအပ်၏။မဆောက်တည့်ဘဲ၊တွေ့သောအခါမှ ရှောင်ခြင်းသည်။အနိစ္စသီလ၊ သမ္ပတ္တဝိရတိဖြစ်၍ သူတော်ကောင်း သာမည်။ပညာရှိမဟုတ်။ ။နေမြဲ၊ သွားမြဲ၊ လာမြဲ၊ ဝိရိုးဝိသား၊ သွားလာ စားသောက်နေထိုင်ခြင်းသည်။ သုသီလလည်းမခေါ်သင့်။ဒုဿီလလည်းမခေါ်သင့်။ လူသာမညဟူ၍သာခေါ်သင့်၏။ တရားကိုယ်အားဖြင့် မောဟဖုံးလွှမ်းသောသူဟူ၍ဆိုအပ်၏၊ပဝတ္တိအခါနေ့တိုင်းအကုသိုလ်တရားပွါးများရ၏။ ။ပါဏာတိပါတစသော ဒုစရိုက်အမြဲကျင့်မူ။နိစ္စဒုဿီလ။တရံတခါ မကောင်းကျင့်သောသူကို။ အနိစ္စဒုဿီလဟုမှတ်အပ်၏။ ခြသေ့ဆီသည် သိင်္ဂီရွှေခွက်၌သာ တည်သကဲ့သို့၊ သူတော်ကောင်းတရားသည်သူတော်ကောင်းမှါတည်၏။သူယုတ်ခါမှါ မတည်နိုင်ရာ။ လူသုံးပါးတို့ ကိုးကွယ်ထိုက် ကိုးကွယ်ရာဖြစ်သောဂုဏ်တော်အနန္တနှင့်ပြည့်စုံတော်မူသော။ ရတနာသုံးပါးကိုရိုသေစွာကိုးကွယ်ဆည်းကပ်ပူဇော်ခြင်းကိုပြုရာ၏။

သရဏဂုံအဆုံးအဖြတ်ပြီး၏။

အင်္ဂါငါးပါးနှင့် ပြည့်စုံသော သီလ၌ သူ အသက်ကိုသတ်

ခြင်းမှ ပယ်ခြင်းသည်။ ပဟာန သီလ မည်၏။ သူ့အသက်ကို သတ်ခြင်းမှရှောင်ကြဉ်ခြင်းသည်။ဝေရမဏီသီလမည်၏။ သူ့အသက်ကို သတ်ခြင်းမှ စောင့် စည်းခြင်းသည်။ သံဝရ သီလ မည်၏။ သူ့အသက်ကိုသတ်ခြင်းမှမလွန်ကျူးခြင်းသည်။အဝိတိက္ကမသီလမည်၏။ ဟူ၍ငါးပါးသောအနက်၊ငါးပါးသောအကျိုးရှိ၏။ ။အဗ္ဗိနိ္ဒဒါနိစသည်တို့၌လည်း။ပါဏာတိပါတကဲ့သို့မှတ်အပ်၏။ ။ထို့ကြောင့်၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌။ ။ပါဏာတိပါတဿပဟာနံသီလံ၊ဝေရမဏီသီလံ၊စေနာသီလံ၊ သံဝရောသီလံ၊အဝိတိက္ကမောသီလန္တိ ပဉ္စအတ္ထာ။အဗ္ဗိနိ္ဒဒါနာဒိသုပိဧသေဝနယော။ ။ဟုမိန့်အပ်၏။ ။အနက်ကားလွယ်၏။

ပါတိမောက်ကိုစောင့်စည်းခြင်းသည် ပါတိမောက္ခသံဝရသီလမည်၏။ စက္ခုန္ဒြေစသည်တို့ကိုစောင့်စည်းခြင်းသည်။သတိသံဝရသီလမည်၏။ အကုသိုလ်တည်းဟူသော ရေအလျဉ်ကို သတိတည်းဟူသောကန်ပေါင်ဖြင့် ဆည်းတားခြင်းသည်၊ သတိသံဝရ သီလမည်၏။ ကိလေသာတည်း ဟူသော ရေအလျဉ်ကို ပညာဖြင့် ပိတ်ဆို့ခြင်းသည်၊ဉာဏ သံဝရသီလမည်၏။ အချမ်းအပူစသည်တို့ကိုသည်းခံခြင်းသည်၊ ခန္တိသံဝရသီလမည်၏။ ကာမဂုဏ်တို့ကိုကြံခြင်းမှ လုံ့လပြု၍သည်းခံခြင်းသည်၊ဝိရိယသံဝရသီလမည်၏။ ။သီလသည်ရူပါရုံစသောအားဖြင့်ရင်း။ အညီအၫွတ်စသည်အားဖြင့်ရင်း။ များသောလေ့လာခြင်း လက္ခဏာရှိ၏။ ကိုယ်၊နှုတ်၊စိတ်တို့ဖြင့် စောင့်စည်းခြင်း။လွန်ကျူးခြင်းနှင့်မရောပြွမ်းမှု၍။ကောင်းသောလေ့ကျက်ခြင်း။ကပ်၍ဆောင်ခြင်း။ကုသိုလ်တရားတို့၏တည်ရာ၏အဖြစ်။ ချမ်းမြေ့ သော အနက်ရှိ၏။ ဒုဿီလကို ပယ်မြစ်ခြင်း။ အပြစ်မရှိသောအဖြစ်။မကောင်းမှုမှလန့်ခြင်း၊မကောင်းမှုမှရှက်ခြင်း သီလ၏ဖြစ်ခြင်းလျှင်အကျိုးရှိ၏။ သီလကိုဆောက်တည်ခြင်းကြောင့် နှစ်လိုဝမ်းမြောက်ခြင်းရှိ၏။အကုသိုလ်တည်းဟူသော

အညစ်အကြေးကိုသီလတည်းဟူသောရေဖြင့်ဆေးမှသာလျှင် စင်ကြယ်ရာ၏။ သီလ၏ပြည့်ရုံခြင်းကြောင့် မြတ်သောစည်းစိမ် ဥစ္စာရတနာတို့ကို ရသည်လည်းတပါး။ ကောင်းသောသတင်း ကျော်စောခြင်းလည်းတပါး။ ကောင်းသော နတ်မင်း၊ ပုဏ္ဏား၊ ရဟန်းပရိသတ်တို့မပြတ်ဆည်းကပ်သည်လည်းတပါး။ မတွေ မဝေ သေရသည်လည်း တပါး။ သေသော် သုဂတိဘဝကို ရသည်လည်းတပါး။ ဟူ၍ငါးပါးသော လောကီကုသိုလ်အကျိုး ကိုရ၏ဟုမြတ်စွာဘုရားဟောတော်မူ၏။ ။ကိလေသာတည်း ဟူသောမီးကို သီလတည်း ဟူသော ရေဖြင့် ငြိမ်းစေတတ်၏။ လောကဥ္စဖြစ်သောဘေး၊ သံသရာဥ္စဖြစ်သောဘေးတို့ကို ဆင်ခြင်၍မမေ့မလျော့ခြင်း၊ စောင့်ရှောက်ခြင်းသည်ပင်လျှင် သီလ မည်၏။ ။ထို့ကြောင့်မြတ်စွာဘုရားသည်။ ။အပ္ပမာဒေန ဘိက္ခဝေ သတိသမန္နာ သီလဝါဟောထ သမာဟိတာသင်္ကံ ပ္ပိတ္တံအနုရက္ခထ၊ စသည်ဖြင့်ဟောတော်မူ၏။ ။အနက်ကား နောက်ကပြခဲ့ပြီ။

သီလအကျိုးအပိုင်းအခြားဥ္စမရေတွက်နိုင်သောအဖြစ်ကိုပြ တော်မူပြန်လို၍။ ။သာသနေကုလပုတ္တာနံ၊ပတိဋ္ဌာနတ္ထိယံဝိနာ။ အာနိသံသပရိစ္ဆေဒံ၊တဿသီလဿကောဝဒေ။ ။ဟူမိန့်အပ် ၏။ ။သာသနေ၊သာသနာတော်ဥ္စ။ကုလပုတ္တာနံ၊အမျိုးကောင်း သားတို့အား။ ယံယေနသီလေန၊အကြင်သီလနှင့်။ဝိနာ၊ ကင်း၍။ ပတိဋ္ဌာ၊တည်ရာသည်။နတ္ထိ၊မရှိ။တဿသီလဿ၊ ထိုသီလ၏။ အာနိသံသပရိစ္ဆေဒံ၊အကျိုး၏အပိုင်းအခြားကို။ကော၊ အဘယ် မည်သောသူသည်။ဝဒေ၊ဆို၍ဆိုးနိုင်အံ့နည်း။ ။သူ့အသက် ကိုသတ်ခြင်းမှ ရှောင်ကြဉ် ရခြင်းသည် ဒေါသကို ပယ်သည် မည်သော ကြောင့်။ ကရုဏာ ရှေ့ထား၍ မေတ္တာ တရား ပွါး သည်မည်၏။မေတ္တာကိုလည်းပွားရာ၏။ ။ထိုကြောင့်အင်္ဂုတ္တိုရ် ပါဠိတော်ဥ္စ တဆဲ့တပါးသော အကျိုးတို့ကိုရကုန်၏ဟု ဟော တော်မူ၏။ ။သတိပညာ ရှေ့သွားကာဖြင့်။ သူတော်ကောင်း

တို့ဆုံးမလွယ်ခြင်း။ ဖြောင့်မတ်နူးညံ့သောစိတ်ရှိခြင်း။ ရောင့်ရဲလွယ်ခြင်း။မွေးမြူလွယ်ခြင်း၊ကိစ္စနည်းခြင်း။ ပေါ့သောအသက်မွေးခြင်း၊ငြိမ်သက်သောဣန္ဒြေရှိခြင်း။မကြမ်းတမ်းသဖြင့် ရဲရင့်သောပညာရှိခြင်း။ဝတ္ထုကာမဂုဏ်တို့၌မတပ်မက်မောခြင်းကိုဖြစ်စေကုန်ရာ၏။ ။တယောက်သည် တယောက်အားချုတ်ချယ်သောစကားကို ဆိုခြင်း။ ရန်ငြိုးကိုးပါးတို့တွင် တပါးပါးနှင့်အမျက်ထွက်ခြင်းကိုအလိုမရှိရာ။ငိုက်မျည်းခြင်းကင်းသည်ဖြစ်၍။ သတိသမ္ပဇဉ်နှင့်ယှဉ်လျက် အတိုင်းမသိသောသတ္တဝါတို့၌ မြတ်နိုးခြင်းနှင့် ယှဉ်သော မေတ္တာ စိတ်ဖြင့် အခါခပ်သိမ်းပွါးများစေရာ၏။ မှားသောအယူကို မယူမူ၍။ ပညာမျက်စိနှင့်ပြည့်စုံလျက်။ ဝတ္ထုကာမတို့၌ တပ်မက်မောခြင်း ကင်းသဖြင့်။ ပဋိသန္ဓေတဘန်မနေရရာ။ကာမဂုဏ်၌တပ်မက်မောသောကာမပါဒါန်စသည်တို့ကိုပယ်ဖျက်ရာ၏ဟု၊ မေတ္တာသုတ်၌ ပိဏ္ဍတ္ထအဓိပ္ပါယ်အကျဉ်းမှတ်ဘွယ်တည်း။

, သူ့အသက်ကိုသတ်ခြင်းမှရှောင်ကြဉ်ခြင်းသည်။ သမာဒါနဝိရတိ စေတနာသီလမည်၏။ ရှောင်ကြဉ်သောဝေရမဏီစေတနာ၊ သမာဒါန်ဝိရတိသည် ရန်အပေါင်းတို့ကို အောင်သောသူတော်ကောင်း ပညာရှိမင်းနှင့်တူ၏၊ ကာယဒွါရ၊ဝစီဒွါရ၊မနောဒွါရ၌ ဖြစ်စေ တတ်သော အတိပါတ ကာယကမ္မ နှသည်လက်မ ရှုံနှင့်တူ၏။ သတ္တဝါဖြစ်သော ပါဏသည် ရာဇဝတ်ရှိသူနှင့်တူ၏။မင်းသူလျှိုသည်ဝိညာဉ်နှင့်တူ၏။ မှတ်ခြင်းသည်သူလျှို၏သညာနှင့်တူ၏။ အာရုံသို့ရှေးရှုတင်တတ်သော ဝိတက်သည် သူလျှို၏ ဝိတက်နှင့်တူ၏။ အာရုံသို့ ရှေးရှု တင်၏ဟုဆိုသောလုံ့လသည် လက်မ ရှုံ၏ဝိရိယနှင့်တူ၏။သိခြင်းသည်မင်း၏စိတ်နှင့်တူ၏။ သိ၍ပညာဖြင့်ဆုံးဖြတ်ခြင်းသည် မင်း၏ပညာနှင့်တူ၏။ဥပမာအဘယ်ကဲ့သို့နည်းဟူမူကား။ ။အလွန်ရိုက်လှသော ပါဏမည်သောသူသည် သူ့အသက်ကို သတ်ခြင်းစသောကာယကမ္မ နှအမှုကိုပြု၍ တဦးသောသတ္တဝါသောသည်

ကို။ကာယဒွါရ၊ဝစီဒွါရ၊မနောဒွါရကိုဖြစ်စေတတ်သော။ ကာ
ယကမ္မဿ အတိပါတ လက်မဋ္ဌံနှင့်။ မင်း၏သူလျှိုနှင့် တူသော
စက္ခုပြိညာဉ်တို့က။ထိုသူကိုသတ်သောပါဏာကိုမြင်သဖြင့်။ဤ
ပါဏာကား အလွန်မိုက်စွ။ သူတပါး၏အသက်ကို သတ်သော
ရာဇဝတ်ကောင်ပါဏာကို။ ကာယကမ္မဿအတိပါတတည်းဟူ
သော လက်မဋ္ဌံစိတ်နှင့် သညာ သူလျှိုတို့က မှတ်၍၊ သူလျှိုပြ
တက်သည် အာရုံသို့ရှေးရှုတင်သဖြင့်။အာရုံသို့ရှေးရှုတင်၏ဟု
ဆိုသောလက်မဋ္ဌံပိရိယသည်ရာဇဝတ်ကောင်ပါဏာကိုသုံ့လဥ
သာဟအားထုတ်၍ပို့သောကြောင့်။ သူတော်ကောင်းပညာရှိ
မင်းနှင့်တူသောသမာဒါနပိရတိစေတနာသိလစိတ်ဖြင့် သိလေ
၏။သိသေါအခါ။ဇင်းရန်အပေါင်းတို့ကိုအောင်သော။စေတနာ၊
သမာဒါန၊ပိရတိဝေရမဏိ မင်းက ပညာဖြင့်ပိုင်းခြားဆုံးဖြတ်
သည်ကား။ ဤပါဏာမည်သော ဒုက္ခိတရာဇဝတ်ကောင်သည်
တပါးသောသူကို သတ်သောကြောင့်။ အလွန် မိုက်လေစွတ
ကား။ ရန်အပေါင်းကို အောင်သော ဝေရမဏိမင်းက၊ ပိရိယ
ဥသာဟအားထုတ်သောလက်မဋ္ဌံပိရိယကိုအပ်နှင်းလေက။ဤ
ပါဏာသည် သေခြင်းသို့ရောက်ရတော့မည်ဖြစ်သောကြောင့်။
ဒုက္ခိတသတ္တဝါ အပေါင်းကို မြင်သဖြင့် သနားခြင်းကရုဏာရှိ
သောငါမင်းဖြစ်လျက် အဘဲ့ကြောင့် သတ်ရတော့အံ့နည်းဟု။
ပါဏာကိုသနားကရုဏာဖြစ်၍။ သတ်ခြင်းတည်းဟူသောဘေး
မှလွတ်သဖြင့်။ အသက်အလှူမည်စေသတည်းဟု။ ဝေရမဏိ
မင်းက လက်မဋ္ဌကို မသတ်စေဘဲ ရှောင်ကြဉ်ခြင်းဖြင့် လွတ်
တော်မူခြင်းသည် သမာဒါနပိရတိဝေရမဏိ သိလမည်၏ဟု
မှတ်အပ်၏။သူတပါးအသက်ကိုငါမသတ်။ငါ့အသက်ကိုသတ်
စေဟု။ကိုယ်အသက်ကိုစွန့်၍ရှောင်ကြဉ်ခြင်းသည်။ ဒါနပါရမီ
မည်၏။ ဒါနမယပုညကြိယာ ဝတ္ထုလည်းမည်၏။ အရိယာသူ
တော်ကောင်းတို့သည်။ဒုစရိုက်မှကြဉ်သကဲ့သို့။ငါသည်လည်း
ကာယဒုစ္စရိတကမ္မဿကိုမပြုမူ၍ရှောင်ကြဉ်ခြင်းသည်သိလပါ

ရမိမည်၏။သီလမယကုသိုလ်လည်း မည်၏။ သတ်ခြင်းမှကြဉ်သဖြင့်လွတ်မြောက်ခြင်းသည်။နိက္ခမပါရမီမည်၏။လက္ခဏာရေးသုံးပါးကိုနှလုံးသွင်း၍ဘာဝနာမယကုသိုလ်မည်၏။ သူ့အသက်ကိုမသတ်ဟု။ပညာဖြင့်ဆုံးဖြတ်ပိုင်းခြား၍ကြဉ်ခြင်းသည်ပညာပါရမီမည်၏။ အရိုအသေပြု၍ကြဉ်ရသောကြောင့်။အပစာယနကုသိုလ်မည်၏။မသတ်မူ၍လုံ့လဥဿာဟဖြင့် ကြဉ်ရခြင်းသည် ဝီရိယပါရမီမည်၏။ ။လုံ့လ ပြု၍ ကြဉ်ရသောကြောင့် ဝေယျာဝစ္စ ကုသိုလ် မည်၏။ သူတပါးကို မသတ်ဘဲသည်းခံ၍ကြဉ်ခြင်းသည်ခန္တီပါရမီမည်၏။ ငါကဲ့သို့အများသူတို့ပုညရစေဟုနှလုံးသွင်းခြင်းသည် ပတ္တိဒါနကုသိုလ်မည်၏။ သူ့အသက်ကိုမသတ် ဖြောင့်မတ်သော သစ္စာဖြင့် ရှောင်ကြဉ်ခြင်းသည် သစ္စာပါရမီမည်၏။ ဝမ်းမြောက် ဝမ်းသာ ကြဉ်ရသောကြောင့်။ပတ္တာနုမောဒနကုသိုလ်မည်၏။ မိမိစောင့်သောသီလ မပျက်စီး စေရဟု မိဋ္ဌာန်ခြင်းဖြင့် ကြဉ်ရခြင်းသည် အဓိဋ္ဌာန် ပါရမီ မည်၏။ တရားတော် ကို အာရုံပြု၍ ကြဉ်ရသောကြောင့်၊ဓမ္မသဝနကုသိုလ်မည်၏။မသတ်မူ၍ချမ်းသာပါစေဟုမေတ္တာပြု၍ ကြဉ်ခြင်းသည်။မေတ္တာပါရမီမည်၏။။မပျက်စီးရကောင်းကောင်းကျင့်ဟုမိမိကိုဟောရ၍ ဓမ္မဒေသနာကုသိုလ်မည်၏။ သူ့ကိုမသတ်ခြင်းကြောင့် ကဲ့ရဲ့ချီးမွမ်း၍ ဝမ်းမနည်းဝမ်းမမြောက်ဘဲကြဉ်ရခြင်းသည် ဥပေက္ခာပါရမီမည်၏။ အယူဖြောင့်မတ်စွာ ဒိဋ္ဌိဇုဖြင့်ကြဉ်ရ၍ဒိဋ္ဌိဇုကမ္မမည်၏။ ။ဤသို့ဘုရားပစ္စေကဗုဒ္ဓာအရိယာတို့သည်ကျင့်တော်မူသော ပါရမီဆယ်ပါးနှင့်တကွ သုစရိုက်ဆယ်ပါးပါပြည့်စုံသည်ဖြစ်၍သတိပညာသဒ္ဓါတရားနှင့်ပြည့်စုံသောအာစာရပုတ္တကုလပုတ္တတို့သည် ငါးပါးသောသုတို့တွင် အလိုရှိအပ်သောဆုဖြင့်တောင်းလျက်၊ ထိုပါရမီဆယ်ပါးနှင့်တကွ။သုစရိုက်ဆယ်ပါးတို့ကို မကျိုးမပေါက် မပျောက် မကျား ကြိုးစား၍ စောင့်ရှောက် အားထုတ်ကုန်ရာ၏။သူ့အသက်ကိုသတ်ခြင်းမှရှောင်ကြဉ်ရသဖြင့်

ပါရမီဆယ်ပါး၊ပုညကြိယာဝတ္ထုဆယ်ပါးနှင့် တကွ မဂ်ဖိုလ်
နိဗ္ဗာန်တိုင်အောင်။ ဥာဏ်ရှေ့ဆောင်ကာ သူတော်စွာတို့သည်။
နောင်လာဖို့နှ၊မေတ္တေယျ၏။ပါဒခြေကို။ဖူးတို့ပါရ။သတ္တစွဖြင့်။
ရရာရကြောင်း၊ကောင်းမြတ်သော်ပုညတရားကိုအါးထုတ်ကုန်
ရာ၏။ ။ဤသို့သမာဒါနဝိရတိ၊ သံဝရသီလစသည်ကောင်းမှု
ပုညရကြောင့်။နှလုံး၏ကြည်လင်ခြင်းအဝိပ္ပဋိသာရဖြစ်၏။နှလုံး
ကြည်လင်သော်ပါမောဇ္ဇဝမ်းမြောက်ခြင်းဖြစ်၏။ ဝမ်းမြောက်
သော်နှစ်သက်ခြင်းပီတိဖြစ်၏။ ပီတိဖြစ်သော်ငြိမ်းခြင်း ပဿဒ္ဓိ
ဖြစ်၏။ ပဿဒ္ဓိဖြစ်သော် သုခဖြစ်၏။ ချမ်းသာသုခဖြစ်သော်သ
မာဓိဖြစ်၏။တည်ကြည်ခြင်းသမါဓိဖြစ်သော်ဟုတ်မှန်စွာဥာဏ်
အမြင်ယထာဘူတဥာဏ ဒဿနဖြစ်၏။ ယထာဘူတ ဥာဏဒ
ဿနဥာဏ်ဖြစ်သော်ပစ္စဝေက္ခနာဥာဏ်ဟုတ်မှန်စွာဖြစ်၏။ ယ
ထါဘူတပစ္စဝေက္ခနာဥါဏ်ဖြစ်သော်ငြိမ်းခြင်းဝိပဿနာဥါဏ်
တည်းဟူသောနိဗ္ဗိဒါဥာဏ်ဖြစ်၏။နိဗ္ဗိဒါဥာဏ်ဖြစ်သော် ရာဂ
၏ကင်းရာမဂ်ဥာဏ်ဖြစ်၏။မဂ်ဥာဏ်ဖြစ်သော် ဖိုလ်ဥာဏ်ဖြစ်
၏။ ဖိုလ်ဥာဏ်ဖြစ်သော် မဂ်ဖိုလ်ကို ဆင်ခြင် တတ်သော ပစ္စ
ဝေက္ခနာဥာဏ်ဖြစ်၏။ မဂ်ဖိုလ် ပစ္စဝေက္ခနာ ဥာဏ် ဖြစ်သော်
ကမ္မဇရုပ်အကြွင်းမရှိသော ဝိမုတ္တိဥာဏဒဿနဖြစ်၏။ ဝိမုတ္တိ
ဥာဏဒဿနဖြစ်သော်ပရိနိဗ္ဗာနတ္ထုဖြစ်၏။ ဤကားတနည်းမှတ်
ရာဒေသနာ။ ။စိတ်၏ကမ္မဇရုပ်အကြွင်းမရှိကိလေသာမှလွတ်
ခြင်းကားမဂ်၏တည်ရာဖြစ်၏။ ။ဝိနည်းကိုဆိုရခြင်းကား။ထိုမဂ်
ဖိုလ်လျှင်အဆုံးရှိ၏။ ဆိုခြင်း တိုင်ပင်ခြင်းကြောင့်။ ပရိနိဗ္ဗာန်
လျှင်အဆုံးရှိ၏။လောကီသီလဟုဆိုအပ်သောဝိနည်းကိုမှီရခြင်း
ကြောင့်မဂ်ဖိုလ်အဆုံးရှိသောအကျိုးကိုရ၏။ လောကုတ္တရာသီ
လကြောင့်ဘဝမှထွက်မြောက်ခြင်းကိုရွက်ဆောင်နိုင်သော ဘဝ
နိဿဏဝဟာဖြစ်၏၊ ဘဝနိဿရဏ ဝဟာသည် ပစ္စဝေက္ခနာ
ဥာဏ်၏ဖြစ်ရာတည်ရာဘူမိ နိဗ္ဗာနဓာတ်လျှင်အဆုံးရှိ၏။ မြတ်
စွာဘုရား၏ဝိနယအဆုံးအမကိုမှီရသောကြောင့်မဂ်ဖိုလ်နိဗ္ဗါန်

ကိုရ၏။ အကြောင်းရင်းကား။ လောကီသီလ စသည်တည်း။ အကြောင်းပြားကား။ဘာဝနာမဂ်ဖိုလ်စသည်တည်း။ တနည်း။ ပစ္စည်းချည်း ဖြစ်ကြသည်။ ပစ္စယုပ္ပန်မရှိ။ တနည်း။ ပစ္စယုပ္ပန်ကြီ။ ပဋိစ္စသမုပ္ပါဒ်တရား၌စဥ်းစားကြရမည်။ ဒါန၊သီလ၊ ဘာဝနာခွဲ မရ ကောင်း။ မဂ်နှင့် ဖိုလ်ခွဲ မရ ကောင်း။ ဟုမှတ်ရာ၏။ ။ဘဝမှထွက်မြောက်ခြင်းကို ရွက်ဆောင်နိုင်သောတရားကားလောကုတ္တရာသီလ၊ လောကီသီလတရားနှစ်ပါးတည်း။ ဒုဋ္ဌာသီဒုက္ကဋ်စသောအာစာရသိက္ခာကို မေ့လျော့၍သော်ငင်း၊ ကျော်နင်း၍သော်ငင်း။ဘဗ္ဗတိဟိတ်ဖြစ်သော်လည်းမဂ်ဖိုလ်ကို မရနိုင်ရာ။ ပါတိမောက်စသည်ပြည့်စုံမှ မဂ်ဖိုလ်ကိုရရာ၏။ တနည်း။ ဒါနအစ၊သီလအလယ်၊ဘာဝနာအဆုံး။ တနည်း။ သီလအစ၊ဘာဝနာအလယ်၊မဂ်ဖိုလ်အဆုံး။ တနည်း။ဘာဝနာပရိကံအစ၊ပစ္စဝေက္ခနာဉာဏ်အလယ်၊ဖိုလ်အဆုံး။ တနည်း။ မဂ်အစ၊ဖိုလ်အလယ်၊နိဗ္ဗာန်အဆုံး။ တနည်း။သက်တော်ထင်ရှားရှိခိုက်အစ၊သာသနာကုန်၍ ဓာတုပရိနိဗ္ဗာန်တိုင်အလယ်၊ခန္ဓာအာယတနဓာတ်စသည်မရှိအနုပါဒိသေသနိဗ္ဗာန်သည်အဆုံး။ သီလ၊သမါဓိ၊ပညာ၊မဂ်၊ဖိုလ်၊ပစ္စဝေက္ခနာဉာဏ်စသည့်တို့ကိုခွဲခြမ်းစိတ်ဖြာ၍မရနိုင်ရာ။ဖြစ်လျှင်ပျက်မြဲ။လောကသင်္ခတ။ ။ဖြစ်လျှင်ချုပ်မြဲဘုန်မြဲ။ အသင်္ခတ။ အလုံးစုံသဘာဝဓမ္မကြီ။ ဆရာကွဲပြားအောင် ဆုံးဖြတ်ခြင်း၌ မတတ်နိုင်ချေ။ သဗ္ဗညုတဉ္ဉာဏ်တော်အရာသာ ဖြစ်ချေသည်။ အကာလိကောဟုဟောတော်မူ၏။ ။ဓမ္မော၊ ဆယ်ပါး သော တရားတော် သည်။ အကာလိကော၊အခါမလင့်။ ဥက္ကဋ္ဌတိဟိတ်။ဘဗ္ဗပုဂ္ဂိုလ်သည်လျှင်မြန်စွာခဏခြင်းမဂ်ဖိုလ်နိဗ္ဗာန်ကို ပေးစွမ်းနိုင်၏။ ။ရတ္တဝါဂ၊စေတနာ၊ သဒ္ဓါ၊သီလ၊ဘာဝနာ၊ဉာဏ်၊ ခန္ဓာအစု၊ပေါင်းစည်းပြုသော။ သဘာဝဓမ္မ၊ ဝေါဟာရကို။ သဗ္ဗညုတဉာဏ်တော်ဖြင့်သာ။ဝေနေယျာသို့လိုက်၍အမြိုက်နိဗ္ဗါန်ကယ်တင်ရာမှန်သောကြောင့်။ မုချ၊ဥပစာ၊ဌာန၊ဌာနီ၊ အလီလီသောပစ္စည်း

ပစ္စယုပ္ပန်သာဟုတ်၏။ ။သူအယူမမှန်။ ကျမ်းဂန်ဓမ္မ၊ဝိနယ
ဖြင့်။ပြော၍မကုန်။ အဝိဇ္ဇာနှင့်တဏှာမူလ။ သံသာရတွင်၊ခန္ဓာ
အာယတန၊ဓာတ်ပုတိ။ မောဟမှောင်ဘိကြွံသော။အညာဏ
မျက်စိဖြင့်။သိယောင်တမူ။ ဟန်ဆောင်သူပေါ်များ။အရဟတ္တ
ဖိုလ်။ဉာဏ်သုံးပါးမှသာလျှင်ပိုင်းခြား၍သိနိုင်ရာတော့မည်။ ။
ထို့ကြောင့်။ ဥပါသကာ၊ဥပါသိကာအပေါင်း သူမြတ်လောင်း
တို့သည်။ကောင်းကောင်းကြီးပညာကိုရှေ့ထား၍ ကြိုးစားကြ
ရာ၏။

၅၇ကားလောကီသိလ၊လောကုတ္တရာသိလ၏အကျိုးတည်း။ ။
သရုပ္ပရာရေကားနည်းသေး၏။သီလစသည်၏အကျိုးအာနိသင်
ကိုပြရမည်ကားအလွန်များပြား၍အကျဉ်းမျှကိုသာပြပေအံ့။

ဥတ္တရကုရုကျွန်းသားတို့သည်ပြကတေ့ဘံ၏သဘောအား
ဖြင့်ငါးပါးသီလ မြဲသောကြောင့်။ မြောက်ကျွန်းမှ ရတော့သော်
စတုမဟာရာဇ်။စတုမဟာရာဇ်မှရတော့သော်မြောက်ကျွန်း။ အ
နှစ်ငါးရာစိအသက်ရှည်ကုန်၏။ ။တောင်ကျွန်းမှာကားဘော်
လွှဲဘောက်ပြန်။ ကုသိုလ်ကံကြီးက အသခေျှယျ။ ကုသိုလ်ကံ
နည်းကတခဏ။ဗုဒ္ဓဘုရားပွင့်ရာ။ ကမ္ဘာကျွန်းမြတ်။ နတ်နှင့်လူ
ပါ။ကြွင်းသေသာနှင့်။ သတ္တဝါအပေါင်း။ဆုတောင်းပါရမီ။အ
ထိလိကြောင့်။အဖြောင့်မှန်ရာ။နိဗ္ဗာနသို့။လျင်စွာရောက်တော်
မူကြကုန်၏။ ။ထို့ကြောင့်ပိသုဒ္ဓိမဂ်အဋ္ဌကထာ၌။ ။ဥတ္တရ
ကုရုကာနံမနုဿာနံအဝိတိက္ကမောပကတိသိလံနာမ။ ။ဟုမိန့်
တော်မူ၏။ ။ဥတ္တရကုရုကာနံ၊ဥတ္တရကုရုကျွန်း၌နေကုန်သော။
မနုဿာနံ၊လူတို့၏။အဝိတိက္ကမော၊မလွန်ကျူးခြင်းသည်။ပက
တိသိလံနာမ၊ပကတိသိလမည်၏။ ။ပညာဝိက။သမ္ဗုဒ္ဓ၏။
ထွန်းပဝင်းရာ။ သာသနာတွင်။ လူပညာနှင့်။ သရုပ္ပရာ။ထေရ်
သဃ်ာတို့။မချိုပညာ။ ရှိကြပါ၍။လောဘဒေါသ။မောဟပယ်
ခွါ။ဝိပလ္လာဒိမ္မိ။ မရှိမာန။ငါးဝဥ္စြောင့်ကြီး။ ကျွတ်လုနီးကို။အား
ကြီးပညာ။ စေတနာဗလဝ။မြတ်ပုညဖြင့်။ နတ်မှသာလျှင်။သုခ

ချမ်းဧး။ ဘေးလွတ်ရာဠာဝရ။ ပြည်ခေမာ နိဗ္ဗာနသို့။ ရချကြီး ရောက်ကြရမည်။ ။ပါဏာတိပါတာဝေရမဏိဒ္ဓိ။ ။ကံ သုံးပါး၊ဒွါရသုံးပါး၊အင်္ဂါငါးပါး။ပယောဂခြောက်ပါးရှိ၏။ ။ သူ့အသက်ကိုမသတ်လို။ မည့်ဦးပန်းလိုသော စိတ်သည်။ မ နောကံ၊မနောဒွါရမည်၏။ ။သူ့အသက်ကိုကိုယ်ဖြင့်မကျူး လွန်ခြင်းသည်။ကာယကံ၊ကာယဒွါရမည်၏။ ။သူ့အသက် ကိုသူတပါးကိုသတ်ချေဟုနှုတ်ဖြင့်မစေမကျူးလွန်ခြင်းသည်။ ဝစီကံ၊ ဝစီဒွါရမည်၏။ ကံသုံးပါးဒွါရသုံးပါးသတ္တဝါမှန်၏ဟု သိ၏။သတ္တဝါဟုအမှတ်လည်းရှိ၏။ သတ်လိုသောစိတ်လည်းမ ရှိ၊ လုံ့လဥဿာဟလည်းမပြု။ သတ္တဝါလည်းမသေ၊ အသက် ရှည်စွာနေရ၏။ ။ဤကားကောင်းသောအင်္ဂါငါးပါး။

သာဟတ္ထိက၊ မိမိကိုယ်တိုင် ကိုယ်နှုတ် စိတ်တို့ဖြင့် မလွန် ကျူး။ အာဏတ္တိက၊ သူတပါးကိုကိုယ်နှုတ် စိတ်တို့ဖြင့်မလွန် ကျူးစေ။ ပယောဂခြောက်ပါး။ ။ဝိရတိသီလချည်းဟုမှတ် အပ်၏။ ။ဤသို့မကျူးလွန်၍ရှောင်ကြဉ်ရာ၌။ ။သမ္ပတ္တဝိရ တိနှင့်တဒင်္ဂပဟာနတူ၏။ ။သမာဒါနဝိရတိနှင့် ဝိက္ခမ္ဘနပ ဟာန တစိတ် ဥပမာတူ၏။ တွေ့သောအခါမှ ကြဉ်ခြင်းသည် သမ္ပတ္တဝိရတိမည်၏။ ဆောက်တည်၍ ကြဉ်ခြင်းသည် သမာ ဒါနဝိရတိမည်၏။ အကြွင်းမဲ့ဖြတ်၍ ကြဉ်ခြင်းသည် သမုစ္ဆေ ဒဝိရတိမည်၏။ရှောင်ကြဉ်ရာ၌ အပ္ပကတ္တကံကား ကုသိုလ်အ ကျိုးပေးနည်း၏။ဗဟုအတ္တကံကားများစွာအကျိုးပေးသောကံ မည်၏။ ရှောင်ကြဉ်ခြင်းသီလသာလျှင်မြတ်၏။ အကျိုးရှိ၏။ထို ကြောင့်အဋ္ဌကထာ၌။ ။မောဃောဇာတိစဝဏ္ဏောစ၊သီလမေ ဝကိရုတ္တမံ။သီလေနအနုပေတာသ၊သုတေနတ္ထောနဝိဇ္ဇတိ။ ။ဟု မိန့်တော်မူ၏။ ။ဇာတိစ၊အမျိုးမြတ်ခြင်းသည်ရင်း။ဝဏ္ဏောစ၊ အဆင်းလှခြင်းသည်ရင်း။ ဣာသရိယဥ္စ၊ အစိုးရခြင်းသည်ရင်း။ မောဃော၊အချည်းနှီးသာတည်း။သီလမေဝ၊သီလသာလျှင်။ဥတ္တ မံကိရ၊မြတ်သတတ်။သီလေန၊ သီလနှင့်။အနုပေတဿ၊ပြည့်စုံ

သောသူအား။အဋ္ဌော၊အကျိုးသည်။နုပိဇ္ဇတိ၊မရှိ။ ။အကြင်ပညာရှိအပေါင်းသူတော်ကောင်းတို့။ နားခွောင်းလက်ကောက်စသောအဝတ် တန်းဆာ တို့သည် အချည်းနှီးဖြစ်၍ ဒါနသီလဘာဝနာတည်းဟူသောတန်းဆာကိုဆင်မှသာလျှင်။ နိဗ္ဗာန်ခွင်သို့လျင်မြန်စွာရောက်ကြရမည်။ ။အဒိန္နဒါနာဝေရမဏီ။ ။တနည်း၊အဒိန္နာဒါနာဝေရမဏိ ံသိက္ခာပဒံသမာဒိယာမိ၊ဟူ၍ဆောံတည်အပ်၏။ ။သမာဒါနုပိရတိ။ ။ဂဟဋ္ဌသီလတို့၌တပေါင်းတည်းဆောက်တည်သည်ဖြစ်စေ၊ ခြား၍ ဆောက်တည်သည်ဖြစ်စေ၊လွန်ကျူးသောသိက္ခာပုဒ်သည်ပျက်၏။ အင်္ဂါနှင့်ပြည့်စုံလျှင်အပါယ်ဘုံ၌ပဋိသန္ဓေအကျိုးနှင့်တကွပေးတတ်၏။ အင်္ဂါနှင့်မပြည့်စုံလျှင်။ နောင်ပဝတ္တိအခါမှအကျိုးပေး၏။ ထိုကြောင့်မြတ်စွာဘုရားသည်။ ။ပါဏာတိပါတသာဘိက္ခဝေ ယောဘုယျေနနိရယသံဝတ္တနိကာပေတ္တိသံဝတ္တနိကာ အသုရကာယသံဝတ္တနိကာ၊ဣဒံပါဏာတိပါတဿဒေါသကာ။ ။ဟုဟောတော်မူ၏။ ။ဘိက္ခဝေ၊ရဟန်းတို့။ပါဏာတိပါတဿ၊သူ့အသက်ကိုသတ်သောသူအား။ယောဘုယျေန၊များသောအားဖြင့်။နိရယသံဝတ္တနိကာ၊ငရဲဘုံ၌ ဖြစ်စေတတ်ကုန်၏။တိရစ္ဆာန သံဝတ္တနိကာ၊တိရစ္ဆာန်ဘုံ၌ ဖြစ်စေတတ်ကုန်၏။ပေတ္တိသံဝတ္တနိကာ၊ပြိတ္တာဘုံ၌ဖြစ်စေတတ်ကုန်၏။ အသုရကာယသံဝတ္တနိကာ၊အသုရကာယ်ဘုံ၌ဖြစ်စေတတ်ကုန်၏။ ဣဒံ၊ ဤသို့ဖြစ်ခြင်းကား။ ပါဏာတိပါတဿ၊ သူ့အသက်ကိုသတ်သော သူ၏။ဒေါသကာ၊အပြစ်တို့တည်း။ ။ဤသို့အဒိန္နာဒါန်၊စသည်တို့၌လည်း။ဤနည်းကဲ့သို့ဘုရားဟောတော်မူ၏။အဒိန္နာဒါနစသောသိက္ခာပုဒ်တော်များကို ဆောက် တည်၍ မြဟ္မစိုရ်တရား လေးပါးနှင့်လည်းပြည့်စုံ၏။သမ္မာဝါစာ၊သမ္မာကမ္မန္တ၊သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိပ္ပ၊ သမ္မာသတိ၊ သမ္မာသမာဓိနှင့်လည်းပြည့်စုံ၏။ စက္ခုန္ဓေစသောကြွင်းသောတရားတို့နှင့်လည်းပြည့်စုံသည်သာတည်း။ ။သာသနာတော်၏အတွင်းဖြစ်၍သရ

ထာဂုံသုံးပါးနှင့်တကွ။ ငါးပါးသော သိလတော်မြတ်တို့ကို မ ပြတ်ဆောက်တည်ကုန်သော သူတော်ကောင်းတို့သည်သုံးပါး သောချမ်းသာကို ဧကန်မုချရရာ၏။ ခါးမှာအဝတ် ဝတ်သကဲ့ သို့။ ငါးပါးသောသိလတော်မြတ်ကို။မပြတ်ဥဿာဟစွဲ၍မြဲစေ လိုသောကြောင့်။ဝိသုဒ္ဓိမဂ်ပါဠိရာဇဖိကာဏ် အဋ္ဌကထာတို့၌။ ။ နိစ္စသိလဝသေနပဉ္စသိက္ခာပဒါနိ။ဟုမိန့်တော်မူအပ်၏။ ။ပဉ္စ သိက္ခာပဒါနိ၊အင်္ဂါငါးပါးနှင့်ပြည့်စုံသောသိက္ခာပုဒ်တို့ကို။ နိစ္စ သိလဝသေန၊အမြဲစောင့်သည့်၏အစွမ်းအားဖြင့်။ဝါ၊အမြဲစောင့် ရှောက်သဖြင့်ရှောင်ကြဉ်အပ်၏။ဝါ၊ ဘယ်ကမ္ဘာ မဆို ဘုရား ပွင့်သော်ရင်း။မပွင့်သော်ရင်း။အမြဲရှိခြင်းကြောင့်။မိမိသည်ခါး ဝတ်ကဲ့သို့အမြဲစောင့်အပ်၏။ ။နိယာမဓမ္မ၊ ဤနိစ္စကို။ မြဲမှရ မည်။သို့ဖြစ်သည်ကြောင့်။ မဓာဟမမြွှောင်။သတိဆောင်ကာ။ အားထုတ်ရာ၏။တနည်း။ ။သတိဝါဥဿာဟောဒသ၊ ဥပေါ သထင်္ဂဝသေန အဋ္ဌာတိ ဇ္ဇာဒ်ဂဟဋ္ဌသိလံ။ ။ဟုမိန့်တော်မူ ၏။ ။ဥဿာဟော၊စွမ်းနိုင်သည်။သတိ၊ရှိသော်။ဒသဝါ၊ဆယ် ပါးသိလတို့ရင်း။ဥပေါသထင်္ဂဝသေန၊ဥပုသ်အင်္ဂါအစွမ်းအား ဖြင့်။ အဋ္ဌဝါ၊ ရှစ်ပါးသော သိလ တော် မြတ်တို့ရင်း။ ဇ္ဇာတိ ဇ္ဇာဒ်၊ ဤ ဆိုအပ်ခဲ့ပြီးသည် ကား။ ဂဟဋ္ဌသိလံ၊ လူတို့စောင့်အပ် သော သိလ မည်၏။ ။သရဏာဂုံ သိလ သည် သာသနာ တော်အတွင်း မြဲသော သိလ ဖြစ်၍ အမြဲပါရာ၏။ ရှစ်ရက်သ တင်း လပြည့်လကွယ်။ ဘုရားဟောတော်မူသော ကာလပရိ ယန္တ စသည် ကိုသာ ဥပေါ် သထင် ဥပုသ်ကို အားထုတ်ကြ ပါကုန်။ ကြွင်းသော နေ့ရက်တို့ကိုမူကား။ ငါးပါးနှင့် ဆယ်ပါး ကိုအမြဲစောင့်ရာ၏။ လျှော့မိန္တာ။ သာလျှင်ဒိဋ္ဌ။ ဝိပလ္လာသဖြစ် ကြ၏။ အပိုအကြိုးကား လိုရင်း မဟုတ်။ စတုဒ္ဒသိ ပန္နရသိတိ ဥပေါသထဒိဝသေတိပါဠိ့ဆွာ။ ။မြတ်စွာဘုရားတရားတော် ထက်လွန်၍။ငါသည်ယနေ့ဥပုသ်ဆောက်တည်သောကြောင့်။ ကာလဝိကာလ၌ထမင်းမစားရေမသောက်ကွမ်းမစား စသည်

ဖြင့်ဘောက်ပြန်၍ ကျင့်သောကြောင့်။ ဒိဋ္ဌိဝိပလ္လာသ ဖြစ်ကြမည်။ ၇စ်ရက်သိတင်းလပြည့်လကွယ်။ တလ လေးသိတင်းမယွင်းစေရ၊သရဏဂုံနှင့်တကွ။ ဥပေါသထဂ် အနိစ္စသီလ၊ဗုဒ္ဓဟောထါးပိုင်းခြားအပ်သေါကာံလပရိယန္တ၌မမှားအောင်ကျင့်ဆောင်တော်မူကြပါကုန်။ ။ဤမှတ္တြင်းရာရက်များစွာ၌သရဏဂုံနှင့်တကွ။ ငါးပါးသီလ၊သရဏဂုံနှင့်တကွ။စွမ်းနိုင်ကလျှင်။ရုတင်နှစ်ပါး။ဆယ်ပါးသီလအားထုတ်ကြ။စဉ်းစား၍ဆင်ခြင်ကြပါကုန်။ ။ဘုရားဟောတော်မူသည်ထက်လျှော့၍။ဝိကာလ၌အကြောင်းမရှိဘဲအကြောင်းလုပ်၍။ဆေးသောက်ခြင်း၊ ကွမ်းစားခြင်းစသော။ ကာယ ပယောဂ၊ ရတနာ သုံးပါးဂုဏ်သမထဝိပဿနာ ဘာဝနာမှတပါး အခြားသော မိစ္ဆာသက်ပ္ပဖြင့် နှလုံးသွင်း သော။မနော ပယောဂ။ ဤပယောဂများကိုရှောင် ၇ှားမှ။ တရား နှင့်ညီစွာ။ ကုသလာ ကြောင့်။ အဖြောင့် နိဗ္ဗာန်။ ရောက်ကြောင်းမှန်၏တည်း။ ။အဒိန္နာဒါနာဝေရမဏိ၌။ ပါဏာတိပါ တသိက္ခာ ပုဒ်ကဲ့သို့။ ကံသုံး ပါး၊ ဒွါရသုံးပါး၊ အင်္ဂါငါးပါး၊ပယောဂခြောက်ပါး၊ ပါရမီဆယ်ပါး၊ ပုညကြိယာဝတ္ထုဆယ်ပါး၊ ကြွင်းသော တရား အပေါင်းပါ ပြည့် ရုံကုန်ရာ၏။ သိဟိုဠ်ကျွန်းမရုရရွာ။တံငါကျေးကုံသားသည်။သေခါနီးတွင်။ ရှုဋ္ဌပိဏ္ဍပါတိကတိဿမထေရ်သည် သရဏဂုံသီလကိုဟောပြသည့်အဆုံး၌ ရတော့လေသော်။ စတုမဟာ ရာဇ်နတ် ပြည်၌ဖြစ်ကြောင်းကို၊ဧင်းချုဒ္ဒကနိကာယ်၌ဆို၏။ ။တရော့တဆဲ့၇စ်ကမ္ဘာထက်၌။ အနောမဒဿီမြတ်စွာ ဘုရား၏ အဂ္ဂသာဝကနိသဘမထေရ်အထံ၌ သရဏဂုံဆောက်တည် သော။တိသရဏဂမနိယ မထေရ်အလောင်းသည် အပါယ်လေးပါး မလားမူ၍။ လူမင်းနတ် မင်းတို့၏ စည်းစိမ်ချမ်းသာကို ကြိမ်ဘန်များစွာခံစား စံစားပြီမှ။ ငါတို့မြတ်စွာဘုရား လက်ထက်တော်၌သူဌေးသားဖြစ်၍ ခုနစ်နှစ်အရွယ်ကပင်၊ ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်၍ နိဗ္ဗာန်မင်္ဂဖိုလ်ကိုမျက် မှောက်ပြုရ၏။ ။သာသနာပ၌

ငါးပါး သီလ ဝါရိတ္တကြောင့်။ လူ့ရွာ နတ်ထံကြွိမ် ဘန်များစွာ စံစား ပြီးမှ။ ငါတို့ ဘု ရား လက် ထက် တော်၌ ဆဋ္ဌာ ဘိည ပတ္တ၊ ရဟန္တာ အဖြစ် သို့ရောက်၍ နိဗ္ဗာန်ကို မျက်မှောက် ပြုရ ၏။ ။သာသနာပ၊ ဝါရိတ္တကြောင့်။ ကုဝေရ၊ ဝေဿဝဏ်နှစ် မည် ရသော နတ်မင်း ကြီးသည်။စတုမဟာရာဇ်ဘုံ၌ ဖြစ်၏။ ပဉ္စသီလ သမာဒါနိယ မထေရ် အလောင်းသည်၊ ၎င်းနိသဘ မထေရ်ထံ၌ပဉ္စသီလခံယူ ဆောက်တည် ရသောကြောင့် အ ပါယ်မလားဘဲ၊သုဂတိဘုံ၌ခံစားစံစားပြီးမှ။ငါတို့ဘုရား လက် ထက်တော်၌ဆဋ္ဌာဘိည။ပတ္တရဟန္တာအဖြစ်သို့ရောက်၏။ ။ ပဉ္စင်္ဂသီလ ဝါရိတ္တကြောင့်။ မဂ္ဂဖလ၊ ရသောသူကားအင်္ဂုလိ၊ ဇာနုကာ၊ ဗုဒ္ဓရထ၊ မဟာရထ၊ အနေကဝဏ္ဏ၊ သိကြားစသောအား ဖြင့်များပြားကုန်၏။ ငါတို့မြတ်စွာဘုရားလက်ထက်။ ဆတ္တမာ ဏဝသည်သရဒ္ဓာရာ၌လှေသင်္ဘောနစ်၍ ဗုတိကြသော်သင်္ဘော သားဆရာနှင့်တကွ။မြတ်သောသီလကြောင့်၊ တာဝတိံသာ၌ ဖြစ်ရကုန်၏။ ။ကိုးဆဲ့တကမ္ဘာထက်။ဝိပဿီဘုရားအထံ၌ ဥပုသ်ဆောက်တည်ရာ အိမ်ကျွန်မတယောက်သည်။ တနေ့မျှ ဥပုသ်ဆောက်တည်ရ၍ငါတို့ဘုရားလက်ထက် သူဌေးသမီးဖြစ် သဖြင့်၊ ခုနစ်နှစ်အရွယ်က၊ ဥတ္တမထေရီရဟန္တာမ ထင်ရှားစွာ ဖြစ်လေ၏။ဟုထေရီအပဒါန်၌ လာ၏။ ဝိသာခါ၊ မဟာအနာထ ပိဏ်၊ စူဠအနာထပိဏ်၊ စိတ္တသူကြွယ်။ဥဂ္ဂသူကြွယ်၊ ဟတ္ထာလ က၊ မဟာကာလ၊ သိရိဝဍ္ဎန၊ ဆတ္တပါဏိ၊ စသောသူ။ ယုန်၊ ဖျံ၊ မျောက်၊ မြေခွေးစသောတိရစ္ဆာန်အပေါင်းတို့သည် ရှစ်အင်္ဂသီ လ။ဒသင်္ဂကြောင့်။ မဂ္ဂ။ဖလ။ နိဗ္ဗာနရကြကုန်၏။ ။အနာထ ပိဏ်သူဌေးသူရင်းငှားသည်၊ မွန်းလွဲခါနီးတဝက်သောဥပုသ် ကြောင့်။ ဟိမဝန္တာတောစ၊ ပြည်ညောင်ပင်၌။ရုက္ခစိုးနတ်မင်း ဖြစ်လေ၏။ဗာရာဏသီပြည်သားပုရောဟိတ်ပုဏ္ဏားသည်။ တ ဝက်သောဥပုသ်ကြောင့်။ဟိမဝန္တာတောစသရက်ပင်၌ ဝေမာ နိကနတ်သားဖြစ်လေ၏။ ဤသို့ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလ

များ ကြောင်း သုံးပါး သုခ။ ချမ်းသာ ရသည်။ မုချ မလွဲ ရ၏ တည်း။

အဇ္ဈတ္တဒ္ဒါနှာ၊ အရှင်သည်ကိုယ်နှုတ်ဖြင့်မပေးအပ်သောသူ တပါးတို့၏ ဥစ္စာကို။ နှစ်သဲ့ငါးပါးသောခိုးခြင်းတို့တွင်တပါး ပါးသောခိုးခြင်းကိုမှု၊မခိုးယူမှု၍။ဝေရမဏီ၊ ရှောင်ကြဉ်ပါ၏။ ဝေရမဏိ၊ရှောင်ကြဉ်ကြောင်းဖြစ်သော။သိက္ခာပဒံ၊ မြတ်စွာ ဘုရားသည်ပေါကြားညွှန်ပြ။ဆုံးမပညတ်တော်မူအပ်သော။ ကျောက်ထီးကဲ့သို့ အလေး အမြတ် ပြုအပ်သော၊ အဇ္ဈတ္တဒ္ဒါနှ သိက္ခာ ပုဒ်တော် မြတ်ကို၊ သမာဒိ ယာမိ၊ ခံယူ စောင့် ရှောက် ဆောက်တည်ပါ၏ အရှင် ဘုရား။ ဝေရမဏိ၌၊ မလိုချင်ခြင်း သည်လောဘ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်ရင်း။အာရုံ၌ သမ္မုယုတ် တရားတို့၏ မမက်မောကြောင်း ဖြစ်သောကြောင့် ရင်း၊ မမက်မောတတ်မမက်မောခြင်းမျှသာဖြစ်၍ဖြစ်သော။ထို အလောဘသည်စိတ်၏ အာရုံ၌မမက်မောခြင်း လက္ခဏာရှိ၏။ တနည်း။ ကြာဘက်ပေါ်တွင် ရေမတင်သကဲ့သို့။မကပ်ငြိခြင်း လက္ခဏာရှိ၏။အာရုံပြု၍ဖြစ်သောအလောဘသည်ရေနှင့်တူ၏။ အာရုံသည်ကြာနှင့်တူ၏။ မကပ်ငြိခြင်းသည် ရေနှင့်ကြာမကပ် သည်နှင့်တူ၏။ ကိလေသာမှ လွတ်ပြီးသောရဟန္တာပုဂ္ဂိုလ်တို့ သည်အလုံးစုံအလိုမရှိသကဲ့သို့။ အလောဘသည် ငြိကပ်ခြင်း မရှိ။ ။ထို့ကြောင့်ဋီကာကျော်၌။ ။ရတ္တဘိက္ခုဝိယအလဂ္ဂ တာလက္ခဏော။ ။ဟုမိန့်အပ်၏။ သူကောင်ပုပ်ရေမစင် ပုပ်ရေ၌ ရောက်သောပိုးလောက်ကဲ့သို့မဟုတ်။ ရင်းအပုပ်ရေ၌ ရောက်သော သူကဲ့သို့ အလောဘသည် အာရုံ၌မငြိတွယ်ခြင်း လျှင် ဥာဏ်အားရှေးရှုထင်၏။ ။လောဘသည်။သူကောင်ပုပ် ရေ၊ မစင်ရေနှင့်တူ၏။ ထိုအပုပ်ရေမစင်ရေ၌ ရောက်သောပိုး လောက်နှင့်ကားလောဘအာရုံ၌တပ်မက်မောခြင်းငြိတွယ်ခြင်း လိုချင်ခြင်းရှိသောသူနှင့်တူ၏။အလောဘသည်ထိုကဲ့သို့မဟုတ်၊ လောဘ၌ ကပ်ငြိခြင်း မရှိသော ယောဂီပုဂ္ဂိုလ်၏ ဥာဏ်အား

ရှေးရှုထင်ခြင်းရှိ၏။ ကပ်ငြိခြင်း စသည်မရှိ၍ မိန္တာကမ္မ န္တမ
ဟုတ်။ သမ္ဘာကမ္မန္တကောင်းသော အမှု။ နူးညံ့သိမ်မွေ့မကြမ်း
တမ်းသောအမှုဟုမှတ်အပ်၏။မကြမ်းသော်အဒေါသဖြစ်၍အာ
ရုံ၌ မဆန့်ကျင်ခြင်း။ အဝိရောဓ။လက္ခဏာရှိ၏။ထို့ကြောင့်၊ မို
ကာကျော်၌။ ။အစဉ်ကြွလက္ခဏာ၊ဟုမိန့်၏။ကိုးပါးသောအာ
ဃာတဝတ္ထုကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏။ကိုယ်စိတ်၏ ပူပန်
ခြင်းကိုဖျောက်တတ်သောစန္ဒကူးနှင့်အဒေါသတူ၏။ ။တနည်း။
လူအပေါင်းတို့၏စိတ်ကိုဇေးကြည်စေသောလပြည့်ဝန်းနှင့်အဒေါ
သတူ၏။ ။အလောဘသည်သမ္ဘာကမ္မန္တ ဖြစ်၍။ကာယဒုစရိုက်
တို့ကို မကျူးလွန်ခြင်း လက္ခဏာ။ ကာယဒုစရိုက်တို့မှ ကြဉ်
ခြင်း။ကာယဒုစရိုက်ဝတ္ထုတို့မှတွန့်ဆုတ်ခြင်းကိစ္စ။မိန္တာကမ္မန္တ
ကိုပယ်ခြင်းလျှင်ဥာဏ်အားထင်ခြင်းရှိ၏။သဒ္ဓါ၊ဟိရိ၊ဩတ္တပ္ပ၊
အပ္ပိစ္ဆတာစသောဂုဏ်လျှင်နီးစွာသောအကြောင်းရှိ၏။ ။ထို့
ကြောင့် သူတော်ကောင်း ပညာရှိတို့သည် လိုချင်တတ်သော
လောဘ။ ကြမ်းတမ်းသောဒေါသ။ ရိုက်မဲတွေဝေတတ်သော
မောဟ။ မှန်ကင်းကဲ့သို့ထောင်လွှားတတ်သောမာန။ ဘောက်
ပြန်သောအားဖြင့်ယူခြင်းရှိသောဒိဋ္ဌိဝိပလ္လာသ။ဤတရားငါးပါး
တို့သည်သတ္တဝါတို့၌မပြတ်ရှုးသောဌြောင့်ငါးစင်းနှင့်တူ၏။ဤ
ငါးစင်းသော ဌြောင့်တို့ကို မလိုချင်တတ်သော အလောဘ။မ
ကြမ်းတမ်း၍နူးညံ့သောအဒေါသ။အရိုအသေပညာဖြင့်တရား
တော်ကို နာခြင်းသဂါရဝနိဝါတ။ ယောနိသော မနသိကာရ
အားဖြင့်ဖြောင့်မတ်စွာယူခြင်း ဒိဋ္ဌိဇုကမ္မတည်းဟူသော လက်
ငါးချောင်းနှင့် ကောင်းစွာ နုတ်သဖြင့်ယုံကြည်ခြင်းသဒ္ဓါ။ စေ့
ဆော်ခြင်းစေတနာ။ဗလဝဥဿာဟကြံ့ယာ၊ မဟာကုသလဥာ
ဏာသမ္ပယုတ် အသင်္ခါရိက သောမနဿ ပုည ဓောဝိတ္တုပ္ပါဒ်
တည်းဟူသောဆေးဖြင့်သုတ်လိမ်းမှပျောက်ငြိမ်း၍ချမ်းသာစွာ
ဘေးလွတ်ရ၍ခြာန ပြည်ခေမာနိဗ္ဗာနသို့။ မချဇေကန်။ ရောက်
ကြောင်းမှန်၏မလွဲတည်း။ ။သူတပါး၏ဥစ္စာကို။ လိုချင်တပ်

မကျမောခြင်းမရှိသော အလောဘသည်သမ္မာအာဇီဝမည်၏။ ထိုသမ္မာအာဇီဝသည် အထူးသဖြင့်ဖြူစင်သန့်ရှင်းခြင်းကာယ ဒုစရိုက်တို့မှမလွန်ကျူး မကျော်နင်းခြင်းလက္ခဏာ။ သင့်တင့်သော အသက်မွေးခြင်းကိစ္စ။ကာယဒုစရိုက်သုံးပါး ဝစီဒုစရိုက် လေးပါးမှ ကြဉ်ခြင်းကိစ္စ။ မိစ္ဆာအာဇီဝကိုပယ်ခြင်းလျှင်ယော ဂီ၏ဉာဏ်အားရှေးရှုထင်၏။သဒ္ဓါ၊ဟိရိ၊ဩတ္တပ္ပ၊ အပ္ပိစ္ဆတာစ သောဂုဏ်လျှင်နီးစွာသောအကြောင်းရှိ၏။ ။အသက်မွေးခြင်း ကိုမငဲ့ဘဲ၊ မိစ္ဆာကမ္မန္တကိုပြုခြင်းမှရှောင်ကြဉ်ခြင်းသည် သမ္မာ ကမ္မန္တမည်၏။ စီးပွားအလိုငှါပြုလုပ်၍ အသက်မွေး ခြင်းကိုငဲ့ သော။မုသိုးတံငါစသည့်တို့ကဲ့သို့။ကာယဒုစရိုက်သုံးပါး၊ဝစီဒုစ ရိုက်လေးပါးမှရှောင်ကြဉ်ခြင်းသည်သမ္မာအာဇီဝမည်၏။ ။ သမ္မာဝါစာမှ အသက်မွေးခြင်းကိုမငဲ့ဘဲ။ဝစီဒုစရိုက်လေးပါး ကိုပြောဆိုခြင်းမှကြဉ်ရှောင်သည်။ ။သာသနာတွင်းသာသနာ ပ နှစ်ဌာန၌။ငါးပါး၊ရှစ်ပါး၊ဆယ်ပါးသီလတို့ရှိကုန်၏။ ။သမ္ဗု တိသဃ်ာတော်၊ ၎င်း လူသီလဝန္တ ကလျာဏပညာရှိ၊ မိမိမာ ကျန်း၍ သွားနိုင်လောက်သောအရပ်မှာမရှိခဲ့သော်ရပ်ပွားဆင်း တုစသည်အထံ၌။ အရိုအသေပြု၍၊ သစ်သီးတလုံးပန်းတပွင့်စ သည်ဖြင့်ပူဇော်၍၊ မိမိဘာသာ တယောက်ထည်းဖြစ်စေ၊ အ များပေါင်း၍ ဖြစ်စေ၊ ခံယူဆောက်တည်အပ်၏။ ။မိမိမာန၊ ဒိဋ္ဌိဝိပလ္လာသ၊ စသော ကြောင့်တို့ကို။ ဂါရဝ၊နိဝါတ၊ ဒိဋ္ဌိဇုကမ္မ တည်းဟူသောလက်ဖြင့်နှုတ်၍၊သဒ္ဓါ၊ပညာ၊ ဝိရိယ၊ပုညတည်း ဟူသောဆေးကိုသုတ်လိမ်းမှသုံးပါးသောသုခကိုရကြမည်။ ။ ထို့ကြောင်ချုဒ္ဒကပါဌအဋ္ဌကထာ၌။ ။ဉပါသကေနပနအတ္တ နာဝါပရဿသန္တိကေဝါကေဏ္ဍ ဝါ ပဗ္ဗေကံဝါသမာဒိယန္တေ နသမာဒိန္နာနိဟောန္တိ။ ။ဟုမိန့်တော်မူ၏။ ။သမါဒိယန္တ၊သမာ ဒိန္နပုဒ်၌။ သမာသဒ္ဒါကိုနှလုံးကောင်းကောင်းထားရာ၏။ သို့ဖြစ် ၍လူသီလဝန္တပညာရှိ။ သမ္ဗုတိသဃ်ာတော်အထံ၌ သစ်သီးတ လုံးစသည်ဖြင့်ပူဇော်လျက်အရိုအသေခံယူဆောက်တည်အပ်

၏။ ။ထို့ကြောင့်၊သံဃေဒိန္နံမဟပ္ဖလံ၊ တချက်။ သံဃာသပူ
ဇံမဟာဘောဂဝဍ္ဎံ ။တချက်။ ရတနာနံပူဇံကရော။လ။ နိဗ္ဗာနံ
ပါပုဏာတိသဿန္တိ၊စသည်ဖြင့်ဟောတော်မူခြင်းကား အလွန်မြဲ၏။
အဘယ့်ကြောင့်ဆိုသော်။ယခုခေတ်၌သမ္မုတိ သဃာနှင့် ကလျာ
ဏတို့သည်လျှင် သာသနာ၏ စည်ပင်ပြန့်ပွါး များခြင်းကိုအလို
ရှိကြ၍ ဆုံးမပြောဟောခြင်းကို ပြုသဖြင့် အားထုတ် ကြပါပေ
သည်။ ကလျာဏပုဂ္ဂလောသေဝိတာပန္န သဒိသောယော၀။ ဟု
လာသောကြောင့်။ကလျာဏပုထုဇ္ဇဉ်လူပညာရှိတို့လည်း မြတ်
စွာဘုရား သာသနာ တော်မြတ်ကို စည်ပင် ပြန့်ပွါး များလေ
အောင်အလွန်ဆုံးမပြောဟောပဲ့ပြင်၍သောတာပန်နှင့် အလား
တူသောကြောင့် ပူဇော်အပ် ပူဇော်ထိုက် ရှိသေလေးမြတ်သင့်
ဆည်းကပ် သင့် ပေသည်။ ထို့ကြောင့်။ ။သဗ္ဘိရေဝသ
မာ သေထ၊ သဗ္ဘိကုဗ္ဗေထ သန္ထဝံ၊ သတံသဒ္ဓမ္မမညာယ၊ သဗ္ဗ
ဒုက္ခာပမုစ္စတိ။ ။ဟုမိန့်တော်မူ၏။ ။သဗ္ဘိရေဝသဗ္ဘိဧ၀၊
သူတော်ကောင်းပညာရှိတို့နှင့်သာလျှင်။သမာသေထ၊ နေ့ညဉ့်
မပြတ်ပေါင်းဘော်ယှဉ်တွဲမှီဝဲဆည်းကပ်ရာ၏။ ။(ဧ၀ဖြင့်။လူ
မလိမ္မာ၊ လူမိုက်၊ ကိလေသာရာဂအားကြီးသူလူငွား၊မိန်းမော
ခြင်း အားကြီးသူ၊ အမျက်ထန်သောသူ၊ လောဘ အားကြီး၍
ပြိတ္တာဘုံသို့ရောက်မည့် လူ့ပြိတ္တာ လူ့အန္ဓ စသည်တို့ကို ကန့်
လေ)။သန္တိ၊သူတော်ကောင်းပညာရှိတို့နှင့်။သန္ထဝံ၊ပေါင်းဘက်
ခြင်းကို။ကုဗ္ဗေထ၊ပြုရာ၏။သတံ၊သူတော်ကောင်းပညာရှိတို့၏။
သဒ္ဓမ္မံ၊ချီးမွမ်းအပ်သောတရားစကားကို။အညာယ၊သိ၍။ သဗ္ဗ
ဒုက္ခာ၊အလုံးစုံသောသံသရာဝဋ်ဆင်းရဲဝဲဩဃရေအရဉ်မှ။ ပ
မုစ္စတိ၊လွတ်မြောက်၍နိဗ္ဗာန်တည်းဟူသော ကမ်းတဘက်သို့
ရောက်နိုင်၏၊ဟုမိန့်တော်မူ၏။ ။ကာမေသုမိစ္ဆာစာရာ၊သူ့မ
ယားစသောသူအပေါင်းတို့ကိုမေထုန်သံဝါသစသောလွန်ကျူး
ခြင်းမှ။ဝေရမဏိ၊ခံယူစောင့်ရှောက်ဆောက်တည်ပါ၏ အရှင်
ဘုရား။ ။ဝေရမဏိဟူသောဝိရတိသည်ကာမဂုဏ်နှင့်တကွ

ကိလေသာအပေါင်းကိုပယ်သည့်မည်၏။ ကာမေသုမိစ္ဆာစာရ
ဌ်။ကာမပုဒ်၊ သတ္တမီဗဟုဝုစ်သုဝိဘတ်။ မိစ္ဆာပုဒ်၊ အာစာရပုဒ်။
ကာမဌ်သဒ္ဒပုလ္လိင်။တဗ္ဗာကိဳ်ခွဲ၍အတ္တဇ္ဇတ္တိလိင်။ ကာမေတိတိ
ကာမေ၊ဟု ကတ္တုသာဓနကိတ်ဝိဂြိုဟ်ပြု၍ကတ္တားဟော။ထိဝိ
ဘတ်ကေရစ်သချ်ာ။ကာမေဇ္ဇန္တူနဲ့တိကာမဂုဏာ၊ပြုလျှင်။ပဌ
မာယော ဝိဘတ်ကို အာပြု။ ဒုတိယာယော ဝိဘတ်ကို ဧပြု၍
ပုဂ္ဂိုလ်ရ၏။ဇ္ဇန္တိတဗ္ဗာတိ ဇ္ဇန္တာ၊ပြု။တနည်း။ ဒိဋ္ဌိဝိပလ္လာသေန
ဇ္ဇန္တိတဗ္ဗာတိမိစ္ဆာ၊ပြု။ ။စရဏံစရော၊ပြု။ စရိတဗ္ဗာတိအာစာ
ရာ၊ပြု။ကာမေသုဇ္ဇန္တာ ကာမိစ္ဆာ၊ပြု။ မိစ္ဆေန အာစာရာမိစ္ဆာစာ
ရာ၊ပြု။ တနည်း။မစ္ဆရိယေန အာစာရောမိစ္ဆာစာရော၊ပြု။သဒ္ဒါနည်း
ဖြင့်ကြီးသော်ကြံ၍မဆုံးနိုင်ရာ။ ။အနက်ကား။ ။ယာတ
ဗ္ဗာ၊ အကြင်တဗ္ဗာသည်။ ကာမေတိ၊အလိုရှိတတ်၏။ ဇ္ဇတိ
တဿာ။ ထို့ကြောင့်။ သာတဗ္ဗာ၊ ထိုတဗ္ဗာသည်။ ကာမော၊
ကာမမည်၏။ ယေပုဂ္ဂလာ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ကာမေ၊ခံ
စါးအပ်သောကါမဂုဏ်ငါးပါးတို့ကို။ဇ္ဇန္တူနဲ့၊မကောင်းသဖြင့်
အလိုရှိတတ်ကုန်၏။ဇ္ဇတိတဿာ၊ထိုကြောင့်။ကာမဂုဏာ၊ကာ
မဂုဏာမည်ကုန်၏။ ဝါ၊ကာမဂုဏ်တို့ကိုအလိုရှိသော ပုဂ္ဂိုလ်
တို့မည်ကုန်၏။ဇ္ဇန္တိတဗ္ဗာ၊လောဘအာရုံကာမဂုဏ်ဌ် ရုံရုံမက်
မက် နှစ်သက်သော မနောဝိဇ္ဇာပြဒ်ဖြင့် အလိုရှိအပ်၏၊ ဇ္ဇတိ
တဿာ၊ထိုကြောင့်။ဇ္ဇန္တာ၊ဇ္ဇန္တာမည်၏။ ကမ္ဗသာဓ်ဝိဂြိုဟ်။ဒိဋ္ဌိ
ဝိပလ္လာသေန၊မကောင်းကိုအကောင်းထင်သဖြင့်။သောမနဿ
သဟဂုတ်ဒိဋ္ဌိဂတသမ္ပယုတ်အသင်္ခါရိက။သတ္တလောဘ၊ ဇဝ
န၊ ယေ ဘုယျ၊ ပေတ္တိ လောဟကုမ္ဘီ၊ နိရယ၊ ပဝတ္တ၊ မနော
ဝိဇ္ဇာပြဒ်ဖြင့်၊ဇ္ဇန္တိတဗ္ဗာ၊အပ်၏။ဇ္ဇတိတဿာ၊ထိုကြောင့်။မိစ္ဆာ၊
၏။စရဏံ၊ မကောင်းသော မေထုန်သံဝါသ စသည် ကိုကျင့်
ခြင်း။ စရော၊ ကျင့်ခြင်း။ ။ဘာဝသာဓန။ ။စရိတဗ္ဗာ၊ မ
ကောင်းကို အကောင်း ထင်။ မဆင်ခြင် တတ်သော မော ဟ
ကြောင့်ကျင့်ရာ၏အပ်၏။ဇ္ဇတိတဿာ၊ကြောင့်။အာစာရာ၊ ကုန်

၏။ကာမေသု၊ ဝတ္ထုကာမ။ကိလေသာကာမတို့၌။ဇူ န္တာ၊အလိုရှိခြင်းတည်း။ကာမဇ္ဈာ၊ခြင်း။မိစ္ဆေန၊ရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊ရသာရုံ၊ဖေါဋ္ဌဗ္ဗါရုံတို့၌အလိုရမက်နှိပ်စက်သော အားဖြင့်။အာစာရော၊ သူမိုက်တို့သည် မေထုန် သံဝါသ၌ နှစ်သက် မြတ်နိုး ကောင်းကျိုးထင်မှတ်၍ကျင့်ခြင်း။မန္တုရိယေန၊ မိမိအလိုရှိအပ်သည်ကို သူတပါးအားဝန်တိုသဖြင့်။ သူတပါးပြုမည်။ သူတပါးရမည်။ သူတပါးစံစားမည်ကိုအလိုမရှိသဖြင့်။အာစာရော၊ ခြင်းတည်း။ မိစ္ဆာစာရော၊မကောင်းသဖြင့်ကျင့်ခြင်း။ဘာဝသာခနဟာမှတ်။ ။ ကာမဂုဏ်ငါးပါး၏ဥပမာသော်ကား။ ။အလုံးစုံအပုပ်ဟူသမျှနှင့်တူ၏။ထိုအပုပ်တို့ကိုအလိုရှိသောတိရ စ္ဆာန်တို့ကဲ့သို့။ ကာမဂုဏ်ငါးပါး၌အလိုရှိသောသူမိုက်တို့နှင့်တူ၏။ ကာမဂုဏ်ကို စွန့်ခွါ၍ ကောင်းသော တရားနှင့်ညီစွာ ကျင့်သော ကလျာဏ ပညာ သမ္ပုရိသနည်း ရဟန္တာတို့၏စိတ်နှင့်တူ၏။ ကလျာဏ ပညာရှိတို့ကဆိုဆုံးမသည်ကား။ သင်တို့ကားကာမဂုဏ်တို့၌ တပ်မက်မောခြင်း။လွန်ကျူးခြင်းမပြုလင့်။ ကာမဂုဏ်တို့သည် လောကသံသရာနှစ်ဖြာသော ဆင်းရဲခြင်းကိုဖြစ်စေတတ်၏။ ရင်ဝ၌စိုက်သောလှံနှင့်တူ၏။ လတ်တလော သေစေတတ်သောအဆိပ်နှင့်တူ၏။ ကျိုက်ကျိုက်ဆူသော ဆီပူနှင့်လည်း တူ၏။ကျိုက်ကျိုက်ဆူသောကြေးနီရေ၊သံရေပူနှင့်လည်းတူ၏။အလွန်ပြင်းထန်သော မြွေဆိပ်နှင့်လည်းတူ၏။ ထိုသို့အပုပ်၊ သံပူရေ၊အဆိပ်ရေစသော။လောကဒုက္ခ၊ဝုတ္တေသောအခါ၌ လည်းငရဲ၊တိရ စ္ဆာန်၊ပြိတ္တာ၊ အသုရကာယ်စသော သံသာရဒုက္ခ။၍ ဒုက္ခအပေါင်းမကောင်းသောဝဋ်မှ ကင်းလွတ်၍ နိဗ္ဗာန်ခွင်သို့ အလျင်တုတ်ချောက်ရောက်စေခြင်းငှါ။ ။ဗာလောသံသာရောဒိဃော။ အသေဝနာစဗာလာနံ။စသည်၌။ ။ဗာလော၊ သူမိုက်သည်။ သံသာရော-သံသာရေ၊သံသရာ၌။ဝါ၊ အပါယ်ဘုံ၌။ဒိဃော၊ရှည်၏။ ဗာလာနံ၊ သူမိုက်တို့ကို။ အသေဝနာစ၊ မမှီဝဲမူ ဆည်းကပ်အပ်သလျှင်ကတည်း။အပါယ်ဘုံစသည်တို့၌ ရှည်

စေတတ်သောသူမိုက်တို့ကို မပေါင်းဘော်အပ်။မမြင်စေအပ်။ မသိစေမကြားစေအပ်။စကားမပြောအပ်။စကားတုံ့မပြန်အပ်။ လောက၌ စီးပွါး ဆုတ်ယုတ်ခြင်း။ သံသရာ၌နစ်မွန်းခြင်း ဖြစ်သောကြောင့်။ သတိပညာရှေးသွားလျက် မမှားအောင်ရှောင်ကြဉ်၍။ ကြည်လင်စွာသံဝေဂရဖြင့်။ သုစရိတဓမ္မကို နေ့ညအား ထုတ်ပါကုန်ဟု ဆုံးမသြဝါဒပေးခြင်းတည်း။ ကာမပုပ္ပါဒါနိတ္တိ ကိုဖြတ်ရာ၏။

မသွားလာ အပ်သော နှစ်ကျိပ်သောမိန်းမ တို့ကိုလွန်ကျူး သောအရှင်အာနန္ဒာအလောင်း။ဒု-သ-န-သော်တို့ကဲ့သို့မဖြစ်စေ ရာ။ ။မိန်းမတို့ကလည်း။ကိုယ်ခင်ပွန်းမှတပါး။အခြားယောကျ်ား တို့၌ မလွန်ကျူးရာ။ ကာမဂုဏ်ကိုလွန်ကျူးခြင်း၌ အလွန်ကြီး စွာသောဆင်းရဲဒုက္ခ၊ ကာမဂုဏ်ကိုရှောင်ကြဉ်၍ နိဗ္ဗာနသုခရ ခြင်း၌၊ ။ရာဟုလောဝါဒသုတ်ပါဠိတော်၌။ ။ပဉ္စကာမဂုဏောဟိတွာ၊ ပိယရူပေမနောရမေ။ သဒ္ဓါယဃရာနိက္ခမ္မ၊ ဒုက္ခ သ္သန္တကရောဘဝ။ ။ဟုဟောတော်မူ၏။ ။ရာဟုလ၊ ချစ်သားရာ ဟုလာ။ပိယရူပေ၊ ချစ်အပ်သာယာအပ်သော ရုပ်ဟုဆိုအပ်ကုန် သော။မနောရမေ၊နှလုံးမွေ့လျော်ဘွယ်ရှိကုန်သော။ ပဉ္စကာမ ဂုဏေ၊ ငါးပါးသောကာမဂုဏ်တို့ကို။ဟိတွာ၊ စွန့်၍။သဒ္ဓါယ၊ သဒ္ဓါတရားဖြင့်။ဃရာ၊ကိလေသာတည်းဟူသော နှောင်အိမ်မှ။ နိက္ခမ္မ၊ ထွက်၍။ဒုက္ခသ္သန္တ၊ဆင်းရဲအဆုံးကို။ ကရော၊ပြုသည်။ ဘဝ၊ဖြစ်လော့။ ။ဤသို့သူ့အသက်ကိုသတ်ခြင်း၊သူတပါး၏ ဥစ္စာကို ခိုးယူခြင်း။မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း၊ ယစ်မျိုးတို့ကိုသောက်စားခြင်း၊ကာမဂုဏ်၌မကြမ်းတမ်းမလွန် ကျူးရာ။ လွန်ကျူးခြင်း၌ဆိတ်ကွယ်ရာမရှိသည့်အဖြစ်ကို။ ၊ ရင်းပါဠိတော်၌။ ။နတ္ထိ လောကေရဟောနာမ၊ပါပကမ္မံပကုဗ္ဗ တော၊ပဿန္တိ ဝနဘူတာနိ၊တံဗာလော၊မညတေရဟော။ ။ဟု ဟောတော်မူ၏။ ။လောကေ၊ လောက၌။ရဟောနာမ၊ ဆိတ် ကွယ်ရာမည်သည်။နတ္ထိ၊မရှိ။ပါပကမ္မံ၊မကောင်းမှုကို။ ပကုဗ္ဗ

တော၊ ပြုသောသူအား၊ ဝနဘူတာနိ၊တောစောင့်နတ်၊ တောင်စောင့်နတ် စသည်တို့သည်။ ပဿန္တိ၊ မြင်ကုန်၏။ တံ၊ထိုကာမဂုဏ်စသောမကောင်းမှုပြုရာအရပ်ကို။ဗာလော၊ မိုက်သောသူသည်။ရဟောနာမ၊ ဆိတ်ကွယ်ရာအရပ်မည်၏ဟူ၍။ မညတော၊မှတ်ထင်တတ်၏။

အပြဟ္မစရိယာ၊ မမြတ်သောအကျင့်ကိုကျင့်ခြင်းမှ။ ဝေရမဏိ၊ ရှောင်ကြဉ် ပါ၏။ ဝေရမဏိံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော။ သိက္ခာပဒံ၊သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏အရှင်ဘုရား။ ။အလိုရှိရာ။ ဆောက်တည်။ ကြိုးခြံစွာ နိဗ္ဗာန်ကို အာရုံပြု၍။ သစ္စာလေးပါးတို့ကို သိမြင်အောင်၊ မြတ်သော အကျင့်ကို ကျင့်ရာ၏၊ မိမိခင် ပွန်းနှင့်တကွ။ မသွားလာအပ်သော နှစ်ကျိပ်သောမိန်းမ။ အပြဟ္မစရိယာ၊ မသွားလာ အပ်သော ယောကျ်ားတို့ကို မလွန်ကျူးမူ၍ကောင်းစွာကျင့်ခြင်းကြောင့်။ ပြဟ္မစရိယ မည်၏။ ။ဤသို့ကောင်းမှုတည်းဟူသော မြတ်သောအကျင့်ကို မကြောက်ကြလင့်။မြတ်သောအကျင့်ကိုကြောက်လျှင်။လူနတ် နိဗ္ဗာန်သုံးတန်သောချမ်းသာကိုကြောက်သည်မည်၏ဟုပြတော်မူလို၍။ ။ပုညဿဘိက္ခဝေ မာဘာယိတ္ထ၊ ပုညံဘာယတော သုခံဘာယတိ နာမ။ ။ဟုဟောတော်မူ၏။ ။ဘိက္ခဝေ၊ရဟန်းတို့။ပုညဿ၊အကျင့်သီလစသည် တရားကုသိုလ်များကို။ မာဘာယိတ္ထ၊ မကြောက်ကြကုန်လင့်။ ဘိက္ခဝေ၊ ရဟန်းတို့၊ ပုညံ၊ ကို။ ဘာယတော၊ကြောက်သောသူအား။သုခံ၊ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊နိဗ္ဗာန်ချမ်းသာကို။ဘာယတိနာမ၊ကြောက်သည်မည်၏။ ။တရားနာပရိသတ် အပေါင်း သူတော်ကောင်းတို့။ ပြဟ္မစရိယ၊ စသည်တရား ကျင့်ဝဋ်များကို။ ကြိုးစား၍ အားထုတ် ကုန်ရာ၏။ ပုညတရားကုသိုလ်များကိုကြောက်သောသူသည် သုံးပါးသောချမ်းသာကို၊ကြောက်သည်မည်၏ဟု။ မြတ်စွာဘုရား၏တရားတော်အဓိပ္ပါယ်လာသည်။

ရသာဝါဒါ၊မဟုတ်မမှန်သောစကားကိုပြောဆိုခြင်းမှ။ဝေရမဏီ၊ရှောင်ကြဉ်ပါ၏။ဝေရမဏီ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော။ သိက္ခာပဒံ၊ သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ကောင်းစွာဆောက်တည်ပါ၏ အရှင်ဘုရား။ ။ဝေရမဏီ ဟူသော။ ဝိရတိသည် ဝတိဒုစရိုက် စသော ဒုစရိုက် ဆယ်ပါးကို မလွန်ကျူးခြင်း၊စောင့်စည်းခြင်း လက္ခဏာရှိ၏။ မကောင်းမှုမှစက်ဆုပ်ခြင်း၊ထိတ်လန့်တတ်ကြောက်တတ်သော ဟိရိဩတ္တပ္ပနှင့်လည်းပြည့်စုံ၏၊ ဟိရိသည် အဇ္ဈတ္တသန္တာန်ကို အကြောင်းပြု၍ဖြစ်၏၊ ဩတ္တပ္ပသည် ဗဟိဒ္ဓသန္တာန်ကို အကြောင်းပြု၍ဖြစ်၏။ ဟိရိသည် မိမိကို အလေး ပြု၍ ရှက်ခြင်း လက္ခဏာ သဘော ရှိ၏။ ဩတ္တပ္ပသည်လောကကိုအလေးပြု၍ကြောက်ခြင်းသဘောရှိ၏။ငါ၏အမျိုးဇာတ်ကားမြတ်၏ဟု၊ ဒုစရိုက်ကိုမပြုဘဲဟိရိကိုဖြစ်စေ၏။ငါ၏အရွယ်ကားကြီးရင့်၏ဟု။ဒုစရိုက်ကိုမပြုဘဲဟိရိကိုဖြစ်စေ၏။ငါကားပညာရဲရင့်သူဖြစ်၏ဟု။ဒုစရိုက်ကိုမပြုဘဲဟိရိကိုဖြစ်စေ၏။ငါကားရွှေငွေဘဏ္ဍာနှင့်လည်းပြည့်စုံ၏။ဗဟုသုတလည်းများ၏ဟု။ ဒုစရိုက်ကိုမပြုဘဲဟိရိကိုဖြစ်စေ၏။ ဟိရိ၌မိမိအဇ္ဈတ္တကိုဆင်ခြင်၍အကြောင်းလေးပါးဟုမှတ်အပ်၏။ အများသူတို့ကဲ့ရဲ့မည်ကို ကြောက်ခြင်း။သီလဝန်၊ ပညာဝန်၊အရိယာတို့ကဲ့ရဲ့ပြစ်တင်မည်ကို ကြောက်၍ ဒုစရိုက်ကိုမပြုဘဲ ဩတ္တပ္ပကိုဖြစ်စေ၏။ ။တနည်း။ ဟိရိ-ဩတ္တပ္ပတို့သည် လောက၌ဖြစ်သောဘေး၊သံသရာ၌ဖြစ်သောဘေးတို့ကို ရှက်ကုန်ကြောက်ကုန်ကြ၏။ ဟိရိ-ဩတ္တပ္ပတရားနှစ်ပါးသည်လောကပါလတရားမည်ကုန်၏။ လောကကို စောင့်ရှောက်ကြောင်းကို။ ။ဒွေမေဘိက္ခဝေ သုက္ကာဓမ္မာလောကံပါလေန္တိ။ ကတမေဒွေ၊ ဟိရိစဩတ္တပ္ပဉ္စ။ ။ဟူ၍ဟောတော်မူသည်။ ။ဘိက္ခဝေ၊ ရဟန်းတို့။ သုက္ကာ၊ စင်ကြယ်ကုန်သော။ ဣမေဒွေဓမ္မာ၊ ဤတရားနှစ်ပါးတို့သည်။လောကံ၊သတ္တလောကကို။ပါလေန္တိ၊ စောင့်ရှောက်ကုန်၏။ဒွေ၊ နှစ်ပါးကုန်သော တရားတို့ဟူသည်။ ကတမေ၊အဘယ်

သည်တို့နည်း ဟူမှုကား။ ဟိရိစ၊ဟိရိလည်းတပါး။ ဩတ္တပ္ပဥ္စ၊ ဩတ္တပ္ပလည်းတပါး။ဣမေဒွေ၊ ဤနှစ်ပါးတို့တည်း။ ။ဤဒေသနာတော်ဝယ်အဓိပ္ပါယ်သော်ကား။ ။လောကန္ဒဟိရိ၊ ဩတ္တပ္ပတရားနှစ်ပါးကိုမစောင့်ကုန်သည်ဖြစ်အံ့။အမိဟူ၍ရှင်း၊ဘွားဟူ၍ရှင်း၊မိထွေးဟူ၍ရှင်း၊ အလေးပြုအပ်သောသူတို့ဟူ၍ မထင်ရာ။ ခွေး၊ဝက်၊ ကြက်စသောတိရစ္ဆာန်တို့ကဲ့သို့ဖြစ်၍။ ဇာတ်အားဖြင့် ရောရှက် သဖြင့် အပါယ်သို့သာ ရောက်ကုန်ရာ၏။ ဟိရိ၊ ဩတ္တပ္ပတရားနှစ်ပါး စောင့်ပေသောကြောင့်။ အမိကို အမိစသည်ဟူ၍ ထင်မြင်ကုန်သည်။ထိုဟိရိ၊ဩတ္တပ္ပတရားနှစ်ပါးကို စောင့်စည်း၍။ဝေရမဏီဝိရတိဖြင့်။စောင့်ရှောက်ကုန်ရာ၏။

ဝိရတိအကြောင်း။

ဤဝိရတိသည် မဟုတ်မမှန် ပြောဆိုခြင်းမှပယ်ခြင်း။ ချောပစ်သောစကားကိုပယ်ခြင်း။ ကြမ်းတမ်းသောစကားကို ပယ်ခြင်း။ ပြိန်းဖျင်းသောစကားကိုပယ်ခြင်းသည်ပင်လျှင် ကောင်းသောစကားကိုဆိုသည် မည်သောကြောင့် သမ္မာဝါစာ မည်၏။ ။ဘယလာဘကုလာစာရေဒိဝသေန၊ ဘေးကိုကြောက်သဖြင့်ရှင်း၊လာဘ်ကိုလိုသဖြင့်ရှင်း၊ အမျိုးအနွယ် အားဖြင့်ရှင်း၊ မိစ္ဆာနတ်ကို ကိုးကွယ်သောအားဖြင့်ရှင်း။ အကျော်အစောကိုလိုသဖြင့် ရှင်း၊ အရပ်ကို ရှက်သဖြင့် ရှင်း။ အပေါင်း အဘော်ကိုတွယ်တာ သဖြင့်ရှင်း။ အဝတ်အစားကို ငဲ့သဖြင့်ရှင်း။ အားနာ၍ပါရသဖြင့်ရှင်း။ ဤတရားအပေါင်းတို့မှ ကင်းသည်ဖြစ်၍။ ဝိမိသီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ရတနာသုံးပါးဂုဏ်၊ ဒုလ္လဘတရားငါးပါး၊ သစ္စာ၊ဣန္ဒြေ။ ဗိုလ်၊မဂ္ဂင်၊ ဗောဇ္ဈင်၊ခန္ဓာ၊ အာယတန၊ဓာတ်အစု၊အာသဘသညာ၊မရဏသညာ၊ အာဟာရေပဋိကူလသညာ၊ အနိစ္စဒုက္ခသညာ၊ ဒုက္ခေအနတ္တသညာ၊ သဗ္ဗလောကေအနဘိရတိသညာ၊ဇာတိ၊ဇရာ၊ဗျာဓိ၊မရဏ၊အပါယဒုက္ခစသောဘေးအပေါင်းတို့ကို ရှုဆင်ခြင်သဖြင့်။ဝိဝဋ္ဋ

နိဿိတ သိလတို့ကို ကြိုးစား အားထုတ် ကုန်ရာ၏။ သို့မှသာ
လျှင် အရိမေတ္တေယျ။ သုံးလူ့ထွတ်ထား။ မြတ်ဘုရား ရွှေလက်
ထက်တော်၌။ဆက်ဆက်လွယ်ကူ။ပြည့်နိဗ္ဗူ။သို့။ဆုယူသါဝက။
သမာပတ္တိက၊အရဟန္တာဖြစ်၍။ စင်စစ်ငြိမ်းရာ။ နိဗ္ဗာနာသို့။လျှင်
စွာရောက်ကြရာ၏။ ။သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊မူးယစ်စေ
တတ်သောယစ်မျိုးတို့ကိုသောက်စားခြင်းမှ။ဝေရမဏီ၊ ရှောင်
ကြဉ်ပါ၏။ဝေရမဏီ၊ရှောင်ကြဉ်ကြောင်းဖြစ်သော။သိက္ခာပ
ဒံ၊သိက္ခာပုဒ်တော်ကို။သမာဒိယာမိ၊ကောင်းစွာခံယူစောင့်ရှောက်
ဆောက်တည်ပါ၏အရှင်ဘုရား။ ။သုရာငါးပါး၊မေရယငါးပါး
တို့ကို သောက်စာခြင်းကြောင့် အပါယ်ဘုံ၌ ဖြစ်စေတတ်ကုန်
၏။အပါယ်မှလွတ်သော်လည်း။ရွေးရူး၊ လူရူးစသောအဖြစ်တို့၌
များစွာဖြစ်ရကြကုန်၏။ ။ဤသို့ အပါယ်ဘေး၊ သူရူးဘေးမှ
လွတ်ကင်းအောင်။သုရာမေရယစသောဒုစရိုက်တရားကိုရှောင်
ရှားမှ။သမာဓိတရားထင်ရှားစွာဖြင်ကြမည်။ ။ဝိကာလဘော
ဇနာ၊နေလွဲသည့်မှအစ၊နက်ဖြန်အရုဏ်တက်သည်တိုင်အောင်
မြတ်စွာဘုရားခွင့်ပြုတော်မူသောအခါ ကာလမဟုတ်သော ဝိ
ကါလအခါ၌ခဲဘွယ်ဘောဇဉ်။ချိုချဉ်သနပ်။ဖ်ကောင်းမြတ်သော်
အရသာ။ဆေးကွမ်းပါလျက်။တဏှာဘက်၍။သက်သက်ကင်း
စွာ။အဖျော်ယာမကာ။သတ္တာဟကာလိက။လောလုပ္ပနှင့်တကွ။
စားသောက်ခြင်းမှ။ဝေရမဏီ။ သဂါရဝ၊ နိဝါတ၊ အဒေါသ၊
မေတ္တာ၊ စေတနာဗလဝ၊ဥဿာဟ၊ဟိရိ၊ဩတ္တပ္ပ၊ သတိ၊ပညာ
ရှေ့သွား ကာ။ အသင်္ခါရိက ဉာဏ သမ္ပယုတ် မဟာကုသိုလ်
ဉာဏ်ပြဋ္ဌာန်းသော သဒ္ဒါဇော စိတ္တုပ္ပါဒ်ဖြင့် ရှောင်ကြဉ် ပါ၏
အရှင်ဘုရား။ ။သမာဒိယာမိ ဟူသောပါဠိဖြင့်။ သိက္ခာပုဒ်
တော်ကိုလွန်ကျူးကျော်နင်း၍ မကျင့်ဘဲ။ သီလစောင့်သောအ
ခါ၊ဆေးသောံခြင်း၊ ကွမ်းစားခြင်းစသည်ကိုမပြုသောကြောင့်။
လောလုပ္ပတဏှာကိုပယ်သည်မည်၏။ ။ထိုကြောင့်။ဝိနယေ
ဋ္ဌိတေသာသနံ ဋ္ဌိတံနာမ။ဝိနယောနာမ သာသနဿအာယု။ ဟု

ဓိန္နံတော်မူ၏။ ။ဝိနယော၊မြတ်စွာဘုရားဆုံးမတော်မူသောလူတို့စောင့်ရှောက်အပ်သောအဂါရဝိနည်းသည်။ ဝါ၊ ရဟန်းတို့စောင့်ရှောက် အပ်သော။ အနာဂါရဝိနည်းသည်။ ဌိတော၊ လူရဟန်းတို့၌ တည်သည်ရှိသော်၊ သာသနံ၊ သာသနာတော်မြတ်သည်။ဌိတံနာမ၊တည်သည်မည်၏။ ။ဝိနယောနာမ၊ ဝိနည်းတရားမည်သည်ကား။သာသနဿ၊သာသနာတော်၏။ အာယု၊ အသက်ပင်တည်း။ ။မြတ်စွာဘုရား၏ အလိုတော်မှတပါး။ အခြားသော။ ဗေဒင်၊ အင်္ဂဝိဇ္ဇာ၊ဆေးကျမ်း၊ လက္ခဏာကျမ်း၊ နိမိတ်ကျမ်းစသော၊အခြားသော အတတ်မျိုးကိုသင်ကြားလေ့ကျက်ခြင်း။နှုတ်လုံးသွင်းခြင်း၊ တေး၊ကဗျာ။ မော်ကွန်း၊ ဂီတဖြစ်သောအသံ။ ကခြေသီ၊ကျွမ်းသွား၊ လေး၊မြားစသော အတတ်၊ လက်နက် လုပ်အတတ်၊ ပိုက်ကွန်၊ မြှုံးစသော အတတ်၊ မျက်လှည့်လက်လှည့်အတတ်၊ နှုတ်ဖြင့်လိမ်လည်ခြင်းအတတ်၊ဤသို့စသောအတတ်မျိုးတို့ကို မလေ့လာမူ၍၊ သိက္ခာပုဒ်တော်နှင့်ညီစွာကျင့်ကုန်သော ပညာရှိသူတော်ကောင်းတို့သည်။ သုပ္ပဋိပန္နတာစသော ဂုဏ် အပေါင်းနှင့် ပြည့်စုံသော အရိယာ သူတော်ကောင်းတို့၏သိတင်းသုံးခြင်းနှင့်တူသောကြောင့်။ဘုရားအမွေခံ။နိဗ္ဗာန်မှာဧကန်စံကြရမည်။ ။သီလဆောက်တည်သောအခါအလုံးစုံသော။ရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊ရသာရုံ၊ဖေါဋ္ဌဗ္ဗာရုံတို့ကိုရှောင်ကြဉ် အပ်ကုန်၏။ မြတ်စွာ ဘုရား ပရိနိဗ္ဗာန် စံခါနီးတွင်။ ယောဝေါ အာနန္ဒ မယာဓမ္မော ဝိနယော ဒေသိတော ပညတ္တော။ သောဝေါမမစ္စယေနသတ္ထာဘဝိဿတိ။ ဟုဟောတော်မူ၏။ ။အနက်ကား။ အာနန္ဒ၊ချစ်သားအာနန္ဒာ။မယာ၊ငါဘုရားသည်။ ဝေါ-တုမှာကံ၊သင်ချစ်သားတို့အား။ယောဓမ္မောစ၊အကြင်သုတ်၊အဘိဓမ္မာကိုရင်း။ ယောဝိနယောစ၊ အကြင်ဝိနည်းတရားကိုရင်း။ဒေသိတော၊ဟောတော်မူအပ်ပြီ။ပညတ္တော၊ ပညတ်တော်မူအပ်ပြီ။သော၊ထိုသုတ်၊ အဘိဓမ္မာ၊ဝိနည်းသည်။ မမစ္စယေန၊ ငါဘုရားပရိနိဗ္ဗာန်လွန်တော်မူသဖြင့်။ဝေါ-တုမှာ

ကာံ၊ သင်ချစ်သားတို့၏။ သဏ္ဍာ၊ဆရာသည်။ ဘဝိဿတိ၊ ဖြစ်
လတ္တံ့။ ။ငါဘုရားရှိသကဲ့သို့ထင်မှတ်၍။ဝိနည်းတရားတော်
မြတ်ကိုတသွေမတိမ်းဇေးငြိမ်းညီညွတ်စွာကျင့်ဆောံတည်သောါ
ကြောင့်။ ငါဘုရား သာသနာတော်သည် စည်ပင် ပြန့်ပွားများ
ရာ၏ဟု၊ အစိန္တေယျ။ လောက စက္ခု။ သဗ္ဗညု မြတ်စွာ ဘုရား
သည်ဟောကြားညွှန်ပြဆုံးမတော်မူ၏။ ။နစ္စ၊ဂီတ၊ ဝါဒိတ၊
ဝိသုက၊ဒဿန၊မါလာ၊ဂန္ဓ၊ဝိလေပန၊ဓါရဏ၊မဏ္ဍန၊ဝိဘူသနဋ္ဌါ
နာ၊မိမိကခြင်း၊သူတပါးကိုကစေခြင်း၊မိမိသီခြင်း၊ သူတပါးကို
သီစေခြင်း၊ မိမိ တီးမှုတ်ခြင်း၊ သူတပါးကို တီးမှုတ် စေခြင်း၊
သာသနာတော်၏ ဆူးငြောင့် သဘွယ်ဖြစ်သော၊ ကြက်တိုက်
ခြင်း၊ဘဲရိုက်ခြင်း၊ကလေးသူငယ်တို့ကဲ့သို့ကစားခြင်း၊ကြွေအန်
ပစ်ခြင်းအစရှိသည့်တို့ကိုကြည့်ရှုနားထောင်ခြင်း။ ပန်းပန်ခြင်း။
နံ့သာလိမ်းခြင်း။ နံ့သာပျောင်းတို့ဖြင့် အတင့်အတယ်အပြေအ
ပြစ်ပြုခြင်းမှ။ဝေရမဏိ၊သဂါရဝ၊နိဝါတ၊အဒေါသဖြစ်သော
မေတ္တာ၊စေတနာဗလဝ၊ဥဿာဟ၊ဟိရိ၊ဩတ္တပ္ပ၊ သတိ၊ ပညာ
ရှေ့သွါးကါ။အသင်္ခါရိကဉာဏသမ္ပယုတ်မဟါကုသိုလ်ဉာဏ်
ပြဋ္ဌာန်းသောသဒ္ဓါသောစိတ်ဖြင့် ရှောင်ကြဉ်ပါ၊၏အရှင်ဘုရား။
ဤသို့ကခြင်းသီခြင်းစသော အမှုသည် သာသနာတော်၏ အန္တ
ရာယ်။ အပါယ်၏မူလ။ကိလေသာ၏ပွားများရာ။ ပပါသမှာ
အဝင်။လောဟကုမ္ဘီမည်သောကြေးနီအိုးတွင်းသို့ သက်ဆင်း
ရမည့် မကောင်းမှု ဒုစရိတသို့ မကျ၊ သုစရိတမြတ်ဓမ္မကို၊ ရ
အောင်နှုလုံးသွင်းလျက်။ နှစ်သက်ခြင်းစေတနာဖြင့်။ရှောင်ကြဉ်
ရာ။ရှောင်ကြဉ်ကြောင်း ကောင်းမြတ်သောတရားကိုသာ အား
ထုတ်ကုန်ရာ၏ဟု။ဟောကြား။လ။မူလို၍၊ဓမ္မပဒပါဠိတော်၌။ ။
နဟိဓမ္မောအဓမ္မောစ၊ဥဘော။သမဝိပါကိနော။အဓမ္မောနိရယံ
နေတိ၊ဓမ္မောပါပေတိသုဂ္ဂတိံ။ ။ဟုဟောတော်မူ၏။ ။အ
ဓမ္မော၊ဒုစရိုက်တရားသည်။နိရယံ၊ငရဲသို့။နေတိ၊ဆောင်တတ်
၏။ဓမ္မော၊သုစရိုက်တရားသည်။ သုဂတိံ၊ သုဂတိဘဝသို့။နေ

တိ၊ဆောင်တတ်၏။ဥဘော၊တရားနှစ်ပုံ၊နှက်ပါးရုံတို့သည်။သမ
ဓိပါကိနော၊ တူမျှတန်းခိုးအကျိုးရှိကုန်သည်။နဟောန္တိ၊မဖြစ်
ကုန်။ ။ဤဒေသနာတော်ဝယ်အဓိပ္ပါယ်မှာ။ သုစရိုက်တရား
ကြောင့် သုဂတိသို့လားရာ၏။ ဒုစရိုက်တရားကြောင့် ဒုဂ္ဂတိသို့
လားရာ၏၊သို့ဖြစ်၍။သုဂတိသို့လားကြောင်းကောင်းသောပုည
တရားကိုအားထုတ်ကြရမည်။ ။ဥစ္စာသယနမဟာသယနာ၊
မြင့်မြတ်သောနေရာတို့၌အိပ်ခြင်းနေခြင်းမှ။ ဝေရမဏိ၊ရှောင်
ကြဉ်ပါ၏။ဝေရမဏိ၊ရှောင်ကြဉ်ကြောင်းဖြစ်သော။ သိက္ခာ
ပဒံ၊သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်
တည်ပါ၏အရှင်ဘုရား။ ။ပကတိလူတို့တထောင့်ထွာထက်
လွန်၍နေထိုင်မည့်သူမရှိ၍ဥစ္စာသယန၌လျှဉ်းပါ.ဘွယ်မရှိ။အ
လွန်နူးညံ့သိမ်မွေ့သောကော်ဇောမွေ့ရာ၊မဟာသယန၌လည်း
လျှဉ်းပါးဘွယ်မရှိ။ မိမိထက်သီလသမာဓိပညာသာသောသူ၊
မိမိနှင့် သီလသမာဓိပညာတူကြ၍ အသက်ကြီးသောသူ။ မိမိ
အောက်အသက်ပင်ငယ်သော်လည်း၊ ပရိယတ္တိပညာ၊သီလ၊သ
မာဓိ၊တပါးပါးသာသောသူ၊ရိုသေထိုက်သောသူ၊ရုပ်ဘု၊စေတီ၊
ရဟန်းသာမဏေစသောဤသူများနှင့်မရိုမသေမနေအပ်။တုပ်
ဝပ်ရိုသေစွာ အတူနေအပ်၏။ မရိုမသေနေမှု။ မောဟဖုံးလွှမ်း
သောသူဟူ၍ရင်း။မင်္ဂလာတရားပျက်သော သူဟူ၍ရင်း။ မြတ်
စွာဘုရားအာဏာတော်ကိုလွန်ကျူးသောသူဟူ၍ရင်း ဆိုအပ်
၏။ ။ဤသို့မဖြစ်စေရ.ပညာ၊ဂါရဝ၊နိဝါတမင်္ဂလာတရားနှင့်
တကွ။အလုံးစုံသော။သုစရိတဓမ္မ တရား ပွားများလေအောင်၊
သတိဆောင်၍ ရှောင်ကြဉ် ရာ၏၊ ရိုသေစွာ အတူနေအပ်၏
ဆိုသော်လည်း။နှီးလွန်းလျှင်နှစ်တောင့်ထွာ။ ဝေးလွန်းလျှင် တ
ဆဲ့နှစ်တောင်အရပ်ကရိုသေစွာနေအပ်၏။ ။ထို့ကြောင့်။မင်္ဂ
လာတရားတော်၌။ခေမန္တံ၊ဂါရဝေါစနိဝါတောစ၊စသည်ဖြင့်
ဟောတော်မူ၏။ ။ခေမန္တံ၊နီးဝေးလေညာ၊ မြင့်စွာရှေ့နောက်။
ဖြစ်ခြောက်ကင်းစွာ၊ တဆဲ့နှစ်တောင်တာ၊ လျှောက်ပတ်ရာအ

ရပ်၌။ဂါရဝေါစ၊ နိဝါတောစ၊ ရှိသေထိုက်သောသူတို့ကို ရိုသေသဖြင့်မိမိကိုယ်ကို မာနတရား မထောင်လွှားရအောင်သတိဆောင်၍သာနေရာ၏။ ဤစသဒ္ဒါကို။ ဝေကြီလိုလျှင်ကြီ။ သမုစ္စည်းကြီလိုလျှင်ကြီ။နှစ်ဌာနကြီလိုလျှင်ကြီရာ၏။ ။ဇာတရူပ၊ရဇတပဋိဂ္ဂဟဏာ၊အလုံးစုံအဝိညာဏက။မအပ်မရာ။မိမိပစ္စည်း။ သူတပါး၏ ပစ္စည်း ရွှေ ငွေ ဘဏ္ဍာ အစရှိကုန်သောပစ္စည်းတို့ကို၎င်း။အလုံးစုံသဝိညာဏက။မအပ်မရာ။နွားကျွဲအစရှိသောမိမိပစ္စည်း၊သူတပါး၏ပစ္စည်း၊ အနီး၌ရှိသည်ဖြစ်စေ။အဝေး၌ရှိသည်ဖြစ်စေ၊ ကိုင်ခြင်းခံခြင်း။သာယာခြင်း၊ လိုချင်တပ်မက်မောခြင်းအစရှိသော ကာမဂုဏ်ငါးပါး၏ပွါးများရာ။တဏှာ၏မူလ။လောဘ၏အာရုံ။သုံးဆဲ့တဘုံ၏ကျင်လည်ရာသံသရာဘဝအဆက်ဆက်၊ စက်ရဟတ်ပမာ။ ဒုက္ခအပေါင်း၏ရဝေးရာဖြစ်သောမကောင်းသောအကုသိုလ်တရားတို့မှ။ဝေရမဏီ၊သဂါရဝ၊နိဝါတ၊အဒေါသဖြစ်သောမေတ္တာစေတနာဗလဝ၊ ဥဿာဟပြဋ္ဌာန်းသော မဟာကုသိုလ်ဥာဏသမ္ပယုတ် အသင်္ခါရိက ဇောစိတ္တုပ္ပါဒ်ပြဋ္ဌာန်းသော သဒ္ဓါတရားဖြင့်ရှောင်ကြဉ်ပါ၏ အရှင်ဘုရား။ ။ပညတ်တော်မူသော သိက္ခာပုဒ်တော်ကို လွန်ကျူးကျော်နင်းရာ ရောက်သည်။ သိလျက်ကျူးလွန်ခြင်း၊မသိမူ၍ကျူးလွန်ခြင်းနှစ်ပါးလုံးပင်။ သိဉ္ဇိုဝ်းငရဲကြီး၌ကျလေရာ၏။ မြတ်စွာဘုရားဟောတော်မူအပ်သော။ သုတ္တန်ဓမ္မဝိနယသည်။ မီး၊ရေ၊လေ၊မြေနှင့်တူ၏။ အဘယ်ကဲ့သို့တူသနည်းဟူမူကား။ ၎င်းဓာတ်လေးပါးကို မတော်ပြုမိက။ နာခြင်းဘေး၊သေခြင်းဘေးကိုရသဖြင့်ကြီးစွာသောဆင်းရဲဒုက္ခခံနေရရာ၏။သတိပညာရှေ့သွားကာဖြင့်သင့်တင့်အောင်ပြုမူ။ အလုံးစုံသောကောင်းကျိုးချမ်းသာ မင်္ဂလာနှင့်ပြည့်စုံရာ၏။ ထို့အတူမြတ်စွာဘုရား၏။သုတ္တန်ဓမ္မဝိနယကို လွန်ကျူးကျော်နင်းကအပါယ်သို့ဆင်းရလိမ့်မည်။ ထိုသုတ္တန်ဓမ္မဝိနယ၌ မြတ်စွာဘုရားဟောတော်မူသည်နှင့်အညီ။သရဏဂုံကစ။ပုညဟူသမျှ၌မမေ့

သီလဘာဝနာဖြင့် အသင့်ညီစွာ။ လွန်ကျူးရာမရှိ။ ရှောင်ကြဉ်ဘိမူ။မြတ်နိဗ္ဗုသို့။ချမှုမကြာ။ရောက်တို့ရာ၏ဟု။ ဆုံးမသြဝါဒပေးခြင်း၌။ ။အဋ္ဌကထာ၌။ ။သီလဂန္ဓသမော ဂန္ဓော၊ ကုတောနာမ ဘဝိဿတိ။ ယောသမံအနုဝါတေစ၊ ပဋိဝါတေစဝါယတိ။ ။ဟုမိန့်တော်မူ၏။ ။ယောသီလဂန္ဓော၊အကြင်သီလတည်းဟူသောအနံ့သည်။အနုဝါတေစ၊လေအောက်သို့ရင်း။ပဋိဝါတေစ၊လေညာသို့ရင်း။သမံ၊အမျှ။ ဝါယတိ၊လှိုင်စေတတ်၏။ သီလဂန္ဓသမော၊သီလတည်းဟူသော အနံ့နှင့်တူသော။ ဂန္ဓော၊ အနံ့သည်။ ကုတော နာမ ဘဝိဿတိ၊ အဘယ်မှာမွှေးကြိုင်လှိုင်နိုင်တော့အံ့နည်း၊ ။လောက၌အနံ့ကောင်း ဟူသမျှတို့သည် သီလတည်းဟူသော အနံ့နှင့်မတူနိုင်ရာ။ နတ်ရွာတက်ကြောင်းကောင်းမြတ်သောစောင်းတန်းလှေကားနှင့်လည်းတူ၏။ နိဗ္ဗာန်သို့ဝင်ရာတံခါးနှင့်လည်းတူ၏။ သီလတည်းဟူသော တန်းဆာသည်သာလျှင်အလုံးစုံသောတန်းဆာတို့ထက်သာလွန်၍နိဗ္ဗာန်ခွင်သို့တင့်တယ်စွာဝင်ရာ၏။

ပဉ္စမာနိဘိက္ခဝေအာဘိဿံ ပဉ္စဝေကွ်တဗ္ဗာနိ ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ၊ ကတမာနိပဉ္စ။ဇရာဓမ္မောမှိ ဇရာအနတီတော တိအာဘိဿံ ပစ္စဝေကွ်ိတဗ္ဗံ။ ဗျာဓိဓမ္မောမှိ ဗျာဓိအနတီတောတိ အာဘိဿံ ပစ္စဝေကွ်ိတဗ္ဗံ။မရဏဓမ္မောမှိ မရဏံအနတီတောတိ အာဘိဿံ ပစ္စဝေကွ်ိတဗ္ဗံ။သဗ္ဗေဟိမေပိယေဟိမနာပေဟိနာနာဘာဝေါဝိနာဘာဝေါမှိ တံသဘာဝံ အနတီတောတိ အာဘိဿံ ပစ္စဝေကွ်ိတဗ္ဗံ။ သဗ္ဗေသတ္တာကမ္မဿကာကမ္မဒါယာဒါ ကမ္မယောနိကမ္မပဋိသရဏာ ယံ ကမ္မံကရိဿန္တိကလျာဏံ ဝါ ပါပကံဝါ တေသံဒါယာဒါ ဘဝိဿန္တီတိ အာဘိဿံပစ္စဝေကွ်ိတဗ္ဗံ။ ။ဟုဟောတော်မူ၏။ ။ဘိက္ခဝေ၊ရဟန်းတို့။ဂဟဋ္ဌေနဝါ၊လူသည်ရင်း။ပဗ္ဗဇိတေနဝါ၊ရဟန်းသည်ရင်း။ ဣမာနိပဉ္စ၊ ဤငါးပါးသော တရားတို့ကို။ အာဘိဿံ၊ နေ့ညဉ့်မပြတ်။ ပစ္စဝေကွ်ိတဗ္ဗာနိ၊ဆင်ခြင်အပ်ကုန်၏။ပဉ္စ၊ငါးပါးတို့သည်။ ကတမာ

မာနိ၊ အဘယ်သည်တို့နည်း။ ဧရာဝမ္မွာ၊အိုခြင်းတရားသည်။ မေ၊ငါ့အါး။အမှို၊ ဖြစ်ပြီး၊ဖြစ်ဆဲ၊ဖြစ်လတ္တံ့။တံ၊ထိုအိုခြင်းတရားကို။အပဟံ၊ငါသည်။အနတိတော၊မလွန်နိုင်ချေ။ဋ္ဌတိ၊ဤသို့။အဘိဏှံ၊နေ့ညဉ့်မပြတ်။ပစ္စဝေက္ခိတဗ္ဗံ၊ဆင်ခြင်အပ်၏။ ဗျာဓိဓမ္မွာ၊နာခြင်းတရားသည်။မေ၊ငါ့အား။အမှို၊ဖြစ်ပြီး၊ဖြစ်ဆဲ၊ဖြစ်လတ္တံ့။ တံ၊ထိုနာခြင်းတရားကို။အပဟံ၊ငါသည်။ အနတိတော၊မလွန်နိုင်ချေ။ဋ္ဌတိ၊ဤသို့။အဘိဏှံ၊မပြတ်။ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။မရဏဓမ္မွာ၊သေခြင်းတရားသည်။မေ၊ငါ့အား။အမှို၊ဖြစ်ပြီး၊ဖြစ်ဆဲ၊ ဖြစ်လတ္တံ့။ တံ၊ထိုသေခြင်းတရားကို။ အပဟံ၊ငါသည်။ အနတိတော၊ မလွန်နိုင်ချေ။ဋ္ဌတိ၊ ဤသို့။အဘိဏှံ၊ မပြတ်။ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။ မေ၊ ငါ့အား။ ပိယေဟိ၊ ချစ်အပ်ကုန်သော။မနာပေဟိ၊ နှစ်လိုအပ်ကုန်သော။ဥာတကေဟိ၊ အဆွေ အမျိုးတို့နှင့်။ နာနာ ဘာဝေါ၊ အထူးထူး သော အရပ်သို့ပြောင်း လွှဲရခြင်းသည် ၎င်း။ ဝိနာဘာဝေါ၊ ကွေကွင်း ရခြင်းသည်၎င်း။အမှို၊ဖြစ်ပြီး၊ဖြစ်ဆဲ၊ ဖြစ်လတ္တံ့။တံ၊ ထိုအထူးထူးအပြားပြားဖြစ်ခြင်းကွေကွင်းရခြင်းတရားကို။အဝှံ၊ငါသည်။အနတိတော၊မလွန်နိုင်ချေ။ဋ္ဌတိ၊ဤသို့။ အဘိဏှံ၊မပြတ်။ပစ္စဝေက္ခိတဗ္ဗံ၊ဆင်ခြင်အပ်၏။ ။သဗ္ဗေ၊ငါနှင့်တကွအလုံးစုံကုန်သော။သတ္တာ၊သတ္တဝါ ဟူသမျှတို့သည်။ ကမ္မဿကာ၊ ကံသာလျှင်ဥစ္စာမည်ကုန်၏။ ကမ္မဒါယာဒါ၊ ကံသာလျှင်အမွေခံမည်ကုန်၏။ကမ္မဗန္ဓူ၊ကံသာလျှင်အဆွေမည်ကုန်၏။ ကမ္မပဋိသရဏာ၊ကံသာလျှင်မှီခိုရာမည်ကုန်၏။ကလျာဏံဝါ၊ကုသိုလ်လည်းဖြစ်ထသော။ပါပကံဝါ၊အကုသိုလ်လည်းဖြစ်ထသော။ ယံကမ္မံ၊ အကြင်ကုသိုလ်ကံကို။ ကရိဿန္တိ၊ ပြုကုန် လတ္တံ့။ တာနိ၊ ထိုကုသိုလ်အကုသိုလ်ကံတို့သည်။ တေသံ၊ထိုသတ္တဝါတို့၏။ဒါယာဒါ၊ ကောင်းမွေ ဆိုးမွေတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဋ္ဌတိ၊ဤသို့။အဘိဏှံ၊မပြတ်။ပစ္စဝေက္ခိတဗ္ဗံ၊ဆင်ခြင်အပ်၏။ ။

ထိုဒေသနာဝယ် အဓိပ္ပါယ်ကား။ ။တရားနာ။ လ။ တို့။ ။

လူသည်ငှင်း။ ရဟန်းသည်ငှင်း။ ငါးပါးသောတရားတို့ကို အ ဘန်တလဲလဲမပြတ်ဆင်ခြင်းအပ်ကုန်၏။အဘယ်ကဲ့သို့ဆင်ခြင် ရမည်နည်းဟူမူကား။ အလုံးစုံသောသတ္တဝါဟူသမျှတို့သည်။ အိုခြင်းတရား၊နာခြင်းတရား၊သေခြင်းတရား၊ ချစ်ခင်လေးမြတ် သောသူတို့နှင့် ကွေကွင်းရခြင်း တရား။ ဤတရားအပေါင်းတို့ ကိုမလွန်ကြ၍။ အိုမြဲ၊ သေမြဲ၊ ကွေကွင်းရမြဲ ဓမ္မတာသဘော ကြောင့် ကံသာလျှင် အမိ၊ ကံသာလျှင် အဘ၊ကံသာလျှင်ကိုး ကွယ်မှီခိုရာ။ကုသိုလ်ကံ၊အကုသိုလ်ကံသာလျှင် အကောင်းအ ဆိုးပြုပြင်စီရင်သည်ဟု အဘန်တလဲလဲအမြဲမကွာ ဆင်ခြင်ရာ ဟုမြတ်စွာဘုရားအလိုတော်အဓိပ္ပါယ်လာသည်။

သိဝံပဋ္ဌေထဘိက္ခဝေ၊သိဝံပဋ္ဌေတွာနဒါနံဒါတဗ္ဗံ၊သီလံ ၏။ရက္ခိတဗ္ဗံ၊ဘာဝနာဘာဝေတဗ္ဗာ။ ။ဟုဟောတော်မူ၏။ ။ ဘိက္ခဝေ၊ တရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့။သိ ဝံ၊ငါးပါးသော ဆုတို့တွင် တပါးပါးသော ဆုဖြင့်တောင့်တ အပ်သောနိဗ္ဗာန်ကို။ပဋ္ဌေထ၊တောင့်တကုန်လော့။ သိဝံ၊နိဗ္ဗာန် ကို။ပဋ္ဌေတွာန၊ တောင့်တပြီး၍။ဒါနံ၊ အလှူကို။ဒါတဗ္ဗံ၊ပေးလှူ အပ်၏။သီလံ၊သီလကို။ရက္ခိတဗ္ဗံ။ အားထုတ်အပ်၏။ ဘာဝနာ၊ ဘာဝနာကို။ဘာဝေတဗ္ဗာ၊ပွါးများလေ့လာအားထုတ်အပ်၏။ ။ ထိုဒေသနာတော်ဝယ်အဓိပ္ပါယ်သော်ကား။တရားနာပရိသတ် အပေါင်းသူတော်ကောင်းတို့။ အလွန်ကောင်းမြတ်သော။ဒါန၊ သီလ၊ ဘာဝနာတရားတို့ကိုသာ။ကြိုးစား အားထုတ်ကုန်ရာ၏။ အားမထုတ်ဘိရှေးအဘို့။ဝဋ္ဋနိဿိတဖြစ်သောလူ့ချမ်းသာ၊နတ် ချမ်းသာတို့ကား ဝတ်တရေး၏ ကျင်လည်ရာ သံသာရဒုက္ခ စ သည်အပေါင်း။မကောင်းသောအပါယ်ဘုံ၌သာဖြစ်ရာအဖို့သော ဘေးကိုတွေးတောဆင်ခြင်၍။ မဂ္ဂင်တည်းဟူသော။ ရွှေဘောင် ဖြင့် ကူးမှသာလျှင်။နိဗ္ဗာန်ဆွင်သို့။ လျင်မြန်စွာရောက်ရာရောက် ကြောင်း ကောင်းမြတ်သော။ ဒါန၊ သီလ၊ဘာဝနာတရားတို့ကို ကြိုးစား၍ အားထုတ်ကြကုန်ဟု။ အစိန္တေယျ လောကမျက်ရှု။

သဗ္ဗညုမြတ်စွာဘုရားသည် ဟောကြားညွှန်ပြဆုံးမတော်မူ၏။
ဝတ်ကိုတောင့်တ၍ ဆုတောင်းလိုသောသူအပေါင်းတို့သည်။
နိဗ္ဗာန်ကိုပဌနာပြီးမှ၊ နိဗ္ဗာန်သို့မရောက်မီအကြားများစွာသော
ဘဝ၌ကျင်လည်ရသည်ရှိသော်။ အံပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်
ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ အနာအမျိုး ၉၆ ပါး၊ အကုသိုလ်
တရားဆယ်ပါး၊ ဗျသနတရားငါးပါး၊ ဝိပတ္တိတရားလေးပါးတို့မှ
အခါခပ်သိမ်းကင်းလွတ်ငြိမ်းသည်ဖြစ်၍။ လူ့ဘုံနတ်ရပ်။ မြတ်
သောသုဂတိဘဝတို့၌။ ဥက္ကဋ္ဌတိဟိတ်ပဋိသန္ဓေ။ မြဲစွါနေသဖြင့်။
သမ္ပတ္တိစက်လေးပါး။ သူတော်ကောင်းတရားခုနစ်ပါး၊ အာယု၊
ဝဏ္ဏ၊ သုခ၊ ဗလ၊ ပဋိဘာန၊ မဟာယသ၊ အရိမေတ္တေယျစသောသူ
တော်သူမြတ်တို့ကဲ့သို့။ ခံစားစံစားပြီးမှ။ သာဝကဆု။ ပစ္စေက
ဆု၊ သမ္မာသမ္ဗောဓိဆု တို့တွင်။ သမ္မာသမ္ဗောဓိ ပညာဓိက ဆု
နှင့်အရိမေတ္တေယျမြတ်စွာဘုရား ရှေ့လက်ထက်တော်၌။ ထက်ဦး
စွာဖူးတွေ့ရ၍။ သာဝကဆု၊ ပစ္စေကဆု၊ သမ္မာသမ္ဗုဒ္ဓပညာဓိ
ကဆုတို့တွင် အလိုရှိရာဆုကိုတောင်းကုန်ရာ၏။

နစ္စံနာမယံကိဉ္စိနစ္စံ။ ဂီတန္တိယံကိဉ္စိဂီတံ။ ဝါဒိတန္တိယံကိဉ္စိ
ဝါဒိတံ။ ဟူသော။ ခုဒ္ဒကပါဌ-အဋ္ဌကထာ။ ။နစ္စန္တိ အန္တမသော
မောရနစ္စံပိ။ ဂီတန္တိ အန္တမသောဓမ္မာဘာဏကဂီတမ္ပိ။ ဝါဒိတန္တိ
အန္တမသောဥဒကဘေရိဝါဒိတမ္ပိ။ ။ဟူသောဘိက္ခုနီကင်္ခါအဋ္ဌ
ကထာ။ ။ဂီတန္တိ နစ္စာဒီနံ ဝါဂီတ်ဟောတု၊ အရိယာနံ ပရိနိဗ္ဗာန
ကါလေရတနတ္တယဂုဏူပသံဟိတံသာဓုကီဠနဂီတံဝါအသည
တ ဘိက္ခုနီနံ ဓမ္မဘာဏက ဂီတံဝါ၊ အန္တမသော ဒန္တဂီတမ္ပိဂါ
ယိဿာမီတိပုဗ္ဗဘာဂေသြကူဇိတံကရောတိ၊ သဗ္ဗမေတံဂီတံ
နာမ။ ။ဟူသော ဘိက္ခုနီပါစိတ်အဋ္ဌကထာတို့တွင်။ ။ခုဒ္ဒက
ပါဌဆရာတော်အလိုသော်ကား။ ။နစ္စံနာမသဗ္ဗံနစ္စံ၊ ဟုဘွင့်
တော်မူသောကြောင့်။ မေ့လျော့၍သော်ရင်း။ ရူးသွပ်၍သော်
ရင်း။ သာယာသောစိတ်မရှိသော်ရင်း။ မိမိကမိခြင်း၊ သူတပါးကို
စေခြင်း၌။ အဗ္ဗောဟာရိကကဲ့သို့ သိလမပျက်ဟုထင်ပေသည်။

ယံကိဉ္စိဟူသောပုဒ်သည်အကြွင်းမရှိသော သာဝသေသပုဒ်ဟု
ထင်ပေသည်။အလုံးစုံကခြင်းကိုမဟောသင့်ရာ။ခပ်သိမ်းသော
ကခြင်းကိုကားဟောသင့်ရာ၏။ ။သို့ဖြစ်၍မေ့လျော့၍သော်
၎င်း။ရှုံးသွပ်၍သော်၎င်း။သာယာသောစိတ်မရှိသော်၎င်း။ ကပိ
သော်လည်းသိလမပျက်ဟုမှတ်အပ်၏။ ။ကခြင်း၊ကစေခြင်း
ကားနစ္စမှန်၏။သိလမပျက်။ကာယိဋ္ဌေ ကားပျက်၏။ အယုတ်သ
ဖြင့်၊ အရုပ်ကိုကြိုးဆွဲ၍ ကစေခြင်း။ စက်ဖြင့်ကစေခြင်းသည်
လည်းနစ္စမည်၏။ အစိုးရသောကြောင့်၎င်း။ ပညာ တတ်သော
ကြောင့်၎င်း။သူတပါးကိုဥဉ်းပန်းလိုသောဒေါသဖြင့် ကစေအံ့၊
နစ္စမည်၏။ ဒေါသရှိသော သိလဟုမှတ်အပ်၏။ ဂီတ၌လည်း။
စိတ္တဇသဒ္ဒ၊ ဥတုဇ သဒ္ဒဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတွင် စိတ်
ကြောင့်ဖြစ်သော အသံဟူသမျှသည်စိတ္တဇသဒ္ဒ။ရိုယ်းသံ၊ လေ
သံ၊ဝမ်းသံစသည်တို့သည်ဥတုကြောင့်ဖြစ်သောကြောင့် ဥတု
ဇသဒ္ဒ။ ။အဋ္ဌကထာအလိုသော်ကား၊ ။ဂီတန္တိ ယံကိဉ္စိစိတ္တ
ဇသဒ္ဒဂီတံ။ဟုဘွင့်တော်မူလို၏၊ ။ကိလေသာ၏အာရုံ ကာ
မဂုဏ်ငါးပါးလိုသောစိတ်။ သာယာသော စိတ်ဖြင့်။ မိမိသိခြင်း၊
သူတပါးကိုသိစေခြင်းဖြင့်ကား။သိလပျက်၏။ မေ့လျော့ခြင်းစ
သည်တို့ကြောင့်ကားသိလမပျက်။ ။ထို့ကြောင့်ပိနည်းအဋ္ဌ
ကထာစသည်တို့၌။ ။ဥမ္မတ္တကသဿ၊ဂိလာနသဿ၊အနာပတ္တိ
စသည်တို့၌ကဲ့သို့မှတ်အပ်၏။ ။အနက်ကား ။ ။ဥမ္မတ္တကဿ
၏၊အလွန်ရှုံးသော ရဟန်းအား၎င်း။ဝါ၊ အလွန်ရှုံးသောဥပုသ်
စောင့်ပြီးသော သူအား၎င်း။ ဂိလာနဿ၏၊ အလွန်နာသောရ
ဟန်းအား၎င်း။ဝါ၊ ဥပုသ်စောင့်ပြီး၍ အလွန်နာသော သူအား
၎င်း။အနာပတ္တိ၊ရဟန်းအာပတ်မသင့်။ဝါ၊ ဥပုသ်စောင့်ပြီးမှရှုံး
သော်၎င်း။နာလွန်းသော်၎င်း။အပြစ်မပေးလောက်။ဤအရာ၌ဤ
ကဲ့သို့ယောဇနာအပ်၏၊ ။စိတ္တဇသဒ္ဒဂီတ၊ဥတုဇသဒ္ဒဂီတကို
ဆိုရမည်ကားအလွန်များ၍မဆိုပြီ။ ။နစ္စ၊ဂီတပုဒ်၌။ကခြင်းသီ
ခြင်းတို့ကားသိလစောင့်သည်ဖြစ်စေ။မစောင့်သည်ဖြစ်စေကာ

မဂ္ဂဇာတ်၏ခံစားရာတရား၏ပွားများကြောင်းမကောင်းသော။ပ ဟာသငရဲ၊စွဲလမ်းရာပြိတ္တာဘုံ။ အလုံးစုံသာသနာ၏အန္တရာယ် သာဖြစ်ချေသည်ဟုမှတ်ရာ၏။ ။ဝါဒိတနှိုယံကိစ္စိဝါဒိတံပုန္ဒ၌။တုရိယာပါးပါး၊ လက်ဖြင့်ရေကိုပုတ်ခြင်း။ မြည်တတ်သော နေရာစသည့်ကိုလက်စသည်ဖြင့်။သာယာသောစိတ်။လွန်ကျူး လိုသော စိတ်ဖြင့် တီးဋြားအံ့။ သီလ ပျက်၏။ မေ့လျော့ခြင်း စ သည့်ကြောင့်ရင်း။မိမိသီလဂုဏ်၊ သမာဓိဂုဏ်၊ပညာဂုဏ်၊ရ တနာသုံးပါးတို့၏ ဂုဏ်တော်အနန္တကိုယုံကြည်သဖြင့်ရင်း။ မ ဟာကုသိုလ်ဉာဏ သမ္ပယုတ် သောမနဿပြဋ္ဌာန်းသော သဒ္ဓါ စေတစိတ်ဖြင့်။ ပတ္တိဒါန ဖြစ်စေခြင်းငှါ။ ခေါင်းလောင်း ကြေး စည်၊ ဆည်းလည်းစသော။ဗုဒ္ဓသန္တက ဘုရားပစ္စည်းနိယမမှန် သောဝတ္ထုတို့ကိုတီးသော်လည်းသီလမပျက်။ ။တီးခြင်းကား မှန်၏။တူရိယာပါးပါးစသောဝတ္ထုတို့ကိုသီလ စောင့်ပြီးမှလွန် ကျူး ကျော်နင်း၍ ရင်း၊ သာယာသော စိတ်ဖြင့် သော်ရင်း တီး ဋြားအံ့။ သီလပျက်၏။ အဘဲ့ကြောင့်ဆိုသော်၊ သာသနာတော် ၏ဆူးဂြောင့်သဘွယ်၊ အန္တရာယ် အနိဋ္ဌာရုံ မှန်သော ကြောင့် တည်း။ ။ဥပုသ်စောင့်မည့်သူတို့မှာ။ဥပုသ်စောင့်မည့်နံနက် အရုဏ်တက်ကစ၍၊ နက်ဖြန်နံနက်အရုဏ်မတက်မီသိက္ခာပုဒ် တော်များကိုတပါးမျှမလွန်ကျူးရာ။အပြစ်မရှိသော၊ ဘောဇန စသည်တို့ကားလျော်၏။ ။ဥပုသ်မစောင့်ခင် အရုဏ်တက် က။ သူ့အသက်ကိုခြင်း။သေသောက်ခြင်း၊တန်းဆာဆင်ခြင်း၊ လက်ကောက်၊နံ့သာစသည်တို့ကိုမပြုပြင်အပ်။ ဘုရားပိုင်းခြား တော်မူအပ်သော၊ကာလပရိယန္တဖြစ်၍မကျော်နင်းအပ်။ဥပုသ် စောင့်ပြီးသော်ကား ဆိုဘွယ်မရှိ။ မလွန်ကျူး အပ်သည်သာ တည်း။ ။ထိုကြောင့်၊သတိပညာရှေ့သွားလျက်၊သမာဓိတရား များလေအောင်၊ကြိုဆောင်ကုန်ရာ၏။

ဝိသုကဒဿနဥ္။ သူတပါးတို့ကခြင်းစသည်တို့ကို ကြည့် လို၊ ကြားလိုသောစိတ်ဖြင့်ကြည့်ရှုနားထောင်မှုပျက်၏။ မိမိနေ

ရာခရီးအခိုက်အတန့်၌။ ကြုံကြိုက်၍ကြားမှု၊ မြင်မှု၊ ဣန္ဒြိယသံဝရ ပြည့်စုံ၍ သီလ မပျက်ဟု၊ မှတ်အပ်၏။ သံသယ ကုက္ကုစ္စမဖြစ် သင့်။ ။ရတနာ သုံးပါးဂုဏ်၊ ဒွတ္တိံသာ ကာရ။ သမထဝိပဿနာ၊ ဘာဝနာဖြင့်လက္ခဏာ ရေးသုံးပါးသို့တင်၍သာ သွားလာ၊ နေထိုင်ရာ၏။ ပန်းပန်ခြင်း၌။ အနံ့ရှိသည်ဖြစ်စေ။ မရှိသည် ဖြစ်စေ။ အဆင်းလှသောပုတီးခေါင်းပေါင်း၌ ပါသောအလုံးစုံ ပန်းစသည့်တို့ကိုမိမိကိုယ်၌နှန်းတွင်းသူပြည့်တန်းဆာမတို့ကဲ့သို့ မိမိကိုယ်ကို တပ်နှစ်သက်စေခြင်း။ သူ တပါးတို့တပ် နှစ်သက် စေခြင်းကိုဖြစ်စေတတ်သောသဘောရှိ၍မပန်ဆင်အပ်။ ရတနာ သုံးပါးကို ပူဇော်ရန်။ လူတို့ကို ပေးကမ်း ရန်မူကား ယူဆောင် အပ်၏။ နံ့သာလိမ်းခြင်း၌ကား။ မိမိ ကိုသော်ငြင်း။ သူတပါးကို သော်ငြင်း။ လှပ ပြေပြစ်စေခြင်းငှာ။ မလိမ်းကျံအပ်။ မှန်ကြည့် ၍ မိမိကိုယ်ကိုမပြုပြင်အပ်။ သူတပါး မြင်လျှင် တပ် နှစ် သက် ဘွယ်၊ သွားလာ နေထိုင်ခြင်း ကို မပြုအပ်။ သမာဓိန္ဒြေစသော ဣန္ဒြေ တို့ကိုသာ စောင့်ရှောက် သွားလာ နေထိုင်ရာ၏။ ကိုးဆဲ့ ခြောက်ပါးသောအနာတို့တွင်တပါးပါးရှိမူ။ ဆေးအမှတ်ဖြင့်မာလာဂန္ဓ။ စသည်တို့ကိုလိမ်းကျံအပ်၏။ ဥစ္စာသယနမဟာသယနာ၌။ နောက်ကိုကဆိုခဲ့ပြီ။ ။ဇာတရူပရဇတပဋိဂ္ဂဟာဏာ၌။ ။ ဥဿာဟေ သတိအရမှာ။ ။ဆယ်ပါး သီလကို စောင့်ရှော် နိုင်မူ၊ မိမိရွှေငွေစသောပစ္စည်းတို့ကို မုတ္တစာဂဖြင့်၊ လွှတ်လွှတ် စွန့်ကြဲခဲ့မူ။ နိစ္စသီလ ဖြစ်၍ အမြဲ အားထုတ် နိုင်မူ။ ကြောင့်ကြ ခြင်းဆယ်ပါးကင်းမူ။ ဆယ်ပါးသီလမခံယူမီ။ အရုဏ်တက်။ ရွှေ ငွေ အဝတ်တန်းဆာတို့ကို လှပပြေပြစ်အောင် မဝတ်ဆင်မူ။ ဆယ်ပါးသီလရရာ၏။ ခံယူဆောက်တည်ပြီးလျှင် သစ်တပင် ရင်း၊ ဝါးတပင်အောက်၌ ပရိကမ္မဘာဝနာ ဖြင့်၊ ထပ်ကာထပ် ကာ။ တခုတည်းသောဧကဂ္ဂတာစိတ်ဖြင့် နှလုံးသွင်းလျက်။ မ ပြတ်မလတ်အားထုတ်ရာ၏။ ။သီလတပါးတတ်က။ လူနတ် ဦးခိုက်ပူ။ဇော်ထိုက်၏ဆိုသည်ကား။ ဣန္ဒြိယသံဝရသီလ၊ ပါတိ

မောက္ခသံဝရသီလစသောလေးပါးသောသီလတို့တွင်။ ဣန္ဒြိယ
သံဝရသီလကိုစောင့်ထိန်းက။လေးပါးလုံးပြည့်စုံသောကြောင့်။
လူ့နတ်ဦးခိုက်ပူဇော်ထိုက်၏ဟုဆိုကုန်သည်။ ။ဒုဂ္ဂန္ဓောအသု
ဝိကာယော၊ကုဏပေါဥက္ကရူပမော။ နိန္ဒိတောစက္ခုဘူတေဟိ၊
ကာယောဗာလာဘိနန္ဒိတော။ ။အလ္လစမ္မပဋိ စ္ဆန္နော၊နဝဒွါ
ရောမဟာဝဏော။ သမန္တတောပဂ္ဃရတိ၊ ဇေဂ္ဂိတော ပူတိ
ကာယော။ ။အသုစိပူတိဒုဂ္ဂန္ဓံ၊နာနာကုဏပပူရိတံ။ပဂ္ဃရန္တံ
ဒိဝါရတ္တိံ၊ဗာလာနမဘိနန္ဒိတံ။ ။ဟုသီလဆောက်တည်ပြီး
လျှင်နှလုံးသွင်းလျက် အဘန်ဘန် အားထုတ်ရာ၏။ မိမိ စိတ်ကို
လှည့်ပတ်ခြင်း၊သူတပါးကို လှည့်ပတ်ခြင်း ဝဉ္စနတရား။ ဂိုဏ်း
အားချီးမြှောက်ခြင်း၊ အရပ်ကိုချီးမြှောက်ခြင်း၊ သူတပါးကိုချီး
မြှောက် လိုဟန် ကို အရင်းပြု၍ အကြောင်း ပြု၍။အပေါင်းအ
ဘော်၌။ကာမဂုဏ်၌။ဝိဝိကိစ္ဆာ၊ ဥဒ္ဓစ္စ၏အကြိုက်။မကောင်းမှု၌
အလိုရှိ၍ လှည့်ပတ်တတ်သောစိတ်ကြောင့်။ ဝဋ်၏ကျင်လည်
ရာ။ သံသရာ၌နှစ်မွန်းခြင်းဖြစ်ရာ၏။ ။ကောင်းမှု၌ အလိုရှိ
ဟန်ဖြင့်။နဝကမ္မအမှု၌မွေ့လျော်ခြင်း။ နဝကမ္မအမှု၌မွေ့လျော်
သည်ကို ကုသိုလ် ကောင်းမှု၌၊ လုံးပမ်းဟန်၊ အလွန် အလိုရှိ
ဟန်၊ သံသရာကိုငြီးငွေ့၍ကုသိုလ်ကိုဝါယာမစိုက်ဟန်နှင့်။ သူ
တပါးကို မိမိပျင်းရိသော စိတ်ကို လှည့်ပတ်တတ်၏။ မိမိ၌ မ
ကောင်းမှုအားကြီး၍သော်ငင်း။လောကပြစ်ကြောင့် သော်ငင်း။
စိတ်၏ပူပန်ခြင်းပြင်းစွာဖြစ်သောခါ။ ထိတ်လန့်သံဝေဂဖြစ်သ
ကဲ့သို့။ဟန်ည်း။ထိတ်လန့်ခြင်းဟန်ကိုအရင်းပြု၍။ စိတ်၏ပူပန်
ခြင်းသည် လှည့်ပတ်တတ်၏။ ။သဒ္ဓါတရားများဟန်နှင့်။သတိ
ပညာရှေ့သွားလျက် မရှုးစမ်းမဆင်ခြင်ဘဲ ဖြစ်တတ်၏၊ လှည့်
ပတ်တတ်၏။ မစဉ်းမစားဆိုတတ်၏၊ ပြုတတ်၏။မိမိကိုယ်ကို
သဒ္ဓါဟုမှတ်ထင်တတ်၏။ မယုံကြည်ခြင်းကြောင့်။စုံစမ်းဟန်
ပြုတတ်၏။ စုံစမ်းဟန်ပြု၍မယုံကြည်သောကြောင့်။အပါယ်သို့
ရောက်တတ်၏။ ။မိမိအသက်ကြီးခြင်းကြောင့်၊မာနကြောင့်၊

ရိက်မဲခြင်းကြောင့်၊ မိစ္ဆာဒိဋ္ဌိကြောင့်။ ယုတ်မာသော သဘောကြောင့်၊ သီလသမာဓိ ပညာရှိတို့၏ အဆုံးအမဩဝါဒကို မလိုက်နာ၊အရိုအသေမပြုဖြစ်တတ်၏။သဂါရဝ၊ နိဝါတမရှိက။ အပါယ်လေးပါးလားခြင်းအကြောင်းဖြစ်ရာ၏။ ။တရားကိုအကြီးအမှူးပြုဟန်ဖြင့်။ မြတ်သောအကျင့်ကိုမကျင့်။ သီတင်းသုံးဘော်တို့၌မရိုမသေပြုတတ်၏။ လှည့်ပတ်တတ်၏။ အထင်မှားတတ်၏။ ။လောကကို အကြီးပြုလေ ဟန်ဖြင့်။ မိမိကိုယ်ရင်း။ သူတပါး ကိုယ်ရင်း ဖျက်ဆီးတတ်၊ လှည့်ပတ်ထတ်၊ အထင်မှားတတ်၏။ ။မေတ္တာရှိဟန်။ မေတ္တာကိုအကြောင်းပြု၍။ ရာဂတပ်မက်မောခြင်း၊ ကာမဂုဏ်၌ အလိုရှိခြင်း၊ ရာဂဖြစ် သည်ကိုပြဟ္မစိုရ်မေတ္တာဟု။အထင်မှားတတ်၏။ ။သနားခြင်းကရုဏာလိုနှင့်။စိုးရိမ်ခြင်းသောကကို။ဗြဟ္မစိုရ်ကရုဏာ အထင်မှားတတ်၏။ ။မဟာကုသိုလ်သော မနသ မုဒိတာနှင့်နေလေဟန်ဖြင့်။ လောဘမူ သောမနဿ ရွှင်ခြင်းကို မုဒိတာဟုအထင်မှားတက်၏။ ။မဟာကုသိုလ် ဉပေက္ခာနှင့်နေလေဟန်ဖြင့်။ ကုသိုလ်တရား မဖြစ်။လောဘမူ ဉပေက္ခာ ဖြစ်သည်ကိုကုသလဉပေက္ခာဟု အထင်မှားတတ်၏။ စက်ဆုပ် ရွံရှာခြင်း မရှိသောသူသည် ကာမဂုဏ် လှည့်ပတ်တတ်သည်။ ကာမ၏အလိုဆန္ဒကြောင့် စက်ဆုပ် ရွံရှာခြင်းမရှိဟုမှတ်ရာ၏။အထင်မှား၍လောဟကုန္တိ့သို့သွားတတ်သည်။ ။မိမိဗျာပါဒဒေါသကြောင့်။ စက်ဆုပ် ရွံရှာခြင်းမရှိသည်။ စက်ဆုပ်ရွံရှာခြင်းကိုအကြောင်းမူ၍။ ဗျာပါဒဒေါသ။ ရင်းဗျာပါဒဒေါသကိုပင် အာဟာရပဋိကူလကဲ့သို့ဖြစ်၏ဟု ထင်မှားတတ်သည်။ အထင်မှား၍ငရဲသို့သွားတတ်သည်။ ။သမာဓိလိုလိုနှင့်။ ထိနမိဒ္ဓဖြစ်တတ်သည်။ ငိုက်မျည်းခြင်းဖြစ်သည်ကို သမာဓိ တည်ကြည်သောစိတ်ဟု တင်မှား တတ်သည်။ အထင် မှား၍ တိရစ္ဆာန် ဘုံသို့သွားတတ်သည်။ ။လုံ့လအားထုတ်ခြင်းဟူသောအကြောင်းကြောင်း၊ ဥဒ္ဓစ္စ ဖြစ်တတ်သည်။ မိမိစိတ် ပြန့်လွင့်သော ဥဒ္ဓစ္စ

ကြောင့်ဝိရိယလုံ့လအားထုတ်တတ်သည်။ ဥဒ္ဓစ္စကိုဝိရိယထင်ဖေတ်သည်။ အထင်မှားခြင်းကြောင့်၊ တိရစ္ဆာန်စသည်ဖြစ်တတ်သည်။ ။လူဖြစ်စေ၊ရဟန်းဖြစ်စေ၊သိက္ခာပုဒ်တော်ကိုအလေး ပြုလွန်၍။ ကုက္ကုစ္စ အလို့လို့ ဖြစ်တတ် သည်။ ဘုရားဟောနှင့် ညီရုံ ကျင့်ရာ၏။ ကုက္ကုစ္စ အားကြီးက၊ နိရယသော်ဒုင်း။နဂါးသော်ဒုင်းဖြစ်တတ်၏။ ။ပဏ္ဍုနှစ်ပါး၊ကိုစုံစမ်းလို၍ဝိစိကိစ္ဆာဖြစ်တတ်သည်။မိမိစိတ်မကောင်းသဖြင့်ဖြန့်လွင့်သောဝိစိကိစ္ဆာကြောင့် စုံစမ်း မေးမြန်း တတ်သည်။ ဓမ္မသာကစ္ဆာဟုအထင်မှား၍ငရဲတိရစ္ဆာန်ဖြစ်တတ်သည်။ ။ကုသိုလ်ဈာန်ရုံ၊ အနိဗ္ဗာန်ရုံ။ အကုသိုလ်ဈာန်ရုံ၊ အနိဗ္ဗာန်ရုံ၌ လျစ်လျူရှုခြင်းဥပေက္ခာကိုအရင်းပြု၍။ ပြင်းစွာတွေဝေမိန်းမောသောသမ္မောဟဖြစ်တတ်သည်။ပြင်းစွာတွေဝေခြင်းကိုပင်ဥပေက္ခာဟုအထင်မှားတတ်သည်။အထင်မှားခြင်းကြောင့်ငရဲ၊တိရစ္ဆာန်ဖြစ်တတ်သည်။ ။မိမိကိုယ်အင်္ဂါ။ရွှေငွေဘဏ္ဍာ။အစိုးရခြင်းလက္ခဏာစသည်ကြောင့်။ထောင်လွှားခြင်း၊ မော်ကြွားခြင်းမာနဖြစ်တတ်သည်။နိဝါတနှင့်ဆန့်ကျင်ဘက်။ ။ငါသာလျှင်တတ်သည်။ လိမ္မာသည်။ မြတ်သည်။မိမိမပျက်စီးရသေးသည်ကိုအရင်းပြုမှု၍။ဒုင်းငရဲစသည်၌ဖြစ်တတ်၏။ ။စုံစမ်းခြင်းအကြောင်းတူသည်ကို။ သိမ်းဆည်းခြင်းတူသည်ကိုရုပ်ဆောင်ခြင်းကြောင့်။ နိယတ၊ အနိယတမိစ္ဆာဒိဋ္ဌိဖြစ်တတ်၏၊ ဘုရား့အလိုတော်မှတပါးအခြားသောအယူ၊ ဘုရား၏အလိုတော် ယောင်ယောင်နှင့်။ တနည်း။အလိုတော်ကိုအရင်းပြု၍။ မဟုတ်သောအလိုကိုပြောဟောဆွဲငင်တတ်၏။အနိယတမိစ္ဆာဒိဋ္ဌိမှာ။သိဒ္ဓိဝင်း၊ကာဠသုတ်ငရဲအသက်နှင့်အနှစ်ငါးရာ၊ တထောင်ခံရတတ်၏။ နိယတမိစ္ဆာဒိဋ္ဌိမှာ။အနှစ်ကမ္ဘာအပိုင်းအခြားမရှိ။ အဝီစိမှာများစွာခံရတတ်၏။ ကမ္ဘာ ပျက်သော်လည်း ပြောင်း၍ ခံရ၏။ ဓမ္မသာကစ္ဆာ မဟုတ်၊တရားမမှန်ဖြစ်၍ စိတ်၏လှည့်ပတ်ခြင်းခံရတတ်သည်။ ။ကာမဂုဏ်ငါးပါး၌ တပ်ခြင်းကင်းဟန်လိုလိုနှင့်၊ မသနား တတ်

သောလူသာမညဒုက္ခိတ၌မြင်သော်ရင်း ကြားသော်ရင်း သနားခြင်းကရုဏာမရှိ။မောဟပိတ်ပင်သောလူ့ဗာလ မာနကြွားသူ။ တပ်ခြင်း ကင်းဟန်မှု၍ စိတ်၏ အထင်မှားခြင်း။ ယှည့်ပတ်ခြင်းဖြင့်အပါယ်၌ ဖြစ်တတ်၏။ ဘုရားခွင့်ပြုတော် မူလေဟန်ဖြင့်။ တနည်း။ရတနာသုံးပါး၌ပတ်သက်၍ လိမ်လည်ယှည့်ဖြားလျက်စားသောက်ခြင်း၊ ကာမဂုဏ် ခံစားခြင်း။ ။တနည်း။ စားသောက်ခြင်းကာမဂုဏ်ကိုခံစားလို၍။ ရတနာသုံးပါးနှင့်ပင်း၍ယှည့်ပတ်ခြင်း။ဤသူတို့ကားငရဲ၊ပြိတ္တာများစွာဖြစ်ပြီးမှ။ လူဖြစ်ပြန်ကလည်း၊ ဆင်းရဲငြိုငြင်စွာ၊ ခေါင်းပါး ခြင်း၊ လူချင်းမတူဖြစ်တတ်၏။အသက်မွေးခြင်းစင်ကြယ်ဟန်ဖြင့်။ မိမိပစ္စည်းကိုနှစ်မြောစုံမက်၍ ဝေဘန်ခွဲခြမ်း လှူဒါန်း ပေးကမ်းခြင်း မရှိသူပြိတ္တာဘုံ၌ဖြစ်တတ်၏။ အာဇီဝပါရိသုဒ္ဓိသီလကိုယ်၌ စင်ကြယ်ယောင်ယောင် ယှည့်ပတ်တတ်၏။ သူတပါး၏ပစ္စည်းကိုလိုချင်တပ်မက် မော၍ ဝေဘန်ခွဲခြမ်း လှူဒါန်း ပေးကမ်း ဟန်ဖြင့်။ မကောင်းသောအသက်မွေးခြင်းမိစ္ဆာအာဇီဝဖြစ်တတ်၏။တနည်း။ မိစ္ဆာအာဇီဝမကောင်းသောအသက်မွေးခြင်းကြောင့်။တနည်း။ သမ္မာ အာဇီဝယောင်ယောင်။မိမိကိုရင်း။ သူတပါးကိုရင်း ယှည့်ပတ်သော စိတ်ကြောင့်၊ သံတွေစာကို စားရသကဲ့သို့ဖြစ်တတ်၏။ သူတပါးနှင့် မရောနှောဟန်။ အကြံက ပကာသန၊ နှုလုံးကမိစ္ဆာ။ပြောပြန်ပါလည်းဝစိဒုစ္စရိတဗာလစကား၊ သစ်တပင်ရိပ်ဝါးတပင်နားမှာနေယောင်လောကသင်္ဂဟာကိုလည်းမပြုဓမ္မသင်္ဂဟာကိုလည်း အားမထုတ်၍ မတတ်။ မတတ်သောကြောင့်ပြောဟောရန်မရှိ။သူတပါးဟောသည်ကိုလည်းရိုသေစွာမနာခံ။ တရားသံကိုလည်းမကြားချင်။တတ်ယောင်ကားနှင့်ဟန်ဆောင်။သူတပါးနှင့်တူယောင်၊ မချိုးမြောက် မထောက်ပင့်တတ် သောအလေ့ဖြင့်သာ။အသက်ရှည်သော်သူအပေါင်းတို့သည်မကောင်းသောအပါယ်သို့သာ ရောက် ကုန်ရာ၏။ လောကသင်္ဂဟာ၊ ဓမ္မသင်္ဂဟာ၊ခရီးသွားခြင်းအဟန်ဖြင့်။ တရားနှင့်မလျော်။ လူမတော်

နှင့်ရောရှက်ခြင်းလှည့်ပတ်ခြင်း၊ဝိယာဝါစာပြောဟောခြင်း၊ရော
နှောလို၍၊သပ္ပိုဟ်ထောက်ပင့်ဟန်ပြုခြင်းသည် အကုသလသာ
ဝဇ္ဇဒုက္ခ၏ အကြောင်းသာ ဖြစ်ရာ၏။အမှန် ဆိုသည့် ဟန်ဖြင့်
ချောပစ် ကုန်းတိုက်သော စကား။ ကုန်းတိုက်လို၍ အမှန်ဆို
ဟန်။ သစ္စာပါရမိမဟုတ်။ ပိသုဏာဝါစာ၊ အတ္တုက္ကံသန၊ မိမိ
ကိုယ်ကို ချီးမြှောက်ခြင်း။ ပရဝမ္ဘန သူတပါးကို နှိမ့်ချ လို၍
ပြောသော ပိသုဏာ ဝါစာကို သမ္ဘာဝါစာ၊ သစ္စ ဝါစာဟု အ
ထင်မှားတတ်၏။ ။ကုန်းမချောသောအဟန်ဖြင့်။မိမိအကျိုး
သူတပါးအကျိုးကို အလိုမရှိ လှည့်ပတ် တတ်၏။ သူတပါးအ
ကျိုးကိုလည်းအလိုမရှိ။ မိမိအကျိုးကိုလည်းမသိ၊ သမ္ဘာဝါစာ
ဟန်ပြုသော သူမိုက်။ ဒုစရိုက်၏ဖြစ်ရာ အပါယ်သို့ ရောက်ရာ
သောအကြောင်း ဖြစ်သည်။ ။ချစ်ဘွယ်သော စကားကိုဆို
ဟန်ဖြင့်။ အရိုအသေအပစာယနဟုအထင်မှားတတ်၏။ အရိုအ
သေပြုလျှင်သူတပါးချစ်ခင်၏ဟုထင်၍ပြုခြင်း။ နိဝါတတရားမ
ဟုတ်။တဏှာလောဘ၏အာရုံကာမဂုဏ်ဟုမှတ်ရာ၏။ ။နှိုင်း
ယှဉ်ဆင်ခြင်၍ ဆိုဟန်ဖြင့်။ ဝမ်းမြောက်ဝမ်းသာ ပြောဟော
လေ့မရှိ။ စိတ်၏မကြည်လင်ခြင်း။ နှလုံးမသာခြင်း။ အဒေါသ
မေတ္တာမဟုတ်။ ဒေါသနှင့်ယှဉ်လျက် သောမနဿနှင့်တကွမ
ဖြစ်။စင်စစ်လှည့်ပတ်သောစိတ်ဟုမှတ်ရာ၏။ ။ဝမ်းမြောက်
ဝမ်းသာပြောဟောလေ့ရှိဟန်ဖြင့်လှည့်ပတ်ခြင်း။ လှည့်ပတ်လို
၍ဝမ်းမြောက်ဝမ်းသာပြောခြင်းဖြစ်တတ်၏။ ။မိမိကိုရင်း၊မိမိ
သားသို့း စသည်ကိုသော်ရင်း၊ နှိပ်၍ဆိုဟန်ဖြင့်။ ကြမ်းတမ်း
ယုတ်မာသော ဖရုသဝါစာဖြစ်တတ်၏။ ကြမ်းကြုတ်သော စ
ကားကိုဆိုလို၍ မိမိကိုယ်စသည်ကို နှိပ်ဟန်ပြုယောင်ဆောင်
တတ်၏။ ။သူတော်ကောင်းကဲ့သို့ မကောင်းမှုကို ကဲ့ရဲ့ဟန်
ဖြင့်။ သူတပါး၏အပြစ်ကိုရှုတတ်ပြောလေ့ရှိဘတ်။ရှုပ်ချတတ်
သောစကားသဘောရှိ၍သံသရာဒွန်ကြီးပွါးခြင်း။ နိဗ္ဗာန်နှင့်ဝေး
ခြင်းကို ဖြစ်စေတတ်၏။ ။မိမိအမျိုးကို သနားစောင့်ရှောက်

ဟာန်ဖြင့်။ကုလမဿွေရ၊အမျိုး၌ဝန်တိုတတ်၏။တပါးသူ့နှင့်ပွါးစီး
ခြင်းကိုရင်း။ယုတ်မာသေါအလိုဆိုးကြောင့်သော်ရင်းဖြစ်တတ်
၍ကရုဏာတရားကြောင့်စောင့်ရှောက်ဟာန်ပြုသဖြင့်ငရဲပြိတ္တာ
၌ဖြစ်တတ်၏။ ။မိမိကျောင်း၊ အိမ်၊ ဉယျာဉ်၊ နေရာစသည်၌
ကြာမြင့်စွာတည်ခြင်းကိုအလိုရှိခြင်းကြောင့်။ အာဝါသမဿွေရ
နေရာ၌ဝန်တိုခြင်းဖြင့်လှည့်ပတ်၍။ငရဲ၊ပြိတ္တာ၌ဖြစ်တတ်၏။သာ
သနာတော်၌အရှည်တည်အောင်ပြုလေဟာန်။သာသနာကိုမိမိပြု
ဟာန်အရင်းတည်ဟာန်။နေရာကိုကြာမြင့်စွာတည်လိုဟာန်နှင့်ဝန်
တို၍မိမိစိတ်ကိုလှည့်ပတ်။ သူတပါးကိုလှည့်ပတ်တတ်၏။ ။
တရား၏ဘေးရန်ကို ပယ်ဟာန်။ ပိဋကတ်၏ဆုတ်ယုတ်ခြင်းကို
ပယ်ဟာန်နှင့်။ သူတပါးတတ်၏ဟုပြောဆိုသည်ကိုမကြိုက်။ သူ
တပါးအားထုတ်သည်ကိုမနှစ်လို။ သူတပါးပြောသည်ကိုဝမ်း
မမြောက်။ မိမိထက်တတ်၏ ဆိုသည်ကိုမခံချင်။ တပါးသော
ရဟန်းအားစာပေလှူသည်ကိုမနာလို။ စာပေကိုသူတပါးခေတ္တ
ထုတ်၍ကြည့်သည်ကိုဝန်တို့။လိမ်လည်၍ခိုးယူဟာန်ပြော။ ဤသူ
တို့ကားငရဲပြိတ္တာစသည်၌များးပွာဖြစ်လေရာ၏။ ။တရားပြော
ပောာခြင်း၌အလွန်မွေ့လျော်ဟာန်နှင့်တရားကိုလိုဟာန်။သူတော်
တရား၌မွေ့လျော်ဟာန်။ တရားကျင့်ဟာန်။ တွေ့ကရ၊ စွတ်ကရ၊
မုသာဝါဒစကား၊ထမင်းစကား၊ဆေးစကား၊ဗေဒင်စကား။ အ
လုံးစုံလောကီ၌ အလေ့အထဖြစ်သော စကားဖြင့် မွေ့လျော်၍
ပြောပောာခြင်း။လှည့်ပတ်ခြင်းကြောင့်။ ငရဲပြိတ္တာစသည်၌များ
စွာဖြစ်တတ်၏။

တသောင်းစကြဝဠာ။နတ်ဗြဟ္မာတို့။ တောင်းပန်ကြသော်။
အလောင်းတော်သည်။ လျော်မလျော်၊ သင့်မသင့်ကို နှိုင်းချင့်
တိုင်းထွာလျက်။ငါးဖြာကြည့်ခြင်း။မယွင်းထို့တူ။ပမာဟူသား။
မြတ်ဘုရားလည်း။ လေးပါးသစ္စာ။ ပညာစက္ခု။ သဗ္ဗညုဖြင့်။
ကြည့်ရှုတော်မူရာ။ ခြောက်ဖြာရတု။ ဥတုသုံးဖြာ။ ရှေးနောင်
တောာ်တို့၏သျှောက်ပတ်ရာဒေသ။ ဤ၌ာနန္ဒ။နေရကျိုးရှိ။ ကျွတ်

မည်ရချ။ သုံးလောကသည်။ ရမည့်အမှန်။ မြတ်နိဗ္ဗာန်ကို။ ရွှေဉာဏ်တော်ဖြင့်သိတော်မူသော။ သဗ္ဗညုရှင်စောဘုရားသည်။ ကလောပင်၏အနီး။ ပြည်ကြီးအစ။ ကောသလတိုင်း သာဝတ္ထိပြည်။ ဇေတဝန်ရွှေကျောင်းတော်၌။ သိန်းသောင်းမက။ ငွေခွက်ချင်းထိကာ။ ဇေတ မင်းသား၏ ဥယျာဉ်ရာကို။ အနာ ထပိဏ်သူဌေးသည်။ နှောင့်နှေးမရှိ။ ဇောပိတိဖြင့်။ သင့်တင့်အောင်ဝယ်ယူ၍။ ခြေခံသွယ်သောအရောင်တော်တို့ဖြင့်။ တပြောင်ပြောင်တဝင်းဝင်း ထွန်းလင်းတော်မူလျက်။ နှစ်သက်ဝမ်းသာ။ ပျော်ဘွယ်ရာဖြစ်သော ကျောင်းတော်ကြီး၌။ အသီးသီး အဝဝ။ ရဟန္တာ အပေါင်း ရံခလျက်။ အရဟတ္တဖိုလ် ဝိဟာရဖြင့်။ မျှတအောင်စမ္ပါယ်တော်မူသောမြတ်စွာဘုရားကို။အဟံ၊ ဘုရား့တပည့်တော်သည်။ဝန္ဒာမိ၊ ဘယလာဘ။ ကုလကြဉ်ရှောင်း။ဂုဏ်တော်ပေါင်းကို။အခံမေ့သဖြင့်။အသင့်နှလုံး။ဆို့ပိတ်ဖုံးလျက်။ သုံးတန် စေတနာ။ သုံးဖြာဒွါရ။ သုံးပါးသော ပဏာမ တို့ဖြင့်။ ကြည်ဆွသဒ္ဓါ။ လက်အုပ်မိုး၍။ရှိခိုးပူဇော်။ဖူးမြော်မာန်လျှော့။ ကန်တော့ပါ၏အရှင်ဘုရား။

ဥပပတ္တိကဒေဝရာဇာ။နတ်တကာတို့၏ဘုရင်။ဘုံစဉ်သောတာပန်။ပျော်စံပြီးမှ။ နိဗ္ဗာနကို။ရမည်မှန်စွာ။ ဒေဝိန္ဒာသည်။သုဒဿန၊ ရွှေပြာသာဒ်မှ။ သက်လာတုံငြား။မြတ်ဘုရား၏။ ထံပါးကျောင်းတော်၊သန်းခေါင်ပေါ်ခါ။ထိန်ထိန်ဝါနှင့်။တေဇာတန်ခိုး။ အရောင်မိုးလျက်။ နှစ်သက်စရာ ထွန်းလင်းပါ၍။ ဘုရားရှိရာ၊ ကပ်ပြီးခါမှ။နတ်ဋ္ဌာန္တသည်။ထလျက်တည်ကာ။ နီးဝေးလေညာ။ မြင့်စွာရှေ့နောံ။ ပြစ်ခြောက်ကင်းရော။လျှော်ပတ်ရာအရပ်၌။ ငါးဖြာရိုကျိုး။ လက်အုပ်မိုး၍။ ရှိခိုးလျက်သာ။ဂါထာမန္တဖြင့်၊ တောင်းပန် ခယသော။မြတ်စွာဘုရားကို။အဟံ၊သဉ်။ဝန္ဒာမိ၊၏။

လူနှင့်တကွ။ နတ်ဒေဝတို့။ သုခရှိရာ၊ နိဗ္ဗာနာကို။ များစွာလိုရှိ။သို့ဖြစ်ဘိ၍။သိရိကြက်သရေ။ဘုန်းရောင်ထွေသား။မြတ်ဘုရားသည်။ တရားဒေသနာ။မင်္ဂလာကို။ ဟောကာပြသ၊ ဆုံး

မတော်မူရာ။ဒေဝဒေဝါ၊မနုဿာတို့သည်။မှန်စွာရချ။ချမ်းသာရအံ့။လောကရတွင်။ ရှင်ပင်ဘုရား။ သုံးလူ့ဖျားကို။ အဟံ၊ဘုရား့တပြည့်တော်သည်။ဝန္ဒာမိ၊ ဘယလာဘ။ကုလကြည့်ရှောင်း။ဂုဏ်တော်ပေါင်းကို။ အောက်မေ့သဖြင့်။အသင့်နှလုံး။ ဆို့ပိတ်ဖုံးလျက်။သုံးတန်စေတနာ။သုံးဖြာဒွါရ။သုံးပါးသောပဏာမတို့ဖြင့်။ကြည်ဆွသဒ္ဓါ။ လျော်ကာသင့်တင့်။ ပြစ်ခြောက်ကင်းရာ။တည်ငါးဖြာနှင့်။အသင့်ညီစွာ။ရှိခိုးပါ၏။အရှင်ဘုရား။

သသ်ပုတ်ခိုးကာ။ကာမိစ္ဆာနှင့်။မုသာဝါဒ။ငါးဝယစ်မျိုး။ မရှောင်တိုး၍။ကျင့်ဆိုးယုတ်မာ၊အပါယ်ရွာမှာ။ဖြစ်ရာဘဝ။ လူ့ဗာလကို။ရှောင်ကြကင်းဝေး။ ဘေးလွတ်ရာဌာန။ သူတော်စွာပဏ္ဍိတတို့၊ပြသဟောရာ။လိုက်နာမှီကပ်။ကိုယ်ထက်မြတ်ရတနာ။ပူဇော်ကာဖြင့်။မင်္ဂလာတရား။ဤသုံးပါးကို။မှတ်သားပါကြနတ်ဒေဝဟု။ ဟောပြတရား။ မြတ်ဘုရားကို။ အဟံ၊ဘုရား့တပည့်တော် သည်။ ဝန္ဒာမိ၊ ဘယ လာဘ၊ ကုလကြည့် ရှောင်း။ဂုဏ်တော်ပေါင်းကို။အောက်မေ့သဖြင့်။ အသင့်နှလုံး။ဆို့ပိတ်ဖုံးလျက်။သုံးတန်စေတနာ။ သုံးဖြာဒွါရ။ သုံးပါးသောပဏာမတို့ဖြင့်။ကြည်ဆွသဒ္ဓါ။ လျော်ကာသင့်တင့်။ ပြစ်ခြောက်ကင်းရာ။တည်ငါးဖြာနှင့်။အသင့်ညီစွာ။ရှိခိုးပါ၏။အရှင်ဘုရား။

သုံးပါးရတနာ။ဆရာသမား။ ဘိုးဘွားမိဘ။ ဥတုစသည်။မိတ္တပဏ္ဍိ၊ကဝိသာရ၊ချီးမြှောက်ပြုကြ။ရပ်ဒေသဗ္ဗ။နေဟုကျိုးရှိ။ဉာဏ်ဖြင့်သိ၍။ နှိုင်းညှိ တိုင်းထွာ၊ ရှေ့ပညာကြောင့်။ မနှောင့်သူတော်။ညာကြော်သိတင်း။ ထင်ရှားလင်း၏။ နတ်မင်း ပမာ။ကောင်းစွာနိမိတ်။ဝိတ်ကိုနှိပ်၍။ဆိတ်ဆိတ်ကျင့်မှန်။ငါးတန်ပဉ္စသီ၊ရှစ်လီဥပုသ်။ကိုယ်နှုတ်နှလုံး။စွဲသုံးဘာဝနာ၊အားထုတ်ကာဖြင့်။ဒေဝါသိကြား။ဤသုံးပါးဟု။မှတ်သားဟောပြ။သမ္ဗုဒ္ဓကို။အဟံ၊ ဘုရား့တပည့်တော်သည်။ဝန္ဒာမိ၊ ဘယလာဘ၊ ကုလကြည့်ရှောင်း။ဂုဏ်တော်ပေါင်းကို။အောက်မေ့သဖြင့်။ အသင့်နှလုံး။ ဆို့ပိတ်ဖုံးလျက်။ သုံးတန်စေတနာ။သုံးဖြာဒွါရ။ သုံးပါး

ပဏ္ဏာမတ္တိဖြင့်။ကြည်ဆွသဒ္ဓါ။ လျော်ကာသင့်တင့်။ ပြစ်ခြော်ကင်းရော။တည်ငါးဖြာနှင့်။အသင့်ညီစွာ။ရှိခိုးပါ၏အရှင်ဘုရား။

အမြင်အကြား။ များလှကိုယ်နှုတ်။ မယုတ်သိပ္ပ။ ဗွာရသနှင့်။ သင်အံခြင်းရော။ဒေသနာဝိနယ၊သိုကြကောင်းစွာ။ဤလေးဖြာဟု။ ဇာနွာသိကြား။ မှတ်သားစိမ့်ဌါ။ မင်္ဂလာတရား။ဟောညွှန်ကြားသည်။ ဘုရားသုံးလူ့ သဗ္ဗညုကို။ အဟံ၊ ဘုရားတပည့်တော်သဥ္။ဝန္ဒာမိ၊ဘယလာဘ။ ကုလကြဉ်ရှောင်း။ဂုဏ်တော်ပေါင်းကို။အောက်မေ့သဖြင့်။ အသင့်နှုလုံး။ ဆို့ပိတ်ဖုံးလျက်။ သုံးတန်စေတနာ။ သုံးဖြာဒွါရ။ သုံးပါးသော ပဏ္ဏာမတ္တိဖြင့်။ ကြည်ဆွသဒ္ဓါ။ လျော်ကာသင့်တင့်။ ပြစ်ခြောက် ကင်းရော။ တည်ငါးဖြာနှင့်။အသင့်ညီစွာ။ရှိခိုးပါ၏အရှင်ဘုရား။

သမ္မာအာဇီဝ။ မိနှင့်ဘကို။ သင်ပြတရား။ သားမယားအား။ လုပ်ကျွေးကာဖြင့်။ထောက်ပင့်တူစွာ။ ပြစ်ကင်းရာမှု။ ကုသိုလ်ပြု၍။ရည်ဆုနိဗ္ဗာန်။စိတ်အကြံဖြင့်။မှတ်ရန်သိကြား။ ဤသုံးပါးဟု။ဟောကြားဓမ္မ၊ သုံးလူ့ဘကို။ အဟံ၊ ဘုရားတပည့်တော်သဥ္။ဝန္ဒာမိ၊ဘယလာဘ။ ကုလကြဉ်ရှောင်း။ဂုဏ်တော်ပေါင်းကို။ အောက်မေ့သဖြင့်။ အသင့်နှုလုံး။ဆို့ပိတ်ဖုံးလျက်။သုံးတန်စေတနာ။သုံးဖြာဒွါရ။ သုံးပါးသောပဏ္ဏာမတ္တိဖြင့်။ကြည်ဆွသဒ္ဓါ။ လျော်ကာသင့်တင့်။ ပြစ်ခြောက်ကင်းရော။ တည်ငါးဖြာနှင့်။ အသင့်ညီစွာ။ရှိခိုးပါ၏အရှင်ဘုရား။

ပုဂ္ဂလိက။သင်္ဃိကနှင့်။ဓမ္မဒါန။ ပြုကြမြဲမြဲ၊ကျင့်မှန်တရား။ ဆွေမျိုးများကို။သင်္ဂြိုဟ်ထောက်ပင့်။ချီးမြှင့်ရတနာ။တိုးမပါရ။ ဓမ္မညီစွာ။ ကင်းရာ အမှု။ ပြုကြ သူငါ။ လေးဖြာတရား။ နတ်သိကြားဟု။ဟောထားမိန့်ဟ။မုနိန္ဒကို။ အဟံ၊ဘုရားတပြည့်တော်သည်။ဝန္ဒာမိ၊ဘယလာဘ။ကုလကြဉ်ရှောင်း။ဂုဏ်တော်ပေါင်းကို။အောက်မေ့သဖြင့်။အသင့်နှုလုံး။ ဆို့ပိတ်ဖုံးလျက်။ သုံးတန်စေတနာ။သုံးဖြာဒွါရ။ သုံးပါးသော ပဏ္ဏာမတ္တိဖြင့်။ ကြည်ဆွ

သဒ္ဒါ။လျော်စွာသင့်တင့်။ပြစ်ခြောက်ကင်းရော။တည်ငါးဖြာနှင့်။ အသင့်ညီစွာ၊ရှိနိုးပါ၏အရှင်ဘုရား။

ဆယ်ပါးဒုစရိုက်။ကိုယ်၌မိုးကြိုး၊ ဖျက်ဆီးတတ်ငြား။ဤတရားကို။ မမှားစေရ။ပစ္စက်နှင့်။ ဒသသုစရိ။ ကျင့်ဘိအမှန်။မြတ်နိဗ္ဗာန်ကို။ဧကန်ရောက်ကြောင်း။ သူတော်ကောင်းတို့။ကောင်းကောင်းမှတ်ရာ။ မင်္ဂလာ။ မကွာကိုယ်၌။မြဲစွာပိုက်၍၊ နှစ်ခြိုက်ကြည်စွာ။ လေးဖြာတရား။ ဟောထားဗုဒ္ဓ။ မြတ်ဖိနကို။ အဟံ၊ ဘုရား တပည့်တော်သည်။ ဝန္ဒာမိ၊ ဘယလာဘ။ ကုလကြဉ်ရှောင်း။ဂုဏ်တော်ပေါင်းကို။ အော်မေ့သဖြင့်။အသင့်နှလုံး။ဆို့ပိတ်ဖုံးလျက်။သုံးတန်စေတနာ။သုံးဖြာဒွါရ။သုံးပါးသောပဏာမတို့ဖြင့်။ကြည်ညှိဆွသဒ္ဒါ။ လျော်ကာသင့်တင့်။ပြစ်ခြောက်ကင်းရော။တည်ငါးဖြာနှင့်။အသင့်ညီစွာ။ရှိနိုးပါ၏အရှင်ဘုရား။

ရှိသေထိုက်သူ။ မည်သူမဆို။ တုပ်ဝပ်ကိုယ်ဖြင့်။ ဆင့်ကာဦးခေါင်း။ညွတ်ပျောင်းခ-ယ။ ဦးနှိမ်ချ၍။ မာနမဟုတ်။ခြေသုတ်ပမာ။ကိုယ်ခန္ဓာကို။ ဓမ္မတာသဘော။ပျက်သောဘာဝနာ။နှိမ်ချကာဖြင့်။မြဲစွာရောင့်ရဲ။ မေတ္တာစွဲ၍။ စိတ်ထဲကောင်းကြံ။ အမှန်ကျေးဇူး။အထူးမှတ်လေ။ မမေ့ပေနှင့်။ထွေထွေရာရာ။ ဗျာပါမရှိ။ဇောပီတိဖြင့်။ကြည့်ရှုနာခံ။ တရားတော်မြတ်တို့၏အသံကို။ ကြိမ်ဘန်များစွာ။ နာတဲ့ပါလေ့။ မှတ်ပါနုတ်သား။ ဤငါးပါးဟု။ တရားမင်္ဂလာ။ ဟောဗုဒ္ဓါကို။ အဟံ၊ ဘုရား တပည့်တော်သည်။ ဝန္ဒာမိ၊ဘယလာဘ။ကုလကြဉ်ရှောင်း။ဂုဏ်တော်ပေါင်းကို။အောက်မေ့သဖြင့်။ အသင့်နှလုံး။ ဆို့ပိတ်ဖုံးလျက်။ သုံးတန်စေတနာ။ သုံးဖြာဒွါရ။ သုံးပါးသောပဏာမတို့ဖြင့်။ ကြည်ညှိဆွသဒ္ဒါ။လျော်ကာသင့်တင့်။ပြစ်ခြောက်ကင်းရော။တည်ငါးဖြာနှင့်။ အသင့်ညီစွာ။ရှိနိုးပါ၏အရှင်ဘုရား။

ကာမဂုဏ် ငါးပါး။ ပြစ်တရားကို။ မမှားစေရ။ ကျင့်သီလဖြင့်။နိစ္စမြဲစွာ။သူငါကစ။နှိပ်စက်ကြသည်။ ခန္တီဝါရ။ ရသေ့မျှသို့။စိတ်ကကြည်ဖြူ။နှလုံးဖြူလျက်။အမျက်မရှိ။သည်းခံဘိ၍။အ

သိဉာဏ်ယှဉ်။ ပုထုဇဉ်အရိယ။ ဆုံးမစကား။ လိုတ်နာဖြဲးက။
ဘုရား၏နှလုံး။ ပုံနှိုးပမာ။ တူလေရော၏။ သမဏာဝန္တ။ ပုဒ်ကိုပြ
လည်း။ရတနာသုံးလီ။ဖူးသည်မည်၍။ တည်တည်ပပ။ ဖူးမြင်ချ
လျက်။လျော့က်ပတ်အခါ။ မြတ်ဓမ္မာကို။ ကောင်းစွာမေးမူ။ အ
လဂ္ဂဒ္ဒူမပါ။မေးကုန်ပါလေ့။ မှတ်ပါနတ်သား။ ဤလေးပါးဟု။
တရားညွှန်ပြ။ သုံးလူ့ဘကို။ အဟံ၊ ဘုရွှေးတပည့်တော်သည်။
ဝန္ဒာမိ၊ ဘယလာဘ၊ ကုလကြည်ရှောင်း။ဂုဏ်တော်ပေါင်းကို။
အောက်မေ့သဖြင့်။အသင့်နှလုံး။ဆို့ပိတ်ဖုံးလျက်၊သုံးတန်စေတ
နာ။သုံးဖြာခွါရ။ သုံးပါးသော ပဏာမတို့ဖြင့်။ ကြည်ဆွသဒ္ဒါ။
လျှော်ကာသင့်တင့်။ ပြစ်ခြောက်ကင်းရာ။ တည်ငါးဖြာနှင့်။ အ
သင့်ညီစွာ။ရှိခိုးပါ၏အရှင်ဘုရား။

သီလသိက္ခာ။ ရတင်ပါလျက်။ကိုယ်အသက်ကို။ ငဲ့ကွက်မ
ရှိ။ဝိရတိဖြင့်။ကျင့်ဘိအမှန်။လေးတန်သစ္စာ၊ဉါဏ်နှင့်ရှာသော်။
ဒုက္ခာသမုဒယ၊နိရောဓနှင့်။မဂ္ဂအမှန်။ဖြစ်တုံပြန်ဟု။ ငါးတန်ဆု
မြတ်။ တခုခုသတ်မှတ်၍။ မြတ်သော နိဗ္ဗာန်။ အာရုံခံမှု။ မျက်
မှောက်ပြုဟု။ ဉာဏ်စက္ခုဖြင့်။သိမှုကြောင်းပြ။ သက္ကသိကြား။
လေးပါးမဂ်လာ။ မြတ်ဓမ္မာသို့။ ဟောကာညွှန်ပြ။ သမ္ဗုဒ္ဓကို။
အဟံ၊ ဘုရွှေးတပည့် တော်သည်။ ဝန္ဒာမိ၊ ဘယလာဘ။ ကုလ
ကြည်ရှောင်း။ဂုဏ်တော်ပေါင်းကို။ အောက်မေ့သဖြင့်၊အသင့်နှ
လုံး။ ဆို့ပိတ်ဖုံးလျက်။သုံးတန်စေတနာ။သုံးဖြာခွါရ။ သုံးပါး
သောပဏာမတို့ဖြင့်၊ကြည်ဆွသဒ္ဒါ၊ လျှော်ကာသင့်တင့်။ ပြစ်
ခြောက်ကင်းရာ။တည်ငါးဖြာနှင့်။အသင့်ညီစွာ။ရှိခိုးပါ၏ အရှင်
ဘုရား။

ကဲ့ရဲ့ချီးမွမ်း၊ချမ်းသာဆင်းရဲ။ လာဘ်နည်း၊လာဘ်များ။နည်း
များခြံရံ။လောကဓံရှစ်ပါး။ ဤတရေးကို။တွေ့ကြွားတုံလှည့်။စိတ်
မရှိ၍။ပကတိသဘော။ ဖြောင့်မနော့သာ။ရဟန္တာသို့။မချိုကျင့်
ကာ။ ပိုးရိမ်ရန်ဘက်။မြူကင်းလျက်လျှင်။ကြောက်ခြင်းမရှိ။ဖြစ်
တုံဘိဟု၊ မုနိထွတ်ထား။ နတ်သိကြားအား။ ဟောညွှန် ကြား

သဥ္။ဘုရားသုံးလူ့၊သဗ္ဗညုကို။အဟာံ၊ဘုရားတပည့်တော်သဥ္။ ဝန္ဒာမိ၊ ဘယလာဘာ၊ ကုလကြဥ္စရောင်း။ဂုဏ်တော်ပေါင်းကို။ အောံမေ့သဖြင့်။အသင့်နှုလုံး။ဆို့ပိတ်ဖုံးလျက်။သုံးတန်စေနာ။ သုံးဖြာနွါရ၊သုံးပါးသောပဏာမတို့ဖြင့်။ကြည်ဆွသဒ္ဓါ၊လျော် ကာသင့်တင့်။ပြစ်ခြောက်ကင်းရာ၊ တည်ငါးဖြာနှင့်။အသင့်ညီ စွာ၊ရှိခိုးပါ၏အရှင်ဘုရား။

မင်္ဂလာဘုရားရှိခိုးပြီး၏။

နိယံသံပေါက်။

တိသရဏံ။ပဏာမံ။ ဘယံကင်းစေ၍။ ။ဘုရားတရား။ သဃ်ာများ။ကြိုးစားကိုးကွယ်ရာ။ ။သုစရိတ၊မြတ်ဓမ္မ။နေ့ည အားထုတ်ပါ။ ။ဒါနအစုရာ၊လွန်ကြွယ်စွာ၊ကျဥ္းပြသံပေါက် စာ။ ။မုတ္တစာဂ၊ပေးဝေ၍ဒါနရှေ့ဦးစွာ။ ။သဲလုံးနှင့်မျှ၊ပွင့် ဗုဒ္ဓါ၊ရှေးကဓမ္မတာ။ ။ဒါနပြုက၊သီလရ၊တူသမျှဘာဝနာ။ ။ သုံးပါးနည်းတူ၊ရ၏ဟူ၊ဗိုလ်လုနိဗ္ဗုတာ။ ။မုတ္တစာဂ၊ဥတ္တရ၊ သဗ္ဗဝိမုတ္တာ။ ။သုတ္တန်ဓမ္မ၊ဝိနယ၊ဒါနနှစ်ဆယ်သာ။ ။ဒုသီ လပါ၊ စေတနာ။တူမျှအရိယာ။ ။စေတနာတူက၊ ကျိုးတူမျှ၊ မချရသည်သာ။ ။ယခုခါတွင်။ သီလဝင်၊စင်စင်မရပါ။ ။ လှူသောသူက၊ဓမ္မိယ၊ ရှာမှရှားလေစွာ။ ။အလဇ္ဇီပါ၊ ဒုသီ လာ၊လှူမှကျိုးများရာ။ ။တကျိပ်လေးတွင်၊လှူခံရှင်။ လှူလျှင်ကျိုး နန္တာ။ ။ပစ္စယာဓမ္မ၊ထိုဒါန၊လှူကြမျိုးလေးဖြာ။ ။မလှူနေက၊ လူ့ဗာလ၊ မှားကြီး မှားသည်သာ။ ။မလှူရက်မှု၊ အများလှူ၊ ဟောသူအပါယ်ရွာ။ ။ဟောသူနောက်ပါ၊လိုက်သူမှာ၊ထို့နည်း အပါယ်မှာ။ ။ကြေးခဲပမာ၊ ကိလေသာ၊သတ္တအဝိဇ္ဇာ။ ။ သောတာပန်ပါ၊ အနာဂါ၊ငွေနှင့်ကဲ့ပမာ။ . ။ပစ္စေကဗုဒ္ဓါ၊ ရ ဟန္တာ၊ခိုးမရှိဘော်ပမာ။ ။သဗ္ဗညုမှာ၊ထိန်လင်းဖြာ၊ကျောက်

ကောင်းဥပမာ။ ။ဤသို့ပမာ၊ပုံတူစွာ၊မှတ်ကြမျိုးလေးဖြာ။ ။
ဤသို့ခြင်းရာ၊ ဤကျမ်းစာ၊ ကြည့်၍ သူကြပါ။ ။ပဉ္စသီလ၊
အဠင်္ဂ၊ နေ့ညမယုတ်ရာ။ ။တိသရဏာ၊ ရှင်းပမာ၊ နိစ္စသီလ
မှာ။ ။စတုမဟာ၊လူ့ဘုံရွာ၊ဖြစ်ရဧကန်သာ။ ။သရဏာပါ၊
ပဉ္စင်္ဂါ၊ရောက်ရနိဗ္ဗာနာ။ ။နတ်ပြည်စုံဆန်၊ ဥပါဒါန်၊ ဝဋ္ဋ
နိသိတာ။ ။ဝိဝဋ္ဋာမှန်၊သမ္ဘာဆန်၊ကျင့်ပြန်မဂ်ဖိုလ်မှာ။ ။အ
ဠင်္ဂမူ၊ထိုနည်းတူ၊ယူလေမလွဲရာ။ ။သီလမရ၊လူ့ဗာလ၊ဒုက္ခ
ကြီးလေရာ။ ။သီလယူပြန်၊ကျင့်မမှန်၊ဧကန်အပါယ်ရွာ။ ။
ပါဏာတိပါတ်၊သူ့ကိုသတ်၊လေးရပ်အပါယ်မှာ။ ။အင်္ဂါငါး
ပါး၊ သူသတ်အား၊ ဖြစ်ငြားအပါယ်ရွာ။ ။အပါယ်ရွာက၊
လွတ်ပြန်က၊ဆွံ့အ၊ကျိုးကန်းသာ။ ။လူဖြစ်ပြန်က၊ကျိုးမရ။တို
လှအသက်မှာ။ ။မသတ်ရှောင်က၊ပဏ္ဍိတ၊သုခချမ်းသာစွာ။ ။
သုခဆိုက၊သုံးသုခ၊ရလိမ့်ဉာဏ်နှင့်ရှာ။ ။အဒိန္နာဒိ၊ ကြွင်းပုဒ်
ရှိ၊သိလေအတူပါ။ ။အဒိန္နဒါ၊ငါးအင်္ဂါ၊သူသတ်ကဲ့ပမာ။ ။
လူဖြစ်ပြန်လာ၊ရှားဥစ္စာ၊ဆင်းရဲငြိုငြင်စွာ။ ။မိစ္ဆာစာရာ၊ကျင့်
ယုတ်မာ၊ လောဟကုမ္ဘီမှာ။ ။ငရဲမှလာ၊ မိန်းမပါ၊ ပဏ္ဍုက်
ကြိမ်များစွာ။ ။ဥပုသ်စောင့်ခါ၊ကျင့်ယုတ်မာ၊သိဋ္ဌိဇ်းကာဋ္ဌ
မှာ။ ။မု၊ပိ၊ဖ၊သံ၊ ပြောလေပြန်။ ဘန်ဘန်ငရဲရွာ။ ။လူဖြစ်
ပြန်က၊ကပိလ၊ပုပ်လှကဲ့ပမာ။ ။ယစ်မျိုးသောက်က၊လူ့ဗာလ၊
ရှည်လှအပါယ်ရွာ။ ။အပါယ်ရွာမှ၊လွတ်ပြန်က၊ရူးရကြိမ်များ
စွာ။ ။ဤသို့ဆုံးမ၊ ဩဝါဒ၊ လိုက်ကြဘန်ခါခါ။ ။သီလယူ
ပြီး၊ပြောအားကြီး၊မှားကြီးမှားလေရာ။ ။ဆေးသောက် ကွမ်း
စား၊မရှောင်ရှား၊ လွန်ငြားဩဝါဒါ။ ။ခဏသီလ၊မစောင့်ရ၊
မချမှတ်လေပါ။ ။အရဏ်တက်က၊ ထိုနေ့ကျ၊ ဇုဋ္ဌရက်ပိုင်း
မှာ။ ။တရက်မရ၊ မွန်းတည့်က၊ စောင့်ကြတဝက်သာ။ ။
ကျော်၍စောင့်က၊နေ့တိုင်မျှ၊ ရောက်ရနိဗ္ဗာနာ။ ။ကခြင်းသိ
ခြင်း၊တီးမှုတ်ခြင်း၊မကင်းကြားကုန်ရာ။ ။မကြားလိုက၊ပဏ္ဍိ
တ၊ရှောင်ကြဝေးဝေးခွါ။ ။မျက်စိအာရုံ၊နားအာရုံ၊ စိတ်လုံမ

ခံရာ။ ။ဥစ္စာသယာန၊ကိုယ်မာန၊ချမှရိုသေစွာ။ ။ဇာတရူပ၊
ဒသင်္ဂ၊မြဲမှစောင့်ကြပါ။ ။အမြဲစောင့်မှ၊သမ္ဗုဒ္ဓ၊ မုချချီးမွမ်း
ရာ။ ။မမြဲမရ၊ဒိဋ္ဌိမျှ၊ငြင်းကြဓမ္မတာ။ ။ငြင်းကြတုံဘိ၊ ဆုံး
မရှိ၊သိလိမ့်နောင်ဗုဒ္ဓါ။ ။ဗွတ္တိသပါ၊ဘာဝနာ၊နေ့ညအားထုတ်
ပါ။ ။ဘာဝနာတရား၊လွန်ကြီးစား၊ပေါ်များနေ့တိုင်းသာ။ ။
အဆုံးဘာဝ၊နိဗ္ဗာန၊ရောက်ရမလွဲပါ။ ။ရာဇဂြိုဟ်မှ၊မြတ်ဗုဒ္ဓ၊
နေထဝေဠုဝါ။ ။အာနန္ဒာအား၊သုတ်တရား၊ဟောထားပေတ
သာ။ ။အနန္တရိယ၊ပြုကာလ၊ ခံရဝိစိမှာ။ ။တရားစောင့်ကျ၊
ထိုမိန်းမ၊ဖျက်ထသူယုတ်မာ။ ။ဇေတဝိရက္ခ၊စေတိယ၊ ဖျက်
ကဝိစိမှာ။ ။ရသာဝါဒ၊ဝန်တိုက၊ မတွေ့ရမတွေ့ယျာ။ ။
လေ့၊မိုဃ်း၊နေ၊လ။ဆဲရေးက၊ ရှုမငရဲမှာ။ ။သီလစောင့်မှု၊ ဆဲ
သောသူ၊ထိုတူရှုမရာ။ ။ဒါနဂုဏ၊ မသိကြ၊ခံရမီးခဲမှာ။ ။
ကြောင်၊ဆိတ်၊ကြက်၊ချိုး။သတ်လုမျိုး။သိဋ္ဌိုပ်းငရဲမှာ။ ။ဆင်၊
မြင်း၊ကျွဲ၊နွား။ငက်ငှက်များ၊သတ်ငြားကာဋ္ဌမှာ။ ။စာရင်းငါး
ပါ၊ကျွန်တုစွာ၊ ဆဲက၊ရှုမရာ။ ။သားသွီးက၊ မိဘစ၊ဆဲကတ
ကမ္ဘာ။ ။တရားဟောပါ၊ ကျမ်းဆရာ၊ ဆဲကငါးကမ္ဘာ။ ။
ဒုဿီလမှာ၊ကျင့်ယုတ်မာ၊ငရဲခြောက်ကမ္ဘာ။ ။အဝရုံတွင်းမှာ၊
သင်္ဂမြေပါ၊သိမ်ကျောင်းဖျက်၊ခံသတ္တာ။ ။သေသောက်ပြီးမှ၊
ဟောဓမ္မခံရငရဲမှာ။ ။တရားနာသူ၊သေသောက်ဟူ၊နည်းတူ
ငရဲမှာ။ ။ကဿပစ၊ယခုကြ၊ခံရပြိတ္တာသာ။ ။ယူဇနာတ
ရာ၊ လျှော်ဖို့ာ၊ ဦးခေါင်းကိုးယူဇနာ။ ။ကိုယ်ကားယူဇနာ၊
ငါးဆယ်သာ၊ခံရဒေါသကာ။ ။ပြိတ္တာဘဝ၊ လွတ်ပြန်က၊လူ
ခွေး၊ဘီလူး။အရူးဘန်ငါးရာ။ ။ဆုံးဖြတ်တရား၊ တံစိုးစား၊ခံ
ငြားကိုးကမ္ဘာ။ ။သာမဏောပါ၊ဒုဿီလာ၊လိရစ်မီးပမာ။ ။မ
စောင့်သီလ၊ဆွမ်းစားက၊မချသံတွေ့သာ။ ။ရေသောက်ပြန်
က၊ တောက်လောင်ရ၊ ရေကသံရေသာ။ ။အသီးစသာ။ရံ
တွင်းမှာ၊ စားလူငရဲမှာ။ ။ငရဲဘုံမှ၊လွတ်ပြန်က၊ ခံရပြိတ္တာ
မှာ။ ။သေနာသန၊ ဝတ်ပျက်က၊ရှင်ရဟန်းအပါယ်ရွာ။ ။

ကျောင်း သင်္ဃိကာ၊ ရုပ်တုမျှ။ ဖျက်ကရနစ်ကမ္ဘာ။ ။စေတီ
ကျောင်းမှာ၊လယ်လှူရာ၊သုံးစားဆဲ့ရှစ်ကမ္ဘာ။ ။ရွှေရောငွေပါ၊
လှူသည့်ဟာ၊သုံးစားထိုနဥ်းသာ။ ။ဆွမ်းသင်္ဃိကာ၊ဦးစားကာ၊
ပေတနိရယာ။ ။ရှင်ရဟန်းကာ၊မလုံ့လ၊ဓမ္မဝိနယာ။ ။ဗျဉ်ခံရ၊နိ
ရယ၊ပေတမကင်းပါ။ ။ခုနစ်ထောင်သာ၊ကြက်တိုက်မှာ၊နှစ်
ပေါင်းနိရယာ။ ။ဓိဘဆရာ၊ထောက်ပင့်၍၊ ကင်းထသူယုတ်
မာ။ ။မထောက်ပင့်ကာ၊လူ့ဗာလ၊မတွေ့မတွေ့ယျာ။ ။ပေ
တသုတ်မှာ၊ဤနည်းလာ၊မှတ်ကြလူများစွာ။ ။သင်္ဃာကိုဆဲ၊
လူတင့်ရဲ၊ကျမြဲဝိစိမှာ။ ။သူ့လင်ကိုခိုး၊မိန်းမဆိုး၊စောက်ထိုး
အပါယ်ရွာ။ ။မယားခိုးကာ၊ယောက်ျားစ၊တကွမလွတ်သာ။ ။
အခြေရှစ်ချောင်း၊တွင်း၌အောင်း၊ ရကြောင်းဘမ်းယူကာ။ ။
သံကောက်ငါးမျှား၊အစာထား၊တူးငြားတီကိုသာ။ ။အိုင်ထဲ
နေငြား၊ထိုသည့်ငါး၊မျှား၍ယူသည်သာ။ ။ငါးရံ့၊ငါးရှူ၊တွေ့
တိုင်းယူ၊နင်မှုမကောင်းပါ။ ။ငါးရှူကုပ်ချိုး၊လူမိုက်မျိုး၊စော်
ထိုးပါယ်လေးရွာ။ ။မိုဃ်း၊နွေ၊ဆောင်းလ၊ဘားကိုချ၊မိုက်လှ
သူယုတ်မာ။ ။တောင်ပို့ မျှားဖွာ။ သူယုတ်မာ။ တူးကြခြကို
သာ။ ။ယုန်လိုက်ထောင်တမ်း၊လူသရမ်း၊ဖြောင့်တန်းငရဲရွာ။ ။
ခါချဉ်မလွတ်၊ပျားကိုဖွတ်၊မချွတ်ပါယ်လေးရွာ။ ။ပုဇွန်လည်း
တူး၊ လူငရူး၊ကျင့်ထူးမိုက်လှစွာ။ ။သင်းကွပ်ကျွဲနွား၊လူမိုက်
များ၊လေးပါးအပါယ်မှာ။ ။အလေးစဥ်းလဲ၊တောင်းစဥ်းလဲ။
ကျမြဲ ငရဲမှာ။ ။ကိုယ်ဘို့ကိုမှု၊ တင်းကြီးယူ၊ နင်မှုမကောင်း
ပါ။ ။သူတို့ကိုပေး၊တင်းကလေးနှင့်၊ ကျင့်ရေးတလွဲသာ။ ။
ရွှေနေရွှေရုပ်၊လိုက်လာကြ၊ခံရငရဲမှာ။ ။မျက်စိနိရဲ၊အံသွား
ခဲ၊မဲမဲကိုယ်အင်္ဂါ။ ။ကတိမ်းကသိ၊ကိုယ်အက်တို့၊လက်ကို
ဆွဲငင်ကာ။ ။ဤသို့စသည်။ငရဲပြည်၊ရောက်မည်မထင်ပါ။ ။
သည့်ပြင်တခါ၊မပြုပါ၊သာယာပြောလေကာ။ ။တခါကျင့်ဘူး၊
လွှတ်ပါဘူး။တထူးတောင်းပန်ရှာ။ ။လက်ပံမြစ်ဖူး၊ထက်စွာ
ဖူး၊တက်ဘူးမငြင်းသာ။ ။မတက်နိုင်ကာ၊လန်၍ကျ၊ ကိုက်ဆွ

သံခွေးသာ။ ။ကိုက်သာကိုက်ဟဲ၊ငရိက်မဲ။ဆွဲ၍ယူမည်သာ။ ။
လူမိုက်နောက်မှ။အကြံရ၊မှချမလွတ်ပါ။ ။နိယံသံပေါက်။အ
ဆုံးရောက်။ပြီးမြောက်နိဋ္ဌိတာ။ ။

တိပိဋကသမ္မုဟာကျမ်း၌တွင်ပြီး၏။

နာမရူပပရိစ္ဆေဒဥာဏ်ထက်သန်စေခြင်း၄ါ။
ပုခန်းကြီးမြို့-နေရင်းရှာ

# တလိုင်းကုန်းဆရာတော်

ပြုစီရင်အပ်သော

# ဒိဋ္ဌိဝိသုဒ္ဓိကထာပါဠ်နိသျ။

ပါဠိဆရာ-ဦးဖြေကြီးကြပ်ပြင်ဆင်ပုံနှိပ်သည်။
၁၂၇၂-ခု။ပဌမဝါဆိုလ။

P.G.MUNDYNE PITAKA PRESS.

ရန်ကုန်မြို့။
၂၅-လမ်း။စာဆိုတန်း-တိုက်နံပါတ် ၁၇-၁၈။
ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်။

1910.

229.

# ဒိဋ္ဌိဝိသုဒ္ဓိကထာမာတိကာ။


| ပုဒ်မ နံပါတ်။ | အကြောင်းအရာ။ | မျက်နှာ နံပါတ်။ |
|---|---|---|
| ၁ | စိတ်၏လက္ခဏာ၊ရသ၊ပစ္စုပ္ပဋ္ဌာန်၊ပဒဋ္ဌာန်။ .... | ၄ |
| ၂ | စေတသိက် .... .... .... | ၄ |
| ၃ | ရုပ် .... .... .... .... | ၅ |
| ၄ | နိဗ္ဗာန် .... .... .... .... | ၆ |
| ၅ | ကုသိုလ် .... .... .... | ၁၁ |
| ၆ | အကုသိုလ် .... .... .... | ၁၃ |
| ၇ | ဝိပါက် .... .... .... .... | ၁၃ |
| ၈ | ကြိယာ .... .... .... | ၁၄ |
| ၉ | စက္ခုဝိညာဉ် .... .... .... | ၁၅ |
| ၁၀ | သောတဝိညာဉ် .... .... .... | ၁၆ |
| ၁၁ | ဃာနဝိညာဉ် .... .... .... | ၁၆ |
| ၁၂ | ဇိဝှါဝိညာဉ် .... .... .... | ၁၇ |
| ၁၃ | ကာယဝိညာဉ် .... .... .... | ၁၈ |
| ၁၄ | သမ္ပဋိစ္ဆိုင်း .... ..... .... | ၁၈ |
| ၁၅ | သန္တီရဏ .... .... .... | ၁၉ |
| ၁၆ | ပဉ္စဒွါရာဝဇ္ဇန်း .... .... .... | ၂၀ |
| ၁၇ | မနောဒွါရာဝဇ္ဇန်း .... .... .... | ၂၀ |
| ၁၈ | ဟသိတုပ္ပါဒ် .... .... .... | ၂၁ |
| ၁၉ | ဇဝန .... .... .... .... | ၂၃ |
| ၂၀ | ဝေဒနာ .... .... .... | ၂၃ |

| ပုဒ်မ နံပါတ် | အကြောင်းအရာ။ | မျက်နှာ နံပါတ်။ |
|---|---|---|
| ၂၁ | သုခဝေဒနာ .... .... .... | ၂၄ |
| ၂၂ | ဒုက္ခဝေဒနာ .... .... .... | ၂၅ |
| ၂၃ | သောမနဿဝေဒနာ .... .... | ၂၅ |
| ၂၄ | ဒေါမနဿဝေဒနာ.... .... .... | ၂၆ |
| ၂၅ | ဥပေက္ခာဝေဒနာ .... .... .... | ၂၇ |
| ၂၆ | သညာ.... .... .... .... | ၂၇ |
| ၂၇ | စေတနာ .... .... .... | ၂၈ |
| ၂၈ | ဧကဂ္ဂတာ .... .... .... | ၂၉ |
| ၂၉ | ဇီဝိတိန္ဒြေ .... .... .... | ၂၉ |
| ၃၀ | မနသိကာရ .... .... .... | ၃၀ |
| ၃၁ | ဝိတက် .... .... .... | ၃၁ |
| ၃၂ | ဝိစာရ.... .... .... .... | ၃၂ |
| ၃၃ | အဓိမောက္ခ .... .... .... | ၃၂ |
| ၃၄ | ဝီရိယ .... .... .... .... | ၃၃ |
| ၃၅ | ပီတိ .... .... .... .... | ၃၃ |
| ၃၆ | ဆန္ဒ .... .... .... .... | ၃၄ |
| ၃၇ | မောဟ .... .... .... | ၃၄ |
| ၃၈ | အဟိရိက .... .... .... | ၃၆ |
| ၃၉ | အနောတ္တပ္ပ .... .... .... | ၃၆ |
| ၄၀ | ဥဒ္ဓစ္စ .... .... .... .... | ၃၇ |
| ၄၁ | လောဘ .... .... .... | ၃၈ |
| ၄၂ | ဒိဋ္ဌိ .... .... .... .... | ၃၈ |
| ၄၃ | မာန .... .... .... .... | ၃၉ |
| ၄၄ | ဒေါသ.... .... .... .... | ၄၁ |
| ၄၅ | ဣဿာ.... .... .... .... | ၄၂ |

| ပုဒ်မ နံပါတ်။ | အကြောင်းအရာ။ | မျက်နှာ နံပါတ်။ |
| --- | --- | --- |
| ၄၆ | မစ္ဆရိယ .... .... .... | ၄၂ |
| ၄၇ | ကုက္ကုစ္စ .... .... .... | ၄၃ |
| ၄၈ | ထိန .... .... .... .... | ၄၄ |
| ၄၉ | မိဒ္ဓ .... .... .... .... | ၄၄ |
| ၅၀ | ဝိစိကိစ္ဆာ .... .... .... | ၄၅ |
| ၅၁ | သဒ္ဓါ .... .... .... .... | ၄၆ |
| ၅၂ | သတိ .... .... .... .... | ၄၇ |
| ၅၃ | ဟိရီ .... .... .... .... | ၄၈ |
| ၅၄ | ဩတ္တပ္ပ .... .... .... | ၅၀ |
| ၅၅ | အလောဘ .... .... .... | ၅၀ |
| ၅၆ | အဒေါသ .... .... .... | ၅၁ |
| ၅၇ | အမောဟ .... .... .... | ၅၃ |
| ၅၈ | တတြမဇ္ဈတ္တတာ .... .... .... | ၅၄ |
| ၅၉ | ကာယပဿဒ္ဓိ .... .... .... | ၅၅ |
| ၆၀ | စိတ္တပဿဒ္ဓိ .... .... .... | ၅၅ |
| ၆၁ | ကာယလဟုတာ .... .... .... | ၅၆ |
| ၆၂ | စိတ္တလဟုတာ .... .... .... | ၅၆ |
| ၆၃ | ကာယမုဒုတာ .... .... .... | ၅၇ |
| ၆၄ | စိတ္တမုဒုတာ .... .... .... | ၅၇ |
| ၆၅ | ကာယကမ္မညတာ.... .... .... | ၅၈ |
| ၆၆ | စိတ္တကမ္မညတာ .... .... .... | ၅၈ |
| ၆၇ | ကာယပါဂုညတာ.... .... .... | ၅၉ |
| ၆၈ | စိတ္တပါဂုညတာ .... .... .... | ၅၉ |
| ၆၉ | ကာယုဇုကတာ .... .... .... | ၆၀ |
| ၇၀ | စိတ္တုဇုကတာ .... .... .... | ၆၀ |

| ပုဒ်မ နံပါတ်။ | အကြောင်းအရာ။ | မျက်နှာ နံပါတ်။ |
|---|---|---|
| ၇၁ | ဝိရတိ .... .... .... .... | ၆၁ |
| ၇၂ | သမ္မာဝါစာ .... .... .... | ၆၂ |
| ၇၃ | သမ္မာကမ္မန္တ .... .... .... | ၆၃ |
| ၇၄ | သမ္မာအာဇီဝ .... .... .... | ၆၃ |
| ၇၅ | ကရုဏာ .... .... .... | ၆၄ |
| ၇၆ | မုဒိတာ .... .... .... | ၆၅ |
| ၇၇ | မေတ္တာ .... .... .... | ၆၅ |
| ၇၈ | ဥပေက္ခာ .... .... .... | ၆၆ |
| ၇၉ | ပညိန္ဒြေ .... .... .... | ၆၇ |
| ၈၀ | မဟာဘုတ် .... .... .... | ၆၈ |
| ၈၁ | ပထဝီဓာတ် .... .... .... | ၆၉ |
| ၈၂ | အာပေါဓာတ် .... .... .... | ၆၉ |
| ၈၃ | တေဇောဓာတ် .... .... .... | ၇၀ |
| ၈၄ | ဝါယောဓာတ် .... .... .... | ၇၁ |
| ၈၅ | ဥပါဒါရုပ် .... .... .... | ၇၁ |
| ၈၆ | စက္ခုပသာဒ .... .... .... | ၇၂ |
| ၈၇ | သောတပသာဒ .... .... .... | ၇၄ |
| ၈၈ | ဃာနပသာဒ .... .... .... | ၇၅ |
| ၈၉ | ဇိဝှါပသာဒ .... .... .... | ၇၆ |
| ၉၀ | ကာယပသာဒ .... .... .... | ၇၇ |
| ၉၁ | ရူပါရုံ .... .... .... .... | ၇၈ |
| ၉၂ | သဒ္ဒါရုံ .... .... .... .... | ၇၉ |
| ၉၃ | ဂန္ဓာရုံ .... .... .... .... | ၈၀ |
| ၉၄ | ရသာရုံ .... .... .... .... | ၈၀ |
| ၉၅ | ဖောဋ္ဌဗ္ဗာရုံ .... .... .... | ၈၁ |

| ပုဒ်မ နံပါတ်။ | အကြောင်းအရာ။ | မျက်နှာ နံပါတ်။ |
|---|---|---|
| ၉၆ | ဣတ္ထိဘာဝ .... .... .... | ၈၁ |
| ၉၇ | ပုမ္ဘာဝ .... .... .... .... | ၈၄ |
| ၉၈ | ဟဒယဝတ္ထု .... .... .... | ၈၅ |
| ၉၉ | ဇီဝိတိန္ဒြေ .... .... .... | ၈၆ |
| ၁၀၀ | အာဟာရရုပ် .... .... .... | ၈၆ |
| ၁၀၁ | အာကာသဓာတ် .... .... .... | ၈၇ |
| ၁၀၂ | ကာယဝိညတ် .... .... .... | ၈၈ |
| ၁၀၃ | ဝစီဝိညတ် .... .... .... | ၈၉ |
| ၁၀၄ | ရူပဿလဟုတာ .... .... .... | ၈၉ |
| ၁၀၅ | ရူပဿမုဒုတာ .... .... .... | ၉၀ |
| ၁၀၆ | ရူပဿကမ္မညတာ .... .... | ၉၁ |
| ၁၀၇ | ဥပစယ.... .... .... .... | ၉၁ |
| ၁၀၈ | သန္တတိ.... .... .... | ၉၂ |
| ၁၀၉ | ဇရတာ .... .... .... | ၉၂ |
| ၁၁၀ | အနိစ္စတာ .... .... .... | ၉၃ |
| ၁၁၁ | ဇော .... .... .... .... | ၉၄ |
| ၁၁၂ | တဒါရုံ .... .... .... .... | ၉၅ |
| ၁၁၃ | ဘဝင် .... .... .... .... | ၉၆ |
| ၁၁၄ | စုတိ .... .... .... .... | ၉၇ |
| ၁၁၅ | ရုပ်ပဋိသန္ဓေ .... .... .... | ၉၇ |
| ၁၁၆ | ရုပ်ဘဝင် .... .... .... | ၉၈ |
| ၁၁၇ | ရုပ်စုတိ.... .... .... .... | ၉၈ |

# ဒိဗ္ဗဝိသုဒ္ဓိကထာပါဌ်နိသျ။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

(က) ဝိသုဒ္ဓါဝ ဒိဗ္ဗ ယဿ တံ၊သက္ကစ္စံ အဘိဝါဒိယ။
သမာသေန ကရောမဟံ၊ဒိဗ္ဗဝိသုဒ္ဓိကထနံ။ ။

ယဿဘဂဝတော၊အကြင်မြတ်စွာဘုရားအား။ ဝိသုဒ္ဓါဝ ဝိသုဒ္ဓါဧဝ၊အထူးသဖြင့် စင်ကြယ်သည်သာလျှင်ဖြစ်သော။ ဒိဗ္ဗ၊ အယူတော်သည်။အတ္ထိ၊ရှိ၏။တံဘဂဝန္တံ၊ထိုမြတ်စွာဘုရားကို။ အဟံ၊ ငါသည်။ သက္ကစ္စံ၊ရိုသေစွာ။ အဘိဝန္ဒာမိ-ဝိသေသတော ဝန္ဒာမိ၊အထူးသဖြင့်ရှိခိုးပါ၏။ အဘိဝါဒိယ ဝိသေသတော ဝန္ဒိတွာ၊အထူးသဖြင့်ရှိခိုးပြီး၍။ ဒိဗ္ဗဝိသုဒ္ဓိကထနံ၊အယူ၏စင်ကြယ်ခြင်းကိုဆိုရာဆိုကြောင်း ဖြစ်သောကြောင့် {ဒိဗ္ဗဝိသုဒ္ဓိကထာ} အမည်ရှိသောကျမ်းကို။ သမာသေန၊အကျဉ်းအားဖြင့်။ ကရောမိ၊ပြုပေတော့အံ့။ ။အဓိပ္ပါယ်ကား။မြတ်စွာဘုရားအားအထူးသဖြင့်စင်ကြယ်သည်သာလျှင်ဖြစ်သော အယူတော်သည်ရှိ၏။ ထိုမြတ်စွာဘုရားကို ငါသည်ရိုသေစွာရှိခိုးပါ၏။ရှိခိုးပြီး၍ အယူ၏ စင်ကြယ်ခြင်းကို ဆိုရာဆိုကြောင်း ဖြစ်သောကြောင့်၊ ဒိဗ္ဗဝိသုဒ္ဓိကထာအမည်ရှိသောကျမ်းကိုအကျဉ်းအားဖြင့်ပြုပေတော့အံ့ဟုလိုသောဝ်။

(၁) လက္ခဏရသပစ္စုပဋ္ဌာန ပဒဋ္ဌာနဝသေန နာမရူပပရိဂ္ဂဟောဒိဋ္ဌိဝိသုဒ္ဓိနာမ။ ။လက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာနဝသေန၊ လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်တို့၏အစွမ်းအားဖြင့်။ နာမရူပပရိဂ္ဂဟော၊နာမ်ရုပ်တို့ကိုသိမ်းဆည်းခြင်းသည်။ ဒိဋ္ဌိဝိသုဒ္ဓိနာမ၊ အယူ၏စင်ကြယ်ခြင်းမည်၏။ ။အဓိပ္ပါယ်ကား။လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏ အစွမ်းအားဖြင့် နာမ်ရုပ်ကို သိမ်းဆည်းခြင်းသည်အယူ၏စင်ကြယ်ခြင်းမည်၏ဟုလိုသောဝ်။

(၈) တာနိစ လက္ခဏာဒီနိ။ ။သာမညံဝါ သဘာဝေါဝါ၊ ဓမ္မာနံလက္ခဏံ မတံ။ကိစ္စံဝါ တဿ သမ္ပတ္တိ၊ရသောတိ ပရိဒီပယေ။ ။ဖလံဝါပစ္စုပဋ္ဌာန၊မုပဋ္ဌာနနယောပိဝါ။ အာသန္နကာရဏံ ယန္တု၊တံ ပဒဋ္ဌာနသညိတန္တိ ဂါထာဟိဉာယန္တိ။ ။စ၊ဆက်၍ဆိုဦးအံ့။ တာနိ လက္ခဏာဒီနိ၊ ထိုလက္ခဏာအစရှိသည်တို့ကို။ ဝါ၊ထိုလက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်တို့ကို။ သာမညံဝါ။ပ။ သညိတန္တိ၊သညိတံဟုကုန်သော။ဂါထာဟိ၊ဂါထာတို့ဖြင့်။ ဉာယန္တိ၊ သိအပ်ကုန်၏။ ဓမ္မာနံ၊ ပရမတ္ထတရားတို့၏။ သာမညံ၊ အနိစ္စအစရှိသောသာမညကိုရင်း။ သဘာဝေါဝါ၊ အာရမ္မဏပဇာနနအစရှိသောသဘောကိုရင်း။လက္ခဏံ၊လက္ခဏာဟူ၍။မတံ၊ သိအပ်၏။တဿ၊ထိုပရမတ္ထတရား၏။ကိစ္စံဝါ၊ ပြဋ္ဌာန်းခြင်းအစရှိသောကိစ္စကိုရင်း။သမ္ပတ္တိဝါ၊ပြည့်စင်သည်၏အဖြစ်အစရှိသောပြည့်စုံခြင်းကိုရင်း။ရသောတိ၊ရသဟူ၍။ပရိဒီပယေ၊ပြရာ၏။ ဖလံဝါ၊အလိုရှိအပ်သော အကျိုးအစရှိသောအကျိုးသည်ရင်း။ ဥပဋ္ဌာန နယောပိဝါ၊စေ့စပ်ခြင်းအစရှိသော ထင်သောအခြင်းအရာသည်ရင်း။ ပစ္စုပဋ္ဌာနံ၊ပစ္စုပဋ္ဌာန်မည်၏။ တု၊ထိုမှတပါး။ ယံ အာသန္နကာရဏံ၊အကြောင်းနီးစွာသောအကြောင်းသည်။ အတ္ထိ၊ရှိ၏။တံ၊ထိုနီးစွာသောအကြောင်းကို။ပဒဋ္ဌာနသညိတံ၊ပဒဋ္ဌာန်ဟုမှတ်အပ်၏။ ။အဓိပ္ပါယ်ကား၊ပရမတ္ထတရားတို့၏ အနိစ္စအစရှိသောသာမညကိုရင်း။ အာရမ္မဏပဇာနနအစရှိသောသဘောကိုရင်း လက္ခဏာဟူ၍သိအပ်၏။ ။ထိုပရမတ္ထတရား၏ပြဋ္ဌာန်း

ခြင်းအစရှိသောကိစ္စကိုရင်း။ ဖြူစင်သည့်၏အဖြစ် အစရှိသော ပြည့်ရုံခြင်းကိုရင်း။ရသောဟူ၍သိရာ၏။ ။အလိုရှိအပ်သော အကျိုးအစရှိသောအကျိုးသည်ရင်း၊ ဧ့စပ်ခြင်းအစရှိသောထင်သော အခြင်းအရာကိုရင်း ပစ္စုပဋ္ဌာန်ဟုသိအပ်၏။ ။ထိုမှတပါး။အကြင်နီးစွာသောအကြောင်းသည်ရှိ၏၊ ထိုနီးစွာသောအကြောင်းကိုပဒဋ္ဌာန်ဟုမှတ်အပ်၏ဟူလို။

(ဃ) တတြာယံယောဇနာ၊ပရမတ္ထဓမ္မာနံ အနိစ္စာဒိသာမညံ ဝါအာရမ္မဏာဝိဇာနနာဒိသဘာဝေါဝါလက္ခဏံဇာတိမတံ၊တဿ ပရမတ္ထဓမ္မဿပုဗ္ဗင်္ဂမာဒိကိစ္စံဝါဝေါဒါနဘာဝါဒိသမ္ပတ္တိသမ္ပဒါ ဝါရသောဇာတိပရိဒီပယော။ ဇူဋ္ဌဝိပါကာဒိဖလံဝါ သန္တဟနာဒိဥ ပဋ္ဌာနနယောဥပဋ္ဌာနာကာရောပိဝါပစ္စုပဋ္ဌာနံနာမ။ယန္တုနာမရူ ပါဒိအာသန္နကာရဏံအတ္ထိ၊တံပဒဋ္ဌာနသညိတံပဒဋ္ဌာနန္တိလက္ခိ တန္တိ။ ။တတြတာသုဂါထာသု၊ ထိုဂါထာတို့၌။ အယံ၊ ဤဆို လတ္တံ့သည်ကား။ ယောဇနာ၊ ယောဇနာခြင်းတည်း၊ ပရမတ္ထ ဓမ္မာနံ၊ ပရမတ္ထတရားတို့၏။ အနိစ္စာဒိသာမညံဝါ၊ အနိစ္စအစရှိ သောသာမညကိုရင်း။အာရမ္မဏဝိဇာနနာဒိသဘာဝေါဝါ၊အာရုံ ကိုသိခြင်းအစရှိသောသဘောကိုရင်း၊ လက္ခဏံဇာတိ၊လက္ခဏာ ဟူ၍။ မတံ၊သိအပ်၏။ တဿပရမတ္ထဓမ္မဿ၊ထိုပရမတ္ထတရား ၏။ ပုဗ္ဗင်္ဂမာဒိကိစ္စံ၊ပြဋ္ဌာန်းခြင်းအစရှိသောကိစ္စကိုရင်း။ ဝေါဒါ နဘာဝါဒိသမ္ပတ္တိသမ္ပဒါဝါ၊ ဖြူစင်သည်၏ အဖြစ် အစရှိသော ပြည့်ရုံခြင်းကိုရင်း။ရသောတိ၊ရသဟူ၍။ပရိဒီပယေ၊ပြရာ၏။ ဇူဋ္ဌ ဝိပါကာဒိဖလံဝါ၊ အလိုရှိအပ်သော အကျိုးအစရှိသောအကျိုး ကိုရင်း။ သန္တဟနာဒိဥပဋ္ဌာနနယော ဥပဋ္ဌာနာကာရောပိဝါ၊ ရှေ့ နေ၍ ဧ့စပ်ခြင်းအစရှိသော ထင်သော အခြင်းအရာသည်ရင်း။ ပစ္စုပဋ္ဌာနံ နာမ၊ ပစ္စုပဋ္ဌာန်မည်၏။ တု၊ထိုမှတပါး။ နာမရူပါဒိ၊ နာမ်ရုပ်အစရှိသော။ယံအာသန္နကာရဏံ၊အကြင်နီးစွာသောအ ကြောင်းသည်။အတ္ထိ၊ရှိ၏။ တံ၊ထိုနာမ်ရုပ်အစရှိသောနီးစွာသော အကြောင်းကို။ ပဒဋ္ဌာနသညိတံ၊ပဒဋ္ဌာန်ဟုမှတ်အပ်၏။ ပဒဋ္ဌာ

နဋ္ဌံ၊ ပဒဋ္ဌာန်ဟူ၍။ လက္ခိတံ၊ မှတ်အပ်၏။ ဣတိအယံ၊ ဤဆိုအပ်ပြီးသည်ကား။ ယောဇနာ၊ ယောဇနာခြင်းတည်း။ ။အဓိပ္ပါယ်ကား။ ဆိုအပ်ပြီးသည်နှင့်တူ၏။

## ၁—စိတ်၏လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်။

ပရမတ္ထဓမ္မာစနာမစိတ္တံစေတသိကံရူပံနိဗ္ဗာနန္တိစတုဗ္ဗိဓာ ဟောန္တိ။ တတ္ထစိတ္တံ အာရမ္မဏဝိဇာနန လက္ခဏံ၊ ပုဗ္ဗင်္ဂမရသံ၊ ပုဗ္ဗာပရသန္ဓာနပစ္စုပဋ္ဌာနံ၊ နာမရူပပဒဋ္ဌာနံ။ ။စ၊ ဆက်၍ဆိုဦးအံ့။ ပရမတ္ထဓမ္မာနာမ၊ ပရမတ္ထတရားတို့မည်သည်။ စိတ္တန္တိ၊ စိတ်၎င်း။ စေတသိကန္တိ၊ စေတသိက်၎င်း။ ရူပန္တိ၊ ရုပ်၎င်း။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်၎င်း။ ဣတိ၊ ဤသို့။ စတုဗ္ဗိဓာ၊ လေးပါးအပြားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုလေးပါးတို့တွင်။ စိတ္တံ၊ စိတ်သည်။ အာရမ္မဏ ဝိဇာနန လက္ခဏံ၊ အာရုံကိုသိခြင်း လက္ခဏာရှိ၏။ ပုဗ္ဗင်္ဂမရသံ၊ ပြဋ္ဌာန်းခြင်းကိစ္စရှိ၏။ ပုဗ္ဗာပရသန္ဓာနပစ္စုပဋ္ဌာနံ၊ ရှေ့နောက်စေ့စပ်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ နာမရူပပဒဋ္ဌာနံ၊ နာမ်ရုပ်လျှင်နီးစွာသော အကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ပရမတ္ထတရားတို့သည်။ စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန် ဟူ၍ လေးပါးအပြားရှိကုန်၏။ ထိုလေးပါးတို့တွင်စိတ်သည်အာရုံကို သိခြင်းလက္ခဏာရှိ၏။ ပြဋ္ဌာန်းခြင်းကိစ္စရှိ၏၊ ရှေ့နောက်စေ့စပ်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ နာမ်ရုပ်လျှင်နီးစွာသော အကြောင်းရှိ၏ဟူလို။

## ၂—စေတသိက်၏လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်။

စေတသိကံစိတ္တနိဿိတဘာဝလက္ခဏံ၊ အနုဂတိရသံ၊ သမ္ပယောဂရသံဝါ၊ စိတ္တေတာဝိသုံ အပ္ပဝတ္တနပစ္စုပဋ္ဌာနံ၊ သမ္ပယုတ္တစိတ္တပဒဋ္ဌာနံ။ ။စေတသိကံ၊ စေတသိက်သည်။ စိတ္တနိဿိတဘာဝ

ဝ လက္ခဏံ၊ စိတ်ကိုမှီ၍ ဖြစ်ခြင်းလက္ခဏာရှိ၏။ အနုဂတိရသံ၊ စိတ်သို့အစဉ်လိုက်ခြင်း ကိစ္စရှိ၏။ ဝါ၊တနည်းကား။ သမ္ပယောဂရသံ၊စိတ်နှင့်ယှဉ်ခြင်းကိစ္စရှိ၏။စိတ္တတော၊စိတ်မှ။ ဝိသုံ၊အသီးအခြား။ ဝါ၊ကွေကွင်း၍။ အပ္ပဝတ္တနပစ္စုပဋ္ဌာနံ၊ မဖြစ်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ သမ္ပယုတ္တစိတ္တပဒဋ္ဌာနံ၊ ယှဉ်ဘက်ဖြစ်သော စိတ်လျှင် နီးစွာသော အကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။စေတသိက်သည်စိတ်ကိုမှီ၍ဖြစ်ခြင်းလက္ခဏာရှိ၏။ စိတ်သို့ အစဉ်လိုက်ခြင်းကိစ္စရှိ၏။ စိတ်နှင့်ယှဉ်ခြင်းကိစ္စရှိ၏။ စိတ်မှ အသီးအခြား ကွေကွင်း၍ မဖြစ်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ ယှဉ်ဘက်ဖြစ်သောစိတ်လျှင်နီးစွာသော အကြောင်းရှိ၏ဟုလိုသောဝ်။

## ၃-ရုပ်၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ရူပံ ရုပ္ပနလက္ခဏံ၊ဝိကိရဏရသံ၊ဝိကိရဏံ နာမ ဝိကိရဏေနဘိဇ္ဇနံ၊အဗျာကတဘာဝပစ္စုပဋ္ဌာနံ၊အနာရမ္မဏဂ္ဂါဟပစ္စုပဋ္ဌာနံဝါ၊ ကမ္မာဒိပဒဋ္ဌာနံ၊ သဟဇာတရူပပဒဋ္ဌာနံဝါ။ ။ရူပံ၊ ရုပ်သည်။ရုပ္ပနလက္ခဏံ၊ဖောက်ပြန်ခြင်းလက္ခဏာရှိ၏။ ဝိကိရဏရသံ၊ ဖရိုဖရဲကြဲခြင်းကိစ္စရှိ၏။ ဝိကိရဏံနာမ၊ ဖရိုဖရဲ ကြဲခြင်းမည်သည်ကား။ ဝိကိရဏေန၊ဖရိုဖရဲကြဲသဖြင့်။ ဘိဇ္ဇနံ၊ပျက်စီးခြင်းပင်တည်း။ အဗျာကတဘာဝပစ္စုပဋ္ဌာနံ၊ အဗျာကတ၏ အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ဝါ၊ကုသိုလ် အကုသိုလ်အဖြစ်ဖြင့်မဟောကြားအပ်-ကုသိုလ်အကုသိုလ်မှတပါးသော တရား၏ အဖြစ်ဖြင့်သာ ဟောကြားအပ်သည့်၏ အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ဝါ၊တနည်းကား။ အနာရမ္မဏဂ္ဂါဟပစ္စုပဋ္ဌာနံ၊ အာရုံကို မယူခြင်းလျှင် ထင်သော အခြင်းအရာ ရှိ၏။ ကမ္မာဒိပဒဋ္ဌာနံ၊ ကံစသည်လျှင် နီးစွာသောအကြောင်းရှိ၏။ဝါ၊ တနည်းကား။ သဟဇာတရူပပဒဋ္ဌာနံ၊ တကွဖြစ်သောရုပ်လျှင်

နိုးစွာသောအကြောင်းရှိ၏။ အဓိပ္ပါယ်ကား။ ရုပ်သည်ဘောက်ပြန်ခြင်းလက္ခဏာရှိ၏။ ဖရိုဖရဲကြဲခြင်းကိစ္စရှိ၏။ ဖရိုဖရဲကြဲခြင်းမည်သည်ကားဖရိုဖရဲကြဲသဖြင့်ပျက်စီးခြင်းပင်တည်း။ အဗျာကတ၏ အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ အာရုံကိုမယူခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ကံစသည်လျှင်နိုးစွာသောအကြောင်းရှိ၏။ တနည်း၊ တကွဖြစ်သောရုပ်လျှင်နိုးစွာသောအကြောင်းရှိ၏ဟူလို။

---

၄-နိဗ္ဗာန်၏လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်။

နိဗ္ဗာနံသန္တိလက္ခဏံ၊ အစ္စုတိရသံ၊ ရာဂါဒိနိမိတ္တဝိရဟပစ္စုပဋ္ဌာနံ၊ နိပ္ပပဉ္စပစ္စုပဋ္ဌာနံဝါ။ ။နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ သန္တိလက္ခဏံ၊ ဒုက္ခအပေါင်းမှငြိမ်းခြင်းလက္ခဏာရှိ၏။ အစ္စုတိရသံ၊ မရွေ့မလျှောခြင်းကိစ္စရှိ၏။ ရာဂါဒိနိမိတ္တဝိရဟပစ္စုပဋ္ဌာနံ၊ ရာဂအစရှိသော နိမိတ်မှကင်းခြင်းလျှင်ထင်သော အခြင်းအရာရှိ၏။ ဝါ၊ တနည်းကား။ နိပ္ပပဉ္စပစ္စုပဋ္ဌာနံ၊ သံသရာကိုချဲ့ထွင်တတ်သော တဏှာ,မာန,ဒိဋ္ဌိတို့၏မရှိသည်၏အဖြစ်လျှင်ထင်သော အခြင်းအရာရှိ၏။ ။အဓိပ္ပါယ်ကား။ နိဗ္ဗာန်သည်ဒုက္ခအပေါင်းမှငြိမ်းခြင်း လက္ခဏာရှိ၏။ မရွေ့မလျှောခြင်း ကိစ္စရှိ၏။ ရာဂ အစရှိသော နိမိတ်မှ ကင်းခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ တနည်း၊ သံသရာကိုချဲ့ထွင်တတ်သော တဏှာ,မာန,ဒိဋ္ဌိတို့၏ မရှိသည်၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏ဟူလိုသတည်း။

သံသာရံ ပပဉ္စေန္တိ ဝိတ္ထာရေန္တီတိ ပပဉ္စာ၊ တဏှာ မာန ဒိဋ္ဌိယော။ ။ယောဇနာ၊ အကြင်တရားတို့သည်။ သံသာရံ၊ သံသရာကို။ ပပဉ္စေန္တိ ဝိတ္ထာရေန္တိ၊ ချဲ့ထွင်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့သံသရာကိုချဲ့ထွင်တတ်သောသတ္တိကြောင့်။ တေဓမ္မာ၊ ထိုတရားတို့သည်။ ပပဉ္စာ၊ ပပဉ္စမည်ကုန်၏။ တဏှာမာနဒိဋ္ဌိယော၊ တဏှာ,မာန,ဒိဋ္ဌိတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ။အဓိပ္ပါယ်ကား။ အ

ကြောင်တရားတို့သည်သံသရာကိုချဲ့ထွင်တတ်ကုန်၏။ ထိုကြောင့်ထိုတရားတို့သည်ပပဉ္စမည်ကုန်၏။ ပပဉ္စတို့ဟူသည်တဏှာ,မာန,ဒိဋ္ဌိတို့ပင်တည်းဟူလို။

နတ္ထိပပဉ္စာဧတဿာတိနိပ္ပပဉ္စံ၊ နိဗ္ဗာနံ။ ။ဧတဿနိဗ္ဗာနဿ၊ ထိုနိဗ္ဗာန်အား။ ပပဉ္စာ၊ သံသရာကိုချဲ့ထွင်တတ်သောတဏှာ,မာန,ဒိဋ္ဌိတို့သည်။ နတ္ထိ၊ နသန္တိ၊ မရှိကုန်။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုနိဗ္ဗာန်သည်။ နိပ္ပပဉ္စံ၊ နိပ္ပပဉ္စမည်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ လဗ္ဘတိ၊ ရအပ်၏။ ။အဓိပ္ပါယ်ကား။ ထိုနိဗ္ဗာန်အား သံသရာကိုချဲ့ထွင်တတ်သော တဏှာ,မာန,ဒိဋ္ဌိတို့သည် မရှိကုန်။ ထိုကြောင့် ထိုနိဗ္ဗာန်သည် နိပ္ပပဉ္စမည်၏။ နိပ္ပပဉ္စဟူသည်နိဗ္ဗာန်ပင်တည်းဟူလို။

ဘာဝပစ္စယန္တာပနနိပ္ပပဉ္စဘာဝေါ၊ သောဟိပစ္စုပဋ္ဌာနံ။ ပဒဋ္ဌာနံနတ္ထိ၊ နိဗ္ဗာနဿအဟေတုကတ္တာ။ ။ပန၊ ထိုသို့ပင်နိဗ္ဗာန်ကိုရအပ်သော်လည်း။ ဘာဝပစ္စယန္တာ၊ ဘာဝပစ္စယန္တပုဒ်၏အဖြစ်ကြောင့်။ နိပ္ပပဉ္စဘာဝေါ သံသရာကိုချဲ့ထွင်တတ်သောတဏှာ,မာန,ဒိဋ္ဌိတို့၏မရှိသည်၏အဖြစ်ကို။ လဗ္ဘတိ၊ ရအပ်၏။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ သော၊ ထိုသံသရာကိုချဲ့ထွင်တတ်သောတဏှာ,မာန,ဒိဋ္ဌိတို့၏မရှိသည်၏အဖြစ်သည်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ ပစ္စုပဋ္ဌာနံ၊ ပစ္စုပဋ္ဌာန်မည်၏။ ပဒဋ္ဌာနံ၊ နိဗ္ဗာန်၏ပဒဋ္ဌာန်သည်။ နတ္ထိ၊ မရှိ။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ အဟေတုကတ္တာ၊ အကြောင်းကင်းသည်၏ အဖြစ်ကြောင့်တည်း။ ။အဓိပ္ပါယ်ကား။ ထိုသို့ပင် နိဗ္ဗာန်သည် နိပ္ပပဉ္စမည်သော်လည်း။ ဘာဝပစ္စယန္တပုဒ်၏ အဖြစ်ကြောင့် သံသရာကို ချဲ့ထွင် တတ်သောတဏှာ,မာန,ဒိဋ္ဌိတို့၏မရှိသည်၏ အဖြစ်သည်ဤအရာ၌နိပ္ပပဉ္စမည်၏။ ထိုစကားသည်မှန်၏။ ထိုသံသရာကိုချဲ့ထွင်တတ်သောတဏှာ,မာန,ဒိဋ္ဌိတို့၏ မရှိသည်၏အဖြစ်သည်နိဗ္ဗာန်၏ ပစ္စုပဋ္ဌာန်မည်၏။ နိဗ္ဗာန်၏ ပဒဋ္ဌာန်သည်မရှိ။ အဘယ့်ကြောင့် မရှိသနည်း။ နိဗ္ဗာန်၏အကြောင်း ကင်းသည်၏အဖြစ်ကြောင့်တည်း။

ဧဝံပရိဂ္ဂဟောနာမရူပေသုဒိဋ္ဌိဝိသုဒ္ဓိနာမ။ ။ဧဝံယထာဝုတ္တနယေန၊ အကြောင်းအကြောင်းဆိုအပ်ပြီးသောနည်းဖြင့်။ ပရိဂ္ဂဟော၊ သိမ်းဆည်းခြင်းသည်။ နာမရူပေသု၊နာမ်ရုပ်တို့၌။ ဒိဋ္ဌိဝိသုဒ္ဓိနာမ၊အယူ၏စင်ကြယ်ခြင်းမည်၏။ ။အဓိပ္ပါယ်ကား။အကြောင်းအကြောင်းဆိုအပ်ပြီးသော နည်းဖြင့် သိမ်းဆည်းခြင်းသည် နာမ်ရုပ်တို့၌အယူ၏စင်ကြယ်ခြင်းမည်၏ဟူလို။

စိတ္တစေတသိကနိဗ္ဗာနာနိဟိနာမံ။ အဝသေသံရူပံ။ ။ဟိ သစ္စံ၊ ထိုစကားသည်မှန်၏။ စိတ္တစေတသိကနိဗ္ဗာနာနိ၊ စိတ်,စေတသိက်,နိဗ္ဗာန်တို့သည်။ နာမံ၊နာမ်မည်၏။ အဝသေသံ၊ ကြွင်းသောတရားသည်။ရူပံ၊ရုပ်မည်၏။ ။အဓိပ္ပါယ်ကား။ထိုစကားသည်မှန်၏။စိတ်,စေတသိက်,နိဗ္ဗာန်တို့သည်နာမ်မည်၏။ ကြွင်းသောတရားသည်ရုပ်မည်၏။ ဤသို့နာမ်ရုပ် ၂ ပါးကိုပိုင်းခြား၍သိလေဟူလို။

နိဗ္ဗာနံသန္တိလက္ခဏန္တိဝုတ္တေ သန္တိသဘာဝေါယေဝ နိဗ္ဗာနံ ဟောတိ၊ နစ သန္တိသဘာဝေါ အညော၊ နစ နိဗ္ဗာနံအညံ။ ။ နိဗ္ဗာနံသန္တိလက္ခဏန္တိဝုတ္တေ၊ နိဗ္ဗာနံသန္တိလက္ခဏံဟူသော ဤပါဌ်၌။ သန္တိသဘာဝေါယေဝ၊ ဒုက္ခအပေါင်းမှ ငြိမ်းခြင်းသဘောသည်သာလျှင်။နိဗ္ဗာနံ၊နိဗ္ဗာန်မည်သည်။ ဟောတိ၊ဖြစ်၏။သန္တိသဘာဝေါ၊ဒုက္ခအပေါင်းမှ ငြိမ်းခြင်းသဘောသည်။ အညော၊တပါးသည်။ နစဟောတိ၊ ဖြစ်သည်းမဖြစ်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အညံ၊တပါးသည်။နစဟောတိ၊ဖြစ်လည်းမဖြစ်စိ။ ။အဓိပ္ပါယ်ကား။ နိဗ္ဗာနံသန္တိလက္ခဏံ,ဟူသောပုဒ်၌ ဒုက္ခအပေါင်းမှ ငြိမ်းခြင်းသဘောသည်သာလျှင်နိဗ္ဗာန်မည်၏။ ဒုက္ခအပေါင်းမှငြိမ်းခြင်းသဘောတခြား။နိဗ္ဗာန်တခြားမဟုတ်ဟူလို။

တထာ ရူပံရုပ္ပနလက္ခဏန္တိအာဒိသု။ ။ရူပံရုပ္ပနလက္ခဏန္တိအာဒိသု၊ ရူပံ ရုပ္ပနလက္ခဏံ ဤသို့အစရှိသော ပါဠိရပ်တို့၌။ တထာ၊ထိုအတူတည်း။ ။အဓိပ္ပါယ်ကား။ ရူပံရုပ္ပနလက္ခဏံ,အစရှိသောပါဠိရပ်တို့၌၊ယခင်နည်းအတူပင်ဟူလို။ ။အဓိပ္ပါယ်

အကျယ်ကား၊ ။ရူပံရုပ္ပနလက္ခဏံဟူသောပါဠိ၌ဖောက်ပြန်ခြင်းသဘောသည်ပင်ရုပ်မည်၏။ ဖောက်ပြန်ခြင်း သဘောတခြား၊ ရုပ်တခြားမဟုတ်။ စေတသိကံ စိန္တနိဿိတဘာဝလက္ခဏံဟူသောပါဠိ၌၊ စိတ်ကိုမှီ၍ဖြစ်ခြင်းသဘောသည်ပင် စေတသိက်မည်၏။ စိတ်ကိုမှီ၍ဖြစ်ခြင်းသဘောတခြား၊ စေတသိက်တခြားမဟုတ်။ စိတ္တံအာရမ္မဏဝိဇာနနလက္ခဏံဟူသော ပါဠိ၌၊ အာရုံကိုသိခြင်းသဘောသည်ပင် စိတ်မည်၏။ အာရုံကိုသိခြင်းသဘောတခြား၊စိတ်တခြားမဟုတ်ဟူလို။

ဣတရထာဟိ ကေသဉ္စိ ပရမတ္ထဓမ္မေနွေ ပရမတ္ထာသိယုံ။ ။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ဣတရထာ၊ဤမှတပါးသော အခြင်းအရာအားဖြင့်ယူသည်ရှိသော်။ကေသဉ္စိ၊တချို့သော။ပရမတ္ထဓမ္မ၊ပရမတ္ထတရား၌။ဧနွေ၊နှစ်ခုကုန်သော။ပရမတ္ထ၊ပရမတ္ထတရားတို့သည်။ သိယုံ၊ဖြစ်ကုန်ရာ၏။ ဧဝံ၊ဤသို့။ နစဟောန္တိ၊ဖြစ်လည်းမဖြစ်ကုန်။ ။အဓိပ္ပါယ်ကား၊ ထိုစကားသည်မှန်၏။ ဤမှတပါးသော အခြင်းအရာအားဖြင့်ယူသည်ရှိသော် တချို့သော ပရမတ္ထတရား၌ နှစ်ခုကုန်သောပရမတ္ထတရားတို့သည် ဖြစ်ကုန်ရာ၏။ဤသို့ဖြစ်လည်းမဖြစ်ကုန်ဟူလို။

နိဗ္ဗာနံပုထုဇ္ဇနေဟိပစ္စက္ခတောနဇာနိတဗ္ဗံ၊အနုမာနတော ဇာနိတဗ္ဗံ။ ။နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ ပုထုဇ္ဇနေဟိ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။ ပစ္စက္ခတော၊မျက်မှောက်အားဖြင့်။ နဇာနိတဗ္ဗံ၊ မသိအပ်။ အနုမာနတော၊ ဆသောအားဖြင့်သာလျှင်။ ဇာနိတဗ္ဗံ၊ သိအပ်၏။ ။အဓိပ္ပါယ်ကား။ နိဗ္ဗာန်ကို ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် မျက်မှောက်အားဖြင့်မသိအပ်။ဆသောအားဖြင့်သာလျှင်သိအပ်၏ဟူလို။

တထာသဿာပရမတ္ထာပိ။ ။တထာ၊ထို့အတူ။ သဿာ၊ကြွင်းကုန်သော။ပရမတ္ထာပိ၊ပရမတ္ထတရားတို့ကိုလည်း။ ပစ္စက္ခတော၊မျက်မှောက်အားဖြင့်။နဇာနိတဗ္ဗာ၊မသိအပ်ကုန်။ အနုမာနတော၊ ဆသောအားဖြင့်သာလျှင်။ ဇာနိတဗ္ဗာ၊သိအပ်ကုန်

၏။ ။အဓိပ္ပါယ်ကား။ ထိုအတူကြွင်းကုန်သော ပရမတ္ထတရား
ကိုလည်းမျက်မှောက်အားဖြင့် မသိအပ်ကုန်။ ဆသောအားဖြင့်
သာလျှင်သိအပ်ကုန်၏ဟူလို။

ဗုဒ္ဓေနသာဝကေဟိပိ ပစ္စက္ခတောဉတွာကထိတမုပနိဿာ
ယကလျာဏပုထုဇ္ဇနာအနုမာနတော ဉတွာကထေန္တိ၊ တထာ
ပိဘူတံ။ ။ဗုဒ္ဓေနပိ၊ ဘုရားရှင်သည်၎င်း။ သာဝကေဟိပိ၊သာ
ဝကတို့သည်၎င်း။ ပစ္စက္ခတော၊ မျက်မှောက်အားဖြင့်။ ဉတွာ၊ သိ
၍။ ကထိတံ၊ ဟောပြောအပ်သောစကားတော်ကို။ ဥပနိဿာ
ယ၊အမှီပြု၍။ကလျာဏပုထုဇ္ဇနာ၊ ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့
သည်။အနုမာနတော၊ဆသောအားဖြင့်။ဉတွာ၊သိ၍။ကထေန္တိ၊
ဟောပြောကုန်၏။ တထာပိ၊ထိုသို့ဆသောအားဖြင့်သိ၍ ဟော
ပြောသော်လည်း။ဘူတံ၊ဟုတ်မှန်၏။ ။အဓိပ္ပါယ်ကား။ဘုရား
ရှင်တို့သည်၎င်း၊သာဝကတို့သည်၎င်း မျက်မှောက်အားဖြင့်သိ
၍ ဟောပြောအပ်သော စကားကို အမှီပြု၍ ကလျာဏပုထုဇဉ်
ပုဂ္ဂိုလ်တို့သည်ဆသောအားဖြင့်သိ၍ ဟောပြောကုန်၏။ ထိုသို့
ဆသောအားဖြင့်သိ၍ဟောပြောသော်လည်းဟုတ်မှန်၏ဟူလို။

ယထာစက္ခုမတာပုရိသေနရူပါရမ္မဏံပဿိတွာ ကထိတမု
ပနိဿာယအန္ဓာနံကထနံဘူတံ။ ။ကိမိဝ၊ ဥပမာအဘယ်ကဲ့
သို့နည်းဟူမူကား။စက္ခုမတာ၊မျက်စိအမြင်နှင့်ပြည့်စုံသော။ပုရိ
သေန၊ယောကျ်ားသည်။ရူပါရမ္မဏံ၊ရူပါရုံကို။ပဿိတွာ၊မြင်၍။
ကထိတံ၊ ပြောဆိုအပ်သောစကားကို။ ဥပနိဿာယ၊ အမှီပြု၍။
အန္ဓာနံ၊သူကန်းတို့၏။ကထနံ၊ပြောဆိုခြင်းသည်။ တနည်း။အန္ဓာ
နံ၊သူကန်းတို့သည်။ ကထနံ၊ ပြောဆိုအပ်သောစကားသည်။ ဘူ
တံယထာ၊ဟုတ်မှန်သကဲ့သို့တည်း။ ။အဓိပ္ပါယ်ကား။ ဥပမာ
အဘယ်ကဲ့သို့နည်းဟူမူ။မျက်စိအမြင်နှင့်ပြည့်စုံသော ယောကျ်ား
သည် ရူပါရုံကိုမြင်၍ ပြောဆိုအပ်သော စကားကို အမှီပြု၍သူ
ကန်းတို့၏ပြောဆိုခြင်းသည်ဟုတ်မှန်သကဲ့သို့ဟုတ်မှန်၏ဟူလို။

ဇာတိဒိဋ္ဌိဝိသုဒ္ဓိကထာယံ သာမညဒိဋ္ဌိဝိသုဒ္ဓိကထာနာမ။ ပဌမော ပရိစ္ဆေဒေါ။ ။ဒိဋ္ဌိဝိသုဒ္ဓိကထာယံ၊ အယူ၏စင်ကြယ်ခြင်းကိုဆိုရာဆိုကြောင်းဖြစ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိကထာအမည်ရှိသောကျမ်း၌။ သာမညဒိဋ္ဌိကထာနာမ၊ သာမညအားဖြင့် အယူ၏ စင်ကြယ်ခြင်းကို ဆိုရာဆိုကြောင်းမည်သော။ ပဌမော၊ ရှေးဦးစွာသော။ပရိစ္ဆေဒေါ၊အပိုင်းအခြားသည်။ ဇာတိသမတ္တော၊ ၏ တွင်ပြီးပြီ။ ။အဓိပ္ပါယ်ကား။ အယူ၏စင်ကြယ်ခြင်းကို ဆိုရာဆိုကြောင်း ဖြစ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိကထာ အမည် ရှိသော ကျမ်း၌ သာမညအားဖြင့် အယူ၏ စင်ကြယ်ခြင်းကို ဆိုရာဆိုကြောင်းမည်သော ရှေးဦးစွာသောအပိုင်းအခြားသည်။၏တွင်ပြီးပြီဟူလို။

---

## ၂—ဒုတိယပရိစ္ဆေဒ။

စိတ္တံဓာတိတော ကုသလံ အကုသလံ ဝိပါကံကြိယန္တွာတိ စတုဗ္ဗိဓံဟောတိ။ ။စိတ္တံ၊စိတ်သည်။ဓာတိတော၊ဓာတ်အားဖြင့်။ ကုသလန္တွ၊ကုသိုလ်စိတ်ရင်း။ အကုသလန္တွ၊အကုသိုလ်စိတ်ရင်း။ ဝိပါကန္တွ၊ဝိပါက်စိတ်ရင်း။ကြိယန္တွ၊ကြိယာစိတ်ရင်း။ ဇာတိ၊၏သို့။ စတုဗ္ဗိဓံ၊လေးပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။ ။အဓိပ္ပါယ်ကား။စိတ်သည်ဓာတ်အားဖြင့် ကုသိုလ်စိတ်, အကုသိုလ်စိတ်,ဝိပါက်စိတ်,ကြိယာစိတ်ဟူ၍လေးပါးအပြားရှိ၏ဟူလို။

---

## ၃—ကုသိုလ်၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

တတ္ထ ကုသလံ အနဝဇ္ဇသုခဝိပါကလက္ခဏံ၊ အကုသလဝိဒ္ဓံသနရသံ၊ ဝေါဒါနဘာဝပစ္စုပဋ္ဌာနံ၊ ယောနိသောမနသိကာရပဒဋ္ဌာနံ။ ။တတ္ထ၊ထိုလေးပါးတို့တွင်။ကုသလံ၊ကုသိုလ်စိတ်သည်။ အနဝဇ္ဇသုခဝိပါကလက္ခဏံ၊ အပြစ်မရှိခြင်း ကောင်းသော အ

ကျိုးပေးခြင်းလက္ခဏာရှိ၏။ အကုသလဝိဒ္ဓံသနရသံ၊အကုသိုလ်ကိုဖျက်ဆီးခြင်းကိစ္စရှိ၏။ ဝေါဒါနဘာဝပစ္စုပဋ္ဌာနံ၊ဖြူစင်သည်၏ အဖြစ်လျှင်ထင်သော အခြင်းအရာရှိ၏။ ယောနိသောမနသိကာရပဒဋ္ဌာနံ၊ အသင့်အတင့်နှလုံးသွင်းခြင်းလျှင်နီးစွာသော အကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ထိုလေးပါးတို့တွင် ကုသိုလ်သည်အပြစ်မရှိခြင်းကောင်းသောအကျိုးကိုပေးခြင်းလက္ခဏာရှိ၏၊ အကုသိုလ်ကိုဖျက်ဆီးခြင်းကိစ္စရှိ၏။ ဖြူစင်သည်၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ အသင့်အတင့်နှလုံးသွင်းခြင်းလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

အထဝါ အနဝဇ္ဇလက္ခဏံ၊ ဝေါဒါနဘာဝရသံ၊ ဣဋ္ဌဝိပါကပစ္စုပဋ္ဌာနံ၊ ဣဋ္ဌဝိပါကံနာမ သုခဝိပါကဝိပစ္စနံ။ သုန္ဒရဝိပါကပဝတ္တာပနန္တိ ဝုတ္တံ ဟောတိ။ယောနိသောမနသိကာရပဒဋ္ဌာနံ။ ။အထဝါ၊ တနည်းကား။ ကုသလံ၊ ကုသိုလ်စိတ်သည်။ အနဝဇ္ဇလက္ခဏံ၊ အပြစ်မရှိခြင်းလက္ခဏာရှိ၏။ ဝေါဒါနဘာဝရသံ၊ဖြူစင်သည်၏အဖြစ်နှင့်ပြည့်စုံ၏၊ ဣဋ္ဌဝိပါကပစ္စုပဋ္ဌာနံ၊ အလိုရှိအပ်သောအကျိုးကိုဖြစ်စေခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ ဝါ၊ ကောင်းသောအကျိုးကိုဖြစ်စေခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ဣဋ္ဌဝိပါကံနာမ၊အလိုရှိအပ်သောအကျိုးကို ဖြစ်စေခြင်းမည်သည်ကား။ သုခဝိပါကဝိပစ္စနံ၊ ကောင်းသော အကျိုးကိုဖြစ်စေခြင်းပင်တည်း။ဝါ၊သည်။ဣဋ္ဌဝိပါကံနာမ၊အလိုရှိအပ်သော အကျိုးကို ဖြစ်စေခြင်း မည်၏။ သုခဝိပါကဝိပစ္စနံ၊ ကောင်းသောအကျိုးကို ဖြစ်စေခြင်းပင်တည်း။ သုန္ဒရဝိပါကပဝတ္တာပနံ၊ ကောင်းသောအကျိုးကိုဖြစ်စေခြင်းပင်တည်း။ ဣတိ အယံအဓိပ္ပါယော၊ ဤသို့သောအဓိပ္ပါယ်သည်။ ဝါ၊ ဤသို့သော အဓိပ္ပါယ်ကို။ဝုတ္တံဝုတ္တော၊ဆိုလိုသည်။ဟောတိ၊ဖြစ်၏။ ယောနိသောမနသိကာရပဒဋ္ဌာနံ၊ အသင့်အတင့် နှလုံးသွင်ခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။တနည်းကား။ကုသိုလ်စိတ်သည် အပြစ်မရှိခြင်းလက္ခဏာရှိ၏။ ဖြူစင်သည်၏အ

ဖြစ်နိုင်ပြည့်စုံ၏။ အလိုရှိအပ်သော အကျိုးကို ဖြစ်စေခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ ။အလိုရှိအပ်သောအကျိုးကိုဖြစ်စေခြင်းမည်သည်ကား။ ကောင်းသော အကျိုးကို ဖြစ်စေခြင်း ပင်တည်း။ အသင့်အတင့် နှလုံးသွင်းခြင်းလျှင် နီးစွာသော အကြောင်းရှိ၏ဟူလို။

## ၆-အကုသိုလ်၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

အကုသလံ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏံ၊ အနတ္ထဇနနရသံ၊ သံကိလေသပစ္စုပဋ္ဌာနံ၊အယောနိသောမနသိကာရပဒဋ္ဌာနံ။ ။ အကုသလံ၊အကုသိုလ်စိတ်သည်။ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏံ၊ အပြစ်နှင့်တကွ ဖြစ်ခြင်း မကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာရှိ၏။အနတ္ထဇနနရသံ၊ အကျိုးမဲ့ကို ဖြစ်စေခြင်းကိစ္စရှိ၏။ သံကိလေသပစ္စုပဋ္ဌာနံ၊ ညစ်နွမ်းသည်၏ အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ အယောနိသောမနသိကာရပဒဋ္ဌာနံ၊ မသင့်မတင့်နှလုံးသွင်းခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ။ အဓိပ္ပါယ်ကား။ အကုသိုလ်စိတ်သည်အပြစ်နှင့်တကွဖြစ်ခြင်း မကောင်းသော အကျိုးကို ပေးခြင်းလက္ခဏာရှိ၏။ အကျိုးမဲ့ကို ဖြစ်စေခြင်းကိစ္စရှိ၏။ ညစ်နွမ်းသည်၏အဖြစ်လျှင်ထင်သော အခြင်းအရာရှိ၏။ မသင့်မတင့်နှလုံးသွင်းခြင်းလျှင် နီးစွာသော အကြောင်းရှိ၏ဟူလို။

## ၇-ဝိပါက်၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဝိပါကံဝိပစ္စနလက္ခဏံ၊ဝိပစ္စနံနာမပရိပါကော။ကုသလာကုသလကမ္မာနံဖလဘာဝေနပဝတ္တနံ။ ဒဿနာဒိရသံ၊ အဗျာကတဘာဝပစ္စုပဋ္ဌာနံ၊ကုသလာကုသလပဒဋ္ဌာနံ။ ။ဝိပါကံ၊ဝိပါက်စိတ်သည်။ဝိပစ္စနလက္ခဏာရသံ၊ကုသိုလ်ကံ,အကုသိုလ်ကံတို့၏

အကျိုး၏အဖြစ်ဖြင့် ဖြစ်ခြင်းကိစ္စရှိ၏။ ဝိပစ္စနံနာမ၊ ကုသိုလ်,အကုသိုလ်တို့၏အဖြစ်ဖြင့်ဖြစ်ခြင်းမည်သည်ကား။ပရိပါကော၊ကုသိုလ်,အကုသိုလ်တို့၏အကျိုး၏အဖြစ်သို့ရောက်သောအားဖြင့်ရင့်ခြင်းပင်တည်း။ ကုသလာကုသလကမ္မာနံ၊ကုသိုလ်ကံ,အကုသိုလ်ကံတို့၏။ ဖလဘာဝေန၊အကျိုး၏အဖြစ်ဖြင့်။ ပဝတ္တနံ၊ဖြစ်ခြင်းပင်တည်း။ဒဿနာဒိရသံ၊မြင်ခြင်းအစရှိသောကိစ္စရှိ၏။အဗျာကတဘာဝပစ္စုပဋ္ဌာနံ၊အဗျာကတအဖြစ်လျှင်ထင်သော အခြင်းအရာရှိ၏၊ဝါ၊ကုသိုလ်,အကုသိုလ်အဖြစ်ဖြင့် မဟောကြားအပ် ကုသိုလ်,အကုသိုလ်မှတပါးသောတရား၏ အဖြစ်ဖြင့်သာဟောကြားအပ်သည်၏အဖြစ်လျှင်ထင်သော အခြင်းအရာရှိ၏။ ကုသလာကုသလပဒဋ္ဌာနံ၊ကုသိုလ်ကံ,အကုသိုလ်ကံလျှင်နီးစွာသော အကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ဝိပါက်စိတ်သည်။ ကုသိုလ်ကံ,အကုသိုလ်ကံတို့၏ အကျိုး၏ အဖြစ်ဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။ ။ကုသိုလ်ကံ,အကုသိုလ်ကံတို့၏ အကျိုး၏အဖြစ်ဖြင့်ဖြစ်ခြင်း မည်သည်ကား။ ကုသိုလ်ကံ,အကုသိုလ်ကံတို့၏အကျိုး၏အဖြစ်သို့ ရောက်သောအားဖြင့် ရင့်ခြင်းပင်တည်း။ မြင်ခြင်းအစရှိသောကိစ္စရှိ၏။အဗျာကတအဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ကုသိုလ်ကံ,အကုသိုလ်ကံလျှင် နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၈-ကြိယာ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ကြိယံကရဏမတ္တလက္ခဏံ၊ အာဝဇ္ဇနာဒိရသံ၊ အဗျာကတဘာဝပစ္စုပဋ္ဌာနံ၊ ဘာဝင်္ဂုပစ္ဆေဒါဒိစေဝ နိရာနုသယာသန္တာနဇ္ဈ ပဒဋ္ဌာနံ။ ။ကြိယံ၊ ကြိယာစိတ်သည်။ ကရဏမတ္တလက္ခဏံ၊ ပြုကာမျှလျှင်လက္ခဏာရှိ၏။ အာဝဇ္ဇနာဒိရသံ၊နှလုံးသွင်းခြင်းအစရှိသောကိစ္စရှိ၏။ အဗျာကတဘာဝပစ္စုပဋ္ဌာနံ၊ အဗျာကတ၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ ဝါ၊ကုသိုလ်,အကုသိုလ်၏

အဖြစ်ဖြင့် မဟောကြွားအပ်-ကုသိုလ်,အကုသိုလ်မှတပါးသော တရား၏အဖြစ်ဖြင့်သော ဟောကြွားအပ်သည်၏အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ ဘဝင်္ဂပစ္စယေါဒါနိဝေဝ၊ ဘဝင်၏ ပြတ်ခြင်းအစရှိသည်သည်ရင်း။နိရာနုသယသန္တာနဥ္စ၊အနုသယကင်းသောရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်သည်ရင်း။ ပဒဋ္ဌာနံ၊ ပဒဋ္ဌာန်မည်၏။ ။အဓိပ္ပါယ်ကား။ကြိယာစိတ်သည်ပြုကာမျှလျှင်လက္ခဏာရှိ၏။နှလုံးသွင်းခြင်းအစရှိသောကိစ္စရှိ၏။ အဗျာကတ၏အဖြစ်လျှင်ထင်သော အခြင်းအရာရှိ၏။ ဘဝင်၏ပြတ်ခြင်း အစရှိသည်သည်ရင်း။ အနုသယကင်းသော ရဟန္တာ ပုဂ္ဂိုလ် သန္တာန်သည်ရင်း။ပဒဋ္ဌာန်မည်၏ဟူလို။

---

၉-စက္ခုဝိညာဉ်၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဝိပါကေသုစက္ခုဝိညာဏံစက္ခုသန္နိဿိတရူပဝိဇာနနလက္ခဏံ၊ရူပမတ္တာရမ္မဏရသံ၊ရူပါဘိမုခဘာဝပစ္စုပဋ္ဌာနံ။ရူပါရမ္မဏာယကြိယာမနောဓာတုယာအပဂမနပဒဋ္ဌာနံ၊အပဂမနံနာမ နိရောဓော။ ။ဝိပါကေသု၊ဝိပါက်စိတ်တို့တွင်။စက္ခုဝိညာဏံ၊ စက္ခုဝိညာဉ်သည်။ စက္ခုသန္နိဿိတရူပဝိဇာနနလက္ခဏံ၊စက္ခုဝတ္ထုကိုမှီ၍ရူပါရုံကိုသိခြင်းလက္ခဏာရှိ၏။ ရူပမတ္တာရမ္မဏရသံ၊ ရူပါရုံမျှသာလျှင်ဖြစ်သောအာရုံကိုယူခြင်းကိစ္စရှိ၏။ ရူပါဘိမုခဘာဝပစ္စုပဋ္ဌာနံ၊ရူပါရုံသို့ရှေးရှုသည့်အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ရူပါရမ္မဏာယ၊ရူပါရုံလျှင်အာရုံရှိသော။ ကြိယာမနောဓာတုယာ၊ ကြိယာမနောဓာတ်၏။ အပဂမနပဒဋ္ဌာနံ၊ချုပ်ခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။အပဂမနံနာမ၊အပဂမနမည်သည်ကား။ နိရောဓော၊ ချုပ်ခြင်းပင်တည်း။ ။အဓိပ္ပါယ်ကား။ဝိပါက်စိတ်တို့တွင်စက္ခုဝိညာဉ်သည် စက္ခုဝတ္ထုကိုမှီ၍ ရူပါရုံကို သိခြင်း လက္ခဏာရှိ၏။ ရူပါရုံမျှသာလျှင် ဖြစ်သောအာရုံကိုယူခြင်းကိစ္စရှိ၏။ရူပါရုံသို့ရှေးရှုသည့်အဖြစ်လျှင်

ထင်သောအခြင်းအရာရှိ၏။ ရှုပါရုံလျှင်အာရုံရှိသော ကြိယာမနောဓာတ်၏ချုပ်ခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ။အပဂမနမည်သည်ကားချုပ်ခြင်းပင်တည်း။

၁၀-သောတဝိညာဉ်၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

သောတဝိညာဏံ သောတနိဿိတ-သဒ္ဒဝိဇာနန-လက္ခဏံ၊ သဒ္ဒမတ္တာရမ္မဏရသံ၊ သဒ္ဒါဘိမုခဘာဝပစ္စုပဋ္ဌာနံ၊ သဒ္ဒါရမ္မဏာယကြိယမနောဓာတုယာအပဂမနပဒဋ္ဌာနံ။ ။သောတဝိညာဏံ၊ သောတဝိညာဉ်သည်။ သောတနိဿိတသဒ္ဒဝိဇာနနလက္ခဏံ၊ သောတဝတ္ထုကိုမှီ၍သဒ္ဒါရုံကိုသိခြင်းလက္ခဏာရှိ၏။ သဒ္ဒမတ္တာရမ္မဏရသံ၊သဒ္ဒါရုံမျှသာလျှင်ဖြစ်သောအာရုံကိုယူခြင်းကိစ္စရှိ၏။ သဒ္ဒါဘိမုခဘာဝပစ္စုပဋ္ဌာနံ၊ သဒ္ဒါရုံသို့ရှေးရှုသည့်၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ သဒ္ဒါရမ္မဏာယ၊သဒ္ဒါရုံလျှင်အာရုံရှိသော။ ကြိယမနောဓာတုယာ၊ ကြိယာမနောဓာတ်၏။ အပဂမနပဒဋ္ဌာနံ၊ ချုပ်ခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ သောတဝိညာဉ်သည် သောတဝတ္ထုကိုမှီ၍ သဒ္ဒါရုံကိုသိခြင်းလက္ခဏာရှိ၏။ သဒ္ဒါရုံမျှသာလျှင်ဖြစ်သောအာရုံကိုယူခြင်းကိစ္စရှိ၏။သဒ္ဒါရုံသို့ရှေးရှုသည့်၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။သဒ္ဒါရုံလျှင်အာရုံရှိသော ကြိယာမနောဓာတ်၏ချုပ်ခြင်းလျှင်နီးစွာသော အကြောင်းရှိ၏ဟူလို။

၁၁-ဃာနဝိညာဉ်၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဃာနဝိညာဏံဃာနနိဿိတဂန္ဓဝိဇာနနလက္ခဏံ၊ ဂန္ဓမတ္တာရမ္မဏရသံ၊ ဂန္ဓာဘိမုခဘာဝပစ္စုပဋ္ဌာနံ၊ ဂန္ဓာရမ္မဏာယကြိယမနောဓာတုယာအပဂမနပဒဋ္ဌာနံ။ ။ဃာနဝိညာဏံ၊

ဃာနဝိညာဉ်သည်။ ဃာနနိဿိတဂန္ဓဝိဇာနနလက္ခဏံ၊ ဃာနဝတ္ထုကိုမှီ၍ဂန္ဓာရုံကိုသိခြင်းလက္ခဏာရှိ၏။ ဂန္ဓမတ္တာရမ္မဏဂ္ဂဟဏရသံ၊ ဂန္ဓာရုံမျှသာလျှင်ဖြစ်သောအာရုံကို ယူခြင်းကိစ္စရှိ၏။ ဂန္ဓာဘိမုခဘာဝပစ္စုပဋ္ဌာနံ၊ ဂန္ဓာရုံသို့ရှေးရှုသည်၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ ဂန္ဓာရမ္မဏာယ၊ ဂန္ဓာရုံလျှင်အာရုံရှိသော။ ကြိယာမနောဓာတုယာ၊ ကြိယာမနောဓာတ်၏။ အပဂမနပဒဋ္ဌာနံ၊ ချုပ်ခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ဃာနဝိညာဉ်သည် ဃာနဝတ္ထုကို မှီ၍ ဂန္ဓာရုံကို သိခြင်းလက္ခဏာရှိ၏။ ဂန္ဓာရုံမျှသာလျှင်ဖြစ်သောအာရုံကိုယူခြင်းကိစ္စရှိ၏။ ဂန္ဓာရုံသို့ရှေးရှုသည်၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ ဂန္ဓာရုံလျှင်အာရုံရှိသောကြိယာမနောဓာတ်၏ချုပ်ခြင်းလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၁၂-ဇိဝှါဝိညာဉ်၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဇိဝှါဝိညာဏံ ဇိဝှါနိဿိတရသဝိဇာနနလက္ခဏံ၊ ရသမတ္တာရမ္မဏဂ္ဂဟဏရသံ၊ ရသာဘိမုခဘာဝပစ္စုပဋ္ဌာနံ၊ ရသာရမ္မဏာယ ကြိယာမနောဓာတုယာ အပဂမနပဒဋ္ဌာနံ။ ။ဇိဝှါဝိညာဏံ၊ ဇိဝှါဝိညာဉ်သည်။ ဇိဝှါနိဿိတရသဝိဇာနနလက္ခဏံ၊ ဇိဝှါဝတ္ထုကိုမှီ၍ရသာရုံကိုသိခြင်းလက္ခဏာရှိ၏။ ရသမတ္တာရမ္မဏဂ္ဂဟဏရသံ၊ ရသာရုံမျှသာလျှင် ဖြစ်သော အာရုံကိုယူခြင်းကိစ္စရှိ၏။ ရသာဘိမုခဘာဝပစ္စုပဋ္ဌာနံ၊ ရသာရုံသို့ရှေးရှုသည်၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ ရသာရမ္မဏာယ၊ ရသာရုံလျှင်အာရုံရှိသော။ ကြိယာမနောဓာတုယာ၊ ကြိယာမနောဓာတ်၏။ အပဂမနပဒဋ္ဌာနံ၊ ချုပ်ခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ဇိဝှါဝိညာဉ်သည် ဇိဝှါဝတ္ထုကိုမှီ၍ ရသာရုံကို သိခြင်းလက္ခဏာရှိ၏။ ရသာရုံမျှသာလျှင်ဖြစ်သောအာရုံကိုယူခြင်းကိစ္စရှိ၏။ ရသာရုံသို့ရှေးရှုသည်အဖြစ်လျှင်ထင်သော အခြင်းအရာရှိ

၏။ရသာရုံလျှင်အာရုံရှိသောကြိယာမနောဓာတ်၏ချုပ်ခြင်းလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၁၃-ကာယဝိညာဉ်၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ကာယဝိညာဏံ ကာယနိဿိတဖေါဋ္ဌဗ္ဗ ဝိဇာနန-လက္ခဏံ၊ ဖေါဋ္ဌဗ္ဗမတ္တာရမ္မဏဂ္ဂဟဏရသံ၊ဖေါဋ္ဌဗ္ဗာဘိမုခဘာဝပစ္စုပဋ္ဌာနံ၊ ဖေါဋ္ဌဗ္ဗာရမ္မဏာယကြိယမနောဓာတုယာအပဂမနပဒဋ္ဌာနံ။ ။ ကာယဝိညာဏံ၊ ကာယဝိညာဉ်သည်။ ကာယနိဿိတဖေါဋ္ဌဗ္ဗဝိဇာနနလက္ခဏံ၊ကာယဝတ္ထုကိုမှီ၍ဖေါဋ္ဌဗ္ဗာရုံကိုသိခြင်းလက္ခဏာရှိ၏။ဖေါဋ္ဌဗ္ဗမတ္တာရမ္မဏဂ္ဂဟဏရသံ၊ ဖေါဋ္ဌဗ္ဗာရုံမျှသာလျှင်ဖြစ်သောအာရုံကို ယူခြင်းကိစ္စရှိ၏။ ဖေါဋ္ဌဗ္ဗာဘိမုခဘာဝပစ္စုပဋ္ဌာနံ၊ဖေါဋ္ဌဗ္ဗာရုံသို့ရှေးရှုသည်၏ အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ ဖေါဋ္ဌဗ္ဗာရမ္မဏာယ၊ ဖေါဋ္ဌဗ္ဗာရုံလျှင် အာရုံရှိသော။ ကြိယမနောဓာတုယာ၊ ကြိယာမနောဓာတ်၏။အပဂမနပဒဋ္ဌာနံ၊ ချုပ်ခြင်းလျှင် နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ကာယဝိညာဉ်သည် ကာယဝတ္ထုကိုမှီ၍ ဖေါဋ္ဌဗ္ဗာရုံကိုသိခြင်းလက္ခဏာရှိ၏။ ဖေါဋ္ဌဗ္ဗာရုံမျှသာလျှင်ဖြစ်သောအာရုံကိုယူခြင်းကိစ္စရှိ၏။ ဖေါဋ္ဌဗ္ဗာရုံသို့ရှေးရှုသည်၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ ဖေါဋ္ဌဗ္ဗာရုံလျှင်အာရုံရှိသောကြိယာမနောဓာတ်၏ချုပ်ခြင်းလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၁၄-သမ္ပဋိစ္ဆန်း၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

သမ္ပဋိစ္ဆနံစက္ခုဝိညာဏာဒီနမနန္တရံရူပါဒိဝိဇာနနလက္ခဏံ၊ရူပါဒိသမ္ပဋိစ္ဆနရသံ၊ရူပါဒိသမ္ပဋိစ္ဆနာကာရေနပဝတ္တနပစ္စုပဋ္ဌာနံ၊ပဉ္စဝိညာဏာနံအပဂမနပဒဋ္ဌာနံ။ ။သမ္ပဋိစ္ဆနံ၊သမ္ပဋိစ္ဆန်းစိတ်သည်။စက္ခုဝိညာဏာဒီနံ၊စက္ခုဝိညာဉ်စသည်တို့၏။အနန္တရံ။ အ

ခြားမဲ့၌။ရူပါဒိဝိဇာနနလက္ခဏံ၊ရူပါရုံစသည်တို့ကိုသိခြင်းလက္ခဏာရှိ၏။ ရူပါဒိသမ္ပဋိစ္ဆနရသံ၊ရူပါရုံစသည်တို့ကိုခံခြင်းကိစ္စရှိ၏။ရူပါဒိသမ္ပဋိစ္ဆနာကာရေန၊ ရူပါရုံစသည်တို့ကိုခံသောအခြင်းအရာအားဖြင့်။ ပဝတ္တနပစ္စုပဋ္ဌာနံ၊ ဖြစ်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ပဉ္စဝိညာဏာနံ၊ပဉ္စဝိညာဉ်တို့၏။အပဂမနပဒဋ္ဌာနံ၊ချုပ်ခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ သမ္ပဋိစ္ဆိုန်းစိတ်သည်စက္ခုဝိညာဉ်စသည်တို့၏ အခြားမဲ့၌ရူပါရုံစသည်တို့ကိုသိခြင်းလက္ခဏာရှိ၏။ ရူပါရုံစသည်တို့ကိုခံခြင်းကိစ္စရှိ၏။ ရူပါရုံစသည်တို့ကိုခံသော အခြင်းအရာအားဖြင့်ဖြစ်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ပဉ္စဝိညာဉ်တို့၏ချုပ်ခြင်းလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၁၅–သန္တီရဏ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

သန္တီရဏံ ဆဠာရမ္မဏဝိဇာနန လက္ခဏံ၊ သန္တီရဏ ရသံ၊ သန္တီရဏာဒိအာကာရေန ပဝတ္တနပစ္စုပဋ္ဌာနံ၊ ဟဒယဝတ္ထု ပဒဋ္ဌာနံ။ ။သန္တီရဏံ၊သန္တီရဏစိတ်သည်။ ဆဠာရမ္မဏဝိဇာနနလက္ခဏံ၊ ခြောက်ပါးသောအာရုံကိုသိခြင်းလက္ခဏာရှိ၏။ သန္တီရဏရသံ၊ပုံစမ်ခြင်းကိစ္စရှိ၏။ သန္တီရဏာကာရေန၊စုံစမ်းသော အခြင်းအရာ အားဖြင့်။ ပဝတ္တန ပစ္စုပဋ္ဌာနံ၊ ဖြစ်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ ဟဒယဝတ္ထုပဒဋ္ဌာနံ၊ဟဒယဝတ္ထုလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။သန္တီရဏစိတ်သည် ခြောက်ပါးသောအာရုံကိုသိခြင်းလက္ခဏာရှိ၏။ စုံစမ်းခြင်းကိစ္စရှိ၏။ စုံစမ်းသော အခြင်းအရာအားဖြင့်ဖြစ်ခြင်းလျှင် ထင်သော အခြင်း အရာရှိ၏။ ဟဒယ ဝတ္ထုလျှင် နီးစွာသော အကြောင်းရှိ၏ဟူလို။

## ၁၆—ပဋ္ဌာဂါရဝစ္ဆန်း၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ကြိယာသုစပဋ္ဌာဂါရဝစ္ဆန်း စက္ခုပိညာဏာဒိန် ပုရေရူပါဒိဝိ ဇာနနလက္ခဏာ၊အာဝဇ္ဇနရသံ၊ ရူပါဒိအဘိမုခဘာဝပစ္စုပဋ္ဌာန်၊ ဘဝင်္ဂဿဥပစ္ဆေဒပဒဋ္ဌာန်။ ။ကြိယာသုစ၊ကြိယာစိတ်တို့တွင်လည်း။ပဋ္ဌာဂါရဝစ္ဆန်း၊ပဋ္ဌာဂါရဝစ္ဆန်းစိတ်သည်။ စက္ခုပိညာဏာဒိန်၊ စက္ခုပိညာဉ်အစရှိသည်တို့၏။ ပုရေ၊ရှေး၌။ ရူပါဒိဝိဇာနနလက္ခဏာ၊ရူပါရုံစသည်တို့ကိုသိခြင်းလက္ခဏာရှိ၏။ အာဝဇ္ဇနရသံ၊နှလုံးသွင်းခြင်းကိစ္စရှိ၏။ ရူပါဒိအဘိမုခဘာဝပစ္စုပဋ္ဌာန်၊ ရူပါရုံစသည်တို့သို့ရှေးရှုသည်၏အဖြစ်လျှင်ထင်သော အခြင်းအရာရှိ၏။ဘဝင်္ဂဿ၊ဘဝင်၏။ ဥပစ္ဆေဒပဒဋ္ဌာန်၊ပြတ်ခြင်းလျှင်နီးစွာသော အကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ကြိယာစိတ်တို့တွင် ပဋ္ဌာဂါရဝစ္ဆန်း စိတ်သည် စက္ခုပိညာဉ် အစရှိသည်တို့၏ ရှေး၌ ရူပါရုံစသည်တို့ကိုသိခြင်းလက္ခဏာရှိ၏။ နှလုံးသွင်းခြင်းကိစ္စရှိ၏။ ရူပါရုံစသည်တို့သို့ ရှေးရှုသည်၏ အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ ဘဝင်၏ပြတ်ခြင်းလျှင် နီးစွာသော အကြောင်းရှိ၏ဟူလို။

---

## ၁၇—မနောဒွါရာဝဇ္ဇန်း၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

မနောဒွါရာဝဇ္ဇန်ကာမမဟဂ္ဂတလောကုတ္တရပညတ္တိဝသေန သဗ္ဗဆဠာရမ္မဏာဝိဇာနနလက္ခဏာ၊ပဋ္ဌာဂါရမနောဒွါရေသု ဝေါဋ္ဌဗ္ဗနာဝဇ္ဇနရသံ၊ဝေါဋ္ဌဗ္ဗနာဝဇ္ဇနာကာရေနပစ္စုပဋ္ဌာန်၊ အဟေတုကဝိပါကမနောဝိညာဏဓာတုဘဝင်္ဂါနံ အညတရာပဂမနပဒဋ္ဌာန်။ ။မနောဒွါရာဝဇ္ဇန်၊ မနောဒွါရာဝဇ္ဇန်း စိတ်သည်။ ကာမမဟဂ္ဂတလောကုတ္တရပညတ္တိဝသေန၊ ကာမ, မဟဂ္ဂုတ်, လောကုတ္တရာ,ပညတ်တို့၏ အစွမ်းအားဖြင့်။ သဗ္ဗဆဠာရမ္မဏာဝိဇာနနလက္ခဏာ၊အလုံးစုံသောခြောက်ပါးသောအာရုံကိုသိခြင်း

လက္ခဏာ၀ှိ၏။ ပဋ္ဌဳဒ္ဒါရမနောဒ္ဒါရေသု၊ ပဋ္ဌဳဒ္ဒါရ,မနောဒ္ဒါရတို့၌။ ဝေါဋ္ဌဗ္ဗနာဝဇ္ဇနရသံ၊မှတ်ခြင်း,နှလုံးသွင်းခြင်းကိစ္စရှိ၏။ဝေါဋ္ဌဗ္ဗနာဝဇ္ဇနာကာရေန၊ မှတ်သောအခြင်းအရာ,နှလုံးသွင်းသော အခြင်းအရာအားဖြင့်။ ပစ္စုပဋ္ဌာနံ၊ဖြစ်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ အဟေတုကဝိပါက မနောဝိညာဏဓာတုဒွယ ဘဝင်္ဂါနံ၊ အဟိတ်ဝိပါက် မနောဝိညာဏဓာတ် ဘဝင်တို့တွင်။အညတရာပဂမန ပဒဋ္ဌာနံ၊ တပါးပါး၏ချုပ်ခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။ ။အဝိပါ့ယ်ကား။မနောဒွါရာဝဇ္ဇန်းစိတ်သည် ကာမ,မဟဂ္ဂုတ်,လောကုတ္တရာ,ပညတ်တို့၏အစွမ်းအားဖြင့်အလုံးစုံသော ခြောက်ပါးသောအာရုံကိုသိခြင်းလက္ခဏာရှိ၏။ ပဋ္ဌဳဒ္ဒါရ,မနောဒ္ဒါရတို့၌မှတ်ခြင်းနှလုံးသွင်းခြင်းကိစ္စရှိ၏။ မှတ်သော အခြင်းအရာ, နှလုံးသွင်းသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း လျှင်ထင်သောအခြင်းအရာရှိ၏။အဟိတ်ဝိပါက်မနောဝိညာဏဓာတ် ဘဝင်တို့တွင် တပါးပါး၏ချုပ်ခြင်းလျှင် နီးစွာသော အကြောင်းရှိ၏ဟူလို။

---

၁၈–ဟသိတုပ္ပါဒ်၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဟသိတုပ္ပါဒစိတ္တံ့ကာမဆဠာရမ္မဏာဝိဇာနနလက္ခဏံ၊ အနောဠာရိကေသုဟာသနုပ္ပါဒနရသံ၊ ဟာသနုပ္ပါဒနာကာရေန ပစ္စုပဋ္ဌာနံ၊နိရာနုသယာသန္တာနပဒဋ္ဌာနံ။ ။ဟသိတုပ္ပါဒစိတ္တံ၊ဟသိတုပ္ပါဒ်စိတ်သည်။ ကာမဆဠာရမ္မဏာဝိဇာနနလက္ခဏံ ၊ကာမဖြစ်သော ခြောက်ပါးသောအာရုံကို သိခြင်းလက္ခဏာရှိ၏။ အနောဠာရိကေသု၊ မရုန့်ရင်းကုန်, သိမ်မွေ့ကုန်သော အရိုးဆက် ပြိတ္တာ အစရှိသောအာရုံတို့၌။ဟာသနုပ္ပါဒနရသံ၊ပြုံးရွှင်ခြင်းကို ဖြစ်စေခြင်း ကိစ္စရှိ၏။ဟာသနုပ္ပါဒနာကာရေန၊ ပြုံးရွှင်ခြင်းကို ဖြစ်စေသောအခြင်းအရာအားဖြင့်။ ပစ္စုပဋ္ဌာနံ၊ဖြစ်ခြင်း လျှင်ထင်သောအခြင်းအရာရှိ၏။ နိရာနုသယာသန္တာနပဒဋ္ဌာနံ၊အ

နုသယကင်းသော ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်လျှင်နီးစွာသော အကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ဟာသိတုပ္ပါဒ်စိတ်သည်ကာ မဖြစ်သောခြောက်ပါးသော အာရုံကိုသိခြင်း လက္ခဏာရှိ၏။မရုန့်ရင်းကုန်, သိမ်မွေ့ကုန်သော အရိုးဆက်ပြတ်ကွာ အစရှိသောအာရုံတို့၌ပြုံးရွှင်ခြင်းကို ဖြစ်စေခြင်းကိစ္စရှိ၏။ ပြုံးရွှင်ခြင်းကိုဖြစ်စေသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။အနုသယကင်းသောရဟန္တာပုဂ္ဂိုလ်တို့၏သန္တာန်လျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

ဧဝံပရိဂ္ဂဟော စိတ္တေ ဒိဋ္ဌိဝိသုဒ္ဓိနာမ။ ။ဧဝံယထာဝုတ္တနယေန၊ အကြောင်းအကြောင်းဆိုအပ်ပြီးသောနည်းဖြင့်။ ပရိဂ္ဂဟော၊ သိမ်းဆည်းခြင်းသည်။စိတ္တေ၊စိတ်၌။ ဒိဋ္ဌိဝိသုဒ္ဓိနာမ၊အယူ၏စင်ကြယ်ခြင်းမည်၏။ ။အဓိပ္ပါယ်ကား။ အကြောင်ကြောင် ဆိုအပ်ပြီးသောနည်းဖြင့် သိမ်းဆည်းခြင်းသည် စိတ်၌အယူ၏ စင်ကြယ်ခြင်းမည်၏ဟူလို။

ဣတိဒိဋ္ဌိဝိသုဒ္ဓိကထာယံ စိတ္တဒိဋ္ဌိဝိသုဒ္ဓိကထာနာမဒုတိယော ပရိစ္ဆေဒေါ။ ။ဒိဋ္ဌိဝိသုဒ္ဓိကထာယံ၊အယူ၏စင်ကြယ်ခြင်းကိုဆိုရာဆိုကြောင်းဖြစ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိကထာအမည်ရှိသောကျမ်း၌။ စိတ္တဒိဋ္ဌိဝိသုဒ္ဓိကထာနာမ၊ စိတ်၌အယူ၏စင်ကြယ်ခြင်းကို ဆိုရာဆိုကြောင်း မည်သော။ ဒုတိယော၊ နှစ်ခုတို့၏ ပြည့်ကြောင်း ဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်း အခြားသည်။ ဣတိသမတ္တော၊ဤတွင်ပြီးပြီ။ ။အဓိပ္ပါယ်ကား။အယူ၏စင်ကြယ်ခြင်းကိုဆိုရာဆိုကြောင်းဖြစ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိကထာအမည်ရှိသောကျမ်း၌ စိတ်၌ အယူ၏စင်ကြယ်ခြင်းကို ဆိုရာဆိုကြောင်း မည်သောနှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သောအပိုင်းအခြားသည် ဤတွင်ပြီးပြီဟူလို။

## ၃—တတိယပရိစ္ဆေဒ။

### ၁၉—ဖဿ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

သဗ္ဗစိတ္တသာဓာရဏောသုဖဿော အာရမ္မဏော ဖုသနလက္ခ ဏော၊အာရမ္မဏောသံဃဋ္ဋနရသော၊စိတ္တဝတ္ထု၊အာရမ္မဏာသန္နိပါ တပစ္စုပဋ္ဌာနော၊ဝေဒနာပစ္စုပဋ္ဌာနောဝါ၊ အာပါတဂတဝိသယ ပဒဋ္ဌာနော။ ။သဗ္ဗစိတ္တသာဓါရဏေသု၊သဗ္ဗစိတ္တသာဓါရဏစေ တသိက်တို့တွင်။ ဖဿော၊ဖဿစေတသိက်သည်။ အာရမ္မဏော၊ အာရုံ၌။ ဖုသနလက္ခဏော၊ တွေ့ထိခြင်းလက္ခဏာရှိ၏။ အာရမ္မ ဏော၊အာရုံ၌။ သံဃဋ္ဋနရသော၊ထိခိုက်ခြင်းကိစ္စရှိ၏။ စိတ္တဝတ္ထု၊ အာရမ္မဏာသန္နိပါတပစ္စုပဋ္ဌာနော၊စိတ်,ဝတ္ထု,အာရုံတို့၏ရုဝေး ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ဝါ၊တနည်းကား။ ဝေဒနာ ပစ္စုပဋ္ဌာနော၊ဝေဒနာဖြစ်ခြင်းလျှင်အကျိုးရှိ၏။ အာပါတဂတဝိ သယပဒဋ္ဌာနော၊ထင်ခြင်းသို့ရောက်သောအာရုံလျှင်နီးစွာသော အကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။သဗ္ဗစိတ္တသာဓာရဏစေတ သိက်တို့တွင် ဖဿစေတသိက်သည်အာရုံ၌ တွေ့ထိခြင်းလက္ခ ဏာရှိ၏။ အာရုံ၌ထိခိုက်ခြင်းကိစ္စရှိ၏။စိတ်,ဝတ္ထု,အာရုံတို့၏ရု ဝေးခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ တနည်း၊ဝေဒနာဖြစ် ခြင်းလျှင်အကျိုးရှိ၏။ ထင်ခြင်းသို့ရောက်သောအာရုံလျှင်နီးစွာ သောအကြောင်းရှိ၏ဟူလို။

### ၂၀-ဝေဒနာ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဝေဒနာ ဝေဒယိတလက္ခဏာ၊ အနုဘဝနရသာ၊ သုခဒုက္ခု ပေက္ခာဘာဝပစ္စုပဋ္ဌာနာ၊ဖဿပဒဋ္ဌာနာ။ ။ဝေဒနာ၊ဝေဒနာ သည်။ဝေဒယိတလက္ခဏာ၊ခံစားသောအားဖြင့် ဖြစ်ခြင်းလက္ခ ဏာရှိ၏။အနုဘဝနရသာ၊ခံစားခြင်းကိစ္စရှိ၏။ သုခဒုက္ခုပေက္ခာ ဘာဝပစ္စုပဋ္ဌာနာ၊ သုခဝေဒနာ,ဒုက္ခဝေဒနာ,ဥပေက္ခာဝေဒနာ၏

အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ ဖဿပဒဋ္ဌာနာ၊ ဖဿ လျှင် နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ဝေဒနာ သည်ခံစားသောအားဖြင့်ဖြစ်ခြင်းလက္ခဏာရှိ၏။ခံစားခြင်းကိစ္စ ရှိ၏။ သုခဝေဒနာ,ဒုက္ခဝေဒနာ,ဥပေက္ခာဝေဒနာ၏ အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ ဖဿလျှင်နီးစွာသောအကြောင်းရှိ ၏ဟူလို။

---

၂၁-သုခဝေဒနာ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

သာဝေဒနိန္ဒြိယဘေဒေနသုခံဒုက္ခံသောမနဿံဒေါမနဿံဥ ပေက္ခာစာတိပဉ္စဝိဓာဟောတိ။တာသုသုခံ ဣဋ္ဌဖေါဋ္ဌဗ္ဗာနုဘဝန လက္ခဏံ၊သမ္ပယုတ္တာနံဥပဗြူဟနရသံ၊ ကာယိကအဿာဒပစ္စု ပဋ္ဌာနံ၊ကာယိန္ဒြိယပဒဋ္ဌာနံ။ ။သာ၊ထိုဝေဒနာသည်။ဝေဒနိန္ဒြိ ယဘေဒေန၊ဝေဒနိန္ဒြေအပြားအားဖြင့်။ သုခဉ္စ၊သုခဝေဒနာဇင်း။ ဒုက္ခဉ္စ၊ ဒုက္ခဝေဒနာဇင်း။ သောမနဿဉ္စ၊ သောမနဿဝေဒနာ ဇင်း။ဒေါမနဿဉ္စ၊ဒေါမနဿဝေဒနာဇင်း။ဥပေက္ခာစ၊ဥပေက္ခာ ဝေဒနာဇင်း။ ဣတိ၊ဤသို့။ ပဉ္စဝိဓာ၊ငါးပါးအပြားရှိသည်။ ဟော တိ၊ဖြစ်၏။တာသု၊ထိုငါးပါးတို့တွင်။သုခံ၊သုခဝေဒနာသည်။ဣဋ္ဌ ဖေါဋ္ဌဗ္ဗာနုဘဝနလက္ခဏံ၊ဣဋ္ဌဖြစ်သောဖေါဋ္ဌဗ္ဗာရုံကို ခံစားခြင်း လက္ခဏာရှိ၏။သမ္ပယုတ္တာနံ၊သမ္ပယုတ်တရားတို့ကို။ ဥပဗြူဟန ရသံ၊ပွါးစေခြင်းကိစ္စရှိ၏။ ကာယိကအဿာဒပစ္စုပဋ္ဌာနံ၊ ကာ ယဝိညာဏ်ကိုမှီ၍ ဣဋ္ဌဖြစ်သော ဖေါဋ္ဌဗ္ဗာရုံကို သာယာခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ကာယိန္ဒြိယပဒဋ္ဌာနံ၊ကာယိန္ဒြေလျှင် နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား၊ထိုဝေဒနာသည် ဝေဒနိန္ဒြေ အပြားအားဖြင့် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ သောမ နဿဝေဒနာ၊ဒေါမနဿဝေဒနာ၊ဥပေက္ခာဝေဒနာဟူ၍ ငါးပါး အပြားရှိ၏။ ထိုငါးပါးတို့တွင် သုခဝေဒနာသည် ဣဋ္ဌဖြစ်သော ဖေါဋ္ဌဗ္ဗာရုံကိုခံစားခြင်းလက္ခဏာရှိ၏။ သမ္ပယုတ် တရားတို့ကို

ပွါးစေခြင်းကိစ္စရှိ၏။ ကာယဝတ္ထုကိုမှီ၍ ဆူဠ္ဌဖြစ်သောဖေါဋ္ဌဗ္ဗာ ရုံကိုသာယာခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ ကာယဝိညာဉ် လျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၂၂-ဒုက္ခဝေဒနာ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဒုက္ခံအနိဋ္ဌဖေါဋ္ဌဗ္ဗာနုဘဝနလက္ခဏံ၊ သမ္ပယုတ္တာနံမိလာပနရသံ၊ကာယိကာဗာဓပစ္စုပဋ္ဌာနံ၊ ကာယိန္ဒြိယပဒဋ္ဌာနံ။ ။ဒုက္ခံ၊ ဒုက္ခဝေဒနာသည်။ အနိဋ္ဌဖေါဋ္ဌဗ္ဗာနုဘဝနလက္ခဏံ၊ အနိဋ္ဌဖြစ်သော ဖေါဋ္ဌဗ္ဗာရုံကို ခံစားခြင်း လက္ခဏာရှိ၏။ သမ္ပယုတ္တာနံ၊ သမ္ပယုတ်တရားတို့ကို။မိလာပနရသံ၊ ညှိုးနွမ်းစေခြင်းကိစ္စရှိ၏။ ကာယိကာဗာဓပစ္စုပဋ္ဌာနံ၊ ကာယ ဝတ္ထုကို မှီ၍ ကျင်နာခြင်း လျှင်ထင်သောအခြင်းအရာရှိ၏။ကာယိန္ဒြိယပဒဋ္ဌာနံ၊ကာယဝိညာဉ် လျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ဒုက္ခဝေဒနာသည်အနိဋ္ဌဖြစ်သောဖေါဋ္ဌဗ္ဗာရုံကို ခံစားခြင်းလက္ခဏာရှိ၏။ သမ္ပယုတ်တရားတို့ကိုညှိုးနွမ်းစေခြင်းကိစ္စရှိ၏။ကာယဝတ္ထုကို မှီ၍ ကျင်နာခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ ကာယဝိညာဉ် လျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၂၃-သောမနဿဝေဒနာ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

သောမနဿံသဘာဝတောပရိကပ္ပတောဝါ ဣဋ္ဌာရမ္မဏာနုဘဝနလက္ခဏံ၊ ဣဋ္ဌာ ကာရေန ပရိဘောဂ ရသံ၊ စေတသိက အဿာဒပစ္စုပဋ္ဌာနံ၊ပဿဒ္ဓိပဒဋ္ဌာနံ။ ။သောမနဿံ၊သောမနဿဝေဒနာသည်။သဘာဝတောဝါ၊သဘောအားဖြင့်၎င်း။ ပရိကပ္ပတောဝါ၊ ကြံဆသောအားဖြင့်၎င်း။ ဣဋ္ဌာရမ္မဏာနုဘဝနလက္ခဏံ၊ဆူဠ္ဌဖြစ်သောအာရုံကိုခံစားခြင်းလက္ခဏာရှိ၏။ ဣဋ္ဌာ

ကာဝရေနှ၊ အလိုရှိသောအခြင်းအရာအားဖြင့်။ ပရိဘောဂရသံ သုံးဆောင်ခြင်းကိစ္စရှိ၏။ စေတသိကအဿာဒပစ္စုပဋ္ဌာနံ၊စိတ်ကိုမှီ၍ ဆုဋ္ဌဖြစ်သောအာရုံကို သာယာခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ ပဿဒ္ဓိပဒဋ္ဌာနံ၊ ကာယပဿဒ္ဓိ,စိတ္တပဿဒ္ဓိလျှင် နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။သောမနဿဝေဒနာသည် သဘောအားဖြင့်ရင်း၊ ကြိယသောအားဖြင့်ရင်း ဆုဋ္ဌဖြစ်သော အာရုံကို ခံစားခြင်းလက္ခဏာရှိ၏။ အလိုရှိသော အခြင်းအရာအားဖြင့်သုံးဆောင်ခြင်းကိစ္စရှိ၏။ စိတ်ကိုမှီ၍ဆုဋ္ဌဖြစ်သောအာရုံကို သာယာခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိလျှင် နီးစွာသော အကြောင်း ရှိ၏ဟူလို။

၂၇-ဒေါမနဿဝေဒနာ၏သက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဒေါမနဿံသဘာဝတော ပရိကပ္ပတော ဝါ အနိဋ္ဌာရမ္မဏာနုဘဝနလက္ခဏံ၊အနိဋ္ဌာကာရေနပရိဘောဂရသံ၊စေတသိကာဗာဓပစ္စုပဋ္ဌာနံ၊ဧကန္တေနဟဒယဝတ္ထုပဒဋ္ဌာနံ။ ။ဒေါမနဿံ၊ ဒေါမနဿဝေဒနာသည်။ သဘာဝတော ဝါ၊ သဘောအားဖြင့်ရင်း။ပရိကပ္ပတော ဝါ၊ကြိယသောအားဖြင့်ရင်း။အနိဋ္ဌာရမ္မဏာနုဘဝနလက္ခဏံ၊အနိဋ္ဌာရုံကိုခံစားခြင်းလက္ခဏာရှိ၏။ အနိဋ္ဌာကာရေန၊ အလိုမရှိသောအခြင်းအရာဖြင့်။ ပရိဘောဂရသံ၊သုံးဆောင်ခြင်းကိစ္စရှိ၏။ စေတသိကာဗာဓပစ္စုပဋ္ဌာနံ၊ စိတ်ကိုမှီ၍ ကျင်နာခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ ဧကန္တေန၊စင်စစ်အားဖြင့်။ဟဒယဝတ္ထုပဒဋ္ဌာနံ၊ဟဒယဝတ္ထုလျှင် နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ဒေါမနဿဝေဒနာသည် သဘောအားဖြင့်ရင်း၊ ကြိယသောအားဖြင့်ရင်း အနိဋ္ဌာရုံကိုခံစားခြင်းလက္ခဏာရှိ၏။ အလိုမရှိသောအခြင်းအရာဖြင့် သုံးဆောင်ခြင်းကိစ္စရှိ၏။ စိတ်ကိုမှီ၍ ကျင်နာခြင်းလျှင်ထင်သော အခြင်းအ

ရာရှိ၏။စင်စစ်အားဖြင့်ဟာဒယဝတ္ထုလျှောင်နိုးစွာသောအကြောင်း ရှိ၏ဟူလို။

၂၅-ဥပေက္ခာဝေဒနာ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဥပေက္ခာသဘာဝတောပရိကပ္ပတောဝါမဇ္ဈတ္တာရမ္မဏာဝေ ဒယိတလက္ခဏာ၊သမ္ပယုတ္တာနံ အနုပဗြူဟနအမိလာပနရသာ၊ သန္တဘာဝပစ္စုပဋ္ဌာနာ၊နိပ္ပီတိကစိတ္တပဒဋ္ဌာနာ။ ။ဥပေက္ခာ၊ဥ ပေက္ခာဝေဒနာသည်။သဘာဝတောဝါ၊ သဘောအားဖြင့်ရင်း။ ပရိကပ္ပတောဝါ၊ ကြံဆသောအားဖြင့်ရင်း။ မဇ္ဈတ္တာရမ္မဏာဝေ ဒယိတလက္ခဏာ၊ လျစ်လျူရှုအပ်သော အာရုံကို ခံစားသော အားဖြင့်ဖြစ်ခြင်းလက္ခဏာရှိ၏။ သမ္ပယုတ္တာနံ၊သမ္ပယုတ်တရား တို့ကို။ အနုပဗြူဟနအမိလာပနရသာ၊ မပွါးစေခြင်း,မညှိုးနွမ်း စေခြင်းကိစ္စရှိ၏။ သန္တဘာဝပစ္စုပဋ္ဌာနာ၊ ငြိမ်သက်သည်၏ အ ဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ နိပ္ပီတိကစိတ္တပဒဋ္ဌာနာ၊ပီတိ ကင်းသောစိတ်လျှင် နိုးစွာသော အကြောင်းရှိ၏။ ။အဓိပ္ပါယ် ကား။ဥပေက္ခာဝေဒနာသည်သဘောအားဖြင့်ရင်း၊ ကြံဆသော အားဖြင့်ရင်း လျစ်လျူရှုအပ်သော အာရုံကို ခံစားသော အား ဖြင့် ဖြစ်ခြင်း လက္ခဏာရှိ၏။ သမ္ပယုတ် တရားတို့ကို မပွါးစေ ခြင်း, မညှိုးနွမ်း စေခြင်းကိစ္စရှိ၏။ ငြိမ်သက်သည်၏အဖြစ်လျှင် ထင်သော အခြင်း အရာရှိ၏။ ပီတိ ကင်းသော စိတ်လျှင် နိုးစွာ သောအကြောင်းရှိ၏ဟူလို။

၂၆-သညာ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

သညာသဉ္ဇာန နလက္ခဏာ၊ပုနနိမိတ္တကရဏရသာ၊ပစ္စာဘိဇာန နပစ္စယနိမိတ္တကရဏရသာဝါ၊ ယထာနိမိတ္တဝသေန အဘိနိဝေ သကရဏပစ္စုပဋ္ဌာနာ၊ အဘိရူဠှိတပစ္စုပဋ္ဌာနာ ဝါ။ ယထာဥပဋ္ဌိ

တ ဝိသယပဒဋ္ဌာနာ။ ။သညာ၊ သညာသည်။ သဉ္ဇာနနလက္ခဏာ၊မှတ်ခြင်းလက္ခဏာရှိ၏။ပုန၊တဘန်။နိမိတ္တေန၊ အမှတ်ဖြင့်။ဇာနနရသာ၊သိခြင်းနှင့်ပြည့်ရုံ၏။ဝါ၊တနည်းကား။ပစ္ဆာ၊နောင်၌။ဇာနနပစ္စယနိမိတ္တကရဏရသာ၊သိခြင်း၏အကြောင်းဖြစ်သောအမှတ်ကိုပြုခြင်းကိစ္စရှိ၏။ယထာနိမိတ္တဝသေန၊အကြင်အကြင်သို့သော အမှတ်၏အစွမ်းအားဖြင့်။ အဘိနိဝေသကရဏ-ပစ္စုပဋ္ဌာနံ၊ နှလုံးသွင်းခြင်းကို ပြုခြင်းလျှင်ထင်သော အခြင်းအရာရှိ၏။ဝါ၊တနည်းကား။ အစိရဋ္ဌိတိပစ္စုပဋ္ဌာနာ၊ကြာမြင့်စွာမတည်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ယထာဥပဋ္ဌိတဝိသယပဒဋ္ဌာနာ၊ထင်တိုင်းသောအာရုံလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။သညာသည်-မှတ်ခြင်းလက္ခဏာရှိ၏။တဘန်အမှတ်ဖြင့်သိခြင်းနှင့်ပြည့်ရုံ၏။တနည်း၊နောင်၌သိခြင်း၏အကြောင်းဖြစ်သောအမှတ်ကို ပြုခြင်းကိစ္စရှိ၏။ အကြင်အကြင်သို့သောအမှတ်၏အစွမ်းအားဖြင့်နှလုံးသွင်းခြင်းကိုပြုခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။တနည်း၊ ကြာမြင့်စွာမတည်ခြင်းလျှင် ထင်သောအခြင်း အရာ ရှိ၏။ ထင်တိုင်းသော အာရုံလျှင် နီးစွာသော အကြောင်းရှိ၏ဟူလို။

## ၂၅—စေတနာ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

စေတနာသမ္ပယုတ္တဓမ္မာနံစေတယိတလက္ခဏာ၊အာယူဟနရသာ၊သံဝိဓာနပစ္စုပဋ္ဌာနာ၊စေတယိတဓမ္မပဒဋ္ဌာနာ။ ။စေတနာ၊စေတနာသည်။ သမ္ပယုတ္တဓမ္မာနံ၊ သမ္ပယုတ်တရားတို့ကို။ စေတယိတသက္ခဏာ၊စေ့ဆော်ခြင်းလက္ခဏာရှိ၏။ အာယူဟနရသာ၊အားထုတ်ခြင်းကိစ္စရှိ၏။သံဝိဓာနပစ္စုပဋ္ဌာနာ၊စီရင်ခြင်းလျှင်ထင်သော အခြင်းအရာရှိ၏။ စေတယိတဓမ္မပဒဋ္ဌာနာ၊စေ့ဆော်အပ်သောတရားလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ စေတနာသည် သမ္ပယုတ် တရားတို့ကို စေ့ဆော်

ခြင်း လက္ခဏာရှိ၏။ အားထုတ်ခြင်း ကိစ္စရှိ၏။ စိုရင်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။စေ့ဆော်အပ်သောတရားလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၂၈—ဇောဂ္ဂတာ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဇောဂ္ဂတာအဝိက္ခေပလက္ခဏာ၊ သဟဇာတာနံ သမ္ပိဏ္ဍနရသာ၊ဝိက္ခေပဝိဒ္ဓံသနရသာဝါ၊ဥပသမပစ္စုပဋ္ဌာနာ၊ ဉာဏပစ္စုပဋ္ဌာနာဝါ။ သဟဇာတဓမ္မပဒဋ္ဌာနာ၊ သုခပဒဋ္ဌာနာဝါ။ ။ဇောဂ္ဂတာ၊ဇောဂ္ဂတာသည်။ အဝိက္ခေပလက္ခဏာ၊မပြန့်လွင့်ခြင်းလက္ခဏာရှိ၏။သဟဇာတာနံ၊တကွဖြစ်သောသမ္ပယုတ်တရားတို့ကို။ သမ္ပိဏ္ဍနရသာ၊ပေါင်းစုခြင်းကိစ္စရှိ၏။ ဝါ၊တနည်းကား။ ဝိက္ခေပဝိဒ္ဓံသနရသာ၊ပြန့်လွင့်ခြင်းကိုဖျက်ဆီးခြင်းကိစ္စရှိ၏။ ဥပသမပစ္စုပဋ္ဌာနာ၊ငြိမ်သက်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ဝါ၊တနည်းကား။ ဉာဏပစ္စုပဋ္ဌာနာ၊ ဉာဏ်ဖြစ်ခြင်းလျှင် အကျိုးရှိ၏။ သဟဇာတဓမ္မပဒဋ္ဌာနာ၊ တကွဖြစ်သော သမ္ပယုတ်တရားလျှင်နီးစွာသောအကြောင်းရှိ၏။ဝါ၊ကား။သုခပဒဋ္ဌာနာ၊သုခဝေဒနာလျှင်နီးစွာသောအကြောင်းရှိ၏။ . ။အဓိပ္ပါယ်ကား။ဇောဂ္ဂတာသည် မပြန့်လွင့်ခြင်း လက္ခဏာရှိ၏။ တကွဖြစ်သော သမ္ပယုတ်တရားတို့ကိုပေါင်းစုခြင်းကိစ္စရှိ၏။ တနည်းကား၊ပြန့်လွင့်ခြင်းကိုဖျက်ဆီးခြင်းကိစ္စရှိ၏။ ငြိမ်သက်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ တနည်း၊ဉာဏ်ဖြစ်ခြင်းလျှင် အကျိုးရှိ၏။ တကွဖြစ်သော သမ္ပယုတ်တရားလျှင်နီးစွာသောအကြောင်းရှိ၏။ တနည်း၊သုခဝေဒနာလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၂၉—ဇီဝိတိန္ဒြေ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဇီဝိတိန္ဒြိယံသဟဇာတာနံအနုပါလနလက္ခဏံ၊တေသံပဝတ္တာပနရသံ၊တေသံယေဝဌပနပစ္စုပဋ္ဌာနံ၊ ယာပယိတဗ္ဗသဟဇာတ

ဓမ္မပဒဋ္ဌာနံ။ ။ဇီဝိတိန္ဒြိယံ၊ဇီဝိတိန္ဒြေသည်။သဟဇာတာနံ၊တကွဖြစ်သော သမ္ပယုတ်တရားတို့ကို။ အနုပါလနလက္ခဏံ၊ အစဉ်စောင့်ရှောက်ခြင်း လက္ခဏာရှိ၏။ တေသံ၊ ထိုတကွဖြစ်သောသမ္ပယုတ်တရားတို့ကို။ပဝတ္တနရသံ၊ဖြစ်စေခြင်းကိစ္စရှိ၏။ တေသံယေဝ၊ထိုတကွဖြစ်သော သမ္ပယုတ်တရားတို့ကိုသာလျှင်။ ဌပန ပစ္စုပ္ပဋ္ဌာနံ၊အာရုံ၌ထားခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ယာပယိတဗ္ဗသဟဇာတဓမ္မပဒဋ္ဌာနံ၊ မျှစေအပ်သောတကွဖြစ်သော သမ္ပယုတ်တရားလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ဇီဝိတိန္ဒြေသည်တကွဖြစ်သော သမ္ပယုတ်တရားတို့ကို အစဉ်စောင့်ရှောက်ခြင်းလက္ခဏာရှိ၏။ တကွဖြစ်သောသမ္ပယုတ်တရားတို့ကိုဖြစ်စေခြင်းကိစ္စရှိ၏။ တကွဖြစ်သော သမ္ပယုတ်တရားတို့ကိုအာရုံ၌ထားခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။မျှစေအပ်သောတကွဖြစ်သော သမ္ပယုတ်တရားလျှင် နီးစွာသော အကြောင်းရှိ၏ဟူလို။

## ၃၀—မနသိကာရဿလက္ခဏာ၊ရသ၊ပစ္စုပ္ပဋ္ဌာန်၊ပဒဋ္ဌာန်။

မနသိကာရော အာရမ္မဏေ မနသိကာရဏလက္ခဏော၊ သမ္ပယုတ္တာနံအာရမ္မဏေန သံယောဇနရသော၊ အာရမ္မဏာဘိမုခဘာဝပစ္စုပ္ပဋ္ဌာနော၊အာရမ္မဏပဒဋ္ဌာနော။ ။မနသိကာရော၊မနသိကာရစေတသိက်သည်။ အာရမ္မဏေ၊အာရုံ၌။ မနသိကာရဏလက္ခဏော၊ နှလုံးသွင်းခြင်းလက္ခဏာရှိ၏။ သမ္ပယုတ္တာနံ၊သမ္ပယုတ်တရားတို့ကို။ အာရမ္မဏေန၊အာရုံနှင့်။သံယောဇနရသော၊ယှဉ်စေခြင်း ကိစ္စရှိ၏။ အာရမ္မဏာဘိမုခဘာဝ ပစ္စုပ္ပဋ္ဌာနော၊အာရုံသို့ ရှေးရှုသည်၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ အာရမ္မဏပဒဋ္ဌာနော၊အာရုံလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ မနသိကာရစေတသိက်သည်အာရုံ၌နှလုံးသွင်းခြင်း လက္ခဏာရှိ၏။ သမ္ပယုတ် တရားတို့ကို အာရုံနှင့် ယှဉ်စေ

ခြင်းကိစ္စရှိ၏။ အာရုံသို့ ရှေးရှုသည့်၏အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ အာရုံလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

---

## ၃၁—ဝိတက်၏လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်။

ပကိဏ္ဏကေသုဝိတက္ကော အာရမ္မဏာစိတ္တဿအဘိနိရောပနလက္ခဏော၊ အာဟနန-ပရိယာဟနန-ရသော၊ အာဟနနံ နာမ အာဒိမ္ဟိ ဟနနံ ပဟရဏံ၊ ပရိယာဟနနံ နာမ ပရိဝတ္တေတွာ သမန္တတော ဝါ ဟနနံ ပဟရဏံ။ အာရမ္မဏေ စိတ္တဿ အာနယန-ပစ္စုပဋ္ဌာနော၊ အာရမ္မဏပဒဋ္ဌာနော။ ။ပကိဏ္ဏကေသု၊ ပကိဏ်း စေတသိက်တို့တွင်။ ဝိတက္ကော၊ ဝိတက်သည်။ အာရမ္မဏေ၊ အာရုံ၌။ ဝါ၊ သို့။ စိတ္တဿ၊ စိတ်ကို။ အဘိနိရောပနလက္ခဏော၊ ရှေးရှုတင်ခြင်းလက္ခဏာရှိ၏။ အာဟနန-ပရိယာဟနန-ရသော၊ ရှေးဦးစွာခေါက်ခြင်း၊ ထက်ဝန်းကျင်မှခေါက်ခြင်းကိစ္စရှိ၏။ အာဟနနံနာမ၊ အာဟနနမည်သည်ကား။ အာဒိမှိ၊ အစ၌။ ဟနနံပဟရဏံ၊ ခေါက်ခြင်းတည်း။ ပရိယာဟနနံနာမ၊ ပရိယာဟနနမည်သည်ကား။ ပရိဝတ္တေတွာ၊ လည်၍။ ဝါ၊ ကား။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ဟနနံပဟရဏံ၊ ခေါက်ခြင်းပင်တည်း။ အာရမ္မဏေ၊ အာရုံ၌။ ဝါ၊ သို့။ စိတ္တဿ၊ စိတ်ကို။ အာနယန-ပစ္စုပဋ္ဌာနော၊ ရှေးရှုဆောင်ခြင်းလျှင်ထင်သော အခြင်းအရာရှိ၏။ အာရမ္မဏပဒဋ္ဌာနော၊ အာရုံလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ပကိဏ်း စေတသိက်တို့တွင် ဝိတက်သည် အာရုံသို့ စိတ်ကို ရှေးရှုတင်ခြင်းလက္ခဏာရှိ၏။ ရှေးဦးစွာခေါက်ခြင်း, လည်၍ခေါက်ခြင်း, ထက်ဝန်းကျင်မှခေါက်ခြင်းကိစ္စရှိ၏။ ။အာဟနနမည်သည်ကား အစ၌ခေါက်ခြင်းပင်တည်း။ ပရိယာဟနနမည်သည်ကား လည်၍ခေါက်ခြင်း, ထက်ဝန်းကျင်မှခေါက်ခြင်းပင်တည်း။ အာရုံသို့စိတ်ကိုရှေးရှုဆောင်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ အာရုံလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၃၂—ဝိစာရ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဝိစာရော အာရမ္မဏာနုမဇ္ဇနလက္ခဏော၊ အာရမ္မဏေ သဟဇာတာနံ သံယောဇနရသော၊ စိတ္တဿ အနုပ္ပဗန္ဓပစ္စုပဋ္ဌာနော၊ အာရမ္မဏပဒဋ္ဌာနော။ ။ဝိစာရော၊ ဝိစာရစေတသိက်သည်။ အာရမ္မဏာနုမဇ္ဇနလက္ခဏော၊ အာရုံကိုအဘန်ဘန်သုံးသပ်ခြင်း လက္ခဏာရှိ၏။ အာရမ္မဏေ၊ အာရုံ၌။ သဟဇာတာနံ၊ တကွဖြစ်သောသမ္ပယုတ်တရားတို့ကို။ သံယောဇနရသော၊ ယှဉ်စေခြင်း ကိစ္စရှိ၏။ စိတ္တဿ၊ စိတ်ကို။ အနုပ္ပဗန္ဓ၊ အဘန်ဘန်၊ ပဗန္ဓပစ္စုပဋ္ဌာနော၊ အာရုံ၌ဖွဲ့ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ အာရမ္မဏပဒဋ္ဌာနော၊ အာရုံလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ဝိစာရစေတသိက်သည်အာရုံကို အဘန်ဘန်သုံးသင်ခြင်း လက္ခဏာရှိ၏။ အာရုံ၌တကွဖြစ်သော သမ္ပယုတ်တရားတို့ကို ယှဉ်စေခြင်း ကိစ္စရှိ၏။ စိတ်ကို အဘန်ဘန်အာရုံ၌ ဖွဲ့ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ အာရုံလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၃၃—အဓိမောက္ခ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

အဓိမောက္ခော ဝိနိစ္ဆယလက္ခဏော၊ အသံသပ္ပနရသော၊ ဝိနိစ္ဆယာကာရေနပစ္စုပဋ္ဌာနော၊ ဝိနိစ္ဆိတဗ္ဗဝိသယပဒဋ္ဌာနော။ ။အဓိမောက္ခော၊အဓိမောက္ခသည်။ဝိနိစ္ဆယလက္ခဏော၊ အာရုံကိုဆုံးဖြတ်ခြင်းလက္ခဏာရှိ၏။ အသံသပ္ပနရသော၊ မရွေ့ရှားခြင်းကိစ္စရှိ၏။ဝိနိစ္ဆယာကာရေန၊ ဆုံးဖြတ်သောအခြင်းအရာအားဖြင့်။ ပစ္စုပဋ္ဌာနော၊ဖြစ်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ဝိနိစ္ဆိတဗ္ဗဝိသယပဒဋ္ဌာနော၊ ဆုံးဖြတ်အပ်သောအာရုံလျှင် နီးစွာသော အကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ အဓိမောက္ခသည် အာရုံကိုဆုံးဖြတ်ခြင်း လက္ခဏာရှိ၏။ မရွေ့ရှားခြင်းကိစ္စရှိ၏။ ဆုံးဖြတ်သောအခြင်းအရာအားဖြင့် ဖြစ်ခြင်းလျှင်

ထင်သောအခြင်းအရာရှိ၏။ ဆုံးဖြတ်အပ်သောအာရုံလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၃၄-ဝီရိယ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဝီရိယံဥဿာဟလက္ခဏံ၊သဟဇာတာနမုပတ္ထမ္ဘနရသံ၊ အသံသီဒနပစ္စုပဋ္ဌာနံ၊ သံဝေဂပဒဋ္ဌာနံ၊ ဝီရိယာရမ္ဘဝတ္ထုပဒဋ္ဌာနံ ဝါ။ ။ဝီရိယံ၊ဝီရိယသည်။ဥဿာဟလက္ခဏံ၊ အားထုတ်ခြင်းလက္ခဏာရှိ၏။ သဟဇာတာနံ၊ တကွဖြစ်သောသမ္ပယုတ်တရားတို့ကို။ဥပတ္ထမ္ဘနရသံ၊ထောက်ပံ့ခြင်းကိစ္စရှိ၏။ အသံသီဒနပစ္စုပဋ္ဌာနံ၊မတွန့်တိုမဆုတ်နစ်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ သံဝေဂပဒဋ္ဌာနံ၊ထိတ်လန့်ခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ဝါ၊တနည်းကား။ဝီရိယာရမ္ဘဝတ္ထုပဒဋ္ဌာနံ၊ဝီရိယဖြင့်အားထုတ်ခြင်းငှါထိုက်သောဝတ္ထုလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ဝီရိယသည်အားထုတ်ခြင်းလက္ခဏာရှိ၏၊ တကွဖြစ်သောသမ္ပယုတ်တရားတို့ကိုထောက်ပံ့ခြင်းကိစ္စရှိ၏။ မတွန့်တိုမဆုတ်နစ်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ထိတ်လန့်ခြင်းလျှင်နီးစွာသော အကြောင်းရှိ၏။ တနည်းဝီရိယဖြင့် အားထုတ်ခြင်းငှါထိုက်သောဝတ္ထုလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၃၅-ပီတိ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။-

ပီတိဒ်သမ္ပိယာယနလက္ခဏာ၊ ကာယစိတ္တပီနနရသာ၊ ဩဒဂျပစ္စုပဋ္ဌာနာ၊ အဂ္ဂရူပေဟိ ရူပကာယသဖရဏရသာဝါ၊ ဥဒဂ္ဂဘာဝပစ္စုပဋ္ဌာနာ၊အဓိပ္ပါယ်ိသရပဒဋ္ဌာနာ။ ။ပီတိ၊ပီတိသည်။အာရမ္မဏသမ္ပိယာယနလက္ခဏာ၊ အာရုံကိုနှစ်သက်ခြင်းလက္ခဏာရှိ၏။ ကာယစိတ္တာနံ၊ကိုယ်စိတ်၏။ပီနနရသာ၊ပြည့်ဖြိုးခြင်းနှင့်ပြည့်စုံ၏။ဝါ၊တနည်းကား။အဂ္ဂရူပေဟိ၊ မြတ်သောရုပ်တို့ဖြင့်။ရူပကာ

ယသ္မိ၊ရူပကာယကို။ ဖရဏာရသာ၊ ပျံ့နှံ့စေခြင်းကိစ္စရှိ၏။ ဥဒဂ္ဂ ဘာဝပစ္စုပဋ္ဌာနာ၊ တက်ကြွသည့်၏ အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ အဝိပ္ပဒိုသာရပဒဋ္ဌာနာ၊ နှလုံး မသာယာခြင်းမှ ကင်းခြင်း။ဝမ်းမြောက်ခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ။ အဓိပ္ပါယ်ကား။ ပီတိစေတသိက်သည် အာရုံကို နှစ်သက်ခြင်း လက္ခဏာရှိ၏။ ကိုယ်စိတ်၏ပြည့်ဖြိုးခြင်းနှင့်ပြည့်ရုံ၏ တနည်း။ မြတ်သောရပ်တို့ဖြင့်ရူပကာယကို ပျံ့နှံ့စေခြင်းကိစ္စရှိ၏။ တက်ကြွသည့်၏ အဖြစ်လျှင်ထင်သော အခြင်းအရာရှိ၏။ နှလုံးမသာယာခြင်းမှကင်းခြင်း၊ ဝမ်းမြောက်ခြင်းလျှင်နီးစွာသောအကြောင်း ရှိ၏ဟူလို။

၃၆—ဆန္ဒ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဆန္ဒောကတ္တုကမျတာ လက္ခဏော၊ အာရမ္မဏပရိယေသန ရသော၊အာရမ္မဏေန အတ္ထိကတာပစ္စုပဋ္ဌာနော၊အာရမ္မဏပဒ ဋ္ဌာနော။ ။ဆန္ဒော၊ဆန္ဒစေတသိက်သည်။ကတ္တုကမျတာလက္ခ ဏော၊ပြုလိုကာမှုလျှင်လက္ခဏာရှိ၏။ အာရမ္မဏပရိယေသနရ သော၊ အာရုံကိုရှာမှီးခြင်း ကိစ္စရှိ၏။ အာရမ္မဏေန၊ အာရုံဖြင့်။ အတ္ထိကတာပစ္စုပဋ္ဌာနော၊အလိုရှိသည့်၏အဖြစ်လျှင်ထင်သော အခြင်းအရာရှိ၏။ အာရမ္မဏပဒဋ္ဌာနော၊ အာရုံလျှင်နီးစွာသော အကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ဆန္ဒစေတသိက်သည်ပြုလို ကာမှုလျှင်လက္ခဏာရှိ၏။အာရုံကိုရှာမှီးခြင်းကိစ္စရှိ၏။အာရုံဖြင့် အလိုရှိသည့်၏ အဖြစ်လျှင် ထင်သောအခြင်း အရာရှိ၏။ အာရုံ လျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

၃၇—မောဟ၏လက္ခဏာ၊ရသ။ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

အကုသလေသုမောဟော စိတ္တဿ အန္ဓဘာဝလက္ခဏော၊ သဘာဝ အပ္ပဋိဝေဓ-ရသော၊ အသမ္မာပဋိပတ္တိ-ပစ္စုပဋ္ဌာနော၊ အ

ယောနိသော မနသိကာရပဒဋ္ဌာနော။ အထဝါ အညာဏလက္ခဏော၊ အာရမ္မဏသဘာဝစ္ဆာဒနရသော၊ အန္ဓကာရောဝိယပဝတ္တနပစ္စုပဋ္ဌာနော၊အယောနိသောမနသိကာရပဒဋ္ဌာနော။ ။အကုသလေသု၊အကုသိုလ်စေတသိက်တို့တွင်၊မောဟော၊မောဟစေတသိက်သည်။စိတ္တဿ၊စိတ်၏။အန္ဓဘာဝလက္ခဏော၊ ကန်းသည့်၏အဖြစ်လျှင် လက္ခဏာရှိ၏။ သစ္စာနံ၊သစ္စာတရားတို့ကို။ အပ္ပဋိဝေဓရသော၊ ထိုးထွင်း၍ မသိခြင်းကိစ္စရှိ၏။ အသမ္မာပဋိပတ္တိပစ္စုပဋ္ဌာနော၊ကောင်းစွာမကျင့်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ အယောနိသောမနသိကာရပဒဋ္ဌာနော၊ မသင့်မတင့်သောနှလုံးသွင်းခြင်းလျှင်နီးစွာသော အကြောင်းရှိ၏။ အထဝါ၊ တနည်းကား။ မောဟော၊မောဟသည်။ အညာဏလက္ခဏော၊ မသိခြင်းလက္ခဏာရှိ၏။အာရမ္မဏသဘာဝစ္ဆာဒနရသော၊အာရုံ၏သဘောကို ဖုံးလွှမ်းခြင်းကိစ္စရှိ၏။ အန္ဓကာရောဝိယ၊ အမိုက်တိုက်ကဲ့သို့။ ပဝတ္တနပစ္စုပဋ္ဌာနော၊ ဖြစ်ခြင်းလျှင်ထင်သော အခြင်းအရာရှိ၏။ အယောနိသောမနသိကာရပဒဋ္ဌာနော၊မသင့်မတင့်သောနှလုံးသွင်းခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။အကုသိုလ်စေတသိက်တို့တွင်မောဟစေတသိက်သည် စိတ်၏ကန်းသည့်၏အဖြစ်လျှင် လက္ခဏာရှိ၏။ သစ္စာတရားတို့ကိုထိုးထွင်း၍မသိခြင်းကိစ္စရှိ၏၊ ကောင်းစွာမကျင့်ခြင်းလျှင်ထင်သော အခြင်းအရာရှိ၏။ မသင့်မတင့်သော နှလုံးသွင်းခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။တနည်းကား၊ မောဟသည် မသိခြင်းလက္ခဏာရှိ၏။ အာရုံ၏သဘောကို ဖုံးလွှမ်းခြင်းကိစ္စရှိ၏။ အမိုက်တိုက်ကဲ့သို့ဖြစ်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။မသင့်မတင့်သောနှလုံးသွင်းခြင်းလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

၃၈—အဟိရိက၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

အဟိရိကံကာယဒုစ္စရိတာဒိတော အဇိဂုစ္ဆန-လက္ခဏံ၊ အလဇ္ဇာလက္ခဏံ ဝါ၊ကာယဒုစ္စရိတာဒီနံ ကရဏရသံ၊ ကာယဒုစ္စရိတာဒိတော အလီနတာပစ္စုပဋ္ဌာနံ၊ ကာယဒုစ္စရိတာဒီနံ ဝတ္ထုပဒဋ္ဌာနံ၊အတ္တနိအဂါရဝပဒဋ္ဌာနံ ဝါ။ ။အဟိရိကံ၊အဟိရိကစေတသိက်သည်။ ကာယဒုစ္စရိတာဒိတော၊ကာယဒုစရိုက်စသည်တို့မှ။ အဇိဂုစ္ဆန လက္ခဏံ၊ မစက်ဆုပ်ခြင်း လက္ခဏာရှိ၏၊ ဝါ၊ကား။ အလဇ္ဇာလက္ခဏံ၊မရှက်ခြင်းလက္ခဏာရှိ၏။ ကာယဒုစ္စရိတာဒီနံ၊ ကာယဒုစရိုက်စသည်တို့ကို။ ကရဏရသံ၊ ပြုခြင်းကိစ္စရှိ၏။ ကာယဒုစ္စရိတာဒိတော၊ကာယဒုစရိုက်စသည်တို့မှ။ အလီနတာပစ္စုပဋ္ဌာနံ၊မတွန့်တိုသည်၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ကာယဒုစ္စရိတာဒီနံ၊ကာယဒုစရိုက်စသည်တို့၏။ ဝတ္ထုပဒဋ္ဌာနံ၊ အကြောင်းဖြစ်သော ဇိဝိတိန္ဒြေစသည်လျှင် နီးစွာသော အကြောင်းရှိ၏။ ဝါ၊တနည်းကား။ အတ္တနိ၊မိမိ၌။ အဂါရဝပဒဋ္ဌာနံ၊ မရိုသေခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ အဟိရိကစေတသိက်သည် ကာယဒုစရိုက်စသည်တို့မှ မစက်ဆုပ်ခြင်း, မရှက်ခြင်းလက္ခဏာရှိ၏။ ကာယဒုစရိုက်စသည်တို့ကို ပြုခြင်းကိစ္စရှိ၏။ ကာယဒုစရိုက် စသည်တို့မှ မတွန့်တို ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ကာယဒုစရိုက်စသည်တို့၏အကြောင်းဖြစ်သောဇိဝိတိန္ဒြေစသည်လျှင် နီးစွာသောအကြောင်းရှိ၏။တနည်းကား။မိမိ၌မရိုသေခြင်းလျှင်နီးစွာသော အကြောင်းရှိ၏ဟူလို။

၃၉—အနောတ္တပ္ပ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

အနောတ္တပ္ပံကာယဒုစ္စရိတာဒိတော အဘာယနလက္ခဏံ၊ အနုတ္တာသလက္ခဏံ ဝါ။ရသာဒီနိအဟိရိကေ ဝုတ္တနယာနေဝ။ပရေသု အဂါရဝပဒဋ္ဌာနံ ဝါ။ ။အနောတ္တပ္ပံ၊ အနောတ္တပ္ပ စေတသိက်

သည်။ကာယဒုစ္စရိတာဒိတော၊ကာယဒုစရိုက်စသည်တို့မှ။အာဘာ ယနလက္ခဏံ၊ မကြောံခြင်းလက္ခဏာရှိ၏။ ဝါ၊တနည်းကား။ အ နုဋ္ဌာသလက္ခဏံ၊ မလန့်ခြင်းလက္ခဏာရှိ၏။ ရသာဒိနို၊ ရသစ သည်တို့သည်။အဟိရိကော၊အဟိရိကန္ဒ။ ဂုဏ္ဌနယာနေဝ၊ဆိုအပ် ခဲ့ပြီးသောနည်းရှိကုန်သည်သာလျှင်တည်း။ ဝါ၊ တနည်းကား။ ပရေသု၊သူတပါးတို့၌။အဂါရဝပဒဋ္ဌာနံ၊မရိုသေခြင်းလျှင် နီးစွာ သော အကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ အနောတ္တပ္ပ စေတ သိက်သည် ကာယဒုစရိုက်စသည်တို့မှ မကြောံခြင်း လက္ခဏာ ရှိ၏။တနည်း။ ကာယဒုစရိုက်စသည်တို့မှမလန့်ခြင်းလက္ခဏာရှိ ၏။ ရသစသည်တို့သည် အဟိရိကန္ဒဆိုအပ်ပြီးသည်နှင့်တူကုန် ၏။ထို့ကြောင့်ကာယဒုစရိုက်စသည်တို့ကိုပြုခြင်းကိစ္စရှိ၏။ ကာ ယဒုစရိုက်စသည်တို့မှမတွန့်တိုခြင်းလျှင်ထင်သောအခြင်းအရာ ရှိ၏။ ကာယဒုစရိုက်စသည်တို့၏အကြောင်းဖြစ်သောဩတ္တပ္ပကင်း စသည်လျှင်နီးစွာသောအကြောင်းရှိ၏။တနည်း။သူတပါးတို့၌မ ရိုသေခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ရှေ့ပဒဋ္ဌာန်တနည်း သာထူးသည်ဟုလို။

## ၄၀—ဥဒ္ဓစ္စ၏လက္ခဏာ၊ရသ၊ပစ္စုပ္ပဋ္ဌာန်၊ပဒဋ္ဌာန်။

ဥဒ္ဓစ္စံစေတသော အဝူပသမလက္ခဏံ၊ အနဝဋ္ဌာနရသံ၊ ဗန္ဓန ပစ္စုပဋ္ဌာနံ၊စေတသောအဝူပသမေနအယောနိသော မနသိကာ ရပဒဋ္ဌာနံ။ ။ဥဒ္ဓစ္စံ၊ဥဒ္ဓစ္စစေတသိက်သည်။စေတသော၊စိတ်၏။ အဝူပသမလက္ခဏံ၊မငြိမ်သက်ခြင်းလက္ခဏာရှိ၏။အနဝဋ္ဌာနရ သံ၊မတည်တန့်ခြင်းကိစ္စရှိ၏။ဗန္ဓနပစ္စုပဋ္ဌာနံ၊တုန်လှုပ်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ စေတသော၊စိတ်၏၊ အဝူပသမေန၊ မငြိမ်သက်ခြင်းကြောင့်။ အယောနိသောမနသိကာရပဒဋ္ဌာနံ၊မ သင့်မတင့်သော နှလုံးသွင်းခြင်းလျှင် နီးစွာသော အကြောင်းရှိ ၏။ ။အဓိပ္ပါယ်ကား။ဥဒ္ဓစ္စစေတသိက်သည်စိတ်၏မငြိမ်သက်

ခြင်း လက္ခဏာရှိ၏။ မတည်တန့်ခြင်း ကိစ္စရှိ၏။ တုန်လှုပ်ခြင်း လျှင်ထင်သောအခြင်းအရာရှိ၏။ စိတ်၏မငြိမ်သက်ခြင်းကြောင့် မသင့်မတင့်သောနှလုံးသွင်းခြင်းလျှင် နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၄၁—လောဘ၏လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်။

လောဘောအာရမ္မဏဂ္ဂဟဏလက္ခဏော၊ အဘိသင်္ဂရသော၊ ဥပါဒါနီယသဿအာရမ္မဏဿအပရိစ္စာဂပစ္စုပဋ္ဌာနော၊ သံယောဇနာရမ္မဏေသုဓမ္မေသု အဿာဒဒေဿနပဒဋ္ဌာနော။ ။လောဘော၊ လောဘစေတသိက်သည်။ အာရမ္မဏဂ္ဂဟဏလက္ခဏော၊ အာရုံကို စွဲလမ်းခြင်းလက္ခဏာရှိ၏။ အဘိသင်္ဂရသော၊ ကပ်ငြိခြင်းကိစ္စရှိ၏။ ဥပါဒါနီယဿ၊ စွဲလမ်းအပ်သော။ အာရမ္မဏဿ၊ အာရုံကို။ အပရိစ္စာဂပစ္စုပဋ္ဌာနော၊ မစွန့်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ သံယောဇနာရမ္မဏေသု၊ သံယောဇဉ်၏အာရုံဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ အဿာဒဒေဿန၊ သာယာအပ်သောအားဖြင့်။ ဝါ၊ သာယာအပ်၏ဟူ၍။ ဒဿနပဒဋ္ဌာနော၊ ရှုခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ လောဘစေတသိက်သည်အာရုံကိုစွဲလမ်းခြင်းလက္ခဏာရှိ၏။ ကပ်ငြိခြင်းကိစ္စရှိ၏။ စွဲလမ်းအပ်သော အာရုံကို မစွန့်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ သံယောဇဉ်၏အာရုံဖြစ်ကုန်သောတရားတို့၌သာယာအပ်သောအားဖြင့်။ တနည်း၊ သာယာအပ်၏ဟူ၍။ ရှုခြင်းလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၄၂—ဒိဋ္ဌိ၏လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်။

ဒိဋ္ဌိအယောနိသောအဘိနိဝေသလက္ခဏာ၊ အနိစ္စာဒိသဘာဝမတိက္ကမနဝသေန ပရာမာသရသာ၊ မိစ္ဆာဘိနိဝေသပစ္စုပဋ္ဌာ

နာ၊ အရိယာနမဒဿနကာမတာဒိပဒဋ္ဌာနာ။ ။ဒိဋ္ဌိ၊ဒိဋ္ဌိဒစေတသိက်သည်။အယောနိသော၊မသင့်မတင့်သောအားဖြင့်။အဘိနိဝေသလက္ခဏာ၊ နှလုံးသွင်းခြင်းလက္ခဏာရှိ၏။ အနိစ္စာဒိသဘာဝံ၊အနိစ္စအစရှိသောသဘောကို။ အတိက္ကမနဝသေန၊လွန်သည်၏အစွမ်းအားဖြင့်။ ပရာမာသရသာ၊မှားသောအားဖြင့်သုံးသပ်ခြင်းကိစ္စရှိ၏။ မိစ္ဆာဘိနိဝေသပစ္စုပဋ္ဌာနာ၊မှားသောအားဖြင့်နှလုံးသွင်းခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ အရိယာနံ၊အရိယာပုဂ္ဂိုလ်တို့ကို။ အဒဿနကာမတာဒိပဒဋ္ဌာနံ၊မရှုလိုသည်၏အဖြစ်စသည်လျှင် နီးစွာသော အကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ဒိဋ္ဌိစေတသိက်သည်မသင့်မတင့်သောအားဖြင့်နှလုံးသွင်းခြင်းလက္ခဏာရှိ၏။ အနိစ္စအစရှိသောသဘောကို လွန်သည်၏အစွမ်းအားဖြင့် မှားသောအားဖြင့် သုံးသပ်ခြင်းကိစ္စရှိ၏။ မှားသောအားဖြင့် နှလုံးသွင်းခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ အရိယာပုဂ္ဂိုလ်တို့ကိုမရှုလို သည်၏ အဖြစ်စသည်လျှင် နီးစွာသောအကြောင်းရှိ၏ဟူလို။

၄၃—မာန၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

မာနော ဥန္နတိလက္ခဏော၊အဟံကာရရသော၊အတ္တာနံသမ္ပဂ္ဂဟရသော ဝါ၊ ဝိတ္တာသဥဒ္ဓုမာတပစ္စုပဋ္ဌာနော၊ ကေတုကမျတာပစ္စုပဋ္ဌာနော ဝါ၊ ကေတုဝုတ္တိဥဂ္ဂတစဘော၊ သောဝိယာကာမေတိတိ ကေတုကာမော၊ ဇနော၊ ကေတုကာမံ ဝါ၊ စိတ္တံ။ တဿဘာဝေါ ကေတုကမျတာ။ ဒိဋ္ဌိဝိပ္ပယုတ္တလောဘပဒဋ္ဌာနော။ ။ မာနော၊မာနစေတသိက်သည်။ဥန္နတိလက္ခဏော၊တက်ကြွခြင်းလက္ခဏာရှိ၏။အဟံကာရရသော၊ငါဟူ၍ မာန်မူခြင်းကိစ္စရှိ၏။ ဝါ၊တနည်းကား။ အတ္တာနံ၊ မိမိကိုယ်ကို။ သမ္ပဂ္ဂဟရသော၊ချီးမြှောက်ခြင်းကိစ္စရှိ၏။ဝိတ္တာသ၊စိတ်၏။ ဥဒ္ဓုမာတပစ္စုပဋ္ဌာနော၊ ဖေါင်းကြွသည်၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ ဝါ၊

တနည်းကား။ ကေတုကမျတာပစ္စုပဋ္ဌာနော၊ တန်းခွန်ကဲ့သို့တက်
လွင့်သည်၏ အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ ဝါ၊ မှန်
ကင်းကဲ့သို့ထောင်လွှားသည်၏အဖြစ်လျှင် ထင်သောအခြင်းအ
ရာရှိ၏။ ဥဂ္ဂတခဇေါ၊ အထက်သို့တက်လွင့်သောတန်းခွန်ကို။ ကေ
တု၊ ကေတုဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ယောဇနော၊ အကြင်သတ္တဝါ
သည်။ သောဝိယ၊ ထိုအထက်သို့တက်လွင့်သောတန်းခွန်ကဲ့သို့။
ကာမေတိ၊ တက်လွင့်ခြင်းငှါ အလိုရှိတတ်၏။ ဇာတိတသ္မာ၊ ထို
ကြောင့်။ သောဇနော၊ ထိုသတ္တဝါသည်။ ကေတုကာမော၊ ကေတု
ကာမမည်၏။ ဇနော၊ သတ္တဝါကို။ လဗ္ဘတိ၊ ရအပ်၏။ ဝါ၊ တနည်း
ကား။ ကေတုကာမံ၊ ကေတုကာမမည်၏။ စိတ္တံ၊ ကို။ လဗ္ဘတိ၊ ရအပ်
၏။ တဿ၊ ထိုအထက်သို့တက်လွင့်သောတန်းခွန်ကဲ့သို့ တက်
လွင့်ခြင်းငှါ အလိုရှိသောသတ္တဝါ၏။ ဝါ၊ အထက်သို့တက်လွင့်
သောတန်းခွန်ကဲ့သို့တက်လွင့်ခြင်းငှါ အလိုရှိသောစိတ်၏။ ဘာ
ဝေါ၊ အဖြစ်တည်း။ ကေတုကမျတာ၊ အထက်သို့တက်လွင့်သော
တန်းခွန်ကဲ့သို့ တက်လွင့်ခြင်းငှါအလိုရှိသောသတ္တဝါ၏ အဖြစ်။
ဝါ၊ အထက်သို့တက်လွင့်သောတန်းခွန်ကဲ့သို့ တက်လွင့်ခြင်းငှါ
အလိုရှိသောစိတ်၏အဖြစ်။ ဒိဋ္ဌိဝိပ္ပယုတ္တလောဘပဒဋ္ဌာနော။ ဒိဋ္ဌိ
ဂတဝိပ္ပယုတ်စိတ်၌ရှိသောလောဘလျှင်နီးစွာသောအကြောင်း
ရှိ၏။ ။အဓိပ္ပါယ်ကား။ မာနစေတသိက်သည် တက်ကြွခြင်း
လက္ခဏာရှိ၏။ ငါဟူ၍မာန်မူခြင်းကိစ္စရှိ၏။ တနည်း၊ မိမိကိုယ်
ကို ချီးမြှောက်ခြင်းကိစ္စရှိ၏။ စိတ်၏ ဖေါင်းကြွသည်၏အဖြစ်
လျှင် ထင်သောအခြင်းအရာရှိ၏။ တနည်း၊ တန်းခွန်ကဲ့သို့တက်
လွင့်သည်၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ တနည်း၊ မှန်
ကင်းကဲ့သို့ထောင်လွှားသည်၏အဖြစ်လျှင်ထင်သောအခြင်းအရာ
ရှိ၏။ အထက်သို့တက်လွင့်သောတန်းခွန်ကိုကေတုဟူ၍ဆိုအပ်
၏။ အကြင်သတ္တဝါသည်အထက်သို့တက်လွင့်သောတန်းခွန်ကဲ့
သို့တက်လွင့်ခြင်းငှါအလိုရှိတတ်၏။ ထိုကြောင့်၊ ထိုသတ္တဝါသည်
ကေတုကာမမည်၏။ ကေတုကာမဟူသည် သတ္တဝါပင်တည်း။

တနည်း၊အကြောင်စိတ်သည် အထက်သို့တက်လွှင့်သောတန်းခွန်ကဲ့ တက်လွှင့်ခြင်း၌ါအလိုရှိတဘ်၏။ထိုကြောင့်၊ ထိုစိတ်သည်ကေ တုကာမမည်၏။ကေတုကာမဟူသည်စိတ်ပင်တည်း။ အထက် သို့ တက်လွှင့်သော တန်းခွန်ကဲ့သို့ တက်လွှင့်ခြင်း၌ါ အလိုရှိ သောသတ္တဝါ၏အဖြစ်သည် ကေတုကမျတာမည်၏။ တနည်း၊ အထက်သို့ တက်လွှင့်သောတန်းခွန်ကဲ့သို့ တက်လွှင့်ခြင်း၌ါအ လိုရှိသော စိတ်၏အဖြစ်သည်။ တနည်း၊ အထက်သို့ တက်လွှင့် သောတန်းခွန်ကဲ့သို့သတ္တဝါစိတ်တို့၏တက်လွှင့်ခြင်း၌ါ အလိုရှိ သည့်၏အဖြစ်သည် ကေတုကမျတာမည်၏။ ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ်၌ရှိသောလောဘလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

၄၄—ဒေါသ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဒေါသောစဏ္ဍိက္ကလက္ခဏော၊ ဝိကာရသော္ဗပသော္ဌပ္ပါဒနရ သော၊အတ္တနောနိဿယဒဟနရသောဝါ၊ ဒုဿနပစ္စုပဋ္ဌာနော။ အာဃာတဝတ္ထုပဒဋ္ဌာနော။ ။ဒေါသော၊ဒေါသစေတသိက် သည်။စဏ္ဍိက္ကလက္ခဏော၊ကြမ်းထမ်းခြင်းလက္ခဏာရှိ၏။ဝိကာ ရသ၊ဘောက်ပြန်သော။ရူပသာ၊ရုပ်ကို။ ဥပ္ပါဒနရသော၊ဖြစ်စေ ခြင်းကိစ္စရှိ၏။ဝါ၊တနည်းကား။ အတ္တနော၊မိမိ၏။နိဿယဒဟန ရသော၊ မှီရာဖြစ်သောဟဒယဝတ္ထုရုပ်ကိုလောင်ခြင်းကိစ္စရှိ၏။ ဒုဿနပစ္စုပဋ္ဌာနော၊ပြစ်မှားခြင်းလျှင် ထင်သောအခြင်းအရာရှိ ၏။အာဃာတဝတ္ထုပဒဋ္ဌာနော၊ရန်ငြိုးဖွဲ့ခြင်း၏အကြောင်းဖြစ် သောအကျိုးမဲ့ကိုပြုခြင်းစသောအကြောင်းလျှင် နီးစွာသောအ ကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ဒေါသစေတသိက်သည်ကြမ်း ထမ်းခြင်းလက္ခဏာရှိ၏။ ဘောက်ပြန်သောရုပ်ကို ဖြစ်စေခြင်း ကိစ္စရှိ၏။တနည်း၊မိမိ၏မှီရာဖြစ်သောဟဒယဝတ္ထုရုပ်ကိုလောင် ခြင်းကိစ္စရှိ၏။ပြစ်မှားခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ရန်

ငြိုးဘွဲ့ခြင်း၏အကြောင်းဖြစ်သော အကျိုးမဲ့ကို ပြုခြင်းစသော အကြောင်းလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၄၅—ဣဿာ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဣဿာပရသမ္ပတ္တိဥသူယနလက္ခဏာ၊ ပရသမ္ပတ္တိယာအနဘိရတိရသာ၊ ပရသမ္ပတ္တိတောဝိမုခကရဏာပစ္စုပဋ္ဌာနာ၊ ပရသမ္ပတ္တိပဒဋ္ဌာနာ။ ။ဣဿာ၊ဣဿာစေတသိက်သည်။ပရသမ္ပတ္တိ ဥသူယနလက္ခဏာ၊သူတပါးတို့၏ စည်းစိမ်ကို ငြူစူခြင်းလက္ခဏာရှိ၏။ပရသမ္ပတ္တိယံ၊သူတပါးတို့၏စည်းစိမ်၌။အနဘိရတိရသာ၊ မမွေ့လျော်ခြင်းကိစ္စရှိ၏။ပရသမ္ပတ္တိတော၊ သူတပါးတို့၏ စည်းစိမ်မှ။ဝိမုခကရဏာပစ္စုပဋ္ဌာနာ၊မျက်ကွယ်ပြုခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ပရသမ္ပတ္တိပဒဋ္ဌာနာ၊သူတပါးတို့၏စည်းစိမ်လျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ဣဿာစေတသိက်သည်သူတပါးတို့၏စည်းစိမ်ကိုငြူစူခြင်းလက္ခဏာရှိ၏။ သူဘပါးတို့၏စည်းစိမ်၌ မမွေ့လျော်ခြင်းကိစ္စရှိ၏။ သူတပါးတို့၏စည်းစိမ်မှ မျက်ကွယ်ပြုခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ သူတပါးတို့၏ စည်းစိမ်လျှင် နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၄၆—မစ္ဆရိယ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

မစ္ဆရိယံသကသမ္ပတ္တိနိဂူဟနလက္ခဏံ၊သကသမ္ပတ္တိံပရေဟိသာဓာရဏဘာဝေအက္ခမနရသံ၊ ဝိစ္ဆလိနတာပစ္စုပဋ္ဌာနံ၊သကသမ္ပတ္တိပဒဋ္ဌာနံ။ ။မစ္ဆရိယံ၊ မစ္ဆရိယစေတသိက်သည်။ သကသမ္ပတ္တိ နိဂူဟနလက္ခဏံ၊ မိမိ၏စည်းစိမ်ကို လျှို့ဝှက်ခြင်းလက္ခဏာရှိ၏။ သကသမ္ပတ္တိံ၊ မိမိစည်းစိမ်ကို။ ပရေဟိ၊သူတပါးတို့နှင့်။သာဓါရဏဘာဝေ၊ဆက်ဆံသည်၏အဖြစ်၌။အက္ခမနရသံ၊

သည်းမခံနိုင်ခြင်း ကိစ္စရှိ၏။ စိဏ္ဍလိနတာပစ္စုပဋ္ဌာနံ၊ စိတ်၏တွန့်တိုသည်၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ သကသမ္ပတ္တိပဒဋ္ဌာနံ၊မိမိ၏စည်းစိမ်လျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ မစ္ဆရိယစေတသိက်သည် မိမိ၏ စည်းစိမ်ကို လျှိုဝှက်ခြင်းလက္ခဏာရှိ၏။ မိမိ၏စည်းစိမ်ကိုသူတပါးတို့နှင့်ဆက်ဆံသည်၏ အဖြစ်၌ သည်းမခံနိုင်ခြင်း ကိစ္စရှိ၏။ စိတ်၏တွန့်တိုသည်၏ အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ မိမိ၏စည်းစိမ်လျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၄၇—ကုက္ကုစ္စ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ကုက္ကုစ္စံပစ္ဆာနုတာပလက္ခဏံ၊ကတာကတဒုစ္စရိတသုစရိတာနုသောစနရသံ၊ဝိပ္ပဋိသာရပစ္စုပဋ္ဌာနံ၊ ကတာကတဒုစ္စရိတသုစရိတပဒဋ္ဌာနံ။ ။ကုက္ကုစ္စံ၊ကုက္ကုစ္စစေတသိက်သည်။ပစ္ဆာနုတာပလက္ခဏံ၊ နောင်တပူပန်းခြင်း လက္ခဏာရှိ၏။ ကတာကတဒုစ္စရိတသုစရိတာ နုသောစနရသံ၊ ပြုအပ်ပြီးသော ဒုစရိုက်, မပြုမိသောသုစရိုက်တို့ကိုအဘန်ဘန်စိုးရိမ်ခြင်းကိစ္စရှိ၏။ ဝိပ္ပဋိသာရပစ္စုပဋ္ဌာနံ၊ နှလုံး မသာယာခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ ကတာကတဒုစ္စရိတသုစရိတပဒဋ္ဌာနံ၊ပြုအပ်သောဒုစရိုက်,မပြုမိသောသုစရိုက်လျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ကုက္ကုစ္စစေတသိက်သည် နောင်တပူပန်ခြင်းလက္ခဏာရှိ၏။ပြုအပ်သောဒုစရိုက်,မပြုမိသောသုစရိုက်တို့ကိုအဘန်ဘန်စိုးရိမ်ခြင်းကိစ္စရှိ၏။ နှလုံးမသာယာခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ ပြုအပ်ပြီးသောဒုစရိုက်,မပြုမိသော သုစရိုက်လျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၄၈—ထိန၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ထိနံအနုဿာဟလက္ခဏံ၊ စိတ္တဿအကမ္မညတာ လက္ခဏံ ဝါ၊ ဝိရိယဝိနောဒနရသံ၊ ကာယင်္ဂါနံတံတံကိစ္စေသုသံသီဒါပနပစ္စုပဋ္ဌာနံ၊ အယောနိသောမနသိကာရပဒဋ္ဌာနံ။ ။ထိနံ၊ ထိနစေတသိက်သည်။ အနုဿာဟလက္ခဏံ၊အားမထုတ်ခြင်းလက္ခဏာရှိ၏။ဝါ၊တနည်းကား၊စိတ္တဿ၊စိတ်၏။ အကမ္မညတာလက္ခဏံ၊ အမှု၌မခံ့ခြင်းလက္ခဏာရှိ၏။ ဝိရိယဝိနောဒနရသံ၊လုံ့လကိုဖျောက်ခြင်းကိစ္စရှိ၏။ ကာယင်္ဂါနံ၊ကိုယ်အင်္ဂါတို့ကို။ တံတံကိစ္စေသု၊ထိုထိုကိစ္စတို့၌။ သံသီဒါပနပစ္စုပဋ္ဌာနံ၊ဆုတ်နစ်စေခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ အယောနိသောမနသိကာရပဒဋ္ဌာနံ၊မသင့်မတင့်သောနှလုံးသွင်းခြင်းလျှင် နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ထိနစေတသိက်သည် အားမထုတ်ခြင်းလက္ခဏာရှိ၏။ တနည်းကား။ စိတ်၏အမှု၌ မခံ့ခြင်းလက္ခဏာရှိ၏။ လုံ့လကိုဖျောက်ခြင်းကိစ္စရှိ၏။ကိုယ်အင်္ဂါတို့ကို ထိုထိုကိစ္စတို့၌ ဆုတ်နစ်စေခြင်းလျှင် ထင်သော အခြင်းအရာ ရှိ၏။ မသင့်မတင့်သော နှလုံးသွင်းခြင်းလျှင် နီးစွာသော အကြောင်းရှိ၏ဟူလို။

## ၄၉—မိဒ္ဓ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

မိဒ္ဓံဝေဒနာဒိက္ခန္ဓတ္တယဿ အကမ္မညတာလက္ခဏံ၊ ဝေဒနာဒိက္ခန္ဓတ္တယဿဩနဟနရသံ၊အာရမ္မဏဂ္ဂါဟေ လီန-ဘာဝပစ္စုပဋ္ဌာနံ၊ ပစလာယိကာနိဒ္ဒါပစ္စုပဋ္ဌာနံဝါ၊ အယောနိသောမနသိကာရပဒဋ္ဌာနံ။ ။မိဒ္ဓံ၊မိဒ္ဓစေတသိက်သည်။ ဝေဒနာဒိက္ခန္ဓတ္တယဿ၊ ဝေဒနာအစရှိသောခန္ဓာတို့၏ သုံးပါးတို့၏ အပေါင်း၏။ အကမ္မညတာလက္ခဏံ၊ အမှု၌မခံ့ခြင်းလက္ခဏာရှိ၏။ ဝေဒနာဒိက္ခန္ဓတ္တယဿ၊ ဝေဒနာစသောခန္ဓာတို့၏ သုံးပါးတို့၏အပေါင်းကို။ ဩနဟနရသံ၊ဖွဲ့ချုပ်ခြင်းကိစ္စရှိ၏။ အာရမ္မဏဂ္ဂါဟေ၊အာ

ရုံကိုယူခြင်း၌။ လီနဘာဝပစ္စုပဋ္ဌာန်၊တွန့်တိုသည့်၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ဝါ၊တနည်းကား။ပစလာယိကာနိဒ္ဒါ ပစ္စုပဋ္ဌာန်၊မျက်တောင်တလှုပ်လှုပ်အိပ်ငေါ့ခြင်းလျှင် ထင်သော အခြင်း အရာရှိ၏။ အယောနိသောမနသိကာရပဒဋ္ဌာန်၊ မသင့်မ တင့်သောနှလုံးသွင်းခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။မိဒ္ဓစေတသိက်သည် ဝေဒနာအစရှိသောခန္ဓာတို့၏ သုံးပါးတို့၏အပေါင်း၏အမှု၌ မခံ့ခြင်းလက္ခဏာရှိ၏။ ဝေဒနာစ သောခန္ဓာတို့၏သုံးပါးတို့၏အပေါင်းကို ဘွဲ့ချုပ်ခြင်းကိစ္စရှိ၏။ အာရုံကိုယူခြင်း၌ တွန့်တိုခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ တနည်းကား။ မျက်တောင် တလှုပ်လှုပ် အိပ်ငေါ့ခြင်းလျှင်ထင် သော အခြင်းအရာရှိ၏။ မသင့်မတင့်သော နှလုံးသွင်းခြင်းလျှင် နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၅၀—ဝိစိကိစ္ဆာ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဝိစိကိစ္ဆာအာရမ္မဏေသံသယလက္ခဏာ၊ သံသယောနာမ အာရမ္မဏေ ကထံကထိဘာဝေါ၊ စိတ္တဿကမ္ပနရသာ၊ အနိစ္ဆ ယပစ္စုပဋ္ဌာနာ၊ အယောနိသော မနသိကာရပဒဋ္ဌာနာ။ ။ဝိစိ ကိစ္ဆာ၊ဝိစိကိစ္ဆာစေတသိက်သည်။ အာရမ္မဏေ၊အာရုံ၌။ သံသ ယလက္ခဏာ၊ယုံမှားခြင်းလက္ခဏာရှိ၏။သံသယောနာမ၊ယုံမှား ခြင်းမည်သည်ကား။အာရမ္မဏေ၊အာရုံ၌။ ကထံကထိဘာဝေါ၊ သို့လော သို့လောဟု—တွေးတောခြင်း ရှိသည့်၏ အဖြစ်တည်း။ စိတ္တဿ၊စိတ်၏။ ကမ္ပနရသာ၊ တုန်လှုပ်ခြင်းကိစ္စရှိ၏။ အနိစ္ဆယ ပစ္စုပဋ္ဌာနာ၊ မဆုံးဖြတ်နိုင်ခြင်းလျှင် ထင်သော အခြင်းအရာရှိ ၏။အယောနိသောမနသိကာရပဒဋ္ဌာနာ၊ မသင့်မတင့်သောနှလုံး သွင်းခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ဝိစိကိစ္ဆာစေတသိက်သည် အာရုံ၌ ယုံမှားခြင်း လက္ခဏာရှိ၏။ ယုံမှားခြင်း မည်သည်ကား အာရုံ၌သို့လောသို့ လောဟု တွေး

တောခြင်းရှိသည်၏အဖြစ်တည်း။စိတ်၏တုန်လှုပ်ခြင်းကိစ္စရှိ၏။ မဆုံးဖြတ်နိုင်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။မသင့်မတင့် သောနှလုံးသွင်းခြင်းလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၅၁—သင်္ခါ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

သောဘဏသာဓာရဏေသုသင်္ခါသမ္ပယုတ္တဓမ္မာနံ သမ္ပသာဒနလက္ခဏာ၊ဥဒကပ္ပသာဒကမဏိဝိယ၊ပက္ခန္ဒနလက္ခဏာဝါ၊မဟာယောဓဝိယ၊ပသာဒနီယဝတ္ထူသု သဒ္ဒဟနလက္ခဏာဝါ၊ သစ္စမိဒန္တိဩဂါဟေတွာပတ္တိယာယနလက္ခဏာဝါ၊ သမ္ပယုတ္တဓမ္မာနံပသာဒနီယာရမ္မဏေသုပက္ခန္ဒါပနရသာ၊သမ္ပသာဒနရသာဝါ၊အနာဝိလပစ္စုပဋ္ဌာနာ၊ပသာဒနီယဝတ္ထူသု ဝိနိစ္ဆယပစ္စုပဋ္ဌာနာဝါ၊သဒ္ဓေယျဝတ္ထုပဒဋ္ဌာနာ၊ သပ္ပုရိသူပသေဝနသဒ္ဓမ္မသဝနယောနိသောမနသိကာရဓမ္မာနုဓမ္မပဋိပတ္တိသင်္ခါတသောတာပတ္တိယင်္ဂပဒဋ္ဌာနာဝါ။ ။သောဘဏသာဓာရဏေသု၊သောဘဏသာဓာရဏ စေတသိက်တို့တွင်။ သဒ္ဓါ၊ သဒ္ဓါစေတသိက်သည်။ သမ္ပယုတ္တ ဓမ္မာနံ၊ သမ္ပယုတ် တရားတို့ကို။ သမ္ပသာဒန လက္ခဏာ၊ ကြည်ညိုစေခြင်း လက္ခဏာရှိ၏။ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ဥဒကပ္ပသာဒကမဏိဝိယ၊ရေနောက်ကို ကြည်စေတတ်သော စကြာမင်း၏ပတ္တမြား ရတနာကဲ့သို့တည်း။ ဝါ၊ တနည်းကား။ပက္ခန္ဒနလက္ခဏာ၊ပြေးဝင်ခြင်းလက္ခဏာရှိ၏။ ကိမိဝ၊အဘယ်ကဲ့သို့နည်းဟူမူကား။ မဟာယောဓဝိယ၊ သူရဲကြီးကဲ့သို့တည်း။ ဝါ၊ကား။ ပသာဒနီယဝတ္ထူသု၊ ကြည်ညိုအပ်သောဘုရားအစရှိသောဝတ္ထုတို့၌။ သဒ္ဒဟနလက္ခဏာ၊ကြည်ညိုခြင်းလက္ခဏာရှိ၏။ဝါ၊ကား။ဣဒံ၊ ဤဘုရားအစရှိသောဝတ္ထုသည်။ သစ္စံ၊မှန်၏။ဣတိ၊သို့။ ဩဂါဟေတွာ၊သက်ဝင်၍။ ပတ္တိယာယနလက္ခဏာ၊ယုံကြည်ခြင်းလက္ခဏာရှိ၏။ သမ္ပယုတ္တဓမ္မာနံ၊ သမ္ပယုတ်တရားတို့ကို။ပသာဒနီယာရမ္မဏေသု၊ကြည်ညိုအပ်သော

ဘုရားစသောအာရုံတို့၌။ ဝါ၊တို့သို့၊ ပက္ခန္ဒာပနရသာ။ ပြေးဝင်
စေခြင်းကိစ္စရှိ၏။ဝါ၊ကား။ သမ္ပသာဒနရသာ၊ ကြည်ညိုစေခြင်း
ကိစ္စရှိ၏။အနာဝိလပစ္စုပဋ္ဌာနာ၊မနောက်ကျိခြင်းလျှင်ထင်သော
အခြင်းအရာရှိ၏။ ဝါ၊ကား။ ပသာဒနီယဝတ္ထု၊သု၊ ကြည်ညိုအပ်
သောဘုရားစသောဝတ္ထုတို့၌။ဝိနိစ္ဆယပစ္စုပဋ္ဌာနာ၊ဆုံးဖြတ်ခြင်း
လျှင်ထင်သောအခြင်းအရာရှိ၏။ သဒ္ဓေယျဝတ္ထုပဒဋ္ဌာနံ၊ ကြည်
ညိုအပ်သော ဘုရားစသော ဝတ္ထုလျှင် နီးစွာသော အကြောင်း
ရှိ၏။ ဝါ၊ကား။ သပ္ပုရိသူပသေဝနသဒ္ဓမ္မသဝန ယောနိသောမန
သိကာရဓမ္မာနုဓမ္မပဋိပတ္တိသင်္ခါတ သောတာပတ္တိယင်္ဂ ပဒဋ္ဌာနာ၊ သူ
တော်ကောင်းကိုမှီဝဲခြင်း, သူတော်ကောင်း တရားကို ကြားနာ
ခြင်း, အသင့်အတင့် နှလုံးသွင်းခြင်း, တရားတော်ကို ကျင့်ခြင်း
ဟုဆိုအပ်သောသောတာပတ္တိမဂ်၏အကြောင်းလျှင်နီးစွာသော
အကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ သောဘဏစေတသိက်
တို့တွင် သဒ္ဓါစေတသိက်သည် သမ္ပယုတ်တရားတို့ကို ကြည်
ညိုစေခြင်းလက္ခဏာရှိ၏။အဘယ်ကဲ့သို့နည်းဟူမူကား၊ရေနောက်
ကို ကြည်စေတတ်သော စကြာမင်း၏ ပတ္တမြား ရတနာ ကဲ့သို့
တည်း။တနည်းကား။ ပြေးဝင်ခြင်းလက္ခဏာရှိ၏။ အဘယ်ကဲ့
သို့နည်းဟူမူကား။သူရဲကြီးကဲ့သို့တည်း။ တနည်းကား၊ ကြည်
ညိုအပ်သောဘုရားစသောဝတ္ထုတို့၌ ကြည်ညိုခြင်းလက္ခဏာရှိ
၏။တနည်းကား။ဤဘုရားစသောဝတ္ထုသည်မှန်၏ဟု သက်ဝင်
၍ယုံကြည်ခြင်းလက္ခဏာရှိ၏။ သမ္ပယုတ်တရားတို့ကို ကြည်ညို
အပ်သောဘုရားစသောအာရုံတို့သို့ပြေးဝင်စေခြင်းကိစ္စ၏။ တ
နည်းကား။ကြည်ညိုစေခြင်းကိစ္စရှိ၏။ မနောက်ကျိခြင်းလျှင် ထင်
သောအခြင်းအရာရှိ၏။တနည်းကား။ကြည်ညိုအပ်သောဘုရား
စသောဝတ္ထုတို့၌ ဆုံးဖြတ်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။
ကြည်ညို အပ်သော ဘုရားစသော ဝတ္ထုလျှင် နီးစွာသော အ
ကြောင်းရှိ၏။တနည်းကား၊သူတော်ကောင်းကိုမှီဝဲခြင်း,သူတော်
ကောင်းတရားကို ကြားနာခြင်း,အသင့်အတင့် နှလုံးသွင်းခြင်း,

တရားတော်ကို ကျင့်ခြင်းဟု ဆိုအပ်သော သောတာပတ္တိမဂ်၏ အကြောင်းလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

---

## ၅၂—သတိ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

သတိအာရမ္မဏေစိတ္တဿအပိလာပနလက္ခဏာ၊ပဂ္ဂဟလက္ခဏာဝါ၊ စက္ကဝတ္တိနောဇေဋ္ဌပုတ္တရတနမိဝ၊ အသမ္မောဟရသာ၊ အာရက္ခပစ္စုပဋ္ဌာနာ၊ ဝိသယာ ဘိမုခဘာဝ ပစ္စုပဋ္ဌာနာ၊ ထိရသညာပဒဋ္ဌာနာ၊ သဝိသယကာယာဒိ ပဒဋ္ဌာနာ၊ ကာယာဒိဝိသယသတိပဋ္ဌာနပဒဋ္ဌာနာဝါ။ ။သတိ၊သတိစေတသိက်သည်။အာရမ္မဏေ၊အာရုံ၌။စိတ္တဿ၊ကို။အပိလာပနလက္ခဏာ၊ နှစ်မြုပ်စေခြင်းလက္ခဏာရှိ၏။ဝါ၊ အောက်မေ့ခြင်းလက္ခဏာရှိ၏။ဝါ၊ တနည်းကား။ပဂ္ဂဟလက္ခဏာ၊ချီးမြှော်ခြင်းလက္ခဏာရှိ၏။ကိမိဝ၊ ဥပမာအဘယ်ကဲ့သို့နည်းဟူမူကား။စက္ကဝတ္တိနော၊စကြဝတေးမင်း၏။ဇေဋ္ဌပုတ္တရတနမိဝ၊သားကြီးရတနာကဲ့သို့တည်း။ အသမ္မောဟရသာ၊ မမေ့မလျော့ခြင်းကိစ္စရှိ၏။ အာရက္ခပစ္စုပဋ္ဌာနာ၊ စောင့်ရှော်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ဝါ၊ကား။ဝိသယာဘိမုခဘာဝပစ္စုပဋ္ဌာနာ၊အာရုံသို့ရှေးရှုသည်၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ ထိရသညာပဒဋ္ဌာနာ၊ မြဲမြံစွာမှတ်ခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။ ဝါ၊ကား။သဝိသယကာယာဒိပဒဋ္ဌာနာ၊ မိမိအာရုံဟု ဆိုအပ်သော ကာယ စသည်လျှင် နီးစွာသော အကြောင်း ရှိ၏။ ဝါ၊ကား။ ကာယာဒိ ဝိသယသတိပဋ္ဌာနပဒဋ္ဌာနာ၊ကာယအစရှိသောအာရုံဟု ဆိုအပ်သောသတိ၏တည်ရာလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ သတိစေတသိက်သည် အာရုံ၌စိတ်ကိုနှစ်မြုပ်စေခြင်းလက္ခဏာရှိ၏။ဝါ၊အောက်မေ့ခြင်း လက္ခဏာရှိ၏။တနည်း။ ချီးမြှော်ခြင်းလက္ခဏာရှိ၏။ဥပမာကား။စကြဝတေးမင်း၏ သားကြီးရတနာကဲ့သို့တည်း။မမေ့မလျော့ခြင်းကိစ္စရှိ၏။ စောင့်ရှောက်ခြင်းလျှင်

ထင်သောအခြင်းအရာရှိ၏။ တနည်းကား၊ အာရုံသို့ရှေးရှုသည် ၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ မြဲမြံစွာမှတ်ခြင်းလျှင် နိုးစွာသောအကြောင်းရှိ၏။တနည်း၊ မိမိအာရုံဟု ဆိုအပ်သော ကာယစသည်လျှင်နိုးစွာသောအကြောင်းရှိ၏။ တနည်း၊ကာယ အစရှိသော အာရုံဟု ဆိုအပ်သော သတိ၏တည်ရာလျှင် နိုးစွာ သောအကြောင်းရှိ၏ဟူလို။

၅၃—ဟိရီ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဟိရီပါပတော ဇိဂုစ္ဆနလက္ခဏာ၊လဇ္ဇာလက္ခဏာဝါ၊ပါပဿ အကရဏရသာ၊ပါပတောလီနဘာဝ—ပစ္စုပဋ္ဌာနာ၊အတ္တဂါရဝ ပဒဋ္ဌာနာ၊ကုလဓိတာယ။ ။ဟိရီ၊ဟိရီစေတသိက်သည်။ ပါပ တော၊မကောင်းမှုမှ။ဇိဂုစ္ဆနလက္ခဏာ၊စက်ဆုပ်ခြင်းလက္ခဏာ ရှိ၏။ ဝါ၊ကား။ လဇ္ဇာလက္ခဏာ၊ ရှက်ခြင်း လက္ခဏာရှိ၏။ ပါ ပဿ၊မကောင်းမှုကို။ အကရဏ-ရသာ၊မပြုခြင်းကိစ္စရှိ၏။ ပါပ တော၊ မကောင်းမှုမှ။ လီနဘာဝ-ပစ္စုပဋ္ဌာနာ၊ တွန့်တိုခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ အတ္တဂါရဝ-ပဒဋ္ဌာနာ၊မိမိကိုယ်ကို ရိုသေခြင်းလျှင် နိုးစွာသောအကြောင်းရှိ၏။ ကိမိဝ၊ ဥပမာအ ဘယ်ကဲ့သို့နည်းဟူမူကား။ကုလဓိတာဝိယ၊ အမျိုးကောင်းသွီး ကဲ့သို့တည်း။ဝါ၊အမျိုးကောင်းချွေးမကဲ့သို့တည်း။ ။အဓိပ္ပါယ် ကား။ ဟိရီစေတသိက်သည် မကောင်းမှုမှ စက်ဆုပ်ခြင်း,ရှက် ခြင်းလက္ခဏာရှိ၏။မကောင်းမှုကိုမပြုခြင်းကိစ္စရှိ၏။ မကောင်း မှုမှတွန့်တိုခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ မိမိကိုယ်ကိုရို သေခြင်းလျှင် နိုးစွာသော အကြောင်းရှိ၏။ ဥပမာ အဘယ်ကဲ့ သို့နည်းဟူမူ။ အမျိုးကောင်းသွီး, အမျိုးကောင်းချွေးမနှင့် တူ၏ ဟူလို။

## ၅၄–ဩတ္တပ္ပ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဩတပ္ပံဝဇ္ဇဘာယနလက္ခဏံ၊ဘယတောဒဿနလက္ခဏံ၊ပါပတောဥတ္တာသလက္ခဏံဝါ၊ပါပဿအကရဏရသံ၊ပါပတော လီနဘာဝပစ္စုပဋ္ဌာနံ၊ပရဂါရဝပဒဋ္ဌာနံ၊ဝေဿဝိယ။ ။ဩတ္တပ္ပံ၊ ဩတ္တပ္ပစေတသိက်သည်။ဝဇ္ဇဘာယနလက္ခဏံ၊အပြစ်ကိုကြောက်ခြင်းလက္ခဏာရှိ၏။ ဝါ၊ကား။ ဘယတော၊ဘေးအားဖြင့်။ ဒဿနလက္ခဏံ၊ရှုခြင်းလက္ခဏာရှိ၏။ဝါ၊ကား။ပါပတော၊မကောင်းမှုမှ။ဥတ္တာသလက္ခဏံ၊ ထိတ်လန့်ခြင်းလက္ခဏာရှိ၏။ပါပဿ၊ကို။ အကရဏရသံ၊မပြုခြင်းကိစ္စရှိ၏။ ပါပတော၊မှ။လီနဘာဝ-ပစ္စုပဋ္ဌာနံ၊တွန့်တိုခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ပရဂါရဝပဒဋ္ဌာနံ၊ သူတပါးကိုရိုသေခြင်းလျှင် နီးစွာသောအကြောင်းရှိ၏။ ကိမိဝ၊ကား။ဝါ၊ဥပမာဘယ်ကဲ့သို့နည်းဟူမူကား။ ဝေဿဝိယ၊ ပြည့်တန်းဆာမကဲ့သို့တည်း။ ။အဓိပ္ပါယ်ကား။ဩတ္တပ္ပစေတသိက်သည်အပြစ်ကိုကြောက်ခြင်းလက္ခဏာရှိ၏။တနည်း၊ဘေးအားဖြင့်ရှုခြင်းလက္ခဏာရှိ၏။တနည်း၊ မကောင်းမှုမှထိတ်လန့်ခြင်းလက္ခဏာရှိ၏။ မကောင်းမှုကိုမပြုခြင်းကိစ္စရှိ၏။မကောင်းမှုမှ တွန့်တိုခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ သူတပါးကိုရိုသေခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ဥပမာ အဘယ်ကဲ့သို့နည်းဟူမူကား-ပြည့်တန်းဆာမနှင့်တူ၏ဟူလို။

---

## ၅၅–အလောဘ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

အလောဘောအာရမ္မဏေ စိတ္တဿအဂေဓလက္ခဏော၊ အလဂ္ဂဘာဝလက္ခဏော ဝါ၊ ဥပ္ပလပတ္တေ ဥဒကဗိန္ဒုဝိယ၊ အပရိဂ္ဂဟရသော၊အမုတ္တဘိက္ခုဝိယ၊အလဂ္ဂကမုတ္တာပစ္စုပဋ္ဌာနော၊ ဂူထကူပေပတိတပုရိသောဝိယ၊ဏုမ္ဗဝဏ္ဏ။သု အနဿာဒ-ဒဿနပဒဋ္ဌာနော။ ။အလောဘော၊ အလောဘစေတသိက်သည်။ အာရမ္မ

ဏော၊အာရုံ၌။ စိတ္တဿ၊စိတ်၏။ အဂေဓလက္ခဏော၊ မမက်မောခြင်းလက္ခဏာရှိ၏။ တနည်း၊ စိတ္တဿ၊ စိတ်ကို။ အဂေဓလက္ခဏော၊ မမက်မောစေခြင်းလက္ခဏာရှိ၏။ ဝါ၊ကား။အလဂ္ဂဘာဝလက္ခဏော၊ မကပ်ငြိသည့်အဖြစ်လျှင်လက္ခဏာရှိ၏။ ကိမိဝ၊ ဥပမာအဘယ်ကဲ့သို့ နည်းဟူမူကား။ ဥပ္ပလပတ္တေ၊ ကြာရွက်၌။ ဥဒကဗိန္ဒုဝိယ၊ ရေပေါက်ကဲ့သို့တည်း။ အပရိဂ္ဂဟ-ရသော၊ မသိမ်းဆည်းခြင်း ကိစ္စရှိ၏။ ကိမိဝ၊ ဥပမာအဘယ်ကဲ့သို့နည်းဟူမူကား။အရဟာဝိယ၊ရဟန္တာကဲ့သို့တည်း။ အလဂ္ဂကမျှတာပစ္စုပဋ္ဌာနော၊ ကပ်ငြိခြင်းကို အလိုမရှိသည်၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ ကိမိဝ၊ဥပမာအဘယ်ကဲ့သို့ နည်းဟူမူကား။ဂူထကူပေ၊ မစင်တွင်း၌။ ပတိတပုရိသောဝိယ၊ ကျသောယောကျ်ားကဲ့သို့တည်း။ဣဋ္ဌဝဏ္ဏေသု၊အလိုရှိအပ်သောဝဏ္ဏတို့၌။ အနဿာဒ-ဒဿနပဒုဋ္ဌာနော၊ မသာယာအပ်ဟု-ရှုခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ အလောဘစေတသိက်သည် အာရုံ၌စိတ်၏မမက်မောခြင်းလက္ခဏာရှိ၏။ တနည်း၊ စိတ်ကိုမမက်မောစေခြင်းလက္ခဏာရှိ၏။ တနည်း၊မကပ်ငြိသည်၏အဖြစ်လျှင်လက္ခဏာရှိ၏။ဥပမာကား- ကြာရွက်၌ကျသော ရေပေါက်နှင့်တူ၏။ မသိမ်းဆည်းခြင်းကိစ္စရှိ၏။ ဥပမာကား။ ရဟန္တာနှင့်တူ၏။ ကပ်ငြိခြင်းကိုအလိုမရှိသည်၏ အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ ဥပမာကား။ မစင်တွင်း၌ကျသော ယောကျ်ားနှင့်တူ၏။ အလိုရှိအပ်သော ဝဏ္ဏတို့၌ မသာယာအပ်ဟု-ရှုခြင်းလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၅၄-- အဒေါသ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

အဒေါသော အစဏ္ဍိက္ကလက္ခဏော၊ အဝိရောဓလက္ခဏော ဝါ၊အနုကူလမိတ္တောဝိယ၊အာဃာတဝိနောဒနရသော၊ပရိဠာဟဝိနောဒနရသောဝါ။ ဂေါသိတ-စန္ဒနံဝိယ၊သုက္ကာဘာဝ-ပစ္စုပဋ္ဌာ

နေ၁၊ပုဏ္ဏမာဝိယာ၊ သီတလဘာဝပစ္စုပဋ္ဌာနော၀ါ၊ အနိဋ္ဌဝတ္ထု။
သု ယောနိသောဒဿနပဒဋ္ဌာနော။ ။အဒေါသော၊ အဒေါသ
စေတသိက်သည်။ အစဏ္ဍိက္က လက္ခဏော၊ မကြမ်းထမ်းခြင်း
လက္ခဏာရှိ၏။ဝါ၊ကား။အဝိရောဓလက္ခဏော၊မဆန့်ကျင်ခြင်း
လက္ခဏာရှိ၏။ ကိမိဝ၊ဥပမာအဘယ်ကဲ့သို့နည်းဟူမူကား။ အနု
ကူလမိတ္တောဝိယာ၊ သူခပ်သိမ်းတို့နှင့်လျော်သော အဆွေခင်ပွန်း
ကောင်း ကဲ့သို့တည်း။ အာဃာတဝိနောဒနရသော၊ ရန်ငြိုးဘွဲ့
ခြင်းကိုဖျော်ခြင်းကိစ္စရှိ၏။ဝါ၊ကား။ ပရိဠာဟဝိနောဒနရသော၊
ပူပန်ခြင်းကိုဖျောက်ခြင်းကိစ္စရှိ၏။ ကိမိဝ၊ကား၊ ဂေါသီတစန္ဒနံ
ဝိယာ၊ ဂေါသီတအမည်ရှိသော စန္ဒကူးကဲ့သို့တည်း။ ဝါ၊ဂေါသီ
တအမည်ရှိသော တောင်၌ ပေါက်ရောက်သော စန္ဒကူးကဲ့သို့
တည်း။ဝါ၊သီတာရေကဲ့သို့အေးမြသောစန္ဒကူးကဲ့သို့တည်း။သုက္က
ဘာဝပစ္စုပဋ္ဌာနော၊ဖြူစင်သည်၏အဖြစ်လျှင် ထင်သောအခြင်း
အရာရှိ၏။ ကိမိဝ၊ကား။ ပုဏ္ဏမာဝိယာ၊လပြည့်ဝန်းကဲ့သို့တည်း။
ဝါ၊ကား။ သီတလဘာဝပစ္စုပဋ္ဌာနော၊ ချမ်းအေးသည်၏ အဖြစ်
လျှင်ထင်သော အခြင်းအရာရှိ၏။ အနိဋ္ဌဝတ္ထု။သု၊ အလိုမရှိအပ်
သောဝတ္ထုတို့၌။ ယောနိသောဒဿနပဒဋ္ဌာနော၊အသင့်အတင့်
အားဖြင့်ရှုခြင်းလျှင် နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်
ကား။အဒေါသစေတသိက်သည် မကြမ်းထမ်းခြင်းလက္ခဏာရှိ
၏။ တနည်း၊မဆန့်ကျင်ခြင်းလက္ခဏာရှိ၏။ ဥပမာကား-သူခပ်
သိမ်းတို့နှင့်မဆန့်ကျင်သောအဆွေခင်ပွန်းကောင်းနှင့်တူ၏။ ရန်
ငြိုးဘွဲ့ခြင်းကိုဖျောက်ခြင်းကိစ္စရှိ၏။တနည်း၊ပူပန်ခြင်းကိုဖျော်
ခြင်းကိစ္စရှိ၏။ ဥပမာကား-ဂေါသီတအမည်ရှိသော စန္ဒကူးနှင့်
တူ၏။ ဖြူစင်သည်၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ ဥပ
မာကား-လပြည့်ဝန်းနှင့်တူ၏။ တနည်း၊ ချမ်းအေးသည်၏ အဖြစ်
လျှင် ထင်သောအခြင်းအရာရှိ၏။ အလိုမရှိအပ်သောဝတ္ထုတို့၌
အသင့်အတင့်အားဖြင့်ရှုခြင်းလျှင်နီးစွာသောအကြောင်းရှိ၏ဟူ
လို။

## ၅၇—အမောဟ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

အမောဟောဩဘာသနလက္ခဏော၊ ပဒီပေါဝိယ၊ ပဇာနနလက္ခဏောဝါ၊ ကုသလတိကိစ္ဆကောဝိယ၊ ယထာသဘာဝပဋိဝေဓလက္ခဏော၊ အက္ခလိတပဋိဝေဓလက္ခဏောဝါ၊ ကုသလိဿာသေနခိတ္တသရောဝိယ၊ဝိသယဿဩဘာသနရသော၊အသမ္မောဟပစ္စုပဋ္ဌာနော၊မဂ္ဂနာယကောဝိယ။သမာဓိပဒဋ္ဌာနော။ ။

အမောဟော၊ သည်။ ဩဘာသလက္ခဏော၊ ထွန်းပခြင်းလက္ခဏာရှိ၏။ကိမိဝ၊ကား။ပဒီပေါဝိယ၊ဆီမီးကဲ့သို့တည်း။ဝါ၊ကား။ ပဇာနနလက္ခဏော၊ အပြားအားဖြင့်သိခြင်းလက္ခဏာရှိ၏။ ကုသလတိကိစ္ဆကောဝိယ၊ လိမ္မာသော ဆေးသမား ကဲ့သို့တည်း။ ဝါ၊ကား။ ယထာသဘာဝပဋိဝေဓလက္ခဏော၊ ဟုတ်မှန်တိုင်းသောသဘောကို ထိုးထွင်း၍ သိခြင်းလက္ခဏာရှိ၏။ ဝါ၊ကား။ အက္ခလိတ ပဋိဝေဓလက္ခဏော၊ မချော်မချွတ် ထိုးထွင်း၍ သိခြင်းလက္ခဏာရှိ၏။ ကိမိဝ၊ ကား။ ကုသလိဿာသေန၊ လိမ္မာသောလေးသမားသည်။ ခိတ္တသရောဝိယ၊ ပစ်အပ်သောမြားကဲ့သို့တည်း။ ဝိသယဿ၊ အာရုံကို။ ဩဘာသနရသော၊ ထွန်းပခြင်း ကိစ္စရှိ၏။ အသမ္မောဟပစ္စုပဋ္ဌာနော၊ မတွေဝေခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ကိမိဝ၊ကား။ မဂ္ဂနာယကောဝိယ၊ခရီးညွှန်သောယောကျ်ားကဲ့သို့တည်း။ သမာဓိပဒဋ္ဌာနော၊သမာဓိလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ အမောဟစေတသိက်သည် ထွန်းပခြင်းလက္ခဏာရှိ၏။ဥပမာကား-ဆီမီးနှင့်တူ၏။ တနည်း၊အပြားအားဖြင့်သိခြင်းလက္ခဏာရှိ၏။ ဥပမာကား-လိမ္မာသော ဆေးသမားနှင့် တူ၏။ တနည်း၊ ဟုတ်မှန်တိုင်းသော သဘောကို ထိုးထွင်း၍ သိခြင်းလက္ခဏာရှိ၏။ တနည်း၊ မချော်မချွတ် ထိုးထွင်း၍ သိခြင်းလက္ခဏာရှိ၏။ ဥပမာကား-လိမ္မာသော လေးသမားသည်ပစ်အပ်သော မြားနှင့်တူ၏။ အာရုံကို ထွန်းပခြင်းကိစ္စရှိ၏။ မတွေဝေခြင်းကိစ္စရှိ၏။ ဥပမာ

ကား-ခရီးညွန်သော ယောက်ျားနှင့် တူ၏။ သမာဓိလျှင် နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၂၈—တတြမဇ္ဈတ္တတာ၏လက္ခဏာ၊ရသ၊ ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

တတြမဇ္ဈတ္တတာသမ္ပယုတ္တာနံသမံဟရဏလက္ခဏာ၊ ဦနာဓိကနိဝါရဏရသာ၊ပက္ခပါတုပစ္ဆေဒရသာဝါ၊စိတ္တစေတသိကာနံမဇ္ဈတ္တဘာဝပစ္စုပဋ္ဌာနာ၊ သမပ္ပဝတ္တာနံ အာဇာနေယျာနမဇ္ဈုပေက္ခကော သာရထိဝိယ၊ သမပ္ပဝတ္တ-စိတ္တစေတသိက ပဒဋ္ဌာနာ။ ။တတြမဇ္ဈတ္တတာ၊ တတြမဇ္ဈတ္တတာ စေတသိက်သည်။ သမ္ပယုတ္တာနံ၊ သမ္ပယုတ်တရားတို့ကို။ သမံ၊အညီအညွတ်။ဟရဏလက္ခဏာ၊ဆောင်ခြင်းလက္ခဏာရှိ၏။ဦနာဓိကနိဝါရဏရသာ၊အယုတ်အလွန်ကိုမြစ်ခြင်းကိစ္စရှိ၏။ဝါ၊ကား။ပက္ခပါတုပစ္ဆေဒရသာ၊ စိတ်စေတသိက်တို့၏ အပင်းအသင်း၌ ကျခြင်းမှ ပြတ်ခြင်းကိစ္စရှိ၏။ စိတ္တစေတသိကာနံ၊ စိတ်စေတသိက်တို့ကို။ မဇ္ဈတ္တဘာဝပစ္စုပဋ္ဌာနာ၊လျစ်လျူရှုသည်၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ကိမိဝ၊ကား။သမပ္ပဝတ္တာနံ၊အညီအညွတ်ဖြစ်ကုန်သော။အာဇာနေယျာနံ၊အာဇာနီမြင်းတို့ကို။အဇ္ဈုပေက္ခကော၊ လျစ်လျူရှုသော။ သာရထိဝိယ၊ရထားထိန်းကဲ့သို့တည်း။ သမပ္ပဝတ္တစိတ္တစေတသိကပဒဋ္ဌာနာ၊ အညီအညွတ်ဖြစ်သော စိတ်စေတသိက်လျှင် နီးစွာသော အကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ တတြမဇ္ဈတ္တတာစေတသိက်သည် သမ္ပယုတ်တရားတို့ကို အညီအညွတ်ဆောင်ခြင်းလက္ခဏာရှိ၏။ အယုတ်အလွန်ကိုမြစ်ခြင်းကိစ္စရှိ၏။ စိတ်စေတသိက်တို့၏ အပင်းအသင်း၌ကျခြင်းမှ၊ပြတ်ခြင်းကိစ္စရှိ၏။စိတ်စေတသိက်တို့ကိုလျစ်လျူရှုခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ဥပမာကား—အညီအညွတ်ဖြစ်ကုန်သောအာဇာနီမြင်းတို့ကို လျစ်လျူရှုသော ရထားထိန်း

နှင့်တူ၏။ အညီအညွတ် ဖြစ်သော စိတ်စေတသိက်လျှင် နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၅၉—၆၀—ကာယပဿဒ္ဓိ-စိတ္တပဿဒ္ဓိ၏လက္ခဏာ၊ရသ၊ ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ကာယပဿဒ္ဓိ-စိတ္တပဿဒ္ဓိ ကာယစိတ္တဒရထဝူပသမလက္ခဏာ၊ ကာယစိတ္တဒရထဘာဝ မဒ္ဒနရသာ၊ ကာယစိတ္တာနမဖန္ဒဘာဝ-သန္တဘာဝပစ္စုပဋ္ဌာနာ၊ကာယစိတ္တပဒဋ္ဌာနာ။ ။ကာယပဿဒ္ဓိ-စိတ္တပဿဒ္ဓိ၊ ကာယပဿဒ္ဓိစေတသိက်,စိတ္တပဿဒ္ဓိစေတသိက်သည်။ ကာယစိတ္တဒရထဝူပသမ-လက္ခဏာ၊ကိုယ်စိတ်တို့၏ပူပန်ခြင်းမှငြိမ်းခြင်းသက္ခဏာရှိ၏။ဝါ၊ဝေဒနာအစရှိသောခန္ဓာသုံးပါးအပေါင်း,စိတ်တို့၏ပူပန်ခြင်းမှငြိမ်းခြင်းလက္ခဏာရှိ၏။ကာယစိတ္တဒရထဘာဝမဒ္ဒနရသာ၊ကိုယ်စိတ်တို့၏ပူပန်သည်၏အဖြစ်ကို နှိပ်နင်းခြင်းကိစ္စရှိ၏။ ဝါ၊ဝေဒနာအစရှိသောခန္ဓာသုံးပါးအပေါင်း, စိတ်တို့၏ ပူပန်သည်၏အဖြစ်ကို နှိပ်နင်းခြင်းကိစ္စရှိ၏။ကာယစိတ္တာနံ၊ကိုယ်စိတ်တို့၏။ဝါ၊ဝေဒနာအစရှိသောခန္ဓာသုံးပါးအပေါင်း,စိတ်တို့၏။အဖန္ဒဘာဝသန္တဘာဝပစ္စုပဋ္ဌာနာ၊မတုန်လှုပ်သည်၏အဖြစ်, ငြိမ်သက်သည်၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ ကာယစိတ္တပဒဋ္ဌာနာ၊ ကိုယ်စိတ်လျှင်နီးစွာသောအကြောင်းရှိ၏။ ဝါ၊ဝေဒနာအစရှိသောခန္ဓာသုံးပါးအပေါင်း,စိတ်တို့လျှင် နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား-ကာယပဿဒ္ဓိ စေတသိက်, စိတ္တပဿဒ္ဓိ စေတသိက် တို့သည်ကိုယ်စိတ်တို့၏ပူပန်ခြင်းမှငြိမ်းခြင်းလက္ခဏာရှိ၏။ကိုယ်စိတ်တို့၏ ပူပန်သည်၏အဖြစ်ကို နှိပ်နင်းခြင်းကိစ္စ ရှိ၏။ ကိုယ်စိတ်တို့၏မတုန်လှုပ်သည်၏အဖြစ်,ငြိမ်သက်သည်၏အဖြစ်လျှင်ထင်သော အခြင်း အရာ ရှိ၏။ ကိုယ်စိတ်လျှင် နီးစွာသော အကြောင်းရှိ၏ဟူလို။

## ၆၁—၆၂—ကာယလဟုတာ-စိတ္တလဟုတာ၏လက္ခဏာ၊ရသ၊ ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ကာယလဟုတာ-စိတ္တလဟုတာ ကာယစိတ္တ- ဂရုဘာဝဝူပသမလက္ခဏာ၊ကာယစိတ္တ-ဂရုဘာဝမဒ္ဒနရသာ၊ကာယစိတ္တာနံ အဒန္ဓတာပစ္စုပဋ္ဌာနာ၊ ကာယစိတ္တ-ပဒဋ္ဌာနာ။ ။ကာယလဟုတာ-စိတ္တလဟုတာ၊ ကာယလဟုတာ စေတသိက်, စိတ္တလဟုတာစေတသိက်သည်။ ကာယစိတ္တ-ဂရုဘာဝဝူပသမလက္ခဏာ၊ ကိုယ်စိတ်တို့၏လေးလံသည့်၏အဖြစ်မှ ငြိမ်းခြင်း လက္ခဏာရှိ၏။ ဝါ၊ဝေဒနာအစရှိသောခန္ဓာသုံးပါးအပေါင်း,စိတ်တို့၏ လေးလံသည့်၏အဖြစ်မှငြိမ်းခြင်းလက္ခဏာရှိ၏။ ကာယစိတ္တဂရုဘာဝမဒ္ဒနရသာ၊ ကိုယ်စိတ်တို့၏ လေးလံသည့်၏အဖြစ်ကို နှိပ်နင်းခြင်းကိစ္စရှိ၏၊ဝါ၊ဝေဒနာအစရှိသောခန္ဓာသုံးပါးအပေါင်း,စိတ်တို့၏ လေးလံသည့်၏အဖြစ်ကို နှိပ်နင်းခြင်း ကိစ္စရှိ၏။ ကာယစိတ္တာနံ၊ကိုယ်,စိတ်တို့၏၊ ဝါ၊ဝေဒနာအစရှိသောခန္ဓာသုံးပါးအပေါင်း,စိတ်တို့၏။ အဒန္ဓတာပစ္စုပဋ္ဌာနာ၊မလေးလံသည့်၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ ကာစိတ္တ-ပဒဋ္ဌာနာ၊ကိုယ်စိတ်တို့လျှင်နီးစွာသောအကြောင်းရှိ၏။ ဝါ၊ဝေဒနာအစရှိသောခန္ဓာသုံးပါးအပေါင်း,စိတ်တို့လျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား-ကာယလဟုတာစေတသိက်, စိတ္တလဟုတာစေတသိက်သည် ကိုယ်စိတ်တို့၏ လေးလံသည့်၏အဖြစ်မှ ငြိမ်းခြင်း လက္ခဏာရှိ၏။ ကိုယ်စိတ်တို့၏ လေးလံသည့်၏အဖြစ်ကို နှိပ်နင်းခြင်းကိစ္စရှိ၏။ ကိုယ်စိတ်တို့၏မလေးလံသည့်၏အဖြစ်လျှင်ထင်သော အခြင်းအရာ ရှိ၏။ ကိုယ်စိတ်တို့လျှင်နီးစွာသောအကြောင်းရှိ၏ဟုလို။

## ၆၃-၆၄—ကာယမုဒုတာ-စိတ္တမုဒုတာ၏လက္ခဏာ၊ ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ကာယမုဒုတာ-စိတ္တမုဒုတာ ကာယစိတ္တထဒ္ဓ ဘာဝ-ဝူပသမလက္ခဏာ၊ကာယစိတ္တထဒ္ဓဘာဝမဒ္ဒနရသာ၊ယောသုကေသုစိအာရမ္မဏောသု အသံဃန္နနပစ္စုပဋ္ဌာနာ၊ ကာယစိတ္တပဒဋ္ဌာနာ။ ။ ကာယမုဒုတာ-စိတ္တမုဒုတာ၊ကာယမုဒုတာစေတသိက်,စိတ္တမုဒုတာ စေတသိက်သည်။ ကာယ-စိတ္တ-ထဒ္ဓဘာဝ-ဝူပသမလက္ခဏာ၊ကိုယ်စိတ်တို့၏ကြမ်းထမ်းသည့်၏အဖြစ်မှ ငြိမ်းခြင်းလက္ခဏာရှိ၏။ ဝါ၊ဝေဒနာအစရှိသော ခန္ဓာသုံးပါးအပေါင်း,စိတ်တို့၏ ကြမ်းထမ်းသည့်၏အဖြစ်မှ ငြိမ်းခြင်းလက္ခဏာရှိ၏။ ကာယစိတ္တထဒ္ဓဘာဝ မဒ္ဒနရသာ၊ ကိုယ်စိတ်တို့၏ ကြမ်းထမ်းသည့်၏ အဖြစ်ကို နှိပ်နင်းခြင်းကိစ္စရှိ၏။ ဝါ၊ဝေဒနာအစရှိသောခန္ဓာသုံးပါးအပေါင်း, စိတ်တို့၏ ကြမ်းထမ်းသည့်၏ အဖြစ်ကို နှိပ်နင်းခြင်းကိစ္စရှိ၏။ယောသုကေသုစိအာရမ္မဏေသု၊အမှတ်မရှိတရုံတခုသော အာရုံတို့၌။ အသံဃန္နနပစ္စုပဋ္ဌာနာ၊ မထိခိုက်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ ကာယစိတ္တပဒဋ္ဌာနာ၊ကိုယ်စိတ်တို့လျှင်နီးစွာသောအကြောင်းရှိ၏။ ဝါ၊ဝေဒနာအစရှိသောခန္ဓာသုံးပါးအပေါင်း, စိတ်တို့လျှင် နီးစွာသော အကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ကာယမုဒုတာစေတသိက်, စိတ္တမုဒုတာ စေသိက်သည် ကိုယ်စိတ်တို့၏ ကြမ်းထမ်းသည့်၏ အဖြစ်မှ ငြိမ်းခြင်းလက္ခဏာရှိ၏။ ကိုယ်စိတ်တို့၏ကြမ်းထမ်းသည့်၏အဖြစ်ကိုနှိပ်နင်းခြင်းကိစ္စရှိ၏။ အမှတ်မရှိတရုံတခုသောအာရုံတို့၌မထိခိုက်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ ကိုယ်စိတ်တို့လျှင် နီးစွာသောအကြောင်းရှိ၏ဟူလို၊

## ၆၅-၆၆—ကာယကမ္မညတာ-စိတ္တကမ္မညတာ၏လက္ခဏာ၊ ရသ ပစ္စုပဋ္ဌာန်၊ ပဋ္ဌာန်။

ကာယကမ္မညတာစိတ္တကမ္မညတာကာယစိတ္တအကမ္မညဘာဝဝူပသမလက္ခဏာ၊ ကာယစိတ္တအကမ္မညဘာဝမဒ္ဒနရသာ၊ ကာယစိတ္တာနမာရမ္မဏေ ခမဘာဝေနသမ္ပဋ္ဌာန အာရမ္မဏကရဏ ပစ္စုပဋ္ဌာနာ၊ ကာယစိတ္တပဒဋ္ဌာနာ။ ။ကာယကမ္မညတာ စိတ္တကမ္မညတာ၊ ကာယကမ္မညတာစေတသိက်,စိတ္တကမ္မညတာစေတသိက်သည်။ ကာယ-စိတ္တ-အကမ္မညဘာဝဝူပသမလက္ခဏာ၊ ကိုယ်စိတ်တို့၏အမှုနှိုမခံ့သည်၏အဖြစ်မှ ငြိမ်းခြင်းလက္ခဏာရှိ၏။ ဝါ၊ ဝေဒနာအစရှိသော ခန္ဓာသုံးပါးအပေါင်း,စိတ်တို့၏အမှုနှိုမခံ့သည်၏အဖြစ်မှငြိမ်းခြင်းလက္ခဏာရှိ၏။ ကာယစိတ္တအကမ္မညဘာဝမဒ္ဒနရသာ၊ ကိုယ်စိတ်တို့၏အမှုနှို မခံ့သည်၏အဖြစ်ကို နှိပ်နင်းခြင်း ကိစ္စရှိ၏။ ဝါ၊ ဝေဒနာအစရှိသော ခန္ဓာသုံးပါး အပေါင်း, စိတ်တို့၏ အမှုနှိုမခံ့သည်၏အဖြစ်ကို နှိပ်နင်းခြင်းကိစ္စရှိ၏။ ကာယစိတ္တာနံ၊ကိုယ်စိတ်တို့၏။ ဝါ၊ဝေဒနာအစရှိသောခန္ဓာသုံးပါးအပေါင်း, စိတ်တို့၏။ အာရမ္မဏေ၊အာရုံ၌။ခမဘာဝေန၊ သည်းခံသည်၏ အဖြစ်နှင့်။ သမ္ပဋ္ဌာန၊ စပ်သဖြင့်။ အာရမ္မဏကရဏပစ္စုပဋ္ဌာနာ၊ အာရုံပြုခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ကာယစိတ္တပဒဋ္ဌာနာ၊ ကိုယ်စိတ်တို့လျှင်နီးစွာသော အကြောင်းရှိ၏။ ဝါ၊ဝေဒနာအစရှိသော ခန္ဓာသုံးပါးအပေါင်း,စိတ်တို့လျှင် နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား-ကာယကမ္မညတာစေတသိက်, စိတ္တကမ္မညတာ စေတသိက်သည် ကိုယ်စိတ်တို့၏ အမှုနှိုမခံ့သည်၏အဖြစ်မှ ငြိမ်းခြင်းလက္ခဏာရှိ၏။ ကိုယ်စိတ်တို့၏အမှုနှိုမခံ့သည်၏အဖြစ်ကိုနှိပ်နင်းခြင်းကိစ္စရှိ၏။ ကိုယ်စိတ်တို့၏ အာရုံ၌ သည်းခံသည်၏ အဖြစ်နှင့်စပ်သဖြင့် အာရုံပြုခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ ကိုယ်စိတ်တို့လျှင် နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၄၇-၄၈—ကာယပါဂုညတာ-စိတ္တပါဂုညတာ၏လက္ခဏာ၊ ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ကာယပါဂုညတာ-စိတ္တပါဂုညတာ ကာယစိတ္တအဂေလညလက္ခဏာ၊ကာယ-စိတ္တ-ဂေလညမဒ္ဒနရသာ၊ဂေလညာဒိနဝသဿအဘာဝ-ပစ္စုပဋ္ဌာနာ၊ ကာယ-စိတ္တပဒဋ္ဌာနာ။ ။ကာယပါဂုညတာ-စိတ္တပါဂုညတာ၊ ကာယပါဂုညတာစေတသိက်, စိတ္တပါဂုညတာ စေတသိက်သည်။ ကာယ-စိတ္တ-အဂေလည လက္ခဏာ၊ ကိုယ်စိတ်တို့၏မကျင်နာသည်၏အဖြစ်လျှင်လက္ခဏာရှိ၏။ ဝါ၊ ဝေဒနာ အစရှိသော ခန္ဓာသုံးပါးအပေါင်း, စိတ်တို့၏ မကျင်နာသည်၏အဖြစ်လျှင် လက္ခဏာရှိ၏။ ကာယစိတ္တဂေလညမဒ္ဒနရသာ၊ကိုယ်စိတ်တို့၏ကျင်နာခြင်းကိုနှိပ်နင်းခြင်းကိစ္စရှိ၏။ဝါ၊ဝေဒနာအစရှိသော ခန္ဓာသုံးပါးအပေါင်း-စိတ်တို့၏ကျင်နာခြင်းကိုနှိပ်နင်းခြင်းကိစ္စရှိ၏။ဂေလညာဒိနဝဿ၊ကျင်နာသည်၏အဖြစ်တည်းဟူသောအဖြစ်၏။အဘာဝပစ္စုပဋ္ဌာနာ၊မရှိခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ကာယစိတ္တပဒဋ္ဌာနာ၊ ကိုယ်စိတ်တို့လျှင်နီးစွာသောအကြောင်းရှိ၏။ ဝါ၊ဝေဒနာအစရှိသောခန္ဓာသုံးပါးအပေါင်း,စိတ်တို့လျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ကာယပါဂုညတာ စေတသိက်, စိတ္တပါဂုညတာ စေတသိက်သည် ကိုယ်စိတ်တို့၏ မကျင်နာသည်၏အဖြစ်လျှင် လက္ခဏာရှိ၏။ ကိုယ်စိတ်တို့၏ကျင်နာခြင်းကို နှိပ်နင်းခြင်းကိစ္စရှိ၏။ ကျင်နာသည်၏အဖြစ်တည်းဟူသောအဖြစ်၏မရှိခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ကိုယ်စိတ်တို့လျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၆၉-၇၀—ကာယုဇုကတာ-စိတ္တုဇုကတာ၏လက္ခဏာ၊ ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ကာယုဇုကတာစိတ္တုဇုကတာကာယစိတ္တအဇ္ဇဝလက္ခဏာ။ ကာယစိတ္တကုဋိလဘာဝမဒ္ဒနရသာ၊ကာယစိတ္တာနမကုဋိလတာပစ္စုပဋ္ဌာနာ၊ကာယစိတ္တပဒဋ္ဌာနာ။ ။ကာယုဇုကတာ-စိတ္တုဇုကတာ၊ ကာယုဇုကတာစေတသိက်, စိတ္တုဇုကတာစေတသိက်သည်။ ကာယစိတ္တအဇ္ဇဝလက္ခဏာ၊ ကိုယ်စိတ်တို့၏ဖြောင့်မတ်စွာဖြစ်ခြင်းလက္ခဏာရှိ၏။ ဝါ၊ဝေဒနာ အစရှိသော ခန္ဓာသုံးပါးအပေါင်း,စိတ်တို့၏ဖြောင့်မတ်စွာဖြစ်ခြင်းလက္ခဏာရှိ၏။ကာယစိတ္တကုဋိလဘာဝမဒ္ဒနရသာ၊ကိုယ်စိတ်တို့၏ကောက်ကျစ်သည်၏အဖြစ်ကိုနှိပ်နင်းခြင်းကိစ္စရှိ၏။ ကာယစိတ္တာနံ၊ ကိုယ်စိတ်တို့၏။ ဝါ၊ဝေဒနာအစရှိသော ခန္ဓာသုံးပါးအပေါင်း,စိတ်တို့၏။ အကုဋိလတာပစ္စုပဋ္ဌာနာ၊ မကောက်ကျစ်သည်၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ ကာယစိတ္တပဒဋ္ဌာနာ၊ ကိုယ်စိတ်တို့လျှင် နီးစွာသော အကြောင်းရှိ၏။ ဝါ၊ ဝေဒနာအစရှိသော ခန္ဓာသုံးပါး အပေါင်း,စိတ်လျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ကာယုဇုကတာ စေတသိက်, စိတ္တုဇုကတာ စေတသိက်သည် ကိုယ်စိတ်တို့၏ ဖြောင့်မတ်စွာ ဖြစ်ခြင်းလက္ခဏာရှိ၏။ ကိုယ်စိတ်တို့၏ ကောက်ကျစ်သည်၏အဖြစ်ကို နှိပ်နင်းခြင်းကိစ္စရှိ၏။ ကိုယ်စိတ်တို့၏မကောက်ကျစ်သည်၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ ကိုယ်စိတ်တို့လျှင် နီးစွာသော အကြောင်းရှိ၏ဟူလို။

ကိဉ္စာပိဒံ အမောဟော သောဘဏသာဓာရဏော နဟောတိ၊ ကုသလာ ဗျာကတာပေတုဘာဝေနပန သဗ္ဗသတ္တာ အလောဘာ အဒေါသာနံ ပရံ တဿ လက္ခဏာဒီနိ ဒဿိတာနိ။ ။အမောဟော၊အမောဟစေတသိက်သည်။သောဘဏသာဓာရဏော၊ သောဘဏသာဓာရဏ စေတသိက်သည်။ ကိဉ္စာပိ နဟောတိ၊

အကယ်၍ကားမဖြစ်။ ပနတထာပိ၊ ထိုသို့ပင်မဖြစ်သော်လည်း။ ကုသလာဗျာကတဟေတုဘာဝေန၊ ကုသိုလ်ဟိတ်,အဗျာကတဟိတ်အဖြစ်အားဖြင့်။သဒိသတ္တာ၊တူသည်၏အဖြစ်ကြောင့်။ အလောဘ အဒေါသာနံ၊ အလောဘဟိတ်, အဒေါသဟိတ် တို့၏။ ပရံ၊နောင်၌။ တဿ၊ ထိုအမောဟစေတသိက်၏။ လက္ခဏာဒီနိ၊ လက္ခဏာအစရှိသည်တို့ကို။ ဒဿိတာနိ၊ပြအပ်ကုန်၏။ ။အဓိပ္ပါယ်ကား။အမောဟစေတသိက်သည်၊ သောဘဏသာဓာရဏစေတသိက်သည်အကယ်၍ကားမဖြစ်၊ထိုသို့ပင်မဖြစ်သော်လည်း ကုသိုလ်ဟိတ်,အဗျာကတဟိတ်အဖြစ်အားဖြင့်တူသည်၏အဖြစ်ကြောင့်အလောဘဟိတ်,အဒေါသဟိတ်တို့၏နောင်၌ထိုအမောဟစေတသိက်၏လက္ခဏာအစရှိသည်တို့ကိုပြအပ်ကုန်၏ဟူလို။

၇၁—ဝိရတိ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဝိရတိကာယဒုစ္စရိတာဒိနံဝတ္ထုနံ အဝိတိက္ကမန–လက္ခဏာ၊ ကာဒုစ္စရိတာဒိနံဝတ္ထုတောလိနဘာဝရသာ၊ ကာယဒုစ္စရိတာဒိနံ အကရဏပစ္စုပဋ္ဌာနာ၊ သဒ္ဓါဟိရောတ္တပ္ပအပ္ပိစ္ဆတာဒိဂုဏပဒဋ္ဌာနာ၊ ဣမာနိ သာမညလက္ခဏာဒီနိ။ ။ဝိရတိ၊ ဝိရတိစေတသိက်သည်။ ကာယဒုစ္စရိတာဒီနံ၊ ကာယဒုစရိုက်အစရှိသည်တို့၏။ ဝတ္ထုနံ၊ အကြောင်းဖြစ်သော ဇီဝိတိန္ဒြေစသည်တို့ကို။ အဝိတိက္ကမနလက္ခဏာ၊မလွန်ကျူးခြင်းလက္ခဏာရှိ၏။ကာယဒုစ္စရိတာဒီနံ၊ကာယဒုစရိုက်အစရှိသည်တို့၏။ ဝတ္ထုတော၊အကြောင်းဖြစ်သောဇီဝိတိန္ဒြေစသည်တို့မှ။ လိနဘာဝရသာ၊တွန့်တို့ဆုတ်နစ်သည်၏အဖြစ်လျှင်ကိစ္စရှိ၏။ ကာယဒုစ္စရိတာဒီနံ၊ကာယဒုစရိုက် အစရှိသည် တို့ကို။ အကရဏ ပစ္စုပဋ္ဌာနာ၊ မပြုခြင်းလျှင်ထင်သော အခြင်းအရာရှိ၏။သဒ္ဓါဟိရောတ္တပ္ပအပ္ပိစ္ဆတာဒိဂုဏပဒဋ္ဌာနာ၊ သဒ္ဓါ,ဟိရီ,ဩတ္တပ္ပ,အပ္ပိစ္ဆတာအစရှိသောဂုဏ်လျှင်

နီးစွာသောအကြောင်းရှိ၏။ ဓမ္မာနံ၊ ဤသည်တို့သည်။ သာမညလက္ခဏာဒီနိ၊ သာမညလက္ခဏာအစရှိသည်တို့တည်း။ ။အဓိပ္ပါယ်ကား။ ဝိရတိသည် ကာယဒုစရိုက် အစရှိသည်တို့၏ အကြောင်းဖြစ်သောဇီဝိတိန္ဒြေစသည်တို့ကို မလွန်ကျူးခြင်းလက္ခဏာရှိ၏။ ကာယဒုစရိုက်အစရှိသည်တို့၏ အကြောင်းဖြစ်သော ဇီဝိတိန္ဒြေစသည်တို့မှ တွန့်တိုဆုတ်နစ်သည်၏အဖြစ်လျှင် ကိစ္စရှိ၏။ ကာယဒုစရိုက် အစရှိသည်တို့ကို မပြုခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ သဒ္ဓါ,ဟိရီ,ဩတ္တပ္ပ,အပ္ပိစ္ဆတာ, အစရှိသော ဂုဏ်လျှင်နီးစွာသောအကြောင်းရှိ၏။ဤသည်တို့ကား သာမညလက္ခဏာစသည်တို့သည်ဖြစ်ကုန်၏ဟူလို။

၇၂—သမ္မာဝါစာ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဝိသေသတော ပန တာသု သမ္မာဝါစာ မိစ္ဆာဝါစာပဟာနလက္ခဏာ၊ဝိရမိတဗ္ဗဝတ္ထုတောဝိရမဏရသာ။ ဝစီဒုစ္စရိတဿ အကရဏ ပစ္စုပဋ္ဌာနာ။ သဒ္ဓါဟိရောတ္တပ္ပအပ္ပိစ္ဆတာဒိဂုဏပဒဋ္ဌာနာ။ ။ဝိသေသတောပန၊အထူးအားဖြင့်ကား။တာသု၊ထိုသုံးပါးသော ဝိရတိတို့တွင်၊ သမ္မာဝါစာ၊ သမ္မာဝါစာ စေတသိက်သည်။ မိစ္ဆာဝါစာ ပဟာနလက္ခဏာ၊ မိစ္ဆာဝါစာကို ပယ်ခြင်းလက္ခဏာရှိ၏။ ဝိရမိတဗ္ဗဝတ္ထုတော၊ရှောင်ကြဉ်အပ်သောဝစီဒုစရိုက်လေးပါးဟုဆိုအပ်သောဝတ္ထုမှ။ ဝိရမဏရသာ၊ရှောင်ကြဉ်ခြင်းကိစ္စရှိ၏။ဝစီဒုစ္စရိတဿ၊ဝစီဒုစရိုက်လေးပါးကို။ အကရဏပစ္စုပဋ္ဌာနာ၊ မပြုခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ သဒ္ဓါဟိရောတ္တပ္ပအပ္ပိစ္ဆတာဒိဂုဏပဒဋ္ဌာနာ၊သဒ္ဓါ,ဟိရီ,ဩတ္တပ္ပ အပ္ပိစ္ဆတာအစရှိသောဂုဏ်လျှင်နီးစွာသောအကြောင်းရှိ၏။ ။ အဓိပ္ပါယ်ကား။ အထူးအားဖြင့် ထိုသုံးပါးသော ဝိရတိတို့တွင် သမ္မာဝါစာသည်မိစ္ဆာဝါစာကိုပယ်ခြင်းလက္ခဏာရှိ၏။ ရှောင်ကြဉ်အပ်သော ဝစီဒုစရိုက် လေးပါးဟု ဆိုအပ်သော ဝတ္ထုမှ

ရှောင်ကြဉ်ခြင်းကိစ္စရှိ၏။ ဝစီဒုစရိုက်လေးပါးကို မပြုခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ သဒ္ဓါ,ဟိရိ,ဩတ္တပ္ပ,အပ္ပိစ္ဆတာအစရှိသောဂုဏ်လျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

---

## ၁၃—သမ္မာကမ္မန္တ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

သမ္မာကမ္မန္တော မိစ္ဆာကမ္မန္တပ္ပဟာန-လက္ခဏော၊ ဝိရမိတဗ္ဗဝတ္ထုတောဝိရမဏရသော၊ ကာယဒုစ္စရိတဿ အကရဏပစ္စုပဋ္ဌာနော၊ပဒဋ္ဌာနံသမ္မာဝါစာသဒိသံ။ ။သမ္မာကမ္မန္တော၊သမ္မာကမ္မန္တစေတသိက်သည်။မိစ္ဆာကမ္မန္တပ္ပဟာန လက္ခဏော၊မိစ္ဆာကမ္မန္တကိုပယ်ခြင်းလက္ခဏာရှိ၏။ ဝိရမိတဗ္ဗဝတ္ထုတော၊ ရှောင်ကြဉ်အပ်သော ကာယဒုစရိုက်သုံးပါးဟု ဆိုအပ်သော ဝတ္ထုမှ။ ဝိရမဏရသော၊ ရှောင်ကြဉ်ခြင်းကိစ္စရှိ၏။ ကာယဒုစ္စရိတဿ၊ ကာဒုစရိုက်သုံးပါးကို။ အကရဏ ပစ္စုပဋ္ဌာနော၊ မပြုခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ပဒဋ္ဌာနံ၊ပဒဋ္ဌာန်သည်။ သမ္မာဝါစာသဒိသံ၊သမ္မာဝါစာနှင့်တူ၏။ ။အဓိပ္ပါယ်ကား-သမ္မာကမ္မန္တစေတသိက်သည် မိစ္ဆာကမ္မန္တကိုပယ်ခြင်းလက္ခဏာရှိ၏။ရှောင်ကြဉ်အပ်သော ကာယဒုစရိုက်သုံးပါးဟုဆိုအပ်သော ဝတ္ထုမှ ရှောင်ကြဉ်ခြင်းကိစ္စရှိ၏။ ကာယ ဒုစရိုက်သုံးပါးကို မပြုခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ပဒဋ္ဌာန်သည် သမ္မာဝါစာနှင့်တူ၏ဟူလို။

---

## ၁၄—သမ္မာအာဇီဝ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

သမ္မာအာဇီဝေါပုဂ္ဂလဓမ္မာနံဝေါဒါနလက္ခဏော၊သယံဝေါဒါနလက္ခဏောဝါ၊ဝိရမိတဗ္ဗဝတ္ထုတော ဝိရမဏရသော၊ ဒုရာဇီဝဿအကရဏပစ္စုပဋ္ဌာနော၊ ပဒဋ္ဌာနံသမ္မာဝါစာသဒိသမေဝ။ ။သမ္မာအာဇီဝေါ၊သည်။ပုဂ္ဂလဓမ္မာနံ၊ပုဂ္ဂိုလ်တရားတို့ကို။

ဝေါဒါနလက္ခဏော၊ ဖြူစင်စေခြင်းလက္ခဏာရှိ၏။ ဝါ၊ကား။သယံဝေါဒါနလက္ခဏော၊ကိုယ်တိုင်ဖြူစင်ခြင်းလက္ခဏာရှိ၏။ဝိရမိတဗ္ဗဝတ္ထုတော၊ ရှောင်ကြဉ်အပ်သောဒုရာဇီဝ-၇-ပါးမှ။ ဝိရမဏရသော၊ရှောင်ကြဉ်ခြင်းကိစ္စရှိ၏။ ဒုရာဇီဝဿ၊ဒုရာဇီဝ-၇ပါးကို။အကရဏပစ္စုပဋ္ဌာနော၊မပြုခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ပဒဋ္ဌာနံ၊သည်။ သမ္မာဝါစာသဒိသမေဝ၊ သမ္မာဝါစာနှင့်တူသည်သာလျှင်တည်း။ ။အဓိပ္ပါယ်ကား။ သမ္မာအာဇီဝစေတသိက်သည် ပုဂ္ဂိုလ်တရားတို့ကို ဖြူစင်စေခြင်း လက္ခဏာရှိ၏။တနည်း၊ ကိုယ်တိုင်ဖြူစင်ခြင်း လက္ခဏာရှိ၏။ ရှောင်ကြဉ်အပ်သော ဒုရာဇီဝ-၇-ပါးမှ ရှောင်ကြဉ်ခြင်း ကိစ္စရှိ၏။ ဒုရာဇီဝ ၇ ပါးကိုမပြုခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ပဒဋ္ဌာန်သည် သမ္မာဝါစာနှင့်တူသည်သာလျှင်ဖြစ်၏ဟူလို။

## ၇၅—ကရုဏာ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

အပ္ပမညာသု ကရုဏာ ပရ ဒုက္ခာပနယနာ ကာရေန ပဝတ္တိလက္ခဏာ၊ပရဒုက္ခအသဟနရသာ၊ သတ္တာနံမဝိဟိံသနပစ္စုပဋ္ဌာနာ၊ဒုက္ခိတသတ္တာနမနာထဘာဝဒဿနပဒဋ္ဌာနာ။ ။အပ္ပမညာသု၊ အပ္ပမညာ နှစ်ပါးတို့တွင်။ ကရုဏာ၊ ကရုဏာ စေတသိက်သည်။ပရဒုက္ခာပနာယနာကာရေန၊သူတပါးတို့ဆင်းရဲကိုပယ်သော အခြင်းအရာ အားဖြင့်။ ပဝတ္တိလက္ခဏာ၊ ဖြစ်ခြင်းလက္ခဏာရှိ၏။ပရဒုက္ခဿ၊သူတပါးတို့၏ဆင်းရဲကို။ အသဟနရသာ၊သည်းမခံနိုင်ခြင်းကိစ္စရှိ၏။ သတ္တာနံ၊သတ္တဝါတို့ကို။ အဝိဟိံသနပစ္စုပဋ္ဌာနာ၊မညှဉ်းဆဲခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ဒုက္ခိတသတ္တာနံ၊ဒုက္ခိတသတ္တဝါတို့၏။အနာထဘာဝဒဿနပဒဋ္ဌာနာ၊ ကိုးကွယ်ရာမရှိသည်၏အဖြစ်ကိုရှုခြင်းလျှင် နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။အပ္ပမညာတို့တွင်။ကရုဏာစေတသိက်သည် သူတပါးတို့၏ဆင်းရဲကိုပယ်သော အ

ခြင်းအရာအားဖြင့်ဖြ ိခြင်း လက္ခဏာရှိ၏။ သူတပါးတို့၏ဆင်း ရဲကို သည်းမခံနိုင်ခြင်းကိစ္စရှိ၏။ သတ္တဝါတို့ကို မညှဉ်းဆဲခြင်း လျှင်ထင်သောအခြင်းအရာရှိ၏။ ဒုက္ခိတသတ္တဝါတို့၏ကိုးကွယ် ရာမရှိသည်၏အဖြစ်ကို ရှုခြင်းလျှင်နီးစွာသော အကြောင်းရှိ၏ ဟူလို။

## ၇၆–မုဒိတာ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

မုဒိတာ ပမောဒလက္ခဏာ၊ အနိဿာယနရ သာ၊ ပမောဒနီယဝိနောဒနပစ္စုပဋ္ဌာနာ၊ သုခိတသတ္တာနံ သမ္ပတ္တိဒဿနပဒဋ္ဌာနာ။ ။မုဒိတာ၊သည်။ပရသမ္ပတ္တိအနုမော ဒနလက္ခဏာ၊သူတပါးတို့၏စည်းစိမ်ကို ဝမ်းမြောက်ခြင်းလက္ခ ဏာရှိ၏။အနိဿာယနရသာ၊မငြူစူခြင်းကိစ္စရှိ၏။ပရသမ္ပတ္တိယံ၊ သူတပါးတို့၏စည်းစိမ်၌။ အရတိဝိနောဒနပစ္စုပဋ္ဌာနာ။ မမွေ့မ လျော်ခြင်းကိုဖျောက်ခြင်းလျှင်ထင်သော အခြင်းအရာရှိ၏။ သု ခိတသတ္တာနံ၊ သုခိတသတ္တဝါတို့၏။ သမ္ပတ္တိဒဿန ပဒဋ္ဌာနာ၊ ပြည့်စုံခြင်းကိုရှုခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ဝါ၊စည်း စိမ်ကိုရှုခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ မုဒိတာစေတသိက်သည် သူတပါးတို့၏ စည်းစိမ်ကို ဝမ်းမြောက် ခြင်းလက္ခဏာရှိ၏။ မငြူစူခြင်းကိစ္စရှိ၏။သူတပါးတို့၏စည်းစိမ် ၌မမွေ့မလျော်ခြင်းကို ဖျောက်ခြင်းလျှင်ထင်သောအခြင်းအရာ ရှိ၏။ သုခိတသတ္တဝါတို့၏ပြည့်စုံခြင်းကိုရှုခြင်းလျှင်နီးစွာသော အကြောင်းရှိ၏ဟူလို။

## ၇၇–ဥပေက္ခာ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဥပေက္ခာ သတ္တေသုမဇ္ဈတ္တာကာရပ္ပဝတ္တိလက္ခဏာ၊ ဟိ တူပသံဟာရရသာ၊အာဃာတဝိနောဒနပစ္စုပဋ္ဌာနာ၊ သတ္တာန

မနာထတာဒဿနပဒဋ္ဌာနာ။ ။မေတ္တာ၊ မေတ္တာစေတသိက်သည်။ သတ္တာနံ၊ တို့၏။ ဟိတပဒိပဋ္ဌနာကာရပ္ပဝတ္တိလက္ခဏာ၊ အစီးအပွါးအလိုငှါကျင့်သောအခြင်းအရာအားဖြင့်ဖြစ်ခြင်းလက္ခဏာရှိ၏။ ဟိတူပသံဟာရရသာ၊ အစီးအပွါးကိုကပ်၍ ဆောင်ခြင်းကိစ္စရှိ၏။ အာဃာတဝိနယပစ္စုပဋ္ဌာနာ၊ ရန်ငြိုးဘွဲ့ခြင်းကိုပျောက်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ သတ္တာနံ၊ တို့၏။ အနာထတာဒဿနပဒဋ္ဌာနာ၊ ကိုးကွယ်ရာမရှိသည်၏အဖြစ်ကိုရှုခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ မေတ္တာစေတသိက်သည်သတ္တဝါတို့၏အစီးအပွါးအလိုငှါကျင့်သောအခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။ အစီးအပွါးကိုကပ်၍ဆောင်ခြင်းကိစ္စရှိ၏။ ရန်ငြိုးဘွဲ့ခြင်းကို ပျောက်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ သတ္တဝါတို့၏ကိုးကွယ်ရာမရှိသည်၏အဖြစ်ကိုရှုခြင်းလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

၇၀—ဥပေက္ခာ၏လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်။

ဥပေက္ခာသတ္တေသုမဇ္ဈတ္တာကာရပ္ပဝတ္တိလက္ခဏာ၊ သမဘာဝဒဿနရသာ၊ ပဋိဃာနုနယဝူပသမပစ္စုပဋ္ဌာနာ၊ ကမ္မဿကတာဒဿနပဒဋ္ဌာနာ။ ။ဥပေက္ခာ၊ ဥပေက္ခာ စေတသိက်သည်။ သတ္တေသု၊ တို့၌။ မဇ္ဈတ္တာကာရပ္ပဝတ္တိလက္ခဏာ၊ လျစ်လျူရှုသောအခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။ သမဘာဝဒဿနရသာ၊ ညီမျှသည်၏အဖြစ်ကို ရှုခြင်းကိစ္စရှိ၏။ ပဋိဃာနုနယဝူပသမပစ္စုပဋ္ဌာနာ၊ မုန်းခြင်း, ချစ်ခြင်းမှငြိမ်းခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ ကမ္မဿကတာဒဿနပဒဋ္ဌာနာ၊ ကံသာလျှင်မိမိဥစ္စာရှိသည်၏ အဖြစ်ကို ရှုခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ဥပေက္ခာစေတသိက်သည်သတ္တဝါတို့၌လျစ်လျူရှုသောအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။ ညီမျှသည်၏အဖြစ်ကိုရှုခြင်းကိစ္စရှိ၏။ မုန်းခြင်း, ချစ်ခြင်းမှငြိမ်းခြင်းလျှင်ထင်

သောအခြင်းအရာရှိ၏။ ကံသာလျှင်မိမိဥစ္စာရှိသည့်၏ အဖြစ်ကို ရှုခြင်လျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

---

## ၇၉—ပညိန္ဒြေ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ပညိန္ဒြိယဿလက္ခဏာဒိနိအမောဟဘာဝေနဟေဋ္ဌာ ဒဿိတာနိ။ ။ပညိန္ဒြိယဿ၊ပညိန္ဒြေ၏။ လက္ခဏာဒိနိ၊လက္ခဏာစသည်တို့ကို။ အမောဟဘာဝေန၊ အမောဟ၏အဖြစ်ဖြင့်။ ဟေဋ္ဌာ၊အောက်၌။ ဒဿိတာနိ၊ ပြအပ်ကုန်ပြီ။ ။အဓိပ္ပါယ်ကား။ ပညိန္ဒြေ၏လက္ခဏာစသည်တို့ကို အမောဟ၏အဖြစ်ဖြင့်အောက်၌ပြအပ်ကုန်ပြီဟူလို။

ဧဝံပရိဂ္ဂဟော စေတသိကေ ဒိဋ္ဌိဝိသုဒ္ဓိနာမ။ ။ဧဝံယထာဝုတ္တနယေန၊အကြင်အကြင်ဆိုအပ်ပြီးသောနည်းဖြင့်။ပရိဂ္ဂဟော၊သိမ်းဆည်းခြင်းသည်။စေတသိကေ၊စေတသိက်၌။ဒိဋ္ဌိဝိသုဒ္ဓိနာမ၊အယူ၏စင်ကြယ်ခြင်းမည်၏။ ။အဓိပ္ပါယ်ကား။ အကြင်အကြင်ဆိုအပ်ပြီးသောနည်းဖြင့်သိမ်းဆည်းခြင်းသည်စေတသိက်၌အယူ၏စင်ကြယ်ခြင်းမည်၏ဟူလို။

ဣတိဒိဋ္ဌိဝိသုဒ္ဓိယံစေတသိက ဒိဋ္ဌိဝိသုဒ္ဓိကထာနာမတတိယော ပရိစ္ဆေဒေါ။ ။ဒိဋ္ဌိဝိသုဒ္ဓိကထာယံ၊အယူ၏စင်ကြယ်ခြင်းကိုဆိုရာဆိုကြောင်းဖြစ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိကထာအမည်ရှိသောကျမ်း၌။စေတသိကဒိဋ္ဌိဝိသုဒ္ဓိကထာနာမ၊ စေတသိက်၌အယူ၏စင်ကြယ်ခြင်းကိုဆိုရာဆိုကြောင်းမည်သော။ တတိယော၊သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းအခြားသည်။ ဣတိသမတ္တော၊ ဤတွင်ပြီးပြီ။ ။အဓိပ္ပါယ်ကား။ အယူ၏စင်ကြယ်ခြင်းကို ဆိုရာ ဆိုကြောင်းဖြစ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိကထာအမည်ရှိသောကျမ်း၌ စေတသိက်၌အယူ၏စင်ကြယ်ခြင်းကို ဆိုရာ ဆိုကြောင်းမည်သော-သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သောအပိုင်းအခြားသည်ဤတွင်ပြီးပြီဟူလို။

## ၄—စတုတ္ထပရိစ္ဆေဒ။

### ၈၀—မဟာဘုတ်၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

မဟာဘူတံ နိဿယဘာဝလက္ခဏံ၊ စက္ခာဒိ-နိဿယဘာဝ
ဓာရဏရသံ၊ အစ္ဆရိယဝိသေသဒဿနရသံ၊မဟာဘူတသဘာ
ဝဒဿနရသံဝါ၊မာယာယက္ခိနီအာဒယောဝိယမဟန္တေဟိ အာ
ဟာရဝတ္ထာဒီဟိ ဟာရိတဗ္ဗဘာဝပစ္စုပဋ္ဌာနံ၊ အညမညပဒဋ္ဌာနံ၊
ဣမာနိသာမညလက္ခဏာဒီနိ။ ။မဟာဘူတံ၊မဟာဘုတ်သည်။
နိဿယဘာဝလက္ခဏံ၊မှီရာ၏အဖြစ်လျှင်လက္ခဏာရှိ၏။ ဝါ၊မှီ
ရာဖြစ်ခြင်းလက္ခဏာရှိ၏။ စက္ခာဒိနိဿယဘာဝ-ဓာရဏရသံ၊
စက္ခုအစရှိသည့်တို့၏ မှီရာ၏အဖြစ်ကို ဆောင်ခြင်းကိစ္စ ရှိ၏။
ဝါ၊ ကား။ အစ္ဆရိယဝိသေသဒဿနရသံ၊ အံ့ဘွယ်အထူးကိုပြ
ခြင်းကိစ္စရှိ၏။ ဝါ၊ကား။ မဟာဘူတသဘာဝဒဿနရသံ၊ ကြီး
ကျယ်သောမဟုတ်မမှန်သောသဘောကိုပြခြင်းကိစ္စရှိ၏။ ကိမိ
ဝ၊အဘယ်ကဲ့သို့နည်းဟူမူကား။မာယာယက္ခိနီအာဒယောဝိယ၊
မျက်လှည့်သည်,ဘီလူးမ အစရှိသည်တို့ကဲ့သို့တည်း။ မဟန္တေ
ဟိ၊များစွာကုန်သော။အာဟာရဝတ္ထာဒီဟိ၊ အစား,အဝတ်အစ
ရှိသည်တို့ဖြင့်။ဟာရိတဗ္ဗဘာဝပစ္စုပဋ္ဌာနံ၊ဆောင်အပ်သည်၏အ
ဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ အညမညပဒဋ္ဌာနံ၊အချင်း
ချင်းလျှင်နီးစွာသောအကြောင်းရှိ၏။ဣမာနိ၊တို့သည်။ သာမည
လက္ခဏာဒီနိ၊ သာမညလက္ခဏာအစရှိသည်တို့တည်း။ ။အ
ဓိပ္ပါယ်ကား။မဟာဘုတ်သည်မှီရာ၏အဖြစ်လျှင် လက္ခဏာရှိ၏။
စက္ခုအစရှိသည့်တို့၏မှီရာ၏အဖြစ်ကိုဆောင်ခြင်းကိစ္စရှိ၏။ တ
နည်း၊ အံ့ဘွယ်အထူးကို ပြခြင်းကိစ္စရှိ၏။ တနည်း၊ ကြီးကျယ်
သော မဟုတ်မမှန်သော သဘောကို ပြခြင်းကိစ္စ ရှိ၏။ ဥပမာ
ကား၊မျက်လှည့်သည်,ဘီလူးမ အစရှိသည်တို့နှင့်တူ၏.များစွာ
ကုန်သောအစား,အဝတ်အစရှိသည်တို့ဖြင့်ဆောင်အပ်သည်၏
အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ အချင်းချင်းလျှင် နီးစွာ

သောအကြောင်းရှိ၏။ဤသည့်တို့သည် သာမညလက္ခဏာအစ ရှိသည့်မည်ကုန်၏ဟူလို။

## ၁၁—ပထဝီဓာတ်၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဝိသေသတောပန ထေသု ပထဝီဓာတု ကက္ခဠလက္ခဏာ၊ သဟဇာတရူပါနံပတိဋ္ဌာနဘာဝရသာ၊ သဟဇာတရူပါနံသမ္ပဋိစ္ဆနပစ္စုပဋ္ဌာနာ၊သေသဘူတတ္တယပဒဋ္ဌာနာ။ ။ဝိသေသတောပန၊ အထူးအားဖြင့်ကား။ တေသု၊ ထိုမဟာဘုတ်တို့တွင်။ ပထဝီဓာတု၊ပထဝီဓာတ်သည်။ကက္ခဠလက္ခဏာ၊ ခက်မာခြင်းလက္ခဏာရှိ၏။ သဟဇာတရူပါနံ၊တကွဖြစ်သောရုပ်တို့၏။ပတိဋ္ဌာနဘာဝရသာ၊ တည်ရာ၏အဖြစ်လျှင်ကိစ္စရှိ၏။ ဝါ၊ တည်ရာ ဖြစ်ခြင်းကိစ္စရှိ၏။ သဟဇာတရူပါနံ၊တကွဖြစ်ကုန်သောရုပ်တို့ကို။ သမ္ပဋိစ္ဆနပစ္စုပဋ္ဌာနာ၊ခံယူခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။သေသဘူတတ္တယပဒဋ္ဌာနာ၊ကြွင်းသော ဘုတ်သုံးပါးအပေါင်းလျှင် နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။အထူးအားဖြင့် ထိုမဟာဘုတ်တို့တွင်၊ပထဝီဓာတ်သည် ခက်မာခြင်းလက္ခဏာရှိ၏။ တကွဖြစ်သောရုပ်တို့၏တည်ရာ၏အဖြစ်လျှင်ကိစ္စရှိ၏။တကွဖြစ်ကုန်သော ရုပ်တို့ကို ခံယူခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ ကြွင်းသော ဘုတ်သုံးပါး အပေါင်းလျှင် နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၁၂ –အာပေါဓာတ်၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

အာပေါဓာတုပဂ္ဃရဏလက္ခဏာ၊သဟဇာတရူပါနံ ဥပဗြူဟနရသာ၊သဟဇာတရူပါနံသမောဓာနပစ္စုပဋ္ဌာနာ၊ သေသဘူတတ္တယပဒဋ္ဌာနာ။ ။အာပေါဓာတု၊အာပေါဓာတ်သည်။ပဂ္ဃရဏလက္ခဏာ၊ယိုစီးခြင်းလက္ခဏာရှိ၏။ သဟဇာတရူပါနံ၊တ

ကွဖြစ်သောရုပ်တို့ကို။ ဥပဗြူဟနရသာ၊ ပွါးစေခြင်းကိစ္စရှိ၏။ သဟဇာတရူပါနံ၊တို့ကို။ သမောဓာနပစ္စုပဋ္ဌာနာ၊ပေါင်းစုခြင်းလျှင် ထင်သောအခြင်းအရာ ရှိ၏။ သေသဘူတတ္တယပဒဋ္ဌာနာ၊ ကြွင်းသောဘုတ်သုံးပါးအပေါင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။အာပေါဓာတ်သည်ယိုစီးခြင်းလက္ခဏာရှိ၏။ တကွဖြစ်သောရုပ်တို့ကို ပွါးစေခြင်းကိစ္စရှိ၏။ တကွဖြစ်သော ရုပ်တို့ကို ပေါင်းစုခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ ကြွင်းသောဘုတ်သုံးပါးအပေါင်းလျှင် နီးစွာသောအကြောင်းရှိ၏ဟူလို။

၇၃—တေဇောဓာတ်၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

တေဇောဓာတုဥဏှတ္တလက္ခဏာ၊ သဟဇာတရူပါနံပရိပါစနရသာ၊မုဒုပ္ပါဒနပစ္စုပဋ္ဌာနာ၊သေသဘူတတ္တယပဒဋ္ဌာနာ။ ။ တေဇောဓာတု၊တေဇောဓာတ်သည်။ဥဏှတ္တလက္ခဏာ၊ပူသည်၏အဖြစ်,ထက်မြက်သည်၏အဖြစ်လျှင်လက္ခဏာရှိ၏။သဟဇာတရူပါနံ၊တကွဖြစ်သော ရုပ်တို့ကို။ ပရိပါစနရသာ၊ရင့်စေခြင်းကိစ္စရှိ၏။မုဒုပ္ပါဒနပစ္စုပဋ္ဌာနာ၊နူးညံ့ပျောင်းပြောင်းခြင်းကို ဖြစ်စေခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ သေသဘူတတ္တယပဒဋ္ဌာနာ၊ ကြွင်းသော ဘုတ် သုံးပါး အပေါင်းလျှင် နီးစွာသော အကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။တေဇောဓာတ်သည်ပူသည်၏အဖြစ်,ထက်မြက်သည်၏အဖြစ်လျှင်လက္ခဏာရှိ၏။ တကွဖြစ်သော ရုပ်တို့ကို ရင့်စေခြင်း ကိစ္စရှိ၏။ နူးညံ့ပျောင်းပြောင်းခြင်းကိုဖြစ်စေခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ကြွင်းသောဘုတ်သုံးပါးအပေါင်းလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၁၄—ဝါယောဓာတ်၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဝါယောဓာတုဥပတ္ထမ္ဘနလက္ခဏာ၊ ပူရဏပနလက္ခဏာဝါ၊ စလနရသာ၊ ပုဗ္ဗာဟရဏပစ္စုပဋ္ဌာနာ၊ သေသဘူတတ္တယပဒဋ္ဌာနာ။ ။ဝါယောဓာတု၊ ဝါယောဓာတ်သည်။ ဥပတ္ထမ္ဘနလက္ခဏာ၊ ထောက်ပံ့ခြင်းလက္ခဏာရှိ၏။ ဝါ၊ ကား။ ပူရဏပနလက္ခဏာ၊ ပြည့်စေခြင်းလက္ခဏာရှိ၏။ စလနရသာ၊ လှုပ်ရှားခြင်းကိစ္စရှိ၏။ ပုဗ္ဗာဟရဏပစ္စုပဋ္ဌာနာ၊ ရှေ့သို့ဆောင်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ သေသဘူတတ္တယပဒဋ္ဌာနာ၊ ကြွင်းသောဘုတ်သုံးပါး အပေါင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ဝါယော ဓာတ်သည် ထောက်ပံ့ခြင်း လက္ခဏာရှိ၏။ တနည်း၊ ပြည့်စေခြင်း လက္ခဏာ ရှိ၏။ လှုပ်ရှားခြင်း ကိစ္စရှိ၏။ ရှေ့သို့ ဆောင်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ ကြွင်းသောဘုတ် သုံးပါးအပေါင်းလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

---

## ၁၅—ဥပါဒါရုပ်၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဥပါဒါရူပံနိဿိတဘာဝလက္ခဏံ၊ဘူတနိဿိတဘာဝ-ဓာရဏရသံ၊ ဘူတနိဿိတဘာဝဓာရဏာကာရေန ပဝတ္တနပစ္စုပဋ္ဌာနံ၊မဟာဘူတပဒဋ္ဌာနံ။ ။ဥပါဒါရူပံ၊ဥပါဒါရုပ်သည်။ နိဿိတဘာဝလက္ခဏံ၊ မှီတတ်သည်၏ အဖြစ်လျှင် လက္ခဏာရှိ၏။ ဝါ၊ မှီ၍ဖြစ်ခြင်းလက္ခဏာရှိ၏။ ဘူတနိဿိတဘာဝ-ဓာရဏရသံ၊ ဘုတ်ကိုမှီတတ်သည်၏အဖြစ်ကိုဆောင်ခြင်းကိစ္စရှိ၏။ ဘူတနိဿိတဘာဝဓာရဏာကာရေန၊ ဘုတ်ကိုမှီတတ်သည်၏အဖြစ်ကို ဆောင်သော အခြင်းအရာအားဖြင့်။ ပဝတ္တနပစ္စုပဋ္ဌာနံ၊ ဖြစ်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ မဟာဘူတပဒဋ္ဌာနံ၊ မဟာဘုတ်လျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ဥပါဒါရုပ်သည်မှီတတ်သည်၏အဖြစ်လျှင်လက္ခဏာရှိ၏။ ဘုတ်

ကို မှိတတ်သည့်၏ အဖြစ်ကို ဆောင်ခြင်းကိစ္စရှိ၏။ ဘုတ်ကိုမှိတတ်သည့်၏အဖြစ်ကို ဆောင်သော အခြင်းအရာအားဖြင့်ဖြစ်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ မဟာဘုတ်လျှင် နီးစွာသောအကြောင်းရှိ၏ဟူလို။

ဏ္ဍုမာနိသာမညလက္ခဏာဒီနိ။ ။ဏ္ဍုမာနိ၊ဤသည်တို့သည်။ သာမညလက္ခဏာဒီနိ၊သာမညလက္ခဏာအစရှိသည့်တို့ဘည်း။ ။ အဓိပ္ပါယ်ကား။ ဤဆိုအပ်ပြီးသည့်တို့သည်သာမညလက္ခဏာစသည့်တို့တည်း။ ဝိသေသ လက္ခဏာစသည့်တို့ကို ဆိုလတ္တံ့သောနည်းဖြင့်သိရမည်ဟူလို။

---

၁၉ - စက္ခုပသာဒ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဝိသေသတောပန‌တေသု စက္ခုရူပေရူပဿဝါ ဃဋ္ဋနာရဟဘူတာနံ ပသာဒန လက္ခဏံ၊ ဒဋ္ဌုကာမတာနိဒါနေန ကမ္မေနသမုဋ္ဌာန-ဘူတပ္ပသာဒနလက္ခဏံဝါ၊ ဒဋ္ဌုံ ကာမေတီတိ ဒဋ္ဌုကာမော၊ဇနော။ ဒဋ္ဌုကာမံဝါ၊ဝိတ္တံ။ တဿဘာဝေါဒဋ္ဌုကာမတာ၊တဏှာ။ ဒဋ္ဌုကာမတာဧဝနိဒါနံတေဿာတိဒဋ္ဌုကာမတာနိဒါနံ၊ကမ္မံ။ ဧဝံသောတုကာမတာ နိဒါနနဲ့ာတိအာဒိသု ယောဇနာနေသု၊ရူပါကဲ့နရသံ၊ စက္ခုဝိညာဏဿဝတ္ထုပစ္စုပဋ္ဌာနံ၊ ဒဋ္ဌုကာမတာနိဒါနေနကမ္မေန သမုဋ္ဌာနဘူတပဒဋ္ဌာနံ။ ။ဝိသေသတောပန၊ အထူးအားဖြင့်ကား။ တေသု၊ ထိုဥပါဒါရုပ်တို့တွင်။ စက္ခု၊စက္ခုပသာဒသည်။ရူပေ၊ရူပါရုံ၌။ဝါ၊ကား။ရူပဿ၊ရူပါရုံကို။ဃဋ္ဋနာရဟဘူတာနံ၊ထိခိုက်ခြင်းငှါထိုက်သောဘုတ်တို့ကို။ ပသာဒနလက္ခဏံ၊ ကြည်စေခြင်းလက္ခဏာရှိ၏။ ဝါ၊ကား။ဒဋ္ဌုကာမတာနိဒါနေန၊ မြင်ခြင်းငှါအလိုရှိသည့်၏အဖြစ်တည်း ဟူသောတဏှာလျှင်အကြောင်းရင်းရှိသော။ ကမ္မေန၊ ကံကြောင့်။ သမုဋ္ဌာန-ဘူတပ္ပသာဒနလက္ခဏံ၊ ဖြစ်သောဘုတ်ကို ကြည်စေခြင်းလက္ခဏာရှိ၏။ယောဇနော၊အကြင်သူသည်။ ဒဋ္ဌုံ၊မြင်ခြင်း

ဌါ။ကာမေတိ၊အလိုရှိထတ်၏။ဇာတိတသ္မာ၊ထိုကြောင့်။ သောဇ
နော၊ထိုသူသည်။ ဒဠ္ဌကာမော၊ဒဠှကာမမည်၏။ ဇနော၊သတ္တ
ဝါကို။လဗ္ဘတိ၊ရအပ်၏။ဝါ၊ကား။ ဒဠှကာမံ၊ဒဠှကာမမည်၏။
စိတ္တံ၊စိတ်ကို။ လဗ္ဘတိ၊ ရအပ်၏။ တဿ၊ ထိုမြင်ခြင်းငှါအလိုရှိ
သောသူ၏။ဝါ၊မြင်ခြင်းငှါအလိုရှိသောစိတ်၏။ ဘာဝေါ၊အဖြစ်
တည်း။ဒဠှကာမတာ၊မြင်ခြင်းငှါအလိုရှိသောသူ၏အဖြစ်။ ဝါ၊
မြင်ခြင်းငှါအလိုရှိသောစိတ်၏အဖြစ်။ တဗ္ဗာ၊တဗ္ဗာကို။ လဗ္ဘ
တိ၊ရအပ်၏။ဧတေသကမ္မဿ၊ဤကံအား။ဒဠှကာမတာဧဝ၊မြင်
ခြင်းငှါအလိုရှိသည်၏အဖြစ်တည်းဟူသောတဗ္ဗာသာလျှင်ဖြစ်
သော။ နိဒါနံ၊အကြောင်းရင်းသည်။ အတ္ထိ၊ရှိ၏။ ဇာတိတသ္မာ၊ထို
ကြောင့်။တံ၊ထိုကံသည်။ဒဠှကာမတာနိဒါနံ၊ဒဠှကာမတာနိဒါ
နမည်၏။ကမ္မံ၊ကံကို။လဗ္ဘတိ၊ရအပ်၏။သောတုကာမတာနိဒါနေ
နာတိအာဒိသု၊သောတုကာမတာနိဒါနေနအစရှိကုန်သော။ ဝက္ခ
မာနေသု၊ဆိုလတ္တံ့သောပုဒ်တို့၌။ ဧဝံဘထာ၊ထိုအတူဘည်း။ ရူ
ပါကာရုနရသံ၊ ရူပါရုံကိုမြင်ခြင်းကိစ္စရှိ၏။ စက္ခုဝိညာဏာခါရ
ဘာဝပစ္စုပဋ္ဌာနံ၊ စက္ခုဝိညာဉ်၏ တည်ရာ၏ အဖြစ်လျှင် ထင်
သောအခြင်းအရာရှိ၏။ဒဠှကာမတာနိဒါနေန၊ မြင်ခြင်းငှါအလို
ရှိသည်၏ အဖြစ်ဘည်းဟူသော-တဗ္ဗာလျှင် အကြောင်းရင်းရှိ
သော။ ကမ္မေန၊ ကံကြောင့်။ သမုဋ္ဌာနဘူတပဒဋ္ဌာနံ၊ ဖြစ်သော
ဘုတ်လျှင်နီးစွာသော အကြောင်းရှိ၏၊ ။အဓိပ္ပါယ်ကား။ အ
ထူးအားဖြင့် ဥပါဒါရုပ်တို့တွင်၊ စက္ခုပသာဒသည် ရူပါရုံ၌။တ
နည်း၊ရူပါရုံကို ထိခိုက်ခြင်းငှါထိုက်သော ဘုတ်တို့ကိုကြည်စေ
ခြင်းလက္ခဏာရှိ၏။ တနည်း၊မြင်ခြင်းငှါ အလိုရှိသည်၏ အဖြစ်
ဘည်းဟူသော တဗ္ဗာလျှင်အကြောင်းရင်းရှိသော-ကံကြောင့်
ဖြစ်သောဘုတ်တို့ကို ကြည်စေခြင်း လက္ခဏာရှိ၏၊ အကြင်သူ
သည်မြင်ခြင်းငှါအလိုရှိတတ်၏။ထိုကြောင့်ထိုသူသည်ဒဠှကာ
မမည်၏။ ဒဠှကာမဟူသည်သတ္တဝါတည်း။ တနည်း၊အကြင်
စိတ်သည်မြင်ခြင်းငှါ အလိုရှိတတ်၏။ ထိုကြောင့် ထိုစိတ်သည်

ဒဋ္ဌုကာမမည်၏။ဒဋ္ဌုကာမဟူသည်စိတ်တည်း။ မြင်ခြင်းငှါအလိုရှိသောသူ၏အဖြစ်သည်။ တနည်း၊ စိတ်၏အဖြစ်သည် ဒဋ္ဌုကာမတာမည်၏။ ဒဋ္ဌုကာမတာဟူသည်တဏှာတည်း။ ဤကံအားမြင်ခြင်းငှါ အလိုရှိသည်၏အဖြစ်တည်းဟူသော တဏှာလျှင်အကြောင်းရင်းရှိ၏။ ထိုကြောင့်ထိုကံသည်ဒဋ္ဌုကာမတာနိဒါနမည်၏။ ဒဋ္ဌုကာမတာနိဒါနဟူသည် ကံတည်း။ သောတုကာမတာနိဒါနေန, စသောဆိုလတ္တံ့သောပုဒ်တို့၌ ဤနည်းအတူပင်တည်း။ရူပါရုံကိုငင်ခြင်းကိစ္စရှိ၏။ စက္ခုဝိညာဉ်၏တည်ရာ၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ မြင်ခြင်းငှါအလိုရှိသည်၏အဖြစ်တည်းဟူသော တဏှာလျှင်အကြောင်းရင်းရှိသောကံကြောင့်ဖြစ်သောဘုတ်လျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၈၇—သောတပသာဒ၏လက္ခဏာ၊ရသ၊ ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

သောတံသဒ္ဒေသဒ္ဒဿဝါဃဋ္ဋနာရဟဘူတာနံပသာဒနလက္ခဏံ၊ သောတုကာမတာနိဒါနေနကမ္မေနသမုဋ္ဌာနဘူတပ္ပသာဒနလက္ခဏံဝါ၊သဒ္ဒါကဍ္ဎနရသံ၊ သောတဝိညာဏဿာဓာရဘာဝပစ္စုပဋ္ဌာနံ၊သောတုကာမတာနိဒါနေနကမ္မေနသမုဋ္ဌာနဘူတပဒဋ္ဌာနံ။ ။သောတံ၊သောတပသာဒသည်။သဒ္ဒေ၊သဒ္ဒါရုံ၌။ဝါ၊ကား။သဒ္ဒဿ၊သဒ္ဒါရုံကို။ဃဋ္ဋနာရဟဘူတာနံ၊ ထိခိုက်ခြင်းငှါထိုက်သောဘုတ်တို့ကို။ ပသာဒနလက္ခဏံ၊ ကြည်စေခြင်းလက္ခဏာရှိ၏။ဝါ၊ကား။ သောတုကာမတာနိဒါနေန၊ ကြားခြင်းငှါအလိုရှိသည်၏အဖြစ်တည်းဟူသောတဏှာလျှင်အကြောင်းရင်းရှိသော။ကမ္မေန၊ကံကြောင့်။ သမုဋ္ဌာနဘူတပ္ပသာဒနလက္ခဏံ၊ဖြစ်သောဘုတ်တို့ကိုကြည်စေခြင်းလက္ခဏာရှိ၏။သဒ္ဒါကဍ္ဎနရသံ၊သဒ္ဒါရုံကိုငင်ခြင်းကိစ္စရှိ၏။ သောတဝိညာဏဿ ဓာရဘာဝ ပစ္စုပဋ္ဌာနံ၊ သောတဝိညာဉ်၏တည်ရာ၏ အဖြစ်လျှင်ထင်သောအခြင်းအရာ

ရှိ၏။ သောတုကာမတာနိဒါနေန၊ ကြားခြင်းငှါအလိုရှိသည်၏အဖြစ်တည်းဟူသောတဏှာလျှင်အကြောင်းရင်းရှိသော၊ ကမ္မေန၊ ကံကြောင့်။ သမုဋ္ဌာနဘူတပဒဋ္ဌာနံ၊ ဖြစ်သောဘုတ်လျှင် နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ သောတပသာဒသည် သဒ္ဒါရုံ၌။ ဘနည်း၊ သဒ္ဒါရုံကိုထိခိုက်ခြင်းငှါထိုက်သောဘုတ်တို့ကိုကြည့်စေခြင်းလက္ခဏာရှိ၏။ ဘနည်း၊ ကြားခြင်းငှါ အလိုရှိသည့်၏ အဖြစ်တည်းဟူသော-ဘဏှာလျှင် အကြောင်းရင်း ရှိသောကံကြောင့်ဖြစ်သောဘုတ်တို့ကို ကြည့်စေခြင်းလက္ခဏာရှိ၏။ သောတဝိညာဉ်၏တည်ရာ၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ ကြားခြင်းငှါအလိုရှိသည့်၏အဖြစ်တည်းဟူသောတဏှာလျှင်အကြောင်းရင်းရှိသော ကံကြောင့်ဖြစ်သော ဘုတ်လျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

ဂ—ဃာနပသာဒ၏လက္ခဏာ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်။

ဃာနံ ဂန္ဓေဂန္ဓဿဝါဃဋ္ဋနာရဟဘူတာနံ ပသာဒနလက္ခဏံ၊ ဃာယိတုကာမတာနိဒါနေန ကမ္မေန သမုဋ္ဌာန-ဘူတပ္ပသာဒနလက္ခဏံဝါ၊ ဂန္ဓာကဍ္ဎနရသံ၊ ဃါနဝိညာဏာဓာရဘာဝပစ္စုပဋ္ဌာနံ၊ ဃာယိတုကာမတာနိဒါနေနကမ္မေနသမုဋ္ဌာနဘူတပဒဋ္ဌာနံ။ ။ ဃာနံ၊ ဃာနပသါဒသည်။ ဂန္ဓေ၊ ဂန္ဓာရုံ၌။ ဝါ၊ ကား။ ဂန္ဓဿ၊ ဂန္ဓာရုံကို။ ဃဋ္ဋနာရဟဘူတာနံ၊ ထိခိုက်ခြင်းငှါထိုက်သောဘုတ်တို့ကို။ ပသာဒနလက္ခဏံ၊ ကြည်စေခြင်းလက္ခဏာရှိ၏။ ဝါ၊ ကား၊ ဃာယိတုကာမတာ နိဒါနေန၊ နမ်းခြင်းငှါ အလိုရှိသည်၏ အဖြစ်တည်းဟူသောတဏှာလျှင်အကြောင်းရင်းရှိသော။ ကမ္မေန၊ ကံကြောင့်။ သမုဋ္ဌာနဘူတပ္ပသာဒနလက္ခဏံ၊ ဖြစ်သောဘုတ်တို့ကို ကြည်စေခြင်းလက္ခဏာရှိ၏။ ဂန္ဓာကဍ္ဎနရသံ၊ ဂန္ဓာရုံကိုငင်ခြင်းကိစ္စရှိ၏။ ဃာနဝိညာဏာဓာရဘာဝပစ္စုပဋ္ဌာနံ၊ ဃါနဝိညာဉ်၏တည်ရာ၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ ဃာယိတုကာ

မတာနိဒ္ဒါနေန၊ နမ်းခြင်း၌ အလို ရှိသည်၏ အဖြစ်တည်းဟူသောတဏှာလျှင်အကြောင်းရင်းရှိသော။ကမ္မေန၊ကံကြောင့်။သမုဋ္ဌာနဘူတပဒဋ္ဌာနံ၊ဖြစ်သောဘုတ်လျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား၊ဃာနပသာဒသည်ဂန္ဓာရုံ၌၊တနည်း၊ဂန္ဓာရုံကိုထိခိုက်ခြင်း၌ထိုက်သော ဘုတ်တို့ကိုကြည်စေခြင်း လက္ခဏာရှိ၏။တနည်း၊ ဂန္ဓာရုံကို နမ်းခြင်း၌ အလိုရှိသည်၏ အဖြစ်တည်းဟူသော တဏှာလျှင်အကြောင်းရင်းရှိသော-ကံကြောင့်ဖြစ်သောဘုတ်တို့ကိုကြည်စေခြင်းလက္ခဏာရှိ၏၊ ဂန္ဓာရုံကိုငင်ခြင်းကိစ္စရှိ၏။ဃာနဝိညာဉ်၏တည်ရာ၏အဖြစ်လျှင် ထင်သောအခြင်း အရာရှိ၏၊ နမ်းခြင်း၌ အလိုရှိသည်၏ အဖြစ်တည်းဟူသောတဏှာလျှင် အကြောင်းရင်းရှိသော ကံကြောင့် ဖြစ်သောဘုတ်လျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

---

၇၉—ဇိဝှါပသာဒ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဇိဝှါရသေရသဿဝါဃဋ္ဋနာရဟာဘူတပ္ပသာဒနလက္ခဏာ၊ သာယိတုကာမတာနိဒ္ဒါနေန ကမ္မေန သမုဋ္ဌာန ဘူတပ္ပသာဒ နလက္ခဏာဝါ၊ရသာကဍ္ဎနရသာ၊ဇိဝှါဝိညာဏာဓာရ-ဘာဝပစ္စုပဋ္ဌာနာ၊ သာယိတုကာမတာ နိဒ္ဒါနေန ကမ္မေန သမုဋ္ဌာနဘူတပဒဋ္ဌာနာ။ ။ဇိဝှါ၊ဇိဝှါပသာဒသည်။ရသေ၊ရသာရုံ၌။ဝါ၊ကား။ရသဿ၊ရသာရုံကို။ ဃဋ္ဋနာရဟာဘူတာနံ၊ထိခိုက်ခြင်း၌ထိုက်သောဘုတ်တို့ကို။ပသာဒနလက္ခဏာ၊ ကြည်စေခြင်းလက္ခဏာရှိ၏။ ဝါ၊ကား။ သာယိတုကာမတာ နိဒ္ဒါနေန၊ လျက်ခြင်း၌ အလိုရှိသည်၏အဖြစ်တည်းဟူသောတဏှာလျှင် အကြောင်းရင်းရှိသော။ကမ္မေန၊ကံကြောင့်။သမုဋ္ဌာန ဘူတပ္ပသာဒနလက္ခဏာ၊ဖြစ်သောဘုတ်တို့ကို ကြည်စေခြင်းလက္ခဏာရှိ၏။ ရသာကဍ္ဎနရသာ၊ရသာရုံကိုငင်ခြင်းကိစ္စရှိ၏။ ဇိဝှါဝိညာဏာဓာရဘာဝပစ္စုပဋ္ဌာနာ၊ဇိဝှါဝိညာဉ်၏ တည်ရာ၏အဖြစ်လျှင် ထင်သောအ

ခြင်းအရာရှိ၏။သာယိတုကာမတာနိဒ္ဒါနေ့ နှ၊ လျက်ခြင်းငှါအလို
ရှိသည့်၏ အဖြစ်တည်းဟူသော တဏှာလျှင်အကြောင်းရင်းရှိ
သော။ကမ္မေန။ကံကြောင့်။ သမုဋ္ဌာနဘူတပဒဋ္ဌာနော၊ ဖြစ်သော
ဘုတ်လျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ဇိဝှါ
ပသာဒသည် ရသာရုံ၌။ တနည်း၊ ရသာရုံကို ထိခိုက် ခြင်းငှါ
ထိုက်သောဘုတ်တို့ကို ကြည်စေခြင်းလက္ခဏာရှိ၏။ တနည်း၊
လျက်ခြင်းငှါအလိုရှိသည့်၏အဖြစ်တည်းဟူသော တဏှာလျှင်
အကြောင်းရင်းရှိသော-ကံကြောင့်ဖြစ်သော ဘုတ်တို့ကို ကြည်
စေခြင်းလက္ခဏာရှိ၏။ရသာရုံကိုငင်ခြင်းကိစ္စရှိ၏။ဇိဝှါဝိညာဉ်
၏တည်ရာ၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ လျက်ခြင်း
ငှါအလိုရှိသည့်၏အဖြစ်တည်းဟူသောတဏှာလျှင်အကြောင်း
ရင်း ရှိသော-ကံကြောင့် ဖြစ်သော ဘုတ်လျှင် နီးစွာသော အ
ကြောင်းရှိ၏ဟူလို။

၄၀ - ကာယပသာဒ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ကာယော ဖောဋ္ဌဗ္ဗေဖောဋ္ဌဗ္ဗဿ ဝါ ဃဋ္ဋနာရဟဘူတာနံ ပ
သာဒနလက္ခဏော၊ဖုသိတုကာမတာနိဒါနေနကမ္မေန သမုဋ္ဌာန
ဘူတပ္ပသာဒနလက္ခဏော ဝါ၊ဖောဋ္ဌဗ္ဗာကဍ္ဎနရသော၊ ကာယဝိ
ညာဏဿဓာရဘာဝ-ပစ္စုပဋ္ဌာနော၊ ဖုသိတုကာမတာ နိဒါနေန
ကမ္မေနသမုဋ္ဌာနဘူတပဒဋ္ဌာနော။ ။ကာယော၊ကာယပသာဒ
သည်။ဖောဋ္ဌဗ္ဗေ၊ဖောဋ္ဌဗ္ဗာရုံ၌။ ဝါ၊ကား။ဖောဋ္ဌဗ္ဗဿ၊ကို။ဃဋ္ဋ
နာရဟဘူတာနံ၊ထိခိုက်ခြင်းငှါထိုက်သောဘုတ်တို့ကို။ ပသာဒ
နလက္ခဏော၊ ကြည်စေခြင်း လက္ခဏာရှိ၏။ ဝါ၊ကား။ ဖုသိတု
ကာမတာနိဒါနေန၊တွေ့ထိခြင်းငှါအလိုရှိသည့်၏ အဖြစ်တည်း
ဟူသောတဏှာလျှင်အကြောင်းရင်းရှိသော။ကမ္မေန၊ကံကြောင့်။
သမုဋ္ဌာနဘူတပ္ပသာဒနလက္ခဏော၊ဖြစ်သော ဘုတ်တို့ကိုကြည်
စေခြင်းလက္ခဏာရှိ၏။ ဖောဋ္ဌဗ္ဗာကဍ္ဎနရသော၊ ဖောဋ္ဌဗ္ဗာရုံကို

ငင်ခြင်းကိစ္စရှိ၏။ကါယာဝိညာဏာဓါရဘာဝပစ္စုပဋ္ဌာနော၊ကာယဝိညာဉ်၏တည်ရာ၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ ဖုသိတုကာမတာ နိဒါနေန၊ တွေ့ခြင်းငှါ အလိုရှိသည့်၏ အဖြစ်တည်းဟူသောတဏှာလျှင်အကြောင်းရင်းရှိသော။ ကမ္မေန၊ကံကြောင့်။ သမုဋ္ဌာနဘူတပဒဋ္ဌာနော၊ ဖြစ်သောဘုတ်လျှင် နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ကာယဝိညာဉ် သည် ဖေါဋ္ဌဗ္ဗာရုံ၌၊ တနည်း၊ဖေါဋ္ဌဗ္ဗာရုံကို တွေ့ထိခြင်းငှါထိုက်သောဘုတ်တို့ကိုကြည်စေခြင်းလက္ခဏာရှိ၏။ တနည်း၊ တွေ့ထိခြင်းငှါအလိုရှိသည်၏အဖြစ်တည်းဟူသောတဏှာလျှင်အကြောင်းရင်းရှိသော-ကံအကြောင့်ဖြစ်သော ဘုတ်တို့ကို ကြည်စေခြင်းလက္ခဏာရှိ၏။ဖေါဋ္ဌဗ္ဗာရုံကို ငင်ခြင်းကိစ္စရှိ၏။ ကာယဝိညာဉ်၏ တည်ရာ၏အဖြစ်လျှင်ထင်သော အခြင်းအရာရှိ၏။ တွေ့ထိခြင်းငှါအလိုရှိသည်၏အဖြစ်တည်းဟူသောတဏှာလျှင်အကြောင်းရင်းရှိသော-ကံကြောင့် ဖြစ်သော ဘုတ်လျှင် နီးစွာ သော အကြောင်းရှိ၏ဟူလို။

⁂

၆၁—ရူပါရုံ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ရူပံစက္ခုပဋိဟနနလက္ခဏံ၊ စက္ခုဝိညာဏဝိသယရသံ၊ တဿေဝဂေါစရပစ္စုပဋ္ဌာနံ၊ စတုမဟာဘူတပဒဋ္ဌာနံ။ ။ရူပံ၊ရူပါရုံသည်။စက္ခုမှို၊စက္ခုပသာဒ၌။ ဝါ၊ကား။စက္ခုသာ၊စက္ခုပသာဒကို။ဃဋ္ဋနလက္ခဏံ၊ ထိခိုက်ခြင်း လက္ခဏာရှိ၏။ စက္ခုဝိညာဏဝိသယရသံ၊ စက္ခုဝိညာဉ်၏ အာရုံ၏ အဖြစ်လျှင်ကိစ္စရှိ၏။ ဝါ၊စက္ခုဝိညာဉ်၏အာရုံဖြစ်ခြင်းကိစ္စရှိ၏။ စက္ခုဝိညာဏဂေါစရ ဘာဝပစ္စုပဋ္ဌာနံ၊ စက္ခုဝိညာဉ်၏ ကျက်စားရာ၏အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ ဝါ၊စက္ခုဝိညာဉ်၏ ကျက်စားရာ ဖြစ်ခြင်းလျှင် ထင်သော အခြင်း အရာရှိ၏။ စတုသမုဋ္ဌာနိကမဟာဘူတပဒဋ္ဌာနံ၊

စတုသမုဋ္ဌာနာဒိက မဟာဘုတ်လျှင် နီးစွာသော အကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ရူပါရုံသည် စက္ခုပသာဒ၌။ တနည်း၊ စက္ခုပသာဒကိုထိခိုက်ခြင်းလက္ခဏာရှိ၏။ စက္ခုဝိညာဉ်၏အာရုံ၏အဖြစ်လျှင် ကိစ္စရှိ၏။စက္ခုဝိညာဉ်၏ ကျက်စားရာ၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ စတုသမုဋ္ဌာနိက မဟာဘုတ်လျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၆၂—သဒ္ဒါရုံ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

သဒ္ဒေါသောတေသောတဿဝါဃဋ္ဋနလက္ခဏော၊ သောတဝိညာဏာရမ္မဏဘာဝရသော၊ သောတဝိညာဏဿ ဂေါစရဘာဝပစ္စုပဋ္ဌာနော၊ ပဒဋ္ဌာနံပုရိမသမံ၊ တထာဂန္ဓာဒိသု။ ။သဒ္ဒေါ၊ သဒ္ဒါရုံသည်။သောတေ၊သောတပသာဒ၌။ဝါ၊ကား။သောတဿ၊ သောတပသာဒကို။ ဃဋ္ဋနလက္ခဏော၊ထိခိုက်ခြင်းလက္ခဏာရှိ၏။ သောတဝိညာဏာ ရမ္မဏဘာဝရသော၊ သောတဝိညာဉ်၏ အာရုံ၏ အဖြစ်လျှင် ကိစ္စရှိ၏။ ဝါ၊သောတဝိညာဉ်၏ အာရုံဖြစ်ခြင်း ကိစ္စရှိ၏။ သောတဝိညာဏဿ ဂေါစရဘာဝ ပစ္စုပဋ္ဌာနော၊ သောတဝိညာဉ်၏ ကျက်စားရာ၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ဝါ၊သောတဝိညာဉ်၏ကျက်စားရာဖြစ်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ ပဒဋ္ဌာနံ၊ ပဒဋ္ဌာန်သည်။ ပုရိမသမံ၊ ရှေးနည်းနှင့်တူ၏။ ဂန္ဓာဒိသု၊ ဂန္ဓာရုံစသည်တို့၌။ တထာ၊ ထိုအတူတည်း။ ။အဓိပ္ပါယ်ကား။ သဒ္ဒါရုံသည်သောတပသာဒ၌။ တနည်း၊ သောတပသာဒကိုထိခိုက်ခြင်း လက္ခဏာရှိ၏။ သောတဝိညာဉ်၏ အာရုံ၏အဖြစ်လျှင်ကိစ္စရှိ၏၊သောတဝိညာဉ်၏ကျက်စားရာ၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ ပဒဋ္ဌာန်သည် ရှေးနည်းနှင့်တူ၏။ ထို့ကြောင့်စတုသမုဋ္ဌာနိက မဟာဘုတ်လျှင် နီးစွာသောအကြောင်းရှိ၏။ ဂန္ဓာရုံစသည်တို့၌ထို့နည်းအတူပင် ဟူလို။

## ၉၃—ဂန္ဓာရုံ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဂန္ဓောဃာနေဃာနဿဝါ ဃဋ္ဋနလက္ခဏော၊ ဃာနဝိညာဏာရမ္မဏဘာဝရသော၊ ဃာနဝိညာဏဂေါစရဘာဝပစ္စုပဋ္ဌာနော။ ။ဂန္ဓော၊ဂန္ဓာရုံသည်။ ဃာနေ၊ဃာနပသာဒ၌။ ဝါ၊ဃာနဿ၊ဃာနပသာဒကို။ ဃဋ္ဋနလက္ခဏော၊ထိခိုက်ခြင်းလက္ခဏာရှိ၏။ ဃာနဝိညာဏာရမ္မဏဘာဝရသော၊ဃာနဝိညာဉ်၏အာရုံ၏အဖြစ်လျှင်ကိစ္စရှိ၏။ ဝါ၊ဃာနဝိညာဉ်၏အာရုံဖြစ်ခြင်းကိစ္စရှိ၏။ ဃာန ဝိညာဏဂေါစရဘာဝ-ပစ္စုပဋ္ဌာနော၊ ဃာနဝိညာဉ်၏ကျက်စားရာ၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ ဝါ၊ဃာနဝိညာဉ်၏ကျက်စားရာ၏ဖြစ်ခြင်းလျှင်ထင်သော အခြင်းအရာရှိ၏။ ။အဓိပ္ပါယ်ကား။ဂန္ဓာရုံသည်ဃာနပသာဒ၌။တနည်း၊ဃာနပသာဒကိုထိခိုက်ခြင်းလက္ခဏာရှိ၏။ဃာနဝိညာဉ်၏အာရုံ၏အဖြစ်လျှင် ကိစ္စရှိ၏။ ဃာနဝိညာဉ်၏ ကျက်စားရာ၏ အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ ပဒဋ္ဌာန်ကားရှေးနည်းနှင့် တူသောကြောင့်၊ စတု သမုဋ္ဌာနိက မဟာဘုတ် လျှင် နီးစွာသော အကြောင်းရှိ၏ဟူလို။

---

## ၉၄—ရသာရုံ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ရသောဇိဝှါယဃဋ္ဋနလက္ခဏော၊ဇိဝှါဝိညာဏာရမ္မဏဘာဝရသော၊ဇိဝှါဝိညာဏဂေါစရဘာဝပစ္စုပဋ္ဌာနော။ ။ရသော၊ ရသာရုံသည်။ ဇိဝှါယ၊ဇိဝှါပသာဒ၌။ ဝါ၊ဇိဝှါပသာဒကို။ဃဋ္ဋန လက္ခဏော၊ ထိခိုက်ခြင်း လက္ခဏာရှိ၏။ ဇိဝှါဝိညာဏာရမ္မဏဘာဝရသော၊ ဇိဝှါဝိညာဉ်၏ အာရုံ၏အဖြစ်လျှင်ကိစ္စရှိ၏။ ဝါ၊ ဇိဝှါဝိညာဉ်၏အာရုံဖြစ်ခြင်းကိစ္စရှိ၏။ ဇိဝှါဝိညာဏဂေါစရဘာဝပစ္စုပဋ္ဌာနော၊ ဇိဝှါဝိညာဉ်၏ကျက်စားရာ၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ ။အဓိပ္ပါယ်ကား။ရသာရုံသည်ဇိဝှါပ

သာဒန္တိ။ တနည်း၊ ဇိဝှါပသာဒကိုထိခိုက်ခြင်းလက္ခဏာရှိ၏။ ဇိဝှါဝိညာဉ်၏အာရုံ၏ အဖြစ်လျှင်ကိစ္စရှိ၏။ ဇိဝှါဝိညာဉ်၏ကျက်စားရာ၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ ပဒဋ္ဌာန်ကားရှေးနည်းနှင့်တူသောကြောင့်၊ စတုသမုဋ္ဌာနိကမဟာဘုတ်လျှင် နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၄၅—ဖေါဋ္ဌဗ္ဗာရုံ၏လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်။

ဖေါဋ္ဌဗ္ဗံကာယေကာယဿဝါဃဋ္ဋနလက္ခဏံ၊ ကာယဝိညာဏာရမ္မဏဘာဝရသံ၊ ကာယဝိညာဏဂေါစရ ဘာဝ-ပစ္စုပဋ္ဌာနံ။ ။ဖေါဋ္ဌဗ္ဗံ၊ သည်။ ကာယေ၊ ကာယပသာဒ၌။ ဝါ၊ ကား။ ကာယဿ၊ ကာယပသာဒကို။ ဃဋ္ဋနလက္ခဏံ၊ ထိခိုက်ခြင်းလက္ခဏာရှိ၏။ ကာယဝိညာဏာရမ္မဏဘာဝရသံ၊ ကာယဝိညာဉ်၏ အာရုံ၏အဖြစ်လျှင်ကိစ္စရှိ၏။ ကာယဝိညာဏဂေါစရဘာဝပစ္စုပဋ္ဌာနံ၊ ကာယဝိညာဉ်၏ကျက်စားရာ၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ ။အဓိပ္ပါယ်ကား။ ဖေါဋ္ဌဗ္ဗာရုံသည်ကာယပသာဒ၌ တနည်း၊ ကာယပသာဒကို ထိခိုက်ခြင်း လက္ခဏာရှိ၏။ ကာယဝိညာဉ်၏အာရုံ၏အဖြစ်လျှင် ကိစ္စရှိ၏။ ကာယဝိညာဉ်၏ ကျက်စားရာ၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ ပဒဋ္ဌာန်ကား ရှေးနည်းနှင့်တူသောကြောင့်၊ စတုသမုဋ္ဌာနိကမဟာဘုတ်လျှင် နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၄၆—ဣတ္ထိဘာဝ၏လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်။

ဣတ္ထတ္တံဣတ္ထိဘာဝလက္ခဏံ၊ ဣတ္ထီတိ ပကာသနရသံ၊ ဣတ္ထိလိင်္ဂနိမိတ္တကုတ္တာကပ္ပါနံကာရဏဘာဝပစ္စုပဋ္ဌာနံ၊ ဣတ္ထတ္တကာမတာနိဒါနေနကမ္မေနသမုဋ္ဌာနဘူတပဒဋ္ဌာနံ။ ။ဣတ္ထတ္တံ၊ ဣတ္ထိဘာဝသည်။ ဣတ္ထိဘာဝလက္ခဏံ၊ မိန်းမ၏အဖြစ်လျှင် လက္ခဏာ

ရှိ၏။ ဝါ၊ မိန်းမဖြစ်ခြင်းလက္ခဏာရှိ၏။ ဇုတ္တိတိ၊ မိန်းမဟူ၍။ ပကာ
သနရသံ၊ ပြခြင်းကိစ္စရှိ၏။ ဇုတ္တိလိင်္ဂနိမိတ္တကုတ္တာကပ္ပါနံ၊ ဇုတ္တိ
လိင်,ဇုတ္တိနိမိတ်,ဇုတ္တိကုတ္တ,ဇုတ္တိအာကပ္ပတို့၏။ ကာရဏဘာဝ
ပစ္စုပဋ္ဌာနံ၊ အကြောင်း၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။
ဇုတ္တုတ္တကာမတာနိဒါနေန၊ မိန်းမ၏အဖြစ်ကို အလိုရှိသည့်၏အ
ဖြစ်တည်းဟူသောတဏှာလျှင်အကြောင်းရင်းရှိသော။ ကမ္မေန၊
ကံကြောင့်။ သမုဋ္ဌာနဘူတပဒဋ္ဌာနံ၊ ဖြစ်သောဘုတ်လျှင် နီးစွာ
သောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ဇုတ္တိဘောသည်မိန်း
မ၏အဖြစ်လျှင်လက္ခဏာရှိ၏။ မိန်းမဟူ၍ပြခြင်းကိစ္စရှိ၏။ ဇုတ္တိ
လိင်,ဇုတ္တိနိမိတ်,ဇုတ္တိကုတ္တ,ဇုတ္တိအာကပ္ပတို့၏ အကြောင်း၏အ
ဖြစ်လျှင်ထင်သော အခြင်းအရာရှိ၏။ မိန်းမ၏အဖြစ်ကိုအလိုရှိ
သည့်၏ အဖြစ်တည်းဟူသော တဏှာလျှင် အကြောင်းရင်း ရှိ
သော-ကံကြောင့်ဖြစ်သောဘုတ်လျှင်နီးစွာသော အကြောင်းရှိ
၏ဟူလို။

ဧတ္ထ ဇုတ္တိတိလိင်္ဂေတိဉာပေတိတိ ဇုတ္တိလိင်္ဂံ၊ သဏ္ဌာနံ အဋ္ဌ
ကထာမတေန၊ အင်္ဂဇာတံဋီကာမတေန။ ဇုတ္တိတိနိမိနာတိသဉ္ဇာ
နာတိဧတေနာတိဇုတ္တိနိမိတ္တံ၊ မိဟိတာဒိကံ အဋ္ဌကထာမတေန၊
သရာဓိပ္ပါယာဒိဋီကာမတေန။ ကရဏံကုတ္တံ၊ ဇုတ္တိယာကုတ္တံဇုတ္တိ
ကုတ္တံ၊ သုပ္ပကမုသလကာဒိဟိကီဠာအဋ္ဌကထာမတေန၊ အဝိသ
ဒဂမနာဒိဋီကာမတေန။ အာကပ္ပတိ အဝိသဒါဒိဘာဝေန သဏ္ဌ
ဟတီတိ အာကပ္ပေါ။ ဂမနာဒိအာကာရော အဋ္ဌကထာမတေန၊
ဇုတ္တိသဏ္ဌာနံ ဋီကာ မတေန၊ ဧဝံ ပုရိသလိင်္ဂါဒိသု ဝဏ္ဏမာနေ
သု။ ။ဧတ္ထ၊ ဤအရာ၌။ ဝစနတ္ထော၊ ဝစနတ္ထကို။ ဧဝံ၊ ဤသို့ဆိုလတ္တံ့
သောနည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ယံသဏ္ဌာနံ၊ အကြင်သ
ဏ္ဌာန်သည်။ ဇုတ္တိတိ၊ မိန်းမဟူ၍။ လိင်္ဂေတိဉာပေတိ၊ သိစေတတ်
၏။ ဇာတိတဿာ၊ ထိုကြောင့်။ တံသဏ္ဌာနံ၊ ထိုသဏ္ဌာန်သည်။ ဇုတ္တိ
လိင်္ဂံ၊ ဇုတ္တိလိင်္ဂမည်၏။ အဋ္ဌကထာမတေန၊ အဋ္ဌကထာဆရာ၏
အလိုအားဖြင့်။ သဏ္ဌာနံ၊ သဏ္ဌာန်ကို။ လဗ္ဘတိ၊ ရအပ်၏။ ဋီကာမ

တေန၊ ဇိုကာသရော၏အလိုအားဖြင့်။ အဂ်ဇာတံ၊အဂ်ါဇာတ်ကို။ လဘ္ဘတိ၊ရအပ်၏။ဧတေန၊ဤပြုံးခြင်းစသည်ဖြင့်။ ဇုတ္တိတိ၊မိန်းမ ဟူ၍။ နိမိနာတိသဥ္ဇာနာတိ၊သိတတ်၏။ ဇုတိတသ္မာ၊ထို့ကြောင့်။ တံ၊ထိုပြုံးခြင်းစသည်သည်။ ဇုတ္တိနိမိတ္တံ၊ဇုတ္တိနိမိတ္တမည်၏။ အဓ္ဒကထာမတေန၊ အဓ္ဒကထာသရော၏အလိုအားဖြင့်။ မိဟိတာဒိ ကံ၊ပြုံးခြင်းစသည်ကို။လဗ္ဘတိ၊ရအပ်၏။ဇိုကာမတေန၊ဇိုကာသ ရာ၏အလိုအားဖြင့်။သရာဝိပ္ပါယာ၊အသံအလိုတို့ကို။လဗ္ဘန္တိ။ရ အပ်ကုန်၏။ ကရဏံ၊ပြုခြင်း။ ကုတ္တံ၊ပြုခြင်း။ ဇုတ္တိယာ၊ မိန်းမ၏။ ကုတ္တံ၊ အမူအရာတည်း။ ဇုတ္တိကုတ္တံ၊ မိန်းမ၏အမူအရာ။ အဓ္ဒက ထာမတေန၊အဓ္ဒကထာသရာအလိုအားဖြင့်။သုပ္ပကမုသလကာ ဒိဟိ၊မန်းငယ်,ကျည်ပွေ့ငယ်အစရှိသည်တို့ဖြင့်။ ကိဠ္ဍာ၊ကစား ခြင်းကို။ လဗ္ဘတိ၊ရအပ်၏။ ဇိုကာမတေန၊ ဇိုကာသရော၏ အလို အားဖြင့်။အဝိသဒဂမနာဒိ၊မသန့်ရှင်းသောသွားခြင်းအစရှိသည် ကို။ လဗ္ဘတိ၊ရအပ်၏။ ယောအာကာရော၊အကြင်အခြင်းအရာ သည်။ အဝိသဒါဒိဘာဝေန၊မသန့်ရှင်းသည်အစရှိသည်တို့၏အ ဖြစ်ဖြင့်။ အာကပ္ပတိသဥ္ဇာနာတိ၊တည်တတ်၏။ ဇုတိတသ္မာ၊ထို့ ကြောင့်။ သောအာကာရော၊ထိုအခြင်းအရာသည်။ အာကပ္ပေါ၊ အာကပ္ပမည်၏။ အဓ္ဒကထာမတေန၊ အဓ္ဒကထာသရော၏ အလို အားဖြင့်။ ဂမနာဒိအာကာရော၊သွားခြင်းအစရှိသောအခြင်းအ ရာကို။ လဗ္ဘတိ၊ရအပ်၏။ဇိုကာမတေန၊ဇိုကာသရော၏အလိုအား ဖြင့်။ ဇုတ္တိသဏ္ဌာနံ၊မိန်း၏သဏ္ဌာန်ကို။ လဗ္ဘတိ၊ရအပ်၏။ ပုရိသ လိင်္ဂါဒိသု၊ပုရိသလိင်အစရှိကုန်သော။ ဝက္ခမာနေသု၊ ဆိုလတ္တံ့ သောပုဒ်တို့၌။ ဧဝံတထာ၊ ထို့အတူတည်း။ ။အဓိပ္ပါယ်ကား။ ဤအရာ၌ ဝစနတ္ထကိုဤသို့ဆိုလတ္တံ့ သောနည်းဖြင့်သိအပ်၏။အ ကြင် သဏ္ဌာန်သည် မိန်းမဟူ၍ သိစေတတ်၏။ ထို့ကြောင့် ထို သဏ္ဌာန်သည် ဇုတ္တိလိင်္ဂမည်၏။ ဇုတ္တိလိင်္ဂဟူသည်အဓ္ဒကထာ သရော၏အလိုအားဖြင့်သဏ္ဌာန်တည်း။ ဇိုကာသရော၏အလိုအား ဖြင့်အဂ်ါဇာတ်တည်း။ဤပြုံးခြင်းစသည်ဖြင့်မိန်းမဟူ၍သိတတ်

၏။ ထို့ကြောင့်၊ထိုပြိုခြင်းစသည်သည်ဇုတ္တိနိမိတ္တမည်၏။ ဇုတ္တိနိမိတ္တဟူသည် အဋ္ဌကထာဆရာ၏အလိုအားဖြင့်ပြိုးခြင်းစသည်တည်း။ ဋီကာဆရာ၏အလိုအားဖြင့် အသံအလိုတို့တည်း။ ပြုံးခြင်းအမူအရာသည်ကုတ္တမည်၏။မိန်းမ၏အမူအရာသည် ဇုတ္တိကုတ္တမည်၏၊ ဇုတ္တိကုတ္တဟူသည် အဋ္ဌကထာဆရာ၏အလိုအားဖြင့်။ မိန်းမငယ်,ကျည်ငှေ့ငယ် အစရှိသည်တို့ဖြင့် ကစားခြင်းတည်း။ ဋီကာဆရာ၏အလိုအားဖြင့် မသန့်ရှင်းသော သွားခြင်းအစရှိသည်တည်း။အကြင်အခြင်းအရာသည်သန့်ရှင်းသည် အစရှိသည်တို့၏အဖြစ်ဖြင့် တည်တတ်၏။ထို့ကြောင့် ထိုအခြင်းအရာသည် အာကပ္ပမည်၏။အာကပ္ပဟူသည် အဋ္ဌကထာဆရာ၏အလိုအားဖြင့် သွားခြင်းအစရှိသောအခြင်းအရာတည်း။ ဋီကာဆရာ၏အလိုအားဖြင့်မိန်းမ၏သဏ္ဌာန်တည်း။ပုရိသလိင်အစရှိကုန်သောဆိုလတ္တံ့သောပုဒ်တို့၌ထိုအတူပင်ဟူလို။

## ၄၇—ပုမ္ဘော၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ပုရိသတ္တံပုရိသဘာဝလက္ခဏံ၊ ပုရိသောတိ ပကာသနရသံ၊ ပုရိသလိင်-နိမိတ္တကုတ္တာကပ္ပါနံ ကာရဏဘာဝ-ပစ္စုပဋ္ဌာနံ၊ ပုရိသတ္တကာမတာနိဒါနေနကမ္မေနသမုဋ္ဌာနဘူတပဒဋ္ဌာနံ။ ။ပုရိသတ္တံ၊ပုရိသဘောသည်။ ပုရိသဘာဝလက္ခဏံ၊ယောကျ်ား၏အဖြစ်လျှင်လက္ခဏာရှိ၏။ဝါ၊ ယောကျ်ားဖြစ်ခြင်းလက္ခဏာရှိ၏။ ပုရိသောတိ၊ယောကျ်ားဟူ၍။ ပကာသနရသံ၊ ပြခြင်းကိစ္စရှိ၏။ ပုရိသလိဂ်် နိမိတ္တကုတ္တာကပ္ပါနံ၊ ပုရိသလိင်,ပုရိသနိမိတ်,ပုရိသကုတ္တ, ပုရိသ အာကပ္ပတို့၏။ ကာရဏ—ဘာဝ-ပစ္စုပဋ္ဌာနံ၊ အကြောင်း၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ ပုရိသတ္တကာမတာနိဒါနေန၊ ယောကျ်ား၏ အဖြစ်ကို အလိုရှိသည်၏ အဖြစ်တည်းဟူသောတဏှာလျှင်အကြောင်းရင်းရှိသော။ကမ္မေန၊ ကံကြောင့်။သမုဋ္ဌာနဘူတပဒဋ္ဌာနံ၊ဖြစ်သောမဟာဘုတ်လျှင်နီးစွာ

သောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ပုရိသဘောသည် ယောကျ်ား၏အဖြစ်လျှင်လက္ခဏာရှိ၏။ ယောကျ်ားဟူ၍ပြခြင်း ကိစ္စရှိ၏။ ပုရိသလိင်,ပုရိသနိမိတ်, ပုရိသကုတ္တ,ပုရိသအာကပ္ပ တို့၏ အကြောင်း၏ အဖြစ်လျှင် ထင်သော အခြင်းအရာ ရှိ၏။ ယောကျ်ား၏ အဖြစ်ကို အလိုရှိသည့်၏ အဖြစ်တည်းဟူသော တဏှာလျှင် အကြောင်းရင်းရှိသောကံကြောင့်ဖြစ်သော မဟာဘုတ်လျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၉၈—ဟဒယဝတ္ထု၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဟဒယဝတ္ထု မနောဓာတု-မနောဝိညာဏဓာတူနံ နိဿယဘာဝလက္ခဏံ၊ မနောဓာတု-မနောဝိညာဏဓါတူနံအာဓါရဘာဝရသံ၊ ဥဒ္ဓံဝဟနပစ္စုပဋ္ဌာနံ၊ ဝိဇ္ဇာနိတုကာမတာနိဒါနေနကမ္မေနသမုဋ္ဌာနဘူတပဒဋ္ဌာနံ။ ။ဟဒယဝတ္ထု၊ ဟဒယဝတ္ထုသည်။ မနောဓာတုမနောဝိညာဏဓာတူနံ၊ မနောဓာတ်,မနောဝိညာဏဓာတ်တို့၏။ နိဿယဘာဝလက္ခဏံ၊မှီရာ၏အဖြစ်လျှင် လက္ခဏာရှိ၏။ ဝါ၊မှီရာဖြစ်ခြင်းလက္ခဏာရှိ၏။ မနောဓာတုမနောဝိညာဏဓာတူနံ၊မနောဓာတ်,မနောဝိညာဏဓာတ်တို့၏။ အာဓာရဘာဝရသံ၊တည်ရာ၏အဖြစ်လျှင်ကိစ္စရှိ၏။ ဥဒ္ဓံ၊အထက်သို့။ ဝဟနပစ္စုပဋ္ဌာနံ၊ရွက်ဆောင်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ဝိဇ္ဇာနိတုကာမတာနိဒါနေန၊သိခြင်းငှါအလိုရှိသည့်၏အဖြစ်တည်းဟူသော တဏှာလျှင်အကြောင်းရင်းရှိသော။ ကမ္မေန၊ကံကြောင့်။ သမုဋ္ဌာနဘူတပဒဋ္ဌာနံ၊ ဖြစ်သော မဟာဘုတ်လျှင် နီးစွာသော အကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ဟဒယဝတ္ထုသည် မနောဓာတ်,မနောဝိညာဏဓာတ်တို့၏မှီရာ၏အဖြစ်လျှင် လက္ခဏာရှိ၏။ မနောဓာတ်,မနောဝိညာဏဓာတ်တို့၏တည်ရာ၏အဖြစ်လျှင် ကိစ္စရှိ၏။ အထက်သို့ရွက်ဆောင်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ သိခြင်းငှါအလိုရှိသည့်၏အဖြစ်တည်းဟူသော-တဏှာ

လျှင် အကြောင်းရင်းရှိသော-ကံကြောင့်ဖြစ်သော မဟာဘုတ် လျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၉၄—ဇိဝိတိန္ဒြေ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဇိဝိတိန္ဒြိယံကမ္မဇ ရူပါနံအနုပါနလက္ခဏံ၊တေသံပဝတ္တနရသံ၊ဌပနပစ္စုပဋ္ဌာနံ၊ ပါလယိတဗ္ဗကမ္မဇဘူတပဒဋ္ဌာနံ။ ။ဇိဝိတိန္ဒြိယံ၊ဇိဝိတိန္ဒြေသည်။ကမ္မဇရူပါနံ၊သဟဇာတ်ဖြစ်သောကမ္မဇရုပ်တို့ကို။အနုပါလနလက္ခဏံ၊အစဉ်စောင့်ရှောက်ခြင်း လက္ခဏာရှိ၏။ တေသံ၊ ထိုသဟဇာတ်ဖြစ်သော ကမ္မဇရုပ်တို့ကို။ ပဝတ္တနရသံ၊ ဖြစ်စေခြင်းကိစ္စရှိ၏။ တေသံ၊ ထိုသဟဇာတ် ဖြစ်သောကမ္မဇရုပ်တို့ကို။ဌပနပစ္စုပဋ္ဌာနံ၊ထားခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ ပါလယိတဗ္ဗကမ္မဇဘူတပဒဋ္ဌာနံ၊ စောင့်ရှောက် အပ်သောကံကြောင့်ဖြစ်သောဘုတ်လျှင် နီးစွာသောအကြောင်း ရှိ၏။ ။အဓိပ္ပါယ်ကား။ဇိဝိတိန္ဒြေသည်သဟဇာတ်ဖြစ်သော ကမ္မဇရုပ်တို့ကို အစဉ်စောင့်ရှောက်ခြင်းလက္ခဏာရှိ၏။ ထိုသဟ ဇာတ်ဖြစ်သော ကမ္မဇရုပ်တို့ကို ဖြစ်စေခြင်းကိစ္စရှိ၏။ ထိုသဟ ဇာတ်ဖြစ်သောကမ္မဇရုပ်တို့ကိုထားခြင်းလျှင်ထင်သောအခြင်း အရာရှိ၏။ စောင့်ရှောက်အပ်သောကံကြောင့်ဖြစ်သော ဘုတ်လျှင် နီးစွာသောအကြောင်းရှိ၏။

## ၁၀၀—အာဟာရရုပ်၏လက္ခဏာ၊ရသ၊ ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

အာဟာရရူပံ ဇာတိဿ သဟိတသာ ရူပကာယဿ ဥပတ္ထမ္ဘ ဟေတုဘာဝလက္ခဏံ၊ ဩဇဋ္ဌမကရူပါဟာရဏ-ရသံ၊ ရူပကာ ယဿ ဥပတ္ထမ္ဘန-ပစ္စုပဋ္ဌာနံ၊အဇ္ဈောဟရိတဗ္ဗဝတ္ထုပဒဋ္ဌာနံ၊ဇာ မာနိနိပ္ဖန္နရူပါနံ လက္ခဏာဒိနိ။ ။အာဟာရရူပံ၊ အာဟာရရုပ်

သည်။ဇာတိဗ္ဗ်ယေန၊ဇာတိဗ္ဗ်ာနှင့်။သဟိတာသ၊တကွဖြစ်သော။ ရူပကာယဿ၊ ရူပကာယ၏။ ဥပ္ပတ္တိဟေတုဘာဝလက္ခဏံ၊ ဖြစ်ခြင်း၏အကြောင်း၏အဖြစ်လျှင်လက္ခဏာရှိ၏။ဩဇဋ္ဌမကရူပါဟရဏရသံ၊ဩဇာလျှင် ရှစ်ခုမြောက်ရှိသော ရုပ်ကို ဆောင်ခြင်းကိစ္စရှိ၏။ ရူပကာယဿ၊ရူပကာယကို။ ဥပတ္ထမ္ဘနပစ္စုပဋ္ဌာနံ၊ထောက်ပံ့ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ အဇ္ဈောဟာရိတဗ္ဗဝတ္ထုပဒဋ္ဌာနံ၊မျိုအပ်သောဝတ္ထုလျှင် နီးစွာသောအကြောင်းရှိ၏။ ဇာမာနိ၊ ဤသည်တို့သည်။ နိပ္ဖန္နရူပါနံ၊ နိပ္ဖန္နရုပ်တို့၏။ လက္ခဏာဒီနိ၊ လက္ခဏာအစရှိသည်တို့တည်း။ ။အဓိပ္ပါယ်ကား။အာဟာရရုပ်သည် ဇာတိဗ္ဗ်ာနှင့်တကွ ဖြစ်သော ရူပကာယ၏ ဖြစ်ခြင်း၏ အကြောင်း၏အဖြစ်လျှင်လက္ခဏာရှိ၏။ဩဇာလျှင်ရှစ်ခုမြောက်ရှိသောရုပ်ကိုဆောင်ခြင်းကိစ္စရှိ၏။ ရူပကာယကိုထောက်ပံ့ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏၊ မျိုအပ်သောဝတ္ထုလျှင် နီးစွာသောအကြောင်းရှိ၏။ ဤသည်တို့သည် နိပ္ဖန္နရုပ်တို့၏လက္ခဏာအစရှိသည်မည်ကုန်၏ဟူလို။

## ၁၀၁—အာကာသဓာတ်၏လက္ခဏာ၊ရသ၊ ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

အနိပ္ဖန္နရူပေသုပန အာကာသဓာတု ရူပပရိစ္ဆေဒလက္ခဏာ၊ ရူပမရိယာဒပ္ပကာသနရသာ၊ ရူပမရိယာဒဘာဝပစ္စုပဋ္ဌာနာ၊ အသမ္ဖုဋ္ဌဘာဝဆိဒ္ဒဝိဝရဘာဝပစ္စုပဋ္ဌာနာဝါ၊ ပရိစ္ဆိန္နရူပပဒဋ္ဌာနာ။ ။အနိပ္ဖန္နရူပေသုပန၊ အနိပ္ဖန္နရုပ်တို့တွင်ကား။အာကာသဓာတု၊အာကာသဓာတ်သည်။ ရူပပရိစ္ဆေဒလက္ခဏာ၊ ရုပ်ကလာပ်တို့ကိုပိုင်းခြားခြင်း လက္ခဏာရှိ၏။ ရူပမရိယာဒပ္ပကာသနရသာ၊ရုပ်ကလာပ်တို့၏အပိုင်းအခြားကိုပြခြင်းကိစ္စရှိ၏။ ရူပမရိယာဒဘာဝပစ္စုပဋ္ဌာနာ၊ ရုပ်တို့၏ အပိုင်းအခြား၏ အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ဝါ၊ကား။အသမ္ဖုဋ္ဌဘာဝဆိဒ္ဒ ဝိဝရ

ဘာဝပစ္စုပဋ္ဌာနာ၊မတွေ့ကောင်းသည့်၏အဖြစ်,အပေါက်ဟင်းလင်း၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ ပရိစ္ဆိန္ဒိတဗ္ဗရူပပဒဋ္ဌာနာ၊ ပိုင်းခြားအပ်သောရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။အနိပ္ဖန္နရုပ်တို့တွင်၊အာကာသဓာတ်သည် ရုပ်ကလာပ်တို့ကိုပိုင်းခြားခြင်းလက္ခဏာရှိ၏။ရုပ်ကလာပ်တို့၏ အပိုင်းအခြားကို ပြခြင်းကိစ္စရှိ၏။ ရုပ်ကလာပ်တို့၏ အပိုင်း အခြား၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ တနည်း၊ မတွေ့ကောင်းသည့်၏အဖြစ်, အပေါက်ဟင်းလင်း၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ပိုင်းခြားအပ်သောရုပ်လျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၁၀၂—ကာယဝိညတ်၏လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ကာယဝိညတ္တိ ဘူတဝိကာရ-လက္ခဏာ၊ အဓိပ္ပါယပ္ပကာသနရသာ။ အဘိက္ကမာဒိဇနနပဟောတုဘာဝ-ပစ္စုပဋ္ဌာနာ၊စိတ္တဇဝါယောဓာတု ပဒဋ္ဌာနာ။ ။ကာယဝိညတ္တိ၊ ကာယဝိညတ်သည်။ ဘူတဝိကာရ လက္ခဏာ၊ ဘုတ်၏ဘောံပြန်ခြင်းလျှင် လက္ခဏာရှိ၏။ အဓိပ္ပါယပ္ပကာသနရသာ၊မိမိအလိုကိုပြခြင်းကိစ္စရှိ၏။ အဘိက္ကမာဒိဇနနပဟောတုဘာဝ-ပစ္စုပဋ္ဌာနာ၊ ရှေ့သို့တက်ခြင်း စသည်တို့၏ ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်လျှင် ထင်သောအခြင်းအရာ ရှိ၏။ စိတ္တဇဝါယောဓာတုပဒဋ္ဌာနာ၊ စိတ္တဇဝါယောဓာတ်လျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ကာယဝိညတ်သည်ဘုတ်၏ဘောက်ပြန်ခြင်းလျှင်လက္ခဏာရှိ၏။မိမိအလိုကိုပြခြင်းကိစ္စရှိ၏။ ရှေ့သို့တက်ခြင်းစသည်တို့၏ဖြစ်ခြင်း၏အကြောင်း၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ စိတ္တဇဝါယောဓာတ်လျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၁၀၃—ဝစီဝိညတ်၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဝစီဝိညတ္တိ ဘူတဝိကာရလက္ခဏာ၊ အဓိပ္ပါယပ္ပကာသနရသာ၊ ဝစီဃောသဟေတုဘာဝပစ္စုပဋ္ဌာနာ၊ စိတ္တဇပထဝီဓာတု ပဒဋ္ဌာနာ။ ။ဝစီဝိညတ္တိ၊ဝစီဝိညတ်သည်။ဘူတဝိကာရလက္ခဏာ၊ ဘုတ်၏ဖောက်ပြန်ခြင်း လက္ခဏာရှိ၏။ အဓိပ္ပါယပ္ပကာသနရသာ၊ မိမိအလိုကိုပြခြင်းကိစ္စရှိ၏။ ဝစီဃောသ ဟေတုဘာဝပစ္စုပဋ္ဌာနာ၊ နှုတ်မြွက်ခြင်း၏အကြောင်း၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ စိတ္တဇပထဝီဓာတုပဒဋ္ဌာနာ၊ စိတ္တဇပထဝီဓာတ်လျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ဝစီဝိညတ်သည် ဘုတ်၏ဖောက်ပြန်ခြင်း လက္ခဏာရှိ၏။ မိမိအလိုကိုပြခြင်းကိစ္စရှိ၏။ နှုတ်မြွက်ခြင်း၏ အကြောင်း၏အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ စိတ္တဇပထဝီဓာတ်လျှင် နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၁၀၄—ရူပဿလဟုတာ၏လက္ခဏာ၊ရသ၊ ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ရူပဿလဟုတာအဒန္ဓတာလက္ခဏာ၊ အရောဂဇနောဝိယ၊ နိပ္ဖန္နရူပဂရုဘာဝဝိနောဒနရသာ၊ လဟု ပရိဝတ္တိတာ-ပစ္စုပဋ္ဌာနာ၊လဟုရူပပဒဋ္ဌာနာ။ ။ရူပဿလဟုတာ၊ရူပဿလဟုတာသည်။ အဒန္ဓတာလက္ခဏာ၊ မလေးလံသည်၏ အဖြစ်, ပေါ့ပါးသည်၏အဖြစ်လျှင်လက္ခဏာရှိ၏။ကိမိဝ၊ကား။အရောဂဇနောဝိယ၊အနာကင်းသောယောကျ်ားကဲ့သို့တည်း။နိပ္ဖန္နရူပဂရုဘာဝဝိနောဒနရသာ၊ နိပ္ဖန္နရုပ်တို့၏လေးလံသည်၏အဖြစ်ကို ပျောက်ခြင်းကိစ္စရှိ၏။လဟုပရိဝတ္တိဘာဝပစ္စုပဋ္ဌာနာ၊ လျင်သောအပြန်ရှိသည်၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ လဟုရူပပဒဋ္ဌာနာ၊ပေါ့သောရုပ်လျှင်နီးစွာသောအကြောင်းရှိ၏၊ ။အဓိပ္ပါယ်ကား။ ရူပဿလဟုတာသည်မလေးလံသည်၏အဖြစ်,ပေါ့ပါး

သည့်၏အဖြစ်လျှင်လက္ခဏာရှိ၏။ ဥပမာကား၊အနောကောင်းသော ယောက်ျားနှင့်တူ၏။ နိပ္ဖန္နရုပ်တို့၏ လေးလံသည့်၏ အဖြစ်ကို ဖျောက်ခြင်းကိစ္စရှိ၏။ လျင်သော အပြန်ရှိသည့်၏ အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ ပေါ့သောရုပ်လျှင် နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၁၀၅—ရူပဿမုဒုတာ၏လက္ခဏာ၊ရသ၊ ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ရူပဿမုဒုတာ အထဒ္ဓတာလက္ခဏာ၊ နိပ္ဖန္နရူပထဒ္ဓဘာဝဝိနောဒနရသာ၊သုဋ္ဌုပုနပ္ပုနံမဒ္ဒိတံစမ္မံဝိယ၊သဗ္ဗကြိယာသုအဝိရောဓပစ္စုပဋ္ဌာနာ၊မုဒုရူပပဒဋ္ဌာနာ။ ။ရူပဿမုဒုတာ၊ ရူပဿမုဒုတာသည်။ အထဒ္ဓတာသက္ခဏာ၊ မခက်မာသည့်၏အဖြစ်,နူးညံ့သည့်၏အဖြစ်လျှင် လက္ခဏာရှိ၏။ နိပ္ဖန္နရူပထဒ္ဓဘာဝဝိနောဒနရသာ၊နိပ္ဖန္နရုပ်တို့၏ခက်မာသည့်၏အဖြစ်ကို ဖျောက်ခြင်းကိစ္စရှိ၏။ကိမိဝ၊ကား၊သုဋ္ဌု၊ကောင်းစွာ။ပုနပ္ပုနံ၊အဘန်ဘန်။ မဒ္ဒိတံ၊နယ်အပ်သော။ စမ္မံဝိယ၊သားရေကဲ့သို့တည်း။ သဗ္ဗကြိယာသု၊အလုံးစုံသော-အမှု အရာ တို့၌။ အဝိရောဓပစ္စုပဋ္ဌာနာ၊ မဆန့်ကျင်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ မုဒုရူပပဒဋ္ဌာနာ၊ နူးညံ့သောရုပ်လျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ရူပဿမုဒုတာသည် မခက်မာသည့်၏အဖြစ်, နူးညံ့သည့်၏ အဖြစ်လျှင်လက္ခဏာရှိ၏။ နိပ္ဖန္နရုပ်တို့၏ခယ်မာသည့်၏အဖြစ်ကို ဖျောက်ခြင်းကိစ္စရှိ၏။ ဥပမာကား။ ကောင်းစွာအဘန်ဘန်နယ်အပ်သော သားရေနှင့်တူ၏။ အလုံးစုံသောအမှုအရာတို့၌ မဆန့်ကျင်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ နူးညံ့သော ရုပ်လျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၁၀၄—ရူပဿကမ္မညတာ၏လက္ခဏာ၊ရသ၊ ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ရူပဿကမ္မညတာကာယိကကြိယာနုကူလကမ္မညတာလက္ခဏာ၊အကမ္မညတာဝိနောဒနရသာ၊ အဒုဗ္ဗလဘာဝပစ္စုပဋ္ဌာနာ၊ ကမ္မညရူပပဒဋ္ဌာနာ။ ။ရူပဿကမ္မညတာ၊ ရူပဿကမ္မတာသည်။ ကာယိက ကြိယာနုကူလ ကမ္မညတာလက္ခဏာ၊ ကိုယ်ဖြင့်ပြုအပ်သော အမှုအရာအား လျော်သောအမှု၌ ခံ့သည့်၏အဖြစ်လျှင်လက္ခဏာရှိ၏။ အကမ္မညတာဝိနောဒနရသာ၊ အမှု၌ မကောင်းသည့်၏အဖြစ်ကို ပျောက်ခြင်းကိစ္စရှိ၏။ အဒုဗ္ဗလဘာဝပစ္စုပဋ္ဌာနာ၊အမှု၌အားမနည်းသည့်၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ကမ္မညရူပပဒဋ္ဌာနာ၊အမှု၌ကောင်းသောရုပ်လျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ရူပဿကမ္မညတာသည်ကိုယ်ဖြင့်ပြုအပ်သောအမှုအရာအားလျော်သောအမှု၌ ခံ့သည့်၏အဖြစ်လျှင်လက္ခဏာရှိ၏။ အမှု၌မကောင်းသည့်၏အဖြစ်ကို ပျော်ခြင်းကိစ္စရှိ၏။ အမှု၌ အားမနည်းသည့်၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ အမှု၌ကောင်းသောရုပ်လျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၁၀၅—ဥပစယ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဥပစယော ပဌမုပ္ပတ္တိလက္ခဏော၊ ပုရိမဘာဂဘော ရူပါနံ ဥမ္မုဇ္ဇာပနရသော၊ နိယျာတနပစ္စုပဋ္ဌာနော၊ ပရိပုဏ္ဏဘာဝပစ္စုပဋ္ဌာနော ဝါ၊ပဌမုပ္ပန္နရူပပဒဋ္ဌာနော။ ။ဥပစယော၊ဥပစယသည်။ပဌမုပ္ပတ္တိလက္ခဏော၊ ရှေးဦးစွာဖြစ်ခြင်းလက္ခဏာရှိ၏။ပုရိမဘာဂတော၊ရှေးအဘို့မှ။ရူပါနံ၊ရုပ်တို့ကို။ဥမ္မုဇ္ဇာပနရသော၊ ပေါ်စေခြင်း ကိစ္စရှိ၏။ နိယျာတန-ပစ္စုပဋ္ဌာနော၊ ထုတ်ဆောင်သည့်၏ အဖြစ်လျှင် ထင်သော အခြင်းအရာ ရှိ၏။ ဝါ၊

ကား။ပရိပုဏ္ဏဘာဝပစ္စုပဋ္ဌာနော၊ပြည့်သည်၏အဖြစ်သျှင်ထင်သောအခြင်းအရာရှိ၏။ ပဋ္ဌမုပ္ပန္နာဒိရဟာရူပပဒဋ္ဌာနော၊ ရှေးဦးစွာဖြစ်ခြင်း၌ထိုက်သောရုပ်လျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ဥပစယသည်ရှေးဦးစွာဖြစ်ခြင်းလက္ခဏာရှိ၏။ ရှေးအဘို့မှရုပ်တို့ကိုပေါ်စေခြင်းကိစ္စရှိ၏၊ ထုတ်ဆောင်သည်၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏၊တနည်း၊ပြည့်သည်၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ရှေးဦးစွာဖြစ်ခြင်း၌ထိုက်သောရုပ်လျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

၁၀၈—သန္တတိ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

သန္တတိ ပဝတ္တိလက္ခဏာ၊အနုပ္ပဗန္ဓနရသာ၊ အနုပစ္ဆေဒပစ္စုပဋ္ဌာနာ၊အနုဗန္ဓိတဗ္ဗရူပပဒဋ္ဌာနာ။ ။သန္တတိ၊သန္တတိသည်။ ပဝတ္တိလက္ခဏာ၊အစဉ်ဖြစ်ခြင်းလက္ခဏာရှိ၏။ အနုပ္ပဗန္ဓနရသာ၊အစဉ်ဘွဲ့ခြင်းကိစ္စရှိ၏။အနုပစ္ဆေဒပစ္စုပဋ္ဌာနာ၊အစဉ်မပြတ်ဖြစ်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။အနုဗန္ဓိတဗ္ဗရူပပဒဋ္ဌာနာ၊အစဉ်ဘွဲ့အပ်သောရုပ်လျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ သန္တတိသည်အစဉ်ဖြစ်ခြင်းလက္ခဏာရှိ၏။ အစဉ်ဘွဲ့ခြင်းကိစ္စရှိ၏။ အစဉ်မပြတ်ဖြစ်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ အစဉ်ဘွဲ့အပ်သောရုပ်လျှင်နီးစွာသော အကြောင်းရှိ၏ဟူလို။

၁၀၉—ဇရတာ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဇရတာရူပပရိပါကလက္ခဏာ၊ ဘာဝုပနယနရသာ၊အဘိနဝဘာဝဝိဂမနပစ္စုပဋ္ဌာနာ၊ပရိပစ္စမာနရူပပဒဋ္ဌာနာ။ ။ဇရတာ၊ဇရတာသည်။ရူပပရိပါကလက္ခဏာ၊ရုပ်တို့၏ရင့်ခြင်းလက္ခဏာရှိ၏။ဘာဝုပနယနရသာ၊ဘင်သို့ကပ်၍ဆောင်ခြင်းကိစ္စရှိ၏။အဘိ

နဝဘာဝ-ဝိဂမနပစ္စုပဋ္ဌာနာ၊ အသစ်၏အဖြစ်မှ ကင်းခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ ပရိပက္ကမာန-ရူပပဒဋ္ဌာနာ၊ ရင့်ဆဲသောရုပ်လျှင်နီးစွာသော အကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ဇရတာသည် ရုပ်တို့၏ရင့်ခြင်း လက္ခဏာရှိ၏။ ဘင်သို့ကပ်၍ ဆောင်ခြင်း ကိစ္စရှိ၏။ အသစ်၏ အဖြစ်မှ ကင်းခြင်းလျှင် ထင်သော အခြင်း အရာရှိ၏။ ရင့်ဆဲသော ရုပ်လျှင် နီးစွာသော အကြောင်းရှိ၏ဟူလို။

---

၁၁၀—အနိစ္စတာ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

အနိစ္စတာဘိဇ္ဇနလက္ခဏာ၊သံသီဒါပနရသာ၊ ခယဝယပစ္စုပဋ္ဌာနာ၊ဘိဇ္ဇမာနရူပပဒဋ္ဌာနာ။ ။အနိစ္စတာ၊ အနိစ္စတာသည်။ ဘိဇ္ဇနလက္ခဏာ၊ ပျက်ခြင်း လက္ခဏာရှိ၏။ သံသီဒါပနရသာ၊ ဆုတ်နစ်စေခြင်းကိစ္စရှိ၏။ ခယဝယပစ္စုပဋ္ဌာနာ၊ကုန်ခြင်း,ပျက်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ဘိဇ္ဇမာနရူပပဒဋ္ဌာနာ၊ပျက်ဆဲသောရုပ်လျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ အနိစ္စတာသည်ပျက်ခြင်းလက္ခဏာရှိ၏။ဆုတ်နစ်စေခြင်းကိစ္စရှိ၏။ကုန်ခြင်း,ပျက်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ပျက်ဆဲသောရုပ်လျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

ဧဝံပရိဂ္ဂဟောရူပေဒိဋ္ဌိဝိသုဒ္ဓိနာမ။ ။ဧဝံယထာဝုတ္တနယေန၊ အကြင် အကြင် ဆိုအပ်ပြီးသော နည်းဖြင့်။ ပရိဂ္ဂဟော၊ သိမ်းဆည်းခြင်းသည်။ ရူပေ၊ရုပ်၌။ ဒိဋ္ဌိဝိသုဒ္ဓိနာမ၊အယူ၏စင်ကြယ်ခြင်းမည်၏။ ။အဓိပ္ပါယ်ကား။အကြင်အကြင်ဆိုအပ်ပြီးသော နည်းဖြင့် သိမ်းဆည်းခြင်းသည် ရုပ်၌အယူ၏စင်ကြယ်ခြင်းမည်၏ဟူလို။

ဇုတ်ဒိဋ္ဌိဝိသုဒ္ဓိကထာယံ ရူပဒိဋ္ဌိဝိသုဒ္ဓိကထာနာမစတုတ္ထော ပရိစ္ဆေဒေါ။ ။ဒိဋ္ဌိဝိသုဒ္ဓိကထာယံ၊ အယူ၏ စင်ကြယ်ခြင်းကို ဆိုရာ ဆိုကြောင်း ဖြစ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိကထာအမည်ရှိ

သောကျမ်း၌။ ရူပဒိဋ္ဌိဝိသုဒ္ဓိကထာနာမ၊ ရုပ်၌အယူ၏စင်ကြယ်ခြင်းကို ဆိုရာ ဆိုကြောင်းမည်သော။ စတုတ္ထော၊ လေးခုတို့၏ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းအခြားသည်။ ဇာတိသမတ္တော၊ ဤတွင်ပြီးပြီ။ ။အဓိပ္ပါယ်ကား။ အယူ၏စင်ကြယ်ခြင်းကိုဆိုရာဆိုကြောင်းဖြစ်သောကြောင့်၊ ဒိဋ္ဌိဝိသုဒ္ဓိကထာ အမည် ရှိသောကျမ်း၌ ရုပ်၌ အယူ၏ စင်ကြယ်ခြင်းကို ဆိုရာ ဆိုကြောင်း မည်သောလေးခုတို့၏ပြည့်ကြောင်းဖြစ်သော အပိုင်းအခြားသည်ဤတွင်ပြီးပြီဟူလို။

## ၅-ပဉ္စမပရိစ္ဆေဒ။

### ၁၁၁—ဇော၏လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်။

ဝိထိစိတ္တေသုဇဝနံ ပဉ္စဒွါရေဝေါဋ္ဌဗ္ဗနာနန္တရေ မနောဒွါရေစ အာဝဇ္ဇနာနန္တရေ သဗ္ဗဆဠာရမ္မဏ-ဝိဇာနန-လက္ခဏံ၊ ဆဠာရမ္မဏဂ္ဂါဟရသံ၊ ဆဠာရမ္မဏဂ္ဂါဟာကာရေန ပဝတ္တနပစ္စုပဋ္ဌာနံ၊ ဝေါဋ္ဌဗ္ဗန-မနောဒွါရာဝဇ္ဇနာပဂမန-ပဒဋ္ဌာနံ။ ။ဝိထိစိတ္တေသု၊ ဝိထိစိတ်တို့တွင်။ ဇဝနံ၊ ဇောသည်။ ပဉ္စဒွါရေ၊ ပဉ္စဒွါရ၌။ ဝေါဋ္ဌဗ္ဗနာနန္တရေစ၊ ဝုဋ္ဌော၏အခြားမဲ့၌၎င်း။ မနောဒွါရေ၊ မနောဒွါရ၌။ အာဝဇ္ဇနာနန္တရေစ၊ အာဝဇ္ဇန်း၏အခြားမဲ့၌၎င်း။ သဗ္ဗဆဠာရမ္မဏဝိဇာနနလက္ခဏံ၊ အလုံးစုံသော ခြောက်ပါးသောအာရုံကို သိခြင်းလက္ခဏာရှိ၏။ ဆဠာရမ္မဏဂ္ဂါဟရသံ၊ ခြောက်ပါးသောအာရုံကိုယူခြင်းကိစ္စရှိ၏။ ဆဠာရမ္မဏဂ္ဂါဟာကာရေန၊ ခြောက်ပါးသောအာရုံကိုယူသောအခြင်းအရာအားဖြင့်။ ပဝတ္တနပစ္စုပဋ္ဌာနံ၊ ဖြစ်ခြင်းလျှင်ထင်သော အခြင်းအရာရှိ၏။ ဝေါဋ္ဌဗ္ဗနမနောဒွါရာဝဇ္ဇနာပဂမနပဒဋ္ဌာနံ၊ ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်းတို့၏ ချုပ်ခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ဝိထိစိတ်တို့တွင်

ဓောသည် ပဉ္စဒွါရ၌ ဝဏ္ဏာ၏ အခြားမဲ့၌ရင်း၊ မနောဒွါရ၌ အာဝဇ္ဇန်း၏အခြားမဲ့၌ရင်း အလုံးစုံသောခြောက်ပါးသောအာရုံကို သိခြင်းလက္ခဏာရှိ၏။ ခြောက်ပါးသောအာရုံကို ယူခြင်းကိစ္စရှိ၏။ ခြောက်ပါးသောအာရုံကိုယူသောအခြင်းအရာအားဖြင့်ဖြစ်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ ဝဏ္ဏာ,မနောဒွါရာဝဇ္ဇန်းတို့၏ချုပ်ခြင်းလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

၁၁၂—တဒါရုံ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

တဒါရမ္မဏံဇဝနာနန္တရေ ကာမဆဠာရမ္မဏဝိဇာနနလက္ခဏံ၊ ဇဝနဂ္ဂဟိတာရမ္မဏဂ္ဂါဟရသံ၊ဇဝနဂ္ဂဟိတာရမ္မဏဂ္ဂါဟာကာရေနပဝတ္တနပစ္စုပဋ္ဌာနံ၊ ဇဝနာပဂမနပဒဋ္ဌာနံ။ ။တဒါရမ္မဏံ၊ တဒါရုံသည်။ဇဝနာနန္တရေ၊ဇော၏အခြားမဲ့၌။ကာမဆဠာရမ္မဏဝိဇာနနလက္ခဏံ၊ ကာမဖြစ်သောခြောက်ပါးသော အာရုံကိုသိခြင်းလက္ခဏာရှိ၏။ဇဝနဂ္ဂဟိတာရမ္မဏဂ္ဂါဟရသံ၊ ဇောသည်ယူအပ်ပြီးသောအာရုံကိုယူခြင်းကိစ္စရှိ၏။ ဇဝနဂ္ဂဟိတာရမ္မဏဂ္ဂါဟာကာရေန၊ဇောသည်ယူအပ်ပြီးသောအာရုံကိုယူသောအခြင်းအရာအားဖြင့်၊ပဝတ္တနပစ္စုပဋ္ဌာနံ၊ဖြစ်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ဇဝနာပဂမနပဒဋ္ဌာနံ၊ ဇော၏ချုပ်ခြင်းလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ တဒါရုံသည်ဇော၏အခြားမဲ့၌ ကာမဖြစ်သော ခြောက်ပါးသော အာရုံကို သိခြင်းလက္ခဏာရှိ၏။ဇောသည်ယူအပ်ပြီးသောအာရုံကို ယူခြင်းကိစ္စရှိ၏။ဇောသည် ယူအပ်ပြီးသော အာရုံကိုယူသော အခြင်းအရာအားဖြင့်ဖြစ်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ ဇော၏ချုပ်ခြင်းလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

၁၁၃—ပဋိသန္ဓေစိတ်၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဝိထိမုတ္တေသုပဋိသန္ဓိ စိတ္တံကမ္မ-ကမ္မနိမိတ္တ-ဂတိနိမိတ္တဝိဇာနနလက္ခဏံ၊ပဋိသန္ဓာနရသံ၊ ဘဝသောတုပစ္ဆေဒပစ္စုပဋ္ဌာနံ၊ ကုသလာကုသလကမ္မပဒဋ္ဌာနံ။ ။ဝိထိမုတ္တေသု၊ဝိထိမုတ်စိတ်တို့တွင်။ပဋိသန္ဓိစိတ္တံ၊ ပဋိသန္ဓေစိတ်သည်။ ကမ္မ-ကမ္မနိမိတ္တ- ဂတိနိမိတ္တဝိဇာနနလက္ခဏံ၊ ကံ,ကမ္မနိမိတ်,ဂတိနိမိတ်တို့ကို သိခြင်းလက္ခဏာရှိ၏။ပဋိသန္ဓာနရသံ၊ဘဝဟောင်းနှင့် ဘဝသစ်ကိုစပ်ခြင်းကိစ္စရှိ၏။ဘဝသော၊ဘဝ၏အနုပစ္ဆေဒပစ္စုပဋ္ဌာနံ၊မပြတ်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ကုသလာကုသလကမ္မပဒဋ္ဌာနံ၊ကုသိုလ်ကံ,အကုသိုလ်ကံလျှင်နီးစွာသောအကြောင်းရှိ၏။ ။အဓိပ္ပါယ်ကား။ ဝိထိမုတ်စိတ်တို့တွင်၊ပဋိသန္ဓေစိတ်သည် ကံ,ကမ္မနိမိတ်,ဂတိနိမိတ်တို့ကိုသိခြင်းလက္ခဏာရှိ၏။ဘဝဟောင်းနှင့်ဘဝသစ်ကို စပ်ခြင်းကိစ္စရှိ၏။ ဘဝ၏မပြတ်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ ကုသိုလ်ကံ, အကုသိုလ်ကံလျှင် နီးစွာသောအကြောင်းရှိ၏ဟူလို။

---

၁၁၄—ဘဝင်၏လက္ခဏာ။ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ဘဝင်္ဂံကမ္မာဒိအာရမ္မဏဝိဇာနနလက္ခဏံ၊ အဝိစ္ဆေဒပ္ပဝတ္တိဟေတုဘာဝရသံ၊အဝိစ္ဆေဒပ္ပဝတ္တိပစ္စုပဋ္ဌာနံ၊ကုသလာကုသလကမ္မပဒဋ္ဌာနံ။ ။ဘဝင်္ဂံ၊ဘဝင်သည်။ကမ္မာဒိအာရမ္မဏဝိဇာနနလက္ခဏံ၊ကံ,စသောအာရုံကိုသိခြင်းလက္ခဏာရှိ၏။အဝိစ္ဆေဒပ္ပဝတ္တိဟေတုဘာဝရသံ၊ အစဉ်မပြတ် ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်လျှင်ကိစ္စရှိ၏။ဝါ၊အစဉ်မပြတ်ဖြစ်ခြင်း၏ အကြောင်းဖြစ်ခြင်းကိစ္စရှိ၏။ အဝိစ္ဆေဒပ္ပဝတ္တိပစ္စုပဋ္ဌာနံ၊ အစဉ်မပြတ်ဖြစ်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ကုသလာ ကုသလကမ္မပဒဋ္ဌာနံ၊ကုသိုလ်ကံ,အကုသိုလ်ကံလျှင်နီးစွာသောအကြောင်းရှိ၏။ ။

အဓိပ္ပါယ်ကား။ ဘဝင်သည် ကံ,စသောအာရုံကို သိခြင်းလက္ခဏာရှိ၏။ အစဉ်မပြတ်ဖြစ်ခြင်း၏အကြောင်း၏အဖြစ်လျှင် ကိစ္စရှိ၏။ အစဉ်မပြတ်ဖြစ်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ ကုသိုလ်ကံ,အကုသိုလ်ကံလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၁၁၅—ပုတိစိတ်၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ပုတိစိတ္တံကမ္မာဒိအာရမ္မဏဝိဇာနနလက္ခဏံ၊ပုရိမဘဝတောစဝနရသံ၊ပုရိမဘဝဿခယဝယပစ္စုပဋ္ဌာနံ၊ ကုသလာကုသလကမ္မပဒဋ္ဌာနံ။ ။ပုတိစိတ္တံ၊ ပုတိစိတ်သည်။ ကမ္မာဒိအာရမ္မဏဝိဇာနနလက္ခဏံ၊ကံ,စသောအာရုံကိုသိခြင်းလက္ခဏာရှိ၏။ပုရိမဘဝတော၊ရှေးဘဝမှ။စဝနရသံ၊ရွေ့လျောခြင်းကိစ္စရှိ၏။ ပုရိမဘဝဿ၊ရှေးဘဝ၏။ခယဝယပစ္စုပဋ္ဌာနံ၊ကုန်ခြင်း,ပျက်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ကုသလာကုသလကမ္မပဒဋ္ဌာနံ၊ ကုသိုလ်ကံ,အကုသိုလ်ကံလျှင်နီးစွာသောအကြောင်းရှိ၏။ ။ အဓိပ္ပါယ်ကား။ပုတိစိတ်သည်ကံစသောအာရုံကို သိခြင်းလက္ခဏာရှိ၏။ရှေးဘဝမှရွေ့လျောခြင်းကိစ္စရှိ၏။ရှေးဘဝ၏ကုန်ခြင်းပျက်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ ကုသိုလ်ကံ, အကုသိုလ်ကံလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

## ၁၁၆—ရုပ်ပဋိသန္ဓေ၏လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်။

ရူပပဋိသန္ဓိကမ္မာဒိအာရမ္မဏာနမဝိဇာနနလက္ခဏာ၊ ရသာဒိနိအရူပပဋိ သန္ဓိသဒိသာနေဝ။ ။ရူပပဋိသန္ဓိ၊ ရုပ်ပဋိသန္ဓေသည်။ကမ္မာဒိ- အာရမ္မဏာနံ၊ကံစသောအာရုံတို့ကို။အဝိဇာနန-လက္ခဏာ။ မသိခြင်းလက္ခဏာရှိ၏။ရသာဒိနိ၊ ရသအစရှိသည်တို့သည်။အရူပပဋိသန္ဓိသဒိသာနေဝ၊အရူပပဋိသန္ဓေနှင့်တူကုန်သည်သာလျှင်တည်း။ ။အဓိပ္ပါယ်ကား။ရူပပဋိသန္ဓေသည်ကံ

စသောအာရုံတို့ကိုမသိခြင်းလက္ခဏာရှိ၏။ ရသအစရှိသည်တို့သည်အရူပပဋိသန္ဓေနှင့်တူကုန်သည်သာလျှင်တည်း။ ထို့ကြောင့်ဘဝဟောင်းနှင့်ဘဝသစ်ကိုစပ်ခြင်းကိစ္စရှိ၏။ ဘဝ၏မပြတ်ဖြစ်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ သုဂတိဘုံ၌ဖြစ်ရကားကုသိုလ်ကံလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

---

## ၁၁၇—ရုပ်ဘဝင်၏လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်။

ရူပဘဝင်္ဂံ ကမ္မာဒိအာရမ္မဏာနမ ဝိဇာနနလက္ခဏံ၊ ရသာဒီနိအရူပဘဝင်္ဂသဒိသာနေဝ။ ။ရူပဘဝင်္ဂံ၊ ရုပ် ဘဝင်သည်။ ကမ္မာဒိအာရမ္မဏာနံ၊ ကံစသောအာရုံတို့ကို။ အဝိဇာနနလက္ခဏံ၊ မသိခြင်းလက္ခဏာရှိ၏။ ရသာဒီနိ၊ ရသ အစရှိသည်တို့သည်။ အရူပဘဝင်္ဂသဒိသာနေဝ၊ နာမ်ဘဝင်နှင့် တူကုန်သည်သာလျှင်တည်း။ ။အဓိပ္ပါယ်ကား။ ရုပ်ဘဝင်သည် ကံစသောအာရုံတို့ကိုမသိခြင်းလက္ခဏာရှိ၏။ ရသအစရှိသည်တို့သည်နာမ်ဘဝင်နှင့် တူကုန်သည်သာလျှင်တည်း။ ထို့ကြောင့် အစဉ်မပြတ် ဖြစ်ခြင်း၏အကြောင်း၏ အဖြစ်လျှင်ကိစ္စရှိ၏။ အစဉ်မပြတ်ဖြစ်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ သုဂတိဘုံ၌ဖြစ်ရကားကုသိုလ်ကံလျှင်နီးစွာသောအကြောင်းရှိ၏ဟူလို။

---

## ၁၁၈—ရုပ်ပုတိ၏လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်။

ရူပစုတိကမ္မာဒိအာရမ္မဏာနမ ဝိဇာနနလက္ခဏာ၊ ရသာဒီနိအရူပစုတိသဒိသာနေဝ။ ။ရူပစုတိ၊ ရုပ်စုတိသည်။ ကမ္မာဒိအာရမ္မဏာနံ၊ ကံအစရှိသောအာရုံတို့ကို။ အဝိဇာနနလက္ခဏာ၊ မသိခြင်းလက္ခဏာရှိ၏။ ရသာဒီနိ၊ ရသအစရှိသည်တို့သည်။ အရူပစုတိသဒိသာနေဝ၊ နာမ်စုတိနှင့် တူကုန်သည်သာလျှင်တည်း။ ။အဓိပ္ပါယ်ကား။ ရုပ်စုတိသည် ကံအစရှိသောအာရုံတို့ကို မသိ

ခြင်းလက္ခဏာရှိ၏။ ရသအစရှိသည်တို့သည် နာမ်ရုပ်တို့နှင့် တူကုန်သည်သာလျှင်တည်း။ ထို့ကြောင့် ဇရာဘာဝမှ ရွေ့လျောခြင်းကိစ္စရှိ၏။ ဇရာဘာဝ၏ကုန်ခြင်း,ပျက်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ သုဂတိဘုံ၌ဖြစ်ရကား-ကုသိုလ်ကံလျှင် နီးစွာသောအကြောင်းရှိ၏ဟူလို။

ဧဝံပရိဂ္ဂဟောဝိယိယံ တဗ္ဗနံရုတ္တေစဒိဋ္ဌိဝိသုဒ္ဓိနာမ။ ။ဧဝံယထာဝုတ္တနယေန၊အကြောင်းကြောင်းဆိုအပ်ပြီးသောနည်းဖြင့်။ ပရိဂ္ဂဟော၊သိမ်းဆည်းခြင်းသည်။ ဝိထိယဥ္စ၊ ဝိထိစိတ်၌ရင်း။ တဗ္ဗိနံမုတ္တေစ၊ထိုဝိထိစိတ်မှလွတ်သောဝိထိမုတ်စိတ်၌ရင်း။ ဒိဋ္ဌိဝိသုဒ္ဓိနာမ၊ အယူ၏စင်ကြယ်ခြင်းမည်၏။ ။အဓိပ္ပါယ်ကား။အကြောင်းအကြောင်း ဆိုအပ်ပြီးသော နည်းဖြင့် သိမ်းဆည်းခြင်းသည် ဝိထိစိတ်,ဝိထိမုတ်စိတ်တို့၌အယူ၏စင် ယ်ခြင်းမည်၏ဟူလို။

ဇုတိဒိဋ္ဌိဝိသုဒ္ဓိကထာယံ ဝိထိဝိထိမုတ္တဒိဋ္ဌိဝိသုဒ္ဓိကထနာမပဉ္စမောပရိစ္ဆေဒေါ။ ။ဒိဋ္ဌိဝိသုဒ္ဓိကထာယံ၊ အယူ၏စင်ကြယ်ခြင်းကို ဆိုရာဆိုကြောင်းဖြစ်ခြင်းကြောင့် ဒိဋ္ဌိဝိသုဒ္ဓိကထာ အမည်ရှိသောကျမ်း၌။ ဝိထိ-ဝိထိမုတ္တဒိဋ္ဌိ ဝိသုဒ္ဓိကထနာမ၊ ဝိထိစိတ်, ဝိထိမုတ်စိတ်တို့၌ အယူ၏ စင်ကြယ် ခြင်းကို ဆိုရာ ဆိုကြောင်းမည်သော။ပဉ္စမော၊ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊အပိုင်းအခြားသည်။ဇုတိသမတ္တော၊ဤတွင်ပြီးပြီ။ ။အဓိပ္ပါယ်ကား၊ အယူ၏စင်ကြယ်ခြင်းကို ဆိုရာဆိုကြောင်းဖြစ်သောကြောင့်ဒိဋ္ဌိဝိသုဒ္ဓိကထာအမည်ရှိသောကျမ်း၌ဝိထိစိတ်,ဝိထိမုက်စိတ်တို့၌အယူ၏စင်ကြယ်ခြင်းကိုဆိုရာဆိုကြောင်းမည်သော-ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော အပိုင်းအခြားသည်။ ဤတွင်ပြီးပြီဟူလို။

ပုရတ္ထိမေ ပခ္တသ္မိ၊ သလ္လဝတျာရာဝတိယာ။
နိသိန္နမူလဂါမသ္မိ၊ ပုရတ္ထိမကောဏန္တရေ။ ။
မောနဂ္ဂလ၃ဂါမသ္မိ။ တိဘူမိသိရိမင်္ဂလေ။
ဝသန္တေနုတ္တရေ ဝုတ္တော၊ ဝိမလောတိ၃မိမတာ။ ။
ဂေါဓေ စမ္မပုဒ္ဓေ ပတ္တေ၊ ကာဠပက္ခေ တု သာဝဏော။
ဒွါဒသာဟာစန္ဒြဒိနေ၊ အနာယာသေန နိဋ္ဌိတော။ ။

ပခ္တသ္မ မဟာပခ္တသ္မိ၊ ပုခန်းကြီးမြို့၏။ ပုရတ္ထိမေ၊ အရှေ့အရပ်၌။ သလ္လဝတျာ၊ သလ္လဝတီယာ၊ သလ္လဝတီမြစ်၏ရင်း။ ရောဝတိယာ၊ ဧရာဝတီမြစ်၏ရင်း။ အန္တရေ၊ အကြား၌။ ပတိဋ္ဌိတသ္မိ၊ တည်သော။ နိသိန္နမူလဂါမသ္မိ၊ နေရင်းအမည်ရှိသောရွာ၏။ ပုရတ္ထိမကောဏေ၊ အရှေ့တောင်ထောင့်အရပ်၌။ မောနဂ္ဂလ၃ဂါမသ္မိ၊ တလိုင်းကုန်းအမည်ရှိသောရွာ၏။ ဥတ္တရေ၊ မြောက်အရပ်၌။ ကာရိတေ၊ ဆောက်လုပ်အပ်သော။ တိဘူမိသိရိမင်္ဂလေ၊ ပြာသာဒ်-စနှုန့်နှင့်တကွဘုံသုံးထပ်ရှိသောသိရိမင်္ဂလာအမည်ရှိသောကျောင်းတိုက်၌။ ဝသန္တေန၊ နေသော။ ဝိမလောတိ၃မိမတာ၊ အသျှင်ဝိမလအမည်ရှိသော ပညာရှိသော မထေရ်သည်။ ဝုတ္တော၊ မိန့်ဆိုတော်မူအပ်သော {ဒိဋ္ဌိဝိသုဒ္ဓိကထာ} ကျမ်းသည်။ ဂေါဓေ၊ ဂေါဓာသက္ကရာဇ်သည်။ စမ္မပုဒ္ဓေ၊ ၁၂၃၆–ခုနှစ်သို့။ ပတ္တေ၊ ရောက်သည်ရှိသော်။ သာဝဏော၊ ဝါခေါင်လ၌။ ကာဠပက္ခေတု ကာဠပက္ခေ၊ လဆုတ်ပက္ခ၌သာလျှင်။ ဒွါဒသဟာစန္ဒြဒိနေ၊ ၁၂ ရက်, ဟာနှင်းလာနေ့၌။ အနာယာသေန၊ မငြိုမငြင်မပင်မပန်းသဖြင့်။ နိဋ္ဌိတော၊ အပြီးသို့ရောက်ပြီ။

ဇူမိန္ဒာ မေတ္တေယျကာလေ၊တိက္ခဂမ္ဘီရဉာဏဝါ။
ရဟာဟုတွာ သုသောဓေယျံ၊သာသန-မလ-ကဏ္ဋကံ။ ။
ဘဒန္တဝိမလတ္ထေရေန ရစိတော၊
ဒိဋ္ဌိဝိသုဒ္ဓိကထာဂန္ထော နိဋ္ဌိတော။ ။

ဇူမိန္ဒာ၊ ဤဒိဋ္ဌိဝိသုဒ္ဓိကထာကျမ်းကို စီရင်ရသော ကုသိုလ်ကောင်းမှုကြောင့်။ မေတ္တေယျကာလေ၊ မေတ္တေယျဘုရားထင်ရှားပွင့်တော်မူသောလက်ထက်တော်၌။တိက္ခဂမ္ဘီရဉာဏဝါ၊ထက်သောဉာဏ်,နက်နဲသော ဉာဏ်နှင့်ပြည့်စုံသော။ အရဟာ၊မဟာသာဝကရဟန္တာသည်။ ဟုတွာ၊ ဖြစ်၍။ သာသနမလကဏ္ဋကံ၊သာသနာတော်၌ပေါ်ပေါက်လာသောကိလေသာတည်းဟူသောအညစ်အကြေး။တိတ္ထိတို့၏ အယူတည်းဟူသောဆူးငြောင့်ကို။သုသောဓေယျံ၊ အလွယ်တကူ သုတ်သင် ရှင်းလင်း နိုင်ရပါလို၏။ ။ဘဒန္တဝိမလတ္ထေရေန၊ အသျှင်ဝိမလမထေရ်သည်။ ရစိတော၊စီရင်အပ်သော။ဒိဋ္ဌိဝိသုဒ္ဓိကထာဂန္ထော၊ ဒိဋ္ဌိဝိသုဒ္ဓိကထာအမည်ရှိသောကျမ်းသည်။နိဋ္ဌိတော၊ပြီးပြီ။

သူရိယဝံသပဉ္စင်္ဂေန၊ ဒိဋ္ဌာဒိဂဏ္ဌိနိဿယော။
ကတောနိဋ္ဌံယထာဓိပ္ပေ၊ ဖုဿကာဠဒသာဟဂေ။ ။

သူရိယဝံသပဉ္စင်္ဂေန၊ တလိုင်းကုန်းဆရာတော်၏တပည့် {ဦးသူရိယ} နာမထင်လင်း- ဦးပဉ္စင်းသည်။ ကတော၊ ချနက်ပေါ်မှာ၊ ဓိပ္ပါယ်ဖြာလျက်၊ ကောင်းစွာပြုစီရင်အပ်သော။ ဒိဋ္ဌာဒိဂဏ္ဌိနိဿယော၊ တလိုင်းကုန်းဆရာတော် ပြုစီရင်အပ်သော ဒိဋ္ဌိဝိသုဒ္ဓိကထာကျမ်း၏ နိဿယသည်။ ဂေါဇေ၊ ဂေါဇာသဏ္ဌာရစ်သည်။ (ထည့်)။ ယထာဓိပ္ပေ၊ ၁၂၇၁-ခုနှစ်သို့။ ပတ္တော၊ ရောက်လတ်သော်။ (ထည့်)။ ဖုဿကာဠဒသာဟဂေ၊ ပြာသိုလ်ဆုတ်ဆယ်ရက်၊ ကြာသပတေးနေ့၌။ နိဋ္ဌံ၊ ပြီးဆုံးခြင်းသို့၊ ပတ္တော၊ ရောက်ပြီ။ ။

ဒိဋ္ဌိဝိသုဒ္ဓိကထာပါဌ်နိဿျဉ်တွင်ပြီး၏။

သုံးလူ့ဥဒျောင်၊ ကွတ်ဘုန်း ခေါင် ဖို့၊ စိန်ရောင် တပဲ၊
ပုလဲ တရထည်၊ ဝင်းကြည့် တောက်ထိန်၊
အသမ္ဘိန္နု၊ သရီရ,ဟု၊ ဝါမ,အဝဲခါတ်၊

# စွယ်တော်

မြတ်၏

ထုပ္ပတ် ကြောင်းရာ၊ ဖြစ်စဥ် လာကို၊ ဂါထာ ဂီတိ၊
ပါဠိ,အလင်္ကာ၊ သဒ္ဒါ,ဆန်းညီ၊ ကုံးသီ ဖွဲ့ဆိုလျက်၊
ကြည်ညို ဘွယ်ရာ၊ မြန်မာ အနက်၊
ထည့်စွက် ယှစ်ဖွင့်၊ ကျူးရင့် မြွက်ဟာ၊
ဖေါ်ပြအပ်သော

# ဒါဌာဝံသဂီတိကျမ်း။

( ဂန္ထကာရက )
အရှင်ပညာဝဏ္ဏ။
ဘုရား ကြီး ကျောင်း တိုက်၊
ငါးသိုင်းချောင်းမြို့၊

ရန်ကုန်မြို့၊
၂၅-လမ်း၊ ဘောဆိုတန်း၊ တိုက်နံပါတ် ၁၇-၁၈။
မြသန်းကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်။
၁၂၉၅-ခု၊ ပြာသိုလ၊

# နိဒါန်း။

သုံးလူ့ မှံကျူ၊ သယမ္ဘူ၊ ဓမ္မရာဇာ၊ မင်းဆုံးကြီးဖြစ်တော် မူသော မဟာဝဇိရဉာဏ်တော်သခင်၊ သဗ္ဗညုဘုရားရှင်၏၊ ဝါမ,အောက်ခေတ်၊ စွယ်တော် မြတ်သည်၊ ယခုအခါ-လင်္ကာဒီပ၊ ကျွန်းဌာန,၌၊ နေ,လ,ပမာ၊ လွှန်ကြွေပြောလျှက်၊ ကောင်းစွာ ကိန်းဝပ်တည့်ရှိတော်မူသည်ဖြစ်ကြောင်း။

ထို-သုံးလူ့ ရှင့်ခေတ်၊ စွယ်တော်မြတ်ကို၊ တပ်တပ် ထင်ထင်၊ ကြည်လင်မြတ်နိုး၊ ရှိခိုးပူဇော်ရန်အကျိုးငှါ၊ သမာနာစရိယ၊ သဟစာရီ၊ ဒဋ္ဌိမိတ္တ၊ သိက္ခာကာမ,အစစ်၊ ဖြစ်ကြီးဖြစ်တော် မူကြကုန်သော၊ အရှင်ဥတ္တရာဇီဝ၊ အရှင်သေီက-စသော၊ သီတင်းသုံးဘော်တို့နှင့်တကွ၊ သက္ကရာဇ် ၁၂၈၄-ခု၊ နတ္တော်လဆုတ် ၄-ရက်၊ ကြာသပတေးနေ့၊ ၂-နာရီအချိန်၊ မြန်မာတို့ရိုင်မြို့၊ ရန်ကုန်မြို့ ဆိပ်ကမ်းမှ၊ ဘောဘျမ်းထူပြော၊ ပင်လယ်ကြောကို၊ သင်္ဘောဖြင့် ဖြတ်သန်း၍၊ ရွှင်လန်းစွာထွက်ခဲ့ရာ၊ သီဟိုဠ်ကျွန်း၊ ကောလမ္ဗိုဆိပ်ကမ်းသို့၊ ၎င်း လဆုတ် ၉-ရက်နေ့ည၊ ဆိုက်ရောက်ခိုလှုံခဲ့ကြောင်း။

ထိုသို့ကောလမ္ဗိုမြို့ကြီးသို့၊ ဆိုက်ရောက်သောအခါ၊ မြင့်မြတ်သော-စိတ်နှလုံးရှိတော်မူသော၊ အရှင်"ဝိနယာလင်္ကာရ"မထေရ်မြတ်၏၊ မေတ္တာ ပြခန်းသော၊ စောင့်ရှောက်- ထောက်ပံ့ခြင်းကို ဝမ်းမြောက်စွာခံယူလျှက်၊ ကလျာဏီစေတီတော်,စသော၊ ဘုရားပုထိုးအဆောက်အဦးများကို၊ ဖူးမြော်-ကြည့်ရှုပြီးလျှင်၊ အဆိုပါမြို့ကြီးမှ တဘန်၊ စွယ်တော် ခေတ်မြတ်၊ ကိန်းဝပ် မွေ့လျော် ရာ၊ (သန္တ)သို့မဟုတ်(ကင်ဒီ)မြို့သို့၊ ထွက်ခွါခဲ့ကြ၍၊ ၎င်းမြို့သို့ရောက်လျှင်၊ "သုမန"တောင်ထွတ်၌၊ ချထားတော်မူခဲ့သော၊ "ပါဒစေတီ"တော်မြတ်ကို၊ နှစ်သက်ကြည်ညိုစွာ၊ သွားရောက်ဖူးမြော်ပြီး၍၊ ပြန်ရောက်သော အခါ၊ စွယ်တော်ထိန်း အမတ်ကြီးနှင့် နာယက

ဆရာတော်တို့ကို၊အကြောင်းညီညွတ်အောင်။ ပြောဆိုနှစ်သိမ့်စေကြပြီးလျှင်၊ပြာသိုလဆန်း ၁၁-ရက်၊ကြာသပတေးနေ့။ ၃-နာရီအချိန်တွင်၊ ဂုဏ်သိမ်ကဲမြင့်။ "စွယ်တော်ကြွတ်" ဖွင့်မင်္ဂလာပွဲသဘင်ကို၊ဆင်ယင်ကျင်းပကြလေသည်ဖြစ်ကြောင်း။

ထို"ဓာတုဝိဝရဏ" ပွဲသဘင်ကြီး၌၊ စစ်ကိုင်း-မန္တလေး၊ ရန်ကုန်-ဟင်္သာတ၊ငါးသိုင်းချောင်း၊ လေးမျက်နှာ-စသော၊ အသီးသီး၊ အပို့ပို့။ အမြို့မြို့မှလာရောက်ကြကုန်သော၊ ရဟန်း,ရှင်,လူအပေါင်းတို့သည်၊ကြည်ညိုဖူးမြော်သဖြင့်။ ထက်သန်သော စေတနာဖြင့်၊ ရတနာ-ရွှေငွေ၊အထွေထွေ တို့ကိုရင်း။ မွှေးနံ့ကြိုင်လှိုင်း၊ နံ့သာပန်းတို့ကိုရင်း။ မြှောက်ကြပက်ဖျန်း၍၊ လှူဒါန်းကော်ရော်၊ ပူဇော်မြတ်နိုး။ ရှိခိုးဖူးမြော်ကြလေသည်ဖြစ်ကြောင်း။

ဤသို့-သူ့ထက်ငါသာ၊ကုသိုလ်အထူးကို။ ဆည်းပူးကြစဉ်၊အကြီးဖြစ်သည်မှာ။ အာဂိသ ပူဇာထက်။ ဓမ္မပူဇာသည်။ လွန်ကဲမြင့်မြတ်၍၊ ပင်လယ်ကို ဖြတ်သန်း၍။ သက်စွန့်ကြိုးပမ်းလာခဲ့ရသောငါသည်။ဤစွယ်တော်ဓာတ်မြတ်ကို။ ပူဇော်သောအားဖြင့်၊ အဖြစ်သနစ်တော်ကို။ထုတ်ဘော်ရေးသားရပါမူ၊ကောင်းလေစွ။ဤသို့ကြံစည်မိ လေသတည်း။ ယင်းသို့ သဒ္ဓါဇော ထက်သန်၍၊ ကြံစည်မိသော်လည်း၊ ဘုရား- ပုထိုး။ ရှိခိုးဖူးမြော်ခြင်း စသော ဗုဒ္ဓကိစ္စတို့ကြောင့်။စိတ်၌စွဲမြဲ၍၊ချီးဖွဲ့ရေးသားရန်။ အခါအခွင့်၊မသင့်မကြုံဘဲရှိနေလေသည်ဖြစ်ကြောင်း။ ။( ဤကားပထမကြံစည်ခြင်းတည်း )။

ထို့နောက်- ထူပါရာမ စေတီတော်- မဟာ စေတီတော်ကြီးစသော၊"အနုရာဓ"မြို့ရှိ၊ထင်ရှားကျော်စောသော၊ဘုရားပုထိုးတို့ကိုရှိခိုးပူဇော်ကြပြီးလျှင်။ ၎င်းသိဟိုဠ်ကျွန်းကြီးမှ၊ မဇ္ဈိမဒေသ၊ဘုရားပွင့်တော်မူရာ၊ "မဟာ ဗောဓိ" ကို၊ ရှိခိုး ဖူးမြော်ရန် အကျိုးငှါ၊ သင်္ဘောဖြင့်"မဒရပ်"မြို့သို့ကူး၍။ထိုမှတဖန် "ကာလကတ္တား"မြို့သို့၊၎င်းမှတဖန်-ဘုရားပွင့်တော်မူရာ၊မဟာဗောဓိသို့ထွက်ခွါခဲ့ကြကြောင်း။

မိမိတို့ရည်ရွယ်ရင်းဖြစ်သော၊ "ဗုဒ္ဓဂယာ"၊ မဟာဗောဓိသို့၊ ရောက်ရှိသောအခါ၊ ထိုထို-ပလ္လင်- အနိမိသ-အစရှိသော သတ္တ-သတ္တာဟ၊ စေတီတော်ဌာနတို့ကို၊ ရှိခိုးဖူးမြော်ကြပြီးလျှင်၊ ကြည်ညို့မိပြန်သည်မှာ၊ ဤမြေအရပ်သည်၊ အလုံးစုံသောဘုရားရှင်တို့၊ မစွန့်မှု၍၊ ပွင့်တော်မူကြရာ၊ အပိဇယိတ-ဌာန၊ မြေများဥက္ကဋ္ဌ၊ မြေမြတ်ဦးခိုင်၊ မဏ္ဍိုင်ဗဟို၊ ငါးမာရ်ပြိုရာ၊ အောင်မြေချာဖြစ်ခဲ့၍၊ ငါတို့မြတ်စွာဘုရား၏၊ ခုနစ်ရက် ၇-လီ၊ အညီ ရွှင်ပြုံး၊ သိတင်းသုံးရာ၊ ခုနစ်ဖြာသောဌာနလည်း၊ ယခုထင်ရှားရှိခဲ့၏၊ ဤခုနစ်ပါးသော သတ္တာဟ၊ စေတီတော်ဌာနတို့နှင့်တကွ၊ ဌာနိသရ ဖြစ်တော်မူသော မြတ်စွာဘုရားအား၊ ကြည်လင်ညွတ်တွား၊ ပူဇော်သောအားဖြင့်၊ ဒိပက်ရာမြတ်စွာဘုရား၏ခြေတော်ရင်းဝယ်၊ နိယတဗျာဒိတ်ပန်းကိုပန်ဆင်တော်မူသည်မှစ၍၊ ဤ"ဗောဓိမဏ္ဍိုင်"၌၊ ဘုရားဖြစ်တော်မူသည်တိုင်အောင်၊ ဘော်ထုတ်အံ့အဲ၊ ချီးဖွဲ့ရေးသားရပါမူ၊ ကောင်းလေစွဟု၊ ဤသို့တဘန် ကြံစည်မိပြန်သတည်း၊ ယင်းသို့ကြံစည်မိသော်လည်း၊ ရှေး၌ဘော်ပြအပ်ခဲ့သောဗုဒ္ဓကိစ္စတို့ကြောင့်၊ စိစဉ်တဲ့သားရန်အခါအခွင့်၊ မသင့်မကြုံဘဲပင်ရှိနေပြန်ကြောင်း၊ ၊( ဤကားဒုတိယကြံစည်ခြင်းတည်း )၊

ထို"ဗုဒ္ဓဂယာ"မှတဘန်၊ ဗာရာဏသီပြည်၊ ဣသိပတန"မိဂဒါဝုန်"တောသို့၊ ၎င်းမိဂဒါဝုန်တောမှတဘန်၊ "ကုသိနာရုံ"ပြည်၊ မလ္လာမင်းတို့- (အင်ကြင်းဥယျာဉ်) သို့မဟုတ် (မာထကုဝါရ်) သို့ထွက်ခွါခဲ့ပြန်ရာ၊ ၎င်းဥယျာဉ်တော်အတွင်း၊ ဂန္ဓကုဋိတိုက်တော်၌၊ ပရိနိဗ္ဗာန်- စံဝင်တော်မူဟန်၊ ရုပ်ပွါး လျောင်းတော်မူ- တဆူကိုဖူးတွေ့ရသဖြင့်၊ သက်တော်ထင်ရှား-မြတ်စွာဘုရားကို၊ ကိုယ်တိုင်ဖူးတွေ့ရဘိ သကဲ့သို့၊ မနောဒွါရ၌ ထင်ပြီးလျှင်၊ အလွန်ပင်သနား, ကြင်နာခြင်း၊ ဝမ်းနည်းလွမ်းဆွတ်ခြင်းဖြစ်မိကြလေကြောင်း၊

ထိုနောက်-တေဇောဓာတ် လောင်ရာအရပ်၌ တည်ရှိသောစေတီတော်မြတ်ကို၊ ရှိခိုးဖူးမြော်စဉ်၊ ကြံစည်မိပြန်သည်မှာ၊ ဆယ်ပါး

သောကာယဖလ-ဉာဏဖလနှင့်ပြည့်စုံတော်မူသော။ ငါတို့မြတ်စွာဘုရားသည်၊ အင်ကြင်းဥယျာဉ်တော်အတွင်း၌၊ အားတော်ကုန်ခန်းလျက်၊ နိဗ္ဗာန်နန်း စံဝင်တော်မူရလေသည်။ ဤအရပ်၌မူကား၊ အလောင်းတော်မြတ်ကို၊ တေဇောဓာတ်မီးဟုန်လွှမ်း၍၊ လောင်ကျွမ်းတော်မူရလေသည်။ ထိုနိဗ္ဗာန်စံဝင်။ဘုရားရှင်အား။ ဝပ်တွားကော်ရော်။ ပူဇော်သောအနေဖြင့်၊ ဗောဓိမဏ္ဍိုင်ကာစ၍၊ တေဇောဓာတ်လောင်ကျွမ်းသည့်တိုင်အောင်၊ ဖွဲ့ဆိုရေးသားရပါမူကား ကောင်းလေစွဟု၊ ဤသို့တဘန်-ကြံစည်မိပြန်သဘည်း။ ယင်းသို့ကြံစည်မိသော်လည်း၊ရှေးအတိုင်းပင်၊ ရေးသားရန်အခါအခွင့်၊ မသင့်မကြုံဘဲရှိပြန်သည်ဖြစ်ကြောင်း။ ။(ဤကား၊တတိယကြံစည်ခြင်းတည်း)။

ဧင်းကုသိန္နာရုံပြည်မှဘဘန်။ "သာဝတ္ထိ-လက္ခနော်" စသောမြို့ကြီးများသို့၊သွားရောက်ပြီးလျှင်။ပြန်လည်ခဲ့ရာ၊ မိမိတို့နေရင်းဖြစ်သော မြန်မာပြည်သို့၊ တပို့တွဲ လဆုတ် ၈-ရက်- ကြာသပတေးနေ့၊ ကော်...နန်ချမ်းသာစွာဆိုက်ရောက်ပေသတည်း။ ထိုအခါ၌လည်း၊ စီစဉ်...သားရန်၊ အခါအခွင့်၊ မသင့်မကြုံဘဲပင်၊ ရှိလျက်နေသေးကြောင်း။

ဤသို့လျှင်-အခါအခွင့်။မသင့်ဘဲ။ ငါးလခန့်လောက်လွန်မြောက်၍။ဒုတိယဝါဆိုလသို့ရောက်သောအခါ။ အထက်မြန်မာပြည်၌၊အလွန်ထင်ရှားသော။ရွှေဟင်္သာမင်း၏ ပျော်ခင်းစံရာ။ ရတနာတောင်ထွတ်နှင့်တူသော။သူတော်ကောင်းတို့ပျော်မွေ့ရာ။ "ဇေယျာပုရ" တိုင်း၊ "စစ်ကိုင်း တောင်ရိုး"၌၊ ဇရပ်တန်ဆောင်း၊ ဂူ, ကျောင်း, ဘုရား။ ရေကန်-ပန်းမာလ် အစရှိသော။ အဆောက်အဦး များတို့ဖြင့်၊ ခမ်းနားတင့်တယ်သော။ သုမေဓာ-ဝေဿန္တရာ အစရှိသော-အလောင်းလျာတို့၏၊ပျော်မွေ့ရာ၊သခ်မ်းသာကဲ့သို့၊ ယောဂီအလုပ်ကို၊ အားထုတ်ပွါးများသူတို့၏ စိတ်အစဉ်ကို၊ ကြည်လင်နှစ်သိမ့်စေနိုင်သော၊ "သိတာမုခ" အမည်ရှိသောချောင်မြတ်၌၊ ၁၂၈၅-ခု၊ ဝါ-ကပ်၍နေစဉ်။ ယခင်ရှေးအထက်က- သုံးချက်သော အကြံအ

စည်တို့သည်၊မနောဒွါရတည်းဟူသော-မှန်ပြင်ဝ၌၊ နေ့,လအသွင်၊ ထင်လာ၊ပြင်လာကြလေသည်ဖြစ်ကြောင်း။

ဤသို့အောက်မေ့မှတ်မိ၊သတိဖြစ်ပေါ်လာသောအခါ၊ မိမိ၏အနည်းငယ်မျှသော- ဉာဏ်ပညာကို အသုံးပြုလျက်၊ နေဝင်သံသရာဘဝအဆက်ဆက်တို့၌၊ပါရမီဉာဏ်၊ ရင့်သန်နိုင်ပြီး၊ ကြီးမားပွင့်လင်းစေရန်၊မြှုပ်နှံမိုက်ပျိုးသော အနေအားဖြင့်၊ အတိုင်းမသိသောဂုဏ်ပေါင်းသခင်၊ ဘုရားရှင်၏၊ အဖြစ်သနစ် တော်ကာစ၌၊ အသမ္ဘိန္န၊ ဝါမ,အောက်ခါတ်၊ ဗွယ်တော် မြတ်၏၊ အဋ္ဌုပ္ပတ်တိုင်အောင်၊ထုတ်ဘော်ညွှန်ကြား၊ရေးသားရပါမူ၊ ငါ့အားအတိုင်းမသိသော-ကုသိုလ်အထူးတို့သည်၊ ပွါးလူးထက်သန်၍၊ အမှန်ပင်တိုးတက်ပေတော့လတ္တံ့၊ ၊ကြည်နူးဝမ်းသာ၊ ဘတ်,နာ, ကြည့်ရှုရသော၊ သူတော်ကောင်းတို့အားလည်း၊ ကြည်ညိုခြင်း သဒ္ဓါတရားကိုအမှီပြု၍၊ အတိုင်းမသိသော ကုသိုလ်တရား၊ ပွါးများတိုးတက်ကုန်ရာ၏၊ ဤသို့-စိတ်၌ တွေးတော ရည်မှန်းလျက်၊ ရွှင်လန်းပမ်းမြောက်ခြင်းဖြစ်သည်နှင့်အညီ၊ဘွဲ့သိရေးသားလိုသော စိတ်အစဉ်တို့သည်၊ ရေယဉ် ပမာ၊ ဆက်ခါ ထပ်ထပ်၊ ဥပါဒ်လျက် ရှိနေကြောင်း။

ယင်းသို့ "သိတာမုခ" ချောင်၌၊ အကြံအစည်ဖြစ်ပေါ်နေစဉ်၊ သီဟိုဠ်- ဣန္ဒိယစသော-တိုင်းတပါးသို့၊ သွားဘော် ပြန်ဘက်၊ ဒေသန္တရ-ဂမနာဂမန၊ သဟာယဖြစ်သော၊ အရှင်"ဆေကာ" သည်၊ ရတနာပုံ-မန္တလေးရွှေမြို့တော်မှ ရောက်လာသဖြင့်၊ အတ္တသံယုတ္တ၊ ဓမ္မသံယုတ္တ၊ ဖြစ်သောစကားတို့ကို ပြောကြား၍နေကြစဉ်၊ ထိုအရှင်သည်၊ ကြည်လင်သော စိတ်ထားဖြင့်၊ မြွက်ကြား တိုက်တွန်းသည်မှာ၊ အဆွေတော်၊ ၊ယခုအခါ မြန်မာပြည်၌၊ ဗွယ်တော်မြတ်၏အကြောင်းအရာတို့ကို၊ဂါထာဂီတိ၊ ပါဠိအလင်္ကာတို့ဖြင့်၊ ကောင်းစွာရေးသားအပ်သော ကျမ်းဟူ၍မရှိသေးချေ၊ ထိုကြောင့်အရှင်သည်၊ရွတ်လွယ်,ဘာသ်လွယ်၊ မကျယ်,မကျဉ်း၊ သန့်ရှင်း

ပေါ်လွင်သောဂါထာဗန္ဓတို့နှင့်တကွ၊ကဏ္ဍသုခဖြစ်သောက်သော၊ မြန်မာအနက်တို့ဖြင့် တန်းဆာဆင်လျက်၊ တရသော အဋ္ဌုပ္ပတ္တိ ကျမ်းကို၊ ကြိုးပမ်းတကုတ်၊ အားထုတ်စီစဉ်ပါလေသော၊ ခါခါနီး ကပ်၊တိုက်တွန်းတောင်းပန်အပ်သည်ဖြစ်ကြောင်း။

ဤသို့-တိုက်တွန်း တောင်းပန်ချက်ကို၊ လက်ခံ သိမ်းပိုက်အပ် သည်ဖြစ်၍၊ရေးသားစီစဉ်ရန်၊အခါအခွင့်သင့်သည့်အားလျော်စွာ၊ ဗုဒ္ဓဝင်ပါဠိတော်၊ သုတ်မဟာဝါပါဠိတော်၊ အဋ္ဌသာလိနီ အဋ္ဌက ထာ၊ဇာတ်အဋ္ဌကထာ၊သုတ်မဟာဝါအဋ္ဌကထာစသော–သာသ နာတော်ကျမ်း၊မဟာဝင်–ရာဇဝင်-ဒါဌာဓာတုဝင်စသော ဂန္ထန္တ ရတို့ကို၊တိုက်ဆိုင်ကြည့်ရှုလျက်၊ပန်းအမျိုးမျိုးတို့ကို၊ သီကုံးခြင်း အမှုခွဲလိမ္မာသော၊ပန်းတော်မှူးသည်၊ရတနာပန်းတောင်းမှ၊ ပန်းအ ပေါင်းတို့ကိုထုတ်နုတ်၍၊သင့်ရာသင့်ရာ၊ညာဏ်ဖြင့်လွှာ၍၊ ကောင်း စွာသီကုံးသကဲ့သို့၊ ထိုထိုသို့သောပါဠိ, အဋ္ဌကထာ,စသည်တို့မှ၊ ကောင်းစွာ ထုတ်နုတ်၍၊ သူတော်ကောင်းတို့-ကုသိုလ်တရား၊ ပွါး များတိုးတက်စေခြင်းအကျိုးငှါ၊ဤ“ဒါဌာဝံသဂီတိ”အမည်ရှိသော ကျမ်းကို၊ ကြိုးပမ်း တည့်တွင်၊ စီစဉ် ရေးသား အပ်သည် ဖြစ် ကြောင်း။

မြင့်မြတ်သော အဇ္ဈာသယဓာတ် ရှိကြကုန်သော၊ ပညာရှိ သူ တော်ကောင်း အပေါင်း တို့သည်၊ ဤ“ဒါဌာဝံသဂီတိ” ကျမ်းကို၊ ရွှင်လန်းကြည်သာ၊သဒ္ဓါလှုလှု၊ပြစ်မပြုဘဲ၊ ကြည့်ရှုတော်မူနိုင်ကြ ပါစေကုန်သတည်း။

သာသနာတော်တည်းဟူသောကြာကန်ကြီးအတွင်း၌၊ ငွါးငွါး ကြီးပေါ်ထွက်လာသော၊ဤ“ဒါဌာဝံသဂီတိကျမ်း”တည်းဟူသော ပဒုမ္မာကြာပန်းကြီး၏၊ ဂါထာပဗန္ဓ၊ အတ္ထယောဇနာ အစဉ်တည်း ဟူသောပန်းဝတ်မှုံ-ပန်းဝတ်ရည်၌၊ပညာရှိသူတော်ကောင်းတို့၏၊ ညှိမှောင်သောအဆင်းရှိသော၊ မျက်စိတည်းဟူသော ပျားပိတုန်း

တို့သည်၊စ း သုံးနှိဝဲလျက်၊အမြဲပျော်ပိုက်။ နှင့်ငြိုက်တော်မူကြပါ စေခလိုဉ်၊

ခလိတံ အသိလိဋ္ဌဥ္စ၊ဝိသောဓေတွာ ဥနာဓိကံ။
အာဒါသမိဝ ပသန္နံ၊သာဓဝေါ တံ ပုနပ္ပုနန္တု။ ။

အရှင်ပညာဝန္တ။

ဘုရားကြီးတိုက်၊

ငါးသိုင်းချောင်းမြို့။

၁၂၇၅-ခု-နတ္တော်လ။

# ဒါဌာံသဂီတိကျမ်း။

## မာတိကာ။


| ဦးရေနံပါတ်။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| (က) | ဂန္ထကာရ-ပဏာမ-နိဒါန်း .... .... | ၁ |
| ၁ | နိယတဗျာဒိတ်ခံယူပြီး၍-ပါရမီဆယ်ပါးကို၊ ဖြည့်ကျင့်တော်မူခဏ်း .... .... | ၃ |
| ၂ | နတ်ပြည်မှ ဘာ့အပေါင်းတို့-တောင်းပန်သဖြင့်၊မယ်တော်ဝမ်း၌၊ပဋိသန္ဓေတည်နေတော်မူခဏ်း | ၈ |
| ၃ | နိမိတ်ကြီးလေးပါးကိုမြင်တော်မူသဖြင့်၊တောထွက်တော်မူခဏ်း .... .... | ၁၃ |
| ၄ | သုဇာတာ၏ဃနာသာဆွမ်းကိုခံယူတော်မူပြီး၍၊ ဗောဓိမဏ္ဍိုင်သို့ကြွတော်မူခဏ်း .... | ၁၆ |
| ၅ | ဘုရားအဖြစ်သို့ရောက်တော်မူပြီး၍၊ သတ္တဌာန တို့၌စံနေတော်မူခဏ်း .... .... | ၂၀ |
| ၆ | မိဂဒါဝုန်တော၌၊ဓမ္မစကြာတရားနှင့်၊ အနတ္တ လက္ခဏာသုတ်ကို၊ဟောတော်မူခဏ်း .... | ၂၆ |
| ၇ | သီဟိုဠ်ကျွန်းသို့-ပထမ-ကြွတော်မူခဏ်း .... | ၂၈ |
| ၈ | သီဟိုဠ်ကျွန်းသို့-ဒုတိယ အကြိမ်မြောက် ကြွတော်မူခဏ်း .... .... .... | ၃၁ |
| ၉ | သီဟိုဠ်ကျွန်းသို့- တတိယ အကြိမ်ကြွတော်မူခဏ်း .... .... .... | ၃၅ |
| ၁၀ | မာရ်နတ်တောင်းပန်၍၊ အာယုသင်္ခါရလွှတ်တော်မူခဏ်း .... .... .... | ၄၀ |
| ၁၁ | ဝေသာလီပြည်မှ၊ ကုသိနာရုံ ပြည်သို့ကြွတော်မူခဏ်း .... .... .... | ၄၅ |

| ဦးရေ နံပါတ်။ | အကြောင်းအရာ။ | မျက်နှာ နံပါတ်။ |
|---|---|---|
| ၁၂ | အပ္ပမာဒတရားကိုဟောတော်မူပြီး၍၊ ကုသိနာရုံပြည်အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်ဝင်စံတော်မူခန်း .... .... .... | ၅၁ |
| ၁၃ | မင်းအများတို့သည်၊ အလောင်းတော်ကို၊ နံ့သာထင်းပုံထက်သို့တင်၍မီးသင်္ဂြိုဟ်ခန်း .... | ၅၄ |
| ၁၄ | အရှင်မဟာကဿပ မထေရ်ကြီးသည်- တပည့် အပေါင်းတို့နှင့်- ပါဝါပြည်မှ၊ ကြွလာတော်မူခန်း .... .... .... | ၅၇ |
| ၁၅ | တေဇောဓာတ်လောင်ပြီး၍၊ ကြွင်းကျန်သောဓာတ်တော်တို့ကို၊ ရှစ်ပြည်ထောင်သောမင်းတို့အား၊ ခွဲဝေပေးခန်း .... .... | ၆၀ |
| ၁၆ | "ခေမ" မည်သောရဟန္တာမြတ်သည်၊ စွယ်တော်ကိုဆောင်၍၊ "ကာလိင်္ဂ" တိုင်းရှင်၊ ဗြဟ္မဒတ်မင်းအား၊ အပ်နှင်းခန်း .... .... | ၆၆ |
| ၁၇ | "ဂုဟာသီဝ" မင်းသည်မိစ္ဆာအယူကိုစွန့်ပစ်၍၊ ရတနာသုံးပါး၌အားထားကြည်ညိုခန်း .... | ၆၉ |
| ၁၈ | တိတ္ထိ-တက္ကတွန်းတို့ကို၊ တိုင်းပြည်မှ နှင်ထုတ်ခန်း .... .... .... | ၇၄ |
| ၁၉ | တိတ္ထိ-တို့သည်ရန်ညှိုးဖွဲ့၍၊ ပါဋလိပုတ်ပြည်-ပဏ္ဍုမင်းထံ၌ ကုံးချောစကား ပြောကြားခန်း .... .... .... | ၇၅ |
| ၂၀ | "ပဏ္ဍု" မင်းသည်၊ တိတ္ထိတို့ ကုံးချောသောစကားကိုယုံကြည်၍၊ "ဂုဟာသီဝ" မင်းကိုဘမ်းဆီးရန်စေလွှတ်ခန်း .... .... | ၇၆ |

| ဥူးရေ နံပါတ်။ | အကြောင်းအရာ။ | မျက်နှာ နံပါတ်။ |
|---|---|---|
| ၂၁ | "ဂုဟာသိဝ"မင်းသည်- ဘုရားဂုဏ်ကိုချီးမွမ်း၍၊ ဘမ်းဆီးရန်လာသော"စိတ္တယာန"မင်းအား၊ စွယ်တော်ဘိုက်သို့ခေါ်ဆောင်ခဏ်း .... | ၇၈ |
| ၂၂ | "စိတ္တယာန"မင်းသည်စွယ်တော်မြတ်၏တန်းခိုးတော်ကို၊ ဖူးမြော်ရသဖြင့်၊ ကြည်ညိုနှစ်သက်တော်မူခဏ်း .... .... | ၈၁ |
| ၂၃ | "ဂုဟာသိဝ"မင်းသည်၊ စွယ်တော်ကိုပင့်၍၊ ပါဋလိပုတ်ပြည်သို့လိုက်သွားခဏ်း .... | ၈၄ |
| ၂၄ | "ပဏ္ဍု"မည်သောတိတ္ထိမင်းသည်၊ စွယ်တော်မြတ်အား၊ မီးကျီးတွင်းသို့ပစ်ချရန်၊ တိတ္ထိတို့ကိုစေခိုင်းခဏ်း .... .... .... | ၈၅ |
| ၂၅ | မီးမလောင်နိုင်သဖြင့်၊တဘန်ပေပြင်ထက်၌တင်၍၊ မှုန့်မှုန့်ညက်ညက် ထုနှက်ရန် စေခိုင်းခဏ်း .... .... .... | ၈၈ |
| ၂၆ | ပေထဲ၌စူးဝင်၍နေသော စွယ်တော်မြတ်ကို၊ ထုတ်နှုတ်ရန်"သုဘဒ္ဒ"သူဌေးသား၊"ပဏ္ဍု"မင်းအထံသို့သွားခဏ်း .... .... | ၉၁ |
| ၂၇ | သူဌေးသားသည်၊ မြတ်စွာဘုရား၏ အဖြစ်သနစ်တော်များကို သစ္စာဆို၍၊ တန်းခိုးပြရန်တောင်းပန်ခဏ်း .... .... | ၉၃ |
| ၂၈ | စွယ်တော်မြတ်သည်-ကောင်းကင်၌တန်းခိုးပြတော်မူပြီး၍၊"သုဘဒ္ဒ"၏ဦးခေါင်းထက်၌-တည်လာခဏ်း .... .... .... | ၉၆ |

| ဦးရေ နံပါတ် | အကြောင်းအရာ | နံပါတ် မျက်နှာ |
|---|---|---|
| ၂၉ | ဗြွခွက်အတွင်း-နံ့သာရေ၌၊ ဟင်္သာမင်းကဲ့သို့ ပျော်မြူးကူးသန်းလျက်၊ တန်းခိုးပြတော်မူခဏ်း .... .... .... | ၉၇ |
| ၃၀ | “ပဏ္ဍု”မင်းသည်၊ တဘန်နက်ဖွာစွာသော တွင်း၌ထည့်မြှုပ်၍၊ဆင်ဖြင့်နင်းရန်စေခိုင်းခဏ်း .... .... .... | ၉၉ |
| ၃၁ | စွယ်တော်မြတ်ကို၊ တဘန်အပုပ် အမျိုးမျိုးတို့ ဖြင့်ပြည့်သော ကျုံးမြောင်းတွင်းသို့ ပစ်ချခဏ်း .... .... .... | ၁၀၀ |
| ၃၂ | ကျုံးတွင်း၌ တန်းခိုးတော်ပြပြန်သဖြင့်၊ လူအပေါင်းတို့သည်၊ “ပဏ္ဍု”မင်းအားဝိုင်း၍၊သံတော်ဦးဘင်ခဏ်း .... .... | ၁၀၂ |
| ၃၃ | “ပဏ္ဍု”မင်းသည်- စွယ်တော်မြတ်ကို ပင့်ဆောင်ရန်၊စစ်သူကြီးအားစေလွှတ်ခဏ်း.... | ၁၀၄ |
| ၃၄ | စစ်သူကြီး စွယ်တော်မြတ်ကို ရှိသေစွာပင့်လျှောက်ခဏ်း .... .... .... | ၁၀၅ |
| ၃၅ | “ပဏ္ဍု”မင်းသည်၊မိမိကိုယ်တိုင်သွား၍၊စွယ်တော်မြတ်ကိုပင့်ဆောင်ခဏ်း .... | ၁၀၇ |
| ၃၆ | “ပဏ္ဍု”မင်းနှင့်၊ “ခိရဓါရ” မင်းတို့စစ်ပြိုင်ခဏ်း .... .... .... | ၁၁၁ |
| ၃၇ | “ဒန္တကုမာရ”မင်းသားအခဏ်း .... | ၁၁၄ |
| ၃၈ | “ဟေမမာလာ”မင်းသမီးအခဏ်း .... | ၁၁၆ |
| ၃၉ | “ဒန္တကုမာရ” မင်းသားနှင့်၊ “ဟေမမာလာ” မင်းသမီးလက်ထပ်ထိမ်းမြားခဏ်း .... | ၁၁၈ |

| ဦးရေ နံပါတ်။ | အကြောင်းအရာ။ | မျက်နှာ နံပါတ်။ |
|---|---|---|
| ၄၀ | "ဂုဟာသိဝ"မင်းနှင့်၊"မလယ"မင်းညီနောင်တို့ စစ်ထိုးခဏ်း .... .... .... | ၁၁၉ |
| ၄၁ | "ဂုဟာသိဝ"မင်းစစ်ပွဲ၌၊ ကျဆုံးကြောင်းကို သိ၍၊ သမီးတော်နှင့် သမက်တော်တို့ စွယ်တော်ကို ပင့်ဆောင်ထွက်ပြေးခဏ်း .... | ၁၂၄ |
| ၄၂ | သဲပုံတွင်းရှိ- စွယ်တော် ဓာတ်၏ ရောင်ခြည်တော်ကို မြင်သဖြင့်၊ ကောင်းကင်မှ သက်ဆင်း၍၊ရဟန္တာတပါးရှိခိုးခဏ်း .... | ၁၂၆ |
| ၄၃ | သဲပုံတွင်းမှ"ပဏ္ဍုပဟာရ"နဂါးမင်းသည်၊စွယ်တော်ကို၊တိတ်တဆိတ်ဆောင်ယူခဏ်း .... | ၁၂၇ |
| ၄၄ | ရဟန္တာ အရှင်မြတ်သည်၊ နဂါးမင်းထံမှ စွယ်တော်ကိုယူဆောင်၍၊မင်းနှစ်ပါးတို့အား ပေးအပ်ခဏ်း .... .... .... | ၁၂၉ |
| ၄၅ | မင်းနှစ်ပါးတို့သည်၊စွယ်တော်မြတ်ကို၊ သီဟိုဠ်ကျွန်းသို့ပင့်ဆောင်ခဏ်း .... .... | ၁၃၃ |
| ၄၆ | ရေနတ်နဂါးတို့ ပင်လယ်ပြင်၌၊ စွယ်တော်မြတ်အားရှိခိုးပူဇော်ခဏ်း .... .... | ၁၃၅ |
| ၄၇ | မောင်နှံ့နှစ်ပါးတို့၊သီဟိုဠ်ကျွန်း"ဇမ္ဗုကောလ" သင်္ဘောဆိပ်သို့ဆိုက်ရောက်ခဏ်း .... | ၁၃၇ |
| ၄၈ | မောင်နှံ့ နှစ်ပါး တို့သည်၊ "ဇမ္ဗုကောလ" သင်္ဘောဆိပ်မှ"အနုရာဓ"မြို့သို့သွားခဏ်း | ၁၃၉ |
| ၄၉ | "အနုရာဓ"မြို့ "မေဃဂိရိ" ကျောင်းတိုက်သို့ ရောက်၍၊ မထေရ်ကြီးသည်၊ ရဟန်းတပါး အား၊မင်းထံသို့စေလွှတ်ခဏ်း .... | ၁၄၃ |

| ဦးရေ နံပါတ်။ | အကြောင်းအရာ။ | မျက်နှာ နံပါတ် |
|---|---|---|
| ၅၀ | "ကိတ္တိသိရိမေဃာ" မင်းသည်၊ ကျောင်းတိုက်သို့သွား၍၊ စွယ်တော်အား၊ တကျွန်းလုံးဖြင့် ပူဇော်ခဏ်း .... .... .... | ၁၄၅ |
| ၅၁ | ပရိသတ်တို့အလယ်၌၊တန်ခိုးအမျိုးမျိုးပြတော် မူခဏ်း .... .... .... | ၁၄၉ |
| ၅၂ | မင်းကြီးသည် စွယ်တော်မြတ်ကို၊ ရထားဖြင့် နန်းတော်သို့ပင့်ဆောင်ခဏ်း.... .... | ၁၅၂ |
| ၅၃ | စွယ်တော်မြတ်ကို မဖူးမြော် ရသဖြင့်၊ တိုင်း သားပြည်သူတို့၊ ဆူပူဟာစ်အော် ကြသော အ ခဏ်း .... .... .... | ၁၅၅ |
| ၅၄ | မင်းကြီးသည်-မထေရ်ကြီးတို့အား၊ စွယ်တော် ပွဲခင်းကျင်းရန်၊ သင့်လျော်သော အရပ်ကို မေးလျှောက်ခဏ်း .... .... | ၁၆၀ |
| ၅၅ | မထေရ်ကြီးတို့သည် အချင်းချင်း သဘော ကွဲ လွဲကြသဖြင့်၊"ဖုဿ"ရထားလွှတ်ခဏ်း.... | ၁၆၂ |
| ၅၆ | "ဖုဿ"ရထားသည်အနုရာဓမြို့မြောက်တံခါး မှထွက်၍ "မဟိန္ဒ"ထေရ်၊ဓမ္မစကြာဟောရာ အရပ်၌၊တန့်ရပ်ခဏ်း .... .... | ၁၆၄ |
| ၅၇ | မင်းကြီးသည်နှစ်စဉ်ပွဲတော်ပြုလုပ်ရန်၊ကမ္ဗည်း စာတမ်း၊ရေးသားခဏ်း .... .... | ၁၆၇ |
| ၅၈ | ဘာဝနာဉာဏ် ဖြစ်ကြစေရန်၊ သတိပေးတိုက် တွန်းချက် .... .... .... | ၁၇၁ |


ဒါဌာဝံသဂီတိကျမ်း

မာတိကာပြီး၏။

၈ ဿကာရ-ပဏာမ-နိဒါန်း။

(က) နမောတေ ဓာတုဒဿာဝိ၊ နမောတေ ဓာတုဒေသက။
ဓာတုက္ခန္ဓော ဝရော နာထ၊ ဓာတုယာ တံ နမာမဟံ။ ။

(က) ဓာတုဒဿာဝိ၊ ပဉ္စက္ခန္ဓာ၊ လေးဖြာမဟာဘုတ်။ နာမ်-ရုပ်နှစ်ချ၊ ဓာတ်အရကို။ ဖုဖုဆစ်ဆစ်။ သစ်သစ်ကုန်စင်၊ သိမြင်တော်မူသောမြတ်စွာဘုရား။ တေ၊ ရှင်ပင်ဘုရားအား၊ နမော၊ ဆယ်ချောင်းပဏ္ဏာ၊ ပန်ကြာဖြင့်။ ခါခါတွဲဝပ်။ ဦးညွှတ်ပါ၏။ ဓာတုဒေသက၊ ပုဂ္ဂိုလ်,သတ္တဝါ။ သူ,ငါ,မဟုတ်။ နာမ်-ရုပ်နှစ်ဖြာ။ ဓာတ်ရှသာဟု။ စိတ်ဖြာ ခွဲခြား။ ဓာတ်တရားကို။ ထင်ရှားဆပ်ဆပ်။ ဟောတော်မူတတ်သောမြတ်စွာဘုရား။ တေ၊ ရှင်ပင်ဘုရားအား။ နမော၊ နဖူးထက်ပြင်။ ဆယ်လက်တင်၍။ ကြည်လင်သဒ္ဓါ။ ဦးနှိမ်ပါ၏။ နာထ၊ ကိုးကွယ်ရာဖြစ်တော်မူသောမြတ်စွာဘုရား။ တေ၊ သုံးဘုံထင်ရှား။ ရှင်ပင်ဘုရား၏။ ဓာတုက္ခန္ဓော၊ သုံးဆွဲ့နှစ်ဖြာ။ လက္ခဏာဝယ်၊ ခြောက်သွယ်ရောင်ခြည်၊ ရှက်လည်ကွန့်မြူး သဖြင့်၊ ချီးကျူးဖွဲ့နွှန်း၊ အံ့မဆုံးနိုင်သော၊ ဓာတ်တုံး-ဓာတ်ရ-တော်သည်။ ဝရော၊ ပြဟ္မာ-လူ-နတ်၊ ဟောင့်တအပ်သဖြင့်။ မြင့်မြတ်တော်မူ၏။ တံ၊ ထို-ပဉ္စကဋ္ဌိမ်၊ ရှင့်ဓာတ်မြတ်ကို။ အဟံ၊ သူ-ငါ-မဟုတ်၊ နာမ်ရုပ်နှစ်ချ၊ ဓာတ်ရ-ဓာတ်လုံး။ ဓာတ်တုံး-ဓာတ်ခဲသာ-ဖြစ်သော-အကျွန်ုပ်သည်။ ဓာတုယာ၊ ဒွါရသုံးပါး၊ ဓာတ်တရားဖြင့်၊ နမာမိ၊ ကြည်ညိုလှစွာ၊ ဦးနှိမ်ပါ၏။

(ခ) ဒါဠ္ဗုပ္ပတ္တိံ ပဝက္ခာမိ၊ တဝ နာထ ဘိနန္ဒိနံ။
ဒေဟိဒါနံ မမောကာသံ၊ သာဓဝေါပျ ဘိနန္ဒထ၊ ။

(ခ) နာထ၊ မြတ်စွာဘုရား။ ဘဝ၊ သုံးလူ့ဥက္ကဋ္ဌ၊ ရှင်တော်မြတ်၏။ အဘိနန္ဒိနံ၊ နေ့သင်ခါစဉ်ဆက်။ သဒ္ဓါဘက်၍၊ နှစ်သက်ဘွယ်ရာဖြစ်သော။ ဒါဠ္ဗုပ္ပတ္တိံ၊ စွယ်တော်ဓာတ်၏ မြင့်မြတ်ထင်ပေါ်၊ အဖြစ်-သနစ်တော်ကို။ ဒါနိ၊ ယခု။ ပဝက္ခာမိ၊ ဂါထာကုံး၍၊ ရှင်ပြူးသံချို၊

မြွက်ဆိုကျူးရင့်ပါတော့အံ့။ တွံ၊ ခေတ်မြတ်မှံကျူ၊ သယမ္ဘူ၊ ဟူ၊ တ
သူထွတ်ထား၊ ရှင်ပင်ဆုရေးသည်။ မမ၊ ဘွဲ့မည်ပညဝန်။ ဘုရာ့ကျွန်
အား။ ဩကာသံ၊ မြွက်ဆိုလှစ်ဖွင့်။ ရေးသားခွင့်ကို၊ ဒေဟိ၊ သနား
ကြည်ဖြူ။ ပေးတော်မူ။ သာဓုဝါဒီ၊ ကောင်းကျိုးလိုလား၊ သူတော်
ကောင်းအများ တို့သည်လည်း။ အဘိနန္ဒ၊ ပြည်တန်မြဲ့ကျောက်၊
လက်ဝယ်ရောက်သို့၊ ဝမ်းမြောက်-နှစ်သက်တော်မူကြကုန်။

# ဒါဌာဝံသဂီတိကျမ်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁ — နိယတဗျာဒိတ်-ခံယူပြီး၍-ပါရမီဆယ်ပါးကို၊
ဖြည့်ကျင့်တော်မူခန်း။

(၁) ဝဇိရာစလ သက်ာသော၊ သဗ္ဗလောက ဟိတာဝဟော။
ဒိပက်ရော မဟာပုညော၊ ဥပ္ပန္နော သာရမဏ္ဍကေ၊ ။

(၁) သာရမဏ္ဍကေ၊ လေးဆူဘုရား၊ ထင်ရှားပွင့်ရာ၊ သာရမဏ္ဍ-ကမ္ဘာ၌၊ ဝဇိရာ စလ သက်ာသော၊ ခြောက်မျိုး ရှက်သန်း၊ ရောင်ခြည် ပန်းတို့ဖြင့်၊ တောက်လျှမ်းထိန်ညီး၊ စိန်တောင်ကြီးနှင့် တူတော် မူထသော၊ သဗ္ဗလောက ဟိတာဝဟော၊ လုံးစုံများစွာ၊ သတ္တဝါတို့၏၊ သံသာ-ပဋ္ဌာပ်၊ လောကုတ်လောကီ၊ နှစ်လီအကျိုး၊ ပွါးတိုးလေအောင်၊ ရွက်ဆောင်တော်မူထသော၊ မဟာပုညော၊ ပြိုင်ဘက်မရှိ၊ နှံ့သိကျော်ကြား၊ ကြီးမားသောဘုန်းတော်လည်းရှိတော် မူထသော၊ ဒိပက်ရော၊ ဒိပက်ရာ၊ ထွတ်ချာဥက္ကဋ္ဌ၊ ဘုရားမြတ်သည်၊ ဥပ္ပန္နော၊ သဗ္ဗာလေးဆင့်၊ မုံအာရင့်၍၊ ပွင့်တော်မူလေ၏။

(၂) သုမေဓောလောကဟိတာယ၊ တဿနာထဿ သန္တိကေ။
ဗျာဒိတံ သမ္ပဋိစ္ဆိတွာ၊ ပူရေသိ တိံ သပါရမီ။ ။

(၂) တဿနာထဿ၊ ထိုဒိပက်ရာ၊ ထွတ်ချာမှန်ကန်၊ သုံးလူ့မင်း၏၊ သန္တိကေ၊ တရားရှစ်ကွက်၊ ရွှေစက်စုံအောက်၊ ထံတော်မှောက်

ဦ၏သုမေဓော၊သီသရာကြော၊ နှစ်မျော၊ရှည်ကြာ။ သတ္တဝါကို၊ခေမာ သောင်သို့၊ဘောင်ကူးတို့ဖြင့်၊ ဆောင်ပို့ကယ်ရန်၊ရည်သန်စွဲငြိ၊ဗောဓိလောင်းလျာ၊သုမေဓာသည်၊လောကဟိတာယ၊ သတ္တလောက၏-အကျိုးငှါ၊ ဗျာဒိတ်၊ နိယတ-ခေါင်ဟိတ်၊ အောင်တံဆိပ်ဟု၊ ရောင်ဖိတ်တင့်ဆန်း၊ဗျာဒိတ်ပန်းကို၊ သမ္ဗုဒ္ဓိ တွင်ဝါ၊ ရွှင်လန်းကြည်ဖြူ၊ပန်ဆင်တော်မူ၍၊ တိံသပါရမီ၊ဒါနအစ၊ များလှပေါ်ယာယ်၊ သုံးဆယ်သော-ပါရမီတော်တို့ကို၊ ပူရေသိ၊ တဆင့်-တဆင့်၊ မြင့်ထက်မြင့်အောင်၊ဖြည့်ကျင့်တော်မူလေ၏။

(၃) သိဝိရာဇ ဣဘာဝေစ၊ဗုဒ္ဓကိုရော သုဒ္ဒကာရံ၊
သသ-ကာလေစ အတ္တာနံ၊ပူရေသိ ဒါနပါရမိံ။ ။

(၃) ဗုဒ္ဓကိုရော၊ဘိုးအနှံ့၊ ဗောဓိဉာဏ်ကို၊ ရှာကြံရပေါင်း၊ဘုရားလောင်းသည်၊သိဝိရာဇ ဣဘာဝေစ၊မျက်စိနှစ်သွယ်၊အင်္ဂါခြေလက်၊ကိုယ်အသက်ဦး၊ ငဲ့ကွက်မတွန့်၊ ပေးစွန့်လှူဘိ၊ "သိဝိ"မင်းမြတ်၊ဖြစ်လတ်သော-အခါ၌ရင်း၊သသ-ကာလေစ၊ဒါနအရာ၊မယှဉ်သာအောင်၊လွန်စွာရဲတင်း၊"ယုန်"မင်းဖြစ်တော်မူသောအခါ၌ရင်း၊ အတ္တာနံ၊သန့်ရှင်းနုပျို၊မိမိကိုယ်ကို၊စဖိတွာ၊အလှူခံအား၊စိတ်ထားမတွန့်၊ကြဲစွန့်တော်မူ၍၊သုဒ္ဒကာရံ၊လှူသာမံတို့၊ပြုရန်လွန်မင်း၊ခဲယဉ်းလှစွာသော၊ဒါနပါရမိ၊ပရမတ္ထ၊"ဒါန"စာဂ၊ပါရမီကို၊ပူရေသိ၊ဆန္ဒလွန်ကဲ၊စိတ်တော်စွဲ၍၊ရဲရဲရင့်ရင့်၊ဖြည့်ကျင့်တော်မူလေ၏။

(၄) စမ္ပေယျ နာဂကာလေစ၊ဘောဇပုတ္တေ နိကာရဏော။
အကုပ္ပံ ဘူရိဒတ္တေစ၊ပူရေသိ သီလပါရမိံ။ ။

(၄) စမ္ပေယျ နာဂကာလေစ၊ "စမ္ပေယျ"ဟု၊ နာမထင်လင်း၊နဂါးမင်းဖြစ်တော်မူသောအခါ၌ရင်း၊ဘူရိဒတ္တေစ၊ဘောဂဝတီ၊ပူရိပိုင်သ၊ နာဂမျိုးဇာတ်၊ "ဘူရိဒတ်" ဖြစ်တော်မူသော အခါ၌ရင်း၊ နိကာရဏော၊ ကြမ်းတန်းယုတ်မာ၊ မေတ္တာအရှင်း၊ ကရုဏာကင်းကုန်သော၊ ဘောဇပုတ္တေ၊တံကျင်လျှိုထိုး၊နှောင်ကြိုးဖွဲ့တုပ်၊ မုဆိုး

ယုတ်တို့ကို။အကုပ္ပ(အကုပ္ပန္တော)၊ဒေါသအမျက်။ ထွက်တော်မမူဘဲ၊သီလပါရမီ၊ သဗ္ဗညုဉာဏ်။ ရည်သန်တောင့်တ။ "သီလ" ထူးသည်။ ပရမတ္ထပါရမီကို။ပူရေသီ၊ ပြန်စွာမဖင့်။ သန္တာ,ရင့်အောင်။ ဖြည့်ကျင့်တော်မူလေ၏။

(၅) ဟတ္ထိပါလ ဇာတ်ဘာဝေစ၊ဆန္ဒေတွာန မဟာရဇ္ဇံ။
အယောဃရ ဇာတ်ဘာဝေစ၊အကာဒ နေက္ခမ္မပါရမီ။ ။

(၅) ဟတ္ထိပါလ ဇာတ်ဘာဝေစ၊ "ဟတ္ထိပါလ"၊ နာမထင်ပေါ်။ အလောင်းတော်စစ်၊ဖြစ်သောအခါနှိုင်း။ အယောဃရဇာတ်ဘာဝေစ၊"အယောဃရ"၊နာမထင်လင်း။ အလောင်းမင်းစစ်။ ဖြစ်တော်မူသောအခါ၌ရင်း။မဟာရဇ္ဇံ၊သိကြွေးစံရာ။ ဝတိံသာသို့။သာယာဖေးချမ်း။ရွှေနန်းရွှေထီး။တိုင်းပြည်ကြီးကို။ဆန္ဒေတွာန၊ မခင်မချစ်။ စွန့်ပစ်တော်မူ၍။နေက္ခမ္မပါရမီ၊ သုံးရုမြောက်ကျ။ "နေက္ခမ္မ" မည်။ ပရမတ္ထပါရမီကို။အကာ၊မရှောင်မလွှဲ၊ရဲရဲရင့်ရင့်။ဖြည့်ကျင့်ဆည်းရ။ပြုတော်မူလေ၏။

(၄) ဝိဓုရ အတ္တဘာဝမှိ၊ပညာဒီပံ သုဓောတယံ။
မဟောသဓ ဇာတ်ဘာဝေစ၊ပူရေသိ ပညပါရမီ။ ။

(၄) ဝိဓုရ အတ္တ ဘာဝမှိစ၊ "ပုဏ္ဏက" ဟု၊ မာနမောက်ကြွး။ တောဘီလူးကို။ကြည်နူးလှစွာ။ဒေသနာဖြင့်။ကောင်းစွာဆုံးမ။ နည်းလမ်းပြသည့်။"ဝိဓုရ"မတ်။ ဘဝဇာတ်၌ရင်း။ မဟောသဓ ဇာတ်ဘာဝေစ၊ "မဟောသဓာ"၊ လောင်းလျာဗောဓိ။ ပညာရှိ ဖြစ်တော်မူသောအခါ၌ရင်း၊ ပညာဒီပံ၊ ကောင်းဆိုးနှစ်တန်။ ဝေဘန် ပိုင်းခြား။ ထင်ရှားလှစွာ၊ ရောင်ဝါညီးညီး။ ပညာတည်းဟူသော-ဆီမီးကို။သုဓောတယံ(သုဓောတယန္တော)၊အရောင်ဝင်းဝင်း။ ထွန်းလင်းတော်ပစေလျှက်။ ပညာ ပါရမီ၊ စိန်ကျောက် တပဲ။ နက်နဲ ထူးသည်။ "ပညာ" ပါရမီကို။ပူရေသိ၊သဗ္ဗညုဉာဏ်။ ရည်သန်ဆင့်ဆင့်။ဖြည့်ကျင့်တော်မူလေ၏။

(၂) မဟာဇနက ကာလေစ၊သိန္ဓုမဇ္ဈေ သုဂန္တိရေ။
တရံ ပုရိသထာမေန၊အကာ ဝိရိယပါရမိံ၊ ။

(၂) မဟာဇနက ကာလေစ။ "ဇနက"ဟု၊ ဗုဒ္ဓလောင်းလျာ၊ ဖြစ်စဉ်အခါ၌လည်း။သုဂန္တိရေ၊ ဆုံးကမ်းမထင်၊ မမြင်ဝေးကွာ၊ နက်လှစွာသော။သိန္ဓုမဇ္ဈေ၊ ငါးလိပ်မကာန်း၊ ဘေးဘျမ်းပေါ်ယယ်၊ သမုဒ်ဝယ်၌၊ပုရိသထာမေန၊ယောကျ်ားမြတ်တို့၊ပြုအပ်ထုံးတမ်း၊ ထုံ့လစွမ်းဖြင့်။တရံ-(တရန္တော)။ နောက်သို့မတွန့်၊အားကုန်စွန့်၍၊ဝံ့ ဝံ့ရူးရူး၊ကူးတော်မူလျက်။ ဝိရိယပါရမိံ၊ငါးချမြောက်ကျ၊"ဝိရိယ" မည်၊ ပါရမီကို။ အကာ၊ ရဲရဲ ရင့်ရင့်၊ ဖြည့်ကျင့်သမျှ၊ ပြုတော်မူ လေ၏။

(၃) ခန္တိဝါဒိ တ္တာဘာဝေစ၊မဟာဒုက္ခံ ဓိဝါသေတွာ။
ကာသိရာဇေ အကုပ္ပန္တော၊ပူရေသိ ခန္တိပါရမိံ၊ ။

(၃) ခန္တိဝါဒိ တ္တာဘာဝေစ၊ပါရမီရာနုတုံးအခါ၊"ခန္တိဝါ"ဟု၊ ဝနာပျော်မွေ့၊ရသေ့သူမြတ်၊ ဖြစ်လတ်သောအခါ၌လည်း။ မဟာ ဒုက္ခံ၊"ကာသိ"မင်း၏၊ ထန်ပြင်းနှိပ်စက်၊ခြေလက်ဖြတ်ချိုး၊ အမျိုး မျိုးညှဉ်းဆဲ၊ကြီးလှစွာသောဆင်းရဲကို။ အဓိဝါသေတွာ၊ ရန်တုန့်မ ပြန်၊သည်းခံတော်မူ၍။ကာသိရာဇေ၊အမျက်ဒေါသ၊ခြောင်းခြောင်း ထ၍၊ မွမွခုတ်စင်း၊"ကာသိ"မင်း၌၊ အကုပ္ပန္တော၊ အနည်းငယ်မျှ၊ ဒေါသအမျက်၊ ထွက်တော်မမူဘဲ။ ခန္တိပါရမိံ၊ မြေကြီးအလား၊ စိတ်ထားဖြောင့်စင်း၊သည်းခံခြင်း-"ခန္တီ"ပါရမီကို၊ပူရေသိ၊ကိုယ် နှင့်အသက်၊မငဲ့ကွက်ဘဲ၊ရဲရဲရင့်ရင့်၊ဖြည့်ကျင့်တော်မူလေ၏။

(၄) သုတသောမ တ္တာဘာဝေစ၊ကေသတော သုမောစယံ။
စဇိတွာ ဇီဝိတံ ကာယံ၊ပူရေသိ သစ္စပါရမိံ၊ ။

(၄) သုတသောမတ္တာဘာဝေစ၊"ပေါရိသာဒ"၊မင်းယက္ခကို၊ဆုံး မနှိပ်နင်း၊ သတင်းကြေငြာ၊"သုတသောမ" မင်းဖြစ်တော်မူသော

အခါ၌လည်း။ဇိဝိတံ၊ဇိဝိတိန္ဒြေ၊ မကြွေမပျက်၊မိမိအသက်ကိုရင်း။ ကာယံ၊ ရွှေကိုယ်အလား။ နုထွား ရွှန်းစို၊ မိမိကိုယ်ကိုရင်း။စဇိတွာ၊ မလွဲမတွန့်၊ကြံစွန့်တော်မူ၍။ကေသတော၊ယာဇ်ပူဇော်ရန်၊ရည်သန် ဖမ်းဆီး၊ သီးသီးများပြား၊ ရှာတပါးသောမင်းတို့ကို။ သုမောစယံ (သုမောစယန္တော)၊ သေမည့် ဘေးမှ၊ ဝေးဝေး ရှင်းကျွတ်၊ ကင်း လွတ်စေလျက်။သစ္စပါရမီ၊မဘောက်မပြန်၊ မှန်ကန်တည်ကြည်၊ "သစ္စာ"ပါရမီကို။ ပူရေသိ၊ ဗောဓိဉာဏ်ကို၊ ရည်သန်မြှော်လင့်၊ ဖြည့်ကျင့်တော်မူလေ၏။

(၁၀) မုဂပက္ခ ဇာတာဝေစ၊မဟာဒုက္ခ မနပ္ပကံ။
ဗုဒ္ဓတ္တာယာ ဝိဝါသေတွာ၊အကာ ဝိဋ္ဌာန ပါရမီ။ ။

(၁၀) မုဂပက္ခ ဇာတာဝေစ၊ မင်းအဖြစ်ကို၊ စင်စစ်ကြောက် ဘိ၊ "တေမိ"လောင်းမြတ်၊ ဘဝဇာတ်၌လည်း။ ဗုဒ္ဓတ္တာယ၊ သုံးဘုံ ထင်ရှား၊ ဘုရားဖြစ်တော်မူရန်အကျိုးငှါ။ အနပ္ပကံ၊ သင်္ချာဂဏန်း၊ ဆုံးခန်းမရ၊များလှစွာသော။ မဟာဒုက္ခံ၊အမျိုးမျိုးအခမ်းခမ်း၊အလို စမ်းခံရခြင်းစသော-ဆင်းရဲကြီးကို။ အဓိဝါသေတွာ၊ မဆွံ့-အ-ဘဲ၊ ဆွံ့-အ-လေဟန်၊ သည်းခံတော်မူ၍။ အဓိဋ္ဌာနပါရမီ၊ ကျောက်စာ တိုင်သို့၊မယိုင်မတ်မတ်၊စိတ်ဓာတ်တည်ကြည်၊"အဓိဋ္ဌာန်"ပါရမီ ကို။အကာ၊ဖြည့်ကျင့်ဆည်းပူးပြုတော်မူလေ၏။

(၁၁) ကေရာဇ ဇာတာဝေစ၊နိသိဒိတွာ မဟာဝနေ။
ဇီဝိတံ အနပေက္ခန္တော၊ပူရေသိ မေတ္တာပါရမီ။ ။

(၁၁) ကေရာဇ ဇာတာဝေစ၊ "ကေရာဇ်" မင်းမြတ်၊ ဘဝ ဇာတ်၌လည်း၊ ဇိဝိတံ၊ဇိဝိတိန္ဒြေ၊ နှစ်ထွေ-နာမ်-ရုပ်၊ မချုပ်မပျက်၊ မိမိအသက်ကို။အနပေက္ခန္တော၊ ခင်တွယ်နှစ်သက်၊ ငဲ့ကွက်တော် မမူဘဲ။မဟာဝနေ၊သဲ့ရဲခြောထူ၊ လူသူမနီး၊တောမြိုင်ကြီး၌၊ နိသိ ဒိတွာ၊မေတ္တာကမ္မဋ္ဌာန်း၊စွဲလမ်းမွေ့လျော်၊ နေတော်မူ၍။ မေတ္တာပါ ရမီ၊ သတ္တဝါခပင်း၊ ချမ်းသာ ကြောင်းဟု၊ သွန်းလောင်း ဖြန့်ချီ၊

"မေတ္တာ"ပါရမီကို၊ ပူရေသိ၊ သဗ္ဗာသေးဆင့်၊ ရင့်ကြီးရင့်အောင်၊ ဖြည့်ကျင့်တော်မူလေ၏။

(၁၂) ဓာတကေ လောမဟံသေစ၊ ဆဝဋ္ဌိကံ ဘယာနကံ၊
သုသာနေ၀ ကာရံ သေယျံ၊ အကာ ဥပေက္ခာပါရမီ။ ။

(၁၂) လောမဟံသ ဇာတကေစ၊ သမ္ဗောဓိဉာဏ်၊ မရင့်သန်မှီ၊ ဖန်ဖန် လှည့်ပတ်၊ "လောမဟံသ" ဇာတ်၌လည်း၊ ဘယာနကံ၊ မြင်သမျှလူ၊ ဘွင်ကြွဆူအောင်၊ အမူယွင်းပျက်၊ ကြောက်မက်ဖွယ်ဖြစ်သော။ ဆဝဋ္ဌိကံ၊ ညှိဟောင်ပုပ်သိုး၊ လူသေရိုးကို၊ ဥပနိဓာယ၊ မရွံ့မမုန်း၊ ခေါင်းအုံးတော်မူ၍။ သုသာနေ၀၊ ကျီး,ခွေး, လင်းတ၊ စသည့်အသံ၊ ဆူညံသောင်းသောင်း၊ မကောင်းပုပ်နံ၊ မြေသုသာန်၌သာလျှင်။ သေယျံ၊ လျောင်းစက်မွေ့လျော်၊ အိပ်တော်မူခြင်းကို။ ကာရံ-(ကရောန္တော)၊ နှလုံးကြည်လင်၊ ရွှင်ရွှင်ပျော်ပျော်၊ ပြုတော်မူလျက်။ ဥပေက္ခာပါရမီ၊ မမုန်း-မချစ်၊ အပြစ်ကင်းမှု၊ လျစ်လျူရှုသည့်၊ "ဥပေက္ခာ"ပါရမီကို၊ အကာ၊ ကြိုးကြိုးပမ်းပမ်း၊ ဖြည့်စွမ်းဆည်းပူး၊ ပြုတော်မူလေ၏။ ။ရင်း၀တ္ထုများကို၊ အကျယ်အလိုရှိပါလျှင်၊ ငါးရာ့ငါးဆယ် ဇာတ်၀တ္ထုတို့၌၊ ကြည့်ရှုကြပါကုန်။

---

၂ -- နတ်ဗြဟ္မာအပေါင်းတို့-တောင်းပန်သဖြင့်၊ မယ်တော်
ဝမ်း၌ပဋိသန္ဓေတည်နေတော်မူခန်း။

(၁၃) ဧဝံ ပါကဋ ကာလေသု၊ သေသေသုစ ဘဝဏ္ဏဝေ။
ပူရေတွာ အာဂတော သော၊ ပါရမီယော ပုနပ္ပုနံ။ ။

(၁၃) ဧဝံ၊ ဤသို့အကျဉ်းအားဖြင့်၊ ရေးသားပြုပြင်၊ စီစဉ်ထုတ်ပြခဲ့သည့် အတိုင်း၊ သော၊ ထိုအလောင်းတော်မြတ်၊ ဗောဓိသတ်သည်။ ပါကဋကာလေသု၊ သင်္ချေ်ာလေးထပ်၊ ကပ်တသိန်းတွင်း၊ သတင်းကျော်ကြား၊ ထင်ရှားသောကာလများတို့၌ရင်း။ သေသေသုစ၊ မထင်မရှား၊ ကြွင်းကျန်သောဘဝတို့၌ရင်း။ ပုနပ္ပုနံ၊ အဖန်ဖန်အထပ်

ထပ်။ ပါရမီယော၊ ဒါနအစ၊ ဆယ်ဝ-သုံးလီ၊ ပါရမီတို့ကို။ ပူရေတွာ၊ မဘွန့်မဆုတ်၊ အားထုတ်ဖြည့်ကျင့်တော်မူ၍၊ ဘာဝဏ္ဏဝေ၊ အို-နာ-သေရေး၊ ဒုက္ခဘေးတို့၊ ရစ်ထွေးနှောင်ဖွဲ့၊ ဘကယ့်ပြင်ကျယ်၊ ဘဝ, တည်းဟူသော- ပင်လယ်၌၊ အာဂံတော၊ အယှဉ်-အမြတ်၊ ဘဝဇာတ်ဖြင့်၊ လှည့်ပတ်ရှည်ကြာ၊ ကြွလာတော်မူရလေ၏။

(၁၄) ဝေဿန္တရ တ္တဘာဝမှိ၊ မဟာသတ္တော ဥပါဂမိ၊
တတော ကမ္မက္ခယော ရမ္မေ၊ နိဗ္ဗုတ္တိ တုသိတာလယေ။ ။

(၁၄) မဟာသတ္တော၊ သဗ္ဗညုဉာဏ်၊ ရည်သန်ရှုမျှော်၊ အလောင်းတော်သည်၊ ဝေဿန္တရတ္တဘာဝမှိ၊ "ဝေဿန္တရာ" လောင်းလျာမင်းမြတ်၊ ဘဝဇာတ်သို့လည်း။ ဥပါဂမိ၊ ကပ်ရောက်တော်မူရပြန်၏။ တတော၊ ထို "ဝေဿန္တရာ" လောင်းလျာမင်းမြတ်၊ ဘဝဇာတ်မှ၊ ကမ္မက္ခယော၊ လူ့ပြည်ငြီး၍၊ နတ်ထီးပျော်မွေ့၊ ရတော့လှည့်ကြို၊ ကံတော် ကုန်သည်ဖြစ်၍၊ ရမ္မေ၊ နှစ်လို့ ရွှင်ပျော်၊ မွေ့လျော်ဘွယ်ကောင်းသော။ တုသိတာလယေ၊ "တုသိတာ" နန်း၊ နတ်ကြွဌာန်း၌၊ နိဗ္ဗတ္တိ၊ ပဋိသန္ဓေ၊ တည်နေစံပျော်၊ ဖြစ်တော်မူ၏။

(၁၅) စက္ကဝါဠ သဟဿေဟိ၊ ဒသဟာဂမ္မ သဗ္ဗသော။
နာနာပုပ္ဖေဟိ ပူဇေန္တာ၊ ဒေဝါ ယာစန္တိ သာဒရံ။ ။

(၁၅) သဗ္ဗသော၊ ခပ်သိမ်းသော-အခြင်းအရာအားဖြင့်၊ ဒသဟိ စက္ကဝါဠသဟဿေဟိ၊ စကြဝဠာပေါင်း၊ တသောင်းလောကဓာတ်၊ အရပ်မျက်နှာတို့မှ၊ ဒေဝါ၊ ဇာတ်အမျိုးမျိုး၊ ဂုဏ်ရောင်ဖြိုးသည့်၊ တန်းခိုးကြီးမား၊ နတ်ပြဟ္မာများတို့သည်၊ အာဂမ္မ၊ စည်းဝေးပေါင်းဆုံ၊ လာကြကုန်၍၊ နာနာပုပ္ဖေဟိ၊ လူးလူးဆန်းဆန်း၊ နတ်ဖြစ်ပန်းတို့ဖြင့်။ ပူဇေန္တာ၊ မြတ်နိုးဇော်ရော်၊ ပူဇော်ကြကုန်လျက်၊ သာဒရံ၊ ရိုသေ-ကောင်းမွန်စွာ။ ယာစန္တိ၊ ဘုရားဖြစ်ကြောင်း၊ ဦးညွှတ်ပျောင်း၍၊ တောင်းပန်ကြလေကုန်၏။

(၁၆) ကာဠလာ ဒေဝ မဟာဝီရ၊ ဥပ္ပန္န မာတုကုစ္ဆိယံ။
သဒေဝကံ တာရယန္တော၊ ဗုဒ္ဓသ္သ အမတံ ပဒံ။ ။

(၁၆) မဟာဝီရ၊ သမ္ဗောဓိဉာဏ်၊ ရင့်သန်ခိုင်ဖြိုး၊ ကြီးသောလုံ့လ ရှိတော်မူသော၊ ဒေဝ။ အခလောင်းတော်မြတ်၊ နေနွယ်နတ်။ ကာဠလာ၊ ရတေအခြား၊ လူ့ပြည်လား၍၊ ဘုရားဖြစ်ရန်၊ အချိန်တန်ပါပြီ၊ မာတုကုစ္ဆိယံ၊ မယ်တော်၏ဝမ်း၊ ကြာတိုက်ခမ်း၌၊ ဥပ္ပန္န။ ပဋိသန္ဓေ၊ တည်နေစွဲကပ်၊ ဖြစ်လတ်တော်မူပါ။ သဒေဝကံ၊ နတ်နှင့်တကွ၊ များလှသောင်းသောင်း၊ လူအပေါင်းကို။ တာရယန္တော၊ သံသာဝဲမှ၊ ထုတ်ဆွဲယူငင်၊ ကယ်တင်တော်မူလျက်။ အမတံ၊ ရုပ်ပျက်ကြွေ၊ သေရခြင်းမရှိသော။ ပဒံ၊ သိဝံ အောင်ခန်း၊ နိဗ္ဗာန်နန်းကို။ ဗုဒ္ဓသ္သ၊ ဉာဏ်တော်စွမ်းဖြင့်၊ ခွဲခြမ်းမိမိ၊ သိတော်မူပါလော့။

(၁၇) တဒါ ကာလဉ္စ ဒီပဉ္စ၊ ဒေသံ ကုလ ဇနေတ္တိယာ။
ဝိလောကေတွာ သအာယုဉ္စ၊ သန္ဓိံ ဂဏှိ မဟာသိယာ။ ။

(၁၇) တဒါ၊ နတ်ဖြိုဟ္ဒာတို့၊ ညီညာဖျ ဈ၊ တောင်းပန်ကြရာ၊ ထိုအခါ၌။ သ(သော)၊ ထိုအလောင်းတော်နတ်သားသည်။ ကာလဉ္စ၊ ငါးမာရ်အောင်မြင်၊ ဘုရားရှင်တို့၊ လေးအင်သစ္စာ၊ ပွင့်ရာကာလ ခါသမယကိုရင်း၊ ဒီပဉ္စ၊ တုပြိုင်ဘက်ရှား၊ ဘုရားဖြင်ထွန်း၊ ပွင့်ရာကျွန်းကိုရင်း၊ ဒေသဉ္စ၊ ဗုဒ္ဓလောင်းလျာ၊ ဖြစ်ရာဒေသ၊ ရပ်ဌာနကိုရင်း။ ကုလဉ္စ၊ ယုတ်နိမ့် မြင့်မြတ်၊ မျိုးနွယ်ဇာတ်ကိုရင်း။ ဇနေတ္တိယာ၊ ကျေးဇူးပြည့်ကြွယ်၊ မွေးမိမယ်၏။ အာယုဉ္စ၊ ရှည်တို-ပိုင်းခြား၊ အသက်များကိုရင်း၊ ဝိလောကေတွာ၊ ပဉ္စ-လောကန၊ နှိုင်းဆ ရှုမျှော်၊ ကြည့်တော်မူ၍။ မဟာသိယာ၊ မာယာဒေဝီ၊ မဟာသိဟု၊ ရွှေညီထိပ်ထား၊ မိဖုရား၏၊ ဂဗ္ဘေ၊ သန့်ရှင်းသိုက်မြိုက်၊ ဝမ်းကြာတိုက်၌။ သန္ဓိံ ဂဏှိ၊ ပဋိသန္ဓေ၊ စွဲနေစံပျော်၊ ယူတော်မူ၏။ ။ သက္ကရာဇ်]၆၇ ခု-ဝါဆိုလပြည့် ၅-နေ့သန်းခေါင်အချိန်-ပဋိသန္ဓေတည်နေ၏]၊

(၁၈) ဝိသာခေ ပုဏ္ဏမေ သေဋ္ဌေ၊ ဝိဇာယိ လုမ္ဗိနီဝနေ။
သီဟနာဒံ သုရံ နာဒိ၊ အဟံ စေဋ္ဌောတိ သောတဒါ။ ။

(၁၈) သေဋ္ဌေ၊ နက္ခတ်ရာသီ၊ စာဆိုမစောင်း၊ ကောင်းမြတ်လှစွာ သော။ ဝိသာခေပုဏ္ဏမေ၊ ဝိသာခါစန်းကြို၊ ကဆုန်လပြည့်၊ သောက်ကြာနေ့၌၊ လုမ္ဗိနီဝနေ၊ ပင်ချင်းရောရှက်၊ ဖူးခက်ရုံညီ၊ လုမ္ဗနီဥယျာဉ်တော်၌၊ ဝိဇာယိ၊ ရွှေဆင်းတုသွင်၊ ဖွါးမြင်တော်မူလေ၏။ တဒါ၊ ထိုသို့မီးရှူးသန့်စင်၊ ဖွါးမြင်တော် မူဆဲအခါ၌၊ "အဟံ၊ ငါသည်၊ စေဋ္ဌော၊ ပြဟ္မာလူနတ်၊ ဘုံသုံးရပ်တွင်၊ အမြတ်ဆုံး-အကြီးဆုံးပေ တည်း"။ ဣတိ၊ ဤသို့၊ သော၊ ထိုသာကီရင်သွေး၊ လောင်းတော်က လေးသည်။ သီဟနာဒံ၊ ကေသရာဟု၊ တေဇာ-တောက်လင်း၊ ခြင်္သေ့ မင်းကဲ့သို့၊ ရဲတင်းသောအသံကို။ သုရံ၊ ရဲရဲရင့်ရင့်၊ နာဒိ၊ ကျူးရင့် မြွက်ကြား၊ ကြိမ်းဝါးတော်မူလေ၏။ ။(သက္ကရာဇ် ၆၈ ခု၊ က ဆုန်လပြည့် သောက်ကြာ နေ့- မွန်းတည့် အချိန် ဖွါးမြင် တော်မူ သည်)။

(၁၉) ဂဏှန္တာ ဒိဗ္ဗပုပ္ဖါနိ၊ ဒေဝါစ ကမလာသနာ။
သမ္မောဒန္တာ ဘိပူဇေန္တိ၊ ဗုဒ္ဓင်္ကုရဿ တာဝဒေ။ ။

(၁၉) တာဝဒေ၊ အလောင်းမင်းသား၊ ဖွါးရာကာလ၊ ထိုခဏ၌။ ဒေဝါစ၊ ခြောက်ထပ်ကြငှန်း၊ နတ်နန်းပျော်ပါး၊ နတ်အများတို့သည် ၎င်း။ ကမလာသနာ၊ တန်းခိုးထိန်ပြောင်၊ အရောင်ဝါဝင်း၊ ဗြဟ္မာ မင်းတို့သည် ၎င်း။ ဒိဗ္ဗပုပ္ဖါနိ၊ ရနံ့ကြိုင်လျှမ်း၊ အလွန်ဆန်းသည့်၊ နတ် ပန်းဟူသမျှတို့ကို။ ဂဏှန္တာ၊ ကိုယ်စီကိုယ်ငှ၊ ဆောင်ယူကြကုန် လျက်၊ သမ္မောဒန္တာ၊ နှစ်သက်ရွှင်လန်း၊ ဝမ်းမြောက်ကြကုန်သည် ဖြစ်၍၊ ဗုဒ္ဓင်္ကုရဿ၊ သာကီနွယ်ဘွား၊ လောင်းမင်းသားအား။ အဘိ ပူဇေန္တိ၊ ရိုသေညွတ်နူး၊ သဒ္ဓါမြူး၍၊ အထူးပူဇော်ကြလေကုန်၏။

(၂၀) ကုမာရော ရတ္တဒါဠှာယ၊ စာရုဓာတိဟိ တောသိတော။
ဝဍ္ဎေါသိ သုသုခံ မောဒံ၊ သကျကညာန မုဒရေ။ ။

(၂၀) ကုမာရော၊ အရွယ် မရောက်၊ မကြီး မြောက်သေး၊ အလောင်းတော်ကလေးသည်။ စာရိခါတိဟိ၊ယုယပိုက်ထွေး၊ ကျွေးမွေးမြေဖျော်၊ အထိန်းတော်တို့သည်။ ရတ္နဒေါဠာယ၊ ဇမ္ဗူရောဇ်၊ ရွှေသား၊ပတ္တမြားနှင့်၊ မြသားပုလဲ၊ မြက်ရွှဲသန္တာ၊ ကောင်းစွာခြယ်စီ၊ဝဇိရစိန်၊တောက်ထိန်–ဝင်းလက်၊ ရတနာ-ပုခက်ဖြင့်။ တောသိတော၊ လွှဲကာဖြေးညှင်း၊ တေးသီချင်းတို့ဖြင့်၊ ညှင်းညှင်းရင့်ယူ၊ မြူကာမြူကာ၊ သာယာပျောင်းပြော့၊ ချော့မော့ကြည်ဆယ်အပ်သည်ဖြစ်၍။ သကျ-ကညာနံ၊ဒေဝစ္ဆရ၊ အလှတူညီ၊ သာကီမျိုးတူ၊ နန်းတော်သူတို့၏။ဥဒရေ၊ပျောင်းအိန္နုးညှံ့၊ မွေးနံ့လွှန်ကဲ၊ရင်ခွင်ထဲ၌၊သုသုခံ၊ကိုယ်-စိတ်မပန်း၊ချမ်းချမ်းသာသာ။မောဒံ(မောဒန္တော)ကြည်လင်ရွှင်လန်း၊ ဝမ်းမြောက်-မြူးပျော်တော်မူလျက်၊ ဝဍ္ဎေ၊ တနေ့တခြား၊ကြီးပွါးတော်မူသည်၊အာသိ၊ဖြစ်တော်မူ၏။

(၂၁) သောဠသ ဝဿိကော မိရော၊ပိတရေနာ ဘိသိဥ္စိတော၊
ဒေဝသိရိ မနုဘောသိ၊ပါသာဒေ သဟ ဒေဝိယာ။ ။

(၂၁) မိရော၊မယိမ်းမယိုင်၊ ကျောက်စေတိုင်သို့၊ ခိုင်ခိုင်တည့်မတ်၊လောင်းတော်မြတ်သည်၊သောဠသ-ဝဿိကော၊သက်တော်ဆဲ့ခြောက်၊အရွယ်သို့ရောက်သည်ရှိသော်။ပိတရေန၊"သုဒ္ဓေါဒန"၊မွေးဘသေဠ်နှင်း၊တရားမင်းသည်။ အဘိသိဥ္စိတော၊ တောင်သရေရိပ်၊အောင်စေပါတ်ဖြင့်၊နိမိတ်ရည်ညွှန်း၊ ဘိသိက်သွန်းအပ်သည်ဖြစ်၍။ပါသာဒေ၊ရမ္မ-သုဘ၊သုရမ္မ-ဟု။သုံးဝတင့်ဆန်း၊ပြာသာဒ်နန်း၌။ဒေဝိယာ၊ ဗိမ္ဗာရွှေလျှော်၊ ယသော်ဒေဝီ၊ မဟေသီထွတ်ထား၊မိဖုရားနှင့်။သဟ၊တူရုံ။ ဒေဝသိရိ ၊ကြည့်ရှုမခန်း၊ ဝတ် နန်းသို့၊ တင့်ဆန်းထူးထွေ၊ နတ်၏အသရေကဲ့သို့သော-အသရေကို။ အနုဘောသိ၊ရုံရွှေအပေါင်း၊ခညောင်းပျော်ပါး၊စံစားတော်မူလေ၏။

## ၃ – နိမိတ်ကြီးလေးပါးကိုမြင်တော်မူသဖြင့်၊ တောထွက်တော်မူခန်း။

(၂၂) ဧကူန တိံသမေ ဝဿေ၊ ဝိသာခ ပုဏ္ဏမေ ဝရေ။
ယာနေန ဒဋ္ဌု မုယျာသိ၊ ပုပ္ဖုယျာနံ သုသောဘဏံ။ ။

(၂၂) ဧကူနတိံသမေ ဝဿေ၊ သက်တော်ပြည့်ပြီး၊ ၂၉-မြောက်၊ ရောက်လတ်သည်ရှိသော်။ ဝရေ၊ မြတ်စွာထသော။ ဝိသာခပုဏ္ဏမေ၊ ဝိသာခါ၊စန်းကြို၊ ကဆုန်လပြည့်၊ တနင်းလာနေ့၌။ သုသောဘဏံ၊ ဝိတုန်းကျေးဌက်၊ ထွေးကာယှက်၍၊ ပွင့်ခက်ငုံဖူး၊ အထူးသဖြင့် တင့်တယ်လှစွာသော။ ပုပ္ဖုယျာနံ၊ ရနံ့ကြိုင်သော်ဘင်း၊ ပန်းပေါင်းစုံလင်၊ ပန်းဥယျာဉ်သို့။ ဒဋ္ဌုံ၊ ရွှေစိတ်ပျော်မှု၊ ကြည့်ရှုတော်မူရန်အကျိုးငှါ။ ယာနေန၊ တင့်တယ် ဆန်းပြား၊ ယာန်ရထားဖြင့်။ ဥယျာသိ၊ သောင်းသောင်း–ဖျဖျ၊ ထွက်ကြွတော် မူလေ၏။ ။[ သက္ကရာဇ် ၉၇-ခု၊ ကဆုန်လပြည့်-တနင်းလာနေ့-ဥယျာဉ်သို့ထွက်တော်မူသည်]။

(၂၃) နိမိတ္တေ စတုရော ဒိသွာ၊ ရာဟုလဿ ဝိဇာယနံ။
သုတွာ နိဗ္ဗိန္နစိတ္တော န၊ ရမိတ္ထ ပုရေ တဟိံ။ ။

(၂၃) တဟိံ၊ ထိုဥယျာဉ်တော်သို့၊ ရွှင်ပျော်နှစ်သက်၊ ထွက်တော်မူဆဲအခါ၌။ စတုရောနိမိတ္တေ၊ သူအို-သူနာ၊ သူသေတခန်း၊ ရဟန်းတခြား၊ လေးပါးသော-နိမိတ်ကြီးတို့ကို။ ဒိသွာ စ၊ မျက်ဝါးထင်ထင်၊ တွေ့မြင်တော် မူရသောကြောင့်၎င်း။ ရာဟုလဿ၊ သားဦးသည်းချာ၊ ရာဟုလာ၏။ ဝိဇာယနံ၊ ပုဏ္ဏိန္ဒု-စန်း၊ လပြည့်ဝန်းသို့၊ ရွှင်လန်းကြည်လင်၊ ဖွါးသန့်စင်ခြင်းကို။ သုတွာ စ၊ ရွှေနားတော်တွင်း၊ သတင်းစကား၊ ကြားတော်မူရခြင်းကြောင့်၎င်း။ နိဗ္ဗိန္နစိတ္တော၊ သံဝေဂဉာဏ်၊ ရင့်သန်လန့်ထိတ်၊ ငြီးငွေ့သောစိတ်ဖြင့်။ ပုရေ၊ "ကပိလ" ခေါ်၊ ရွှေပြည်တော်၌။ နရမိတ္ထ၊ နှစ်ခြိုက်မွေ့လျော်၊ ပျော်တော်မမူ။ ။
(ထိုနေ့ပင်-သားတော်ရာဟုလာကိုဖွါးမြင်တော်မူသည်)။

(၂၄) ပါသာဒမ္ဗေဝ ရမ္မဥ္စ၊တတော ဒေဝိဥ္စ ရာဟုလံ။
ခေဋ္ဌပိဏ္ဍံဝ ဟိတွာန နိက္ခမိ အနုရတ္တိယံ။ ။

(၂၄) ပါသာဒမ္ဗေဝ၊ရမ္မ-သုဘာ၊ သုရမ္မဟု၊ ဖွယ်နန်းမ-သုံးဆောင်ကိုရင်း။ရမ္မဥ္စ၊ကပိလဝေါ၊နေပြည်တော်ကိုရင်း။တတော၊ထိုမြို့။ရာဟုလဥ္စ၊ရင်သွေးမျက်ရှု။သားရာဟုကိုရင်း။ ဒေဝိံ စ၊ ဘဒ္ဒကဥ္စနာ၊ဖိမ္ဗာ ရွှေလှော်၊ကြင်ဘက်တော်ကိုရင်း။ ခေဋ္ဌပိဏ္ဍံဝ၊ မရှုမထောက်၊တံထွေးပေါက်ကဲ့သို့၊ ဟိတွာန၊မခင်မချစ်၊ စွန့်ပစ်ပယ်ရှားတော်မူ၍။ အနုရတ္တိယံ၊လရောင်ဝင်းထိန်၊သန်းခေါင်အချိန်၌၊နိက္ခမိ၊ နတ်တူရိယာ၊ ဝန်းရံကာလျက်၊ ရောင်ဝါ ထွေထူး၊ နတ်မိးရှူးဖြင့်၊ ကွန့်မြူး ထွက် ကြွတော်မူလေ၏။ ။ထိုနေ့- ညဥ့်သန်းခေါင် အချိန်တော ထွက်တော်မူသည်။

(၂၅) ကဏ္ဍကံ သုက္ကမာရုယှ၊ဆန္နေန သဟ နိက္ခမံ။
တိဏ်ဏိ ရဇ္ဇာနိ တိက္ကမ္မ၊သမ္ပတ္တော သ နဒိတိရံ။ ။

(၂၅) သ-(သော)၊ ထိုအလောင်းတော်မြတ်။ သိဒ္ဓတ်မင်းသားသည်။ သုက္ကံ၊ ခရုသင်းပွတ်သစ်၊ ပုလဲစစ်တူ၊ ကိုယ်လုံးဖြူသော။ ကဏ္ဍကံ၊“ကဏ္ဍက”မည်၊ ဇာနည်ကော့ကော့။ မြင်းယာဉ်ကျော့ကို။အာရုယှ၊အသော့လွှယ်ကူ၊တက်စီးတော်မူ၍။ဆန္နေန၊“ဆန္န”မည်ခေါ်။ ဖွါးဘက်တော်နှင့်။ သဟ၊ အတူ တကွ၊ နိက္ခမံ၊ (နိက္ခမန္တော)၊ဖြည်းညှင်းသာယာ၊ ထွက်ခွါကြွမြန်းတော်-မူလတ်သည်ရှိသော်။တိဏ်ဏိရဇ္ဇာနိ၊ဓေဝဒဟ၊ကပိလ,နှင့်၊သက္က,တိုင်းဘောင်၊ သုံးပြည်ထောင်ကို၊အတိက္ကမ္မ၊ထိုညဥ့်တွင်းပင်၊ ကျော်နင်းထွင်းဖေါက်၊ လွန်မြောက်တော်မူ၍၊နဒိတိရံ၊“အနောမာ”မည်၊ နဒီသောင်တန်း၊ တဘက်ကမ်းသို့၊ သမ္ပတ္တော၊ချန်လွှားကူးမြောက်၊ ရောက်တော်မူလေ၏။ ။ထိုညဥ့်တွင်းပင်၊အနောမာမြစ်သို့ရောက်တော်မူသည်။ ရင်းမြစ်ကိုတွေ့မြင်ခဲ့ရ၏။

(၂၄) ဗိမ္ဗာယ ဗန္ဓိတံ မောဠိ၊သဏ္ဌံ သုဂန္ဓဝါသိတံ။
ဆေတွာ တံဗျောန ခဂ္ဂေန၊ဉက္ခိပိတ္တ နဘမှိ တံ။ ။

(၂၄) ဗိမ္ဗာယ၊ဗိမ္ဗာဒွေဝီဖွော်။မဖိးယသော်သည်။ ဗန္ဓိတံ၊ကြည်လင်ရွှင်ပြုံး။ ထုံး၍မပြတ်။ ပေးအပ်ထသော၊ သဏ္ဌံ၊ သိမ်မွေ့ရှင်းသန့်။နူးညံ့ထသော၊ သုဂန္ဓဝါသိတံ၊ နံ့သာမျိုးကုံ။ မွှေးပေါင်းရုံတို့ဖြင့်၊ထုံအပ်ထသော။မောဠိံ၊ ကြွင်ဘက်နန်းပျော်၊ မင်းယသော်၏၊ ရွှေလက်တော်သုံး။ ဥဘျောင်ထုံးကို။ တံဗျောန၊ ထက်လှ စွာသော၊ ခဂ္ဂေန၊နန်းရိုးစဉ်ဆက်၊လက်သုံးတော်သန်လျက်ဖြင့်၊ဆေတွာ၊ရိတ်လှည်း ပယ်ဖြတ်တော်မူ၍၊တံ၊ထိုပိတုန်းရောင်သို့။ ညိုမှောင်မည်းနက်၊ နူညက်လှစွာ၊ ဥဘျောင် ရတနာကို၊ နဘမှိ၊ ရေးခြစ်မထင်၊ ကောင်းကင်ပြင်၌၊ဉက္ခိပိတ္တ၊လက်တော်မြှောက်ပင့်။ ပစ်လွှင့်တော်မူလေ၏။ ။ထိုညဉ့်ပင်၊ ဆံတော်ပယ်သည်။ ၎င်းနေရာကိုလည်း တွေ့မြင်ခဲ့ရ၏။

(၂၇) ပရိက္ခာရေ ဌ တဗ္ဗေဝ၊ခါရေတွာ ဖြဟ္မုနာ ဘတေ။
ဟိတွာ မဟာရဟံ ဒုဿံ၊ဘိက္ခုဘာဝ မုပါဂမိ။ ။

(၂၇) တဗ္ဗေဝ၊ ထို "အခနေသော" မြစ်ထူး၊ ကမ်းထိပ်ဦး၌သာလျှင်။ဖြဟ္မုနာ၊"ဃဋိကာရ"၊သဟာယ,ရှင်း၊ဖြဟ္မာမင်းသည်။အာဘတေ၊ သန္တိကြည်ဖြူ။ ဆောင်ယူလှူဒါန်းအပ်ကုန်သော။ အဌ ပရိက္ခာရေ၊ ကမ္ဘာ့, တန်းဆာ။ ရှစ်ပါး သော- ပရိက္ခရာတို့ကို။ ခါရေတွာ၊ ဝတ်ရုံစံပယ်၊ဆောင်လွယ်ဆင်မြန်းတော်မူ၍။မဟာရဟံ၊ သမ္မုတိ,နတ်၊ မြတ်သောသူတို့နှင့်သာ-ထိုက်တန်သော၊ ဒုဿံ၊အာရောင်မည့်ူး။ ဝတ်လဲတော်ပုဆိုးကို၊ ဟိတွာ၊မခင်မတွယ်၊စွန့်ပယ်တော်မူ၍၊ ဘိက္ခုဘာဝံ၊ ရွှေကြာသက်န်း။ ဝတ်ဆင်မြန်းလျက်၊ ရဟန်းအဖြစ်သို့၊ဉပါဂမိ၊ ကပ်ရောက်တော် မူလေ၏။ ။ထိုညဉ့်ပင်-လင်းအားကြီးအချိန်၌။ရဟန်းပြုတော်မူသည်။

### ၄—သုဇာတာ၏ဃနာသွမ်းကိုခံယူတော်မူပြီး၍၊ ဗောဓိမဏ္ဍိုင်သို့ကြွတော်မူခန်း။

(၂၈) ပဓာနံ ပဒဟိတွာန၊ဆဗ္ဗဿာနိ ဖြုဟာဝနေ။
ဝိသာခ ပုဏ္ဏမာ ဂဏ္ဍိ၊သုဇာတာ ဓိန္နဘောဇနံ၊ ။

(၂၈) ဖြုဟာဝနေ၊မြို့နှင့်ကွာလှမ်း၊နန်းနှင့်မဆံ။ လူသံမနီး၊တော ဖြိုင်ကြီး၌၊ဆဗ္ဗဿာနိ၊သချာတွက်စစ်၊ ခြောက်နှစ်တို့ပတ်လုံး၊ပဓာ နံ၊ဘုရားဖြစ်ရန်၊ ရည်သန်ကြိုးကုတ်၊ မဟာပဓာန-အလုပ်ကို၊ ပဒ ဟိတွာန၊အရိုးကျေကျေ၊အရေစုတ်စုတ်။ နောက်မဆုတ်ဘဲ၊အားခဲ ကျင့်ကြံတော်မူ၍၊ ဝိသာခပုဏ္ဏမာ၊(ဝိသာခပုဏ္ဏမာယံ)၊ ဝိသာခါ စန်းကြုံ၊ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၌၊ သုဇာတာ-(သုဇာတာယ)၊သူ ဌေးသမီး၊ပေးနီးကြွေပြာ၊ "သုဇာတာ" သည်၊ဝါ၊ "သုဇာတာ"၏၊ ဓိန္နဘောဇနံ၊ ရက္ခစိုးနတ်၊ စွဲထင်မှတ်၍၊ဆက်ကပ်လှူဒါန်း၊ဃနာ သွမ်းကို၊ဂဏ္ဍိ၊သနားကြည်ဖြူ၊ခံယူတော်မူလေ၏။ ။၁၀၃-ခု-က ဆုန် လပြည့်- ဗုဒ္ဓဟူးနေ့- သုဇာတာ၏ သွမ်းကို အလှူခံ တော်မူ သည်။ ။သုဇာတာသွမ်းလှူသောနေရာနှင့်၊၎င်းနေသောရွာ=ဟူ၍ လည်းတွေ့မြင်ခဲ့ရ၏။

(၂၉) နေရဉ္ဇရာယ တီရမှိ၊ဘုဉ္ဇိတွာ ဓိန္နပါယာသံ။
နွတွာ သုပ္ပတိဋ္ဌေဝ၊ပဝါဟေသိ သယံပါတိံ၊ ။

(၂၉) နေရဉ္ဇရာယတီရမှိ၊ ရေညိုသွင်သွင်၊ "နေရဉ္ဇရာ"၊ မြစ် ကမ်းသာ၌၊ဓိန္နံ၊ "သုဇာဘာ" သည်။ ကောင်းစွာကြည်ဖြူ။ ကပ်လှူ အပ်သော၊ ပါယာသံ၊နို့နှင့်ရောပွမ်း၊ ဃနာသွမ်းကို၊ ဘုဉ္ဇိတွာ၊ ၄၉-လုပ်-၊မယုတ်မပျက်၊မြိန်ရှက်ဖွေးဖွေး၊ ဘုဉ်းပေးသုံးဆောင်တော် မူ၍၊သုပ္ပတိဋ္ဌေဝ၊ "နေရဉ္ဇရာ"၊ မြစ်ညာကမ်းထိပ်၊ "သုပ္ပတိဋ္ဌ" ဆိပ်၌သာလျှင်၊နွတွာ၊ကိုယ်လက်ရှင်ပြီး၊ အခါးအင်တိုးအောင်၊ရေ ချိုးတော်မူ၍၊သယံ၊ကိုယ်တော်တိုင်၊ ပါတိံ၊ဘောဇဉ်,ထည့်စွက်၊ သိန်းတန်ခွက်ကို၊ပဝါဟေသိ မြစ်ရေကြော၌၊မျှောတော်မူလေ၏။ ။

သက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်-ဗုဒ္ဓဟူးနေ့- နေရဉ္စရာမြစ်၌၊ ရွှေခွက်မျှောတော်မူသည်၊ ။ရွှေခွက်မျှောသောနေရာဟူ၍လည်း တွေ့မြင်ခဲ့ရ၏။

(၄၀) ဒိဝသံ တတ္ထ ခေပတွာ၊ သာယဏှသမယံ ဒိန္နမုဒ္ဒိကာ၊
ဂဏှိတွာ ဒေဝမဂ္ဂေန၊ ဥပေတိ ဗောဓိမဏ္ဍလံ၊ ။

(၃၀) တတ္ထ၊ ထို"နေရဉ္စရာ"၊မြစ်သာကမ်းထိပ်၊တောမြိုင်ရိပ်၌၊ ဒိဝသံ၊လင်းရောင်မချို၊နေ့အတိုက်ကို၊ခေပေတွာ၊ ဈာန်ဘရားကို၊ပွါး များစွဲလမ်း၊ကုန်ခန်းစေသော်မူ၍၊သာယဏှသမယံ-(သာယဏှသယေန)၊ဗေဒင်အရာ၊ လိမ္မာတတ်မြောက်၊ ပုဏ္ဏားတယောက်သည်၊ ဒိန္နံ၊ ခရီး လမ်း၌၊လှူဒါန်းဆက်ကပ်အပ်သော၊မုဒ္ဒိကာ၊ မထွေးမရှုပ်၊ မြက်ရှစ် ဆုပ်ကို၊ဂဏှိတွာ၊ရွှေလက်ဆန့်တန်း၊ရှင်လန်းကြည်ဖြူ၊ ခံယူတော် မူလျက်၊ဒေဝမဂ္ဂေန၊နတ်တို့ဖန်တီး၊ နတ်လမ်းခရီးဖြင့်၊ ဗောဓိမဏ္ဍ လံ၊ဗောဓိမဏ္ဍိုင်၊ မြေဦးခိုင်သို့၊ဥပေတိ၊ ရွှေစက်မြန်းချွေ၊ ကြွဖော်မှန်း ချဉ်းကပ်တော်မူလေ၏။ ။ထိုနေ့ပင်-ညချမ်းအချိန်၊ဗောဓိမဏ္ဍိုင် သို့၊ချဉ်းကပ်တော်မူသည်။

(၃၁) မဟောသက္ခာ တဒါ ဒေဝါ၊ ဗောဓိမဏ္ဍ မုပါဂတံ၊
ဒိဗ္ဗပုပ္ဖေဟိ ပူဇေန္တိ၊ ဗုဒ္ဓင်္ကုရံ သမာဒရံ၊ ။

(၃၁) တဒါ၊ထို-နတ်တို့ဖန်သ၊နတ်လမ်းမဖြင့်၊ ကြွတော်မူသော အခါ၌၊မဟောသက္ခာ၊အရောင်အဝါ၊တေဇာမောက်ဖြိုး၊ ကြီးသော တန်းခိုးရှိကုန်သော၊ဒေဝါ၊ဘုမ္မာ-ရုက္ခ၊အာကာသ,ဟူ၊ စရှိသောင်း သောင်း၊နတ်အပေါင်းတို့သည်၊ဒိဗ္ဗပုပ္ဖေဟိ၊မွှေးကြိုင်ထူးဆန်း၊နတ် မြှူပန်းတို့ဖြင့်၊ဗောဓိမဏ္ဍံ၊ ဗောဓိမဏ္ဍိုင်၊ဦးခိုင်ထွတ်မြတ်၊ အောင် မြေရပ်သို့၊ဥပါဂတံ၊ကြည့်ရှုမခန်း၊နတ်တို့လမ်းဖြင့်၊ ကြွလှမ်းချဉ်း ကပ်တော်မူသော၊ ဗုဒ္ဓင်္ကုရံ၊ပွင့်အံ့လုလု၊ ဗုဒ္ဓင်္ကုရကို၊ သမာဒရံ၊နှစ် သက်ကြည်ညို၊ရိုသေခြင်းနှင့်တကွ၊ ပူဇေန္တိ၊ ကြဲဖြန့်ကော်ရော်၊ပူ ဇော်ကြလေကုန်၏။

(၃၂) ဒိဗ္ဗံ မန္ဒာရဝံ ပုပ္ဖံ၊ ကမလံ ပါရိဆတ္တကံ။
ဒိသောဒိသံ ဝိကိရန္တိ၊ အာကာသေန ဂတာမရူ။ ။

(၃၂) အာကာသေန၊ အဇ္ဈာနန်း။ ကောင်းကင်လမ်းဖြင့်။ ဂတာ၊ ညီညာပျံပျံ။ လိုက်ပါကြကုန်သော။ မရူ၊ နတ်အပေါင်းတို့သည်။ ဒိဗ္ဗံ၊ နတ်ပန်းအစစ်။ နတ်၌ဖြစ်သော။ မန္ဒာရဝံပုပ္ဖံ၊ ရနံ့ကြိုင်လျှမ်း၊ ထင်ရှားပန်းကိုရင်း၊ ကမလံ၊ ကြက်သရေတင့်ဆန်း၊ နတ်ကြာပန်းကိုရင်း။ ပါရိဆတ္တကံ၊ ရောင်ဝါနီမြန်း။ ကသစ်ပန်းကိုရင်း၊ ဒိသောဒိသံ၊ ထိုမှ-ဤမှ။ ဝိကိရန္တိ၊ သဒ္ဒါလွှန်ကဲ၊ အာရုံစွဲ၍။ ဖြန့်ကြဲကြလေကုန်၏။

(၃၃) ဒိဗ္ဗံ စန္ဒနစုဏ္ဏဉ္စ၊ ဝရဂန္ဓဉ္စ ကုင်္ကုမံ။
ဒိသောဒိသံ ဝိကိရန္တိ၊ အာကာသေန ဂတာမရူ။ ။

(၃၃) အာကာသေန၊ တိမ်ပြာတိမ်ဝါ၊ မိုးလွှာရှက်သန်း၊ ကောင်းကင်လမ်းဖြင့်။ ဂတာ၊ သူ့ထက်ငါသာ၊ ညီညာဝိုင်းအုံ၊ လိုက်ကြကုန်သော။ မရူ၊ တန်းခိုးကြီးမား၊ နတ်အများတို့သည်။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ စန္ဒနစုဏ္ဏဉ္စ၊ မွှေးနံ့လွှန်ထူ၊ စန္ဒကူးမှုန့်ကိုရင်း၊ ဝရဂန္ဓဉ္စ၊ ကောင်းမြတ်ယဉ်ကျေး၊ မွှေးနံ့ရုံရုံ၊ ဂန္ဓာရုံကိုရင်း၊ ကုင်္ကုမံ၊ မာလာကျိုကျူး၊ ပန်းထူးပန်းမြတ်ကိုရင်း။ ဒိသောဒိသံ၊ အရှေ့အနောက်။ တောင်-မြောက် တခို၊ ထိုမှဤမှ၊ ဝိကိရန္တိ၊ မြတ်နိုးကော်ရော်။ ပူဇော်ဖြန့်ကြဲကြလေကုန်၏။

(၃၄) စမ္ပကံ သဠလံ ကုန္ဒံ၊ နာဂ ပုန္နာဂ ကေတကံ။
ဒိသောဒိသံ ဝိကိရန္တိ၊ ဘူမိတလ ဂတာ မရူ။ ။

(၃၄) ဘူမိတလဂတာ၊ မြေအပြင်၌။ ခြေကျင်ခရီး။ လိုက်သွားကြကုန်သော။ မရူ၊ များစွာသောင်းသောင်း။ နတ်အပေါင်းတို့သည်၊ စမ္ပကံ၊ ရွှေအဆင်းသို့၊ ဝါဝင်းဘင့်ဆန်း၊ စကားပန်းကိုရင်း၊ သဠလံ၊ ပြူစင်ဖွေးဖွေး။ ပြစ်ကင်းဝေးသည့်၊ မွှေးနံ့ပြည့်လျှမ်း။ မြတ်လေးပန်းကိုရင်း၊ ကုန္ဒံ၊ တောလုံးပွင့်လန်း။ သင်းခွေပန်းကိုရင်း။ နာဂ-ပုန္နာဂ-ကေ

တကာ၊ ဂန့်ဝေါ်ပုန်းညက်။ ဖူးရွက်ဝေလန်း။ ဆတ်သွားပန်းကိုရင်း။ ဝိသောဓိသံ၊ ဝန်းကျင်တခို။ ထိုမှ-ဤမှ။ ဝိကီရန္တိ၊ မြူးပျော်ကခုန်။ ကြဲဖြန့်ကြလေကုန်၏။

(၃၅) ဗောဓိမဏ္ဍံ သမာရုယှ၊ ဘိန္ဒိ သဿာမိ နတ္တာဝိမံ။
နာသဝေဟီတိ ဝိဒ္ဓေသိ၊ သာဝစိတ္တံ ဝိမုစ္စတိ။ ။

(၃၅) ဗောဓိမဏ္ဍံ၊ ဗောဓိစံခန်း။ အောင်မြေနန်းသို့။ သမာရုယှ၊ ဖြည်းညှင်းသာယာ။ ကောင်းစွာတက်တော်မူ၍။ "အဟံ၊ ငါသည်။ ယာဝ၊ အကြွင်းမဲ့လောက်။ အာသဝေဟိ၊ ကာမာသဝ၊ စသည့်လေးပါး။ အာသဝေါတရားတို့မှ။ စိတ္တံ၊ စိတ်သည်။ နဝိမုစ္စတိ၊ သန့်ရှင်းကျွတ် ကျွတ်၊ မကင်းလွတ်သေး။ တာဝ၊ ထိုမျှလောက်သော။ ကာလပတ် လုံး။ အမ်ပလ္လင်၊ ယခုထိုင်နေ။ ဤပလ္လင်ခွေကို။ နဘိန္ဒိဿာမိ၊ ပျင်းရိ လက်လျော့၊ မဖျက်ဘော့အံ့"။ ဟူတိ၊ ဤသို့။ အဓိဋ္ဌေသိ၊ ရွှေစိတ်ချည် သန်၊ ဓိဋ္ဌာန်တော်မူသော်၏။

(၃၆) ဒေဝိန္ဒော ဓမယံ သင်္ခံ၊ သောတုဇ္ဇလံ ဝိဘာဝမဟော။
ဓာရယံ ဗုဒ္ဓသေဋ္ဌဿ၊ သန္တိကေ ဝ ဋ္ဌိတော တဟိံ။ ။

(၃၆) တဟိံ၊ ထို-အောက်ဝယ် ပွဲခွေ၊ ထိုင်နေတော်မူသောအခါ၌။ ဒေဝိန္ဒော၊ နတ်များသေဌ်နင်း။ "သိကြား" မင်းသည်။ သင်္ခံ၊ "ဝိဇ ယုတ္တ" မည်ရထင်လင်း။ ခရုသင်းကို။ ဓမယံ-(ဓမယန္တော)၊ မှုတ် လျက်၊ ဗုဒ္ဓသေဋ္ဌဿ၊ ပလ္လင်တော်ထက်။ ငြိမ်သက်စံပျော်။ သုန္ဒ တော်ကြီးမား၊ မြတ်ဘုရား၏။ သန္တိကေ ဝ၊ အနီးအနား။ ထံတော်ပါး၌ သာသျှင်၊ ဋ္ဌိတော၊ ကြည်ညိုလေးမြတ်၊ ရပ်ဘည်လာ၏။ ဝိဘာဝမ ဟော၊ ဘန်းဆိုးသိန်ပြောင်။ အရောင်ဝါဝင်း။ ဖြူဟွာမင်းသည်၊ သေ တဇ္ဇလံ၊ ထီးဖြူဘော့ကို။ ဓာရယံ-(ဓာရယန္တော)၊ ရိုသေ-ညွတ် ပျောင်း၊ ဆောင်းမိုးလျက်။ ဋ္ဌိတော၊ အနီးသိပ်ခါ။ ရပ်တည်လာ၏။

(၃၇) ဝါဒေန္တော မဓုရံ ဝီဏံ၊ ပဉ္စသိခေါ ဋ္ဌိတော တဒါ။
သာဓုဂီတာနိ ဂါယန္တော၊ အဓ္ဓာသုံ ဒေဝသုန္ဒရိ။ ။

(၃၇) ပဉ္စသိခေါ် "ပဉ္စသိခ" မည်ရသော ဂန္ဓဗ္ဗ နတ်သားသည်၊ ငါတို့၊ "ဗေလုဝ" ခေါ်၊ နတ်စောင်းတော်ကို၊ မရုံ၊ မလျော့မတင်း၊ ညှင်းညှင်းသာသာ၊ ကောင်းမွန်စွာ၊ ဝါဒေန္တော၊ သန္တါ ရှင်ပြုး၊ ဂုဏ်တော်ထူးကို၊ ချီးကျူးပြဲပြဲ၊ မွဲနွဲ့တီးခပ်လျက်၊ ငွေတောင်ဝမ်းမြောက်ကြည်သာ၊ ရပ်တည်လာ၏။ တထာ၊ ထိုမြို့၊ ဒေဝသုန္ဒရီ၊ အဆင်းအရောင်၊ ဝင်းပြောင်ထိန်ညီး၊ နတ်သွီးတို့သည်၊ သာဓု-ဂီတာနှိ၊ သာယာပြုံမ့်ပြောင်း၊ ကောင်းမြတ်သန့်ရှင်း၊ ဂါထာသီချင်းတို့ကို၊ ဂါယန္တိ၊ သံပြိုင်လေးလေး၊ ငြေးငြေးညှင်းညှင်း၊ လျော့တင်းညီညီ၊ ရွတ်သီကြကုန်လျက်၊ အဋ္ဌာသုံ၊ လက်အုပ်ချီကာ၊ ရပ်တည်လာကြကုန်၏။

---

## ၅—ဘုရားအဖြစ်သို့ရောက်တော်မူပြီး၍ သတ္တဋ္ဌာန တို့၌စံနေတော်မူခဏ်း။

(၃၈) မာရဓေသနံ ပရာဇေတွာ၊ အနုတ္တရမေတ္တ မှီ သုဂိယော။
အရုဏုဂ္ဂမနေ ကာလေ၊ သိခါပတ္တော ပရက္ကမော။ ။

(၃၈) ပရက္ကမော၊ ဝိရိယဓာတ်၊ မြင့်မြတ်ကြီးမား၊ လောင်းဘုရားသည်၊ သုဂိဓယ၊ နေမင်းသည်၊ အနုတ္တမေတ္တ မှိ၊ အနောက်တောင်စွန်းသို့၊ မယွန်းမဝင်သေးမီ၊ မာရဓေသနံ၊ ဗောဓိအောင်ခန်း၊ ပလ္လင်နန်းကို၊ ရမ်းရမ်းဘားကား၊ လုလိုပြား၍၊ စစ်များပြင်ဆင်၊ "သေနင်" ချီတက်၊ မာရ်စစ်မက်ကို၊ ပရာဇေတွာ၊ ဖရိုဖရဲ၊ တကွဲတခြား၊ ပျက်ပြားလုံးလုံး၊ ရှုံးစေတော်မူ၍၊ အရုဏုဂ္ဂမနေကာလေ၊ ဥဒည်တောင်မှ၊ အရောင်ဝင်းလက်၊ အရုဏ်တက်သောအခါ၌၊ သိခါပတ္တော၊ ဘုရားလုပ်ငန်း၊ ဆုံးခန်းပြီးမြောက်၊ အထွတ်အထိပ်သို့ ရောက်တော်မူလေ၏။ ။ကဆုန်လပြည့်-ဗုဒ္ဓဟူးနေ့ဘုရားဖြစ်တော်မူသည်။

(၃၉) ဗာတ္တိံ သလက္ခဏူပေတော၊ သတ္တာဟာယတ္တသော ဇိနော၊
နိသီဒိ ပဋ္ဌဝေက္ခန္တော၊ တေံ ပလ္လင်္ကံ နာမကံ။ ။

(၃၉) ဗာတ္တိံသ လက္ခဏူပေတော၊သုံးဆဲ့နှစ်ဖြာ။လက္ခဏာတို့နှင့်၊ ကောင်းစွာကုံလုံ။ ပြည့်စုံတော်မူထသော။ ဇိနော၊ ပြင်ပ-အတွင်း။ မာရ်ရန်ခပင်းကို။ နှိပ်နင်းဆုံးမ၊ အောင်ပွဲရတော် မူထသော။သော၊ထိုမြတ်စွာဘုရားသည်၊ ယတ္ထ၊အကြင်ဗောဓိခန်းဝါ၊ အောင်မြေချာ၌။သတ္တာဟံ၊ခုနစ်ရက်ပတ်လုံး။ပစ္စဝေက္ခန္တော၊ပဋိစ္စသမုပ္ပါဒ်။တရားမြတ်ကို။သုံးသပ်ဆင်ခြင်တော်မူလျက်။နိသိန္နော၊ မရွေ့မသွား။ စံစားနေ့လျော်။နေတော်မူ၏။ထံဌာနံ၊ထို-ခုနစ်ရက်ပတ်လုံး။ ရွှင်ပြုံးနေ့လျော်။ စံတော်မူလတ်၊ နေရာမြတ်သည်၊ ပလ္လင်္ကံနာမကံ၊ ငါးမာရ်ပယ်ရှား။ ဘုရားဖြစ်ရာ၊ ရတနာ ရောင်လွှင်။ "ပလ္လင်" သတ္တာဟ၊စေတီတော်ဌာနမည်၏။ ။၎င်းနေရာ၌၊စေတီတော်တည်ထားသည်ကိုလည်း၊ဖူးတွေ့ခဲ့ရ၏။

(၄၀) တမှာ ဝုဋ္ဌာယ လောကဂ္ဂေါ၊ဩလောကေသိ ဌိတော ယဟိံ။
အနိမိသေယတိ စက္ခုဟိ၊တံ အနိမိသနာမကံ။ ။

(၄၀) လောကဂ္ဂေါ၊လောကသုံးခွင်၊ဘုံအပြင်၌၊ ပြိုင်ယှဉ်ဘက်ရှား။ မြတ်ဘုရားသည်။ တမှာ၊ ထို-ဗောဓိအောင်ခန်း။ ပလ္လင်နန်းမှ။ ဝုဋ္ဌာယ၊ကွန့်မြူးသွမ်းကြွ၊ ထတော်မူ၍၊ ယဟိံ၊ အကြင်-ပလ္လင်ရှေ့စွန်း။ မြောက်ယွန်းယွန်းဖြစ်သောအရပ်၌၊ ဌိတော၊ ခုနစ်ရက်တိုင်တိုင်။ ရွှေဆိုင်တရထည်၊ ခိုင်ကြည် တည့်မတ်။ ရပ်တော်မူလျက်၊ အနိမိသေယတိ စက္ခုဟိ၊ ပတ္တမြားညှိသွင်၊ ကြည်လင်ရွှန်းအိ၊ မမှိတ်သော-မျက်စိတို့ဖြင့်။ဩလောကေသိ၊ပလ္လင်တော်ကို၊ မျှော်ကာစိုက်စိုက်။ ကြည့်ရှုတော်မူလေ၏၊တံဌာနံ၊ခုနစ်ရက်ခန့်။ ရပ်တန့်ရှုမျှော်၊ကြည့်တော်မူရာ၊ ထိုခန်းဝါသည်။ အနိမိသနာမကံ၊ ဒုတိယ- သတ္တာဟ၊ "အနိမိသ"- စေတီတော်ဌာန မည်၏၊ ။၎င်းသတ္တာဟကိုလည်း ဖူးတွေ့ခဲ့ရ၏။

(၄၁) ဘဟံ ရတနမယံ ဒါနိ၊ပလ္လင်္ကမှိ ဝိလဂ္ဂတိ၊
ကတ္တာဖွံ့ တဿ ဒေ ဌိတ်၊တက္ကော ဒေဝါန ဓာယတိ။ ။

(၄၁) အယံ ကုမာရော၊ သာကီနွယ်ဘွား။ ဤ''သိဒ္ဓတ်'' မင်းသားသည်။ ရဋ္ဌ၊ ရင်သွေးမျက်ရှုးရာဟု,တဘော်၊ ယသော်တခန်း။ ရွှေနန်းရွှေထီး။ တိုင်းပြည်ကြီးကဲ့။ ဇဟံ-(ဇဟန္တော)၊ တံထွေးပေါက်သွင်။ မခင်မတွယ်၊ စွန့်ပယ်တော်မူနိုင်ပါလျက်။ ဒါနို၊ ယခု။ ပလ္လက်မှို၊ သူ့သဘာဝ။ မြေကထွက်ပေါ်။ ပလ္လင်တော်၌။ ဝိယဂ္ဂတိ၊ မမှိတ်မျက်စိ။ စိန်းစိန်းကြည့်ကာ၊ ကပ်ငြိရှာ၏။ တသာ၊ ထို-အာသာ,မပြတ်။ မင်းသိဒ္ဓတ်အား။ ကတ္တုဗ္ဗံ၊ ဘုရားဖြစ်မှု။ ပြုဘွယ်ကိစ္စသည်၊ အတ္ထိ၊ များစွာရှုပ်ထွေး၊ ရှိချေသေး၏။ ဣတိ၊ ဤသို့။ ဒေဝါနံ၊ ပညာနည်းပါး။ နတ်အများတို့အား။ တဒ္ဓော၊ မဟုတ်မမှန်။ ဘောက်ပြန်သော- အကြံအစည်သည်။ ဇာယတိ၊ ဖြစ်ပေါ်လာပေ၏။

(၄၂) တာသံ ဝိတက္ကနာသာယ၊ သမုဂ္ဂမ္မ နဘန္တရံ။
ဝိဝိဓေန မဟာဉာဏော၊ ဒဿေသိ ပါဋိဟာရိယံ။ ။

(၄၂) တာသံ၊ ထို-ပညာနည်းပါး နတ် အများတို့၏။ ဝိတက္ကနာသာယ၊ ဘောက်ပြန်ပြင်မှားအကြံများကို။ ပယ်ရှားဖျက်ဆီးခြင်းအကျိုးငှါ။ မဟာဉာဏော၊ သဗ္ဗညုဘုရား၊ မည်ရထင်ပေါ်။ ဉာဏ်တော်သခင်၊ ဘုရားရှင်သည်။ နဘန္တရံ၊ မြင့်မိုးသန့်ရှင်း။ ကောင်းကင်တွင်းသို့။ သမုဂ္ဂမ္မ၊ သုဂနိစွမ်းနှ။ နေဝန်းပမာ၊ ကောင်းစွာဘက်တော်မူ၍။ ဝိဝိဓေန၊ ထူးထူးပြားပြား။ အမျိုးမျိုးအားဖြင့်။ ပါဋိဟာရိယံ၊ ရေ-မီးအစုံ။ မြေကြီးတုန်မျှ၊ လုံးစုံဝေဖြာ။ ပါဋိဟာကို။ ဒဿေသိ၊ ရှုမဝအောင်။ ပြတော်မူလေ၏။

(၄၃) အာကာသဂတော သ-ဩဂှယ္ဟ၊ ဗိုန္ဓံ ဌာနာန မန္တရေ။
သဗ္ဗာဟာမေဝ စင်္ကမံ၊ တေ စင်္ကမနာမကံ။ ။

(၄၃) သ-(သော)၊ ထို-တန်ခိုးကြီးမား။ မြတ်ဘုရားသည်။ အာကာသတော၊ ကောင်းကင်မှ။ ဩဂှယှ၊ တန်ခိုးချုပ်ငြိမ်း၊ ရုတ်သိမ်းသက်ဆင်းတော်မူ၍။ ဗိုန္ဓံ ဌာနာနံ၊ ပလ္လင်,အနိမိသ၊ နှစ်ဌာနတို့၏။ အန္တရေ၊ ရှေ့-နောက်အလျား၊ အကြားဖြစ်သော အရပ်၌။ သဗ္ဗာဟာမေဝ၊

ဖွေးနည်းမပျက်၊ ခုနစ်ရက်ပတ်လုံးပင်လျှင်၊ စက်ဘမိ၊ ကောသရော, နှယ်။စံပယ်ဖြည်းညှံ့။စက်ဖြန့်တော်မူလေ၏၊ဘေဘံဌာနံ၊ မြတ်ဘုရား၏၊ကြွသွားခေါက်ခေါက်၊စင်္ကြံလျှောက်ရာ။ ထိုခန်းဝါသည်၊ စက်မံနာမကာံ၊ "ရတနာစင်္ကမ" နာမထင်ပေါ်။ "စင်္ကြံတော်" သတ္တာဟ၊ စေတီတော်ဌာနမည်၏။ ။ထိုသတ္တာဟကိုလည်းဖူးတွေ့ခဲ့ရ၏။

(၄၄) တမှာ ပက္ကမှ သမ္ဗုဒ္ဓေါ၊အဘိဓမ္မံ သုဒုဒ္ဒသံ၊
သမ္မသန္တော ထညာဏေန၊နိသိန္နော ပဿိမုတ္တရေ။ ။

(၄၄) အထ၊ ထိုနောက်မှ။ သမ္ဗုဒ္ဓေါ၊ သဗ္ဗညုသိမြင်၊ ဘုရားရှင်သည်၊တမှာ၊ ထို တတိယသတ္တာဟ၊ စင်္ကြံတော်ဌာနမှ၊ပက္ကမ္မ၊ရွှေမျက်နှာလွှဲ။ ဘဲကြွတော်မူ၍၊ ပဿိမုတ္တရေ၊အနောက်မြောက်စွန်း။ စဉ်းငယ်ယွန်းသော အရပ်၌။ နိသိန္နော၊ ထက်ဝက်ဖွဲ့ခွေ၊ ထိုင်နေတော်မူလျက်။ညာဏေန၊သဗ္ဗညုတ၊မည်ရထင်ပေါ်၊ ရွှေဉာဏ်တော်ဖြင့်၊သုဒုဒ္ဒသံ၊ပိုင်းခြားထင်ထင်၊သိမြင်နိုင်ခဲသော၊ အဘိဓမ္မံ၊ဒေသနာ နက်ဝှန်း၊ အဘိဓမ္မာ ၇-ကျမ်းကို၊ သမ္မသန္တော၊ ဉာဏ်၌ ထင်အောင်၊ဆင်ခြင်ရှုမျှော်။သုံးသပ်တော်မူလေ၏။

(၄၅) ပတ္တော ကာမေန ပဌာနံ၊ဂမ္ဘီရံ ဒေဟာတော သုဘာ။
ဆဗ္ဗဏ္ဏာဘာ ဝိခါဝန္တိ၊တံ ရတနဃရနာမကံ။ ။

(၄၅) ကာမေန၊မကျော်မလွှား၊အစဉ်အားဖြင့်။ဂမ္ဘီရံ၊ မဟာသမုဒ္ဒ၊ရေအရပ်သို့။အဟုတ်ခက်ခဲ။နက်နဲသွစွာသော။ ပဌာနံ၊အနန္တနယ၊သမန္တ,မည်ဆန်း။ "ပဌာန်း" ကျမ်းသို့၊ ပတ္တော၊ ဉာဏ်တော်ရှေးရှုရောက်တော်မူ၍။ဝါ၊ ဉာဏ်တော်ရှေးရှု၊ ရောက်တော်မူသည်ရှိသော်၊ဒေဟာတော၊ သုံးဆဲ့နှစ်သွယ်၊ ပြည့်ကြွယ်သပ်သပ်၊ ကိုယ်တော်မြတ်မှ၊သုဘာ၊မမြင်စဘူး၊အထူးဆန်းကြယ်၊ တင့်တယ်ကုန်သော၊ဆဗ္ဗဏ္ဏာဘာ၊ ခြောက်သွယ်ကျိုးယှက်သန်း၊ ရောင်ခြည်ပန်းတို့သည်၊ ဝိခါဝန္တိ၊ အရောင်ချင်းယှက်ကျူးသျှာ။ ကွန့်မြူးထွက်ကြွတော်မူကြလေကုန်၏၊တံဌာနံ၊ အဘိဓမ္မာ၊ဒေသနာမြတ်၊သုံးသပ်ကြည်နူး။

ရောင်ခြည် မြူးရာ။ ထိုခန်း ဝါသည်။ ရတ္နဃရ နာမကံ၊ "ရတနာဃရ"၊ နာမထင်ပေါ်၊ ရွှေအိမ်တော်သတ္တာဟ၊ စေတီတော်ဌာနမည် ဖြစ်။ ။ထိုသတ္တာဟကိုလည်း ဖူးတွေ့ခဲ့ရဖြစ်။

(၄၆) ဝဋမူလေ နိသိန္နောထ၊ မဟာဗြဟ္မုန သာခုကံ။
ယာစိတံ သမ္ပဋိစ္ဆိတွာ၊ တံ အဇပါလ နာမကံ။

(၄၆) အထ၊ ထိုနောက်မှ။ ဝဋမူလေ၊ ဆိုင်းခက်ဝေဖြာ။ သာယာ သန့်ရှင်း။ ပညောင်ပင်ရင်း၌။ မဟာဗြဟ္မုန၊ "သဟမ္ပတိ"၊ နှင့် သိကြွ ပြား။ မိုးယံဗြဟ္မာသည်။ သာခုကံ၊ လက်အုပ်ချီကာ။ တောင်းပန်စွာ။ ယာစိတံ၊ လျှောက်ဖြတ်ပြာ။ သတ္တဝါအား၊ တရားဟောရန်။ ရည်သန် လေးနက်၊ တောင်းပန်ချက်ကို။ သမ္ပဋိစ္ဆိတွာ၊ သနားကြည်ဖြူ၊ ဝန်ခံ တော်မူ၍၊ နိသိန္နော၊ ၇-ရက်ပတ်လုံး။ ရွှင်ပြုံးမွေ့လျော်။ စံတော်မူ၏။ တံ ဌာနံ၊ ထိုအရပ်သည်။ အဇပါလနာမကံ၊ "အဇပါလ"၊ နာမလင်း ပြောင်၊ "ပညောင်ပင်" သတ္တာဟ၊ စေတီတော်ဌာနမည်၏။ ။ထို သတ္တာဟကိုလည်း ဖူးတွေ့ခဲ့ရ၏။

(၄၇) ပူဇံ ဘောဂေဟိ ဘုဇင်၊ ဖဏံ ကတွာန မုဒ္ဓနိ။
ယတ္ထ နိသီဒိ ပဂ္ဂယှ၊ တံ မုစ္စလိန္ဒနာမကံ။ ။

(၄၇) မုဒ္ဓနိ၊ မြတ်ဘုရား၏၊ နဖူးမေ့ညက်၊ ဦးထိပ်ထက်၌။ ဖဏံ၊ ပါးပျဉ်းကို။ ကတွာ၊ ရွှေထီးပမာ၊ ကောင်းစွာဖြန့်မိုး၍။ ဘောဂေဟိ၊ မြွေစင်နှင့်ထွတ်၊ ချာမှက်ညက်ပြေ၊ အခွေတို့ဖြင့်။ ပူဇံ၊ လေးမြတ်ရို သော၊ ၇-ခွေ-၇-ထပ်၊ ရစ်ပတ်ပူဇော်သော၊ ဘုဇင်၊ "မုစ္စလိန္ဒ"၊ နာမ ပြန့်သင်း၊ နဂါးမင်းကို၊ ပဂ္ဂယှ၊ သနားငဲ့ထောက်။ ချီးမြှောက်တော်မူ ၍၊ ယတ္ထ၊ အကြင်-ကျီးပင်အခြေ၊ နဂါးမြွေမင်း၊ အခွေတွင်း၌ နိသီဒိ၊ ၇-ရက်ပတ်လုံး၊ ရွှင်ပြုံးမွေ့လျော်၊ စံတော်မူ၏။ တံ ဌာနံ၊ ထိုအရပ် သည်။ မုစ္စလိန္ဒနာမကံ၊ "မုစ္စလိန္ဒ"၊ နာမမည်တွင်။ ကျီးပင်သတ္တာ ဟ၊ စေတီတော်ဌာနမည်၏။ ။ထိုသတ္တာဟကိုလည်း ဖူးတွေ့ခဲ့ရ၏။

(၄၇) ကောသေ ဒတွာ ဝဏ္ဏိတ္ထာနံ၊ ဘောသံ မနုဿ ဝိသ္သဇ္ဇိဘာ။
ဂဏှန္တော ယဿ နိဿိဒိ၊ တံ ရာဇာယတနံ နာမကံ။ ။

(၄၇) ယဿ၊ အကြင်ဒေသ၌၊ ရပ်ဌာန၌၊ ဝဏ္ဏိတ္ထာနံ၊ တပုဿ-ဘလ္လိက,ဟု၊ နှစ်ဦးသောကုန်သည်တို့အား၊ ကောသေ၊ ခတ်မြတ်ရတနာ၊ ဆံတော်ကေသာတို့ကို၊ ဒတွာ၊ ကိုးကွယ်စေရန်၊ ရည်သန်မြော်စား၍၊ ပေးသနားတော်မူ၍၊ တောသံ၊ ထို နှစ်ယောက်သောင်ညီ၊ ကုန်သည်တို့၏၊ မနုဿ၊ မုန့်ကြွက် ကျင်ကိုရင်း၊ ပိဏ္ဍိကာဉ၊ ပျားမုန့်ဆုပ်ကိုရင်း၊ ဂဏှန္တော၊ သနားကြည်ဖြူ၊ ခံယူတော်မူလျက်၊ နိဿိဒိ၊ ၇-ရက်ပတ်လုံး၊ ရွှင်ပြုံးမွေ့လျော်၊ စံနေတော်မူ၏၊ တံဌာန၊ ထို-တင့်တယ်လျောက်ပတ်၊ နေရာမြတ်သည်၊ ရာဇာယတနံ နာမကံ၊ "ရာဇာယတ္ထ"၊ နာမည်တွင်၏။ လင်းလွန်းပင် သတ္တာဟ၊ စေတီတော်ဌာနမည်၏။ ။ ထိုသတ္တာဟကိုလည်း၊ ဖူးတွေ့ခဲ့ရ၏။

(၄၈) ဇေဝံ သတ္တသု ဌာနေသု၊ နိသိဒိတွာန လက္ခိယာ။
အဇပါလံ ပုနာပေတိ၊ ဘမှာ ပက္ကမ္မ ဘဂဝါ။ ။

(၄၈) ဇေဝံ၊ ဤသို့-ပိုင်းခြား၊ အစဉ်အစားဖြင့်၊ ဘဂဝါ၊ ကိလေသာစက်၊ သုံးထောင်ဝက်ကို၊ လေးမဂ်စိန်ပြောင်း၊ လက်နက်ကောင်းဖြင့်၊ သောင်းထောင်းကြေညက်၊ ချိုးဖျက်တော်မူသော မြတ်စွာဘုရားသည်၊ သတ္တသု ဌာနေသု၊ ပလ္လင်တော်အစ၊ ခုနစ်ပါးသော-ဌာနတို့၌၊ လက္ခိယာ၊ ၁၂-ဖြာ၊ လက္ခဏာဝင်းပြောင်၊ အရောင်ခြောက်ထွေ၊ ဘုရားတို့၏- အသရေ တော်ဖြင့်၊ နိသိဒိတွာ၊ ၇-ရက်အညီ၊ ရွှင်ကြည်စံပျော်၊ နေတော်မူ၍၊ ဘမှာ၊ ထို-လင်းလွန်းပင်သတ္တာဟ၊ စေတီတော်ဌာနမှ၊ ပက္ကမ္မ၊ ဘဲကြွတော်မူ၍၊ အဇပါလံ၊ ပဉ္စမဌာန၊ ဆိတ်ကျောင်းညောင်ပင်သတ္တာဟသို့၊ ပုနာပေတိ၊ နောက်ထပ်တဘန်၊ ချဉ်းကပ်တော်မူပြန်၏။

၆—မိဂဒါဝုန်တောသို့ဓမ္မစကြာတရားနှင့်အနတ္တ
လက္ခဏာသုတ်ကိုဟောတော်မူခဏ်း။

(၅၀) ဓမ္မစက္ကံ ပဝတ္တေတုံ၊မိဂဒါယံ မဟာဝနံ၊
အဋ္ဌာသနံ ထ ဖြပဟူ၊နော၊ဇုဋ္ဌော ပက္ကမိ ဗောဓိယာ။ ။

(၅၀) အထ၊ ထိုနောက်မှ။ဖြပဟူ၊နော၊"သဟမ္ပတိ"၊ မည်ရှိထင်လင်း၊ဖြပ္ဗာမင်း၏၊အဋ္ဌေသနံ၊ တရားဟောရန်၊ တောင်းပန်တိုက်တွန်းချက်ကို၊ပဋိဉာ၊ကရုဏာရှေးရှု၊အစွဲပြု၍။ ဇုဋ္ဌော၊မြတ်စွာဘုရားသည်၊ဓမ္မစက္ကံ၊နက်နဲ့သစွာ၊တရားတည်းဟူသောစကြာရတနာကို၊ပဝတ္တေတုံ၊ဟောကြားမြွက်ချီ၊လည်စေတော်မူခြင်းအကျိုးငှါ၊မိဂဒါယံ မဟာဝနံ၊မိဂဒါဝုန်၊ရဂုံသာမော၊ရုံမြိုင်တောသို့၊ ဗောဓိယာ၊ ငါးသောင်းပယ်ရှား၊ဘုရားဖြစ်ရာ၊ မဟာဗောဓိ၊ မြေသင်ရိမှ၊ ပက္ကမိ၊ဘဲကြွတော်မူလေ၏။

(၅၁) နာယကော တတ္ထ ပဝ္စာန၊ဘိက္ခုနံ ပဉ္စဝဂ္ဂိနံ။
သညာပေတွာန ဇုဒ္ဓတ္တံ၊အာသဋ္ဌိ ပုညမာသိယံ။ ။

(၅၂) ဓမ္မစက္ကံ ပဝတ္တေနော၊အညောဟူ ပွဋိဝတ္တိယံ။
ဒေဝါနံ မတာပါယောသိ၊ပဉ္စဝဂ္ဂိယ မုခါနံ။ ။

(၅၁-၅၂) နာယကော၊လူသုံးပါးဘို၏၊ရှေ့သွားဦးစီး၊အကြီးအမှူးဖြစ်တော်မူသော-မြတ်စွာဘုရားသည်။ တတ္ထ၊ထို-မိဂဒါဝုန်၊ရဂုံသာမော၊ တောမွဲတောသို့။ပဟွာန၊ကြည်လင်ဝမ်းမြောက်၊ ရောက်တော်မူ၍။ပဉ္စဝဂ္ဂိနံ-ဘိက္ခုနံ၊ "ပဉ္စဝဂ္ဂီ"၊အမည်ထင်ရှား၊ရဟန်းများတို့အား။ဇုဒ္ဓတ္တံ၊ဇုဒ္ဓ,ဘွဲ့ကြီး၊ ရငြိးစင်စစ်၊ ဘုရားအဖြစ်ကို။ သညာပေတွာန၊ ထွေနှုတ်မြွက်ဘော်၊ သိစေတော်မူ၍။ အာသဋ္ဌိပုညမာသိယံ၊ဝါဆိုလပြည့်၊စနေနေ့၌၊အညောဟိ၊ဘုရားမှတပါး အခြားသောသူတို့သည်။ အပ္ပဋိဝတ္တိယံ၊ အရာမဟုတ်၊ အားထုတ်ကြံစည်၊ မလည်စေနိုင်သော။ဓမ္မစက္ကံ၊တရားစကြာ၊ဒေသနာကို။ပဝတ္တေနော၊ဟောကြားမြွက်ချီ၊ လည်စေတော်မူလျက်။ ပဉ္စဝဂ္ဂိယမုခါနံ၊"ပဉ္စဝဂ္ဂီ"၊မထေရ်ငါးဦး၊ အကြီးအမှူး ရှိကုန်သော။ ဒေဝါနံ၊နတ်ဖြဟ္မာအပေါင်းတို့အား။အမတံ၊အပြစ်ကင်းဝေး၊အမြိုက်ဆေးကို။ပါယေ

သိ၊ သံသာချုပ်၊တိုက်ကျွေးတော်မူလေ၏။ ။၁၀၃ ခု-ဝါဆိုလ ပြည့်-စနေနေ့တွင်၊ ဓမ္မစကြာတရားကို ဟောတော် မူသည်။ ဓမ္မ စကြာတရား ဟောတော်မူသော နေရာ၌ တည်ထားသော စေတီ တော်လည်း ယခုတိုင်ထင်ရှားသည်။

(၅၃) အနတ္တလက္ခဏံ သုတ္တံ၊တေသမေဝ သုဒုန္ဒသံ၊
တဗ္ဗေဝ မုနိ ဒေသေသိ၊ဖုသိပတန နာမကေ။ ။

(၅၃) ဖုသိပတန နာမကေ၊ "ဖုသိ ပတန"၊ အမည် ရသော၊ တဗ္ဗေဝ၊ထိုမိဂဒါဝုန်၊ရဂုံသာမော၊ ရုံမြိုင်တော၌ပင်လျှင်။ မုနိ၊မုနိ ငါးဦး၊ကြီးမှူးဥက္ကဌ၊ဘုရားမြတ်သည်။တေသမေဝ၊ ထို "ပဉ္စဝဂ္ဂီ"၊ မထေရ်ငါးဦး၊ကြီးမှူးများစွာ၊နတ်ဗြဟ္မာတို့အားသာလျှင်။သုဒုန္ဒသံ၊ အလွန်နက်နဲ၊ သိနိုင်ခဲသော၊ အနတ္တ လက္ခဏံသုတ္တံ၊"အနတ္တလက္ခ ဏာ"။သုတ်ဒေသနာကို ဒေသေသိ၊သာယာလှစ်ဖွင့်၊ကျူးရင့်မြွက် ဘော်၊ဟောတော်မူလေ၏။ ။ထိုနှစ်-ထိုလပြည့်ကျော် ၅-ရက်- ကြာသပတေး နေ့တွင်- အနတ္တလက္ခဏာသုတ်ကို ဟောတော် မူ သည်။ အနတ္တလက္ခဏာသုတ်ဟောသောနေရာဟူ၍ လည်းထင်ရှား ရှိလေသတတ်၊

(၅၄) ဝဿံဝုတ္ထော မဟာဝီရော၊ဗောဓနေယျံ မဟာနိဒ္ဒံ၊
ဓမ္မဘေရိံ ပဟာရိတွာ၊တမှာ ပက္ကမိ ဗောဓေတုံ။ ။

(၅၄) မဟာဝီရော၊ဝီရိယဓာတ်၊ မြင့်မြတ်ကြီးမား၊ မြတ်ဘုရား သည်။ ဝဿံဝုတ္ထော၊ လမ်းပန်းသာယာ၊ မိုးလ်ရွာကင်းပြတ်၊ ဝါ ကျွတ်လတ်သော်။မဟာနိဒ္ဒံ၊ကာမဂုဏ်ရိပ်၊ပြင်းစွာအိပ်သော၊ ဗော ဓနေယျံ၊ကျွတ်ထိုက်သသူ၊ နတ်လူဗြဟ္မာ၊သတ္တဝါကို။ ဓမ္မဘေရိံ၊ တရားတည်းဟူသောစည်တော်ကြီးကို၊ ပဟာရိတွာ၊သံပြိုင်ဟီးဟီး၊ ရိုက်တီးဆော်ခတ်တော်မူ၍။ ဗောဓေတုံ၊ ကြည်သာရွှင်ပြုံ ၊ နိုးစေ ခြင်းငှါ၊တမှာ၊ထို-မိဂဒါဝုန်၊ ရဂုံသာခင်း၊ရုံမြိုင်တွင်းမှ၊ပက္ကမိ၊ဒွေ ပဒုံညွန့်၊ခြေရုံလွှန့်၍၊မြူးကွန့်တော်မူလေ၏။

၇–သီဟိုဠ်ကျွန်းသို့ပထမ-ကြွတော်မူခဏ်း။

(၅၅) တတော ပဋ္ဌာယ သောသတ္ထာ၊ ပိနေန္တော ဒေဝမာနုသေ။
ဖုဿမာသေ လင်္ကံ ဂန္တွါ၊ နဝမေ ပုဏ္ဏမာသိယံ။ ။

(၅၅) တတော၊ ထိုဝါကျွတ်တော်မူသောအခါမှ။ ပဋ္ဌာယ၊ စ၍။ သောသတ္ထာ၊ ထိုလူနတ်တို့၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဒေဝမာနုသေ၊ သံသရာကြော၊ နှစ်မျောကြသူ၊ နတ်လူများစွာ၊ သတ္တဝါတို့ကို။ ပိနေန္တော၊ ရွှင်တော်ဘွား၊ ရောဟုသားသို့ သနားကြည်ဖြူ၊ ဆုံးမတော်မူလျက်။ ဖုဿမာသေ၊ ဗောဓိဉာဏ်ကြီး၊ ရပြီးသည့်နောက်၊ ကိုးလမြောက်ကျပြာသိုလ၌။ နဝမေပုဏ္ဏမာသိယံ၊ ငွေဝန်းပုဏ္ဏမိ၊ တိတိစန်းပြည့်၊ ကိုးရက်မြောက်သောနေ့၌။ လင်္ကံ၊ ဒီပ ရွှန်းပို၊ ရေညိုပတ်ဝန်း၊ လင်္ကာကျွန်းသို့။ ဂန္တွါ၊ ပထမခေါက်၊ ကြွရောက်ဖြည်းညှင်း၊ စက်ဖြန့်တော်မူလေ၏။

(၅၆) လင်္ကာမဇ္ဈ ဂင်္ဂါယ၊ တီရေ ယောဇန ဝိတ္ထတေ။
မဟာနာဂ ဝနုယျာနေ၊ အာယာမေန တိယောဇနေ။ ။

(၅၇) ယက္ခာနံ သမိတိံ ဂန္တွာ၊ ဌတွာန ဂဂနေ တဟိံ။
ဝါတန္ဓကာရ ဝုဋ္ဌီဟိ၊ အကာ ယက္ခေ ဘယဋ္ဋိတေ။ ။

(၅၆-၅၇) လင်္ကံ၊ လင်္ကာဒီပ၊ သီဟဠ္ဌ၊ ခေါ်ညွှန်း၊ ဘိလူးကျွန်းသို့။ အာဂမ္မ၊ နောက်လိုက်မခေါ်၊ ကိုယ်တော်တည်းသာ၊ ကြွလာတော်မူ၍။ ဂင်္ဂါယ၊ ဂင်္ဂါမြစ်၏။ တီရေ၊ ရှုဘွယ်မငြီး၊ ကမ်းအနီး၌။ ယောဇနဝိတ္ထတေ၊ သာယာသန့်ရှင်း၊ မြေခင်းညီညာ၊ အပြန့်တယူဇနာ ကျယ်သော။ အာယာမေန၊ အလျားအဘို့အားဖြင့်။ တိယောဇနေ၊ သုံးယူဇနာ၊ သဉ္ဇာမစွန်း၊ လွန်ကျယ်ဝန်းသော။ မဟာနာဂဝနုယျာနေ၊ သရက်ပိန္နဲ၊ နဘဲထောက်ရှာ၊ မာလကာနှင့်၊ စကာဝါကုံကော်၊ စွယ်တော်ပုန်းညက်၊ ရောရှက်သောင်းပြောင်း၊ ရှုမညောင်းအောင်၊ ဌက်ပေါင်းပျော်မြူး၊ ပွင့်ဖူးဝံလင်၊ "မဟာနာဂဝန်" ဥယျာဉ်၌။ ။

ယက္ခာဒနံ၊ ကြောက်ပါးလန့်ဘွယ်၊ မာနစွယ်ပြူးပြူး၊ တောဘီလူးတို့၏။ သမိတိံ၊ ရပေါင်းရောက်လာ၊ ညီညာဆွေးနွေး၊ အစည်းအဝေးသို့။ ဂန္တွာ၊ မတ်မတ် မားမား၊ ကြွသွားတော်မူ၍။ ဂဂနေ၊ စည်းဝေး ထက်ခွင်၊ ကောင်းကင်ပြင်၌၊ ဌတွာန၊ ရပ်တည်တော်မူ၍။ တယိံ၊ ထိုဘီလူးတို့၏ အစည်းအဝေး၌၊ ဝါတန္ဓကာရဝုဋ္ဌိယာ၊ လေပြင်းရော ဆောင်၊ မိုက်မှောင် ဖုံးလွှမ်း၊ မိုးသည်းကြမ်း မိုးသည်းသဲကြီး တို့ဖြင့်။ ယက္ခေ၊ ဘီလူးတို့ကို။ ဘယဋ္ဋိတေ၊ နှလုံးရင်တွင်း၊ ကြောက်ခြင်းဖြင့် နှိပ်စက်အပ်သည့်တို့ကို။ အကာ၊ ပြုတော်မူလေ၏။

(၅၈) လဒ္ဓါ ဘယေဟိ ယက္ခေဟိ၊ တေဟိ ဒိန္နာယ ဘူမိယာ။
စမ္မခဏ္ဍံ ပသာရေတွာ၊ နာထော နိသီဒိ တဲ့ထော။ ။

(၅၈) တဲ့ထော၊ ထိုခဏ၌။ နာထော၊ မြတ်စွာဘုရားသည်။ လဒ္ဓါ ဘယေဟိ၊ ဒုသဲလိုက်ချုံ၊ တုန်တုန်ဆတ်ဆတ်၊ ရအပ်သော ကြောက်လန့်ခြင်းရှိကုန်သော။ တေဟိ ယက္ခေဟိ၊ ထိုဘီလူးတို့သည်။ ဒိန္နာယ၊ ကြောက်လန့်စိတ်ပူ၊ ပေးလှူအပ်သော။ ဘူမိယာ၊ ဥယျာန်ဘော်ခွင်၊ မြေအပြင်၌။ စမ္မခဏ္ဍံ၊ ကိုယ်တော်ဆောင်လွယ်၊ သားရေနယ်-သား ရေပိုင်းကို။ ပသာရေတွာ၊ ညီညာစန့်စန့်၊ ခင်းဖြန့်တော်မူ၍။ နိသီဒိ၊ ထက်ဝယ်ဘွဲ့ခွေ၊ ထိုင်နေတော်မူလေ၏။

(၅၉) စမ္မခဏ္ဍံ ပဇ္ဇလိတံ၊ ဇာလမာလာ သမာကုလံ။
အကာသိ ဇုန္ဒိယာ နာသေ၊ ယာဝ သိန္ဓုံ သမန္တတော။ ။

(၅၉) နာထော၊ မြတ်စွာဘုရားသည်။ သမန္တတော၊ အရှေ့အ နေဝံ၊ တောင်မြောက်တခွင်၊ ထက်ဝန်းကျင်မှ။ ယာဝ သိန္ဓုံ၊ သိဟိုဠ် ကျွန်းကို၊ ဖုံ့ဝန်းရစ်ကာ၊ သမုဒ္ဒြာတိုင်အောင်။ စမ္မခဏ္ဍံ၊ ကိုယ် တော်ထိုင်လျက်၊ ငြိမ်သက်စံပယ်၊ သားရေနယ်ကို။ ပဇ္ဇလိတံ ဇာလ မာလာ သမာကုလံ၊ အလျှံပြောင်ပြောင်၊ စွဲထောင်ညီတောက်၊ မီး ပေါက်မီးပန်း၊ ကြောက်ခမန်းတို့ဖြင့်၊ ရောပြွမ်းရှက်ထွေးသည်ကို။ အကာသိ၊ ဘန်ဆင်းပြုတော်မူလေ၏။

(၄၀) ဇဝေန သိန္ဓုဝေလာယ၊ ရာသိဘူတေ နိသာစရေ၊
ဂိရိဒီပမိတော နေတွာ၊ ပတိဋ္ဌာပေသိ တေ တဟိံ။ ။

(၄၀) ဇဝေန၊ သေရမလောက်၊ ကြောက်လန့်တကြား၊ ပြေးသွားသော အဟုန်ဖြင့်။ သိန္ဓုဝေလာယ၊ သီဟိုဠ်ကျွန်း၏၊ အစွန်းနခမ်း၊ ပင်လယ်ကမ်း၌။ ရာသိဘူတေ၊ အပေါင်းအစုဖြစ်၍ ဖြစ်ကုန်သော။ နိသာစရေ၊ မကောင်းဆိုးဝါး၊ ဘီလူးများတို့ကို၊ ဣတော၊ ဤသီဟိုဠ်ကျွန်းမှ။ ဂိရိဒီပံ၊ ဝေးရပ်ဌာန၊ ဂိရိဒီပ-ကျွန်းသို့။ နေတွာ၊ တန်းခိုးဖြင့် ဆောင်တော်မူ၍။ တေ၊ ထိုမကောင်းဆိုးဝါး၊ ဘီလူးများတို့ကို။ တဟိံ၊ ထို-ဂိရိဒီပ၊ ကျွန်းဌာန၌။ ပတိဋ္ဌာပေသိ၊ တည်စေတော်မူ၏။

(၄၁) ဒေသယိတွာ ဇိနော ဓမ္မံ၊ တဒါ ဒေဝ သမာဂမေ၊
ဗဟူနံ ပါဏကောဋီနံ၊ ဓမ္မာ ဘိသမယံ အကာ။ ။

(၄၁) တဒါ၊ ထိုမကောင်းဆိုးဝါး၊ ဘီလူး များကို၊ ပယ်ရှားပြီးသောအခါ၌။ ဇိနော၊ ငါးမာရ်အောင်မြင်၊ ဘုရားရှင်သည်။ ဒေဝသမာဂမေ၊ နတ်ဘီလူးတို့၊ ရွှင်မြူးဆွေးနွေး၊ အစည်းအဝေး၌။ ဓမ္မံ၊ လူ့,နတ်, နိဗ္ဗာန်၊ သုံးတန်ရောက်ကြောင်း၊ တရားကောင်းတရားမြတ်ကို။ ဒေသယိတွာ၊ သာယာမြွက်ဖော်၊ ဟောတော်မူ၍။ ဗဟူနံ၊ ရေတွက်သင်္ချာ၊ များစွာကုန်သော။ ပါဏကောဋီနံ၊ သတ္တဝါဝေနေ၊ တကုဋေတို့အား။ ဓမ္မာဘိသမယံ၊ သစ္စာလေးပါး၊ ပိုင်းခြားထင်လင်း၊ ထိုးထွင်း၍သိမြင်ခြင်းကို။ အကာ၊ ပြုတော်မူလေ၏။

(၄၂) မဟာသုမန် ဒေဝဿ၊ သေလေ သုမနကူဋကေ၊
ဒတွာ နမဿိတုံ ကေသေ၊ အဂါ ဇမ္ဗုဒီပံ ဇိနော။ ။

(၄၂) ဇိနော၊ မာရ်စစ်မက်ကို၊ တျက်တျက်ကုန်စင်၊ အောင်မြင်တော်မူသော၊ မြတ်စွာဘုရားသည်။ မဟာသုမနဒေဝဿ၊ တန်းခိုးတေဇာ၊ ရောင်ဝါထိန်လင်း၊ "မဟာသုမန" နတ်မင်း၏။ သေလေ၊ အလွန်မြင့်မောက်၊ ကျောက်အတိပြီးသော။ သုမနကူဋကေ၊ "သုမန"

ပြောင်မွတ်၊ တောင်အထွတ်၌။ကေသေ၊ညှိမှောင်မည်းနက်၊နုညက်ချောမွတ်၊ဆံတော်မြတ်တို့ကို။ နမသိတုံ၊သဋ္ဌါမြတ်နိုး၊ ရှိခိုးပူဇော်ရန်အကျိုး ၌၊ဒတွာန၊လက်တော်သုံးသပ်၊ပေးအပ်တော်မူ၍၊ဇမ္ဗူဒိပ်၊ဇမ္ဗူဒိပါ၊သညာတောက်ထွန်း၊သပြေကျွန်းသို့။ အဂါ၊သိဟိုဠ်နန်းမှ၊စခန်းထ၍၊မြန်းကြွတော်မူလေ၏။

(၃၃) ပတိဋ္ဌပေတွာ တေ သဏ္ဍူ၊နိသိန္နာသန ဘူမိယံ။
နုန္ဒနီလမယံ ထူပံ၊ကာရိတွာ သော အပူဇယိ။ ။

(၃၃) သော၊ ထို"သုမန"နတ်မင်းကြီးသည်။ သဏ္ဍူ၊ မြတ်စွာဘုရား၏။တေ(ကေသေ)၊ ချိုးမြှင့်မြောက်စား၊ သနား၁ပေးအပ်၊ ဆံတော်မြတ်တို့ကို။နိသိန္နာသနဘူမိယံ၊ဖလသမာပတ်၊ စွဲကပ်စံမျှော်၊နေတော်မူရာ၊ရတနာဘူမိ၊မြေသိရိ၌၊နုန္ဒနီလမယံ၊နုန္ဒနီလာ၊ရတနာခေါ်ဆို၊ပတ္တမြားညှိဖြင့်ပြီးသော။ ထူပံ၊"မဟိယင်္ဂဏ"၊ နာမထင်ပေါ်၊စေတီတော်ကို၊ကာရိတွာ၊တည်ထားပြုရ၍၊အပူဇယိ၊တမလွန်ကျိုး၊ရည်မျှော်ကိုးလျက်၊ရှိခိုးပူဇော်လေ၏။

ထိုစေတီတော်သည်- အမြင့် ၁၂-တောင်ရှိသည်၊ရုဏ္ဏဘာလမင်းလက်ထက်-အတောင် ၃၀-မြင့်သည်၊ ဒုဋ္ဌဂါမဏိမင်း လက်ထက်၊သံတောင် ၈၀-မြင့်သည်၊ထိုစေတီ၌-လည်ရိုးခါတ်ဌာပနာလတ်၏။

ဘိုးတော် အဋ္ဌနမင်း၊ ဖြိုကြွင်းသက္ကရာဇ်၊ ၁၀၃ ခု-ပြာသိုလပြည့်ကျော် ၉-ရက်နေ့ပထမအကြိမ်ကြွတော်မူသည်၊

---

၈—သိဟိုဠ်ကျွန်းသို့-ဒုတိယအကြိမ်မြောက်ကြွတော်မူခဏ်း။

(၃၄) နိဿာယ မဏိပလ္လင်္ကံ၊ပဗ္ဗာဘဏ္ဍာ,ဝါသိနော၊
ပဿိ ယုဇ္ဈိတ္တိကော နာဂေ၊စူဠောဒရ မဟောဒရေ၊ ။

(၃၄) မဏိပလ္လင်္ကံ၊ ပတ္တမြားမျိုးမှန်၊ပလ္လင်ပုံ့ကို၊ နိဿာယ၊သုဆိုင်,ငါပိုင်၊ယှဉ်ပြိုင်,လုမှ၊အမှီပြု၍၊ ယုဇ္ဈိတ္တိကော၊မေတ္တာမျက်ညှိုး၊

ရန်စပျိုး၍၊ စစ်ထိုးခြင်းငှါအလိုရှိကြကုန်သော၊ ပဗ္ဗတဋ္ဌဝ,ဝါသိနော၊နှစ်မျိုးနှစ်ထွေ၊တောင်နေ-ရေနေ၊ဖြစ်ကြကုန်သော၊ ဗုဒ္ဓောဒရ-မဟောဒရေ၊''ဗုဒ္ဓောဒရ၊မဟောဒရ''အမည်ရှိကုန်သော၊ နာဂေ၊တူ-ဦးရီးရင်း၊နဂါးမင်းတို့ကို။ ပသင်၊ညာဏ်စက္ခုဖြင့်၊ မြော်ရှုဆင်ခြင်၊မြင်တော်မူလေ၏။

(၆၅) ဗောဓိတော ပဉ္စမေ ဝဿေ၊စိတ္တမာသေ မဟာမုနိ၊
ဥပေါသထေ ကာလပက္ခေ၊နာဂဒီပ မုပါဂမိ၊ ။

(၆၅) မဟာမုနိ၊မုနိဥက္ကဋ္ဌ၊ဘုရားမြတ်သည်၊ ဗောဓိတော၊ဗောဓိညာဏ်ကြီး၊ရပြီးစင်စစ်၊ဘုရားဖြစ်သည်မှ။ပဉ္စမေဝဿေ၊ တန်းခိုးကြွေပြော၊သာသနာ၀င်းတောက်၊ငါးနှစ်မြောက်၌။ စိတ္တမာသေ၊သစ်ပင်အပေါင်း၊ရွက်သစ်လောင်း၍၊ ရွက်ဟောင်းကြွေကျ၊မာသ,အထူး၊လ-တန်းခူး၌။ကာလပက္ခေ၊ရိုးလုံးမိုက်မှောင်၊အရောင်ကင်းပ၊လဆုတ်ပက္ခဖြစ်သော၊ ဥပေါသထေ၊ဆဲ့ငါးရက်စေ့၊ဥပုသ်နေ့၌။ နာဂဒီပံ၊''နာဂဒီပ''မည်ရခေါ်ညွှန်း၊သိဟိုဠ်ကျွန်းသို့၊ဥပါဂမိ၊ဒုတိယခေါက်၊ကြွရောက်ချဉ်းကပ်တော်မူလေ၏။

(၆၆) တဒါ သမိဒ္ဓိသုမနော၊ဒေဝေါဇေတဝနေ ဌိတံ၊
အတ္တနော ဘဝနံဃေဝ၊ဂဟေတွာ တုဋ္ဌမာနသော၊ ။
(၆၇) ဇာနုနီလ ဒ္ဒိ ကူဋ္ဋံဝ၊ရာဇာယတန ပါဒပံ၊
ဓာရယိတွာ နန္တ ဂတ္တိ၊ဆတ္တံ ကတွာန သတ္ထုနော၊ ။

(၆၆-၆၇) တဒါ၊ထိုမြတ်စွာဘုရား၊ ကြွသွားတော်မူသောအခါ၌၊သမိဒ္ဓိသုမနော၊ ''သမိဒ္ဓိသုမန''အမည်ရှိသော၊ ဒေဝေါ၊မြတ်ဘုရား၌၊ခစားဆည်းကပ်၊ ရုက္ခစိုးနတ်သည်။ တုဋ္ဌ-မာနသော၊ နှစ်သက်ရွှင်လန်း၊ဝမ်းသာသောစိတ်ရှိသည်ဖြစ်၍။ဇေတဝနေ၊ဇေတဝန်းကျောင်းတော်၏ အနီး၌။ ဌိတံ၊ ပေါက်ရောက် တည်ရှိသော၊ အတ္တနော၊မိမိ၏၊ဘဝနံ၊ပျော်ရွှင်စံမြန်း၊ ဘုံနန်းဗိမာန်ဖြစ်သော၊ ။ ဇာနုနီလဒ္ဒိကူဋ္ဋံဇာ၀၊ဇာနုနီလာ၊ရတနာတောင်ထွတ်နှင့်တူသော၊ရာဇာ

ယာဘနပါဒပံ့ယာ၊ဖိနပ်ရှင်ညွန့်လန်း၊လင်းလွန်းပင်နန်းကိုသာလျှင်၊ ဂဟောတွာ၊ဆောင်ယူခဲ့၍၊ သဗ္ဗုနေ၊ မြတ်စွာဘုရားအား၊ ဆဘ္ဗံ ကတွာန၊ပု-ဖေးနှစ်ဖြာ၊ကွယ်ကာစေမူ၊ထီးတော်ပြု၍၊ခါရယိတွာန၊ ရှိသေညွှတ်ပျောင်း၊ မှီးကာဆောင်းလျှက်၊ အနုဂစ္ဆိ၊ အစဉ်ခစား၊ နောက်တော်ပါးက၊လိုက်သွားလေ၏။

(၆၈) ဥဘိန္နံ နာဂရာဇုနံ၊ဝဏ္ဏမာနေ မဟာရဏော။
နိသိန္နော ဂဂနေ နာထော၊မာပယိတ္တ မဟာဘမံ။ ။

(၆၈) ဥဘိန္နံ၊ တောင်နေ-ရေနေ၊ နှစ်ထွေ ကွဲပြား။ နှစ်ပါး ကုန်သော၊နာဂရာဇုနံ၊"ရုဇ္ဇောဒရမဟောဒရ"၊ ဘောဇခိုင်ဖြိုး။ တူဦးရိုး ရင်း၊နဂါးမင်းဘို့၏၊ဝဏ္ဏမာနေ၊ရမ်းပုံမီးကျ၊ဟူးဟူးထလျှက်။ ဒေါ သလွန်ကဲ၊ရန်ဖြစ်ဆဲဖြစ်သော၊မဟာရဏော၊ နှစ်ဘက်သားတို့၊ဆုံး ပါးပျက်စီး၊စစ်ပွဲကြီး၌၊နာထော၊မြတ်စွာဘုရားသည်၊ ဂဂနေ၊စစ်ပွဲ ထက်ခွင်၊ကောင်းကင်ပြင်၌၊နိသိန္နော၊ ကြက်သရေ ရွှန်းဝေ၊ရပ်နေ တော်မူလျှက်၊ မဟာတမံ၊ ကြောက်လန့်ဘွယ်ရာ၊ လွန်စွာထူထဲ၊ မှောင်တိုက်-မှောင်ခဲကို၊မာပယိတ္တ၊နှစ်ဦးဘက်သား၊ နဂါးစစ်ချင်း၊ အမြင်ကင်းအောင်၊ဘန်ဆင်းဇာဘ်မူလေ၏။

(၆၉) အာလောကံ ဒဿယိတွာထ၊
အဿာသေတွာန ဘောဂိနော၊
သာမဂ္ဂိကရဏံ ဓမ္မံ၊အဘာသိ ပုရိသာသဘော၊ ။

(၆၉) အထ၊ထိုနောက်မှ၊ ပုရိသာသဘော၊ အာဇာနည်ဇာတ်၊ ယောကျ်ားမြတ် ဖြစ်တော်မူသော၊ ဘုရားကိုယ်တော်မြတ်သည်၊ အာလောကံ၊ထွန်းလင်းပြောင်ပြောင်၊ မိုက်မှောင်ပယ်ရှင်း၊အရောင် အလင်းကို၊ဒဿယိတွာ၊ပြတော်မူ၍၊ ဘောဂိနော၊စစ်မက်ဖြစ်ပွါး၊ နှစ်ဦးသော နဂါးတို့ကို၊ အဿာသေတွာ၊ ထိတ်လန့် ပျောက်ပြေ၊ သက်သာစေ၍၊ သာမဂ္ဂိကရဏံ၊ ဒေါသကင်းကွာ၊ မေတ္တာသက် ဝင်၊ချစ်ခင်ပေါင်းသင်း၊ညီညွတ်ခြင်းကို၊ပြုကြောင်းဖြစ်သော၊ ဓမ္မံ၊

အစေ့အစပ်။တရားမြတ်ကို၊အဘာသိ ၊ကရုဏာရှေ့ထား၍၊ ဟော ကြားတော်မူလေ၏။

(၇၀) အသိတိ ကောဋိယော နာဂါ၊အစလ မ္ဗုဓိ ဝါသိနော၊
ပတိဋ္ဌဟိံသု မုဒိတာ၊သီလေသု သရဏေသုစ။ ။

(၇၀) အစလမ္ဗုဓိဝါသိနော၊ တောင်၊ သမုဒ်ရေ၊ နှစ်ထွေဌာန၊ ပျော်နေကြကုန်သော၊ အသိတိကောဋိယော၊ သချာတွက်ရေ၊ ကုဋေရှစ်ဆယ်ရှိကုန်သော၊ နာဂါ၊ ဗိုလ်ပါရဲမက်၊ နှစ်ဘက်စစ်သား၊ နဂါးဟူသမျှတို့သည်၊မုဒိတာ၊ မသေပျောက်ဘဲ၊ စစ်ပွဲပျက်ပြား၊တရားနာရ၊ဝမ်းမြောက်ကြသည်ဖြစ်၍၊သီလေသုစ၊ငါး-ရှစ်-ဆယ်ပါး၊ သီလများတို့၌၎င်း၊ သရဏေသုစ၊သုံးပါးလုံးစုံ၊ သရဏဂုံတို့၌၎င်း၊ ပတိဋ္ဌဟိံသု၊နှစ်သက်ကြည်ယုံ၊တည်ကြလေကုန်၏။

(၇၁) ဒတ္ဂာန မဏိပလ္လင်္က၊သတ္ထုနော ဘုဇဂါဓိပါ၊
တတ္ထာသိနံ မဟာဝိရံ၊အန္နပါနေဟိ တပ္ပယုံ။ ။

(၇၁) ဘုဇဂါဓိပါ၊ "ဝူဠောဒရ၊ မဟောဒရ"၊ နာမထင်လင်း၊ နဂါးမင်းတို့သည်၊သတ္ထုနော၊ ရန်မပွါးအောင်၊ တရားပြသ၊ ဆုံးမ ဟောကြား၊မြတ်ဘုရားအား၊မဏိပလ္လင်္က၊ မဏ္ဍာမတိုး၊ ရန်စပျိုးသည့်၊အဘိုးထိုက်တန်၊ ပလ္လင်ပျံကို၊ ဒတ္ဂာန၊နှစ်ဦးနှစ်ဘက်၊ စိတ်လက်ကြည်ဖြူ၊ပေးလှူကြကုန်၍၊ တတ္ထ၊ထို-ထိန်ပြောင်ဝင်းလက်၊ ပတ္တမြားပလ္လင်ထက်၌၊အာသိနံ၊ လေးလီယာပထ၊ မျာဇနေ့လျှော်၊ နေတော်မူသော၊မဟာဝိရံ၊လုံ့လကြီးမား၊ မြတ်ဘုရားကို၊အန္နပါနေဟိ၊ရသာပြည့်လျှမ်း၊ ပထမဘန်း အကျော်၊ ဆွမ်းအဖျော်တို့ဖြင့်၊ တပ္ပယုံ၊ဆက်ကပ်ဖုံဖုံ၊ရောင့်ရဲစေကြလေကုန်၏။

(၇၂) ပတိဋ္ဌာပေတွာ သော တတ္ထ၊ရာဇာယတနပါဒပံ၊
ပလ္လင်္ကံ တဥ္စ နာဂါနံ၊အဂါ ဒတ္ဂာန ပူဇိတုံ။ ။

(၇၂) သော၊ ထို-ပလ္လင် ပျံဝယ်။ ရွှင်စံ ပျော်ပါး၊ မြတ်ဘုရားသည်။ဘဋ္ဋ၊ထို-ပတ္တမြားဖြစ်စင်။ရောင်ထင်ညီးညီး။ပလ္လင်တော်အနီး၌၊ရာဇာယတနပါဒပ်၊ရွှေထီးအလား၊ နတ်သားဆောင်ငင်။ လင်းလွန်းပင်ကို။ ပတိဌာပေတွာ၊ ထင်ထင်ရှားရှား၊ စိုက်ထားစေတော်မူ၍၊ပလ္လက်ဋ္ဌ၊ကိုယ်တော်စံမြန်း။ ပလ္လင်နန်းကိုရင်း။ တဋ္ဌ၊ ထို-ထီးတော်အသွင်။လင်းလွန်းပင်ကိုရင်း။ အဘိပူဇိတုံ၊ အလွန်မြတ်နိုးပူဇော်ရန်အကျိုးငှါ။နာဂါနံ၊သဋ္ဌါပြန့်ပွါး၊နတ်နဂါးတို့အား၊ ဒတွာန၊ ကုသိုလ်ပွါးအောင်၊ ပေးသနားတော်မူ၍၊ အဂါ၊ကျွန်းသိဟိုဠ်မှ၊ရွှေကိုယ်မြတ်ဖျား၊ကြွသွားတော်မူလေ၏။

ဇင်းသက္ကရာဇ် ၁၀၇-ခု-ဘန်းရူးလကွယ်နေ့ နံနက်၊ ဒုတိယအကြိမ်ကြွတော်မူသည်။

---

၄—သီဟိုဠ်ကျွန်းသို့တတိယအကြိမ်ကြွတော်မူခဏ်း။

(၇၃) ဗောဓိတော အဠမေဝ သေ၊ဝေသာခေ ပုဏ္ဏမာသိယံ၊
မဏိအက္ခိက နာမေန၊နာဂိန္ဒေန နိမန္တိတော။ ။

(၇၄) နာဂရာဇဿ တဿေဝ၊ဘဝနံ သာရု သဗ္ဗိတံ၊
ကလျာဏိယံ ပဋ္ဋဘိက္ခု၊သတေဟိ သဟ အာဂမိ။ ။

(၇၃-၇၄) ဗောဓိတော၊ဗောဓိမဏ္ဍိုင်၊ခမ်းဝါပိုင်သည်မှ၊ အဠမေဝဿေ၊သာသနာရောင်၊ ထိန်ပြောင်ဝင်းတောက်၊ ရှစ်နှစ်မြောက်၌၊ ဝေသာခေပုဏ္ဏမာသိယံ၊ ဝိသာခါစန်းကြို၊ ကဆုန်လပြည့်နေ့၌၊ မဏိအက္ခိကနာမေန၊ ပတ္တမြားတခုထည်၊ နိသောချက်ငံ-ရှိသောကြောင့်၊"မဏိအက္ခိက"အမည်ရှိသော။ နာဂိန္ဒေန၊ရေနတ်မျိုးကို၊ သွမ်းမိုးဦးနင်း၊နဂါးမင်းသည်၊နိမန္တိတော၊ ကြွရန်အကြောင်း၊ဝပ်ညောင်းထပ်ဆပ်၊ ပင့်လျှောက်အပ်သည်ဖြစ်၍၊ ။ကလျာဏိယံ၊ "ကလျာဏီဟု၊ နဒီသောင်" ဆိပ်။ မြစ်ကမ်းထိပ်၌၊ သာရုသဗ္ဗိတံ၊ ခမ်းခမ်းနားနား။ဆန်းပြားကြီးကျယ်၊ဘွယ်ဘွယ်ရာရာ၊ကောင်းစွာစီရင်အပ်သော။တဿေဝ နာဂရာဇဿ၊ထို"မဏိအက္ခိက"၊ နာမ

ထင်ရှား၊နတ်နဂါး၏၊သာလျှင်၊ ဘဝနံ၊ ပျော်ပါး ရွှင်စံ။ ဘုံဗိမာန်သို့၊ ပဋ္ဌာဘိကျွ သတေဟိ၊တပည့်နောက်ပါ။ရဟန်းငါးရာတို့နှင့်။ သဟ၊ တကွ၊အာဂမိ၊တတိယခေါက်။ကြွရောက်တော်မူလေ၏။

(၇၅) ကလျာဏိ စေတိယဌာနေ၊ကတော ရတနမဏ္ဍပေ၊ မဟာရဟာမှိ ပလ္လင်္ကေ၊ဥပါဝိသိ နရာသဘော။ ။

(၇၅) နရာသဘော၊လူတို့ဥက္ကဋ္ဌ၊ ဘုရားမြတ်သည်၊ ကလျာဏိ စေတိယဌာနေ၊ "ကလျာဏီဟု"၊ စေတီတော်မြတ်၊ ထည့်လတ်ရှ ခါ။ရပ်ခမ်းဝါ၌၊ကတော၊နတ်နဂါးတို့။ ကြိုးစားကပ်ကုတ်။ ဆောက် လုပ်ပြုပြင်၊စီရင်အပ်သော။ရတနမဏ္ဍပေ၊စိန်ရောင်-မြရောင်၊ပြောင် ပြောင်ဝင်းလျှပ်၊ရတနာမဏ္ဍပ်၌၊မဟာရဟာမှိ၊ရတနာရောင်၊ တောံ လောင်ဝင်းလျှံ။ မြတ်သောသူတို့နှင့်သာထိုက်တန်သော၊ ပလ္လင်္ကမှိ၊ နဝရပ်ပလ္လင်၊အထက်ခွင်၌၊ဥပါဝိသိ၊ဝင်ရောက်စံပျော်၊ နေတော်မူ လေ၏။

(၇၆) ဒိဗ္ဗေဟိ ခဇ္ဇဘောဇ္ဇေဟိ၊သသံဃံ လောကနာယကံ။ သန္တပ္ပေသိ ဖဏိန္ဒော သော၊ဘုဇဂေဟိ ပုရက္ခတော။ ။

(၇၆) သောဖဏိန္ဒော၊ ထို"မဏိအက္ခိက"၊ မည်ရ ထင်လင်း၊ နဂါးမင်းသည်၊ဘုဇဂေဟိ၊ရန္တာကျက်စား၊ မြွေနဂါးတို့ဖြင့်၊ ပုရက္ခ တော၊ဝန်းကျင်ရံပတ်၊ခြံရံအပ်သည်ဖြစ်၍၊ သသံဃံ၊ တပည့်နေသံ ပါး၊ရဟန်းသံဃာနှင့်တကွဖြစ်သော၊လောကနာယကံ၊လူသုံးဦးတို့၊ ကြီးမှူးဥက္ကဋ္ဌ၊ ဘုရားမြတ်ကို၊ဒိဗ္ဗေဟိ၊ မွေးကြိုင်သိုက်မြိုက်၊ နတ်၌ ဖြစ်ကုန်သော၊ခဇ္ဇဘောဇ္ဇေဟိ၊ ရသာပြည့်ဖြိုး၊ ခဲဘွယ်,ဘောဇဉ်၊ အမျိုးမျိုးတို့ဖြင့်၊သန္တပ္ပေသိ၊ကောင်းစွာအင်အဲ၊ရောင့်ရဲစေ၏။

(၇၇) ဒေသယိတွာန သဒ္ဓမ္မံ၊သဂ္ဂမောက္ခ သုခါဝဟံ၊ သောသတ္ထာ သုမနေကူဋေ၊ဌပေသိ ပဒလဉ္ဆနံ။ ။

(၇၇) သော သတ္ထာ၊ ထို-လူနတ်တို့ဆရာ။ သော မြတ်စွာသည်။ သဂ္ဂမောက္ခသုခါဝဟံ၊ လူ,နတ်,နိဗ္ဗာန်၊ သုံးတန်သော ချမ်းသာကို။ ကောင်းစွာပိုင်ပိုင်၊ ပို့ဆောင်နိုင်သော။ သဒ္ဓမ္မံ၊ နိဗ္ဗာန်ရောက်ကြောင်း။ သူတော်ကောင်းတရားကို။ ဒေသယိတွာန၊ သာယာနာပျော်။ အသံ တော်ဖြင့်။ မြွက်ဘော်ထင်ရှား။ ဟောကြားတော်မူ၍။ သုမနေကူဋေ၊ ''သုမန''နတ်မင်း၊ ပျော်ခင်းရိုင်မြို့၊ မွှေးမျိုးရုံသည့်၊ ပန်းရုံရစ်ထပ်။ တောင်ထွတ်မြတ်၌။ ပဒလဉ္ဆနံ၊ တရာ့ရှစ်ကွက်။ ဖွဲ့စက်ရတနာ။ ခြေ တော်ရာကို။ ဌပေသိ၊ နတ်လူအများ။ အကျိုးပွါးအောင်။ ချထား တော် မူလေ၏။ ။ ယင်းစက်တော်ရာသည်။ အလွန်အံ့ဩ ဘွယ်ကောင်း ၏။ နေဦးတိုက်ရသည်။

(၇၈) တတော ပဗ္ဗတပါဒမှိ၊ သသံဃော သောဝိနာယကော၊
ဒိဝါဝိဟာရံ ကတွာန၊ ဒီဃဝါပိံ မုပါဂမိ။ ။

(၇၈) တတော၊ ထိုနောက်မှ။ သသံဃော၊ တပည့်ပေါင်းငါးရာ။ ရဟန်းသံဃာနှင့်တကွ ဖြစ်သော။ သော-ဝိနာယကော၊ ထို-နိဗ္ဗာန် ဆောင်ပို့။ ဘောင်ကူးတို့ရှုး။ ဦးစီးရှေ့သွား။ မြတ်ဘုရားသည်။ ပဗ္ဗတ ပါဒမှိ၊ ''သုမနကူဋ''၊ တောင်,ချေး ဥက္ကာ၌။ ခြေရင်းရပ်၌။ ဒိဝါဝိဟာရံ၊ မွှေးနှံ့သင်းသင်း။ လေညှင်းတော်ခဖေးမြကြည်လင်။ နေ့သန့်စင်ခြင်း ကို။ ကတွာန၊ ပြုတော်မူ၍။ ဒီဃဝါပိံ၊ ''ဒီဃဝါပိ''၊ ဘူမိအထွတ်။ နေ ရာမြတ်သို့။ ဥပါဂမိ၊ ကြွရောက်ချဉ်းကပ်တော်မူလေ၏။

(၇၉) ထူပဋ္ဌာနေ တဟိံ ဗုဒ္ဓေါ၊ သသံဃော ဘိနိသီဒိယ၊
သမာပတ္တိသမုဗ္ဘူတံ၊ အဝိန္ဒိ အသမံ သုခံ။ ။

(၇၉) သသံဃော၊ ရွှေရင်တော်နှစ်။ သားချစ်ရတနာ။ ရဟန်းသံ ဃာနှင့်တကွဖြစ်သော။ ဗုဒ္ဓေါ၊ သစ္စာသိမြင်။ ဘုရားရှင်ကိုယ်တော် မြတ်သည်။ တဟိံ ထူပဋ္ဌာနေ၊ ထို''ဒီဃဝါပိ''၊ ဘူမိဥက္ကာ၌။ စေတီ တော်တည်ရာအရပ်၌။ အဘိနိသီဒိယ၊ ထက်ဝယ်ဖွဲ့ခွေ။ ထိုင်နေ တော်မူ၍။ အသမံ၊ ပြိုင်ဘက်မပြ။ အတုမရှိသော။ သမာပတ္တိသ

မုဿန္တုတံ၊ဖလသမာပတ်၊စွဲမှတ်ပွါးများ၊ဝင်စားခြင်းကြောင့်ကောင်းစွာဖြစ်သော၊သုခံ၊ချမ်းသာကို၊ အဝိန္ဒ၊ခံစားစွဲငြ၊ရရှိတော်မူလေ၏။

(၁၀) မဟာဗောဓိတရုဇ္ဇာနေ၊သမာဓိံ အပ္ပယိ ဇိနော၊
မဟာထူပဿ ဒေသေ စ၊ပိဟာရိတ္ထ သမာဓိနာ၊ ။

(၁၀) ဇိနော၊မာရ်ခပဲ၌၊အောင်ပွဲတော်ရ၊မြတ်ဇိနသည်၊ မဟာဗောဓိတရုဇ္ဇာနေ၊"သဃ်မိတ္တာ"မည်၊ထေရီအခေါင်၊ပင့်ဆောင်ယူလာ၊မဟာဗောဓိ၊ဒက္ခိဏသာခါ၊ယခုတည်သောအရပ်၌၊ သမာဓိံ၊သမာပတ္တိ၊စွဲငြိပွါးများ၊သမာဓိတရားကို၊ အပ္ပယိ၊ငြိမ်သက်တန့်နား၊ဝင်စားတော်မူလေ၏၊မဟာထူပဿ၊"ဟေမမာလာ"၊သညာတွင်ခေါ်၊မဟာစေတီတော်၏၊ဒေသေ စ၊ရှေ့နှစ်ဆယ်,တောင်၊ မြင့်ခေါင်မတ်မတ်၊ယခုတည်ရာ၊အရပ်၌လည်း၊ သမာဓိနာ၊ဖလသမာပတ္တိ၊သမာဓိဖြင့်၊ဝိဟာရိတ္ထ၊ငြိမ်သက်စံပျော်၊နေတော်မူ၏။

(၁၁) ထူပါရာမဿ ဌာနမှိ၊နာထော ဈာနသုခေန သော၊
သဘိက္ခုသံဃော သမ္ဗုဒ္ဓေါ၊မုဟုတ္တံ ဝီတိနာမယိ၊ ။

(၁၁) သဘိက္ခုသံဃော၊ ကိုယ်တော် ထံပါး၊ ခစားလိုက်ပါ၊ရဟန်းသံဃာနှင့်တကွဖြစ်သော၊နာထော၊လူသုံးပါးတို့၏၊ ကိုးစားမှီခိုရာအစစ်၊ဖြစ်တော်မူသော၊ သော သမ္ဗုဒ္ဓေါ၊ ထို-သဗ္ဗညုလေးရုံ၊အကုန်သိမြင်၊ဘုရားရှင်သည်၊ ထူပါရာမဿ၊ ညှပ်ရိုးတော်ဓာတ်၊ကိန်းဝပ်စံပျော်၊"ထူပါရာမ"စေတီတော်၏၊ ဌာနမှိ၊ယခုတည်ရာ၊ရပ်ခမ်းဝါ၌၊ဈာနသုခေန၊သမာပတ္တိ၊စွဲငြိပျော်ခါ၊ ဈာန်ချမ်းသာဖြင့်၊မုဟုတ္တံ၊မကြာမြင့်လှ၊တမုဟုတ်မျှ၊ဝီတိနာမယိ၊ဝင်စားမှီပျော်၊လွန်စေတော်မူ၏။

(၁၂) တမှာ ပဋိမာ ဌာနံ သမ္ဗုဒ္ဓေါ၊သန္တိသိဋ္ဌော မုဒုဂ်ဓော၊
သမာပတ္တိသုခံ ဝေဒိ၊သသံဃော လောကနာယကော၊ ။

(၁၂) သသံယော၊ တပည့်နောက်ပါ၊ ရဟန်းသံဃာနှင့်တကွ- ဖြစ်တော်မူထသော၊ လောကနာယကော၊ လူသုံးဦးတို့၏၊ ကြီးမှူးဥသျှောင်၊ ခေါင်ခေါင်အစစ်၊ ဖြစ်ကြီးဖြစ်တော် မူထ သော၊ သမ္ဗုဒ္ဓေါ၊ သဗ္ဗညုသိမြင်၊ ဘုရားရှင်သည်၊ တမှာ၊ ထို"ထူပါရာမ"၊ စေတီတော်ဌာနမှ၊ ပက္ကမ္မ၊ ဘဲကြွတော်မူ၍၊ မုဒုဂ်ဆော၊ "မုဒုဂ်ဆော"၊ စေတီတော်တည့်ရာဌာနသို့၊ သန္တိသိန္ဓော၊ မယှုပ်မရှက်၊ ငြိမ်သက်ဆွဲဆြွေ၊ ထိုင်နေတော်မူလျှက်၊ သမာပတ္တိသုခံ၊ နိရောဓသမာပတ်၊ ချမ်းသာမြတ်ကို၊ အဝေဒိ၊ ဝင်စံပျော်ပါး၊ ခံစားတော်မူလေ၏။

(၁၃) သေလထူပဿ ဒေသမှိ၊ ဌတွာ ကာလဝိဒူ မုနိ။
ဒေဝေ သမနုသာသိတွာ၊ တတော ဇေတဝနံ အဂါ။ ။

(၁၃) ကာလဝိဒူ၊ နာဂတ်-တိတံ၊ ပစ္စုပ္ပန်ကို၊ ဝေဘန်ပိုင်းဖြတ်၊ သိတော်မူတတ်သော၊ မုနိ၊ မုနိထွတ်ထား၊ မြတ်ဘုရားသည်၊ သေလထူပဿ၊ ဥဏ္ဏလုံခတ်၊ ကိန်းဝပ်စံပျော်၊ "သေလ" စေတီတော်၏၊ ဒေသမှိ၊ ခိုင်ခိုင်မတ်မတ်၊ တည့်တော်မူရာအရပ်၌၊ ဌတွာ၊ နိရောဓသမာပတ္တိ၊ စွဲငြိ စံပျော်၊ တည့် နေတော် မူ၍၊ ဒေဝေ၊ ရှိသောဝပ်ညောင်း၊ နတ်အပေါင်းတို့ကို၊ သမနုသာသိတွာ၊ ယဉ်ကျေးစေမှု၊ ဓမ္မုပဒေ၊ မိန့်ချွေဟောစ်ဟာ၊ ဆုံးမတော်မူ၍၊ တတော၊ ထိုရေညှိပတ်ဝန်း၊ သိဟိုဠ်ကျွန်းမှ၊ ဇေတဝနံ၊ သာဝတ္ထိနန်းမြေ၊ ဇေတဝန်ခေါ်၊ ရွှေကျောင်းတော်သို့၊ အဂါ၊ ကောင်းကင်လမ်းဖြင့်၊ ကြွမြန်းသွည့်လည်၊ စက်ချိတော်မူလေ၏။ ။၁၁၀ ခု၊ ဘဆုန်လပြည့်နေ့-တဘ်ယ အကြိမ်ကြွတော်မူသည်၊

(၁၄) သဒ္ဓေါဒိတော ကရုဏာယ၊ ဂါမာ-ဂါမံ ပုရာပုရံ၊
ဓမ္မဝဿံ ဝဿာပေသိ၊ ဇနပ္ပဒါ ဇနပ္ပဒံ။ ။

(၁၄) ကရုဏာယ၊ သုံးတိုက် ဘုံသား၊ သတ္တဝါ များ၌၊ သနားကြင်နာ၊ မဟာကရုဏာသည်၊ သဒ္ဓေါဒိတော၊ ခါခါထပ်ထပ်၊ တိုက်တွန်းအပ်သည်ဖြစ်၍၊ ဂါမာ၊ တရွာမှ၊ ဂါမံ၊ တရွာသို့၊ ပုရာ၊ တမြို့မှ၊ ပု

ရုံ၊တမြို့သို့၊ ဇနပုဒ်၊ဇနပုဒ်တခုမှ။ ဇနပုဒ်၊ဇနပုဒ်တခုသို့။ (ဂတ္တာ)။ ဒေသစာရီ၊ကြွချီတော်မူ၍။ဓမ္မဝဿံ၊'လူ,နတ်,နိဗ္ဗာန်၊ သုံးတန်ချမ်းသာ၊ပေးဘတ်စွာသည့်။ရသာပြည့်ဖြိုး၊တရားမိုးကို။ ဝဿာပေသိ၊ဖြိမ့်သဲဗျန်းစွေ၊ရွာသွန်းတော်မူစေ၏။

---

## ၁၀ – မာရ်နတ်တောင်းပန်၍အာယုသင်္ခါရ လွှတ်တော်မူခန်း။

(၇၅) ဧဝံ ဓမ္မံ ကထေန္တဿ၊ လောကနာထဿ ဇီဝိတံ။
ပဉ္စတာလီသဝဿာနိ၊ယဒါ အာသိ အသီတိကော၊
တဒါ မာရော ဥပါဂမ္မ၊အာယာစိ မာယုသင်္ခါရံ။ ။

(၇၅) ဧဝံ၊ဤသို့-ဇနပုဒ်-မြို့ရွာ၊လှည့်လည်ခါဖြင့်။ ပဉ္စတာလီသဝဿာနိ၊လေးဆဲ့ငါးဝါ၊ရှည်ကြာသမျှ၊ကာလပတ်လုံး။ဓမ္မံ၊လူ,နတ်, နိဗ္ဗာန်၊ သုံးတန်ရောက်ကြောင်း၊ တရားကောင်း၊ တရားမှန်ကို။ ကထေန္တဿ၊ သာယာကျူးရင့်၊လှစ်ဖွင့်ချီငေါ်၊ ဟောတော်မူသော။ လောကနာထဿ၊ လူ့ချားဥက္ကဋ္ဌ၊လောကနတ်၏။ ဇီဝိတံ၊ဥပါဒ်-ဌီ-ဘင်၊အစဉ်ရင့်ရော်၊အသက်တော်သည်။ယဒါ၊အကြင်အခါ၌။ အသီတိကော၊ရှစ်ဆယ်ဝါပြာ၊နှစ်ကောဇာသည်။အာသိ၊ဖြစ်လတ်ပြီ၊တဒါ၊ထိုသို့-အသက်ရှစ်ဆယ်၊ ပြည့်ကြွယ်တော်မူသော-အခါ၌။မာရော၊ ဝသဝတ္တီ၊နတ်ပြည်ပိုင်နင်း၊မာရ်နတ်မင်းသည်။ဥပါဂမ္မ၊ အနီးထံပါး၊ ခစားချဉ်းကပ်၍။ အာယုသင်္ခါရံ၊ ပရိနိဗ္ဗာန်၊ ဝင်ရန်ကိစ္စ၊အာယုသင်္ခါရကို။ယာစိ၊မထောက်မညှာ၊တောင်းပန်လာ၏။

(၇၆) ပရိနိဗ္ဗာဟိ တွံ ဝီရ၊ပရိနိဗ္ဗာတု သုဂတော၊
နိဗ္ဗာနသမယော ဒါနိ၊ဧဝံ ယာစိ မဟန္တကော။ ။

(၇၆) ဝီရ၊ လုံ့လကြီးမား၊ မြတ်ဘုရား။ တွံ၊နိုင်းဘက်မပြူ၊ သယမ္ဘူ,ဟု၊တဆူထင်ရှား၊အရှင်ဘုရားသည်။ ပရိနိဗ္ဗာဟိ၊ပရိနိဗ္ဗာန်၊ ဝင်စံတော်မူပါလော့။သုဂတော၊ စကားကောင်းကို၊ မစောင်းမတ်

မတ်၊ဆိုတော်မူတတ်သော-မြတ်စွာဘုရား။ပရိနိဗ္ဗာတု၊ သိဝံအောင် ခန်း၊နိဗ္ဗာန်နန်းသို့၊ ကြွလှမ်းခိုဝင်တော်မူပါလော့။ ဒါနိ၊ သက်တော် ရင့်မာ၊ယခုအခါ၌၊ နိဗ္ဗာနသမယော၊ပရိနိဗ္ဗာန်ပြုရန်ကာလ၊ အချိန် ကျပါပြီ။ဇေဝံ၊ဤသို့။ မဟာ နန္တကော၊အရိက်ဗိုလ်ချုပ်၊ မာရ်နတ်ယုတ် သည်။ယာစိ၊သုံးကြိမ်သုံးခါ၊တောင်းပန်လာ၏။ ။

(၈၇) အပ္ပေါသုက္ကော၀ တွံ မာရ၊နိဗ္ဗာယိဿာမိ ဟာဒ္ဓိရံ။
တိဏ္ဏံ မာသာန မိတော၀၊အစ္စယေန အသင်္ခတံ။ ။

(၈၇) မာရ၊ရွှေပြည်နိဗ္ဗာန်၊ ဝင်ရန်အကြောင်း၊ တောင်းပန်ပေ လတ်၊အိုမာရ်နတ်။ တွံ၊သင်မာရ်နတ်သည်။အပ္ပေါသုက္ကော၀၊ ငါ ဘုရားတွက်၊စိတ်လက်ဖြောင့်ဖြောင့်၊ကြောင့်ကြမဲ့သာလျှင်။ဟော ဟိ၊ချမ်းသာယာ၊ ဖြစ်လိုက်ပါလော့။ အဟံ၊သုံးတိုက်ဘုံသူ၊ နတ် နှင့်လူကို၊ကာယ်ယူဆောင်ပို့၊ကျွတ်ရှိအလား၊ငါဘုရားသည်။ အစိရံ၊ မကြာမြင့်မီ။ နိဗ္ဗာယိဿာမိ၊ ရွှေပြည်နိဗ္ဗာန်၊ ဝင်စံပေတော့အံ့။ ဇာ တော၀၊နှစ်-လ-မရွေ့၊ ဤယနေ့မှသာလျှင်၊ တိဏ္ဏံမာသာနံ၊ သုံးလ တို့ကို။အစ္စယေန၊ ကျော်လွန်သောအခါ၌။ အသင်္ခတံ၊ အသင်္ခတ၊ နန်းမခေမံ၊မြတ်နိဗ္ဗာန်သို့။ဂမိဿံ၊ကြွသွားမနေ၊ဝင်တော့ပေအံ့။

(၈၈) ဝတွာ ဝစန မေတဉ္စ၊ဩဿဇ္ဇိ အာယုသင်္ခါရံ။
ဘူမိစာလော တဒါဟောသိ၊ဘိံ သနကော၀ ယန္တကံ။ ။

(၈၈) ဇေတံဝစနံ၊ ဤသို့-မကြာမတင်၊ နိဗ္ဗာန်ဝင်မည်-ဟူသော၊ စကားကို။ဝတွာ၊ပဋိညာဉ်ထား၊မြွက်ကြားတော်မူ၍။အာယုသင်္ခါ ရံ၊အာယုသင်္ခါရကို။ဩဿဇ္ဇိ၊ စွန့်လွှတ်တော်မူလေ၏၊ တဒါ၊ထို- အာယုသင်္ခါရ၊လွှတ်တော်မူသောကာလ၌။ ယန္တကံဝ၊ချာချာပတ် ပတ်၊ စက်ရဟတ် ကဲ့သို့၊ ဘိံသ-နကော၊ ကြောက်မက် ဘွယ် ကောင်းသော၊ဘူမိစာလော၊ အလွန်ထန်ပြင်း၊ မြေလှုပ်ခြင်းသည်၊ အဟောသိ၊ဖြစ်ပေါ်လာလေ၏။

(၈၉) အာနန္ဒော ဥပသင်္ကမ္မ၊မုနိံသောဏ္ဍသာ သန္တိကံ။
ဘူမိစာလဿ ကောဟေတု၊ဣတိ ပုစ္ဆိ သဝိမှယံ။ ။

(၈၉) အာနန္ဒော၊ညီလှသည်းချာ၊ အာနန္ဒာသည်၊မုနိံ-သောဏ္ဍသာ၊ မုနိဥက္ကဋ္ဌ၊ဘုရားမြတ်၏၊သန္တိကံ၊မျက်မှောက်မြင်မှော်၊အထံတော်သို့၊ ဥပသင်္ကမ္မ၊ အနီးသပ်တွား၊ ခစားချဉ်းကပ်၍၊''ဘန္တေ၊ နောင်တော်ဘုရား၊ ဘူမိစာလဿ၊ ကြောက်လန့်ခမန်း၊ ကြမ်းထန်းထန်ပြင်း၊မြေလှုပ်ခြင်း၏၊ ဟေတု၊ အကြောင်းကား၊ကော၊ အဘယ်ပါနည်း''၊ဣတိ၊ဤသို့၊သဝိမှယံ၊ထိပ်လန့်မရဲ၊အံ့အဲခြင်းနှင့်တကွ၊ပုစ္ဆိ၊ ရှိခိုးပန်ထွာ၊လျှောက်မေးလာ၏။

(၉၀) သုဏောဟိ ဒါနိ အာနန္ဒ၊မာရေန ယာစိတော မယာ။
ဩဿဋ္ဌော အာယုသင်္ခါရော၊ပထဝီ တေန ကမ္ပတိ။ ။

(၉၀) အာနန္ဒ၊ငါ့ဘုရားခ္လိ၊ခ-စားလိမ္မာ၊အာနန္ဒာ၊ တွံ၊သင်သည်၊ သုဏောဟိ၊မှတ်သားသေချာ၊ထောင်နားနာ-လော့၊ ဒါနိ၊ယခုအခါ၌၊မာရေန၊ဝသဝတ္တိ၊ နတ်ပြည်ပိုင်နင်း၊ မာရ်နတ်မင်းသည်၊ ယာစိတော၊အနီးချဉ်းကပ်၊ တောင်းပန်အပ်သည်ဖြစ်၍၊ မယာ၊ သင်တို့ကိုးစား၊ ငါဘုရားသည်၊ အာယုသင်္ခါရော၊ အာယု သင်္ခါရကို၊ ဩဿဋ္ဌော၊ စွန့်လွှတ်အပ်ပြီ၊ တေန၊ ထိုသို့အာယုသင်္ခါရ-လွှတ်တော်မူခြင်းဟူသော အကြောင်းကြောင့်၊ ပထဝီ၊မဟာပထဝီ၊မြေကြီးသည်၊ကမ္ပတိ၊တုန်လှုပ်ပေ၏။

(၉၁) တော်ဝစနံ သုတွာန၊ကပ္ပံ တိဋ္ဌတု နာယက။
သဗ္ဗလောက ဟိတတ္ထာယ၊ကပ္ပံ တိဋ္ဌတု ဘဂဝါ။ ။

(၉၁) တော်ဝစနံ၊ ဤသို့မြွက်တော်၊ စကားတော်ကို၊ သုတွာန၊ ကြားသိလာသည် ရှိသော်၊ နာယက၊ လူသုံးဦးတို့၊ ကြီးမှူးရှေ့ဆောင်၊ နောင်တော်ဘုရား၊ ကပ္ပံ၊ ရွေတောင်ကြီးအလား၊ မားမားမတ်မတ်၊အာယုကပ်ပတ်လုံး၊ တိဋ္ဌတု၊ အမဘာနန်း၊ မကြွလှမ်းဘဲ၊

ခန့်ကျန်းရှည်ကြာ။ တည့်တော်မူပါလော့၊ သဗ္ဗလောကဟိတဋ္ဌာ ယ၊ အလုံးစုံသော၊ သတ္တလောက၏၊ အကျိုးစီးပွါးအလို့ငှါ။ ဘဂဝါ၊ ဘုန်းတော်ကြီးမား၊ နောင်ဘုရားသည်၊ ကပ္ပံ၊ နေမင်းအလား၊ မားမား မတ်မတ်၊ အာယု့ကပ်ပတ်လုံး၊ တိဋ္ဌတု၊ လေးမြင့်ရှည်ကြာ၊ တည့် တော်မူပါလော။

(၄၂) အဖိဏ္ဏော သုဝယော စေဝ၊ အာဂမေဟိ တထာဂတ။
အသုပုဏ္ဏေန နေဏ္ဏေန၊ ဒဝံ ယာစိ ပုန်ပ္ပုနံ။ ။

(၄၂) တထာဂတ၊ ရှေးဘုရားကဲ့သို့၊ မများမစောင်း၊ လာခြင်း ကောင်းတော်မူသော-မြတ်စွာဘုရား၊ တွံ၊ ရှင်တော်ဘုရားသည်။ အဖိဏ္ဏာ၊ အလွန်ယွင်းယိုမဲ့ အိုလှသေးပါ။ သုဝယော စေဝ၊ နုးညှံ့ပြော့ ပျောင်း၊ အရွယ်ကောင်းပါသေးသည်သာလျှင်တည်း။ အာဂမေဟိ၊ သိဝံနန်းမ၊ မလှမ်းကြွဘဲ၊ ချမ်းမြကြည်သာ၊ ဆိုင်းငံ့တော်မူပါလော။ ဝေ၊ ဤသို့၊ ထေရော၊ အရှင်အာနန္ဒာ၊ မထေရ်မြတ်သည်။ အသု- ပုဏ္ဏေန၊ မျက်ရည်ဖြင့်ပြည့်၍နေသော၊ နေဏ္ဏေန၊ မျက်စိဖြင့်။ ပုန်ပ္ပုနံ၊ အဘန်တလဲလဲ၊ ယာစိ၊ ငိုကြွေးခါခါ၊ တောင်းပန်လာ၏။

(၄၃) အလဥ္စ ဒါနိ အာနန္ဒ၊ မာ ယာစိ မံ တထာဂတံ။
အကာလော ဒါနိ အာနန္ဒ၊ အဝေဠုဝစနာ ဖိနာ။ ။

(၄၃) အာနန္ဒ၊ ရွှေပြည်နိဗ္ဗာန်၊ မဝင်စံကြောင်း၊ ခွင့်တောင်းလျှော် လာ၊ အာနန္ဒာ၊ ဒါနိ၊ ခွင့်ပေးပြီးရာ၊ ယခုအခါ၌။ အလဥ္စ-(အလံဝေ)၊ လျှောက်ရန်အခွင့်၊ မသင့်တော့သည်သာလျှင်တည်း။ တထာဂတံ၊ ရှေးဘုရားသို့၊ မများမစောင်း၊ လာခြင်း ကောင်းတော် မူသော။ မံ၊ သင်၏နောင်ဖျား၊ ငါဘုရားကို။ မာယာစိ၊ အနီးကပ်၍၊ ထပ်ခါထပ် ခါ၊ မလျှောက်လာနှင့်တော့၊ အာနန္ဒ၊ အာနန္ဒာ၊ ဒါနိ၊ အရိပ်စကား၊ မိန့် ကြားပြီးနောက်၊ မလျှောက်မလာ၊ ယခုအခါ၌။ အကာလော၊ ယူကြုံး မရ၊ ပူလုံးကြွ၍၊ တ-ခါ၊ တ-ခါ၊ လျှောက်ရမည့်အခါမဟုတ်။ ဖိနာ၊ ငါးမာရ်အောင်မြင်၊ ဘုရားရှင်တို့သည်၊ အဝေဠုဝစနာ၊ ရွှေနောက်

စကား၊ပျက်ပြားမတည်၊နှစ်လိ-နှစ်ထွန်း၊နှစ်ခွန်းသောစကား ရှိတော်မမူကုန်၊

(၉၄) ပဋိကစ္စေဝ အာနန္ဒ၊အက္ခာတော န နူတော မယာ၊
နာနာဘာဝ-ဝိနာဘာဝေါ၊မနာပေဟိ ပိယေဟိစ၊ ။

(၉၄) အာနန္ဒ၊သောကမီးခတ်၊အပူဟပ်၍၊ ချဉ်းကပ်လျှောက်လာ၊အာနန္ဒာ။ တော၊ သင်ချစ်သားအား။ မယာ၊ငါဘုရားသည်၊ ပဋိကစ္စေဝ၊တရားပြသ၊ရှေးမဆွကပင်လျှင်။ မနာပေဟိစ၊ ကြည်လင်မမုန်း၊ရယ် ရွှင်ပြုံး၍၊ နှလုံးကိုပွါးစေတတ်ကုန်သော သူတို့နှင့်ရင်း။ ပိယေဟိစ၊အသက်ပမာ၊ မေတ္တာသက်ဝင်၊ ချစ်ခင်သောသူတို့နှင့် ရင်း။နာနာဘာဝ-ဝိနာဘာဝေါ၊ ရှင်ကွဲ-သေကွဲ၊ အနဲနဲဖြင့်၊ မမြဲစင်းစင်း၊ကွဲရခြင်းကို။ အက္ခာတော-နနူ၊ဗျာပါပူဆွေး၊ မြူမတွေခင်၊ ကြိုတင်ထပ်ထပ်၊ဟောကြား်အင်သည်မဟုတ်တုံလော။ ။

(၉၅) တမှာ ဓမ္မံ ပကာသေတွာ၊ဗုဒ္ဓေါ စရံ မဟာဝနံ။
ဗဟူနံ တတ္ထ ဘိက္ခူနံ၊ပေသလာနမဝေါစိဒံ၊ ။

(၉၅) ဗုဒ္ဓေါ၊သဗ္ဗညုမြင်၊ဘုရားရှင်သည်။ ဓမ္မံ၊မခိုင်မမြဲ၊ ဖောက်လွဲဖောက်ပြား၊ကွဲရခြင်းသဘောတရားကို၊ ပကာသေတွာ၊ အာနန္ဒထွေး၊ အပူဖေးအောင်၊ ဖြေးဖြေးဆုံးမ၊ ပြတော်မူ၍။ တမှာ၊ထို "စာပါလယ"၊စေတီတော်ဌာနမှ။မဟာဝနံ၊ညှို့ညှို့မှိုင်းမှိုင်း၊ ရှုတိုင်းသာသာ၊တမာကျေး၌က်၊ ထွေးရှက်ကျူးရင့်၊ဖူးပွင့်ဝံ့ဝံ့၊မဟာဝန်တော၊ ဝံ့မြိုင်ကြောသို့။ စရံ-(စရန္တော)၊ ကြွသွားတော် မူလျက်။ တတ္ထ၊ထိုမဟာဝန်မည်သီး၊တောအုပ်ကြီး၌။ပေသလာနံ၊သားတော်အစစ်၊သီလကိုချစ်ကြကုန်သော။ဗဟူနံ၊များစွာကုန်သော။ဘိက္ခူနံ၊ရဟန်းအပေါင်းတို့အား။ဣဒံ၊ ဤဆိုလတ္တံ့သောစကားကို။ အဝေါစ၊ကျူးရင့်မြွက်ဘော်၊မိန့်ဆိုတော်မူလေ၏။

(၉၆) ပရိပက္ကော ဝယော မယှံ၊ပရိတ္တံ မမ ဇီဝိတံ။
ပဟာယ ဝေါ ဂမိဿာမိ၊ကတံ မေ သရဏမတ္တနော။ ။

(၉၆) ဘိက္ခဝေ၊ ရဟန်းတို့။ မယှံ၊ သင်တို့ကိုယ်စား၊ငါဘုရား၏။ ဝယော၊ အရွယ်တော်သည်။ ပရိပက္ကော၊ ဇရာထောင်း၍၊ ပျောင်းပျောင်းညှိုးခွေ၊ ရင့်ရော်ခဲ့လေပြီတကား။ မမ၊ သင်တို့ဘဘွား၊ ငါဘုရား၏။ ဇီဝိတံ၊ အသက်တော်သည်။ ပရိတ္တံ၊ နေရှိန်လန့်ကြောက်၊ နှင်းပေါက်တပဲ၊ ချုပ်ပျောက်စဲ၍၊ နည်းခဲ့လေပြီတကား။ ဝေါ၊ အနီးခစား၊ သင်ချစ်သားတို့အား။ ပဟာယ၊ ရှောင်ကွင်းပယ်ရှား၊ ထားတော်မူခဲ့၍။ ဂမိဿာမိ၊ သိဝံအောင်ခန်း၊ နိဗ္ဗာန်နန်းသို့၊ စံမြန်းခိုဝင်ရ ပေတော့အံ့။ မေ-(မယာ)၊ ငါဘုရားသည်။ အတ္တနော၊ မိမိ၏။ သရဏံ၊ အပြစ်ကင်းကွာ၊ ကိုးကွယ်ရာကို။ ကတံ၊ ခါခါထပ်ထပ်၊ ပြုအပ်ပေပြီ။

(၉၇) အပ္ပမတ္တာ သတီမန္တော၊ သုသီလာ ဟောထ ဘိက္ခဝေါ။
သုသမာဟိတ သင်္ကပ္ပါ၊ သစိတ္တ မနုရက္ခထ။ ။

(၉၇) ဘိက္ခဝေါ၊ ရဟန်းတို့။ တုမှေ၊ သင်ချစ်သား-ရဟန်းများတို့သည်။ အပ္ပမတ္တာ၊ ကုသိုလ်အရာ၊ သဒ္ဓါ ရှင်ပြိုး၊ လုံ လုံးလလ၊ မမေ့လျော့ကြကုန်သည်။ ဟောထ၊ ဖြစ်ရစ်ကြကုန်လော။ သတိမန္တော၊ သံသရာထောင်တွင်း၊ ပယ်ရှောင်ကွင်းဘို့၊ မပျင်းမရိ၊ သတိရှိကြကုန်သည်ဖြစ်၍။ သုသီလာ၊ နိဗ္ဗာန်ရောက်ကြောင်း၊ ကောင်းသောအကျင့် သီလရှိကြကုန်သည်၊ ဟောထ၊ ဖြစ်ရစ်ကြလေကုန်လော။ သုသမာဟိတ သင်္ကပ္ပါ၊ မိစ္ဆာ သိ၊ တည်ကြည်ဖြောင့်မှန်၊ ကောင်းမြတ်သောအကြံရှိကြကုန်သည်ဖြစ်၍၊ သစိတ္တံ၊ အာရုံငါးပါး၊ ပြေးသွားယိုဖိတ်၊ မိမိစိတ်ကို၊ အနုရက္ခထ၊ အစဉ်ဖြောင့်ဖြောင့်၊ စောင့်ရှောက်ရစ်ကြလေကုန်လော့။

---

၁၁—ဝေသာလီပြည်မှ၊ ကုသိနာရုံပြည်သို့
ကြွတော်မူခန်း။

(၉၈) ဝေသာလိံ ပန ဝိဿာယ၊ ပါဝိသိ သကျပုင်္ဂဝေါ။
ကမ္မာ နိက္ခမ္မ နာဂေါ၀၊ ဩလောကေန္တော အဝေါစိဒံ၊ ။

(၉၈) သကျပုဂ်ဝေါ၊ဘုရားမြတ်စွာ၊စောသဃ္ဃာသည်၊ ပုဗ္ဗဏှ သမယံ၊ ဥဒည်စွန်းမှ၊ နေဝန်းပေါ်ထွက်၊ နံနက်အခါ၌၊ ပိဏ္ဍာယ၊ ဆွမ်းခံတော်မူရန်အကျိုးငှါ၊ ဝေသာလိံ၊ဝေသာလီမြို့တွင်းသို့၊ပါဝိသိ၊ ခြောက်ရောင်ထိန်ညီး၊ ရွှေတောင်ကြီးသွင်၊ ကြွဝင်တော်မူလေ၏၊တမှာ၊ ထိုဆွမ်းခံကြွချိ၊ ဝေသာလီပြည်မှ၊ နိက္ခမ္မ၊ထွက်ကြွတော်မူ၍၊တံ၊ ထိုဝေသာလီပြည်ကြီးကို၊နာဂေါဝ၊ ဆင်္ဒန်မည်သီး၊ ဆင်ပြောင် ကြီးကဲ့သို့၊ ဩလောကေတွာ၊ ကိုယ်တော် ယိမ်းနွဲ့၊ တိမ်းငဲ့စောင်းလှည့်၊ ကြည့်တော်မူလျက်၊ ဇာနုဒ၊ ဤသိုလက္ခဏ်.သော စကားကို၊အဝေါစ၊သာယာသံချို၊မိန့်ဆိုတော်မူလေ၏။

(၉၉) ဝေသာလိမိဒ မာနန္ဒ၊ ၂စ္ဆိမံ ဒဿနံ မမ။
ပုန ဒဠ္ဍု နလစ္ဆာမိ၊ဝတွာ ပက္ကမိ- ဂေါတမော။ ။

(၉၉) အာနန္ဒ၊ညီရင်းသည်းချာ၊အာနန္ဒာ၊ဝေသာလိံ၊ဝေသာလီ ပြည်ကြီးကို၊ ဇာနုဒဿနံ၊ဤခါယခု၊ ကြည့်ရှုရခြင်းသည်၊ မမ၊ငါ ဘုရား၏၊ ပစ္ဆိမံဒဿနံ၊ နောက်ဆုံးကြည့်ရှုရခြင်းပေတည်း၊ ပုန နောင်ခါကြွရောက်၊တခေါက်တဘန်၊ ဒဠ္ဍု၊ကြည့်ရှုခြင်းငှါ၊နလစ္ဆာ မိ၊ရွှေပြည်နန်းမ၊ဝင်စံကြွ၍၊ခွင့်မရပေတော့အံ့၊ ဇာတိ၊ဤ သို့၊ဝတွာ၊ ရွှေနှုတ်ဖေးဖေး၊လေးလေးမြွက်ဆိုတော်မူ၍၊ဂေါတမော၊ဂေါတမနွယ် ဘွား၊မြတ်ဘုရားသည်၊ပက္ကမိ၊ဘဲကြွတော်မူလေ၏။

(၁၀၀) အနုက္ကမေန ဂစ္ဆန္တော၊သမ္ဗုဒ္ဓေါ ဘဂဝါ ပါဝံ။
ဒိန္နံ ရဇ္ဇေန သက္ကစ္စံ၊ပရိဘုဉ္ဇိ ဝရောဟာရံ။ ။

(၁၀၀) အနုက္ကမေန၊အစဉ်အားဖြင့်၊ဂစ္ဆန္တော၊ ဒေသစာလှမ်း၊ကြွ မြန်းတော်မူသော၊ဘဂဝါ၊ဘုန်းတော်သခင်၊ ဘုရားရှင်ကိုယ်တော် မြတ်သည်၊ ပါဝံ၊“ပါဝါ”ပြည်သို့၊ သမ္ဗုဒ္ဓေါ၊ ချမ်းချမ်းသာသာ၊ ရောဂါမကပ်၊ရောက်တော် မူလတ်သော်၊ ရဇ္ဇေန၊ရဇ္ဇတွင်မည်၊ပန်း ထိမ်သည်-သည်၊ သက္ကစ္စံ၊ သဒ္ဓါဖောပြတ်၊ သောမနသ်ဖြင့်၊ လေး မြတ်ကြည်ညို၊ရိုသေစွာ၊ဒိန္နံ၊မဂ်ဖိုလ်ရည်မှန်း လှူဒါန်းအပ်သော၊ဝ

ရာဟာ၏၊ အသားရောင်ခြွမ်း၊ ဝက်ပျိုဆွမ်းကို၊ ပရိဘုဉ်၊ ဘုဉ်းပေးသုံးဆောင်တော်မူလေ၏။

(၁၀၁) နာယကော တသသ ဘုတွာန၊ ရုန္နသသ ဝရဘောဇနံ၊
ဝိရေစနည္စ ဥပ္ပဇ္ဇိ၊ ပဗာဠံ့ မရဏာန္တိကံ။ ။

(၁၀၁) နာယကော၊ လူသုံးဦးတို့၊ ကြီးမှူးရှေ့သွား၊ မြတ်ဘုရားသည်။ တသသ ရုန္နသသ၊ ထို-"ရုန္န" တွင်မည်၊ ပန်းထိမ်သည်၏၊ ဝရဘောဇနံ၊ အသားရောစပ်၊ သောဖည်မြတ်ကို၊ ဘုတွာန၊ ဘုဉ်းပေးသုံးဆောင်တော်မူပြီးသောကြောင့်၊ ပဗာဠံ့၊ အလွန်အမင်း၊ ပြင်းထန်ဗွာသော၊ မရဏာန္တိကံ၊ ပရိနိဗ္ဗာန်၊ ဝင်စံရသူ့ပါးနီးဖြစ်သော၊ ဝိရေစနံ၊ သွေးခတ်ရောနှော၊ ဝမ်းသက်လျှောခြင်း ဝေဒနာသည်၊ ဥပ္ပဇ္ဇိ၊ စွဲရောက်ငြိကပ်၊ ဖြစ်လတ်-သေ၏။

(၁၀၂) ပါဝါ ပက္ကမ္မ သမ္ဗုဒ္ဓေါ၊ ဂစ္ဆန္တော ကုသိနာရကံ၊
မဂ္ဂါ ဩက္ကမ္မ ကိလန္တော၊ ရုက္ခမူလ မုပါဂမိ။ ။

(၁၀၂) သမ္ဗုဒ္ဓေါ၊ ဝမ်းသွေးတော်ခတ်၊ မရပ်လျှောပါး၊ မြတ်ဘုရားသည်။ ပါဝါ၊ "ပါဝါ" မြို့မှ၊ ပက္ကမ္မ၊ ဘဲ့ခွါတော်မူ၍၊ ကုသိနာရကံ၊ "ကုသိနာရုံ" ပြည်သို့၊ ဂစ္ဆန္တော၊ ဖေးဖေးမမ၊ ကြွတော်မူလတ်သည်ရှိသော်၊ ကိလန္တော၊ ညှိုးနွမ်းရှိနွမ်း၊ ပင်ပန်းတော်မူဗွာသည်ဖြစ်၍၊ မဂ္ဂါ၊ အဖြောင့်ခရီး၊ လမ်းမကြီးမှ၊ ဩက္ကမ္မ၊ အသာဖြည်းညှင်း၊ သက်ဆင်းတော်မူ၍၊ ရုက္ခမူလံ၊ မြေသန့်ရှင်း၊ သစ်ပင်ရင်းသို့၊ ဥပါဂမိ၊ အပန်းတော်ပြေ၊ ကပ်ရောက်လေ၏။

(၁၀၃) သံဃာဋိံ မိယ် အာနန္ဒ၊ ပညပေဟိ စတုဂ္ဂုဏံ၊
မေဃဝဏ္ဏံ တရိုဝေ၊ ကိလန္တောသ္မိ သာမဟံ။ ။

(၁၀၃) အာနန္ဒ၊ ငါဘုရားကို၊ ကြည်ညို လေးမြတ်၊ ဆည်းကပ်လိမ္မာ၊ အာနန္ဒာ။ ဗျုဃ်၊ အကြောင်းပြခါ၊ တိုက်တွန်းပါ၏၊ မေဃဝဏ္ဏံ၊ မိုးယံးဘိမ်အရောင်၊ ညိုမှောင်သော အဆင်းရှိသော၊ သံဃာဋိံ၊ အ

ပေါ်တင်လွှမ်း၊ဆူးကုရ်သက်နှင်းကို၊စတုဂ္ဂုဏ်၊လူထဲစေမှု၊ လေးထပ် ပြု၍၊တုရုံဝေ၊လျှန်မြန်စွာလျှင်၊ပညာပေဟိ၊စင်းစင်းညီညာ၊ ခင်းစမ်း ပါလော့၊အဟံ၊ ငါဘုရားသည်၊ ကိလန္တော၊ ညှိုးနွမ်းရှိန့်မှမ်း၊ ပင်ပန်း တော်မူလှသည်ဖြစ်၍၊ထွေ၊ဤသစ်ပင်ရင်း၊သင့်အခင်း၌၊ ဝသာမိ၊ အပန်းဖြေကာ၊နားနေပါအံ့။

(၁၀၄) ပိပါသိတောသ္မိ အာနန္ဒ၊ဂန္တွာ ဟာရ သိတောဒကံ။
မမေဝ ဟာဒယံ ဥဏှံ၊တသ္မာ သီတ မိစ္ဆာမဟံ။ ။

(၁၀၄) အာနန္ဒ၊ညီလှသည်းချာ၊အာနန္ဒာ၊အဟံ၊သင်၏နောင်ဖျား၊ ငါဘုရားသည်၊ပိပါသိတော၊နှုလုံးတော်မြတ်၊ အပူဟပ်၍၊ရေငတ် တော်မူသည်၊ အသ္မိ၊ ဖြစ်ပချေ၏၊ဂန္တွာ၊ ငါဘုရား၌၊ သနားကြင်နာ၊ သွားစမ်းပါလော့၊သိတောဒကံ၊အပြစ်ကင်းဝေး၊သောက်ရေအေးကို၊ အာဟရ၊မနှေးလျင်စွာ၊ ဆောင်ခဲ့ပါလော့၊ မမေဝ၊ ငါဘုရား၏သာ လျှင်၊ဟာဒယံ၊ရွှေဆိုင်အလား၊ နှုလုံးသားသည်၊ ဥဏှံ၊ကျိုက်ကျိုက် ဆူမျှ၊ပူလောင်လှ၏၊ တသ္မာ၊ထိုကြောင့်၊အဟံ၊ ငါဘုရားသည်၊ သီ တံ၊ အပြစ်ကင်းဝေး၊ သောက်ရေအေးကို၊ ဣစ္ဆာမိ၊ တောင့်တ ခါခါ၊ သောက်လိုပါ၏။

(၁၀၅) ဗုဒ္ဓဿ ဝစနံ သုတွာ၊ဗုဒ္ဓါရဟံ သုအာသနံ။
ကတွာ ခါရိယ ပါနီယံ၊သီတံနာထဿသောအဒါ။ ။

(၁၀၅) သော၊ထိုညီရင်းသည်းချာ၊ အာနန္ဒာသည်၊ ဗုဒ္ဓဿ၊နွမ်း နယ်ရှိရှာ၊နောင်တော်ဘုရား၏၊ ဝစနံ၊တိုက်တွန်းနှိုးဆော်၊ စကား တော်ကို၊သုတွာ၊မကြားရက်အား၊ကြားတော်မူရ၍၊ ဗုဒ္ဓါရဟံ၊သုံး ဘုံထင်ရှား၊ဘုရားတို့နှင့်သာထိုက်တန်သော၊ သုအာသနံ၊ချောမွေ့ သန့်ရှင်း၊ကောင်းမြတ်သောအခင်းကို၊ ကတွာ၊ ခင်းကျင်းပြုပြင်၊စီ ရင်ပြီး၍၊ပါနီယံ၊အပြစ်ကင်းဝေး၊သောက်ရေအေးကို၊သီတံ၊လျှင်မြန် စွာ၊ခါရိယ၊သပိတ်တော်တွင်း၊ ထည့်သွင်းဆောင်ယူ၍၊နာထဿ၊

နှမ်းနယ်ရိရှားနေသောဘုရားအား။ အဒါ၊ ရှိသေလေးမြတ်၊ ဆက်ကပ်လေ၏။

(၁၀၆) တမှာ ပက္ကမ္မ လောကဂ္ဂေါ၊ သမ္မဗ္ဗော ကကုဓံ နဒိံ။
ဝိဝိတ္တွာ တတ္ထ နှတွာစ၊ အမ္ဗုံဝန မုပါဂမိ။ ။

(၁၀၆) လောကဂ္ဂေါ၊ လူတို့ဦးထွတ်ဖြစ်၍၊ ဘုရားမြတ်သည်၊ တမှာ၊ ထို-ပန်းဖြေဗိုလ်တင်းသစ်ပင်ရင်းမှ၊ ပက္ကမ္မ၊ ရွေ့စိတ်တော်တင်း၊ ဖြေးညှင်းသာသာ၊ ထွက်ခွါတော် မူ၍၊ ကကုဓံ နဒိံ၊ "ကကုဓာ" မြစ်သို့၊ သမ္မဗ္ဗော၊ ကောင်းစွာ ဆိုက်ကပ်၊ ရောက်တော် မူလတ်သည် ရှိသော်၊ တတ္ထ၊ ထို"ကကုဓာ"မြစ်၌၊ ဝိဝိတ္တွာစ၊ အပူကင်းပျောက်၊ အေးရောက်အောင်၊ ရေသောက်တော်မူ၍ရင်း၊ နှတွာစ၊ သန့်ရှင်းပြည့်ဖြိုး၊ အားအင်တိုးအောင်၊ ရေချိုးတော်မူ၍ရင်း၊ အမ္ဗဝနံ၊ ဖြေကြည့်လင်၊ သရက်ဥယျာဉ်သို့၊ ဥပါဂမိ၊ ချဉ်းကပ်တော်မူလေ၏။

(၁၀၇) တတ္ထ ခေဒံ ဝိနောဒေန္တော၊ တမှာ ဝုဋ္ဌာယ နာယကော။
မလ္လာနံ သာလဝံ့ ရမ္မံ၊ သဟ သိဿေဟိ ပက္ကမိ။ ။

(၁၀၇) တတ္ထ၊ ထိုသရက်ဥယျာဉ်တွင်း၌၊ ခေဒံ၊ ညှိုးခွေရိနွမ်း၊ ပင်ပန်းခြင်းကို၊ ဝိနောဒေန္တော၊ နားနေပယ်ပျောက်တော်မူလျက်၊ နာယကော၊ မြတ်စွာဘုရားသည်၊ သိဿေဟိ၊ တပည့်ပေါင်းများစွာ၊ ရံသယ်ာတို့နှင့်၊ သဟ၊ အတူတကွ၊ တမှာ၊ ထိုသရက်ဥယျာဉ်မှ၊ ဝုဋ္ဌာယ၊ ထတော်မူ၍၊ မလ္လာနံ၊ ကုသိနာရုံ၊ ရွှေဘုံပိုင်နင်း၊ "မလ္လာ" မင်းတို့၏၊ ရမ္မံ၊ နှလုံးမွေ့လျော်၊ ပျော်ဘွယ်ကောင်းသော၊ သာလဝံ့၊ တင့်တယ်သာမော၊ အင်ကြင်းတောသို့၊ ပက္ကမိ၊ ကြွချီတော်မူလေ၏။

(၁၀၈) နာတိဒူရေဝ သော ဂန္တွာ၊ ဒိဇာဗ္ဗလော ဝိနာယကော။
အနေကဂ္ဂုဏ္ဍူ ဋ္ဌတွာန၊ မဟာသာဟောန ဂစ္ဆတိ။ ။

(၁၁၀) သောမဂ္ဂေါ၊ ထို-ကုသိနာရုံ၊ ရွှေဘုံ ကြွနန်း၊ ခရီးလမ်းသည်၊ နာတိဒူရေဝ၊ အလွန်ယူဇနာ၊ သချာ တွက်ရေး၊ မကွာဝေး

သော်လည်း။ပိနာယကော၊မြတ်စွာဘုရားသည်၊ခိတ္တဇွလော၊ မ ရွှင်မလန်း။ပင်ပန်းညှိုးကြုံ၊ အားတော်ကုန်သည်ဖြစ်၍၊ အနေကာကွတ္တုံ၊ အကြိမ်များစွာ။ဌတ္တွာန၊အပန်းတော်ဖြေ၊နားနေရပ်တည်တော်မူ၍၊ မဟာ သာသဟောန၊များစွာအားခဲတော်မူခြင်းဖြင့်။ဂန္တွတိ၊နားခါ-နားခါ၊ ကြွတော်မူရ႐ှာလေ၏။

(၁၀၉) သာလုယျာနံ ပဝိဋ္ဌော သော၊ဌိတ မုယျာန မဏ္ဍလေ၊
မဋ္ဌမေကံ သုပသိတ္ဝာ၊မန္ဒံ ဝါစ မဝေါစိဒံ၊ ။

(၁၀၉) သော၊ထို-အားတော်ကုန်ခန်း။ ပင်ပန်းရိ႐ှား။ မြတ်ဘုရားသည်၊သာလုယျာနံ၊"မလ္လာ"မင်းများ၊ ကစားပျော်ရွှင်၊ အင်ကြင်းဥယျာဉ်သို့။ပဝိဋ္ဌော၊ဆိုက်ရောက်ချဉ်းကပ်။ ဝင်တော်မူလတ်သည်ရှိသော်။ဥယျာနမဏ္ဍလေ၊ သန့်႐ှင်းကြည်လင်၊ ဥယျာဉ်ပြင်၌။ ဌိတံ၊တည်ရှိသော၊ ဧကံမဋ္ဌံ၊ ရွှေသားချောနု။ ညောင်စောင်းတစုကို၊ သုပသိတ္ဝာ၊ကောင်းစွာရှုမျှော်။မြင်တော်မူ၍။ ဣဒံဝါစံ၊ဤ-ဆိုလတ္တံ့သောစကားကို။မန္ဒံ၊လေသံမပြင်း။ညှင်းညှင်းသာသာ။ အဝေါစ၊မိန့်ဆိုတော်မူလေ၏။

(၁၁၀) ပညပေဟိ ဇုယာနန္ဒ၊မဋ္ဌ မုတ္တရ သိသကံ။
နိပဇ္ဇိဿာမိ တထ္ဌော၊ယုဂသာလာန မန္တရေ၊ ။

(၁၁၀) အာနန္ဒ၊ညီလှသည်းချာ။အာနန္ဒာ၊ဇုယာ၊ရောဂါတော်ခ။မချိဖွယ်၍။မြွက်ဟာခိန့်ခါ။တိုက်တွန်းပါ၏။ယုဂသာလာနံ၊အစုံရောယှက်၊ ခက်ရွက်စိမ်းစို၊အင်ကြင်းပျိုတို့၏၊အန္တရေ၊အကြား၌။မဋ္ဌံ၊"မလ္လာ"မင်းများ။ ပျော်ပါးထိုင်လျောင်း၊ ရွှေညောင်စောင်းကို၊ ဥတ္တရသိသကံ၊မြောက်သို့တည့်တည့်၊ ဦးခေါင်းလှည့်၍၊ ပညပေဟိ၊မြောက်ချိခ့ရွှခါ။ခင်းစမ်းပါလော၊တထ္ဌော၊သင်တို့ရွှေပြောင်း၊ ထိုညောင်စောင်း၌ပင်လျှင်။နိပဇ္ဇိဿာမိ၊ လက်ျာနံတောင်း။ အသာစောင်း၍၊ လျောင်းစက်တော်မူဦးအံ့။

(၁၁၁) နိပန္နော သီဟာသေယျာယ၊ သုပညတ္တေ မဟာရဟော။
မဉ္စေ ကိလန္တကာဒယာ၀၊ သာလုယျာနေတထာဂတော။ ။

(၁၁၁) ကိလန္တကာယော၊ ညှိုးခွေရိနွမ်း။ ပင်ပန်းသောကိုယ်ရှိ တော်မူသော။တထာဂတော၊မြတ်စွာဘုရားသည်၊ သာလုယျာနေ၊ တင့်တယ်သာမော။အင်္ကြင်းတော၌။သုပညတ္တေ၊ အခာနန့်ညီရင်း။ ကောင်းစွာ ခင်းအပ်သော။ မဟာရဟော၊ မြတ်သောသူတို့နှင့်သာ ထိုက်တန်သော။ မဉ္စေ၊ ညောင်စောင်း တော်၌၊ သီဟာသေယျာယ၊ ကေသရာ့နှယ်။ တင့်တယ် မှေးရှက်၊ အိပ်စက်တော် မူခြင်းဖြင့်။ နိပန္နော၊မှေးမှိတ်စောင်းခွေ။လျောင်းစက်တော်မူလေ၏။

(၁၁၂) သာလရုက္ခာ တဒုယျာနေ၊နာနာပုပ္ဖါနိ ပုပ္ဖရေ၊
မန္ဒာရဝါနိ ပုပ္ဖါနိ၊ပပတန္တိ နဘန္တရာ။ ။

(၁၁၂) တဒါ၊ ထို-ညောင်စောင်း ထက်ဝယ်။ လျောင်းစက် စံပျော်။ နေတော်မူသောအခါ၌။ သာလရုက္ခာစ၊ ညီညာမကောက်၊စိကာလျှောက်၍။ပေါက်ရောက်ဆန်းပြား။ အင်္ကြင်းပင်များတို့သည် ၎င်း၊နာနာပုပ္ဖါနိစ၊အပြုအပြား။အဝါထွေဆန်း။ အထူးထူးသောပန်းတို့သည်၎င်း၊ပုပ္ဖရေ-(ပုပ္ဖန္တိ)၊ညွှတ်ခါအသင့်။ ဝတ်လွှာဆင့်၍။ဖူးပွင့်ကြလေကုန်၏၊ မန္ဒာရဝါနိပုပ္ဖါနိစ၊ မန္ဒာရဝ၊ စသည့် ထူးဆန်း။ နတ်မြို့ပန်းတို့သည်သည်း။ နဘန္တရာ၊ မိုးယံတိမ်သန့်ရှင်း။ ကောင်းကင်တွင်းမှ။ပပတန္တိ၊ရံခါခဲ ပျံခါဝဲသျှက်။ တွဲကာတွဲကာ၊ကျသာ ကြလေကုန်၏။

---

၁၂—အပ္ပမာဒဘာရားကိုဟောတော်မူပြီး၍၊ကုသိနာ္ဓခြုံပြည် အင်္ကြင်းဥယျာဥ်၌။ပရိနိဗ္ဗာန်ဝင်စံတော်မူခဏ်း။

(၁၁၃) မလ္လာနံ ပဿမေ ယာမေ၊ဒေသေ ဘွာ ဓမ္မမုတ္တမံ၊
သုဘဒ္ဒံ မဂ္ဂိမေ သုဗ္ဗု၊ပါဝယာသိ အမတံ-ဝရံ၊ ။

(၁၁၃) ပထမေ-ယာမေ၊ ရှေးဦးအစ၊ ပထမယာမ်ကာလ၌၊ မလ္လာနံ၊ ကိုယ်တော်ထံပါး၊ ခစားဝပ်စင်း၊ "မလ္လာ" မင်းတို့အား၊ ဥက္ကမံ၊ မနိုင်းယှဉ်အပ် မြတ်လှစွာသော၊ ဓမ္မံ၊ သစ္စာလေးပါး၊ တရားတော်ကို၊ ဒေသေတွာ၊ သာယာမြွက်ဟော်၊ ဟောတော်မူပြီး၍၊ မဇ္ဈိမေ အချိန် မဇ္ဈိမ၊ သန်းခေါင်ယာမ်-ကာလ၌၊ သုဘဒ္ဒံ၊ ပစ္ဆိမသာဝက၊ "သုဘ" မည်ဆန်း၊ မြတ်ရဟန်းကို၊ သုဒ္ဓံ၊ ကောင်းမွန်စွာ၊ ဝရံ၊ မြတ်သော၊ အမတံ၊ အလွန်ချိုပေး၊ အမြိုက်ဆေးကို၊ ပါယေသိ၊ တိုက်ကျွေး တော်မူလေ၏၊

(၁၁၄) ဘိက္ခူ ပစ္ဆိမယာမမှိ၊ အာမန္တိယ သပုတ္တကော။
ပစ္ဆိမံ ဝစနံ ဘာသိ၊ သမ္ပာဒေထာ ပ္ပမာဒေန။ ။

(၁၁၄) ပစ္ဆိမယာမမှိ၊ ပစ္ဆိမယာမ်၌၊ သပုတ္တကော၊ မိမိရင်နှစ်၊ သားရင်းဖြစ်ကုန်သော၊ ဘိက္ခူ၊ အနီးဝပ်ညောင်း၊ ရဟန်းအပေါင်းတို့ကို၊ အာမန္တိယ၊ ခေါ်တော်မူ၍၊ "ဘိက္ခဝေ၊ ရဟန်းတို့၊ အပ္ပမာဒေန၊ မမေ့မလျော့၊ မပေါ့ မစား၊ အပ္ပမာဒ- တရားနှင့်၊ သမ္ပာဒေထ၊ ကောင်းစွာကုံသုံ၊ ပြည့်စုံကြစေကုန်လော့"။ ဣတိ၊ ဤသို့၊ ပစ္ဆိမံ-ဝစနံ၊ အသံတောင်သဲ့သဲ့၊ တကဲ့စကား၊ နောက်ဆုံးဖြစ်သော တရားကို၊ အဘာသိ၊ ကျူးရင့်မြွက်ကြား၊ မှာထားတော်မူ၏။

(၁၁၅) ယထာပိ ဇနကော ပုတ္တေ၊ ဩဝဒိ မာရဏန္တိကော။
ဧဝံ သောကာတုရေ သတ္တေ၊ ဒေသေသိ မတာမဋ္ဌကော။ ။

(၁၁၅) ယထာပိ၊ ဥပမာဖြင့်၊ ထင်စွာပြဦးအံ့၊ ဇနကော၊ မြင့်မိုရ်မေရု၊ နှိုင်းတုမမြင်၊ မွေးဘခင်သည်၊ မာရဏန္တိကော၊ ရောဂါဘိစီး၊ သေခါနီးအခါ၌၊ ပုတ္တေ၊ မိမိရင်သွေး၊ သားငယ်သမီးငယ်ကလေးတို့ကို၊ ဩဝဒိယထာ၊ အနီးခေါ်ကာ၊ ချမ်းသာစေကြောင်း၊ နည်းကောင်းညွှန်ပြ၊ ဆုံးမမှာထားဘိသကဲ့သို့၊ ဧဝံ၊ ဤအတူ၊ သောကာတုရေ၊ သောကမီးဖြင့်၊ ဘိစီးနှိပ်စက်၊ လောင်ကျွမ်းလျက် ရှိကြကုန်သော၊ သတ္တေ၊ လူနတ်ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့ကို၊ မတာမဋ္ဌကော၊ ဖွားပြည်နန်းမ။

ဟမ်းကြွခါနီး။နေမိုးစံပျော်။ညောင်စောင်းတော်၌။ နိပန္နော၊လျောင်း
စက်တော်မူလျက်။ဒေသေသိ၊ သတိ-တလုံး။ အမြဲသုံးဘို့။ နောက်
ဆုံးစကား။ဟောကြားဆုံးမတော်မူလေ၏။

(၁၁၆) နိဗ္ဗာယိဿတိ လောကဿ၊အဂ္ဂိက္ခန္ဓောဝ နာယကော။
ဣတိ စိန္တယ အာနန္ဒော၊အနာထောဝ ပရောဒသိ။ ။

(၁၁၆) လောကဿ၊လောကသုံးခွင်းဘုံအပြင်၌။ အဂ္ဂိက္ခန္ဓော၊အ
လျှံပြောင်ပြောင်။တောက်လောင်ထိန်ငြီး။မီးပုံကြီးသည်။ နိဗ္ဗာယတိ
ဣဝ၊အလျှံမတောက်။ချုပ်ပျောက်ရုတ်သိမ်း။ ငြိမ်းလေဘိသကဲ့သို့။
နာယကော၊ နောင်တော် ဘုရားသည်။ နိဗ္ဗာယိဿတိ၊ ဘဝပြတ်
ယိမ်း။ဓာတ်တော်သိမ်း၍။ ချုပ်ငြိမ်းချေတော့မည်တကား"။ ဣတိ၊
ဤသို့။စိန္တယ၊ စိတ်လက်မကြည်။ ကြံစည်တွေးတော၍။ အာနန္ဒော၊
အရှင်အာနန္ဒာ-မထေရ် မြတ်သည်။ အနာထောဝ၊ ကိုးကွယ်ရာမဲ့
သည်ဖြစ်၍သာလျှင်၊ပရောဒသိ၊ပြင်းထန်ဆူဝေ။ငိုကြွေးလေ၏။

(၁၁၇) ယောဝေါ အာနန္ဒ ဓမ္မော စ၊ဒေသိတော ဝိနယော မယာ။
မမစ္စယေန ပညတ္တော၊သတ္ထာနန္ဒ ဘဝိဿတိ။ ။

(၁၁၇) အာနန္ဒ၊ညီရင်းလိမ္မာ၊အာနန္ဒာ၊ဝေါ၊သင်ချစ်သားတို့အား။
မယာ၊ငါဘုရားသည်။ ယော ဓမ္မော စ၊ အကြင်-သုတ်အဘိဓမ္မာ။ဒေ
သနာကိုလည်း၊ ဒေသိတော၊ ထင်ထင်ရှားရှား၊ ဟောကြားအပ်ပြီ။
ယော ဝိနယော စ၊ အကြင် ဝိနည်း တရားတော် မြတ်ကို လည်း။
ပညတ္တော၊ ပိုင်းခြားသတ်မှတ်၊ ပညတ်အပ်ပြီ။ အာနန္ဒ၊ အာနန္ဒာ၊
သော၊ထိုသုံးပုံပိဋကတ်၊ တရားတော်မြတ်သည်။ မမ၊ငါဘုရား၏။
အစ္စယေန၊ရွှေပြည်နန်းမ၊ဟမ်းကြွစံပျော်၊ လွန်တော်မူသောအခါ၌။
သတ္ထာ၊ငါဘုရားသို့၊သနားညွှာတာ၊ ဆုံးမတတ်သော ဆရာသည်။
ဘဝိဿတိ၊အမှန်စင်စစ်၊ဖြစ်ရစ်ပေလတ္တံ့။

(၁၁၈) ပစ္ဆာယ သင်္ဃတော ဒေဝါ၊ဝိရံ ဂန္တွာ မနိဗ္ဗုတံ။
ပုပ္ဖဒါမံ ဂဏှန္တာဝ၊ပူဇာကံသု တဒါန္တိကံ။ ။

(၁၁၈) တဒါ၊ထိုညောင်စောင်းတော်ထက်။လျောင်းစက်စံပျော်။ နေတော်မူသောအခါ၌။ဒေဝါ၊နတ်တို့သည်။ သန္တိတော၊မယ်တော် ဝမ်း၌၊စွဲလမ်းသန္ဓေ၊တည်နေသောအခါမှ၊ပဋ္ဌာယ၊စ၍၊ဖိရုံ၊နှစ်-လ တွက်ချင့်၊ကြာမြင့်စွာသောကာလပတ်လုံး။ ဂန္ဓ၊ပွဲထုံးညီညီ၊ ကုံး သီအပ်သော၊အနိဗ္ဗိတံ၊ဆုံးခန်းတိုင်ရောက်၊မပြီးမြောက်သေးသော၊ ပုပ္ဖဒါမံ၊အံ့ဘွယ်မဆုံး၊နတ်ပန်းကုံးကို၊ဂဏ္ဌနာသာဝ၊စက္ကဝါဠတံတိုင်း။ ရစ်ဝိုင်းမြှုံးခုံ၊ ကိုင်ကြကုန်လျက်သာလျှင်၊ အနန္တံ၊ သက်တော်ရှိ ခိုက်၊နောင်၌ဖြစ်သော၊ပူဇံ၊မြတ်နိုးဘောင်ရော်၊ ပူဇော်ခြင်းကို၊အခါ သု၊ပြုကြလေကုန်၏။

(၁၁၉) ပစ္ဆိုသ သမယေ နာထော၊သမာပတ္တိ ဝိဟာရတော။ အနိဗ္ဗုတံ ပကာသေန္တော၊ဝုဋ္ဌာယ ပရိနိဗ္ဗာယိ။ ၈

(၁၁၉) ပစ္ဆိုသ-သမယော၊မိုးသောက်ထနီး၊လင်းအားကြီးအခါ၌၊ နာထော၊မြတ်စွာဘုရားသည်၊သမာပတ္တိဝိဟာရတော၊ ဖလသမာ ပတ်၊ ကိန်းဝပ်မွေ့လျော်။ ဝင်စားတော်မူခြင်းမှ၊ ဝုဋ္ဌာယ၊ထတော် မူ၍၊အနိဗ္ဗုတံ၊သံသရာဝဋ်၊မလွတ်သမျှ၊ အနိဗ္ဗုတံစင်စစ်၊မငြိမ်းသည့်အ ဖြစ်ကို၊ပကာသေန္တော၊ ကိုယ်တော်တိုင်ပင်၊ မျက်မြင်ဒိဋ္ဌ၊ပြတော် မူလျက်။ ပရိနိဗ္ဗာယိ၊ ဘဝဇာတ် သိမ်း၍-ချုပ်ငြိမ်းတော် မူလေ၏။ (၁၄၈ ခု-ကဆုန်လပြည့် ၃-နေ့တွင်နိဗ္ဗာန်ဝင်စံတော်မူ၍၊ထိုနေရာ ၌-စေတီတည်လျက် ထိုအနီးမှာပင်-နိဗ္ဗာန်စံတော်မူပုံ ၁၃ တောင် ရှိရုပ်ပွါးတဆူထင်ရှားရှိသည်)။

(၁၂၀) ဘူမိကမ္ပာဒယော အာသုံ၊ဒေဝါစ မာနုသာ တဒါ။ ပူဇာဝိသေသ မာကံသု၊ပရောဒန္တာ မဟောသိနော။ ၉

(၁၂၀) တဒါ၊ထို-ပရိနိဗ္ဗာန်၊ဝင်စံတော်မူသောအခါ၌၊ ဘူမိကမ္ပာ ဒယော၊ပဲ့တင်ရိုက်ဟိန်း၊မြေကြီးတုန်လှုပ်ခြင်းအစရှိသော၊ဝမ်းနည်း သောအထိမ်းအမှတ်တို့သည်။အာသုံ၊များစွာဖုံဖုံ၊ ဖြစ်ကြလေကုန် ၏၊ဒေဝါစ၊နတ်တို့သည်၎င်း၊မာနုသာစ၊လူတို့သည်၎င်း၊ပရောဒန္တာ၊

ဟာစ်အောင်ပူဆွေး။ငိုကြွေးကြကုန်လျက်၊ မဟောသိနော၊ ရွှေပြည့်နန်း မ။လှမ်းကြွခိုဝင်။ဘုရားရှင်အား။ပူဇာဝိသေသံ၊တသက်-တခါ။စိတ် မှာရည်ရူး။ပူဇော်အထူးကို။အကံသု၊ပြုကြလေကုန်၏။

(၁၂၁) ကော ဥရံ ဝဓိတွာန၊ကော ခိပိယ ဘူမိယံ။
ကော ဇနာ ဝိလပန္တာ၊ရောဒိသု နာထသန္တိကော။ ။

(၁၂၁) နာထသန္တိကော၊သိဝံနန်းမ။လှမ်းကြွစံပျော်။ ဘုရားရှင့်အ ထံတော်၌၊ကော၊အချို့ကုန်သောသူတို့သည်။ ဥရံ၊ရင်ကို။ဝဓိတွာန၊ သောက-သူလိုက်။ထုရိုက်ကြကုန်၍။ ကော၊ အချို့ကုန်သောသူတို့ သည်၊ဘူမိယံ၊မြေ၌၊ခိပိယ၊ကိုယ်ကိုရစ်ဝဲ၊ပစ်လှဲကြကုန်၍၊ ကော ဇနာ၊ အချို့ကုန်သော သူတို့သည်၊ ဝိလပန္တာ၊ ဟိုဟို သည်သည်၊ အော်မြည်ရောင်ရမ်းကုန်၍။ရောဒိသု၊ဆွေ့ဆွေ့လိုက်ခုံ။ငိုကြွေးကြ လေကုန်၏။

(၁၂၂) နာဂရာ ဇာနပဒါ စ၊နေဂမာ စ သမာဂတာ။
ဗာဟာ ပဂ္ဂယှ ရောဒန္တာ၊နာထံ ပူဇေန္တိ သာဒရံ။ ။

(၁၂၂) နာဂရာစ၊ တိုင်းသားပြည်သူ၊ လူအပေါင်းတို့သည်၎င်း။ ဇနပဒါစ၊ဇနပုဒ်ပျော်ပါး၊ လူအများတို့သည်၎င်း၊ နေဂမာစ၊ နိဂုံးခို အောင်း။ လူအပေါင်းတို့သည်၎င်း။ သမာဂတာ၊ ညီညာစုအုံ၊လာ ရောက်ကြကုန်၍၊ဗာဟာ၊ လက်မောင်းတို့ကို။ပဂ္ဂယှ၊ ချီမြှောက်ကြ ကုန်၍။ရောဒန္တာ၊ကြူကြူလိုက်လှဲ။ ငိုပွဲဆင်ကြကုန်လျက်၊ နာထံ၊အ မတ,နန်း။ကြွလှမ်းစံဝင်၊ ဘုရားရှင်ကို၊ သာဒရံ၊ရိုသေစွာ။ ပူဇေန္တိ၊ မြတ်နိုးကော်ရော်။ပူဇော်ကြလေကုန်၏။

(၁၂၃) ပရိနိဗ္ဗာနံ သုတွာန္တော၊သုတွာ နက္ခမတော ပန။
ပူဇာဝိသေသံသာဝိညေယျော၊ဇာတ္တသန္တေဟိအသေသတော။ ။

(၁၂၃) ပန၊ ကျမ်းညွှန်းလိုက်ဦးအံ့၊ အသေသတော၊ အကြွင်းမဲ့၊ ပူဇာဝိသေသော၊နတ်ဖြဟ္မာအပေါင်း။ဝပ်ညွှတ်ကော်ရော်။ပူဇော်

ပုံအခန်းခန်း၊အသန်းအကြွယ်ဟူသမျှကို၊ ပရိနိဗ္ဗာနသုတ္တန်ဆွေ၊သုတ်မဟာဝါ-ပါဠိတော်။ မဟာ ပရိနိဗ္ဗာန သုတ်၌။ သုတ္တာနုက္ကမတော၊ ဘုရားဟောတော်။ ပါဠိတော်အစဉ် အားဖြင့်။အ္ဆနွှဲ့ယ်၊အကျယ် အထူး၊ဆည်းပူးလိုလား။ ပညာဝန်များတို့သည်။ ဝိသြယေျာ၊ကြည့် ရှုစွဲ၍မှတ်။သတိချပ်၍။သိအပ်လေတော့၏။

---

၁၃—မင်းအများဘို့သည်၊အလောင်းတော်ကို၊နံ့သာ ထင်းပုံထက်သို့တင်၍၊မီးသင်္ဂြိုဟ်ခန်း။

(၁၂၄) ဗုဒ္ဓဿ ကနကံ ဒေဟံ၊ဝတ္ထေဟိ အဟတေဟိ စ။
ဝေဌယိတွာန ဒိပ္ပံ သု၊သုဝဏ္ဏ တေလ ဒေါဏိယာ။ ။

(၁၂၄) ဗုဒ္ဓဿ၊သိဝံအမတ၊လှမ်းကြွခိုဝင်။ ဘုရားရှင်၏၊ကနကံ ဒေဟံ၊ရွှေအဆင်းသို့၊ ဝါဝင်းထင်ပေါ်။ အလောင်းတော်ကို၊ အဟတေဟိ၊ ဖြူစင်မညစ်၊ အသစ်ဖြစ်ကုန်သော။ ဝတ္ထေဟိ၊ နူးညံ့ပျော့ ပျောင်း။အသည်အဝတ်ကောင်းတို့ဖြင့်၊ ဝေဌယိတွာန၊ တင်းတင်း ကြပ်ကြပ်၊ရစ်ပတ်ကြကုန်၍။ သုဝဏ္ဏတေလဒေါဏိယာ၊ ဆီပြည့် ထည့်သွင်း။ရွှေစကျင်း၌၊ဒိပ္ပံ သုံ၊ငိုကြွေးဝိုင်းအုံ၊ ထည့်သွင်းကြလေ ကုန်၏။

(၁၂၅) ဒေါဏိယာ သဟ ကာယဋ္ဌ၊ဂန္ဓ ဒါရုဟိ သဉ္စိတံ။
သဗ္ဗေ ဇနာ ပရောဒန္တာ၊အာရောပယိံ သု စိတကံ။ ။

(၁၂၅) သဗ္ဗေဇနာ၊ အလုံးစုံသော-သူတို့သည်။ ပရောဒန္တာ၊ပြင်း စွာလှိုက်ဖို။ ငိုယို-တမ်းတကုန်လျက်။ ဒေါဏိယာ၊ ဆီပြည့်ထည့် သွင်း။ရွှေစကျင်းနှင့်။သဟ၊တကွ။ကာယဋ္ဌ၊အဝတ်အထည်။ ဖွဲ့ လည်ရစ်ပတ်။ကိုယ်တော်မြတ်ကိုလည်း။ ဂန္ဓဒါရုဟိ၊ မွှေးကြိုင်ပြန့် သင်း၊နံ့သာထင်းတို့ဖြင့်။သဉ္စိတံ၊ကောင်းစွာပုံပြင်။ စီရင်အပ်သော။ စိတကံ၊တောင်တရာဝယ်၊နှစ်ဆယ်ကျော်ထွက်။ ထင်းပုံထက်သို့။ အာရောပယိံ သု၊မြှောက်ပင့်ဝိုင်းအုံ၊တင်ကြလေကုန်၏။

(၁၂၆) မဟာကဿပ ထေရေန၊ဗုဒ္ဓသေဋ္ဌေ အဝဋ္ဋိတေ။
စိတကံ မာဇလိတ္တ္ဂာတိ၊ဒေဝါ ဝါရေန္တိ တာဝဒေ။ ။

(၁၂၆) တာဝဒေ၊ ထို-ထင်းပုံထက်သို့ အလောင်းတော်ကို-တင်သောခဏ၌၊ မဟာကဿပ ထေရေန၊ ငါတို့ဆရာအရှင် "မဟာကဿပ" မထေရ်မြတ်သည်၊ဗုဒ္ဓသေဋ္ဌေ၊ရွှေပြည်နိဗ္ဗာန်၊ ဝင်စံကြွလတ်၊ဘုရားမြတ်ကို၊ အဝဋ္ဋိတေ၊ လက်ဒုပ်ချီငေါ်၊ ပူဇော်မြတ်နိုး၊ ရှိမခိုးအပ်ရသေးသည့်ရှိသော်၊ စိတကံ၊ထင်းပုံကို၊ မာဇလိတ္တ္ဂ၊မီးလျှံတွဲ၍၊ရဲရဲပြောင်ပြောင်၊ မလောင်ပါစေသတည်း၊ ဣတိ၊ဤသို့၊ဒေဝါ၊နတ်တို့သည်၊ ဝါရေန္တိ၊ မလောင်ကျွမ်းရန်၊ စိတ်ရည် သန်၍၊ ဝိဌာန်တားမြစ်ကြလေကုန်၏။

(၁၂၇) မလ္လရာဇ ပမုခါပိ၊ဝါယမန္တာ ဗဟူဇနာ။
ပဇ္ဇလိတုံ နသက္ကိံသု၊စိတကံ ဂန္ဓသဉ္စိတံ။ ။

(၁၂၇) မလ္လရာဇပမုခါ၊ "မလ္လာ"မင်းချား၊ ရှေ့သွားကြီးမှူး၊ဦးစီးခေါင်းဆောင်ရှိကုန်သော၊ဗဟူဇနာ၊ များစွာသောင်းသောင်း၊လူအပေါင်းတို့သည်၊ ဝါယမန္တာပိ၊ မလောင်-လောင်ကြောင်း၊ ရပေါင်းဝိုင်းအုံ၊အားထုတ်ကြကုန်သော်လည်း၊ ဂန္ဓသဉ္စိတံ၊ နံ့သာထင်းတို့ဖြင့်၊ခင်းကျင်းပြုပြင်၊စီရင်အပ်သော၊စိတကံ၊ထင်းပုံကို၊ ပဇ္ဇလိတုံ၊မီးလျှံတွဲ၍၊ရဲရဲပြောင်ပြောင်၊ လောင်စေခြင်းငှါ၊ နသက္ကိံသု၊အလွန်ပမ်း၍၊မစွမ်းနိုင်ကြလေကုန်သတည်း။

---

၁၄—အရှင်မဟာကဿပမထေရ်ကြီးသည်တပည့်အပေါင်းတို့နှင့်-
ပါဝါပြည်မှ၊ကြွလာတော်မူခဏ်း။

(၁၂၈) အာဂန္တွာထ မဟာထေရော၊သတ္တုဂုဏ မနုဿရံ၊
ကတွာ ပဒက္ခိဏံ ဝန္ဒိ၊အဌာသိ ပါဒမူလကေ။ ။

(၁၂၈) အထ၊ထို-နောက်မှ၊ ထေရော၊သားကြီးရတနာ၊အရှင်"မဟာ ကဿပ" မထေရ်မြတ်သည်၊ အာဂန္တွာ၊ ကြွလာတော်မူ၍၊

သဏ္ဍုဂုဏ်၊ ဘ-ဘုရား၏။ များပြားပုံဖုံ၊ ကျေးဇူးဂုဏ်ကို။ အနုဿရံ- (အနုဿရန္တော)၊ ဘန်ဘန်စေ့စေ့၊ အောက်မေ့တော်မူလျက်။ ပဒက္ခိ ဏံ၊ လက်ျာရစ်လှည့်သည့်ကို၊ ကတွာ၊ ပြု၍။ ဝန္ဒံ-(ဝန္ဒန္တော)၊ မြင်သူ ခပဲ၊ ဝမ်းနည်းစဖွယ်။ သွယ်သွယ်ညွတ်ပျောင်း၊ ဦးခေါင်းရိုကြိုး။ ရှိခိုး တော်မူလျက်၊ ပါဒမူလကော၊ ခြေတော်ရင်း၌။ အဋ္ဌာသိ၊ ခြေရုံမတ် မတ်၊ ရပ်တော်မူလေ၏။

(၁၂၉) သုဝဏ္ဏဒေါဏိ ဘေတွာန၊ ပါဒါ တိဋ္ဌန္တု မေ သိရေ။
ထေရော ဧဝ မဓိဋ္ဌာသိ၊ အရာ သဟာသ မဏ္ဍိတာ။ ။

(၁၂၉) သုဝဏ္ဏဒေါဏိ၊ ရွှေခေါင်းတော်ကို၊ ဘေတွာန၊ အများ ဗိုဟ်ထု၊ ကြည့်ရှုကြဆဲ၊ ဖေါက်ခွဲတော်မူ၍။ အရာသဟာသမဏ္ဍိ တာ၊ ကန့်ရေးတဆောင်၊ ပြောင်ပြောင်လွှင်လွှင်၊ တန်းဆာဆင်အပ် ကုန်သော။ ပါဒါ၊ ဘ-ဘုရား၏၊ ပဏ္ဏမြားနှစ်ရုံ၊ ခြေတော်ရုံတို့သည်။ မေ-(မမ)၊ သက်တော်ရှိစဉ်။ မမြင်တွေ့ရ။ နောက်ကျသော-ဘပည့် တော် "ကဿပ" ၏။ သိရေ၊ ဦးခေါင်းထက်၌၊ တိဋ္ဌန္တု၊ ကွန့်မြူးညီ ညာ။ တည်လာတော်မူပါစေကုန်သတည်း။ ဧဝံ၊ ဤသို့။ ထေရော၊ အ ရှင် "မဟာကဿပ" မထေရ်မြတ်သည်၊ အဓိဋ္ဌာသိ၊ ရွှေစိတ်ရည် သန်။ ဓိဋ္ဌာန်တော်မူလေ၏။

(၁၃၀) အဓိဋ္ဌာနေန သဟေဝ၊ စန္ဒောဝိယ နဘာန္တရာ။
နိက္ခမ္မ သဏ္ဍုနော ပါဒါ၊ ပဒုမောန္တိ မဟာပုဏ္ဏံ။ ။

(၁၃၀) အဓိဋ္ဌာနေန၊ ရွှေစိတ်ရည်သန်။ ဓိဋ္ဌာန်တော်မူလိုက်သည် နှင့်။ သဟေဝ၊ တပြိုင်နက်သာလျှင်။ နဘာန္တရာ၊ ဆီးနှင်း၊ မြူတိမ်၊ သူရိမ်၊ မိုးခိုး။ ဖြစ်မျိုးသန့်ရှင်း။ ကောင်းကင်တွင်းမှ။ စန္ဒော၊ ပုဏ္ဏမီ၊ လပြည့်ဝန်း။ လ- ယုန်နန်းသည်၊ နိက္ခမတိ ဝိယ၊ အလျှံပြောင်ပြောင်။ အရောင် ဝင်း လက်။ ပေါ်ထွက်၍လာသကဲ့သို့။ သဏ္ဍုနော၊ မြတ်စွာဘုရား၏။ ပါဒါ၊ ရွှေကြာပဒုံ။ ခြေတော်ရုံတို့သည်။ နိက္ခမ္မ၊ ရွှေခေါင်းတွင်းမှ။ ဝင်းဝင်း

ထိန်လက်၊ ထွက်ကြွကုန်၍၊ မဟာပုဏ္ဏံ၊ သားကြီး ရတနာကို။ ပဒသေသ နှင့်မပြင်နောက်ကျ၊မရှိရအောင်။ပြုတော်မူကြလေကုန်၏။

(၁၃၁) ထေရော ဟဏ္ဍေ ပသာရေတွာ၊ရတ္တ ပက်ဇ သန္နိဘော။
ပါဒေ သုဝဏ္ဏဝဏ္ဏေစ၊သိရေ ဌပေသိ တာဝဒေ။ ။

(၁၃၁) တာဝဒေ၊ထို-အခြံကြာနှစ်ငုံ၊ ရှောင်စုံဝင်းလက်။ ထွက်ပြုတော်မူဆဲခဏ၌၊ ထေရော၊သားကြီးရတနာ။ အရှင်“မဟာကဿပ”မထေရ်မြတ်သည်။ ရတ္တပက်ဇသန္နိဘော၊ ပတ္တမြားတခုထည့်။ ကြာနီအသွေးနှင့် တူကုန်သော။ ဟဏ္ဍေ၊ ချောမွေ့နုညက်။ လက်တော်နှစ်ဘက်တို့ကို။ပသာရေတွာ၊ကြည့်လင်ရွှင်လန်း။ ဆန့်တန်းတော်မူ၍။သုဝဏ္ဏဝဏ္ဏေ၊ရွှေအဆင်းသို့၊ဝါဝင်းတောက်ပသောအဆင်းရှိကုန်သော ပါဒေ၊မြတ်ဘုရား၏။ ပတ္တမြားနှစ်ငုံ။ ခြေတော်စုံတို့ကို။သိရေ၊ဦးခေါင်းထက်၌၊ဌပေသိ၊မြှောက်ချီယူငင်။ တင်ထားတော်မူလေ၏။

(၁၃၂) တံ-ဒိသွာန ဗဟူဇနာ၊ပရောဒန္တိ ဝန္ဒန္တိစ။
ပါဒါနိ တခ်ဏေယေဝ၊ယထာဌာနေ သုသဏ္ဌိတာ၊ ။

(၁၃၂) ဗဟူဇနာ၊ထက်နန်းအမတ်။တက်လှမ်းကြွ၍၊ သောက-ပူပွါး၊ လူအများတို့သည်။ တံ-အာဘာဂရုံ၊ ထိုအခြင်းအရာစတွေကို။ ဒိသွာန၊မျက်ဝါးထင်ထင်၊တွေ့မြင်ရကုန်သောကြောင့်။ ပရောဒန္တိစ၊ပင့်သက်လိုက်၍၊ရှိုက်ခါ-ရှိုက်ခါ၊ ငိုလည်းငိုကြွေကုန်၏။ဝန္ဒန္တိစ၊ နောက်ဆုံးဤခါ၊ ဖူးရခြင်းပါဟု။ အောင်ခါတမ်းတ၊ ရှိခိုးလည်းရှိခိုးကြွေကုန်၏။တခ်ဏေယေဝ၊အပူမိ၍၊ငိုယိုတမ်းတ၊ရှိခိုးမှုမြှော်ကြဆဲခဏ၌ပင်လျှင်။ပါဒါနိ၊ခြေတော်အစုံ ကြာပဒုံတို့သည်လည်း။ ယထာဌာနေ၊ရွှေခေါင်းတော်တွင်း၊ကိန်းဝပ်ရင်းအရပ်၌၊ သုသဏ္ဌိတာ၊ကိန်းဝပ်လှည့်လည်။ကောင်းစွာတည်တော်မူကြလေကုန်၏။

---

## ၁၅ — တေဇောဓာတ်လောင်ပြီး၍ကြွင်းကျန်သောဓာတ်တော်တို့ကို၊ ရှစ်ပြည်ထောင်မင်းတို့အား၊ ခွဲဝေပေးခဏ်း။

(၁၃၃) တတော ဒေဝါနုဘာဝေန၊ ပဇ္ဇလိတ္ထ သမန္တတော။
သဟ နာထ သရီရေန၊ ပသတံယေဝ စိတကံ။ ။

(၁၃၃) တတော၊ ထို-နောက်မှ၊ ဒေဝါနုဘာဝေန၊ နတ်တို့၏-တန်ခိုးရှိန်စော်။ အာနုဘော်ကြောင့်။ ပသတံယေဝ၊ ရင်ပပ်စည့်တီး။ ဝမ်းနည်းလိုက်မိုး၊ ငိုရှိုတ-သ။ ရှိခိုးပူဇော်။ ဖူးမြော်ကြစဉ်ပင်လျှင်။ နာထသရီရေန၊ မြတ်ဘုရား၏။ နုထွားရွှေဝေဘ်၊ အလောင်းတော်နှင့်။ သဟ၊ တကွ။ စိတကံ၊ မွှေးနံ့လွှန်ကြူး။ စန္ဒကူးထင်းပုံကို။ သမန္တတော၊ ထက်ဝန်းကျင်မှ၊ ပဇ္ဇလိတ္ထ၊ အလျှံပြောင်ပြောင်။ တောက်လောင်စွဲငြိလေ၏။ ။ (ကဆုန်လပြည့်ကျော် ၁၂-ရက် တနင်္ဂနွေနေ့တွင်။ တေဇောဓာတ် လောင်ကျွမ်းတော် မူသည်။ တေဇောဓာတ် လောင်ရာကုန်းဟူ၍လည်းယခုတိုင်ထင်ရှားရှိသည်)။

(၁၃၄) ဇလိတွာ စိတကံ ဓူမာ၊ နိက္ခမန္တိဝ သဏ္ဍာနံ။
သောကဂ္ဂိ ဟာဒယံ အဿု၊ ဓာရဓူမာ အတိဗ္ဗာဠှံ။ ။

(၁၃၄) စိတကံ၊ အမွှေးမျိုးစုံ။ နံ့သာထင်းပုံကို၊ ဇလိတွာ၊ ပြောင်ပြောင်ရဲရဲ။ မီးလျှံစွဲ၍၊ ဓူမာ၊ အခိုးအငွေ့ တို့သည်၊ နိက္ခမန္တိဝ၊ ကောင်းကင်ပြည့်မျှ။ ထွက်ကြကုန်ဘိသကဲ့သို့။ တထာ၊ ထို့အတူ။ သဏ္ဍာနံ၊ အနုသယ-မစင်။ မြင်မြင်သမျှ၊ သတ္တ-တသင်း။ လူခပင်းတို့၏၊ ဟာဒယံ၊ ထင်းပုံအလား။ နှလုံးသားကို။ သောကဂ္ဂိ၊ အလျှံထိန်ညီး။ သောကတည်းဟူသောမီးသည်။ ဇလိတွာ၊ အပူမခန်း။ လောင်ကျွမ်းကုန်သည်ဖြစ်၍။ အဿုဓာရဓူမာ၊ မခြောက်မသွေ့။ မျက်ရည်အယဉ်တည်းဟူသော- အခိုးအငွေ့တို့သည်။ အတိဗ္ဗာဠှံ၊ အလွန်အမင်း၊ ပြင်းပြင်း ထန်ထန်။ နိက္ခမန္တိ၊ မျက်စိတွင်းမှ။ သက်ဆင်းယို ထွက်ကြလေကုန်၏။

(၁၃၅) မုတ္တာဘာ ကဥ္စနောဘာ စ၊ အဝသိဿိံသု ဓာတုယော။
အဓိဋ္ဌာနေန ဗုဒ္ဓဿ၊ ဝိပ္ပကိဏ္ဏာ အနေကဓာ။ ။

(၁၃၅) ဗုဒ္ဓဿ၊ နိဗ္ဗာန်ကြွသွား၊ ရှင်တော်ဘုရား၏၊ အဓိဋ္ဌာနေန၊ မိန့်ဟာထုတ်ပြန်၊ အဓိဋ္ဌာန်ကြောင့်။ ဓာတုယော၊ တန်းခိုးထင်ပေါ်၊ ဓာတ်မွေတော်တို့သည်။ မုတ္တာဘာ စ၊ ပြုစင်သန့်ရှင်း၊ ပုလဲအဆင်းကဲ့သို့ရှင်း။ ကဥ္စနောဘာ စ၊ ရောင်လျှံဝါဝင်း၊ ရွှေအဆင်းကဲ့သို့ရှင်း။ အနေကဓာ၊ တပါးမက၊ များသောအပြားအားဖြင့်။ ဝိပ္ပကိဏ္ဏာ၊ ရွှေရောင်တောက်လျှမ်း၊ ရောပွြမ်းကြကုန်သည်ဖြစ်၍၊ အဝသိဿိံသု၊ ၃၂-ဖြာ၊ လက္ခဏာ ပျောက်ကင်း၊ ရွှေစကျင်း၍၊ ဝင်းဝင်းထိန်လျှံ၊ ကြွင်းကျန်တော်မူရစ်ကြလေကုန်၏။

(၁၃၆) ဥဏှီသံ စတုရော ဒါဌာ၊ အက္ခကာ ဒွေ စ ဓာတုယော။
အသမ္ဘိန္နာ ဣမာ သတ္တ၊ သေသာ ဘိန္နာ ဝ ဓာတုယော။ ။

(၁၃၆) ဥဏှီသံ စ၊ ထွန်းသစ်လျှံပေါ်၊ သင်ကျစ်တော်ရှင်း။ စတုရော ဒါဌာ စ၊ သောက်ရှူးကြယ်သွင်၊ ပြုစင်နှုဖပ်၊ လေးဆူသော-စွယ်တော်မြတ်တို့ရှင်း။ ဒွေ အက္ခကာ စ၊ သက်တင့်ရေးနှယ်၊ ညှတ်ကွေးရောင်ပြု၊ ညှပ်ရိုးတော်နှစ်ဆူတို့ရှင်း။ ဣတိ၊ ဤသို့။ သတ္တ၊ ခုနစ်ဆူကုန်သော။ ဣမာ ဓာတုယော၊ ဤတန်းခိုး ထင်ပေါ်၊ ဓာတ်မွေတော် တို့သည်။ အသမ္ဘိန္နာ၊ မကွဲ-မအိ၊ ပကတိ-တည်ရှိသော၊ "အသမ္ဘိန္န" ဓာတ်တော်တို့မည်ကုန်၏။ သေသာ၊ ခုနစ်ဆူမှ၊ ကြွင်းကျန်ကြကုန်သော။ ဓာတုယော၊ သွေးဓာတ်- သားဓာတ်၊ အရပ်ရပ်တို့သည်။ ဘိန္နာ ဝ၊ ပြိုကွဲကြေမွ၊ သမ္ဘိန္န-ဓာတ်တော်တို့သာမည်ကုန်၏။

(၁၃၇) မဟန္တာ မုဂ္ဂမာသာ ဝ၊ မဇ္ဈိမာ ဘိန္နတဏ္ဍုလာ။
ခုဒ္ဒကာ သာသပမတ္တာ ဝ၊ နာနာဝဏ္ဏာ စ ဓာတုယော။ ။

(၁၃၇) မဟန္တာ၊ အကြီးဆုံးဖြစ်ကုန်သော။ ဓာတုယော၊ "သမ္ဘိန္န" ဓာတ်တော်တို့သည်။ မုဂ္ဂမာသာ ဝ၊ ပဲနောက်ခြမ်းမျှ၊ ပမာဏရှိကြ

ကုန်သည် သာလျှင်တည်း။ မဇ္ဈိမာ၊ အလယ်,အလပ်စား ဖြစ်ကုန် သောဓာတ်တော်တို့သည်။ဘိန္နတဏ္ဍုလာ၊ ဆန်ကျိုးပိုင်းမျှ ပမာဏ ရှိကြကုန်၏။ ခုဒ္ဒကာ၊ သေးသေးသွယ်သွယ်၊ အငယ်ဆုံးဖြစ်ကုန် သော ဓာတ်တော်တို့သည်။ သာသပမတ္တာဝ၊ မုန်ညှင်းစေ့မျှ ပမာ ဏရှိကြကုန်သည်သာလျှင်တည်း။ နာနာဝဏ္ဏာစ၊ ရွှေရောင်ပုလဲပုံ၊ မြတ်လေးငုံကဲ့သို့၊ ရောင်စုံကွန့်မြူး၊ အထူးထူးသော အဆင်းလည်း ရှိတော်မူကြကုန်၏။

(၁၃၈) မဟန္တာ ပဋ္ဌ နာဠိယော၊ နာဠိယော ပဋ္ဌ မဇ္ဈိမာ။
ခုဒ္ဒကာ ဆနာဠိ စေဝ၊ တော သဗ္ဗာပိ ဓာတုယော။ ။

(၁၃၈) မဟန္တာ၊ ရွှေရောင်တန္တုန်း၊ အကြီးဆုံးဖြစ်ကုန်သော ဓာတ် တော်တို့သည်။ ပဋ္ဌနာဠိယော၊ ငါးကွမ်းစားမျှရှိကြလေကုန်၏။ မဇ္ဈိ မာ၊ ပုလဲရောင်လား၊ အလပ်စားဖြစ်ကုန်သော ဓာတ်တော်တို့သည်။ ပဋ္ဌနာဠိယော၊ ငါးကွမ်းစားမျှ၊ ရှိကြလေကုန်၏။ ခုဒ္ဒကာ၊ မြတ်လေးငုံ နှုန်း၊ အငယ်ဆုံးဖြစ်ကုန်သော ဓာတ်တော်တို့သည်၊ ဆနာဠိ စေဝ၊ ခြောက်ကွမ်းစားမျှရှိကြကုန်သည်သာလျှင်တည်း။ သဗ္ဗာပိ၊ အလုံး စုံလည်း ဖြစ်ကုန်သော။ တော ဓာတုယော၊ ထိုသွေးဓာတ်- သား ဓာတ်၊ အရပ်ရပ်တို့သည်။ အဝသိသိ သု၊ ရွှေစကျင်း၌၊ ထင်လင်းစွာ ကျန်ရစ်တော်မူကြလေကုန်၏။

(၁၃၉) အာကာသတော ပတိတွာပိ၊ ဥဂ္ဂတွာပိ မဟီတလာ။
သမန္တာ ဇလဓာရာယော၊ နိဗ္ဗာပေသုံ စိတာနလံ။ ။

(၁၃၉) ဇလဓာရာယော၊ မြေကြည်လင်၊ ရေအယဉ် တို့သည်။ အာကာသတော၊ ရေးခြစ်မထင်၊ ထက်ကောင်းကင်မှ။ ပတိတွာပိ၊ ပြန့်မှုံသန့်ရှင်း၊ သက်ဆင်းလျှောကျကုန်၍ရင်း။ မဟီတလာ၊ နိုးနားတ ခွင်၊ မြေအပြင်မှ။ ဥဂ္ဂတွာပိ၊ ကောင်းစွာပေါ်တက်၊ ရေပန်းထွက်ကုန် ၍ရင်း။ သမန္တာ၊ ထက်ဝန်းကျင်မှ၊ စိတာနလံ၊ အလျှံပြောင်ငြီး၊ မီးပုံ ကြီးကို။ နိဗ္ဗာပေသုံ၊ မီးလျှံရှုတ်သိမ်း၊ ငြိမ်းစေကြလေကုန်၏။

(၁၄၀) ထေရဿ သာရိပုတ္တဿ၊ အဒ္ဓေဝါသိ မဟိဒ္ဓိကော။
သရဘူနာမကော ထေရော၊ သမ္ဗုဒ္ဓ ပဋိသမ္ဘိဒေါ။ ။

(၁၄၀) ထေရဿ-သာရိပုတ္တဿ၊ အရှင်သာရိပုတြာ၊ မဟာထေရ်၏ ဖြစ်၍။ အဒ္ဓေဝါသိ၊ ခစားရိုသေ၊ အတွင်းနေတပည့်ဖြစ်သော။ သရဘူနာမကော၊ "သရဘူ" အမည်ရှိသော။ ထေရော၊ မထေရ်ဖြစ်သည်။ မဟိဒ္ဓိကော၊ ဣဒ္ဓိအမျိုးမျိုး၊ ကြီးသောတန်းခိုးရှိတော်မူပေ၏။ သမ္ဗုဒ္ဓပဋိ-သမ္ဘိဒေါ၊ ကောင်းစွာ-ရအပ်-ရောက်အပ်ပြီးသော၊ ပဋိသမ္ဘိဒါဉာဏ်လည်းရှိတော်မူပေ၏။

(၁၄၁) ဂီဝါဓာတုံ ဂဟေတွာ သော၊ ဝိတ္ထတော မဟိယင်္ဂဏော။
ပတိဋ္ဌပေတွာ ထူပမှိ၊ အကာ ကဉ္စုက စေတိယံ။ ။

(၁၄၁) သောထေရော၊ ထို"သရဘူ" မည်သော၊ မထေရ်ဖြစ်သည်။ ဝိတ္ထတော၊ မီးလျှံပြိမ်းခါ၊ များစွာရခဲ၊ ဓာတ်တော်ထဲမှ။ ဂီဝါဓာတုံ၊ မြတ်ဘုရား၏၊ နှုတ်သွားပြုဖပ်၊ လည်ရိုးဓာတ်ကို။ ဂဟေတွာ၊ ပင့်ဆောင်တော်မူ၍။ မဟိယင်္ဂဏော၊ "မဟိယင်္ဂဏ"၊ အမည်ရသော။ ထူပမှိ၊ ဆံကေသာဓာတ်၊ ကိန်းဝပ်မွေ့လျော်၊ စေတီတော်၌။ ပတိဋ္ဌပေတွာ၊ ထည့်သွင်းဌာပနာ၍။ ကဉ္စုကစေတိယံ၊ "ကဉ္စုက"ခေါ်၊ စေတီတော်ကို။ အကာ၊ ဘွဲ့တော်နောက်ထပ်၊ သတ်မှတ်မည့်ခေါ်၊ ပြုတော်မူ၏။ ။(ထိုစေတီတော်ကို၊ ဆံတော်-ဓာတ်၊ လည်ရိုးတော်ဓာတ်- ထည့်သွင်း ဌာပနာ၍၊ ဖလသမာပတ်- ဝင်စားရာဌာ-တည်တော်မူသည်)။

(၁၄၂) ခေမဝှယော မဟာထေရော၊ ခီဏာသညောဇနော မုနိ။
တတော စိတကတော ဝါမ၊ ဒါဌာဓာတုံ သမဂ္ဂဟိ။ ။

(၁၄၂) ခီဏာသညောဇနော၊ ကုန်ပြီးသော- သံယောဇဉ်ရှိတော်မူသော။ မုနိ၊ ကောင်းဆိုးနှစ်တန်၊ ဝေဘန်ပိုင်းဖြတ်၊ သိတော်မူတတ်သော။ ခေမဝှယော၊ "ခေမ"အမည်ရှိသော။ ထေရော၊ ရဟန္တာ-

မထေရ်မြတ်သည်။ တတောဒ်တာကတော၊ ထိုအလျှံချုပ်စဲ၊ မီးပုံထဲမှ။ ဝါမဒါဌာခေတုံ၊ လက်ဝဲအောက်ခေတ်၊ စွယ်တော်မြတ်ကို။ သမဂ္ဂဟိ၊ ရှိသေညွှတ်ပျောင်း၊ ကောင်းစွာယူဆောင်တော်မူလေ၏။

(၁၄၃) ကော် ပုရိန္ဒဒေါ ဒါဌံ၊ ကော် ဂန္ဓာရဝါသိနော။
ကော် ဘုဇင်္ဂရာဇာစ၊ သဋ္ဌာနေ အဘိပူဇယိ။ ။

(၁၄၃) ပုရိန္ဒဒေါ၊ သကြား မင်းသည်။ ကော်ဒါဌံ၊ လက်ျာထက်ခေတ်၊ တဆူသောစွယ်တော်မြတ်ကို။ သဋ္ဌာနေ၊ မိမိစံခန်း၊ ဝတိ နန်း၌။ အဘိပူဇယိ၊ ရှိသေမြတ်နိုး၊ သဒ္ဓါဖြိုး၍၊ ရှိခိုး-ပူဇော်လေ၏။ ဂန္ဓာရဝါသိနော၊ "ဂန္ဓာရဇ်"တိုင်းသား၊ "တချပ်"များတို့သည်။ ကော်ဒါဌံ၊ လက်ဝဲထက်ခေတ်၊ တဆူသောစွယ်တော်မြတ်ကို။ သဋ္ဌာနေ၊ မိမိပိုင်စံ၊ တိုင်းနိုင်ငံ၌။ အဘိပူဇယံ၊ ရှိသေမြတ်နိုး၊ သဒ္ဓါဖြိုး၍၊ ရှိခိုးပူဇော်ကြလေကုန်၏။ ဘုဇင်္ဂရာဇာစ၊ တောဇာတောက်လင်း၊ နဂါးမင်းသည်လည်း။ ကော်ဒါဌံ၊ လက်ျာအောက်ခေတ်၊ တဆူသောစွယ်တော်မြတ်ကို။ သဋ္ဌာနေ၊ မိမိ-တိုင်းပြည်၊ "ဘောဂဝတိ"၌။ အဘိပူဇယိ၊ အမြတ်ဘနိုး၊ ရှိခိုးပူဇော်လေ၏။

(၁၄၄) စတ္တာလီသ သမာဒန္တာ၊ ကေသာ လောမာစ သဗ္ဗသော။
ဒေဝါ ဟရိံသု ကောက်၊ စက္ကဝါဠ ပရမ္ပရာ။ ။

(၁၄၄) သဗ္ဗသော၊ ခပ်သိမ်းသောအခြင်းအရာအားဖြင့်။ စက္ကဝါဠ ပရမ္ပရာ၊ ရေတွက်များစွာ၊ စကြာဝဠာအဆင့်ဆင့်မှ။ ဒေဝါ၊ သာရောက်ခစား၊ နတ်အများတို့သည်။ စတ္တာလီသသမာဒန္တာစ၊ အမျှလေးဆယ်သောသွားတော်တို့ကိုရင်း။ ကေသာလောမာစ၊ ဆံတော်, မွေးညှင်းတော်တို့ကိုရင်း။ ကောက်၊ တဆူစီ-တဆူစီ။ ဟရိံသု၊ ပင့်ဆောင်ကြလေကုန်၏။

(၁၄၅) အဋ္ဌန္နမထ ရာဇူနံ၊ ခေတုအဋ္ဌာယ သတ္တုနော။
ညုပ္ပန္နံ ဝိဂ္ဂဟံ ဒေါဏော၊ သမေတွာန ဒွိဇုတ္တမော။ ။

(၁၄၆) ကတွာန အဋ္ဌကောဋ္ဌာသေ၊
ဘာဇေတွာ သေသ ဓာတုယော။
အဒါသိ အဋ္ဌရာဇူနံ၊တံတံ·ရဋ္ဌ နိဝါသိနံ။ ။

(၁၄၅-၁၄၆) အထ၊ထိုနောက်မှ။ ဒေါဏော၊“ဒေါဏ”အမည်ရှိသော။ ဗြိဟ္မဏော၊ မင်းတကာတို့၏ ဆရာ ဖြစ်လတ်။ ပုဏ္ဏားမြတ်သည်။သတ္တုနော၊ရွှေပြည့်နန်းမ၊၏လှမ်းကြွစံဝင်။ ဘုရားရှင်၏။ ဓာတုအတ္ထာယ၊ ဓာတ်တော်ကိုဆောင်ယူရန်အကျိုးငှါ။အာဂတာနံ၊လာရောက်ကြကုန်သော။အဋ္ဌန္နံရာဇူနံ၊ ရှစ်ပြည့်ထောင်မင်းတို့၏။ ဥပ္ပန္နံ၊ဖြစ်ပွါးသော။ ဝိဂ္ဂဟံ၊ ဒေါသ ထန်ပြင်း၊ ခိုက်ရန် ဖြစ်ခြင်းကို။ သမေတွာန၊ ငြိမ်းစေပြီး၍၊ သေသဓာတုယော၊ ကြွင်းကျန် ထင်ရှား၊ ဓာတ်တော်များတို့ကို။အဋ္ဌကောဋ္ဌာသေ၊ရှစ်ဘို့-ရှစ်ပုံတို့ကို။ကတွာန၊မချော့မသာ၊အညီအညာပြု၍။ ဘာဇေတွာ၊ ရှင်ရှင်လန်းလန်း၊ ခွဲခြမ်းဝေဘန်၍၊ တံတံ ရဋ္ဌနိဝါသိနံ၊ ကာသိ, ကောသလ၊ အစရှိသော ထိုထို တိုင်းပြည့်၌ နေကြ ကုန်သော။ အဋ္ဌရာဇူနံ၊ ရှစ်ပြည့်ထောင်မင်းတို့အား။ အဒါသိ၊ ပေးအပ်သိုက်လေ၏။ ။ဘိုးတော်အဋ္ဌနှခင်း။ပြိုကြွင်း သက္ကရာဇ် ၁၄၈-ခု-နှယုန်လဆွန်း ၅-ရက်-တနင်းလာနေ့-ဓာတ်ဘော်ဝေသည်၊

(၁၄၇) ဟာဋ္ဌတုဋ္ဌာ ဂဟေတွာန၊ဓာတုယော တာ မဟီပတီ။
ဂတွာ သကေ သကေ ရဋ္ဌေ၊စေတိယာနိ အကာရယုံ။ ။

(၁၄၇) မဟီပတီ၊ ရှစ်ပြည့် ပိုင်စား၊ မင်းအများတို့သည်။ ဟဋ္ဌတုဋ္ဌာ၊စိတ်လက်ကျေခြမ်း။ ရွှင်လန်းနှစ်သက်ကြ ကုန်သည်ဖြစ်၍။ တာ ဓာတုယော၊ ထိုပေးရ ရလတ်၊ ဓာတ်တော် မြတ်တို့ကို။ ဂဟေတွာန၊ကိုယ်စီကိုယ်င၊ ဆောင်ယူကြကုန်လျက်၊ဂတွာ၊ ရွှင်မြူးကာချန်၊ ပြန်သွားကြကုန်၍။ သကေသကေရဋ္ဌေ၊ မိမိ-မိမိ-တို့နေရာ၊တိုင်းအောင်ချာ၌၊စေတိယာနိ၊စေတီဘော်မြတ်တို့ကို၊အကာရယုံ၊တည်ထားပြုပြုကြလေကုန်၏။

(၁၄၈) ဓာတုတုမ္ဗံ ဂဟေတွာန၊ဗြာဟ္မဏော ဒေါဏနာမကော။
ထူပံ ကတွာန သဒ္ဓါနေ၊နိဋ္ဌမေဝ ဥပဋ္ဌဟိ။ ။

(၁၄၈) ဒေါဏနာမကော၊"ဒေါဏ"အမည်ရှိသော၊ဗြာဟ္မဏော၊ စွယ်တော်ဆုံး၍၊ နှလုံးမသာ၊ မင်းဆရာသည်၊ ဓာတုတုမ္ဗံ၊ ဓာတ်တော်ချင့်စွက်။ပြည်ဝင်ခွက်ကို၊ဂဟေတွာန၊ယူဆောင်၍၊သဒ္ဓါနေ၊ မိမိနေရာ၊ ပုဏ္ဏားရွာ၌၊ ထူပံ၊ "တုမ္ဗ" တွင်ခေါ်၊ စေတီတော်ကို၊ ကတွာန၊တည်ထားပြုရ၍၊ နိဋ္ဌမေဝ၊ နေ့ညဉ့်မစဲ၊ အမြဲသာလျှင်၊ဥပဋ္ဌဟိ၊ရှိသေခဝပ်၊ဆည်းကပ်ပူဇော်လေ၏။

(၁၄၉) ဝသန္တာ မောရိယာ ဘူပါ၊ဝနေ ပိပ္ပလိနာမကေ။
တတ္ထေဝင်္ဂါရ မာဒါယ၊ထူပံ ကတွာ-ဘိသက္ကရုံ။ ။

(၁၄၉) ပိပ္ပလိနာမကေ၊"ပိပ္ပလိ"အမည်ရှိသော၊ ဝနေ၊တောဝ၌၊ ဝသန္တာ၊ထီးနန်းစိုက်၍၊ပျော်မိုက်ခိုလှုံ၊နေကြကုန်သော၊ မောရိယာ ဘူပါ၊ဓာတ်တော်ဝေခိုက်၊မမှီလိုက်ကုန်သော၊"မောရိယ"မင်းတို့သည်၊အင်္ဂါရံ၊ မီးလျှံချုပ်စဲ၊ မီးသွေးခဲကို၊ အာဒါယ၊ ပိုင်းခါရအုံး၊ကောက်ယူကြကုန်၍၊ တတ္ထေဝ၊ထိုမိမိတို့စံနေ၊ "မောရိယ"တိုင်း ပြည်၌သာလျှင်၊ထူပံ၊"အင်္ဂါရ"မည်၊မြတ်စေတီကို၊ကတွာ၊တည်ထားပြုရကြကုန်၍၊အဘိသက္ကရုံ၊ ရှိသေညွတ်နူး၊ အထူးကိုးကွယ်ကြလေကုန်၏။

---

၁၆—"ခေမ"မည်သောရဟန္တာမြတ်သည်၊စွယ်တော်ကိုဆောင်၍၊ "ကလိင်္ဂ"တိုင်းရှင် ဗြဟ္မဒတ်မင်းအား၊အပ်နှင်းခဏ်း။

(၁၅၀) ခေမထေရော တတော ဒန္တံ၊ပုရေ ကလိင်္ဂရာဇိနော။
အဒါသိ ဗြဟ္မဒတ္တဿ၊ဓာတုံ ဂဟိတ မတ္တနာ။ ။

(၁၅၀) တတော၊ထိုနောက်မှ၊ ခေမထေရော၊ "ခေမ"မည်တွင်၊ ထေရ်အရှင်သည်၊ အတ္တနာ၊ မိမိသည်၊ ဂဟိတံ၊ ပင့်ဆောင်အပ်

သော။ခေတုံ၊ လက်ဝဲအောက်ခေတ်။ စွယ်တော်မြတ်ကို။ ဒန္တပုရေ၊ “ဒန္တပုရ” ၊တိုင်းဌာနဌါ။ဖြုပ္ပဒတ္တသော၊ ဖြုပ္ပဒတ်အမည်ရှိသော။ကာလိင်္ဂရာဇဖိနော၊ “ကာလိင်္ဂ” မင်းအား။ အဒါသိ၊ ချီးမြှင့်မြှောက်စား။ ကုသိုလ်ပွါးအောင်။သနားပေးအပ်တော်မူလေ၏။

(၁၅၁) သော ဓမ္မံ ဒေသယိတွာန၊တောတွာ သုစိရ ဗိုဓ္ဓိသော။
တံ နရိန္ဒံ ပသာဒေသိ၊ဥတ္တမေ ရတနတ္တယေ။ ။

(၁၅၁) သော၊ ထို“ခေမ”မည်တွင်၊ ရဟန္တာ အရှင်သည်။ ဓမ္မံ၊ နိဗ္ဗာန်ရောက်ကြောင်း။ သူတော်ကောင်းတရားကို။ ဒေသယိတွာန၊ မေတ္တာရှေ့ထား။သနားကြည်ဖြူ။ ဟောတော်မူ၍၊ သုစိရဗိုဓ္ဓိယော၊ လေးမြင့်ရှည်ကြာ၊ မိစ္ဆာရောက။ ဗိုဓ္ဓိအယူဘိုကို။ ဘောတွာ၊ ချိုးဖဲ့ဖျက်သိမ်းတော်မူ၍၊ဥတ္တမေ၊မနှိုင်းယှဉ်အပ်၊ မြတ်လှစွာသော။ ရတနတ္တယေ၊ရတနာသုံးပါး၌။ပသာဒေသိ၊ လေးမြတ်ရိုသေ၊ ကြည်ညိုစေ၏။

(၁၅၂) အဓ္ဓောဂါဠှော မုနိန္ဒဿ၊ဓမ္မာမဘာ မဟာဿုဝံ။
သော နရိန္ဒော ပဝါဟေသိ၊မလံ မစ္ဆရိယာဒိကံ၊ ။

(၁၅၂) သောနရိန္ဒော၊ ထို“ကာလိင်္ဂ” သေဋ္ဌနင်း။ ဖြုပ္ပဒတမင်းသည်၊မုနိန္ဒဿ၊မုနိဥက္ကဋ္ဌ၊ဘုရားမြတ်၏။ ဓမ္မာမတမဟာဿုဝံ၊တရားအမြိုက်ဘည်းဟူသော- မဟာသမုဒ္ဒြာသို့။ အဓ္ဓောဂါဠှော၊ သဒ္ဓါလွှန်မင်း၊ သက်ဆင်းတော်မူလျှက်။ မစ္ဆရိယာဒိကံ၊ မပေးရက်သို။ဝန်တိုနှမြောခြင်းအစရှိသော။မလံ၊ကိုယ်မှာချစ်ထွေး။ အကုသိုလ်တည်းဟူသော- အညစ် အကြေးကို။ ပဝါဟေသိ၊ ပါယ်ခွါဆေးကြော။မြှောဘော်မူလေ၏။

(၁၅၃) ဝဇိရာအာဒိဓာသံကိဠ္ဌံ၊သောဠ္ဌဝာလေဟိ သောဘိတံ၊
ကုရုဂါရ သတာကိဠ္ဌံ၊တဂုဏာဒိဂ္ဂ သန္ဓိဘံ။ ။

(၁၅၄) သောရာဇာ ကာရယိတွာန၊ဒါဌာဓာတု နိကေတနံ၊
တဿေဝ ဓာတုပိဋ္ဌဿ၊ကာရေသိ ရတနုဇ္ဇလံ၊ ။

(၁၅၉) တတော၊ ထိုမင်းကောင်း- မင်းမြတ်တို့၏- နောက်မှ။ ဒုရ
တိက္ကမသာသနေ၊ လွန်မြောက် နိုင်ခဲသော အဆုံးအမ ရှိသော။
ဂုဟာသိဝ္ဟယော၊ ''ဂုဟာသိဝ''အမည်ရှိသော။ ရာဇာ၊ အယူချွတ်
ယွင်း၊မိစ္ဆာမင်းသည်။ရဋ္ဌသိရိ၊မင်း၏ကြက်သရေသို့၊ပတွာ၊ရောက်
လတ်၍။ မဟာဇနံ၊ တိုင်းသားပြည်သူ၊ လူအပေါင်းကို။ အနုဂဏှိ၊
သိမ်းမြန်းစိုးချုပ်၊မင်းပြုလုပ်တော်မူလေ၏။

(၁၆၀) သပရတ္ထာနဘိညော၊လာဘာသက္ကာရလောလုပေ။
မာယာဝိနော အပိဇ္ဇန္ဓေ၊နိဂ္ဂဏှေ့ သမုပဋ္ဌဟိ။ ။

(၁၆၀) သော၊ ထို-အယူချွတ်ယွင်း၊ မိစ္ဆာမင်းသည်။ သ-ပရတ္ထံ၊
မိမိအကျိုး၊သူတပါးအကျိုးကို။ အနဘိညေ၊ ဆင်ခြင်နိုင်းညှိ၊ မသိ
တတ်ကုန်သော။လာဘာသက္ကာရလောလုပေ၊ လာဘ်-ပူဇော်သက္ကာ
ရ၌၊လွန်စွာတပ်မက်မောကြကုန်သော။မာယာဝိနော၊ သွေးဆောင်
လှည့်ပတ်၊ ဖြားယောင်း တတ်ကုန်သော။ အပိဇ္ဇန္ဓေ၊ အဝိဇ္ဇာဖြင့်၊
ဝိတ်ကာရစ်လွှမ်း၊ ပညာမျက်စိကန်းကုန်သော။နိဂဏ္ဌေ၊ အစေလ
က၊နိဂဏ္ဌတက္ကတွန်း,တို့ကို။သမုပဋ္ဌဟိ၊ဘုရားမှတ်၍၊ ဆည်းကပ်
ကိုးကွယ်လေ၏။

(၁၆၁) ဒုရာဇဝသကာလမ္ဟိ၊အဝိဇ္ဇာဇ္ဈေန ဆာဒိတော။
ဇလိတုံသက္ခိ ရံသိဟိ၊နဒေသာ စန္ဒနရာသဘော။ ။

(၁၆၁) ဒုရာဇဝသကာလမ္ဟိ၊မတရားမင်း၊အုပ်စိုးခြင်းတည်းဟူ
သော၊မိုးယံဥတု-မိုးယံအခါ၌။အဝိဇ္ဇာဇ္ဈေန၊ မိုက်မဲလှစွာ၊ အဝိဇ္ဇာ
တည်းဟူသော-မိုးယံတိမ်ပုပ်တို့သည်။ဆာဒိတော၊ ဖြွေးယှက်ရစ်
သန်း၊ဖုံးလွှမ်းအပ်သည်ဖြစ်၍။ သောစန္ဒနရာသဘော၊ ထို-ရောင်စုံ
တင့်ရွှန်း၊လပြည့်ဝန်းတည်းဟူသောမြတ်စွာဘုရားသည်။ ရံသိဟိ၊
ေးမြကြည်လင်၊ဖြူစင်သောရောင်ခြည်တော်တို့ဖြင့်။ ဇလိတုံ၊ထွန်း
လင်းတောက်ပခြင်းငှါ။နသက္ခိ၊မစွမ်းနိုင်တော့သတည်း။

(၁၄၂) ဟေမတောရဏမာလာဟိ၊ ကဒလီဟိစ ဧကဒါ။
ပုပ္ဖဂ္ဃိယေဟိ နေကေဟိ၊ သေဋ္ဌေတွာ နာဂရာ-ပုရံ။ ။
(၁၄၃) မင်္ဂလတ္ထုတိ ဃောသေဟိ၊ နစ္စဂီတာ ဒိကေဟိစ။
ဟေမရူပိယ ပုပ္ဖေဟိ၊ ပူဇေန္တိ ဝရဒါဌကံ။ ။

(၁၄၂-၁၄၃) ဧကဒါ၊ အမှတ်မထား၊ ခါတပါး၌။ နာဂရာ၊ မြို့သူမြို့သား၊ ယောကျ်ားမိန်းမ၊ ဟူသမျှတို့သည်။ ဟေမတောရဏမာလာဟိစ၊ ရွှေတုရိုဏ်တိုင်-ရွှေပန်း၊ အခမ်းခမ်းတို့ဖြင့်၎င်း။ ကဒလီဟိစ၊ စိန်းလွဲ့နုစို၊ ငှက်ပျောပင်ပျိုတို့ဖြင့်၎င်း။ အနေကေဟိ၊ တမျိုးမက၊ များလှကုန်သော။ ပုပ္ဖဂ္ဃိယေဟိစ၊ ကြည့်ရှုမခန်း၊ ထူးဆန်းအံ့သောက်၊ ပန်းပေါက်ပေါက်တို့ဖြင့်၎င်း။ ပုရံ၊ မြို့တော်ကို။ သဇ္ဇေတွာ၊ ခင်းကျင်းပြုပြင်၊ တန်းဆာဆင်ကြကုန်၍။ မင်္ဂလတ္ထုတိ ဃောသေဟိစ၊ ကြက်သရေမင်္ဂလာရှိသော-ချီးမွမ်းသံတို့ဖြင့်၎င်း။ နစ္စဂီတာဒိ-ကေဟိ၊ ကချင်း-သီချင်းအစရှိသည်တို့ဖြင့်၎င်း။ ဟေမရူပိယပုပ္ဖေဟိစ၊ ရွှေပန်းငွေပန်း၊ အဆန်းဆန်းတို့ဖြင့်၎င်း။ ဝရဒါဌကံ၊ တန်းခိုးထင်ပေါ်၊ မြတ်စွယ်တော်ကို။ ပူဇေန္တိ၊ ရှင်မြူးကာရန်၊ ပူဇော်ကြလေကုန်၏။

(၁၄၄) ပူဇေန္တာ မုနိရာဇဿ၊ ဒါဌာဓာတုံ ဝိသေသတော။
အကံသု ဧကနိဿေါသံ၊ သံဝဠ္ဍမေဃသန္နိဘံ၊ ။

(၁၄၄) မုနိရာဇဿ၊ ရဟန်းတို့၏မင်းဖြစ်တော်မူသော၊ မြတ်စွာဘုရား၏။ ဒါဌာဓာတုံ၊ စွယ်တော်ဓာတ်ကို။ ဝိသေသတော၊ အလွန်အကြူး၊ အထူးအားဖြင့်။ ပူဇေန္တာ၊ မြူးပျော်ကာရန်။ ပူဇော် ကြကုန်လျက်။ သံဝဍ္ဎမေဃသန္နိဘံ၊ ကမ္ဘာပျက်မိုးယံ၊ ရွာပြီးသွန်းချသည်နှင့်တူသော၊ ဧကနိဿေါသံ၊ မြေကြီးအက်မျှ၊ တခဲနက်သော ကြွေးကြော်သံကို၊ အကံသု၊ ပြုကြလေကုန်၏။

(၁၄၅) တသ္မိံ ကာလေ ကိမေတန္တိ၊ ဝိမ္ဟိတံ သီဟပဋ္ဋရံ။
ဥဿါဒေတွာန ပါသာဒေ၊ နရိန္ဒော သော ဥဒိက္ခသိ။ ။

(၁၆၅) တသ္မိံကာလေ၊ ထို-လူအပေါင်းတို့၊ သောင်းပြောင်းဟာစ်အော်၊ ကြွေးကြော်သော အခါ၌၊ သောနရိန္ဒော၊ ထို"ဂုဟာသီဝ"၊ နရသေဌ်နင်း၊ မိန္တာမင်းသည့် တော၊ ဤအသံကား။ ကိံ၊ အဘယ် အသံပေတဲ့နည်း။ဟုတိ၊ ဤသို့တွေးတောဆင်ခြင်လျက်။ ပါသာဒေ၊ ငိမိစံခမ်း၊ ပြာသာဒ်နန်း၌၊ စိဘ္ဘိတံ၊ ရြူးပန်းရြူးနွယ်၊ အသွယ်သွယ်ဘို့ ဖြင့်၊ ဆန်းကြယ်ထသော။ သီဟပဉ္စရံ၊ လေသာဆန်းပြား နန်းတံခါး ကို၊ ဥဃ္ဃါဋေတွာန၊ ဖွင့်လှစ်တော်မူ၍။ ဥဒိက္ခန္တော၊ ကြည့်ရှုတော်မူလေ၏။

(၁၆၆) တဒါမဟာဇနံဒိသွာ၊နာနာဝဏ္ဏဟိ လက်ဘံ။
ဂန္ဓမာလာဒိဟတ္ထံ တံ၊ပုစ္ဆိ ပိမ္ပိတမာနသော။ ။

(၁၆၇) အဇ္ဇေရက် ကိံမေတန္တု၊အာဝိကွေယျာထ မံ တုရံ၊
မမေတံ နဂရံကာသွာ၊ဆဏာနိဿိတကံဟုတိ။ ။

(၁၆၆-၁၆၇) တဒါ၊ ထို-ကြည့်ရှုတော် မူလိုက်သော အခါ၌၊ နာနာဝဏ္ဏဟိ၊အထူးထူးအမျိုးမျိုး၊ အဝတ်ပုဆိုးတို့ဖြင့်။ အလက်တံ၊ဝတ်စားပြုပြင်၊ တန်းဆာဆင်အပ်သော။ ဂန္ဓမာလာဒိဟတ္ထံ၊ နံ့သာပန်းစသည်၊ လက်၌ရှိသော။ မဟာဇနံ၊ လူများ အပေါင်းကို။ ဒိသွာ၊ မြင်ရ၍၊ ပိမ္ပိတမာနသော၊ အံ့ဩသော စိတ်ရှိသည်ဖြစ်၍။ "ဘဏေ"၊အိုအချင်းတို့။တေံအဇ္ဇ ရကန္တု၊ဤအံ့ဩဘွယ်သည် ကား။ကိံ၊အဘယ်ပေနည်း။ မံ၊ငါမင်းမြတ်ကို။ တုရံ၊လျင်လျင်-မြန်မြန်။အာဝိကွေယျာထ၊ ဖျောက်ထား သံတော်ဦးတင်ကြ ပါကုန်လော။မမ၊ငါ၏။ တေံနဂရံ၊ ဤမြို့တော်သည်၊ ကသ္မာ၊အဘဲ့ကြောင့်။ ဆဏာနိဿိတကံ၊ကခုန်-ပျော်ရွှင်၊ပွဲလမ်းသဘင်ကိုမှီတိသနည်း၊ ဟုတိ၊ဤသို့။ပုစ္ဆိ၊မေးမြန်းတော်မူလေ၏။

(၁၆၈) တဒါမဇ္စော သမာဝိကျွံ၊မေဓာဝီ ဗုဒ္ဓမာမကော။
ရာဇိနော တဿာသမ္ဗုဒ္ဓါ၊နုဘာဝ မဟိဓာနတော။ ။

(၁၆၈) တဒါ၊ထို-မေးမြန်းတော်မူသောအခါ၌၊ မေဓာဝီ၊ပညာရှိသော၊ဗုဒ္ဓမာမကော၊မြတ်စွာဘုရား၌၊အားထားခိုကိုး၊မြတ်နိုးသော၊

အမရွှေ၊အမယက်သည်၊သမ္ဗုဒ္ဓါနုဘာဝံ၊သုံးဘုံထင်ရှား၊မြတ်ဘုရား၏၊ကြီးမားရှိန်စော်၊ အာနုဘော်ကို၊ အဝိဇ္ဇာနတော၊“မောဟ”ဖိ၍၊ မသိမမြင်သော၊တ သသရာ၌နေ၍၊ ထို“ဂုဟာသိဝ”မင်းအား၊ သမာဓိကိ၍၊ကောင်းစွာညွှတ်နူး၊သံတော်ဦးတင်လေ၏။

(၁၄၉) သဗ္ဗာဘိဘူသာ ဗုဒ္ဓသာ၊တဏှာသင်္ခယဒသိနော။
သောဓာတု မဟာရာဇ၊ခေမထေရေန အာဟဋာ၊ ။

(၁၄၉) မဟာရာဇ၊မင်းမြတ်၊ သဗ္ဗာဘိဘူသာ၊ အလုံးစုံသော၊အကုသိုလ် တရားတို့ကို၊ လွှမ်းမိုးနှိပ်စက်၊ ဖျက်ဆီးတော်မူထသော၊ တဏှာသင်္ခယဒ သိနော၊တဏှာ၏ကုန်ခန်းရာ၊ နိဗ္ဗာန်ကိုပြတော်မူတတ်ထသော၊ ဗုဒ္ဓ သာ၊ မြတ်စွာဘုရား၏၊ သောဓာတု၊ဤ-လက်ဝဲအောက်ခါတ်၊ စွယ်တော်မြတ်ကို၊ ခေမထေရေန၊ “ခေမ” မည်တွင်၊ရဟန္တာအရှင်သည်၊အာဟဋာ၊ပင့်ဆောင်အပ်ပါ၏၊

(၁၅၀) တံဓာတုံ ပူဇယိတွာန၊ရာဇာနော ပုဗ္ဗကာ ဣဓ။
နာဂရာဇိ ဗဟုဒေဝ၊အဂုံ ဒေဝ သဟာဇ္ဈတံ။ ။

(၁၅၀) တံဓာတုံ၊ ထိုလက်ဝဲအောက်ခါတ်၊ စွယ်တော်မြတ်ကို၊ ပူဇယိတွာန၊ဆည်းကပ်ကော်ရော်၊ ပူဇော်ကြကုန်သောကြောင့်၊ဣဓ၊ ဤ“ကလိင်္ဂ”တိုင်း၌၊ ပုဗ္ဗကာ၊ မှီဘင်းပျော်ပိုက်၊ ရှေး၌ဖြစ်ကုန်သော၊ဗဟုဒေဝ၊ ရေတွက်သင်္ချာ၊ များစွာသောလျှင် ဖြစ်ကုန်သော၊ ရာဇာနောပိ၊အရှင့်ဘေးဘိုး၊နန်းရိုးစဉ်လာ၊ မင်းချားစွာတို့သည်၎င်း၊ နာဂရာဇိ၊တိုင်းသားပြည်သူ၊ လူအပေါင်းတို့သည်၎င်း၊ ဒေဝသဟာဇ္ဈတံ၊ နတ်ဘုံ၌ အပေါင်းအဘော် အဖြစ်သို့၊ အဂုံ၊ရောက်ကြပါကုန်၏၊

(၁၅၁) နာဂရာဇိ ဣမ သဗ္ဗေ၊သမ္မရာယသုခတ္တိကာ။
ပူဇာသတ္တံ သမာဂန္တွ၊ခါတုံ ဘံ သက္ကုနော ဣတိ၊ ။

(၁၅၁) သဗ္ဗေ၊အလုံးစုံကုန်သော၊ဣမေနာဂရာဇိ၊ဤမြို့သူမြို့သား၊လူအများတို့သည်လည်း၊ သမ္မရာယ သုခတ္တိကာ၊ တမလွန်ဘဝ၌၊

ဖြစ်သောချမ်းသာကို၊အလိုရှိကြကုန်သည်ဖြစ်၍၊သမာဂမ္မ၊ညီညွှာ ဖျှဖျှ၊ စည်းဝေးပေါင်းဆုံကြကုန်၍၊ သဂ္ဂုနော၊ မြတ်စွာဘုရား၏၊ တံခါးဝ၊ထိုလက်ဝဲအောက်ခေါက်၊ စွယ်တော်မြတ်ကို၊ ပူဇယနှင့်၊ မြတ်နိုးမိုင်းအုံ ပူဇော်ကြပါကုန်၏၊ဗုဒ္ဓတိ၊ဤသို့၊ သမာဓိက္ခို၊ကောင်း စွာညွှတ်နူး၊သံတော်ဦးတင်လေ၏။

(၁၇၂) တသာမဂ္ဂသာ သောရောဇာ၊သုတွာခမ္ဘ သုဘာသိတံ။
ဒုလ္လဒ္ဓိ ပဇဟိတွာန၊ပသိဒ္ဓ ရတနတ္တယေ၊ ။

(၁၇၂) သောရောဇာ၊ထို"ဂုဟာသီဝ"မင်းသည်။တသာအမဂ္ဂသာ၊ ထိုနတ်ပွင့်ချိုသာ၊ အမတ်လိမ္မာ၏၊ သုဘာသိတံ၊ ပြည့်ညွှင်းသာ ယာ၊ ကောင်းစွာချောက်တင်အပ်သော၊ခမ္ဘံ၊ လေးနက်ခိုင်ညား၊ တ ရားစကားကို၊သုတွာ၊ကြားတော်မူရ၍၊ ဒုလ္လဒ္ဓိ၊မကောင်းယုတ်မာ၊ မိစ္ဆာအယူကို၊ပဇဟိတွာန၊ပယ်ရှားစွန့်ပစ်၍၊ ရတနတ္တယေ၊သုံးပါး မြတ်စွာ၊ရတနာ၌၊ပသိဒ္ဓ၊သဒ္ဓါပိုရို၊ကြည်ညိုတော်မူလေ၏၊

---

၁၈–တိတ္ထိ-တက္ကတွန်းတို့ကို၊တိုင်းပြည်မှနှင်ထုတ်ခြင်း။

(၁၇၃) ခေတုပုံ ကရောန္တော သောရောဇာ အစ္ဆရိယာဝဟံ။
တိတ္ထိယေ ဒုမ္မနေ ကာသိ၊သုမနေ သာဝကေ ဇနေ။ ။

(၁၇၃) သောရောဇာ၊ထို"ဂုဟာသီဝ"မင်းသည်၊ အစ္ဆရိယာဝဟံ၊ မမြင်စဘူး၊အထူးဆန်းကြယ်၊အံ့ဩဘွယ်ကိုဆောင်သော၊ခေတု ပုံ၊စွယ်တော်ခေတ်အား၊လေးမြတ်ကော်ရော်၊ ပူဇော်ခြင်းကို၊က ရောန္တော၊ပြုလျက်၊တိတ္ထိယေ၊တိတ္ထိတက္ကတွန်း,တို့ကို၊ ဒုမ္မနေ၊မရွှင် မလန်း၊ပင်ပန်းသောစိတ်ရှိသည့်တို့ကို၊အကာသိ၊ပြုတော်မူလေ၏၊ သာဝကေ၊မြတ်စွာဘုရား၏၊တပည့်သားဖြစ်ကုန်သော၊ဇနေ၊လူအ ပေါင်းတို့ကို၊သုမနေ၊ချီးမြှင့်မြှောက်တင်၊ ကြည်လင်ရွှင်လန်း၊ ချမ်း သာသောစိတ်ရှိသည့်တို့ကို၊အကာသိ၊ပြုတော်မူလေ၏။

(၁၇၄) ဇာမေ အပဟိရိကာ သဗ္ဗေ၊သဒ္ဓါနိ ဂုဏာ ဝဇ္ဇိတာ။
ထဒ္ဓါ သဌာစ ဒုပ္ပညာ၊သဂ္ဂမောက္ခ ဝိဗာဓကာ။ ။

(၁၇၄) သဗ္ဗေ၊ အလုံးစုံ ကုန်သော၊ ဇာမေ၊ ဤတိတ္ထိ တပ္ပကတွင်း, ကောင်တို့သည်။ အပဟိရိကာ၊ အနည်းငယ်မျှ။ အရှက်မရှိကြလေကုန်၊သဒ္ဓါဒိဂုဏဝဇ္ဇိတာ၊သဒ္ဓါ,တရားစသောဂုဏ်မှ၊ ကင်းကြကုန်၏၊ထဒ္ဓါစ၊ကြောက်လန့်ခြင်းကြမ်းလည်းကြမ်းထန်းကုန်၏။သဌာစ၊လွှန်လွှန်ကဲကဲ၊ စဉ်းလည်းစဉ်းလဲကြကုန်၏။ ဒုပ္ပညာစ၊အသိအလိမ္မာ၊ ဉာဏ်ပညာလည်းမရှိကြလေကုန်၊ သဂ္ဂမောက္ခဝိဗာဓကာ၊နတ်ရွာ-နိဗ္ဗာန်ကိုလည်း၊တားမြစ်တတ်ကုန်၏။

(၁၇၅) ဇာတိ သော ဝိန္တယိတွာန၊ဂုဟာသီဝေါ နရာဓိပေါ။
ပဗ္ဗာဇေသိ သကာရဋ္ဌာ၊နိဂဏ္ဌေတေ အသေသတော။ ။

(၁၇၅) ဇာတိ၊ဤသို့၊ဝိန္တယိတွာန၊ကြံစည်တော်မူ၍၊ဂုဟာသီဝေါ၊ “ဂုဟာသီဝ” အမည်ရှိသော။ သောနရာဓိပေါ၊ ထိုမင်းမြတ်သည်၊ တေနိဂဏ္ဌေ၊ထိုဒိမိဆရာ၊ယုတ်မာဆိုးသွမ်း၊တက္ကတွင်း,တို့ကို။ အသေသတော၊အကြွင်းမဲ့၊သကာရဋ္ဌာ၊မိမိပိုင်စံ၊တိုင်းနိုင်ငံမှ၊ပဗ္ဗာဇေသိ၊ထောင်းထုရိုက်ပုတ်၊နှင်ထုတ်လေ၏။

---

၁၉—တိတ္ထိ-တို့သည်ရန်ညှိုးဖွဲ၍၊ပါဋလိပုတ်ပြည်-ပဏ္ဍုမင်းထံ၌၊ ဂုံးချောစကားပြောကြားခဏ်း။

(၁၇၆) တေ အာဇာတံ ဝိဗန္ဓိတွာ၊ဂန္တွာ ပါဋလိပုတ္တကံ၊
ရာဇာန မုပသင်္ကမ္မ၊ပေသုညာ မကာရုံ တဒါ။ ။

(၁၇၆) တဒါ၊ထို-တိုင်းပြည်မှ နှင်ထုတ်လိုက်သောအခါ၌၊တေ၊ထိုအဝတ်မဆီး၊ချည်းနှီးဗလာ၊ တိတ္ထိဆရာတို့သည်၊ အာဇာတံ၊ ဒေါသပွါးတိုး၊ရန်ညှိုးရန်စကို၊ဝိဗန္ဓိတွာ၊ဖန်နှင့်ကြဟဲ၊ ဖွဲကြိုးဖွဲ၍၊ ပါဋလိပုတ္တကံ၊“ပါဋလိပုတ်” ဟု၊သမုတ်ရေးလည်း၊ မြို့တော်ပြည်သို့၊

ဂတ္တွာ၊သွားကြကုန်၍။ရာဇာနံ၊ဒေါသထန်ပြင်း။"ပဏ္ဍု"မင်းသို့၊ဥပသင်္ကမ္မ၊ ချဉ်းကပ်ကြကုန်၍။ ပေသုညံ၊ မဟုတ်မမှန်၊ ကြံဖန်သွယ်ဝိုက်။ကုံးတိုက်ခြင်းကို။အကရုံ၊ပြုကြလေကုန်၏။

(၁၇၇) တုယှံ သာမန္တဘူပါလော၊ဂုဟာသိဝေါ နမဿတေ။
ဒေဝေ တုမှေပတိ နိန္ဒန္တော၊ဆဝဏ္ဍ ဝန္ဒတေ အုတိ။ ။

(၁၇၇) ဒေဝ၊ မင်းမြတ်။ တုယှံ၊ သင်မင်းမြတ်၏။ သာမန္တဘူပါလော၊အနီးပိုင်စား။ မင်းတပါးဖြစ်သော၊ဂုဟာသိဝေါ၊ "ဂုဟာသိဝ" မင်းသည်၊တုမှေပတိ၊အရှင်မင်းမြတ်တို့သည်။နမဿတေ၊ကိုးကွယ်ဆည်းကပ်၊ရှိခိုးအပ်ကုန်သော။ ဒေဝေ၊ပြဟ္မာ-ဗိဿနိုး၊ တန်းခိုးကြီးမား။နတ်အများတို့ကို။ နိန္ဒန္တော၊ ချိုးချိုးပွဲပွဲ။ ကဲ့ရဲ့ရှုတ်ချလျက်။ဆဝဏ္ဍ၊ကြက်သရေကောင်းကွာ။ မင်္ဂလာမတိုး။လူသေရိုးကို။ ဝန္ဒတေ၊ရှိသေလေးမြတ်။ရှိခိုးအပ်ပါ၏။ဇုတိ၊ဤသို့။ပေသုညံ၊ချောပစ်ကုံးတိုက်ခြင်းကို။အကရုံ၊ပြုကြလေကုန်၏။

---

၂၀–"ပဏ္ဍု"မင်းသည်၊တိတ္ထိတို့ကုံးချောသေးစကားကိုယုံကြည်၍၊
"ဂုဟာသိဝ"မင်းကိုဘမ်းဆီးရန်စေလွှတ်ခြင်း။

(၁၇၈) တဒါရာဇာ မဟာတေဇော၊ဇမ္ဗူဒီပဿ ဣဿရော။
ပဏ္ဍုနာမော မဟာသေနော၊အာသိကောဝဝသာနုဂေါ။ ။

(၁၇၈) တဒါ၊ထိုအခါ၌။ ဇမ္ဗူဒီပဿ၊ဇမ္ဗူဒိပ်ကျွန်းအလုံးကို။ ဣဿရော၊ အာဏာလွှမ်းမိုး၊ အစိုးရသည်ဖြစ်၍။ မဟာတေဇော၊ထက်မြက်သောတန်းခိုးရှိသော။မဟာသေနော၊များသောစစ်သည်ဗိုလ်ထု ရှိသော။ ကောဝဝသာနုဂေါ၊ အမျက်၏ နောက်၊ အစဉ်လျှော်၍၊ယွင်းဖေါက်လိုက်စားတတ်သော။ပဏ္ဍုနာမော၊"ပဏ္ဍု" အမည်ရှိသောမင်းသည်။အာသိ၊ပိုင်အုပ်စိုးစွပ်၊ဖြစ်လတ်လေပြီ။

(၁၇၉) သုတ္ဝာန ဝစနံ တေသံ၊ရာဇာ ကောဓဂ္ဂိပိဠိတော၊
သူရံ သာမန္တဘူပါလံ၊ပိတ္တယာန မဝ ဖြဝိ။ ။

(၁၇၉) အထ၊ထိုဂုံးချောစကား၊ပြောကြားသောအခါ၌၊ရာဇာ၊ပညာဉာဏ်ကင်း၊"ပဏ္ဍု"မင်းသည်၊တေသံ၊ထိုတိတ္ထိတက္ကတွန်းတို့၏၊ ဝစနံ၊မဟုတ်တန်းဝါး၊ ဂုံးချောသောစကားကို၊ သုတွာ၊နားကြားလတ်သည်ရှိသော်၊ ကောဓဂ္ဂိဝိဋ္ဌိတော၊ ကောဓ,မီးသည်၊ ဖိစီးနှိပ်စက်အပ်သည်ဖြစ်၍၊ စိတ္တယာနံ၊"စိတ္တယာန''အမည်ရှိသော၊ သူရဲ၊ကြောက်ရွံ့ခြင်းကင်း၊လွှန်ရဲတင်းသော၊သာမန္တဘူပါလံ၊အနီးပိုင်စား၊မင်းတပါးကို၊အဖြိုဝ်၊အမိန့်တော်မြွတ်၊ချမှတ်လေ၏။

(၁၈၀) ကလိင်္ဂရဋ္ဌံ ဂန္တွာန၊ဂုဟာသီဝံ မိဓာနယ။
ပူဇိတံ တံ ဆဝဏ္ဏံ စ၊ဘောန ရတ္တိန္ဒိဝံ ဇုတိ။ ။

(၁၈၀) စိတ္တယာန၊"စိတ္တယာန"မင်း၊တွဲ၊သင်သည်၊ ကလိင်္ဂရဋ္ဌံ၊"ကလိင်္ဂ"တိုင်းပြည်သို့၊ဂန္တွာန၊သွားး၍၊ ဂုဟာသီဝဥ္စ၊"ဂုဟာသီဝ"မင်းကိုရင်း၊တေန၊ထို"ဂုဟာသီဝ"မင်းသည်၊ရတ္တိန္ဒိဝံ၊ညဉ့်နေ့ ◌်တလုံး၊ ပူဇိတံ၊ ရှိသေလေးမြွတ်၊ ပူဇော်အပ်သော၊ တံဆဝဏ္ဏံ စ၊ ထိုကြက်သရေကင်းဘွာ၊ မင်္ဂလာမတိုး၊လူသေရိုးကိုရင်း၊ဇုတိ၊ ဉာဏ်ငါးဖြာရှေမျှောက်၊ ထံတော်အောက်သို့၊အာနယ၊အမိန့်တော်ပြန်၍၊အမြန်နှောင်ဖွဲ့၊ဆောင်ခဲ့လေလော။

(၁၈၁) တဒါကောဓာဘိဘူတေန၊သာမန္တေန တေန ပေသိတော၊
စိတ္တယာနေန ဂတော ဒါဌံ၊ဂုဟာသီဝဥ္စ အာနိတုံ။ ။

(၁၈၁) တဒါ၊ ထိုအခါ၌၊ ကောဓာဘိ ဘူတေန၊ ကောဓ,တရားသည်၊လွှမ်းမိုးနှိပ်စက်အပ်သော၊တေန၊ထို"ပဏ္ဍု"မင်းသည်၊ ပေသိတော၊ အမိန့်ချမှတ်၊ စေလွှတ် အပ်သည်ဖြစ်၍၊ စိတ္တယာနေ၊"စိတ္တယာန"အမည်ရှိသော၊သာမန္တော၊ အနီးထံရင်း၊ လက်အောက်မင်းသည်၊ ဒါဌဥ္စ၊ လက်ဝဲအောက်ဓာတ်၊ စွယ်တော်မြွတ်ကိုရင်း၊ ဂုဟာသီဝဥ္စ၊"ဂုဟာသီဝ''မင်းကိုရင်း၊အာနိတုံ၊ဘမ်းဆီးချည်နှောင်၊ဆောင်ယူခြင်းငှါ၊ဂတော၊ထွက်သွားလေ၏။

(၁၈၂) ဂတွာန သော မဟိပါလော၊ သေနင်္ဂေဟိ ပုရက္ခတော၊
ဒန္တပုရသာ ဝိဒ္ဓူရေ၊ ခန္ဓာဝါရံ ဘိသံရိ၊ ။

(၁၈၂) သောမဟီပါလော၊ ထို“ဝိဇ္ဇယာန”အမည်ရှိသော-မင်းသည်။ သေနင်္ဂေဟိ၊ စစ်အင်္ဂါလေးပါးတို့ဖြင့်။ ပုရက္ခတော၊ ဝန်းကျင်ခြံရံ ဖွည့်ပတ်၊ ခြံရံအပ်သည်ဖြစ်၍။ ဂတွာန၊ စစ်မောင်းဆော်နှက်၊ မြို့မှထွက်၍၊ ဒန္တ ပုရသာ၊ ဒန္တ ပုရီ၊“ကာလိင်္ဂ”ပြည်၏။ အဝိဒူရေ၊ မဝေးမကမ်း၊ ဘူရသောစခမ်း၌။ ခန္ဓာဝါရံ၊ ခေတ္တစံမြန်း သစ်ခက်နန်းကို။ အဘိသံရိ၊ ဆောက်လုပ်ပြုပြင်၊ စီရင်လေ၏။

(၁၈၃) တဒါသော ဂုဟာသိဝေန၊ ပါဘတေဟိ သုတောသိတော၊
ဟိတဇ္ဈာသယတံ ဉတွာ၊ ပုရံ သေနာယ ပါဝိသိ၊ ။

·(၁၈၃) တဒါ၊ ထိုတဲနန်းပျော် ရှင်နေစဉ် အခါ၌။ သော၊ ထို“ဝိဇ္ဇယာန”အမည်ရှိသောမင်းသည်။ ဂုဟာသိဝေန၊ “ဂုဟသိဝ”၊ နရသေဌ်နင်း၊ တရားမင်းသည်။ ပါဘတေဟိ၊ ဘိုးထိုက်ဘဏ္ဍာ၊ ရတနာလက်ဆောင်တို့ဖြင့်။ သုတောသိတော၊ သိုင်းဝိုင်းနှုံးလှိမ့်၊ မိတ်စိမ့်အောင်၊ နှစ်သိမ့်စေအပ်သည်ဖြစ်၍။ ဟိတဇ္ဈာသယတံ၊ အကျိုးစီးပွါး၊ များပြားမေ့မိ၊ အလိုရှိသည့်အဖြစ်ကို။ ဉတွာ၊ ဆင်ခြင်နှိုင်းဆ၊ သိရသောကြောင့်။ ပုရံ၊ “ဒန္တ ပုရီ” တိုင်းရွှေပြည်သို့။ သေနာယ၊ စစ်သည်ဗိုလ်ပါနှင့်။ သဟ၊ အတူတကွ။ ပါဝိသိ၊ ဝင်ဘော်မူလေ၏။

---

၂၁—ဂုဟာသိဝမင်းသည်-ဘုရားဂုဏ်ကိုချီးငြ့၍၊ ဘမ်းဆီးရန်လာသော “ဝိဇ္ဇယာန”မင်းအား၊ စွယ်တော်တိုက်သို့ခေါ်ဆောင်ခန်း။

(၁၈၄) ရာဇဂေဟံ ပဝိဋ္ဌောသာ၊ သောဝိကို ပဏ္ဍုသာသနံ၊
သုတွာ မုခပသန္နော သော၊ ဂုဏံဝဏ္ဏေသိ သတ္ထုနော။ ။

(၁၈၄) ရာဇဂေဟံ၊ မင်းမြတ်စံပျော်၊ ရွှေနန်းတော်သို့။ ပဝိဋ္ဌော၊ ဝင်သော။ သော၊ ထို“ဝိဇ္ဇယာန”မင်းသည်။ ပဏ္ဍုသာသနံ၊ “ပဏ္ဍု” မင်း၏၊ ကြောင်းရင်းဖြစ်ပွါး၊ သတင်းစကားကို။ အသ၊ ထို“ဂုဟာ

ဝ''မင်းအား၊ အာစိက္ခိ၊ သိထင်ရှားအောင်၊ ပြောကြားလေ၏။ သော၊ ထို "ဂုဟာသီဝ" မင်းမြတ်သည်၊ သုတွာ၊ ဖြစ်ပုံကြောင်းရာ၊ သိသာထင်ရှား၊ ကြားတော်မူ၍၊ မုခပသန္နော၊ ဧဥ်းငယ်ပြုံး ရွှင်၊ ကြည်လင်သောမျက်နှာရှိသည်ဖြစ်၍၊ သဏ္ဌာနော၊ မြတ်စွာဘုရား၏၊ ဂုဏ်၊ များပြားဖုံဖုံ၊ ကျေးဇူးဂုဏ်ကို၊ ဝဏ္ဏေသိ၊ ဖေါ်ထုတ်ညွှန်း၍၊ ချီးမွမ်းတော်မူလေ၏။

(၁၇၅) သဗ္ဗလောက ဟိတတ္ထာယ၊ မံသ နေတ္တာဒိ ဒါနတော၊
အနေကကပ္ပေ သမ္ဘာရေ၊ သမ္ဘရိတွာ အတန္ဒိတော။ ။

(၁၇၆) ဓေတွာ နမုစိနော သေနံ၊ ပတွာ သမ္ဗောသဝ ကွယံ၊
အနာဝရဏဉာဏေန၊ သဗ္ဗဓမ္မေသု ပါရဂူ၊ ။

(၁၇၅ ၁၇၆) ယောဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်၊ အနေက-ကပ္ပေ၊ တပါးမက၊ များလှစွာသောကမ္ဘာတို့၊ ကာလပတ်လုံး၊ သဗ္ဗလောကဟိတတ္ထာယ၊ လုံးစုံများစွာ၊ သတ္တဝါတို့၏၊ အကျိုးစီးပွါးအလို့ငှါ၊ မံသနေတ္တာဒိဒါနတော၊ အသားတော်-မျက်လုံးတော်-အစရှိသည်တို့ကို၊ စွန့်ကြဲပေးကမ်း၊ လှူဒါန်းခြင်းအားဖြင့်၊ အတန္ဒိတော၊ တွန့်တိုပျင်းရိခြင်းမရှိဘဲ၊ သမ္ဘာရေ၊ သဗ္ဗညုတဉာဏ်၏၊ အဆောက်အဦးဖြစ်သော ပါရမီတော်တို့ကို၊ သမ္ဘရိတွာ၊ ဖြည့်ကျင့်ဆည်းပူးတော်မူ၍၊ နမုစိနော၊ မာရ်နတ်မင်း၏၊ သေနံ၊ စစ်သည်ဗိုလ်ထု၊ ရဲမက်ပုကို၊ ဓေတွာ၊ ဒုတ်ထားမဆောင်၊ ကြိုးမနှောင်ဘဲ၊ အောင်တော်မူပြီး၍၊ သမ္ဗောသဝကွယံ၊ အလုံးစုံသော၊ အာသဝေါတရားတို့၏-ကုန်ခန်းခြင်းသို့၊ ပတွာ၊ ရောက်တော်မူ၍၊ အနာဝရဏဉာဏေန၊ အပိတ်အပင်၊ အဆီးအတားမရှိသော၊ ဉာဏ်တော်ဖြင့်၊ သဗ္ဗဓမ္မေသု၊ ကြွင်းမဲ့ဥဿုံ၊ အလုံးစုံသောတရားတို့၌၊ ပါရဂူ၊ သိမြင်ထွင်းပေါက်၊ ဘက်ကမ်းသို့-ရောက်တော်မူပေ၏။

(၁၇၇) ဒိဌဓမ္မ သုခဿာဒံ၊ ဒံ ဂဏောတွာန အတ္တနော၊
ဓမ္မနာဝါယ တာရေသိ၊ ဇနတံ ယော ဘဝဏ္ဏဝါ၊ ။

(၁၈၇) ယောဘာဂဝါ၊ အကြင်မြတ်စွာ ဘုရားသည်၊ အတ္တနော၊ ကိုယ်တော်မြတ်၏၊ ဓိဌ္ဌဓမ္မသုခသဿာဒံ၊ မျက်မှောက်ပစ္စုပ္ပန်၊ လက်ငင်းဓိဋ္ဌဖြစ်သောချမ်းသာ၌၊ သာယာခြင်းကို၊ အဂဏေတွာန၊ ရှုမြှော်၍ကွက်၊မရေတွက်မူ၍။ ဓမ္မနာဝါယ၊ မဂ္ဂင်ရှစ်ပါး၊ တရားအကျင့်တည်းဟူသော၊ သဘော်ာ-လှေဖြင့်၊ ဇနတံ၊ သံသာ-သမုဒ်၊ ဝဲဇလုတ်၌၊နစ်မြုပ်ကြသူ၊နတ်လူဗြဟ္မာ၊ သတ္တဝါအပေါင်းကို။ ဘဝဏ္ဏဝါ၊ဘဝသုံးဖြာ၊သံသာသမုဒ်၊ ရေအစုတ်မှ။တာရေသိ၊ ထုတ်နုတ်ယူငင်၊ကယ်တင်တော်မူပေ၏။

(၁၈၈) ဒေဝါတိဒေဝံ တံ ဇုန္ဒံ၊သရဏံ သဗ္ဗပါဏိနံ၊
ဇနော ဟိ အဝဇာနန္တော၊အန္ဓေါ သော ဝဋ္ဋေ ဘမတိ၊ ။

(၁၈၈) ဒေဝါတိဒေဝံ၊နတ်တကာတို့ထက်မြတ်သော၊ နတ်မင်းကြီးအစစ်၊ ဖြစ်တော်မူထသော၊ သဗ္ဗပါဏိနံ၊အလုံးစုံသော သတ္တဝါတို့၏။ သရဏံ၊ တောင်ကြီးပမာ၊ ကိုးကွယ်ရာလည်းဖြစ်တော်မူထသော။တံဇုန္ဒံ၊ထိုသို့ဂုဏ်ထူး၊ ကျေးဇူးများဖြင်၊ ဘုရားရှင်ကို။ ဝါ၊ ထိုသုံးလူ့ထွတ်တင်၊ ဘုရားရှင်၏၊ များဖြင်ကြော်ကြူး၊ ဂုဏ်ကျေးဇူးကို။ အဝဇာနန္တော၊ မောဟ,မိ၍၊ မသိမမြင်သော။သောဇနော,ဟိ၊ ရောင်ရမ်းပိုးဝါး၊ထိုလူများကိုသာလျှင်။တေဟိ၊ထိုတိတ္ထိ-တက္ကတွန်း,တို့သည်။အန္ဓေါ၊မချွတ်။ဝဋ္ဋေ၊တော၊သွေးဆောင်ထပ်ထပ်၊ လှည့်ပတ်အပ်ပါ၏။ဘမတိ၊ဤသို့။အဖြင့်၊ပြောဆိုလေ၏။

(၁၈၉) တဒါသုတ္တာန သော တေန၊ထောမိတံ သဗ္ဗူဝဏ္ဏနံ၊
အာနန္ဒသာပ္ပဗန္ဓေဟိ၊ပဝေဒေသိ ပသန္နတံ၊ ။

(၁၈၉) တဒါ၊ထိုအခါ၌။ တေန၊ ထို"ဂုဟာသိဝ"၊ နရသေဋ္ဌနင်း၊ တရားမင်းသည်၊ ထောမိတံ၊ သန္ဒါလွှန်ကဲ၊ ချီးဖွဲ့အပ်သော။သဗ္ဗူဝဏ္ဏနံ၊သုံးဘုံထင်ရှား၊ မြတ်ဘုရား၏၊ များပြားဖုံဖုံ၊ ကျေးဇူးဂုဏ်ကို။သုတွာန၊ ကြား၍ရ၍။ သော၊သို"စိတ္တယာန"အမည်ရှိသောမင်းသည်။ အာနန္ဒသာပ္ပဗန္ဓေဟိ၊ နှစ်သက်ရွှင်လန်း၊ ဝမ်းမြှောက်သော

စိတ်အစဉ်တို့ဖြင့်၊ ပသန္နတံ၊ သုံးပါးမြတ်စွာ၊ ရတနာဒွါ၊သဒ္ဒါပိုရှိ၊ ကြည်ညိုသည့်အဖြစ်ကို၊ပဝေဒေသိ မြွက်ဖော်ထင်ရှား၊ ပြောကြားလေ၏။

(၁၉၀) တတော တံ ဂုဟာသိဝေါ သော၊အာမန္တေတွာ နရာဓိပံ၊
နာနာရတန သံကိဏ္ဏံ၊ အဂမာ ခါတုမန္ဒိရံ။ ။

(၁၉၀) တတော၊ ထိုနောက်မှ၊ သော၊ ထို"ဂုဟာသိဝ"မင်းမြတ်သည်၊တံနရာဓိပံ၊ထို-တမြို့ဖျော်စံ၊တမန်မင်းကို၊အာမန္တေတွာ၊ ခေါ်ဆောင်၍၊နာနာရတန သံကိဏ္ဏံ၊ အသွေးထွေးသောရတနာ ရောင်တို့ဖြင့်၊ပြောင်ပြောင်ယှက်သန်း၊ရောပြွမ်းတောက်ပသော၊ခါတုမန္ဒိရံ၊ စွယ်တော်ခါတ်မြတ်၊ ကိန်းဝပ်စံမြန်း၊ပြာသာဒ်နန်းသို့၊ အဂမာ၊နှစ် ယောက်တူရုံ၊သွားကြလေကုန်၏။

---

၂၂—"ဓိတ္တယာန"မင်းသည် စွယ်တော်မြတ်၏တန်ခိုးတော်ကို၊ ဖူးမြော်ရသဖြင့်၊ကြည်ညိုနှစ်သက်တော်မူခဏ်း။

(၁၉၁) ဟရိစန္ဒန သမ္ဘူတံ၊ဒွါရဗာဟာဒိကောဟိစ။
ပဝါဠ မဏိမာလာဟိ၊လမ္ဗမုတ္တာ လတာဟိစ။ ။
(၁၉၂) ဇာနူနီလ ကဝါဋေဟိ၊မဏိ ကိင်္ကိဏိကာဟိစ။
သောဏ္ဏဘိတ္တိ မာလာဟိစ၊သောဘိတံ မဏိထူပိကံ။ ။
(၁၉၃) ဥဠာရဝေဠုရိယံ ထမ္ဘံ၊ဆဒနံ မကာရာကုလံ၊
ခါတုမန္ဒိရ မဒ္ဒက္ခိ၊ရာဇာနုဇ္ဈလ ပိဌကံ။ ။

(၁၉၁-၁၉၂-၁၉၃) ဟရိစန္ဒနသမ္ဘူတံ၊ စန္ဒကူးနှစ်မှ၊ ကောင်းစွာဖြစ်သော၊ဒွါရဗာဟာဒိကေဟိစ၊ချောမွေ့ညီညာ၊ ကောင်းစွာ့ပွဲ နှောင်၊တံခါးဘောင်-တံခါးပွဲ၊ အစရှိသည်တို့ဖြင့်၎င်း၊ ပဝါဠမဏိ မာလာဟိစ၊ဘိန်ပြောင်ဝင်းဝါ၊လွန်စွာဘင့်ဆန်း၊ သန္တာပန်းမြာန်း တို့ဖြင့်၎င်း၊ လမ္ဗမုတ္တာလတာဟိစ၊ တင့်တယ် ဝေဖါ၊ ရှည်လျား ယှက်သွယ်၊ ပုလဲနွယ်တို့ဖြင့်၎င်း၊ ၊ဇာနူနီလကဝါဋေဟိစ၊ ဇာနူနီ

လာ၊ရတနာ့ရောင်။ ပြောင်ပြောင်ဝင်းလက်၊ တံခါးရွက်တို့ဖြင့်၎င်း၊ မဏိကိုဋ္ဌာဂါရကာပဟိစ၊ ပတ္တမြားဆည်းလည်း၊ ရွှေဆည်းလည်းတို့ဖြင့်၎င်း။ သောဏ္ဏဘိတ္တိမာလာဟိစ၊ ရွှေသားတင့်ဆန်း၊ နံရံပန်းတို့ဖြင့်၎င်း၊သောဘိတံ၊ပြုပြင်ခြယ်လှယ်၊တင့်တယ်ထသော၊ မဏိထူပိကံ၊တုဘာက်ကင်းလွတ်။ ပတ္တမြားအထွတ်လည်းရှိထသော၊ ။ ဥစ္စံ၊မြင့်သော။ဝေဠုရိယံထမ္ဘံ၊ကြောင်မျက်ရွဲတိုင်ဖြင့်၊ မြှုပ်တွဲဘွယ်သည့်လည်း၊ ခြယ်စီသော တိုင်လည်း ရှိထသော၊ မကာရကုလ်ဆဒန်၊မကာရ်းလိန်-မကာရ်းသွား တို့ဖြင့်၊ ဆန်းပြား ထွေးယှက်သော၊ အမိုးလည်းရှိထသော။ခါတုမန္တိရံစ၊ဗွယ်တော်ကိန်းဝပ်။ နန်းပြာသာဒ်ကို၎င်း။ရတနုဇ္ဇလပိဠကံစ၊ စိန်ရောင်-မြရောင်။ ပြောင်ပြောင်ဝင်းလျှပ်၊ အခင်းပျဉ်မြတ်ကို၎င်း။အဒ္ဒက္ခိံ၊မျက်ဝါးထင်ထင်။တွေ့မြင်ရလေ၏။

(၁၉၄) တတော သေတာတပဏ္ဏသ၊ ပေါဟဒွာ ရတနစိတ္တိတံ၊
ဒိသွာ ခါတု ကရဏ္ဍူ၊ တုဋ္ဌော ပိဟယ မဏ္ဍူ..ါ၊ ။

(၁၉၄) တတော၊ထိုနောက်မှ၊သေတာတပဏ္ဏသ၊မင်္ဂလာထီးဖြူတော်၏။ပေါဟဒွာ၊အောက်၌။ ရတနစိတ္တိတံ၊ ရတနာ့ရောင်အမျိုးမျိုးတို့ဖြင့်။ ခြယ်လှယ်ယှက်သန်း။ ဆန်းကြယ် လှစွာသော၊ ခါတုကရဏ္ဍူ၊ခါတ်တော်ကြုပ်ကိုလည်း၊ ဒိသွာ၊ မြင်ရပြန်သောကြောင့်။ တုဋ္ဌော၊နှစ်သက်ဘွယ်သည်ဖြစ်၍၊ ပိဟယံ၊လက်ပစ်ဝှဲတီး။ အံ့ချီးခြင်းသို့။အစ္ဆရိ၊ရောက်တော်မူလေ၏။

(၁၉၅) တတော ကလိင်္ဂနာထော သော၊ဝိဝရိတွာ ကရဏ္ဍကံ၊
မဟီတလေ နိပတိတွာန၊ဒက္ခိဏံ စာဏုမဏ္ဍလံ၊ ။
(၁၉၆) အဉ္စလိံ ပဂ္ဂဟေတွာန၊နုသရိတွာ ဇဟုံ ဂုဏံ၊
သဗ္ဗညုနော ဒသနဓ္ဓာယ၊အာယာစိ ပါဒိုဟာဒိယံ၊ ။

(၁၉၅-၁၉၆) တတော၊ထိုနောက်မှ၊သော ကလိင်္ဂနာထော၊ ထို-"ဂုဟာသီဝ"၊ကလိင်္ဂ,ရာဇာသည်။ကရဏ္ဍကံ၊ ဗွယ်တော်ကိန်းရာ။ ရတနာရွှေကြုပ်ကို၊ ဝိဝရိတွာ၊ဖွင့်လှစ်ပြီး၍၊ ဒက္ခိဏံ စာဏုမဏ္ဍလံ၊

လက်ျာပုဆစ်ဒူးဝန်းကို။မဟီတလေ၊မြေအပြင်၌၊ နိပါတ်သွာန၊ ထောံ၍။ ။အဥ္စလိ ၊လက်အုပ်ကို၊ပဂ္ဂဟေတွာန၊ ချီမြှောက်၍၊ ဗဟုံ၊တပါး မက၊များလှစွာသော၊ဂုဏံ၊မြတ်စွာဘုရား၏၊ထင်ရှားကြောင်ကြွး။ ဂုဏ်ကျေးဇူးကို၊ အနုဿရိတွာ၊ဖန်ဖန်စေ့စေ့၊ အောက်မေ့တော်မူ၍၊ပါဠိဂါထာရိယံ၊တန်ခိုးပြာဋိဟာကို၊ ဒဿနဠာယ၊ ပြတော်မူရန် အကျိုးငှါ၊ သတ္ထုနော၊ မြတ်စွာ ဘုရားအား၊ အာယာစိ၊ ရှိခိုး ဝပ် ညောင်း၊တောင်းပန်လေ၏။

(၁၉၇) ကဒါ ဒါဌာ မုနိန္ဒဿ၊ဉဂ္ဂတွာ ဂဂနံ တလံ၊
ပုဏ္ဏစန္ဒောဝ ဝိဿဇ္ဇိ၊ဓာလာ သုဘာ ရံသိယော။ ။

(၁၉၇) ကဒါ၊ထို-တန်းခိုးပြရန်၊တောင်းပန်သောအခါ၌၊မုနိန္ဒဿ၊ မုနိဉက္ကဌ်၊ ဘုရားမြတ်၏၊ ဒါဌာ၊လက်ဝဲအောက်ခေါ်၊ စွယ်တော်မြတ်သည်၊ ဂဂနံတလံ၊ မိုဃ်းတိမ်ကင်းစင်၊ ကောင်းကင်ပြင်သို့၊ ဉဂ္ဂတွာ၊ခေါင်လျှံင်းသက်၊ပြန်တက်တော်မူ၍၊ ပုဏ္ဏစန္ဒောဝ၊ညစ်ကြေးမစွန်း၊ လပြည့်ဝန်းကဲ့သို့၊ ဓာလာ၊ သန့်ရှင်းကြည်လင်၊ ပြုစင်ကုန်သော၊ သုဘာရံသိယော၊ မမြင် စဘူး၊ အထူးဆန်းကြယ်၊ တင့်တယ်သောခေါင်ခြည်တော်တို့ကို၊ဝိဿဇ္ဇိ၊လွှတ်တော်မူလေ၏။

(၁၉၈) ပသာဒနီယ မဒ္ဒေရံ တံ၊ဝိတ္တာယနော တဒိက္ခိယ၊
တုဒ္ဓော ဗိမ္ဗိမလံ ဟိတွာ၊သမ္မုဋ္ဌိံ သရဏံ ဂတော။ ။

(၁၉၈) ဝိတ္တာသာနော၊"ဝိတ္တာသာန"မင်းသည်၊ ပသာဒနီယံ၊သဒ္ဓါ ပိုမိုကြည်ညိုလိုက်သော၊ တံအဒ္ဒေရံ၊ ထို-သို့ဆန်းကြယ်၊ အံ့ဩဘွယ်ကို၊ ဓဒိက္ခိယ၊ကိုယ်တိုင်ဒိဋ္ဌ၊ဖူးမြင်ရ၍၊ ဘုဒ္ဓော၊ နှစ်သက်ရွှင်လန်း၊ဝမ်းမြောက်သည်ဖြစ်၍၊ဒိဗ္ဗိမလံ၊ရှေးကယူသိ၊ ဒိဋ္ဌိမှုမှေး၊ညစ်အကြေးကို၊ဟိတွာ၊လုံးလုံးမကျန်၊ပယ်လှန်စွန့်ပစ်၍၊ သမ္မုဋ္ဌိံ၊သဗ္ဗာ လေးပါး၊ပိုင်းခြားသိမြင်၊ဘုရားရှင်ကို၊ သရဏံ၊ယုံကြည်လေးမြတ်၊ ကိုးကွယ်ဆည်းကပ်ခြင်းသို့၊ဂတော၊ရောက်တော်မူလေ၏။

## ၂၃—ဂုဟာသီဝမင်းသည်၊စွယ်တော်ကိုပင့်၍ပါဋလိပုတ်ပြည်သို့လိုက်သွားခန်း။

(၁၉၉) တတော ကာလိင်္ဂနာထသာ၊စိတ္တယာနော ပဝေဒယိ၊
ဒုရတိက္ကမ မေတာသ၊ပဏ္ဍုနော ခရသာသနံ။ ။ ။

(၁၉၉) တတော၊ ထိုနောက်မှ။ စိတ္တယာနော၊ "စိတ္တယာန"မင်းသည်။ပဏ္ဍုနော၊ "ပဏ္ဍု" အမည်ရှိသော။ တေသာ၊ ထို-အာဏာထန်ပြင်း။ တိတ္တိမင်း၏၊ ဒုရတိက္ကမံ၊ မလိုက်နာဘဲ၊ လွန်ဆန်နိုင်ခဲသော၊ ခရသာသနံ၊ စွယ်တော်နှင့်မင်း။ ချက်ခြင်း ရှေ့မှောက်။ အရောက်ဆောင်ချေ။ ခိုင်းစေဆိုးဝါး။ သတင်းစကားကို။ ကာလိင်္ဂနာထသာ၊"ကာလိင်္ဂ"သေဌ်နင်း၊တရားမင်းအား၊ ပဝေဒယိ၊ပြောကြားလေ၏။

(၂၀၀) သုတ္တာဝတွာ စိတ္တယာနသာ၊ဝစနံ ဂမိတုံ တဒါ။
ဂုဟာသီဝေါ သောဓပေသိ၊မဂ္ဂံ ပါဋလိပုတ္တကံ။ ။

(၂၀၀) တဒါ၊ ထိုအခါ၌။ ဂုဟာသီဝေါ၊ "ဂုဟာသီဝ" မင်းမြတ်သည်။စိတ္တသာနသာ၊ "စိတ္တယာန"မင်း၏။ဝစနံ၊ တဆင့်ပြန်ကြား။အမိန့်စကားကို၊ သုတ္တာဝတွာ၊ ကြားတော် မူရ၍။ ပါဋလိပုတ္တကံ၊ "ပါဋလိပုတ်" ဟု၊ သမုတ် ထူလည်း၊ မြို့ရွှေပြည်သို့၊ ဂမိတုံ၊ စွယ်တော်ပင့်၍၊အရှင့်ထံမှောက်။သွားရောက်ခြင်းငှါ၊ မဂ္ဂံ၊လမ်းခရီးကို၊ သောဓပေသိ၊မိန့်ခွန်းထုတ်ချေ၊သုတ်သင်စေ၏။

(၂၀၁) ဂဟေတွာ သိရသာ ရာဇာ၊ဓာတုံကရဏ္ဍကံ ရထံ၊
စိတ္တတ္ထရဏာ မာရုယှ၊ယုဝဘာကာရ သန္နိဘံ၊ ။
(၂၀၂) ဂန္ထန္တော သဟ သေနာယ၊မဟောသက္ကာရ မဟာသုရာ။
နာနာဝတ္ထုဟိ ပူဇေန္တိ၊သဒါမဂ္ဂေ ဝနန္တရေ၊ ။

(၂၀၁-၂၀၂) ရာဇာ၊"ဂုဟာသီဝ"မင်းမြတ်သည်။ ဓာတုကရဏ္ဍကံ၊စွယ်တော်ထည့်အုပ်။ရတနာကြုပ်ကို၊ သိရသာ၊ ဦးခေါင်းရတ

နာဖြင့်။ဂဟေတွာ၊ချိမြှောက်လွယ်ကျူ။ ပင့်ဆောင်ယူ၍။ စိတ္တတ္ထရ ထံ၊ဆန်းကြယ်သောအခင်းရှိသော။ ယုဝဘာကာရသန္တိဘံ၊ ထွက် သစ်စနေလုလင်နှင့်တူသော။ရထံ၊ မင်္ဂလာ,ရထားထက်သို့။ အာရု ယှ၊တက်စီးတော်မူ၍။ ။သေနာယ၊ ဆင်-မြင်းရထား။ ခြေသည် အားဖြင့်။လေးပါးသောစစ်သည်နှင့်။ သဟ၊တကွ။ ဂစ္ဆန္တော၊ထွက် တော်မူလတ်သည်ရှိသော်။ ဝန္နကေရမဂ္ဂေ၊ တောမြိုင်စခမ်း။ တော- လမ်းတောခရီး၌။ မဟေသက္ခာ၊ကြီးသောတန်းခိုးရှိကုန်သော။မဟာ သုရာ၊ဘုမ္မာရက္ခ၊စရှိခကြွင်း။နတ်ခပင်းတို့သည်၊ နာနာဝဏ္ဏပုဟိ၊အ သီးသီးသောလှူဘွယ်ဝတ္ထုတို့ဖြင့်။သဒါ၊ အခါခပ်သိမ်း။ ပူဇေန္တိ၊ ပိုင်းအုံဖူးမြော်၊ပူဇော်ကြလေကုန်၏။

(၂၀၃) သုဒုက္ကမ မတိက္ကမ္မ။အန္တရိနံ တံ ကမေနသော။
ပါဝိသိ ခေတုမာဒါယ၊ပုရံ ပါဋလိပုတ္တကံ။ ။

(၂၀၃) သော၊ ထို‘‘ဂုဟာသိဝ,,မင်းမြတ်သည်။ ကမေန၊ အစဉ် အားဖြင့်။ သုဒုက္ကမံ၊ခရီးလှမ်း၍၊ စခန်းမပေါက်၊ လွန်မြောက်နိုင်ခဲ သော။တံအန္တရိနံ၊ထို–အငွန့်ခရီးကို။အတိက္ကမ္မ၊ ကျော်နင်းထွင်း ဖေါက်၊လွန်မြောက်တော်မူသည်ရှိသော်။ ဓာတုံ၊စွယ်တော်ဓာတ် မြတ်ကို။အာဒါယ၊ပင့်ဆောင်၍။ပါဋလိပုတ္တကံ၊‘‘ပါဋလိပုတ်’’အ မည်ရှိသော။ပုရံ၊‘‘ပဏ္ဍုမ’’မင်း၊ပျော်ခင်း၌ာနီ၊တိုင်းရွှေပြည်သို့။ပါ ဝိသိ၊ဝင်တော်မူလေ၏။

---

၂၄–ပဏ္ဍုမည်သောတိတ္ထိမင်းသည်၊စွယ်တော်မြတ်အား၊
မီးကျီးတွင်းသို့ပစ်ချရန်၊တိတ္ထိတို့ကိုစေခိုင်းပုံ။

(၂၀၄) တဒါ ဝိဒိတွာ သဘာဝမစ္ဆေရ၊ရာဇိန္ဒော ပဏ္ဍုနာမကော။
ဗိသွာ ဇိနဒါဌံ တံ၊ကုဒ္ဓေါဘာသိ ဒဟဂီရံကေ။ ။

(၂၀၄) တဒါ၊ ထုံ-မြို့တွင်းသို့ဝင်သောအခါ၌။ သဘာဝမစ္ဆေရ၊မင်း ခမ်းမင်းနား၊ဆန်းပြား၊ကျုံးကျယ်၊သဘောင်အလယ်၌၊ဖြတော၊ဗိတ်ထ

ဝန်းရံ၊ ညီလာခံလျက်နေသော။ ပဏ္ဍုနာမကော၊ "ပဏ္ဍု"အမည်ရှိသော။ရာဇဖိန္ဒော၊ဇမ္ဗူကျွန်းလုံး၊သိမ်းရုံးပိုင်နင်း၊ကျေးရာဇ်မင်းသည်၊ တော်ဖိနဒါဌံ၊ ထိုမြတ်စွာဘုရား၏၊ စွယ်တော်မြတ်ကို။ ဒိသွာ၊မြင်ရသည်ရှိသော်။ ကုဒ္ဓေါ၊အမျက်ဒေါသ၊ ခြောင်းခြောင်းထသည်ဖြစ်၍။အဟိရိကော၊အ ရှက်ကုန်ပြီး၊တိတ္ထိကြီးတို့ကို။ ဇုဒံ၊ ဤစကားကို။ အဘာသိ၊ပြောဆိုလေ၏။

(၂၀၅) ဝန္ဒတေ ရေထ အမှေဟိ၊ဝရဒေဝေ သိဝါဒယော၊
နိန္ဒိတွာ သဗ္ဗဒေါယေဝ၊ဆဝဋ္ဋိ တေန ဝန္ဒိတံ၊ ။

(၂၀၅) အရေ၊ အိုအချင်းတို့။ အမှေဟိ၊ ငါတို့သည်။ ဝန္ဒိတော၊ရှိသေလေးမြတ်၊ရှိခိုးအပ်ကုန်သော။သိဝါဒယော၊ မဟာသိဝ၊အစရှိကုန်သော။ ဝရဒေဝေ၊ နတ်ကောင်း နတ်မြတ်တို့ကို၊နိန္ဒိတွာ၊ကဲ့ရဲ့ရှုတ်ချ၍။ တေန၊ထို"ဂုဟာသိဝ" မင်းသည်။ ဆဝဋ္ဋိ၊ကြက်သရေကင်းကွာ၊ မင်္ဂလာမတိုး၊ လူသေရိုးကို၊ဝန္ဒိတံ၊ နေ့ညဥ့်မပြတ်၊ရှိခိုးအပ်၏။

(၂၀၆) နိက္ခိပိတွာ ဂဟေတွာတံ၊ခိပ္ပံ သဖောတိဘူတကေ။
အာဒိတ္တင်္ဂါရ ရာသိမှိ၊အရနာ ဒဟထာဇုတိ၊ ။

(၂၀၆) အရနာ၊ငါ့ရှေ့ရောက်လာ၊ ယာစုအခါ၌၊တံ၊ ထို"ဂုဟာသိဝ"၊နေ့ညမပြတ်၊ဆည်းကပ်ရိုကြိုး၊လူသေရိုးကို၊ခိပ္ပံ၊မကြာမတင်၊လျင်မြန်စွာ။ဂဟေတွာ၊ယူကြကုန်၍။ သဖောတိဘူတကေ၊ အလျှံညီးညီး၊မီးနှင့်တကွဖြစ်သော၊ အာဒိတ္တင်္ဂါရရာသိမှိ၊ အလျှံပြောင်ပြောင်၊တောက်လောင်သော-မီးကျီးစု၌၊ နိက္ခိပိတွာ၊ ပစ်ချကြကုန်၍။ဒဟထ၊ အကုန်မြိုက်အောင်၊ မီးတိုက်ကြလေကုန်လော၊ ဇုတိ၊ ဤသို့။အဘာသိ၊ပြောဆိုစေခိုင်းတော်မူလေ၏။

(၂၀၇) ဟာဋ္ဌတုဋ္ဌာ နိဂဏ္ဌာ တေ၊ပိတစ္စင်္ဂါရ ပုဉ္စကံ၊
သင်္ခရိ သုံ မဟာင်္ဂါရ၊ကာသုံ ရာဇင်္ဂဏေ တဒါ၊ ။

(၂၀၇) တဒါ၊ ထို-စေခိုင်းသောအခါ၌။ တေနိဂဏ္ဍာ၊ ထို-ရန်ညိုး လက်ရှိ၊တိတ္ထိတက္ကတွန်း,တို့သည်။ ဟဋ္ဌတုဋ္ဌာ၊ဖျက်ဆီးဘို့ရာ၊ အခွင့်သာ၍၊လွန်စွာစိတ်ဝမ်း၊ ရွှင်လန်းနှစ်သက် ကြကုန်သည်ဖြစ်၍။ ရာဇင်္ဂဏေ၊နန်းယင်ပြင်၌။ဝိတစ္စင်္ဂါရပုဉ္ဇကာံ၊အလျှံရဲရဲ၊မီးကျိုးခဲတို့ ဖြင့်ပြည့်သော၊မဟာင်္ဂါရကာသုံ၊ကြီးဟှစွာသော၊ မီးကျီးတွင်းကို၊ သခ်ရိသု၊အဘွားရပါးရ၊ပြုပြင်ကြလေကုန်၏။

(၂၀၈) သမန္တာ ပဇ္ဇလိတာယ၊ရောရုဝ ဘေရဝါယစ။
ဂမ္ဘီရကာသုယာ တာယ၊တံနိက္ခိပိံသု သဏ္ဍုနော။ ။

(၂၀၈) သမန္တာ၊ ထက်ဝန်းကျင်မှ၊ ပဇ္ဇလိတာယ၊ အလျှံပြောင် ပြောင်၊ တောက်လောင်သော။ ရောရုဝ-ဘေရဝါယ၊ ရောရုဝ,ငရဲ ကဲ့သို့၊ အလွန်အကဲ၊ ကြောက်မက်ဘွယ် ကောင်းသော။ တာယ ဂမ္ဘီရကာသုယာ၊ ထို-နက်ဟှစွာသော၊ မီးကျီးတွင်းထဲ၌၊ သဏ္ဍု နော၊မြတ်စွာဘုရား၏။ဘံ၊ထို-နှမ့်မြူဖပ်းစွယ်တော်မြတ်ကို၊ နိက္ခိပိံ သု၊ပစ်ချလိုက်ကြလေကုန်၏။

(၂၀၉) တဒါတဿာ နုဘာဝေန၊ဘေတွာ နင်္ဂါရရာသိကာံ။
သရောရုဟံ သမုဋ္ဌာသိ၊ရထစက္က ပမာဏကံ။ ။

(၂၀၉) တဒါ၊ ထို-မီးပုံတွင်းသို့၊ ထည့်သွင်း ပစ်ချသောအခါ၌၊ တဿာ၊ထိုစွယ်တော်မြတ်၏၊အာနုဘာဝေန၊ဘန်းခိုးရှိန်စော်၊အာနု ဘော်ကြောင့်၊အင်္ဂါရရာသိကာံ၊အလျှံပြောင်ပြောင်၊တောက်လောင် ရောရု၊မီးကျိုးစုကို၊ ဘေတွာန၊ ဘောက်ခွဲ၍၊ ရထစက္ကပမာဏကံ၊ ရထားစက်ဘီးမျှ၊ပမာဏရှိသော၊သရောရုဟံ၊ပွင့်ချပ်တရာ၊ပဒုမ္မာ ကြာပန်းသည်၊ သမုဋ္ဌာသိ၊ လက်ပစ်ခွဲ ဘီး၊ အုံမပြီးအောင်၊ငွါးငွါး ကြီးပေါ်ပေါက်၍လာလေ၏။

(၂၁၀) သာ ပက်ဓာကဏ္ဏိကာဘံယ၊ဌတွာ သဗ္ဗဒိသာ တဒါ။
ကုန္ဒောဒါတာဟိ ဘာသေသိ၊ပဘာဿရာဟိ ရံသိဘိ။ ။

(၂၁၀) တဒါ၊ ထိုသို့အံ့ဩဖွယ်ခန်း၊ ကြာပန်း ပေါ်ထွက်လာသော အခါ၌၊သာဓုတ၊ ထိုစွယ်တော်မြတ်သည်။ ပက်ဇကဏ္ဏိကာယ၊ ရွှေကြာပန်း၊ ဝတ်မှုံရောပွမ်း၊ လယ်ချက်နန်း၌။ ဌတွာ၊ပိုင်ရှူးကြွယ် အလား၊တန့်နားရပ်တည်တော်မူ၍၊ကုန္ဒောဒါတာပဘိစ၊ သင်းခွေပန်း သို့၊ဘင့်ဆန်းကွန့်လည်၊ဖြူသောရောင်ခြည်တို့ဖြင့်ရင်း။ ပဘာသရာ ဟိ၊ပြိုးပြိုးပြက်ပြက်၊ တလက်လက်ဘွန့်ဖြူးကုန်သော။ ရံသိဘိ၊ကျူး ခပ်ယှက်သန်း၊ရောင်ခြည်ပန်းတို့ဖြင့်။သဗ္ဗဒိသာ၊လုံးစုံပတ်ချာ၊ ရပ် မျက်နှာတို့ကို။ ဩဘာသေသိ၊ အရောင် တပင်းဝင်း၊ ထွန်းလင်း တောက်ပတော်မူ၏။

(၂၁၁) ဇနာ ဝိသွာ တမစ္ဆေရံ၊ပသန္နာ ရတနာဒိပင်။
ပူဇေတွာ ပါဒိမံ ဒိဗ္ဗံ၊ဩသဇ္ဇိံ သု သကံ သကံ။ ။

(၂၁၁) ဇနာ၊ များစွာသောင်းသောင်း၊ လူအပေါင်းတို့သည်။ တံ အစ္ဆေရံ၊ထို-စွယ်တော်ခေတ်၏၊ ထူးမြတ်ဆန်းကြွယ်၊ အံ့ဩဘွယ် ကို။ ဒိသွာ၊နီးနီးကပ်ကပ်၊ တပ်အပ်ထင်ထင်၊ ဖူးမြင်ရကုန်သည်ရှိ သော်။ပသန္နာ၊သဒ္ဓါယုံမှတ်၊ ကြည်ညိုသော စိတ်ရှိကြကုန်သည် ဖြစ်၍၊ ရတနာဒိဟိ၊ ရွှေငွေဘဏ္ဍာ၊ ရတနာ-အစရှိသည်တို့ဖြင့်။ ပူ ဇေတွာ၊လှူဒါန်းပူဇော်ကြကုန်၍။သကံသကံ၊မိမိ-မိမိတို့၏၊ ကိုယ် ပိုင်ဥစ္စာဖြစ်သော။ ပါဒိမံဒိဗ္ဗံ၊ ဆိုးဝါးယုတ်မာ၊မိစ္ဆာအယူကို။ ဩ သဇ္ဇိံ သု၊စွန့်ပယ်ကြလေကုန်၏။

---

၂၅—မိုးမလောင်နိုင်သဖြင့်၊တဖန်ပေပြင်ထက်၌တင်၍၊မှုန့်မှုန့် ညက်ညက် ထုနှက်ရန်စေခိုင်းကြောင်း။

(၂၁၂) သောခာဇာ အဇဟိတွာန၊ဒိဗ္ဗဇာလံ စိရာတနံ။
ဌပေတွာ ဝိကရည်ံတံ၊ကူဋေန ပုန်စာာတယိ။ ။

(၂၁၂) သောရာဇာ၊ထိုဒေါသတန်ပြင်း၊''ပဏ္ဍု''မင်းသည်။ စိရာ တနံ၊လေးမြင့်ရှည်ကြာ၊ယူမှားလာသော၊ ဒိဗ္ဗဇာလံ၊မိစ္ဆာဒိဋ္ဌိ၊တည်း

ဟူသော၊ကွန်ရွက်ကို အဇဟိတွာန၊မပယ်မစွန့်မူ၍၊ အဓိကာရည့်၊ ပန်းဘဲသည့်တို့၊ လွှဲချိထုနှက်၊ ပေပြင်ထက်၌။တံ၊ ထို-ရောင်တော် ထူးမြတ်၊စွယ်တော်ဓါတ်ကို၊ ဌပေတွာ၊တင်ထား၍၊ကျူဇေနှ၊လေး ထုံ့စွာထွာ၊သံတူ-မ ဖြင့်၊ ပုန၊တဖန်။ဿာတယိ၊ မှုန့်မှုန့်ညက်အောင်၊ ထုနှက်စေ၏။

(၂၁၃) နိမုဂ္ဂါတာယ ပဒ္ဒေန၊ဗိဿမာနာ ဇုတိဟိ သာ။
ဗိသာလယော ပရိဓောတေသိ၊ဥဒယဋ္ဌောဝ စန္ဒိမာ၊ ။

(၂၁၃) တာယ၊ ပြင်းစွာထုနှက်၊ ထိုပေထက်၌၊ နိမုဂ္ဂါ၊ရူးဝင်နစ် မြုပ်သည်ဖြစ်၍။ သာ၊ ထိုလက်ဝဲအောက်ဓါတ်၊ စွယ်တော်မြတ် သည်၊ဥပဒ္ဒေန၊ပေ-ထဲ ပူးဝင်၊ ပေပြင်တချို့၊ ထက်ပက်အဘို့အား ဖြင့်။ဗိဿမာနာ၊ ထင်စွာပြလျက်၊ ဥဒယဋ္ဌော၊ဥဒည်စွန်းမှ၊ ရောင် ဝန်းထက်ဝက်၊ ပေါ်ထွက်စဖြစ်သော၊ စန္ဒိမာဣဝ၊ လဝန်းကြီးကဲ့ သို့၊ဇုတိဟိ၊ကျူးသန်းရှက်လည့်။ ဖြူသောရောင်ခြည်တို့ဖြင့်၊ ဗိသာ ယော၊အရပ်မျက်နှာတို့ကို၊ပရိဓောတေသိ၊ ဝန်းကျင်ရှက်ကျူး၊ကွန့် မြူးတောက်ပတော်မူလေ၏။

(၂၁၄) ရာဇာ ဒိသွာ နုဘာဝံ တံ၊ပဿ အာပဇ္ဇိ ဝိမှယံ၊
မဟိဿုရကီ နိဂဏ္ဌော ကော၊ရာဇာနံ တမိဒံ ဗြဝိ၊ ။

(၂၁၄) ပဿုရာဇာ၊ “ပဿုမ”ဟု၊ ကောခထန်ပြင်း။ မိစ္ဆာမင်း သည်၊ တံအာနုဘာဝံ၊ တူ-ဖြင့်နှက်လည်း။ မအက်မကွဲ၊ ယှက်ဝဲ ရောင်တော်၊ထိုအာနုဘော်ကို၊ ဒိသွာ၊ မြင်လတ်သည်ရှိသော်။ ဝိမှ ယံ၊ကြောက်စိတ်ရောနှော၊ အံ့သြခြင်းသို့၊ အာပဇ္ဇိ၊ ရောက်လေ၏။ တံရာဇာနံ၊ ထိုအံ့သြလျက် နေသော မင်းကို၊ မဟိဿုရကီ၊ ငြူးရူ စောင်းမြောင်း၊မကောင်းသောသဘောရှိသော၊ ကောနိဂဏ္ဌော၊ အစေလက၊နိဂဏ္ဌ-ဘက္ကတွန်း,ဘယောက်သည်၊ ဣဒံ၊ဤဆိုလတ္တံ့ သောစကားကို၊အဗြဝိ၊ဝ.ကြွားပြောဆိုလေ၏။

(၂၁၅) ပဿ ဒေဝ မဟိန္ဒိ နော၊နီဟာရိဿာမ ဇာန္ဒိယာ။
ဝတ္ထာ တောယေန သိဉ္စိ သု၊ဒါဌာ တထာပိ နာစလိ။ ။

(၂၁၅) ဒေဝ၊အရှင်မင်းမြတ်၊နော၊ငါတို့၏၊မဟိန္ဒိ၊ဇာန္ဒိအမျိုးမျိုး။ ကြီးသောတန်ခိုးကို၊ပဿ၊ ဝမ်းမြောက်ဝမ်းသာ၊ ရှုစမ်းပါလော၊ ဇာန္ဒိယာ၊ငါတို့တန်ခိုးတော်ဖြင့်၊နီဟာရိဿာမ၊ ပေ-မှကျွတ်အောင်၊ ထုတ်ဆောင်ကြကုန်အံ့၊ဇာတိ၊ဤသို့၊ဝတ္ထာ၊ဟိတ်ဟန်ပိုမို၊ ပြောဆိုပြီး၍၊တောယေန၊ရေဖြင့်၊သိဉ္စိ သု၊ ပေ-မှအထက်၊ ကျွတ်ထွက်စေကြောင်း၊ သွန်းလောင်းကြလေကုန်၏၊ တထာပိ၊ ထိုသို့အားထုတ်၊ တိတ္ထိတို့တန်ခိုးဖြင့် နုတ်သော်လည်း၊ဒါဌာ၊ စွယ်တော်မြတ်သည်၊ နာစလိ၊ဆံခြည်ဖျားမျှ၊ရွေ့ရှားနှပ်နှပ်၊လှုပ်တော်မမူ။

(၂၁၆) ဖိဂုန္တံ့ အထ တေ ရာဇာ၊နီဟာရေ ဝရဓာတုယာ။
ဥပါယ မန္တေသံ ဘောရိ၊စရာပေသိ သကေ ပုရေ။ ။

(၂၁၆) အထ၊ထိုအခါ၌၊ရာဇာ၊ “ပဏ္ဍု”မင်းသည်၊ နီဟာရေ၊ ရေဖြင့်လောင်း၍၊စုပေါင်းပိုင်းအုံ၊ထုတ်ဆောင်ကြကုန်သော၊ တေ၊ ထိုနိဂဏ္ဌတက္ကဘွန်း, တို့ကို၊ ဖိဂုန္တံ-(ဖိဂုန္တန္တော)၊ ဟန်ပန်းမရ၊ စက်ဆုပ်လှသည်ဖြစ်၍၊ ဝရဓာတုယာ၊ စွယ်တော်မြတ်၏၊ဥပါယံ၊ ပေ-မှလွတ်၍၊ ကျွတ်ထွက်နိုင်ကြောင်း၊ နည်းလမ်းကောင်းကို၊အန္တေသံ-(အန္တေသန္တော)၊ ရှာမှီးတော်မူလိုသည်ဖြစ်၍၊ သကေပုရေ၊ မိမိပိုင်နင်း၊နိုင်ငံဘော်အတွင်း၌၊ ဘောရိ၊စည်ကို၊ စရာပေသိ၊တွင်း ပြင်မလပ်၊ဝန်းကျင်စပ်အောင်၊တီးခပ်ရှာဖွေ၊ လှည့်လည်စေတော် မူလေ၏။

(၂၁၇) တောယန္တ နိမုဂ္ဂံ တံ၊ဇဟိယော နီဟာရေယျ သော။
သုလဒ္ဓါန ဝရံ ရညာ၊သုခတ္တ မေဿတိ တဒါ။ ။

(၂၁၇) ဘောန္တော၊ တိုင်းသူပြည်သား၊ အိုလူအများတို့၊အန္တ၊ယ နေ၊ယော၊ ယောကျ်ား-မိန်းမ-မဟူး အကြင်သူသည်၊ တောယ၊ထို

ပေ-ထက်၌။နိမုဂ္ဂ၊ကျောက်စာတိုင်သို့။မယိုင်မလှုပ်၊ ထက်ဝက်မြှုပ်သော၊တံ၊ထိုကြက်သရေမတိုး။ဂေါတမအရိုးကို။ ဗဟိ၊ ပြင်ဘက်သို့၊နိဟာရေယျ၊ ထုတ်ဆောင်နိုင်ခြင်းအံ့။တဒါ၊ထိုအခါ၌၊သော၊ထိုယောက်ျား- မိန်းမ-မဟူ။ ထုတ်ဆောင်နိုင်သော သူသည်။ ရညာ၊မင်း၏ အထံတော်မှ။ ဝရံ၊ ဆုတော် လာဘ်တော်ကို။ သုလဒ္ဓါနံ၊ကောင်းစွာရ၍။ သုခတ္တံ၊ ကိုယ်-စိတ်နှစ်ပြား။ ကြည်သာ ရွှင်လန်း။ချမ်းသာသည့် အဖြစ်သို့။ ဝေသတိ၊ ဝိဠ မျက်မှောက်။ ရောက်ရလတ္တံ့။

---

၂၆—ပေထဲ၌ရုပ်ဝင်၍နေသော၊စွယ်တော်မြတ်ကို၊ထုတ်နုတ်ရန်
"သုဘဒ္ဒ"သူငယ်သား-ပဏ္ဍုမင်းအထံသို့သွားခဏ်း။

(၂၁၇) ဘောရိသဒ္ဒံ တဒါ သုတွာ၊သုဘဒ္ဒေါ ဗုဒ္ဓမာမကော။
တဿ ပုရေ သုတော သေဋ္ဌိ၊ရညော ဥပေတိ သန္တိကံ။ ။

(၂၁၇) တဒါ၊ ထိုသို့-တီးခတ်ကြေငြာ၊ စည်လည်သောအခါ၌၊ တဿ ပုရေ၊ထို"ပါဋလိပုတ်"နေပြည်တော်၌။ ဗုဒ္ဓမာမကော၊မြတ်ဘုရား၌။အားထားခိုကိုး။လွန်မြတ်နိုးသော။သုဘဒ္ဒေါ၊ "သုဘဒ္ဒ"အမည်ရှိသော၊ သေဋ္ဌိသုတော၊ သူဌေးသားသည်။ ဘောရိသဒ္ဒံ၊ ဗုည့်စေသုတ်ပြန်၊ စည်တော်သံကို။ သုတွာ၊ကြားသိ၍။ ရညော၊နရသေဌ်နှင်း။ "ပဏ္ဍု"မင်း၏။ သန္တိကံ၊အထံတော်သို့၊ ဥပေတိ၊ချဉ်းကပ်လေ၏။

(၂၁၈) ရာဇာနံ သော နမိတွာန၊သာရဇ္ဇမုတ္တ မာနသော၊
ဗုဒ္ဓဝဏ္ဏပဘာဝံဝ၊ဗဟုံ ဝဏ္ဏေသိ သဗ္ဗသော။ ။

(၂၁၈) သော၊ထို"သုဘဒ္ဒ"ဟု၊ နာမထင်ရှား။ သူဌေးသားသည်၊ ရာဇာနံ၊"ပဏ္ဍု" မင်းကို၊ နမိတွာန၊ ဦးညွှတ်ပြီး၍၊ သဗ္ဗသော၊ခပ်သိမ်းသောအခြင်းအရာအားဖြင့်၊ သာရဇ္ဇမုတ္တမာနသော၊ ရဲရဲဘင်ဘင်။ ကြောက်ရွံ့ခြင်းမှ ကင်းလွတ်သော-စိတ်ရှိသည်ဖြစ်၍၊ ဗုဒ္ဓ

ဝဏ္ဏပဘာဝံ ဝ၊ မြတ်ဘုရား၏၊ ကြီးမားကဲလွန်၊ ဂုဏ်တော် သာလျှင် အမွန်ရှိသော။ ဗဟုံ၊ တပါးမက။ များလှဖုံဖုံ၊ ကျေးဇူးဂုဏ်ကို၊ ဝဏ္ဏေ သိ၊ များဖြင်ခဲ၊ ပရိသတ်ထဲ၌၊ ချီးမွမ်းမြွက်ဆိုလေ၏။

(၂၂၀) ကိတ္တိတွာ ဗဟုမူလေန၊ ဘူမိံ ဇေတဝနံ အကာ၊
ယော နာထပိဏ္ဍိကော သေဋ္ဌိ၊ မမ သော ပိတာမဟော။ ။

(၂၂၀) အနာထ ပိဏ္ဍိကော၊ "အနာထပိဏ်" အမည်ရှိသော၊ ယောသေဋ္ဌိ၊ အကြွင်သူဌေးကြီးသည်၊ ဘူမိံ၊ "ဇေတ" မင်းသား။ ပျော်ပါးစံနေ၊ ဥယျာဉ်မြေကို။ ဗဟုမူလေန၊ ကုဋေသင်္ချာ၊ ဘိုးများစွာ ဖြင့်။ ကိတ္တိတွာ၊ မနှေးလွယ်ကူ၊ ဝယ်ခါယူ၍။ ဇေတဝနံ၊ "ဇေတ ဝန်" ခေါ်၊ ရွှေကျောင်းတော်ကို။ အကာ၊ စီမံအားထုတ်၊ ဆောက် လုပ်လေ၏။ သော၊ ထို "အနာထပိဏ်" ဂုဏ်သိမ်ကျော်ဟိန်း၊ သူဌေး ကြီးသည်၊ မမ၊ "သုဘဒ္ဒ" ဟု၊ နာမသမုတ်၊ အကျွန်ုပ်၏။ ပိတာမ ဟော၊ "အဘေး" ပေတည်း။

(၂၂၁) သော တံ ဗုဒ္ဓသာ ဒတွာန၊ ပစ္စယေဟိ ဥပဋ္ဌဟိ၊
ဘတ္တိဟာရံ မဒ္ဒေဝ၊ သမ္ဗုဒ္ဓေ ပသာထာရနာ။ ။

(၂၂၁) သော၊ ထို ကျွန်ုပ်အဘေး၊ "အနာထပိဏ်" သူဌေးသည်၊ တံ၊ ထို "ဇေတဝန်" ခေါ်၊ ရွှေကျောင်းတော်ကို၊ ဗုဒ္ဓသာ၊ သက်တော် ထင်ရှား၊ မြတ်ဘုရားအား၊ ဒတွာန၊ သဒ္ဓါ ရွှင်လန်း၊ လှူဒါန်းပြီး၍၊ ပစ္စ ယေဟိ၊ လေးပါးသော ပစ္စည်း တို့ဖြင့်၊ ဥပဋ္ဌဟိ၊ ရိုသေလေးမြတ်၊ ဆည်းကပ်လုပ်ကျွေး၏။ အရနာ၊ ယခုအခါ၌၊ မမဒ္ဒေဝ၊ သူဌေးမင်း၏၊ မြစ်ရင်းမှန်လှ၊ ကျွန်ုပ် "သုဘဒ္ဒ" ၏ သာလျှင်၊ သမ္ဗုဒ္ဓေ၊ သစ္စာသိမြင်၊ ဘုရားရှင်၌၊ ဘတ္တိဟာရံ၊ ဆည်းကပ်ခစား၊ ဝပ်တွားပုံကို၊ တုမှော၊ သင်လူ အပေါင်းတို့သည်၊ ပသာထ၊ ဂရုစိုက်၍၊ ရှုလိုက် ကြလေ ကုန်သော။

၂၇—သူဌေးသားသည်၊မြတ်စွာဘုရား၏ အဖြစ်သနစ်တော်များကို
သစ္စာဆို၍၊တန်းခိုးပြရန်တောင်းပန်ခဏ်း။

(၂၂၂) ဇာတ္တာဝိ သော နမိတွာန၊ဇော်ကံသုတ္တရိယံ ကရံ။
ဒက္ခိဏာဇာဏုနာ ဘူမိ၊အာဟစ္စ ကတအဥ္ဇလိ။ ။
(၂၂၃) ဆဒ္ဒန္တဘာဝကာလေသု၊သဗ္ဗဍုပ္ပန္နစာရိတံ။
သံဝဏ္ဏေတွာ ဇာဒံသင္ဂံ၊အကာသိ ပဏ္ဍိတောဝရံ။ ။

(၂၂၂-၂၂၃) ပဏ္ဍိတော၊ ကျိုးကြောင်း မြင်သိ၊ ပညာရှိသော။ သော၊ ထို"သုဘဒ္ဒ"ဟု၊ နာမထင်ရှား၊ သူဌေးသားသည်။ ဇာတ္တာဝိ၊ ဤသို့အစရှိသော စကားကို၊ နမိတွာန၊ ဖြွက်သင်ကြွမ်းဝါး၍၊ ဇော်ကံသုတ္တရိယံ၊လက်ဝဲဘာဘက်၊ ပခုံးထက်၌၊ဖွဲ့ရှက်လွှမ်းဆင်၊ စုလျား တင်သည့်ကို၊ ကရံ-( ကရောန္တော )၊ ပြုလျက်၊ ဒက္ခိဏာဇာဏုနာ၊ လက်ျာပဆစ်ဒူးဖြင့်။ ဘူမိ၊မြေကို။ အာဟစ္စ၊ထိ၍။ ကတအဥ္ဇလိ၊ ဆယ်ခုပေါင်းစပ်၊ပြုအပ်သော လက်အုပ်ချီခြင်းရှိသည်ဖြစ်၍။ ။ ဆဒ္ဒန္တဘာဝကာလေသု၊ "ဆဒ္ဒန်"ဆင်မင်းအစရှိသော အဖြစ်တော် တို့၌၊ ဥပ္ပန္န၊ဖြစ်တော်မူခဲ့ရသော။သဗ္ဗစာရိတံ၊ကြွင်းမဲ့ဥသုံ၊အလုံးစုံ သောအကျင့်တော်ကို။ သံဝဏ္ဏေတွာ၊ အများလူမိုလ်၊ ကြည်ညိုစ ဖွယ်၊အကျယ်ဖေါ်ညွှန်း၊ ချီးမွမ်းပြီး၍၊ ဝရံ၊ မြတ်လှစွာသော။ ဇာဒံ သင်္ဂံ၊ဤဟုတ်မှန်သောသစ္စာစကားကို။အကာသိ၊ပြုလေ၏။

(၂၂၄) ဗုဒ္ဓေါ ဆဒ္ဒန္တကာလေထ၊အဂဏောတွာ မဟာဒုခံ၊
သာဓံ ဆေတွာန လုဒ္ဒါသ၊အဒါသိ ဒန္တယုဂ္ဂဠံ။ ။

(၂၂၄) ဗုဒ္ဓေါ၊လေးအင်သစ္စာ၊ဝါးဖြာဥေယျ၊ မြတ်ဓမ္မကို၊ တစ မကျန်၊ဝေဘန်ပိုင်းဖြတ်၊ အတတ်သိမြင်၊ ဘုရားရှင်သည်၊ ဆဒ္ဒန္တ ကာလေ၊ ရှဋ္ဌ-သုဘဒ်၊ ညာနတ်ထိပ်ပန်၊ "ဆဒ္ဒန်"ရာဇာ၊ ဆင်မင်း ဖြစ်တော်မူသောအခါ၌၊မဟာဒုခံ၊ မုဆိုးလက်နက်၊ မှားဒဏ်ချက် ကြောင့်၊ သွေးစက်ယိုလျှံ၊ ပြင်းထန်လှိုက်လဲ၊ ကြီးစွာသောဆင်းရဲ ကို၊အဂဏေတွာ၊မေတ္တာရှေ့ပြေး၊အရေးမယူ၊ရေတွက်မူ၍၊ဒန္တ

ယုဂ္ဂလ်၊ပြုံစင်သန့်ရှင်း၊ငွေဆင်းရောင်ဟုန်၊ စွယ်တော်ရုံကို၊သာဓံ၊ ကိုယ်တော်တိုင်။ ဆေတွာန၊ ဤ-သံစောင်းကို၊ နှာမောင်းရစ်ပတ်၊ တိုက်ဖြတ်တော်မူ၍။လုဉ္စိယ၊မုဆိုးမိုက်မွား၊ သူကောင့်သားအား။ အဒါသိ၊ ရန်တုံ့မပြန်၊ မေတ္တာဉာဏ်ကို၊ ရည်သန်ရွယ်ချူ၊ ပေးလှူတော်မူလေ၏။

(၂၂၅) လောကဂ္ဂေါ သသကာလေစ၊အနုပေက္ခောသဒေဟကံ။ အင်္ဂခဏ္ဍံ ပတိတွာန၊ပြာဟွလာသ အဒ၊ သုဘံ။ ။

(၂၂၅) လောကဂ္ဂေါ၊လူတို့ဉက္ကဋ္ဌ၊ ဘုရားမြတ်သည်။ သသကာ လေစ၊ လောကခေတ်တွင်း၊ သတင်း ကြေငြာ၊ယုန်မင်းဖြစ်တော်မူ သောအခါ၌လည်း။သုဘံ၊နူးပျံ့ရွေးသွယ်၊ တင့်တယ်လှပသော။ သဒေဟကံ၊ခင်မင်ချစ်ခင်၊မပစ်ရက်အောင်၊နှစ်သက်ကြည်ညို၊ မိမိ ကိုယ်ကို။ အနုပေက္ခော၊ ခင်တွယ်နှစ်သက်၊ ငဲ့ကွက်တော်မမူဘဲ။ အင်္ဂခဏ္ဍံ၊ တောက်လောင်ပူရှိန်၊ ထိန်ထိန်ဝင်းဝင်း၊ မီးပုံတွင်းသို့၊ ပ တိတွာန၊ ရဲရဲဘင်းတင်း၊ချန်ဆင်းတော်မူ၍၊ ပြာဟွလာသ၊ မိုးနတ် သိကြား၊ပုဏ္ဏားရုပ်ဖန်၊အလှူခံအား။ အဒါ၊စိတ်ထားကြည်ဖြူ၊ ပေး လှူတော်မူလေ၏။

(၂၂၆) ဓမ္မပါလ ဤဘာဝေစ၊ဟတ္ထပါဒ ဝိစ္ဆေဒနံ။ သဟံ စိတ္တေ ပဘာပဿ၊အပ္ပမတ္တံ နကမ္ပတိ။ ။

(၂၂၆) ဓမ္မပါလဤဘာဝေစ၊ စန္ဒာဒေဝီ၊ မဟေသီ၏၊ ရင်သိရင် နှစ်၊ သားချစ်ရတနာ။ ဓမ္မပါလ-မင်းသား ဖြစ်တော် မူသောအခါ၌ လည်း။ပတာပဿ၊ခမည်းတော်ချင်း၊"မဟာပတာပ" မင်း၏။ဟတ္ထ ပါဒဝိစ္ဆေဒနံ၊ လက်,ခြေ- နှစ်ပြင်၊ အရှင်လတ်လတ်၊ ခုတ်သတ်ကြိ မြောက်၊ဖြတ်တောက်ခြင်းကို။ သဟံ-(သဟန္တော)၊ ခုနစ်လ-ရွယ်၊ သူငယ်မတန်၊ သည်းခံတော်မူလျက်။ စိတ္တေ၊သမ္မာဉာဏ်၊ ရည် သန်စွဲကပ်၊စိတ်တော်မြတ်၌၊ အပ္ပမတ္တံ၊ပမာနိုင်းဆ၊မပြောပဘွယ်၊

အနည်းငယ်မျှ၊ နကမှုတ်၊မြင့်မိုရ်မဟော့၊လေဒပြဌေ့သို့၊ဧ့ရွှေဧ့ရွှေနှုပ်နှုပ်၊လှုပ်တော်မမူ။

(၂၂၇) တာဒိသံ ဒုက္ကရံ ကတွာ၊အံာဂတသာ မဟောသိနော၊
အနန္တ ဉာဏဗုဒ္ဓဿ၊ဒါဌာသာ ဓမ္မရာဇိနော။ ။

(၂၂၇) သော၊ ဤပေ-ထဲရှုးဝင်၊ စွယ်တော်ရှင်သည်၊ တာဒိသံ၊ ထိုကဲ့သို့သဘောရှိသော၊ဒုက္ကရံ၊ခဲယဉ်းသောအမှုမျိုးကို၊ ကတွာ၊ ဖြည့်ကျင့်ဆည်းရ၊ပြုတော်မူ၍၊ အာဂတဿ၊ဘဝများစွာ၊ ကြွလာတော်မူရသော၊ မဟောသိနော၊ သီလက္ခန္ဓ၊ စသည့်ကျေးဇူး၊ ဂုဏ်အထူးကို၊ ဆည်းပူးရှာမှီးတော် မူပြီးထသော၊ ဓမ္မရာဇိနော၊တရားမင်းစစ်၊ဖြစ်ကြီးဖြစ်တော်မူထသော၊ အနန္တ ဉာဏဗုဒ္ဓဿ၊ အဆုံးမရှိသော၊ ဉာဏ်တော်သခင်၊ဘုရားရှင်၏၊ ဒါဌာ၊ လက်ဝဲအောက်ခတ်၊စွယ်တော်မြတ်ပေတည်း။

(၂၂၈) တေန သဒ္ဓေန သာ ဓာတု၊သမာဂုယှ နဘန္တရံ၊
ဇောတယန္တီ ဒိသောဒေတု၊ဇနသာ ပိမတိ ဣတိ။ ။

(၂၂၈) တေနသဒ္ဓေန၊ထိုသို့မြွက်ကြား၊မှန်ကန်သောသစ္စာစကားကြောင့်။သာဓာတု၊ထိုပေ ထဲရှုးဝင်၊စွယ်တော်ရှင်သည်၊ နဘန္တရံ၊ ကောင်းကင် တွင်းသို့၊ သမာဂုယှ၊ ရောင်ခြည်ထူးယှက်၊ ပျံတက်တော်မူ၍၊ဇောတယန္တီ၊အရောင်တဝင်းဝင်း၊ ထွန်းလင်းတောက်ပလျက်၊ဇနဿ၊ဥဩြဘ်သောင်းသောင်း လူအပေါင်း၏၊ ပိမတိ၊သို့လော သို့လော၊ တွေးတော ယုံမှားခြင်းကို၊ ဝိနောဒေတု၊ အရှင်းပျောက်အောင်၊ ပယ်ဖျောက်တော်မူပါ၊အရှင်ဘုရား၊ ဣတိ၊ ဤသို့၊ အကာသိ၊သစ္စာမြွက်ဆို၊ပြုလိုက်လေ၏။

၂၈—စွယ်တော်မြတ်သည်-ကောင်းကင်၌တန်းခိုးပြတော်မူပြီး၍၊
"သုဘဒ္ဒ"၏ဦးခေါင်းထက်၌–ဘည်လာခဏ်း။

(၂၂၉) တဒါ နဘံ သမုဂ္ဂမ္မ၊သောသဓိဝ သမန္တတော။
ဓောတယန္တိ ပသာဒေသိ ဝိတိဏ္ဏာ ဝိမတိ ဇနံ။ ။

(၂၂၉) တဒါ၊ထိုသို့-သစ္စာပြွက်ကြား၊ လျှောက်ထား တောင်းပန်လိုက်သောအခါ၌။သာဓုတ၊ ထိုသုံးလူ့ ရှင်ဓာတ်၊ စွယ်တော်မြတ်သည်။နဘံ၊အဇဋာပြင်၊ ထက်ကောင်းကင်သို့၊ သမုဂ္ဂမ္မ၊ ဝင်းဝင်းထိန်လက်၊ကောင်းစွာတက်၍။သောသဓိဝ၊ရောင်လျှံကွန့်မြူး၊အထူးတင့်တယ်၊သောက်ရှူးကြယ်ကဲ့သို့။သမန္တတော၊ ထက်ဝန်းကျင်မှ။ဓောတယန္တိ၊ ထိန်ပြောင်ပြိုးပြက်၊ တလက်လက် ကွန့်မြူးလျှက်၊ဝိတိဏ္ဏဝိမတိံ၊ မလွှန်မြောက် သေးသော၊ ယုံမှားသံသယ၊ နှိပ်ရှိသော၊ဇနံ၊လူအပေါင်းကို၊ပသာဒေသိ၊ယုံမှားပျောက်ပြေ၊ကြည်ညိုစေ၏။

(၂၃၀) တတော သာ ဩတရိတွာန၊ဌတွာ သုဘဒ္ဒမတ္ထကေ။
သုခါဘိသိတ္တ ဂတ္တံဝ၊တံ သံပိဏောသိ သဉ္ဇုနော။ ။

(၂၃၀) သဉ္ဇုနော၊ သုံးလူ့ဆရာ၊ စေသဉ္ဇာ၏၊ သာ၊ထိုရောင်တော်ဝင်းလျှပ်၊ စွယ်တော်ဓာတ်သည်။ တတော၊ ထိုအဇဋာပြင်၊ ထက်ကောင်းကင်မှ။ ဩတရိတွာန၊ ရောင်လျှံဝင်းဝင်း၊သက်ဆင်းတော်မူ၍။ သုဘဒ္ဒမတ္ထကေ၊ "သုဘဒ္ဒ"၏၊သီသပလ္လင်၊ ဦးထိပ်ပြင်၌၊ ဌတွာ၊ ရောင်စုံ ကွန့်လည်၊ ရပ်တည်တော် မူလျှက်။ တံ၊ ထို"သုဘဒ္ဒ" သူဌေးသားကို၊ သုခါဘိ သိတ္တဂတ္တံဝ၊ နတ်သုဓာဖြင့် သွန်းလောင်းအပ်သော ကိုယ်ကဲ့သို့၊ သံပိဏောသိ၊ ရွှင်အားနှစ်လို၊ ပျိုစေတော်မူလေ၏။

(၂၃၁) နိဂဏ္ဌာ တံ သုပဿိတွာ၊ရာဇာနံ တမိဒံ ဗြဝုံ။
ရာဇ ဝိဇ္ဇာဗလံ ဧတံ၊နသတ္တိ ဓာတုယာ ဣတိ။ ။

(၂၃၁) နိဂဏ္ဌာ၊အစေလကာ၊နိဂဏ္ဌတက္ကတွန်း,တို့သည်၊ ထံ၊ထို သို့ထင်ပေါ်၊ တန်းခိုး တော်ကို၊ သုပ္ပသီတွာ၊ စိတ်ထား မ ရွှင်၊ ကောင်းစွာမြင်ကြကုန်သည့်ရှိသော်။ တံရာဇာနံ၊ ထို"ပဏ္ဍုမ"ဟာ၊ နရသေဋ္ဌနှင်း၊ မိန္တ္တာမင်းကို၊"ရာဇ၊မင်းမြတ်။ တော၊ ဤသို့အရောင် ယှက်ကျူး၊တန်းခိုးပြုးခြင်းအစရှိသောအမှုသည်၊ ဝိဇ္ဇာဗလံ၊သူခွေး သား၏၊ဆေးဝါးဘတ်ကျွမ်း၊ "ဝိဇ္ဇာ"စွမ်းပါတည်း၊ ခေတုယာ၊အ ရိုးခတ်၏၊နှသတ္တိ၊တန်းခိုးအှုဒ္ဓိ၊အစွမ်းသတ္တိမဟုဘ်"၊ဆုတိ(ဆုဒံဝစ နံ)၊ဤသို့ဟှည့်ဖြား၊မဟုတ်မမှန်သောစကားကို၊ အပြဝုံ၊သွယ်ဝိုက် ပုံပုံ၊ပြောဆိုကြလေကုန်၏။

(၂၃၂) တေသံ နိသမ္မ တံဝါစံ၊ရာဇာ သုဘဒ္ဒမဖြဝိ၊
ယဒေတတော သဒ္ဓဟိဿန္တိ၊တထာညိဒ္ဓဥ ဒဿယ။ ၊

(၂၃၂) ရာဇာ၊"ပဏ္ဍု"မင်းသည်၊ တေသံ၊ ထိုတိတ္ထိဘက္ကတွန်း, တို့၏၊တံဝါစံ၊ထို-သွယ်ဝိုက်ဟှည့်ဖြား၊ မဟုတ်မမှန်သော စကား ကို၊ နိသမ္မ၊ ရှုးစမ်းဆင်ခြင်၍၊ သုဘဒ္ဒံ၊ "သုဘဒ္ဒ"သူခွေးသားကို၊ သုဘဒ္ဒ၊အို"သုဘဒ္ဒ"၊ ယထာ၊ အကြင်သို့သော အခြင်းအရာအား ဖြင့်၊ပြသည့်ရှိသော်။ဧတေ၊ထိုလူအပေါင်းတို့သည်၊သဒ္ဓဟိဿန္တိ၊ ယုံကြည်ကြကုန်လတ္တံ့။တထာ၊ ထိုသို့ယုံကြည်နိုင်လောက်အောင် သောအခြင်းအရာအားဖြင့်၊အညိဒ္ဓိဥ၊ယဥတန်းခိုးမှ၊ တမျိုးတခြား၊ တန်းခိုးများကိုလည်း၊ ဒဿယ၊သွဲဖယ်တခမ်း၊ ပြစမ်းပါဦးသော၊ ဆုတိ၊ဤသို့၊အပြဉ်၊မိန့်ဆိုတော်မူလေ၏။

---

၂၄—ခွေးဥက်အဘွင်း-နှံ့သာရေဋ္ဌ၊ဟာသ်ာမင်းကဲ့သို့၊ပျော်မြူး ကူးသန်းလျက်၊တန်းခိုးပြတော်မူခန်း၊

(၂၃၃) တ ၁နိယပတ္တော သေ႒ိ၊ဂန္ဓသိဘော ဒပုဂ္ဂိဘော၊
ခေတုံ ဌဝေသိ နာထဿ၊စရိတံ နှဿရံ တဒါ။ ၊

(၂၃၃) တဒါ၊ထို-ခိုင်းစေသောအခါ၌၊ သေဋ္ဌိ၊“သုဘဒ္ဒ”သူဌေးသည်။ စရိတံ၊ ပါရမီအဆင့်ဆင့်၊ ဖြည့်ကျင့်တော်မူခဲ့ရပုံကို၊ အနုဿရံ (အနုဿရန္တော)၊ ဖန်ဖန်စေ့စေ့၊အောက်မေ့တော်မူလျက်။ ဂန္ဓသိတောဒပူရိတေ၊သင်းကြည်ကြိုင်မွေး၊နံ့သာရေအေးတို့ဖြင့်ပြည့်သော။တပနီယပတ္တေ၊ရွှေခွက်၌၊နာထဿ၊ လူသုံးပါးတို့၏၊ကိုးစားမှီခိုရာအစစ်၊ ဖြစ်ကြီး ဖြစ်တော်မူသော မြတ်စွာဘုရား၏၊ ဓာတုံ၊ စွယ်တော်ဓာတ်ကို။ဌပေသိ၊ထည့်လိုက်လေ၏။

(၂၃၄) ရာဇဟံသိဝ ဓာဝန္တိ၊ပဒက္ခိဏေန သာ ဒကေ။
နိမ္မုဇ္ဇမာနာ ဥမ္မုဇ္ဇ၊မာနာ ဇနေ ပမောဒယိ။ ။

(၂၃၄) ဒကေ၊ ရွှေခွက်အတွင်း၊ ပြန့်သင်းထူးထွေ၊ နံ့သာရေ၌၊ သာ၊ ထိုစွယ်တော်မြတ်သည်။ ရာဇဟံသိဝ၊ ဟင်္သာမင်းကဲ့သို့၊ ပဒက္ခိဏေန၊ရွှေခွက်-နံ့ခန်း၊ ယှက်သန်းထိန်ကြည်၊ လက်ျာရစ်လည်သဖြင့်။ဓာဝန္တိ၊ ထိုဤလူးလာ၊ ကူးခါပြေးသွားလျက်။ နိမုဇ္ဇမာနာစ၊ရေတွင် နစ်မြှုပ်၊ ငုတ်သည် ဖြစ်၍ရင်း။ ဥမ္မုဇ္ဇမာနာစ၊ရေ၏အထက်၊ ပေါ်တက်သည်ဖြစ်၍ရင်း။ ဇနေ၊ ဝိုင်းအုံရှုညောင်း၊ လူအပေါင်းတို့ကို။ ပမောဒယိ၊နှစ်သက် ရွှင်ပြုံး၊ အထူးဝမ်းမြောက်စေတော်မူလေ၏။

(၂၃၅) ပဿိတွာပိ တမစ္ဆေရံ၊ဓိဋ္ဌိဇာလံ သကံ ဓနံ။
အဇဟိတွာဝ သောရာဇာ၊စိန္တေသိ ဒုဋ္ဌမာနသာ။ ။

(၂၃၅) သောရာဇာ၊ ထိုပညာ ဉာဏ်ကင်း၊ မိစ္ဆာမင်းသည်၊ တံ အစ္ဆေရံ၊ ထို-အံ့ဘွယ်အခန်းခန်း၊ အဆန်းဆန်း၊ အစုံစုံကို။ ပဿိတွာပိ၊ကိုယ်တိုင်ဓိဋ္ဌ၊တွေ့မြင်ရသော်သည်း။သကံဓနံ၊မိမိကိုယ်ပိုင်ဥစ္စာဖြစ်သော။ ဓိဋ္ဌိဇာလံ၊ ဆိုးဝါးယုတ်မာ၊ မိစ္ဆာ အယူ တည်းဟူသောဘွန်ရွက်ကို။အဇဟိတွာဝ၊ မပယ်မစွန့်မူ၍သာလျှင်၊ ဒုဋ္ဌမာနသာ၊ ဒေါသလွှန်ပွါး ပြစ်မှားသောစိတ်ဖြင့်။စိန္တေသိ၊ဖျက်ဆီးဘို့ရန်၊ အနည်းနည်းကြံစည်လေ၏။

၃၀–"ပဏ္ဍု"မင်းသည်၊တပန်နက်လှစွာသောတွင်း၌
ထည့်မြှုပ်၍၊ဆင်ဖြင့်နင်းရန်စေခိုင်းခံလာ်း။

(၂၃၆) ဝိသိခါယ တတော မဇ္ဈေ၊ခိဝိတွာ ကာတကာသုယာ၊
ပံသူဟိ အာဘိပူရေတွာ၊မန္ဒါပယိ ဂဇေဟိ တံ။ ။

(၂၃၆) တတော၊ထိုနောက်မှ။ဝိသိခါယ၊မြို့တွင်းခရီးလမ်းမကြီး၏။မဇ္ဈေ၊အလယ်၌။ကာတကာသုယာ၊တူးဆွပြုပြင်၊စီရင်အပ်သော တွင်းကြီးထဲ၌၊ တံ၊ ထိုမြတ်စွာဘုရား၏၊ ပြုထွားနုဖပ်၊ စွယ်တော် မြတ်ကို။ခိဝိတွာ၊ထည့်သွင်းပစ်ချ၍။ ပံသူဟိ၊မြေမှုန့်–မြေခဲတို့ဖြင့်၊ အာဘိပူရေတွာ၊ ဖြင့်မောက်လျှံဝ၊ ပြည့်ဖြိုးစေ၍။ ဂဇေဟိ၊အားအင်ကြီးမား၊ ဆင်အများတို့ဖြင့်။ မန္ဒါပယိ၊ မြေမှအထက်၊ မပေါ် ထွက်ရန်၊နင်းစေပြန်၏။

(၂၃၇) စက္ကမတ္တေ မဟိံ ဘေတွာ၊ဌတွာ ဥဋ္ဌိတပက်ဇေ၊
ဩဘာသေသိ ဓိသာသမ္ဘာ၊မုဟုတ္တေန ပဘာယိသာ၊ ။

(၂၃၇) သာ၊ ထိုလက်ဝဲအောက်ခံတက်၊ စွယ်တော်မြတ်သည်။မုဟုတ္တေန၊မကြာမြင့်မှ၊တခဏဖြင့်။မဟိံ၊ဆင်ဖြင့်နင်း၍၊ကြပ်တင်းစွာပြု၊မြေအထုကို။ ဘေတွာ၊ကြည့်ရှုကြည်၊ ဘောက်ခွဲတော်မူ၍၊ စက္က-မတ္တေ၊ဖှည်းဘီးစက်မျှ၊ပမာဏရှိသော။ဥဋ္ဌိဘပက်ဇေ၊မြေမှ ပေါက်ရောက်၊ ကြာညှောက်အလယ်၌။ ဌတွာ၊ဘည့်တော်မူ၍။ပ ဘာယိ၊ ထူးထွေ များမြောင်၊ ရောင်ခြည်တော် အမျိုးမျိုးတို့ဖြင့်။ သမ္ဘာဓိသာ၊ လုံးစုံပတ်ချာ၊ ရပ်မျက်နှာတို့ကို၊ ဩဘာသေသိ၊ အရောင်တဝင်းဝင်း၊ထွန်းလင်းဘောက်ပတော်မူလေ၏။

(၂၃၈) မစ္ဆာ ဒိဋ္ဌိံသု ဝဏ္ဏာနိ၊ပုပ္ဖဝဿံ ပဝဿယုံ၊
ဥက္ကုဋ္ဌိ သံရကာရဥ၊အကံသု နိတရံ ဗဟူ၊ ။

(၂၃၈) ဗဟူ၊များစွာကုန်သော၊မစ္ဆာ၊ဖူးမြင်ရသူ၊ လူအပေါင်းတို့ သည်၊ဝဏ္ဏာနိ၊ဦးရစ်ပုဆိုး၊ အမျိုးမျိုးဘို့ကို၊ ဒိဋ္ဌိံ သု၊ပူဇော်မြှောက်

ပင့်၊ပစ်လွှင့်ကြလေကုန်၏။ ပုပ္ပဝသံ၊ရန်စွေပြီး၊ ဝတ်ပန်းမိုယ်းကို၊ ပဝသယုံ၊မြှောက်လွှင့်ကခုန်၊ရွှာစေကုန်၏၊ဥက္ကု၊ ဗွဋ္ဌ၊ကြွေးကြော် သံကိုရင်း။ သာရုကာရဋ္ဌ၊ဆားဆား-ဆူညံ၊ ကောင်းချီးသံကိုရင်း။ နိတရံ၊ ဝမ်းမြောက်ဝမ်းသာ၊ အခါလေးမြင့်။ အကံသုံ၊ ပြုကြလေကုန်၏။

---

၃၁—ဝွယ်တော်မြတ်ကို၊တဖန်အပုပ်အမျိုးမျိုးတို့ဖြင့်ပြည့်သော ကျုံးမြောင်းဘွင်းသို့ပစ်ချခဏ်း။

(၂၃၉) တေ ဘိဝဋ္ဌန မေတန္တိ၊သညာပေတွာ ဇိဂုစ္ဆိတော။
ဝိပိသု ကုဏာပါဒိဟိ၊တံ တလေ ပရိခါယ-ထ။ ။

(၂၃၉) အထ၊ ထိုအခါ၌၊ တေ၊ထိုတိတ္ထိတက္ကတွန်းတို့သည်၊ ဧ တံ၊ဤဓာတ်အမျိုးမျိုး၊ တန်းခိုးဟူသမျှသည်၊ အဘိဝဋ္ဌနံ၊ မဟုတ်မ ဟုတ်၊ ဟုည့်ပတ်ခြင်း သာတည်း၊ ဇူတိ၊ ဤသို့၊ သညာပေတွာ၊ "ပဏ္ဍုမ" မင်းအား၊ မှတ်သားသိစေကြကုန်၍၊ ကုဏာပါဒိဟိ၊သို့ ပောင်ဆိုးယုတ်၊ အကောင်ပုပ် စသည်တို့ဖြင့်၊ ဇိဂုစ္ဆိတော၊မစင် မကြယ်၊ ရွံစဘွယ်ဖြစ်သော၊ ပရိခါယ၊ကျုံးမြောင်း၏၊ တလေ၊အ မြှုတ်ထ၍၊ ပုပ်ပွမခင်၊အညစ်အကြေးအပြင်၌၊တံ၊ထို-ငွေစရောင်ပြူ ဖပ်၊ ဝွယ်တော်မြတ်ကို၊ ဝိပိသု၊ ပျောက်ပျက် ကွယ်ပ၊ မမြင်ရ အောင်၊ပစ်ချ-ကြလေကုန်၏။

(၂၄၀) ပဋ္ဌမွှုဧဟိ သဋ္ဌန္တာ၊ဟံသင်္ဂထောပ သေဝိတာ။
နန္ဒာပေါက္ခရဏီဝေသာ၊တဒါသိ အဘိရာမိကာ။ ။

(၂၄၀) တဒါ၊ထို-ပစ်ချလိုက်သောအခါ၌၊သော၊ဤ-ပုပ်နံ့ဟောင်း ဟောင်း၊ရေကျုံးမြောင်းသည်၊ပဋ္ဌမွှုဧဟိ၊ ပျားဝိတုန်းတို့၊စားသုံး ပျော်ပါး၊ ကြာမျိုးငါးပါးတို့ဖြင့်၊ သဋ္ဌန္တာ၊ ပန်းရက် ဝတ်မှုံ၊ ပွင့်ငုံ ခဲစပ်၊ ပုံးလွှမ်းအပ်သည်ဖြစ်၍၊ ဟံသင်္ဂထောပသေဝိတာ၊ ချစ် တင်းဆိုမြည်၊ဒွေလည်ဖော်ခါ၊ဟသ်ာအများ၊ပျော်ပါးကူးခပ်၊မှီဝဲ

အပ်သော၊နန္ဒာပေါက္ခရဏီဝ၊ နတ်တို့ပျော်စံ၊နန္ဒာကန်ကဲ့သို့။အဘိ
ရာမိကာ၊အလွန်မွေ့လျော်ဘွယ်ရှိသည့်၊အာသိ၊ဖြစ်လေ၏။

(၂၄၁) ဟေသာနာဒံ တုရင်္ဂါ ထံ၊ကောဉ္စနာဒံ ဂဇာ ကရုံ။
မဇ္ဈာ ဥက္ကုဋ္ဌိသဒ္ဒံ ဝါ၊ဒိတာ ဒုန္ဒုဘိအာဒယော။ ။

(၂၄၁) အထ၊ထိုအခါ၌၊တုရင်္ဂါ၊မြင်းတို့သည်။ ဟေသာနာဒံ၊မြို
လုံးဆူညံ၊ဟီသောအသံကို။ အကရုံ၊ပြုကြလေကုန်၏၊ဂဇာ၊မင်္ဂလာ
ဆင်တော်တို့သည်၊ကောဉ္စနာဒံ၊ဟစ်ကြွေးဆူညံ၊ကြိုးကြာသံနှင့်တူ
သောအသံကို၊အကရုံ၊ပြုကြလေကုန်၏။မဇ္ဈာ၊လူအပေါင်းတို့သည်၊
ဥက္ကုဋ္ဌိသဒ္ဒံ၊ပီတိပိုလျှံ၊ ကြွေးကြော်သံကို၊ အကရုံ၊ပြုကြလေကုန်၏၊
ဒုန္ဒုဘိအာဒယော၊ပိ၊ မြေတုန်ဟီးမျှ၊ စည်ကြီးသံ အစရှိသည်တို့ကို
လည်း၊ဝါဒိတာ၊တီးခပ်ကြလေကုန်၏။

(၂၄၂) အဗ္ဘုတာ ဒိဋ္ဌပုဗ္ဗာနိ၊ဗဟူ အစ္ဆရိယာ ဝဟာ၊
အညေ အစိန္တိတာ ဟေသုံ၊ပဋိစ္စ ဒသနံ တဒါ။ ။

(၂၄၂) တဒါ၊ထိုအခါ၌၊ ဒသနံ၊စွယ်တော်မြတ်ကို၊ ပဋိစ္စ၊အစွဲပြု
၍၊ဗဟူ၊များစွာကုန်သော၊ အဗ္ဘုတာ၊တရံတဆစ်။ မဖြစ်စဘူး၊အ
ထူးအဆန်းတို့သည်၊အစ္ဆရိယာဝဟာ၊ အံ့သြဘွယ်ကိုဆောင်ကုန်
လျက်၊အဟေသုံ၊ ထူးထွေဖုံဖုံ၊ ဖြစ်ပေါ်လာကြလေကုန်၏၊ အဒိဋ္ဌ
ပုဗ္ဗာနိ၊လူ့ပြည်တခွင်၊မမြင်စဘူး၊အထူးထူးအမျိုးမျိုးတို့သည်၊အစ္ဆ
ရိယာဝဟာ၊အံ့သြဘွယ်ကိုဆောင်ကုန်လျက်၊ အဟေသုံ၊ဖြစ်ပေါ်
လာကြလေကုန်၏။ အညေ၊ထူးဆန်းထွေပြား။ တပါးကုန်သော၊အ
စိန္တိတာ၊မကြံအပ်-မကြံစည်နိုင်သော၊ အံ့သြဘွယ်တို့သည်လည်း၊
အဟေသုံ၊ စွယ်တော်မြတ်-တန်းခိုးကြောင့်၊ အမျိုးမျိုးဖြစ်ပေါ်လာ
ကြလေကုန်၏။

## ၄၂—ကျုံးတွင်း၌-တန်းခိုးတော်ပြပြန်သဖြင့်၊လူအပေါင်းတို့သည်၊ "ပဏ္ဍု" မင်းအားဝိုင်း၍၊သံတော်ဦးတင်ခဏ်း။

(၂၄၃) ဓိသွာ အစိန္တိတံ ဌာ၊အာမေဍိတာ ဗဟူဇနာ။
နိယောဇေဘု မုပေစ္စတ္ထေ၊ရညော ဝဒ်ံသု ပဏ္ဍုနော။ ။

(၂၄၃) ဗဟူဇနာ၊များစွာကုန်သောသူတို့သည်၊ အစိန္တိတံ၊မကြံ အပ်-မကြံစည်နိုင်သော။ဌာ၊၍သို့-မဖြစ်စဘူး။ မမြင်စဘူး။အထူး ဆန်းကြယ်။အံ့ဩဘွယ်ကို။ဓိသွာ၊များပြားဖုံဖုံ၊တွေ့မြင်ရကုန်သော ကြောင့်၊အာမေဍိတာ၊အလွန်အကြူး။အထူးဝမ်းသာကြကုန်သည် ဖြစ်၍၊ ပဏ္ဍုနော၊ "ပဏ္ဍုမ" အမည်ရှိသော၊ ရညော၊မင်းအား။ဥ ပေစ္စ၊ကပ်ကြကုန်၍၊ အတ္ထေ၊ အကျိုးစီးပွါး၌၊ နိယောဇေတုံ၊ပညာ သက်ဝင်။ယှဉ်စေခြင်းငှါ၊ ဝဒ်ံသု၊တိုက်တွန်းပုအုံ၊ သံတော်ဦးတင် ကြလေကုန်၏။

(၂၄၄) ယောဓိသွာ ဤဓိသံ ရာဇ၊ဇာန္တိ ဥဉ္စ ယျန္တဒသိနော။
ကာရေ ပသာဒမတ္တမ္ပိ၊နောစေ ပညာထ တာဿကာ။ ။

(၂၄၄) မဟာရာဇ၊မင်းမြတ်။ ယော၊အကြင်သူသည်၊ ဥဉ္စ ယျန္တ ဒသိနော၊သိအပ်သမျှ။ဓမ္မအားလုံး။ အဆုံးကုန်စင်၊ သိမြင်တော်မူ သော မြတ်စွာ ဘုရား၏၊ ဤဓိသံ၊ ၍သို့-ပြန့်ပြော၊ ဂုဏ်သဘော်ရှိ တော်မူသော။ဇာန္တိ ၊ဇာန္တိအမျိုးမျိုး၊တန်းခိုးအဖုံဖုံကို။ဓိသွာ၊ကိုယ်တိုင် ဓိဌ။တွေ့မြင်ရပါလျက်၊ ပသာဒမတ္တမ္ပိ၊ သဒ္ဓါ ရွှန်းပို၊ ကြည်ညိုရုံမျှ ကိုလည်း၊ နောစေကာရေ၊ အကယ်၍မပြုငြားအံ့၊ အထ၊ထိုသို့မပြု သည်ရှိသော်။တဿ၊ထိုသူ၏၊ ပညာ၊ဘိုးတန်ရတနာ၊ ဉာဏ်ပညာ သည်။ကာ၊ဘယ်အကျိုးရှိတော့အံ့နည်း။

(၂၄၅) ဓမ္မော ပသာဒနီယောသု၊ပသာဒေါ သာဝန် ဝရော။
ပုပ္ဖန္တိ ဥဂ္ဂတေ စန္ဒေ၊သမ္မာ ကုမုဒ ကာနနာ။ ။

(၂၄၅) ရာဇ၊မင်းမြတ်၊စန္ဒေ၊အရောင်ထိန်ညီး။ လမင်းကြီးသည်၊ ဥဂ္ဂတေ၊ ဝင်းဝင်းလက်လက်။ ပေါ်ထွက်လာသည်ရှိသော်၊ ကုမုဒ

ကာနနာ၊ကုမုဒြာ၊ ကြာပြူတောတို့သည်၊ သမ္ဘာ၊ကောင်းစွာ။ ဖူပွင့်၊ ကားကားစွင့်စွင့်၊ပွင့်ကြီးပွင့်ကြလေကုန်၏။ ပဿာဒနီယေသု၊ကြည် ညိုထိုက်သောဘုရား,တရား,သံဃာ,ရတနာတို့၌၊ပဿာဒေါ၊ကြည် ညိုခြင်းသည်၊ သာရွန်၊ အယုမစောင်း။ သူတော်ကောင်းတို့၏။ ဝ ရော၊မြတ်သော၊ဓမ္မော၊ပြုတ်တုမလွဲ၊ဖြစ်မြဲသဘောပေတည်း။

(၂၄၆) တေသံ ဝါစာယ ဘူပါလ၊မာဇဟိတ္တ သင်္ဂပထံ။
ဂဟေတွာ ဝိစရေယျန္တေ၊မင်္ဂါမုဋ္ဌော ဟိ ကောနရော။ ။

(၂၄၆) ဘူပါလ၊ ရေမြေ့သဍ္ဍနင်း၊ မင်းထက်မင်း၊ တေသံ၊ထို- ပညာနည်းပါး၊ တဏှာတွန်းများတို့၏၊ ဝါစာယ၊ ဂုံးချောလှည့်ပြား၊ ပြောစကားဖြင့်၊သင်္ဂပထံ၊နတ်ရွာရောက်ကြောင်း။ ခရီးကောင်းကို၊ မာဇဟိတ္တ၊စွန့်ပယ်တော်မမူပါလင့်။ဟိ၊အပြစ်ကား၊အန္တေ၊သူကန်း တို့ကို၊ဂဟေတွာ၊လမ်းညွှန်ခေါင်းဆောင်၊ခေါ်ယူဆောင်၍၊ဝိစရေ ယျ၊ထိုထို-ဤဤ၊လှည့်လည်ပြားအံ့၊ ကောနရော၊ အဘယ်သူသည်၊ မင်္ဂါမုဋ္ဌော၊လိုရင်းမရောက်၊ယွင်းဘောက်ပျက်ပြား၊လမ်းမှားဘဲရှိ ပါအံ့နည်း။

(၂၄၇) ဗိမ္ဗိသာရာဒိရာဇာနော၊တေဇဝန္တော ပုရိန္ဒဒေါ။
သဟာသကျော်ပိ တံဗုဒ္ဓံ၊ဥပေစ္စ သရဏံ ဂတာ။ ။

(၂၄၇) တေဇဝန္တော၊အာဏာလွှမ်းမိုး၊ ကြီးသော တန်းခိုးရှိကုန် သော။ ဗိမ္ဗိသာရာဒိ ရာဇာ နောပိ၊ "ဗိမ္ဗိသာရ" အစရှိသော၊ မင်း ကောင်းမင်းမြတ်တို့သည်၎င်း။ သဟာသကျော်၊ မျက်စိတထောင်၊ အမြင်ဆောင်သော။ ပုရိန္ဒဒေါပိ၊ နတ်များ သေဍ္ဍနင်း၊ သိကြားမင်း သည်၎င်း၊တံဗုဒ္ဓံ၊ ထိုသစ္စာလေးပါး၊ ပိုင်းခြားသိမြင်၊ ဘုရားရှင်ကို၊ ဥပေစ္စ၊ ရှိသေပျပ်ဝပ်၊ ချဉ်းကပ်ကြကုန်၍၊ သရဏံ၊ မှီခိုကိုးကွယ် ခြင်းသို့၊ဂတာ၊ရောက်ကြပါကုန်၏။

(၂၄၈) တွမ္ပိ ဗိတ္တံ ပဿာဒေဟိ၊ဒိပ္ပံ ရာဇ ဝိနာယကေ။
သင်္ဂါပဝဂ္ဂ လာဘာယ၊ဇုတ္တာ ဝေါရံ သမင်္ဂတာ။ ။

(၂၄၇) ရာဇာ၊ အရှင်မင်းမြတ်၊ တွမ္ပိ၊ အရှင်မင်းမြတ်သည်လည်း၊ သဂ္ဂါပဝဂ္ဂလာဘာသယ၊ နတ်-ရွာ-နိဗ္ဗာန်၊ မြန်မြန်ရခြင်းအကျိုး၌၊ ဝိနာယကေ၊ ခေါင်းဆောင်ရှေ့သွား၊ မြတ်စွာဘုရား၌၊ ခိပ္ပံ၊ လျှင်မြန်စွာ၊ စိတ္တံ၊ စိတ်ကို၊ ပသာဒေဟိ၊ သဒ္ဓါပိုမို၊ ကြည်ညိုပါစေလော၊ ဣတိ၊ ဤသို့၊ သမဂ္ဂါ၊ ဖေးဖေးကြည်ကြည်၊ အညီအညွတ်၊ အဝေါ်ရုံ၊ တိုက်တွန်းပိုင်းခုံ၊ သံတော်ဦးတင်ကြလေကုန်၏။

---

၃၃ –"ပဏ္ဍု" မင်းသည်-စွယ်တော်မြတ်ကိုပင့်ဆောင်ရန်၊
စစ်သူကြီးအားစေလွှတ်ခန်း။

(၂၄၈) တေံ သုတွာန ဘူပါလော၊ နိက္ကင်္ခော ရတနတ္တယေ။
သဘာမဇ္ဈေ ပဟဋ္ဌော သော၊ သေနာပတိ မဝေါစိဒံ။ ။

(၂၄၉) သောဘူပါလော၊ ထို-ရေမြေ့သခင်နှင်း၊ "ပဏ္ဍု" မင်းသည်၊ တေံ၊ ဤသို့ပြောကြား၊ တရားစကားကို၊ သုတွာန၊ ကြားတော်မူသည်ရှိသော်၊ ပဟဋ္ဌော၊ နှစ်သက်ရွှင်လန်း၊ ဝမ်းသာတော်မူလှသည်ဖြစ်၍၊ ရတနတ္တယေ၊ သုံးပါးမြတ်စွာ၊ ရတနာ၌၊ နိက္ကင်္ခော၊ သံသယရှင်း၊ ယုံမှားကင်းသည်ဖြစ်၍၊ သဘာမဇ္ဈေ၊ ဗိုလ်ထုများပြား၊ ခမ်းနားကြီးကျယ်၊ မင်းပွဲအလယ်၌၊ သေနာပတိံ၊ စစ်သူကြီးကို၊ ဣဒံ၊ ဤဆိုသတ္တံ့သော စကားကို၊ အဝေါစ၊ ခွန်းဟာရွှေနှုတ်၊ မိန့်ထုတ်တော်မူလေ၏။

(၂၅၀) အသဒ္ဒဟာနေသော ဗုဒ္ဓါဒိဝတ္ထုတ္တယ ဂုဏေ စိရံ၊
ဒုလ္လဒ္ဓိဝဓုမေ ဂန္တွာ၊ သရဏ္ဍေ ဝဍ္ဎိတောပိ ဟံ။ ။

(၂၅၁) အဟံ၊ ငါသည်၊ ဗုဒ္ဓါဒိဝတ္ထုတ္တယ ဂုဏေ၊ ဘုရားအစရှိသော ရတနာသုံးပါး၊ ကျေးဇူးဂုဏ်၌၊ အသဒ္ဒဟာနေသော၊ ဒွိဓာလွှမ်း၍၊ အကန်းပမာ၊ သဒ္ဓါမတည်၊ မယုံကြည်သည်ဖြစ်၍၊ စိရံ၊ ကြာမြင့်စွာ၊ ဒုလ္လဒ္ဓိဝဓုမေ၊ ဆိုးဝါးညစ်ညမ်း၊ မိစ္ဆာအယူတည်းဟူသောလမ်း၌၊ ဂန္တွာ-(ဂန္တွာ)၊ အယူဘောက်ပြား၊ အလိုက်မှားလျှက်၊ သရဏ္ဍေ၊

ဠိဠိပိုင်စံ၊တိုင်းနိုင်ငံ၌၊ဝဋ္ဋိတော၊ လူအပေါင်းကို၊ ဖြားယောင်းလှည့်ပတ်အပ်ပြီ။

(၂၅၁) အမတံ ဝိဇဟိတွာန၊ဝိသံ ခါဒိံ ဓိရံ အဟံ။
ဝိဟာယ စမ္ပကံ ပုပ္ဖံ၊နာဂဗာရ မခါရယိံ။ ။

(၂၅၁) အဟံ၊ ငါမင်းမြတ်သည်၊ အမတံ၊ အပြစ်ကင်းဝေး။ အမြိုက်ဆေးကို၊ ဝိဇဟိတွာန၊ မခင်မချစ်၊ ပယ်စွန့်ပစ်၍၊ ဝိသံ၊လောလောလာဘ်လတ်၊ သေစေတတ်သော အဆိပ်ကို၊ ဓိရံ၊ကြာမြင့်စွာ၊ ခါဒိံ၊နှစ်ခြိုက်မြိုဝါး၊စားခဲ့ပေ၏၊စမ္ပကံ၊အဆင်းအနံ့၊ သင်းပြန့်ကြိုင်လှိုင်း။စကားပန်းကို၊ဝိဟာယ၊မခင်မချစ်၊ စွန့်ပစ်ပယ်ထား၍၊ နာဂဗာရံ၊အဆင်းမပြေ၊ကြက်သရေခန်း၊ ‘‘ဝက်ချေး’’ပန်းကို၊ အခါရယိံ၊လေးမြင့်ကြာရှည်၊ဆောင်မိပေ၏။

(၂၅၂) ဒိပ္ပံဝ လောကနာထဿ၊ဂတွာ ပရိခါန္တိကံ။
ဓာတုမာနေယံ ပုညာနိ၊ကာရိဿံ ပူဇိတေဟိတိ။ ။

(၂၅၂) သေနာပတိ၊စစ်သူကြီး။တွံ၊သင်သည်၊ပရိခါန္တိကံ၊လူထုများပြား။ကျုံးမြောင်းနားသို့၊ဂတွာ၊သွား၍ လောကနာထဿ၊လူအများဘို့၊ကိုးစားဆည်းကပ်၊ဘုရားမြတ်၏၊ ဓာတုံ၊ တန်းခိုးထင်ပေါ်၊ ဓာတ်စွယ်တော်ကို၊ ဒိပ္ပံဝ၊ မကြာမတင်၊ လျင်လျင်ကြီးသာလျှင်၊ အာနေဟိ၊ပင့်ယူအသာ။ဆောင်ခဲ့ပါလော၊ အဟံ၊ငါမင်းမြတ်သည်၊ ပူဇိတေဟိ၊ များပြား သွယ်သွယ်၊ ပူဇော်ဘွယ် တို့ဖြင့်၊ ပုညာနိ၊ ကုသိုလ်ကောင်းမှုဘို့ကို၊ ကာရိဿံ၊များစွာအားထုတ်။ပြုလုပ်တော့အံ့၊ဣတိ၊ဤသို့၊အဝေါစ၊ခွန်းဟာရွှေနှုတ်။မိန့်ထုတ်တော်မူလေ၏။

---

၃၄—စစ်သူကြီးစွယ်တော်မြတ်ကို-ရှိသေစွာပင့်လျှောက်ခန်း။

(၂၅၃) သော ဂတွာန တံဌာနံ၊ဒါဌာဓာတုံ မဟေသိနော။
နမဿမာနော အဘာသိ၊ရညော ဟိတာဝရံ တဒါ။ ။

(၂၅၃) တဒါ၊ ထိုစေခိုင်းတိုက်တွန်းသော အခါ၌။ ရဿော၊ မင်းမြတ်၏၊ဟိတာဝစရံ၊အစီးအပွါး၊ များပြားလေအောင်။ ကျင့်ဆောင်တတ်သော။သေ-သော၊ ဤစစ်သူကြီးသည်။ တံဌာနံ၊ထိုလူ့ချားရရုံး။ကျုံးမြောင်းရှိရာအရပ်သို့။ဂန္တွာ၊အမိန့်တော်အတိုင်း။ မဆိုင်းမနား။ မြန်စွာသွား၍၊ မဟောသိနော၊ မြတ်စွာဘုရား၏။ ဒါဌာဓာတုံ၊ ရောင်ခြည်ဝင်းလျှပ်၊ စွယ်တော်ဓာတ်ကို။ နမသဿမာနော၊ ရှိသေမြတ်နိုး။ ရှိခိုး လျက်။ တေ၊ ဤစကားကို။ အဘာသိ၊ လျှောက်ဆိုလေ၏။

(၂၅၄) ဒိဗ္ဗံ ပဟာယ ရာဇိန္ဒော၊သဒ္ဓံ အလတ္ထ နာယကော၊
ပါသာဒါဂမ္ဗ တိဋ္ဌာဟိ၊ပသာဒသာ ဇိနာဓိကော။ ။

(၂၅၄) ဘန္တေ၊ အရှင် ဘုရား။ ရာဇိန္ဒော၊ "ပဏ္ဍုမ"ဟု၊ ဘေဇတောက်လင်း။မင်းထက်မင်းသည်။ ဒိဗ္ဗံ၊စွဲလမ်းရှည်ကြာ၊ မိစ္ဆာအယူကို။ ပဟာယ၊ပယ်စွန့်၍။ နာယကော၊မြတ်စွာဘုရား၌။ သဒ္ဓံ၊လွန်လွန်မင်းမင်း။ယုံကြည်ခြင်းသဒ္ဓါတရားကို။ အလတ္ထ၊ကောင်းစွာဖွ ဖွ။ရကြီးရပြီ။ဇိနာဓိကော၊ဘုရားအစရှိသော။ရတနာသုံးပါး၌။ပသာဒသာ၊သက်ဝင်မှိုခို။ကြည်ညိုစဖြစ်သော-မင်းမြတ်၏။ ပါသာဒံ၊စိန်ရောင်-မြရောင်။တောက်လောင်ရောပြွမ်း၊ပြာသာဒ်နန်းသို့။ အာဂမ္မ၊ ကွန့်မြူးကြွလှမ်းတော်မူ၍။တိဋ္ဌာဟိ၊ ရောင်ခြည်လွှတ်လျက်။ ကိန်းဝပ်တည်နေတော်မူပါဘုရား။

(၂၅၅) တထာဂတဿ သာ ဓာတု၊ပက်ဓာ ပက်ဓံ တဒါ။
ဩဘ္ဘမန္တိ အာလောကေဟိ၊အကာသိ သိရိကံ ပုရံ။ ။

(၂၅၅) တဒါ၊ထိုသို့တောင်းပန်သောအခါ၌။တထာဂတဿ၊ရှေးဘုရားနှင့်။မခြားအတူ။ လာတော်မူသောမြတ်စွာဘုရား၏။ သာဓာတု၊ သိုပြူစင်နုထွတ်၊တမွတ်အခေါင်။ စွယ်တော်သျှောင်သည်။ပက်ဓာ၊မွှေးပျံ့သင်းထုံ၊ ကြာရုံ-ကြာပွင့်တချမှ၊ ပက်ဓံ၊ မွှေးပျံ့သင်းထုံ။ ကြာရုံ-ကြာပွင့်တချသို့။ဩဘ္ဘမန္တိ၊ပိတုန်းပျားဟန်။မြူးပျံသက်ဆင်း

တော်မူလျက်၊ **အာ**လောကေဟိ၊ ငွေပြွားတပဲ၊ ပုလဲတရထည်၊ ပြုသော ရောင်ခြည်တို့ဖြင့်၊ ပုရံ၊ ပါဋလိပုတ်ဟု၊ သမုတ်ထူးလည်-မြို့အလြပြည်ကို။သိရိကံ၊ထိန်ပြောင် ရွှန်းဝေ၊ကြွက်သရေရှိသည်ကို၊ အကာသိ၊ပြုတော်မူလေ၏။

(၂၅၆) တတော ဋတွာန သာ တသ၊သုရဏ္ဏဠလိ ပက်ဓေ၊ မုဋ္ဌိတွာ သုဘာရံသိယော၊မဏ္ဍ မဟာပွလံ အကာ၊ ။

(၂၅၆) တတော၊ ထိုနောက်မှ၊ သာ၊ ထိုစွယ်တော် မြတ်သည်၊ တသ၊ ထိုစစ်သူ ကြီး၏၊ သုရဏ္ဏဠလိ ပက်ဓေ၊ ပတ္တမြား ပမာ၊ ကောင်းစွာနီမြန်း၊ လက်အုပ်တည်းဟူသောကြာပန်း၌၊ ဋတွာန၊ကြွလှမ်းကွန့်ချီ၊တည်တော်မူ၍၊ သုဘာရံသိယော၊ ရှုချင့်စဘွယ်၊ တင့်တယ်သော-ရောင်ခြည်တော်တို့ကို၊ မုဋ္ဌိတွာ၊လွှတ်တော်မူ၍၊ မဏ္ဍ၊ အာရုံစွဲ၍၊အံ့ဘွယ် ရှုညောင်း၊ သတ္တဝါအပေါင်းကို၊ မဟာပွလံ၊အတိုင်း မသိ၊ပီတိပျံ့ပွါး၊အကျိုးများသည်ကို၊အကာ၊ပြုတော်မူလေ၏။

---

၃၅—"ပဏ္ဍု"မင်းသည်မိမိကိုယ်တိုင်သွား၍၊ စွယ်တော်မြတ်ကိုပင့်ဆောင်ခဏ်း။

(၂၅၇) ရာဇာ သုတွာ နိဒံ ပဟဋ္ဌော၊ဂတွာ ပါဒေန သူစယံ၊ ဗိဂုဏံ ပသာဒံ ဝေါစ၊ပဋ္ဌ သိကော ငှိတော တဒါ၊ ။

(၂၅၈) တဒါ၊ထိုအခါ၌၊ ရာဇာ၊"ပဏ္ဍုမ"ဟုနရဥက္ကဋ္ဌ၊ စောဒနတ်သည်၊ဣဒံဝစနံ၊ ဤသို့ကြော်ကြား၊ အံ့ထူးဆန်းပြား၊ သိတင်း စကားကို၊သုဘွာန၊ မြို့လုံးအနှံ့၊သိတင်းပြန့်၍၊မဆံ့ရွှေနား၊ကြားတော်မူသည်ရှိသော်၊ ဟဋ္ဌော၊ နှစ်သက် ရွှင်လန်း၊ ဝမ်းသာတော် မူလှသည်ဖြစ်၍၊ ပါဒေန၊ ခြေဖြင့်၊ ဂတွာ၊ ကျုံးမြောင်းအပါး၊ ကြွသွား လျင်မြန်၊ ထွက်စံတော်မူ၍၊ ဗိဂုဏံပသာဒံ၊ ရှေးထက်ပိုမို၊ နှစ်ဆတက်ကြည်ညိုခြင်းကို၊ သူစယံ-(သူစယန္တော)၊ ထင်စွာပြလျက်၊ ပဋ္ဌ သိကော၊လက်အုပ်ချီခြင်းရှိသည်ဖြစ်၍၊ငှိတော၊သုရဘဂုဏ်ကို၊

အာဝရုံစွဲကပ်၊ကောင်းစွာရပ်လျက်။ဇာဒံ၊၏ဆိုလတ္တံ့ သော၁စကားကို၊ အဝေါ၊စ၊နှုတ်ဟာမြွက်ကြား၊လျှောက်ထားရွတ်ဆိုလေ၏။

(၂၅၈) တဝ ဝိမံသနတ္တာယ၊ကာတံ သဗ္ဗမိဒံ မယာ။
နာယကာ ခမ သဗ္ဗညူ၊ဒိပ္ပံ လက်ိုရု မေ သိသံ။ ။

(၂၅၈) နာယကာ၊လူသုံးဦးတို့၏ ကြီးမှူးရှေ့သွား၊ မြတ်ဘုရား။ ။ မယာ၊တပည့်တော်သည်။တဝ၊ အရှင်ဘုရားအား။ ဝိမံသနတ္တာယ၊ မယုံတလမ်း။ယုံတခမ်းကြောင့်။စုံစမ်းရန်အကျိုးငှါ။ ဇာဒံသဗ္ဗံ၊၏အ လုံးစုံသော-မီးတိုက်ခြင်း၊ တူဖြင့်နှက်ခြင်းအစရှိသောပြစ်မှားမှုကို။ ကာတံ၊ပညာမရှိ၍။ပြုမိပါပြီ။ သဗ္ဗညူ၊တရားလုံးစုံ၊အကုန်သိတော်မူ သောမြတ်စွာဘုရား။ ခမ၊ကရုဏာပိုလျှံ၊ သည်းခံတော်မူပါလော။ မေ၊အကျွန်ုပ်၏၊သိသံ၊ဦးခေါင်းကို။ ဒိပ္ပံ၊လျင်မြန်စွာ။ အလက်ိုရု၊ကြွ လှမ်းပျော်ရွှင်၊တန်းဆာဆင်တော်မူပါလော။

(၂၅၉) ဠီတာ သိသေ တဒါ တဿ၊ ဒါဌာ အမုဋ္ဌိ ရံသိယော။
တမဇ္ဈေရ မဘိယျော၊ဒိဿ အာမေဝဒိ ပဏ္ဍုကော။ ။

(၂၅၉) တဒါ၊ထိုသို့-လျှောက်ထားတောင်းပန်သောအခါ၌။ဒါဌာ၊ စွယ်တော်မြတ်သည်။ တဿ၊ထို"ပဏ္ဍု"မင်း၏။သိသေ၊ ဦးခေါင်း ထက်၌။ဠီတာ၊ရောင်ခြည်ရှက်ဖြာ၊ လကျာလှည့်လည်၊ ကောင်းစွာ တည်လျက်။ရံသိယော၊ဝိနှစ်တောင်ကုံ၊နေရောင်ရောစပ်၊အလင်း ဟပ်သကဲ့သို့၊ တလျှပ်လျှပ်တဝင်းဝင်း။ ထွန်းလင်းတောက်ပသော ရောင်ခြည်ဘော်တို့ကို၊ အမုဋ္ဌိ၊ လွှတ်တော်မူလေ၏။ ပဏ္ဍုကော၊ "ပဏ္ဍု"မင်းသည်၊တံအစ္ဆေရံ၊ထို-ရောင်ခြည်ယှက်သွယ်၊ အံ့ဩ ဘွယ်ကို၊ ဒိသွာ၊ဖူးမြင်ရ၍၊ဘိယျော၊ အတိုင်းထက်အလွန်သာ လျှင်၊အာမေဝဒိ၊နှစ်လိုရွှင်မြူး၊အထူးဝမ်းသာတော်မူလေ၏။

(၂၆၀) ဝဟံ သော သိခသာ ခါတုံ၊ကတွာ ပုရံ ပဒက္ခိဏံ၊
ပူဇေတွော ကုသုမာဒိဟိ၊အကာ ပုရံ သုသဇ္ဇိတံ။ ။

(၂၆၀) သော၊ ထို"ပဏ္ဍု"မြင်းသည်၊ ဓာတုံ၊ စိန်ရောင်ဝင်းလျှပ်၊ စွယ်တော်မြတ်ကို၊ သိရသာ၊ ဦးခေါင်းဖြင့်၊ ဝဟံ-(ဝဟန္တော)၊ ညွတ်ပျောင်းကြည်ဖြူ၊ ပင့်ဆောင် ယူလျက်၊ ပုရံ၊ ပါဋလိပုတ်ဟု၊ သမုတ်ထူးလည်၊ မြို့ရွှေပြည်ကို၊ ပဒက္ခိဏံ၊ လက်ျာ ရစ်လှည့်သည်ကို၊ ကတွာ၊ ပြုတော်မူ၍၊ ကုသုမာဒိဟိ၊ မွှေးကြိုင်ထူးဆန်း၊ ပန်းအမျိုးမျိုးတို့ဖြင့်၊ ပူဇေန္တော၊ ဂုဏ်တော်ထူးကို၊ ချီးကျူး မြှောက်ဘော်၊ ပူဇော်တော်မူလျက်၊ ပုရံ၊ ပြည်တော်မြတ်ကို၊ သုသဇ္ဇိတံ၊ ကောင်းစွာစီရင်၊ တန်းဆာဆင်အပ်သည်ကို၊ အကာ၊ ပြုတော်မူလေ၏။

(၂၆၁) သမုဿိတာ တ ပဋ္ဋမှိ၊ ပလ္လင်္ကေ ရတနုဇ္ဇလေ။
ဓာတုံ ရာဇာ ဌပေတွာန၊ ပူဇေသိ ရတနာဒိဟိ။ ။

(၂၆၁) ရာဇာ၊ ဒိဗ္ဗပယ်ရှင်း၊ "ပဏ္ဍု"မင်းသည်၊ ဓာတုံ၊ စွယ်တော်ဓာတ်ကို၊ သမုဿိတာတပဋ္ဋမှိ၊ ကောင်းစွာ စိုက်ဆောက် အပ်သော၊ မင်္ဂလာထီးဖြူတော်ရှိသော၊ ရတနုဇ္ဇလေ၊ ရတနာရောင်-တို့ဖြင့်၊ ပြောင်ပြောင်ဝင်းဝင်း၊ ထွန်းလင်းတောက်ပသော၊ ပလ္လင်္ကေ၊ မြ-စိန်ပုလဲ၊ မျက် ရွဲ သန္တာ၊ လျှံဝါထိန်လက်၊ ပလ္လင်ထက်၌၊ ဌပေတွာန၊ တင်ထားတော်မူ၍၊ ရတနာဒိဟိ၊ ရွှေငွေဘဏ္ဍာ၊ ရတနာ အစရှိသောဝတ္ထုတို့ဖြင့်၊ ပူဇေသိ၊ လှူဒါန်းပူဇော်တော်မူလေ၏။

(၂၆၂) ရတနာဘာဟိ ကာရေသိ၊ ပိဠာရေစမာနကံ ဝရံ။
သုစိတ္တံ ပဏ္ဍုရာဇိန္ဒော၊ ဒန္တဓာတု နိဝေသနံ။ ။

(၂၆၂) ပဏ္ဍု ရာဇိန္ဒော၊ "ပဏ္ဍုမြ"ဟု၊ တေဇထင်ပြိုင်း၊ မင်းထက်မင်းသည်၊ ရတနာဘာဟိ၊ ရတနာရောင် အမျိုးမျိုးတို့ဖြင့်၊ ပိဠာရေစမာနကံ၊ အလွန်ထူးဆန်း၊ ကျူးသန်းယှက်သွယ်၊ တင့်တယ်ထသော၊ ဝရံ၊ တုဘက်မရ၊ လွန်မြတ်ထသော၊ သုစိတ္တံ၊ ခြူးပန်းခြူးနွယ်၊ အသွယ်သွယ်တို့ဖြင့်၊ ဆံန်းကြယ်ထသော၊ ဒန္တဓာတုနိဝေသနံ၊ စွယ်တော်ဓာတ်မြတ်၊ ကိန်းဝပ်ပျော်အောင်း၊ စံရွှေကျောင်းကို၊ ကာရေသိ၊ သဒ္ဓါဖြိုးဝေ၊ ဆောက်လုပ်စေတော်မူ၏။

(၂၆၃) နဂရံ လက်ရိတွာန၊ ဓာတုံ ဌပေသိ တတ္ထ သော။
နာနာဝဏ္ဏူပဟိ ပူဇေသိ၊ သရဇ္ဇံ သဓနာဒိကံ။ ။

(၂၆၃) သော၊ ထို"ပဏ္ဍု"မင်းသည်။ နဂရံ၊ မြို့တော်ကို။ အလက်
ရိတွာန၊ ကောင်းစွာပြုပြင်။ တန်းဆာဆင်၍။ တတ္ထ၊ ထို-မြို့တော်အ
တွင်း။ ခင်းကျင်းသိုက်မြိုက်။ စွယ်တော်တိုက်၌။ ဓာတုံ၊ စွယ်တော်
ဓာတ်ကို။ ဌပေသိ၊ ထားတော်မူလေ၏။ နာနာဝဏ္ဏူပဟိ၊ အမျိုးမျိုးအ
သွယ်သွယ်၊ လှူဘွယ်ဝတ္ထုတို့ဖြင့်။ (အတိတွေ့သောစိတ်တော်အခင်အဲ။
မရောင့်ရဲသည်ဖြစ်၍)။ သဓနာဒိကံ၊ ဘိုးတန်ဖြင်ပြည်း။ ပစ္စည်းဥစ္စာ
နှင့်တကွဖြစ်သော။ သရဇ္ဇံ၊ မိမိစံပျော်။ နေပြည်တော်ကို။ ပူဇေသိ၊
သဒ္ဓါရှင်လန်း။ လှူဒါန်းပူဇော်တော်မူလေ၏။

(၂၆၄) ဂုဟာသိဝံ အာမန္တေတွာ၊ ကတွာထ အတ္တနာ သမံ။
မာနိတံ နေကပုညာနိ၊ သဒ္ဓါဓနော သ,သဉ္စိတိ။ ။

(၂၆၄) အထ၊ ထိုနောက်မှ။ သ-သော၊ ထိုပဏ္ဍုမင်းသည်။ ဂုဟာ
သိဝံ၊ ကာလိင်္ဂသဌနင်း။ "ဂုဟာသိဝ" မင်းကို။ အာမန္တေတွာ၊ ခေါ်
တော်မူ၍။ အတ္တနာ၊ မိမိနှင့်။ သမံ၊ မပိုမသာ။ ညီညာတူမျှ။ မာနိတံ၊ ချစ်
ခင်နှိုးရင်း။ မြတ်နိုးခြင်းကို။ ကတွာ၊ ပြုတော်မူ၍။ သဒ္ဓါဓနော၊ ရတနာ
သုံးပုံ၊ ကျေးဇူးဂုဏ်၌၊ ယုံကြည်ခြင်း သဒ္ဓါတရား တည်းဟူသော
ဥစ္စာ ရှိသည်ဖြစ်၍။ အနေက ပုညာနိ၊ တပါးမက။ များလှစွာသော
ကုသိုလ် ကောင်းမှု တို့ကို။ သဉ္စိတိ၊ ကောင်းစွာ ဆည်းပူးတော်မူ
လေ၏။

(၂၆၅) ကုဒိဋ္ဌိဇန သံသဂ္ဂံ၊ သော ပဟာယ တတော ကရံ။
သမ္မာဒိဋ္ဌိက သံသဂ္ဂံ၊ သ,ပရဏ္ဍံ သမာစရိ။ ။

(၂၆၅) တတော၊ ထိုနောက်မှ၊ သော၊ "ပဏ္ဍုမ"ဟု။ နာမထင်ရှား။
မင်းတရားသည်။ ကုဒိဋ္ဌိဇန-သံသဂ္ဂံ၊ မိစ္ဆာပြောထူ၊ မကောင်းသော
သူတို့နှင့်။ ပေါင်းဘော်မှုဝဲ။ ရက်တွဲခြင်းကို။ ပဟာယ၊ လုံးလုံးပယ်

စွန့်တော်မူ၍၊သမ္မာဒိဋ္ဌိကသံသဂ္ဂ၊ သမ္မာစင်ပြူ၊ ကောင်းသောအယူရှိသောသူတို့နှင့်၊ ပေါင်းတော်မှီ၍။ ရက်တွဲခြင်းကို၊ ကရံ-(ကရောန္တော)၊ညာဏ်ဖြင့်ရှုမြှောင်၊ပြုတော်မူလျက်၊ သပရတ္ထံ၊မိမိသူတပါး၊အကျိုးနှစ်ပါးကို။သမာစရိ၊ကောင်းစွာကျင့်တော်မူလေ၏။

---

၃၆—"ပဏ္ဍု"မင်းနှင့်"သီရခာရ"မင်းတို့စစ်ပြိုင်ခဏ်း။

(၂၆၆) ဒက္ခသေနော ကဒါ ယုဒ္ဓေ၊ သီရခာရော မဟီပတိ၊
ပုရံ မာနော သသေနာယ၊အာဂဉ္ဆိ အဘိယုဉ္ဇိတုံ၊ ။

(၂၆၆) ကေဒါ၊အခါ့တ်မထား။ခါတပါး၌။ ဒက္ခသေနော၊လေးပဒ်လှံသိုး။အမျိုးမျိုး၌၊စက်ဒိုးပမာ၊ လိမ္မာနားလည်၊ စစ်သည်ဗိုလ်ထု၊ရဲမက်ရရှိသော။သီရခာရော၊ "သီရခာရ"အမည်ရှိသော၊ မဟီပတိ၊ တနယ်တိုင်းခြား၊မင်းတပါးသည်၊ မာနော၊သပြေကြွန်းငုံ၊တံခွန်ထူသို့။ရည်တူမရ၊တက်ကြွမာန်မူသောစိတ်ရှိသည်ဖြစ်၍၊ သသေနာယ၊ စစ်လံဗိုက်ထု၊ ဆူဆူသောင်းသောင်း၊ စည်မောင်းတီးခပ်၊စစ်တပ်ချီတက်၊ရဲမက်ဗိုလ်ပါနှင့်တကွ။ အဘိယုဉ္ဇိတုံ၊ ရှေးရှုရင်ဆိုင်၊စစ်ရေးပြိုင်ခြင်း အကျိုးငှါ၊ ပုရံ၊ "ပဏ္ဍုမ"မင်း၊ ပျော်ခင်းစံရာ၊အောင်ချာဘုမိ၊ပါခုလိ၊သို့၊အာဂဉ္ဆိ၊ဆိုက်ရောက်တော်မူလေ၏။

(၂၆၇) ယုဉ္ဇိတုံ အာဂတံ ပုရံ၊ယုဒ္ဓံ ကတွာန ပဏ္ဍုကော၊
သေနိယော သီရခာရံ တံ၊နရိန္ဒံ ဇိနိ တေဇသာ။ ။

(၂၆၇) သေနိယော၊များသော-ဗိုလ်ပါရဲမက်၊လက်နက်ဆင်မြင်း၊အလုံးအရင်းရှိသော၊ ပဏ္ဍုကော၊ "ပဏ္ဍု"မင်းသည်၊ ပုရံ၊ မိမိ၏တိုင်းတော်-ပြည်တော်သို့၊ယုဉ္ဇိတုံ၊ချေဖျက်နှိပ်နင်း။စစ်ထိုးခြင်းငှါ။ အာဂတံ၊စစ်မောင်းနှက်၍၊ချီတက်လာသော၊ သီရခာရံ၊"သီရခာရ"အမည်ရှိသော၊ တံနရိန္ဒံ၊ထိုရန်သူမင်းကို။ ယုဒ္ဓံ ကတွာ၊ဗိုလ်ပါပြင်ဆင်၊သေနင်,ချီတက်၊ တိုက်ဖျက်တော်မူ၍၊ တေဇသာ၊ ခြသေ့်နှင့်

သား။မပြိုင်အားသို့။ကြီးမားမောက်ပြီး။ဘုန်းတန်းခိုးကြောင့်။ အဖိန့်၊ ရန်သူ ရှုံး၍။လုံးလုံးကြီးအောင်တော်မူလေ၏။

(၂၆၇) သင်္ဂါမေ ဒိရဓာရမှိ၊ဝိနဋ္ဌေ မလယံ ဝနံ။
ဥပေတာ ဘာဂိနေယျာထ၊ကုမာရာ သမိတ္တိကာ။ ။

(၂၆၇) အထ၊ထိုအခါ၌။ဒိရဓာရမှိ၊"ဒိရဓာရ"မင်းသည်။သင်္ဂါမေ၊ ပါဒ္ဒိုလိ,တိုင်းခွင်၊ စစ်မြေပြင်၌။ ဝိနဋ္ဌေ၊မနိုင်လုံးလုံး၊ ဇီဝိန်ဆုံးလျက်၊ ပျက်ရှုံးခဲ့သည်ရှိသော်။ ဘာဂိနေယျာ၊"ဒိရဓာရ"မင်း၏။ တူရင်းဖြစ်ကုန်သော။ သမိတ္တိကာ၊ အပြစ်မမြင်၊ချစ်ခင်ကြည်ဖြူ၊ စိတ်တူကိုယ်မျှ၊ဖြစ်ကြကုန်သော။ကုမာရာ၊ရွယ်တူတသင်း၊ မင်းသားညီနောင် တို့သည်။ မလယံဝနံ၊ ဦးရိုးတော်မင်း၊ နေရင်းဌာန၊ "မလယ" အရပ်သို့။ ဥပေတာ၊ ကပ်ရောက် ခိုးချုပ်၊ ကနက်ဒုပ်လျက်။မင်းလုပ်ကြလေကုန်၏။

(၂၆၈) ရဋ္ဌံ သော သင်္ဂဟေတွာန၊ရာဇသေဋ္ဌော ထပဏ္ဍုကော။
နိယျာသိ ရဋ္ဌာဘာရံ တံ၊ဝရပုတ္တဿ နိဒိလံ။ ။

(၂၆၈) အထ၊ထိုနောက်မှ။ပဏ္ဍုကော၊"ပဏ္ဍု"အမည်ရှိသော။ သောရာဇသေဋ္ဌော၊ထိုမင်းမြတ်ကြီးသည်။ ရဋ္ဌံ၊တိုင်းပြည်ကို။ဝါ၊ တိုင်းသားပြည်သူ၊လူအပေါင်းကို။သင်္ဂဟေတွာန၊သင်္ဂဟ,လေးပါး၊ တရားအလျောက်၊ချီးမြှောက်တော်မူပြီး၍။ နိဒိလံ၊ကြွင်းမဲ့ဥသုံ၊အလုံးစုံသော။တံရဋ္ဌာဘာရံ၊ထို-တိုင်းပြည်၏တာဝန်ကို။ ဝရပုတ္တဿ၊ ရင်နှစ်သည်းချာ၊သားကြီးရတနာအား။နိယျာသိ၊ဆောင်နှင်းလွှဲအပ်တော်မူလေ၏။

(၂၇၀) မနုဇိန္ဒော သက္ကတွာန၊ဒါဌာဓာတုံ မဟေသိနော။
ဂုဟာသိဝံ သဓာတုဥ္စ၊သဒ္ဓမ္မံ ပဟိဏိတ္တ သော။ ။

(၂၇၀) မနုဇိန္ဒော၊လူတို့ကို အစိုးရသော။ သော၊ထို"ပဏ္ဍု"မင်းတရားကြီးသည်။မဟေသိနော၊မြတ်စွာဘုရား၏။ဒါဌာဓာတုံ၊ရောင်

ခြည်ဝင်းလျှပ်၊ စွယ်တော်ဓာတ်ကို၊ သက္ကတွာန၊ ကြေကြေနပ်နပ်၊ လေးမြတ်လှစွာ၊ သဒ္ဓါရွှန်းဝေ၊ အရှိအသေပြုပြီး၍၊ သခေါတုံ၊စွယ်တော်ဓာတ်နှင့်တကွဖြစ်သော၊ ဂုဟာသီဝဋ္ဌ၊"ဂုဟာသီဝ"မင်းမြတ်ကိုလည်း၊ သရဇ္ဇံ၊ဒိမိတိုင်းနိုင်ငံသို့၊ပဟိဏိတ္တ၊ သာကြည်နူးညွတ်၊ ပြန်လွှတ်တော်မူလေ၏။

(၂၇၁) ဒါနာဒိ ဗဟုပုညာနိ၊ကတွာန ယာဝတာယုကံ၊
ပဟာယ မာနုသံ ဒေဟံ၊ပတ္တော ရာဇာ ဒိဝံ ဂတော။ ၊

(၂၇၁) ရာဇာ၊"ပဏ္ဍုမြ"ဟု၊နရသေဌ်နင်း၊တရားမင်းသည်၊ယာဝတာယုကံ၊ သက်တော်မြင့်ရှည်၊ တည်နေသမျှ၊ ကာလပတ်လုံး၊ ဒါနာဒိဗဟုပုညာနိ၊ဒါနအစရှိသော၊ ကုသိုလ်ကောင်းမှု၊ အစုစုတို့ကို၊ ကတွာန၊ ဝန်တို ကင်းကွာ၊ သဒ္ဓါရွှင်လန်း၊ လှူဒါန်း ပြုစုပြီး၍၊ပတ္တော၊လောကတံထွာ၊ ကြမ္မာညှိုးပိန်၊ ပျက်ချိန်ခါဝေ့၊ နောက်ဆုံးတနေ့၌၊ မာနုသံ၊လူ၌ဖြစ်သော၊ ဒေဟံ၊ခန္ဓာကိုယ်အတ္တဘောကို၊ပဟာယ၊ပယ်စွန့်တော်မူ၍၊ဒိဝံ ဂတော၊လူပြည်ငြီး၍၊နတ်ထီးစံတော်မူလေ၏။

(၁၇၂) ဂုဟာသီဝေါ သရဇ္ဇံ တံ၊နေတွာန သာဓု ပူဇယံ၊
ဓမ္မေ သတ္တေစ ယောဇေန္တော၊ဝိဟာသိ ကုသလံ ကရံ။ ။

(၂၇၂) ဂုဟာသီဝေါ၊ "ဂုဟာသီဝ"မင်းမြတ်သည်၊ တံ၊ထိုဘုရားရှင့်ဓာတ်၊စွယ်တော်မြတ်ကို၊ သရဇ္ဇံ၊မိမိပိုင်စံ၊ "ကာလိင်္ဂ"နိုင်ငံသို့၊ နေတွာန၊ပင့်ဆောင်တော်မူခဲ့၍၊သာဓု၊ရိုသေညွတ်ပျောင်း၊ကောင်းမွန်စွာ၊ပူဇယံ-(ပူဇယန္တော)၊သဒ္ဓါရွှင်ပြုံး၊မြတ်နိုးဘော်ရော်၊ပူဇော်တော်မူလျက်၊ သတ္တေစ၊ တိုင်းသူပြည်သား၊ သတ္တဝါအများတို့ကိုလည်း၊ ဓမ္မေ၊ သူတော်ကောင်းတရား၌၊ ယောဇေန္တော၊ ကြည်ညိုသက်ဝင်၊ယှဉ်စေတော်မူလျက်၊ကုသလံ၊ကုသိုလ်ကောင်းမှု၊ အစုစုကို၊ကရံ-(ကရောန္တော)၊ပွါးများဆည်းပူးပြုတော်မူလျက်၊ ဝိဟာသိ၊ချမ်းချမ်းသာသာ၊ကောင်းစွာနေတော်မူလေ၏။

## ၃၇—"ဒန္တကုမာရ"မင်းသားအကြောင်း။

(၂၇၃) တနုဇာ ဥဏ္ဏနိ ရညောထ၊ကုမာရော ဒန္တနာမကော။
သဓါတု ဒါဌံ ဘိပူဇာယ၊ပုရံ တသ ဥပါဂမိ။ ။

(၂၇၃) အထ၊ ထိုအခါ၌၊ ဥဏ္ဏနိရညော၊ ယောက်ဖတော်ရင်း၊ "ဥဏ္ဏနိ"မင်း၏၊တနုဇော၊ရင်သွေးရင်နှစ်၊သားတော်ချစ်ဖြစ်သော၊ ဒန္တနာမကော၊ "ဒန္တ"အမည်ရှိသော၊ကုမာရော၊ မင်းသားသည်၊ သဓါတု၊ ရတနာသုံးပါး၊ ဂုဏ်တော်များ၌၊ အားထားယုံကြည်ခြင်း ရှိသည်ဖြစ်၍၊ဒါဌံ၊ဗြိုးရိုးတော်မင်း၊ တိုင်းတွင်းကိန်းဝပ်၊ စွယ်တော်မြတ်ကို၊ အဘိပူဇာယ၊အလွန်မြတ်နိုး၊ ရှိခိုးပူဇော်ခြင်း အကျိုးငှါ၊ တဿ၊ ထိုဗြိုးရိုးတော်ရင်း၊ "ဂုဟသိဝ"မင်း၏၊ ပုရံ၊နေပြည်တော်သို့၊ဥပါဂမိ၊ချဉ်းကပ်တော်မူခဲ့လေ၏။

(၂၇၄) နာနာသိပ္ပေသု တိဏ္ဏကော၊သုရော ဒဿနိယော ဝရော။
နာရိနံ စိတ္တဗန္ဓေါ သော၊ကုမာရိစက္ခုပါသကော။ ။

(၂၇၄) သော၊ထို"ဒန္တ"မင်းသားသည်၊နာနာသိပ္ပေသု၊အဋ္ဌာရသ၊ သိပ္ပကုန်စင်၊စစ်ဆင်စစ်ထိုး၊အမျိုးမျိုးသောအတတ်တို့၌၊အဝင်ရွေ ကော၊တတ်မြောက်ရေးရာ၊အလွန်လိမ္မာတော်မူ၏၊ သုရော၊ခြသေ့် မင်းကဲ့သို့၊ရဲတင်းသောသတ္တိလည်းရှိ၏၊ ဒဿနိယော၊မျက်နှာဖွဲ့၍၊ မငြိုချင်အောင်၊ သွေးဆောင်ဖွဲ့ငြို၊"ဒဿနိယ"ဂုဏ်လည်းရှိ၏၊ ဝ ရော၊အမျိုးနွယ်ဇာတ်၊ မြတ်လည်းမြတ်၏၊ နာရိနံ၊အဆင်းအရွယ်၊ နုနယ်ရွှန်းပို၊မိန်းမပျိုတို့၏၊ စိတ္တံ၊စိတ်ကို၊ ဗန္ဓေါ၊စပါးကြီးမြွေများ၊ ညှိသော "သား"သို့၊ မသွားနိုင်အောင်၊ ဖွဲ့နှောင်ရစ်ပတ်၊ အညှို ခတ်လည်းရှိ၏၊ ကုမာရိစက္ခုပါသကော၊ ကုမာရီရွယ်၊မိန်းမငယ် တို့၏၊နှစ်သွယ်မျက်လုံး၊ယူကျုံးသွေးဆောင်၊ ဖွဲ့ထောင်တတ်သော ကျော့ကွင်းနှင့်လည်းတူ၏။

(၂၇၅) ပါသာဒိကော ဘိရူပေါ သော၊ဒိသွာ ဇေတံ ကုမာရကံ။
ခတ္တိယော ဟာဒယံ တဿ၊ဓိတ္တယိ သု ကုမာရိယော။ ။

(၂၇၅) သော၊ ထို"ဒန္တ"မင်းသားသည်၊ပါသာဒိကော၊ နှလုံးတွင် သာယာ၊မျက်နှာပြုံးချို၊ ချစ်ကြည်ညိုဘွယ်လည်းရှိ၏။ အဘိရူပေါ၊ ထူးကဲ မောက်ချွန်၊ အလွန်လှသော အဆင်းလည်း ရှိ၏၊ ကုမာရိ ယော၊ကုမာရီဇာတ်၊ဆိုက်ကပ်ဝင်စ၊လှပနုနယ်၊ သတို့သမီးငယ်တို့ သည်၊တေံ-ကုမာရကံ၊ထို"ဒန္တ"မင်းသားကို၊ဒိသွာ၊မျက်စိချင်းဖွေ၊ မြင်တွေ့ရသည့်ရှိသော်၊ တာသံ၊ ထိုသတို့သမီးတို့၏၊ ဟာဒယံ၊နှလုံး သားသည်၊ ချဉ့်တွာ၊ ရက်,ကြောက်သလို၊ လန့်ဖိုဒိတ်ဒိတ်၊ ပုဇွန် ဆိတ်ပုံ၊ ဆပ်ဆပ်ချန်၍၊စိန္တယိသု၊ အမျိုးမျိုးအဖုံဖုံ၊ ကြံမိကြလေ ကုန်၏။

(၂၇၆) ကုသိချက္ခု သမံတေံ၊ဒိသွာ ဟံရီ ကုမာရကံ၊
ဝါရေတုံ နယနံ တာသံ၊ နသက္ခိံသု ကုမာရိယော၊ ။

(၂၇၆) ဟိရီ၊ရှက်ခြင်းစောင့်ရှောင်၊ ရက်ကြောက်တတ်ကုန်သော၊ကု မာရိယော၊လိမ္မာသိပ်သည်း၊သတို့သမီးတို့သည်၊ တေံကုမာရကံ၊ထို "ဒန္တ"မင်းသား၊နန်းညွန့်ဘွားကို၊ဒိသွာ၊ချက်စိချင်းပြိုင်၊ ထံတိုက် ဆိုင်၍၊ မြင်တွေ့ရသည့်ရှိသော်၊ တာသံ၊ ထို-တောင်မြှောက် မ ကြည့်၊ရှုမြှိုရှက်ခြွေ၊ အနေသိပ်သည်း၊ သတို့သမီးတို့၏၊ နယနံ၊မျက်စိ နှစ်လုံးသည်၊ ကုသိချက္ခုသမံ၊ ရှက်ခြွေပျောက်ဆုံး၊ ဗုဇွန်မျက်လုံးနှင့် တူသည့်ဖြစ်၍၊ ဝါရေတုံ၊မြှောက်ကာစိုစို၊ မကြည့်မိအောင်၊ ကြံ ဆောင်တားမြစ်ခြင်းငှါ၊နသက္ခိံသု၊မစွမ်းနိုင်ကြလေကုန်၊

(၂၇၇) ဂုဟာသိဝံ ပသာဒေတွာ၊ဝိဝိဓံ ပူဇနာ ဝိဓိံ၊
သမ္ပာဒေန္တော ဝသော ဝသော တုံ၊ဝန္ဒန္တော အနုဟံဝသိ၊ ။

(၂၇၇) သော၊ထို-အကျဉ်းအားဖြင့်၊ရေးသားချီကြူး၊ ဂုဏ်ထူးရှိ ပြား ၊"ဒန္တ"မင်းသားသည်၊ဂုဟာသိဝံ၊"ဂုဟာသိဝ"၊ နရသေဌ်နင်း။ ဦးရီးတော်မင်းကို၊ပသာဒေတွာ၊ကျိုးကြောင်းစကား၊လျှောက်ထား ရှိသော၊ကြည်ညိုစေ၍၊ဝိဝိဓံ၊အထူးထူးအပြားပြား၊ များလှစွာသော၊ ပူဇနာဝိဓိံ၊ပူဇော်ဘွယ်အခန်းခန်း၊အဆန်းဆန်းများဖြင့်၊အစီအရင်

ကို၊ သမ္မာဒေဝနွော၀၊ ကောင်းစွာဖုံဖုံ၊ ပြည့်စုံ ပြီးမြောက်စေ၍သာ လျှင်၊ ခါတုံ၊ တုဘက်မဲ့လွတ်၊ စွယ်တော်ခါတ်ကို၊ အနှုဟံ၊ နေ့စဉ်၊ ဝန္ဒနွော၊ ရှိခိုး ပူဇော်ချက်၊ ဝသိ၊ မြတ်နိုး ရွှင်ပျော်၊ နေတော်မူ လေ၏။

---

၃၈—"ဟေမမာလာ"မင်းသွီးအခန်း။

(၂၇၈) သုရူပါ ဂုဟာသိဝသာ၊ ဟေမမာလာဘိခါနကာ။
ဓိဘာ အဟောသိ ရာဇသာ၊ မုခသောဘဏ ပက်ဇာ။ ။

(၂၇၈) ဂုဟာသိဝသာ၊ "ဂုဟာသိဝ"အမည်ရှိသော၊ ရာဇသာ၊ "ကလိင်"မင်းအား။ သုရူပါ၊ မဟာလှော်ကား၊ စကားပုံဆောင်၊ ရွှေရောင်ဝါဝင်း၊ လှပသောအဆင်းရှိသော၊ မုခသောဘဏပက်ဇာ၊ ဒေဝစ္ဆရာ၊ နတ်ကညာနှယ်၊ တင့်တယ် ရွှင်လန်း၊ မျက်နှာတည်းဟူသော ကြာပန်းရှိသော၊ ဟေမမာလာဘိခါနကာ၊ "ဟေမမာလာ"၊ ရွှေဘွဲ့ သာသော၊ ဓိတာ၊ ရင်သွေးမျက်ပျော်၊ သမီးတော်သည်၊ အဟောသိ၊ ရှိသည်မချွတ်၊ ဖြစ်လတ်လေ၏။

(၂၇၉) ပဥ္စကလျာဏ သမ္ပန္နာ၊ သဏ္ဍ မရုရဘာဏိနီ၊
ဆန္ဒေါသဝိပ္ပ မုတ္တာသာ၊ သာမာမိဟိတဘာဏိနီ။ ။

(၂၇၉) သော၊ ဤ"ဟေမမာလာ" မင်းသွီးသည်၊ ပဥ္စကလျာဏ သမ္ပန္နာ၊ ကောင်းခြင်းငါးဖြာ၊ လက္ခဏာနှင့်၊ ကောင်းစွာကုံလုံ၊ ပြည့်စုံ ပေ၏၊ သဏ္ဍမရုရဘာဏိနီ၊ သိမ်မွေ့နူးညံ့၊ ရှင်းသန့်ကြည်သာ၊ သာယာညှင်းတွဲ့၊ နွဲ့နွဲ့ရင့်ကြွေး၊ ချိုအေးသောစကားကိုလည်းပြောဆိုလေ့ ရှိ၏၊ ဆန္ဒေါသဝိပ္ပမုတ္တာ၊ မကြိုမဆူ၊ မပြူမညို၊ မတိုမမြင့်၊ အသင့်ညီညာ၊ အပြစ်ခြောက်ဖြာမှလည်းကင်းလွတ်ပေ၏၊ သာမာ၊ ဆောင်းခါ ပွင့်နွေး၊ နွေမှာအေးလျက်၊ ရွှေသွေးဝင်းဝါ၊ "သာမာ" ဂုဏ်ထူးလည်းရှိ ပေ၏၊ မိဟိတဘာဏိနီ၊ ပြုံးခြင်းရှေ့ထား၊ သကား-များလို၊ နားဝင်ချို အောင်၊ ပြောဆိုလေ့လည်းရှိ၏။

(၂၀၀) ကုမုဒါကာ၁နနာ ရတျံ၊သုဖုလ္လာ ဝိရုရုံ သိယာ၊
ဂတ္တာသရန္တကံ သောာ၊ပုပ္ဖရေ သဟာသာ သဒါ။ ။

(၂၀၀) သောာ၊ ၏“ဟောမမာလာ”၊ ဆင်းကလျာသည်၊ သရန္တကံ၊မိမိစံပျော်၊ ဥယျာဉ်တော်ဝယ်၊ ငါးသွယ်ကြာမျိုး။ ပြည့်ဖြိုးလေပြီး။ကန်တော်အနီးသို့၊ဂတ္တာ၊ထွက်စံပျော်ပါး။ ရောက်သွားသည်ရှိသော်၊ ရတျံ၊ ညဉ့်အခါ၌၊ ဝိရုရံသိယာ၊ ကြည်လင်ဖေးမြ၊ ရွှေလအရောင်ဖြင့်၊ပုပ္ဖန္တာ၊မကျန်လုံးစုံ။ပွင့်နေကြဖြစ်ကုန်သော၊ ကုမုဒကာ၁နနာ၊ကုမုဒြာ၊ကြာဖြူတောတို့သည်၊သဒါ၊အခါခပ်သိမ်း။ သဟာသာ၊ အဆောတသျှင်။ပုပ္ဖရေ-(ပုပ္ဖန္တိ)၊ ကားကားစွင့်စွင့်။ ပွင့်ကြီးပွင့်ကြလေကုန်၏။

(၂၀၁) ဝိဟာ၁ယ ဘမရာ တဍ္ဍ၊နိလုပ္ပလံ သုဂန္ဓိကံ၊
ဂတ္တာ သရန္တကံ သောာ၊အာ၁ဂန္တုံ နယန်ံ တုရံ။ ။

(၂၀၁) သောာ၊၏“ဟောမမာလာ”၊ဆင်းကလျာသည်၊သရန္တကံ၊မဂ်လာကန်တော်၏ အနီးအပါးသို့၊ဂတ္တာ၊ထွက်စံပျော်ပါး၊ရောက်သွားသည်ရှိသော်၊တဍ္ဍ၊ထိုမင်္ဂလာကန်တော်တွင်း၌။ ဘမရာ၊ကြာညိုပန်းထက်၊ရစ်သန်းလှည့်လည်၊ဝတ်ရည်စားသုံး။ ပျားပိတုန်းတို့သည်၊ သုဂန္ဓိကံ၊ မွှေးကြိုင်သင်းပြန့်၊ကောင်းသော-ရန့်ရှိသော၊ နိလုပ္ပလံ၊ဝတ်မှုံပြည့်လျှမ်း၊ ကြာညိုပန်းအစစ်ကို၊ ဝိဟာ၁ယ၊ မသုံးမစား။ စွန့်ပယ်ထားကြကုန်၍၊နယန်ံ၊ “ဟောမမာလာ”၊ ဆင်းကလျာ၏၊နှစ်ဖြာဝန်းကြည်၊ မျက်စိဆီသို့၊ တုရံ၊ အလျင်အမြန်၊ အာ၁ဂန္တုံ၊ သောင်းသောင်းပိုင်းအုံ၊ပြန်လာကြလေကုန်၏။

(၂၀၂) ဝိဟာ၁ယ ဘမရာ တဍ္ဍ၊ရတ္တုပ္ပလဥ္စ ပဒ္ဒုမံ၊
ဂတ္တာ သရန္တကံ သောာ၊အာ၁ဂန္တုံ ဝဒန်ံ တုရံ၊ ။

(၂၀၂) သောာ၊၏“ဟောမမာလာ”၊ဆင်းကလျာသည်၊သရန္တကံ၊မဂ်လာကန်တော်၏အနီးအပါးသို့၊ဂတ္တာ၊ ပျိုတော်ဝန်းရံ၊ ထွက်စံပျော်ပါး၊ ရောက်သွားသည် ရှိသော်၊ တဍ္ဍ၊ ထိုမင်္ဂလာကန်တော်

တွင်း၌။ဘာမပျော၊ အရောင်နီမြန်း၊ ကြာပန်းအထက်၊ ရစ်သန်းဖှည့်လည်း။ ဝတ်ရည်စားသုံး၊ ပျားပိတုန်းတို့သည်။ ရတ္တုပ္ပလဋ္ဌ၊ ကြာနီပန်းအစစ်ကိုရင်း။ ပဒ္ဓုမဋ္ဌ၊ ပွင့်ချပ်တရော၊ ပဒုမ္မာကြာပန်းကိုရင်း။ပိဟာယ၊စွန့်ပစ်ပယ်ရှား။ ထားခဲ့ကြကုန်၍။ ဝဒနံ၊ "ဟောမမာလာ"၊ ဆင်းကလျာ၏၊ ဝင်းဝါပြိုးကြည်၊ နှုတ်ခမ်းဆီသို့၊ တုရံ၊အလျှင်အမြန်၊အာဂစ္ဆုံ၊သောင်းသောင်းပိုင်းအုံ၊ပြန်လာကြလေကုန်၏။

(၂၈၃) စမ္ပကံ ကဏိကာရဋ္ဌ၊ပိဟာယ ဘမရာ တုရံ၊
ပိယကံ ပုပ္ဖ မုယျာနံ၊အာဂစ္ဆုံ ဂဏ္ဍယုဂ္ဂလံ။ ။

(၂၈၃) သော၊၏"ဟောမမာလာ"၊ ဆင်းကလျာသည်။ ဥယျာနံ၊ ပန်းမျိုးစုံလင်၊မင်္ဂလာဥယျာဉ်သို့၊ဂတ္တွာ၊စိတ်တော်ရွှင်ကြည်၊ဖှည့်လည်ပျော်ပါး ရောက်သွားသည်ရှိသော်။ ဘမရာ၊ရွှေအဆင်းသို့၊ဝါဝင်းတင့်ဆန်း၊စကားပန်းစသည်၌၊ ရစ်သန်းဖှည့်လည်း၊ ဝတ်ရည်စားသုံး၊ပျားပိတုန်းတို့သည်၊စမ္ပကဋ္ဌ၊စကားပန်းကိုရင်း။ ကဏိကာရဋ္ဌ၊မဟာလှေကား၊ ပန်းပွင့် များကိုရင်း။ ပိယကဋ္ဌ၊ ရွှေရောင်ထိန်ညီး၊ပိတောက်ပန်းပင်ကြီးကိုရင်း။ ပိဟာယ၊ အထင်ဘောက်ပြား၊ ပစ်ထားခဲ့ကြကုန်၍၊ဂဏ္ဍယုဂ္ဂလံ၊"ဟောမမာလာ"၊ဆင်းကလျာ၏၊ ကောင်းစွာဝါဝင်း၊ပြည့်တင်းမို့မို့၊ ပါးအို့ အစုံသိသို့၊တုရံ၊အနေဆောတလျှင်၊အာဂစ္ဆုံ၊အသံမစဲ၊ရစ်ဝဲပြန်လာကြလေကုန်၏။

---

၃၉—"ဒန္တကုမာရ"မင်းသားနှင့်"ဟောမမာလာ"မင်းသမီး
လက်ထပ်ထိမ်းမြားခန်း။

(၂၈၄) ဂုဏာဋ္ဌံ သုဒ္ဓဝံသမှိ၊ဇာတမေတံ ကုမာရကံ၊
ဉတွာ တံမိတရံ ဒါသိ၊ရာဇပုတ္တာသာ ဘူပတိ၊ ။

(၂၈၄) ဘူပတိ၊ခမည်းတော်-"ဂုဟာသိဝ"မင်းမြတ်သည်။ ဧတံ ကုမာရကံ၊၏"ဒန္တ"မင်းသားသည်၊ဂုဏာဋ္ဌံ၊ အဋ္ဌာရသ၊သင်ပွလုံးစုံ၊ တတ်မြောက်ခြင်းစသောဂုဏ်ရှိ၏၊ သုဒ္ဓဝံသမှိ၊စင်ကြယ်သော ငါ

တို့အမျိုး၌၊ဇာတ်၊ဖြစ်ခဲ့၏။ ဇာတိ၊ဤ သို့၊ဝါ၊သည်လို၊ ဥတ္တမ၊သိတော်မူလတ်၍၊တံမိတရဲ၊အကျဉ်းအားဖြင့်၊ ရေးသားဘောင်ထုတ်၊ ဂုဏ်ဝုဒ်ညီညာ၊ ထိုသွီးတော် ရတနာကို၊ ဧာဇပုတ္တသာ၊ နှစ်မတော်ရင်ဘွား။တုမင်းသားအား။ အဒါသိ၊ ထိမ်းမြား လက်ထပ်၊ ပေးအပ်တော်မူလေ၍။

(၂၀၅) သသုရော ဂုဟာသီဝေါတံ၊ဇာမာတုံ ဒန္တနာမကံ၊
သဒါဒက္ခိဏာ ဗာဟုတိ၊ပိယေန အာဘိမညာသိ။ ။

(၂၀၅) သသုရော၊ဦးရီး-ယောက္ခမ၊ နှစ်ဘက်ရ-ဖြစ်သော၊ ဂုဟသီဝေါ၊"ဂုဟာသိဝ" မင်းမြတ်သည်၊ ဒန္တနာမကံ၊ "ဒန္တ"အမည်ရှိသော။တံဇာမာတုံ၊ ထိုမျိုးနွယ်ချင်းဆက်၊ တူ"သမက်"ကို၊ သဒါ၊အခါခပ်သိမ်း။ ပိယေန၊ အသက်အသွင်။ ချစ်ခင်မြတ်နိုးတော်မူတတ်သဖြင့်၊ဒက္ခိဏာဗာဟုတိ၊"ညာလက်ရုံး"တသူဟူ၍၊ အာဘိမညသိ၊ ယုံကြည်ကိုးစား၊အားထားထင်မှတ်တော်မူလေ၏။

(၂၀၆) ခါတုရက္ခာ မိကာရမ္ဘိ၊ယောဇယိတွာ ကုမာရကံ၊
ဒတွာန ရတနာဒိနိ၊ဥပရာဇေ ဌပေသိ သော။ ။

(၂၀၆) သော၊ ထို"ဂုဟာသိဝ" မင်းမြတ်သည်၊ ကုမာရကံ၊ ယုံကြည်ကိုးစား၊ တူမင်းသားကို၊ ဓာတုရက္ခာမိကာရမ္ဘိ၊ စွယ်တော်ဓာတ်ကို၊ စောင့်ကြပ် ထိန်းသိမ်းခြင်း၌၊ ယောဇယိတွာ၊ လွှဲအပ်စီစဉ်၊ယှဉ်စေတော်မူ၍၊ ရတနာဒိနိ၊ဆင်မြင်းခြွေရွေ၊ ရွှေငွေဘဏ္ဍာ၊ ရတနာ အစရှိသည်တို့ကို၊ ဒတွာ၊ ချီးမြှင့် မြောက်စား၊ ပေးသနားတော်မူ၍၊ ဥပရာဇေ၊ အိမ်ရှေ့မင်းအရာ၌၊ ဌပေသိ၊ ထားတော်မူလေ၏။

---

၄၀—"ဂုဟာသိဝ"မင်းနှင့်"မလယ"မင်းညီနောင်တို့စစ်ထိုးခန်း။

(၂၀၇) ကောဒါ မလယာ သေ်နံ၊သံဟာရိတွာ ပုရန္တိကံ၊
ဒါဌာဟံ ဂုဟာဘာတ္တာယ၊ဥပဂန္တွာ ဝသ်သု ထံ၊ ။

(၂၀၇) ကောဒါ၊အမှတ်မထား၊ အခါတပါး၌၊မလယာ၊"မလယ" ပိုင်နိုင်း၊ညီနောင်မင်းတို့သည်၊တံဒါဌာကံ၊သို"ကာလိင်"မင်း၊ လက် တွင်းရှိခတ်၊စွယ်တော်မြတ်ကို၊ ဂုဟာဟောဏ္ဍာယ၊ နိုင့်ထက်ကလူ၊ နှုပ်စက်မှု၍၊တိုက်ယူခြင်းအကျိုးငှါ၊သေနံ၊စစ်သည်ဗိုလ်ပါ၊ အလုံး အရင်းကို၊ သံဟာရိတ္ဘွာ၊ အသင့်ခင်းကျင်း၊ စိုင်းပြင်းရသောင်းကြ ကုန်၍၊ ပုရန္တိကာံ၊"ကာလိင်"မည်သီး၊ မြို့တော်အနီးသို့၊ ဥပဂတွာ၊ ကပ်ရောက်ဝန်းရံကြကုန်၍၊ဝသိ သူ၊နေကြလေကုန်၏။

(၂၀၈) သာသနံ အထ ပေသေသုံ၊သဝန ဣဒ္ဓုက ခရံ၊
ဓာတုံဝါ ဒေဟိ ရဇ္ဇံဝါ၊ကရ,ဝါ သမရံ ဣတိ။ ။

(၂၀၈) အထ၊ထိုနောက်မှ၊ ခရံ၊ကြောက်လန့်ခမန်း၊ ကြမ်းတန်း ဆိုးဝါးသော၊ သဝနဣဒ္ဓုကံ၊နားဝင်ခါးစပ်၊ အကြားရကပ်သော၊ သာသနံ၊ရာဇသံလွှာ၊ သတင်းစာကို၊ပေသေသုံ၊ စေလွှတ်ပို့သကြ လေကုန်၏။ ကိံ ပေသေသုံ၊ အဘယ်သို့၊ စေလွှတ်ကြကုန်သနည်း ဟူမူ၊ ရာဇ၊ ဒိုအချင်း"ဂုဟာသိဝ"မင်း၊ အမှာကံ၊ ငါမင်းမြတ်တို့ အား၊ဓာတုံ၊စွယ်တော်မြတ်ကို၊ ဒေဟိဝါ၊ရိုသေပျပ်ဝပ်၊ဆက်အပ် မူလည်း၊ဆက်အပ်သော၊ ရဇ္ဇံ၊တိုင်းပြည်ကို၊ ဒေဟိဝါ၊ဒူးတုပ်ဝပ် စင်း၊အင်နှင်းမူသည်း၊အပ်နှင်းလော၊သမရံ၊အရှုံးအနိုင်၊စစ်ရေးပြိုင် ခြင်းကို၊ ကရ,ဝါ၊ အသက်စွန့်၍၊ ပြုဝန့်မူလည်း ပြုလော၊ ဣတိ၊ ဤသို့၊ပေသေသုံ၊စေလွှတ်ကြလေကုန်၏။ ။

(၂၀၉) သောတံသုတွာ ကုမာရသော၊ဝါစံ ရဟာသိ မဖြိဝ၊
နဒသာ သဟိမေ ဒေဟော၊ဓာတုမညသာ ကာသဝ၊ ။

(၂၀၉) သော၊ထို"ဂုဟာသိဝ"၊ကာလိင်ရာဇာသည်၊တံ၊ထို-ရာဇ သံစာ၊သတင်းလွှာကို၊သုတွာ၊ကြားတော်မူ၍၊ကုမာရသော၊လက်ရုံး တဆူ၊ရည်တူကိုးစား၊တူမင်းသားအား၊ ရဟာသိ၊ လူသူကင်းပြတ်၊ ဆိပ်ကွယ်ရာအရပ်၌၊ဝါစံ၊အရေးကြီးသော စကားအချက်ကို၊အ ဖြိဝ၊ထုတ်ဖော်မြွက်ကြား၊မှာထားတော်မူလေ၏။တာတ၊ချစ်သား။

ဖေ၊ငါ၊ဘခင်၏၊ဒေဝဟော၊ကိုယ်သည်။သတိ၊မချုပ်မပျက်၊ ထင်ရှားရှိ ပါလျက်။ဓာတုံ၊မြတ်ဘုရား၏၊ဘက်ရှားဘုလွှတ်၊ စွယ်တော်မြတ် ကို။အညဿ၊ပြင်ပတခြား၊တပါးသော၊ ကဿစိ၊တစုံတယောက် သောသူအား၊နဒဿံ၊ငါမပေးတော့အံ့။

(၂၉၀) ယဿာဟံ ပရာဇေယျာမိ၊ဓာတုမာဒါယ ပူဇိတံ။
ဒွိဇဝေဒံ ဂဟေတွာန၊ဒိပံ ဂစ္ဆာဟိ သီဟဠံ။ ။

(၂၉၀) တာတ၊ချစ်သား။အဟံ၊ငါဘခင်သည်၊ ယဿပရာဇေယျာ မိ၊စစ်ချင်းပြိုင်၍၊မနိုင်လုံးလုံး၊ အသက်ဆုံးလျက်၊ ရှုံးခဲ့သည်ဖြစ်အံ့။ ဧဝံ၊ဤသို့ရှုံးခဲ့သည်ရှိသော်၊ ဒွိဇဝေဒံ၊ စလွယ်သိုင်းဆင်၊ ပုဏ္ဏား အသွင်ကို၊ ဂဟေတွာန၊ တူအောင်-မှုယောင်၊ ယူဆောင်ပြုပြင်၍၊ ပူဇိတံ၊ ငါဘခင်သည်၊နေ့စဉ်လေးမြတ်၊ ပူဇော်အပ်သော၊ ဓာတုံ၊ စွယ်တော်ဓာတ်ကို၊ အာဒါယ၊ ပင့်ဆောင်၍၊ သီဟဠံဒိပံ၊ရေယဉ် ပတ်ဝန်း၊သီဟိုဠ်ကျွန်းသို့၊ ဂစ္ဆာဟိ၊ ငါဘခင်တွက်၊ မငဲ့ကွက်ဘဲ၊ ဆက်ဆက်သျင်စွာ၊ကူးသွားပါလော။

(၂၉၁) သဗ္ဗဋ္ဌာနေသု ပညာယ၊ဝိစာရေတွာ ကရောဟိ တွံ။
ဓိတရံပိ နုရက္ခာဟိ၊ သမင်္ဂါ ဟောထ နိဗ္ဘယာ။ ။

(၂၉၁) တာတ၊ချစ်သား။ တွံ၊သင်ချစ်သားသည်၊ သဗ္ဗဋ္ဌာနေသု၊ ပြုဘွယ်ကိစ္စ၊ အလုံးစုံသော-အရာဌာနတို့၌၊ ပညာယ၊ ချိန်စဉ်းပ မာ၊ဉာဏ်ပညာဖြင့်၊ ဝိစာရေတွာ၊ ရှေ့-နောက်-မျှော်လှမ်း၊ စူးစမ်း ဆင်ခြင်၍၊ ကရောဟိ၊ ဖန်ဖန်စိစစ်၊ ပြုရစ်လေလော။ ဓိတရမ္ပိ၊ သ္မီး ရတနာ၊ “ဟေမမာလာ”ကိုလည်း၊ အနုရက္ခာဟိ၊ အစဉ်သွာတာ၊ စောင့်ရှောက်ရစ်ပါလော့။ တုမှေ၊သင်“ဒန္တ-ဟေမာ”၊ သားသ္မီးနှစ် ဖြာတို့သည်၊ နိဗ္ဘယာ၊ ဘေးရန်မရှိကြကုန် သည်ဖြစ်၍၊ သမင်္ဂါ၊ မောင်နှင့်နှမ၊ သင့်တင့်ညီညွတ်ကြကုန်သည်၊ ဟောထ၊ ဖြစ်ရစ် ကြလေကုန်သော။

(၂၉၂) ဝါစံ တံ မာတုလဿာထ၊ဒန္တော သုတွာန မဖြိ။
တေစကော မေစဒီပမှိ၊ဗန္ဓု၀ါ ဗုဒ္ဓဘတ္တိကော။ ။

(၂၉၂) အထ၊ထိုအခါ၌။ ဒန္တော၊ သောကထွေပြား၊ "ဒန္တ"မင်းသားသည်။မာတုလဿ၊ဦးရီးတော်ရင်း၊"ကလိင်္ဂ"မင်း၏။တံဝါစံ၊မျက်နှာညှိုးငယ်၊သွယ်သွယ်မှာထား၊ထိုစကားကို။ သုတွာန၊ကြားလတ်၍၊တာတ၊ကျေးဇူးတော်ရှင်။ ဒီပမှိ၊ရေယဉ်ပတ်ဝန်း၊ သီဟိုဠ်ကျွန်း၌၊တေစ၊ကျေးဇူးတော်ရှင်၊သင်ဘခင်၏ရင်း၊မေစ၊အကျွန်ုပ်၏ရင်း။ဗုဒ္ဓဘတ္တိကော၊မြတ်ဘုရား၌၊ ခစားလေးမြတ်၊ ဆည်းကပ်သုပ်ကျေးတတ်သော။ ဗန္ဓု၊အဆွေခင်ပွန်း ကောင်းသည်။ ကော၀ါ၊အဘယ်သူပါနည်း။

(၂၉၃) သမုဒ္ဒပရ တီရမှိ၊သီဟဠ္ဌံ အတိရုဒ္ဓကံ။
ကထံ မဟာတိ နေဿာမိ၊ခါတုံ ဇိနဿ တံ ဇုတိ။ ။

(၂၉၃) တာတ၊ဘခင်။ သမုဒ္ဒပရတီရမှိ၊ သမုဒ္ဒါ၊ ထိုမှာဘက်ကမ်း၌။ သီဟဠ္ဌံ၊တည်ရှိပေါ်ထွန်း၊သီဟိုဠ်ကျွန်းသည်။အတိရုဒ္ဓကံ၊လူနေမကျယ်၊ အလွန်သေးငယ်ပါ၏။ဇိနဿ၊ ငါးမာရ်အောင်မြင်၊ဘုရားရှင်၏။ မဟာတိ၊နှိုင်းတုမရ၊ လွန်မြတ်လှသော။ တံခါတုံ၊ထိုလက်ဝဲအောက်ခါတ်၊စွယ်တော်မြတ်ကို။ ကထံ၊အဘယ်သို့လျှင်။ နေဿာမိ၊ ကူးမြောက် လွယ်ကူ၊ ဆောင်ယူနိုင်ပါအံ့နည်း။ ဇုတိ၊ ဤသို့။အဖြိ၊ပြောဆိုမေးမြန်းလေ၏။

(၂၉၄) တဒါအဝေါစ သောရာဇာ၊သမ္ဗုဒ္ဓခါတု သဏ္ဌိတာ။
သီဟဠေ တိဗ္ဗတေ ခမ္ဘော၊ဗဟူ ဘိက္ခူ ဝသိ သုစ။ ။

(၂၉၄) တဒါ၊ ထို-အခါ၌၊ သောရာဇာ၊သို"ဂုဟာသိဝ"၊ မွေးဘသေဠ်နင်း၊ တရားမင်းသည်။ အဝေါစ၊ ပြောကြားတော် မူပြန်၏။ တာတ၊ချစ်သား။ သီဟဠေ၊လက်ာဒီပ၊နာမတောက်ထွန်း၊ သီဟိုဠ်ကျွန်း၌၊ သမ္ဗုဒ္ဓခါတု၊ မြတ်ဘုရား၏၊ များပြားထင်ပေါ်၊ ခါတ်မွေ

တော်သည်၊ သင်္ကြိုဟ်တာ၊ ကိန်းဝပ်စံပျော်၊ ကောင်းစွာတည့်တော်မူ၏။ ဓမ္မော၊ ဆယ်တန်ပိုင်းခြား၊ သူတော်ကောင်းတရားသည်၊ တိဋ္ဌတော၊ အခါမြင့်ရှည်၊ တည်တော်မူ၏။ ဗဟူ၊ များစွာကုန်သော၊ ဘိက္ခူစ၊ သီလဝန္တ၊ ကလျာဏအဝင်၊ ရဟန်းတော်အရှင်တို့သည်လည်း။ ဝသိံသု၊ နေတော်မူကြကုန်၏။

(၂၉၅) တတ္ထရာဇာ မဟာသေနော၊ မိတ္တောမေ ဗုဒ္ဓဘတ္တိကော။
ပဏ္ဏယန္တော မိတ္တတံသေဋ္ဌံ၊ ပါဘတံပေသယိတ္ထသော။ ။

(၂၉၅) တတ္ထ၊ ထို-လင်္ကာဒီပ၊ သီဟဠနိုင်၊ တမ္ဗပဏ္ဏိ၊ မည်ရှိခေါ်ညွှန်း၊ သီဟိုဠ်ကျွန်း၌။ ဗုဒ္ဓဘတ္တိကော၊ မြတ်ဘုရား၌၊ ခစားလေးမြတ်၊ ဆည်းကပ်တတ်သော။ မဟာသေနော၊ "မဟာသေန" အမည်ရှိသော။ သောရာဇာ၊ ထို-မင်းမြတ်သည်။ မေ၊ ငါဘခင်၏။ မိတ္တော၊ တကျွန်းစံပျော်၊ အကြည်တော်ပေတည်း။ သော၊ ထို "မဟာသေန" မင်းသည်။ သေဋ္ဌံ၊ မြတ်သော၊ မိတ္တတံ၊ အဆွေခင်ပွန်း၏ အဖြစ်ကို။ ပဏ္ဏယန္တော၊ မြှေဒီကိုး တောင့်တလျက်။ ပါဘတံ၊ ဘိုးထိုက်များမြောင်၊ ရတနာလက်ဆောင်ကို။ ပေသယိတ္ထ၊ စေလွှတ် ဆက်သတော်မူဘူး၏။

(၂၉၆) ဝေမာရာဓယိတ္တွာန၊ ရာဇာ နိက္ခမ္မ သင်္ဂမံ။
ယုဇ္ဈမာနော ကုမာရေဟိ၊ သန္ဓိံ ပလယ မဏ္ဍာဂါ။ ။

(၂၉၆) ဝေံ၊ ဤသို့ပြဆိုခဲ့ ပြီးသည့် အတိုင်း။ အာရာဓယိတွာန၊ အားမငယ်အောင်၊ သွယ်သွယ်ညွှန်ကြား၊ မှာထားနှစ်သိမ့်စေပြီး၍။ ရာဇာ၊ "ဂုဟာသိဝ" ၊ မွေးဘသေဋ္ဌနင်း။ တရားမင်းသည်။ သင်္ဂမံ၊ စစ်မြေပြင်သို့၊ နိက္ခမ္မ၊ စစ်သည်ဗုပေါင်း၊ စစ်မောင်းဆော်နှက်၊ ထွက်တော်မူ၍။ ကုမာရေဟိ၊ "မလယ" ပိုင်နင်း၊ ညီနောင် မင်းတို့နှင့်။ သန္ဓိံ၊ တကွ၊ ယုဇ္ဈမာနော၊ ရှေးရှုရင်ဆိုင်၊ စစ်ရေးပြိုင်သည်ရှိသော်။ ပလယံ၊ မနိုင်လုံးလုံး၊ ဆုံးရှုံးပျက်ပြား၊ နတ်ရွာလားခြင်းသို့၊ အဏ္ဍာဂါ၊ ဇိဝိန်ချုပ်ပျောက်၊ ရောက်တော်မူရလေ၏။

### ၄၁—"ဂုဟာသီဝ"မင်းစစ်ပွဲ၌၊ကျဆုံးကြောင်းကိုသိ၍၊ သ္မီးတော်နှင့်သမက်တော်တို့စွယ်တော်ကို ပင့်ဆောင်ထွက်ပြေးခဏ်း။

(၂၉၇) သုတွာ ဒန္တကုမာရော တံ၊ ဂဟေတွာ ဒွိဇရူပကံ။
တုရိတံ ဓာတု မာဒါယ၊ ပုရမှာ ထ ပလာယိ,သော။ ။

(၂၉၇) အထ၊ထို-ကံတော်မလှ၍ စစ်ပွဲကျသော အခါ၌၊ သော ဒန္တကုမာရော၊ထို"ဒန္တ"မည်သော၊တူတော်မင်းသားသည်၊တံ၊ထို-ဦးရီးတော်မင်း၊စစ်ပွဲတွင်း၌၊အခင်းမလှ၍ ကျဆုံးရသည်ကို၊သုတွာ၊သောကဆူပွါး၊ကြားတော်မူရ၍၊ ဒွိဇရူပကံ၊ငိုပြည်တမ်းခါ၊ မျက်နှာမလှ၊ဗြာဟ္မဏ,အလား၊ပုဏ္ဏားအသွင်ကို၊ဂဟေတွာ၊ယူ၍၊တုရိတံ၊အဆောတလျင်၊ဓာတုံ၊ ဘခင်လေးမြတ်၊ စွယ်တော်ဓာတ်ကို၊ အာဒါယ၊ပင့်ဆောင်တော်မူ၍၊ပုရမှာ၊မိမိစံမြန်း၊ ရွှေဘုံနန်းမှ၊ပလာယိ၊ကြင်ဘက်ရတနာ၊မခေါ်သာဘဲ၊မြန်စွာဝေးခြား၊ပြေးသွားတော်မူရလေ၏။

(၂၉၈) ဒေသံသော ဒက္ခိဏံ ဂန္တွာ၊ဥတ္တရန္တော မဟာနဒီ၊
ဓာတုံ ပုဠိန ရာသိမှိ၊ထူပေ နိဒဟိ ဒသာနံ။ ။

(၂၉၈) သော၊ထို-ယူကြုံးမရ၊ သောကပွါးများ၊ "ဒန္တ"မင်းသားသည်၊ဒက္ခိဏံဒေသံ၊မြို့မှထွက်လတ်၊တောင်အရပ်သို့၊ ဂန္တွာ၊ခရီးစခန်း၊ရော်ရမ်းဆဝါး၊ မှန်းခါသွား၍၊ မဟာနဒီ၊ ပြင်းထန်အယဉ်၊ သွင်သွင်ယိုစီး၊ မြစ်ဘျယ်ကြီးကို၊ ဥတ္တရန္တော၊ ဝုံဝုံရူးရူး၊ဖြတ်ကူးတော်မူလျက်၊ ပုဠိနရာသိမှိ၊ ငွေရောင်ဆင်းနု၊ သဲပုံစုဖြစ်သော၊ထူပေ၊စေတီတော်၌၊ဒသာနံဓာတုံ၊ မွေးဘ,ကော်ရော်၊မြတ်စွယ်တော်ကို၊နိဒဟိ၊အရေးတကြီး၊သိုမှီးမြှုပ်နှံ တော်မူလေ၏။

(၂၉၉) ပုရံပုနုပ ဂန္တွာန၊အညာနေသ ဘရိယာမ္ပိစ။
ဝိပ္ပဝေသံ ဂဟာပေတွာ၊ဒိပ္ပံ့ တဒ္ဓေဝ အာဂတော။ ။

(၁၉၉) ပုန၊ တဘာန်။ပုရံ၊ ထီးကျိုးစည်ပေါက်။ ရောက်ရက်ဆန် ခပ်။တိုင်းတော်မြတ်သို့။ဥပဂန္တွာန၊ချဉ်းကပ်တော်မူ၍။ အဇ္ဇနော၊ မိမိ၏၊ ဘရိယာဗွိ၊ အသက်တမျှ၊ ချစ်မဝ,သည့်၊ “ဟေမမာလာ”။ ကြင်ဘက်တော်ရတနာကိုလည်း။ ဝိပ္ပဝေသံ၊ အသွင်ဘောက်ပြန်။ ပုဏ္ဏားသဏ္ဌာန်ကို။ဂဟာပေတွာ၊အသွင်တူအောင်။ယူဆောင်စေ ပြီး၍။ခိပ္ပံ၊လျင်မြန်စွာ။တထ္ထဝ၊ထို-စွယ်တော်ကိန်းဝပ်။ သဲပုံစေတီ ရှိရာ-အရပ်သို့သာလျှင်။အာဂတော၊ စိတ်လက်မချမ်း။ မြစ်ကိုသန်း လျက်။ပင်ပန်းကြီးစွာ။ပြန်လာရလေသတည်း။

(၂၀၀) ဒါဌကံ တံ မုနိန္ဒဿ၊ဝါလုကာ ထူပကုစ္ဆိယံ။
ဌပိတံ ပူဇယံ သမ္မာ၊အစ္ဆိ ဂုမ္ဗန္တရေ တဒါ။ ။

(၂၀၀) တဒါ၊ထိုနောက်မှ။ ဝါလုကာထူပကုစ္ဆိယံ၊ငွေရောင် အဆင်း၊ သဲပုံစေတီတော်အတွင်း၌။ ဌပိတံ၊ မှတ်သားသေချာ။ဌပ နာအပ်သော။ မုနိန္ဒဿ၊အတုမရှိ။မုနိဉ္ဇကြွ၏။ ဘုရားမြတ်၏။ တံဒါဌ ကံ၊ထိုတန်းခိုးဘင်ပေါ်။မြတ်စွယ်တော်ကို။ သမ္မာ၊ကောင်းမွန်စွာ။ပူ ဇယံ- (ပူဇယန္တော)၊ ရှိခိုးပူဇော်လျက်။ ဂုမ္ဗန္တရေ၊ တောအုပ်မြိုင် စောင်း။ချုံပိတ်ပေါင်း၌။အစ္ဆိ၊ ဘေးရန်လွတ်ကြောင်း၊ ပုန်းအောင်း ခိုကာ။နေရှာလေ၏။

(၂၀၁) ခေတုံ ဒိသွာန တေစိရံ၊ပူဇိတံ ပိတရေနတံ။
တဒါ ဗာဠှံ ပရောဒန္တိ၊နုဿရိတွာန ပိတရံ။ ။

(၂၀၁) တဒါ၊ထို-တောချုံပိတ်ပေါင်း။ပုန်းအောင်း၍နေရသောအ ခါ၌။တေ၊ထို-အပူမီးကြွ။“ဒန္တ-ဟေမာ”၊မင်းနှစ်ဖြာတို့သည်။ ပိတ ရေန၊နတ်ရွာစံပျော်။ခမည်းတော်သည်။စိရံ၊ကြာမြင့်စွာ။ ပူဇိတံ၊အ မြတ်တနိုး။ရှိခိုးပူဇော်အပ်သော။တံခေတုံ၊ ထို-စွယ်ဘော်ခေတ်ကို။ ဒိသွာန၊ဖူးမျှော်ကြကုန်သည်ဖြစ်၍။ ပိတရံ၊ စွယ်တော်မြတ်ဘွက်။ အသက်ကုန်ခမ်း။နတ်နန်းစံပျော်။ခမည်းတော်ကို၊ အနုဿရိတွာန၊ လွမ်းဆွတ်တမ်းဘ။အဖန်ဖန်အောက်မေ့မိကြကုန်သည်ဖြစ်၍သာ

လျှင်၊ဗာဉ္ဇီ၊ပြင်းထန်စွာ၊ ပရောဒန္တိ၊ဖူးမြင်တိုင်းသာ၊များစွာငိုကြွေး မိကြလေကုန်၏။

---

၄၂—သဲပုံတွင်းရှိ၊စွယ်တော်ဓာတ်၏ရောင်ခြည်တော်ကိုမြင်သဖြင့်၊ ကောင်းကင်မှသက်ဆင်း၍၊ရဟန္တာတပ်ါးရှိခိုးခဏ်း။

(၃၀၂) တဒါခေန ဂတောဇောကော၊ထေရော ဒိသွာန ဓာတုယာ။ ဝိဓာဝန္တံ ပဘာဇာလံ၊သြတရိ တတ္ထ တံ နမိ။ ။

(၃၀၂) တဒါ၊ထိုအခါ၌။ ခေန၊ကောင်းကင်ခရီးဖြင့်၊ ဂတော၊ကြွ သွားတော်မူသော၊ ဇောကောထေရော၊ ဈာနလာဘီ၊ မထေရ်တပါး သည်။တတ္ထ၊ ထိုငွေရောင်အဆင်း၊ သဲပုံတွင်း၌၊ ဓာတုယာ၊ ကိန်း အောင်းမွေ့လျော်၊ဓာတ်စွယ်တော်၏၊ ဝိဓာဝန္တံ၊ဝန်းကျင်ဒိသာ၊ရပ် မျက်နှာသို့၊ရောင်ဝါယှက်ကူး၊ ကွန့်မြူးပြေးသွားသော၊ပဘာဇာလံ၊ ဖြူစင်ပြိုးပြက်၊ရောင်ခြည်တော်ကွန်ရက်ကို၊ ဒိသွာန၊မြင်တော်မူ၍၊ သြတရိ-(သြတရန္တော)၊ ကောင်းကင်တွင်းမှ၊ သက်ဆင်းတော်မူ လျက်၊တံ၊ထို-ရောင်ခြည်ဝင်းလျှပ်၊ စွယ်တော်မြတ်ကို၊ နမိ၊ရှိသေ ညွှတ်ကျိုး၊ရှိခိုးတော်မူလေ၏။

(၃၀၃) ထေရံဒိသွာ ပမောဒါတော၊
သဗ္ဗာရောစိ သု ကာရဏံ။
ဓာတုရက္ခာယုတော ထေရော၊
တဒါ တော သ မဘာသိ သော။ ။

(၃၀၃) တော၊ ထို-မောင်တော်''ဒန္တ၊ နှမဟေမာ''၊ မင်းနှစ်ဖြာတို့ သည်။ထေရံ၊ ကောင်းကင်တွင်းမှ၊ သက်ဆင်းကြွလာ၊ ရဟန္တာမ ထေရ်မြတ်ကို။ဒိသွာ၊ အားကိုးအားထား။ မျက်ဝါးထင်ထင်။ တွေ့ မြင်ကြသောကြောင့်။ပမောဒါ၊နှစ်သက်ရွှင်လန်း။ ဝမ်းသာကြကုန် သည်ဖြစ်၍။ သဗ္ဗံ၊အလုံးစုံသော။ ကာရဏံ၊ ဖြစ်သမျှပုပေါင်း။အခ ကြောင်းကြောင်းကို။အာရောစိ သု၊ငိုကြွေးဝပ်တွား။ လျှောက်ထား

ကြလေကုန်၏။ တဒါ၊ထိုအခါ၌။ သောထေရော၊ ထိုဗျာနလာဘီ။မထေရ် မြတ်သည်။ ဓာတု ရက္ခာယုတော၊ စွယ်တော် ဓာတ်မြတ်။ စောင့်ရှောက်ခြင်းနှင့် စပ်သည်ဖြစ်၍။ တေသံ၊ ထို-ထိးပွါးနန်းလျာ။ မင်းနှစ်ဖြာတို့အား။ ဇာနံ၊ဤဆိုလတ္တံ့သောစကားကို။ အဘာသိ၊မိန့်ဆိုမြွက်ကြား၊မှာထားတော်မူလေ၏။

(၃၀၄) နိဗ္ဗုယာ သီဟဠံ နေထ၊တမဂ္ဂဏီတ ခေဒိကာ။
သစေ မဂ္ဂေ ဘယေ ဇာတေ၊မမံ သရထ ဇာဒ္ဓိမံ။ ။

(၃၀၄) ဘောန္တော၊အိုမင်းသွီး-မင်းသား။ထိးနန်းဘွားတို့။ တုမှေ၊သင်တို့သည်။အဂဏီတ-ခေဒိကာ၊ ပင်ပန်းနွမ်းနယ်ခြင်းကို။ မရေတွက်ကြကုန်သည်ဖြစ်၍။နိဗ္ဗုယာ၊ ဘေးရန်မရှိကြကုန်ဘဲ။ တံ၊ထိုစွယ်ဘော်မြတ်ကို။ သီဟဠံ၊ မွေးဘမိန့်ညွှန်း။ သီဟိုဠ်ကျွန်းသို့။နေထ၊ဆောင်ကြလေကုန်လော။ မဂ္ဂေ၊ပင့်ဆောင်ယူသွား။ လမ်းခရီးအကြား၌။ဘယေ၊နှောင့်ရှက်ငြိတွယ်။ ဘေးအန္တရာယ်သည်။ သစေဇာတေ၊ အကယ်၍- ဖြစ်ခဲ့သည် ရှိသော်။ ဇာဒ္ဓိမံ၊ ခြောက်တန်အဘိညာဉ်။တန်းခိုးရှင်ဖြစ်သော၊ မမံ၊ငါ့ကို။ သရထ၊ စိတ်အကြံဖြင့်၊ ဓိဋ္ဌာန်တမ်းတ၊အောက်မေ့လိုက်ကြကုန်လော။

(၃၀၅) ဇေံဝတွာန သော ဘေသံ၊ဒေသေန္တော ဓမ္မမုတ္တမံ။
မဟာသောကံ ပနေတွာန၊ဌာနံခေန သကံဂတော။ ။

(၃၀၅) ဇေံ၊ဤသို့ဆိုအပ်ခဲ့ပြီးသည့်အတိုင်း။ ဝတွာန၊မြွက်ဟမိန့်ကြား၊မှာထားတော်မူပြီး၍။ တေသံ၊ ထို-ထိးညွှန့်နန်းညွှာက်၊မင်းနှစ်ယောက်တို့အား။ ဥတ္တမံ၊ အပူ ငြေးကြောင်း၊ ကောင်းမြတ်လှစွာသော။မွေ့၊တရားတော်ကို။ ဒေသေန္တော၊ ကရုဏာရှေ့ထား။ ဟောကြားတော်မူလျက်။မဟာသောကံ၊အလွန်ဘိစီး။သောကတည်းဟူသောမီးကို၊ အပနေတွာန်၊ ပယ်ဖျောက်တော်မူ၍။ ခေန၊ ကောင်းကင်ခရီးဖြင့်။ သကံဌာနံ၊ မိမိနေရာအရပ်သို့၊ ဂတော ၊ဗျာန်ရထားဖြင့်၊ပြန်သွားတော်မူလေ၏။

၄၃—သဲပုံတွင်းမှ၊“ပဏ္ဍုဟာရ”နဂါးမင်းသည်၊စွယ်တော်ကို၊
ထိတ်တဆိတ်ဆောင်ယူခဏ်း။

(၃၀၆) နဒိယာ တာယ နာဂိန္ဒော၊ပဏ္ဍုဟာရဝှယော တဒါ။
ပုရာ နိက္ခမ္မ ဂန္တွံ တံ၊ဓာနံ ပဂ္ဂမိ ကာမတော။ ။

(၃၀၆) တဒါ၊ထိုမထေရ်မြစ်ဖျား၊ကြွသွားသောအခါ၌၊ ပဏ္ဍု
ဟာရဝှယော၊ “ပဏ္ဍုဟာရ” အမည်ရှိသော၊ နာဂိန္ဒော၊ ရေနတ်
သေဌ်နင်း၊နဂါးမင်းသည်၊ပုရာ၊မိမိစံနေ၊နဂါးပြည်မှ၊နိက္ခမ္မ၊ပျော်မြူး
ထွက်လာ၍၊ တာယနဒိယာ၊ ထိုမြစ်တွင်း၌၊ ဂန္တွံ-(ဂန္တွန္တော)၊ ထို
ဤလူးလာ၊ မြူးကာကျက်စား၊ သွားလာ လှည့်ပတ်သည် ရှိသော်။
ကာမတော၊အလိုအလျောက်အားဖြင့်၊တံဓာနံ၊ထိုစွယ်တော်ဓာတ်၊
ကိန်းရာအရပ်သို့၊ဥပဂ္ဂမိ၊ကံကောင်းထောက်၍၊ ဆိုက်ရောက်လာ
လေ၏။

(၃၀၇) ရံသိဇာလံ ဝိသဇ္ဇေတွာ၊ဂစ္ဆေ ပုဋိန ရာသိနော။
ဒိွတံ ဓာတု မိဒံကိန္တွ၊ပေက္ခန္တော ခဝဒိ သော တဒါ။ ။

(၃၀၇) တဒါ၊ထိုကံကောင်းထောက်၍၊ဆိုက်ရောက်သောအခါ
၌၊သော၊ထို“ပဏ္ဍုဟာရ”၊နာမထင်လင်း၊ နဂါးမင်းသည်။ ပုဋိနရာ
သိနော၊ပုလဲပုံဆောင်၊ ငွေရောင်မြူနှု၊သဲပုံစု၏။ ဂစ္ဆေ၊ဝန်းကျင်ပတ်
လွှမ်း၊လယ်တိုက်ခမ်း၌၊ ရာသိဇာလံ၊ထိန်ပြောင်ရွှန်းဝေ၊ ထွေထွေ
ရောရှက်၊ရောင်ခြည်တော်ကွန်ရက်ကို၊ ဝိသဇ္ဇေတွာ၊ လွှတ်တော်
မူ၍။ ဒိွတံ၊တည်သော။ ဓာတုံ၊ အတုလဓာတ်၊ စွယ်တော်မြတ်ကို။
“ဣဒံ၊ ဤဝတ္ထုသည်ကား။ ကိံ၊ အဘယ်ဝတ္ထုပေနည်း”၊ ဣတိ၊
ဤသို့-အောက်မေ့လျက်။ အပေက္ခန္တော၊ လှည့်ပတ်စေ့ငု၊ ကြည့်ရှု
သည်ရှိသော်၊အခဝဒိ၊စွယ်တော်မြတ်ဟုံ၊တွေ့ပ်အပ်သေချာ၊ကောင်း
စွာသိလေ၏။

(၃၀၈) အထနာဂေါ ပမောဒံ တံ၊ကရဏ္ဍံ သဟ ဓာတုယာ။
ဂိလိတွာနေ့ရုံ ဘောဂေဟိ၊ဝေဌယိတွာသယိဏ္ဍသော။ ။

(၃၀၈) အထ၊ ထိုစွယ်တော်မြတ်ဟု၊ တပ်အပ်သေချာ၊ သိသော အခါ၌၊ သောနာဂေါ၊ ထို"ပဏ္ဍုဟာရ"၊ နာမထင်လင်း၊ နဂါးမင်း သည်။ ပမောဒံ-(ပမောဒန္တော)၊ မျက်နှာရွှင်လန်း၊ ဝမ်းသာသည် ဖြစ်၍။ ဓာတုယာ၊ အရောင်ဝင်းလျှပ်၊ စွယ်တော်ဓာတ်နှင့်။ သဟ၊ တကွ။ တံကာရဏ္ဍံ၊ ထို-ရတနာဖြင့်၊ ကောင်းစွာပြုလုပ်၊ စွယ်တော် ကြုပ်ကို။ ဂိလိတွာ၊ မြို၍။ နေရုံ၊ မြင့်မိုရ်တောင်မင်းကို။ ဘောဂေဟိ၊ အခွေတို့ဖြင့်။ ဝေဌယိတွာ၊ များစွာ ထပ်ထပ်၊ ရစ်ခါပတ်၍။ သ ယိတ္တာ၊ ပုန်းအောင်းရစ်ခွေ၊ အိပ်စက်လေ၏။

---

၄၄—ရဟန္တာအရှင်မြတ်သည် နဂါးမင်းထံမှ စွယ်တော်ကို၊ ယူဆောင်၍ မင်းနှစ်ပါးတို့အား ပေးအပ်ခဏ်း။

(၃၀၉) ဂန္တုကာမာ ဥဘောသိန္ဓုံ၊ ထူပေ ဓာတု မပဿိယ။
ရောဒန္တာ ဝ ဗဟူ ဒုက္ခာ၊ နုဿရိံ သု မုနိံ တဒါ။ ။

(၃၀၉) တဒါ၊ ထိုအခါ၌။ သိန္ဓုံ၊ အပြောကျယ်စွာ၊ မဟာသမုဒ္ဒရာ ကို။ ဂန္တုကာမာ၊ ဖြတ်သန်းကူးမြောက်၊ သွားရောက်လိုကုန်သော။ ဥဘော၊ "ဒန္တ-ဟေမာ"၊ မင်းနှစ်ဖြာတို့သည်။ ထူပေ၊ သဲပုံစေတီ တော်၌၊ ဓာတုံ၊ ထည့်သွင်းထားအပ်၊ စွယ်တော်ဓာတ်ကို။ အပဿိ ယ၊ ရောင်တော်ကင်း၍၊ မမြင်ရကုန်သောကြောင့်။ ဗဟူ ဒုက္ခာ၊ နှလုံး ကွဲမျှ ဆင်းရဲကြကုန်သည်ဖြစ်၍။ ရောဒန္တာ ဝ၊ ငိုကြွေးကြကုန်လျက် သာလျှင်။ မုနိံ၊ ဗျာနလာဘီ၊ မထေရ်ဆရာ၊ ရဟန္တာကို။ အနုဿရိံ သု၊ နှုတ်မြွက်တမ်းဘ၊ အောက်မေ့လိုက်ကြလေကုန်၏။

(၃၁၀) ဝိညာယ ထေရော ရဟာ ဥတွာ၊ ဂန္တွာ နဂေန သန္တိကံ။
ထူပေ အသုဏ္ဏိ တံဓာတုံ၊ အဒိဋ္ဌ ဘောဂိ ပူဇိတံ။ ။ ၃

(၃၁၀) အထ၊ ထိုသို့တမ်းဘ၊ အောက်မေ့ လိုက်သော ခဏ၌။ သောအရဟာ၊ ထိုရဟန္တာအရှင်မြတ်သည်။ ဝိညာယ၊ တောင့်တရည် သန်၊ စိတ်အကြံကို၊ ဥတွာ၊ သိတော်မူ၍။ နဂေန၊ ကောင်းကင်ခရီး

ဖြင့်။တေသံ၊ ထိုပူဇော်းလိုက်ခုံ၊မောင်နှံရုံတို့၏၊ သန္တိကံ၊အထံသို့၊ ဂန္တွံ-(ဂန္တွာနော)၊ ကြွသွားတော်မူသည်ရှိသော်။ တေဟိ၊ ထို-ထိုး ဆွေးနန်းလျှာ၊မင်းနှစ်ဖြာတို့သည်၊ပူဇိတံ၊ အသက်အလား၊ ကိုးစား လေးမြတ်၊ပူဇော်အပ်သော။ တံဓာတုံ၊ ထို-စွယ်တော်မြတ်ကို၊ ထူ ပေ၊သဲပုံစေတီတော်၌၊ အဓိဋ္ဌဲ၊မတွေ့မမြင်အပ်သည်ကို။ အသုဏိ၊ မောင်နှံနှစ်ပါး၊လျှောက်ပန်ထား၍၊ကြားသိတော်မူလေ၏၊

(၃၁၁) မေရုမှိ သယိတံ နာဂံ၊သော ဓိသွာ ဓိဗ္ဗစက္ခုနာ၊
နဘံ ပက္ခန္ဒ ထကေန္တံ၊မာပေသိ ဂရုဠံ တဒါ။ ။

(၃၁၁) တဒါ၊ထိုအခါ၌၊သော၊ထိုမထေရ်ဆရာ၊ ရဟန္တာသည်၊ မေရုမှိ၊မြင့်မိုရ်တောင်၌၊သယိတံ၊ သုံးလျှ ရှင့်ခာတ်၊ခိုးဆောင်လတ် ၍၊လှည့်ပတ်ရစ်ခွေ၊ အိပ်စက်နေသော၊ နာဂံ၊"ပဏ္ဏုဟာရ"နဂါး မင်းကို။ဒိဗ္ဗစက္ခုနာ၊ဒိဗ္ဗစက္ခု၊ ဉာဏ်တော်ရဖြင့်၊ ဓိသွာ၊မကျန်ကုန် စင်၊ သိမြင်တော်မူ၍။ နဘံ၊ကောင်းကင်ကို။ ပက္ခန္ဒ၊တောင်ပံနှစ် ဘက်ဖြင့်။ထကေန္တံ၊ဖြန့်မိုးအုပ်ဖုံးနိုင်သော။ဂရုဠံ၊ကြီးမားစွမ်းအင်၊ ဂဠုန်အသွင်ကို၊မာပေသိ၊တခဏချင်း၊ဘန်ဆင်းတော်မူလေ၏။

(၃၁၂) ဒုဝိခာ ဇလဓိ ဘေတွာ၊မဟာပက္ခဇ ဝါယုနာ။
ခိပ္ပံခာဝံ ဘိ သာဒပတွာ၊နာဂံဘိဂမိ တတ္ထသော၊ ။

(၃၁၂) သော၊ထို-မထေရ်ဘန်ဆင်း၊ဂဠုန်မင်းသည်။ မဟာပက္ခ ဇဝါယုနာ၊ ကြီးမားပြင်းထန်၊ တောင်ပံဟုန်ကြောင့်ဖြစ်သော လေ ဖြင့်။ ဇလဓိ၊ မဟာသမုဒ်၊ ရေအဖုတ်ကို၊ ဒုဝိခာ၊ နှစ်ဖြာနှစ်ခွိတ်၊ ဘေတွာ၊ အလွန်နက်နဲ၊ ရေရကွဲအောင်၊ခွဲတော်မူ၍၊ ခိပ္ပံ၊လျှင်မြန် စွာ၊ ခာဝံ-(ခာဝန္တော)၊ ဘောင်ပံရိုက်ခတ်၊ မရပ်မနား၊ ပြေးသွား တော်မူလျက်၊ နာဂံ၊"ပဏ္ဏုဟာရ" နဂါးမင်းကို။ ဘိ သာဒပေတွာ၊ ပိညာဉ်ပြုတ်အောင်၊ ထိုးသုတ်မည့်ဟန်၊ ဖန်ဖန်ချိမ်းခြောက်၊ လန့် ကြောက်စေတော်မူ၍၊ တတ္ထ၊ထိုနဂါးပုန်းရှောင်၊မြင့်မိုရ်တောင်သို့။ အဘိဂမိ၊ကြွရောက်တော်မူလေ၏၊

(၃၁၃) ဘောဂေဟ သံခိပိတွာန၊ နာဂဝေသံ ဇဟာယသော။
ပါဒေ နတွာ ရဟန္တဿ၊ နာဂေါ မုနိံ မဝေါစိဒံ။ ။

(၃၁၃) အထ၊ ထိုအခါ၌။ သော နာဂေါ၊ ထို-"ပဏ္ဍုပဟာရ"၊ နာမ ထင်ရှား၊ နတ်နဂါးသည်။ ဘောဂေ၊ မြင့်မိုရ်ပတ်၍၊ ထပ်ထပ်ရစ်နေ၊ မိမိအခွေတို့ကို၊ သံခိပိတွာန၊ ရုတ်သိမ်းကွယ်ဖုံး၊ ချုံးလိုက်ပြီး၍။ နာဂဝေသံ၊ ရှည်သွယ်ကြီးမား၊ နဂါး၏အသွင်ကို။ ဇဟာယ၊ ပယ်ဖျောက်၍၊ အရဟန္တဿ၊ ဂဠုန်မင်းသွင်၊ ရှေ့တွင်ရောက်လတ်၊ ရဟန္တာမြတ်၏။ ပါဒေ၊ ခြေတော်အစုံတို့ကို။ နတွာ၊ ရှိခိုးလျှက်။ မုနိံ၊ တန်းခိုးကြီးလတ်၊ ရဟန္တာအရှင်မြတ်ကို။ ဣဒံ၊ ဤဆိုလတ္တံ့သောစကားကို။ အဝေါစ၊ လေးမြတ်ရိုသေ၊ လျှောက်ထားလေ၏။

(၃၁၄) သဗ္ဗသတ္တဟိတတ္ထာယ၊ လောကေ ဇာယန္တိ နာယကာ။
ဟောတိ သတ္တဟိတတ္ထမ္ပိ၊ ဓာတုမတ္တဿ ပူဇနာ။ ။

(၃၁၄) လောကေ၊ လောကသုံးခွင်၊ ဘုံအပြင်၌။ နာယကာ၊ ရှေ့ဆောင်ကြီးမှူး၊ ကျေးဇူးများဖြင့်၊ ဘုရားရှင်တို့သည်။ သဗ္ဗသတ္တဟိတတ္ထာယ၊ လုံးစုံချားစွာ၊ သတ္တဝါတို့၏-အစီးအပွါးအလို့ငှါ။ ဇာယန္တိ၊ ဂုဏ်တော်ပြိုးမြင့်၊ တန်းခိုးဘင့်၍၊ ပွင့်တော်မူကြလေကုန်၏။ ဓာတုမတ္တဿ၊ သက်တော် ထင်ရှား၊ မရှိငြားလည်း၊ ကိုယ်ပွါး သရီရ၊ ဓာတ်တော်မျှကို။ ပူဇနာပိ၊ ဂုဏ်တော်ရည်ရှူး၊ ရှိခိုးကော်ရော်၊ ပူဇော်ရခြင်းသည်လည်း။ သတ္တဟိတတ္ထံ၊ သတ္တဝါတို့အား၊ အကျိုးချားသည်။ ဟောတိ၊ အမှန်စင်စစ်၊ ဖြစ်ပါပေ၏။

(၃၁၅) အဟမ္ပိ သတ္ထုနော ဓာတုံ၊ ပူဇေတွာ ကုသလံ ဖလံ၊
အနပ္ပကံ မဟာပုညံ၊ သဉ္စိနိဿန္တိ အာဒယိံ။ ။

(၃၁၅) အဟမ္ပိ၊ တပည့်တော်သည်လည်း။ သတ္ထုနော၊ သုံးလူ့ဆရာ၊ စေသဗ္ဗညာ၏။ ဓာတုံ၊ ဘော်သားချောင်သျှပ်၊ စွယ်တော်မြတ်ကို။ ပူဇေတွာ၊ သဒ္ဓါ ရွှင်လန်း၊ လှူဒါန်းပူဇော်၍။ အနပ္ပကံ၊ ဆုံးဆမရှိ၊

အတိုင်းမသိသေား ၁ဟာ္ဂံ ဝ၊ အဘိုးများစွာ၊ ထိုက်တန်သည်သာ လျှင်ဖြစ်သော။ကုသလံဖလံ၊ချမ်းသာဖွင့်ဖြိုး၊ကုသိုလ်၏အကျိုးကို။ သဗ္ဗလောကိသံ၊ကြည်ကြည်နူးနူး၊ ဆည်းပူးတော့အံ့။ ဇုတိ၊ ဤသို့ရည် သန်၊စိတ်ဦးကြိ၍။ အာဒယိံ၊သဲပုံဖေါက်၍၊ ဝမ်းမြောက်ဝမ်းသာ၊ ဆောင်ယူခဲ့ပါ၏။

(၃၁၆) သဗ္ဗဗောဓာ ရဟာနံ ယံ၊ဟောတိ တံ ဌာနသီဟဠံ။
နီယတေ တေန ဒေဟီတိ၊ထေရေနုတ္တော အဒဋ္ဌသော။ ။

(၃၁၆) ယံဌာနံ၊အကြင်နေရာ၊ နဂါးတို့ရွာသည်၊ သဗ္ဗာဗောဓာ ရဟာနံ၊သဗ္ဗာလေးပါး၊မြတ်တရားကို၊ပိုင်းခြားထိုးထွင်း၊ သိခြင်းငါ မထိုက်ကုန်သော နဂါးတို့၏။ ဌာနံ၊ နေရာအရပ်သည်။ ဟောတိ၊ ဖြစ်၏။တေန၊ထိုကြောင့်။ဒေဟိ၊လျှင်စွာမနှေးပေးသာပေးလော့။တံ၊ ထိုစွယ်တော်မြတ်ကို။ သီဟဠံ၊သာသနာ တောက်ထွန်း၊ သီဟိုဠ် ကျွန်းသို့။နီယတေ၊ မပျောက်ခိုင်ခန့်၊ တည်တန့်လိမ့်ကြောင်း၊ မြှော် ညှောင်းအရှည်၊ ဆောင်ထိုက်ပေ၏။ ဇုတိ၊ဤသို့၊ ထေရေန၊ ဈာန လာဘီ၊ရဟန္တာမထေရ်သည်။ဥတ္တော၊ အတင်းအကြပ်၊မိန့်ဆိုအပ် သည်ဖြစ်၍။သော၊ ထိုနဂါးမင်းသည်။ အဒဋ္ဌ၊မထေရ်လက်တွင်း၊ အပ်နှင်းလိုက်ရလေ၏။

(၃၁၇) ပက္ခိတ္တံ သံဟာရိတွာန၊သော၁ပ္ပတိတွာ မဟာဏ္ဏဝါ။
ဒါဌာဓာတုံ မုနိန္ဒဿ၊ ထေရော ဗိန္ဒု မဒါသိ တံ။ ။

(၃၁၇) သော၊ထေရော၊ ထိုဈာနလာဘီ၊ မထေရ် မြတ်သည်၊ မ ဟာဏ္ဏဝါ၊ငါးလိပ်မကာရ်း၊ ဘေးဘျမ်းလွှန်ပေါ၊အပြောကျယ်စွာ၊ မ ဟာသမုဒြာမှ။ဥပ္ပတိတွာ၊စွယ်တော်ဆောင်လျက်၊ ပျံတက်တော်မူ ၍။ပက္ခိတ္တံ၊ဂဠုန်ဌက်၏၊အတ္တဘော ကို၊သံဟာရိတွာန၊ တန်းခိုးချုပ် ငြိမ်း၊ရုတ်သိမ်းတော်မူ၍။မုနိန္ဒဿ၊မုနိထွတ်ထား၊မြတ်ဘုရား၏။တံ ဒါဌာဓာတုံ၊ ထိုစွယ်တော်မြတ်ကို။ ဗိန္ဒု၊ "ဒန္တ-ဟေမာ"၊ နှစ်ဖြာ မောင်မယ်၊ နန်းညွှန့်နွယ်တို့အား။ အဒါသိ၊ အပူဇော်ဆောင်၊ယူပေး အပ်နှံတော်မူလေ၏။

### ၄၅—မင်းနှစ်ပါးတို့သည်စွယ်တော်မြတ်ကို၊ သီဟိုဠ်ကျွန်းသို့ပင့်ဆောင်ခဏ်း။

(၃၁၈) ဒတ္တာ ဓာတုံ ဂတေ ထေရေ၊သုဗ္ဗဟာန္တာ၁၀ မုန္ဒိနာ။
သဉ်တေန ဒေဝေဟိ၊နိက္ခမိ သု ပထေန တံ။ ။

(၃၁၈) ဓာတုံ၊အလွန်ထူးမြတ်၊ စွယ်တော်ဓာတ်ကို၊ ဒတွာ၊မင်းနှစ်ဖြာအား၊ နှင်းကာလွှယ်ကျူ၊ အပ်တော်မူ၍၊ ထေရေ၊ မထေရ်ဆရာ၊ရဟန္တာသည်၊ ဂတေ၊ကောင်းကင်ခရီး၊ချာန်ယာဉ်စီးလျက်၊ ကိုယ်ထီးမတ်မတ်၊ ကြွလုလတ်သော်။ တံ၊ ထို-သုံးလူ့ပရမေ၊နေမင်းဆွေ၏၊ခြောက်ထွေရောင်လျှပ်၊စွယ်တော်မြတ်ကို၊ မုန္ဒိနာ၊သိမ်မွေ့လှစွာ၊ဥက္ကောင်းရတနာဖြင့်၊ သုဗ္ဗဟာန္တာ၊ယိမ်းယိုင်အားနွဲ့၊လှဲ့ခါလှဲ့ခါ၊ကောင်းစွာပင့်ဆောင်ကြကုန်လျက်၊ဒေဝေဟိ၊နတ်အပေါင်းတို့သည်၊သဉ်တေန၊ဘန်ဆင်းပြုပြင်၊စီရင်အပ်သော။ပထေန၊တောစွန်တောင်တန်း၊ခရီးလမ်းဖြင့်၊ နိက္ခမိ သု၊မြစ်သောင်ယံမှ၊ မောင်နှံနှစ်ပါး၊ထွက်သွားကြလေကုန်၏။

(၃၁၉) တံ မဂ္ဂံ ခေပယိတွာန၊ဂိရိဂ္ဂဟာန ဒုဂ္ဂမံ။
ဧတေ အတုရိတာ ဂန္တွ၊တာမလိတ္တိ၄ ပဋ္ဋနံ၊ ။

(၃၁၉) ဧတေ၊ထို-ပြော့ပျောင်းနုနယ်၊မင်းနှစ်သွယ်တို့သည်၊ဂိရိဂ္ဂဟာနဒုဂ္ဂမံ၊ တောင်စဉ်တောင်တန်း၊ မြောင်လမ်းထူပြော၊ တောအဆက်ဆက်၊အသွားရခက်သော၊တံမဂ္ဂံ၊ ထိုခရီးခဲကို၊ အတုရိတံ၊နားခါနားခါ၊သာသာဖြည်းညှင်း၊ခေပယိတွာန၊ လွန်မြောက်ကျော်သန်း၊ကုန်ခန်းစေ၍၊ တာမလိတ္တ၄ပဋ္ဋနံ၊"တာမလိတ္တိ"၊ မည်ရှိမှိုင်းညှို့၊ဆိပ်ကမ်းရှိသောမြို့သို့၊အာဂန္တွ၊မောင်နှံတူရုံ၊ ရောက်ကြလေကုန်၏၊

(၃၂၀) ဂါမိဏ် တရဏ် ဧတေ၊သယမိန္ဒိတ သီဟဠ။
ဝါဏိဇေဟိ သမာရုဠှ၊ပသိ သု ဖွတိ တဒါ၊

(၃၂၀) တဒါ၊ ထို-"တာမလိတ္တိ"-သင်္ဘောဆိပ်သို့ရောက်သောအခါ၌၊ ဖေတဗမ္မတိ၊ ထိုပင်ပန်းနွမ်းနယ်၊ မောင်မယ်နှစ်ပါး၊ ထိုးနန်းဘွားတို့သည်၊ သယာမိန္ဒြိတသီဟာဠ၊ မိမိတို့-သွားလို၊ ရေညှိုပတ်ဝန်း၊သီဟိုဠ်ကျွန်းသို့၊ဂါမ်လော်၊ ကူးသန်းသွားလာသော၊ ဝါဏိဇဗေဟိ၊ရောင်းဝယ်ဖေါက်ကား၊ ကုန်သည်များတို့သည်၊သမာရူဠှံ၊ကုန်စည်တင်ခါ၊ကောင်းစွာတက်စီးအပ်သော၊တရဏိ၊ ခိုင်ခန့်ပြန့်ပြူး၊ သီဟိုဠ်ကူး-သင်္ဘောကို၊ပဿိ သု၊အခန့်သင့်ပင်၊ တွေ့မြင်ကြလေကုန်၏၊

(၃၂၁) တုရိတံ တရဏိံ ဂန္တွာ၊နာဝိကာသ ဝဒိံ သု တေ။
ပိယဝါစာ ယုဘောတုမှော၊နာဝါ ရောပယိတ္တသော၊ ။

(၃၂၁) တေ၊ထို"ဒန္တ-ဟေမာ"၊နှစ်ဖြာမောင်မယ်၊ ထိုးနန်းနွယ်တို့သည်။တရဏိ၊သီဟိုဠ်ကျွန်းထွက်၊သင်္ဘောထက်သို့၊ တုရိတံ၊မကြာမတင်၊လျင်မြန်စွာ၊ဂန္တွာ၊တက်သွားကြကုန်၍၊ နာဝိကာသ၊သင်္ဘောလမ်း၌၊ ပြဋ္ဌာန်းဦးစီး၊ သင်္ဘောသူကြီးအား။ ဝဒိံ သု၊ချိုချိုသာသာ၊ လိုက်ပါလိုကြောင်း၊ ခွင့်တောင်း ပြောဆိုကြလေကုန်၏၊ ပိယဝါစာယ၊နှစ်ပါးမောင်မယ်၊ ချစ်ဘွယ်ဖွက်ကြား၊ပြောစကားဖြင့်၊သော၊ထိုသင်္ဘောသူကြီးသည်၊ဥဘော၊"ဒန္တ-ဟေမာ"၊မင်းနှစ်ဖြာတို့ကို၊ တုမှော၊သားသမီးသွင်၊ ချစ်ခင်နှစ်သက်အပ်သည်ဖြစ်၍၊ နာဝံ၊ သီဟိုဠ်ကျွန်းထွက်၊ သင်္ဘောထက်သို့၊အာရောပယိတ္ထ၊ တင်ဆောင်လေ၏။

(၃၂၂) ရုဇိနွှေသု တမာဒါယ၊ကလ္လောလုပ သမန္တ ိင၊
သုဝါတော ဥဋ္ဌာရော ဝါယိ၊ဇိသာ သောဘာ န္တိ သဗ္ဗထာ၊

(၃၂၂) ဇေသု၊ထို·မောင်တော် "ဒန္တ၊နှစ်မ-ဟေမာ၊ မင်းနှစ်ဖြာတို့သည်။တံ၊ထိုစွယ်တော်မြတ်ကို၊ အာဒါယ၊ဆံထုံးအတွင်း၊ ထည့်သွင်းဆောင်ယူ၍၊ရုဇိနွှေသု၊ သင်္ဘောကြီးကို၊ တက်စီးကြကုန်သည်ရှိသော်၊ ကလ္လောလာ၊ လှိုင်းတံပိုးတို့သည်၊ ဥပသမန္တ၊ အလိုအ

လျှောက်၊ ငြိမ်းပျောက်ကြလေကုန်၏။ ဥက္ကာရော၊ မြောက်အရပ်မှ၊ တိုက်ခပ်တိုးဝှေ့သော။ သုဝါတော၊ လေပြေလေညှင်းသည်။ ဝါယိ၊ ဖြည်းဖြည်းသာသာ၊ တိုးဝှေ့လာ၏။ သမ္ဗုထာ၊ အခါခပ်သိမ်း။ ဒိသာ၊ အရပ်မျက်နှာတို့သည်၊ သောဘန္တိ၊ လေပြင်းမဘက်၊ မိုးသက်စင်ကြယ်၊ တင့်တယ်ကုန်၏။

(၃၂၃) ဒုတိယဒိဝသေ ယတ္ထ၊ ဒိဝါကရေ သမုဂ္ဂတေ။
သလိလံသန္တ ဥလ္လောလံ၊ အဟောသိ သိတသန္နိဘံ။ ။

(၃၂၃) ယတ္ထ၊ အကြင်-နက်နဲပြန့်ကျယ်။ သမုဒ်လယ်၌။ ဒုတိယဒိဝသေ၊ သဘော်ထွက်၍။ နှစ်ရက်မြောက်ကျ။ ဒုတိယနေ့၌၊ ဒိဝါကရေ၊ အရောင်ထိန်လင်း။ ရှင်နေမင်းသည်။ သမုဂ္ဂတေ၊ ဥဒည်စွန်းမှ။ ပေါ်ထွန်း ထွက်လာသည်ရှိသော်။ သလိလံ၊ သမုဒြာ၊ ရေမျက်နှာသည်။ သန္တဥလ္လောလံ၊ မလှုပ်မရှက်။ ငြိမ်သက်သော လှိုင်းတံပိုးရှိသည်ဖြစ်၍၊ သိတသန္နိဘံ၊ ဖြူဖွေးသန့်စင်၊ ငွေပြား အပြင်နှင့် တူသည်။ အဟောသိ၊ ဖြစ်လေ၏။

---

### ၄၆—ရေနတ်နဂါးတို့ ပင်လယ်ပြင်၌၊ စွယ်တော် မြတ်အားရှိခိုးပူဇော်ခန်း။

(၃၂၄) ဒိဗ္ဗတ္တဘာဝ မာဒါယ၊ နာဂါ ကုသုမ ဂါဟကာ။
ကုမုဒါနိ ကလာပေစ၊ ဝဟန္တာ ကေစိ ဇတ္တုနာ။ ။

(၃၂၄) နာဂါ၊ သမုဒ်ပျော်ပါး။ ရေနတ်နဂါးတို့သည်၊ ဒိဗ္ဗတ္တဘာဝံ၊ ဖွံ့ပချောမော နတ်၏အတ္တဘောကို။ အာဒါယ၊ သဏ္ဌာန်တူအောင်။ ဟန်ပန်မူးယောင်။ ယူဆောင်ဖန်ဆင်းကြကုန်၍၊ ကုသုမဂါဟကာ၊ တင့်တယ်ထူးဆန်း။ ပန်းအကုံး မြိုင်မြိုင်၊ စွဲကိုင်ကြကုန်လျက်။ ကေစိ၊ အချို့ နဂါး၊ ရေနတ်များတို့သည်။ ကုမုဒါနိ၊ ကုမုဒြာ၊ သညာတင့်ဆန်း။ ကြာဖြူပန်းတို့၏။ ကလာပေ၊ များစွာပေါင်းပြု၊ အစည်းအစုတို့ကို။ ဇတ္တုနာ၊ ပခုံးဖြင့်၊ ဝဟန္တာ၊ ထမ်းပိုးချည်နှောင်။ ဆောင်ယူကြ

ကုန်လျက်။ပူဇိတုံ၊စွယ်တော်မြတ်ကို။ ဆက်ကပ်ကော်ရော်။ပူဇော် ခြင်းငှါ။အနုဂ္ဂဏှိံသု၊အစဉ်ပိုင်းအုံ။လိုက်ကြလေကုန်၏။

(၃၂၅) ပူဇနေယျာနိ အညာနိ၊ ခါရေန္တာ ဘုဇဂါ ဗဟူ။
နာထသာဒရံ ဓာတုံ၊ အနုဂ္ဂဏှိံသု ပူဇိတုံ။ ။

(၃၂၅) ဗဟူ၊ရေတွက်မရ။ များပြားလှကုန်သော။ ဘုဇဂါ၊အချို့ နဂါး။ရေနတ်ချားတို့သည်။ အညာနိ၊တမျိုးတစား။ တခြားဖြစ်ကုန် သော၊ပူဇနေယျာနိ၊အံ့သြဘနန်း။ထူးဆန်းသွယ်သွယ်။ နဂါးပြည်၌ ဖြစ်သော။ပူဇော်ဘွယ်တို့ကို။ ခါရေန္တာ၊ အမျိုးမျိုးအဖုံဖုံ။ဆောင် ယူကြကုန်လျက်။နာထဿ၊မြတ်စွာဘုရား၏။ ဓာတုံ၊အသဏ္ဍိန္န၊ဒါဌ ထူးမြတ်။သက်ဝဲဓာတ်ကို။သာဒရံ၊ရိုသေခြင်းနှင့်တကွ။ ပူဇိတုံ၊ယုံ ကြည်မြတ်နိုး။ ရှိခိုးပူဇော်ခြင်းအကျိုးငှါ၊ အနုဂ္ဂဏှိံသု၊ သမုန္ဒြေ ပြင်။ရေအသဉ်သို့၊အစဉ်ပိုင်းအုံ၊လိုက်ကြလေကုန်၏၊

(၃၂၆) ဝေတိသာ ရာဇဓိဘာယ၊သုဘာ ကာစ ကလာပတော။
အမ္ဗရံ ဥပ္ပတိတွာန၊ဒါဌာဓိနဿ တင်္ခဏေ။ ။
(၃၂၇) သာမလောဒကာ ဂတ္တာ၊ဇုဏှလေခါဝ နိဂ္ဂတာ။
ရဇတပဋ္ဋ သန္နိဘာ၊ဝေလာချုဋ္ဌ ရံသိယော။ ။

(၃၂၆-၃၂၇) တင်္ခဏေ၊ထိုနဂါးတို့ပူဇော်ကြဆဲခဏ၌။ ဓိနဿ၊ ငါးမာရ်အောင်မြင်။ ဘုရားရှင်၏။ ဒါဌာ၊ စွယ်တော် မြတ်သည်။ဝေ တိသာရာဇဓိဘာယ၊ဤ"ဟောမယာလာ"၊ ရုပ်ဝါနံ့နယ်။ ရှုဘွယ်မ ငြီး။ မင်းသ္မီး၏။ သုဘာ၊ မည်းနက်ရှည်သွယ်၊ တင့်တယ်လှသော။ ကာစကလာပတော၊ နန်းဟာန် မပျက်၊ ဖွဲ့ယှက်ရစ်တွဲ။ ဆံထုံးထဲမှ။ အမ္ဗရံ၊အဇဋာပြင်။ ထက်ကောင်းကင်သို့။ ဥပ္ပတိတွာန၊စိန်တုံးစိန် ခဲ။ခြောက်ကြသည့်ဟန်။ဝင်းလျှံထိန်လက်။ ပျံတက်တော်မူ၍။ ။ သာမလောဒကာ ဂတ္တာ၊ မည်းနက်ညိုမဲ။ ရေအပထဲမှ။ နိဂ္ဂတာ၊ အ ရောင်ဝင်းလက်၊ ပေါ်ထွက် ကွန့်မြူးသော။ ဇုဏှလေခါဝ၊ ဖြူစင် ရောင်ပြေး ပုံမဖြေးသည့်။ လယုန်အရေးကဲ့သို့။ရဇတပဋ္ဋသန္နိဘာ၊

သန့်ရှင်း ကြည်လင်။ ငွေပြားအပြင်နှင့် တူကုန်သော။ ဝေလာ၊ ငြိစ်ကြေးမတင်၊ ဖြူစင်ကုန်သော။ ရုံသီယော၊ ကောင်းကင်အလုံး။ အပြည့်ဖုံးမှု။ ဖြူလှသော ရောင်ခြည်တော်ဘို့ကို၊ အမှုဋ္ဌိ လွှတ်တော်မူလေ၏။

(၃၂၈) အတုလံ အာနုဘာဝံ တံ၊ ဒိသွာန တာယ ဓာတုယာ၊
ပမောဒိတ ဟာဒယာဝ၊ နာဂါ ဝဠန္တိ တာ်ဒော။ ။

(၃၂၈) တာ်ဒော၊ ထိုရောင်ခြည်တော် ကွန့်မြူးဆဲခဏ၌၊ နာဂါ၊ တန်းခိုးကြီးမား။ ရေနတ်နဂါးတို့သည်။ တာယဓာတုယာ၊ ထိုစွယ်တော်ဓာတ်၏၊ အတုလံ၊ နှိုင်းယှဉ်ဘွယ်ရာ။ ပမာကင်းဘိ။ အတုမရှိသော။ တံအာနုဘာဝံ၊ ထို-သမုဒ်ပြင်ကျယ်။ ရေအလယ်၌။ စံပယ်မြူးပျော်။ တန်းခိုးတော်ကို၊ ဒိသွာန၊ ဖူးမြင်ရကုန်သည်ရှိသော်။ ပမောဒိတဟာဒယာ၊ ဝါ္ဂမ်းဆိတွေ့၊ ဘဝင်ခွေ့လျက်။ ရွှင်မွေ့ဝမ်းမြောက်သော စိတ်နှလုံးရှိကြကုန်သည်ဖြစ်၍။ ဝဠန္တိ၊ သူ့ထက်ငါသာ၊ သဒ္ဒါလွှမ်းခြုံ၊ ရှိခိုးကြလေကုန်၏။

(၃၂၉) နဘာ ပုနော တရန္တိ သာ၊ မောဒ္ဓိ ပါဝိသိ ကညယာ၊
တရိ နာဂါထ ဝါ ရေတွာ၊ သတ္တာဟ မကာရုံ မဟံ။ ။

(၃၂၉) ပုန၊ တဖန်၊ သာ၊ ထိုနန်းဘုမ်ရေ၊ သုံးလူ့ဘ၏။ ဝါမ, အောက်ဓာတ်၊ စွယ်တော်မြတ်သည်၊ နဘာ၊ မိုးတိမ်ငြိစ်ကြေး။ ကင်းဝေးစင်ကြယ်၊ ကောင်းကင်လယ်မှ၊ ဩဘာရန္တိ၊ လှည့်ပတ်လကျာ၊ ဝဲခါ ဖြည်းညှင်း၊ ဟာသ်ာမင်းသို့။ သက်ဆင်းတော်မူလျက်၊ ကညာယ၊ "ဟေမမာလာ"၊ ဆင်းကလျာ၏။ မောဒ္ဓိ၊ ဖီးလိမ်းရှင်းသန့်၊ မွှေးနံ့သင်းသင်း၊ ဆံထုံးတွင်းသို့။ ပါဝိသိ၊ ကြွဝင်တော်မူလေ၏။ အထ၊ ထိုအခါ၌။ နာဂါ၊ နဂါးတို့သည်၊ တရိ၊ သေ့သဘော၁ကို။ ဝါရေတွာ၊ မရွေ့သွားအောင်၊ ဟန့်တားကြကုန်၍၊ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ မဟံ၊ တီးမှုတ်မြူးပျော်၊ ပူဇော်ပွဲကို၊ အကာရုံ၊ ပြုကြလေကုန်၏။

---

၄၇—မောင်နှံနှစ်ပါးတို့၊သီဟိုဠ်ကျွန်း"ဇမ္ဗုကောလ"
သင်္ဘောဆိပ်သို့၊ဆိုက်ရောက်ခဏ်း။

(၃၃၀) အစလံ ခေ ဝိမာနံဝ၊နာဝံ ဇလဓိ ပဿိယ။
အဂတံ ဘိရုကာ ဒေဝေါသဂိ သု မုနိမိဒ္ဓိမံ။ ။

(၃၃၀) ထိုဒေါ "ဒန္တ-ဟေမာ"၊နှစ်ဖြာမောင်မယ်။ "အပူသည်" တို့သည်၊ ခေ၊ ကောင်းကင်အလယ်၌၊ အစလံ၊တုန်လှုပ်ရွေ့ရှားခြင်း မရှိသော၊ဝိမာနံ၊ဗိမာန်ကဲ့သို့။ ဇလဓိ၊သမုဒ္ဒရာ၊ရေချိုက်နှာဝ၌၊အဂ တံ၊ မလှုပ်မရှား။ မသွားဘဲ တည်နေသော၊ နာဝံ၊ လှေသင်္ဘောကို။ ပဿိယ၊သောကာသက်ဝင်၊ မြင်ကြကုန်၍။ ဘိရုကာ၊ သေရမည့် ဘေး၊ကြီတွေးမြော်ဆ၊ ကြောက်လန့်ကြ ကုန်သည်ဖြစ်၍။ ဣဒ္ဓိမံ၊ ခြောက်တန်အဘိညာဉ်၊ တန်းခိုးရှင်ဖြင်သော၊ မုနိ၊ မိမိတို့ဆရာ။ ရဟန္တာကို။သရိ သု၊ငိုခါတမ်းတ၊အောက်မေ့လိုက်ကြကုန်၏။

(၃၃၁) စိတ္တမေသံ ဝိဒိတွာနာ၊ဘိဂတ္ဝာ မုနိ ခေန သော။
သုဗဏ္ဏတ္တံ သုမာပေတွာ၊နာဂေ ခိပ္ပံ ပလာပယိ။ ။

(၃၃၁) သောမုနိ၊ ထိုရဟန္တာ အရှင်မြတ်သည်။ ဧသံ၊ထိုမင်းနှစ် ပါးတို့၏၊စိတ္တံ၊ ဘေးကြီးရောက်၍၊ စိုးကြောက်ဖျားပါ၊ ငိုခါမှန်းဆ၊ တမ်းတသောစိတ်ကို။ ဝိဒိတွာ၊သိတော်မူ၍။ခေန၊ ကောင်းကင်ခရီး ဖြင့် အဘိဂတွာ၊ချာန်ယာဉ်ပျော်ပါး၊ကြွသွားတော်မူ၍။ သုဗဏ္ဏတ္တံ၊ တန်းခိုး ထန်ပြင်း၊ ဂဠုန် မင်းဖို့၊ ကိုယ်အသွင်ကို။ သုမာပေတွာ၊ ကောင်းစွာ ထင်လင်း၊ ဖန်ဆင်းတော်မူ၍။ နာဂေ၊ ဗိတ်ပင်နှောင့် ရှက်၊ကန့်ကွက်ဆီးဘား၊ ရေနဂါးတို့ကို။ ခိပ္ပံ၊လျင်မြန်စွာ။ ပလာပ ယိ၊အရပ်ဝေးသို့၊ပြေးစေတော်မူလေ၏။

(၃၃၂) ဝေဝံဘုဇင်္ဂံ ဘီတိ၊သမေတွာ ထဝိရေ ဘော။
ဝါတာကမ္ပိတာ နာဝါ၊ပုထု မေဃာဠ္ဍ သန္တိဘံ။ ။

(၃၃၃) ဘိန္ဒ္ဒိဂတိ ဝေဂေန၊တုင် ဟရင် မာသလိ။
ထေရဿ ဇုဂ္ဂိယာ ခိပ္ပံ၊သက်ာပနုန မောတရိ။ ။

(၃၃၂-၃၃၃) ဖော်ပြခဲ့ပြီးသည့်အတိုင်း။ ဘုဖက်စံ၊ရေ ဋ္ဌပျော်ပါး၊နဂါးတို့ကြောင့်ဖြစ်သော၊ ဘိတ် ၊သောကမဖေး၊ကြောက် ဘွယ်ဘေးကို၊သမေဟွာ၊ရှင်းလင်းပျောက်ပြေ၊ ငြိမ်းစေပြီး၍၊ထဝိ ရေ၊ခိုင်ကြည်တည့်မတ်၊ရဟန္တာအရှင်မြတ်သည်။ ဂဝေး၊ကောင်း ကင်လမ်းဖြင့်၊ ကြွမြန်းတော်မူသည်ရှိသော်။ ဝါတပကမ္ဘိတာ၊လေ ဟုန်ဆော့၍၊နစ်တော့မည့်ယောင်၊ဦးထောင်ပဲ့မြုပ်၊ အလွန်တုန်လှုပ် သော၊နာဝါ၊ လှေသဘော်သည်။ ပုထုမေဃာဋ္ဌိသန္နိဘံ ထုထဲလွှမ်း တက်၊ မည်းနက်ညိုမှောင်၊ တိမ်တောင်တိမ်တန်းနှင့်တူသော၊ ၊ တုဂ်၊ တောင်နှယ်တပဲ။ ကြီးကဲ မိုမောက်သော၊ တရင်္ဂမာဝလိ၊ ကြောက်ပါးလန့်ဘွယ်၊ကြီးကျယ်လွှမ်းမိုး၊ လှိုင်းထံပိုးကို၊ ဂတိဝေ ဂေန၊လျှင်စွာ႟ရှုချား၊ပြေးသွားသောအဟုန်ဖြင့်၊ ဘိန္နဂ္ဂိ'ဖြတ်သန်း ဘောက်ခွဲလျက်၊ထေရသ၊မထေရ်မြတ်၏။ ဗုဒ္ဓိယာ၊တန်းခိုးတော် ကြောင့်၊လက်ာပနနံ၊လက်ာဒီပ၊သိဟဠ,နန်း၊ "ဇမ္ဗုကောလ" ဆိပ် ကမ်းသို့၊ ခိပ္ပံ၊လျှင်မြန်စွာ၊ သြာရိ၊ဘေးရန်လွတ်မြောက်၊ ဆိုက် ရောက်လေ၏။

သိဟိုဠ်ကျွန်း၌၊ ဦးစွာတိုင်းပြည် တည်ထောင်သော "ဝိဇယ" မင်းမှစ၍၊မင်း(၆၄)ဆက်မြောက်၊ "ကိတ္တိသိရိမေဃ" မင်းလက် ထက်၊သာသနာသက္ကရာဇ် ဂ၃၁-ပြည့်နှစ်၊ သိဟိုဠ်ကျွန်းသို့၊ စွယ် တော်ရောက်သည်။

---

၄ဂ–မောင်နှံနှစ်ပါးတို့သည် "ဇမ္ဗုကောလ" သဘော်
ဆိပ်မှ၊ "အနုရာဓ" မြို့သို့သွားကြလာ။

(၃၃၄) မဟာသေနဿ ပုတ္တဿ၊နဝမေ အထ ဝဿကေ၊
ကိတ္တိသိရိမေဃဝှဿ၊ရညောဟာသိသုသမယော၊ ၊

(၃၃၄) အထ၊ထိုအခါ၌၊နဝမေဝဿရေ၊ "မဟာသေန" မင်း၊ နတ် ရွာစံပြီးနောက်၊ကိုးနှစ်မြောက်၌၊ မဟာသေနဿ၊ နတ်ရွာစံ "မဟာ သေန" မင်း၏၊ ပုတ္တဿ၊သားတော်ဖြစ်သော၊ ကိတ္တိသိရိမေဃဝှ

သ၊''ကိတ္တိသိရိမေဃ''အမည်ရှိသော။ ရဉော၊မင်းမြတ်၏။သုသ မယော၊ရွှေထီးရွှေနန်း။သိမ်းမြန်းစိုးချုပ်။ ကနက်အုပ်၍။ မင်းပြုလုပ် တော်မူသောအခါသည်။အဟောသိ၊ဖြစ်လေ၏။

(၃၃၅) ပန္နန မောတရိတွာန၊ဒေဝါလယေ မနောရမေ။
ခေဒံ ပဖောနုဒ္ဒါယ၊ထောကံ ဝသိ သု ဖမ္ပတိ။ ။

(၃၃၅) ဇမ္ပတိ၊ ကြင်ရာညီးကြီး၊ မောင်နှံ စုံတို့သည်။ ပန္နနံ၊''ဇမ္ဗု ကောလ၊ ပန္နန''ဆိပ်ကမ်းသို့။ ဩတရိတွာ၊ သင်္ဘောထက်မှ။ဆင်း သက်ကြကုန်၍။မနောရမေ၊နှလုံး ရွှင်ပျော်။မွေ့လျော်ဘွယ်ကောင်း သော။ဒေဝါလယေ၊နတ်တို့စံမြန်း နတ်ကွန်းနတ်နန်း၌။ ခေဒံပဖော နုဒ္ဒါယ၊ လှိုင်းလေလွှမ်း၍။ ညှိုးနွမ်းညီးတောက်။ အပင်အပန်းကို၊ ပယ်ပျောက်ခြင်း အကျိုးငှါ။ ထောကံ၊ နေ့ရက်အနည်းငယ်။ဝသိ သု၊တည်းခိုပန်းဖြေ၊နားနေကြလေကုန်၏။

(၃၃၆) ပထိ ကာတေ ဒွိဇောကော၊ဒိသွာ ပိယာယ တပ္ပယီ။
မရုဧအန္နံ ပါနေယံ၊သုသင်္ခတာ သနေယိစ။ ။

(၃၃၆) ကောဒွိဇော၊မထင်မရှားပုဏ္ဏားတယောက်သည်။ပထိ ကော၊မျက်နှာမပြုံး။နှလုံးမကြည်။ ခရီးသည်ဖြစ်ကုန်သော။ တော၊ထို သနားစဘွယ်။ မင်းနှစ်သွယ်တို့ကို။ ဒိသွာ၊တွေ့မြင်ရ၍။ ပိယာယ၊ မေတ္တာ သက်ဝင်၊ ချစ်ခင် သောကြောင့်။ မရုဧ အန္နပါနေယံစ၊ ကောင်းမြတ်သင့်လျော်၊ထမင်းအဖျော်တို့ဖြင့်၎င်း။ သုသင်္ခတာသ နေယံစ ကောင်းစွာခင်းအပ်၊နေရာမြတ်တို့ဖြင့်၎င်း။ တပ္ပယီ၊ဆင်းရဲ ဒုက္ခ၊မရှိရအောင်၊မျှတစံနေ၊ရောင့်ရဲစေ၏။

(၃၃၇) ရတ္တိကွယေစ သဉ္ဇာတော၊ဇမ္ပတီနံ သုဟာဒ္ဒယော။
ပုရသာ အနုရာဓသော၊မဂ္ဂံ ဘိဝေဒယိတ္တ သော။ ။

(၃၃၇) ရတ္တိကွယေ၊ ညဉ့်၏ ကုန်ခန်း ခြင်းသည်။ သဉ္ဇာ တော၊ ကောင်းစွာ ဖြစ်လတ်သော်။ဝါ၊ ညဉ့်ချိန် မကြွင်း။ မိုးလင်းသည်ရှိ

သော်။ သုဟာဒယော၊ လူအများ၌။ သနားကြင်နာ၊ မျက်နှာ ရွှင်ပြုံး။ ကောင်းသော စိတ်နှလုံးရှိသော။ သော၊ ထိုပုဏ္ဏားသည်။ ဇမ္ဗုတိနံ၊ သွားလမ်းမသိ။ စမ်းတိ-စမ်းဝါး။ မင်းနှစ်ပါးတို့အား။ အနုရာဓသေ၊ "အနုရာဓ" အမည်ရှိသော၊ ပုရသာ၊မြို့တော်၏။ မဂ္ဂံ၊ဖြောင့်ဖြောင့် တန်းတန်း။သွားရာလမ်းကို။ အာဒိဝေဒယိတ္တ၊ လက်ညှိုးညွှန်ကြား။ လမ်းမှားအောင်၊မှာထားပြောပြလိုက်လေ၏။

(၃၃၈) ဓာတုမာဒါယ တေသမ္မာ၊နိတာဒ္ဒိဇေန ပန္နနာ။
နိက္ခမ္မ အနုရက္ခ နတ္တာ၊အနုရာဓ မုပါဂမုံ ။

(၃၃၈) ဒွိဇေန၊ကောင်းမြတ်သော စိတ်နှလုံးရှိသောပုဏ္ဏားသည်။ သမ္မာနိတာ၊ ကောင်းစွာမြတ်နိုးအပ်ကုန်သော၊ တေ၊ထို"ဒန္တ-ဟေမာ"၊ နှစ်ဖြာမောင်မယ်။ "ဒုက္ခသံည်"တို့သည်၊ ဓာတုံ၊ အတုလဓာတ်။စွယ်တော်မြတ်ကို။ အာဒါယ၊ပင့်ဆောင်ကြကုန်၍။ ပန္နနာ၊ "ဇမ္ဗုကောသ၊ပန္နန"သင်္ဘောဆိပ်မှ။နိက္ခမ္မ၊မျက်နှာညှိုးငယ်။မောင်မယ်တူရုံ၊ထွက်ကြကုန်၍။အနုရက္ခ နတ္တာ၊တယောက်နှင့်တယောက် အစဉ်စောင့်ရှောက်ကြကုန်လျက်။ အနုရာဓံ၊ "အနုရာဓ"မြို့တော်သို့။ဥပါဂမုံ၊ဆိုက်ရောက်လာကြလေကုန်၏။

(၃၃၉) ခမ္ဘိကာံ ယံ မဟာသေနံ၊ပတ္တယာနတ္တာ ဇယမ္ဗုတိ။
ပတ္တာတဿ တံဌာနံ၊တေသုဏ်သု စိရမ္မတံ။ ။

(၃၃၉) ဇယမ္ဗုတိ၊မောင်မယ်တူရုံ။ ဖြစ်ကြကုန်သော၊တေ၊ထိုသနားစဘွယ်။ တနယ် ထိးဘွား။ မင်းနှစ်ပါးတို့သည်။ ခမ္ဘိကာံ၊ မမှားဖြောင့်ဖြောင့်။တရေးစောင့်သော၊ယံမဟာသေနံ၊ အကြင်-မွေးဘ-မိတ်ရင်း။"မဟာသေန"မင်းကို။ပတ္တယာနတ္တာ၊ အားကိုးတရ။တောင့်တခြင်းကိုပြုကြကုန်လျက်၊ (အာဂန္တွာ)၊လာကြကုန်၍။ တံဌာနံ၊ ထို"အနုရာဓ"မြို့တော်သို့။ပတ္တာ၊ရောက်သည်ရှိသော်။ တဿ၊ထိုဘခင်ညွှန်ကြား။အားထားလာရင်း၊"မဟာသေန"မင်း၏၊ စိရမ္မတံ၊

လူ့ပြည်မရွေ့။ နတ်ပြည်ရွှေ့၍။ ရတော့ပြောင်းတည်။ကြာမြင့်ပြီကို။ သုဏ်သု၊ဒုက္ခမီးပွါး။နောက်ထပ်များဘို့။ကြားကြလေကုန်ဖို့။

(၃၄၀) အဗ္ဗောဏ္ဏတာဝ ဝေသာကေန၊သံမုဋ္ဌာ ဝိလဝိံသုတော။
ခါယိံသု မုနိ္တတာ နေသံ၊ဝိသာ ဃနန္တကာရကာ။ ။

(၃၄၀) သောကေန၊မွေးဘသေဋ္ဌနင်း၊ပျက်ယွင်းတတန်။ရည်သန် ကိုးစား၊မင်းဖျားပျက်စီး၊ သောကမီးသည်၊ အဗ္ဗောဏ္ဏတာဝ၊ထွမ်း မိုးနောက်ထပ်၊နှိပ်ငကြ်အပ်သည်ဖြစ်၍သာလျှင်။ တော၊ ထိုသနားစ ဘွယ်။မင်းနှစ်သွယ်တို့သည်။သံမုဋ္ဌာ၊ပျောင်းပြော့ညှိုးခွေ။ ပြင်းစွာ တွေဝေကြကုန်သည်ဖြင်၍။ မုနိ္တတာ၊ မိန်းမောကြကုန်လျက်။ နေ သံ၊ထို-ကိုးရာမဲ့ပြား။ မင်းနှစ်ပါးတို့အား။ ဝိသာ၊ အရပ်မျက်နှာတို့ သည်။ဃနန္တကာရကာ၊တခဲနက်ပြည့်၊ မှောင်အတိရှိကုန်သကဲ့သို့၊ ခါယိံသု၊သတ်မှောင်ဝေ။ထင်ကြလေကုန်၏။

(၃၄၁) တေကိတ္တိသိရိမေဃဿ၊ရဇ္ဇေဋ္ဌိတဿ ရာဇိနော။
မာမကတ္ထံ သုဏိတွာထ၊မောဒန္တိ ရတနတ္တယေ။ ။

(၃၄၁) အထ၊ထိုနောက်မှ။ တော၊ထိုမောင်နှံနှစ်ပါး၊“အပူသည်” များဘို့သည်၊ ရဇ္ဇေ၊“အနုရာဇ” တိုင်းပြည်၌။ ဋ္ဌိတဿ၊ အာဏာ တန်းရိုး၊ လွှမ်းမိုး- စိုးအုပ်၊ မင်းပြုလုပ်၍ နေသော၊ ကိတ္တိသိရိ မေ ဃဿ၊ “ကိတ္တိသိရိမေဃ”အမည်ရှိသော။ တဿရာဇိနော၊ ထို မင်းမြတ်၏။ရတနတ္တယေ၊ရတနာသုံးပါး၌။ မာမကတ္ထံ၊ထိုးစည်နန်း ဆက်၊မပျက်မညှိုး၊မြတ်နိုးသည့်အဖြစ်ကို။သုဏိတွာ၊ နောက်ထပ် စကား၊ သတင်းကောင်း ကြားကြ ကုန်၍။ ပမောဒန္တိ၊ သောက ပျောက်၍၊ဝမ်းမြောက်ကြလေကုန်၏။

(၃၄၂) မေဃဂိရိ ဝိဟာရေတေ၊ဘိက္ခုံ့ဘူပါလဝလ္လဘံ။
ပဝတ္တိံ ဓာတုယာ တာယ၊ဥပေစ္စ ပဒိံသု တော။ ။

(၃၄၂) တေ၊ထို-မောင်မယ်နှစ်ဖြာ၊နန်းညွှန့်လျာတို့သည်။ မေဃ ဂိရိဝိဟာရေ၊“မေဃဂိရိ”မည်ရှိထင်ပေါ်၊ ကျောင်းတိုက်တော်၌။

ဘူပါလဝလ္လဘာ၊ပျော် ရွှင်စံမြန်း၊မင်းကြွမ်းဝင်သော၊ ဘိကျွံ၊ရဟန်း တော်မြတ်အထံသို့၊ ဥဒပဿ၊ချဉ်းကပ်ကြကုန်၍၊ တာယခါတုယာ၊ ထို-နှစ်ပါးလက်ရှိ၊"မုနိ"ရိုးခါတ်၊ဓွယ်တော်မြတ် ၍၊ ပဉ္ဇာ၊ဖြစ်ပုံ ဖြစ်လား၊ အကြောင်းစကားကို၊ ဝဒိသု၊ ထုတ်ဘော်ဖွက်ကြား၊ လျှောက်ထားကြလေကုန်၏။

---

၄၉—"အနုရာဓ"မြို့"မေဃဂိရိ"ကျောင်းတိုက်သို့ရောက်၍၊
မထေရ်ကြီးသည်၊ရဟန်းတပါးအား၊
မင်းထံသို့စေလွှတ်ခဏ်း၊

(၃၄၃) သုတွာ မုနိဝရော တံ၊ဟာဠော သပဒိ သာလယေ၊
ဓာတုံပဍုဝိဘာဒနယာ ဠဒ္ဓပေသိ သမလက်တော။ ။

(၃၄၃) မုနိဝရော၊ မင်းကြွမ်းဝင်လတ်၊ ရဟန်းတော်မြတ်သည်၊ တံ၊ဘိုဓွယ်တော်မြတ်၏၊ထုပ္ပတ်ကြောင်းဆက်၊ အဖြစ်အပျက်ကို၊ သုတွာ၊ကြားတော်မူသည်ရှိသော်၊ဟာဠော၊နှစ်သက် ရွှင်လန်း၊ဝမ်း သာသည်ဖြစ်၍၊ သပဒိ၊ မကြာမြင့်မှု၊ ထိုခဏ၌၊ ပဍုဝိဘာဒနယာ၊ ချောမွေ့နူညက်၊ဖြူစင်သောချက်နှာကြက်တို့ဖြင့်၊ သမလက်တော၊ ကောင်းစွာပြုပြင်၊ တန်းဆာ ဆင်အပ်သော၊ သာလယေ၊ မိမိပိုင်ထိုက်၊ သိုက်မြိုက်သန့်ရှင်း၊ ကျောင်းတော် အတွင်း၌၊ ဓာတုံ၊မင်း နှစ်ဖြာတို့၊ ကောင်းစွာပင့်ဆောင်၊ ဓွယ်တော်သျှောင်ကို၊ ဠဒ္ဓပေသိ၊ ထင်ထင်ရှားရှား၊ထားတော်မူလေ၏။

(၃၄၄) ဘေသဇ္ဇ သော ကရိတ္တွာန၊ယထိစ္ဆံ သင်္ဂဟံ ဝရံ၊
ပဝတ္တိံ ဉာပိတုံ ရညော၊တုရိတံ ပဟိဏိ ယတိံ။ ။

(၃၄၄) သော၊ ထို-ကျောင်းထိုင် ဖြစ်သော၊ မထေရ်မြတ်သည်၊ တေသဇ္ဇ၊ထို-မိဒိထံ့ရောက်၊ ခရီးရောက်လာကြသော၊ မင်းနှစ်ပါးတို့ အားလည်း၊ ယထိစ္ဆံ၊ မေတ္တာမောက်ခံ၊ အလိုရှိတိုင်း၊ ဝရံ၊မြတ် သော၊သင်္ဂဟံ၊အထိုက်အလျောက်၊ချီးမြှောက်ခြင်းကို၊ကရိတွာန၊

ပြု၍၊ရညော၊“ကိတ္တိသိရိမေဃ”မင်းကြီးအား။ ပဝတ္တိံ၊စွယ်တော်
ကြွလာ၊ကြောင်းခြင်းရာကို။ညပိတုံ၊မကြာသင်လင်း၊ သိစေခြင်းငှါ။
ယတိ၊ နူတ်လွှာပေါ့ပါး၊ ရဟန်းငယ်တပါးကို၊ တုရိတံ၊လျင်လျင်
မြန်မြန်။ပဟိဏီ၊ပြောခုန်စကားမှာထားစေလွှတ်တော်မူလေ၏။

(၃၄၅) ဝသန္တသမယေ ရာဇာ၊ဥယျာနကေဠိကော တဒါ၊
ပသန္နမုခ ဝဏ္ဏော တံ၊ပဿိ ဒူရာဂတံ ယတိံ။ ။

(၃၄၅) တဒါ၊ ထိုအခါ၌။ ရာဇာ၊ “ကိတ္တိသိရိမေဃ” မင်းမြတ်
သည်။ဝသန္တသမယေ၊မိုးဦးဖျန်း၍၊ တောတန်းတောင်စဉ်၊ စိမ်း
ရွှင်ပျိုနု၊ မိုးဦးဥတု အခါ၌၊ ဥယျာနကေဠိကော၊ ခြွေရံဝန်းကျင်၊
ဥယျာဉ်ပျော်ပါ၊ ကစားတော်မူစဉ်။ ပသန္နမုခဝဏ္ဏော၊ ကြည်လင်
သော မျက်နှာအဆင်းရှိသော။ ဒူရာဂတံ၊မှူဟာန်ပြကတော့၊ သိမ်မွေ့
လှစွာ၊အဝေးမှလာသေသားတံယတိ၊ထို-ဆရာစေလွှတ်၊ရဟန်းမြတ်
ကို။ပဿိ၊ကောင်းစွာရှုမြှော်၊မြင်တော်မူလေ၏။

(၃၄၆) ရာဇာနံ သောပဂန္တွာန၊တုဋ္ဌော တမတ္ထိဝေဒယိ။
သုတွာပိတိ ဝဟံရာဇာ၊ပတ္တစင်္ကောဝ သောဘတိ။ ။

(၃၄၆) သော၊ ထို-ဆရာခိုင်းစေ၊ အနေသပ်ယပ်၊ ရဟန်းတော်
မြတ်သည်။ တုဋ္ဌော၊နှစ်သက်တော် မူသည်ဖြစ်၍။ ရာဇာနံ၊“ကိတ္တိ
သိရိမေဃ”မင်း၏အထံသို့။ ဥပဂန္တွာ၊ အနီးမတ်မတ်၊ ချဉ်းကပ်
တော်မူ၍။တံ၊ ထို-ဆရာမှာထား၊ အကြောင်းအရာများကို။ အဘိ
ဝေဒယိ၊သိစေသောအားပြောကြားလေ၏။ ရာဇာ၊မင်းမြတ်သည်။
သုတွာ၊သတင်းကောင်းစကားကြားတော်မူ၍။ပိတိ၊ပါဝမ်းဆိုထိ၊
ဖရဏာပိတိကို။ဝဟံ-(ဝဟန္တော)၊တကိုယ်လုံးငိမ့်၊နှစ်သိမ့်-ကြည်
ဖြူ၊ဆောင်တော်မူလျက်။ပတ္တစင်္ကောဝ၊ ရအပ်ရောက်အပ်ပြီးသော
“စကြာ”ရတနာရှိသကဲ့သို့။အဘာတိ၊ဖြာလေ၏။

(၃၄၇) ဓာတုမာဒါယ သေဿန္တိ၊ဗိုဇာဘော ဇမ္ဗုတိ ဆုမေ။
အစိရံ တိရိတံ ရာဇာ၊နေမိတ္တိက ကုထံသရိ။ ။

(၃၄၇) ဇုမါ၊ဤ-လက်ာဒိပ၊သိဟဠနန်းမြေ၊ ကြဋ္ဌနန်းဘွေသို့းဗ္ဗိဇာ၊ အဝတ်ဖြူဆင်၊ စလွယ်ဘင်လျက်၊အသွင်လှပ၊ပြာဟ္ဓလာ,ဖြစ်ကုန်သော၊ ဥဘောဇမ္ပတိ၊ မောင်မယ် နှစ်ဖြာတို့သည်၊ ခါတုံ၊ သမန္တစက္ခု၊သဗ္ဗညု၏၊ နိုင်းဘုမပေါ်၊ မြတ်စွယ်တော်ကို၊ အာဒါယ:ပင့်ဆောင်ကြကုန်၍၊ အစိရံ၊နေ့-လ-တွက်ချင့်၊မကြာမြင့်မီ၊ သေသန္တံ၊ အရှင်ထံမှောက်၊ ဆိုက်ရောက်ကြပါကုန်လည့်။ ဇုတိ၊ဤသို့၊ ဤရိတံ၊ကြိုတင်သျှောက်ကြား၊ဟောထားအပ်သော၊ နေမိတ္တိက-ကထံ၊ နိမိတ်ဘတ်ကြား၊အတိတ်စကားကို၊ ရာဇာ၊မင်းမြတ်သည်၊ သရိ၊ အောက်မေ့-မှတ်မိ၊သတိရတော်မူလေ၏။

---

၅၀—ကိတ္တိသိရိမေဃမင်းသည်၊ကျောင်းတိုက်သို့သွား၍၊
စွယ်တော်အား၊တ.ဘျွန်း.သုံးဖြင့်ပူဇော်ခဏ်း။

(၃၄၈) ဥဋ္ဌာရေ အနုရာဓဿ၊သမဟာပရိဿယထ၊
မေဃဂိရိ ပါဒေနေဝ၊သဒ္ဓေါ သဇ္ဈု အဂဉ္ဆိသော။ ။

(၃၄၈) အထ၊ထိုအခါ၌၊ သော၊ထိုမင်းမြတ်သည်၊ သဒ္ဓေါ၊သဒ္ဓါတရား၊ ပွါးများတော်မူလှသည်ဖြစ်၍၊ သမဟာပရိဿယ၊ မိမိ၏-နောက်လိုက်ဗိုလ်ပါ၊ပရိသတ်ချားစွာနှင့်တ.ကွ၊ အနုရာဓဿ:"အနုရာဓ"မြို့တော်၏၊ဥဋ္ဌာရေ၊မြောက်အရပ်၌၊ ဌိဘံ၊ဘည်ရှိသော၊ မေဃဂိရိ၊"မေဃဂိရိ"ကျောင်းဘိုက်တော်သို့၊ ပါဒေနေဝ၊ ရထားမပြင်၊ ဝေါ-ယာဉ်-မပါ၊ ခြေဖြင့်သာသျှင်၊ သဇ္ဈု၊ ကြားသျှင်ကြားခြင်း၊အဂဉ္ဆိ၊သွားရောက်တော်မူလေ၏။

(၃၄၉) တဘောတံ ဒုလ္လဘံ ဗိသွ၊နန္ဒိဇာသုနိ မုဠယံ၊
ဗုဒ္ဓဂုဏော သရိတွာန၊ဝန္ဒန္တော ဇုတိ စိန္တယိ၊ ။

(၃၄၉) တဘော၊ထိုနောက်မှ၊ဒုလ္လဘံ၊အလွန်အကဲ၊ကြုံခဲသော၊ တံ၊ထို-ဘဂဝါတုလ၊သုဂဘဇ၏၊ ဝါမ,အောက်ခါတ်၊ စွယ်တော်မြတ်ကို၊ဗိသွာ၊ကိုယ်တိုင်စေ့စေ့ဖူးတွေ့ရ၍၊နန္ဒိဇာသုနိ၊ပီတိအငွေ့၊

တိုးခါရွှေ၍၊ ချမ်းမြေ့ရွှင်ကြည်၊ နှစ်သက်ခြင်းကြောင့် ဖြစ်သော မျက်ရည်တို့ကို၊ မုဥ္စယံ-(မုဥ္စယန္တော)၊ လွှတ်လျက်။ ဗုဒ္ဓဂုဏော၊ အရဟံ,အစ၊များလှဖုံဖုံ၊ဘုရားဂုဏ်တို့ကို။သရိတွာန၊ဆင်ခြင်စေ့စေ့၊ အောက်မေ့တော်မူ၍။ ဝန္ဒန္တော၊ လက်အုပ် မြှောက်ချီ၊ ရွှင်ကြည် မြတ်နိုး၊ ရှိခိုးတော်မူလျက်။ ဇာတိ၊ ဤသို့။ ဝိန္တယိ၊ ကြံစည်တော်မူလေ၏။

(၄၅၀) ယောသဒ္ဓိံ ဓနဘောဂေဟိ၊အသေသံ ဘူမိမဏ္ဍလံ၊
ပူဇံ ကရောမိ ဒါဠာယ၊တာယ နုဋ္ဌပိကံ အဟံ။ ။

(၃၅၀) ယောအဟံ၊အကြင်ငါသည်။ဓနဘောဂေဟိ၊ ရွှေထီးရွှေနန်း။တိုင်းခမ်းရိပ်ငြိမ်။စည်းစိမ်ဥစ္စာ။ အဖြာဖြာတို့နှင့်။ သဒ္ဓိံ၊တကွ။ အသေသံ၊အကြွင်းအကျန်မရှိသော။ဘူမိမဏ္ဍလံ၊လင်္ကာဒီပ၊သီဟဠကျွန်းခွင်။မြေအပြင်ကို။တာယဒါဠာယ၊ ရှေးကုသိုလ်မြှောက်။ထံကောင်းထောက်၍။ကြွရောက်တည်လတ်၊ထိုစွယ်တော်မြတ်အား။ အနုဋ္ဌပိကံ၊သင့်လျော်-လျောက်ပတ်သော။ ပူဇံ,လှူဒါန်းပူဇော်ခြင်းကို။ကရောမိ၊ပြုလိုက်တော့အံ့၊

(၃၅၁) ဣဒံ လင်္ကာ ဒီပတ္တံမေ၊အတိဝ အာသိ အပ္ပကံ။
ပမာဏသုညော သမ္ဗုဒ္ဓေါ၊ဝိဝိဓေဟိ ဂုဏေဟိသော။ ။

(၃၅၁) မေ၊ငါ၏။ဣဒံလင်္ကာဒီပတ္တံ၊ဤလင်္ကာဒီပ။ သီဟဠနန်း၊သိမ်းမြန်းစိုးယူ။ကနက်ထူ၍။ထီးဖြူဖွင့်လှစ်၊အစိုးရသောအဖြစ်သည်၊အတိဝအပ္ပကံ၊ အဘိုးမတန်။ ဘုန်းကံမကြီး။ အလွန် နည်းသည်သာလျှင်။အာသိ၊မုချစင်စစ်။ဖြစ်ခဲ့ချေ၏။ သောသမ္ဗုဒ္ဓေါ၊ထိုမြတ်စွာဘုရား။ ကိုယ်တော်မြတ်သည်။ ဝိဝိဓေဟိ၊ ဘုန်းတော် ကံတော်။ ဉာဏ်တော်,စသား။ အထူးထူး အပြားပြား ကုန်သော။ ဂုဏေဟိ၊ ဂုဏ်တော်ကျေးဇူးတော်တို့ကြောင့်။ပမာဏသုညော၊ လောကသုံးခွင်။ဘုံအပြင်၌။ ပြိုင်ယှဉ်စရာ။ ပမာလွတ်ရှင်း။ ကင်းဆိပ်တော်မူပေ၏။

(၃၅၂) ပမာဏသုညံ သမ္ဗုဒ္ဓံ၊ ပရိတ္တဝိဘဝေါ အဟံ။
ကထံ တံ အစ္စယိဿာမိ၊ တာဒိသံ ဒွိပဒုတ္တမံ။ ။

(၃၅၂) ပရိတ္တဝိဘဝေါ၊ အနည်းငယ်သော။ ဥစ္စာရှိသော။ အဟံ၊ငါ သည်။ ပမာဏသုညံ၊ နှိုင်းခိုင်းစရာ။ ပမာဏ်းဆိပ်။ မဟိသရေ,အစ်။ ဖြစ်ကြီးဖြစ်တော်မူထသော၊ သမ္ဗုဒ္ဓံ၊ နက်နဲလှစွာ၊ လေးသစ္စာကို။ ဆရာမကူ။ သယမ္ဘူ။ ဖြင့်လွယ်ကူစွာ ခြင်း။ သိစွမ်းတော်မူသော။ တာဒိသံ၊ လာဘ-အလာဘ။ စသည့်ရှစ်တန်။ လောကဓံ တို့ကြောင့်။ ဘောက်ပြန်ဘုန်လှုပ်ခြင်းမရှိ၊ တာဒိဂုဏ်နှင့်ပြည့်စုံတော်မူထသော၊ တံ၊ ဒွိပဒုတ္တမံ၊ ထိုဘုရားရှင်ကိုယ်တော်မြတ်ကို။ ကထံ၊ အဘယ်သို့ လျှင်။ အစ္စယိဿံ၊ စိတ်ရှိသမျှ။ ပူဇော်ရပါအံ့နည်း။

(၃၅၃) ဇေ်ပုနပ္ပုနံ ရေဇာ၊သော တဒေဝ ဝိစိန္တယံ။
အာပဇ္ဇိ ဓိတိယုတ္တောပိ၊ ဝိသညိဘာဝံ ပသာဒိကော။ ။

(၃၅၃) ဇေ်၊ဤသို့ဆိုအပ်ခဲ့ပြီးသည့် အတိုင်း။ သောရာဇာ၊ ထိုမင်း မြတ်သည်၊ တဒေဝ၊ ထိုအကြံအစည်ကိုသာလျှင်။ ဝိစိန္တယံ-(ဝိစိန္တယန္တော)၊ အဘူးဘူး အပြားပြား။ စဉ်းစား ကြံစည်တော် မူစဉ်၊ ဓိတိယုတ္တောပိ၊ မယိုင်မလည်။ တည်ကြည်ခိုင်ခန့်သော သမာဓိ-ရှိ သော်သည်း။ ပသာဒိကော၊ သုံးပါးမြတ်စွာ။ ရတနာ၌၊ လွန်စွာကြည် ညို၊ သဒ္ဒါရှိသည်ဖြစ်၍၊ ဝိသညိဘာဝံ၊ သတိလွတ်ကင်း။ မိန်းမောခြင်းသို့၊ အာပဇ္ဇိ၊ ရောက်တော်မူသေ၏။

(၃၅၄) သံဝိဇ္ဇိ ဘာဝ မဇ္ဇန္နံ၊ တဒါ ဝါမရ ဝါယုနာ။
ဇာဂတိ ဿရ ပေါ်သော်၊ ရာဇာ သည မလဉ္စသော။ ။

(၃၅၄) တဒါ၊ထို-သို့-သံတိလွတ်ကင်း။ မိန်းမောခြင်းသို့ ရောက် သောအခါ၌။ ဇာဂတိဿရပေါ်သော်၊ မင်းမြတ်အထံ၊ ဝန်းရံခစား။ ငယ်ကျွန်တော်များဘို့သည်။ မဇ္ဇန္နံ၊ သာသာဖြည်းဖြည်း။ ဖေးဖေးညှင်း ညှင်းဖြစ်သော၊ စာမရဝါယုနာ၊ ကောင်းစွာသွဲ့ခပ်။ သားမြီးယပ်သေ

ဖြင့်၊ သံဝိဇ်တော၀၊ နှလုံးမကြည်။ ကာသိကမျှ၊ ရက၁ဝန်းအုံ၊ ခပ်ကြကုန်သည်ဖြစ်၍သာချင်။ သောရောဇာ၊ ထိုသတိလွတ်ကင်း၊ တရားမင်းသည်၊ သည်း၊ အမှတ်သတိကို၊ အလည်းရတော်မူလေ၏။

(၃၅၅) ဂုဏောဟိ အဓိတေ နာထေ၊ မဟာံ ကတွာဝ အပ္ပကံ၊
မဟာပ္ဖလံ လဘိဿာမိ၊ ယထာဟိ ဝိဇရောပကာ။ ။

(၃၅၅) ဟိ၊ အဘူပမာ။ နမူနာဖြင့်၊ ယူခါကြိစည်ပုံကား၊ ဝိဇရောပကာ၊ အစေ့အမျိုးမျိုး၊ ပိုက်ပျိုးကုန်သော-သူတို့သည်၊ မဟာပ္ဖသံ၊ အပင်မှဖြစ်၊ အသစ်တိုးပွါး၊ အသီးများကို၊ လဘန္တိယထာ၊ ရကြကုန်သကဲ့သို့၊ တထာ၊ ထို့အတူ၊ ဂုဏောဟိ၊ ဂုဏ်တော်အပေါင်းတို့ဖြင့်၊ အဓိတေ၊ မနိုင်းယှဉ်အပ်၊ မနိုင်းယှဉ်နိုင်သော၊ နာထေ၊ ဘုရားကိုယ်မမြတ်။ သယာမှ ၊ ဟုနဘ်လူကိုးစား။ မြတ်ဘုရား၌၊ အပ္ပကံ၊ မကြီးမကျယ်၊ အနည်းငယ်သော၊ မဟာံ၊ နိဗ္ဗာန် ရည်မှန်း၊ လှူဒါန်း ပူဇော်ခြင်းကို၊ ကတွာဝ၊ ပြုရငြားသော်လည်း၊ မဟာပ္ဖလံ၊ နိဗ္ဗာန် အရောက်၊ များမြော်ဖွံ့ဖြိုး၊ မြတ်သောအကျိုးကို၊ လဘိဿာမိ၊ ကိုယ်ပိုင်မုချ၊ ရပေတော့လတ္တံ့။

(၃၅၆) ဧဝံ ဝိန္တိယ သောရောဇာ၊ ပုဏ္ဏစန္ဒ မုခေါဝရံ၊
ဓာတုဋ္ဌာရသာ ပူဇေသိ၊ တေံ သဗ္ဗဝိ သီဟာဋ္ဌံ။ ။

(၃၅၆) ဧဝံ၊ ဤသို့ဆိုအပ်ခဲ့ပြီးသော အတိုင်း၊ သောရောဇာ၊ ထို "ကိတ္တိသိရိမေဃ" မင်းမြတ်သည်၊ ဝိန္တိယ၊ ကြံစည်တွေးတောပြီး၍၊ ပုဏ္ဏစန္ဒမုခေါ၊ လပြည့်ဝန်းသို့၊ တင့်ရွှန်း ကြည်လင်၊ ရွှင်သောမျက်နှာရှိသည် ဖြစ်၍၊ ဝရံ၊ ရတနာ အရပ်ရပ်တို့ဖြင့်၊ မြတ်ဖွားသော၊ သဗ္ဗဝိ၊ ကြွင်းမဲ့ဥ သုံ၊ အလုံးစုံလည်းဖြစ်သော၊ တေံသီဟာဋ္ဌံ၊ ရေယဉ်ပတ်ဝန်း၊ ထိုသီဟိုဠ်ကျွန်းကို၊ ဓာတုဋ္ဌာရသာ၊ သုံးလူ့ရှင့်ဓာတ်၊ ပွယ်တော်မြတ်အား၊ ပူဇေသိ၊ သဒ္ဓါရွှင်လန်း၊ လှူဒါန်းပူဇော်တော်မူလေ၏။

## ၅၁—ပရိသတ်တို့အလယ်၌၊တန်းခိုးအမျိုးမျိုးပြတော်မူခန်း။

(၃၅၇) ဗဟူတေပိဋကာ သေကာ၊ ဓာတက ဘွာထကာဒယော။
တဒါကောဒုပါလာတတ္ထ၊ဘိက္ခူ သန္နိပတိံ သုစ။ ။

(၃၅၇) တဒါ၊ ထိုအခါ၌၊ ဗဟူ၊ ရေတွက်သချာ၊ များလှစွာကုန်သော။ တေပိဋကာ၊ ပိဋကတ်သုံးပုံ။ ဆောင်တော်မူကြကုန်သော။ ဘိက္ခူစ၊ကြီးငယ်-အလပ်၊ ရဟန်းတော်၊ အရှင်မြတ်တို့သည်၎င်း၊ သေကာ၊ ပိဋကတ်သုံးဖြာ၊ လိမ္မာတော်မူကြကုန်သော။ ဘိက္ခူစ၊ ကြီး-ငယ်-အလပ်။ ရဟန်းတော်မြတ်တို့သည်၎င်း။ ဓာတကဘွာထကာဒယော၊ ဘုရားဟောဘော်၊ ဓာတ်တော် ဆောင် အစရှိ ကုန်သော။ ဘိက္ခူစ၊ ရဟန်းတော်မြတ်တို့သည်၎င်း၊ ကောဒုပါလာ၊ သောသောရုတ်ရုတ်၊ အုတ်အုတ်ကျက်ကျက်၊ ဖြစ်ကြကုန်လျက်၊ တတ္ထ၊ ထို“မေဃဂိရိ” ကျောင်းတိုက်၌၊ သန္နိပတိံ သု၊ စည်းဝေးတော်မူကြလေကုန်၏။

(၃၅၈) ပရိသာသယ ဖြိဝိရာဇာ၊ဗုဒ္ဓေါ သုသုက္ကဒါဌိကော၊
တစ္ဆါဋ္ဌာစေ သေတာအသာ၊မလိနာဘာ အယံကထံ။ ။

(၃၅၈) ရာဇာ၊“ကိတ္တိသိရိမေဃ”မင်းသည်၊ ပရိသာသယ၊ဗိုလ်ထုပေါ်ရယ်၊ ပရိသတ်အလယ်၌။ “ဗုဒ္ဓေါ”၊ မြတ်စွာဘုရားသည်၊သုသုက္ကဒါဌိကော၊ ခရုသင်းပွတ်သစ်၊ ငုလဲစစ်အလား။ ဖွေးသားပုံနှယ်၊သောက်ရှုးကြယ်တျ၊ဖြူသောစွယ်ခတ်ရှိတော်မူပေ၏၊တစ္ဆါဌာ၊ထိုမြတ်စွာဘုရား၏စွယ်တော်သည်။ စေဟောတိ၊အကယ်စင်စစ်၊အမှန်ဖြစ်အံ့၊ ဝေံ၊ဤသို့ အမှန် ဖြစ်သည်ရှိသော်၊ သေတာ၊ဖြူသောအဆင်းရှိတော်မူသည်၊ အသာ၊ဖြစ်တန်ရာ၏၊ အယံ၊ဤစွယ်တော်သည်ကား၊ ကထံ၊ အဘယ်အကြောင်းကြောင့်၊ မလိနာဘာ၊ နီရောင်တချို၊ညိုရောင်ဘာဘက်၊ နက်ရောင်တခမ်း၊ ညစ်နွမ်းသောအဆင်းရှိဘိသနည်း”၊ဟုတိ၊ဤသို့၊အဖြိဝိ၊တွေးတောယုံမှား၊ ပြောကြားမြွက်ဆိုတော်မူလေ၏၊

(၃၅၉) တဒါသာ ရာဇဟံသီဝ၊ ဒုဝေပကွေ ပသာရိယ။
နဘောဝိတ္ထာရိတောဘာသာ၊ ဇဝေန သဏ္ဍနေ့ာဇဝိ။ ။

(၃၅၉) တဒါ၊ ထိုသို့ယုံမှားရှိသော အခါ၌။ ရာဇဟံသီ၊ ဟသ်ာမင်းသည်။ နဘော၊ ကောင်းကင်၌၊ ဒုဝေပက္ခေ၊ ဖြူဖွေးရှေ့ငါလက်၊ တောင်ပံနှစ်ဘက်တို့ကို။ ပသာရိယ၊ ဖြန့်ကြက်၍။ ဇဝိဿဝ၊ အောင်'' တော်'' ထူးလျက်၊ ရှင်မြူးပျော်ပါး၊ ပျံသွားသကဲ့သို့။ တထာ၊ ထို့အတူ။ သဏ္ဍနေ့ာ၊ မြတ်စွာဘုရားဖော်။ သာ၊ ထိုစွယ်တော်မြတ်သည်။ နဘော၊ ကောင်းကင်အလယ်၌။ ဝိတ္ထာရိတောဘာသာ၊ လုံးစုံအနှံ့၊ ဖြန့်အပ်သော၊ ရောင်ခြည်ရှိသည်ဖြစ်၍။ ဇဝေန၊ ပျံသန်းနှုက်ရုံ၊ လျှင်သောအဟုန်ဖြင့်၊ ဝဇိ၊ ယုံမှားကင်းအောင်၊ လင်းလင်းထိန်ဝေ၊ ပျံသန်းတော်မူလေ၏။

(၃၆၀) ပုနပုပ္ဖ သမူဟေန၊ တကောသိ ဘူမိပါလကော။
ကူဋသဒိသ ဝဏ္ဏေန၊ ဌပေတွာ တံဝရာသနေ။ ။

(၃၆၀) ဘူမိပါလကော၊ ရေမြေသခင်၊ ပြည့်ရှင်မင်းမြတ်သည်။ ပုန၊ တဖန်။ တံ၊ ထိုသောကျွန်းကြီးယ်သွင်၊ ဖြူစင်ရောင်ငေး၊ သန့်ရှင်းနုထွတ်၊ စွယ်တော်မြတ်ကို။ ဝရာသနေ၊ တင့်တယ်လျှောက်ပတ်၊ နေရာမြတ်၌။ ဌပေတွာ၊ တင်ထားတော်မူ၍။ ကူဋသဒိသဝဏ္ဏေန၊ တောင်ထွတ်ပုံဟန်၊ အဆင်း သဏ္ဌာန်ရှိသော။ ပုပ္ဖသမူဟေန၊ စပယ်-စကား၊ချယား-နှင်းဆီ၊သရဖီ-ဒေါနှ၊ စရှိသောင်းပြောင်း၊ အမျိုးမျိုးသောပန်းအပေါင်းတို့ဖြင့်၊ ထကောသိ၊ တန်းခိုးသတ္တိ၊ ရှိမရှိကို၊ သိလို၍လုံး၊ ပိုက်ယူကျုံးလျက်၊ အုပ်ဖုံးတော်မူလေ၏။

(၃၆၁) တဒါသာ ဝိပ္ပမုဂ္ဂမ္မ၊ သိခရေ ပုပ္ဖရာသိနော။
ဌတွာ ရံသိဟိ မဏ္ဍာနံ၊ နေ့တွေ့ အနိမိသေ အကာ။ ။

(၃၆၁) တဒါ၊ ထို-ပန်းဖြင့်အုပ်ဖုံးလိုက်သောအခါ၌။ သာ၊ ထို-သယာမှု့ခါတ်၊ စွယ်တော်မြတ်သည်။ ဝိပ္ပံ၊ လျှင်မြန်စွာ။ ဥဂ္ဂမ္မ၊ ပန်းပုံ

တွင်း၌၊ လင်းလင်း ထိန်လက်၊ ပျံတက် တော်မူ၍။ ပုပ္ဖရာသိနော၊ တောင်ထွတ်ဘန္တုန်း၊ လွှမ်းဖုံးရောရှု၊ ပန်းပုံပုဏ္ဏ။ သိခရေ၊ အထွတ်ဖျား၌၊ ဌဘွာ၊ ထင်ထင်ရှားရှား၊ တွံ့နားတည်နေတော်မူ၍။ ရံသိယံ၊ အံ့ဩမဆုံး၊ ပတ်ကုံးကွန့်လည်၊ ဖြူသောရောင်ခြည်ဘို့ဖြင့်။ မစ္စာန်း၊ ဖူးမြင်ရသူ၊ လူအပေါင်းတို့၏။ နယနေ၊ မျက်စိတို့ကို။ အနိမိသေ၊ မျက်တောင်မခပ်၊ ငေးရပ်ဆိတ်ဆိတ်၊ မမှိတ်သည့်တို့ကို။ အကာ၊ ပြုတော်မူလေ၏။

(၃၆၂) တံဒုက္ကူလေ ဌပေတွာန၊သာဒုကေဟိ သတေဟိသော။
မဟာရဟောဟိ ဆာဒေသိ၊ဘိယျောပူပ ပရိက္ခိတုံ။ ။

(၃၆၂) သော၊ ထိုမင်းမြတ်သည်၊ ဘိယျောပိ၊ ထိုထက်အလွန်လည်း။ ဥပပရိက္ခိဘုံ၊ တပုံဘခန်း၊ စုံစမ်းတော်မူခြင်းအကျိုးငှါ။ တံ၊ ထိုသုံးလူ့ပရမေ၊နေမင်းဆွေ၏၊ဘောင်ငွေဖြူသွင်၊ ငွယ်တော်ရှင်ကို။ ဒုက္ကူလေ၊ အရောင်မညှိုး၊ ဘွဲ့ဖြူပုဆိုး၌၊ ဌပေတွာန၊ ထားတော်မူ၍။ မဟာရဟောဟိ၊ မြတ်သောသူတို့နှင့်သာ ထိုက်တန်ကုန်သော။ သတေဟိ၊ ရေတွက်သချျာအရာရှိကုန်သော၊ သာဒုကေဟိ၊ နူးညံ့သိမ်မွေ့၊ ချောမွေ့သော ပုဆိုးဖြူဘို့ဖြင့်။ ဆာဒေသိ၊ အရောင်မသန်းအောင်၊ ဖုံးလွှမ်းတော်မူပြန်၏။

(၃၆၃) သေတမ္ဗုဒ္ဒမှိ စန္ဒောဝ၊တာနိ ဘေတွာ အဘုဂ္ဂတာ။
ဌတွာနုပရိ သာတေသံ၊သိတရံသိယာ ဓောတယိ။ ။

(၃၆၃) သာ၊သိုမုနိဥက္ကဋ္ဌ၊ စေနေနတ်၏။ ဓာတ်မြတ်အခေါင်၊ စွယ်တော် သျှောင်သည်၊ တာနိ၊ ထို-လွှမ်းခါအုပ်မိုး၊ အရာသော ပုဆိုးတို့ကို၊ ဘေတွာ၊ ထွင်းဖေါက်တော်မူ၍။ အဘျုဂ္ဂတာ၊ ရောင်လျှံပြိုးပြက်၊ မြူးတက်တော်မူလျှင်၊ သေတမ္ဗုဒ္ဒမှိ၊ လဝါတွမ်းသွင်၊ ဖြူလွှင်ရောင်ရှိန်၊ မိုးသိမ်းတိမ်အတွင်း၌၊ စန္ဒောဝ၊ သရဒရာသီ၊ အခါမှီလျက်၊ လှည့်လည်ဘောင်ထွန်း၊ လပြည့်ဝန်းကဲ့သို့။ တေသံ၊ ထို-ဖုံးလွှမ်းအုပ်ထား၊ ငွေပြားအတု၊ ပုဆိုးဖြူဘို့၏။ ဥပရိ၊ အထက်၌၊

ဌတ္တာနံ၊ တည့်တော်မူ၍၊ သိတရံသိပိတိ၊ ယှက်သန်းထိန်ပြောင်၊ ငွေ ရောင်အသွေး၊ ဖြူဖွေးသော၊ ရောင်ခြည်တော်တို့ဖြင့်၊ ဩဘာသိ၊ ရိုက်ခတ်ပြောင်ပယ်ရှင်း၊ ထွန်းလင်းတောက်ပတော်မူလေ၏။

---

### ၅၂—မင်းကြီးသည်စွယ်တော်မြတ်ကိုရထားဖြင့် နန်းတော်သို့ပင့်ဆောင်ခန်း။

(၃၆၄) ဒေဝါဒါဠံ မုနိန္ဒဿ၊ ဒိဗ္ဗေဟိ တူရိယေဟိစ။
မန္ဒာရဝါဒိ ပုပ္ဖေဟိ၊ အကရိံသု မဟံ တဟိံ။ ။

(၃၆၄) တဟိံ၊ ထိုအခါ၌၊ ဒေဝါ၊ နတ်တို့သည်။ မုနိန္ဒဿ၊ အတု မရှိ၊ မုနိဥသျှောင်၊ ငါးမာရ်အောင်၏။ ဒါဠံ၊ အသရွှဲနွဲ၊ ဝါမ,အောက် ခံတ်၊ စွယ်တော်မြတ်ကို၊ ဒိဗ္ဗေဟိ၊ နတ်၌ဖြစ်ကုန်သော၊ တူရိယေဟိ စ၊ သာယာလှစွင်မြူး၊ ရင့်ကြူးသီခါ၊ တူရိယာတို့ဖြင့်၎င်း။ မန္ဒာရဝါဒိ ပုပ္ဖေဟိစ၊ "ထင်ရှား" မည်ဘိ၊ စသိုထူးဆန်း၊ နတ်မြိုပန်းတို့ဖြင့်၎င်း၊ မဟံ၊ ကခုန်မြူးပျော်၊ ပူဇော်ခြင်းကို။ အကရိံသု၊ ပြုကြလေကုန်၏။

(၃၆၅) နဂရေစ သမာဂန္တွာ၊ ပုပ္ဖေဟိ တူရိယေဟိစ။
မင်္ဂလတ္ထုတိဃောသေဟိ၊ ပူဇာကံသု အနပ္ပကံ။ ။

(၃၆၅) နာဂရေစ၊ မြို့သူမြို့သား၊ လူအများတို့သည်လည်း။ သမာ ဂန္တွာ၊ အညီအညာ၊ ကြည်သာရွှင်ပြ၊ လာရောက်ကြကုန်၍၊ ပုပ္ဖေ ဟိစ၊ အဆင်းအနံ့၊ သင်းပျံ့မွှေးထုံ၊ ပန်းမျိုးစုံတို့ဖြင့်၎င်း။ တူရိယေဟိ စ၊ စောင်းညှင်းပတ်သာ၊ တူရိယာတို့ဖြင့်၎င်း။ မင်္ဂလတ္ထုတိဃောသ သေဟိစ၊ မင်္ဂလာရှိသော၊ ရင့်ကြွေးဆူညံ၊ ချီးမွမ်းသံတို့ဖြင့်၎င်း။ အနပ္ပ ကံ၊ အတိုင်းမသိသော၊ ပူဇံ၊ ကခုန်ရွှင်ပျော်၊ ပူဇော်ခြင်းကို။ အကံသု၊ ပြုကြလေကုန်၏။

(၃၆၆) ပါဋိဟေရံ တမစ္ဆရံ၊ တံ၊ လောကုဿဝဍ္ဎ ဝေက္ခိယ။
အဒိဋ္ဌပုဗ္ဗကံ ရာဇာ၊ ဝိပ္ဖါရိ တက္ကိယုဂ္ဂလော။ ။

(၃၄၆) ရာဇာ၊မင်းမြတ်သည်၊အဘ္ဘုတံ၊ရံခါတဆစ်၊မဖြစ်စဘူး၊ အထူးဆန်းကြယ်၊အံ့ဩဘွယ်ရှိသော၊တံပါဠိဟောရံစ၊ ထို-တန်းခိုးတော်မြတ်ကိုရင်း။ အဓိဋ္ဌပုဗ္ဗကံ၊ တသက်လုံးပင်၊ မမြင်ဘူးသော။ လောကသာဝဋ္ဋ၊ အလွန်စည်ကား၊ လူအများတို့၊ ကစားပျော်ရွှင်၊ ပွဲသဘင်ကိုရင်း။ အဝေကွိယ၊ ကြည့်ရှုတော်မူ၍။ ဝိပ္ပါတကွိယဂ္ဂလော၊ ပီတိလွှမ်းခါ၊ ဝမ်းသာကြည်နူး၊ ပြုံးသော မျက်လုံး အစုံရှိလေ၏။

(၃၄၇) ပမောဒ ဘရိတော ရာဇာ၊တုဋ္ဌော ဝိမှိတမာနသော။
အသမံ မဟာတိံ ပူဇံ၊ကာရိဿ ရတနာဒိဟိ။ ။

(၃၄၇) ပမောဒဘရိတော၊ကြည်လင်နှစ်မြို့၊ဝမ်းသာလုံးဆို့သော၊ ရာဇာ၊"ကိတ္တိသိရိမေဃ"၊ နာမထင်လင်း၊ သီဟိုဠ်မင်းသည်၊ ဝိမှိတမာနသော၊နှုတ်ဖြင့်မြွက်ဟ၊ပြောပမဆုံး၊အံ့ဩသောစိတ်နှလုံးရှိသည်ဖြစ်၍၊တုဋ္ဌော၊ နှစ်သက် ရွှင်လန်း၊ ဝမ်းသာတော် မူသောကြောင့်၊ ရတနာဒိဟိ၊ ထူးထွေချားစွာ၊ ရတနာအစရှိသည်တို့ဖြင့်၊ အသမံ၊ယှဉ်ရန်ဘချ၊ပုံစံပြုဘို့၊ အတုမရှိသော။ မဟာတိံ ပူဇံ၊ အကြီးအကျယ်ပူဇော်ခြင်းကို၊ကာရိဿ၊ပြုတော်မူလေ၏။

(၃၄၈) ရာဇာထ သိရသာ ဓာတုံ၊ဝဟံ ဌတွာ ရထုတ္တမေ၊
သမုဿိတ သိတစ္ဆတ္တေ၊ဝိစိတ္တေ သေတအဿကေ။ ။
(၃၄၉) ပဝိသံ လက္ခိသမ္ဗုဏ္ဏံ၊အနုရာဓ ပုရံဝရံ၊
မုနိနော သာဘပတ္တမှိ၊ဓာတုံ သီဟာသနေ ဌပိ။ ။

(၃၄၈-၃၄၉) အထ၊ ထိုသို့-ပူဇော်ပြီးသည်မှ၊ နောက်ကာလ၌၊ ရာဇာ၊"ကိတ္တိသိရိမေဃ" မင်းမြတ်သည်၊ဓာတုံ၊ စွယ်တော်ဓာတ်မြတ်ကို၊သိရသာ၊ဦးခေါင်းဖြင့်၊ဝဟံ (ဝဟန္တော)၊ပင့်ဆောင်တော်မူလျက်၊ သမုဿိတ-သိတစ္ဆတ္တေ၊ ကောင်းစွာ စိုက်ထူ အပ်သော မင်္ဂလာထီးဖြူတော်ရှိသော၊ဝိစိတ္တေ၊ ရှုချင်စဘွယ်၊ တင့်တယ်လှပ၊ ဆန်းကြယ်ထသော၊ သေတအဿကေ၊ ငွေဘော်ငွေရောင်တူ၊ မင်္

လာမြင်းဖြူဘို့ဖြင့်ကအပ်သော၊ရထုတ္တမေ၊ တင့်တယ်ခမ်းနား၊မင်္ဂလာရထား၌။ ဌတွာ၊တည်တော်မူ၍။ ။သက္ကိသမ္ပုဏ္ဏံ၊ သိကြားစံခမ်း၊ ဝတိံနန်းသို့၊ တင့်ဆန်း ထူးထွေ၊ ကြက်သရေတို့ဖြင့် ပြည့်သော၊ဝရံ၊မြတ်လှစွာသော။အနုရာဓပုရံ၊ "အနုရာဓ" မြို့တော်တွင်းသို့။ပဝိသံ-(ပဝိသန္တော)၊ ဝင်တော်မူလျက်။ မုနိန္ဒော၊ မုနိတမွတ်။ ဘုရားမြတ်၏။ ဓာတုံ၊ လက်ဝဲအောက်ခံတော်၊ စွယ်တော် မြတ်ကို။ သာတပတ္တမှို၊မင်္ဂလာထီးဖြူတော်နှင့်တကွဖြစ်သော။ သီဟာသနေ၊ ခြင်္သေ့ချပ်ခုံ၊ပလ္လင်ပျံ၌။ဌပိ၊တင်ထားတော်မူလေ၏။

(၃၇၀) ဓာတုဂေဟံ မဟာဠုံသော၊ကတွာ အန္တော တဋ္ဌတံ။ ဌပေတွာ ပူဇနေယျော်ပိ၊ရတ္တိန္ဒိဝံ ဘိပူဇယိ။ ။

(၃၇၀) သောရာဇာ၊ထိုမင်းမြတ်သည်။အန္တော၀၊မိမိစံခင်း၊ "အနုရာဓ" မြို့တော်တွင်း၌ သာလျှင်။ မဟာဠုံ၊ အဆန်းဟူသမျှတို့ဖြင့်၊လှပသိက်မြိုက်၊အလွန်အဘိုးထိုက်သော။ ဓာတုဂေဟံ၊ ဓာတ်တော်ကိန်းဝပ်၊ကျောင်းတော်မြတ်ကို။ ကတွာ၊ ဆောက်လုပ်တော်မူ၍၊ တဋ္ဌ၊ ထို-ကျောင်းတော် အတွင်း၌။ တံ၊ ထိုစွယ်တော်မြတ်ကို။ဌပေတွာ၊ ထားတော်မူ၍။ ပူဇနေယျော်ပိ၊ပူဇော်ဘွယ် အမျိုးမျိုးတို့နှင့်။ ရတ္တိန္ဒိဝံ၊ညဉ့်ရော-နေပါ၊ အခါခပ်သိမ်း၊ အဘိပူဇယိ၊မြိုပြင်မထုတ်၊လက်ဝါးကြီးအုပ်လျက်၊ကပ်ကုပ်ပူဇော်တော်မူလေ၏။

(၃၇၁) တေသဥ္စ ဇမ္ဗုတိန္နံ၀၊ရတနာ ဘရဏာဒိနိ။ ဝရံ ဂါမိသာရဘုတဥ္စ၊ဒတွာ ကာသိ သုသက်ာံ။ ။

(၃၇၁) ဇမ္ဗုတိန္နံ၊အသက်ပမာ။မေတ္တာဆက်သွယ်။မောင်မယ်အရံ၊ ဖြစ်ကြကုန်သော။ တေသဥ္စ၊ ထို "ဒန္တ-ဟေမာ"၊ နှစ်ဖြာမောင်မယ်။နှန်းညွှန့်နွယ်တို့အားလည်း၊ရတနာဘရဏာဒိနိ၊မြ-စိန်-ပုလဲ၊မျက် ကွဲရတနာ၊ အဆင်တန်ဆာအစရှိသည်တို့ကိုရင်း။ ဝရံ၊မြတ်သော၊ ဂါမိသာရဘုတဥ္စ၊မြို့စားရွာစား၏အဖြစ်ကိုရင်း။ ဒတွာ၊ချီးမြှင့်မြှောက်စား၊ပေးသနားတော်မူ၍။သုသက်ာံ၊ညီရင်းပမာ၊ ကောင်း

စွာထောပ်ပွဲခြင်းကို၊အကာသီ၊ ကြည်ကြည်သာသာ၊ ကောင်းစွာပြု
တော်မူလေ၏။

---

၅၃—စွယ်တော်မြတ်ကိုမဖူးမြော်ရသဖြင့်၊တိုင်းသား
ပြည်သူတို့၊ဆူပူဟစ်အော်ကြသောအခဏ်း။

(၃၅၂) ခါတုံ အပဿမာနာဝ၊သင်္ဂမ္မ နာဂရာဒယော။
ဥက္ကုဋ္ဌိတာ ဥဋ္ဌေါသိ သုဘူမိပါလဿ သန္တိကေ။ ။

(၃၅၂) ခါတုံ၊သုံးလုရှင့်ခါတ်၊ စွယ်တော်မြတ်ကို၊အပဿမာနာဝ၊နန်းတော်တွင်း၌၊မင်းကထိန်းအုပ်၊ဖွင့်ထုတ်မပြ၊ မဖူးမြော်ကြရကုန်သည်ဖြစ်၍၊ဥက္ကုဋ္ဌိတာ၊မကျေမချမ်း၊စိတ်ဝမ်းမရွှင်၊ မကြည်လင်ကြကုန်သော၊ နာဂရာဒယော၊မြို့နယ်က,စ၊ရှိသမျှလူအပေါင်းတို့သည်၊သင်္ဂမ္မ၊ညီညီညွတ်ညွတ်၊ ကျွန်းလုံးကျွတ် စည်းဝေးကြကုန်၍၊ဘူမိပါလဿ၊ရေမြေ့သခင်နင်း၊ပြည့်ရှင်မင်း၏၊ သန္တိကေ၊အထံ၌၊ဥဋ္ဌေါသိ၊ဆူပူဟစ်အော်၊ကြွေးကြော်ကြလေကုန်၏။

(၃၅၃) သဗ္ဗလောကဟိတတ္ထာယ၊လောကေ ဓာယိဿ စက္ခုမာ။
သဗ္ဗလောက ဟိတတ္တံဝ၊အာစရိဿ တထာဂတော၊ ။

(၃၅၃) လောကေ၊လောကသုံးခွင်၊ ဘုံအပြင်၌၊ စက္ခုမာ၊ဗု-သ-ဉာဏ၊ဒိဗ-မံ့,ဟု၊ငါးဝစက္ခု၊ ဉာဏ်မျက်ရှုရှင်၊ဘုရားသခင်သည်၊ သဗ္ဗလောက ဟိတတ္ထာယ၊ အလုံးစုံသော လူနတ်ဗြဟ္မာ၊ သတ္တဝါတို့၏အကျိုး၌၊ဓာယိဿ၊ ကြက်သရေ ရွှန်း၊ တက်နေဝန်းသို့၊ ပွင့်ထွန်းဖြစ်ပေါ်တော်မူပေ၏၊တထာဂတော၊ရှေးဘုရားနှင့်၊ မခြားအတူ၊ လာခြင်းကောင်းတော်မူသောမြတ်စွာဘုရားသည်၊ သဗ္ဗလောကဟိတတ္တံဝ၊အလုံးစုံသောသတ္တဝါတို့၏အကျိုးငှါသာလျှင်၊ အာစရိဿ၊ကမ္ဘာရှည်မြင့်၊သံသာချင့်အောင့်၊ဖြည့်ကျင့်တော်မူခဲ့ပေ၏၊

(၃၅၄) ဝိဇ္ဇာရိတာ ဟိတတ္ထာယ၊ဗဟုဇ္ဇနဿ ဓာတုယော၊
တံဓာတု မတိအုဋ္ဌာမ၊မယမ္ပိ အဘိပူဇိတုံ၊ ။

(၃၇၄) ဓာတုယောပိ၊ ရွှေနန်းနိဗ္ဗာန်၊ ကိုယ်တော်စံ၍၊ ကြွင်းကျန်ထင်ရှား၊ ဓာတ်တော်များတို့သည်လည်း၊ ဗဟုဇ္ဇနသဿ၊ များစွာသောလူအပေါင်း၏၊ ဟိတတ္ထာယ၊ ပစ္စုပ္ပန်-သံသရာ၊ နှစ်ဖြာအကျိုး၊ ပွါးတိုးစေခြင်းငှါ၊ ဝိဏ္ဏာဂိတာ၊ မြို့ရွာနိဂုံး၊ အားလုံးအပြန့်၊ နှံ့တော်မူကြလေကုန်၏၊ တံခေတုံ၊ ထို-မင်းမြတ်သိမ်းထား၊ အများနှင့်ငပ်၊ စွယ်တော်ဓာတ်ကို၊ မယာမ္ပိ၊ အကျွန်ုပ်တို့သည်လည်း၊ အဘိပူဇိတုံ၊ နတ်ရွာနိဗ္ဗာန်၊ ရည်သန်မျှော်ကိုး၊ ရှိခိုးပူဇော်ခြင်းငှါ၊ အတိဇုဿာမ၊ နှစ်သက်ကြည်ညို၊ အလွန်အလိုရှိပါကုန်၏။

(၃၇၅) တဒါသော သန္တိပါတေတွာ၊ ဘိက္ခုသံဃံ မဟီပတိ။
ပုရဿ အနုရာဓဿ၊ သမီပ၊ ရာမ ဝါသိကံ။
မဟာဖနံ သမုပဿ၊ အဇ္ဈာသယံ ဘိဝေဒယိ၊ ။

(၃၇၅) တဒါ၊ ထိုသို့-ရပေါင်းဟစ်အော်၊ ကြွေးကြော်သောအခါ၌၊ သော မဟီပတိ၊ ထိုမင်းမြတ်သည်၊ အနုရာဓဿ၊ "အနုရာဓ" အမည်ရှိသော၊ ပုရဿ၊ မြို့တော်၏၊ သမီပါရာမဝါသိကံ၊ အနီးပတ်ဝိုက်၊ အရာမ် တိုက်၌၊ နှစ်ခြိုက် ရွှင်ပျော်၊ ကိန်းအောင်းတော် မူသော၊ ဘိက္ခုသံဃံ၊ ထေရ-နဝ၊ မဇ္ဈိမ,ဟု၊ များလှသောင်းသောင်း၊ ရဟန်းတော်အပေါင်းကို၊ သန္တိပါတေတွာ၊ စည်းဝေးစေတော်မူ၍၊ ။ မဟာဇနံသမုပဿ၊ ကြွေးကြော် ရဆောင်း၊ လူများအပေါင်း၏၊ အဇ္ဈာသယံ၊ မြွက်ဟ ကောင်းသို၊ စိတ် အလိုကို၊ အဘိဝေဒယိ၊ လျှောက်ထားသိစေတော်မူလေ၏။

(၃၇၆) မဟာဘိက္ခုဂဏောကော၊ ထေရောမိတိယုတောတဒါ။
မေဓာဗလေန သမ္ပန္နော၊ ရဟောဝါစ မဝေါစိဒံ။ ။

(၃၇၆) တဒါ၊ ထိုမင်းကြီး လျှောက်ထားသော အခါ၌၊ မဟာဘိက္ခုဂဏော၊ စည်းဝေးကြွလာ၊ ရဟန်းပေါင်းများစွာတွင်၊ မိတိယုတော၊ မြဲမြံခိုင်ခန့်၊ တည်တန့်သော သမာဓိရှိသော၊ မေဓာဗလေန၊ သိကြားလက်နက်၊ မိုးပ်းကြိုးစက်ကဲ့သို့၊ ထက်မြက်လျင်မြန်၊ ရှုးရှ

သောဉာဏ်နှင့်၊သမ္ပန္နော၊ လောက်ငကုံလုံ၊ ပြည့်စုံသော။ ဧကော-ထေရော၊ မထေရ်တပါးသည်။ ရညော၊ "ကိတ္တိသိရိမေဃ" မင်းကြီးအား။ ဣဒံဝါစံ၊ဤဆိုလတ္တံ့သော စကားကို။ အဝေါစ၊ မိန့်ဆိုတော်မူလေ၏။

(၃၇၇) တံ ခါတုံ နိဟာရိတွာန၊ဝဿန္တ သမယေ ဗဟိ၊
ဧသောဟိ ပုညကာမာနံ၊နဂရာဗိ နိဝါသိနံ။ ။

(၃၇၇) ရာဇ၊ တကာတော်မင်းမြတ်။ ဝဿန္တသမယေ၊ မိုးသည်းသွန်ဖျန်း၍၊ တောဘန်း စိမ်းစို၊ ညိုညိုမှိုင်းမှိုင်း၊ ရှုတိုင်းသာယာ၊ မိုးဥတု-ခုအခါ၌။ တံခါတုံ၊ ထို-မင်းကြီးသိမ်းထား၊ ဘုရားရှင်ခါတ်၊စွယ်တော်မြတ်ကို။ဗဟိ၊မြေနန်းခွင်မှ၊အပြင်ပသို့။နိဟာရိတွာန၊ပင့်ဆောင်၍။ပုညကာမာနံ၊ဖူးမျှော်ကြည့်ရှု၊ကောင်းမှုကိုအလိုရှိကုန်သော။ နဂရာဗိနိဝါသိနံ၊ မြို့အစရှိသည်၌-နေကြကုန်သော-လူအပေါင်းတို့အား။ဧသောဟိ၊တနှစ်တခါ၊ထုတ်ပြပါလော၊

(၃၇၈) သမဗိတ္တာသ ထေရဿ၊သုတွာရာဇာ သုဘာသိတံ၊
ဘိက္ခုသံဃံ ပုနာပုစ္ဆိ၊လောကဂ္ဂ ဟိတစာရကော။

(၃၇၈) လောကဂ္ဂဟိတ စာရကော၊ လူအများတို့၏၊ အကျိုးစီးပွါးကို၊ လိုလားကျင့်ဆောင်တတ်သော။ ရာဇာ၊မင်းမြတ်သည်။ သမဗိတ္တာသ၊ ဆင်ခြင်နိုင်းဆ၊ မျှတသော စိတ်ရှိသော၊ ထေရဿ၊ မထေရ်မြတ်၏။ သုဘာသိတံ၊ နှစ်ဦး-နှစ်ရပ်၊ စိတ်ကျေနပ်အောင်၊ ပိုင်းဖြတ်မြွက်ခါ၊ ကောင်းစွာ ဆိုအပ်၊ စကားမြတ်ကို။ သုတွာန၊ ကြားတော်မူ၍၊ ဘိက္ခုသံဃံ၊ စည်းဝေးရောက်လာ၊ ရဟန်းသံဃာကို။ပုနာပုစ္ဆိ၊နောက်ထပ်တဘန်၊လျှောက်မေးပြန်၏။

(၃၇၉) မဟာဇနသမူဟောန၊သဗ္ဗံ ခါတု နမဿိတုံ၊
ဘဝေယျ ကဂ္ဂ ကိံ ဌာနံ၊ရမဏီယာဘရံ ဇုတိ၊ ။

(၃၇၉) ဘန္တေ၊အရှင်ဘုရားဘို့။"ကဂ္ဂ၊အဘယ်ဒေသ၊ဘယ်ဌာနဌ၊မဟာဇနသမူဟောန၊များစွာသိန်းသောင်း၊လူအပေါင်းနှင့်၊သဗ္ဗံ

ရွှင်လန်းကြည်ပြုံ၊အတူတကွ။ ခတုံ၊တန်းခိုးပေါ်ထင်၊ စွယ်တော်သျှင်ကို။နမဿိတုံ၊ရိုသေညွှတ်ပျောင်း၊ စုပေါင်းဝပ်လျှိုး၊ ရှိခိုးခြင်း၌။ဘဂဝေယျ၊ပြန့်ပြူးလုံလောက်၊ဝင်းမြောက်ဘမ်းသာ၊ ဖြစ်ရာပါသနည်း။ကိံ ဌာနံ၊ တကျွန်းလုံးဝယ်၊ အဘယ်အရပ်သည်၊ ရမဏီယတရုံ၊ အထူးနှစ်မြိုက်၊ ပျော်ပိုက်ဘွယ်ကောင်းပါသနည်း”။ ဟုတိ၊ ဤသို့။ပုစ္ဆိ၊မေးလျှောက်လေ၏။

(၃၇၀) သမ္ဗုဒ္ဓနိကာယာ ဘိက္ခူ၊သကဋ္ဌာန မဝဏ္ဏယုံ၊
တဒါမဇ္ဈာည ဘိန္နေသု၊တောသံ ဝါကျေသု ဘူပတိ၊
နာကာသိ အဘိနန္ဒနံ၊ပဋိက္ကောသနံ ကဿစိ၊ ။

(၃၇၀) သမ္ဗုဒ္ဓနိကာယာ၊ဖောဘဝနံ၊အဘယဂိရိ၊စရှိလုံးစုံ၊ ဂိုဏ်းသားဖြစ်ကြကုန်သော။ဘိက္ခူ၊ရဟန်းတော်အရှင်မြတ်တို့သည်။ သကံဌာနံ၊မိမိ-မိမိတို့၏၊နေရာအရပ်ကို။ အဝဏ္ဏယုံ၊စွယ်တော်ခတ်မြတ်၊ ကိန်းဝပ်ထိုက်ကြောင်း၊ စုပေါင်းငြင်းခုံ၊ ချီးမွမ်းကြလေကုန်၏။တဒါ၊ ထိုအခါ၌။ ဘူပတိ၊ရေမြေ့သခင်နှင်း၊ပြည့်ရှင်မင်းသည်။ တေသံ၊ ထိုဂိုဏ်းကွဲ-ဂိုဏ်းခြား၊ရဟန်းတော်များတို့၏။ဝါကျေသု၊ မြွက်ဆိုမိန့်ကြား၊စကားတို့သည်။အဇ္ဈာည ဘိန္နေသု၊ချင်းချင်းကွဲပြား၊ စကားခစပ်၊ဖြစ်ဘုံလတ်သော်။ ကဿစိ၊တစုံတယောက်သောရဟန်း၏။ဝစနံ၊စကားကို။အဘိနန္ဒနံ၊ကောင်းပေသည်ဟု၊ဝမ်းနှုတ်မြွက်၊ နှစ်သက်ခြင်းကိုရင်း။ ပဋိက္ကောသနံ၊ မနှစ်သက်ဟု၊ လှစ်မြွက်ဘော်ကြား၊ပယ်ရှားခြင်းကိုရင်း။နာကာသိ၊ပြုတော်မမူ။

(၃၇၁) သောဥဒါသိန ဘာဝေန၊ကိဉ္စိ ရာဇာ အဟု ပုန။
အဖြဝိ ဘိက္ခုသံဃဿ၊မဇ္ဈေဘွာ သဂါရဝေါ။ ။

(၃၇၁) ကိဉ္စိ၊ စင်စစ်သော်ကား။ သောရာဇာ၊ ထို“ကိတ္တိသိရိမေဃ”မင်းဖြစ်သည်။ ဥဒါသိနဘာဝေန၊မပယ်မယူ၊ လျစ်လျူရှုသောအဖြစ်ဖြင့်။ သဂါရဝေါ၊ ရိုသေခြင်းရှိသည်ဖြစ်၍။ ဘိက္ခုသံဃဿ၊ သဘောမတူ၊ အယူကွဲပြား၊ ဂိုဏ်းသားထောင်သောင်း၊

ရဟန်းအပေါင်း၏။ မင်္ဂလာ၊ အလယ်၌။ ဌတွာ၊ ရပ်တည်တော်မူ၍။ ဓာတ်၊ ဤဆိုလတ္တံ့သောစကားကို။ပုန၊တဖန်။ အမြဲပိ၊ချောက်ထား ပြောဆိုပြန်လေ၏။

(၃၀၂) ဌာနမဏ္ဍာ နုရူပံ ယံ၊သယံ၀ ဓာတုတေဇသာ။
သာသံ ခဏေန တံဌာနံ၊သယမေ၀ ဂမိဿတိ၊ ။

(၃၀၂) ဘန္တေ၊ အရှင်ဘုရားတို့။ သာအယံဓာတု၊ ထိုစွယ်တော် ဓာတ်သည်။ သယံ၀၊ ကိုယ်တော်တိုင်သာလျှင်။ အဏ္ဍာနုရူပံ၊ မိမိ အားသင့်လျော် လျောက်ပတ်သော။ ယံဌာနံ၊အကြင်နေရာ အရပ် သည်။အတ္ထိ၊ထင်ရှားရှိ၏။ တံဌာနံ၊ထိုသင့်လျော်လျောက်ပတ်၊ နေ ရာမြတ်သို့၊ခဏေန၊ ခဏခြင်းအားဖြင့်။ သယမေ၀၊ အလိုလိုသာ လျှင်၊တေဇသာ၊ ကြီးမားရှိန်စော်၊. တန်းခိုးဘော်အားဖြင့်။ ဂမိဿ တိ၊ကွန့်မြူးရွှေ့ရှား၊ကြွသွားပါလိမ့်လတ္တံ့။

(၃၀၃) တတော သာဘ၀န် ရာဇာ၊ဥပေစ္စ အဘိကာခ်တံ။
ဇနာခန် ဓာတုပူဇံ၀၊မုခမ္ဗုဇံ ဝိကာသယံ၊
ပုရံ ၀ိဟာရမဂ္ဂဥ္စ၊ခိပ္ပံ အဝေါစ သဇ္ဇိတုံ၊ ။

(၃၀၃) တတော၊ထိုသို့လျှောက်ထားပြီးသည်မှ၊နောက်ကာလ၌၊ ရာဇာ၊မင်းမြတ်သည်၊သဘ၀န်၊မိမိစံပျော်၊ရွှေနန်းတော်သို့။ ဥပေစ္စ၊ ကပ်ရောက်တော်မူ၍။ ဓာတုပူဇံ၀၊ စွယ်တော် ဓာတ်အား၊ လေး မြတ်ကော်ရော်၊ ပူဇော်ခြင်းကိုသာလျှင်။ အဘိကာခ်တံ (အဘိကာခ် န္တာနံ)၊ တောင့်တစွပြု၊အလွန်အလိုရှိကြကုန်သော၊ဇနာနံ၊တိုင်းသား ပြည်သူ၊လူအပေါင်းတို့၏၊မုခမ္ဗုဇံ၊ မျက်နှာတည်းဟူသောကြာပန်း ကို၊ဝိကာသယံ-(ဝိကာသယန္တော)၊ ရွှင်ပြုံးတင့်တင့်၊ ပွင့်စေတော် မူလျက်၊ပုရဥ္စ၊“အနုရာဓ”မြို့ဘော်ကိုရင်း။ ဝိဟာရမဂ္ဂဥ္စ၊ ကျောင်း သွားလမ်းကိုရင်း။ ခိပ္ပံ၊လျင်မြန်စွာ။ သဇ္ဇိတုံ၊ ရှင်းလင်းသုတ်သင်၊စီ ရင်စေခြင်းအကျိုးငှါ။အဝေါစ၊လှစ်ဖွင့်ရွှေနှုတ်၊ အမိန့်ထုတ်တော် မူလေ၏၊

(၃၇၄) ရညောဝစနသုတ္တာနံ၊ဓေဓေယိ ကာဒလိယိစ။
တံသဗ္ဗံ တုဋ္ဌစိတ္တေနံ၊တထာ ကာရိ သု သာရကံ။ ။

(၃၇၄) ဇနာ၊လူအပေါင်းတို့သည်၊ရညော၊မင်းမြတ်၏၊ဝစနံ၊ခွန်းဟသုတ်ပြန်၊ မိန့်တော်သံကို၊ သုတွာန၊ကြားကြကုန်၍၊ဓေဓေယိစ၊ကြက်သရေကဲလွန်၊ တံခွန်အမျိုးမျိုးတို့ဖြင့်၎င်း၊ ကာဒလိယိစ၊ မြရွက်စိန်းဖို၊ငှက်ပျောပင်ပျိုတို့ဖြင့်၎င်း။ တံ-သဗ္ဗံ၊ထို-မြို့နှင့်ကျောင်းလမ်း၊အခမ်းခမ်းအဖုံဖုံ၊ အလုံးစုံကို။ တထာ၊ထို-မင်းမြတ်စေခိုင်း၊အမိန့်တော်အတိုင်း။သာရကံ၊နတ်နန်းပမာ၊ကောင်းမွန်စွာ။ကာရိသု၊ဖန်တီးပြုပြင်၊တန်းဆာဆင်ကြလေကုန်၏။

---

၅၄—မင်းကြီးသည်-မထေရ်ကြီးတို့အား၊စွယ်တော်ပွဲခင်းကျင်းရန်၊သင့်လျော်သောအရပ်ကိုမေးလျှောက်ခဏ်း။

(၃၇၅) စက္ကိရေထ လင်္ကိန္ဒော၊သသိ ပဏ္ဍုရ ဝါဇိကော။
ဥဋ္ဌော်တေ ရတနာဘာယိ၊ဓာတုံ တိလောကသတ္တုနော။
(၃၇၆) အဋ္ဌလိ ပဂ္ဂဟေတွာန၊နူသာရန္တော ဝရံ ဂုဏံ။
ဋ္ဌပေတွာန မဝေါ်စိဒံ၊သိရော နတ ပုရင်မံ။ ။

(၃၇၅-၃၇၆) အထ၊ထို-သို့-မြို့ကိုပြုပြင်၊ တန်းဆာဆင်ပြီးသောအခါ၌။လင်္ကိန္ဒော၊လင်္ကာ,ဘုရင်၊နန်းကြီးရှင်သည်၊ ရတနာဘာယိ၊ထူးထွေချားမြောင်၊ ရတနာရောင်တို့ဖြင့်၊ ဥဋ္ဌော်တေ၊ ပြိုးပြိုးပြက်ပြက်၊ ကူးယှက်တောက်ပသော။ သသိပဏ္ဍုရဝါဇိကော၊ ရွှေလ,အရောင်၊ဖြူပြောင်ဝင်းလျှပ်၊မင်္ဂလာမြင်းဖြူတော်တို့ဖြင့်ကအပ်သော။ စက္ကိရေ၊ သိကြားယာဉ်ပျံ၊ ဝေဇယန်နှယ်၊ တင့်တယ် ဆန်းပြား၊ ဖုသာရထား၌။တိလောကသတ္တုနော၊ သုံးလူ့ဆရာ၊ စောသတ္တာ၏။ ဓာတုံ၊ ရောင်ခြည်ဝင်းလျှပ်၊ စွယ်တော် ဓာတ်ကို၊ ။ဋ္ဌပေတွာ၊တင်ထားတော်မူ၍၊အဋ္ဌလိ၊လက်အုပ်ကို၊ ပဂ္ဂဟေတွာန၊ ချီးမြှောက်တော်မူ၍။ ဝရံဂုဏံ၊မနှိုင်းယှဉ်အပ်၊ ဂုဏ်တော်မြတ်ကို။ အနုသာ

ရန္တော၊ အဘန်တလဲလဲ၊စွဲမြဲအောက်မေ့တော်မူလျက်၊ သိရောနတ ပုရဂ်မံ၊ သဒ္ဓါပြုသွတ်၊ ဦးခေါင်း ညွတ်ခြင်းလျှင်၊ ရှေ့သွားရှိသည် ဖြစ်၍ဖုဒ်၊ဤဆိုလတ္တံ့ သောစကားကို၊အဝေါစ၊ဟစ်ဟာမြွက်ကြား လျှောက်ထားလေ၏။

(၃၈၇) ဗောဓိမဏ္ဍံ သမ္ဗောဓာယ၊ကဏ္ဍမ္ဗ ရုက္ခမီဝစ၊
တိတ္ထိယေ မဒ္ဒနတ္ထာယ၊ဥပဂစ္ဆ မုနိသဧရော။ ။

(၃၈၇) "ဝရဒါဌ၊နွှန်းတုမဲ့လွတ်၊ဖွယ်တော်မြတ်ဘုရား"။မုနိသဓေရာ၊မုနိငါးမျိုး၊ပိုင်စိုးသခင်၊ဘုရားရှင်သည်၊ သမ္ဗောဓာယ၊ သဗ္ဗာ လေးပါး၊မြတ်တရားကို၊ ပိုင်းခြားသိုးထွင်း၊ သိတော်မူခြင်းအကျိုး ငှါ။ဗောဓိမဏ္ဍံ၊ဗောဓိမဏ္ဍိုင်၊မြေဦးခိုင်သို့၊ ဥပဂစ္ဆဣဝစ၊အလိုအ လျောက်၊ကြွရောက်ချဉ်းကပ်တော်မူသကဲ့သို့ရင်း၊တိတ္ထိယေ၊မက္ခ လိဂေါသာလ၊ စရှိများပြား၊ဘုရားသက်သစ်၊တိတ္ထိညစ်ဘို့ကို၊ မဒ္ဒ နတ္ထာယ၊မာန်စောင် ပယ်ရှင်း၊နှိပ်နင်းခြင်းအကျိုးငှါ။ကဏ္ဍမ္ဗရုက္ခမူ လံ၊"ကဏ္ဍ"မည်တွင်၊ သရက်ပြုပင်အနီးသို့၊ဥပဂစ္ဆိဣဝစ၊အလို အလျောက်၊ကြွရောက်ချဉ်းကပ်တော်မူသကဲ့သို့ရင်း၊ ဥပဂစ္ဆ၊ဘင့် တယ်လျှောက်ပတ်၊ အောင်မြေရပ်သို့၊ ချဉ်းကပ်တော်မူပါအရှင် ဘုရား။

(၃၈၈) ဗိဝံယထာ ဂဘော နာထော၊မိဂဒါယံ ဝိဘာဖိတုံ၊
ဓမ္မံပူဇာ နုဂ္ဂဟတ္တ၊-ပဂစ္ဆ ဌာနမတ္တနော။ ။

(၃၈၈) နာထော၊သတ္တဝါအများဘို့၏၊ ကိုးစားမှီခိုရာအစစ်၊ဖြစ် ကြီး ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ဗိဝံ၊ နတ်တို့ကြငှန်း၊ ကာသိနန်းသို့၊ဂဘောသထော၊အဘိဓမ္မာ၊ဒေသနာကို၊သချာဘော် ထုတ်၊ရွှေနှုတ်မြွက်ချွ၊ဟောလိုသည့်တွက်၊ ရွှေစက်ကွန့်လည်၊ကြွ ချီတော်မူသကဲ့သို့ရင်း၊ ဓမ္မံ၊ဓမ္မစကြာ၊ ဒေသနာကို၊ ဝိဘာဖိတုံ၊ခွဲ ခြမ်းစိတ်ဖြာ၊ဝေဘန်တော်မူခြင်းအကျိုးငှါ၊ မိဂဒါယံ၊မိဂဒါဝုန်၊ရ ဂုံသာမော၊ရုံမြိုင်တောသို့၊ ဂဘောယထာ၊ကြွသွားတော်မူသကဲ့သို့

ၡင်း။တထာ၊ထိုအတူ။အဇ္ဖူ၊ယနေ့၊အတ္တနော၊မိမိအား၊ ပူဇာနုရှုပ်၊လှူ အပေါင်းတို့၊ ဝပ်ညှောင်းကော်ရော်၊ ပူဇော်ခြင်း၌ ထျောက်ပတ် သော။ဌာနံ၊တင့်တယ်ကောင်းမြတ်၊ အောင်မြေရပ်သို့၊ ဥပဂန္တွာ၊ကြွ သွား-တန့်ရပ်၊ချဉ်းကပ်တော်မူပါအရှင်ဘုရား။

---

၅၅ - မထေရ်ကြီးတို့သည်အချင်းချင်းသဘော
ကွဲလွဲကြသဖြင့်၊ဖုဿရထားလွှတ်ခဏ်း။

(၃၈၉) ဇုဒ္ဒံ ဝတွာ တတော ရာဇာ၊ဝိဿဇ္ဇိ ဖုဿစက္ကိရံ။
အဿာရထိ သယံပဿွာ၊မဟာဝ ပရိသယာ သဟာ။ ။

(၃၉၀) နာနာဝဏ္ဏေဟိ ပုပ္ဖေဟိ၊ဝိဝိဓေဟိ ဓဇေဟိစ။
အနုဂစ္ဆိ ကာရောန္တော၀၊မဟာ ဝိသေသ ပူဇနံ။ ။

(၃၈၉-၃၉၀) ရာဇာ၊မင်းမြတ်သည်။ဇုဒ္ဒံ၊ ဤသိုအပ်ပြီးသော စကားကို။ ဝတွာ၊လျှောက်ဆိုပြီး၍၊အဿာရထိ၊ရထားမှူးရထားထိန်းမရှိသော၊ ဖုဿစက္ကိရံ၊သဗ္ဗာပန်းဆင်၊စွယ်ရှင်တင်ပြား၊ "ဖုဿ" ရထားကို။ ဝိဿဇ္ဇိ၊ လွှတ်တော်မူလေ၏။ တတော၊ ထိုနောက်မှ။ သယံ၊ကိုယ်တိုင်။ မဟာပရိသာယ၊ နောက်လိုက်ဗိုလ်ပါ၊ များစွာသောပရိသတ်နှင့်။သဟ၊တကွ။ပဿွာ၊"ဖုဿ"ရထား၊ နောက်နားတခိုမှ။နာနာဝဏ္ဏေဟိ၊ပြုနိဝါရွေ၊အထွေထွေသော အဆင်းရှိကုန်သော။ပုပ္ဖေဟိစ၊ပန်းအမျိုးမျိုးတို့ဖြင့်ရင်း။ ဝိဝိဓေဟိ၊ အထူးထူးအပြားပြား၊များစွာကုန်သော၊ဓဇေဟိစ၊ တန်းခွန်အမျိုးမျိုးတို့ဖြင့်ရင်း၊ မဟာဝိသေသပူဇနံ၊ လွန်စွာကြည်နူး၊ အထူး ပူဇော် ခြင်းကို။ ကာရောန္တော၀၊ပြုလျက်သာသျှင်၊ အနုဂစ္ဆိ၊ အစဉ်တစိုက်၊လိုက်တော်မူလေ၏။

(၃၉၁) မဟာဥက္ကူမြှ နာဒေနာ၊ဟာယ္ယိအဿ ရဝေဟိစ၊
ဥဒ္ဒါမသာဂရေနေ၀၊အဟောသိ နဂရံ သမံ။ ။

(၃၉၁) နဂရုံ၊"အနုရာဓ"မြို့တော်ကြီးသည်။ မဟာဥက္ကာမြို့နာဒေနစ၊အလွန်ပြင်းထန်၊ ကြွေးကြော်သံဖြင့်ရင်း၊ ဟတ္ထိအဿရဝေယိစ၊ဆူဆူညံညံ၊ဆင်သံမြင်းသံတို့ဖြင့်ရင်း။ဥဇ္ဇုမ္ဘသာဂရေနေဝ၊လှိုင်းသံလေသံ၊ဆူညံရောပွမ်း၊ ကြမ်းတန်း၊ရိုင်းပြသော၊ မဟာသမုဒ္ဒရာနှင့်သာလျှင်။သမံ၊မခြားမနား၊တသားတည်းတူသည်။ အဟောသိ၊ဖြစ်လေ၏။

(၃၉၂) နစ္စန္တာ ဘေရိသဒ္ဒေန၊အနုဂစ္ဆိသု နာဂရာ၊
ဂါယန္တာ ထုတိဂီတာနိ၊ဟဋ္ဌတုဋ္ဌာ ရထံဝ ရံ၊ ၊

(၃၉၂) ဟဋ္ဌတုဋ္ဌာ၊ နှစ်သက်ရွှင်လမ်း၊ ဝမ်းသာသောစိတ်ရှိကြကုန်သော၊ နာဂရာ၊ မြို့သူမြို့သား၊·ယောက်ျားမိန်းမ၊ ဟူသမျှတို့သည်၊ဘေရိသဒ္ဒေန၊ရှေးရိုးဘျကျ၊ကာလမဆန်၊ စည်တော်သံဖြင့်။ နစ္စန္တာ၊ ကျိုးပဲ့မလောက်၊ ကွေးကောက်မြူးရှန်၊ ကကြကုန်လျက်။ ထုတိဂီဘာနိ၊ ထုတိမင်္ဂလာ၊သာယာဖေးညွှင်း၊ဂါထာသီချင်းတို့ကို။ ဂါယန္တာ၊ရင့်လေးသံချို၊သီဆိုကြကုန်လျက်၊ဝရံ၊မြတ်သော။ရထံ၊"ဒါဌ"အချော်၊စွယ်တော်တင်ပြား၊"ဗုဿ"ရထားကို၊အနုဂစ္ဆိသု၊အစဉ်ဝိုင်းအုံ၊လိုက်ကြလကုန်၏၊

(၃၉၃) ဒိွသုဝိထိသု ဂန္ဓနိ၊အာမောဒိဘာ ကုသိတ္တိယော၊
ဓိဒိ သွာကာသ မဂ္ဂေသု၊ကနကာ ဘာခဇောဗဟု၊ ။

(၃၉၃) ဒိွသုဝိဘိသု၊ စွယ်တော်တည်နား၊ရထားမြန်းထွက်၊ လမ်းနှစ်ဘက်တို့၌။ဂန္ဓနိ၊အစဉ်တပိုက်၊ စိဘန်း၍လိုက်ကြကုန်သော။ ကုသိဘ္တိယော၊ ယှပသေးသွယ်၊ တင့်ဘယ်လေပြီး၊ အမျိုးကောင်းသွီးတို့သည်၊ အာမောဒိတာ၊ကြည်ညိုရွှင်မြူး၊ အထူးဝမ်းမြောက်ကြကုန်သည်ဖြစ်၍၊ဗဟု၊ဆန်းပြားပုံပုံ'များစွာကုန်သော။ ကနကာဘာခဇော၊ရွှေစဉ်နာခကာ၊လျှံဝါဝင်းထိန်၊ စိန့်စီဆံထိုး၊ စိန်ကြိုးစိန်ဘယက်၊ဘွတ်ကွက်-ဆောက်ဖြာ၊ အရပ်ရပ်သော အဆင်တန်း

ဆာတို့ကို၊ အာကာသမင်္ဂလာ၊ အဇဋာထက်နန်း ကောင်းကင်လမ်းတွင်၌၊ ဒိဗ္ဗသု၊ နိဗ္ဗာန်မြန်းဘို့၊ လမ်းကူးတွင်ရဟာ၊ မှန်းလို့ရွယ်ချင့်၊ သဒ္ဓါပွင့်၍၊ မြောက်လွှင့်ကြလေကုန်၏။

---

၅၆ — "ဖုဿ" ရထားသည် "အနုရာဓ" မြို့မြောက်တံခါးမှထွက်၍၊ "မဟိန္ဒ" ထေရ်၊ ခေမ္မစကြာဟောရာအရပ်၌၊ တန့်ရပ်ခဏ်။

(၃၉၄) သုဘံ ပဒက္ခိဏံ ကတွာ၊ အနုရာဓ ပုရုတ္တမံ။
ဗဟိသော နိက္ခမိတွာန၊ ဒွါရေန ဥတ္တရေနသော။ ။

(၃၉၅) ဌာနေ မဟိန္ဒ ထေရဿ၊ ခေမ္မစက္က ပဝတ္တနေ။
အတိသောဘော မနောရမ္မေ၊ နာဝါဝ ဌာသိ တိတ္ထဂါ။ ။

(၃၉၄-၃၉၅) အထ၊ ထိုအခါ၌၊ သော၊ ထို-တင့်တယ်ခမ်းနား။ "ဖုဿ" ရထားသည်။ သုဘံ၊ မြို့ရိုးကျုံးမြောင်း၊ တန်ဆောင်းပြအိုး၊ အမျိုးမျိုးတို့ဖြင့်၊ မညှိုးဝေဆာ၊ တင့်တယ်လှစွာသော။ အနုရာပေပုရုတ္တမံ၊ "အနုရာဓ" မြို့တော်မြတ်ကို။ ပဒက္ခိဏံ၊ ဗိုလ်ထုဝန်းရံ၍ စည်မောင်းသံဖြင့်၊ ခြိမ့်ညံ့လှ၍၊ လက်ျာရစ်လည်သည်ကို။ ကတွာ၊ ပြု၍။ ဥတ္တရေန-ဒွါရေန၊ မြောက်ရပ်မျက်နှာ၊ မင်္ဂလာရှိသော တံခါးဖြင့်။ ဗဟိ၊ မြို့တော်ပြင်ပသို့။ နိက္ခမိတွာန၊ ထွက်၍။ ။ မဟိန္ဒထေရဿ၊ အရှင် "မဟိန္ဒ" ၊ မထေရ်မြတ်၏။ ခေမ္မစက္ကပဝတ္တနေ၊ ခေမ္မစကြာတရား၊ ဟောကြားရာဖြစ်သော။ အတိသောဘော၊ အလွန်အကြူး၊ အထူးရှုဘွယ်၊ တင့်တယ်ထသော။ မနောရမ္မေ၊ နှလုံးရွှင်ပျို၊ နှစ်လိုဘွယ်ကောင်းထသော။ ဌာနေ၊ "နန္ဒဝန်" ခေါ်၊ ဥယျာဉ်တော်ဌာန၌။ တိတ္ထဂါ၊ မိမိရည်မှန်း၊ ဆိပ်ကမ်းသို့၊ ဆိုက်ရောက်သော။ နာဝါဣဝ၊ လှေသင်္ဘောကဲ့သို့။ အဋ္ဌာသိ၊ ရွေ့သို့မလည်၊ ရပ်တည်လေ၏။

(၃၉၆) ဇိနဓာတုံ တဟိံ ဌာနေ၊ စကော်ာဒုကာဿ ဂန္တဝော၊
ရာဇာ ရတန စိတ္တဿ၊ သုသုက္ကရုံသိ မာလိနီ။ ။

(၃၉၇) ဗဟိသော နိဟာရိတွာန၊ သက္ကစ္စ မဘိဝန္ဒိယ၊
ဋ္ဌိတော ပရိသာမဇ္ဈေ ထ၊ ဒဿေသိ နာဂရာဇိနံ။ ။

(၃၉၆-၃၉၇) သောရာဇာ၊ ထို-"ကိတ္တိ သိရိမေဃ"၊ နာမထင်ရှား၊မင်းတရားသည်။ တဟိ ဌာနေ၊ ထို-မရွေ့ရွှမသွား၊ ရုထားတည်လတ်၊နေရာမြတ်၌၊ရတနစိတ္တသာ၊ရတနာချန်စ်ပါးတို့ဖြင့်၊ ဆန်းပြားထူးထွေကြက်သရေရှိသော။ စင်္ကောဒုကာသ၊ တင့်တယ်ကောင်းမြတ်၊ရတနာကလပ်၌။ ဝါ၊ ကြည့်ရှုမငြောင်း၊ ရတနာပန်းတောင်းဖြင့်။ဂန္ဓတော၊အတွင်း၌။ သုသုက္ကရံသိမာလိနံ၊ ကောင်းစွာထောက်လျှမ်း၊ပြူသောရောင်ခြည်ပန်းရှိတော်မူသော၊ ဖိနပ်ခံတုံ၊မြတ်ဘုရား၏၊ စိန်သားရောင်လျှပ်၊ စွယ်တော်မြတ်ကို။ ။ဗဟိ၊ပြင်ပသို့၊ နီဟရိတွာန၊ ပင့်ယူ-ထုတ်ဆောင်တော်မူ၍။ သက္ကစ္စံ၊ သဒ္ဓါကြည်ညို၊ရိုသေစွာ။ အဘိဝန္ဒိယ၊ အထူးညွှတ်ပျောင်း၊ ဆယ်ချောင်းလက်စုံ၊ ဖူးပုံအညွှလီ၊တင်ချီရိုကျိုး၊ရှိခိုးပြီး၍၊ပရိသမဇ္ဈေ၊ စည်းဝေးပေါင်းရုံ၊ ဗိုလ်ထုပေါ်ယာယ်။ ပရိသတ်အလယ်၌။ ဌိတော၊ရပ်တော်မူလျက်။ နာဂရေဒိန်၊မြို့သူမြို့သား၊အစရှိသောလူအပေါင်းတို့အား။ဒဿသိ၊ သဒ္ဓါ,ပွင့်အောင်၊မြှောက်ပင့်ချီကြွ၊ပြတော်မူလေ၏။

(၃၉၈) အာနုဘာဝ မတုလျံထ၊ဒဿေတွာန မဟာဇနံ။
ဒသနော ဝိရုဠှော၀ ကုန္ဒပဏ္ဍုရ ရံသိဘိ။ ။
(၃၉၉) ဥဒ္ဓါရကောဌကာ ပါသာဒ၊ထိခရိပ္ပါဒပါဒိကံ။
အသေသံ သုဝဏ္ဏနိဘဒ္ဒါတ၊သာဏ္ဍမယံဝ သောအကာ။ ။

(၃၉၈-၃၉၉) အထ၊ ထိုသို့- မြှောက်ပင့်ချီကြွ၊ ပြတော်မူသောကာလ၌၊သောဒသနော၊ထိုသွား-ဖြင်လတ်။ သုံးလူ့နတ်ဖူး၊ ဝေမွှတ်အခေါင်၊စွယ်တော်သျှောင်သည်။ဝိရုဠှော၀၊လသန်းပဇ္ဇ၊ထွန်းပလျှံလက်၊လ,ထက်ဝက်ကဲ့သို့။မဟာဇနံ၊ပိုင်းအုံရှုညောင်း၊ လူအပေါင်းကို၊အတုလျံ၊အတုမရှိသော၊ အာနုဘာဝံ၊များပြားထင်ပေါ်။ တန်းခိုးတော်ကို။ ဒဿေတွာန၊ပြတော်မူ၍။ ကုန္ဒပဏ္ဍုရ ရံသိဘိ၊ သင်းခွေပန်းသွင်၊ ဖြူစင်တောက်ပသော ရောင်ခြည်တော်တို့ဖြင့်။ ။ဥဒ္ဓါရကောဌကပါသာဒသိခရိပ္ပါဒပါဒိကံ၊တံခါးမုခ်ပြာသာဒ်၊တောင်ထပ်သစ်ပင်အစရှိသည်ကို၊ အသေသံ၊အကြွင်းမဲ့၊ သုဝဏ္ဏနိဘဒ္ဒါတသဏ္ဍ

မယံဆုဝ၊ ညစ်ကြေးမနေ့ာ၊ ကောင်းစွာ ဆေးကျောအင်သော။ ငွေ ဆိုင်ငွေသား၊ငွေပြားတို့ဖြင့်ပြီးသကဲ့သို့အကာ၊ပြုတော်မူလေ၏။

(၄၀၀) ကောဒိသွာ နတ္ထုဋ္ဌာရံတာံပါဒိုဟောရ မစိန္တိတာံ။
နောဝိဇယ်သု ကုန္ဒိမ္ဒိ၊ ကောဝါ ဗုဒ္ဓံ နပဋ္ဌယံ၊ ။

(၄၀၀) အတိဥဋ္ဌာရံ၊အထူးအချွန်၊အလွန်မြင့်မြတ်သော၊အစိန္တိ တာံ၊မကြံအပ်-မကြံစည်နိုင်သော၊တံပါဒိုဟောရံ၊ ဘဝသချေ ကုဓေ့ ကုဋ္ဌာ၊ လွန်စွာကြုံခဲ၊ ထို"တန်းခိုးတော်ပွဲ"ကို၊ ဒိသွာန၊ ဖူးမြော်ရ သည့်ရှိသော်၊ ကော၊ အဘယ် သူတို့သည်၊ ကုဇိမ္ဒိ၊ အပါယ်လား ကြောင်း၊မကောင်းယုတ်မာ၊ မိစ္ဆာအယူကို၊ နောဝိဇယ်သု၊ လွတ် လွတ်ရှောင်လွှဲ၊မစွန့်ဘဲရှိကုန်အံ့နည်း၊ ကောဝါ၊အဘယ်သူတို့သည့် မူလည်း၊ဗုဒ္ဓံ၊သက်တော်ထင်ရှား၊မြတ်ဘုရားကို၊နပဋ္ဌယံ၊ လွမ်းခါ မှန်းဆ၊မတမ်းတဘဲရှိကုန်အံ့နည်း၊

(၄၀၁) ဝဏ္ဏုတ္တြာယဋ္ဌ ဗုဒ္ဓါဒိ၊ကောဝါ နသဒ္ဒါဏံ ဂမုံ၊
နယံ အာဘာရဏံ ကောဝါ၊ အဏ္ဍုလာဘာ မဝဏ္ဏာယံ၊ ။

(၄၀၁) ကောဝါ၊အဘယ်သူတို့သည့်မူလည်း၊ ဗုဒ္ဓါဒိ၊ဘုရားအစ ရှိသော၊ဝဏ္ဏုတ္တြာယဋ္ဌ၊သုံးပါးမြတ်စွာ၊ထွတ်ရတနာကိုလည်း၊ သဒ္ဒါ ဏံ၊ လူရပ်-နတ်ထံ၊ နိဗ္ဗာန်ရည်ရွယ်၊ ကိုးကွယ် ခြင်းသို့၊ နဂမုံ၊မ ရောက်ဘဲရှိကုန်အံ့နည်း၊ကောဝါ၊ အဘယ်သူတို့သည်မူလည်း၊အာ ဘာရဏံ၊မြဲ,စိန်,ပုလဲ၊မျက်ရွဲ ရတနာ၊ အဆင်တန်းဆာကို၊ နယံ၊ကြဲ မြှောက်မလှူ၊မဆောင်ယူဘဲရှိကုန် အံ့နည်း၊ ကောဝါ၊အဘယ်သူတို့ သည်မူလည်း၊ အဏ္ဍုလာဘံ၊သာသနာ့,တွင်၊အဏ္ဍာဘောရခြင်းကို၊ အဝဏ္ဏာယံ၊"ကံ"ကောင်းကောက်မ၊ ရတော်စွဟု၊ နှုတ်ပါ,အံ့အဲ၊ မချီးမွမ်းဘဲရှိကုန်အံ့နည်း၊

## ၅၇—မင်းကြီးသည်နှစ်စဉ်ပွဲတော်ပြုလုပ်ရန်၊ ကမ္ဗည်းစာတမ်း၊ရေးသားခြင်း။

(၄၀၂) တံဓာတုံ နဝလက္ခေန၊ ရာဇာ ကဟာပဏေန သော၊
ပူဇေတွာ ပုန သပ္ပညော၊ ဒန္တဓာတု ပဋိသာယံ။ ။
(၄၀၃) ဝဍ္ဎေတွာ အန္တေပုရမှိ ဗုဒ္ဓဂုဏ မနုဿရံ။
သာဒရကံ ပူဇနေယျေဟိ၊ အဂ္ဂယိဋ္ဌ နုဝါသရံ။ ။

(၄၀၂-၄၀၃) သပ္ပညော၊ ရှေ့နောက် မြော်မြင်၊ ပညာရှင် ဖြစ်သော။ သောရာဇာ၊ ထို"ကိတ္တိသိရိမေဃ"မင်းမြတ်သည်။ တံဓာတုံ၊ထို-လက်ဝဲအောက်ဓာတ်။စွယ်တော်မြတ်ကို။ နဝလက္ခေန၊ကိုးသိန်း အရေအတွက်ရှိသော။ ကဟာပဏေန၊ အသပြာငွေဖြင့်၊ ပူဇေတွာ၊ပွဲသဘင်။ဆင်ယင်ဖြိုးပျော်၊ပူဇော်တော်မူပြီး၍။ ပုန၊တဘန်။ ဒန္တဓာတုပဋိသာယံ၊ စွယ်ဓာတ်ကိန်းပျော်။ စံကျောင်းတော်ကို။ ။အန္တေပုရမှိ၊မိမိစံခင်း၊နန်းတော်တွင်း၌။ ဝဍ္ဎေတွာ၊ကောင်းစွာချဲ့ထွင်။ပြုပြင်တိုးပွါးစေ၍။ ဗုဒ္ဓဂုဏံ၊ဘုရားရှင်၏။ များဖြင်လုံးရုံ။ ကျေးဇူးဂုဏ်ကို၊ အနုဿရံ-(အနုဿရန္တော)၊ ပြန်ပြန်လှန်လှန်။ဖန်ဖန်ရေ့ရေ့၊အောက်မေ့တော်မူလျက်။ ပူဇနေယျေဟိ၊ပူဇော်ဘွယ်အမျိုးမျိုးတို့ဖြင့်။ သာဒရကံ၊ကောင်းမွန်စွာ၊အနုဝါသရံ၊ဖော်စိတ်ကြည်လင်၊ နေ့စဉ်နေ့တိုင်း။ အဂ္ဂယိဋ္ဌ၊ သဒ္ဓါ၊ ရွှင်လန်း။ လှူဒါန်းပူဇော်တော်မူလေဖွ။

(၄၀၄) ပူဇနံ ဧဝရူပံထ၊ ကတွာန ဗုဒ္ဓမာမကော၊
စာရိတ္တလေခနံ ရာဇာ၊ သမ္မာသော အဘိလေခယိ။ ။

(၄၀၄) အထ၊ထိုသို့ကိစ္စဥဿုံ၊ ပြည့်စုံပြီးမြောက်သည်မှ။ နောက်ကာလ၌။ ဗုဒ္ဓမာမကော၊ဆုံးလူ့ထွတ်ထား၊မြတ်ဘုရား၌၊ လေးစားခိုကိုး၊မြတ်နိုးတော်မူသော။ သောရာဇာ၊ ထို"ကိတ္တိသိရိမေဃ"မင်းမြတ်သည်၊ဧဝရူပံ၊ဤသို့-ပြဆိုခဲ့ပြီးသော သဘောရှိသော။ပူဇနံ၊နေ့စဉ်မပြတ်၊လေးမြတ်ကော်ရော်၊ပူဇော်ခြင်းကို၊ ကတွာန၊ ပြုတော်

မှု၍၊ စာရိဘ္ဘလေခန်း၊ အစဉ်မချွတ်။ ကျင့်ဝတ်ဘုရား။ ရေးသားခြင်းကို၊ သမ္မာ၊ ကောင်းစွာ၊ အဘိလေခယိ၊ လူ့ရှင်အချား။ သိထင်ရှားအောင်၊ ရေးသားတော်မူလေ၏။

(၄၀၅) နေတွာခေတုံ ဝိဟာရဉ္စ၊ အဘယုတ္တရ နာမကံ။
ဖိနခါတု မဟာပုဇံ၊ ကရောထ အနုဝစ္ဆရံ။ ။

(၄၀၅) ဟိ၊ ကမ္ဗည်း,မင်သား၊ နည်းတင်ထားလျက်။ အများကျင့်ရန်၊ ရေးသားဟန်ကား ခေတုံ၊ သုံးသူ့ ပရမေ။ နေမင်းဆွေ၏၊ ရောင်ငွေဝင်းလျှပ်၊ စွယ်တော် ဓာတ်ကို၊ အဘယုတ္တရနာမကံ၊ "အဘယုတ္တရ"အမည်ရှိသော၊ ဝိဟာရံ၊ မြေခင်းညီညာ၊ သာယာသန့်ရှင်း။ ကျောင်းတိုက်တွင်းသို့၊ နေတွာ၊ ပင့်ဆောင်ကြကုန်၍။ အနုဝစ္ဆရံ၊ ခု-က,စသင်၊ နှစ်စဉ်နှစ်တိုင်း။ ဖိနခါတုမဟာပုဇံ၊ ဘုရားရှင့်ဓာတ်၊ စွယ်တော်မြတ်အား၊ ရပ်ရပ်ပျော်နွဲ့ပူဇော်ပွဲကို။ ကရောထ၊ အစဉ်အားထုတ်၊ ပြုလုပ်ကြကုန်လော။ ဣတိ၊ ဤသို့-ထင်ရှား၊ ရေးသားတော်မူလေ၏။

(၄၀၆) စာရိတ္တေတံ ပဝတ္တေန္တာ၊ အုဘာရေပိ ဗဟုဇနာ။
သဂ္ဂရုံ ဗဟုခါ ခေတုံ၊ သဒ္ဓါဒိ ဂုဏ ဘူသိတာ။ ။

(၄၀၆) သဒ္ဓါဒိဂုဏ ဘူသိတာ၊ သဒ္ဓါအစရှိသော ဂုဏ်ဘို့ဖြင့်။ တန်းဆာဆင်အပ်ကုန်သော။ အုဘာရေပိ၊ မင်းမှဘပါး၊ တခြားလည်းဖြစ်ကုန်သော။ ဗဟုဇနာ၊ ရတနာသုံးရံ၊ ကြည်ညိုဝတ်တွား၊ လူအများတို့သည်။ ဧတံစာရိတ္တံ၊ ဤကျင့်ဝတ်တရားကို။ ပဝတ္တေန္တာ၊ နှစ်စဉ်နှစ်ဆက်၊ မပျက်ကြည်ညိုဖြစ်စေကြကုန်လျက်။ ခေတုံ၊ ဘုန်းခို့တုလွတ်။ စွယ်တော်ဓာတ်ကို၊ ဗဟုခါ၊ အထူးထူးအပြားပြား။ အမျိုးမျိုးအားဖြင့်၊ သဂ္ဂရုံ၊ ရှိသေကော်ရော်၊ ပူဇော်ကြလေကုန်၏။

(၄၀၇) ဣမိနာ နုက္ကမေနေဝ၊ တိလောက တိလကဿ သာ။
ယာဝဇ္ဇတနာ ကာလမ္ပိ၊ လင်္ကာဒိပေ သုသဏ္ဌိတာ။ ။

(၄၀၇) ဗုဒ္ဓိနာနုဂ္ဂမေနေဝ၊ ဤသို့ဘည့်တွင်၊ စီရင်ရေးသား၊ အစဉ်အားဖြင့်သာလျှင်။ တိလောက တိလကာသ၊ သုံးလူ့ ဓမ္မရာဇ်၊ သင်းကျစ်မှန်ကူ၊သယမ္ဘူ၏။ သာဓေတု၊ ထို–တုနှိုင်းမပေါ်၊တန်းခိုးကျော်သည့်၊ရောင်တော်ဝင်းလျှပ်၊ စွယ်တော်မြတ်သည်၊ လင်္ကာဒီပေ၊လင်္ကာဒီပ၊သီဟဠနိုင်၊တမ္ဗပဏ္ဏိ၊မည်ရှိခေါ်ညွှန်း၊သီဟိုဠ်ကျွန်း၌။ ယာဝဇ္ဇတ္တနကာလမ္ပိ၊ နှစ်,လ, ကုန်၍၊ ယခုနေ့-ယခုအချိန်တိုင်အောင်လည်း၊သုသဏ္ဌိတာ၊ကောင်းစွာတည်ရှိတော်မူ၏။

(၄၀၈) ယေ နရာ ဗုဒ္ဓ ပသန္နာ၊ဒါဌာဓာတုံ မဟေသိနော၊
ပသန္နနာမ သမ္ပူဇဲ၊ဝရံ တေ သုက္ကဒါဌကံ။ ။

(၄၀၈) ဗုဒ္ဓ၊ ဤအံ့ဘွယ် ရှစ်ဖြာ၊ ရောင်ဝါ ပွင့်လင်း၊ သာသနာတော်တွင်း၌၊ ယေနရာ၊အကြီးအငယ်၊ အရွယ်မရွေး၊ ယဉ်ကျေးသိမ်မွေ့၊ဓလေ့စင်ဖြူ၊အကြင်သူတို့သည်၊ မဟေသိနော၊သီလက္ခန္ဓစသည့် ကျေးဇူး၊ ဂုဏ်အထူးကို၊ ဆည်းပူးပေငြား၊ လူများဉတ္တမ၌၊ ဘုရားမြတ်၏။ဒါဌာဓာတုံ၊ပြခိုခဲ့အပ်၊များမြတ်ဥသည်၊တန်းခိုးဂုဏ်နှင့်၊ပြည့်စုံပေလတ်၊စွယ်တော်မြတ်ကို။ ပသန္နာ၊ ရှေးကံထောက်၍၊မျက်မှောက်ထင်ထင်၊ဖူးမြင်ရကုန်၏။တေနရာ၊ ထိုရှေးကံထောင်၍၊ဖူးတွေ့ရသောသူတို့သည်၊ဝရံ၊ သာကီနွယ်ဖွားတော်၊ အမျိုးအားဖြင့်မြတ်ဘော်မူထသော၊ သုက္ကဒါဌကံ၊ ဖြူစင်နုဖပ်၊စွယ်ခါတ်သခင်၊ထိပ်တင်ဓမ္မရာဇ်၊ ဖြစ်ကြီးဖြစ်တော်မူထသော၊ သမ္ပူဇံ၊သက်ဘော်ထင်ရှား၊မြတ်ဘုရားကို။ ပသန္နနာမ၊ ကုသိုလ်ထူး၍၊ကြည်နူးချမ်းမြေ့၊ဖူးတွေ့ရသည်မည်ကုန်၏။

(၄၀၉) ဒီပကံ သုမ္ဘ၊ ဒါဌာယ၊အဏ္ဍပြဗ္ဗ မသောသတော၊
ဗုမံ ၇န္တံ သုပသန္နာ၊ဗုန္ဒဍ ဗုန္ဒဒါဌကံ။ ။

(၄၀၉) ယေနရာ၊အကြင်သူတို့သည်၊ ဒါဌာယ၊ဘုရားရှင့်ဓာတ်၊ စွယ်တော်မြတ်၏၊အဏ္ဍပြဗ္ဗ၊အဖြစ်သနစ်တော်ကို၊သုမ္ဘ၊ကောင်းစွာ၊ ဒီပကံ၊ လက်ပေါ်တင်ထား၊ ပဏ္ဏမြားသို့၊ ထင်ရှားသယ်ယပ်၊

ဘော်ပြ တတ်သော။ ဣမံဂန္ထံ၊ ဤ"ဒါဌာဝံသဂီတိ"၊ မည်ရှိတင့်ဆန်း၊ ဓမ္မစာကျမ်းကို။အသေသတော၊ရင်း,ဖျား,အကုန်၊ ဥဿုံပြဲ့ပြဲ့၊အကြွင်းမဲ့။သုပဿန္တံ၊ဘတ်ရှုဆင်ခြင်၊ ကောင်းစွာတွေ့မြင်ကြရကုန်ဖျို့။တေနရာ၊ထိုသို့ဆင်ခြင်၊ကြည်လင်ဝမ်းမြောက်။အခေါက်ခေါက်-အထပ်ထပ်၊ ရှုဘတ် တွေ့မြင် ကြကုန်သော သူတို့သည်။ ဗုဒ္ဓံ၊တန်းခိုးထင်ပေါ်၊သက်တော်ထင်ရှား၊ မြတ်ဘုရားကို၎င်း။ဗုဒ္ဓဒါဌာဓာတုံ၊အနုတ္တရ၊မြတ်ဗုဒ္ဓ၏၊ဝါမ,အောက်ခါတ်၊ စွယ်တော်မြတ်ကို၎င်း။ပဿန္တံ၊ကုသိုလ်ထူး၍၊ ကြည်နူးချမ်းမြေ့၊ ဖူးတွေ့ရသည့်မည်ကုန်ဖျို့။

(၄၁၀) တသ္မာ ဣမဥ္စ သဒ္ဓါယ၊သန္တစိတ္တာ ဝိစက္ခဏာ။
အာဒါသမိဝ ပဿိယ၊သရထ သုဂတ ဒါဌိကံ။ ။

(၄၁၀) တသ္မာ၊ ထိုသို့ပြန့်ပြော၊ ဂုဏ်သဘော ရှိသောကြောင့်။ သန္တစိတ္တာ၊ငြိမ်သက်တည်ကြည်သောစိတ်ရှိကြကုန်သော။ ဝိစက္ခဏာ၊ ပစ္စုပ်-သိသော၊ နှစ်ဖြာကောင်း-ဆိုး၊ ကြောင်း-ကျိုးမြော်မြင်၊ ပညာရှင်ဖြစ်ကုန်သော။ တုမှေ၊သင်သူတော်ကောင်းတို့သည်။သဒ္ဓါယ၊ဝန်တို,မိစ္ဆာ။ဣဿာ, ကင်းစင်၊ ကြည်လင်ပြန့်ပွါး၊ သဒ္ဓါတရားဖြင့်။ဣမဥ္စဂန္ထံ၊"ဒါဌာဝံသဂီတိ"၊ မည်ရှိတင့်ဆန်း၊ ဤသည့်ကျမ်းကိုလည်း။အာဒါသမိဝ၊သန့်ရှင်းကြည်လင်၊ကြေးမုံပြင်ကဲ့သို့၊ပဿိယ၊ နှစ်ထောင့်အားရမ်း၊ စိတ်ရွှင်လန်း၍၊ကြိုးပမ်းတန်တန်၊အဘန်ဘန်-ကြည့်ရှုကြပြီး၍။ သုဂတဒါဌိကံ၊ ဖြူစင်နှုဖပ်၊ စွယ်ခါတ်သခင်၊ ဘုရားရှင်ကို။ သရထ၊ ဂုဏ်တော်ရည်စူး၊ စိတ်မှာမြူး၍၊ ကြည်နူးဝမ်းသာ၊အောက်မေ့လိုက်ကြပါကုန်လော။

ဒါဌာဝံသဂီတိကျမ်းပြီး၏။

ဘာဝနာဉာဏ်ဖြစ်ကြစေရန်သတိပေးတိုက်တွန်းချက်။

အတီတာ-နာမရူပါနိ၊ နိရုဒ္ဓါနိ စ နာဂတာ။
ပစ္စုပ္ပန္နာပိ ဘိဇ္ဇန္တိ၊ အပတွာ ဝက္ခရ က္ခရံ။ ။

ဘောဓနေ္တာ၊ ရတနာသုံးပုံ၊ ခိုလှုံဝပ်ညောင်း၊ ဒိုသူတော်ကောင်းတို့။ ။မေ၊ပညဝန္တ၊နာမသမုတ်၊အကျွန်ုပ်ဖို့။ အတီတာ၊လွန်ခဲ့သမျှ၊အတိတ်ကာလဌ်ဖြစ်ကုန်သော။နာမရူပါနိ၊နာမ်,ရုပ်,နှစ်ခု၊ တရားရတို့သည်။နိရုဒ္ဓါနိ၊မပြင်လုံးလုံး၊တက်တက်ပြိုး၍၊ချုပ်ဆုံးကြလေကုန်ပြီ။အနာဂတာ၊ နောင်အနာဂါတ်ကာလဌ်။ ဖြစ်ပေါ်ဥပါန်လတ္တံ့ကုန်သော။ နာမရူပါနိစ၊ နာမ်,ရုပ်,နှစ်ပါး၊ တရားသဘောတို့သည်လည်း။ (နိရုဇ္ဈိဿန္တိ)၊ နေရှိန် ဟန့်ကြောက်၊ ဆီးနှင်း ပေါက်သို့။ ချုပ်ပျောက်ပျက်စီးရကြကုန်တော့လတ္တံ့။ပစ္စုပ္ပန္နာ၊ ပစ္စုပ္ပန်ကာလ၊ ယခု-စာရေးဆဲခဏဌ်ဖြစ်ကုန်သော။နာမရူပါနိပိ၊ ကြံစည်စဉ်းစား၊ ရေးသားအားထုတ်၊နာမ်, နှင့်ရုပ်,တို့သည်လည်း။ အက္ခရာ၊စာရွက်အပြင်၊ ညာလက်တင်၍၊ရေးစဉ်–ရေးထုံး၊ အက္ခရာတလုံးမှ။အက္ခရံ၊ဒုတိယမြောက်၊ နောက်အက္ခရာတလုံးသို့။အပတွာဝ၊ ဥပါဒ်,ဌီ, ဘင်၊ အစဉ်ချုပ်ပျောက်၊ မကူးမရောက်မူ၍ သာလျှင်။ ဘိဇ္ဇန္တိ၊မဆိုင်းမလပ်၊အပိုင်းပိုင်းပြတ်၍၊ မရပ်မနားပျက်ပြားချုပ်ဆုံးကြလေကုန်၏။

ဧဝံ အနိစ္စတံ ဉတွာ၊ဝန္တဒုက္ခ မနုပ္ပကံ။
အဂ္ဂိကုန္နံဝ ပဿန္တာ၊ပစ္စေထ နိစ္စုတံ ပဒံ။ ။

ဧဝံ၊ဤသို့။အနိစ္စတံ၊သင်္ခါရပဲ၊ပျက်ပြိုကွဲ၍၊ မမြဲသည့်အဖြစ်ကို။ ဉတွာ၊အကြိမ်ကြိမ်-အဘန်ဘန်၊ဘာဝနာဉာဏ်ဖြင့်၊အမှန်ကိုသိကြကုန်သည်ဖြစ်၍။အနုပ္ပကံ၊ကုဋေကုဋာ၊မရေသာအောင်၊ သင်္ချာများဘိ၊ အတိုင်းမသိသော။ဝန္တဒုက္ခံ၊မဘည်-မမြဲ၊ဘောင်လဲဘောင်ပြန်၊ဘန်ဘန်တွေ့ကြုံ၊တေဘုမ္မက၊ဒုက္ခလွန်ကဲ၊ ဝဋ်ဆင်းရဲကို၊ အဂ္ဂိကုန္နံဝ၊

## ၁၇၂ ဘာဝနာဉာဏ်ဖြစ်ကြစေရန်သတိပေးတိုက်တွန်းချက်။

အလျှံပြောင်ပြောင်၊တောံလောင်ထိန်ညီး၊မီးပုံကြီးကဲ့သို့။ ပဿန္တာ၊ ကြောက်လန့်ဟိန်းချ၊ကြက်သီးထအောင်၊နှိုင်းဆစေ့ငု၊ ဉာဏ်စက္ခုဖြင့်၊ကြည့်ရှုကြကုန်လျက်။နိဗ္ဗုတံ၊ချုပ်ပြောက်ပြီးတီး၊ ပျက်စီးရွေ့လျောခြင်းမရှိသော၊ပဒံ၊ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းရာမှန်၊ မြတ်နိဗ္ဗာန်ကို။(တုမှေ)၊သင်သူတော်ကောင်းတို့သည်။ ပဿထ၊ ဆန္ဒစွဲကပ်၊ အဓိပတိ-တပ်၍၊မပြတ်တောင့်တကြလေကုန်။

## ဓမ္မဒါနကုသိုလ်ပါဝင်သူများစာရင်း။

| နေရပ်။ | ဂုဏ်ထူး။ | လူမည်များ။ | အလှူငွေ။ |
|---|---|---|---|
| မန္တလေးမြို့၊ | မလွန်ဈေးဟောင်းရပ်- | စာရေးကြီး ကိုဘအုန်း-မစိန် .... .... .... | ၂၅ |
| မန္တလေးမြို့၊ | မလွန်ဈေးဟောင်းရပ်- | ရွှေကုန်သည်ဒေါ်ရင် | ၅ |
| မန္တလေးမြို့၊ | ရှမ်းပွဲရပ်– | ကုန်သည်ဒေါ်အုံ .... | ၁၀ |
| ၎င်း | ၎င်း | ဈေးသည်မောင်မောင်-မယုံ .... | ၁၀ |
| ၎င်း | ၎င်း | ပွဲစားကြီးမောင်ကောင်းညွှန့်-မထွေး | ၁၀ |
| ၎င်း | အိမ်တော်ရာဘုရားအရှေ့၊ | ကုန်သည်၊ကိုလှမောင် မလှဦး .... .... .... .... | ၁၀ |
| မြင်းမူမြို့ | | မကြည် .... .... .... | ၅ |
| စစ်ကိုင်းတောင်ရိုး | သစ္စိန်ချောင် | ဆရာကလေး မမာလာရီ .... .... .... | ၂၅၀ |
| ၎င်း | ၎င်း | ဒေါ်မေနှင့်၊သမီးမဂုဏဝတီ၊ မပညာဝတီ၊ မစာရဝတီ .... .... .... | ၂၅ |
| ၎င်း | ၎င်း | ဒေါ်အို .... .... .... | ၂၀ |
| ၎င်း | ၎င်း | မနန္ဒစာရီ .... .... .... | ၂၅ |
| ၎င်း | ၎င်း | မစန္ဒသီရိ .... .... | ၁၅ |
| ၎င်း | ၎င်း | မသုမန .... .... .... | ၁၀ |
| ၎င်း | ၎င်း | မဓမ္မစာရီ .... .... .... | ၁၀ |
| ၎င်း | ၎င်း | မဉာဏသီဂီ .... .... | ၅ |
| ၎င်း | ၎င်း | မဝေသာသီ .... .... .... | ၅ |
| ၎င်း | သိမ်ဝံဂါမိဇချောင် | မဝိလာသီ .... .... | ၁၀ |
| ၎င်း | သိမ်အပြကြီးချောင် | ပွဲကတော်ဒေါ်လှိုင်နှင့် သမီး မခေမစာရီ-မရူပစာရီ .... .... | ၄၅ |
| ရန်ကုန်မြို့၊ | ပန်းတိမ်တန်း၊ | ကုန်သည်မသောင်းရှင် .... | ၂၅ |

| နေရပ်။ | ဂုဏ်ထူး။ | လူမည်များ။ | အုပ်ရေ။ |
|---|---|---|---|
| ၎င်း | | စစ်ကဲမောင်ထော်လေးလမ်း၊ ကုန်သည် ဒေါ်ငွေနှင့်(မောင်)မောင်လှခိုင် .... .... | ၂၅ |
| ၎င်း | ၎င်း | ၎င်း ဒေါ်ပြုံ .... .... | ၂၀ |
| ဟသ်ာတမြို့စီရင်စု၊မြေနုရွာ၊ဘုရားတကာ ဦးညွှာကြီး၊ | | ဘုရားအမ‌ဒေါ်ရွှေအိ .... .... .... | ၅၀ |
| ၎င်း | ၎င်း | ၎င်းသို့ မစိန်ညွှန့် .... | ၅၀ |
| ၎င်း | ၎င်း | ၎င်းသား မောင်စိန်ချော-မသိန်းမြ.... | ၂၅ |
| ၎င်း | ၎င်း | ကုန်သည်၊ဦးကျောက်လုံး၊ဒေါ် ငြိမ်းငြေး | ၅၀ |
| ၎င်း | ၎င်း | ၎င်း မရွှေပု .... .... | ၂၅ |
| ၎င်း | | မဲဇလီရွာ၊ကုန်သည်၊ဦးဘိုးဆော်-မယယ်ရင်.... | ၁၅ |
| ခရမ်းမြို့၊ ရေတွင်းချောင်ရပ်၊မောင်ဘိုးရင်-မအုန်းခင် နှင့် ဒေါ် မှုင် အမှူးထား၍ .... .... | | | ၂၀၀ |